သတ္တမမြောက် ကျော်အောင်စံထားဆရာတော်

# အရှင်ဝါယမာဘိဝံသ

၏

# အလောင်းတော်ကဿပ

## ခရီးသွားမှတ်တမ်း



၁၃၁၆–ခုနှစ်၊ တပို့တွဲလဆန်း(၁)ရက် မှ တပေါင်းလပြည့်ကျော်(၂)ရက်

# အမရပူရမြို့
# သတ္တမမြောက်ကျော်အောင်စံထားဆရာတော်
# အရှင်ပါဠိယာမာဘိဝံသ- ပြုစုသော
# အလောင်းတော်ကဿပခရီးသွားမှတ်တမ်း

**ဧယျတု**

၁၃၁၆-ခု တပို့တွဲလဆန်း (၁) ရက် ၂-လံာ နေ့တွင်စ၍ မွေးရက်ဆောင်အောင်၊ ဆိုသဖြင့်၊ အောင်ဓါတ်ယူပြီး၊ အလောင်းတော်ကဿပ၊ခရီးစထွက်ခဲ့၏။ နံနက်(၃)နာရီထ၍ မျက်နှာသစ်ပြီးလျှင် ကားလမ်းထွက်လာပြီး ကားစောင့်နေ၏။ ၁၅-မိနစ်လောက်ကြာတော့ကားလာ၍ မန္တလေးစီးလိုက်သွား၏. ပြား (၅၀)ပေးရ၏။ မန္တလေးမှ မုံရွာကားစီး၏။ ၃၇/ပေးရ၏။ နံနက် (၈)နာရီလောက်မုံရွာရောက်၏။ ဆွမ်းစားပြီး ညောင်ပင်ကြီး ဆိပ်ကူး။ ညောင်ပင်ကြီးမှ ယင်းမာပင်မြို့သွားသော ကားစီး၏။ ၃/-ပေးရ၏။ ယင်းမာပင်မှ ယမတိုင်သွားမည့်ကားစီး၍လာ၏။ စစ်ကားဖြစ်၏။ ယင်းမာပင်မှ ၁၁-ထွက်၊ လယ်ငေါက်ရောက်၊ လယ်ငေါက်မှ တောင်သွားသော ကားလမ်းဘေးရှိ ရွာများမှာ- တမာပင်ခွရွာ၊ ယသစ်ရွာ၊ ယမတိုင်ရွာ (ကတ္တရာလမ်းမရှိတော့ မြေလမ်း ဖြစ်သွား၏) ဆင်ဆွယ်ရွာ၊ အင်းတောရွာ၊ လယ်ကဖျားရွာ၊ ကပိုင်ရွာ၊ ယမကိုင်မှ ကပိုင်ရွာရောက်အောင် လှည်းဖြင့် လိုက်ပို့ကြ၏။ ကပိုင်ဆရာတော်သုံကျောင်း တညအိပ်၏။ နောက်တနေ့မနက်၊ ကပိုင်ရွာက ဘုန်းကြီးသုံ၏ ဒကာများကလှည်းဖြင့် ပွင့်ကြီးထိအောင်လိုက်ပို့ကြ၏။ သို့သော် လိုက်ပို့သောသူများ အရဲစွန့်၍ လိုက်ပို့ကြခြင်းဖြစ်၏။ အလံနီကွန်မြူနစ်တို့က မင်းမူနေကြခြင်းဖြစ်၏။

အလောင်းတော်ကဿပမှာလည်း အလံနီရုံးစိုက်ထားကြောင်း ကပိုင်ရွာမှ ကြားခဲ့ရ၏။ အလောင်းတော်ကဿပကိုမသွားရအောင် ဖျက်ကြသေး၏။ ကျွန်ုပ်အဓိဋ္ဌာန်နှင့် လာတာဖြစ်၍ ဘယ်သူဖျက်ဖျက်ထွက်လာခဲ့၏။ တောအတိဖြစ်၍ နေမည့်ရက်နှင့်တွက်ပြီး စားစရာယူသွားရန် လျှောက်ကြ၏။ ကျွန်ုပ်ကဖြစ်သလိုသွားပြီး ဖြစ်သလိုစားမည်ဟု အဓိဋ္ဌာန်ပြုထားသဖြင့် ဘာမျှမယူဘဲ လာခဲ့ခြင်းဖြစ်၏။

ပွင့်ကြီးရောက်တော့ နံနက် (၁၀)နာရီထိုးနေပေပြီ။ လှည်းသမားကြီးက ညနေ (၃)နာရီလောက်မှာ တောင်ပေါ်ကဆင်း၍ အလံနီများ ရိက္ခာရှာဖို့နှင့် စည်းရုံးဖို့ အနီးရှိရွာများကို လာတတ်ပါတယ်ဘုရား၊ ရှေ့တွေမည့်သူများ ဘယ်သူပဲတွေ့တွေ့ အလံနီလို့သာ မှတ်ပါဘုရား၊ ကြည့်ရှုပြီး သတိနဲ့သာ သွားတော်မူပါဘုရားဟု လျှောက်၏။ရှေ့စခန်းပေါင်းဘယ်လောက်ရှိပါသလဲမေးတော့ တကာကြီးက ယခုတပည့်တော်တို့ရောက်နေတဲ့စခန်းဟာ ပွင့်ကြီးစခန်းလို့ ခေါ်ပါတယ်၊ ဒီစခန်းက တောင်စတက်ရပါတယ်ဘုရား။ ရှေ့စခန်းများမှာတော့ ဂုံညင်းပင်စခန်း၊ ပဟူတောင်စခန်း၊ ကျောက်မြှောင်းစခန်း၊

ပြာပုံတောင်စခန်း၊ ထိုစခန်းမှာ နတ်စင်လေးရှိပါတယ်၊ ချောင်းမကြီးစခန်း၊ ဘုရားဝစခန်း ထိုနေရာရောက်တော့ ဘုရားနှင့် တိုင်ဝက်လောက်ဝေးပါတယ်ဘုရား၊ တိုင်ဝက်လောက် ကျော်တော့ အလောင်းတော်ကဿပ- ရောက်ပါတယ်ဘုရား၊ တောင်ထိပ်မှာတော့ အနောက်ခေါင်း ပြုသော ရဟန္တာအလောင်းတော်ကဿပ ပရိနိဗ္ဗာန်ဝင်စံနေတော်မူတဲ့ပုံတော်ရှိပါတယ်ဘုရား။ ဂူကြီးဘေး မှာ ရှင်သူငယ်ပေါက်ရှိပါတယ်ဘုရား။

ကောင်းပြီးဒကာကြီး၊ ဒကာကြီးပြောတဲ့အတိုင်း မှတ်သားပြီး သတိနဲ့ ဘုရားရောက်အောင် သွားပါ့မယ်။

အရှင်ဘုရားအဓိဋ္ဌာန် အောင်မြင်ပါစေဘုရားဆိုပြီး ဒကာ (၃)ယောက် သူတို့လှည်းမောင်း၍ ပြန်သွားကြ၏။

ကျွန်ုပ်လည်းခရီးစခဲ့တော့၏။ ပုတီးသာအားကိုးပြီး ခရီးဆက်ခဲ့ရာ ပုတီး ၆၅ ပတ်ရတော့၊ ဂုံညင်းပင်စခန်းရောက်၏။ ဟောင်းနွမ်းရိုင်နေသော ဇရပ်ကလေးတစ်ခုတွေ့ရ၏။ ထိုဇရပ်ကလေးက ၂ ခန်း ၃ ခန်းရှိ၏။ ခေတ္တနားပြီး အမျှဝေ မေတ္တာပို့ ခရီးဆက်ပြန်ရာ ပုတီး ၄၃ ပတ်လောက်ရတော့ လယ်သမားကြီး တစ်ယောက် ပေါက်ပြားနှင့် ဓားနှင့် ထင်းစည်းထမ်းလာတာ တွေ့ရ၏။ ထိုဒကာကြီးက အရှင်ဘုရား နေမွန်းတည့်ပြီဘုရား၊ တပည့်တော်ပါလာသော၊ မုန့်လေးများကပ်ပါရစေဘုရားဆိုပြီး သူထမ်းလာသော ထင်းစီးချ သူပေါင်းလာသော ဖျင်ကြမ်းတဘက်ခင်းပြီးပေးတာနဲ့ ကျွန်ုပ်လည်းထိုင်ပြီး သူကပ်သော ပေါက်ပေါက်ဆုတ်နှင့် ရေနဲ့စား၏။ ပေါက်ပေါက်ဆုတ် ၃ လုံးစားပြီး ပြည့်စုံကြောင်းပြောပြီး ခရီးဆက်ခဲ့၏။ ဒကာကြီးလည်း သူ့လမ်းသူ သွားတော့၏။ ပုတီးပါတ် (၁၀၀) လောက်ရတော့၊ ကျောက်မြောင်း စခန်းရောက်၏။ဇရပ်ကလေး တစ်ဆောင် တွေ့ပြန်၏။ ဝင်ထိုင်ပြီး အမောဖြေမေတ္တာပို့ အမျှဝေ၍ ဟိုဟိုဒီဒီ ပတ်ဝန်းကျင်လှေ့လာကြည့်ရှုလိုက်၏။ တောကြီးကအလွန်နက်သဖြင့် သစ်ပင်ကြီးများမှာ မြင့်မားလှ၏။ ရှိမြှောင်များ၊ ရှူကြီးများ ချောက်ကြီးများလည်း နက်ရှိုင်းလှ၏။ တစ်သက်နှင့် တစ်ကိုယ် ဒီလောက်နက်တဲ့ တောကြီးတောင်ကြီးကို ဒီတစ်ခါဘဲရောက်ဘူး၍ ကိုယ်စွန့်စား လာခဲ့တာ ကိုယ့်ကိုယ်ကို အလွန်ဝမ်းမြောက် မိတော့၏။

ဆရာ့ကျေးဇူး၊ မိဘကျေးဇူး၊ ဘုရား ကျေးဇူး ကိုလည်း အထူးသတိရပြီး၊ ဒီတစ်ခါ ငါအထူးကျေးဇူးဆပ်ရခြင်းဘဲ၊ ဒီအလောင်းတော်ကဿပမှာ၊ ဘာပဲဖြစ်ဖြစ် ၄၅ ရက် ဘုရားဝါတော်အရ အဓိဋ္ဌာန်ဝင်ရန် ကျောက်မြောင်းစခန်းမှာ သံဓိဋ္ဌာန်ချလိုက်တော့၏။

ထိုကဲ့သို့ တောအရေးတောင်အရေးများကိုကြည့်ပြီး ကြည်နူး၍ ရှေ့ခရီးဆက်ပြန်တော့၏။ ပုတီးအပါတ် ၅၀ လောက်ရတော့, နာရီထုတ်ကြည့်လိုက်၏။ ၂ ချက်ခွဲနေ၏ ရှေ့ဆက်သွားတော့ ပုတီးပတ် (၅၀)လောက်အရတွင် နတ်စင်လေး တစ်စင်တွေ့၏။ ဒီနတ်စင်လေးဟာ၊ ပြာပုံတောင်စခန်းဖြစ်မှာဘဲလို့ တွေးနေတုံး၊ အနောက်ဘက်ကမ္ဘားစောင်းဘေးမှာ မိန်းမတစ်ယောက် တက်လာ၏။ ကျွန်ုပ်လည်း တော်တော်အံ့ဩ သွား၏။ ဒီတောဒီတောင်ဒီလောက် နက်ရှိုင်းနေတဲ့နေရာမှာ ဒီမိန်းမတစ်ယောက်က ဘာသဘောလည်းလို့ စဉ်းစားနေတုံး၊ သူမက ကျွန်ုပ်အနီးမှာ ရောက်လာတော့၏။ သေသေချာချာ စေ့စေ့စပ်စပ်ကြည့်လိုက်တော့ အရွယ်က ၃၅ နှစ်အရွယ်လောက် အရပ်အမောင်းကလဲ မရှည်မပု

ကိုယ်လုံးကိုယ်ထည်ကလဲ ငါးရံ့ကိုယ် မိန်းမ အင်္ကျီရုပ်သွင်ပေါ် လွင်ရုံမျှရှိ၏။ ကြည့်ရ လောက်အောင်လဲ မဟုတ်လှ၊ အရုပ်ဆိုးတယ်လို့ ပြောရမှာလဲခက်ဘိ၏။ ကျွန်ုပ်က ထိုကဲ့သို့ သူမကို ကြည့်နေစဉ်၊ သူမက ကိုယ်တော်လေးက ဘယ်သွားမှာလဲ ဘုရား၊ အလောင်းတော်ကဿပကို သွားမှာ ဒကာမလေး မဝေးတော့ပါဘုရား ဘုရားတပည့်တော်မ လိုက်ပို့ပါမယ်၊ အခုဘုရားတပည့်တော်မနေရာ ခေတ္တကြွတော် မူပါအုံးဘုရား ကောင်းပါပြီးဒကာမလေးဆိုပြီး သူမနောက်လိုက်သွား၏။

ကမ္ဘားရံဖြတ်ကျော်ပြီး အနောက်ဘက်အောက်နားဆင်းလိုက်တော့ လှိုင်ခေါင်းလိုနေရာလေးရောက်သွား၏။ ၂၀ အရွယ်လောက် မိန်းကလေး ၃ ယောက်လဲ တွေ့ရ၏။ ထိုမိန်းကလေးများ ကျွန်ုပ်ကိုမြင်ရတော့ ခြေမကိုင်မိလက်မကိုင်မိ ခရီးဦးကြို၍ လှိုက်လှဲစွာ ဝတ်ပြုကြ၏။ ကျွန်ုပ်က အလံနီမယ်တွေဆီရောက်လာတာနဲ့တူရဲ့ဟု စဉ်းစားနေ၏။ ကျွန်ုပ်ကိုပင့်လာသော ဒကာမလေးက အရှင်ဘုရား ဒီဂူလေးဟာ တပည့်တော်မတို့နေရာဘဲဘုရားဟုလျှောက်၏။ သီတင်းသုံး တော်မူပါဘုရားဟု လျှောက်သဖြင့် သူမညွှန်ပြသော နေရာထိုင်လိုက်၏။ ဒကာမလေးနှင့် မိန်းကလေး ၃ ယောက်တို့၏ သဘောတရားကို အကဲခပ်ပြီး ကျွန်ုပ်ကကြည့်နေ၏။ မျက်တောင်မခတ်ကြ၊ လက်ဖဝါး ခြေဖဝါး လူထက်နီ၏။အနီကြီးတော့ မဟုတ်လှ။ ကျွန်ုပ်၏ ဝဲဘက်ကထိုင်နေကြ၏။ ထိုသဘောတရား များကို တွေ့ရတော့၊ ဒီဒကာမလေးတွေဟာ လူမဟုတ်တန်ရာ၊ လူတွေမှာ ဘုန်းကြီးထံလာလျှင် ကျား-မ တို့မှာဖြစ်သလိုထိုင်ကြသော သဘောတရားရှိ၏ နတ်နွယ်တို့မှာ မိန်းမဆိုလျှင် ဝဲဘက်က၊ ယောကျ်ားဆိုလျှင် ယာဘက်က စနစ်တကျထိုင်လေ့ရှိ၏။ သို့ဖြစ်၍ ကျွန်ုပ်က သူမတို့ကို ဘယ်လိုနတ်နွယ် တို့လည်းဟု သိရအောင် ကျွန်ုပ်ကစကားစလိုက်၏။ ဒကာမလေးနာမည်က ဘယ်လိုခေါ်ပါသလဲ၊ ရှင်မယ်ဖြူလို့ခေါ်ပါတယ်ဘုရား၊ အသက်ဘယ်လောက်ရှိပါသလဲ၊ တစ်ထောင်ကျော်ပါပြီဘုရား ထိုတွင် ကျွန်ုပ်က အံ့အားသင့်စွာနှင့် ဒီလိုဆိုရင် ပြာပုံတောင်နတ်စင်က ဒကာမကြီး နတ်စင်ပေါ့၊ မှန်ပါဘုရား၊ ရှင်မယ်ဖြူရဲ့အကြောင်းကို ဝန်မလေးရင် ဦးပဥ္စင်းကို ပြောပါလား၊ မှန်လှပါဘုရား။ နားတင်တော် မူပါဘုရား။

တပည့်တော်မရဲ့ မွေးရာဌာနကတော့ ယင်းမာပင်နယ် ဗန့်ကျီတိုက် ပြောင်းပြွှာ သူပါဘုရား။ သူကြွယ်မျိုးဖြစ်ပါတယ်ဘုရား။ တပည့်တော်မ မိခင်က အပျိုကြီးဘုရား အမေ့မောင်ကတော့ အိမ်ထောင်ပြုပါတယ်ဘုရား။

အပျိုကြီးဆိုရင်၊ ဘာကြောင့် ဒကာမကြီးကိုမွေးတာတုံးဟု မေးလိုက်တော့ သူမရှက်အံ့အံ့ ဖြစ်သွား၏။ ထိုတွင် သူမအရှက်ပြေ ကျွန်ုပ်က ကြားဖြတ်ပြောသည်မှာ၊ ဘုရားဟော ကျမ်းဂန်အရ မာယဒေဝလက်ာမှာ ရေးထားတာရှိတယ် (လူ့ရွာခေါ်လစ် ယောကျ်ားစစ်ကား ဆုတ်နစ်နိုင်ကြ ကိုယ်ဝန်ရသား၊ မိန်းမတို့စစ်၊ ဆုတ်နစ်မရ ဟူစကြရှင့်။ ရသည်ကြောင်းစ၊ ကာရဏာလည်း ကာယသံသဂ်၊ စပ်ရှက်မေထုံ၊ သွင်းပြုသောက်မှီ ချက်ကိုသပ်ကျင်၊ ဆင်မြင်းသံကြား၊ နံ့ရှူအားဖြင့်၊ ရှစ်ပါးဟုတုံ၊ ခု-ခုကြုံက၊ ပြည့်စုံလွယ်လှ) ဟုရေးထားတာရှိတယ်။ စဏာပဇောမင်းလဲ ကင်းခြေမျှား ကင်းမြီးကောက် ကြောင့် သန္ဓေတည်ဖြစ်လာရတယ် ရှင်ဥပဂုတ်မယ်တော်လည်း လက်ဆွဲမိတာနဲ့ သန္ဓေတည်တယ်လို့ မှတ်ဖူးတယ် အဲဒီတော့ ဒကာမကြီးကဘယ်လို

တည်တာတုံးလို့မေးတော့ ကျင်နက်ကြောင့် တပည့်တော်မ ကိုသန္ဓေတည်တယ်လို့ မယ်မယ်ကပြောဘူးတယ်ဘုရား၊ ဖြစ်နိုင်တယ်ဒကာမကြီး၊ ရှေ့ဆက်ပြောစမ်း ပါအုံး-

ဘုရားတပည့်မ-မယ်မယ်က၊ မမယ်ကောင်းလို့ခေါ်ပါတယ်။ တပည့်တော်မကို သန္ဓေရှိတော့ပြောင်းပြွှာအနီး၊ လက်တောင်းရွာနေမောင်ဖြစ်သူက၊ယောက်ျားမရှိဘဲနဲ့ သန္ဓေတည် တာကိုရှက်၍ မယ်မယ့်ကိုအခေါ်အပြောမလုပ်ပါဘုရား၊ အဆက်အဆံလည်းဖြတ်ထားပါတယ်ဘုရား။ မယ်မယ်က တပည့်တော်မကိုမွေးပြီး၍၊ လသားလောက်ရတော့၊ နာမည်မှည့်မင်္ဂလာ (နာမကရဏ မင်္ဂလာ)ပြုလုပ်တော့ မယ်မယ့်မောင်ကိုဖိတ်သေးတယ်၊ မလာဘူးလို့ပြောပါတယ်ဘုရား။ ထိုနေ့မှာ ရွာဦးကျောင်း ဆရာတော် ဘုရားကို ဆွမ်းပင့်ကျွေးပြီး၊ အမည်တောင်းတော့ ဆရာဘုရားက နှလုံးသားဖြူစင်တယ်၊ ကလေးမလေးက လည်းဖြူတယ်၊ ဒါကြောင့် ဒီကလေးမကလေးကို ရှင်မယ်ဖြူ လို့ ခေါ်ကြလို့ အမည်ပေးပါတယ်။ ထိုအချိန်အခါက စပြီး ရှင်မယ်ဖြူ တွင်ပါတယ်ဘုရား။

အင်း-ရှေ့ဆက်စမ်းပါအုံး။

တပည့်တော်မ ကင်ပွန်းတပ်မင်္ဂလာကို မယ်မယ်က မောင်ကိုဖိတ်တာလာမယ်ထင်၍ မုန့်များနှင့် လမ်းကသွားကြိုပါတယ်ဘုရား မောင်မလာတာနဲ့ ထိုမုန့်များကို ချောင်းထဲပစ်ချလိုက်တယ် ဘုရား။ အခုထိ ထိုချောင်းကို မုန့်ပစ်ချောင်း လို့ခေါ်ပါတယ်၊ ပြောင်းပြွှာနဲ့ထိုချောင်းက တစ်ခေါ် လောက်ပဲ ဝေးပါတယ်ဘုရား။ တပည့်တော်မအရွယ်ရောက်တော့ တောနယ်မှာ အလွန်ထင်ပေါ် ကျော်ကြားပါတယ်။တပည့်တော်မတို့နဲ့ ဖြတ်ထားသောဦးလေးကတောင် သူ့သားနဲ့စုံဖက်ဖို့ လာပြောပါတယ်။ မယ်မယ်က ဦးလေးကိုစိတ်နာပြီး လက်မခံ သောကြောင့် ပုဂံပြည်က ကျန်ရစ်မင်းကြီးကို သမီးကညာ ရတနာတစ်ပါး ရှိကြောင်း သတင်းပို့ပါတယ်။ ဂုံးချောတာပေါ့ဘုရား။ ထိုအခါကြတော့ ဘုရင်က၊ ပန်းလုံတိုင်ရာဇမတ်နှင့် ဘွဲ့သတ်ပြီး တစ်သောင်းတန်တဲ့ ဒေါင်းအလံလွှင့်ထူ လာတာပါဘဲ ဘုရား။

အဲ့သလိုလုပ်တာတွေက ဘာသဘောလဲ ဒကာမကြီး၊ တော်ကောက်မယ်ဆိုတဲ့ သဘောပေါ့ဘုရား၊ ဩဩ- ဒီလိုကိုး ကဲ- ရှေ့ဆက်စမ်းပါအုံး၊ ဒကာမကြီး ဒါနဲ့မယ်တော်ဘုရားက မင်းနဲ့မဆက်ဆံ လိုဘူး ငါ့သမီးတဲ့ လာလာဆိုပြီး တပည့်တော်မရဲ့ လက်ညှိုးကို ပါးစပ်နဲ့ ကိုက်ဖြတ်လိုက်တာ ပါဘဲဘုရား။

အခု- ခင်ဗျားလက်ညှိုးကအကောင်းပါလား ဘယ်ပြတ်လို့တုံး၊ ဩ- အရှင်ဘုရားကလဲ တပည့်တော်မက လူမှမဟုတ်တော့ပဲ၊ အင်းဟုတ်သားဘဲ၊ ဒကာမကြီး၊ ကျူပ်ကဇာတ်ကြောင်းနားထောင်ရင်း လူထင်သွားတာဗျ ကဲကဲ ရှေ့ဆက်စမ်းပါအုံး။

ကိုယ်တော်လေး ခဏနေအုံး၊ တောင်အထက်ကလူသံတွေကြားတယ်၊ သူပုန်တွေ အစာရှာထွက်လာကြပြီဟုပြောသဖြင့်၊ ခဏဆိုင်းငံ့နေကြပြီး လူသံတိတ်မှ ဆက်ပြောပြသည်မှာ လက်ညှိုးဖြတ်ပြီး ၁၅ ရက်လောက်ကြာတော့ အနာပျောက်၊ ထိုအချိန် ဘုရင့်တပ်တော်ကလာပြီး ခေါ်သွားတာပါဘဲ၊ နန်းတော်ရောက်တော့ အင်္ဂါမစုံတာနဲ့ ဘုရားတပည့်တော်မကို အိမ်နိမ့်တွင်ထား ပါတယ်၊ ထိုအခါ တပည့်တော်မက မယ်မယ်ကိုလဲ အလွန်သတိရ ဦးလေးဖြစ်သူကိုစိတ်နာပြီး နေ့ရှိသမျှ အပူသယ်ဖြစ်နေတာပါဘဲ၊

ထိုအတွင်း တပည့်တော်မက တစ်ယောက်ထဲ ပြေးလို့မလွယ်တာနဲ့ ကွမ်းရေတော်သားတစ်ယောက်အဖေါ် လုပ်ပြီး တိတ်တဆိတ်ထွက်ပြေး လာကြရာ ပြောင်းပြွှာနား ရောက်တော့ စဉ်းစားမိသည်မှာ ငါဒီရွာမှာ ပြန်လာတယ်ဆိုရင် မယ်မယ်လဲ မင်းပြစ်သင့်လိမ့်မယ်၊ တို့နှစ်ယောက်လဲမင်းပြစ်သင့်လိမ့်မယ်၊ ဦးလေးဂုံးသမားလည်း ဂုံးတိုက်မှာဘဲလို့ စဉ်းစားပြီး လွတ်ရာ လွတ်ကြောင်း အလောင်းတော်ကသဲပနယ်မြေပြာပုံတောင်သို့ ရုပ်ဖျောက်ပြီး ပြေးခဲ့ကြပါတယ်ဘုရား၊ တပည့်တော်တို့ ကျားရှေ့မှောက်ရက်လဲမိသလိုဖြစ်ရပါတယ်ဟုဆိုပြီး ငိုင်သွား၏။

ဘယ်လိုဖြစ်ရတာလဲဗျ၊ ပြောစမ်းပါအုံးလို့ ကျွန်ုပ်ကပြောပြီး မျက်ခွက်မျက်နှာ လှမ်းကြည့်လိုက်တော့ ရှင်မယ်ဖြူမျက်နှာမှာ မျက်ရေများစီးကြနေပေသည်။ အနားရှိ မိန်ကလေး ၃ ယောက် တို့လည်း တရှိုက်ရှိုက်နဲ့ ကျိုပ်ပြီးငိုနေဟန်ရှိကြပါသည်။

ထိုအခါ ရှင်မယ်ဖြူသည် တအောင့်လောက်အံကျိုပ်ပြီးမှ အားတင်းပြောရှာသည်မှာ ဒီတောင်ရောက်တော့ ဘုရားတပည့်တော်မခင်ပွန်းက ဒီတောင် ဘာတောင်လဲလို့မေးပါသည်။ မမေးရန်အတန်တန်တားသော်လည်း၊ မရသဖြင့် တပည့်တော်မက (အိုဘယ့်တောင်အိုလင်မလို အိုဘယ့်တောင်မ လင်မရ)လို့ ပြောလိုက်ပါသည်။ ထိုအခိုက်တွင် ခင်ပွန်းသည်မှာ အမောဆို့လာပြီး သေသွားပါတော့သည်။ လင်သေသွားလို့ပူရ မယ်မယ်နဲ့ခွဲရလို့ပူရ၊ ဘုရင်သိမှာစိုးလို့ပူရနဲ့ အပူတွေပွားပြီး အစာပြတ်ရေပြတ်ဖြစ်ခါ တပည့်တော်မလဲသေရပြီး ဒီတောင်မှာ နတ်ဖြစ်ပါတော့သည်။ ထိုအခါကျမှ ဘုရားတပည့်မရဲ့လင်ကို ဤတောင်နေသော နတ်သမီးက သတ်ပစ်ကြောင်းသိရပါသည်။ ဒီတောင်မှာနေသော နတ်သမီးကလဲ အရင်ဘဝက၊ တပည့်တော်မရဲ့ အမဖြစ်ကြောင်းသိရပါတော့သည်။ အမဖြစ်သော နတ်သမီးကပြောသည်မှာ ငါကညီးလင်ယူတာမကြိုက်၍ လင်ကိုသတ်ပစ်ပြီး ညီးကိုငါခေါ်တာလို့ပြောပါသည်။ တပည့်တော်မကလဲ ဖြစ်သမျှအကြောင်းအကောင်းချည်းပေါ့လို့ ချလိုက်ပြီး မေ့မေ့ပျောက်ပျောက်နေလာခဲ့တာ အနှစ် ၅၀၀ ရတော့ တပည့်တော်မ အမတော်ဆုံးသွားပြီး ယခုအနှစ်တစ်ထောင်ကျော်အောင် တပည့်တော်မဒီတောင်မှာ နေရပါသည်။ အရှင်ဘုရားတို့လို ပုဂ္ဂိုလ်ထူးနှင့် တွေ့ရတာ၊ တပည့်တော်မတို့အဖို့ ကံကောင်းထောက်မတာပါဘဲဘုရား။

တပည့်တော်မ ဘုရားရောက်အောင်လိုက်ပို့မယ်၊ သူပုန်တွေကတော့ နတ်ဖြန်မှပြန်ကြမှာပါ ဘုရား၊ ကြွတော်မူပါဘုရားဟု လျှောက်သဖြင့် အောက်ဂူလေးထဲမှ တက်လာကြပြီး တောင်ထိပ် လူသွားလမ်းသို့ ရောက်လာကြပါသည်။ နတ်စင်လေးကို လှမ်းကြည့်လိုက်တော့ ကိုက် ၁၅၀ လောက် ကွာမည်ထင်ပါသည်။

ကျွန်ုပ်က ရှေ့ကသွား ရှင်မယ်ဖြူက နောက်ကလိုက်ပါသည်။ ကျွန်ုပ် အသိစိတ်ဝင်လာသည် ကပိုင်ရွာတုံးက ဒကာတစ်ယောက်က မယ်ဖြူဒီဘဝမှကျွတ်လျှင် ဤသစ်ပင်များပေါက်ပါစေ ဆိုပြီး အဓိဋ္ဌာန် စိုက်ခဲ့သောအပင်များ ယခုပုဆိုးတပါတ်လောက်ရှိနေပြီလို့ လျှောက်တာကြားခဲ့ရသည်။ ယခုမူ ရှင်မယ်ဖြူနှင့် တွေ့နေရသည်။ ထိုအကြောင်း စုံစမ်းအုံးမှဆိုပြီး ရှင်မယ်ဖြူကို ခရီးသွားရင်း မေးမြန်းသွားသည်မှာ ဒကာမကြီး ကျွန်ုပ်တစ်ခုမေးချင်တယ်၊ ဝန်မလေးရင် ပြောစမ်းပါ။ မေးပါဘုရား။ ကပိုင်က ဒကာတစ်ယောက်က ပြောင်းပြွှာနားမှာ ဒကာမကြီး ဒီဘဝမှ ကျွတ်လွတ်ရင် ဤသစ်ပင်များ ပေါက်ပါစေသားလို့ အဓိဋ္ဌာန် စိုက်ခဲ့သော

အပင်များရှိတယ်လို့ ပြောလိုက်ပါတယ်။ ထိုသစ်ပင်များ ယခု ပုဆိုးတစ်ပါတ် လောက်တောင် ရှိနေကြပြီလို့ ပြောတာကြားခဲ့ရပါတယ်။ အဲဒါက ဘယ်လိုလဲ ဒကာမကြီး၊ ဒါက ဒီလိုပါဘုရား။ တပည့်တော်မ ရွာကထွက်သွားရတော့ ဒီမှာ ပြန်လာရလျှင် ဤပေပင်များ ပေါက်ပါစေလို့ အဓိဋ္ဌာန်ပြီး စိုက်ခဲ့ပါတယ်။ တပည့်တော်ဒီရောက်လို့ ပေပင်များပေါက်ပြီး သေကုန်ကြပါပြီဘုရား။

နောက်တစ်ခုက ဒကာမကြီးကို မေးချင်ပါသေးတယ်။ မေးပါဘုရား ဒီနယ်ကလူတွေ လက်ဝတ်တန်ဆာဝတ်ဆင်လာကြရင် ဒီတောင်ကြတော့ ချွတ်ယူသွားကြတယ် မချွတ်ပဲနှင့် ဝတ်ဆင်သွား မိရင် လေကြီးမိုးကြီးကျ မှူးဝေထိုးလဲခြင်းစသည်တို့ ဖြစ်ကြတယ်လို့ပြောကြတယ်။

ဒါက ဒီလိုပါဘုရား ဟိုနှစ်များကတော့ တပည့်တော်မက လုပ်မိတာမှန်ပါတယ်။ ယခုဒီဘက်အနှစ် ၅၀ ကျော်လာပါပြီး မလုပ်တော့ပါဘူးဘုရား။ သာဓု ဒကာမကြီး သာဓု သာဓု တစ်ဆက်တည်းဆိုသလို စကားစပ်လက်စနှင့် မေးရအုံးမယ်၊ ဒကာမကြီး ဘဝဖြစ်စဉ်ကို စိတ်နာလို့ အရပ်မှာ ကြိမ်စာပြုခဲ့တဲ့အတွက် တစ်နှစ်သုံးသီးစားရသော်လည်း ကျေးမြို့မကင်းရှာကြဘူး၊ ၃ နှစ်လျှင် လည်း မိန်းမချောတစ်ယောက်ထွန်းကားတယ် သို့ပေမဲ့အရွယ်ရောက်လျှင် ကိုယ်ပျက်စီးသွားတာကြီးဘဲလို့ ပြောတာကြားခဲ့ရတယ်။အဲဒါကဘယ်လိုလဲတကာမကြီး၊ ဒါကတော့ဘုရား၊ မင်းကိုစိတ်နာလွန်းလို့ ပြုလုပ်မိတာပါ၊ အခုတော့ အဲဒီပြောင်းပြရွာမှာ ဒါတွေမရှိတော့ပါဘူး ဘုရား၊ကောင်းလှပါပြီတကာမကြီး သာဓု သာဓုသာဓု တကာမကြီးပုတီးစိပ်ရဲလား၊ မစိပ်ပါဘူး ဘုရား။ စိပ်ကြည့်စမ်းပါတကာမကြီး ပုတီးစိပ်ခြင်းကြောင့်တံခိုးလဲအလွန်ကြီးတယ်၊အဆင့်အတန်းလဲတိုးတက်လာပါတယ်၊ တနေ့များများ မစိပ်ပါနဲ့ (သုဂတော၅ချက်ဂါထာကိုတပုဒ်ဆုံးတလုံးချပြီး) ၃ ပါတ်လောက်ပဲစိပ်ပါ၊ ဦးပဉ္ဇင်း အလောင်းတော်ကဿပမှာ ၄၅ရက် နေမယ် ပြန်လာတော့ တကာမကြီးနဲ့တွေ့ချင်သေးတယ်၊ အဲဒီအခါကျတော့ပုတီးစိပ်ခြင်းကြောင့်တိုးတက်အောင်မြင်လာပုံကိုဦးပဉ္ဇင်းကိုလျှောက်စမ်းပါ၊ ကောင်းပါပြီဘုရား၊အရှင်ဘုရားပြောတဲ့အတိုင်းစိပ် ပါမယ်ဘုရား။ ကောင်းလှပြီဒကာမကြီး သာဓု-သာဓု-သာဓုဟုကျွန်ုပ်ကသုံးကြိမ် သာဓုခေါ်လိုက်၏၊ ထိုအခိုက်ဒကာမကြီးက-ရှေ့ချောင်းမကြီးရောက်တော့မယ် ဘုရား-ကုန်းအဆင်းကြီးရှိပါတယ်သတိထားပါ၊ချောင်းမကြီးမှာ ဒီအချိန်မျိုးတခါတခါတောတိရစ္ဆာန်များ ရေသောက်လာကြပါတယ်ဟုပြောသဖြင့် ကျွန်ုပ်ကနာရီကို ထုတ်ကြည့်လိုက်တော့ ညနေ၅နာရီထိုး နေပြီကော၊ တောတောင်ထဲဖြစ်၍မှောင်ရီစပျိုးနေလေ၏။ လမိုက်ရက်ဖြစ်၍ ဘုရားရောက်အောင် အတော်သွားရလိမ့်မည်ဟုထင်၏။

သို့နှင့်စကားဖြတ်ကြပြီးလာခဲ့ကြရာ ချောင်းမကြီးရောက်တော့ ဆင်တွေရေသောက် နေတာတွေ့ရ၏။ မယ်ဖြူက ကိုယ်တော်လေးသွားသာသွား အရှင်ဘုရားဆီမလိုက်စေရပါဘူးဟု ပြောသဖြင့် ဆက်သွား၏။ ဆင်အုပ်ကြီးကျော်သွားတော့မှ ဟင်းချရ၏၊ ချောင်းမကြီးဖြတ်ပြီး အနောက်တောင်ထဲ ၁ နာရီလောက် သွားမိတော့၊ အရှင်ဘုရား ဘုရားဝရောက်ပြီဘုရား ဒီနားကတပည့်တော်မ ပြန်တော့မယ်၊ ရှေ့ဘယ်လောက်မှ မဝေးတော့ဘူး၊ ခြေလှမ်း ၂၀၀၀ လောက် သွားရင် ဘုရားရောက်ပါတော့မယ်၊ အကယ်၍

အစားအသောက် များခဲ့ယင်းရင် တပည့်တော်မကို ခေါ်လိုက်ပါဘုရား၊ ပို့လာပါ့မယ်- သူပုန်က အရှင်ဘုရားကို ရန်မပြုအောင် တောင်စောင့်နတ်မင်းက တာဝန်ယူပါလိမ့်မယ်၊ တပည့်တော်မကလည်း စောင့်ရှောက်ပါ့မယ် ဘုရား ကျေးဇူးကြီးလှပါတယ် ဒကာမကြီး၊ ကဲ ကဲ သွားကြတော့ဟု ပြောလိုက်တော့ ရုတ်ခြင်း ပျောက်ကွယ်သွား၏။ ကျွန်ုပ်လည်း ထိုအခါကျမှ ပုတီးအားကိုးပြီး အလောင်းတော်ကဿပရှိရာ ဦးတိုက်ပြီး လျှောက်လာခဲ့တော့၏။ ချောင်းမကြီးဖြတ်ကျော်ပြီး အနောက်တောင်ဘက်လူသွားလမ်းကလေးအတိုင်း လာခဲ့တော့၏။ လမ်းမှားပြီး တခြားသို့ရောက်သွားမှာ သောကဝင်မိ၏။ ထိုအခိုက်သစ်ပင်အုပ်အတွင်းမှ ခွေးတစ်ကောင် ထွက်လာပြီး ကျွန်ုပ်ရှေ့တည့်တည့်ကနေပြီးသွား၏။ ဒီခွေးက ဘုရားနားနီးတာနဲ့တွေ့ တာထင်ပါတယ်။ အလံနီသူပုန်တွေမွေးထားသော ခွေးများလားဟု ထင်မိ၏။ အနီဖြစ်၏။ ဗမာခွေး တော်တော် တောင့်တောင့်တင်းတင်းဝ၏။ အတော်လေးသွားမိကြတော့ ခွေးက ကျုပ်ကိုစောင့် စောင့်ပြီးနေ၏။ ကျုပ်က သူ့အနားရောက်မှ ခွေးကမှန်မှန် သွား၏။ ခွေးကရှေ့ကလမ်းပြ ကျုပ်ကနောက်ကလိုက်နှင့် လာလိုက်ကြတာ ၁ နာရီလောက်သွားမိကြတော့ မြောင်းလေးတစ်မြောင်း ဖြတ်ခင်းထားသော တံတားနားရောက်၏။ ထိုတံတားကျော်လိုက်လျှင် ကြေးစည်သံများကြားရ၏ ခွေးလည်း ကြေးစည်သံ ကြားရာဘက်သို့ ဦးတည်သွား၏။ ကျွန်ုပ်ကလည်း နောက်ကလိုက်သွား၏။ ဘုရားတံတိုင်း ပေါက်ရောက်၏။ ထိုအခါကျမှ ဘုရားရောက်သဖြင့် စိတ်ချသွား၏။

ဘုရား အာရုံခံထဲရောက်တော့ ရဟန္တာအရှင်မြတ်ပရိနိဗ္ဗာန်ပြုနေပုံကို ဖူးမြင်ရ၏။ အနောက် ဦးခေါင်းပြုထားသည်ဟုထင်၏။ ရောက်ရောက်ခြင်း ရဟန္တာအရှင်မြတ်ရုပ်ပွားတော်ကို ပါလာသော ဖယောင်းတိုင်ထုပ်ထဲမှ (၉) တိုင်ထွန်းပြီး ဘုရားရှိခိုး၏။ ပြီးလျှင်အမျှဝေပြီး တောင်၏အခြေအနေ တော၏ အခြေအနေလေ့လာ၏။ လူများ ချက်ပြုတ်သောနေရာ ဝါးလုံးများခင်းထားသော ထိုင်ခုံများ ရေအိုးများ၊ သံသေတ္တာကြီး (၂) လုံးနှင့် ထင်းပုံကြီးကိုတွေ့ရ၏။ ထိုကဲ့သို့ လေ့လာလိုက်တော့ လူများရှိနေတဲ့အကြောင်း သိရ၏။ ဒီနေရာမှာ သူပုန်များစခန်းဖြစ်ရမယ်လို့ယူဆပြီး ထိုရဟန္တာအရှင်မြတ်ကြီး သီတင်းသုံးသောနေရာမှ အရှေ့ဘက်အောက်လှိုင်ဂူကြီးရှိရာသို့ ကျောက်တုံးများနင်းပြီးဆင်းလာခဲ့၏။ အတော်မှောင်၍ တော်တော်စမ်းဆင်းရ၏။ ဝါး (၂) ပြန် (၃) ပြန် လောက်ဆင်းမိလျှင်၊ အောက်ဂူဝ ရောက်သွား၏။ ဂူကြီး၏အရှေ့ဘက်မြောက်ဘက်ဘေးများက ရေများဖြတ်စီးတာ မြင်တွေ့ရ၏။ ဂူထဲမှာ တစ်တောင်လောက် ကျောက်ဆင်းတု ရုပ်ပွားတော်တစ်ဆူ တွေ့ရ၏။ ကိုယ်တော်မြတ်မှာ ပေရေနေ၏။ ဖယောင်းတိုင် (၃) တိုင်မီးပူဇော်ပြီး ဘုရားရှိခိုး၏။ အမျှဝေ၏။ ပုတီး (၉) ပါတ်ထိုင်စိပ်လိုက်၏။ ဘာသံမျှ မကြားရချေ၊ ပြီးလျှင် ဂူအခြေအနေကိုကြည့်၏။ ကျောက်ပြားကြီး နှင့် လျှာထိုးကဲ့သို့ လုပ်ပြီး ပိတ်ထားတာတွေ့ရ၏။ သေသေချာချာကြည့်တော့ ထိုပိတ်ထားသော ကျောက်ပြားပြီးမှာ ရဟန္တာမြတ် ဦးခေါင်းပုံသဏ္ဌာန်ဖြစ်နေ၏။ ထိုဂူပေါက်တွင်၊ မီးသုံးတိုင်ထွန်းပြီး သစ္စာအဓိဋ္ဌာန်ပြု၍ ပုတီး (၂၇) ပတ်စိပ်၏။ ဂူကြီး အပေါက်ကလှုပ်နေ၏။

ပုတီးစိပ်ပြီးတော့ နာရီထုတ်ကြည့်လိုက်၏။ (၈) နာရီဖြစ်၏။ ထိုနေ့ အလောင်းတော် ကဿပ ဂူရှေ့တွင် မှတ်တမ်းရေးသည်မှာ ၁၃၁၆ခု၊ တပို့တွဲလဆန်း (၂) ရက် ဥဂီနေ့ ည (၈) နာရီ ၁၅ မိနစ်

ဂူပေါက်ရောက်၊ ပုတီး (၂၇) ပတ်စိပ်ပြီးဟု မှတ်တမ်းတင်ထားလိုက်၏။ ဆောင်းတွင်းဖြစ်သော်လည်း ဂူရှိန်ကြောင့်နွေးနေ၏။ ခရီးပန်းလာသဖြင့် အိပ်ချင်၍ ရေသနုပ်သင်းပိုင်ဟောင်းကလေးခင်းပြီး လက်ကိုခေါင်းခုအိပ်လိုက်၏။ နိုးလာတော့ နာရီကြည့်လိုက်လျှင် ၁၂ နာရီထိုးနေ၏။ လောကီအလို ၁၂ နာရီကျော်လျှင် ၁၃၁၆ ခု၊ တပို့တွဲလဆန်း ၃ ရက် ဗုဒ္ဓဟူးနေ့ဖြစ်သဖြင့် (သုဂတော-၅ ချက် ဂါထာကိုယနေ့မှ စ၍ (၄၅) ရက်အတွင်း ပတ်ရေကိုးတောင်ပြည့်စေတီပြီးအောင်တည်ပါမည်ဘုရား အဓိဋ္ဌာန်သစ္စာပြုပါ၏) ဟု ၃ ကြိမ်ပြုပြီး ဂူစောင့်နတ်မှစ၍ အရှင်မြတ်တို့ ဘိုးတော်တို့ကို သက်သေထားကာ ထပ်မံ၍ သစ္စာအဓိဋ္ဌာန်ပြုပြန်၏။ ထိုအခါတောင်ကြီးဂူကြီးမှာ မြည်ဟီးလာသလိုဖြစ်၏။ ယခုရှေ့ ၇ ရက် အတွင်း ဤဂူကြီးမှာ ဤသစ္စာစကားမှန်ကန်ပါလျှင် ပွင့်၍ အထဲထဲသို့ အကျွန်ုပ်ဝင်၍ ပုတီးစိပ်နိုင်ပါစေသား ဘေးဘယာလဲ ကင်းဝေးပါစေသားဟု ပဋ္ဌာနာပြုလိုက်ပြန်၏။ ထိုအခါဂူကြီးက တဖြစ်ဖြစ်မြည်သွားသည်ဟု မှတ်တင်ရ၏။

နောက်အဓိဋ္ဌာန်ပြုပြန်သည်မှာ ဘုရားတပည့်တော်သည် ရဟန်းပြုသည်နေ့မှ ယခုအချိန်တိုင်အောင် ပါရာဇိကလေးပါးလုံ့ခြုံပါက ဤဂူပေါက်ကြီး ၅ ရက်အတွင်းပွင့်လာ၍ အထဲထဲသို့ ဝင်ပြီး ပုတီးစိတ်နိုင်ပါစေ။ ဘေးဘယာအပေါင်းလဲ ကင်းဝေးပါစေသား။ ထိုနောက် တဖန် ၁၇ နှစ်သားမှ ယနေ့ ယခုအချိန်တိုင်အောင် နေ့စဉ် (၂၇) ပါတ်ထက်မနည်း စိပ်ခဲ့တာမှန်ပါလျှင် ဤဂူပေါက်ကြီး ၇ ရက် အတွင်းပွင့်လာ၍ ဂူတွင်းထဲကို ပုတီးစိတ်နိုင်ပါစေသားဟု အဓိဋ္ဌာန်ပြုလိုက်ပြန်၏။ ထိုအဓိဋ္ဌာန်များပြုပြီး သုဂတော ၅ ချက်ဂါထာ ကို (၉) ထောင်ပြည့်အဓိဋ္ဌာန်စ၍ဝင်တော့၏။ ၁၂ နာရီခွဲမှ ၁ ချက်ခွဲထိအောင် သုဂတော ၅ ချက်၊ ၆ ပတ်ရ၏။ ထိုအတွင်း ဂူကြီးအမိုးက ကျောက်စက်ရေများ ကျနေခြင်း အနံ့ဆိုးများ နံနေခြင်းတို့ကိုသာ တွေ့ရ၏။ သန်းခေါင်ဖြစ်၍ အေးစိမ့်လာ၏။ ပါလာသော ၂ ထပ်သက်န်းခြုံထားသဖြင့် ခံနိုင်ပေသေး၏။ ၆ ပတ်ထိုင်စိပ်ပြီးနောက် ဂူအဝထဲလမ်းလျှောက်၍ စိပ်ပြန်၏။ ဖယောင်းတိုင် တစ်တိုင်ထွန်းထားသဖြင့် လမ်းသွားလို့ရ၏။ ထိုအတွင်းမှာ ကျားဟိန်းသံများ၊ ခြသေ့်သံများ၊ မြွေတွန်သံများ၊ ပီပီသသနီးနီးကပ်ကပ်ကြားရ၏။ ကျွန်ုပ်၏ စိတ်တွင်းဘာဘဲကြားကြား၊ ဘာဘဲဖြစ်ဖြစ် ခန္ဓာကိုယ်ကို ဘုရားလှူထားပြီးသားပဲ သေရုံပြင် ပိုမရှိနိုင်ပါဘူးဟု စိတ်တင်းထားပြီး ပုတီးကိုသာ အဆက်မပြတ် စိပ်နေတော့၏။ ပုတီးပတ် ၁၀ ပတ်ရတော့ ဘုရားကို ဝတ်ချပြီး ပရိတ်၊ ဂါထာ မန္တာန်များကိုရွတ် မေတ္တာပို့အမျှဝေလိုက်၏။ သာဓုခေါ်သံများ တစ်တောလုံးတစ်တောင်လုံးတွင် ဆူညံစွာကြားရ၏။ ထိုအခါ ငါ၏အနားပတ်ဝန်းကျင်မှာ လူတွေသာမရှိတာ နတ်တွေတော့များစွာ ရှိနေသားပဲဟု အားတက်လာ၏။ နာရီကြည့်လိုက်တော့ နံနက် လေးနာရီထိုးနေ၏။ အာရုဏ် တက်ခါနီးဖြစ်၍ ထပ်မံပရိက်ယူပြီး သုဂတော ၅ ချက်ဂါထာပုတီးစိတ်ပြန်၏။ ၅ နာရီခွဲတော့ (၉) ပတ်ရ၏။ ထိုအတွင်း ဂါထာ မန္တာန်ရွတ်သံများကြားရ၏။ ပီပီပြင်ပြင်ကြားရသော အသံမှာ စိန္တာမုနိ မန္တာန်တော်ကြီးအသံဖြစ်၏။ ထိုရွတ်သံကြားသော စိန္တာမုနိမန္တာန်ကို ကျွန်ုပ်ရသော စိန္တာမုနိ မန္တာန်နှင့် တိုက်ကြည့်နေ၏။ နောက်ဆုံးတွင် ဉက္ကာလုံး မွေးရှင်တော် ဂါထာပါလာတာထူး၏။ ကျန်တာအားလုံးတူ၏။ ကျွန်ုပ်စိပ်ထဲတွင် ဒီနေ့ကစ၍ စိန္တာမုနိမန္တာန်တော်ကြီးကို ၄၅ ရက်မပျက်အောင်ရွတ်ဘို့ အဓိဋ္ဌာန်ပြုလိုက်တော့၏။ ကျွန်ုပ်အပြတမ်း ရွတ်သော စိန္တာန်မုနိမန္တာန်တော်ကြီးကား အောက်ပါအတိုင်းဖြစ်၏။

**စိန္တာမဏိအမင်္ဂါထာ**

၁။ ဩနမောအနန္တကောက်ကပ္ပေါ်၊ သဗ္ဗညုတဉာဏ်၊ စိန္တာတိစိန္တော။သဗ္ဗဒေဝါရ၊ သင်္ဂမော၊ သောမနသော၊ မနောဟရော စိန္တောစိန္တာနိ၊ စိန္တာတိစိန္တော၊ နမောသုံးပါးသော ရတနာ ဆရာမိဘတို့အား ရှိခိုးခြင်းကိုကရောမိပြုပါ၏။ ဩ-ဥပါဒ်ဘေးဒါဏ်-မာန်ရန်အပေါင်းကို ကာရံစောင့်ရှောက်ပြီးစီးအောင်မြင်စေသတည်း။အနန္တကောဋိကပ္ပေါ် အဆုံးအပိုင်းအခြား မရှိသော ကမ္ဘာကုဋေပါတ်လုံး ဆည်းပူးအပ်သော၊ ပါရမီပုညသမ္ဘာရရှိသည်ဖြစ်၍ သဗ္ဗညုတဉာဏ်-သဗ္ဗညုတဉာဏ်တော်ကို၊ စိန္တာတိစိန္တောကြံတတ်၊ သိတတ်ကုန်သော-ပစ္စေကဗုဒ္ဓါသာဝကတို့ထက် လွန်ကဲထူးမြတ်ကြံတတ် သိတတ်တော်မူသော မြတ်စွာဘုရားသခင် သည် သဗ္ဗဒေဝါယသဗ္ဗဝါန် အလုံးစုံသော နတ်အပေါင်းတို့၏၊ သင်္ဂါမောပေါင်းဆုံစည်းဝေးရာ ဖြစ်တော်မူ၏။ သောမနသော နှစ်သက်ဝမ်းမြောက်ခြင်းကို ပွားစေအပ်၏။ မနောဟရော စိတ်နှလုံးကို ယူကြုံဆောင်ယူတတ်သည် ဖြစ်၍ စိန္တောစိန္တာနံ ကြံစီကုန် သက်ဝင်ကုန်၏။ ကြံစည်ကုန်သောသူတို့ထက် စိန္တာတိ စိန္တော သူတပါးကြံစည် သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တတ်ပါပေ၏။

၂။ ဘုမ္မိပဒေသော၊ စိန္တာတိစိန္တော၊ တြိဘုမ္မိရတိ် စိန္တာတိ စိန္တော။ သတ္တလောကကံ စိန္တာတိ စိန္တော၊ ဩကာသလောကံစိန္တာတိစိန္တော၊ သင်္ခါရလောကံစိန္တာတိစိန္တော၊ နာမရူပ် စိန္တာတိစိန္တော၊ ကုသလံ အကုသလံ အဗျာကတံ စိန္တာတိစိန္တော၊ သုခံ၊ ဒုက္ခံ၊ အဒုက္ခ မသုခံ စိန္တာတိစိန္တော။ မဂ္ဂံ ပုဂ္ဂလံ ဖလံ စိန္တာတိစိန္တော။

ဘုမ္မိပဒေသ ထိုထိုဘုံဌာနအရပ်များ၌ တည်နေကြသော သတ္တဝါသင်္ခါရတို့ကို စိန္တောစိန္တော သူတစ်ပါးကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်ပါပေ၏။ သတ္တလောကံ၏ သတ္တလောကကို စိန္တာတိစိန္တော သူတစ်ပါးကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည် သိမြင်တော် မူတတ်ပါပေ၏။ ဩကာသလောကံ ဩကာသလောကကို စိန္တာတိ စိန္တော သူတစ်ပါးကြံစည် သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်ပါပေ၏။ သင်္ခါရလောကံ၊ သင်္ခါရလောကကို၊ စိန္တာတိ စိန္တော သူတစ်ပါးကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည် သိမြင်တော်မူတတ်ပါပေ၏။ နာမရူပံ နာမ်ရုပ်တရားနှစ်ပါးကို စိန္တာတိစိန္တောသူတပါးကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည် သိမြင်တော် မူတတ်ပါပေ၏။ ကုသလံကုသိုလ်တရားများကို စိန္တာတိစိန္တော၏။ အကုသလံ အကုသိုလ်တရားကို စိန္တာတိစိန္တော၏။ အဗျာကတံ အဗျာကတ တရားများကို စိန္တာတိစိန္တော-၏၊ သုခံ သုခဝေဒနာကို စိန္တာတိ စိန္တော--၏၊ ဒုက္ခံ ဒုက္ခဝေဒနာကို စိန္တာတိစိန္တော-၏၊ အဒုက္ခ မသုခံ--ဥပေက္ခာဝေဒနာကို စိန္တာတိစိန္တော၏၊ စိတ္တံစိတ်ကို စိန္တာတိစိန္တော--

၏၊ စေတသိကံ-စေတသိက်ကို၊ စိန္တာတိစိန္တော--၏၊ ရူပံ-ရုပ်ကို၊ နိဗ္ဗာန်ကို၊ စိန္တာတိစိန္တော၏၊ မဂ္ဂပုဂ္ဂလံ-မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကို၊ ဖလံဖလဋ္ဌာန်ပုဂ္ဂိုလ်ကို၊ စိန္တာတိစိန္တော သူတစ်ပါးကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်ပါပေ၏။

၃။ ဈာနံ ဈာနင်္ဂံ စိန္တာတိ စိန္တော၊ အရဟတ္တံ အရဟတ္တ မဂ္ဂံစိန္တာတိ စိန္တောနိရောဓံ နိရောဓ သမာပန္နံ စိန္တာတိ စိန္တော၊ အတ္တမမ္မံ သတ္တဗောဇ္ဈင်္ဂံ စိန္တာတိ စိန္တော၊ အရိယံ အဋ္ဌင်္ဂိကံမဂ္ဂံ စိန္တာတိစိန္တော၊ စတုရော ဓမ္မံ စတ္တာရိဣဒ္ဓိပါဒါနိ စိန္တာတိစိန္တော၊ စတ္တာရိ ပဋိသမ္ဘိဒါ မဂ္ဂါနိ စိန္တာတိ စိန္တော၊ စတ္တာရိ အရိယသစ္စာနိ စိန္တာတိ၊ အဝိဇ္ဇာသု အဝိဇ္ဇာဘာဝိယေယု စိန္တာတိ စိန္တော၊ ဝိမုတ္တိဉာဏေသု- စိန္တာတိ စိန္တော။

ဈာနံ- ဈာန်ကို၊ ဈာနင်္ဂံ-ဈာနင်ကို၊ စိန္တာတိစိန္တော၏ အရဟတ္တံ - အရဟတ္တဖိုလ်ကို အရဟတ္တမဂ္ဂံ-အရဟတ္တမင်ကို၊ စိန္တာတိ စိန္တော၊ --၏။ နိရောဓံ နိရောဓသမာပတ်ကို နိရောဓသမာမန္န-နိရောဓ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်ကို၊ စိန္တာတိ စိန္တော၊ --၏၊ သတ္တဓမ္မ-ခုနစ်ပါးသော သူတော်တရားကို သတ္တဗောဇ္ဈင်္ဂံခုနစ်ပါးသော ဗောဇ္ဈင်ကို စိန္တာတိ စိန္တော၏၊ အရိယံမြတ်သော အဋ္ဌင်္ဂိကံ အင်္ဂါရှစ်ပါးရှိသော မဂ္ဂံ မင်ကို စိန္တာတိ စိန္တော--၏၊ စတုရော ဓမ္မံ စတုဓမ္မေ- လေးပါးသော ဣဒ္ဓိပါဒ်တို့ကို စိန္တာတိ စိန္တော--၏။ စတ္တာရိ ပဋိသမ္ဘိဒါ မဂ္ဂါနိ၊ လေးပါးသော ပဋိသမ္ဘိဒါမင်တို့ကို၊ စတ္တာရိ အရိယသစ္စာနိ-လေးပါးသော အရိယသစ္စာတို့ကို၊ စိန္တာတိစိန္တော--၏။ အဝိဇ္ဇာသု အဝိဇ္ဇာတို့၌ အဝိဇ္ဇာဘာဝိယေသု-အဝိဇ္ဇာ၏ အဘို့၌ဖြစ်သောတရားတို့၌ စိန္တာတိစိန္တော--၏။ ဝိမုတ္တိဉာဏေသုဖိုလ်ဉာဏ်တို့၌၊ စိန္တာတိ စိန္တော--၏။

၄။ ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခု အာသဝက္ခယဉာဏေသု စိန္တာတိစိန္တော လောကိသ လောကုတ္တရ ဉာဏေသု စိန္တာတိ စိန္တော။ ကဗဠီကာရာဟာရေသု စိန္တာတိ စိန္တော၊ အတ္တဓမ္မ ပရမတ္ထဓမ္မေသု စိန္တာတိစိန္တော၊ ဣတိဘာဝ ပုမ္ဘာဝေသု- စိန္တတိ စိန္တော၊ ပဥ္စကာမ ဂုဏေသု စိန္တတိ စိန္တော။ အပ္ပက ဗဟုကေသု စိန္တာတိ စိန္တော၊ အတီတာနာဂတပစ္စုပ္ပန္နေသု စိန္တာတိစိန္တော၊ သဗ္ဗေဇန စိတ္တေသု စိန္တာတိစိန္တော ဧတေန မနောပရေ န ရတနံဝိယ သဗ္ဗတာမ ပုရဏော။

ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခု အာသဝက္ခယဉာဏေသု- ပုဗ္ဗေသု- ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ် အာသဝက္ခယဉာဏ်တို့၌ စိန္တာတိစိန္တော၊ လောကိယ လောကုတ္တရာ ဉာဏေသု၊ လောကီဉာဏ်၊ လောကုတ္တရာ ဉာဏ်တို့၌ စိန္တာတိ စိန္တော--၏။ ကဗဠီကာရာဟာရေသု၊ ကဗဠီကာရအာဟာရတို့၌၊ စိန္တတိစိန္တော--၏၊ အတ္တဓမ္မပရမဓမ္မေသု အကျိုးအကြောင်း ပရမတ္ထတရားတို့၌၊ စိန္တာတိစိန္တော--၏၊ ဣတိဘာဝ ပုမ္ဘာဝေသု- ဣတ္ထိဘာဝ ပုမ္ဘာဝတို့၌၊ စိန္တာတိ စိန္တော--၏၊ ပဥ္စကာမဂုဏေသု ငါးပါးသော ကာမဂုဏ်တို့၌ စိန္တာတိ စိန္တော၏၊ အပ္ပကဗဟုကေသု- အနည်းအများတို့၌ စိန္တာတိ စိန္တော၏ အတီတာနာဂတ ပစ္စုပ္ပန္နေသု အတိတ်တရား အနာဂတ်တရား ပစ္စုပ္ပန်တရားတို့၌ စိန္တာတိစိန္တော--၏၊ သဗ္ဗဇနစိတ္တေသု- အလုံးစုံသော သတ္တဝါတို့၏။ စိတ်တို့၌။ စိန္တတိ စိန္တော--၏၊ ဧတေန-ဤဆိုပြီးအပ်သော၊ သဘောရှိသော၊ မနောဟရေန၊ စိတ်နှလုံးကို ဆောင်တတ်သောသဘောကြောင့်၊ အယံမန္တော၊

ဤမန္တယားသည်၊ မဏိရတနံပိယစကြာ်ဝတေးမင်း၏ မနောမယပတ္တမြားရတနာကဲ့သို့ သဗ္ဗကာမပုရဏော အလုံးစုံသော အလိုဆန္ဒကို ပြည့်စေတတ်၏။

၅။ ဂုရု ဝါရဝါဒိပိ သဇ္ဈာယန္တာနံ ပဝရာသမ္မာ သမ္ဗုဒ္ဓေန ဒေသိတော အယံမန္တောစိန္တ နတ္တေနစိန္တာ မဏိယောနာမာတိ၊ ဣစေတံအာသနံတိဋ္ဌတု တိဋ္ဌတု၊ ဒိပါယ ဒိပါယ သောဟယ သောဟယ ဒဒါတု ဒဒါတု၊ စိန္တာမဏိ ရတနံမပါလေတု ဟုလု ဟုလု သွာဟာယ္ သွားဟုံ ဟုံ။

ဂုရု ဝါရဝါဒိ သဇ္ဈာ ယန္တနံ- ဆရာ၌ရိုသေလေးမြတ်ခြင်းစသည်ဖြင့် သရဇ္ဈာယ်ကုန်သော သူတို့အား ပဝရော အထူးသဖြင့် မြတ်သော၊ မန္တော-မန္တရားဟူ၍၊ သမ္မာသမ္ဗုဒ္ဓေန မဖေါက်မပြန် ကိုယ်တော်တိုင်သာလျှင် သစ္စာညေယျတရားကို သိတော်မူတတ်သော ဘုရားမြတ်သည် ဒေသိတော ဟောတော်မူ၏၊ အယံမန္တော ဤမန္တယားကို၊ စိန္တနတ္တေန အပိတ်အပင် အဆီးအတားမရှိ သိမြင်ကြံစည်တတ်သောအနက်ကြောင့် စိန္တာမဏိယောနာမာတိ စိန္တာမဏိ အမည်ရှိ၏ဟူ၍ ဝုစ္စတိဆိုအပ်၏၊ ဣတိ ဤသို့၊ ဧတံ အယံမန္တောဤမန္တရားသည်၊ အာသနံ ငါ၏နေရာအရပ်သို့ အာဂမ္မကပ်၍ ဒိပါယ-ဒိပါယ၊ မှိုခိုကိုးကွယ်ရာဖြစ်ခြင်းငှာ၊ ဝသာယ ဝသာယ ငါတို့အလိုအာဏာသို့ ပါခြင်းငှာ၊ ပါခြင်းငှာ တိဋ္ဌတု တိဋ္ဌတု၊ တည်ရပ်စေသတည်း၊ တည်ရပ်စေသတည်း၊ ဒဒါတု- ဒဒါတု အောင်မြင်ခြင်း မင်္ဂလာချမ်းသာစီးပွား၊ များပြားခြွေရွေ- ဘုန်းကျက်သရေတိုးတက်ခြင်းကို ပေးစေသတည်း၊ ပေးစေသတည်း၊ စိန္တာမဏိရတနံ၊ စိန္တာမဏိ၊စိန္တာမဏိ မန္တယားရတနာသည်၊ မံ-အကျွန်ုပ်ကို၊ ပါလေထု- ရန်ကာစောင့်ရှောက်စေသတည်း၊ ဟုလု ဟုလု လျှင်စွာ လျှင်စွာ သွားဟယ္ယသုအာဟယ္ အောင်မြင်ခြင်း မင်္ဂလာချမ်းသာစီးပွားတိုးတက်ခြင်းကို ဟုံဟုံ ရှေ့ရှုလူလူ၊ တိုးပွားစေသတည်း၊ သွားဟုံဟုံ သု အာဟုံဟုံ အောင်မြင်ခြင်းမင်္ဂလာကျက်သရေအဖြာဖြာတို့နှင့် တက်နေပမာ တိုးတက်၍ ထက်မြက်သော တန်ခိုးအပေါင်း သိဒ္ဓိအပေါင်း မဟိဒ္ဓိအပေါင်းတို့နှင့် ပြည့်စုံပါစေကုန်သတည်း။

## စိန္တာမဏိ အမင်္ဂါထာပြီး၏။

## စိန္တာမဏိအဖုံးဂါထာ

၆။ ဩနမော အနန္တ ကောဋိကပ္ပေါ သဗ္ဗညုတ ညာဏော၊ သဗ္ဗဒေဝ-ဂတော၊ စိန္တာတိစိန္တေ၊ စိန္တာမဏိယော-မနောမယ-ဂြိဟိတော အတုလျှ-ပဝရ-ဂုဏစမ္ဘော-သဗ္ဗကာမ-ရောမိနော-ပူရဏော၊ စိန္တာမဏိ ပြဟ္မာသိဒ္ဓေါပဝရော။

နမော-သုံးပါးရတနာ ဆရာမိဘတို့အား မြတ်နိုးခြင်း၊ အရိုအသေပြုခြင်း ဦးနှိမ်ကိုး၍ ရှိခိုးခြင်းကို ကရောမိ- ပြုပါ၏၊ ဩ-ဥပါဒ်ဘေးဒါဏ် ရန်မာန်အပေါင်းကို ကာရံစောင့်ရှောက် ကွယ်ကာပြီးစီး အောင်မြင်ပါစေသတည်း၊ အနန္တာကောဋိကပ္ပေါ-အဆုံး အပိုင်းအခြားမရှိသော၊ ကမ္ဘာကုဋေပါတ်လုံး

ဆည်းပူးအပ်သော ပါရမီပုည ဉာဏသမ္ဘာရရှိသည်ဖြစ်၍၊ သဗ္ဗညုတဉာဏော- သဗ္ဗညုတဉာဏ်တော်နှင့်ပြည့်စုံသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သဗ္ဗဒေဝဂဏော ·အလုံးစုံသော နတ်အပေါင်းတို့ကို စိန္တာတိစိန္တော၊ သူတစ်ပါးကြံစည် သိမြင်သည်ထက်-ကဲလွန်ထူးမြတ်၍ ကြံစည်သိမြင်တော်မူတတ်ပါပေ၏။ မနောမယ ဣဗ်ဟိတော ဝေပုလ တောင်တော်မြတ်၌၊ ရောက်ကွပ်၍ နေသော ရုံရွှေကျောက်ပေါင်း၊ ရှစ်သောင်းလေးထောင် ရှိသော၊ မနောမယပတ္တမြား ရတနာကြီး ကဲ့သို့ လိုရာအကျိုးကို ပြီးစေတတ်သော၊ စိန္တာမဏိယော- စိန္တာမဏိမန္တယား ရတနာကြီးသည်၊ အတုလပရဝဂုဏဓမ္မော- မနှိုင်းယှဉ်အပ် ထူးမြတ်လှသော ဘုရားကျေးဇူး တရားကျေးဇူးတော် တို့ကို ပြတတ်သည်ဖြစ်၍ သဗ္ဗကာမရောဇိနော အလုံးစုံသော လောကီလောကုတ္တရာ အလိုဆန္ဒအဖြာဖြာကို ပွားများစေတတ်၏၊ ပုရဏော စိတ်နှလုံးအလိုကို ပြည့်ဝစေတတ်၏၊ စိန္တာမဏိ သူတစ်ပါးတို့၏ စိတ်အကြံကိုလျှင်မြန်စွာ သိစေတတ်၏၊ ပြဟ္မာသိဒ္ဓေါ ဖြူစင်တင့်အပ် ကောင်းမြတ်လှသော အကျိုးကို ပြီးစေတတ်၏။ ပဝရော လွန်လွန်ကဲကဲ ထူးထူးမြတ်မြတ် တောင့်တအပ်ပေ၏။ ဝါ-တောင့်တအပ်ပေသတည်း။ ။

၇။ တြိဘုနဝသွာရော သုဂတော သဗ္ဗဝေရနံ နိဝါရဏော၊ အကာလ မံရဏ နိဝါရဏော မတုဝဠ နာ ဒီဃာယုကော၊ သိဒ္ဓိကရော ပုည ဝဍ္ဍော မဟာတေဇော၊ မဟာယသော၊ ဘဂျာဝဍ္ဍော ဒိဋ္ဌဓမ္မ ဝေဒနိယဘူတော၊ အရိယာဖလ ဝရဓမ္မော၊ အနန္တ သမ္မာ သမ္ဗုဒ္ဓေါ ဝိသုဒ္ဓိဒေဝေါ၊ နရာသဘော။

တြိဘုနဝ သွာရော ဘုံသုံးပါး၌ ကောင်းသောသွားခြင်းရှိသည်ဖြစ်၍ သုဂတော- လိုအပ်သောကောင်းကျိုး၌-အလွန်သွားသည်၊ ဟောတိ-၏။ သဗ္ဗဝေရီန-အလုံးစုံသော ရန်သူတို့ကို၊ နိဝါရဏော၊ စောင့်ရှောက်ကာကွယ်ငြား၊ မြစ်တားတတ်သည် ဟောတိဖြစ်၏၊ အကာလ မရဏနိဝါရဏော-အခါမဲ့ ဥပစ္ဆေဒကံဖြင့် သေခြင်းကိုတားမြစ်တတ်ပေ၏၊ မတုဝဠနာ-သေမင်းကို လှည့်ပတ်ခြင်းဖြင့်၊ ဒီဃာယုကော-အသက်ရှည်ခြင်းကို ဖြစ်စေတတ်၏၊ သိဒ္ဓိကာရော- လောကအပြီးအစီး သိဒ္ဓိအပေါင်းတို့ကို ပြုပေတတ်၏။ ပုညဝဍ္ဍော ဘုန်းတန်ခိုးကြီးမားသည်ကို ပွားစေတတ်၏။ မဟာတေဇော ကြီးမားသော တန်ခိုးရှိ၏၊ မဟာယသော- အကျော်အစော အခြံအရံကြီးမားသည်ကို ပွားစေတတ်၏။ ဘဂျာဝဍ္ဍော ဘဂ၊ တရားနှင့် ပြည့်စုံသည်ကို ဖြစ်စေတတ်၏၊ ဒိဋ္ဌဓမ္မ ဝေဒနိယဘူတော- မျက်မှောက် ခံစားအပ်သော အကျိုးကို ဖြစ်စေတတ်၏။ အရိယဖလဝရ ဓမ္မော အရဟတ္တဖိုလ်ဟူသော မြတ်သောတရားနှင့် ပြည့်စုံသော၊ ဝိသုဒ္ဓိ ဒေဝေါ-ကျော်စောထင်ရှား သော ဝိသုဒ္ဓိနတ်ဖြစ်တော်မူသော၊ နရာသဘော လူနတ်တို့ထက် မြတ်တော်မူသော အနန္တသမ္မာသမ္ဗုဒ္ဓေါ အဆုံးအပိုင်းအခြားမရှိ သိတော်မူသော ဘုရားရှင်သည်၊ မံ အကျွန်ုပ်ကို ပါလယထု စောင့်ရှောက် မစတော်မူစေသတည်း။

၈။ ပရမေသွာရော၊ မဟာဒေဝေါ ဂဏပတ္တော ဣန္ဒော ဗြဟ္မာ မဟေသွာရော၊ ဘူမိဝသုန္ဓရာ၊ မဋ္ဌသကော သိရိဝါသော။ မဏိမေခလော အာကာသဒေဝေါ၊ ရုက္ခဒေဝေါ၊ နာဂေါ- သုပဏ္ဏော၊ ဂန္ဓဗ္ဗော၊ စတုလောက ပါလာ သူရိယော၊ စန္ဒိမာ နက္ခတ္တာရော၊ ဟိမဝန္တော၊ သိနေရု ပဗ္ဗာတော၊

စက္ကဝါဠ သိလုစ္စယော၊ သတ္တပဗ္ဗတော၊ ဂင်္ဂါယမုနာ အစိရ ဝတီ မဟီ၊ သရဘူ ဇမ္ဗုရုက္ခော၊ ကဒမ္ဗော၊ ကပ္ပရုက္ခော၊ သီရိယော၊ ပါဋလိ သိပ္ပလိ ပါရိဆတ္တကော ဆဒ္ဒန္တော၊ ဧရာဝဏ္ဏော၊ ဥသဘော၊ ဧတေဒေဝေါ၊ ကေပုတ္တံ ဝမံ သမ္ပါလေန္တု။

ပရမေသွာရော- ပရမမေသွာရဝ အမည်ရှိသော၊ မဟာဒေဝေါနတ်မင်းကြီးသည် မိ အကျွန်ုပ်ကို ပါလယတု စောင့်ရှောက်မစတော်မူစေသတည်း။ ဂဏာပတ္တော ဂိုဏ်းအခြွေအရံသို့ ရောက်သော ဣန္ဒော စတုလောကပါလ နတ်မင်းကြီးတို့၏သား ဣန္ဒမည်သော နတ်အပေါင်းသည် လည်းကောင်း ဗြဟ္မာ-ဗြဟ္မာမည်သောနတ်အပေါင်းသည်လည်းကောင်း၊ မဟေသွာရော မဟေသွာရမည်သောနတ် သည်လည်းကောင်း၊ ဘူမိဝသုန္ဓရော ဘူမိမည်သော ဝသုန္ဓရေနတ်သည် လည်းကောင်း၊ မေအကျွန်ုပ်အား ဇယဒေါ- အောင်မြင်ခြင်းကိုပေးစေသည်။

မဉ္ဇူသကော၊ နန္ဒမူလိုဏ်ဂူ၊ မဉ္ဇူသကပန်းပင်၌ စောင့်သောနတ်သည်လည်းကောင်း၊ သိရိဝါသော-ကန္တာရတောလမ်းခရီး၌စောင့်သော ငွေဗိမာန်၌နေသော သိရိဝါသနတ်သည် လည်းကောင်း၊ မဏိမေခလာ၊ သမုဒ္ဒရာစောင့်နေသော မဏိမေခလာနတ်သမီးသည်လည်းကောင်း၊ အာကာသဒေဝေါ၊ အာကာသစိုးနတ်သည်လည်းကောင်း၊ ရုက္ခဒေဝေါရုက္ခစိုး နတ်သည် လည်းကောင်း၊ နာဂေါ၊ ဝိရူပက္ခစသည်အမျိုးမျိုး ကွဲပြားသော နဂါးအပေါင်းသည်လည်းကောင်း၊ သုပဏ္ဏော ငှက်အပေါင်းတို့၏ မင်းဖြစ်သော၊ ဂဠုန်အပေါင်းသည်လည်းကောင်း၊ ဂန္ဓဗ္ဗော၊ ဂန္ဓဗ္ဗနတ် အပေါင်းတို့သည်လည်းကောင်း၊ စတုလောကပါလာ၊ စတုလောကပါလနတ် (၄)ယောက်တို့သည် လည်းကောင်း၊ သူရိယော၊ နေနတ်သားသည်လည်းကောင်း စန္ဒိမာ လနတ်သားသည်လည်းကောင်း၊ နက္ခတရော၊ နက္ခတ္တဘုံစံသော နတ်အပေါင်းတို့သည်လည်းကောင်း၊ ဟိမဝန္တာတောင်၌ စောင့်သောနတ်သည်လည်းကောင်း၊ သိနေရုပဗ္ဗတော-မြင်းမိုရ်တောင်၌နေသော နတ်အပေါင်းသည်လည်းကောင်း၊ စက္ကဝါဠသိလုစ္စယော- စကြာဝဠာ၌စောင့်သော နတ်အပေါင်းသည်လည်းကောင်း၊ သတ္တပဗ္ဗတော၊ တောင်စဉ် (၇) ထပ်၌စောင့်သော နတ်အပေါင်းသည်လည်းကောင်း၊ ဂင်္ဂါယမုံနာအစိရဝတီမဟီသရဘူ၊ ဂင်္ဂါမြစ်၊ ယမုံနာမြစ်-အစိရဝတီမြစ်-မဟီမြစ် သရဘူမြစ်၌စောင့်သောနတ်အပေါင်းသည်လည်းကောင်း၊ ဇမ္ဗူရုက္ခောတောင်ကျွန်းဦး သပြေပင်၌စောင့်သောနတ်အပေါင်းသည်လည်းကောင်း၊ ကဒမ္ဗော- အရှေ့ကျွန်းဦး၊ ထိမ်ပင်၌-စောင့်သော နတ်အပေါင်းသည်လည်းကောင်း၊ ကပ္ပရုက္ခော-မြောက်ကျွန်းဦး ပဒေသာပင်၌စောင့်သော နတ်အပေါင်းသည်လည်းကောင်း။ သိရိယော အနောက်ကျွန်းဦး ကုက္ကိုပင်၌ စောင့်သောနတ်အပေါင်းတို့သည်လည်းကောင်း၊ ပါဋလိ အသူရာပြည် သခွတ်ပင်၌စောင့်သော နတ်သည်လည်းကောင်း၊ သိပ္ပလိ-ဂဠုန်ပြည်လက်ပံပင်၌ စောင့်သောနတ်သည်လည်းကောင်း၊ ပါရိဆတ္တာကော တာဝတိံသာ ပင်လယ်ကသစ်ပင် ၌စောင့်သော နတ်သည်လည်းကောင်း၊ ဆဒ္ဒန္တော- ဆဒ္ဒန်အိုင်၌စောင့်သော နတ်သည်လည်းကောင်း၊ ဧရာဝဏ္ဏော-ဧရာဝဏ်နတ်သည်လည်းကောင်း၊ ဥသဘော-ဇနဝသဘနတ်သည်လည်းကောင်း၊ ဧတေဒေဝေါ-ဤသို့ဆိုအပ်ပြီးသောနတ် အပေါင်း

တို့သည်။ ကေပုတ္တံ့ဝရင်၌ဖြစ်သော တစ်ယောက်ထဲသောသားကဲ့သို့ မံ-အကျွန်ုပ်ကို၊ သမ္မာလေန္တု-ကောင်းစွာစောင့်ရှောက် မစ စေကုန်သတည်း။

၉။ သီရိဒေါ၊ ဝေပုလ္လပဗ္ဗတပသော-မနောဟရော၊ မဏိရတနံ ဝိယ၊ သဗ္ဗကာမ ပူရဏော၊ ဂုရုဂါရဝါဒိသဗ္ဗာယ သန္တာနံ၊ ပဝရော။ သမ္မာသမ္ဗုဒ္ဓေန- ဒေသိတော အယံမန္တော၊ စိန္တနတ္တေန၊ စိန္တာမဏိယော နာမတိ၊ ဣစ္စေတံအာသနံ၊ တိဋ္ဌတု-တိဋ္ဌတု ဒိပါယ-ဒိပါယ၊ ဝသာယ- ဝသာယ ဝသာယ၊ ဒဒါတု-ဒဒါတု။ စိန္တာမဏိရတနံ- ပါလေတု၊ ဟုလူ- ဟုလူ- သွာဟယျသွာ ဟုံဟုံ။ ။

သီရိဒေါ၊ အသရေကိုပေးတတ်သော ဝေပုလ္လ ပဗ္ဗတပသော၊ ဝေပုလ္လတောင်ရံ၌ ရောက်၍ ရံကျောက်ရှစ်သောင်း၊ လေးထောင်ရှိသော မနောဟရော၊ လူတို့အလိုနှလုံးကို ပြည့်စေတတ်၊ ဆောင်တတ်သော၊ မဏိရတနံဝိယ-ရေနောက်မြူနယ်ကို ကြည်စေတတ်သော၊ လုံးပတ်သုံးထွာ၊ အလျားလေးတောင်ပမာဏ၊ မနောမယ ပတ္တမြားရတနာကဲ့သို့၊ သမ္ဗကာမ ပူရဏော အလုံးစုံသော အလိုဆန္ဒကို ပြီးစေတတ်၏၊ ဂုရုဂါရဝါဒိ သဗ္ဗာယန္တာနံ ဆရာ၌ ရိုသေလေးမြတ်ခြင်းစသည်ဖြင့် သရဏ္ဍာယ်ကုန်သော သူတို့အား ပဝရော အထူးသဖြင့် မြတ်သော၊ မန္တော-မန္တရားဟူ၍ သမ္မာသမ္ဗုဒ္ဓေန-မဖေါက်မပြန်ကိုယ်တော်တိုင်သာလျှင် သစ္စာလေးပါး ဥေယျဓံတရားကို သိတော်မူသော ဘုရားမြတ်စွာသည် ဒေသိတော၊ ဟောတော်မူအပ်၏။ အယံ မန္တော၊ ဤမန္တယားကို စိန္တနတ္တေန၊ အပိတ်အပင်အဆီးအတားမရှိ သိမြင်ကြံစည်တတ်သော- အနက်ကြောင့် စိန္တာ မဏိယော နာမာတိ-စိန္တာမဏိအမည်ရှိ၏ဟူ၍ ဝုစ္စတိ-ဆိုအပ်၏။ ဣတိဤသို့ တေ-အယံမန္တော- ဤမန္တယားသည် အာသနံ-ငါ၏နေရာအရပ်သို့ အာဂမ္မ-လာလတ်၍၊ ဒိပါယ-ဒိပါယ၊ မှိုခိုကိုးကွယ်ရာဖြစ်ခြင်းငှာ ဝသာယ ဝသာယ ငါတို့အလို အာဏာသို့ ပါခြင်းငှာ တိဋ္ဌတု-တိဋ္ဌတု၊ တည်ပါစေသတည်း၊ တည်ပါစေသတည်း။ ဒဒါတု-ဒဒါတု၊ ပေးစေသတည်း၊ ပေးစေသတည်း။ စိန္တာမဏိရတနံ၊ စိန္တမဏိမန္တယားရတနာသည်၊ မံအကျွန်ုပ်ကို ပါလေတု၊ စောင့်ရှောက်ပါစေသတည်း။ ဟုလူ-ဟုလူ၊ လျှင်စွာ- လျှင်စွာ။ သွာဟယျ သုအာဟယျ၊ အောင်မြင်ခြင်း မင်္ဂလာချမ်းသာ စီးပွားတိုးတက်ခြင်းဖြစ်စေသတည်း။ သွားဟုံဟုံ သုအာဟုံဟုံ။ ကောင်းသော ကျက်သရေမင်္ဂလာ အပေါင်းတို့နှင့် ပြည့်ဝစေကုန်သတည်း။

## စိန္တာမဏိ အဖုံး ဂါထာပြီး၏။

## "တိသျှတ္တ ဥဏ္ဏာလုံ မွေ့ရှင်တော်အဖုံးဂါထာ"

ဩြောင်း ဟေဟေတိသျှတ္တ
ဗန္ဓတ္တ ဗန္ဓတ္တ၊ ဓါရေယျ ဝါရေယျ
နိဝါရေယျ၊ နိဝါရေယျ
နိရုဒ္ဓေယျ၊ နိဂုဒ္ဓေယျ

ဖြဟွဒတ္တံ၊ ဒေဝဒတ္တံ
ဒေဝဒတ္တံ၊ ဒေဝဒတ္တံ
ဥဏ္ဏှာလောမာ၊ မုနိသွားဟုံဟုံ။

**"ဥဏ္ဏှလုံ မွေရှင်တော်အထဲဂါထာ"**

ဩြောင်း ဟတ္ထိ အဿ သီဟဗျဂ္ဃ ဒိပိသံ သုမာရော၊
ဣတ္ထိ ပုရိသ ဓနုခဂ္ဂအသနိ၊ သဗ္ဗနာဂါစ ယက္ခ ဇော်ဂနီ၊
ဩြောင်းဂုရုစေတ ဂုရုစေတ ဆိန္ဒန္တု ဆိန္ဒန္တု။ ။
ဘိန္ဒန္တု ဘိန္ဒန္တု၊ ဝိဓံသေန္တု ဝိဓံသေန္တု။
အတ္တဂမိသုံ၊ အတ္တဂမိသုံ။
ဖြဟွဒတ္တံ ဖြဟွဒတ္တံ၊ ဒေဝဒတ္တံ ဒေဝဒတ္တံ။
ဥုံနာလောမာ မုနိသဗ္ဗေ အန္တရာယာဝိနာသန္တု အသေသတော။

**အထဲဂါထာပြီး၏။**

ဎင်းဥဏ္ဏှလုံ မွေရှင်တော်အဖုံးအထဲဂါထာကို နံနက်-ည၊ တတ်အားသမျှ ရွတ်ဖတ်သရဇ္ဈယ်ရသော် ခပ်သိမ်းသော ဘေးအန္တရာယ်တို့ကို ပျောက်စေနိုင်၍၊ ခပ်သိမ်းသော လာဘ်လာဘတို့ကို ရစေနိုင်၏။ ခပ်သိမ်းသော အကြံအစည်တို့ကို ပြည့်စုံနိုင်၏။

**ဥဏ္ဏှလုံ မွေရှင်တော် အဖုံး-အထဲဂါထာပြီး၏။**

ဤအထက်ပါအတိုင်းရွတ်၏ ၁၃၁၆ခု တပို့တွဲလဆန်း ၃ ရက် ၁၂ ခွဲမှ နံနက် ၅ နာရီခွဲ အထိ၊ ပုတီးပတ်၊ သုဂတော (၅) ချက်ဂါထာ အပါတ်(၂၅) ပတ်ရ၏။ ဗုဒ္ဓဟူးနေ့ဖြစ်၍ စိန္တာမုနိဂါထာကြီးရွတ်ပြီး ဘုရားရှိခိုး၍ သုဂတော (၅) ချက် ဂါထာစိပ်ပြန်- နံနက် ၆ နာရီမှ ၁၀နာရီ အထိ (၂၄) ပတ်ရပြန်၏၊ ခေတ္တနားပြီး မေတ္တာပို့ အမျှဝေ၍ပြီးလျှင်၊ မျက်နှာသစ်၊ သွားတိုက် ကိုယ်လက်သုတ်သင်ခြင်းကိစ္စပြီးလျှင်၊ စားစရာထွက်ရှာ၏။ ဂူမှ အထက်တက်၊ မြောက်ဘက် လူသွားလမ်းအတိုင်း-လျှောက်သွားတော့ ငှက်ပျောတောကြီးတွေ့၏။ တောင်ကမ္ဘားယံ၌ထဲဖြစ်၏။ အနည်းငယ်ဆင်းပြီးကြည့်တော့၊ ငှက်ပျော်သီးများ သီးနေကြသော အပင်မှာ (၄၀)-(၅၀) ထက် မနည်းပေ၊ ထိုအထဲမှ မှည့်သော ငှက်ပျောသီး (၂) ဖီးခူးလာခဲ့၏။ ဂူပြန်လာ ရောက်လျှင်ရေဆေးပြီး ဘုရားဆွမ်းတော်ကပ်၍ (၃) လုံးစား၏၊ (၃) လုံးထဲနှင့် ဝသွား၏၊ ငှက်ပျောသီး တစ်လုံးတစ်လုံးမှာ ပြောင်းဖူးအလတ်စားလောက်ရှိ၏။ ဘာဟာရကိစ္စပြီးလျှင် ဝတ်ထားသော သင်းပိုင်နှင့်ရေချိုး သင်းပိုင်နေလှမ်း

ကေသီကို တပိုင်းဝတ်တပိုင်းခြုံ၍ နေစာလှုံရင်း ပုတီးစိပ်၏၊ တောင်ပေါ် အလောင်းတော်ကဿပ အာရုံခံ တန်ဆောင်းအတွင်းက အလံနီတို့ မရှိကြသဖြင့်၊ ထိုအာရုံခံမှ တောင်ဘက်ပတ်လျှောက်ပြီး စကြံန်သွား၍၊ ပုတီးစိပ်၏၊ ၁၂ နာရီထိုးလောက်တွင် ခြောက်သော သင်းပိုင်ကို ရုတ်၍ ဝတ်ပြီး တောင်အောက်ဂူကြီးထဲ ပြန်လာပြီးအိပ်၏၊ နေ့ ၂ ချက်လောက်နိုးလာ၏။ မျက်နှာသစ် ဘုရားရှိခိုး ပရိက်ယူပြီး ပုတီးစိပ်၏၊ ညနေ (၆) နာရီတွင် ပုတီးရေတွက်ကြည့်တော့ ၂၅ပတ် ရ၏။ ညက ပုတီးပတ်နှင့် ပေါင်း ပုတီးပတ် ပေါင်း ၄၉ ပတ်ရ၏၊ ဂူဝကြည့်တော့ မပွင့်သေးပေ၊ မီးထွန်းပြီးဆက်စိပ်၏၊ ည၁၂နာရီတိုင်အောင်ထူးခြားချက်မရှိ၊ ပုတီးပတ်မှာ ၃၆ ပတ် ရ၏၊ နေ့က ပုတီးပတ်နှင့်ပေါင်းသော် ၈၅ ပတ်ရ၏၊ မေတ္တာပို့ အမျှဝေပြီး ခေတ္တအိပ်၏၊ တစ်ချက်ခွဲတော့နိုး၍ မှတ်တမ်းရေး၏။

၁၃၁၆ခု တပို့တွဲလဆန်း (၄) ရက် ၅ ဗေါ်နေ့၊ နံနက် (၁) နာရီခွဲအချိန် ပရိက်ပြု ပုတီးစိပ်၏၊ (၃) ပတ်လောက်အရ လူတစ်ယောက်က နောက်ကျောကို တွန်းလိုက်သလိုခံစားရပြီး ရှေ့စိုက်သွား၏၊ မြေနှင့်မထိအောင် အတော်ထိန်းထားလိုက်ရ၏၊ လှည့်ကြည့်ချင်သော်လည်း အဓိဋ္ဌာန်စိပ် နေသောကြောင့် သည်းခံလိုက်ရ၏၊ ဆက်စိပ်၏၊ ထို့နောက် ကျွန်ုပ်ခင်းထိုင်ထားသော ရေသနုပ်သင်းပိုင်က ကျွန်ုပ်ပါကြွလာပြီး အထက်မြောက်ပါနေသည်ဟုထင်ရ၏၊ ပုတီးစိပ်မပျက်အောင် အတော်လေး သတိထားစိပ်ရ၏၊ အထက်သုံးတောင်လောက်ကြွတက်သွားပြီးတဖြည်းဖြည်း ပြန်ကျသွားသည်ဟု အောက်မေ့၏၊ ပုတီးပတ် (၇) ပတ်လောက်ရတော့ ကျွန်ုပ်ထိုင်ထားသော ရေသနုပ်သင်းပိုင်က ပူပြင်းလာ၏၊ ထိုင်ခွင်ဖျက်ချင်လောက်အောင်ကို ပူပြင်းလာ၏၊ အဓိဋ္ဌာန်ပုတီး (၂) ပတ်ကျန်တော့တယ်- ဘယ်လိုဖြစ်ဖြစ်မဖျက်ဘူးကွာဆိုပြီး ငွတ်မှတ်၍စိပ်နေ၏၊ (၈) ပတ်ပြည့်၍ (၉) ပတ်စစိပ်ရော ထိုသင်းပိုင်ကရေစိုနေသော အပေါ်ထိုင်ရသလိုဖြစ်လာပြန်၏၊ ဘာပဲဖြစ်ဖြစ် ငွတ်မှိတ်စိပ်မည်ကွာဆိုပြီးစိပ်လိုက်၏၊ (၉) ပတ်စေ့၍ အဓိဋ္ဌာန်ချပြီးမေတ္တာပို့ အမျှဝေလိုက်ရော ဟက်ဟက်ပက်ပက်ရယ်သံများကြားရတော့၏၊ ကျွန်ုပ်ကပုတီးစိပ်ပြီးသည်ဖြစ်၍ သဘောတရား လှေလာနေ၏၊ ရယ်သံများသည် အများစုရယ်သောအသံထဲမှ မိန်းမသံတစ်ခု စူးစူးရှရှအသံပါလာ၏၊ ၅ မိနစ်လောက်ကြာသော် ထိုမိန်းမသံပျောက်သွားပြီး မိန်းမများ ဝိုင်းစုပြီးရယ်ကြသော အသံများ ပေါ်လာ၏၊ ဘယ်အချိန်လောက်ရှိပြီလည်း ဆိုပြီး နာရီကိုကြည့်လိုက်တော့ (၃) နာရီထိုးနေလေပြီ၊ ထို့ကြောင့်ရယ်သံများကို ဂရုမစိုက်နိုင်ဘဲ အချိန်မဖြုန်းရန်ဆက်ပြီး (၉)ပတ်အဓိဋ္ဌာန် ယူပြီးစိပ်၏၊ မီးမထွန်းပဲစိပ်နေ၏၊ (၃) ပတ်လောက်ရောက်တော့၊ ရှေ့တည့်တည့်က ဝင်းကနဲဖြစ်သွား၍ မျက်စေ့ဖွင့် ကြည့်၏၊ နွားမျက်လုံးကြီးလောက်ရှိသော ဝင်းလက်တောက်ပသော လူမျက်လုံး၂လုံးတွေ့ရ၏။ မျက်စေ့မှိတ်ပြီး စိပ်ပြန်၏၊ ထိုမျက်လုံးအရောင်က ထိုးနေသဖြင့် မျက်စေ့မှိတ်လို့မကောင်းသဖြင့် ဖွင့်လိုက်မှိတ်လိုက် လုပ်ပြီး စိပ်ရတော့၏၊ ၅ ပတ်လောက်ရတော့- လက်ဝဲလက်ယာဘက်ကပါ မျက်လုံးများပေါ်လာ၏၊ အမှောင်ဖြစ်၍ ထိုမျက်လုံးအရောင်များ အလွန်တောက်ပကြ၏၊ ထိုမျက်လုံးများ ရှေ့တိုးလာလိုက်၊ နောက်ဆုတ်သွားလိုက်နှင့် ကျွန်ုပ် ပုတီးစိပ်နေတာကို အနှောင့်အယှက်ပေးနေသလိုဖြစ်နေ၏၊ ကျွန်ုပ်ကလည်း သူတို့ လုပ်ချင်သလို လုပ်ကြပါစေ- ငါ့ပုတီးတော့ အပျက်မခံဘူးဆိုပြီး အထူးဂရုစိုက်စိပ်၏၊ ပုတီး ၇ ပတ်လောက်ရမှ မျက်လုံးများ ပျောက်သွားကြ၏၊ ပုတီး (၉)

ပတ်ရ၍ ဝတ်ချပြီး ဂူပေါက်ပွင့်ရန် အဓိဋ္ဌာန်ပြန်၏၊ အဓိဋ္ဌာန်ပြန်ပြီးလျှင် မေတ္တာပို့အမျှဝေ၏၊ ရေသနုပ်သင်းပိုင်ဖြန့်ခင်းပြီး အညောင်းဆန့်လိုက်၏၊ ပက်လက်၊ စောင်းလျှက်၊ မှောက်လျှက်ပြုလိုက်၏၊ ပက်လက်၊ စောင်းရက်လုပ်တုန်းက ဘာမျှကိစ္စမရှိ၊ မှောက်ရက်လုပ်တော့မှ ကျောပေါ် ခွစီးထားသလိုဖြစ်ပြီး ကျွန်ုပ်မထနိုင်တော့ချေ၊ ထိုသို့ဖြစ်သဖြင့် ကျောကိုလက်ဖြင့် စမ်းသော်လည်း ဘာမျှမတွေ့ရချေ၊ ဘာမျှ မတွေ့ရပေမဲ့လူကမထနိုင် ငါဘယ်လိုဖြစ်တာလဲဆိုပြီး အတင်းဇွတ်ထကြည့်သော်လည်း မထနိုင်ပါ။ မထနိုင်သော်လည်းနေကွာဆိုပြီး ပုတီးသာမှောက်ရပ်စိပ်နေတော့၏၊ သုဂတော ၅ ချက် ဂါထာ ၃ပတ် ရမှ တကိုယ်လုံးပေါ့ပါးသလိုဖြစ်သွား၏၊ "နင်လား-ကဲကွာ" ဆိုတဲ့အသံများ ကြားရပြီးနောက် ကျွန်ုပ်ထနိုင်တော့၏၊ ထပြီးထိုင်၍ ၉ ပတ်စိပ်လိုက်၏။ စိပ်ပြီးနောက် နာရီကြည့်လိုက်၏၊ ၆ နာရီခွဲနေ၏။ တောင်ခေါင်းဖြစ်၍ အလင်းရောင်လာရုံသာ မြင်ရ၏၊ သဲသဲကွဲကွဲတော့မြင်ရ၏၊ အနားတွင်ရှိသော စီးနေသောရေမြောင်းမှ မျက်နှာသစ်ပြီး ပုတီးဆက်စိပ်၏။ မောသလိုဖြစ်လာ၏။ မော-မော သေလဲပြီးတာပဲဟုဆိုပြီး စိပ်မြဲတိုင်းစိပ်နေ၏။ ပုတီး ၅ ပတ်တော့မှတ်နိုင်သေး၏။ ၆ ပတ်စိပ်နေစဉ် လူဘယ်လိုဖြစ်သွားမှန်းမသိ၊ နံနက် ၁၀ နာရီထိုး လောက်မှ သတိရ၏။ သတိရလို့ကြည့်လိုက်တော့ ဘုန်းတော်ကြီးတစ်ပါးက ကျွန်ုပ်ခေါင်းနှင့် လက်များရင်ဘတ်များကို ဆေးလူးပေးနေ၏။ ဘာဖြစ်လို့ပါလဲ ဘုရားလို့ မေးတော့ ကိုယ်တော်ကျင့်တာ ပြင်းထန်လွန်းတော့ ခန္ဓာကိုယ်က ကျန်းမာရေးမကောင်းတဲ့ သဘောဖြစ်သွားတာပါ၊ ကျန်းမာရေးက တော်တော်ပါ ပဥ္စင်းလေး ဒီကောင်တွေက ဖျက်လိုဖျက်ဆီး လုပ်လို့ပါ၊ ဘယ်ကောင်တွေက ဖျက်လိုဖျက်ဆီး လုပ်ကြတာလဲဘုရား၊ ဘယ်ကောင်တွေရမှာလဲ ဒီအလောင်းတော်ကဿပမှာနေတဲ့ တောစိုးနတ်ပေါ့ကိုယ်တော်- ဒီတောစိုးက ဒီလိုကောင်းတာ ကျင့်နေတဲ့လူကိုမကြိုက်ဘူး၊ သူ့ကိုသောက်စားစရာတွေတင်ပြီး မိန်းမတွေနဲ့ပြောနေကြတဲ့ လူတွေကိုသာ သဘောကျတာ- ယခုလဲ ပဥ္စင်းလေးကိုသူက ကောင်းတာကျင့်နေတဲ့သူဖြစ်တော့ သူကမနေနိုင်ဘူး၊ ကိုယ်တော်ဦးပဥ္စင်းလေးရဲ့၊ ကိုယ်တော် ဦးပဥ္စင်းလေး ပုတီးစိပ်မေတ္တာပို့အမျှဝေတော့ သမ္မာဒေဝနတ်များ က ပဥ္စင်းလေးထံလာကြ မေတ္တာခံယူကြ ဖူးမျှော်ကြဆိုတော့သူကအနေရအထိုင်ရခက် သူ့အကြောင်းလည်းသမ္မာနတ်များ သိမှာစိုးတော့ အဖူးမျှော်လာသော သမ္မာနတ်များရှင်းတဲ့အခိုက် သူကကိုယ်တော့်ကို မှုံးမေ့ထုံထိုင်း သွားစေတတ်တဲ့ အဆိပ်ပင်ကအသီးကို လေတင်ကအခိုးလွတ်ပြီး ကိုယ်တော့်ကို မှုံးမေ့ပြီး မထနိုင်အောင်လုပ်တာ ကိုယ်တော်ပဥ္စင်းလေး၊ ယခုတပည့်တော်တို့ သိပေလို့ပေါ့ ကိုယ်တော်ပဥ္စင်းလေး၊ နို့မို့တော့ ကိုယ်တော်ထနိုင်ဖို့မလွယ်- ဒီတောဆိုးနတ်ဆိုးက သူကိုယ်တိုင်ချဉ်းကပ်ပြီးမလုပ်နိုင်တဲ့သူကို ဒီလိုအဆိပ်သီးတွေနဲ့လုပ်တယ်၊ ချဉ်းကပ်လုပ်နိုင်တဲ့သူကြတော့ ခြောက်လှန့်လွတ်တာပဲ၊ ခြောက်လှန့်လို့မရရင် တောတိရိစ္ဆာန်နှင့်တိုက်တာဘဲ၊ တိရိစ္ဆာန်နဲ့တိုက်လို့မရရင် သူစီးတော်မြွေနဲ့တိုက်တာပဲ၊ ဒီကောင်တော့ ဒီတစ်ခါမှ မှတ်လောက်အောင်တော့ လုပ်လိုက်ရအုံးမယ်၊ (ပဥ္စင်းလေးအဓိဋ္ဌာန်ကြောင့် နက်ဖြန်အာရုဏ်တက်လောက်မှာ ဂူပေါက်ပွင့်ပါလိမ့်မယ်၊ နမက္ကာရ တည်းက (တဟိ တဟိ ပါရမီ သဥ္စယံ စယံ၊ ဂတံ ဂတံ သန္တိ သုခမ္ပဒံ ပဒံ။ နရာ နရာနံ သုခသမ္ဘဝံ ဘဝံ၊ နမာ နမာနံ ဇိနပုင်္ဂဝံ ဂဝံ။) ဆိုတဲ့ ဂါထာရသလား။ ရပါတယ်ဘုရား။ ရလျှင် ဂူပေါက်ထိုင်ပြီး ၉ ပါတ် အဲဒါအရင်စိပ်ပြီးတော့မှ ပဥ္စင်းလေးအဓိဋ္ဌာန်တဲ့ပုတီးစိပ် တပည့်တော်ဆေးလိမ်းပေးပြီးနောက်ပဥ္စင်းလေးကို

ဘယ်လိုနတ်ကဖြစ်ဖြစ် ဘာအဆိပ်အခိုးနဲ့မှ ဘာဓါတ်ခိုးနဲ့မှ . လုပ်လို့မရတော့ဘူးမှတ်၊ ပဥ္စင်းလေးကျေးဇူးကြီးလှပါတယ်ဘုရား၊ ဘုရားတပည့်တော်လျှောက်ထားပါရစေဘုရား၊ သူတို့တန်ခိုးနဲ့လုပ်မရတော့ သဘာဝအပင်တွေ ဓါတ်တွေရဲ့ သတ္တိနဲ့ လုပ်ကြတယ်ပေါ့ဘုရား၊ ဟုတ်တယ်ပဥ္စင်းလေး၊ အကျင့်သီလရှိတဲ့သူကို သူတို့တန်ခိုးက မလုပ်စွမ်းနိုင်ဘူး၊ သဘာဝသစ်ပင် ဓါတ်ပစ္စည်းတို့ဆေးထောင့်တို့ သူတို့ချပေးတာလွယ်လွယ်နဲ့ မသုံးဘို့အရေးကြီးတယ်၊ ကောင်းလှပါပြီဘုရား၊ အရှင်မြတ်ကဘယ်မှာသီတင်းသုံးပါသလဲဘုရား၊ ဒီကနေ မြောက် မိုင် ၃၀ လောက်သွားမိရင် မဟာမြိုင်ထဲရောက်တယ်။ အဲဒီမဟာမြိုင်ထဲမှာနေတဲ့ မဟာမြိုင်ဆရာတော်ကြီးဖြစ်တယ်။ ကဲ ကဲ ၁၁ နာရီထိုးခါနီးပြီ နေမွန်းတည့်တော့မယ်၊ တပည့်တော်သွားလိုက်ဦးမယ်၊ နောက်ဘာမှုမဖြစ်တော့ပါဘူးပဥ္စင်းလေး၊ ကျေးဇူးကြီးမားလှပါတယ်ဆိုပြီး၊ ကျွန်ုပ်က ဝတ် ၃ ကြိမ်ချလိုက်၏။ ထိုအခိုက် ပျောက်ကွယ်သွားတော့၏။ ထိုအခါမှ ကျွန်ုပ်၏အဖြစ်ကို ကျွန်ုပ်အံ့သြနေ၏။ ၁၁ နာရီထိုးပြီဖြစ်၍ ချန်ထားသော ငှက်ပျောသီးစား၏။ ၂ လုံးနှင့် ဝသွား၏။ ရေသောက်ပြီး ရေချိုးရန် တောင်ပေါ်တက်သွား၏။ တော်တော်ပေါ့ပါး၏။ ကျွန်ုပ်ကိုလုပ်သောနတ်ကို ကျေးဇူးတင်နေ၏။ သူလုပ်လို့သာ ဒီကိုယ်တော်ကြီးနဲ့တွေ့ရပြီး ဒီလောကတန်ခိုးသတ္တိရှိသော ဆေးလိမ်းရ စားရ၏။ မောင်မင်းကြီးသားတောစိုးနတ်ကို အထူးကျေးဇူးတင်မဆုံးအောင်ဖြစ်၏။ သူ့ကို မေတ္တာများပို့ပေး၏။ ရေချိုးပြီး ရုပ်ပွားတော်အလောင်းတော်ကဿပကြီးရှေ့မှာ သုဂတော ၅ ချက် ၁၂ ပတ်မိဋ္ဌာန်စိပ်၏။ ပြီးလျှင် မေတ္တာပို့ အမျှဝေခါ ဂါထာမန္တာန်များ စိန္တာမဏိ မန္တာန်ကြီးများ သရဇ္ဈာယ်၏။ ပြီးလျှင်တောင်အောက်ဂူထဲဆင်းပြီး ခေတ္တအိပ်၏။ ၂ ချက်မှအိပ်၏။ ၃ နာရီနိုးလာ၏။ထိုအချိန်မှစ၍ ပရိက်ယူပြီး (တဟိ တဟိ) ၉ ပတ်စိပ်၏။ ညနေ ၅ နာရီ ပတ်တင်းလောက်ပြီး၍ လမ်းလျှောက်ရင်းသုဂတော ၅ ချက်ဂါထာ ၆ ပတ်စိပ်၏။ ရပ်လျက် ၃ ပတ်စိပ်၏။ နေလုံးပျောက်ကွယ်၍ သွားတော့၏။ ထိုင်ပြီး ၁၂ ပတ်စိပ်၏။ ပြီးလျှင် နာရီကြည့်လိုက်တော့ ည ၈ နာရီခွဲနေ၏။ ဂူတွင်းမှ ဘုရားရှေ့ ၁၂ ပတ်ထိုင်စိပ်၏။ ဖယောင်းတိုင်လဲပူဇော်ထား၏။ လေကလေးတဖြူးဖြူးတိုက်ခတ်၍ ဖရောင်းတိုင်မီးငြိမ်းငြိမ်းသွား၏။ မငြိမ်းရန်၊ ကျောက်ခဲတို့ဖြင့်ကာထားရ၏။ ၁၂ ပတ်စိပ်ပြီး နာရီကြည့်လိုက်တော့ ၁၁ နာရီထိုးနေပြီ၊ ပုတီးပတ် ဒိုင်ယာရီမှတ်တမ်း ရေးလိုက်၏။ ၁၃၁၆ ခု၊ တပို့တွဲလဆန်း ၄ ရက် ၅တေးနေ့ ပုတီးပတ်ပေါင်း ၆၉ ပတ်ရ၏။ ၂ ရက်ပေါင်း ၁၅၄ ပတ်ရ၏။ မှတ်ပြီးလျှင် ဘုရားရှိခိုး ဂါထာမန္တာန်ရွတ် မေတ္တာပို့အမျှဝေ၊ ပရိတ်တော်များရွတ်၊ ၁၂ နာရီ ၁၅ မိနစ်မှပြီး၏။

တပို့တွဲလဆန်း ၅ ရက် ၆ ကြာနေ့ ၁၂ နာရီခွဲမှစ၍ ပရိက်ယူပြီးဂူပေါက်မှာ(တဟိ တဟိ) ၉ ပတ်စိပ်၏။ ပြီးလျှင် ပဋ္ဌာနပြု၍ သုဂတော ၅ ချက်ဆက်စိပ်၏။ အာရုံထဲတွင် ဘုရားလေးဆူက ရှေ့နောက်ဝဲယာမှ ရပ်တော်မူနေပုံပေါ်နေ၏။ ကျွန်ုပ်ကအလွန်အားတက်ပြီး ကောဏ္ဍညာ၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ ရှင်တော်ဘုရား ၄ ဆူက ငါ့လာပြီး စောင့်ရှောက်နေကြတာဘဲဆိုပြီး ထိုင်ခွင်မဖျက်ဘဲ ဆက်စိပ်၏။ (သုဂတော ၅-ချက် ၁၈ ပတ်လည်းစိပ်ပြီးရော အပေါက်ဝမှ လျှပ်စီးပြစ်သလို ဝင်းကနဲဖြစ်သွား၍ ကျွန်ုပ်နောက်လန်ပြီး ပတ်လက်လဲမတတ်ဖြစ်သွား၏။ အတော်ထိန်းလိုက်ရသဖြင့် လဲမသွားပေ၊ ဆက်ပြီး ၉

ပတ်စိပ်ပြန်၏။ ထိုအတွင်း ရှဲရှဲနှင့် ဂူထိပ်ကမြွေဆင်းလာသလို အသံမည်နေ၏။ မီးကလဲထွန်းမထားသဖြင့် ဘာမျှမမြင်ရပေ။ နောက်ကလဲ လူလမ်းသွားနေသလိုထင်ရ၏။ ကျွန်ုပ်လည်း ပုတီးသာဖိစိပ်နေ၏။ ၇ ပတ်စိပ်နေတော့ တောင်ထိပ်က ဇရပ်တန်ဆောင်းများ ပြိုလဲသောအသံကြီးကဲ့သို့ကြားရ၏။ ၉ပတ်ကို မနဲကြိတ်မှိတ်စိပ်လိုက်ရ၏။ ၉ ပတ်ပြီး၍ ဖယောင်းတိုင်မီးထွန်းပြီး နာရီကြည့်လိုက်တော့ ၅ နာရီထိုးနေ၏။ ဂူပေါက်ကိုမီးပြင့်ကြည့်လိုက်ရာ ဂူပေါက် ၉ လက်မလောက်ဟပြီး ပွင့်နေတာမြင်ရ၏။ ကျွန်ုပ်အလွန်ဝမ်းသာသွား၏ ထိုအခိုက် လေတိုးလာသဖြင့် ဖယောင်းတိုင်မီးငြိမ်းသွား၏။ ထူးဆန်းသည်ကား ဖယောင်းတိုင်မီးငြိမ်းသွားသော်လည်း ဂူအတွင်းကအလင်းရောင်များမြင်နေရပေ၏။ ထိုသို့မြင်ရသောကြောင့် ကျွန်ုပ်၏ လွယ်အိတ်ကလေးလွယ်ပြီး ရေသနုပ်ယူ နှစ်ထပ်သင်္ကန်းခေါက်လက်မှာတင်ပြီး ဂူပေါက်ထဲကို စောင်းဝင်လိုက်၏။ ချောင်ချောင်ဝင်နိုင်၏။ အပြင်ဘက်က အေးသလောက်အတွင်းထဲမှာ နွေး၍ ဂွမ်းစောင့်ခြုံထားရသလိုဖြစ်၏။ အထဲရောက်လျှင် ဦးညွှတ်၍ လက်အုပ်ချီပြီး လျောင်းတော်မူနေသော အရှင်မြတ်ဘုရားထံပါးချဉ်းကပ်၍ အားရပါးရ ရှစ်ခိုးဝပ်ချလိုက်၏။ သက်စေ့ရှစ်ခိုးလိုက်၏။ အသက် ၂၉ နှစ်ဖြစ်၍ အကြိမ်ပေါင်း ၃၀ ရှိခိုးခြင်းငါးဖြာနဲ့ ဝပ်ချပြီးရှစ်ခိုး၍ ပရိက်ယူပြီး ပုတီး ၂၇ ပတ်အမိဋ္ဌာန်စိပ်လိုက်၏။ ရသေ့များ၊ ဘိုးတော်များလည်း လာစိပ်ကြသည်ဟုလည်းထင်လိုက်၏။ ထိုနေ့ ပုတီး ၂၇ ပတ်ပြီးတော့ မှတ်တမ်းရေးလိုက်သည်မှာ (၁၃၁၆-ခု တပို့လဆန်း ၅ ရက် ရှင်တော်ဘုရားနေ့ဖြစ်သော သောကြာနေ့ ကျွန်ုပ်နှင့် ဝံသေကြ၍ ဓါတ်ဖက်ဖြစ်သော ၆-ကြာနေ့နံနက် ၅-နာရီတွင် ပွင့်နေသောဂူကြီးထဲဝင်၏) ဂူကြီးပွင့်နေတာက လျှပ်စီးအရောင်လို လက်တုန်းကချည်းပွင့်နေတာဖြစ်ဟန်တူ၏။ ကျွန်ုပ်ဂူထဲ ရောက်၍ (၂၇)ပတ်စိပ်ပြီးလျှင် နာရီကြည့်လိုက်တော့ မနက် ၁၀ နာရီမတ်တင်းအချိန်ဖြစ်၏။ ဂူတွင်းထဲကို သေသေချာချာ ကြည့်ရှုဖူးလိုက်သော်-

အလောင်းတော်ကဿပ ကိုယ်တော်မြတ်ကြီးမှာ ပက်လက်ကျိန်းစက်တော်မူနေပေ၏။ ကိုယ်တော်အရှင်မြတ်ကြီးအောက်မှာ ကျောက်ညိုအပြားကြီးဖြစ်၏။ နီညိုရောင်ကျောက်ပြားကြီး ထု ၁၈ လက်မလောက်ရှိမည်။ အလျား ကျွန်ုပ်အတောင်နှင့် ၉ တောင်ပြည့်မှာ လက်တစ်ဝါးလောက်လို၏။ အနံမှာ ကျွန်ုပ်အတောင်နှင့် ၄ တောင် ၂ မိုက်ရှိ၏။ ထိုကျောက်ညိုပြားကြီးပေါ် ပတ္တမြား၊ မြ၊ စိန်၊ ပုလဲစသော ရတနာများ အပြည့်ခင်းကြထား၏။ တဖြတ်ဖြတ်နှင့် တောက်ပသောအရောင်များထွက်နေကြ၏။ မီးရောင်အထက်မှ အလင်းရောင်နှင့်ပဏာရလှ၏။ ကိုယ်တော်ကြီးဝတ်ရုံထားသော သင်္ကန်းမှာ သစ်ခေါက်ဖြစ်၏။ လက်ကိုင်သော နေရာများမှာ ဆွေးမြေ့နေ၏။ ဘယ်နေရာကိုင်ကိုင် သင်္ကန်းများဆွေးမြေ့နေ၏။ ခေါင်းတော် ဖူးမျှော်လိုက်သော်ဆံပင်များက ရှုပ်ထွေးနေ၏။ တစ်ပင်ခြင်း ရှင်းဖို့တောင် လွယ်မည်မထင်ပေ။ နဖူးပေါ်ကြနေသော ဆံပင်ကို ဆွဲဆန့်ကြည့်၏။ ကျုပ်အတောင်နှင့် ၅ တောင် လက် ၃လုံးရှိ၏။ ဆံပင်အဖုံကြီးက ယခုဆန်ကောဝိုင်းလောက်ရှိ၏။ မျက်လုံးတော်က မှိတ်နေ၏။ နရင်းနထင်များမကျပေ။ လူရှင်တစ်ယောက် အိပ်နေသကဲ့သို့ဖြစ်၏။ နှုတ်ခမ်းမွေးများလည်း တို့လိုတွဲလဲနှင့် ရှည်နေကြ၏။ နှစ်တောင်လောက်ရှိမည်ထင်၏။ လက်တော်များကိုမပြီး ကွေးကြည့်၊ ဆန့်ကြည့်၏။ လူရှင်ကဲ့သို့ဖြစ်၏။တောင့်၍မနေပေ၊အရေအသားများလည်း လူရှင်ကဲ့သို့ပျော့ပျော့ ပြောင်းပြောင်းဖြစ်၏။ လက်သဲများကနှစ်လက်မခွဲ လောက်ရှည်နေကြ၏။

ကျွန်ုပ်ကလက်သဲညှပ်ဖြင့် လက်သဲကိုက်ပေး၏။ ထိုလက်သဲများယူခဲ့၍ အမှုန့်လုပ်ပြီး ဘုရားထုခဲ့၏၊ ခြေသည်းလည်း ထို့အတူဖြစ်၏။ ခြေထောက်များလည်း ကွေးလို့ရ၏။ ပျော့ပြောင်းသေး၏။ ကျွန်ုပ်သည် အလွန်ပီတိဖြစ်၍ ကြည်ညို လှသဖြင့် ရေသနုပ်သင်းပိုင်ကို ကျွန်ုပ်ဝတ်ပြီး ကိုယ်တော်ကြီးပေါ် ကျွန်ုပ်ဝတ်သောသင်းပိုင်လပ်လပ်ကို အောက်ပိုင်းတွင်လွှမ်းလှူလိုက်၏။နှစ်ထပ်သင်္ကန်းကြီးကိုလည်း ကိုယ်တော်မြတ်ကြီးအပေါ် ပိုင်းဖြန့် လှူလိုက်၏။ အံ့စရာကား အလျှားလိုက်လွှမ်းက ဒူးဆစ်အောက်ကျ၏၊ အနံဒေါင်လိုက်လွှမ်းမှ ကိုယ်တော်ကြီး ခြေသလုံး ၃ ချိုး ၁ ချိုးလောက်ကျ၏။ အလွန်အံ့ဩမိ၏၊ ကိုယ်တော်ကြီးအရပ်က ကျွန်ုပ်အတောင်နှင့်ကိုင်းသော် ၆ တောင် ၁ ထွာနှင့် လက် ၃ လုံးဖြစ်၏။ သပိတ်တော်က မြေသပိတ်ဖြစ်၏။ အဖုံးမပါပေ။ သပိတ်ခြေလည်းမရှိ သပိတ်အဝကို တိုင်းကြည့်တော့ ၂ တောင်ပြည့်မှာ လက် ၁ လုံးလျော့၏၊ ရေစစ်တို့၊ ဘိနပ်တို့မတွေ့ခဲ့ရပေ။ ကိုယ်တော်မြတ်ကြီး၏ ယာဘက်ဘေးတွင် မြူအိုးပုံအိုးကြီးတစ်ခုတွေ့ရ၏။ အမြင့် ၂ တောင်၊ အဝ ၂ တောင် လက် ၃ လုံးရှိ၏။ ယာဘက်ဘေးတွင် ကိုယ်တော်မြတ်ကြီး ကျိန်းစက်နေသော ကျောက်ညိုပြားကြီးနှင့် ၃ တောင် အကွာတွင် ကျောက်ဖယောင်းတိုင်ကြီး ၃ တိုင်ရှိ၏။ အရပ်ကကျွန်ုပ်တစ်ရပ်ဖြစ်၏၊ အဝက ကျွန်ုပ်လက်နှင့် (၁)ထွာနှင့် လက်တစ်အုပ်ရှိ၏၊ မီးအမြဲလင်းနေ၏၊ ဖယောင်းတိုင် ၃ တိုင်ဖြစ်၏။ အောက်ခံက အင်ဖုံပက်ကြီးများထဲထည့်ထား၏။ ကိုယ်တော်မြတ်ကြီးခေါင်းရင်းက ဝဲယာမှာ လှည်းဘီးလောက်ပန်းဆိုင်ကြီးများ တစ်ဖက်တစ်ခုစီ ကောင်းကင်မှာ နွယ်ကြိုးများဖြင့် တွဲရရွဲဆွဲထားသလိုဖြစ်၏။ ခေါင်းရင်းပိုင်း ခြေရင်းပိုင်းဝဲဘက်များတွင် ရွှေဆွဲကြိုးအမျိုးမျိုး၊ ရွှေလက်ကောက်အမျိုးမျိုး ရွှေခြေခြင်းအမျိုးမျိုး၊ နားဋောင်းအမျိုးမျိုး ရွှေပြားငွေပြားများလည်း လှည်း ၅ စီးတိုက်လောက်ရှိမည်ထင်၏၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေတံခွန်၊ ငွေတံခွန်၊ ရွှေကုက္ကား၊ ငွေကုက္ကားများက လေးငါးဆယ်လောက်ရှိမည်ထင်၏၊ အတွင်းတွင် ပန်းဆိုင်များကြောင့် မွှေးကြိုင်နေ၏။ ကြေးစည်အကြီးအသေး အထပ်ကြီးက လူတစ်ရပ်လောက်ရှိမည်ထင်၏။ အမည်မဖော်တတ်သော ရွှေခွက်ပုံ၊ ငွေခွက်ပုံ၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်များလည်း ၅၀ ကျော်လောက်ရှိမည်ထင်၏။ ကောင်းကင်မှလဲ အမိုးတပြင်လုံး ရုပ်သေးစင်ကြာရပ်လို့ ကျောက်တက်များလဲကျနေ၏။ တချို့ ၃ နေရာ ၄ နေရာလောက် ကျောက်မောင်းများကျနေ၏၊ အထက်ကောင်းကင်အမိုး အလင်းပေါက်ကြီးအမြင့်မှာ အတောင် ၂၀ လောက်ရှိမည်ထင်၏။ အလင်းပေါက်က တစ်တောင်လောက်တော့ ကျယ်မည်ထင်၏၊ နေရောင်ကို ထိုအပေါက်မှမြင်ရ၏။ နံရံများတွင် ဘုရားပုံတော်များတွေ့ရ၏။ ရွှေချထားကာ ကွက်တိကွတ်ကြား ကျန်သေး၏။ ဂူကြီး၏အတွင်း လှိုဏ်အကျယ်မှာ အတောင် ၄၇ တောင်ရှိ၏။ အဝမှပစ္စည်းပရိဘောဂထားသော နေရာအထိ အနံ အတောင် ၃၇တောင် လက်တစ်အုပ်ရှိ၏။ ပစ္စည်းများရှိသောဘက်မှာ တိုင်းလို့မရတော့ပေ။ ကျွန်ုပ်သည်အလောင်းတော်ကဿပ အတွင်း လိုဏ်ဂူကြီးတွင် တအံ့တဩတိုင်းလိုက်ထွာလိုက်နှင့် ကြည့်နေတာ တစ်နာရီနှင့် တစ်ဝက်လောက်ကြာ၏ တိုင်းထွာမှတ်သားပြီး နာရီကြည့်လိုက်တော့ ၁၂ နာရီထိုးမှာ ၁၀ မိနစ်သာလိုတော့၏။ သို့အတွက်အပြင် ထားခဲ့သော ငှက်ပျောသီးတစ်ဖီး တစ်ဝက်ကျော်လောက်ကိုထွက်ယူပြီး ရေဆေး၍ ကိုယ်တော်မြတ်ကြီး အား တစ်ဖီးတင်လှူလိုက်၏။ ၁၈ လုံးရှိ၏။ ကျန် ၁၂ လုံးမှ ၂ လုံးကို ကျွန်ုပ်စားပြီး ပရိက်ယူ၍ပုတီးစိပ်တော့၏။

ထိုင်လျှက် ၉ပတ်၊ လမ်းလျှောက်လျှက် ၆ ပါတ်၊ ထိုင်လျှက် ၉ ပတ်၊ လမ်းလျှောက် ၆ ပါ တ် ထိုင်လျှက် ၉ပါတ်စိပ်ပြီးတော့ အလင်းပေါက်မှမှောင်သွားသဖြင့် နာရီထုတ်ကြည့်လိုက်၏။ ညနေ နာရီခွဲနေတော့၏။ ဂူတွင်းမှ ဖယောင်းတိုင်မီးရောင်သာရှိတော့၏။ ကျွန်ုပ်သည် ခေတ္တအနားယူပြီး ကိုယ်ကိုဆန့်လိုက်၏။ မေ့းကနဲအိပ်ပျော်သွား၏။ နိုးတော့အနီးနားတွင် ဘုန်းတော်ကြီးတစ်ပါး ပုတီးစိပ်နေတာ တွေ့ရ၏။ နာရီကြည့်လိုက်တော့ ၉ နာရီခွဲနေ၏။ ထိုအခါအနီးတွင်ထိုင်နေသော ဘုန်းတော်ကြီးက ကိုယ်တော် နာရီဘယ်နှစ်နာရီထိုးပြီလဲလို့မေးတော့ ည ၉ နာရီခွဲသွားကြောင်းလျှောက်လိုက်၏။ ကိုယ်တော်ကြီးကြိမ်းနေတုံး ပုတီးဝင်စိပ်တာ ၁၀၈ ပတ်ပြီးသွားပြီ ကိုယ်တော်အနိုးကို စောင့်နေတာ ကိုင်းကိုင်းကိုယ်တော် ဟောဒီ **စမ** ကိုယ်ပိုင်တွက်နည်းအတိုင်းတွက်ပြီး ကိုယ်ပိုင် **စမ** ရတော့ အစီအရင်များ ဂါထာမန္တာန်များရွတ်ပြီး နေ့စဉ်မှန်မှန်သောက်ပါ ၆ နှစ်ဆိုလျှင် **စမဝိဇ္ဇာ** ဖြစ်တော့တာပဲ၊ ကိုယ်တော်ရေးယူ ကိုယ်တော် ရေးယူ၊ မှန်ပ့ါဘုရားဆိုပြီး အောက်ပါအတိုင်း ရေးယူလိုက်၏။

## မဟာမြိုင်ဆရာတော်ဘုရားကြီး၏ စမ ထွက်လမ်းသောက်နည်း ကျင့်နည်းကျမ်း

မိမိတို့၏ ဇာတာ၌စဉ်နက္ခတ်တွင် ပါဒ်ခွန်းရှိက နက္ခတ်သို့ တစ်လုံးတက်ပြီးလျှင် အက္ခရာ ၄၁ လုံးတွင် (အံ)ဖျည်းကိုပါယ်၍ စဉ်နက္ခတ်နှင့်ရော-မူလတည်ကိန်းဖြစ်၏။ ဥပမာ-စဉ်နက္ခတ် ၂၀ ပါဒ် ၃-အခွန်းရှိ၍နက္ခတ်သို့ တစ်လုံးတိုး

| | | | | |
|---|---|---|---|---|
| အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ (အံ) | | | ၂၈ | |
| | | | ၄၀ | ဝဏ္ဏ |
| | | ၈ | ၆၁ | ၇ |
| | | | ၅၆ | |
| | | | ၅ | 'ဥ' သရကိုယူ |
| က၊ ခ၊ ဂ ဃ | - တည်ကိန်း | ၅ | ၆၁ | ၁၂ |
| | | | ၅ | |
| | | | ၁၁ | |
| | | | ၁၀ | |
| | | | ၁ | 'က' အက္ခရာကိုယူ |

| | | | | |
|---|---|---|---|---|
| စ၊ ဆ၊ ဇ၊ ဈ၊ ည | - တည်ကိန်း | ၅ | ၆၀ | ၁၂ |
| | | | ၅ | |
| | | | ၁၁ | |
| | | | ၁၀ | |
| | | | ၁ | 'စ' အက္ခရာကိုယူပါ |
| ယ၊ ရ၊ လ၊ ဝ | - တည်ကိန်း | ၄ | ၆၀ | ၂၀ |
| | | | ၆ | |
| | | | ၀ | |
| | | | ၀ | |
| | | | ၁ | 'ယ' အက္ခရာကိုယူပါ |
| ပ၊ ဖ၊ ဗ၊ ဘ၊ မ | - တည်ကိန်း | ၅ | ၆၀ | ၁၂ |
| | | | ၅၀ | |
| | | | ၁၁ | |
| | | | ၁၀ | |
| | | | ၁ | 'ပ' အက္ခရာကိုယူပါ |
| သ၊ ဟ | - တည်ကိန်း | ၂ | ၆၀ | ၃၀ |
| | | | ၆၀ | |
| | | | ၁ | |
| | | | ၀ | |
| | | | ၀ | 'သ' အက္ခရာကိုယူပါ |
| ငှ၊ ဋ၊ ဍ၊ ဎ၊ ဏ၊ ဏ-တ. ထ. ဒ. ဓ. န | -တည်ကိန်း ၁၀ | | | |
| | | ၁၀ | ၆၀ | ၆ |
| | | | ၆၀ | |
| | | | ၀ | 'ငှ' အက္ခရာကိုယူပါ |
| ရ-ဠ- | - တည်ကိန်း | ၂ | ၆၀ | ၃၀ |

၆

၁

၀

၁ 'ရ' အက္ခရာကိုယူပါ

ဤကဲ့သို့ အထက်ပါအတိုင်း အက္ခရာများကိုတွက်၍ယူထားပြီး သေသေချာချာ မှတ်ထားပါ၊ ထို့နောက် အောက်ပါဂြိုဟ်စဉ်အက္ခရာများကို မှတ်၍သိပါ။

| | | |
|---|---|---|
| အ-အာ-ဣ-ဤ-ဉ-ဦ-ဧ-ဩ | - | ၁ နွေဂြိုဟ် |
| က-ခ-ဂ-ဃ-င | - | ၂ လာဂြိုဟ် |
| စ-ဆ-ဇ-ဈ-ည | - | ၃ ဂါဂြိုဟ် |
| ယ-လ-ဝ | - | ၄ ဟူးဂြိုဟ် |
| ပ-ဖ-ဗ-ဘ-မ | - | ၅ တေးဂြိုဟ် |
| သ-ဟ | - | ၆ ကြာဂြိုဟ် |
| ဋ-ဌ-ဍ-ဎ-ဏ-တ-ထ-ဒ-ဓ-န | - | ၀ နေ ဂြိုဟ် |
| ရ-ဠ | - | ရာဟုဂြိုဟ် |

ဤကဲ့သို့မှတ်သားပြီး သမညအားဖြင့် ဉ-က-စ-ယ-ပ-သ-ဋ-ရ ဖြစ်၍

ဉ-က-စ-ယ

ဋ-ပ-ရ-သ ဤကဲ့သို့တွဲရ၏

တစ်တွဲစီထုတ်လိုက်သော် အောက်ပါအတိုင်းဖြစ်၏။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဉ | + | ဋ | = | ၁ နွေ | + | ၀ နေ | အဂ္ဂေါဓါတ် | (မီး) |
| က | + | ပ | = | ၂ လာ | + | ၅ တေး | ဂန္ဓောဓါတ် | (မြေ) |
| စ | + | ရ | = | ၃ ဂါ | + | ရာဟု | စရေဓါတ် | (ရေ) |
| ယ | + | သ | = | ၄ ဟူး | + | ၆ ကြာ | ဝံသေဓါတ် | (လေ) |

အဂ္ဂေါဓါတ်ကိုအစထား၍သောက်လိုလျှင်
အဂ္ဂေါ၏ မိသဃက-စရေဓါတ်ကိုပိတ်ပါ။
ဂန္ဓော-ဝံသေ-အလည်မှာထားပါ။

တေဇောဓါတ်ကိုအစထားသောဓါတ်လေးပါးစမကား-

ဉ။က။ယ။စ

ဋ။ပ။သ။ရ

ဂန္ဓောဓါတ်ကို အစထား၍ သောက်လိုလျှင် ၎င်း၏ မိသဃက ဝံသေဓါတ်ကို ပိတ်ပါ။

အန္တောစရေ အလယ်မှာထားပါ။

က. ဥ. စ. ယ

ပ. ၎. ရ. သ

စရေခါတ်ကို အစထားသောက်လိုပါလျှင် ၎င်း၏ မိဿက တေဇော ခါတ်ကိုပိတ်ပါ ဂဗ္ဘေဝံသေ-အလယ်မှာထားပါ။

စ. က. ယ. ဥ


ရ. ပ. သ. ၎

ဝံသေခါတ်ကို အစထား သောက်လိုပါလျှင် ၎င်း၏ မိဿက ပထဝီခါတ်ကိုပိတ်ပါ။ အန္တောစရေ အလည်မှာထားပါ။

ယ. ဥ. စ. က

သ. ၎. ရ. ပ


မည်သည့်လမဆို တေဇော နက္ခတ်မွန်းတည့်ချိန်မှာ၊ အရှေ့သို့လှည့်၍ တင်ပလင်ခွေထိုင်ပြီး မီးတစ်တိုင်ထွန်းပါ။ (ဥဒေတယံစက္ခုမာကေရာဇာ၊ ဟရိဿဝဏ္ဏော-ပထဝိပ္ပဘာသော၊ တံတံနမဿာမိ၊ ဟရိဿဝဏ္ဏံ၊ ပထဝိပ္ပဘာသံ တယဇ္ဇဂုတ္တာဝိဟရေမု ဒိဝသံ) ဤဂါထာကို (၃၇)ခေါက်ရွတ် (ဘဂဝါ) စမရေးပြီးလျှင် ဝါကျစ်လိမ်ခေါ်-အင်းလိမ် စမရေးပြီး ရင်ချင်းအပ် သိမ်ဝင်အပ်နှင့် ထိုအင်းနှစ်ခုကိုထိုးပြီး မီးရှို့ပါ။ ထိုအကွင်းရွတ်ရန် ဂါထာကား (ဒိဝါတပတိ -အာဒိစ္စော-ရတ္တိမာဘာတိစန္ဒိမာသန္နဒ္ဓေါ ခတ္တိယောဘာတိ၊ ဈာယီတပဿိဗြဟ္မနော။ အထသဗ္ဗမဟောရတ္တိ ဗုဒ္ဓေါတပဿိတေဇသာ၊ တာဒိသံ တေဇသမ္ပန္နံ ဗုဒ္ဓါဝန္ဒာမိ အာဒရံ။ နမကာရာ၊ နုဘာဝေန၊ သဗ္ဗေပူရေန္တုသင်္ကပ္ပါ) ဂါထာကို မီးငြိမ်းသည့် တိုင်အောင် ရွတ်ဖတ်ပြီးလျှင် (သုနက္ခတ္တံ-သုမင်္ဂလံ-သုပ္ပဘာတံ၊ သုဟုဋ္ဌိတံ၊ သုခဏောသုမုဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရီသု) ဤဂါထာကို (၃)ခေါက်ရွတ်ပြီး ထိုအင်းတော်ကို သောက်ပါ။ ၎င်းနောက်နေထွက်မှ မွန်းတည့်အတွင်းသောက်ပါ။ နေ့စဉ်မပြတ်ခြောက်နှစ်သောက်ပါ။ စမ ဝိဇ္ဇာဖြစ်၏။ ၎င်းစမအင်းများ နှင့်ပတ်သက်၍ မိမိမှတပါး အခြားသူများမကိုင်ရပါ။ အင်းပုံကားအောက်ပါ အတိုင်းဖြစ်၏။




ဘုရားမကိုဋ်တော်ဆို၍ရေး

ကရော ကရော ဂါထာ ဆိုရေး

ဒေဝါမံရက္ခန္တု



ကရာကရော-တမံမောဟ     ကရော ကရော
ပဗ္ဗောဒေသိဇန်ဗုဇံ     ဂါထာ အစ
ခမေတွာ-ခမ္မရံ-သံဟိ၊     အဆုံး
ဝရံသော ဒေတုမေဖလံ

မှတ်ချက်- စမအင်းသောက်နေစဉ် ၆ နှစ်အတွင်း ပဋ္ဌမသောက်သောနေ့မှစ၍ ၆ နှစ်အဓိဋ္ဌာန်ပြီး အောက်ပါအတိုင်း ဗန္ဒတက်ပြီး ပုတီးစိပ်ပါ။

ပဋ္ဌမအဆင့် - (အရဟံသိဒ္ဓိ) ဂုဏ်တော်ကိုတစ်နေ့ ၁၀၈ ပတ် ရက်ပေါင်း ၁၀၈ ရက်အဓိဋ္ဌာန်စိပ်။
ဒုတိယအဆင့် - တစ်နေ့ ၂၁၆ ပတ် ရက်ပေါင်း ၂၁၆ ရက် အဓိဋ္ဌာန်စိပ်ပါ။
တတိယအဆင့် - တစ်နေ့ ၃၂၄ ပတ် ရက်ပေါင်း ၃၂၄ ရက် အဓိဋ္ဌာန်စိပ်ပါ။
စတုတ္ထအဆင့် - တစ်နေ့ ၄၃၂ ပတ် ရက်ပေါင်း ၄၃၂ ရက် အဓိဋ္ဌာန်စိပ်ပါ။
ပဥ္စမအဆင့် - ၅၄၀ ရက် တစ်နေ့ ၅၄၀ ပတ်ပြီးအောင်စိပ်ပါ။

သိဒ္ဓိတင်သောအနေဖြင့် (အ-ရဟံဂါထာ) အပတ် ၃၀၀၀၊ (အရ-ဟံဂါထာ) အပါတ် ၃၀၀၀၊ (အရဟံဂါထာ) အပါတ် ၃၀၀၀ ပေါင်း အရဟံ ၃ ချက်ဂါထာ ၉၀၀၀ စိပ်ပြီးလျှင် စမဝိဇ္ဇာဖြစ်တော့၏။ သိဒ္ဓိ ၁၀ ပါး၊ သိဒ္ဓိ ၁၂ ပါး ပေါက်မြောက်တော့၏။ ပါရမီရှင်များ ကျင့်နိုင်ပါစေသတည်း။

အထူး - ငါးပါးသီလကိုသစ္စာပြု၍ အဓိဋ္ဌာန်ပြီး ထိန်း၍၊သက်သက်လွတ်စား လူသူတော်ဝတ် သို့မဟုတ် ရသေ့ သို့မဟုတ် ကိုရင်ကြီး သို့မဟုတ်ရဟန်းဝတ်ပြီးကျင့်ရမည်။

ထိုကဲ့သို့ကျင့်နေစဉ်အတွင်း-ဘယ်အင်းဘယ်ဆေးနှင့်မှမရောယှက်ရ ဘယ်ဂိုဏ်းနှင့်မှ မရောယှက်ရ၊ နားထဲကြားမျက်စေ့ထဲမြင်၊ လူကိုယ်တိုင်ပြောတာများကို လိုက်မလုပ်ရ၊ မလုပ်ပါဘူးလို့ အဓိဋ္ဌာန်ပြီးကျင့်ပါလေ။ မြေကြီးလက်ဝါးနှင့်ပုတ်တာကလွဲမည်။ ပေါက်မြောက်ရန်တာဝန်ခံပါသည်။

သစ္စာ - မေတ္တာ - ခန္တီ
**အဓိဋ္ဌာန်ဖြင့်တည်ဆောက်ပါ။ ပြီး၏။**

ဝိဇ္ဇာထွက်လမ်းကျမ်းကို မဟာမြိုင်ဆရာတော်ဘုရားထံမှကူးယူနေတာပြီးတော့ နာရီကိုထုတ်ကြည့်လိုက်၏။ ည ၁၀ နာရီခွဲနေလေပြီ။ မဟာမြိုင်ဆရာတော်ဘုရားကြီးကို ပုရပိုက်ပြန်ပေးလိုက်၏။ ဆရာတော်ဘုရားကြီးက ကိုယ်တော်လေး ကိုယ်တော်လေး၏အသက် ၆၃ နှစ်ရောက်လျှင် ကိုယ်တော်လေးကို သာသနာပြုဘို့အရေးလွှဲအပ်ကြသောတာဝန်များပြီးစီးအောင်မြင်သွားပါလိမ့်မယ်။ ထိုအခါကိုယ်တော်လေးထွက်လိုလျှင်ထွက်နိုင်တယ်၊ နေလိုလျှင်နေနိုင်ပါသေးတယ်။ တပည့်တော်တို့လည်း ၈၉ နှစ်ကြမှ ထွက်လာကြမှ ထွက်လာကြတာပဲ၊ ကိုယ်တော်လေး အထူးဂရုစိုက်ဘို့ကတော့ တပည့်ရင်းတကာရင်းများပဲ- တပည့်ရင်းတကာရင်းများဖြစ်ကြသော ရတနာသုံးပါးကိုကိုင်းရှိုင်းမှုကျိုးနွံမှု သက်ဝင်ယုံကြည်မှုနည်းသောတပည့်တကာရင်းများက သာသနာရေးတွက်လျှုတာများကို သူတို့ရဲ့ ကိုယ်ရေး

ကိုယ်တာအတွက် အသုံးပြုကြလိမ့်မယ်၊ ထိုကဲ့သို့ပြုလုပ်လျှင်သူတို့နစ်မွန်းကြလိမ့်မယ်။ အဲဒီတော့ ထိုကဲ့သို့သဒ္ဓါနည်းသော တပည့်တကာများကို ကိုယ်ပေါင်းစိတ်ခွာလုပ်ပြီး မအပ်နှင်းမိအောင် အထူးသတိထားရမယ်၊ ဤကဲ့သို့ပြုလုပ်ခြင်းဟာ သူတို့အတွက် မနစ်မွန်းရအောင် ငရဲမကျရအောင် ပြုလုပ်ခြင်းဖြစ်တယ်။

ကိုယ်တော်လေးဆက်ဆံရမယ့်လူမျိုးက ၃ မျိုးပဲ၊ အများဆုံးတွေ့ရမယ်။ ထို ၃ မျိုးက

၁။ ဗမာလူမျိုး- ဗမာလူမျိုးဆိုလျှင် ရှမ်း-ကရင်-ကချင်-ပအို့-ပလောင်-တောင်သူ- ဂျင်းဖော့စသော ဗမာပြည်ဘွားတိုင်းရင်းသားများအားလုံးကို ဗမာလူမျိုးလို့ မှတ်ယူရမယ်။

၂။ တရုတ်-တရုတ်လူမျိုးဆိုတာ-တရုတ်စစ်စစ်များ၊တရုတ်ကပြားများကို တရုတ်လူမျိုးလို့မှတ်ရမယ်။

၃။ ကုလား- ကုလားဆိုတာမှာ-ဟင်ဒူ မူဆလင်ခေါ်တောစသောကုလားဟူသမျှကို ကုလား၊ ကုလားကပြားများလဲ ကုလားဟုမှတ်ရမယ်။

ထိုလူသုံးမျိုးတို့၏ စိတ်ထားကိုလဲကောင်းစွာလေ့လာပြီး မှတ်သားလို့တော့၊ ဗမာလူမျိုးများက ဆက်ဆံရေးရိုးရိုးသားသားရှိကြတယ်၊ ဒါပေမယ့် တချို့ရန်ကုန်သားများက သူတို့ကိစ္စရှိလျှင် ပျူပျူငှာငှာနဲ့ ကျိုးကျိုးနွံနွံ ပေါင်းသင်းဆက်ဆံ၊ ဆည်းကပ်ခြင်းကိုပြုလုပ်ကြတယ်။ သူတို့ကိစ္စပြီးလျှင် မသိခြင်ယောင်ပြုတတ်ကြတယ်။ ရန်ကုန်မှတပါးတခြားမြို့များကတော့ ဒီလိုမဟုတ်ကြပါဘူး၊ ဒါဟာတပည့်တော်အတွေ့ပြောတာနော-ကိုယ်တော်လေး-မှန်ပါဘုရား-တရုတ်တို့သဘောကတော့ စီးပွားရေးနှင့်သာဆက်ဆံမှုလုပ်ကြတယ်၊ ငွေရှိသူဂုဏ်ရှိသူကိုအထူး ဖော်ရွေစွာဆက်ဆံလေ့ရှိကြတယ်။ ဘာသာရေးအနေနှင့်ကြတော့ ရောလို့မရဘူး၊ ဤလူသုံးမျိုးကို ကြည့်ပြီးဆက်ဆံ၍ သာသနာပြုရေးတွင် မီးစင်ကြည့်ကရသွားရမယ်ကိုယ်တော်လေး၊ ကိုယ်တော်လေးကငယ်သေးလို့ သဘောတရားတွေပြောရတာနော၊ မှန်လှပါဘုရား-ကျေးဇူးကြီးလှပါတယ်ဘုရား၊ ကိုင်းသွားလိုက်အုံးမယ်- ကိုယ်တော်လေး။ မှန်လှပါဘုရား- မှန်လှပါဘုရား- ကျေးဇူးကြီးလှပါတယ်ဘုရားဆိုပြီး ကျွန်ုပ်ကဝတ်ချလိုက်၏။ မဟာမြိုင်ကိုယ်တော်မြတ်ကြီးလည်း ဂူပေါက်မှထွက်ကြွသွားတော့၏။ ကျွန်ုပ်လဲ ည ၁၁ နာရီ ထိုးပြီးဖြစ်၍ ပရိက်ယူပြီး ပုတီးစိပ်တော့၏။

**မှတ်ချက်။** ။မဟာမြိုင်ဆရာတော်ဘုရားကြီးကို ရှေးနှစ်ပေါင်း ၈၀ ကျော်ခေတ်ကသည်ပင် ဤကဲ့သို့ဖြစ်နေပါယခုခေတ်မှာ ပြောစရာမလိုတော့ပေ။ အင်း- သာသနာပြုရေးက အတော်သီးခံပြီး လုပ်သွားရအုံးမှာပါကလားဆိုပြီး သက်ပြင်းချလိုက်မိပါတော့၏။

ထိုနေ့ည ၁၂ နာရီတိုင်အောင် ပုတီးပတ်ပေါင်း ၇၀ ရ၏။ ည -၁၂ နာရီထိုးသည်နှင့် တပြိုင်နက်ပုတီးမှတ်တမ်း- ဂူမှတ်တမ်းများရေးပြီး ၁၃၁၆-ခု၊ တပို့တွဲလဆန်း ၆ ရက်၊ စနေနေ့ နံက် ၁၂ နာရီ ၃၀ မိနစ်အချိန် ပရိက်ယူ၍ သုဂတော ၅ ချက်ဂါထာစိပ်၏။ ၂ ချက်တီးလျှင် ဂူအတွင်းထဲလမ်းလျှောက်၍စိပ်၏။ လမ်းလျှောက်စိပ်တာ ပုတီးပတ် ၃ ပတ်လောက်အရတွင် ကျွန်ုပ်မ်းလျှောက်သောအောက်က နဂါးကြီးကျောတဖြေးဖြေးပေါ်ပေါ်လာ၏။ ကျွန်ုပ်လည်းဘာဘဲဖြစ်ဖြစ်ဆိုပြီး ဆက်လျှောက်၏။ နဂါးကိုယ်ကြီးက အားလုံးပေါ်လာတော့ ကျွန်ုပ်ကလျှောက်သောလမ်းမှ လွှဲလိုက်မည်ပြုသောအခါ နဂါးခေါင်းကြီးပေါ်လာ၍ အလောင်းတော်ကဿပကြီးကို ၁ ကြိမ်ဦးခေါင်းဖြင့်

ကန်တော့၍- ကျွန်ုပ်ဘက်ခေါင်းလှည့်၍ပြောသည်မှာ"အရှင်ဘုရားတပည့်တော်ကျောပေါ်မှာ လျှောက်ရတာမကြောက်ပါနဲ့ဘုရား ဆက်လျှောက်၍ ပုတီးစိပ်တော်မူပါ။ ဒီတစ်ခါဘဲထူးလို့ ကုသိုလ်ယူရခြင်းဖြစ်ပါတယ်ဘုရား။ ချီးမြှင့်တော်မူပါဘုရားလျှောက်သဖြင့် ကျွန်ုပ်လည်းအံ့အားသင့်စွာဆက်လျှောက်၍ ပုတီးစိပ်ပေး၏။ လမ်းလျှောက်၍ ၉ ပတ်အဓိဋ္ဌာန်ထားသဖြင့် မပြီးမချင်းသူ့ကိုစကားမပြောနိုင်ပေ၊ နဂါးကြီးကလဲအလောင်းတော်ကဿပဘက် ဦးခေါင်းညွှတ်ပြီး ပူဇော်နေ၏။ ကျွန်ုပ်ကလည်း သူ့ကိုယ်ကြီးပေါ် ဆက်လမ်းလျှောက်နေ၏။ နဂါးကြီးကိုယ်လုံးက ကျောဖျက်ကို ၃ တောင်လောက်ရှိမည်ထင်၏။ အကြီးတစ်ဖက်ဖက်ကကျွန်ုပ်ခြေနှင့်အမျှဖြစ်၏။ ခေါင်းနှင့်ကိုယ်တစ်ဝိတ်တဒေသသာ ပေါ်နေပုံရ၏။ အမြီးပိုင်းကတောင်ထဲဝင်နေပုံရ၏။ ကျွန်ုပ်လည်းလမ်းလျှောက်နေသည်မှာ အလောင်းတော်ကဿပစံမြန်းတော်မူသောကျောက်ပြားကြီးနှင့် ၇ တောင်လောက်ကွာ၏။ ကျွန်ုပ်လျှောက်နေသောစင်္ကြံလမ်းက အတောင် ၂၅ တောင်လောက်ရှိမည်ထင်၏။ သို့ဖြစ်၍ နဂါးကိုယ်အလျားက ၂၈ တောင်လောက်ပေါ်နေသကဲ့သို့။ ကျွန်ုပ်လည်းထိုနဂါးကိုယ်ကြီးပေါ်လမ်းလျှောက်နေ၏။ ၉ ပတ်ပြည့်လျှင် ကိုယ်ပေါ်မှဆင်းလိုက်၏။ ကိုယ်အမြင့်တတောင်လောက်မြင့်မည်ထင်၏။ ကျွန်ုပ်လည်းနဂါးကိုယ်ပေါ်မှ အောက်ရောက်သည်နှင့်တပြိုင်နက်အလောင်းတော်ကဿပကိုထိခြင်းငါးပါးဖြင့် ဝတ်ချကန်တော့ပြီး ကြည့်လိုက်တော့ နဂါးမရှိတော့ပေ။ လူသာမန်အရပ်ဝတ်အရပ်စားနှင့် လူတစ်ယောက်ကျွန်ုပ်၏ဝဲဘက်မှာဘုရားဘက်ဒူးတုပ်၍ ဣန္ဒြေရစွာ ထိုင်နေတာတွေ့ရ၏။

ထိုအခါကျွန်ုပ်က ထိုသူ့ကိုမေးမြန်းသည်မှာ- ခုနက နဂါးကြီးက တကာလား သို့မဟုတ် ဘိုးတော်ပါလားလို့ မေးလိုက်တော့၊ တပည့်တော်က နတ်နဂါးမျိုးပါဘုရား၊ ခုနကနဂါးကတပည့်တော်ပါပဲဘုရား။ အလောင်းတော်ကဿပကို တကာလာဖူးတာလား ဟုတ်ပါတယ်ဘုရား-သို့ပေမယ့် အဓိကကတော့အရှင်ဘုရားနဲ့တွေ့ဘို့လာတာပါဘုရား။ တပည့်တော်တို့နဂါးမျိုးများ သနားဂရုဏာရှိတော်မူပါသဖြင့်နေ့စဉ်အရှင်ဘုရားပုတီးစိပ်သောအခါတိုင်း အမျှဝေ၍ မေတ္တာပို့ပေးတော် မူပါဘုရား-၊ ကောင်းပါပြီးတကာနဂါးပို့ပေးပါ့မယ်။ အမျှလဲဝေပါ့မယ်။ တချိန်ခါကလဲ အရှင်မြတ်က တပည့်တော်တို့ ဓတရဋ္ဌနဂါးမျိုးထဲမှာနဂါးမင်းကြီးဖြစ်ဘူး၍ တပည့်တော်တို့အားကိုးရာဖြစ်ခဲ့ပါတယ်ဘုရား-၊ အင်း- ဒါလဲဖြစ်နိုင်တယ်။ တကာနဂါး၊ ဘဝသံသရာဆိုတာ ရှည်လျားတော့-အမျိုးမတော်သူ၊ မိဘမဖြစ်ဘူးသူရယ်လို့ မရှိကြောင်းရှင်တော်ဘုရားဟောကြားထားပါတယ်။ အဲသည်တော့အထူးတလည်၊ တကာနဂါးတို့ကို အမျှဝေခြင်း-မေတ္တာပို့ခြင်းတို့ပြုလုပ်ပေးပါ့မယ်။ ကောင်းလှပါပြီ၊ သွားခွင့်ပြုပါအုံးဘုရား- ကောင်းပါပြီတကာနဂါးမင်း-နဂါးမင်းပျောက်ကွယ်သွားသောအခါ၊ ငါ့ဖြစ်ရပ်ကတော့လူတွေပြောတောင် ယုံလောက်ပုံရမှာမဟုတ်တော့ဘူး၊ တယ်လဲထူးဆန်းပါကလား-ဘုရားဂုဏ်တော်များအလွန်အားကိုးအားထားပြုထိုက်ပါကလားဆိုပြီး-ထိုညကမအိပ်ပဲနှင့် မိုးအလင်းပုတီးစိပ်တော့၏။ နံက် ၅ နာရီထိုးတော့၊ ကျေးသံ၊ ငှက်သံ၊တောကြက်သံတို့ကြားရတော့၏။ နံနက် ၆ နာရီထိအောင်စိပ်၏။ တညလုံးပုတီးပါတ် ၂၅ ပတ်ရ၏။ ခေတ္တမှေးလိုက်၏။ အိပ်ပျော်သွား၏။ မနက် ၉ နာရီလောက်နိုးလာ၏။ ဂူအပြင်ထွက် မျက်နှာသစ်တော့တောင်ထိပ်က လူသံတွေကြားရ၏။ ဒီကနေသူပုန်များပြန်လာကြတာဘဲဆိုပြီး ဂူတွင်းပြန်ဝင်၍

ငှက်ပျောသီးနှစ်လုံးစားပြီး ပုတီးဆက်စိပ်တော့၏။ ည ၁၁ နာရီတိုင်အောင်စိပ်၏။ ပုတီးပါတ်ပေါင်း ၇၀ ရ၏။ အမျှအတန်းဝေ မေတ္တာပို့ပြီး၊ ခေတ္တအိပ်လိုက်၏။ တနာရီလောက်အိပ်ပျော်သွားသောအတွင်းမှာ ခြေထောက်ကိုကိုင်ပြီးနှိုးလိုက်သဖြင့် ကျွန်ုပ်နိုးလာ၏။ အိပ်ရာကထပြီး ကြည့်လိုက်တော့- ဝတ်ဖြူစင်ကြယ်နှင့် တောင်ဝှေးပုတီးကိုင်ထားသော လူကြီးတစ်ယောက်ကိုတွေ့ရ၏။ တကာကြီးကနှိုးတာကလားဟု ကျွန်ုပ်ကမေးလိုက်၏။ ဟုတ်ပါတယ်ကိုယ်တော်လေး တပည့်တော်က နှိုးတာပါဟု ပြန်ပြော၏။ တကာကြီးက နာမည်ဘယ်လိုခေါ်ပါသလဲ။ သစ္စာရှင်ဘိုးဘိုးလို့ခေါ်ပါတယ်။ တကာကြီးအသက်ကတော့ ခန့်မှန်းခြေ ၄၀ လောက်ရှိလိမ့်မယ်လို့ယူဆရတယ်။ တပည့်ကော်အသက်က ၆၅၀ ယနေ့ပြည့်တာပါပဲဘုရား။ ဩ -ဟုတ်လား ဘာအကျင့်- ဘာပညာနှင့်ပေါက်မြောက်ပါသလဲ၊ ဂုဏ်တော်ကိုးပါးကို တစ်ပါးပါးလျှင် ရှစ်သောင်းလေးထောင်ပွားပြီး ဘာလုပ်လုပ် ဘာပြောပြော၊ သစ္စာနှင့်ပြောလုပ်လာတာနဲ့ ပေါက်မြောက်လာတာပါပဲ-ကိုယ်တော်လေး ဘိုးသစ္စာပြောတာကိုယ်တော်လေးမရှင်းမလင်းဖြစ်နေပါတယ်။

ဒီလိုကိုယ်တော်လေး ပုတီးစိပ်သောအခါလဲ ယခုတစ်ထိုင်အတွင်း မလှုပ်မရှက်ပဲနဲ့ ၁၀၈ ပတ် အဓိဋ္ဌာန်သစ္စာပြုပြီးစိပ်ပါမည်။ ဘုရားကိုလဲ သစ္စာရှိရှိလှူထားပါမည်ဘုရား၊ သစ္စာအဓိဋ္ဌာန် ပြုပါ၏ဘုရားဆိုပြီး ပုတီးဆက်စိပ်ပါသည်။ ပြီးလျှင် ဟောဒီလက်ျာရစ် အောင်ငွေခရုနှင့် သပြေညွန့် ၃ ညွန့်ကိုအဖျားမှထည့်ပြီး ဘုရားတပည့်တော်သည် သစ္စာအဓိဋ္ဌာန်ပြုသည့်အတိုင်း ပုတီး ၁၀၈ ပတ် ပြီးမြောက် ၍အောင်မြင်ခြင်းသို့ရောက်ခဲ့ပါပြီ ဤမှန်ကန်သောစကားကြောင့် ပြောသမျှအဟုတ် လုပ်သမျှမှန်ကန် ကြံသမျှအောင်မြင်ပြီး သိဒ္ဓိရှင်တစ်ယောက်ဖြစ်ရပါလို၏ဟု သစ္စာအဓိဋ္ဌာန်ပြုပြီး ဂုဏ်တော်စိပ်ပွားလာတာ အရဟံ-ဂုဏ်တော်၊သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၊ဝိဇ္ဇာစရဏ ဂုဏ်တော်၊ သုဂတောဂုဏ်တော်၊ လောကဝိဒူဂုဏ်တော် ဤငါးဆင့်မြောက်ဂုဏ်တော်ကြတော့ ပေါက်မြောက် လာတော့တာပါပဲ ကိုယ်တော်လေး၊ အလုံးရေပွားတာလား အပတ်ရေပွားတာလား တစ်ရာ့ရှစ်လုံး ပုတီးအပတ်ရေ ရှစ်သောင်းလေးထောင် ဂုဏ်တော်တစ်ပါး ပြီးမြောက်ပါတယ် ကိုယ်တော်လေး၊ ဘယ်နှစ်နှစ်လောက်စိပ်ရပါသလဲ၊ ၁၅ နှစ်လောက်စိပ်ရပါတယ် ကိုယ်တော်လေး၊ ဘာသီလကိုထိန်းရ ပါသလဲ၊ကိုးပါးသီလကိုထိန်းရပါတယ်။ အစားကတော့သတ်သတ်လွတ် စားရပါတယ်။ ဘယ်လိုနေရာမျိုး မှာစိတ်ရပါသေးသလဲ ဘိုးသစ္စာ၊ စစ်ကိုင်းတောင်ချောင် ကောင်းကောင်း တောကျကျ တစ်ဆောင်မှာ စိပ်လာပြီး ပေါက်မြောက် လာတာဘဲဘုရား၊ ကိုယ်တော်လေးကလဲ ကျိန်းစက်နေတာ တပည့်တော်က ပီတိဖြစ်မိပါတယ်၊ သူတော်ကောင်းဆိုတာ ဒီလိုမှ တပည့်တော်တို့က ကျေနပ်တာဘုရား-ဘိုးသစ္စာက အိပ်ရာကြည့်ပြီးပြောနေတာလား၊ ဟုတ်ပါတယ်ကိုယ်တော်လေး၊ ကိုယ်တော်လေးအိပ်ယာက ရေသနုပ်သင်းပိုင်လေးခင်းပြီး ကျောက်တုံးခေါင်းအုံးပြီး အိပ်တာဆိုတော့ ကျောက်တုံးက နဝင်းခါတ်-ရေသနုပ်သင်းပိုင်ကလည်း ရှေ့လုံး-နောက်လုံ၊ ကောက်လိုက်ရင် နဝင်းခါတ် နောက်ထပ်နဝင်းခါတ် နှစ်ထပ်ကွမ်းဆိုတော့ တြင်းပါမိသွားတာပေါ့၊ ကျွန်ုပ်ကတော့ ဤလိုရည်ရွယ်ပြီးအိပ်တာမဟုတ်ပါဘူး ဘိုးသစ္စာ - မှန်တယ်လေကိုယ်တော်လေး မရည်ရွယ်ပေမဲ့ ဒီလိုစခန်းများထွက်ရရင် ဒီလိုဖြစ်တတ်တာက သဘာဝဘဲ ကိုင်းကိုင်း ကိုယ်တော်လေး ပုတီးစိပ်တာပျက်နေအုံးမယ်၊ နောက်ရက်များမှ တပည့်တော်ရဲ့ လောကီမှတ်စု

ပရပိုက်လာပေးရအုံးမယ်၊ ၁၂ နာရီခွဲလောက်ပြီ သွားလိုက်အုံးမယ် ကိုယ်တော်လေး ကောင်းပါပြီး ဘိုးသစ္စာ- ကျွန်ုပ်လည်း ပရိက်ယူပြီး ၂၇ ပတ် အဓိဋ္ဌာန်စိပ်လိုက်၏။ နံနက် ၆ နာရီထိုးသဖြင့် ပုတီးစိပ်ပြီးသွား၏။ အပြင်ထွက်မျက်နှာသစ်ပြီး မှတ်တမ်းရေး၏။ ၁၃၁၆ခု-တပို့တွဲလဆန်း ၇ ရက် တနင်္ဂနွေနေ့ နံနက် ၆ နာရီ သုဂတော ၅ ချက် ၂၇ ပတ်ပြီး၏။ မျက်နှာသစ်ပြန်ဝင်ပြီး ဘုရားရှိခိုးပရိတ်ရွတ်ဂါထာမန္တာန်များရွတ် မေတ္တာပို့အမျှဝေ၏။ ပြီးလျှင် တစ်ရေးအိပ်၊ နံနက်ရှစ်နာရီထပြီး ပုတီးစိပ်၏။ နေ့ ၁၁ နာရီထိုးတော့ ဘုန်းကြီးတစ်ပါး အလောင်းတော်ကဿပရှေ့မှာ သပိတ်နှင့်ဆွမ်းတော်ကပ်လာ၏။ ကျွန်ုပ်ကပုတီးစိပ်ရင်း ထိုဘုန်းကြီးဆွမ်းတော်ကပ်တာ ကြည့်နေရင်း ကျွန်ုပ်လည်း ၁၁ နာရီခွဲတော့ ပုတီးစိပ်လို့ ၁၈ ပတ်ပြီးသွား၏။ ထိုဘုန်းတော်ကြီးလည်းဆွမ်းကပ်တာပြီး၏။ ကျွန်ုပ်ကအရှင်ဘုရား ဝါဘယ်လောက်ရပြီလဲဘုရား (၁၀၈) ဝါရပြီ ကိုယ်တော်လေး၊ ဇာတိက ဘယ်ကပါလဲဘုရား တောင်တွင်းကြီးကပါဘုရား။ ဘွဲ့တော်က ဦးကောဏ္ဍညလို့ခေါ်ပါတယ်၊ ကျွန်ုပ်က အရိုအသေပြုပြီးနေရာပေး၏ ကိုယ်တော်လေးက ဘယ်ဂုဏ်တော်ပွားတာလဲဘုရား သုဂတော၅ ချက် ဂါထာ စေတီတည်တဲ့အနေနဲ့ပွားများပါတယ်။ ပဌမက ဘာပွားများလဲ သရဏဂုံ ၃၀၊ ပဌမကဏ္ဍ၊ ဒုတိယကဏ္ဍပွားပြီး တတိယကဏ္ဍအဖြစ် သရဏဂုံကြီး ၄ ပါးပွားများပါတယ်ဘုရား ထို့နောက် ဘုရားဂုဏ်တော်တစ်ပါးလျှင် ဓမ္မခန္ဓာ (၈၄၀၀၀) အမွှန်းတင်ပြီး မြေ-ရေ-လေ-မီး ဓာတ်ကြီးလေးပါးပြီးအောင်စိပ်ရပါတယ်၊ ထို့နောက် ပြီးစီးအောင်မြင်တဲ့အနေနဲ့ ကူဂချက်ဂါထာကို သိဒ္ဓိတင်သောအနေနှင့် တစ်သိန်းစိပ်ပါတယ်ဘုရား၊ သာဓု- ကိုယ်တော်လေး၊ သာဓု-သာဓု။ ဒီလိုဆိုတော့ ကိုယ်တော်လေးလဲ မန္တာန်ဝိဇ္ဇာလမ်းပေါ့။ မှန်လှပါဘုရား ဒီလိုဆိုလျှင် တပည့်တော်စိပ်ခဲ့ပြီး ပေါက်မြောက်ခဲ့တဲ့ မန္တာန်ဝိဇ္ဇာလမ်း-ပုရပိုက်ကို ပေးရအုံးမယ်၊ ကျေးဇူးကြီးလှပါကြောင်းဘုရား။ အရှင်မြတ်က ဘယ်နှစ်ခုနှစ် လောက်က ပေါက်မြောက်ပါသလဲ၊ ၁၂၁၈-ခုနှစ်လောက်က ပေါက်မြောက်ပါတယ်၊ ရော့ရော့ ကိုယ်တော်လေးပုရပိုဒ်၊ အဓိဋ္ဌာန်ပြီးမှဖတ်ကြည့်ပေါ့ တပည့်တော်ခံလာတဲ့ဆွမ်းကိုလဲ စားအုံး ကိုယ်တော်လေး ဆွမ်းနှင့်မတွေ့ရတာ ၇ ရက်လောက်ရှိပြီ ရော့ရော့ ဘုန်းပေးဆိုပြီး ရဟန္တာမြတ်ကြီးရှေ့မှ ကောက်ယူပြီးကျွေးသဖြင့် ကျွန်ုပ်လည်းမငြင်းဘဲနှင့် စားလိုက်ပါတော့၏။ ကျွန်ုပ်ဆွမ်းစားနေတုန်း မန္တာန်ဝိဇ္ဇာဆရာတော် ဦးကောဏ္ဍညက မိန့်သည်မှာ- ဒီပရပိုဒ်ထဲ တပည့်တော် အထုပ္ပတ္တိလည်းပါတယ်၊ တပည့်တော် အဓိဋ္ဌာန်စခန်းများ၊ ကျင့်စဉ်များလည်း အားလုံးပါပြီးသားကိုယ်တော် သတ္တဝါများအတွက် တစ်ချိန်တစ်ခါမှာ ဖြန့်ဝေပါ၊ ကိုယ်တော်လေး- ကောင်းပါပြီဘုရား၊ ကိုယ်တော်လေးဘွဲ့က ဘယ်လိုခေါ်ပါသလဲ ဝါယမ ခေါ်ပါတယ်ဘုရား။ ဘယ်နှစ်ခုနှစ်ဖွားလဲ ၈၈ - ခုဖွားပါဘုရား၊ နံနက် ၉ နာရီအချိန်၊ တပို့တွဲလဆန်း ၁ ရက် ဗုဒ္ဓဟူးနေ့မှာ မွေးပါတယ်ဘုရား၊ ပေါက်ရောက်နိုင်တယ် ကိုယ်တော်လေး၊ အသက် ၃၆ နှစ်အရွယ်မှာ ပေါက်မြောက်နိုင်ပါက ၄၅ နှစ်မှာ မဟိဒ္ဓိစခန်းပေါက် မြောက်နိုင်ပါတယ်၊ သို့သော် ဩဝါဒပေးခဲ့မယ် ကိုယ်တော်လေး၊ နာခံရန်အသင့်ပါဘုရား-

၁။ ဖြဟ္မာ-နတ်-လူ ဘယ်သူမှအားမကိုးနဲ့ ဘုရားကိုသာ အားကိုးပါ။

၂။ ကိုယ့်ဝီရိယကို ဘယ်အချိန်မှ မလျှော့ပါနှင့် သေသည့်တိုင်အောင် မလျှော့ပါနဲ့။

၃။ ကိုယ်အောင်မြင်ပြီးမှ သတ္တဝါများအတွက် ပြုလုပ်ပြီး သာသနာပြုပါ။

တပည့်တော်ဩဝါဒကတော့ သိပ်မဆန်းပါဘူး၊ ဒါပေမဲ့ သိပ်ပြီးကောင်းတယ်၊ လိုက်နာကျင့်သုံးပါကိုယ်တော်လေး၊ မှန်လှပါဘုရား-လိုက်နာပါမယ်ဘုရား၊ ကျွန်ုပ်လည်းဆွမ်းစားပြီး၍ သပိတ်ဆေးပေးပြီး၊ ဆရာတော် ဦးကောဏ္ဍညအားပြန်ကပ်လိုက်၏။ သပိတ်ယူပြီး ကိုယ်တော်မြတ်ကြီးက အောင်ဆုပေး၍ကြွသွားတော့၏။ ကျွန်ုပ်လည်း သူပုန်များမရှိကြသဖြင့် တောင်ပေါ်တက်၍ နေဆာလှူ - ရေချိုးပြီး ညနေ ၄ နာရီခွဲမှ လှိုဏ်ဂူထဲ ပြန်ဆင်း၍ ကျန်နေသော ပုတီးပတ်ကိုစိပ်၏။ ည ၇ နာရီမှ အဓိဋ္ဌာန်ပုတီးပတ်ပြီးမြောက်သွားလေ၏။ အလောင်းတော်ကဿပ ကိုယ်တော်မြတ်ကြီးကို ရှိခိုးပရိတ်ရွတ် ဂါထာမန္တာန်များရွတ် ဦးကောဏ္ဍညပေးခဲ့သော ပုရပိုဒ်များထဲက မန္တာန်များလဲရွတ်ပြီး ပရိက်ယူပုတီးစိပ်၊ ည ၁၂ နာရီထိုးတော့၏၊ ပုတီးပတ် တစ်နေ့လုံး ၇၀ ရ၏။ **တောင်တွင်းကြီးဆရာတော် ဦးကောဏ္ဍည မထေရ်မြတ်ကြီး၏ မန္တာန်ဝိဇ္ဇာထွက်ရပ်လမ်းကို ဤနေရာတွင် ဖော်ပြလိုက်ဦးအံ့-။**

ပဥ္စဂုဏ် အဟံဝန္ဒာမိ၊ ငါတောင်တွင်းဆရာတော် ဦးကောဏ္ဍညဟုခေါ်သော မထေရ်သည် ပေါက်မြောက်ခဲ့သော မန္တာန်ဝိဇ္ဇာလမ်းကိုမရေးမီ ငါ၏ အထုပ္ပတ္တိကို ရှေးဦးစွာ ရေးသားရပေဦးမည်။

ခမည်းတော် ဦးကံသာ၊ မယ်တော်ဒေါ်ထွန်းသာတို့မှ ၁၁၈၈-ခု၊ တန်ဆောင်မုန်း လပြည့်နေ့ နံနက် ၉ နာရီအချိန်၌ တောင်တွင်းကြီးမြို့တွင် မွေးဖွားခဲ့သည်။ နတ်မီးလင်း ဆရာတော်ထံ ၅ နှစ်အရွယ်ရောက်သောအခါ ပညာသင်ရန် အပ်နှင်းခဲ့သည်။ ၁၂ နှစ်မှာ ရှင်ဖြစ်သည်။ ဘွဲ့တော်မှာ ရှင်ကောဏ္ဍည ဟု ဆရာတော်ကအမည်ပေးသည်။ ထိုနှစ်တွင် အောက်စာများကုန်၍ အထက်စာများသင်ရသည်။ (အောက်စာဆိုသည်မှာ သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာရွှေချိုင့်၊ နမ္မကာရ၊ ပရိတ်ကြီး၊ လောကနီတိ၊ ဇာတ်ကြီးဆယ်ဘွဲ့ကိုခေါ်သည်။ အထက်စာဆိုသည်မှာ သဒ္ဒါ၊ သင်္ဂြိုလ်၊ ဆန်း-အလင်္ကာ-ဗျာကရုဏ်း၊ ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာ ၇ ကျမ်းတို့ဖြစ်သည်)။ အထက်စာသင်ရိုးသည် ငါ့အသက် ၂၀ နှစ်မှာ ကုန်စင်အောင် တတ်မြောက်သည်။ ၁၁၆၈-ခုနှစ်မှာ ငါ၏ငယ်ဆရာထံ ရဟန်းအဖြစ်ခံယူသည်။ ရဟန်းဒကာများက မိဘရင်းများဖြစ်ကြ၏။ ၂၀ နှစ် ရဟန်းဝါ တစ်ဝါအရတွင် စာသင်ပြီးမြောက်၍ ဆရာတော်ကပင် (နတ်မီးလင်းဆရာတော်) ကောဏ္ဍည ဟောဒီမန္တာန် ဝိဇ္ဇာထွက်လမ်းကို နင်ပေါက်မြောက်အောင်ကျင့်ဆိုပြီး ပရပိုက်တစ်ဆူပေး၏၊ ငါ့၏မိဘများက ငါ့တစ်ယောက်တည်းမွေး၏။ ငါ ၂၆ နှစ်သား ရောက်သောအခါ အနိစ္စရောက်သွားကြ၏။ ငါ့ဆရာတော်ကပင်မွေး၏။ ငါက မိဘများလွမ်းဆွတ်ကြောင်း၊ ငိုယိုမိကြောင်း၊ ခဏခဏဆရာတော်ကို လျှောက်သဖြင့် ဆရာတော်ကပင် နင့်မိဘများနှင့် တွေ့ချင်လျှင် မန္တာန်ဝိဇ္ဇာထွက်လမ်းကျင့် အမြင်ရသောအခါ နင့်မိဘများ မြင်ရလိမ့်မည်ဟု မိန့်တော်မူသဖြင့် မိဘများကိုတွေ့လို၍ အလွန်ကျင့်လို၏။ ထို့ကြောင့် ဤမန္တာန် ဝိဇ္ဇာထွက်လမ်းကို ငါကျင့်လာ၏။ ၁၁ နှစ် ၁၃ နှစ်လုံးလုံးကျင့်မှ သိဒ္ဓိ မဟိဒ္ဓိ စခန်းပြီးမြောက်တော့၏။

ငါမထေရ်မြတ်ကျင့်ခဲ့၍ ပေါက်မြောက်သောလမ်းစဉ်အတိုင်း ကျင့်စဉ်ကိုပြပေအံ့။

## သိဒ္ဓိပေါက်မန္တာန်ထွက်ရပ်ကျမ်း ပဌမကဏ္ဍ

တန်ခိုးကြီးသော သက်တော်တစ်ထောင်ကျော်သော ဘုရားရှေ့တွင် ဆွမ်းသင်ပုတ်-ရေချမ်း-ပန်း-နံ့သာတို့ဖြင့်ပူဇော်လှူဒါန်းရာ၏။ ထိုအခါ ရဟန်းဖြစ်က သီလ-အဝတ်ဆိုစရာမရှိပြီ လူဖြစ်က ဝတ်ဖြူစင်ကြယ်ဝတ် ရှစ်ပါး၊ ကိုးပါးစသည့် သီလများဆောက်တည်လဆန်းပက္ခမိမိမွေးနေ့ကစ၍ ခုနှစ်နှစ်တိုင်တိုင် ဂုဏ်တော် (တစ်သောင်း)စိပ်ပြီး အောက်ပါဂါထာများရွတ်ဖတ်ရမည်။ နံနက် နေ့ညပွားများရမည်။ တစ်နေ့ ဂုဏ်တော် ကိုးပါးကို တစ်ပါးတစ်ပါးလျှင် (တစ်ထောင်)၊ ၉ ပါးဖြစ်၍ (ကိုးထောင်) နောက်ဆုံး အရဟံသိဒ္ဓိ (တစ်ထောင်)ပြန်ပိတ် (တစ်သောင်း)ရ၏။ ပရိတ်တော်ကြီး တစ်ဆယ့်တစ်သုတ်၊ မေတ္တစကြာသုတ်တော်၊ ပရိမေတ္တဇာလသုတ်တော်၊ ဓါရဏပရိတ်တော်တို့ကို ရွတ်ပြီးမှ ရွတ်ရမည့် ဂါထာမန္တာန်များက-

၁။ ဉုံ/သဗ္ဗဟိတ/မင်္ဂလာ့နိ၊ ပုညာနိသီရိသောဘဏီ။
သူရဿတိ/စ/မေမာတာ၊ နိစ္စံရက္ခန္တုမံသဒါ။

၂။ ပိဋကတ္တယသမ္ဘုတ္တံ၊ သဗ္ဗသိဒ္ဓိသုခါဝဟံ။
ဇိဝှဂ္ဂေမေ နိသီဒိတွာ၊ မံဓါရေတု/သူရဿတီ။

၃။ မုနိန္ဒဝဒနမ္ဗောဇ၊ ဂဗ္ဘ သမ္ဘဝသုန္ဒရီ။
သရဏံ ပါဏိနံဝါဏီ၊ မယှံပိနယတံ-မနံ။

၄။ သူရဿတီ ဒေဝီစ မေမာတာ၊ မာတာစမေ သူရဿတီ ဒေဝီ။
အနုကမ္ပံ ဥပါဒါယ၊ သာဏောမေ အမျိဒေဟိတွံ။

၅။ ဉုံ-ဘ ဒွေသူရဿတီ၊ ဝရကဒေဝီ၊ ဗြဟ္မာကွဿ-သာသနေဝိဇ္ဇာနေယျ။
မေမုခေ၊ ဣမေခယံတိဋ္ဌတု၊ ဩတ္တ မန္တိဗုဒ္ဓဿသာသနနေဩောင်းကပ်။

၆။ သိရသ္မိံ မေ ပဥ္စ ဗုဒ္ဓါ နလာဋေ့ ဗြဟ္မဒေဝတာ။
စက္ခုကဏ္ဏေ ဣန္ဒ္ဒေ ၊ရာဇာ မုခေဒေဝီ-သူရဿတီ။

၇။ ယဒယေ-နရာယနဥ္စ၊ ဟတ္ထေစ-ပရမေသွာရော။
ဥရေ ဝိဿကံ-ဒေဝါစ၊ ဓေတေဒေဝါ မဟိန္ဒကာ။

၈။ မဟာဒေဝါနုဘာဝေန၊ သဗ္ဗကမ္မာနိသိဒ္ဓိမေ။
မေတ္တာစိတ္တေနမံသဗ္ဗေ၊ ဩလောကေတုဒိ နေဒိနေ။

၉။ ဗဝရေသုရာ သုဂရုဥ၊ မနုဇာ ဘုဇဂ ဂန္ဓဗ္ဗာ
သဗ္ဗေပါလယန္တုမေသဒါ။

၁၀။ ပထဝီ ဗလသုန္ဒရီ၊ သဗ္ဗညုဗောဓိ မဏ္ဍလံ၊

အာသဉ်ျာယ် မာရသေန်၊ ဇေယျာ ဇေယျတုမင်္ဂလံ။

၁၁။ ဒေဝပုတ္တာကိလေသဥ္စ၊ ခန္ဓမစ္စုတိသခ်ီရာ။
ပဥ္စမာရေဇိနော ဗုဒ္ဓေါ၊ တံကေဇာသာ ဘဝတုမေ။

၁၂။ ဝန္ဒာမိ ရတနတမေ၊ ဝန္ဒနသာဿမဟာသာမိ၊ မေဘာဝန္တု သဒါသုခိ။

၁၃။ တေဇာဇောဥဿာ၊ မန္တာစ ပဘူသတ္တိတိပစ္စိမေ။
အာနုဘာဝေါတိရစ္စန္တိ၊ ပဘာဝေါဘိ စ တေဝဒေ။

၁၄။ ဒီဃမာယူပဝေသန် ဒိခဿာသိဒ္ဓိ
ဗုဒ္ဓေါမယုံ သုခနေတုံ။

၁၅။ ဒိဋ္ဌိလာ၊ ဒိဏ္ဏိလာ၊ မဏ္ဍိလာ၊ ရောဂိလာ- ဘယလာ- ခရလာ- ဒုဗ္ဗိလာ
ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတု သဗ္ဗဒါ။

၁၆။ ဒိဃအာယုပစေသန်၊ ဒိဃဿာသိဒ္ဓံ၊ ဓမ္မောမယုံ၊ သုခံနေတုံ၊
ဒိဋ္ဌိလာ၊ ဒဏ္ဏိလာ၊ မဏ္ဍိလာ၊ ရောဂိလာ-ဘယလာ-ခရလာ-ဒုဗ္ဗိလာ
ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတု သဗ္ဗဒါ။

၁၇။ ဒိဃအာယုပစေသန်၊ ဒိဃဿာသိဒ္ဓံ၊ သံဃောမယုံသုခံနေတုံ။
ဒိဋ္ဌိလာ မဏ္ဍိလာ၊ ရောဂိလာ-ဘယလာ-ခရလာ-ဒုဗ္ဗိလာ ဧတေနသစ္စဝဇ္ဇေန
သောတ္ထိမေ ဟောတုသဗ္ဗဒါ။

၁၈။ ခိပ္ပ မတ္ထ ဝသံယောဂါယ ခိပ္ပ မတ္ထဗသိ န။
ရဟုံ-နရေဒေဝ သိတာံ၊ ဟုန္န-မာမိ-ဗြဟ္မာမတာံ။

၁၉။ ဧဝံ အစိန္တိယာဗုဒ္ဓါ၊ ဗုဒ္ဓ ဂုဏာအစိန္တိယာ
အစိန္တိယေ ပသန္နာနံ၊ ဝိဝါကော ဟောတု အစိန္တိယော။

၂၀။ ဧဝံ အစိန္တိယာဓမ္မာ၊ ဓမ္မဂုဏာအစိန္တိယာ
အစိန္တိယေ ပဿန္နာနံ၊ ဝိပါကောဟောတု အစိန္တိယော။

၂၁။ ဧဝံ အစိန္တိယာသံဃာ၊ သံဃ ဂုဏာ အစိန္တိယာ၊
အစိန္တိယေ ပဿန္နနံ၊ ဝိပါကောဟောတု အစိန္တိယော။

၂၂။ ဗုဒ္ဓသာသနေ ပါလိန္တောပိ၊ မေ မုခေသန္တော၊
စတုန္နံ ဒေဝါနံ ပိယတော၊ ဒန္ဓသူရိယော။
ဒေဝေအဂ္ဂါရေန၊ နဟိဝိသုကမ္မော၊ ဒေဝါရက္ခာ
နဂါဂန္ဓဗာစ၊ ဂရုဠာပိ၊ ယက္ခကုမ္ဘဏ္ဍာစ၊
မေကာယော ဟာတ္တေပါဒေစ၊ ဝိသုံဝိသုံပါလေန္တု။

၂၃။ ဝေဒါသာကု-ကုသာဒါဝေ၊ ဒါယသာတ တသာယဒါ။

သာသာဒိကု ကုဒိသာသာ၊ ကုတာဘုကု- ဘုကုတာကု။
၂၄။ စိရံစိရံ တိဋ္ဌတုမေ၊ အာယုဝဏ္ဏံ လဘန္တုမေ။
ပိယော-ပိယောဘဝတုမေ၊ သောကာရောဂါဝိနဿန္တု။
ဘယာဘိတော-ယောလာဘာ၊ သုသမာဟိတော။
၂၅။ ယဿ ယဿ ဟိတောဘဝေါ၊ တေန-တေန ဟိတံတရံ
အနုပဝိသ တောပိစ၊ ခိပ္ပမတ္တဝသေနယေ။
၂၆။ ဗုဒ္ဓေါမေ ရတန္တုနိစ္စံ၊ ဓမ္မောမေရက္ခန္တုသဒါ။
သံဃောမေရက္ခန္တုဒိနေ၊ ဒီယာယုကောသတံဘဝ။
၂၇။ ဗုဒ္ဓတေဇေနအရိန္ဒမ္မော၊ ဓမ္မတေဇေနမဟာလာဘော။
သံဃတေဇေနမဟာယသော၊ ဧတေနသစ္စဝေဇေန
သောတ္တိမေ ဟောတုသဗ္ဗဒါ။
၂၈။ စိန္တာမဏိ ရတနာနိ၊ ဗုဒ္ဓံ ဗုဒ္ဓရတနာနံ၊ ကရံ ကရတိ၊
သရဏံ ခိပ္ပမေဝသမိဇ္ဈတု။
၂၉။ စိန္တာမဏိ ရတနာနိ၊ ဓမ္မံ ဓမ္မရတနာနံ၊ ကရံ ကရတိ သရဏံ
ခိပ္ပမေဝသမိဇ္ဈတု။
၃၀။ စိန္တာမဏိ ရတနာနိ၊ သံဃံ သံဃရတနာနံ။
ကရံကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
၃၁။ ဒန္တေဟိ ဒန္တမာဓါရေ၊ ဇိဝှါတုလုမ္ပိယဋ္ဌိယ။
အဇ္ဈတ္တဂေါစရေ၊ စိတ္တံသဒ္ဓါယိသုမာနသော။
၃၂။ ဝဋ္ဋဒုက္ခဘယာတီတော၊ တဏှက္ခယပရာယဏော။
အတ္တနောဂုစိတံကမ္မံ၊ ဉာနမေထပိတံ။
ကဂုဗဟုလံ-ရာဂက္ခယတော၊ သောကရောဂါဒိ
ပမတော-ဘဝေ ဩဟာညေယျံ-တတောစိတ္တံ
ဤာသတော အဘယာသမာဓိတော။ ။
၃၃။ ဗုဒ္ဓပူဇံ မဟာတေဇဝန္တော၊ ဓမ္မသပူဇံမဟာပညာဝန္တော။
သံဃဿပူဇံ မဟာဘောဂဝန္တော၊ ဧတေနသစ္စဝဇ္ဇေန
သောတ္တိမေ ဟောတုသဗ္ဗဒါ။
၃၄။ ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယသဗ္ဗပါဏိနံ
ဓမ္မောလောကေသမုပ္ပန္နော၊ သုခါယသဗ္ဗပါဏိနံ။
သံဃောလောကေ သမုပ္ပန္နော၊ အနုတ္တရံပုညခေတ္တံ

ဝေဘနသစ္စဝရေန၊ သောတ္ထိမေဟောတုသဗ္ဗဒါ။
၃၅။ မာရာဒိ ဖလဝိဿတ္တာ၊ ကုဏ္ဍနနာဝိဓါယုဓါ၊
လဇမာနညဝသေန၊ ဇိနပါဒါနတာတဝ။
၃၆။ ယောမာရသေနမာသန္နံ၊ မာသာနဝိဇယုဿဝေါ။
တိဏာယပိ-နမညိတ္တာ၊ သောမေဒေတုဇယံဇိနော။ ။
၃၇။ ဒသမာသေဥရေကတွာ၊ ပေါသိတံရဋ္ဌိ ကာရဏံ။
အာယုဒိယ-ဝ ဿသတံ၊ မာတုပါဒံ-နမာမဟံ။ ။
၃၈။ ဝုဒ္ဓကာရေ-အာလိင်္ဂေတွာန၊ ပီယမတ္တံ ရာဇမန္ဓံ။
သုဘာသိတဥ္စ ပိတုပါဒံ နာမဟံ။ ။
၃၉။ ဥပေမိသဏံဗုဒ္ဓံ၊ ဓမ္မဥ္စာပိအနုတ္တရံ။
သံဃဥ္စနရဒေဝဿ၊ ဂစ္ဆာမိသရဏံအဟံ။ ။
၄၀။ ဗုဒ္ဓေါ မေ သရဏံ အညံနတ္ထိ၊ ဓမ္မောမေသရဏံအညံနတ္ထိ
သံဃောမေ သရဏံ အညံနတ္ထိ၊
၄၁။ ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ တံဗုဒ္ဓရတနံ အဟံဝန္ဒာမိ သဗ္ဗဒါ။
ဓမ္မောလောကေ သမုပ္ပန္နော၊ တံဓမ္မရတနံ အဟံဝန္ဒာမိ သဗ္ဗဒါ။
သံဃော လောကေ သမုပ္ပန္နောတံ သံဃရတနံ အဟံ ဝန္ဒာမိသဗ္ဗဒါ။
၄၂။ နတ္ထိမေ သရဏံအညံ၊ ဗုဒ္ဓေါမေ သရဏံဝရံ၊ ဧတံသရဏံ ဥပေမိ။
မယိကာဠီ နဝိဇတိ။ နတ္ထိမေသရဏံအညံ၊ ဓမ္မော မေသရဏံဝရံ။
ဧတံ သရဏံ ဥပေမိ၊ မယိကာဠီ နဝိဇတိ၊ နတ္ထိမေ သရဏံအညံ၊
သံဃောမေ သရဏံဝရံ၊ ဧတံသရဏံ ဥပေမိ၊ မယိကာဠီ နဝိဇတိ။
၄၃။ ပိဋကတ္တယံဓါရေဟိ၊ မာတာပိတု ဟိပေသိတာ။
သဗ္ဗစိတ္တံ တဒပါဒံ၊ အာစရိယာန မာမဟံ။
၄၄။ အဋ္ဌပဋိပတ္တိယာ၊ အာသဝက္ခယပတ္တံ၊ ဟာတုပဋိသမ္ဘိဒံ
ဆ-အဘိညံ၊ အဋ္ဌသမာပတ္တိဝဟံ၊ မေဘာဝန္တုသဗ္ဗဒါ။
၄၅။ အဋ္ဌင်္ဂိကမာယပဋိပတ္တိယာဗုဒ္ဓဿပူဇေမိ၊ ဘဋ္ဌင်္ဂိကမာယပဋိပတ္တိယာဓမ္မဿပူဇေမိ၊
ပူဇေမိ အဋ္ဌင်္ဂိကမာယပဋိပတ္တိယာသံဃဿပူဇေမိ။
၄၆။ ဗုဒ္ဓေါ-တိ လောကဒိပေါစ၊ ဗုဒ္ဓေါသူရောတမောနုဒေါ၊
အစ္စန္တံ သရဏံဗုဒ္ဓံ၊ နတ္ထိမယှံဘယံသဒါ။
၄၇။ ဓမ္မောတိလောက ဒိပေါစ၊ ဓမ္မောသူရောတမောနုဒေါ၊
အစ္စန္တံ သရဏံဓမ္မံ၊ နတ္ထိမယှံဘယံသဒါ။

၄၈။ သံဃော တိလောက ဒီပေါစ
သံဃော သုရောတမောနုဒေါ
အစ္စန္တံ သရဏံသံဃံ၊ နတ္ထိမယှံဘယံသဒါ။

ဤဆို အပ်ခဲ့ပြီးသောဂါထာမန္တာန်များကို နေ့ညဉ့် ပွားများ ရွတ်ဖတ်သရဇ္ဈာယ်ပါ၊ ခုနစ်ရက်မြောက်လျှင် သူတစ်ပါးတို့ကြံစည်သမျှအလုံးစုံ သိနိုင်၏။ အဟောအပြော၌လည်း မေးမြန်းလာသောသူများ အိမ်ပေါက်ဝရောက်လျှင်အလုံးစုံသိနိုင်၏။ တစ္ဆေ၊ မြေဘုတ်၊ နတ်မိစ္ဆာ၊ စုန်း၊ နတ်၊ ပယောဂအပေါင်းနိုင်၏။

## ပဌမကဏ္ဍ-အဆင့်ပြီး၏။

## ဒုတိယအဆင့်တတ်ရန်

အာတပ္ပနပညာပေါက်မြောက်သောအခါ၊

လူဖြစ်လျှင် ဝတ်ဖြူစင်ကြယ်ဝတ်၍၊ ရှစ်ပါး-ကိုးပါးသီလများခံယူပြီး အထက်ပါ ဂါထာမန္တာန် ပရိတ်တော်များကို ဆိတ်ငြိမ်ရာတောတောင် အတွင်းသို့ဝင်၍ ကမ္မဋ္ဌာန်း ကျောင်းလေးနှင့် နေပြီးလျှင် ရွတ်ဖတ်သရဇ္ဈာယ်ပြီးနောက်၊ အောက်ပါသရဏဂုဏ်ကြီးလေးပါးကို ပွားများရမည်။

၁။ ပဌမဂါထာ မန္တာန် ပရိတ်တော်များရွတ်။
၂။ ဂုဏ်တော် (၁၀၀၀၀) ပါတ်ရေ (၁၀၀)စိပ်။
၃။ သရဏဂုဏ်ကြီးလေးပါးပွားများ-

ပွားများနည်းကား- ပါဏီပါတသရဏဂုံ

(၁) နမောဗုဒ္ဓဿ နမောဓမ္မဿ နမောသံဃဿ
(တစ်လုံးချ-၁၀၈ ပတ်စိပ်။)

(၂) ဗုဒ္ဓဂုဏောအနန္တော၊ ဓမ္မဂုဏောအနန္တော၊
သံဃဂုဏောအနန္တာ၊ တေအဟံဝန္ဒာမိ သဗ္ဗဒါ၊
(တစ်လုံးချ ၁၀၈ ပတ်စိပ်။)

## (ပါဏီပါတ သရဏဂုံ ပြီး၏)

၂။ တပ္ပရာယဏ သရဏဂုံ

(၁) ဗုဒ္ဓေါမေ သရဏံဘဝ၊ ဓမ္မောမေသရဏံ ဘဝ၊
သံဃောမေသရဏံဘဝ၊ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃာသရဏံဂစ္ဆာမိ။
(တစ်လုံးချ ၁၀၈ ပတ် စိပ်)

(၂) ဗုဒ္ဓေါမေ နာထော၊ ဓမ္မော မေနာထော၊ သံဃော မေ နာထော။

(တစ်လုံးချ ၁၀၈ ပတ် စိပ်)

(၃) ဗုဒ္ဓါမေ သရဏံအညံနတ္တိ၊ ဓမ္မောမေသရဏံ အညံနတ္တိ သံဃောမေ သရဏံ အညံနတ္တိ၊
(တလုံး ချ- ၄၅ ပတ်စိပ်)

တပရာယဏသရဏဂုံ ပြီး၏။

၃။ အတ္တနိယျတန သရဏဂုံ

အဇာဒိ ကတ္တာ ယာဝဇီဝံ၊ အဟံ အတ္တာနံ၊ ဗုဒ္ဓဿ နယျာဒေး မိ-
(တလုံးချ - ၂၇ ပတ်စိပ်)
အဇာဒိ ကတ္တာ ယာဝဇီဝံ အဟံ အတ္တာနံသံဃဿနိယျာ တေမိ။
(တစ်လုံးချ- ၂၇ ပတ်စိပ်)
အဇာဒိ ကတ္တာ ယာဝဇီဝံ အဟံ အတ္တာနံဗုဒ္ဓဿပရိစ္စဇာမိ။
(တစ်လုံးချ - ၂၇ ပတ်စိပ်)
အဇာဒိ ကတ္တာ ယာဝဇီဝံ အဟံအတ္တာနံဗုဒ္ဓဿပရိစ္စဇာမိ။
(တစ်လုံးချ - ၂၇ ပတ်စိပ်)
အဇာဒိ ကတ္တာ ယာဝဇီဝံ အဟံအတ္တာနံ ဓမ္မဿပရိစ္စဇာမိ။
(တစ်လုံးချ - ၂၇ ပတ်စိပ်)
အဇာဒိ ကတ္တာ ယာဝဇီဝံ အဟံ အတ္တာနံသံဃဿပရိစ္စ ဇာမိ။
(တစ်လုံးချ- ၂၇ ပတ်စိပ်)
အဇာဒိ ကတ္တာ ယာဝဇီဝံ အဟံ ဇီဝိတံ ဗုဒ္ဓဿ နိယျာတေမိ။
(တစ်လုံးချ - ၂၇ ပတ်စိပ်)
အဇာဒိ ကတ္တာ ယာဝဇီဝံ အဟံ ဇီဝိတံဓမ္မဿ နိယျာတေမိ။
(တစ်လုံးချ - ၂၇ ပတ်စိပ်)
အဇာဒိ ကတ္တာ ယာဝဇီဝံ အဟံ ဇီဝိတံ သံဃဿ နိယျာတေမိ။
(တစ်လုံးချ - ၂၇ ပတ်စိပ်)
အဇာဒိ ကတ္တာ ယာဝဇီဝံ အဟံ ဇီဝိတံ ဗုဒ္ဓဿ ပရိစ္စဇာမိ။
(တစ်လုံးချ - ၂၇ ပတ်စိပ်)
အဇာဒိ ကတ္တာ ယာဝဇီဝံ အဟံ ဇီဝိတံ ဓမ္မဿ ပရိစ္စဇာမိ။
(တစ်လုံးချ - ၂၇ ပတ်စိပ်)

အဇ္ဇာဒိ ကတွာ ယာဝဇီဝံ အဟံ ဇီဝိတံ သံဃဿ ပရိစ္စဇာမိ။

အတ္တနိယျာတန ပြီး၏။

၄။ သိဿဘာဝုပဂမန သရဏဂုံ

ဗုဒ္ဓါမေ အာစရိယောဘဝ၊ ဓမ္မောမေ အာစရိယောဘဝ၊ သံဃောမေ အာစရိယောဘဝ။

(တစ်လုံးချ ၂၇ ပတ်စိပ်)

အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓါမံ ပရာယနေတိ ဓါရေထ (၂၇ ပတ်)
အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မောမံ ပရာယနေတိ ဓါရေထ (၂၇ ပတ်)
အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃောမံ ပရာယနေတိ ဓါရေထ (၂၇ ပတ်)
အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓါမံ ဥပါသကောတိဓါရေထ (၂၇ ပတ်)
အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မောမံ ဥပါသကောတိ ဓါရေထ (၂၇ ပတ်)
အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃောမံ ဥပါသကောတိဓါရေထ (၂၇ ပတ်)
အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓါမေမံ အန္တေဝါသိကောတိ ဓါရေထ (၂၇ ပတ်)
အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မောမေမံ အန္တေဝါသိကောတိ ဓါရေထ (၂၇ ပတ်)
အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃောမေမံ အန္တေဝါသိကောတိ ဓါရေထ (၂၇ ပတ်)

ဤသို့သရဏဂုံကြီး လေးပါးကို တနေ့စာအတွက် အထက်ပါပါတ်ရေထက်မနည်းရ ပိုလျှင်သာပိုရမည်။ ၄၅ ရက် သက်သတ်လွတ်စားပြီးစိပ်ရမည်။ ၄၅ ရက်အားထုတ်မိလျှင် ပရစိတ္တဝိဇာနနဉာဏ်ရလိမ့်မည်။ တောထဲမှာ တစ်ယောက်ထဲနေရသော်လည်း တောတောင်သစ်ပင် မြေစောင့်နတ်များ အာကာသစိုးနတ်များက ချစ်ခင်မစကြလိမ့်မည်။ တောတိရစ္ဆာန် များကလဲချစ်ခင်၍ တပည့်ကျေးကျွန်ကဲ့သို့ပြုစုကြလိမ့်မည်။ အခြွေအရံကဲ့သို့နေကြလိမ့်မည်။ စားဘွယ်သောက်ဘွယ်များနတ်တို့ထံတောင်းသောပေးကြလိမ့်မည်။ပေးတိုင်းမတောင်းပါနှင့်။အဓိဋ္ဌာန် ၈ပါး၊၉ပါးသီလများမကျိုးပေါက်အောင်စောင့်ထိန်းပါ။ ထိုအဓိဋ္ဌာန်ကပြီးသော်အသက်ထက်ဆုံး ၅ ပါးသီလကို လုံခြုံ့ရမည်။ (သစ္စာပျက်လျှင် အသက်သေတတ်၏။) (မေတ္တာပျက်လျှင် သေရမည်။) ဆိုသည့်အတိုင်း မေတ္တာအထူးပို့သစ္စာအထူးထိန်းသိမ်းပါ။ ဤကမ္ဘာတွင် ပစ္စုပ္ပန်အတိတ် အနာဂတ် ၃ ပါးလုံးမြင်နိုင်၏။ မဟောပြောရ မင်းတို့သိလျှင်အသက်သေတတ်၏။ သူတထူးကိုပြောလျှင် သစ္စာပျက်၍ ပညာကွယ်တတ်၏။ အထူးသတိမှုပါ။

ဤကားဒုတိယအဆင့် အာတပ္ပနပညာ
ပေါက်မြောက်ရန်ရရှိသောအခန်းပြီး၏။

တတိယအဆင့်တက်ရန်

ဒေဝသိဒ္ဓိ ပညာခန်း

အထက်ပါပရိတ်တော် ဂါထာမန္တာန်များကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး နှစ်လတိုင်ရောက်လျှင် မိမိနေသောတော-ကမ္ဘဋ္ဌာန်းကျောင်းလေးဘေးပတ်လည်တွင်တည်ရှိသော သစ် ၁၂ ပင်ကို အထိန်းအမှတ်ပြု၍ အထက်ပါဂါထာများနှင့် အောက်ဖော်ပြပါ ဣတိပိဟာသဂါထာများကို တတွတ်တွတ်ရွတ်ဖတ်သရဇ္ဈာယ်၍ တစ်ကျိပ်နှစ်ယောက်သော ဆရာမြတ်တို့တွင် တစ်ယောက် ယောက်ကိုတွေ့အောင်ရှာပါ၊ ကိုယ်မှတ်သားထားသော အပင်များကို တစ်ပင်မှ တစ်ပင် စကြံန်သွားလာရင်းရှာပါ။ ပထမ ဒုတိယ တတိယ ၎င်းဆရာသုံးယောက်တွေ့အောင်ရှာပါ။ တတိယဆရာက စကားပြောလိမ့်မည်။ ဂန္ဓဝုဒလီ ဆရာနှင့်တိုင်ပင်ပြီးရှာပါ။ ညဥ့်မှရှာပါ။ ရှာနေသည့်အတွင်း အထက်ပါ ပရိတ်ဂါထာများနှင့် အောက်ပါဣတိပိဟာသဂါထာမန္တာန်များနှင့် လမ်းပေါက်အောင် ရွတ်ဖတ်သရဇ္ဈာယ်နေရမည်။ ဂါထာမန္တာန်များ ညဥ့်၌ အမြဲမပြတ်ရွတ်ရှာပါ။ သစ်ပင်စေ့အောင် မတွေ့မချင်းရှာပါ။

မှတ်ချက်။ ။ ဂန္ဓဝုဇလီဆရာဆိုသည်ကား အကြံဉာဏ်ပေးမည့်ဆရာဖြစ်၏။ တွေ့သော ပုဂ္ဂိုလ်ကို အမည်မေးပါ၊ အထက်ပါအမည်အတိုင်းမှန်ရင် အကြံဉာဏ်တောင်းပြီး ရှေ့တက်လမ်းလုပ်ပါ၊ လွယ်လွယ်နှင့်အောင်မြင်ရပါတော့၏။

ရက္ခစိုး ဘုမ္မစိုးမှစ၍ အရပ်လေးမျက်နှာမှနေကြသော နတ်တို့သည် မိမိ၏ အကျင့်သီလ စရဏကြောင့် ရောက်လာကြမည်။ အကျင့်ကိုစမ်းကြမည်။ မကြောက်ပါနှင့် ကိုယ်ခန္ဓာအသက်ကို ဘုရားလှူထားပြီးဖြစ်သောကြောင့် သေချင်သေပါစေ၊ ဒွဲမလျှော့ပါနှင့် အရိယာနွယ်ဝင် သောတပန်၊ သကဒါဂမ် နတ်များတို့သည် ပညာပေးလာကြမည်၊ စောင်မကြလိမ့်မည်။ သင်ပြရာကို ဉာဏ်ဖြင့်ပိုင်းခြား၍ လိုက်နာသင့်လိုက်နာပါ၊ ဓါတ်လေးပါးကိုလဲကြံစီပါ။ စမ၏သဘောတရားကိုလဲကြံပါ၊ ကြံသမျှ ရနိုင်သောသဘောရှိ၏။ သတိရှိပါ။

## ဣတိပိဟာသ ဂါထာမန္တာန်များ

၁။ ဣတိအရဟံ-သမာဣန္ဒါ-ဒေဝါ-ပီယံမမ-သမာမမ။
ဣတိအရဟံ-သမာဇိဝက-ဒုတဒေဝါ-ပီယံမမ-သမာမမ။
ဣတိအရဟံ-သမာစတုဒေဝါ-ပီယံမမ-သမာမမ။
ဣတိအရဟံ-သမာ-မဟိန္ဒော-ဒေဝါ-ပီယံမမ-သမာမမ။
၂။ ဣတိအရဟံ-သမာမိကလာပေါ-ဒေဝါ၊ ပီယံမမ-သမာမမ။
ဣတိအရဟံ-သမာစန္ဒသေနော-ဒေဝါ၊ ပီယံမမ-သမာမမ။
ဣတိအရဟံ-သမာ-ဗေဒါရော-ဒေဝါ၊ ပီယံမမ-သမာမမ။
ဣတိအရဟံ-ပဥ္စဒေဝါ-ဒေဝါ၊ ပီယံမမ-သမာမမ။
ဣတိအရဟံ-သမာဝိဟိန္ဒေညဒေဝေါ- ပီယံမမ-သမာမမ။
၃။ ဣတိအရဟံ-သမာ-အာဋ္ဌါဝကဒေဝါ-ပီယံမမ-သမာမမ။
ဣတိအရဟံ-သမာဂုမ္ဘီယံဒေဝါ-ပီယံမမ-သမာမမ။

၄။ ဣတိအရဟံ-သမာ-ဖြဟ္မာဒေဝါ-ပီယံမမ-သမာမမ။
ဣတိအရဟံ-သမာ-ဥဒကဒေဝါ-ပီယံမမ-သမာမမ။
ဣတိအရဟံ-သမာ-ရုက္ခဒေဝါ-ပီယံမမ-သမာမမ။
၅။ ဣတိအရဟံသမာ ရာဇပီယံ မမ သမာမမ သွာဟာယျကာပ်
ဣတိအရဟံ-သမာ ဣတ္ထိပီယံ မမ-သမာမမ-သွာဟာယျကာပ်
၆။ ဣတိအရဟံသမာဝိဇ္ဇေ သံကျွတ်၊
ဣတိအရဟံ မမ-သမာမမ
ဣတိအရဟံ လာဘံမမ သမာမမ
၇။ ဣတိအရဟံ သမာပီယံမမ မှိုက်
ဣတိအရဟံ သမာပီယံမမ မှိုင်း
ဣတိအရဟံ သမာပီယံမမ မှိုက်မှိုင်း။
ဣတိအရဟံ သမာပီယံ မှိုင်းမှိုက်။
၈။ ဣတိအရဟံ သမာပီယံမမ ဣ။
ဣတိအရဟံ သမာပီယံမမ အံ
ဣတိအရဟံ သမာပီယံမမ ဣအံ
ဣတိအရဟံ သမာပီယံမမ အံဣ။
၉။ ဣတိအရဟံ ပီယံမမ သမာမမ ကာဩ ကာပြိဩပြီ။
၁၀။ ဣတိအရဟံ သမာပီယံမမ သင်္ဂဇေယျ။
ဣတိအရဟံ ပီယံ အဂ္ဂေါ
ဣတိအရဟံ သမာပီယံမမ ဟုံတောကော။
ဣတိအရဟံ သမာပီယံမမ ပုသော
၁၁။ ဣတိအရဟံ ပီယံမမ အိုင်
ဣတိအရဟံ သမာပီယံမမ ဣအဲပဲ
၁၂။ ဣတိအရဟံ သမာပီယံမမ မှိုက်မှိုင်း ဗျဂရာဇ သွားဟုံ
ဣတိအရဟံ သမာပီယံမမ ယက္ခရာဇ သွားဟုံ။
ဣတိအရဟံ သမာပီယံမမ ဘုမ္မရာဇသွားဟုံ။
ဣတိအရဟံ ပီယံမမ သွာဟုံယျကာပ်။
ဣတိအရဟံ သမာအဒ္ဓ ပီယံမမ သွာဟာယျကာပ်။
ဣတိအရဟံ သုပန္နော သမာပီယံမမ မမသွာဟုံ
ဣတိအရဟံ သမာတတ္ထရ ဇံယက္ခံသွာဟာယျကာပ်။

၁၃။ ဣတိအရဟံ ပဥ္စဂင်္ဂါ ယမုနာ အစိရဝတီ သရဘူမဟီ
နဂယကျွေန ဒေဝေါ ဘုဝဘုဒြံ ပီယံမမ သမာမမ။

၁၄။ ဣတိအရဟံ လာဘံ ဣတ္ထိကိစ္စံ၊ ဣတိဒေဝီ အံမမ သမာမမ။
ဣတိအရဟံ မဟာဟာကာရဏာ ဣတိ သမာဣတိ
ကိစ္စအရဟံ ဣသန္တဝိနယာ ပီယံမမ သမာမမ
ဣတိအရဟံ သတ္တသဃရဇ နလိတ္ထ - ပိယာဘုတ် စတုလောက
နာထေန မနုဿပီယံမမ သမာမမ
ဣတိသတ္တေဟိ နာဂေဟိဒေဝေ ဒေဝီ ဖဟီသ
ရဘူ-အနာဂရံ မဟိဒ္ဓိကံ ပီယံမမ သမာမမ။
ဣတိ အရဟံ သူရောဒေဝါ- ပိယတော ပိယာ ဧဟိဧဟိ ပီယံမမ။

၁၅။ ဣတိ အရဟံ သမာဟိမဝန္တော နဒေဝေါရေ- ဂဒမေ
ပဥ္စပါလန္တိ၊ ယက္ခံကုမ္ဘနာ ဂေါ၊ ဧဟိသမာပိယံ မမသွာဟယျချုပ်
ဣတိအရဟံ သတ္တရဘံ သတ္တဥဒကသီတံ ဒေဝယက္ခိနသူ ယက္ခာမိ၊
သမ္ဘာဒေဝေါ ပီယံမမချုပ်

၁၆။ ဣတိ အရဟံ ဒေသဝိဟိနကဂါ ဣမေဒေဝါစ အရဟံ
ပီယံမမပြောင်း

၁၇။ ဣတိ အရဟံ သမာဇမ္ဗူဒီပ ဒသဘုမ္မေ
ရုက္ခသရုက္ခေ၊ အယံဒေဝါသ နာနာ
ဝိဇာယံ ဧဟိ ဣတ္တိပီယံမမ သမာမမ။

၁၈။ ဣတိ အရဟံ အသ္မာဒုံ တောကော၊ ဣဟနာနာဝိဇာ
ဝိဇာဟာရိတဥ္စံ အာရောတိ ဧဟိ ဧဟိ ပီယံမမ သမာမမ

၁၉။ ဣတိ အရဟံ သမာမနုဿ မုက္ခဝိက္ခေ ဒေဝေ
ဒေဝီ ပီယံမမ သမာမ ဧဟိ သိဒ္ဓိ ဧဟိပိတိ
ဧဟိ စိတ္တံ၊ ဧဟိဒေဝီ၊ ဧဟိရာဇကရံ၊
ဧဟိသတိ ရာဇပိယံ ဟေ့-ဟ္မာဟ-သွာရေ
ပီယံ မမ သမာမမ

၂၀။ ဣတိ အရဟံ ဇီဝှာယှုပ် ခါရံချုပ်၊ ခါဒံ
ဂန္ဓဝေ ကာသံ။ ဝိန္တော၊ ဂန္တော၊ ဝိဇာ
တွာယ ဧဟိပီယံမမ သမာမမထွက်။

၂၁။ သမာမမ ဣတိအရဟံ သမာဧကေဒ္ဓရာ

ဟတ္ထမသောတ စက္ခုန္ဒြိယ မနောဝိထိ
ဇောပိတိ ဒေဝီယာ အဟံမမ သမာမမ
ဣတိသအရဟံ သမာဒေဝေ ဒေဝေန ဒေဝီ မမကေဟိတာ။
ဂေဟာ ဂေဟာန္တော အာရက္ခိတိ အဟံ မမ သမာမမ
ဣတိ အရဟံ သမာဂါမေ မမ၊ ဣသောသနေ ဒေဝီ
ယက္ခာမိ ယက္ခာမ၊ ဝိင္ဂာဇရာ ပကာသိတော။ ဇေဟိပိယံမ သမာမမ။
ဣတိ အရဟံ - သမာရာဇာ၊ ဂေဟောတိ မေတ္တေန ကာယဝိင္ဂာ
ပိယံ ပိယေန ဟောတု၊ နမောသတ္တာနံ ဇေဟိ ပိယံ မမ သမာမမ။
၂၂။ ဣတိ အရဟံ သမာရဇပါတု အဟံရာဂ ဇဟုစ
ဒေဝီဒေဝီ မဟာ ကရုဏံ ဖွားဖွားသက်ခြာသက်။
ဣတိ အရဟံ ပဗ္ဗတမာရံယျ၊ စေလ ရုက္ခဒေဝကံ၊
ဘုမ္မအာဂတံ၊ ပိယံမမ၊ သမာမမ။
၂၃။ ဣတိ အရဟံ ဣမ္မိုင်းဣတော ဝိတော ဟေမဝန္တသ
ပဗ္ဗတော ဂါမော အဟံကာယံ၊ ပါဒ စတု အဋ္ဌါဒသ
ဝိသာ ဂန္တာ သွားဟုံသွားဟယျ ပိယေန ဟာရိတဗ္ဗာ
ဇေဟိ ပိယံမမ သမာမမ။
ဣတိ အရဟံ ဣတိပဥ္စဂဋ္ဌေ အဟောစ ဣတောစ
သေမံ့ ပေသိယာ အက္ခရာ၊ ဟောထ ပိယာပိယာ၊ ဇောဒဝေါစမမ။
ဇောေန သစ္စဝဋ္ဋေန ဟောတုမေယျ မင်္ဂလံ။ ။
၂၄။ ဣတိ အရဟံ သမာ မဟာနာတပ္ပဒေဝါ ပိယံမမ သမာမမ။
ဣတိ အရဟံ သမာ စတုလောကဒေဝါ ပိယံမမ သမာမမ။
ဣတိ အရဟံ သမာ ဝဩြန္ဒြာဒေဝါ ပိယံမမ သမာမမ။
ဣတိ အရဟံ သမာ လိက္ခမုက္ခိဒေဝါ ပိယံမမ သမာမမ။
ဣတိ အရဟံ သမာ ဝိပ္ပဒုပဒေဝါ ပိယံမမ သမာမမ။
ဣတိ အရဟံ သမာ ဝိကလာပဒေဝါ ပိယံမမ သမာမမ။
၂၅။ ဣတိ အရဟံ သမာ စန္ဒဂုတ္တိဒေဝါ ပိယံမမ သမာမမ။
ဣတိ အရဟံ သမာ ဝိရူဋ္ဌဒေဝါ ပိယံမမ သမာမမ။
ဣတိ အရဟံ သမာ ဝိလုစ္စဒေဝါ ပိယံ မမ သမာမမ။
ဣတိ အရဟံ သမာ ဝိဟိန္ဒဒေဝါ ပိယံ မမ သမာမမ။
ဣတိ အရဟံ သမာ နန္ဒသေနောဒေဝါ ပိယံ မမ သမာမမ။

၂၆။ ဣတိ အရဟံ သမာ ဝိသံဂ၊ ဝူဒေဝါ၊ ဝိယ် မမ သမာမမ။
ဣတိ အရဟံ သမာ သာတာဂီရဒေဝါ ဝိယ် မမ သမာမမ။
ဣတိ အရဟံ သမာ အလွယ်တကူယူသမျှလျှင်ရစေသော်။
ဣတိဟာသ-ဂါထာမန္တာန်များပြီး၏။

ဤကဏ္ဍ၌ ရက္ခမူကျင့်လျှင် သမာဒေဝနတ်ဆေးစားရ၍ ကျင့်ရမည်ဖြစ်၏ သမာဒေဝနတ်ဆေးတော်ကို မှူရင်းအတိုင်းဖေါ်ပြပေအံ့-

၁။ ဇုန်း
၂။ ထိန်
၃။ နတ်ဇိုး
၄။ ယွား
၅။ သီး
၆။ ငှမ္ဘသိန်
၇။ ပေါက်
၈။ ထင်း
၉။ ကုက္ကို
၁၀။ နတ်စင့်တို
၁၁။ လဲလူး
၁၂။ ဆင်နှာမောင်း
၁၃။ ဝါပင်
၁၄။ ဇိုးပွတ်
၁၅။ နံ့သာဖြူ
၁၆။ ကသစ်
၁၇။ ပေါက်ပန်းဖြူ
၁၈။ ပန်းမ
၁၉။ သပြေ
၂၀။ နတ်တင်ပန်း
၂၁။ ဂုင်းဆေးစုမျှစ်

ဤကားပဌမဆေးတည်း။

ဒုတိယဆေးကား

၁။ ပဌမဆေးကိုယူတစ်ကျပ်ယူ ဋ
၂။ ကူသယမှုလိ ဋ
၃။ ဇလပ်နီ ဋ
၄။ ငှက်ပျောဖူးချက် ဋ
၅။ ပိန်သာ ဋ
၆။ သစ်ကျပိုး ဋ

ဤကားဒုတိယဆေးတည်း

တတိယဆေးကား

၁။ ပဌမဆေး ဋ
၂။ ပရုပ် ဋ
၃။ ယပ်ရိုး ဋ

၄။ ပရိတ်ပန်း ၁
၅။ သိမ်ပနက်သဲ ၁
၆။ ဘုရားပနက်သဲ ၁

ရင်းဆေးတော် (၃) ပါးကို စုတ်ရမည့်ဂါထာများ

ဣတိအရဟံ သမာရုက္ခေဒေဝါ ပီယံမမ သမာမမ။
ဣသိအရဟံ သမာဘုမ္မာဒေဝါ ပီယံမမ သမာမမ။
ဣသိ အရဟံသမာအာကာသဋ္ဌဒေဝါ ပီယံမမ သမာမမ။
ဣသိအရဟံ သမာစတုလောကပါလာဒေဝါ ပီယံမမ သမာမမ။

ရင်းဂါထာများနှင့် ပွဲစုံခင်းပြီး (၃၇)အုပ် စုတ်၍ ဆေးတော်များကို ဆောင်၍ စားကျင့်လေ။

ဤကား ရုက္ခစိုး ဘုမ္မစိုး အာကာသစိုး နတ်ဆရာတို့အခဏ်း၊ တတိယပညာကဏ္ဍ ပေါက်မြောက်သော အခဏ်းကားပြီး၏။

## ဤကားတတိယဆေးတည်း။

## စတုတ္ထကဏ္ဍ- ပညာအဆင့်

**စတုတ္ထပညာ** - အဆင့်တက်ရန် တကျိပ်နှစ်ပါးသော ဆရာတို့၏ အခဏ်း။ ။

အထက်ပါ ပရိတ်တော်များ ဂါထာမန္တာန်များကို အမြဲမပြတ်ဖတ်သရဇ္ဈယ်၍ ပြီးမြောက်လျှင် (၁)မုက္ခဂီရိ (၂) နာတပ္ပ (၃)ဝိပ္ပဒ္ဒူပ (၄)လိက္ခမုက္ခ (၅)ဂဗ္ဘဝုစ္စလိ (၆)စန္ဒဂုမ္ဘိ (၇)ဝိကလာပ (၈)ဝိရူဠ (၉)ဝိဂူစ္စ (၁၀)ဝိပဟိန္ဒ (၁၁)နန္ဒသေန (၁၂)စောဒကဘေသဇ ဤတစ်ကျိပ်နှစ်ပါးသောဆရာတို့ ရောက်လာကြမည်- တင်းတိမ်ကာ၍ အထက်ပါ ပရိတ်ဂါထာ မန္တာန်ဒေသနာတော်များကို အမြဲမပြတ် သရဇ္ဈယ်ပါ ညဘက်ရွတ်လျှင် မျက်စေ့မဖွင့်နှင့်။ တပည့်ပါလျှင် ပါသည့်တပည့်တင်းတိမ်တွင်းက မီးထွန်း၍နေပါစေ၊ ဆရာမှာလည်း တင်းတိမ်မျက်နှာတခြားကာ၍နေပါ၊ စကားမပြောပါနှင့် သူတို့ကပင် ခေါ်သော်လည်းမထူးနှင့် သူတို့ကပင်ပြောသော်လည်း မပြောနှင့် တပည့်က အထက်ပါ ဂါထာမန္တာန် များကို မပြတ်ရွတ်နေစေ။ အဘယ်ပညာကို အလိုရှိပါသနည်းဟုမေးလျှင် အရှင်မည်သူနည်းဟုမေးပါ။ ဥယျာဉ်မှူး ဝိပ္ပဒ္ဒူလိက္ခမုက္ခ ဤနှစ်ပါးတွင် မည်သူဖြစ်သည်ဟုပြောလိမ့်မည်၊ ပြောသောအခါ ကျွန်ုပ်အားအသက်ထက်ဆုံး တပည့်မှတ်တော်မူပါ၊ ဆရာပြုတော်မူပါဟုပြောလေ။

ထိုနောက်-မြေစောင့်-သစ်ပင်စောင့်၊ ကောင်းကင်စောင့်နတ်များ- မြေ-သစ်ပင်- ကောင်းကင်အစိုးရကြသောနတ်များ-သူရဿတီ စန္ဒီ-ပရမိသွာ-မဟာပိန္နဲ-ဂေါရမန္ဒ နတ်အပေါင်းတို့ကိုလည်း ကျွန်ုပ်၏ ကမ္မဋ္ဌာန်းကျောင်းသို့လာရောက်ကြပါစေ၊ ဒေဝဏ္ဏန္တိဟူသမျှလည်း လာရောက်ပါစေ၊ လူဝိဇ္ဇာ ဘီလူးဝိဇ္ဇာ ဆေးဝိဇ္ဇာ မန္တာန်ဝိဇ္ဇာ မျက်လှည့်ဝိဇ္ဇာ အင်္ဂဝိဇ္ဇာ ဇော်ဂျီဝိဇ္ဇာမိုရ် တပသီ ဝိဇ္ဇာမိုရ်၊ သံ၊ အင်း ဂါထာ ဝိဇ္ဇာမိုရ်တို့ကိုလည်း အကျွန်ုပ်၏ ကမ္မဋ္ဌာန်းကျောင်းသို့ လာရောက်တော်မူကြ၍ ပညာတော်မြတ်လည်းပေးတော်မူကြပါ။

အသက်ထက်ဆုံး ဆရာပြုပါရစေ ဆိုလေ။

ဤနေရာတွင် ပန်း၊ ရေချမ်း၊ ဆွမ်း၊ မီး၊ ချို ချဉ် သစ်သီးစသည်တို့ကို ဘုရားတရား သံဃာဆရာမိဘ သမ္မာဒေဝနတ် ဘိုးတော် အရှင်မြတ်တို့ တစ်ပွဲစီအသီးသီးပြင်၍ ပူဇော်လေ ပသလေ ခုနှစ်ရက် လျှုဝါန်းပြီး မိမိအလိုရှိရာတောင်းလေ မိမိ၏ သီလသမာဓိ ဘာဝနာတို့ကိုလည်း မကျိုးပေါက် ရအောင် အထူးဂရုစိုက်၍ ထိန်းသိမ်းစောင့်စည်းပါ။

တစ်ကျိပ်နှစ်ပါးသော ဆရာတို့နှင့်တွေ့၍ စတုတ္ထပညာ ပေါက်မြောက်သော အခဏ်းပြီး၏။

## ပဉ္စမ ပညာအဆင့်တက်ရန်
## သောတဝိဉာဏ် ပေါက်မြောက်သောအခဏ်း

အထက်ပါပရိတ်တော်ဒေသနာဂါထာမန္တာန်များကို တောတောင်အတွင်း ကမ္မဋ္ဌာန်းကျောင်းတွင် အမြဲမပြတ် သရဇ္ဈာယ်၍ လေးလမြောက်လျှင် သောတဝိဉာဏ်မြောက်ခြင်းကြောင့် စကြာဝဠာကစကားများကို ကြားရပေလိမ့်မည်၊ ရှေ့ဘဝ နောက်ဘဝ ပဋ္ဌာန်းဆက်များကို သိရှိလာလိမ့်မည်၊ ဘဝ ဘဝများက သင်ကြားအားထုတ်ခဲ့သော အတတ်များကိုလည်း သိရှိနားလည်လာလိမ့်မည်။ တစ်လထက်တစ်လ ကြိုးစား၍ အမိဋ္ဌာန်မပျက် အားထုတ်ရမည်။ အာရုံကာမဂုဏ်များနှင့် ဖျက်ဆီးလာသူတို့ကို ပါယ်နိုင်ရမည်။ အလွန်ဖျက်ဆီး တတ်၏။ ပျက်လျှင်သစ္စာပျက်၍ ပညာကွယ်တတ်၏။ သတိထား၍ သမာဓိတရားကို အထူးမွေးမြူပါလေ။ သောတဝိဉာဏ်ပေါက်မြောက်သော ပဉ္စမအခဏ်းကားပြီး၏။

## ဆဋ္ဌမ အဆင့် ကဏ္ဍတက်ရန်
## အလုံးစုံသော အက္ခရာကိုပိုင်သော ပညာခဏ်း

ပရိတ်တော်များ၊ ဂါထာများ၊ ဣတိပိသော မန္တာန်များကို တောတောင်အတွင်း ကမ္မဋ္ဌာန်းကျောင်း၌ အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်၍ ငါးလမြောက်လျှင် အတိတ်ကဆယ့်နှစ်ဘဝ သင်ကြားခဲ့ဘူးသော·ပညာများကို အနုလောမ ပဋိလောမအပြန်အလှန်နည်းအားဖြင့် အလုံးစုံ သိမြင်လာလိမ့်မည်။ ကာယသိဒ္ဓိဝိဇ္ဇာတို့ရောက်လာကြမည်။ ဘုမ္မစိုး ရုက္ခစိုးစသော သမာဒေဝနတ်များ ဘုမ္မိနတ်များ ဝိဇ္ဇာဇော်ဂျီ တပသီများ ရောက်လာကြမည်။ နတ်ဒေဝီများလည်း ရောက်လာကြမည်။ ထိုနတ် နတ်ဒေဝီ ဝိဇ္ဇာဇော်ဂျီ တပသီ ပုဂ္ဂိုလ်ကြီးတို့ နေရာဌာနများလည်း သင်ကိုယ်တိုင် ရောက်ရှိသွားလိမ့်မည်။ ဤအခါသင့်ကို နဂါးနဲ့ခက်ခဲသော အဓိပ္ပါယ်လေးနက်သော စကားများပညာရပ်များကို ပြောကြား၍ နိဿျည်း အမျိုးမျိုးပေးကြလိမ့်မည်၊ ဤတွင် အလုံးစုံသော အက္ခရာစမ ပညာရပ်များ တတ်မြောက်ပေလိမ့်မည်။

ဤကား အလုံးစုံသော စမ အက္ခရာကိုပိုင်သော ဆဋ္ဌမပညာအခဏ်းကြီးပြီး၏။

## သတ္တမအဆင့်-ပညာကဏ္ဍတက်ရန်
## ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ ပညာရဖို့ ရတနာ (၇)ပါး ရတနာ (၁၀)ပါး တွေ့မြင်ရပြီး
## အကြားအမြင် ပေါက်မြောက်သော အခဏ်း။

ထုံးစံအတိုင်း ပရိတ်တော် ဂါထာမန္တာန်ဒေသနာများ ဣတိပိသောမန္တာန်ဒေသနာများကို တောတောင်အတွင်း ကမ္မဋ္ဌာန်းကျောင်း၌ အမြဲမပြတ်ရွတ်ဖတ် သရဇ္ဈာယ်ပြီး ခြောက်လမြောက်လျှင် ဣဋ္ဌာသယ အလိုရှိသမျှ တောင့်တတိုင်း ပြည့်စုံတော့သဖြင့် တောစောင့်နတ်၊တောင်စောင့်နတ်၊ သမာဒေဝနတ်များ၊ စောင့်ရှောက်လာကြလိမ့်မည်။ သစ်၊ ကျား၊ ဆင်၊ မြင်း၊ ကျွဲ သမင်၊ စိုင်၊ ဆတ်၊ အစရှိသော တောတိရစ္ဆာန်များသည်၊ တပည့်သားမြည်းကဲ့သို့ ကျိုးနွံ့လုပ်ကျွေးကြလိမ့်မည်၊ အခြွေအရံအဖြစ် ခံစားလာကြလိမ့်မည်။ တော-စားဘွယ်သောက်ဘွယ် လျှက်ဘွယ်တို့ကို သင်အလိုရှိသမျှ နတ်များက ပို့လာကြလိမ့်မည်။ တော-တောင်အတွင်း၌ရှိသော ရွှေ-ငွေ-ကျောက်သံပတ္တမြား ရတနာအမျိုးမျိုး ဆေးမြစ်ဆေးပင်အမျိုးမျိုးတို့ကို သင်ကြည့်လျှင် အလုံးစုံမြင်ရပေလိမ့်မည်။

ဤနေရာ၌သင်ယောဂီသည် ဆယ်ပါးသီလ (၉)ပါးသီလများကို အဓိဋ္ဌာန်ဖြင့် ဆောက်တည်ပြီး တဏှာလောဘနိုင်ငံသို့ မလိုက်မိစေရန် အဓိဋ္ဌာန်ဖြင့်တား၍ ဆောက်တည်ပါ။ သရဏဂုဏ်နှင့်တကွ ဆယ်ပါး၊ ကိုးပါးသော သီလတော်မြတ်တို့ကို တစ်သက်ပတ်လုံးဆောက်တည်ရန် အဓိဋ္ဌာန်ပါ။ သရဏဂုဏ်လည်း ပွားများပါ။ မေတ္တာသုတ်လည်း အထူးရွတ်ပါ။ ထို့အပြင်နံ့သာငါးပါးရေ၊ ဣသရမူလီရေတို့ကို ခွက်တစ်ခွက်ထည့်ပြီး နေထွက်ကနေဝင် လထွက်ကလဝင်တိုင်အောင် အထက်ပါ ပရိတ်တော်များ ဂါထာမန္တာန်များ သရဏဂုံကြီးများ ဣတိပိသောမန္တာန်များ ၊ စိန္တာမုနိမန္တရားကြီးများနှင့် ရွတ်တည်သရဇ္ဈာယ်မန်းမှုတ်ပြီး အောက်ပါအတိုင်း အဓိဋ္ဌာန်၍ သောက်ရာ၏။

၁။ ဘုရားတပည့်တော်သည် ငါးပါးသော ခန္ဓာနှင့် ရုပ်နာမ်နှစ်ပါးကို ဘုရားရှင်အား လှူဒါန်းထားပြီးတာမှန်ပါ၏။

၂။ အလုံးစုံသော သတ္တဝါအပေါင်း၏ ချမ်းသာရေးကို မျှော်ရှု၍ အသက်ပင်သေသေ အရေပင်စုတ်စုတ် နောက်မဆုတ်ပဲ ဤတောတောင်အတွင်း ကမ္မဋ္ဌာန်းကျောင်း၌ ဆယ်နှစ်လုံးလုံး ဘာဝနာများကို ပွားများ၍ ကမ်းတစ်ဖက်ရောက်အဆုံးတိုင်ပေါက်မြောက်သည်တိုင်အောင်ရွက်ဆောင် ကျိုးကုတ်အားထုတ်ပါမည်။

၃။ ပေါက်မြောက်ပြီးသောအခါ ဘုရားသာသနာတော်ကြီးကို နေလအသွင် အလွန်ထင်ရှားအောင် ပြုစု၍ သတ္တဝါများကို ရင်ဝယ်သားကဲ့သို့ထား၍ မှန်ကန်သောနည်းလမ်းများဖြင့် ချွတ်၍ ကယ်တင်ပါမည်။

ဤသစ္စာအဓိဋ္ဌာန်ပြုသည်အတိုင်း မှန်ကန်စွာပြုလုပ် ဆောင်ရွက်ပါလျှင် ယခုသောက်မည့် ရေသည် သိဒ္ဓိ ရေစင်တော်မြတ်ဖြစ်၍ သိဒ္ဓိ မဟာဒ္ဓိ တန်ခိုးအမျိုးမျိုးတို့ ရရှိပြီးသားဖြစ်၍ ပြောသမျှဟုတ်-လုပ်သမျှမှန်ကန်-ကြံသမျှ အောင်မြင်ပြီး သိဒ္ဓိရှင်တစ်ယောက် ဖြစ်မြောက်ရပါလို၏ဆို၍ ဝမ်းမြောက်ဝမ်းသာနှင့် ရင်းရေကိုသောက်လေ။

ဤကား သိကြားဖြဟ္မာ၊ နတ်ဒေဝါ၊ နတ်ဒေဝီများ၊ ဘိုးတော်များအရှင်မြတ်များ ဝိဇ္ဇာ ဇော်ဂျီ တပသီများ စောင်မကြည့်ရှုကြ၍ အကြားအမြင် ပေါက်မြောက် သိဒ္ဓိရောက်သော အခါကြီးပြီး၏။

**အဌမအဆင့် ပညာတတ်ရန်**

**လတ်ျာ လက်ဝဲလမ်း အမိပတိ ဝိဇ္ဇာထိုရ်လမ်း ပြဒါးဝိဇ္ဇာတို့၏ ထွက်ရပ်လမ်း**

**ပညာ ပေါက်မြောက်သော အခါး**

တောတောင်အတွင်း ကမ္မဋ္ဌာန်းကျောင်း၌ အထက်ပါ ဒေသနာ ပရိတ်တော်ဂါထာတော် မန္တာန်တော်များကို အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်ပြီး ခြောက်လမြောက်ပြီးလျှင် အသင်သည်၊ အာရုံများကို ပါတ်သက်ပြီး အလုံးစုံသော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများကို ဘေးရန်အန္တရာယ်ကို ကာကွယ်လိုသော စေတနာမွန်ဖြင့်လည်းကောင်း၊ အလုံးစုံသော သတ္တဝါများကို ချမ်းသာစေလို၍ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် ကြီးစည်ပင်ပြန့်ပွားထွန်းကားစေလိုသော မဟာစေတနာနှင့် သံ-ပြဒါး တို့ကိုမိမိကိုယ်တိုင်ရှာ၍ဖြစ်စေ၊ နတ်တို့ညွှန်ကြား၍ဖြစ်စေ၊ ဤနေရာမှာလမ်းစဉ်အတိုင်း အားထုတ်ရမည်။ သံ-ပြဒါးတို့သည် ကမ္မသိဒ္ဓိရှိသဖြင့် သီလ၊ သမာဓိ-ခန္တီ-မေတ္တာ သစ္စာလုံခြုံသော ပါရမီရှင်မှသာလျှင် လမ်းဆုံးပေါက်ပေလိမ့်မည်။

သို့အတွက် အထက်ပါကျင့်စဉ်ကိုလည်း မကျင့် သီလသမာဓိလည်းမရှိ မေတ္တာ သစ္စာ ခန္တီနှင့်လည်း မပြည့်စုံဘဲ ရှေ့က နေတစ်ဆူ၊ လတစ်ဆူ ဖြစ်တော်မူသော ပုဂ္ဂိုလ်မြတ်ကြီးတို့၏ လုပ်ထုံးလုပ်နည်းအစဉ်အတိုင်းလုပ်သော်လည်း အလဟဿဖြစ်၍ မီးပူယုံမျှသာဖြစ်မည်။ အထက်ပါကျင့်စဉ်များကို ကျင့်ပြီး သီလ၊ သမာဓိပြည့်စုံ၍ ၆ လတိုင်တိုင်အားထုတ်ပြီး နေတစ်ဆူလတစ်ဆူ ဖြစ်တော်မူကြသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့၏ လုပ်ထုံး၊ လုပ်နည်း လမ်းစဉ်ကို လုပ်ကြမည်ဆိုပါလျှင် အောက်ပါနည်းလမ်းအတိုင်းလုပ်ပါ။ အလွယ်တကူနှင့် သံလမ်း၊ ပြဒါးလမ်း၏ တန်ခိုးအစွမ်းသတ္တိကို ပေါက်မြောက်ကြပါလိမ့်မည်။ ၆ လရှိလျှင်တော၌ ရှိသော ရွှေငွေတို့ကို ကြည့်လျှင်ရပါ၏။ အလိုရှိ၍ တောင်းသော် သမ္မာဒေဝနတ်များ၊ သူရဿတီ ဒေဝီများတို့ လာရောက် ပို့လာပေကုန်၏။

သုတလမ်းကိုလိုက်လိုလျှင် သုတသေစေသောဆေးကို ကိုယ်ဉာဏ်တွင် ပေါ်လာမည်၊ သို့မဟုတ် ပေါက်ပုဂ္ဂိုလ်ပေးလာမည်၊ နတ်တို့လည်းပြောလာနိုင်သည်၏။ တောင်းပါလေ၊ တောင်း၍ ရပါလျှင်၊ မူလပြာရိုက်ခဏ်းကား သုတ တစ်ကျပ်၊ ဆေးမှုန့်နှစ်ကျပ်နှင့် အထက်အောက်နည်း၍ အန္တာပိတ် ခုနှစ်ရက် မီးဖုတ်ပြာရောက်၏။ နာ ၁၀ မှာ တစ်ပဲပြစ် ၎င်းနာကို ဒါန်းနှင့်လေးတူထိုး၍မှုတ် အပွင့်ထက်၏။

တနည်း ၎င်းပြာနှင့် သတ္တုထိုး ပြာကျ၏။ ဘင်လေးတူထိုးပြာ-ဘော်လေးတူထိုးထုံ၊ ဘော်တစ်ကြိမ်ဆင့်ပြန်သော်- ထုံးကျောက်ခဲကဲ့သို့ရှိ၏။ ထိုကဲ့သို့ အဆင့်ငါးဆင့်ပြီးမှ ဓါတ်လေးပါးမှာ တစ်ရာကျဖြစ်၏။ နာငါးမတ်၊ နှိုင်းချင်းဘင်မှာ ဒန်လေးကျပ်မှာ တစ်ကျပ်၊ဒန်မှာ တစ်ဆယ်လျှင် ရုပ်တစ်သွင်း၍ မှုတ်အပြီးတိုင်။

တနည်းပြာကို ဘော်နှင့် လေးတူထိုး ဘင်လေးတူထိုး ကြွက်နှင့် လေးတူထိုး ဘော်လေးတူထိုး

ထုံကျ၏။ငင်းထုံနှင့် ဘော်လေးတူထိုး-ထုံးကျောက်ကဲ့သို့ရှိ၏။ ထိုရှိမှ အထက်နည်းဖြစ်၍စား ခါတ်လေးပါးကားပြီး။

တစ်နည်း ငင်းပြာနှင့် ဘော်လေးတူထိုး၊ ကြွပ်လေးတူထိုး၊ ဘော်လေးတူထိုးပြန် ဘင်လေးတူကိုထိုး ထုံးကျ၏။ ရှေးနည်းစားပြီး၏ ငင်းပြာနှင့် သုတ လေးတူ စရနယ် အထက်ပြာကျ ဆေးနှင့်စီရင် ပြာရောက်၏။ ငင်းပြာနှင့် ရွှေလေးတူထိုး၊ ထုံးကျ၏။ လက်ဝဲငွေ လေးတူထိုး၊ ထုံးကျ၏။ လက်ျာထုံးကို ဒန်ခပ်၊ ပြာတစ်ဆယ်မှာခပ်၊ ဆားအုဋ္ဌမှုံနှင့်လျော် ရွှေစင်ဖြစ်၏။ လက်ဝဲကား ငွေ လက်ယာကား ရွှေနီခပ်၍ ခါးပြီး၏။

ဤကား မူလ ပြာထက်၊ အဓိပတိ

လက်ျာ-လက်ဝဲလမ်းကြီးပြီး၏။

**ဘင်စိန်နှင့် မူလအခဲသေနှစ်ပါးတွဲ၍ စီရင်နည်း။**

ဘင်စိန်နှင့် မူလအခဲသေနှစ်ပါးတွဲ၍ စီရင်နည်းမှာမူလအခဲသေနှင့် ဘင်စိန်နှစ်ပါး တွဲပြီးသော် တွဲပြီးတစ်ကျပ်လျှင် ဆေးဒါန်း၊ စိန်၊ ဒုတ္တာ၊ ကန့်၊ တစ်ကျပ်စီ၊ လောဆန် တစ်ကျပ် သမ္ဘာရေပျားရေနှင့် တေ၍ မန်၊ အန္တာ ဖုတ်ပြီးလျှင် ဆေးဒါန်း ငါးကျပ်၊ ကလောနှစ်ကျပ်၊ သံမ္ဘရာပျားနှင့်တေ၊ အန္တာဆေး မှိုက်လုံးသွင်း၍ ဖုတ်၊ ပြာနှင့် သုတ လေးပါးတူသွင်းပြီးလျှင် ဆိုခဲ့သောအစီအရင်အတိုင်း ပြာရောက်အောင်စီရင်ပြန် ပြာရောက်ဆေးကား- ကလောဆန်၊ဆေးဒါန်းနှစ်ကျပ်၊ တြိကတုတ်သုံးပါး ရှားဆောင်းလက်ဆက် လက်ညှိုး တစ်ကျပ်စီ ပျားတေ၊အန္တာဆေးမှုန့်လုံသွင်း မီးပြင်းချောရောက်အောင်ထိုး ပြာရောက်၏ ငင်းပြာခါတ်လေးပါးပြီး၏။

ငင်းပြာနှင့် ဘင်သုတ လေးတူသွင်း၍ ဆိုခဲ့သော အစဉ်အတိုင်း နှစ်ခါပြန်၍ ပြာရောက်စီရင်ပြန်၊ ပြာရောက်သည့်ကာလ- လက်ယာရွှေ လက်ဝဲငွေ၊ နှိုင်းချင်းထိုးကျ၏။ ငင်းထုံ ၂ ပါးကို ရှေ့နည်းပစ်၍စားပြီး၏၊ ထိုပြာနှင့်ဇာတိကပလ် လေးညှင်း-လေးတူ-အခြောက်ကြိတ်၍ အန္တာဖုတ်ပြီးမှပစ်လေ။ စူး၏။ ၄င်းပြာနှင့် သုတ-လေးတူသွင်း၍၊ ဆိုခဲ့သောအစဉ်အတိုင်း စီရင်ပြာရောက်၏။ ၄င်းပြာနှင့်သွပ်လေးတူထိုး ထုံကျ၏။ ၄င်းပြာနှင့် သုတ-လေးတူသွင်းဆိုခဲ့ပြီးသော အစဉ်အတိုင်း စီရင် ပြန်၏။ရွှေလေးတူထုံကျ၏။ ၄င်းထုံ ဒိ/၊ နာ-၁၀ မှာပစ်၊ နရဏီချိပ်ဖြစ်ပြန်၏။ ၄င်းနရဏီချိပ်ကို ၁ ကျပ် ယူ၍ ဘော်တစ်ပိဿာမှာပစ် နီဖလံဖြစ်၏။ ငင်းဖုတ်ပြီးလျှင်သုတစ်လေးတူသွင်း၍ ဆိုခဲ့ပြီးသော အစဉ်အတိုင်း စီရင်ပြန်၍ သွတ်နှင့် လေးသူထိုး၊ ဖုတ်ဖြစ်ပြန်၏။ ငင်းဖုတ်ပြီးသော ၁ကျပ်ယူကို နာ ၁၀ မှာပစ် နာလိကာချိပ် ၁ ကျပ်ကို ဘော် ၁၀ကျပ် မှာပစ်နာလိကာ ဖြစ်၏။ငင်းနာလိကာချိပ် ၁ ကျပ်ကို ဘော် ၁၀ မှာပစ်၊နာလမုတ္တာဖြစ်၏။ ငင်းတစ်ကျပ် ယူ၍ ဘော်တစ်ပိဿာမှာပစ် အဋ္ဌနာဖြစ်၏။ ငင်းဖုတ်နှင့် သုတလေးတူတွင်းဆိုခဲ့သော အစဉ်အတိုင်း စီရင်ပြန်၍ ရွှေနှင့်လေးတူထိုးထုံဖြစ်၏။ ငင်းနှင့်သုတ လေးတူသွင်းနောက်အစဉ်အတိုင်း စီရင်ပြန်-ဖုတ်ပြန်ပြာဖြစ်၏။ နာ ၁၀ မှာ ၁ ကျပ်ဖြစ် နောမယချိပ်ဖြစ်၏။ ငင်းချိပ် ၁ကျပ် ဘော်တစ်ပိဿာမှာ ပစ်- ဇမ္ဗူရစ်ဖြစ်၏။ ငင်းပြီးနှင့် သုတလေးသူတွင်း၊ ဆိုခဲ့ပြီးသောအတိုင်း စီရင်ပြန် ပြာရောက်သည် ကာလ တစ်နေ့နှစ်ရွေးစား ဝိဇ္ဇာမန္တာန်သိဒ္ဓိပြီး၏။ ငင်းပြာနှင့် သုတလေး တူသွင်း- နောက်ကအစီအရင် အတိုင်း စီရင်ပြာရောက်သည်ကာလ တစ်နေ့နှစ်ရွေးစားပြန် ၁ ကျပ်ကုန်သော် အင်္ဂဝိဇ္ဇာထိုဖြစ်၏။

## ဤကားမူလီအခဲသေ သုတတွင် စီရင်သော
## အဓိပတိလမ်းတည်း

**အဓိပတိဝိဇ္ဇာဓိုရ်လမ်း-နှစ်ပါးစီရင်နည်းတက်စဉ်**

ဇော်ဂျီဝိဇ္ဇာဓိုရ်ကား ဤနည်းကဲ့သို့ လက်ယာလမ်းကို ငွေကျွေး၍ စီရင်ပြီးသော် ငွေပြာကို စားသော်၊ ဝိဇ္ဇာဓိုရ်နှစ်ပါးကား ရွှေပြာစား- ငွေပြာစားသော်၊ ဝိဇ္ဇာဓိုရ်ဖြစ်၏၊ ထိုဝိဇ္ဇာဓိုရ်နှစ်ပါးကားရွှေပြာစား- ငွေပြာစားနှစ်ပါးဖြစ်၏။အလိုရှိသော်ကား ဓါတ်လေးပါးအရည်လင်းရာမှာ တံတွေးထွေးကာမျှဖြင့် ရွှေငွေကူအပြီးတိုင်စေ၏။ လူစသောသတ္တဝါတို့၏ အကောင်အမိုးတို့ကို ရေကိုငုံ၍ ထွေးကာမျှဖြင့် ရှင်စေနိုင်၏။ မူလအခဲသေ သုတဘင်စိန်တွဲပြန်တက်ရန် မဆုံးပြီ

**အဓိပတိဝိဇ္ဇာဓိုရ်နှစ်ပါးလမ်းပြီး၏။**

**မူလ သုတအခဲသေနှင့် ဘော်စိန်းတွဲစီရင်နည်း**

ဧင်းနည်းကား-မူလသုတခဲသေနှင့် ဘော်စိန်းတွဲပြီးသော်၊ ရှားစောင်းလက်ဆတ်ကို ပြာတင်မန်၍၊ အန္တာသွင်း၍ မီးပြင်းထိုး ထုံးကျ၏။ ဧင်းထုံးကို သေပြီးအခါ ဤနှစ်ပါးကို ပျားနှင့်တေပြီးလျှင်- အန္တာအောက်အထက်နှိုး၍ထိုး-ပြာရောက်ပြန်၏။ မထိုးလိုသော် နွားချေး-မြင်းချေးဖွဲနှစ်တင်း နှစ်ပြည်နှင့် သုံးရက်ဖုတ် အလွန်ကောင်း၏။

ထိုထုံးစီရင်၍ရောက်သော် ပြာတွင်ထင်းပြာ၊ မျက်နှာဖုံးပြာဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် ထင်းပြာလိုက်သော်ကား - ဇာမိပ္ပိုလ် လေးညင်းပြာကို အခြောက်ကျိုပ်ပြီးသော်၊ အန္တာဖုတ်ပြီးသော် ပစ်စူး၏၊ မျက်နှာဖုံးပြာလိုက်သော်ကား ခွေးတောက် ပဥ္စအခြောက်ပြာနှင့် အမှုပြု၍ အန္တာဖုတ်ပြီးမှ ပစ်ထူး၏။ ဤသို့စီရင်ပြီးမှ ဓါတ်လေးပါးတစ်ရာတွင် သုံးရွှေးခပ်-နာမှာလေးတူထိုး- ဆင်မှာဒန်သုံးဆ၊ ဒန်တစ်ရာကို ရုပ်တစ်ဆယ်သွင်း ဝင်သမျှတစ်ကျပ်ထည့်ပြီး၏။ ဧင်းပြာကို တက်လိုသော် ဧင်းပြာနှင့် သုတလေးတူ စရနယ်ပြီးလျှင် ရှားစောင်းလက်ဆက်ကို ပျားနှင့်တေ၊ အန္တာဆေး မှိုက်သွင်း၍ အထက်နည်း နွားချေး၊ မြင်းချေး၊ ဖွဲတစ်တင်းစီနှင့် သုံးရက်ဖုတ် ပြာရောက်၏။ ဧင်းပြာနှင့် ရွှေငွေလေးတူထိုး ထုံကျ၏။ လက်ယာထုံကား- ဒန်ခပ် ပြာ ၁၀ မှ ၁ ကျပ်ဖြင့် အုဌ်မှုန့် နန္ဒင်းမှုန့် နှင့်လှော် - ရွှေစင် လက်ထုံဓါတ်သုံးပါးမှာဖြစ်၍ စားပြီး၏။

အထက်ဆိုခဲ့ပြီးသော နည်းကိုမှီ၍တက်လေ ဝိဇ္ဇာဓိုရ်ဖြစ်၏။ ဤကား မူလအခဲသေ ဘော်စိန်တွဲပြာတက်၊ ဒုတိယ ဝိဇ္ဇာဓိုရ်- အဓိပတိဝိဇ္ဇာဓိုရ်လမ်းတည်း သံဝိဇ္ဇာလမ်းကို လိုက်လျှင်လည်း သံတောင်း၍ သံလမ်းကိုလိုက်လေ- ဣစ္ဆာသယ အလိုရှိသမျှတောင်း၍ရ၏။ သံဝိဇ္ဇာနှစ်ပါးသာရှိသည်၊ သံပြဒါး ဝိဇ္ဇာသံသေကိုငုံ၍ ပျံသောဝိဇ္ဇာဟူ၍ ၂ ပါးအပြားရှိသည်။ တန်ခိုးအာနုဘော်တူမျှကြကုန်၏။ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာလုပ်လိုလျှင် သံသေသောဆေးကိုတောင်း သံလမ်းရှိသ၍ စီရင်လေ ပြဒါးလမ်းကို စီရင်လိုလျှင် ယခင်အထက်နည်းစီရင်လေ။

## ဤကားပြဒါးဝိဇ္ဇာ သံဝိဇ္ဇာထွက်ရပ်လမ်း ပေါက်မြောက်သော အဌမပညာအခဏ်းပြီး၏။

### နဝမပညာအဆင့်တက်ရန်အခဏ်း

စမလမ်းကိုလိုက်လိုမူ အထက်ပါဒေသနာဂါထာများကို ၆ လတိုင်တိုင်အားထုတ်ပြီးလျှင် စမအဌာရသ (၆၆) အင်းချ ပထမံ (၄၈) အင်းချ (၀) လေးထောင့် (၁၆) အင်းချ ဣန္ဒာသယ (၉၆) အင်းချ နှစ်ကျိပ်ရှစ်ဆူ (၁၆) အင်းချ ၊ ၎င်းနောက်လိုရာအကွရာအင်းကိုချ ၎င်းချပြီးသော အင်းတို့ကို ပြာပြု၍ အထက်ပါဂါထာတော်များနှင့် စုပ်ပြီးလျှင် သောက်လေပန်းပေါင်း ၁၀၀၀ နံ့သာမျိုးငါးပါး နတ်ဆေးပေါင်းပန်းဥ၊ ဒေါန၊ သန့်ဇင်၊ ဂမုန်းပေါင်း ၎င်းစုကို ယခင်က အင်းပြာနှင့်ရောပြီး အုန်းရေကြဲရည်နှင့်ကျိုပ် မဟာဆိမဟာသွေးနှင့်ကျိုပ် (မဟာဆီ-မဟာသွေးဆိုသည်ကား မိန်းမနို့ရည်ကိုဆို၏။) နွားနို့၊ ကျွဲနို့၊ ဆိတ်နို့တို့နှင့် လဲကျိုပ် ကျောက်ပျဉ်အောက်မှာ ဖြူစင်သော အဝတ်ကိုခင်း၊ ဖြူစင်သော အဝတ်ကို ကာမိုးပြီးလျှင် ဆရာလုပ်သည်မှာ ၉ ပါး၊ ၁၀ ပါး သီလများထိန်းရမည်၊ တပည့်လုပ်သူမှာ ရှစ်ပါးသီလထိန်းရမည်၊ တပည့်မဟုတ်သူများမှာ ငါးပါးသီလထိန်းရမည်။ အလုံးစုံ အဓိဋ္ဌာန်သီလ ဆောက်တည်ပြီးမှ ကျိုပ်ရမည်။ သီလမရှိသောသူကို အနားသို့မလာစေနှင့် ကျိုတ်ပြီးလျှင် အထက်ပါ ဒေသနာဂါထာများကို အမြဲမပြတ်ရွတ်ဖတ် သရဇ္ဈာယ်၍ စုတ်လေ။

ဂါထာစုတ်ပြီးလျှင် ၎င်းဆေးကို နံ့သာမျိုးငါးငါး ရေကြသရမူလီမြစ်ရေနှင့်သောက်လေ ပြီးလျှင် ငါလိုလူ ဇမ္ဗူမရှိဟု ဥဒါန်းကြူးရင့်လေ အသင့်ကို ဘိုးဘိုးအောင်စသော စမဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာတို့ကိုယ်တိုင် လာရောက်၍ ခေါ်လိမ့်မည်။ ၎င်းအဆင့်မှ ဝိဇ္ဇာအမျိုးမျိုးလမ်းစဉ်သို့ တက်နိုင်ပါသည်။

## ဤကား စမဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာတို့၏ ပညာကိုတတ်မြောက်သော နဝမအခဏ်းပြီး၏။

မှတ်ချက်။ ။ ကျမ်းလေးမည်စိုးသောကြောင့်၊ သံလမ်း၊ ပြဒါးလမ်း၊ ဆေးလမ်း၊ အင်းလမ်း၊ စမလမ်း စသော လုပ်ထုံးလုပ်နည်းများကို အထက်ကရေးခဲ့သည့်အတိုင်းမှတ်လေ၊ အကျယ်မရေးတော့ပြီ တရားအားထုတ်သောသူတို့သည် ၆ လအားထုတ်ပြီးလျှင် မိမိဝါသနာပါရာကို တောင့်တလိုက်လျှင် အလိုအလျှောက်ပေါက်၍လာမည်၊ ပြသမည့်ပုဂ္ဂိုလ်လည်းပေါ်မည်။

### ဒသမပညာကဏ္ဍအဆင့်တက်ရန်

အထက်ပါဒေသနာ ဂါထာများကို တောတောင်ထဲ ကမ္မဋ္ဌာန်းကျောင်းအတွင်း အမြဲမပြတ်ရွတ်ဖတ်သရဇ္ဈာယ်၍ ခုနှစ်လမြောက်လျှင်၊ စကျွ သောတမနကာယဖေါ်ဒွပ္ပထွေထွေ တို့ကို ကြည့်တိုင်းမြင်လိမ့်မည်။

မြင်ပုံကား- စတုဗ္ဗဟုနာမည်ခေါ် မှန်းစန်းမဓိမ၊ တိုက်ကိုသိမှ သတိရှိရာ ဒေဝါယက္ခ၊ ရုက္ခဘုမ္မ၊ အာကာသနှင့်

ဥဒကတရိုး၊ အစိုးရခြင်း ရှင်နတ်မင်းတို့၊ ကောင်းခြင်းသာရ၊ ခေါ်ပေပြုသည်၊ သင်မှုမှန်စေ
မနုဿေနတို့၊ ဆောင်ကြပါစုဂ်၊ ဟုတ်ဟုတ်မှန်မှန်၊ ဧကံမဆုတ်အယုတ်လည်းကင်း၊
လိုချင်ခြင်းဖြင့်၊ လျှင်ပြင်းရောက်မည်၊ ဆိုသည်ဂါထာဝစနာကား-

"ဂဗ္ဘဝုဒလိ ဂုမ္ဘိယဿပဒံ၊ ဥပိယံ၊ အဏ္ဍမရုကော။ ။

ဟူသောဝစနတ္တကို မှန်ပြမလတ်၊ အာစပ်မဖွင့်၊ လျှာနှင့်ချင့်မှ၊ မရင့်မယူရှုသည့်အသက်
မထွက်ပြင်သို့၊ ဆိုဘိဂါထာရှိသောအခါမှ၊ လိုရာအရပ်မတ်တတ်နေဌြာ၊ မတ်တတ်ထားသော်၊
လိုငြားအမှုဗဟုအန္တာရ၊ နာမဝိဂ္ဂဂ်၊ ခေါ်ပညတ်သည်" သွားတတ်သောစေဝမ်းဝယ်ခွေ -သည်
အကွရာ၌ မပျော်ကျိုက်မှု၊ မထိုက်သောသူ၊ မှတ်ယူမှုလေ၃။
ဇမ္ဗူဒိပ်ပြင်၊ကျွန်းခွင်အရပ်၊မြတ်စိဋ္ဌေယျ၊ဗျာဒိဝ်ချရာ၊ပြည်သာပေါက္ကံ၊နန်းစံနော်ရထာ၊
ဆက်လာရာတွင် ၊နရပတိစည်သူ၊မှတ်ယူသတိပညာရှိအား၊ မေးဖန်များက၊ မကြားလူသူ၊
စာလေးဆူကို၊ ကန့်ကူဆက်သ၊ ရဘူးပါကြောင်း၊ ထုံးဟောင်းစဉ်လာ၊ဝိဇ္ဇာမယ၊
ဂါထာတန်ခိုး၊ နတ်တို့မျိုးမှ၊ အာစရိယ၊ ပူဇော်ပ၍ မှတ်ထလွယ်ဘိ၊ မဏိသာရ၊
ကျမ်းမြတ်ဝိဇ္ဇာထွက်ပေလာသည်။ ။ဆရာတို့ကားပန်းမောစွာဟု၊လူများမသိစေသတည်း။
ဤကား စက္ခု၊ သောတ၊ မန၊ ကာယ၊ ဖောဋ္ဌဗ္ဗ အလုံးစုံပေါက်မြောက်သော ဒဿမပညာခဏ်းပြီး၏။

## ကောဒဿမပညာအဆင့်ကဏ္ဍတက်ရန်အခန်း

အထက်ပါဂါထာဒေသနာတော်များကို တောတောင်အတွင်း ကမ္မဌာန်းကျောင်းတွင် အမြဲမပြတ်ရွတ်ဖတ်သရဇ္ဈာယ်၍၊ (၈) လမြောက်လျှင် ပျက်တတ်သည်အပျက်များသည်။ ဖျက်သောသူတို့သည် အာရုံအမျိုးမျိုး၊ ဝတ္ထုအမျိုးမျိုးတို့နှင့် အစွမ်းကုန် အလိုစွမ်းကြလိမ့်မည်။ ပေး၍မယူ အပ်သောအမှုကို ယူမိလျှင်သစ္စာပျက်တတ်၏။ သစ္စာပျက်လိမ့်မည်။

သီလ-သမာဓိကို ရှေ့ထား၍ ဆင်ခြင်ရလိမ့်မည်၊ ကြိုးစားစောင့်ထိန်းရမည်၊ အစွမ်းကုန်လာ၍ စမ်းလိမ့်မည်။ ဒေဝဏ္ဏတ္တိ၊ ဒေဝဘုမ္မစိုး၊ စသောနတ်မိန်းမတို့သည်၊ အသင်၏အကျင့် တရားမပျက်ပြား ပျက်ပြားအောင် အမျိုးမျိုးဖန်ဆင်း၍ အဖျက်ကြီးဖျက်ဆီး ကြလိမ့်မည်။ တရားကို ကြပ်ကြပ် သတိထားလေ။ ပျက်တတ်၏။ ဤ (၈) လမြောက်လျှင် ပျက်သော သူများသဖြင့်အထက်ပါ ဒေသနာ ဂါထာမန္တာန်များကို အမြဲမပြတ်အထူးတလည်၊ ရွတ်ဖတ်သရဇ္ဈာယ်၍ သီလ၊ သမာဓိဟူသော ခံတပ်ကြီးကို အမြဲဂရုပြုလေ ဖျက်ဆီးလာသော သူများကို လှန့်ခြောက်ရန် ဂါထာကား-

ခြားနား-ခြောက်ခန်းဆောင်မြလမ်းကို ဖြောင့်တန်း၊ ကြည့်ရဗဟုကိစ္စ၊ အာစရိယ တို့မှတ်ကြ
ကုန်အောင် စိန်-ကျောက်တောင်သို့ ဆင်းပြောင်ဝင်းဝါ၊ ညီပြာဖြူမဲ၊ တစ်ချက်တည်းပင်၊
ဝင်သူမငြိမ်း စိုးရိမ်ကြောင့်ကြ၊ ဒုက္ခပြင်းပြ၊ မနုဿစရိယ။ မဓိပပြန်ခို၊ ဆိုမည်မှတ်ကြ။
(ဧဟိပိယယာ စိတ္တာဒေဝ၊ ကိုယာမနော။ သောအဟံမမ) တကြိမ်ထိုမှ၊ ဝင်ခစားရုံး၊ ယူထုံးထွက်ရာ၊

ဖောဠဗ္ဗာနှင့်၊ အာရမ္မဏ၊ သမခြေင်း၊ မြိုင်ချောင်တွင်းသို့။ ချင်းသည့်တောကျောင်း၊ ရိပ်ကောင်းသာရွှင်၊ ထွက်ဝင်လုလာ၊ ရတို့ပါအောင်၊ ဆောင်သည့်ဝစနာ၊ စွမ်းပကားကား။ (သကျ-ကာမေသတ္တဟာရေ မေကို့တော) ဟု တတောထိုမှ ဒွါဒသဖြင့် ကာလစေ့ခါ၊ ထိုပါဌ်လာကို၊ ဆောင်ပါအာစရိပညာရှိတို့ သိကြစေသား ဆရာပြောမည်၊ တတောထိုမှ လူမိန်းမတို့ ခိဏာသဝ၊ တတိယဉ် ခေါ်ကြသမိုက်၊ မထိုက်ဂါထာ၊ ပါဌ်အလာကား-ပူဇာပြင်းလှ၊ ပေါင်းရမက်စွဲ ကာမရဲ့ဌ် သဲသဲကျွတ်ကျွတ်၊ လာ၍ဖျက်မူ၊ မိန့်မြွက်ဂါထာဝစနောကား (ဒေဝါဒေဝ ဟီရိဘဂိနိ အဇနိ ဒုန္နတိ ပြယ်ဒိဝံ) ဂါထာမွန်ကို၊ တသွန် မရွေ့ ပြကာတော့ဖြင့်၊ ရွတ်လေ့မှန်စွာ ရှိသောခါမူ၊ ဟေမာတောဖျားအတိတ်ထားသည်၊ နတ်သားဣတ္ထိ၊ မယ်ကညီတို့၊ ရှိသမျှစေတနာသ၍ ညွတ်ခကြည်ညို၊ လိုသမျှပင်ရလေချင်သည်။ လူတွင်ဒိသာ ဆရာတို့၏ လမ်းဆုံးတည်း။ ဤဒေသနာဂါထာများကို နေ့ညမပြတ်ရွတ်ဖတ် သရဇ္ဈယ် (၆) လ (၁၂) လ စေ့မှ တန်ရမည်။ ဤကား ဒေဝဣတ္ထိ ဒေဝဘုမ္မစိုးတို့၏ ကောဒသမပညာကဏ္ဍအခန်းပြီး၏။

## ဒွါဒသမပညာအဆင့်တက်ရန်ကဏ္ဍ

အထက်ပါဒေသနာဂါထာများကို တောတောင်အတွင်း၌ မိမိနေသော ကမ္မဋ္ဌာန်းကျောင်း အတွင်း အမြဲမပြတ်ရွတ်ဖတ်သရဇ္ဈာယ်၍၊ (၉) လမြောက်လျှင်၊ ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ သမ္မာဒေဝနတ်တို့အား ကန်တော့ပွဲစုံ၊ ဆွမ်းတော်ပွဲစုံ၊ မုန့်ပွဲစုံတို့ဖြင့် တစ်ပွဲစီ၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အသီးသီး ပြင်ဆင်၍ (၁၂) မှ (၁၈) တိုင်အောင် ပူဇော်လေ။

**ပင့်ဖိတ်ရန်လက်ာကား-**

ဩြောင်းဘဒ္ဒကပ်ဟု မြတ်လှကမ္ဘာ၊ ပေါ်ဦးစွာက၊ ဖြဟ္မာ၊ မြေးမြစ်-လူလျှင်ဖြစ်ခဲ့၊ **စောင့်လစ်သီတင်း၊ မကင်းဒါန**၊ ရေသွန်းချ၍၊ သီလကိုသာ နေ့တိုင်းရှာလျှက်၊ တောမှာနေပြီး ရသေ့ကြီးအား ခစားကျိုးနွံ၊ ဆုံးမခံ၍၊ နှိုင်းစံတုလွတ် ဇော်ဂျီနတ်ဟု၊ အထွဋ်မှန်ကင်း-ကောင်းကင်ပြင်သား သီတင်းကျော်ပြီး တပသီစံ၊ ဇော်ဂျီပျံအား၊ ခပ်သိမ်းသောအပြစ်တို့ကို ပထမ-ဒုတိယ-တတိယ- ၃ ကြိမ်မြောက်အောင် ရှိခိုးပူဇော်ပါ၏။

ကန်တော့ရသော အကျိုးအားကြောင့် ငါသည် သူရဿတီ-စန္ဒီ-ပရမီသွာ-မဟာပိန္နဲ၊ အမြဲစောင့်ထ-နတ်ဟူသမျှနှင့်-ဂေါရမန္တ-ဒေဝအမျိုး၊ တန်ခိုးကြီးဘိ၊ မဏိမေခလာ-သူရာသူရ၊ ယက္ခဂုမ္ဘာန်စ သည်တာနော အဆောတလင် လာစေချင်၏။ ဟေဖော် သုဥ္စဟိ-ဘုဥ္စဟိ

(၃-ကြိမ်ဆိုကျွေးပါ)

မုက္ခဂိရိနာတပ္ပ ဝိပ္ပ ဒုပ လိက္ခ မုက္ခိ၊ စန္ဒဂုမ္ဘိ၊ ဝိမလာပ၊ ဝိရုဠက၊ ဝိလုစ္စ ဝိပဟိန္ဒ၊ နန္ဒသေန၊ စောဒက၊ ဘေသစ္စံ၊ ဤမျှလောက်သောဆရာ၊ ဒိုဒေဝါတို့၊ ပညာနိသျှ၊ တို့ကျောင်းဝဥ၊ စောင့်ကြပါစေ၊

အထွေထွေပြော၊ ဗုဒ္ဓယောသာရ၊ သီဟိုဠ်မျှလျှင်၊ နမက္ကာရာ၊ ဂါထာမြတ်ဖြင့်၊ ချိုးမြှင့်ရွတ်ဖတ်၊ တိုက်ပိဋကတ်၊ ပွင့်တုံလတ်၏။ ရေးမှတ်စာပေ၊ ရဘူးလေ၏။ ကမ္ဘာကြေမွ၊ ပျက်ပြုံးရသည်၊ ထိုကဝိဋ္ဌာ၊ နာနာပကာရ၊ သဒ္ဒသိဒ္ဓိ၊ ဆိုနိုးရှိ၏။ တစ်မကျွန်၊ လောဟန်သုတ၊ ဂီလာနကို၊ ပေးကြကုန်လေ၊ ရွတ်လေမပျက်၊ မှာသောချက်နှင့် နံနက်ညနေ၊ သေသေချာချာ၊ နေ့မှာညရောက်၊ မပျောက်အက္ခရာ၊ တောမှာနေလေ့၊ ရှင်ရသေ့တို့၊ ချမ်းမြေ့-မေတ္တာလျှင် စေသတည်း။

ယုဂန်ကုသိန်၊ ကရဝ်၊ သုဒဿန၊ နေမိန္ဓရ၊ ဝိနဿကမှန်၊ အဿကဏ်နှင့်၊ တောင်ရန်ခုနှစ်ဆင့်၊ နိမ့်မြင့်ဝန်းကာ၊ ငါးပြာအာလိန်၊ တောင်မဟိန်ကို၊ ရောင်ရှိန်ကြွားကြွား၊ စောင့်ကြပ်ထားသည်။ နဂါးဂဠုန်၊ ဂုမ္ဘာန်ယက္ခ၊ ဂန္ဓဗ္ဗနှင့် လောကစတု၊ မေရုထက်မှာ၊ က္ကန္ဓါသိကြား၊ နှစ်ပါးနေလ၊ မကျန်ရအောင်၊ ဒေဝခြောက်ဘုံ၊ အလုံးစုံကို ကြည်ရှုံသဖွါ။ ဆင်းကြွပါဟု၊ သံယာချိုအေး၊ မနှေးစေကြောင်း၊ ဂါထာပေါင်းနှင့် သံညောင်းတွတ်ထွက်၊ ရွတ်ကြယခု၊ တွံတစုတို့၊ အောင်ဆုဝိဇ္ဇာ၊ ရလိုပါကြောင်း၊ ရည်ရော်တောင်းလျက်၊ တောကျောင်းနေ၏။ တောင်းသည့်ခါခါ၊ ပတ္တနာရှိ၊ ရှေ့တိတိကို၊ မြင်သိစရာ သင်ပါနိုသျှ၊ ပါမောက္ခထံ-မှတ်ရန်နည်းကောင်း သိပ္ပပေါင်းကို၊ လမ်းကြောင်းမပျက်၊ ပထက်အက္ခရာ တင်ခါမယို၊ လောက်ဖွယ်ရာ၊ က္ကစ္ဆာသယ၊ လိုအပ်သရွေ့တစေ့မလပ်၊ အာတပ္ပနနှင့်၊ ကျမ်းမလုံးဟောင်း၊ သိပ္ပပေါင်းကို၊ သောင်းသောင်းအုတ်အာ၊ ရှင်ဒေဝါတို့၊ ဝိဇ္ဇာရမှု၊ အကြောင်းပြု၍ ယခုသဖွံ၊ ဝစနံကို၊ အလျှင်မိန့်တော်မူစေသောဝ်။ ။

ဤကားဝိဇ္ဇာနတ်တို့ကို လူဝိဇ္ဇာ၊ နတ်ဝိဇ္ဇာတို့လာ၍၊ အလုံးစုံပညာပေးသော ဒွါဒသမအခန်းပြီး၏။

## တေရသမပညာအဆင့်တက်ရန်
## လူဝိဇ္ဇမိုရ်ပညာတတ်မြောက်သောခန်း

ဤအထက်ပါဒေသနာဂါထာများကို၊ တောတောင်အတွင်း ကမ္မဋ္ဌာန်းကျောင်းတွင် အမြဲမပြတ် ရွတ်ဘသ်သရဇ္ဈာယ်၍ ဆယ်လမြောက်လျှင် သိဒ္ဓ ၇ ပါးကိုချန်လုပ်၍ ၊ ၁၂၂၂၂၀၂- (တစ်သန်း နှစ်သိန်း နှစ်သောင်း နှစ်ထောင် နှစ်ရာ နှစ်) ပါးသော နိဿယတို့ကို အကုန်အစင် တတ်သိကုန်၏။ ရုက္ခစိုး၊ ဒေဝါက္ကတ္တိ၊ ဒေဝဘုမ္မစိုး၊ ဇော်ဂျီဝိဇ္ဇာ သင်ပြလာကုန်၏။

တစ်ထွေထိုမှ ပဌမဟု နမုဆုလိုက် မထိုက်မရှိ တတ်သိအက္ခရာလာစေငှါဖြင့် ပါစေလို၍ သွားချေဆိုလည်း ထိုအမျိုးသားဆရာများကို မှတ်သားစေဟု တစ်ခုမကျန် မှတ်ရန်မှတ်သင့် ဂါထာဖြင့်-ကား။

အစ်ကားတြိ ဒွေးတိဇယ ဆကားသတ်ကို

အစ်ကိုတဝ ကမ္မဆတိ၊ သံချိ ဒေဝတရောဟူသော ဝစ နတ္ထကို-သင်ပြလိုရာ စေတိုးပါဟု ဆရာတစ်ပုဒ် တက်သုတ်မနှေး ပေးဝေအများ ရင်ြာအထူး အစဉ်းစွာ။

ဝါမက္ကန္တော စတုလောကေ

ဒေဝါဟိတံ၊ သုန္ဓရံဝ ဒဿု၊

-ဝိဒိမောက္ခေ၊ ပသန္နသ၊

အဟံ ဒုမ္မန် ဒုက္ခူ၊

လိုကရွတ်လေ၊ အထွေထွေပင်၊ ကြည့်တိုင်းမြင်သည်၊ မည်ပင်သာယာ၊ မဟာဘူနေ၊ မြေမှစသည်၊ ဒေဝအကုန်၊ ခြောက်ဘုံနတ်ရွာ၊ ကျန်ရာမရှိ ၊နတ္ထိယက္ခ၊ ဘုမ္မအာကာ၊ နာနာဝိဋ္ဌာ၊ ရှိသမျှကို ကြွထတလည် လာသည်ချည်းပင် တန်ခိုးတင်လျှက် မိန့်မြွက်အာဏာ ဝါစာစကား- ချစ်သူများ၍ နတ်သားအထူး၊ ရှည်မူအသက်၊ ဒီယထွက်၍ ကြီးနက်ကြီးလှ၊ တေဇာအာဏာ၊ ဆေးမြတ်စွာကို၊ ဒေဝါဝိုင်းကုံ၊ ယက္ခစုံနှင့်၊ ရုံ့ဟေမာ၊ ပဗ္ဗတာတွင်၊ နေချင် စောင့်ရှိ၊ ရုက္ခစိုးအညီ တပသီမွေ့၊ ရသေ့အထွေထွေ၊ လိုလေသမျှ ရသည်ချည်းပင်၊အတိုင်းထင်လိမ့်၊ ခုပင်မျက်မှောက် ရောက်လေနတ်များ၊ စကားမေးမ၊ ပြောဟောရ၏။ သတိစင်ကာ စီရင်ရာသည်။ လူထွင် ဝိဇ္ဇာမိုရ် ပညာတည်း။

(ဤအခန်း ပညာမျိုးစုံပြီး ဆရာလိုရာ ပြည့်စုံ၏)

ဤကား လူဝိဇာမိုရ် ပညာတတ်မြောက်သော တေရသမ ပညာခန်းပြီး၏။

စတုဒ္ဒသမပညာ ကဏ္ဍာအဆင့်တက်ရန်

ဤအထက်ပါ ဒေသနာ ဂါထာတော်များကို တောတောင်အတွင်း ကမ္မဋ္ဌာန်းကျောင်းတွင် ရွတ်ဘသ် သရဇ္ဈာယ်၍ ဆယ့်တစ်လမြောက်လျှင် ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ ပထဝီ သိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ မနောမယ သိဒ္ဓိတို့ကို အလုံးစုံ ပေါက်မြောက်သဖြင့် ပညာအမျိုးမျိုးစုံလေပြီ၊ ဆရာလိုရာ ပြည့်စုံပြီ။ ပြည့်စုံရခြင်း အကြောင်းရင်းကား-

ဇမ္ဗူဒီပါ မြရောင်ဖြာသည်၊ လက်ယာကျွန်းတွင် -ဘက်မမြင်သည် နှိုင်းချင့်ပညာ လူဝိဇ္ဇာကား မှတ်စေခြင်၊ လူတွင်အက္ခရာ၊ ရှာသော်မရ ဒေဝယက္ခာ၊ ဘုမ္မာ-ဘုမ္မာစသည့်နတ်များ၊ သူတို့အားကား မမှားသတိ။ ဖြောင့်ဘိအယူ၊ စင်ဖြူသီလ၊ မစွမယွင်း၊ ရှိလျှင်းလေပြား ဤသူအားမှာ၊ များစွာနိဿ၊ ဆောင်ရွက်ရ၏။ မုချသတိ၊ လူမသိရန်၊ အဂေါမူလ်၊ တောင်ရဲတောင်ထွင့်၊ ကိန်းဝပ်တောင်ခေါင်း၊ ရိပ်ညောင်းဆာယာ၊ မြင့်စွာတောင်ထိပ်၊ တောင်ရိပ်မှောင်မှောင်၊ ရာထောင်ဗိုလ်ခြေ၊ မမြင်လေအောင်၊ နတ်မောင်ဒေဝါ၊ ဆီးကာပိတ်ပင်၊ မှေးမမြင်သည်၊ လူတွင် ဝိဇ္ဇာမိုရ် အံ့သာတည်း။

သေချာခြားနား၊ သည်ကမ္ဘာ၍ သုံးပါးအကြောင်း၊ ပေါင်းအုံ့များစွာ၊ ထိုဝိဇ္ဇာကို၊ သေချာအမြဲ နှစ်လုံးစွဲ၍၊ ခပဲများစွာ၊ သတ္တဝါကို၊ ရှာသော်မရ လောကဓါတ်မှာ၊ စံစားရာသည်။ လူသာ စင်စစ်၊ စေ့မြစ်စစ်ဆေး၊ ဆွေးနွေးသေချာ၊ ရှာသော်အသင့်၊ ပြည့်စုံလင့်၏။ ခုနှစ်ဆင့်အား၊ မိန့်မှဲထားမြောက်၊ သိဒ္ဓိပေါက်သည်၊ မျက်မှောက်ဆက်ဆက် ဝိဇ္ဇာမိုရ်တည်း။

လူတို့ကိုမသိစေနှင့်၊ သိလျှင် အသက်သေတတ်သည်၊ မပြောမဆိုနှင့် ကြပ်ကြပ်သတိထားပါလေ၊ ဤဝိဇ္ဇာမိုရ် ဆရာမြတ်အပေါင်းနှင့် ပျော်ပါးရင်းနှီးစွာ တိုင်ပင်ရာသော် စတုဒ္ဒသမ ပညာကဏ္ဍာကားပြီး၏။

## ပဉ္စရသမညာကဏ္ဍအဆင့်တက်ရန်

ရှေးနည်းအတိုင်းကျင့်၍၊ ဆယ့်နှစ်လမြောက်လျှင် ဝိဇ္ဇာတိုင်းပြည်သို့ ဝိဇ္ဇာမိုရ်များက သင့်အားခေါ်ဆောင်သွားလိမ့်မည်၊ ရောက်လျှင် ဂါထာမန္တာန် ဝိဇ္ဇာမိုရ်ကြီးဖြစ်လိုလျှင် သူတို့ပေးသော နည်းအတိုင်း ဆက်၍ ကျင့်လေ-(ဆိုလိုသည်မှာ မဟိဒ္ဓိစခန်း ကျင့်လို့ဆိုလို၏) ပုဂ္ဂိုလ်ကြီးများပေးသောနည်းအတိုင်း ကျင့်ရမည်။

မဟိဒ္ဓိစခန်းကား-

| | | | | |
|---|---|---|---|---|
| ၁။ | မာနိတပ္ပ | ▪ | မန္တလေးတောင်တွင် | (၇) ရက်ကျင့်။ |
| ၂။ | နန္ဒသေန | ▪ | သရိူင်းတောင်တွင် | (၈) ရက်ကျင့်။ |
| ၃။ | ကပ္ပလသ႒ | ▪ | မင်းဝံတောင်တွင် | (၁၀) ရက်ကျင့်။ |
| ၄။ | စန္ဒဂုတ္တိ | ▪ | မြင်းခွာတောင်တွင် | (၁၁)ရက်ကျင့်။ |
| ၅။ | သုနန္ဒရ | ▪ | ငွေတောင်တွင် | (၁၂) ရက်ကျင့်။ |
| ၆။ | မဟာဒုဿရိ | ▪ | တောင်ညိုတွင် | (၁၃) ရက်ကျင့်။ |
| ၇။ | မဟာဟာလိန္ဒ | ▪ | ဝက်ဘာတောင်တွင် | (၁၄) ရက်ကျင့်။ |
| ၈။ | မဟာဒုတ္တရိ | ▪ | ဟိမဝန္တာတောင်တွင် | (၁၅) ရက်ကျင့်။ |
| ၉။ | မဟာလတ္ထိတ္ထ | ▪ | ရှင်မတောင်တွင် | (၁၆)ရက်ကျင့်။ |
| ၁၀။ | မဟာယဗ္ဗဒီယ | ▪ | သတ္တဂူတောင်တွင် သို့မဟုတ် နွားကူးတောင်တွင် (၁၇)ရက်ကျင့်။ | |
| ၁၁။ | မဟာသြဒိဏ္ဏ | ▪ | ပုပ္ပါးတောင်တွင် | (၁၈) ရက်ကျင့်။ |
| ၁၂။ | | ▪ | ရန်ကင်းတောင်တွင် | (၁၉) ရက်ကျင့်။ |
| ၁၃။ | မာတာပုဖ္ဖက | ▪ | မယ်ဥတောင်တွင် | (၂၀) ရက်ကျင့်။ |
| ၁၄။ | ဇေယျာပဗ္ဗတ | ▪ | စစ်ကိုင်းတောင်တွင် | (၁၉) ရက်ကျင့်။ |
| ၁၅။ | ဝါတာဇာလ | ▪ | ရေတံခွန်တောင်တွင် | (၄၅) ရက်ကျင့်။ |
| ၁၆။ | ဣသိပဗ္ဗတ | ▪ | ကျိုက်ထီးရိုးတောင်တွင် | (၅၄) ရက်ကျင့်။ |
| ၁၇။ | သုမနပဗ္ဗတ | ▪ | စကြဲတောင်တွင် | (၆၃) ရက်ကျင့်။ |
| ၁၈။ | ပါဒပဗ္ဗတ | ▪ | မန်းစက်တော်တွင် | (၉၀) ရက်ကျင့်။ |

ဤမှထွက်လျှင်- သုစေတီ၊ လောကလူဝိဇ္ဇာမိုရ်အစစ်ကြီးဖြစ်၍ သိဒ္ဓိ၊ မဟိဒ္ဓိစခန်း အောင်မြင်ပြီးဆုံးတော့၏။

အထက်ပါတောင်များကို (၁၂) လရောက်လျှင် အလိုလို သိလာလိမ့်မည်။

**အကျိုးပြနိဂုံး**

အထက်ပါတောင်ထူးတောင်မြတ်များတွင် တရားအားထုတ်ပြီးလျှင် လူဝိဇ္ဇာမိုရ် သိဒ္ဓိရှင်၊

မဟိဒ္ဓိရှင် အစစ်ကြီးဖြစ်၍ မြေလျှိုးမိုးပျံ၊ တန်ခိုးဖန်ဆင်းခြင်း အမျိုးမျိုးရပြီး ပေါက်မြောက်၍ ဤမြင့်မိုရ်တောင်ကြီးမှစ၍ တောင်စဉ် (၇) ထပ် ဟိမဝန္တာသို့လည်း စိတ်သွားတိုင်း ကိုယ်ပေါက်လိုရာသို့ ရောက်နိုင်ပြီး ကျွန်းကြီးလေးကျွန်းနှင့်တကွ၊ ရေမြေတောတောင် သမုဒ္ဒရာမှစ၍၊ ရှိန်းဆာယာပိုမောက် ကိုယ်ဖြောက်၍လည်းသွားနိုင်ပြီ၊ မတတ်သောပညာ၊ မရောက်သောအရပ်၊ မရသောစည်းစိမ်ဟူ၍ မရှိပြီ၊ လောကီချမ်းသာစည်းစိမ်အမျိုးမျိုးခံစား စံစားကြရမည့်အပြင်၊ သံသေက၊ တပြည်ဝ၊ ပြဒါးသေက တစ်ဆွေဝဆိုရုံတွင်မျှမက ကမ္ဘာသူ ကမ္ဘာသားတို့၏အပေါ် ဘုန်းရှင်ကံရှင်၊ သမ္ဘာရှင်ကြီးဖြစ်၍၊ ဘုရားသာသနာတော်မြတ်ကြီးကို အလိုရှိတိုင်းပြုစုနိုင်ပြီဖြစ်၍ နောင်လာအစဉ် ဥဒါန်းရာဇဝင် တွင်လောက်သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကြီးဖြစ်လေပြီတကား-

ပန္နရပညာခေါ်းကား ဤတွင်အဆုံးကမ္ပတ်ဖုံးခြင်းသို့
ရောက်လေသတည်း
ပြီးပါပြီ

ပု ဒိ အာနှင့် ပြည့်စုံရပါလို၏။

၁၃၁၆ခု- တပို့တွဲလဆန်း (၈)ရက်၊ တနင်္လာနေ့ ၇၉---ရ၏။
တပို့တွဲလဆန်း (၉)ရက်၊ အင်္ဂါနေ့ ၇၉---ရ၏။
တပို့တွဲလဆန်း (၁၀)ရက် ဗုဒ္ဓဟူးနေ့ ၇၉---ရ၏။

ထိုနေ့နံနက် (၁)ချက်ခွဲအချိန်က ပုတီး ၉ ပတ်ပြီး၍ အနားယူပြီး၊ ပရိတ်များ ရွတ်ဖတ်နေ၏။ ထိုအချိန် လှိုင်ဂူကြီးအတွင်းဒေါင့်လေးဒေါင့်တွင် ရာဟုဒေါင့်မှစ၍ အလင်းရောင်ခြည်များ လက်ခနဲ လက်ခနဲပေါ်နေ၏။ ထူးဆန်းနေတာနဲ့ ကျွန်ုပ်လည်းကြည့်နေပြီး ပါးစပ်က တတွတ်တွတ်နှင့် ဂါထာမန္တန် ပရိတ်တော်များ ရွတ်ဖတ်နေ၏။ ထိုစဉ် အလင်းရောင်များ လက်ခနဲ ပေါ်လာပြန်၏။ ထိုနည်းတူ- အင်္ဂါထောင့် ၁ နေ့ထောင့်များကလည်း လက်ခနဲ လက်ခနဲ အလင်းရောင်များပေါ်လာပြန်၏။ ဘာများဖြစ်ပေါ်လာမလဲဆိုပြီး စောင့်ကြည့်နေ၏။ မိနစ် ၂၀ လောက် အကြာတွင် ဝါဝင်းသော အရောင်တန်းကြီးများ ဒေါင့်လေးဒေါင့်မှ အောက်သို့ကျလာ၏။ အောက်ရောက်သည်နှင့် တပြိုင်နက်၊ နတ်သားလေးယောက်ဖြစ်နေ၏။ နတ်သားလေးယောက်တို့သည် လက်အုပ်များချီကြပြီး အလောင်းတော် ကဿဖကြီးရှေ့တော်သို့ တဖြည်းဖြည်းတိုးလာကြပြီး ထိုင်၍ ရှိခိုးဝတ်ချကြ၏။ ပြီးလျှင် ကျွန်ုပ်ဘက်လှည့်၍ ကျွန်ုပ်ကို ရှိခိုးဝတ်ချကြ၏။ ဝတ်ချကြပြီး မတ်တပ်ရပ်၍ နောက်ကို လက်အုပ်ချီလျှက် တဖြည်းဖြည်း ဆုတ်သွားကြပြီး ပျောက်ကွယ်သွားကြ၏။ နတ်များ ပျောက်ကွယ်သွားကြပြီးနောက် ကျွန်ုပ်ပုတီး (၁၈)ပတ် ထိုင်၍စိပ်ရန် အဓိဋ္ဌာန်ပြီးစိပ်တော့၏။ ကျွန်ုပ်ပုတီးစိပ်နေစဉ်အတွင်း ဘုန်းတော်ကြီးတစ်ပါးလည်း ရောက်လာ၏။ ထိုဘုန်းတော်ကြီးလည်း ပုတီးစိပ်နေ၏။ ကျွန်ုပ်ပုတီးစိပ်ပြီးလို့ အမျှဝေလိုက်လျှင် ကြေးစည်သံများကြားရ၏။ ကြေးစည်အလုံးပေါင်း ၂၅ လုံးထက်နည်းမည်မထင်၊ အသေးကြေးစည်သံ၊ အလတ်ကြေးစည်သံ၊ အကြီးကြေးစည်သံများဖြစ်၏။

ကြေးစည်သံများ ငြိမ်သွားသောအခါ၊ ကျွန်ုပ် ဆုတောင်းပဌနာပြုပြီး လမ်းလျှောက်နေ၏။ ပုတီးစိပ်နေသော ဘုန်းတော်ကြီးလည်းပြီးသဖြင့် ဘုရားကို ဝတ်ချနေ၏။ ဝတ်ချပြီးတော့၊ ကျွန်ုပ်လမ်းလျှောက်သောဘက်သို့ ကြည့်နေတာနှင့်၊ ကျွန်ုပ်က ဘုန်းတော်ကြီးနားသွားပြီး ဝတ်ချထိုင်နေ၏။ ဘုန်းတော်ကြီးက ကိုယ်တော်လေး ဘုန်းတော်ကြီးကိုမှတ်မိပါလား၊ မှတ်မိကြောင်းပါဘုရား၊ အရှင်မြတ်ဟာ မဟာမြိုင်ဆရာတော်မဟုတ်ပါလားဘုရား။ ဟုတ်တယ်ကိုယ်တော်လေး ပုတီးစိပ်အဓိဋ္ဌာန်ဝင်နေတာ ၁၀ ရက်တောင်ရသွားပြီနော်၊ မှန်ပါဘုရား၊ ဘယ်နှစ်နာရီလောက်ထိုးသွားပြီလဲကိုယ်တော်လေး၊ လေးနာရီထိုးမှာ ၅မိနစ်ပဲလိုပါတော့တယ်ဘုရားဟု နာရီကြည့်ပြီး လျှောက်လိုက်၏။ ကဲကိုယ်တော်လေး-ကိုယ်တော်လေးနဲ့ တပည့်တော် သုဂတော ၅ချက် ဂါထာ ၉ ပတ်အဓိဋ္ဌာန်စိပ်ကြအုံးစို့၊ ပြီးလျှင် တပည့်တော်နေသော မဟာမြိုင်ထဲလျှောက်လည်ပြီးတော့ နေ့ဆွမ်းစားရေမိုးချိုးပြီး ညနေမှ တပည့်တော်က ဒီကိုလိုက်ပို့ပေးမယ်။ သင့်မြတ်လှပါသည်ဘုရား၊ ကဲ-ကဲ အဓိဋ္ဌာန်ပုတီး စိပ်ကြအုံးစို့၊ ကျွန်ုပ်တို့ အဓိဋ္ဌာန်ပုတီးစိပ်ကြပါတော့သည်။ နံနက် ၄ နာရီဖြစ်၍ အာရုဏ်ရောင်ခြည်လာသဖြင့် ငှက်သံ-ကျေးသံ-ကျီးသံ-ဘုတ်သံ၊ ဂျီသံ-ဒရယ်သံ၊ ကျားသံ၊ ရှဉ့်သံစသည့် တောသတ္တဝါတို့၏အသံစုံ၊ နှိုးကြ၊ ခေါ်ကြသော အသံများ တောလှုပ်ရှားသံများ ကြားနေရပါတော့သည်။ ကျွန်ုပ်တို့ ပုတီးစိပ်လို့ပြီးမှာ ၂ ပတ်လောက်အလိုတွင်၊ လူခေါ်သံများ၊ ဒုတ်သံများ၊ သံချောင်းခေါက်သံများကြားရပြီး လူတစ်စု ခရီးထွက်သွားသံများ တောင်ထိပ်ပေါ် လောက်မှ ကြားရပေသည်။ ကျွန်ုပ်စိတ်ထဲတွင် သူပုန်များသွားကြပြီလို့ မှတ်ယူလိုက်၏။ ပုတီး ၉ပတ် စိပ်ပြီးလျှင် မေတ္တာပို့ အမျှဝေ လိုက်ပြီး ဝတ်ချ၍ မဟာမြိုင်ဆရာတော်ဘုရားကြီး မပြီးသေးတာနှင့် ထိုင်ပြီးစောင့်နေ၏။ ကွမ်းတစ်ရာညက်လောက်ကြတော့ မဟာမြိုင်ဆရာတော်ဘုရားကြီး ပုတီးစိပ်လို့ ပြီးသွားသဖြင့်၊ ဆရာတော်ကြီးက လာကိုယ်တော်လေး-သွားကြစို့ဟု ခေါ်သဖြင့် ဂူကြီးထဲမှ ထွက်သွားကြပြီး ကျောက်တုံး များကို တစ်တုံးပြီးတစ်တုံးတက်နင်း၍ တောင်ထိပ်ပေါ်သို့ တက်လာကြ၏။ အလောင်းတော်ကဿပ ကျောင်းတော်မူ ရုပ်ပွားတော်ကြီးကိန်းအောင်းစံပယ်တော်မူသော ကျောင်းတော်ထဲတွင်ဝင်ကြ၍ ဝတ်ပြုကြပြီး ပလ္လင်ပေါ် တင်ထားကြသော ခွက်များ၊ ခြေနင်းစုတ်များ၊ ဘိနပ်စုတ်များ၊ အဝတ်စုတ် ဟောင်းများ ဖယ်ရှင်းပြီး မြက်တံမြက်စီးအဟောင်းလေးနှင့် လှဲ၍ရှင်းကြ၏။ မဟာမြိုင်ဆရာတော်ကြီးက သူ့တွင်ပါလာသောခြုံထည်၊ သင်္ကန်းကြီးဖြင့်၊ ရဟန္တာကြီး မျက်နှာတော် ကိုယ်တော်တို့ကို ပွတ်တိုက် သုတ်သင်နေ၏။ ပြီးကြလျှင် ဝတ်ချကြပြီး အလောင်းတော်ကဿပမှ မြောက်စူးစူးသို့ ထွက်လာကြ၏။ နာရီ ကြည့်လိုက်တော့ နံနက် ၆ နာရီခွဲနေလေသည်။ (၁၅) မိနစ် လောက်သွားမိကြသောအခါ မြစ်တစ်မြစ်တွေ့၏။ ဒါဘာမြစ်ပါလဲဘုရားလို့မေးတော့- မဟာမြိုင်က သံလွင်မြစ်ခေါ်တယ် ကိုယ်တော်လေး၊ ကူးချင်တဲ့ စိတ်ဖြစ်ပေါ်လိုက်ကိုယ်တော်လေး၊ တင်ပါ့ဘုရား ဆိုသည်နှင့် တပြိုင်နက် တစ်ဘက်ကမ်းရောက်သွားကြ၏။ ကားလမ်းတစ်ခုတွေ့၏။ ဖြတ်ကျော်ကြပြီး တောကြီးထဲရောက်ကြ၏။ ဒါဘာတောကြီးလဲဘုရား၊ အဲဒါမဟာမြိုင်တောကြီးလို့ခေါ်တယ်၊ အလောင်းတော် ကဿပထက် များစွာကြီးတယ်၊ ဟိမဝန္တာနှင့်လဲ စပ်နေတယ်၊ နဂါးရစ်တောင်တို့နှင့်လဲ စပ်နေတယ် ကိုယ်တော်လေး- ဟောဒီသစ်ပင်ကြီးကို သေသေချာချာမှတ်ထား၊ ဒီသစ်ပင်ကြီးဟာ မဟာမြိုင်တောအဝင်ဝပဲ ကိုယ်တော်လေး- တင်ပါ့ဘုရား၊

ကျွန်ုပ်သစ်ပင်ကြီးကို သေသေချာချာ ကြည့်လိုက်၏။ သစ်ပင်ကြီး အလွန်မြင့်မား၏။ သစ်ပင်ကြီး၏ အကိုင်းဖျားနယ်ဆုံးကိုမမြင့်ရပေ၊ အမြင့်ကလည်း တိမ်ထဲထိုးနေ၏။ ကိုယ်တော်လေး သစ်ပင်တယ်ကြည့်သားကောင်းပါလား၊ မှန်လှပါ-ဘုရားတပည့်တော်တစ်သက်တာတော့ ဒီလောက်ကြီးတဲ့သစ်ပင်ဟာ ဒီတစ်ခါ ရှေးဦးစွာမြင်ဘူးတာဘဲဘုရား၊ သစ်ပင်ကြီးအရပ် သစ်ပင်ကြီး အဝိုင်းအဝန်း တို့ ဘယ်လောက်ရှိပါသလဲ ဘုရား။ ဟိုဘက်ကိုင်းဖျားနဲ့ဒီဘက်ကိုင်းဖျား လူသာမန် သွားလျှင်တစ်တိုင်သွားရတယ်၊ အမြင့်ကတော (၃)တိုင်လောက်ရှိမယ်၊ အလွန်ကြီးပါဘုရား ရှိလောက်ပါတယ်။ ဘုရားတပည့်တော်ဖြင့် ကိုယ်လုံးကြီးကို ခြေဖြင့်ပတ်ကြည့်တာ သစ်ပင်ကြီး တစ်ပတ်ခြေလှမ်း၂၆၀ တောင် ရှိတယ်ဘုရား၊ဒီအပင်မှာထူးဆန်းတာဘာတွေ့သလဲကိုယ်တော်လေး-ဝွဆုံ အောက်နားမှာ အင်းကြီးတစ်အင်း တွေ့ပါတယ်၊ သုံးကွက်အင်းပါဘုရား၊ အဲဒီအင်းမှတ်ထား ကိုယ်တော်လေး၊ မှတ်ပြီးပါပြီဘုရား။ ကိုးကွက်အင်းပါဘုရား၊ အင်းဆံများကအစဉ်လိုက် ဟ-င-မ-ပဌမတန်း၊ ည-အ-ယ ဒုတိယတန်း၊ သ-ဝ-လ-တတိယတန်းပါဘုရား။ အေးဟုတ်တယ် အဲဒီအင်းလက်ာက ဒီလိုကိုယ်တော်လေး အဖေါ်မပါ စာကိုးလုံး မသိသောသူက လူညွန့်တုံး

| | | |
|---|---|---|
| ဟ | င | မ |
| ည | အ | ယ |
| သ | ဝ | လ |

သိသောသူက တိုင်းပြည်နှင့်သုံးတဲ့ ကိုယ်တော်လေး ကောက်ပေတော့၊ မှန်လှပါအရှင်မြတ် အစလောက်တော့ကောက်ပြီး ဖေါ်ပြပါဘုရား၊ ကျန်အပိုင်းတော့ တပည့်တော်ဖာသာ ကြံဆပါ့မယ်ဘုရား၊ ကိုင်းကိုင်းရှေ့ခရီးသွားရင်း ပြောတာပေါ့၊ လာသွားကြအုံးစို့၊ သွားရင်းကိုယ်တော်ကြီးကပြောသည်မှာ ဒီပြင် အက္ခရာတွေက အသံတွဲအဖေါ်များပါတယ်၊ ဒီ (၉) လုံးကတော့ အသံတွဲမပါဘူး ကိုယ်တော်သိပြီလား မှန်လှပါဘုရား။

တပည့်တော်ကတော့ ဒီလိုသဘောပေါက်ပါတယ်ဘုရား၊ အင်း- ဆိုစမ်းပါအုံး၊ အဖေါ်မပါဆိုတော့ ဒီပြင်အက္ခရာများ ကကြီးဆိုရင်လဲ နှစ်လုံးဘုရား ခခွေးဆိုရင်လဲ နှစ်လုံးပါဘုရား၊ ဂ ဆိုရင်လဲ နှစ်လုံးပါဘုရား၊ အေး-ဟုတ်တယ်ကိုယ်တော်လေး- ဒီအက္ခရာများကတော့ ဟ-ဆိုလည်းတစ်လုံးထဲ င-ဆိုလဲတစ်လုံးထဲ မ-ဆိုလည်း တစ်လုံးထဲ ည-ဆိုလဲ တစ်လုံးထဲ ည-အ-ယ၊ သ-ဝ-လ တို့မှလဲ တစ်လုံးထဲစီဘဲဘုရား၊ ဒါကြောင့် အဖေါ်မပါစာကိုးလုံးလို့ အဓိပ္ပါယ်ယူ ထားခြင်းဖြစ်တယ်လို့ထင်ပါတယ်ဘုရား၊ အင်းဟုတ်လိုက်တာ ကိုယ်တော်လေး-ကိုယ်တော်လေးကလဲ ဉာဏ်သွားသားဘဲ၊ ဒီလောက်ကောက်တတ်ရင်တော့ ရှေ့သဘောပေါက်မှာပဲနော်- ပေါက်တယ် လို့တော့မဟုတ်ပါဘူးဘုရား၊ တပည့်တော်အထင်ကတော့ ဓါတ်ဘက်ကဆိုလျှင် ဓါတ်များသေအောင် ဒီအင်းနှင့် ပေါက်ထိုးလျှင်ရမယ်လို့ယူဆပါတယ်ဘုရား၊ ဟုတ်တယ်ကိုယ်တော်လေး ဟုတ်တယ်-ဟုတယ် ရှေ့ကောရှေ့ဆက်ပြီး ကောက်ရလျှင်တော့ မသိသောသူက လူညွန့်တုံး-သိသောသူက တိုင်းပြည်နှင့်သုံး ဆိုတော့ ပရောဂဘက်၊ ဗိန္ဓောဘက် ကာယပီယဘက်၊ မနေဘက်တို့လည်း ဉာဏ်ယှဉ်ပြီးသုံးသွားပါလျှင် ရမယ်လို့ထင်ပါတယ်ဘုရား၊ မထင်နဲ့နော်ကိုယ်တော်လေး၊ ဟုတ်ကိုဟုတ်တယ်၊ အဲဒီလိုသုံးသွား- မှန်လှပါဘုရား-

ပြောရင်းဆိုရင်း လာလိုက်ကြတာ၊ တောကြက်နိုင်ငံ၊ ငှက်များနိုင်ငံနှင့်တောင် နီးလာပြီကိုယ်တော်လေး သတိရှိနော်၊ ပုတီးကိုသာ ထိထိမိမိစိပ်လိုက်နော်၊ ကြက်သံတွေကြားတယ်မဟုတ်လား ကြားပါတယ်ဘုရား၊ ဟော- ပြောရင်းဆိုရင်း ရောက်လာကြပြီ၊ မှန်လှပါဘုရား-ကြက်တွေကလည်း တိန်ညင်တွေ မျက်မြင်တဆုံးပါလားဘုရား၊ အထေးကကြက်များကြတော့ ငှက်ကလေးလောက်မြင်ရတော့ပါလား ဘုရား၊ ကြက်နိုင်ငံက ကိုယ်တော်လေးတို့ အမရပူရမြို့လောက်ရှိတယ်။

တယ်ကြီးကျယ်ပါလားဘုရား။

ရှေ့မှာ ငှက်နိုင်ငံရောက်လိမ့်ဗုံးမယ်-ငှက်မျိုးစုံတယ် သေသေချာချာမှတ်ထားနော်-မှန်ပါဘုရား ကြက်နိုင်ငံကျော်ခဲ့ပြီး ငှက်နိုင်ငံရောက်လာကြ၏။ ငှက်နိုင်ငံကျော်ပြီး သမင်နိုင်ငံ- ဂျီ-ဒရယ်နိုင်ငံ- စိုင်နိုင်ငံ- ဆတ်နိုင်ငံ- ကျားနိုင်ငံ- ဆင်နိုင်ငံ- ကျားသစ်နိုင်ငံ-တောဝက်နိုင်ငံ- မျောက်နိုင်ငံ-မြွေနိုင်ငံတို့ကို ကျော်လွန်ပြီးမှ မဟာမြိုင်အရှင်မြတ်နေသော ဂူနန်းသို့ ရောက်ကြ၏။ တစ်နိုင်ငံ တစ်နိုင်ငံမှာ မြို့ကြီးတစ်မြို့ထက်ကြီးလှ၏။ တစ်နိုင်ငံ တစ်နိုင်ငံမှ တစ်အုပ်စု-တစ်အုပ်စု ထွက်လာလျှင် အနည်းဆုံး အကောင်တစ်ထောင်ကျော်ရှိကြောင်း သိရ၏။ တော်တော့ သမာဓိနှင့် သွားလာဘို့ရန်မလွယ်ကူပေ။ တစ်အုပ်စု တစ်အုပ်စုမှ ၁၀ ကောင် ၁၅ ကောင်လောက် ကွဲထွက်လာလျှင်လည်း အခြားတစ်အုပ်စုမှ တွေ့ရှိသွားလျှင် အစားခံကြရ၏။ အုပ်စုမကွဲမှ ဘေးရန်ရှင်းကြောင်း သိရပေ၏။ (နွားကွဲ-ကျားကိုက်) ဆိုတဲ့စကားပုံကို ဤမဟာမြိုင်တောကြီးထဲနေကြသော သတ္တဝါတို့ကိုကြည့်ပြီး ပြောသောစကားပုံ ဖြစ်ဟန်ရှိကြောင်း လက္ခဏာရှိပေ၏။ ကျွန်ုပ်တို့ နောက်ဆုံးကျော်ဖြတ်ရသော မြွေနိုင်ငံသည် အလွန်အန္တရာယ်များလှ၏။ တန်ခိုးရှင်နှင့်လိုက်သွားလို့သာ အန္တရာယ်လွတ်ခြင်းဖြစ်၏။ လူသာမန်သွားလျှင် တစ်နိုင်ငံ တစ်နိုင်ငံကို ၂ ရက်လောက်သွားရုံနှင့် ဆုံးရန်အကြောင်းမရှိပေ၊ ပဌမဦးဆုံးတွေ့ရသော ကြက်နိုင်ငံသည်ပင် ခပ်လှမ်းလှမ်းလောက်ကစပြီး အသံများ ဆူညံစွာ ကြားရ၏။ တစ်နိုင်ငံနှင့် တစ်နိုင်ငံကို တောင်ခြား ခြားနေခြင်းကလည်း သဘာဝကျလှပေ၏။ နောက်ဆုံးဖြစ်သော မြွေနိုင်ငံသည် လှိုဏ်ကြီးများထဲမှာနေကြ၏။ လှိုဏ်ကြီး၏ နက်ရှိုင်းပုံကတော့ ဥပမာပြရဘို့မလွယ်ပေ၊ သိလောက်ရုံပြောရလျှင် ထန်းပင်သည်ပင်လျှင် လက်မောင်းလောက်ပဲအောက်မှ မြင်ရပေ၏။ သစ်ပင်များ၏ အကိုင်းကြီးများကို မြွေများပတ်ထားသည်ကိုပင် သာမန်နွယ်ပင်ကလေးပတ်နေသကဲ့သို့ အထက်မှဆီး၍ လှိုဏ်ကြီးအတွင်း မြင်ရပေ၏။ မြွေတို့၏ နှာခေါင်းမှ လေရှူရှိုက်သော အသံပင်လျှင် လေကြီးကျသကဲ့သို့ အသံမြည်နေပေသည်။ သစ်ပင်မှ တွဲလောင်းကျနေသော မြွေများနှင့် လှိုဏ်ထဲမှ ပေါက်နေသော ထန်းပင်များတို့သည် သူနိုင်ငါနိုင် အပြိုင်ပြုလုပ်နေသကဲ့သို့ ဖြစ်နေတော့၏။ ကျွန်ုပ်ဖြင့် ကြက်သီးများတောင် တဖိန်းဖိန်းနှင့် ထနေပေတော့၏။ မဟာမြိုင်ဆရာတော်၏ ကျေးဇူးကား ကြီးမားလှပေ၏။ မဟာမြိုင်ဆရာတော်ဘုရားကြီး၏ ဂူနန်းကို နံနက် ၁၀ နာရီလောက်ရောက်၏။ ရောက်လျှင် ဂူအခြေအနေကို ကျွန်ုပ်က သေသေချာချာလေ့လာကြည့်လိုက်၏။ အိပ်ရာကလည်း ကျောက်ပြားပြီး ခေါင်းအုံးကလည်း ကျောက်တုံးကလေး ထိုင်စရာနေရာများကလည်း ကျောက်ပြား ကျောက်ပြင်ကြီး သောက်စရာ ရေအိုးကလည်း ကျောက်ခွက်၊ ရင်းကျောက်ခွက်ကြီးထဲကို အထက်ရေစီးကြောင်းမှ ရေမပြတ် စီးနေသဖြင့် ကျောက်ခွက်ကြီးထဲ အမြဲကျနေသဖြင့်

ရေလျှံ၍ အမြဲကျနေပေ၏။ မဟာမြိုင် ဆရာတော်ဘုရားကြီးက ကိုယ်တော်လေးရေဆာလျှင် အဲဒီနားမှာ မှောက်ထားတဲ့သပိတ်နှင့် ခပ်သောက်လို့ပြောသဖြင့် သပိတ်ကို ယူလိုက်၏။ မြေသပိတ်ဖြစ်နေ၏။ သေသေချာချာကြည့်တော့ မြေသပိတ်က ကျောက်သပိတ်ဖြစ်နေပုံရ၏။ ထိုသပိတ်ကို ကိုင်ပြီး ကျောက်ခွက်ကြီးထဲမှရေကိုခပ်သောက်လိုက်၏။အေးလိုက်ပုံကတော့ ရေခဲရေသောက်ရသလိုဖြစ်သွား၏။ သွားများကျင်သွား၏။ ဆရာတော်ကြီး ကျွန်ုပ်၏အဖြစ်ကိုသိသဖြင့် ကိုယ်တော်လေး ရေကတော်တော်အေးတယ်၊ ပူပူသောက်ချင်လျှင် အဲဒီသပိတ်နဲ့ ရေခပ်ယူခဲ့လို့ပြောသဖြင့်၊ ကျွန်ုပ်ကယူသွားပြီး ဆရာတော်ကြီးအားပေးလိုက်၏။ အနားတွင်ရှိကျောက်ဝါစိန်းအတုံး၊ လက်သီးဆုတ်လောက်ကို သပိတ်ထဲထည့်လိုက်၏။ ရေများဆူကြလာတော့ အခိုးများလည်း တစ်ထောင်းထောင်း ထနေတော့၏။ ကျွန်ုပ်ကအံ့ဩပြီးကြည့်နေ၏၊ ဘာကြည့်လဲ ကိုယ်တော်လေး တန်ခိုးနဲ့လုပ်တာ မဟုတ်ဘူး သဘာဝဖြစ်တဲ့ ဆေးဒါန်း ကျောက်ဖြစ်တယ်။ ဒီလိုဆေးဒါန်းကျောက် ရှိတဲ့နေရာတွေမှာ ရေပူထွက်တယ်၊ ဒီဆေးဒါန်းကျောက်က ရေနဲ့ထိမှ ပူပြီးရေကိုဆူစေတတ်တယ် သပိတ်ထဲ ရေနွေးထည့်ပြီးတော့ ဒီအရွက်ခြောက်ကလေး ၃ ရွက်လောက်ထည့်လိုက်- ကျွန်ုပ်သည် ဆရာတော်ကြီးပေးသော သစ်ရွက်ခြောက် ၃ ရွက်ကိုယူပြီးထည့်လိုက်၏။ ခဏခြင်းပဲ၊ ရေနွေးဝါတက်လာ၏။ သောက်ကြည့်သောအခါလဘက်ခြောက်အကောင်းစားခတ်ပြီး သောက်ရသကဲ့သို့ဖြစ်၏။ ရေနွေးတစ်ခွက်လောက်သောက်ပြီး ဆရာတော်ကြီးနား ဝတ်ချပြီး သွားထိုင်၍ လာလမ်း၏ ခရီးအကွာအဝေးကို မေးသောအခါ၊ ယခု အလောင်းတော်ကဿပမှ ဒီမဟာမြိုင်ဆိုလျှင် မိုင်အားဖြင့် ၁၀၀ လောက်ဝေးတယ် ကိုယ်တော်လေးမဟာမြိုင်အဝင်ဝသစ်ပင်ကြီးမရောက်ခင်ကတောမှာ- မဟာမြိုင်ကလေးလို့ခေါ်တယ်၊ မိုင် ၂၅ မိုင် ကျယ်တယ်၊ မဟာမြိုင်ကြီး အကျယ်ကတော့ မိုင် ၅၀၀ လောက်ကျယ်တယ်၊ ကိုယ်တော်လေး - ရော့ ရော့ ဒီအသီးကို စားလိုက်အုံး၊ ကျွန်ုပ်ကိုလှမ်းပေး၏။ ကျွန်ုပ်ကယူ၍ စားကြည့်သောအခါ၊ ပန်းသီးစားရသလိုဖြစ်၍ ဒီပန်းသီးကလဲ အခွံကတစ်မျိုးကိုးဘုရား အဲဒါ ပန်းသီးမဟုတ်ဘူး ကိုယ်တော် မာလကာသီး ကိုယ်တော်လေး၊ အင်းဒီမာလကာသီးကလည်း ပန်းသီးလိုပဲကိုးဟု မှတ်ထားလိုက်၏။ တစ်လုံးတည်းနှင့် ဝသွား၏။ မာလကာသီး အရွယ်အစား အနေအထားက ကျွန်ုပ်ကတွေ့ဘူးသော ရှောက်ပန်းသီးလောက်ကြီး၏။ ထို့နောက် ဆရာတော်ဘုရားကြီးက ငှက်ပျောသီးကြီးများ၊ မကျည်းသီးများ၊ ရှောက်သီးကြီးများ ထုတ်ယူလာပြီး ကျွန်ုပ်ထိုင်နေသော ကျောက်ပြားရှေ့က ကျောက်တုံးများရှေ့ချပေးထား၏။ ကြိုက်တာစားကိုယ်တော်လေး အားလုံးအချိုတွေချည်းဘဲ၊ စားကိုယ်တော် စားပြီး မဟာမြိုင်ထဲမှာ တန်ခိုးကြီးသော ဘုရား တစ်ဆူလိုက်ပို့မယ်၊ အဲဒီကပြန်တော့ ၁၁ ခွဲလောက်မှ နေ့ဆွမ်းစားတာပေါ့ကိုယ်တော်လေး - မှန်ပါဘုရား-စားလို့ပြီးပါပြီဘုရား ကြွတော်မူပါဘုရား၊ ကျွန်ုပ်တို့ မဟာမြိုင်ဂူနန်းမှ ထွက်လာခဲ့၏။ တစ်ပင်ပြီးတစ်ပင် တစ်တောပြီးတစ်တော၊ တစ်တောင်ပြီးတစ်တောင် ဖြတ်ကျော်ပြီးလာခဲ့ကြရာ၊ အရှေ့-အနောက်တန်းနေသော တောင်ကြီးကို တွေ့ရ၏။ တောင် ၃ ပုံတပုံလောက်မှာ၊ ဂူပေါက်များတန်းနေတာတွေ့ရသဖြင့်၊ ဒီဂူပေါက်များက ဘယ်လိုပုဂ္ဂိုလ်များ နေကြပါသလဲဘုရား၊ ပုဂ္ဂိုလ်များနေကြတဲ့ ဂူပေါက်တွေကိုယ်တော်လေး၊ ဒီပုဂ္ဂိုလ်တွေနေကြတဲ့တောင်ကို ကျော်လိုက်ရင် (လောကသရှူ သောင်းထွဋ်စေရာ) ဘုရားကို မြင်တွေ့ရလိမ့်မယ် ဂူပေါက်တွေကလည်းဘုရား

ရာလောက်၊ ထောင်လောက်ရှိမယ်လို့ထင်ပါတယ်ဘုရား၊ အင်း-ဟုတ်တယ်ကိုယ်တော်လေး အရေအတွက် မေါ်ပြတဲ့ လင်္ကာကတော့ (အောင်ဇေယျတု)တဲ့ ကိုယ်တော်လေး-တစ်ထောင်သုံးရာ လေးဆယ်နဲ့ ခုနစ်ပေါက်ရှိတယ်၊ ဂူတစ်ပေါက်တစ်ပေါက်လျှင် ပုဂ္ဂိုလ်တစ်ပါး တစ်ပါးနေကြတယ်၊ နေမွန်းတည့်လျှင် လောကသရဖူဘုရားမှာလာပြီး ပုတီးစိပ်ကြတယ် ကိုယ်တော်လေး၊ တွေ့ရမှာပေါ့။ ဤအသံကြားကတည်းက ကျွန်ုပ်လောကသရဖူ သောင်းထွဋ်ကေရာဘုရားကို ရောက်ချင်ဇော စောနေ၏။ ပုဂ္ဂိုလ်များနေကြသော မြတောင်တန်းကြီးကျော်ဖြတ်၍ အနောက်ဖက်မှ အရှေ့ဖက်သို့ ကျော်ဖြတ်ကာသွားမိလျှင်၊ ကြီးကျယ်၍ အလွန်ထူးဆန်းလှသော အိုင်ကြီးကိုတွေ့ရ၏။ ဒီအိုင်ကြီးက ဘာအိုင်ကြီးလဲဘုရား၊ တယ်ကြီးကျယ်ခမ်းနား လှပါလားဘုရား၊ ကုဏ္ဍလအိုင်ကြီးလို့ခေါ်တယ်ကိုယ်တော်လေး- မှန်ပါဘုရား၊ အံ့ဩစရာပေပဲ၊ သားမျိုး၊ ငှက်မျိုးကလဲ စုံ၊ ဟင်္သာ၊ ဥဒေါင်း၊ ကြိုးကြာ၊ ဇာမဏီ စသော ရတနာကောင်များကလဲ သူ့အုပ်စုနှင့်သူဆိုတော့ အလွန်တင့်တယ်တာပဲဘုရား၊ ကြာမျိုးတွေကလဲ သူ့အုပ်စုနှင့်သူ အလှချင်းပြိုင်နေကြသလို မြင်ရပေတော့၏။ ထိုကဲ့သို့ အိုင်ကြီးကို ငေးပြီး အံ့ဩစွာကြည့်နေစဉ် မဟာမြိုင်ဆရာတော်ဘုရားကြီးက လာ-လာ ကိုယ်တော်လေးဆိုပြီး လက်ကိုဆွဲကိုင်ခေါ်သွား၏။ အိုင်ကြီးနဖူးရောက်သွား တမဟုတ်ခြင်း ဆိုသလို အိုင်ထဲမှ လမ်းကြောင်းလို တန်းတန်းကြီး အစိမ်းရောင်တန်းကြီးပေါ်လာ၏။ မဟာမြိုင်ဆရာတော်ဘုရားကြီး ထိုအပေါ်ကျွန်ုပ်ကို ဆွဲ၍တက်သွား၏။ ထိုအစိမ်းတန်းပေါ်သို့ ရောက်သည်နှင့် တပြိုင်နက် နဂါးအကြေးများအပေါ်တက်ရပ်နေရသလို ဖြစ်နေ၏။ မှန်ပါသည်။ နဂါးခေါင်းကြီး ဘွားကနဲပေါ်ပြီး ကျွန်ုပ်တို့ကို ယူဆောင်၍ တစ်ဖက်ကမ်းပို့ပေး၏။ တဖက်ကမ်း ရောက်လျှင် (လောကသရဖူ သောင်းထွဋ်ကေရာ) ဖူးမြင်တွေ့ရတော့၏။ ကုဏ္ဍအိုင်ကြီးနှင့် ဘုရားမှာ အလံ (၁၀၀) လောက် ဝေးကြလိမ့်မည်ထင်၏။ ဘုရားတံတိုင်း မုခ်ပေါက်ရောက်ကြ၏။ တံတိုင်းကမြတံတိုင်းဖြစ်၏။ ဘုရားကပတ္တမြားတုံးများကို ဘိနပ်အဖြစ်ပြုလုပ်ထားပြီး စေတီတစ်ဆူလုံးမှာတော့ ရွှေအတိပြည့်၏။ အတောင်အားဖြင့် ဘုရားသက်တော်အရ (၈၁)တောင်ဟု တရေးထား၏။ စေတီ၏ ကိုယ်လုံးတော်မှာ ရတနာခုနစ်ပါးစီချယ်ထား၏။ ထိုအကြားထဲမှ တဖြတ်ဖြတ်နှင့် ဝင်းကနဲ ဝင်းကနဲ ဖြစ်နေသော အရာများကို မဟာမြိုင်ဆရာတော်ဘုရားကြီးအားမေးတော့ ကျောက်စုံးလို့လဲခေါ်တယ်၊ မီးကျောက်လို့လဲခေါ်တယ်၊ ညမှပိုကြည့်ကောင်းတယ်၊ ထိုကျောက်များက မီးအလင်းရောင်ကို ပူဇော်ထားသကဲ့သို့ ဘုရားကိုနေ့အတိုင်း ဖူးမြင်နိုင်၏ဟု ပြောပြ၏။ ကျွန်ုပ်ထက်အရင်ဘိုးတော်များ အရှင်မြတ်များတို့က ဘုရားမှာ ပုတီးစိပ်နေကြ၏။ ကျွန်ုပ်နှင့် ဆရာတော်ဘုရားကြီးတို့လဲ ပုတီးစိပ်ကြ၏။ ကျွန်ုပ် ၂၇ ပတ် (သုဂတောသိဒ္ဓိ) ဆရာတော်ဘုရားကြီးကတော့ ဘာစိပ်မှန်းမသိပေ။ ပုတီးစိပ်ပြီးလျှင် စေတီကိုလှည့်ပတ်၍ လကျာ်ရစ် ဖူးသောအခါ ဂြိုဟ်တိုင် ၉ တိုင်ရှိ၏၊ ထိုပြင် တစ်တိုင်တစ်တိုင်လျှင် တာရာကြီးတစ်လုံးစီနှင့် ထိုတာရာကြီးတို့၏ နောက်လိုက်များဖြစ်ကြသော (၂၇)လုံးသော နက္ခတ်တို့တွင် တာရာတစ်လုံးမှာ နက္ခတ် ၃ လုံးစီပါဝင်ကြ၏။ ပြုလုပ်ထားပုံမှာ အလွန်ခမ်းနားပေ၏။ ဥပမာ- တနင်္ဂနွေဂြိုဟ်တိုင်တွင် (၁) တနင်္ဂနွေဂြိုဟ်မင်း၊ (၂) တူတာရာ၊ (၃) အသာဝနီ ဗိရဏီ ကျတ္တိကာ။ ဤသို့ တစ်တိုင်တွင် သုံးဆင့်ပြုလုပ်ထား၏။ နက္ခတ်ရုပ်များနှင့် ပြုလုပ်ထားသဖြင့်

ကြည့်လို့မညီးနိုင်အောင် ဖြစ်နေပေ၏။ (၉)ထောင့်စေတီဖြစ်၍ ထိုကဲ့သို့ ပြုလုပ်ထားခြင်းမှာ အလွန်ကောင်းမြတ်၏။ စေတီ၏ ဘိနပ်တော်ပန်းတင်ခုံမှာလည်း ဖြစ်တော်စဉ်အရုပ်များကို အင်းစမများဖြင့် ပြုလုပ်ထား၏။ ဟင်္သာပြဒါးဖြင့် ရေးထား၍ ရွှေနှင့် အလွန်ပဏာရလှ၏။ ထိုစေတီတွင် ပုတီးစိပ်နေကြသော ဘိုးတော်များက ပုတီးခြောက်ခြောက်နဲ့ ပြည်သံမှတစ်ပါး အသံထွက်ရွတ်နေသံများမကြားရပေ။ တချို့ပုဂ္ဂိုလ်များက မတ်တပ်ရပ်လျှက် စိပ်နေကြ၏။ တစ်ချို့ပုဂ္ဂိုလ်များ လမ်းလျှောက်လျှက်စိပ်နေကြ၏။

တော်တော်များများ ပုဂ္ဂိုလ်များကတော့ တင်ပလင်ခွေပြီးစိပ်နေကြ၏။ လောကသရဖူ သောင်းထွဋ် ဧကရာဘုရား၏ အတွေ့အကြုံများကို မှတ်သားပြီး မဟာမြိုင်ဆရာတော်ဘုရားကြီး ခေါ်ဆောင်ရာသို့ လိုက်ပါခဲ့၏။ များမကြာမီပင် မဟာမြိုင်ဆရာတော်ဘုရား၏ ဂူနန်းသို့ ပြန်ရောက်ပြီး နာရီကိုထုတ်ကြည့်လိုက်တော့ (၁၁) နာရီခွဲတိတိဖြစ်နေ၏။ မဟာမြိုင်ဆရာတော်ဘုရားကြီးက ကိုယ်တော်လေး နာရီဘယ်လောက်ရှိသွားပြီလဲဟုမေး၏။ ၁၁ နာရီခွဲတိတိပါဘုရား။ အေးအေး ဒီလိုဆိုရင် နေ့ဆွမ်းစားဘို့ အချိန်တန်ပြီဆိုပြီး ဘိုးတော်များနေသော မြတောင်ဘက်သို့ မျှော်ကြည့်ပြီး ဆရာတော်ဘုရားကြီးက သူ့နေရာသူပြန်ထိုင်၏။ ချက်ခြင်းဆိုသလို ဘိုးတော်တစ်ယောက် ရွှေဇာနားတတ်နှင့် အကျီရှည်အဖြူကြီးဝတ်လာပြီး ရွှေအုပ်ကြီးကို ကိုင်လာကာ ဆရာတော်ကြီးကို ရိုသေစွာကပ်၏။ ပြီးလျှင်ဆရာတော်ကြီးကို အင်္ဂါငါးပါးနှင့်ညီသော ရှိခိုးခြင်းဖြင့်ရှိခိုးလေသည်။ ထို့နောက် ကျွန်ုပ်ကိုလည်း အင်္ဂါငါးပါးနှင့်အညီရှိခိုး၏။ ပြီးလျှင် ဆရာတော်ဘုရားကြီးက ယနေ့ဒကာမင်းခေါင်က ဒါနပြုတာပေါ့ မှန်လှပါဘုရား ဒကာမင်းခေါင်ဆိုသဖြင့် ကျွန်ုပ်သိချင်ဇောနဲ့ မေးလိုက်ပြန်၏။ ပုပ္ပါးမင်းခေါင်နှင့် ဒီဒကာမင်းခေါင်က အတူတူလားဘုရား၊ မတူဘူးကိုယ်တော်လေး ဒီဒကာမင်းခေါင်က အင်းဝပဌမဘုရင်မင်းခေါင်ဖြစ်တယ် မှန်လှပါဘုရား-ရှင်းပါပြီဘုရား၊ ဒကာလက်ဆေးရေကပ်ပါ၊ မှန်လှပါဘုရားဆိုပြီး ဘုရင်မင်းခေါင်သည် လက်ဆေးရေခွက်နှင့် သပိတ်နှစ်လုံးယူလာ၍ ဆရာတော်ကြီး တစ်လုံး ကျွန်ုပ်တစ်လုံးကပ်၏။ အုပ်ထဲရှိ ဆွမ်းများကို ဆရာတော်ကြီးနှင့် ကျွန်ုပ်တို့ထဲ လောင်းထည့်လှူပြီး လဖက်ရည်ပွဲပြုလုပ်နေ၏။ ကျွန်ုပ်က ဆွမ်းစစ်၊ ဟုတ်ကဲ့လားဆိုပြီး ဆွမ်းချည့်စားကြည့်၏။ ဟုတ်နေ၏။ ပဲဟင်းဆီများကိုအိလို့ သရက်သီးသနပ် ဖြူပ်သီးအတောင့်ကြော် မကျီးရွက်သုတ် တော်တော်စားကောင်း၏။ စားရင်းလဲ ကျွန်ုပ်ကစဉ်းစား၏၊ ဒါတွေဘယ်ကများရပါလိမ့်၊ ဟင်းစစ် ထမင်းစစ်တွေမှဟုတ်ရဲ့လားဟု စဉ်းစားလို့မှ မဆုံးခင် ဘုရင်မင်းခေါင်က ဟင်းစစ် ထမင်းစစ်တွေပါဘုရား၊ စိတ်ချလက်ချဘုန်းပေးပါဟု ပြုံးပြီး လျှောက်၏။ ဆရာတော်ကြီးက ဖို့ ကိုယ်တော်ကြီးကလဲ ကိုယ်တော်လေး ဆွမ်းနဲ့မတွေ့ရတာကြာလို့ ဒီပင့်ပြီးကျွေးတာ ဒီလိုသက်စွန့်ကြိုးပမ်း ကျင့်ကြံအားယုတ်တဲ့ ကိုယ်တော်များဆိုရင် လိုတာကို တပည့်တော်တို့က ဖြည့်စွမ်းပေးတယ် ကိုယ်တော်လေး မှန်လှပါဘုရား ကျေးဇူးကြီးလှပါတယ်ဘုရား၊ ဆွမ်းစားပြီးလျှင် ဒကာမင်းခေါင်က လဖက်ပွဲကပ်လာ၏။ လဖက်ပွဲ အစာစုံဆီနှံ့လို့ သရက်သီး ဩဇာသီး ခွဲပြီးသားများဖြစ်၏။ ဆရာတော်ကြီးက အကပ်ခံပြီး ကိုယ်တော်လေးစားနော် တွေးမနေနဲ့ အစစ်တွေနော်၊ ဒကာမင်းခေါင် ကိုယ်လေးကို ဒကာအောင်မြင်တာ မကျဉ်းမကျယ် ပြောပြလိုက်စမ်းပါဟု မိန့်သော် ဘုရင်မင်းခေါင်က ပြောသည်မှာ-

တပည့်တော် ထွက်လမ်းရောက်လာရသည်မှာ မင်းကျင့်တရားဆယ်ပါးနှင့်အညီ ကျင့်ခဲ့ပြီး သစ္စာကိုအထူးအဓိဋ္ဌာန်ဖြင့် စောင့်ထိန်းခဲ့သည့်အတွက်ဖြစ်ပါတယ်။ ကိုယ်တော်လေး- ဘာဝနာ အနေအထားဖြင့် သရဏဂုံ (၃၀) ကို မနက်ည (၉၀) စီ တရာ့ရှစ်ဆယ်ကိုးနှစ် အဓိဋ္ဌာန်ပြီး စိပ်ပါတယ်။ ၈ ရက်လပြည့် လကွယ်နေ့များမှာ သတ်သတ်လွတ်စားပြီး ၉ ပါးသီလစောင့်ပါတယ်။ ထိုစရဏများကြောင့် ထွက်ရပ်ပေါက်မြောက် အောင်မြင်လာခြင်းဖြစ်ပါတယ်ဘုရား။ သာဓု ဒကာတော် သာဓု သာဓု ယခုတော့ ဘာပုတီးစိပ်ပါသလဲ ဒကာတော် ဒီသရဏဂုံပဲ စိပ်ပါတယ်။ အပတ်ရေက ဘယ်လောက်စိပ်ပါသလဲ ဒကာတော် နေ့(၅၀၀) ည(၅၀၀) တနေ့တနေ့ (၁၀၀၀)စိပ်ပါတယ်ဘုရား၊ သာဓု သာဓု အသက်ဘယ်လောက်ရှိသွားပါပြီလဲ ဒကာတော် ၆၀၀ ကျော်ခဲ့ပါပြီဘုရား၊ ကောင်းတယ် ဒကာတော် ကောင်းတယ် ဒကာတော် အလိုဆန္ဒပြည့်ဝမှာပါ။

ဘုရင်မင်းခေါင်လို့အမည်မရခင်က နာမည်ဘယ်လိုခေါ်ပါသလဲ ဒကာတော်။

မင်းဆွေလို့ခေါ်ပါတယ်ဘုရား။

ဒကာတော်တို့အမျိုးက ဘယ်ကဆင်းသက်လာတာပါလဲ၊ ပြည်ဆက်ပါဘုရား။

အင်းဝဘုရင်မင်းခေါင်ဆိုပါတော့၊ ပဌမမင်းခေါင်ပေါ့၊ မှန်ပါတယ်ဘုရား သတိုးဆက်နှင့် မင်းခေါင်ဆက် ဘယ်သူအရင်ကျပါသလဲ၊ သတိုးဆက်က အရင်ကျပါတယ်ဘုရား၊ အင်းဝတည်တာ သတိုးဆက်ပေါ့မှန်လှပါဘုရားသတိုးဆက်ကတည်တာပါဘုရား။သတိုးဆက်ကို လုပ်ကြံလိုက်တော့ မင်းခေါင်ဆက် ပေါ်လာပါတယ်ဘုရား ဒီလိုဆိုရင်ဝန်မလေးရင် သတိုးဆက်နှင့် မင်းခေါင်ဆက် ကူးလာပုံ၊ဒကာတော်နန်းရလာပုံ၊ ဒကာတော်ထွက်လာခဲ့ပုံ၊ ဒကာတော်ရဲ့ဆရာတော် စသည့် အကြောင်းအရာများကို မကျဉ်းမကျယ်ပြောပါလား၊ ဦးပဥ္စင်းလဲ ဗဟုသုတလဲဖြစ် ဉာဏ်လဲဆန့်နိုင်အောင်ပါ ဒကာတော်၊ ကောင်းပါပြီဘုရားနားဆင်တော်မူပါဘုရား တပည့်တော်ကခုနှစ်ရာသုံးဆယ့်လေးခုနှစ်ဖွားပါသည်။ တပည့်တော်၏ခမည်းတော်က မင်းကြီးစွာဖြစ်ပါသည်။ ခမည်းတော်က တပည့်၏ဇာတာကို ဟူးရားဖြူ ဟူးရာညိုတို့နှင့် စစ်ဆေးသောအခါ မင်းဖြစ်မည့်အရေအသွေးကို မြင်သောကြောင့် ယခုငယ်စဉ်ကပင် မျက်ကွယ်ရာ သေပေစေတော့ဆိုပြီး ထွန်တုံးပူတက်တောင်ဘက် ကျောက်ဆည်ပန်းတိမ် မဖဲအရပ်တို့မှာ ပို့ထားပါသည်။ အထိန်းတော်နှစ်ယောက်ထဲနှင့် ထားပါသည်။ ဘုရားတပည့်တော် ၁၀ နှစ်သား အရွယ်ရောက်အောင် မသေဘဲရှိနေပါသဖြင့် ကံအတိုင်းဖြစ်စေတော့ဟုဆိုပြီး ပြန်ခေါ်တော်မူ၍ ပင်လယ်ကျေးသံဃရာဇာထံ စာသင်စေပါသည်။ ဆရာတော်လည်း ပိဋကဗေဒင် ကျွမ်းကျင်တော်မူသောကြောင့် ဘုရားတပည့်တော် ဇာတာလက္ခဏာများကို မြင်လျှင် လျှင်လျှင်မြန်မြန် မင်းအဖြစ်ကို ရစေလို၍ -

သိဒ္ဓံ နမော ဗုဒ္ဓါယ အအာ။ ဣ ဤ၊ ဥ ဦ၊ ဧ အဲ၊ ဩ ဩော်၊ အံ အား ဟု သင်ပေးတော်မူပါတယ်ဘုရား။ ထိုအချိန်ကစပြီး ဘုရားတပည့်တော် သိဒ္ဓံ နမော ဗုဒ္ဓါ ယ အအာ ဣဤ ဥဦ ဧအဲ ဩဩော် အံအားကိုဘဲ နံနက် ၃ ပတ်စီ ပုတီးစိပ်ပါ**တယ်ဘုရား။** ယခုတော့ ဗောဓိပက္ခိယတရား ၃၇ ပါးနှင့်အညီ ၃၇ ပတ်စိပ်ပါတယ်ဘုရား၊ ကောင်းလိုက်တာ **ဒကာတော်** သာဓု သာဓု သာဓု

ရှေ့ဆက်ပါအုံး ဒကာတော်

တပည့်တော် ဆယ့်နှစ်နှစ်အရွယ်သို့ရောက်၍ မိုးသောက်ယံတွင် တပည့်တော်၏ချက်မှ အူထွက်၍ အဝမြို့ကို ရစ်ပတ်ထားပါသည်ဟု မြင်မက်ပါသည်။ ဒီအိပ်မက်ကို ဆရာတော်ဘုရားကို လျှောက်ထားတော့

ဆရာတော် ရုတ်တရက်ထ၍ ဘုရားတပည့်တော်ကို ခြေနှင့် ကျောက်ပါသည်။

ထိုအခါ ဘုရားတပည့်တော်က အရှင်ဘုရား အိပ်မက်အကြောင်းအရာကို လျှောက်တာပါဘုရား၊ အေးဟဲ့ ဒါကြောင့် မှတ်လောက်သားလောက်ရှိသွားအောင်လုပ်ရတာဟဲ့၊ ငါကြားဖူးတာကို မင်းသားကိုပြောပြမယ်။ သေသေချာချာမှတ်နော်-ငါပဥ္စင်းပျို ၅ ဝါလောက်ရတုံးက တောင်ဘီလူးကုံး စစ်ကိုင်းချောင် ရှင်သာသနာရေ ရှင်ပရက္ကမညီနောင်တို့နေရာ ရှင်ပဌာမထံတွင် စာသင်သောအခါ ဆွမ်းခံရာတွင် လေခပ်၍ ဦးထုပ်ကျသည်ကို ခြေနှင့်နင်းမိ၍ ငါမင်းဆရာဖြစ်မည် မချွတ်- မင်းဆရာဖြစ်ပါလျှင် အမိုးယက်မလျှိုနှင့် တံတားဆောက်မည်ဟု အဓိဋ္ဌာန်ပြုသည်ဟု ငါကြားခဲ့ရသည်။

မင်းသားလည်းအိပ်မက်အလိုအရ မကြာခင်မင်းဖြစ်ရလိမ့်မည်။ မင်းဖြစ်လျှင် မေ့မည်စိုး၍ ငါခြေနှင့်အမှတ်ပေးသည်ဟု မိန့်တော်မူပါလျှင် ဘုရားတပည့်တော်က အလိုအတိုင်း ပြီးရစိမ့်မည်ဖြစ်ကြောင်းပါဘုရားဟု လျှောက်ထားလိုက်ပါသည်။

ဘုရားတပည့်တော်အသက် ၂၉ နှစ်တွင် ဘုရင်မင်းအဖြစ်ရခဲ့ပါသည်။ မင်းအဖြစ်ရောက်သောအခါ ပုဂံရွှေစည်းခုံဘုရားသို့ထွက်တော်မူပြီး ဖူးမြင်သောအခါမှာ အရှေ့တောင်ထောင့် အင်္ဂါထောင့်က သိကြားမင်းကိုယ်တိုင် လက်တော်ကိုင်၍ ပြုလုပ်သော ခြသေ့်ရုပ်သည် ခေါင်းကလည်း လှုပ်ပြ ဖင်ကလည်းလှုပ်ပြ ခါးကလည်းလှုပ်ပြ အမြီးတို့နားတို့လည်း လှုပ်ပြပြီး မြူးရွှင်ပြသလိုလုပ်သည်။ ထိုအခြင်းအရာကို မြင်ကြသော မှူးမတ်အပေါင်းတို့က ဘုန်းတန်ခိုးအာနုဘော်ကို မအံ့ရဲမှုရှိကြပါကုန်တယ်။ ဘုရားတပည့်တော်၏ ဘုန်းတန်ခိုးတေဇော် အာနုဘော်ကြီးမြတ်ကြောင်းကိုလည်း ပြောဆိုကြပါတယ်ဘုရား။

ထိုညပင် စက်တော်ခေါ် လို့ မှေးကနဲဖြစ်ခိုက် (မင်းခေါင်)ဟူသော အမည်ခံလေဟု အိပ်မက်လိုလို အဟုတ်လိုလိုဖြစ်ပါတယ်ဘုရား။ ထို့ကြောင့် တပည့်တော်က မင်းဆွေ မှ မင်းခေါင် ဖြစ်လာပါတယ်ဘုရား။ ဩ-ဒါကြောင့် ဒကာကြီးထွက်ရပ်ဘက်ရောက်လာတာကိုး ရာဇဓိရာဇ်နှင့် အရေးတော်ဖြစ်တာ ဒကာကြီးလား မှန်ပါဘုရား။ ဒီလိုဆိုတော့ မင်းရဲကျော်စွာက ဒကာကြီးရဲ့ သားတော်ကိုး၊ မှန်လှပါဘုရား၊ တပည့်တော်သားပါ။ သားတော်မင်းရဲကျော်စွာ စစ်ပွဲမှာ ကျဆုံးပြီး ရာဇဓိရာဇ်၏သားတော် ဗညားစက်ကိုရသည်မှစ၍ တပည့်တော်စစ်မတိုက်ဘဲနှင့် ဒီဘက်ကို လိုက်လာတော့တာပါဘဲဘုရား။

ဘယ်အသက်အရွယ်လောက်ကစပြီးဒီဘက်ကို ဖိဖိစီးစီးအားထုတ်ခဲ့ပါသလဲဒကာတော်-

အသက် ၄၅ နှစ်လောက်မှစပြီး ဒီဘက်ကိုလိုက်လာပါတယ်ဘုရား။ ကျောင်းနေတုံးကစပြီး မင်းဖြစ်သည်တိုင်အောင် (သိဒ္ဓံနမောဗုဒ္ဓါယ-အအာ၊ ဣဤ၊ ဥဦ၊ ဧအဲ၊ ဩဪ၊ အံအား)ကို တစ်ပုဒ်ဆုံးတစ်လုံးချပြီး စိပ်ခဲ့ပါတယ်ဘုရား။ ၃ ပတ်မှ ၉ ပတ်တိုင်အောင် စိပ်လာပါတယ်ဘုရား၊ စစ်တိုက်ရပ်ပြီး ဒီဘက်လိုက်လာတော့၊ ဆရာအရှင်မြတ်ကို ဘာစိပ်ရလျှင် အကျိုးပြီးနိုင်ပါသလဲဘုရားလို့ မေးလျှောက်တော့

(သရဏဂုံ ၃၀-စီပ်၊ မင်းပဌာန်း စက်သရဏဂုံပဲ လို့ မိန့်သဖြင့် တပည့်တော် ထိုနေ့မှစ၍ သရဏဂုံ ၃၀ ကို နေ့ည (၉၀) စီ စိပ်ပြီး ဘုရားတည် ကျောင်းဆောက်လုပ်လာတာနှင့် (၄၉) နှစ်ကြတော့ အသေထွက်လာခဲ့တာပါဘုရား၊

ကြားထဲ-ကြားထဲမှာ ဂါထာမန္တာန်တို့ကော ရွတ်ဖတ်ကြပါသေးလား ဒကာတော်၊ ရွတ်ဖတ်ပါတယ်ဘုရား။ ပရိတ်တော်ကြီး (၁၀)သုတ်နှင့် ဂါထာ (၄၅) ပုဒ် အမြဲရွတ်ပါတယ်ဘုရား။

ထိုဂါထာများကို ဝန်မလေးရင် ရွတ်ပြပါလား ဒကာတော်ဟု တိုက်တွန်းလိုက်သဖြင့် ရွတ်ပြပါတော့သည်။ ရွတ်ပြီးလျှင် ကျွန်ုပ်နှင့် မဟာမြိုင်ဆရာတော်ဘုရားကြီးတို့က သာဓု အနုမောဒနာခေါ်ကြ၏။ ဂါထာစုဟုပါသော ပုရပိုက်ကိုလည်းပေး၏။ ဘုရင်မင်းခေါင်ခေါ် ဘိုးမင်းခေါင်ကြီးရွတ်သော ပရိတ်ဂါထာများကို ဖော်ပြပေအံ့။

## (၁) ပုဗ္ဗန်ဂဏန်းမင်းပရိတ်တော်

၁။ ဥုံတွင္တွေ၊ မဟာယတွင္တွေ၊ သရပ္ပတွင္တွေ။ အနမေ၊ မနုဇာလော၊ သရပ္ပဇာလော၊ တိတ္တိလာ၊ မန္တလာ။ ရောတ္တလာ၊ ရောဂေါလာ၊ ရောဂီလာ၊ ဟုလုဟုလု၊ သွားဟုံဟုံ သဗ္ဗေသယာ ဝိနဿန္တု။

၂။ ချာတေချာတေ တိချာတံလေ ဘီဇံ ဘီဇံ၊ ဘိစန္တိယံ ခံပါ ခံပါဟ သဗ္ဗဒါ သန္တံ လန္တံ ဝအာဒမေ။

၃။ ပြောင်းနမောဘဒ္ဒကပ္ပံ၊ ပဥ္စဗုဒ္ဓံ သရဏံမေ။ နဝလောကုတ္တရ ဓမ္မံ၊ အသီတိ အဂ္ဂသာဝကံ။ မဟာသာဝကသံယံ၊ သဗ္ဗက္ကသိနဝပရိဂ္ဂတ္တံ။ စန္ဒာသူရိယ ဒတ္တရဋ္ဌ ဝိရုဠက ဝိရူပက္ခ ကုဝေရ။ မဟာရာဇာနံ စတုန္နံ မဟာဒီပါနံ ဣဿရော။ ဣဿရဘူတော ပြောင်းစိန္တာမုနိ အာနုဘာဝေန သွားဟုံဟုံ။

၄။ ပြောင်းနမောမိဗုဒ္ဓံ၊ ဣဓလောကာ-ရက္ခဒေဝါ၊ ဘုမ္မဒေဝါ အာကာသဒေဝါ၊ စတုလောက ပါလာဒေဝါ၊ ကန္ဒာဒေဝါ၊ ဖြပ္ဖာပိဿနူ၊ သုသုနာဂါ၊ စန္ဒာသူရိယ မဏိမေခလာ၊ ဒတ္တရဋ္ဌော၊ ဝိရူဠကော၊ ဝိရူပက္ခော၊ ကုဝေရော၊ ဝိရုဏောစာတိ၊ သမ္မဝါစာဒေဝါ၊ သမ္မာသမ္မာမိဒေဝါ၊ သမ္မသက်ပ္ပဒေဝါ။ သမ္မဝါစာ ဒေဝါ၊ သမ္မကမ္မန္တဒေဝါ၊ သမ္မအာဇီဝဒေဝါ၊ သမ္မာဝါစာဒေဝါ၊ သမ္မာသမာမိဒေဝါ၊ စတုမဟာရာဇာဒေဝါ၊ သာသနရက္ခဒေဝါ၊ ဝိယောဇောမိ သဗ္ဗော၊ လောကန္တမ-ဇတေဒေဝါ၊ မဟာရာဇာ၊ အာရက္ခန္တု ဖေဟိ ဖေဟိ ရာဇဓမ္မေ သိန္နေသိပ္ပံ ဇေယျ မင်္ဂလံ၊ ဇေယျတု သဗ္ဗသိဒ္ဓံသွာဟ။

ပုဗ္ဗန်ဂဏန်းမင်းပရိတ္တံ နိဋ္ဌိတံ။

## (၂) ကိန္နာရာမင်းပရိတ်တော်

၁။ ရာမ ရာဇ ယတေ မရောန္တု မယျော်၊ နသျှသေယော၊ ယက္ခောဒေဝါ သိန္နေဟံ၊ အဂ်ီရသနံ၊ မတမေ၊

၂။ သဗ္ဗေဒေဝါယသောရော၊ သဗ္ဗေမနုဿရာဇာနော၊ သဗ္ဗေနာဂါ ဂရုဠါစ၊ သဗ္ဗေဟောန္တု ပိယံမမ

၃။ ဝဒကေ-ဒေဝဒတ္တောစ၊ ဝေါရော အင်္ဂုလိမာလကော။

ဇုနပါလေ ရာဟုလောစ၊ သဗ္ဗတ္ထ သမဟာနသော။
၄။ အတီတာ နာဂတာဗုဒ္ဓါ၊ အသောကာနိရုပ္ပဒ္ဒဝါ။
အဝိဋ္ဌာဝဝိမောစေတွာ၊ အာဂတိ သဗ္ဗမုတ္တမံ။
၅။ ဇယျံဝေရံ ပသဝတိ၊ ဒုက္ခာ သေတိပရာဇိနော။
သုခံသေတိဥပသန္တော၊ ဟိတွာဇာယျပရာဇယျံ။
၆။ ဂါမေဝါ ရုက္ခေဝါ အရ ညေး နိန္နေဝါဥဒ ကေယဒိဝါဓလေ။
ယံကူ္ကဍ္ဍာမိတံသဗ္ဗံ၊ ခိပ္ပမေဝမံ သမိဇ္ဈတု။ ။
၇။ သရပ္ပသို့ စသဗ္ဗဗုဒ္ဓဂုဏံ၊ သရပသို့ စဓမ္မဂုဏံ။
သရပ္ပသို့ စသံဃဂုဏံ၊ သရပသို့ တုဗယံ ဝိဇယျေ။
၈။ အဌဝိသတိသံဗုဒ္ဓေါ။ မမသိသေပတိဋ္ဌိတော။
ပဥ္စဗုဒ္ဓါမဟာ တေဇော၊ သီသေမမဇီဝိတိတံ။
၉။ ဇယန္တောဗောဓိယာမူလေ၊ သကျာဇီန နရာသတံ။
ဗောဓေဟိဇိနောလောကဿ၊ ဇိနေန အတိပုဂ္ဂလော။
၁၀။ သမ္မာသတိ သမ္မာဓိတိ၊ မေတ္တာစိတ္တေန မံသဗ္ဗေ။
အရောဂေန ဒိန္နေဒိန္နေ၊ အန္တရာယောဝိနသန္တု။

## တိန္နရာမင်း ပရိတ္တံနိဋ္ဌိတံ

## (၃)ဇီလုံးငှက်မင်းပရိတ်တော်

၁။ သေနောစပလ သောပဒ၊ မာနောလာမံကောစရစ္စာရမိ။
နောသဟာသအစ္ဆပတ္တောဝ၊ ပရန္တောမုဂါဂမိသောမေသီလပါရမီ။
၂။ သမ္ဗုဒ္ဓေအဌဝီသဥ္စ၊ ဒွါဒသဥ္စ၊ သဟာသကေ။
အတီတေနာဂတေဗုဒ္ဓေ၊ တေသံဃဥ္စ။
ဒွေယောပစ္စေကဗုဒ္ဓါနံ၊ အဟံဝန္ဒာမိ သဗ္ဗဒါ။ ။
(ဤဂါထာကို သမ္ဗုဒ္ဓေလည်စီးပြုလုပ်၍ ရှေးဆရာမြတ်တို့သုံးကြ၏)
၃။ ဩြာင်နမောဘဒ္ဒကပ္ပံ၊ ပဥ္စဗုဒ္ဓသရဏံသံဂုံဝမယျ။
နဝလောကုတ္တရဓမ္မံ၊ အသီတိအဂ္ဂသာဝကာ၊ မဟာသာဝက သံဃံ၊ ဣသိနဝ ပရိဝုတ္တာ၊ ဣန္ဒာဗြဟ္မာဂန္ဓဗ္ဗာ။
စန္ဒသူရနယာမဏိမေခလာ၊ ဓတရဋ္ဌ၊ ဝိရုဠှကော၊ ဝိရူပက္ခ၊ ကုဝေရ၊ မဟာရာဇာ။ စတုန္နံအစိန္တမန္တံ၊
ဣသရော ဣသရာဇုတော၊ ခိပ္ပမေဝ သမိဇ္ဈတု။
၄။ ဩြာင် နမဋ္ဌကာယကံ၊ ဝစီကံ၊ သမ္မသိပ္ပဂတံတံ။ သူရိယစန္ဒိမာတေဒေဝါ သုဂတေန၊

အာကာသနက္ခတ္တာ၊ ကုန္တေ မန္တောပြီသော၊ မေဇနေ၊ ကြကင္ဒေ။ သိဓနုကန္ဒေ၊ အုံဒေ ပြိဿော၊ ခနုမကာရေ၊ ဒိန္နေ ဒိန္နေ ရတ္တေရတ္တေ၊ ရာဟုကေဒီ၊ ပဂံမာဝန္တော၊ စတုဒီပေါ မဟာတေဇော၊ ဝိန္တေဝိန္တာမုနိ။ သဗ္ဗသတ္တာ ဝိနာသန၊ ပရိတ္တံ၊ မံနုဘာဝေန၊ သဗ္ဗအန္တရာယော ဝိနာသန္တု အသေသတော။

ဗိုလ်လုံးငှက်မင်းပရိတ္တံနိဋ္ဌိတံ

## (၄) သုဝပရိတ်တော်

၁။ ဖူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ သုဝ ယောနိယံ။
ဉာတိနံ ဗုက္ခိတံ ခံသွာ၊ လောကနာထေနဘာသိတံ။
ကပ္ပဋ္ဌာယိ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမဟေ။
၂။ ရုက္ခသမုလံ သုသန္တ၊ သစ္စကိရိယမကာသဟံ။
သဟာသစ္စေကတေ မယှံ၊ ဗန္ဓနာမုတ္တာဘဝါမဟံ။
တေနမေသမောနတ္တိ၊ သောမေသစ္စပါရမီ။

## (၅) ဟံသပရိတ်တော်

၁။ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ ဟံသ ယောနိယံ။
ဉာတိနံ ဒုက္ခိတံဒိသွာ၊ လောကနာ ထေနဘာသိတံ။
ကပ္ပဋ္ဌာယိ မဟာတေဇံ၊ ပရိတ္တံ တံဘဏာမဟေ။
၂။ ကောစရံ စရဏတ္တာယ၊ တသ္မိံ စရတိသဒါသင်္ကတိ။
မုဋ္ဌသ္မိပါသံ သစ္စကိရိယ မကာသဟံ သဟာသစ္စေ။
ကတေမယှံ၊ ပါသံမော ယောဘဝါမဟံ။
သစ္စေန မေသဇောနတ္တိ၊ သောမေသစ္စပါရမီ

ဟံသပရိတ္တံနိဋ္ဌိတံ

## (၆)တိတ္တိရပရိတ္တံ = ခါမင်းပရိတ်တော်

၁။ ပါရမိယောပူရေန္တောပိ၊ ဇာတောတိတ္တိ ရယောနိယံ
ယေနသံဝိဟိတရက္ခံ၊ ဗောဓိသတ္တံဝနေလုတ္တာ။ ။
၂။ ဒီယံဂဏှိတူကာမေသိ၊ နေဝသိက္ခိ သုဂဏှိတုံ။
သေဌမန္တိတ် အကွတံ၊ ပရိတ္တံ တံဘဏာမဟေ။
၃။ ရုစ္စမုဋ္ဌမယံပါသံ၊ အယောနယံနဋ္ဌဇာလမယံ။
တသံဗ္ဗေပါ သမယံ၊ အာကာသတောရာ ဇမ္ဗုဋ္ဌိ။

၄။ အတီကေ နဂတေဗုဒ္ဓေ၊ ပဏ္ဍုပ္ပန္နေဝဓယေဗုဒ္ဓါ။
ဗျာနံ ဗျာတိ သဗ္ဗညုတဗျာနံ၊ ဇာနံ့ဥ္ဓဒိသွာ
ဗောဓိသဗ္ဗညူ။ ။

## တိတ္တိရပရိတ္တံ နိဋ္ဌိတံ

## (၇)ဗကရာဇာပရိတ္တံ - ဥဗျိုင်းမင်းဝမိဇ္ဈော်

၁။ ပူရေန္တံဗောဓိသမ္ဘာရေ၊ နိဗ္ဗတဇဝဒိယာရက္ခာ နရက္ခံ။
တံဒျိသွာလုတ္တကာမ္မံကရိုတွာနံ၊ သမ္ပဝတ္တစယောနိယံ။
၂။ နိပ္ပဓေယတော၊ ပဝတ္တော၊ ဂါဟာမိဗကုသလံဗဟို။
မန္တပဟံပါ ပကာမ္မံဗပဟုံဒုက္ခံ၊ အနပ္ပကံ့ရာထောဘဝေယျ။
၃။ မေပုတ္တောနိစ္စံသီလဇရွာမယံ၊ လောကာနာ ထေနဘာသိတံ။
ကပ္ပဌာယိ မဟာတေဇံ ပရိတ္တံတံဘဏာမဟေ။
၄။ တသွာ ဒါနဥ္စ သီလဥ္စ၊ ဝိဘာဝေယျသမာဟိတောတိ။ ။
၅။ ဒိသွာပဒံ မူဒူပိနံ၊ ဒိသွာသစ္စံ ရတ္တံလေပဒံ။
နပါကံ ဖဿမံ ဝိတ္တိတုံ ဝဏ္ဏသတိ၊ သစ္စေန
မောသမောနတ္တိ၊ သောမေ သစ္စပါရမီ။

## ဗကရာဇာပရိတ္တံ နိဋ္ဌိတံ

(အကျိုးကြီးလှသည်- ခါမင်း၊ ဥဒေါင်းမင်း၊ ကျားမင်း၊ ဟင်္သာမင်း၊ ဗီလုံးငှက်မင်း၊ ဥဗျိုင်းမင်းတို့ကို အကြောင်းရည်၍ ပညာရှိတို့ လေ့ကျက်ရာသည်။ ဘေးအန္တရာယ်ခပ်သိမ်းကင်း၍ ပစ္စုပ္ပန်သံသရာ နှစ်ဖြာစီးပွားဖြစ်၍ မင်္ဂဖိုလ်နိဗ္ဗာန် အထွဋ်ကို ပေးတတ်သော သုံးလူထွဋ်ဘုရားမြတ်ဖြစ်၍ ဟောတော်မူသည်)

## (၈) ဆန္ဒန်ဆင်မင်းပရိ တ္တော်

၁။ နမောတဿတိ- ပူရေန္တံဗောဓိသမ္ဘာရေ နိဗ္ဗတ္တံ ဟတ္ထိယောနိယံ။
မဟာသတ္တံဝမေလုတ္တော။ သုဘဒ္ဒါပေသိယာလုကာ။
၂။ ပဋိသလေနနိလိယိ။ ဒန္တမတ္တာယပိဆိတွာ။
ဒန္တာနိသိန္နမတ္တာယ။ ဇဝမာဒိဂ္ဂုဏာဏုတွာ။
ဖရိတ္တံ`တံဘဏာမဟေ။
၃။ ဧကသ္မိံ သမယေနာတော၊ အဘိဆန္ဒန္တောနာမတော။
ဆဒ္ဒါန္တောနာမနာမေန၊ လူကောသောနုတ္တရောတဒါ။
၄။ ဂန္တာရံအဓိပေက္ခယ၊ အာဝတ္တံသောနကံ။

သီဟဗျဂ္ဃာဘယာဒီဟိ၊ မစ္ဆပိစ္ဆပဝိဇ္ဇိတံ။ ။
၅။ သုဘဒ္ဒါရာဇာကညာယော၊ နိဒေါသောသုတသာကရော။
လဋ္ဌော သောနုတ္တရောဂန္တွာ၊ ဝိဇိဂဇဝရံသရော။ ။
၆။ သလေနဝိဒ္ဓေါဗျာဓိတော၊ သန္တောကာသာယဝတ္ထံအဒသ
သစေကရေယျနာဂဝရံ၊ သစ္စမာမံဝနေဝါသမိဂါဒါဂစ္ဆိ။
၇။ ဂဇသီဟဗျဂ္ဃမဟိံ သာဗ၊ ဂုမ္ဘိလာမဂါရာသံသုနဗီ။
သမုတ္တေစ လေနစ၊ မာမံ ဟိံသန္တု သဗ္ဗဒါ
၈။ ကုမံဆဒ္ဒန္တပရိတ္တံ၊ အာနုဘာဝေနတေဇသာ။
ကာယံဝတ္တံဖလံဟောန္တု၊ အာယုဝဏ္ဏသုခံဗလံ။ ။

ဆဒ္ဒန္တပရိတ္တံ နိဋ္ဌိတံ

## (၉) မက္ကဋ ပရိတ်တော်

၁။ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံမက္ကဋရာဇာ။
ကပိယောနိယံညာတီနံ၊ ဒုက္ခိတံပိဒိသွာနစ။
၂။ လောကနာ ထေနဘာသိတံ၊ ကပ္ပဋ္ဌါယိံ မဟာတေဇ
ပရိတ္တံ တံဘဏာမဟေ၊ သဗ္ဗသတ္တသုခါယစ။
၃။ ယသ္မိံ ဝေရံနဒီယံဒိသွာ၊ အနောတရံတတ္ထဝါ ဗိလေန။
အဟံပိနစ သောသကီဿတိ၊ ဥဋ္ဌါနဝိရိယေနစ။
၄။ တေဝိဇ္ဇာဏ္ဍဗ္ဗိပတ္တာစ၊ စေတောပရိယာကာဝိဓါ၊
ခိဏာသဝါ အရဟန္တော၊ ဗဟုဗုဒ္ဓသသာဝကာ။
တေနသစ္စဝစ္စေန၊ သောတ္ထိမေဟောတုသမ္ဗဒါ။
၅။ ဣတိသစ္စပိရိယံနာမ၊ အဓိဋ္ဌာယနဂယာနိ။
သစ္စေန မေသမောနတ္ထိ၊ သောမေအဓိဋ္ဌာပါရမီ။

မက္ကဋ ပရိတ္တံ နိဋ္ဌိတံ

## (၁၀) သီဟရာဇာပရိတ်တော်

၁။ သီဟောဇာတာပါသန္တေနံ၊ မဟာသီဟောမဟာတေဇော။
အဟောမမ ပရိဝါရော၊ အယံရော ဂေါသီဟတေဇော။
၂။ ဥုံစန္ဒိနာ စန္ဒိနာစ၊ သူရိယာနံ သူရိယာနံ။
ဘုမ္မာဒေဝါနံ ရုက္ခဒေဝါနံ အာကာသဒေဝါနံ။

သမဏာဗြဟ္မဏာနံ၊ အမစ္စရာဇာ နသဗ္ဗက္ကတ္တိနံ။
သဗ္ဗပုရိသာနံ၊ သဗ္ဗဘောဂါနံ ဧဟိပီယံမမ။ ။

၃။ သောဠသဥပ္ပဝေါ၊ ဒွတ္တိံသကမ္မကာရဏာ၊ အဝေရာအဗျာပဇ္ဇာ၊ အနီဃာအဒုက္ခာ၊ အဘယာ၊
အာယုဒီဃာသမိဇ္ဈန္တု၊ သဗ္ဗေဘယာ မုန္စန္တု၊ သဗ္ဗရောဂါဝိနဿန္တု၊ သဗ္ဗရောဂါဝိနဿန္တု
အသေသတော။

သီဟရာဇာပရိတ္တံ နိဋ္ဌိတံ

## (၁၁) သသရာဇာ ပရိတ်တော်

၁။ ပုရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ သသဇာတိယံ။
ယဿတေဇေန ပဒုမ္မာ၊ ဘုမ္မကာဒုဒ္ဓဟိတံဝနေ။
ဝေမာဒိဂုဏာပေတံ၊ ပရိတ္တံတံဘဏာမဟေ။
၂။ ကိဋ္ဌိ ကိဋ္ဌိ ဖလံပတ္တေ၊ သတ္တသီဟော တယောနာဝေါ။
ဇေဓမ ဝဇလပတ္တော၊ ကိဋ္ဌဘ ကွောဘဝိဿတိ။
၃။ ဒါနံသီလဋ္ဌ ဘာဝနာ၊ ကတာပါပါ ရက္ခာသစ္စာ။
မေတ္တာမောဒေယျမဗ္ဗိကာ၊ ဝိဇာဒေဝါ ဝရောဒကာ။
၄။ ပဂေါဇာ ဗလဗောဇောဝါ၊ သေခမ္မောသထ သဗ္ဗာယ။
မေတ္တာမောဒေယျမဗ္ဗိကာ၊ ဝိဇာဒေဝါ ဝရောဒကာ။
လဒ္ဓက္ခာယထာ မာမိမာ၊ သဟိဒကာဇိန္နမာ။ ။
၅။ သသောစေဝမက္ကဋ္ဌေါစ၊ သိင်္ဂါလောစဥ ဇ္ဈေကထာ၊ သောမေ သစ္စာပါရမီ။

သသရာဇာ ပရိတ္တံ နိဋ္ဌိတံ

## (၁၂) သူကရ ရာဇာပရိတ္တော်

၁။ ပုရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံသူကရ ယောနိယံ
ယေနသံ ဝိသိတာရက္ခံ၊ မဟာသတ္တံ၊ မဟာသတ္တံ ဂါမေစရာ။
၂။ တွံပိသေဋ္ဌေါတိလောကသ္မိံ၊ တွံပိလောဏာ မဟိဒ္ဓိကော။
လောကာဟိမင်္ဂလံသေဋ္ဌံ၊ လောကပါပံ ဘဝါမဟံ။ ။
၃။ ဇယျံဒေထမယှံဘန္တော၊ ပုညကမ္မံ ကရောမဟံ။
ရတနံ ဒေထရာဇာမ၊ ဒုက္ခပတ္တာ ပမောစယ။ ။
၄။ ရာဇာဝိသဗ္ဗသတ္တေသု၊ ဒယာမေတ္တာ ဥပစယ။
ဇေံသတိမ မသိဒ္ဓိ၊ ဘဝတုသဗ္ဗ၊ ဘဝတု သဗ္ဗမင်္ဂလံ။

၅။ ဝါခေါဒ နောကာအမ္ဘမဝါ၊ ဟေိကရုဏော ဗုဒ္ဓါသံယာ အတ္တနောသဘာဝ မနောဓါတုန် အနတ္တံ၊
နိဿတ္တနိဇီဝါ သဘာဝါ အနိမိတ္တ ဝိပဿနာနာမ။

၆။ ဝိမုတ္တိ ဏာ ဝေမိလန္တာ၊ သဒ္ဓါမ်တ္တံ သမ္ဗုဒ္ဓါ၊
မမ ပူရယ်တ္တာနစ၊ သောမေသစ္စပါရမီ။

သုကရ ရာဇ္ဇပရိတ္တံ နိဋ္ဌိတံ

## (၁၃)ပုတ်သင်မင်း စရိတ်တော်လည်းခေါ်၏

ဟတ္ထိမုခ ပရိတ်တော်လည်းခေါ်၏။

၁။ ဟတ္ထိမုကျော အန္တောသာယစား ဆိဓန္ဓုရာဇာ မန္တယာစ။
ဟေတုယာကကန္တကေယျ၊ ဝုဍ္ဍခွါဗျာကရ ကောအာသိ။

၂။ ပုဏ္ဏောဘန္တ နောစအောသိ၊ သုကိတ္တိမာသုဘာ တေ့ရှေ။
သညာနေဝသူ ရေကတော၊ လောကတိမာ မဟာဓဇေရော။

၃။ ဓန္ဓိမာဝသံကံဘိ ဒွေါအတ္တိလာ နတ္တိလာ ရောဂတ္တလာ။
ရောဂေါလာ၊ ဒုက္ခလာ၊ ဟတ္ထိမုကံ့ မုနဥ္ဆ ပုကံ့ ဇေယျတု သဗ္ဗဒါ။

၄။ ရာဇာမန္တယာ ဟေတုယာ တက္ကန္တ ကေယျဗုဒ္ဓေါ
ဗျာကရ ကောအာသိမုဏ္ဏောသိ ဗဒ္ဓနော မုဋ္ဌေယျ
ဇေယျ ဇေယျတု မာတ္တိ ကုန္တိ အန္တေဇေယျတု။ ။

ဟတ္ထိမုက္ခ ပရိတ္တံ နိဋ္ဌိတံ

အထက်ပါဂါထာများကို ဆင်ဝမ်းတွင်းသို့ ဝင်လေမှရွတ်သည်။ ဆင်အံပြန်သည်။ ပုတ်သင်မင်း ပရိတ်တော်အကျိုးများစွာရှိ၍ ဘေးရန်ကာ၏။

## (၁၄) ရှင်သီဝလိ ပရိတ်တော်

၁။ နာဇာလံတီတိ ဇာလိတာဝိ ဒကာကျဉ်အာ မင်္ဂလသွာဟာ။
ဗဒ္ဓလာမိ ဗုဒ္ဓသဘျမ်၊ ဗုဒ္ဓပူဇနိယံ။ ။

၂။ ပုရေသုံပါရမီ သမ္ဘော၊ သဗ္ဗေပစ္စေကနာယထာ။
သီဝလဝိလူကာ တေဇေန၊ ပရိတ္တံ၊ တံဘဏာမဟေ။ ။

၃။ ပဒုမုတ္တ ရောနာမဇိနော၊ သဗ္ဗမေ့သုစက္ခုမာ။
ကတောသတာသံဟံသာဘမိ၊ ကပ္ပေစိနာယတော။

၄။ သီဝလိစ မဟာထေရော၊ သုလဘောပစ္စယာဒိနံ။
ပိယောဒေဝမနုဿနံ၊ ပိဗြှာဗြဟ္မာမုတ္တမော။
ဝိယောနာဂ သုပဏ္ဏာနံ၊ ပိန္ဒြိယံနမာမဟံ။ ။

၅။ နာသံသိမေဝမေဿီသံ၊ နာနုဇာလီဘိသံဇာလ်။
သဒေဝမနုဿ ပူဇိတံ၊ သဗ္ဗလာဘာဘာဝန္တုမေ။

၆။ သတ္တဟံဝ္ဂါရ၏ ဋ္ဌေါဟံ၊ မဟာဒုက္ခသမပ္ပိတော။
မာတာမေဆန္ဒဒါနေ၊ ဝေသမာသ် သုဒုက္ကိတာ။ ။

၇။ ကေသေသုဆိဇမာ နေသုံ၊ အရဟတ္တမပါပုဏိ။
ဒေဝါနာ ဂါမနုဿာစ၊ ပဗ္ဗယေဥပနေန္တိမေ။ ။

၈။ ဗန္ဓမုတ္တရနာဏူ၊ ဝိပဿိ ရနာယက်။
ယံပူဇိယိ ဗမ္မဗေတ္တာ၊ မစ္စေယဟိ ဝေနောသတော။

၉။ တတော့တော်သံ ဝိသေသနံ၊ ကျွံမွှာနံ ဝိပုလုတ္တမံ။
လာဘံလာဘာမိသဗ္ဗတ္တ၊ ဝနေဂါမေ‌မလေထလေ။

၁၀။ ရေဝတံဒဿနတ္တာယ၊ ယဒါယာတိ ဝိနာယကော။
တိံ သဘိကျွသဟ သေဟံ၊ သဟလောကဂ္ဂနာထကော။

၁၁။ တဒါဒေ ဝေါပဏီကေဟိ၊ ယဒါယာတိ ဝိနာယတော။
ဗန္ဓယေဏိမဟာဝီရော၊ သသံယောလော်ကံနာယတော။

၁၂။ ဥပဋ္ဌိတော မယာဗုဒ္ဓေါ၊ ဂန္တ္တာရေဝတမဒ္ဒသ။
ကတောဇေတာဝနံဂန္တွာ၊ ကေဒဋ္ဌေန ပေသိမံ။ ။

၁၃။ လာဘီနံ သီဝလိအဂ္ဂေါ၊ မမသိသေသုဘိက္ခတော။
သဗ္ဗလောကဟိတောသတ္ထာ ကိတ္တယိပရိသာသုမံ။

၁၄။ ကိလေသာဈာ ပိတာမယှံ၊ ဘဝါသဗ္ဗေသုမုဟာတာ။
နာဂေါဝဗန္ဓနံ သေတွာ၊ ဝိမာရာမိအနာသဝေါ။ ။

၁၅။ သွာဂတံ ဝသေတမေအာသိ ဗုဒ္ဓသေဋ္ဌဿ သန္တိကံ။
တိသောဝိဇာအနုပတ္တာ၊ ကတံဗုဒ္ဓဿသာသနံ။ ။

၁၆။ ပဋိသမ္ဘိရာစတသော၊ ဝိမောက္ခာပိစဋ္ဌိမေ။
ဆဠါဘိညာသစ္ဆိကတာ၊ ကတဗုဒ္ဓဿသာသနံ။

၁၇။ ဗုဒ္ဓပုတ္တောမဟာထေရော၊ သီဝလိဇိနသာဝကော။
ဥဂ္ဂတေတောမဟာဝီရော၊ တေဇသာဇိနသာသနံ။

၁၈။ ရက္ခန္တော သီလတေဇေန ပြဉဝန္တောယသသီသော
ဓဝံတေဇာ နုဘာဝေန သဒါရက္ခတုသီဝလိ။ ။

၁၉။ ကပဋ္ဌါယိတေဗုဒ္ဓဿ၊ ဗောဓိမူလေနံ သိဒိယ။
မာရသေနပ္ပမဒ္ဒန္တော၊ သဒါရက္ခတုသီဝလိ။

၂၀။ ဒသပါရမိတံ ပတ္တော၊ ပဗ္ဗဇိ ဝိနသာသနေ။
ဂေါတမသကျ ပုတ္တော္ဟသိ၊ ထေရောသော မမသီဝလိ။

၂၁။ မဟာသာဝကာ အသီတိသုံ၊ပုဗ္ဗေတေရောယာသသိသော။
ဘဝဘောဝဂ္ဂလာသီသု၊ ဉတ္တမော တေနသီဝလိ။ ။

၂၂။ ဝေံအစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓါဓမ္မာ၊ အစိန္တိယာ
အစိန္တိယေ သုပသန္နာနံ၊ ဝိပါကောဟောတု အစိန္တိယော။

၂၃။ တေသံသစ္စန သီလလေန၊ ခန္တိမေတ္တာဗလေနစ
တေပိမံအနုရက္ခန္တု၊ သဗ္ဗဒုက္ခာဝိနာသနာ။

၂၄။ တေသံသေသသစ္စေနသီလေန၊ ခန္တိမေတ္တာဗလေနစ။
တေပိမံအနုရက္ခန္တု၊ သဗ္ဗဘယာဝိနာသနာ။

၂၅။ တေသသစ္စေနသလေန၊ ခန္တမေတ္တာဗလေနစ။
တေပိမံအနုရက္ခန္တု၊ သဗ္ဗရောဂါဝိနာသနာ။

မဟာသီဝလိပရိတ္တံ နိဋ္ဌိတံ

ဤဂါထာများကို သရစာအုပ်မူရင်းအတိုင်းဖြစ်၏။

ဤကဲ့သို့ တစ်နာရီလောက်ကြာမျှ မင်းခေါင်ကြီးပြောပြသောစကားကို ကျွန်ုပ်နှင့် မဟာမြိုင်ဆရာတော်တို့ နားထောင်ကြပြီး မဟာမြိုင်ဆရာတော်ဘုရားကြီးက သံဝေဂရစရာလည်းကောင်း၊ ပညာခန်းလည်းဖြစ်ဆိုတော့ မှတ်သားလောက်ဖြစ်ပါပေတယ်။ ဤစကားကြားရတာဟာ မောင်ပဍွင်းလေးရဲ့ကျေးဇူးပဲ၊ တပည့်တော်တို့ အနှစ်ကိုးရာနှင့်ချီပြီးရှိနေကြပြီးနေလာကြတာ ဒီလိုတစ်ခါမှ စေ့စေ့စပ်စပ်မဆွေးနွေးဖူးဘူး၊ ကိုယ်တော်လေးက ဒီလိုပညာဗဟုသုတလိုက်စားတယ်ဆိုရင်တော့ နောက်တစ်ပါတ်မှာ ပုဂံကထွက်လာခဲ့တဲ့ မင်းတစ်ပါးနဲ့ ဆုံပေးအုံးမယ်၊ တင်ပါ့ဘုရား၊ ကဲကဲ မင်းခေါင်ကြီးရယ် ဆရာတော်တို့ရယ် ကိုယ်တော်လေးရယ် ဒီမဟာမြိုင်ကြီးထဲမှာ ထူးဆန်းသောနေရာများလိုက်ပြအုံးမယ် လာ-လာ သွားကြစို့။

ကျွန်ုပ်တို့ မဟာမြိုင်ဂူနန်းမှ ထွက်လာကြသည်။ မိနစ်လောက်သွားလိုက်လျှင် ကန့်တောကြီးရောက်ကြသည်။ ကန့်နံ့များနံ၍ ကျွန်ုပ်က ဒီတောင်ကကန့်ထွက်ပါသလားဘုရားဟုလျှောက်တော့ ကန့်တောင်ကြီးဖြစ်တယ်။ သေသေချာချာကိုင်ကြည့်ပါ၊ ကျွန်ုပ်လဲ သေသေချာချာ ကိုင်ကြည့်လိုက်၏။ လက်နှင့်ဖဲ့ကြည့်၏ ဖဲ့လို့ရ၏။ တစ်နေရာကိုင်ဖဲ့ကြည့်၏ ဖဲ့လို့မရချေ။ ကျောက်လိုမာနေသော်လည်း အဆင်းကတော့ ငုဝါရောင် အသွေးရှိဖြစ်၏။ ကျွန်ုပ်ဆီက ရန်ကင်းတောင်လောက်ရှိ၏။ ရှေ့ဆက်သွားကြသည် ကန့်တောင်ကြီးနှင့်တစ်ဆက်တည်း ငွေရောင်များ ဖွေးနေသော တောင်ကြီးတစ်တောင်တွေ့ရ၏။ ငွေတောင်လားဘုရားဟုလျှောက်တော့ ငွေတောင်မဟုတ်ပါဘူးကိုယ်တော်လေး သံတောင်ဖြစ်တယ်။ အခဲလေးတွေ ကောက်ကိုင်ကြည့်ပါလားဟု ပြောသဖြင့် ကျွန်ုပ်ကအခဲလေးတွေကောက်ကြည့်၏။ ထန်းဆစ်ကဲ့သို့

အချောင်းအချောင်းလေးတွေစင်းနေသော ဖာတုံးတစ်တုံးကိုကောက်ယူလိုက်ပြီး ပွတ်ကြည့်ပြန်၏။ သံရောင်ထွက်လာ၏။ ကျွန်ုပ်ကောက်ယူလိုက်သောအတုံးက သမ္ဘရာသီးလုံးလောက်ရှိ၏။ တစ်တစ်ရစ်ရစ်လှ၏။ နောက်တစ်တုံးကောက်ပြီး ပွတ်ကြည့်လိုက်လို့ မိန့်သဖြင့် ပွတ်ကြည့်လိုက်၏။ မီးများ တဖြတ်ဖြတ်နှင့်ထွက်လာ၏။ ဖဲ-တွေ့တယ်မဟုတ်လား ကိုယ်တော်လေး တပည့်တော်တို့ဆီမှာ မီးမရှားဘူး၊ မီးခြစ်မလို ဘူးနော်၊ ရေမီး၊ လေမီးထွက်တဲ့နေရာရှိသေးတယ် လာ လာ လာ ဆိုပြီးခေါ်သွား၏။ သံတောင်တစ်ဝက်လောက်ရောက်တော့ ဟောဒီအခဲလေးကောက်ပြီး ရေထဲချကြည့်ဟုပြောသဖြင့် လက်သီးဆုပ်လောက် ဖားပြုတ်ကြောလို ဆူးကလေးများပါသော ကျောက်တုံးကိုကောက်ယူပြီး ကုန်းပေါ်တင်လိုက်ပါလို့ဆို၍တင်လိုက်၏။ ကုန်းပေါ်ရောက်တော့ တစ်တောင်လောက် မီးညွန့်တက်လာပြီးငြိမ်းသွား၏။ ဒီတောင်၏ ကျောက်တုံးတွေဟူသမျှ ဒီလိုချည်းပဲ ကိုယ်တော်လေး ကဲရှေ့ဆက်ကြအုံးစို့၊ သံတောင်အဆုံးလောက် ရောက်သွားကြ၏။ ဒီကျောက်ကလေးတွေက ငွမ်းလိုဖြူနေတာဘဲကိုဘုရား။ အေး-အေး ဒီကျောက်တွေက လေမီးကျောက်တွေကိုယ်တော်လေး၊ သစ်ရွက်ခြောက်ကလေးထပ်ပြီး မှုတ်ကြည့်လိုက်လို့ပြောသဖြင့် မှုတ်ကြည့်လိုက်၏။ သစ်ရွက်ကလေး မီးလောင်သွား၏။ နောက်တစ်ရွက်ကောက်ပြီး ကျောက်တုံးကလေးကပ်၍ မှုတ်လိုက်ပြန်၏။ မီးတောက်လာ၍ ကျွမ်းပြီး ပြာကျသွားပြန်၏။

ကဲ့ရှေ့ဆက်သွားကြအုံးစို့ တောင်တစ်တောင်မြင်တွေ့ရပြန်၏။ ပြာစိမ်းအရောင်ရှိ၏။ ဒီတောင်က ဘာတောင်လဲမေးတော့ မင်းခေါင်ကြီးက ဒုတ္ထာတောင် ကိုယ်တော်လေး ဘုရားအနားရောက်တော့ လက်သီးဆုပ်လောက်ကျောက်စိမ်းပြာတုံးလေးကောက်ကြည့်လိုက်၏။ ဒုတ္ထာတုံးဖြစ်နေ၏။ ဒီတောင်က ဒုတ္ထာထွက်သလားဘုရားဟု မဟာမြိုင်ကိုယ်တော်ကြီးလျှောက်တော့ ထွက်တာမဟုတ်ဘူး ကိုယ်တော်လေး တောင်ကိုက ဒုတ္ထာတောင်ဘဲ လိုချင်ယူလာခဲ့ပါလား၊ မလိုချင်ပါဘူးဘုရား၊ ကဲကဲ ရှေ့ဆက်ကြအုံးစို့၊ ရုတ်တရက်တောင်တစ်တောင်ရောက်လာပြန်သည် တောင်ကြီးတစ်တောင်လုံး နနွင်းဝါရောင်တောက်နေ၏။ ဘာတောင်လဲဟုမေးတော့ ဘိုးမင်းခေါင် ဆေးဒါန်းတောင်ခေါ်ပါတယ်ဘုရား၊ တောင်တွေတွေ့ခဲ့တိုင်း တပည့်တော်တို့နားက မန္တလေးတောင်၊ ရန်ကင်းတောင်လောက်ချည်းဘဲ- တယ်အံ့ဩစရာကောင်းပါလားဘုရား၊ ရှေ့မှာ ဒါထက်ထူးဆန်းတဲ့ တောင်တွေရှိသေးတယ်၊ သွားကြအုံးစို့ ဟု မိန့်သဖြင့် ခရီးဆက်ကြပြန်၏။ တောင်ကြီး တစ်တောင်ရောက်လာပြန်၏။ စိမ်းဝါနီအသွေးရှိ၏။ ဒီတောင်ကဘာတောင်ပါလဲဘုရားဟုလျှောက်တော့ မဟာမြိုင်ဆရာတော်ကြီးက ဒီတောင်ကမြင်းသီလာတောင်ဖြစ်တယ်ကိုယ်တော်လေး-တပည့်တော်တို့က စာထဲသာမြင်သီလာလို့ တွေ့ဘူးတော့ဆေးဒန်းနှင့် မြင်းသီလာအတူတူပဲထင်နေတာဘုရား-အခုမှ မတူမှန်းသိရတော့တာပဲဘုရား၊ အံ့ဩစရာပဲဘုရား (၄)လှမ်း (၅)လှမ်းလောက်သွားမိပြန်တော့ ဝါဝင်းနေသော တောင်ကြီးတစ်တောင်ရောက်လာပြန်၏။ ဒီတောင်ကရွှေတောင်လားဘုရားလို့မေးတော့ ရွှေစိမ်းတောင်လို့ ခေါ်တယ်ကိုယ်တော်လေး ဒီရွှေစိမ်းတွေကိုမြို့က ကျွမ်းကျင်သူများ လှော်လိုက်လျှင် ပုရပိုက်ခေါက်ရွှေ ဖြစ်သွားတာပဲ၊ ကိုယ်တော်လေး။ ရွှေတောင်ကြီးက တယ်ကြီးပါလားဘုရား- တပည့်တော်တို့ဆီက စစ်ကိုင်းတောင်ကြီးလောက်ရှိပါတယ်။ ရှိတာပေါ့ ကိုယ်တော်လေး မကာရင်သာရှိမယ်ဟု ဘိုးမင်းခေါင်ကြီးက

ပြောပြ၏။ တဖန်ရွှေတောင်ကြီးနားမှ ခြေလှမ်းလေးငါးဆယ်လောက် သွားမိပြန်တော့ မကြည့်နိုင်လောက်အောင် ဖြူဝင်းတောက်ပနေသော တောင်ကြီးနားရောက်လာကြပြန်၏။ ဒါဘာတောင်လဲဘုရားဟုမေးလိုက်တော့ ဒါက စိန်တောင် ခေါ်တယ်၊ ဒါ ကျောက်ကဖြစ်တဲ့စိန် တွင်းထွက်စိန်လို့ခေါ်တယ် တပြည့်တော်ဖြင့် တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါတွေ့ဘူးမြင်ဘူးတာပဲဘုရား- ရှေ့ဆက်သွားကြအုံးစို့ ပြောပြောဆိုဆို အစိမ်းရောင်နှင့် အနီရောင် စပ်ကြားဖြစ်နေသော စစ်ကိုင်းတောင်ထက် (၂)ဆကြီး တောင်ကြီးကို တွေ့ရပြန်လေ၏။ ဘုရားတပည့်တော်တို့ ညာဘက်က မျက်စိတစ်ဆုံး အစိမ်းချည့်ဖြစ်ပြီး ဘယ်ဘက်က မျက်စိတစ်ဆုံး အနီချည့်ဖြစ်သော တောက်ပနေသော တောင်ကြီးက ဘာတောင်လို့ခေါ်ပါသလဲဘုရား၊ ယာက မြတောင်၊ ဘယ်က ပတ္တမြားတောင်ဖြစ်တယ်ကိုယ်တော်လေး မြနဲ့ ပတ္တမြားက ဆက်စပ်ပြီး ဖြစ်နေတာတော့ အံ့ဩစရာကောင်းတာပဲဘုရား၊ တပည့်တော်တို့က ဒီရတနာတောင်တွေက ကျောက်ခဲတွေယူခဲ့ပြီး ကိုယ်တော်လေးအရင်ဆုံး ဖူးခဲ့ရတဲ့ (လောကသရဖူသောင်းထွဋ်ကေရာ) တည်ထားကိုးကွယ်ကြတာပါဘုရားဟု ဘိုးမင်းခေါင်ကြီးကလျှောက်၏။ ဒီရတနာတုံးတွေစီတော့ ဘာအင်္ဂတေနဲ့စီပါသလဲ၊ ဆေးဒါန်းမြင်းသီလာတို့ကို အင်္ဂတေလိုဖျော်ပြီး စီတယ်ကိုယ်တော်လေး၊ တန်ခိုးရှင်တွေမို့သာ လူစီမယ်ဆိုရင် ရနိုင်မယ်မထင်ဘူး- ဒါဟာ မှန်တာပေါ့ ကိုယ်တော်လေး သစ်စေးများနဲ့ ဆေးဒန်းမြင်းသီလာရောပြီးမွှေသားကျအောင်မွှေပြီး ဒီရတနာတွေကျောက်တွေ စီလိုက်ပါလျှင်ဆင်နှင့်ဆွဲဖြုတ်တောင် မပြုတ်တော့ဘူး ကိုယ်တော်လေး (သောင်းလုံးဒီပါမဟိဒ္ဓိရှင်) စေတီတော်ကြီး လိုက်ပို့အုံးမယ်ဆိုပြီး ကျွန်ုပ်ရှေ့က မဟာမြိုင်ဆရာတော် ကျွန်ုပ်နောက်က ဘိုးမင်းခေါင် ကျွန်ုပ်ကအလယ်ကလိုက်ပြီးသွားကြ၏။ သွားရင်းမြေကြီးက ဖေါင်းတက်လာပြီး ထိုမြေကြီးဖေါင်းနေသော အပေါ်တက်ကြ၍ မြေကြီးအဖေါင်းလဲ တဖြေးဖြေးနဲ့ ပြန်ကျသွားရော ကျွန်ုပ်တို့လဲ မြင့်မားကြီးကျယ်ခမ်းနားသော စေတီကြီးတစ်ဆူ၏ တံတိုင်းပေါက်အဝ ရောက်ကြလေ၏။

ဒီဘုရားလားဘုရား (သောင်းလုံဒီပါမဟိဒ္ဓိရှင်) စေတီတော်ကြီးဆိုတာဟုတ်တယ် ကိုယ်တော်လေး တစ်နာရီလောက် အချိန်ရသေးတယ် သေသေချာချာဖူးပြီး ပုတီးစိပ်လျှင် အလောင်းတော်ကဿပကို ဟောဒီတကာမင်းခေါင်လိုက်ပို့လိမ့်မယ်၊ ကောင်းလှပါပြီဘုရားဆိုပြီး တံတိုင်းမုခ်ဝမှ အတွင်းရောက်လျှင် ဂန္ဓကုဋီတိုက်ကျောင်းကြီး နံရံနှင့်အမျှ နတ်ရုပ်များက ရုပ်တော်မူကြီး တစ်မျက်နှာတစ်ဆူ၊ လေးမျက်နှာလေးဆူဖြစ်၏။ နတ်ရုပ်များက ရုပ်တော်မူဘုရားကြီး ဝဲက ၅ ရုပ် ယာက ၅ ရုပ် ဒေါင့်လေးဒေါင့်က မနုဿသီဟရုပ်ကြီးရှိ၏။ နတ်ရုပ် ၄ မျက်နှာ ၄၀ မနုဿသီဟ ၄ ရုပ် ရုပ်တော်မူလေးဆူ- ရုပ်တော်မူကြီးအရုပ်တော်ကို ခြေထောက်အောက်က ကြာပလ္လင်မှာ (ကောဏ္ဍာသံ ဘုရား ၁၈-တောင်) (ကောဏာဂုံဘုရား ၁၈-တောင်) (ဂေါတမဘုရား ၁၈ တောင်)လို့ ရေးထားသဖြင့် နတ်ရုပ်များ မနုဿသီဟရုပ်များလဲ ဘုရားအညီရှိကြ၍ ၁၈ တောင်စီရှိကြောင်းသိရတော့၏။ ဂန္ဓာကုဋီတိုက်ကျောင်းကြီးအရပ်လည်း - ၁၈ တောင်ဆိုတာမပြောဘဲနှင့်သိရပေတော့၏။ အားလုံးရတနာများဖြင့် သူ့နေရာနှင့်သူ စီခြယ်ထား၍ ရှုလို့မငြီးနိုင်အောင် ဖြစ်နေတော့၏။ အတွင်းနံရံအတွင်းတိုင်များကို ကြည့်လိုက်ပြန်တော့ည ဇာတ်ကြီးဆယ်ဘွဲ့ ငါးရာငါးဆယ် အဖြစ်တော်စဉ် အခမ်းအနားများ ရတနာများဖြင့် ရုပ်လုံးဖော်များပြုလုပ်ထားသဖြင့်

အလွန်တင့်တယ်၍ ရှုလို့မညီးနိုင်အောင်ဖြစ်နေတော့၏။ ဂန္ဓကုဋိတိုက်အတွင်းကဘုရားကြီးဝင်ဖူးလိုက်ပြန်တော့ ကြာပလ္လင်အောက်လေးဆင့် အထက်လေးဆင့်ခါးနှင့်ဆိုတော့ ၉ ဆင့်ဖြစ်၏။ ထို ၉ ဆင့်ပေါ် ၉ တောင်လောက်ရှိသော စိန်တုံးကြီးနှင့်ထုထားသော စိန်သားအစစ် ဘုရားကြီးကို ဖူးမြင်ရ၍ ကျွန်ုပ်အလွန်ဝမ်းသာပြီး အလွန်အားရ၍ ပုတီးအပတ် ၉၀ ထိုင်စိပ်လိုက်တော့၏။ ပုတီးစိပ်ပြီးလျှင် နာရီကို ထုတ်ကြည့်လိုက်တော့ ညနေ ၄ နာရီထိုးနေ၏။ ကျွန်ုပ်၏ဘေးကလည်း ဘိုးမင်းခေါင်ကြီးနှင့် မဟာမြိုင်ဆရာတော်ဘုရားကြီးတို့လည်း စိပ်နေကြ၏။ ထိုပုဂ္ဂိုလ်ကြီးများစိပ်လို့မပြီးသေးတာနဲ့ ကျွန်ုပ်စိန္တာမဏိမန္တာန်တော်ကြီးရွတ်နေ၏။ စိန္တာမဏိမန္တာန်တော်ကြီးဆုံးမှ ထိုပုဂ္ဂိုလ်ကြီးများ ပုတီးစိပ်လို့ပြီးတော့ နာရီကြည့်ပြန်တော့ ၄ နာရီခွဲနေ၏။ မဟာမြိုင်သည်တစ်လျှောက်လုံး သုဂတော ၅ ချက်စိပ်တာ အပတ် ၂၀ ရ၏။

(ယခုသောင်းလုံးဒီပါမဟိဒ္ဓိရှင်) ဘုရားကြီးမှာစိပ်တာ (သုဂတောသိဒ္ဓိ) ရိုးရိုးစိပ်၏။

ဆရာတော်ဘုရားကြီးတို့က ပုတီးစိပ်ပြီးလျှင် ကိုယ်တော်လေးက စိန္တာမဏိမန္တာန်တော်ကြီးလဲ ရသကိုး၊ မှန်လှပါ ဒီအလောင်းတော်ကဿပမှာတစ်နေ့တစ်ခါရွတ်မည်လို့အမိန့်ရှိထားပါတယ်ဘုရား၊ကောင်းတယ်ကိုယ်တော်လေး ကောင်းတယ် ဒီကနေ့ကိုယ်တော်လေးကို မဟာမြိုင်ထဲ လျှောက်ပို့ လိုက်တာ တောင်များကတော့ စုံသလောက် ဖြစ်သွားပြီး ပုဂ္ဂိုလ်ကြီးနေတဲ့နေရာနှင့် ဘုရားများကတော့ မစုံသေးဘူး၊ နောက်ဥပုသ်ကျမှစုံအောင် လိုက်ပို့ပေးအုံးမယ်၊ ဒီကနေ့သွားတဲ့ခရီးလည်း လူသာမန်တို့ ရိုးရိုးသွားလျှင် တစ်လလောက်သွားရတယ်၊ တပည့်တော်တို့နှင့် သွားလို့ ဒီလောက်ခရီးပေါက်တာ ကဲကဲနေလည်းဝင်တော့မယ် ဒကာမင်းခေါင်ကြီးက ကိုယ်တော်လေးကို အလောင်းတော်ကဿပလိုက်ပို့လိုက်ပါ၊ ကောင်းလှပါပြီဘုရား ကိုယ်တော်လေး လာလာကြွကြွဆိုပြီး ကျွန်ုပ်တို့ ခြေလှမ်း ၅၀-၆၀ လောက်လှမ်းမိကြလျှင် အလောင်းတော်ကဿပ ရောက်လာကြ၏။ အလောင်းတော်ကဿပကြီး၏ အာရုံခံနားရောက်၍ ကိုယ်တော်မြတ်ကြီး အာရုံခံထဲ ဝင်ပြီးဖူး၍ ရှိခိုးပြီး အောက်ဂူကြီးထဲဆင်းကြ၏။ ဘိုးမင်းခေါင်လည်း လိုက်လာ၏။ အောက်ဂူကြီးထဲ ရောက်သောအခါ ဘိုးမင်းခေါင်ကြီးက ဖယောင်းတိုင်များ အမွှေးတိုင်နှင့် အလောင်းတော်ကဿပ ကိုယ်တော်ကြီးကို ပူဇော်ရှိခိုး၍ ပုတီးစိပ်၏။ ကျွန်ုပ်လည်း သုဂတော ၅ ချက် အမိန့်ရှိပုတီးကိုစိပ်၏။ ဘိုးမင်းခေါင်ကြီးစိပ်ပြီးလျှင် ပြန်တော့မည့်အကြောင်း ကျွန်ုပ်ကိုနှုတ်ဆက်၍ ဂူတွင်းမှ ပျောက်ကွယ်သွားတော့၏။ ကျွန်ုပ်ဆက်လက်စိပ်၏။ ည ၁၂ နာရီရောက်လျှင် ပုတီးပါတ်အရေအတွက် ၇၉ ကိုက်၍ တစ်နေ့အတွက် အောင်မြင်၏။ နေ့ကလည်းသွားလာရတာနှင့် အနားယူတဲ့သဘောဖြင့် ခေတ္တအိပ်လိုက်၏ နှစ်နှစ်ခြိုက်ခြိုက် ကြီးပျော်သွား၏။ အိပ်ရာကနိုးတော့ နာရီကြည့်လိုက်၏။ ၂ ချက်ထိုးနေ၏။ အိပ်ရာမှထပြီး မျက်နှာသစ်၍ ပရိကံယူပြီး သုဂတော ၅ ချက် ဂါထာပုတီးစိပ်၏။ မှတ်တမ်းရေးလိုက်၏။ ၁၃၁၆-ခု၊ တပို့တွဲလဆန်း (၁၁)ရက် နံနက် ၁၀ နာရီ ပုတီးပတ် ၃၅ ပတ်ရ၏။ အပြင်ထွက်၍ ငှက်ပျောအူများစားပြီး ရေချိုးအနည်းငယ်နေဆာလှုံပြီး ဇရပ်တန်းဘက် လမ်းလျှောက်ပုတီးစိပ်နေ၏။ နေ့ (၁၂)နာရီ လောက်ဖြစ်၏။ ထိုကဲ့သို့ လမ်းလျှောက်စိပ်နေခိုက် ဆတ်ကြီးတစ်ကောင်ရှေ့မှ ဖြတ်သွား၏ များမကြာမီ တောင်မှ မြောက်သို့ ကျားကြီး တစ်ကောင်တပုန်ထိုး ပြေးလာ၏။ ကျွန်ုပ်ကဘေးအသာကပ်ပေးလိုက်၏။ ကျွန်ုပ်ကိုမကြည့်ဘဲ မြောက်သို့သာ တည့်တည့်ပြေးသွား၏။

ကျားက (၁၂)တောင်လောက်ရှိ၏။ ကျွန်ုပ်လည်း ၉ ပတ်လောက်လမ်းလျှောက်စိပ်ပြီး ပုတီး ၁၀ ပတ်စိပ်၏။ ဂူတွင်းလည်းလမ်းလျှောက်ပြီး (၁၀)ပတ်စိပ်ပြန်၏။ ပြီးလျှင်ခဏလှဲပြီး ပါးစပ်ကသာ သုဂတော ၅ ချက်ဂါထာ ရွတ်နေ၏။ ထိုအခိုက် မိန်းကလေး ၃ ယောက်ဝင်လာကြ၏။ ဤလိုဏ်ဂူထဲ မိန်းကလေးတွေ့ရတာ ပဌမပဲလို့စိတ်ထဲက မှတ်ထားလိုက်၏။ ကျွန်ုပ်ကဘာမှမပြောဘဲ အသာနေ၏။ သူတို့ဝင်လာပြီး ဘုရားဝတ်ချပြီး ညီညီညာညာ ဓမ္မစကြာရွတ်ကြ၍ ဓမ္မစကြာအမွှန်းများလဲရွတ်ကြ၏။ ပရိတ်ကြီးရတနသုတ်နှင့် မေတ္တာသုတ်များလည်းရွတ်ကြ၏။ ကျွန်ုပ်အဘို့အဆန်းဖြစ်နေပြီး လျောင်းနေရာမှ ထိုင်ပုတီးစိပ်ရင်း သူမတို့သုံးယောက်ကို အကဲခပ်နေ၏။ သူမတို့ကတော့ အလောင်းတော်ကဿပဘက်သာကြည့်ပြီး ရွတ်နေကြ၏။ အသံလေးများကလဲ အလွန်သာယာ၏။ အရွယ်လေးများကလဲ (၂၀-၂၅)စီလောက်ဖြစ်၏။ ရုပ်ရည်လေးများကလည်း အချောချည်းဖြစ်နေ၏။ ကျွန်ုပ်သည် သူမလေးများဟာ လူတော့မဟုတ်ပေရာ ဥစ္စာစောင့်ဖြစ်လေမလား နတ်သမီးများဖြစ်လေမလားဟု ပုတီးကိုသာ အာရုံမလွှတ်တမ်းစိပ်ပြီး အခြေအနေစောင့်ကြည့်နေရတော့၏။ ကျွန်ုပ်ပုတီးစိပ်ကာ လျောင်းရက်-ထိုင်ရက်စိပ်ပြီး အခြေအနေ စောင့်ကြည့်နေရတော့၏။ ကျွန်ုပ်ပုတီးစိပ်ကာ လျောင်းရက် - ထိုင်ရက်စိပ်တာ သုဂတော ၅ ချက်ဂါထာ ၉ ပတ်ရသဖြင့် နာရီကြည့်လိုက်ရာ ည ၁၀ နာရီထိုးနေ၏။ မိန်းကလေးသုံးယောက်က ရွတ်လို့ဖတ်လို့မပြီးကြသေးချေ။ သို့နှင့်ပင် အခြေအနေကို စောင့်ရင်း ထိုင်လျှက်ပုတီးစိပ်နေ၏။ ည ၁၀ နာရီ ၁၀ မိနစ်လောက်တွင် သူမလေးတို့ ၃ ယောက်ရွတ်ဖတ်တာပြီးသွားပြီး ဘုရားကို ဝတ်ချပြီးနောက် ကျွန်ုပ်ထိုင်တဲ့ဘက်သို့ ဝတ်ချမည်လုပ်ပြီး အရှင်ဘုရားက ရဟန်းဟုတ်ပါရဲ့နော် ဒကာမလေးတို့က ဘယ်လိုထင်လို့လဲ၊ လူသူတော်လား ရသေ့လားလို့မေးတာပါဘုရား- ရဟန်းပါဒကာမတို့ ကျွန်ုပ်၏ နှစ်ထပ်သက်န်းကြီး အဲဒီအလောင်းတော်ကဿပပေါ်မှာ ခြုံပြီးလှူထားပါတယ်။ သြော်ဟုတ်လားဘုရား သာဓုပါဘုရား သာဓု သာဓုပါ တပည့်တော်တို့ ဝတ်သော လက်စွပ်၊ လက်ကောက်၊ နားဋောင်းတို့ကို အရှင်ဘုရားအား လှူဒန်းပါရစေဘုရားဆိုပြီး ချွတ်ကြ၍ ကျွန်ုပ်ရှေ့လာပုံလှူထား၏။ ဒကာမတို့ ကျွန်ုပ်တို့ရဟန်းက ရွှေအလှူမခံဘူး စေတနာရှိလျှင် အလောင်းေတာ်ကဿပကြီးကိုသာ လှူဒါန်းကြပါဟု ကျွန်ုပ်ကပြောလိုက်တော့ ပြန်ယူကြ၏။ ပြန်ဝတ်၍ တပည့်တို့ကို မှတ်မိလားဘုရား၊ မမှတ်မိပါဘူး ဒကာမလေးတို့ တပည့်တော်မက ရှင်မယ်ဖြူလေ - သူတို့ ၂ ယောက်က တပည့်တော်၏ အဖော်တွေ၊ ဩ-ရှင်မယ်ဖြူလား စာတွေကလည်း တယ်ရပါလား- ဓမ္မစကြာတို့၊ ပရိတ်ကြီးတို့ကလည်း မွတ်နေတာဘဲကိုး၊ အရှင်ဘုရားနှင့်တွေ့ပြီး ကျောင်းကသင်ခဲ့တဲ့စာတွေ သတိရတာနဲ့ ပြန်ကျက်လို့ ရတာနဲ့ နေ့စဉ်ဘဲ ရွှိခိုးနေရတာဘဲဘုရား၊ ဒကာမကြီးတို့လည်း အရင်ကနဲ့မတူဘူး၊ အဝတ်အစား များကလည်း ပြောင်လက်လို့ အသားအရေကလည်း ရွှေရောင်လိုဝင်းလို့ ဘယ်အဆင့်ရောက်နေ ကြတာတုံး၊ တပည့်တော်မတို့က ယခုလွန်ခဲ့သောခုနှစ်ရက်အတွင်းက အရှင်ဘုရားပေးခဲ့သော သုဂတော (၅)ချက်ပုတီးစိပ်တာနှင့် ဘုမ္မစိုးနတ်အဆင့်ရောက်ပါတယ်ဘုရား၊ အရင်ကလို အစားဆင်းရဲ အနေအထိုင်ဆင်းရဲတဲ့ဘဝမျိုးက ကျွတ်လွတ်ပြီး ချမ်းသာတဲ့အဖြစ်မျိုးရောက်ရလို့ အရှင်ဘုရားကို ကျေးဇူးကြီးလွန်းလို့ လာကန်တော့တာပါဘုရား။

သာဓု ဒကာမကြီး သာဓု ကျွန်ုပ်ကို မကန်တော့နဲ့ ဘုရားကိုသာ ကန်တော့ အချိန်ရလျှင် ဘုရားကိုသာကန်တော့ အချိန်ရလျှင် ဘုရားကိုအာရုံပြုပြီး အဲဒီပုတီးစိပ်ကိုသာ စိပ်ပါဒကာမကြီး၊ မှန်လှပါဘုရား အရှင်ဘုရားကို ဖူးချင်ကြတဲ့ တပည့်တော်မတို့လို ဘုမ္မစိုးတွေရှိပါတယ်၊ တပည့်မခေါ်လာခွင့်ပြုပါဘုရား၊ ကောင်းပြီဒကာမကြီး ကောင်းပြီ၊ ကောင်းပြီ၊ ပြန်ခွင့်ပြုပါဘုရား၊ ကျွန်ုပ်ကခေါင်းငြိမ့်ပြလိုက်၏။ ဝတ်ချပြီး ပြန်ထွက်သွားကြ၏။ သူမတို့ထွက်သွားကြတော့ ကျွန်ုပ်ဆက်လက်၍ ဘုရားရှေ့တွင် ထိုင်ပြီးပုတီးစိပ်၏။ တစ်နေ့တာ ၇၉ ပတ်ပြီး၍ မေတ္တာပို့ အမျှတန်းဝေပြီး နာရီကြည့်လိုက်၏။ ၁၂ နာရီနှင့် မိနစ် ၁၀ ဖြစ်၍ ခေတ္တအိပ်၏။ နံနက် ၁ ချက်ခွဲလောက်နိုး၍ ကိုယ်လက်သုတ်သင်ပြီး ပုတီးစိပ်၏ လင်းလျှင် မှတ်တမ်းရေးလိုက်၏။ <u>၁၃၁၆ခု၊ တပို့တွဲလဆန်း (၁၂)ရက်၊ နံနက် (၆)နာရီ</u> ပုတီးပတ် သုဂတော ၅ ချက် ၂၇ ပတ်ရ၏။

ဂူအပြင်ဘက်ထွက်၍ သွားတိုက် မျက်နှာသစ်ပြီး အညောင်းပြေလမ်းလျှောက်ရန် အထက်အလောင်းတော်ကဿပ ရုပ်ပွားတော်မြတ် တန်ဆောင်းတက်လာခဲ့ပြီး ဘုရားဝတ်ချ ပုတီး ၉ ပတ်စိပ် တောင်ဘက်လမ်းလျှောက်သွား၏။ တစ်နာရီနှင့် ၁၅ မိနစ်လောက်သွားမိလျှင်စေတီလေး တစ်ဆူတွေ့၏။ ၁၅ တောင်လောက်ရှိမည်ထင်၏။ မုခ်ဝတွင် စာရေးထား၏။ (ရန်ပြေဘုရား)ဟု တွေ့ရ၏။ လူမရှိသော်လည်း ဘုရားပုရပုတ်မှာ ရှင်းလင်းနေ၏။ နံနက် ၈ နာရီလောက်ဖြစ်၍ နေရောင်လေးနှင့် ပုတီးစိပ်ရတာ နွေးနွေးလေးဖြစ်၍ အလွန်စိပ်လို့ကောင်းသဖြင့် သုဂတော ၅ချက်ဂါထာ ၁၀ ပတ်ပြီး အမျှဝေလိုက်၏။ လူတစ်ရပ်လောက်ရှိသော ဒေါင်းကြီးတစ်ကောင်ဆင်းလာပြီး ဘုရားပါတ်၍က၏။ ကျွန်ုပ်လည်းအထူးအဆန်းဖြစ်၍ ကြည့်နေ၏။ အိုးဝေသံဖြင့်လည်း တွန်နေ၏။ ကျွန်ုပ်က ထိုဒေါင်းကြီးကို အမျှပေးဝေလိုက်၏။ သိသောအမူအရာဖြင့် ကျွန်ုပ်ကို တစ်ပါတ်ပါတ်၍ ဘုရားကို တစ်ပါတ်ပါတ်ပြီး ကောင်းကင်အထက် အနောက်ဆီသို့ ပြန်သွားတော့၏။ ကျွန်ုပ်လည်း ပြန်လာခဲ့ပြီး ဘုရားကုန်းရောက် အရှေ့ဘက်ရေမြောင်းထဲ ရေဆင်းချိုးပြီး ပြန်တက်၍ ဂူအောက်ဆင်း ၁၁ နာရီ ၄၀ ဖြစ်၍ ကျန်ရှိနေသော ငှက်ပျောသီး ၂ လုံးစား၍ ထိုနေ့အဖို့ ဆွမ်းကိစ္စပြီးပြီ- ပုတီးဆက်စိပ်၏။ ည ၁၂ နာရီထိုး၏။ တစ်နေ့ ပုတီးပတ် ၇၉ ပတ်ပြည့် ခေတ္တအိပ်လိုက် တစ်ချက်ထိုးတော့ထပြီး ပုတီးစိပ် တပို့တွဲလဆန်း (၁၃)ရက် စနေနေ့ နံနက် (၃)နာရီအချိန် ပုတီး ၁၂ ပတ်ရ၍ ခေတ္တပုတီးရပ်ပြီး စိန္တာမဏိမန္တာန်တော်ကြီးရွတ်လိုက်၏။ စိန္တာမဏိမန္တာန်တော်ကြီးရွတ်ပြီး မေတ္တာပို့အမျှဝေလိုက်ပြီး ပုတီးဆက်စိပ်၏။ ထိုအတောအတွင်း မိန်းကလေးတစ်ယောက် ဝတ်ဖြူစင်ကြယ်ဝတ်လာသော လူကြီး ၂၀ လောက်နှင့် ယောဂီရောင်ဝတ်လာသော ယောကျ်ားမိန်းမ ၁၀ ယောက်တို့ဂူတွင်းထဲဝင်လာကြ၏။ ကျွန်ုပ်က ပုတီးစိပ်လျှက် အကဲခတ်နေ၏။ သူတို့ ဘုရားကို ကန်တော့ကြပြီး ကျွန်ုပ်ဘက်လှည့်ကန်တော့ကြ၏။ ရှေ့ဆောင်မိန်းကလေးကို သေသေချာချာ ကြည့်လိုက်ကျွန်ုပ်ကမှတ်မိ၍ ရှင်မယ်ဖြူတို့ လာကြသလား မှန်လှပါ သူတို့က ကိုယ်တော်လေးကို ဖူးမျှော်ချင်တယ်ဆိုလို့ လိုက်ပို့ရတာပါဘုရား၊ ဒကာကြီးတို့က ဘယ်အမျိုးအနွယ်များ လည်းဟုမေးတော့ တပည့်တို့က ရုက္ခစိုးတွေပါဘုရား၊ ရုက္ခစိုးက အဖြူတွေဝတ်သလား များသောအားဖြင့် အဖြူများ ဝတ်ကြပါတယ်ဘုရား၊ အချို့လည်းပန်းရောင်များ ဝတ်ကြယောဂီရောင်များဝတ်ကြပါတယ်ဘုရား၊ နောက်နားကယောဂီရောင်ဝတ်သော ဒကာမတွေလည်း ရုက္ခစိုးတွေလား၊မဟုတ်ပါဘုရားတပည့်တော်တို့က

တောစောင့်ရတဲ့နတ်တွေပါဘုရားဟု ယောဂီရောင် ဝတ်ထားသော ဒကာကြီးတစ်ယောက်ကလျှောက်၏။ဒကာ ရုက္ခစိုးတို့က ဘာပုတီးစိပ်ကြပါသလဲ၊ အရှင်မြတ်ချီးမြှင့်တော်မူပါဘုရား၊ ကောင်းပြီ ဝတ်ဖြူဒကာတို့က သရဏဂုံ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်ပြီးအောင် အဓိဋ္ဌာန်ပြီးစိပ်ကြပါ၊ ဒကာ၊ ဒကာမဖြစ်ကြသော ယောဂီများကတော့ (အရဟံသိဒ္ဓိ) ဆိုပြီးတစ်လုံးချ၍ တစ်နေ့လျှင် ၄၅ ပတ်တော့ရအောင် စိပ်ကြပါ။ ရရှိလာသော အတွေ့အကြုံများကို ဦးပဥ္စင်းဒီမှာရှိတုန်းလာပြီး လျှောက်ထားနိုင်ပါတယ်။ ကောင်းလှပါပြီဘုရားဆိုပြီး ယောဂီရောင်ဝတ်ထားသော ဒကာမလေးများက အခွန်ခွာပြီး လေးစိပ်ခွဲထားသော တစ်တောင်ရှိ ကြံတစ်စီးနှင့် ငှက်ပျောသီး ၂ ဖီး ကပ်လာ၏။ ကျွန်ုပ်က အကပ်ခံပြီး ၅ ပါးသီလပေး၍ ပုတီးအဓိဋ္ဌာန် ပေးလိုက်၏။ စိပ်နည်း (အရဟံသိဒ္ဓိ) ဂုဏ်တော်ကို၊ နဝင်းတက်ပြီး စိပ်ပုံများပြောပြ၏။ ပြီးလျှင် ပြန်သွားကြ၏။ ကျွန်ုပ်လည်း နံနက် ၆ နာရီထိုးပြီဖြစ်၍ ကိုယ်လက်သန့်ပြီးဆက်၍ အဓိဋ္ဌာန်ပုတီးစိပ်၏။ ထိုင်လျက် ၁၀ ပတ်ရ၍ လမ်းလျှောက်ပြီး ၁၈ ပတ်စိပ်၏။ ပြီးလျှင် နာရီကြည့်တော့၊ နံနက် ၉ နာရီခွဲ ရှိသေး၍၊ ဆက်စိပ်ပြန်၏။ ၁၀ ပတ်ရပြန်၏။ ဤနေ့မှာ လူပေါ့ပါးပြီး စိပ်လို့ကောင်းနေ၏။ နာရီက ၁၁ နာရီထိုးတာနှင့် ငှက်ပျောသီး ၃ လုံးစားပြီး ကြံစုတ်၍၊ အဖတ်များကို ဂူအပြင်ဘက် ချောင်းကလေးထဲပစ်ချလိုက်၏။ ရေချိုးရန်အပေါ်တက်လာ၏။ နေဆာလှူ၍ ကိုယ်နဲနဲနွေးတော့ ရေချိုး၏။ အောင်ဂူထဲ ပြန်ဆင်းပြီး ပုတီးဆက်စိပ်နေ၏။ ကျွန်ုပ်စိပ်ထဲတွင် ဤကဲ့သို့တစ်သက်လုံး နေရလျှင် ကိုယ်အလိုဆန္ဒတော့ မြန်မြန်ပြည့်ဝမှာဘဲလို့ အောက်မေ့မှတ်ထင်၏။ ည ၉ နာရီလောက်တွင် ဂူတွင်းတစ်ခုလုံးမီးခိုးများ အောက်ကထွက်လိုက်၊ ဘေးကထွက်လာလိုက် အမိုးကထွက်လာလိုက်နှင့် အခိုးများဂူတွင်းထဲ ပိတ်နေ၏။ အလောင်းတော်ကဿပ ထွန်းညှိပူဇော်ထားသော မီးတိုင်ကြီးများကြောင့်သာ အလင်းရောင် ရနေပေ၏။ အလောင်းတော်ကဿပ စံတော်မူသောနေရာနှင့် ကျွန်ုပ်ပုတီးစိပ်သောနေရာမှာ ၇ တောင်လောက် ကွာမည်ထင်၏။ ဒီလောက်အကွာအဝေးလေးမျှပင် အခိုးများကြောင့် အလောင်းတော်ကဿပကြီးကို ထင်ထင်ရှားရှား မမြင်ရပေ၊ ရေးရေးသာမြင်ရ၏။ ကျွန်ုပ်လည်း ကျွန်ုပ်ပုတီးစိပ်နေသော နေရာမှမထပေ။ ဖြစ်လိုရာဖြစ်ဟုအောက်မေ့ပြီး စိပ်နေ၏။ မီးခိုးများက တစ်နာရီလောက်ကြာတော့ အစုလိုက်အစုလိုက်ဖြစ်သွားပြီး ဂူအတွင်းအမိုးမှ တံခွန်၊ ကုက္ကား၊ အဖြူကြီးများ တွဲရရွဲဆွဲလျှက်လာကြ၏။ တစ်ဂူလုံး ထိုကဲ့သို့ တန်ဆာဆင်ပြန်တော့ အလွန်ကြည်နူးဘွယ်ကောင်းလှ၏။ ပို၍ပင်ဖူးမျှော်လို့ အလောင်းတော်ကဿပကြီးနှင့် ပဏာရလှ၏။ အံ့ဩစရာပေ၊ တစ်နေ့အတွက် ည ၁၂ နာရီထိုး၍ ပုတီးပတ် ၇၉ ပတ်ပြည့်တော့ မေတ္တာပို့အမျှဝေ၏။ ကြေးစည်သံများ၊ ခရုသင်းသံများ သာယာစွာ ဝေဝေဆာဆာနှင့် ထွက်ပေါ်လာ၏။ ကျွန်ုပ်က ဘယ်ပုဂ္ဂိုလ်များ ထွက်ပေါ်လာမလဲလို့ စောင့်ကြည့်နေ၏။ ဘယ်ပုဂ္ဂိုလ်မှ ထွက်ပေါ်မလာချေ။ ည ၁၂ နာရီခွဲတော့ ခေတ္တလှဲလိုက်၏။ မှေးခနဲပျော်သွား၏ ဘီလူးစီးသကဲ့သို့ဖြစ်ပြီး ထရန်ရုန်းကန်၏။ မရချေ။ (၁၅)မိနစ်လောက် အလိုက်သင့်နေပြီး၊ ပါးစပ်ကလည်း သုဂတော ၅ ချက် ဂါထာရွတ်နေ၏။ လူထူသကဲ့သို့ ကျွန်ုပ်ကိုနောက်ကနေ ထူလိုက်သဖြင့်၊ ထိုင်လျှက်သားဖြစ်သွား၏။ ထိုအခါ အခြေအနေကို ဂူအတွင်းလျှောက်ရှာကြည့်၏။ ဘာမှမတွေ့ပေ။ သို့နှင့် နာရီကိုကြည့်လိုက်တော့ နံနက် တစ်နာရီ ၁၅ မိနစ်ဖြစ်၏။ မှတ်တမ်းရေးလိုက်၏။ ၁၃၁၆-ခု တပို့တွဲလဆန်း

(၁၄)ရက်၊ တနင်္ဂနွေနေ့ နံနက် တစ်ချက်ဆယ့်ငါးမိနစ်အချိန် ပရိကံယူပြီး ပုတီးအဓိဋ္ဌာန်စိပ်၏။ နံနက် အာရုံလာသဖြင့်၊ ကျေးငှက်များမြည်သံကြားရတော့၏။ ပုတီးပတ် ၁၈ ပတ်ရ၍ ခေတ္တနားပြီး နာရီကြည့်လိုက်၏။ နံနက် ၄ နာရီခွဲနေ၏။ နာရီကို သံပတ်ပေးပြီး စိန္တာမနိမန္တာန်တော်ကြီးရွတ်၏။ ပြီးလျှင် ပုတီးဆက်စိပ်၏။ မနက် ၁၀ နာရီထိုး၍ ပုတီး (၁၈) ပတ် ပြီးသဖြင့် ငှက်ပျောသီး ၃ လုံးနှင့် ကြံစားပြီး၊ တစ်နေ့စားပြီးလိုက်၏။ ဂူအထက်တက်ပြီး အာရုံခံထဲကအလောင်းတော် ကဿပကြီးကို ရှိခိုး၍ မီးပူဇော်ပြီး ရေချိုးရန် ရေဆိပ်ဆင်း-ရေချိုး၍ တန်ဆောင်းတန်းတက်လာပြီး အရှေ့ဘက်တန်းက တန်ဆောင်းပေါ် ခေတ္တအိပ်လိုက်၏။ တစ်နာရီလောက် အိပ်ပျော်သွား၏။ ရသေ့ကြီးတစ်ပါး ဒေါက်ချာဆောင်းဖြင့် ရောက်လာ၍ စကားပြောကြ၏။ အလောင်းတော်ကဿပ ဖူးရန် ဂူကြီးထဲလိုက်ခဲ့အုံးမည်ဆို၍ လိုက်လာ၏။ ကျွန်ုပ်က သတိရှိစွာနှင့်ခေါ်သွား၏။ ဂူထဲရောက်တော့ ရသေ့ကြီးက ထိခြင်းငါးပါးဖြင့် ရှိခိုးပြီး ဂါထာမန္တာန်များရွတ်ဖတ်နေ၏။ တစ်နာရီလောက် ကြာ၏။ သူရွတ်ဖတ်နေသော ဂါထာမန္တာန်များကို ပုတီးစိပ်ရင်း၊ ကျွန်ုပ်ကနားထောင်နေ၏။ ကျွန်ုပ်မကြားဖူးသော ဂါထာမန္တာန်များပါ၍ ကျွန်ုပ်ကို ပေးထားသော ဘိုးမင်းခေါင်ကြီးစာအုပ်ကို ဖွင့်ကြည့်လိုက်၏။ ရသေ့ကြီးရွတ်သော ဂါထာများသည် ဤစာအုပ်ထဲပါနေသဖြင့်၊ ကျွန်ုပ်ကအလွန်ကျေနပ်သွား၏။ ကျွန်ုပ်ပုတီးစိပ်ရင်း ရသေ့ကြီး ဘုရားရှိခိုးပြီးအောင်စောင့်နေ၏။ တစ်နာရီလောက်ကြာတော့ ဘုရားရှိခိုးပြီး၍ ကိုယ်တော်လေးကို အကြားအမြင်ရသောဆေးဖော်နည်းကိုပေးမယ်၊ ကတိသစ္စာနှင့်ယူနော်၊ဘယ်လိုကတိသစ္စာနှင့်ယူရမလဲ ဦးရသေ့၊

၁။ ၉ တောင်ပြည့်စေတီ ၉ ဆူတည်ပြီးမှသုံးစွဲရန်။

၂။ ကံငါးပါးကို အဓိဋ္ဌာန်သီလအဖြစ် ဆောက်တည်ပြီးမှသုံးစွဲ ကံငါးပါးဆိုတာ ငါးပါးသီလကို ပြောတာကိုယ်တော်လေး။

၃။ အနန္တော အနန္တငါးပါးအပေါ် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် မကျူးလွန်ရခြင်း၊

ဤသုံးချက်ကို ဂတိသစ္စာရှိရှိ ပြုလုပ်ပါမှ ဤဒိဗ္ဗစက္ခုဆေးကို ဖော်သုံးပါမည်လို့ ဝန်ခံဂတိသစ္စာပြုပါ။ ဤကဲ့သို့ ဂတိသစ္စာ မကျင့်သုံးနိုင်ပါက ဤဒိဗ္ဗစက္ခုဆေးသည်၊ ဆေးသာမညသာ ဖြစ်သွားလိမ့်မည် ကိုယ်တော်လေး။

ကောင်းပါပြီး ဦးရသေ့ အားလုံးဂတိသစ္စာပြုပါတယ်၊ ကိုယ်တော်လေးကိုတော့ ယုံပါတယ်၊ အခြားလူများက အလိုက်ကန်းဆိုးမသိပဲ ဖွတ်လုပ်တတ်လို့ တပည့်တော်က သစ္စာသုံးပါး တည်လျှင်အဖွင့် သစ္စာသုံးပါးမတည်လျှင် အပိတ်ဖြစ်သွားအောင် တပည့်တော်တို့ မဟာဝိဇ္ဇာပါးစပ်က ထုတ်ပြောရတာ၊ ကောင်းလှပါပြီ ဦးရသေ့ ဆေးနည်းသာ အမိန့်ရှိပါ။

စာကလေးနဲ့မှတ်ထား၊ ကောင်းပါပြီ။

## ဝိဇ္ဇာနားကြပ်ဆေးတော်ကြီး

၁။ နတ်ဝင်ကိုင်ပန်း

၂။ သူငယ်ကစားရင်းပန်သောပန်း

၃။ တန်ခိုးကြီးဘုရားတင်သောပန်း
၄။ နံ့သာနီ
၅။ နံ့သာဖြူ
၆။ ကရမက်
၇။ မှိုးမခမြစ်
၈။ အုတ်ရှစ်မြစ်

အားလုံးဆေးချိန်တစ်မတ်စီ၊ အုံးရည်နှင့်ကျိတ်၊ ကျောက်ပြင်လေးထောင့်ကို ဖရောင်းလေးတိုင်ထွန်း၊ ကွမ်းလေးရာ၊ လဖက်လေးထုပ်၊ ပန်းလေးမျိုးတင်ပြီးမှကျိတ်လေ။
**အသုံးက-မင်္ဂလာဆုံထဲကဆီနှင့်ဖျော်၊ တစ်တေတူးလေသာဆောင်နှင့် ကျပ်သုံးပါး ဆေးကျိပ်ပြီးလျှင် မန်းရန်ဂါထာကား-**

ဥုံ တိတ္တာ ဂုရှု ဗုဒ္ဓ စန္ဒြာရာဟု ဣမေဂြဟာ မာတာပိဿနုရာဇာ မဟာသူရဿတီ စန္ဒိမယ်လျှ-နတ်မိန်းမ၊ မာတာမိသော်လည်း-ဖြစ်ခဲ့ဘူး၏ ပီတာ အဖသော်လည်းဖြစ်ခဲ့ဘူး၏။ မေ ငါ၏ မုခံ ဇိဝှါ နတ်ခံလျှာဖျားတွင် လိုလိုရာရာပြောပါစေလော ဇယန္တောဗောဓိလာမူလေ သကျာနံ နန္ဒိဝဍနော ဓဝမေ-ဇယျောဟောတု ဇယျတု ဇယျမင်္ဂလေ အပရာဇိတ ပလင်္ကေ သီသေပုထုဝိပုက္ခလေ အဘိသေကေ သဗ္ဗဗုဒ္ဓါနံ အဂ္ဂပတ္တော ပမောဒတိ။ ။ အောင်ဇေယျတု အောင်ဇေယျတု အောင်ဇေယျတု သဗ္ဗမင်္ဂလံ သွားဟုံဟုံ တန်ခိုးကြီးဘုရား ရှေ့တော်တွင် စနေအင်္ဂါဆန်းသော နေ့တွင် စုတ်ပါ ၃၇ အုပ်စုတ်ပါ။

မစုံသူများမပြုလုပ်ရ - ခြေလက်အင်္ဂါမစုံသူများမပြုလုပ်ရ။

ဆေးများကို - မသန့်ပြန့်သူ ကိုယ်ဝန်ဆောင်မိန်းမ၊ ကိုယ်လက်အင်္ဂါအနာကြီးများ ပေါက်နေသူများ ဆေးများကို မကိုင်ရ နားကြပ်သောအခါ လဆန်းတစ်ရက်နေ့မှစ၍ တစ်လလုံးလုံး ဟောပါမည်။ ဟောရသမျှ သုံးပုံတစ်ပုံ သာသနာပြုပါမည်ဟု သစ္စာအဓိဋ္ဌာန်ပြုပြီးကြပ်လေ သစ္စာ မေတ္တာ ခန္တီ ရင်ဝယ်ပိုက်၍ အသုံးပြုပါ သီလ သမာဓိရှိစေ မိဘ ဆရာသမား ဘုရား တရား သံဃာ အနန္တော အနန္တ ငါးပါး ကာယကံ ဝစီကံ မနောကံ ကျူးလွန်မှုကင်းစေ။

ဆေးနည်းများမှတ်သားပြီးနောက် ဦးရသေ့ကြီးကို ကျွန်ုပ်ကမေး၏။ ဦးရသေ့ကြီးက နာမည်ဘယ်လိုခေါ်ပါသလဲ၊ ရသေ့ဦးအောင် လို့ ခေါ်ပါတယ်။ ဘာနှင့်ထွက်ပါသလဲ၊ ဓါတ်နှင့်ပုတီးပေါင်းစပ်ပြီးထွက်လာပါတယ်။ ဘယ်တုံးကထွက်လာပါသလဲ။ အမရပူရခေတ် ဘကြီးတော် လက်ထက်က ထွက်လာပါတယ်။ ဒါဖြင့် ကျားရှာခြုံဆရာကြီးတို့နှင့် တစ်ခေတ်ထဲပေါ့၊ ဟုတ်ပါတယ်ကိုယ်တော်လေး ဘယ်ဇာတိသားပါလဲ အမရပူရမြို့မှန်တန်းကပါ။ ဒါဖြင့် ရွှေဂူကြီးဘုရားနားကပေါ့၊ ဟုတ်ပါတယ်၊ အဖေအမေတို့လည်း အဲဒီကပဲပေါ့။ ဟုတ်ပါတယ်။ တပည့်တော်တို့က အမတ်မျိုးရိုးကပါ၊ အဖေက ဘကြီးတော်လက်ထက် နာခံတော်ကြီးအဖြစ် အမှုတော်ထမ်းပါတယ်၊ ရွှေဂူကြီးဆရာတော်တပည့်ပါ၊ တပည့်တော်လည်း ရွှေဂူကြီးဆရာတော်တပည့်ပါပဲ၊ ပဏ္ဏာသကျမ်းများကို နိဿျရေးသွားတဲ့ ရွှေဂူကြီး

ဆရာတော်ရဲ့တပည့်ပါလို့ဆိုတော့ အမရပူရသားပေါ့-ဟုတ်ပါတယ် ဦးရသေ့၊ ဦးရသေ့ဘယ်နှစ်ခုနှစ်လောက်က ဖွားပါသလဲ၊ ၁၁၆၅ခုနှစ်၊ ဝါဆိုလပြည့်နေ့မှာ ဖွားပါတယ်။ နေ့က -----------သားပါ။ ရသေ့ကြီးအောင်ကို ယခုလိုတွေ့ရတာ အထူးဘဲ ဝမ်းမြောက်ပါတယ်။ ပုတီးကတော့ ဘယ်လိုစိပ်ပါသလဲ တပည့်တော်ပုတီးစိပ်နည်း လိုချင်ရင် ရေးမှတ်ထားပါ။ ကောင်းလှပါပြီ-အမိန့်ရှိပါ။ သောဘဂဝါ ဣတိပိအရဟံ- အရဟံ ဝတ သော ဘဂဝါ၊ ယော- ဣမဿ ဧဝ ရူပဿ ဒုက္ခဿ ပဟာနာယ၊ ဓမ္မံ ဒေသေတိ၊ သုခံ ဝတ နိဗ္ဗာနံ ယတ္ထ ဧဝ ရူပဿ ဒုက္ခံ၊ နသံ ဝိဇတိ၊ ဧတေန၊ သစ္စ ဝဇ္ဇေန၊ သုခိမေ ဟောတုသဗ္ဗဒါ၊ ဧတေန၊ သစ္စ ဝဇ္ဇေန၊ နတ္ထိမယှံ ဘလံသဒါ၊ သဗ္ဗဒေဝါစယက္ခာစ၊ ဘူတာ၊ ပေတာစ၊ ဇောဂနိ၊ ရာဇမတ္တာ၊ မနုဿာစ၊ သဗ္ဗေဒေဝါ ဝိနာမေန္တု၊ ဒိသ္သာဝ၊ ပီယတော စိတ္တံ၊ ပုတ္တောဝ၊ သိနေဟံမမ၊ ဗုဒ္ဓဿ၊ အာနုဘာဝေန၊ သဒါဟောန္တုပီယာမမ၊ ဧတေန ပုညကမ္မေန၊ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ စနသိဒ္ဓိ၊ အာဟာရသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ တေဇောသိဒ္ဓိ၊ ဝါယောသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ မနောမယသိဒ္ဓိ၊ ဝိဇာဓရ သိဒ္ဓိ၊ ဣမေသံ ဒွါဒသသိဒ္ဓိနံ၊ မမံဝပေန္တု။ ။

တစ်ပုဒ်ဆုံးမှ တစ်လုံးချ နံနက် နေ့ည (၉) ပတ်စိပ်၊ ရသေ့အောင်ပြောပြသည့်အတိုင်း ရေးမှတ်ထားလိုက်၏။ တပည့်တော်သွားလိုက်ပါအုံးမယ် ကိုယ်တော်လေး ကောင်းပါပြီ၊ ရသေ့ဦးအောင်လည်း ဂူထဲသွား၏။ ကျွန်ုပ်လည်း ပုတီးအဓိဋ္ဌာန်ဆက်စိပ်၏။ ည ၁၁ နာရီထိုးသဖြင့် ပုတီးပတ် (၇၉) ပတ်ရ၍ ခေတ္တအိပ်လိုက်၏။ နံနက် တစ်ချက်ထိုးလောက်နိုး၏။ ပုတီးစိပ်ရန် ပရိကံယူပြီး အဓိဋ္ဌာန်ပုတီးစိပ်၏။ ပုတီး (၁၃) ပတ်လောက်ရတော့ တစ်ကိုယ်လုံးထိန်းမရအောင် တုန်နေ၏။ တုန်ချင်တုံ၊ သူ့ဟာသူပဲဆိုပြီး ပုတီးကိုသာမဲစိပ်၏။ ၃ ပတ်လောက်ထိအောင်တုန်၏။ပုတီး ၁၈ ပတ် ရတော့ ကိုယ့်ရဲ့ရုပ်များက ကိုယ့်ရှေ့ကတရုပ်၊ ဘေးဝဲယာကတစ်ရုပ်စီ ကိုယ်ရဲ့နောက်ကတရုပ်၊ ပေါင်း ငါးရုပ်ဖြစ်နေ၏။ စိတ်ထင်တာလားတကယ်ဖြစ်နေတလားဟု မျက်စိဖွင့်ကြည့်တော့ တကယ်ဖြစ်နေ၏။ ကြက်သီးများထ၏။ ပုတီးကိုသာ ဘာပဲဖြစ်ဖြစ်ဟု အောက်မေ့ပြီး ဆက်စိပ်၏။ ပုတီးပတ် ၂၇ ပတ်ရတော့ ငှက်သံများကြား၍ နာရီကြည့်လိုက်တော့ နံနက် ၅ နာရီခွဲနေ၏။ ဆက်စိပ်၏။ အပတ် (၃၀)ပြည့်လျှင် ခေတ္တရပ်ပြီး မျက်နှာသစ်၊ ကိုယ်လက်သန့်ရှင်းပြီး မှတ်တမ်းရေးလိုက်၏။ ၁၃၁၆ခု၊ တပို့တွဲလဆန်း (၁၅)ရက် တပို့တွဲလပြည့်နေ့ နံနက် (၆)နာရီ တနင်္လာနေ့ ပုတီးပတ် ပေါင်း ၃၀ ရ၏။ လပြည့်နေ့ဖြစ်နေ၍ပုတီးကိုသာဘယ်မှမသွားဘဲစိပ်ရန် စိတ်ထဲဖြစ်ပေါ်လာ၍ စိပ်နေ၏။ အထက်ကောင်းကင်အောက်ကနေရောင်မြင်သဖြင့်နေမွန်းတည့်လောက်ပြီဆိုပြီး နာရီကြည့်တော့ ၁၁ နာရီ ၁၅ မိနစ်ဖြစ်နေ၏။ ထို့ကြောင့် ငှက်ပျောသီး ၃ လုံးစားပြီး ကြံစုတ်ရင်း ပုတီးစိပ်နေ၏။ နားထဲတွင် ဥပုသ်ပြုရမယ်လို့ ပြောသံကြားရ၏။ မဟာမြိုင်ဆရာတော်ဘုရားကြီးလာရင် ကောင်းမှာပဲဟုစိတ်ထဲအာရုံရောက်မိသည်။ ကြံစုတ်ပြီးဆက်ပုတီးစိပ်၏။ ရေချိုးတာတောင်မထွက်ပဲ ပုတီးသာစိပ်နေ၏။စိပ်လို့လဲကောင်း၏။ ဂူထဲတွင်လမ်းလျှောက်ပြီးစိပ်သော် ခြေထောက်နှင့်မြေကြီး ထိသည့်သဘောမရှိပဲ ပေါ့နေ၏။ လွတ်နေသလိုဖြစ်၏။ အပတ် ၃၀ ရ၍နာရီကြည့်လိုက်တော့ ညနေ ၄ နာရီထိုးသေး၏။ စိန္တာမဏိမန္တာန်တော်ကြီးရွတ်နေ၏။ ဘုရားရှေ့တွင်ထိုင်လျက်နေသော် ဂူပေါက်က ဘုန်းကြီးတစ်ပါးဝင်လာတာတောင်မသိလိုက်တော့၊ ကိုယ်တော်လေးလပြည့်နေ့ဆိုတော့ ကိုယ်တော်လေးက

ဥပုသ်ပြုချင် လို့တမ်းတတော့ တပည့်တော် ကလာခဲ့ရတာပါဟု ပြောတော့မှ နောက်လှည့်ကြည့်လိုက်တော့ မဟာမြိုင်ဆရာတော်ကြီးဖြစ်နေ၏။ ဆရာတော်ကြီးက လာ လာ ဥပုသ်ပြုကြရအောင်ဆိုပြီး အထက်တက်သွားကြ၏။အလောင်းတော်ကဿပကြီး အာရုံခံရောက်တော့ ဒီအပေါ်မှာ သိမ်ရှိတယ် လာလိုက်ခဲ့ ဥပုသ်ပြုချည်ရအောင်ဟုခေါ်သဖြင့် လိုက်သွားတော့ နိမိတ်တိုင်များနှင့် သစ်ပင်လေးများပေါက်နေသော သိမ်တွေ့ရ၏။ အခင်းအမိုးအကာမရှိပေ ကျွန်ုပ်တို့လဲ ထိုသိမ်တွင် ဥပုသ်ပြုကြပြီး အလောင်းတော်ကဿပကြီး အာရုံခံတန်ဆောင်းဆီသို့ ပြန်လာရာလမ်းတွင် ကိုယ်လုံးလောက်ရှိသော မြွေ ၂ ကောင် အရှေ့လိုက်နေတာတွေ့ကြရ၏။ ကိုယ်တော်လေး ခဏရပ်ကြအုံးစို့ဆိုသဖြင့် တအောင့်လောက် သစ်ပင်အောက်မှာ ထိုင်နေကြပြီး မြွေကြီးနှစ်ကောင် သွားကြတော့မှ လာသွားစို့ဆိုသဖြင့် သွားကြ၏။ ကိုယ်တော်လေး ဒါမျိုးတွေ့ရင် နတ်သမီးများ၊ ဘုမ္မစိုးများ ဘုမ္မိရများက လာပြီးဖျက်တတ်တယ်၊ ယနေ့ည သတိထားနော် ရော့ရော့ ဟောဒီဗောဓိပက္ခိယ အင်းလေးယူထား ဟုပေးသဖြင့် ဗောဓိပက္ခိယအင်းယူထား လိုက်၏။ မဟာမြိုင် ကိုယ်တော်ကြီး ဂူထဲမလိုက်တော့ဘူး၊ ဒီကပြန်တော့မယ်ဆိုပြီး ပျောက်ကွယ်သွား၏။ ကျွန်ုပ်လည်း ဂူအောက်ဆင်းပြီး ဂူထဲဝင်၍ အဓိဋ္ဌာန်ပုတီးစိပ်ရန် နာရီကြည့်လိုက်၏။ ညနေ ၅ နာရီ ၁၅ မိနစ်ဖြစ်၍ တပို့တွဲလပြည့်လဲဖြစ်၊ မြွေကြီးနှစ်ကောင်ကလည်းတွေ့ခဲ့ဆိုတော့ အထူးသတိထားပြီး စိပ်၏။ ည ၉ နာရီထိုးတော့ ပုတီးပတ် တစ်နေ့တွက် ၇၉ ပတ်ရ၍ ပုတီးအဓိဋ္ဌာန်မစိပ်တော့ပဲ၊ ပါတိမောက်အခါတော် နေ့မြတ်ကြီးဖြစ်သဖြင့် ဩဝါဒပါတိမောက် ၃ ဂါထာတစ်ပတ်စီ စိပ်၏။

ဂါထာများကား-

၁။ ခန္တီ ပရမံ တပေါ တီတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
နဟိ ပဗ္ဗဇိတော ပရူပဃာတီ၊ နသမဏော ဟောတိပရံ ဝိဟေဌယန္တော။
တစ်ပုဒ်ဆုံးလျှင် တစ်လုံးချ၍ တစ်ပါတ်စိပ်၏။

၂။ သဗ္ဗပါပဿအကရဏံ၊ ကုသလဿဥပသမ္ပဒါ
သစိတ္တပရိယောဒပနံ၊ ဧတံဗုဒ္ဓါနသာသနံ ။ ။
တစ်ပုဒ်ဆုံးလျှင် တစ်လုံးချ၍ တစ်ပါတ်စိပ်၏။

၃။ အနူပဝါဒေါ-အနူပဃာတော၊ ပါတိမောက္ခေစသံဝရော။
မတ္တညုတာစဘတ္တသ္မိံ၊ ပန္တဉ္စသယနာသနံ၊ အဓိစိတ္တေစ၊
အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။ ။
တစ်ပုဒ်ဆုံးလျှင် တစ်လုံးချ၍ တစ်ပါတ်စိပ်၏။

ဂုဏ်းသုံးပုဒ်ကို ည ၁၁ နာရီထိုးတော့ ပြီးသွား၏။ အိပ်မလို့ ရေသနုပ်သင်းပိုင်လေးခင်းပြီး၊ ကျောက်ခဲလေး ခေါင်းအုံးအဖြစ်ထား ကိုယ်ကို လျောင်းမလို့ဟန်ပြင်လိုက်ကာရှိသေးတယ် မိန်းမလေး တစ်ယောက်ရောက်လာ၏။ သူမက အသက်အရွယ်အားဖြင့် ၃၀ လောက်ရှိမည်ထင်၏။ သူမ၏ အခြေအနေကို ကျွန်ုပ်အကဲခပ်နေ၏။ သူမက ကျွန်ုပ်ခြေရင်းနားမှ ဒူးတုပ်ထိုင်ပြီးဝတ်ချ၍ တပည့်တော်မ ဝတ်ဖြည့်ပေးပါရစေဘုရား

မညောင်းပါဘူးဒကာမ၊ ဘုရားတပည့်တော်အား ချီးမြှောက်သောအနေနှင့် ကျန်းမာရေးလျှော့တဲ့သဘောနှင့် ချီးမြှင့်တော်မူပါဘုရား၊ မအပ်စပ်လို့ ခွင့်မပြုနိုင်ဘူး ဒကာမ၊ ဒကာမက ဘယ်ကလည်း-ခေါင်းငုံ၍နေ၏။ တစ်အောင့်လောက်ကြာမှ ပြုံးပြုံးလေးနှင့် မခို့တရို့မော့ကြည့်ပြီး တပည့်မက နှင်းနွယ်လို့ခေါ်ပါတယ်၊ လူတစ်ချို့ကတော့ အနှင်းလို့ ခေါ်ကြပါတယ်ဘုရား၊ ကျွန်ုပ်က သူမကို သေသေချာချာ ကြည့်လိုက်တော့ ဥစ္စာစောင့်ဖြစ်နေ၏။ ဩ-လက်စသတ်တော့ ညနေက မဟာမြိုင်ဆရာတော်ဘုရားကြီး အမိန့်ရှိသွားသည့်အတိုင်း ယခုတွေ့နေရပြီကိုးဟု စိတ်ထဲအမှတ်ရလိုက်ပြီး၊ ကျွန်ုပ်က နှင်းနွယ်က ဘယ်သိုက်ကလဲမေးတော့ တပည့်မက ဥစ္စာစောင့်မဟုတ်ပါ၊ ကိန္နရာဒေဝီ ခေါ်ပါတယ်ဘုရား၊ ငယ်နာမည်ရင်းကသာ နှင်းနွယ်လို့ခေါ်တာပါ၊ ဒကာမ သူတော်ကောင်းများကိုလိမ်ရင် အပြစ်သင့်လိမ့်မယ်၊ မလိမ်ပါဘုရား အမှန်အတိုင်းပြောတာပါဘုရား စိတ်ကောင်းကလေးနဲ့ လာဖူးတာကောဟုတ်ကဲ့လား၊ ဟုတ်ပါတယ် ဘုရား၊ နှင်းနွယ်ကတယ်ပြီးလိမ်တာကိုး ဦးပဥ္စင်းကို မှန်မှန်ပြောပါ ဘယ်သူက ဒီကိုလွှတ်လိုက်လဲဆိုတာ တပည့်တော်မဖာသာ လာတာပါဘုရား- ဩ ဦးပဥ္စင်းကို အမြင်မရှိဘူးထင်လို့ ညာနေတာပေါ့နှင်းနွယ် နောက်ဒကာတစ်ယောက်နှင့် ဒကာမတစ်ယောက်တို့ မင်းတို့တန်ခိုးနဲ့ ငါ့ကိုမမြင်အောင်ကွယ်ထားပေမယ့် ငါမြင်ပါတယ်၊ သင်တို့ မြန်မြန်ထွက်သွားကြရင် ကောင်းမယ်ထင်တယ်၊ မသွားရင်တော့ သွားတဲ့နည်းနဲ့လုပ်ရလိမ့်မယ်၊ အရှင်ဘုရား အဓိဋ္ဌာန် လာဝင်တာဆို ဒီလိုလုပ်ရင် ဒေါသအဓိဋ္ဌာန်ဖြစ်သွားမှာပေါ့။ အင်းတယ်လာတဲ့စာပါလား၊ ဖြစ်တန်တာ ဖြစ်ရမယ်နှင်းနွယ် ဒေါသအဓိဋ္ဌာန်မပျက်စီးဘူး ကာမကတော့ အဓိဋ္ဌာန်ကို ဆယ်မရအောင်ပျက်တာပဲ အဲတော့ နှင်းနွယ်တို့ သွားကြရင်ကောင်းမယ်ထင်တယ်၊ နှင်းနွယ်သည် တမဟုတ်ခြင်းထ၍ စိတ်ဆိုးသောဟန်ဖြင့် ဒီတစ်ခါရှိစေတော့ ကိုယ်တော် နောက်ကြတော့ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြသေးတာပဟု ပြောသဖြင့် ကျွန်ုပ်က ဥစ္စာစောင့်တွေကလည်း လူစကားပုံသုံးတယ်ကိုးဟုပြောတော့ ဥစ္စာစောင့်လည်း လူကဖြစ်တာပဲ ဟင်း-နောင်သိကြသေးတာပေါ့၊ အားကိုးကရှိပေသကိုး၊ သွားမယ်သွားမယ်ဟု ခတ်ထန်ထန်ပြောပြီး ၃ ယောက်သား ထွက်သွားကြတော့၏။ ဩ- ငါနှယ် ဘယ်လိုကံကြောင့် ဒီလိုဟာမျိုးတွေနဲ့ တွေ့ရတာလဲဆိုပြီး ကဲ-မအိပ်တော့ဘူး ပရိကံယူပြီး အဓိဋ္ဌာန်ပုတီးစိပ်တော့မယ်ဟုထပြီးနာရီ ကြည့်လိုက်တော့ လပြည့်နေ့ည ၁၁ နာရီမတ်တင်းရှိနေ၏။ ပရိကံယူပြီး ထိုင်အရိယာပုဒ်ဖြင့် (၁၈) ပတ်၊ လမ်းလျှောက်သော အရိယာပုဒ်ဖြင့် (၉) ပတ် အဓိဋ္ဌာန်ပြီး စိပ်တော့၏။ နံနက် (၄) နာရီတွင် (၂၇) ပတ်ပြီး၏။ မေတ္တာပို့ အမျှဝေ စိန္တာမဏိမန္တာန်တော်ကြီးရွတ်ပြီး မှတ်တမ်းရေး၏။ ၁၃၁၆ခု၊ တပို့တွဲလပြည့်ကျော် (၁)ရက် ဥဂ်ါနေ့နံနက် (၄)နာရီတွင် ပုတီးပတ် (၂၇) ပတ်ရ၏။ မှတ်တမ်းရေးပြီး (၁၈) ပတ်အဓိဋ္ဌာန်စိပ်ပြန်၏။ (၁၀) ပတ်အရတွင် နတ်ဝတ်တန်ဆာတို့ဖြင့် မိန်းခလေး (၃) ယောက်လာပြီး ဝတ်ချပြီး ကျွန်ုပ်ပုတီးစိပ်သောနားမှာ ထိုင်နေကြ၏။ ကျွန်ုပ်ကို တစ်ယောက်ပြီး တစ်ယောက် လျှောက်ထားနေကြ၏။ ကျွန်ုပ်ကသူတို့ဘာပြောပြော ငါ့ပုတီးပတ်အဓိဋ္ဌာန် မပြီးမချင်း ဘာမှမပြောဘူးဟု ကိုယ့်စိတ်ထဲမှ အဓိဋ္ဌာန်ထားလိုက်၏။ သို့နှင့် ပုတီးပတ်ပြီး၍ နာရီကြည့်လိုက်တော့ နံနက် (၇)နာရီခွဲနေသဖြင့် ကိုယ်လက်သုတ်သင်ပြီး ဆာဆာရှိတာနဲ့ ငှက်ပျောသီး ၂ လုံးစားလိုက်၏။ ပြီးလျှင်ပုတီးစိပ်ပြန်၏။ ပုတီးစိပ်နေစဉ်လာထိုင်နေသော နတ်သမီး သုံးယောက်ကို သတိရ၍ ဟိုဟိုဒီဒီကြည့်ရှုသောအခါ

မတွေ့ရတော့ချေ၊ ကျွန်ုပ်ပုတီးစိပ်လို့ (၁၈) ပတ်ရတော့ အိပ်ချင်တာနှင့် အိပ်လိုက်၏။ နိုးလာတော့ နာရီကြည့်လိုက်ရာ ညနေ ၅ နာရီထိုးနေ၏။ကပြာကယာထပြီးပုတီးစိပ်ပြန်၏။ ည ၁၂ နာရီထိုးတော့ ပုတီးပတ်တွက်ကြည့်၏။ အပတ် (၈၀) ရ၍ ထိုနေ့အဖို့အနားယူပြီး ခေတ္တအိပ်ပြန်၏။ နံနက် (၁)ချက်ထိုးတော့ ထ၍ မှတ်တမ်းရေး၏။ ၁၃၁၆ခု၊ တပို့တွဲလပြည့်ကျော် (၂)ရက် ဗုဒ္ဓဟူးနေ့ ၁ချက်မှစ၍ ပုတီးစိပ်၏၊ နံနက် (၆)နာရီထိုးသောအခါ ပုတီးပတ် (၃၀)ရ၍ မေတ္တာပို့အမျှဝေပြီး စိန္တာမဏိဂါထာမန္တာန်တော်ကြီးရွတ်၏၊ မန္တာန်လည်းဆုံးရော ဘုန်းကြီးတစ်ပါးရောက်လာ၏။ ထိုဘုန်းကြီးက ဦးပဥ္စင်းလေးဘာပုတီးစိပ်သလဲ၊ သုဂတော ၅ ချက် ဂါထာစိပ်ပါတယ်ဘုရား၊ ဘဝပဋ္ဌာန်းဆက်မသိချင်ဘူးလား အကြားအမြင်ကော မရချင်ဘူးလား၊ သိချင်ပါတယ်၊ လိုချင်ပါတယ်ဘုရား ဒီလိုဆိုရင် ဟောဒီပုတီးစိပ်ကို တစ်နေ့ (၄၉) ပတ် (၄၉) ရက် အဓိဋ္ဌာန်စိပ် (၄၉) ရက်အဓိဋ္ဌာန်အောင်မြင်သောအခါ မိန်းမတစ်ယောက်လာ၍ ဘာလိုချင်သလဲမေးရင် လိုချင်တာပြောလိုက်ပါရပါတယ်။ ဘဝပဋ္ဌာန်းဆက်လည်း သိလာပါလိမ့်မယ်။ ပုတီးစိပ်ကိုရေးယူထား၊ မှန်ပါဘုရား အမိန့်ရှိပါ။

**"အရဟံဝတ သောဘဂဝါ၊ အရဟံဟေတုပစ္စယ သမ္ဗန္ဓော၊ အဋ္ဌတဂ္ဂေ ပါနုပေတံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ စေံအဓိဋ္ဌိယာဗုဒ္ဓေါ၊ ဗုဒ္ဓဂုဏာ အဓိဋ္ဌိယာ - အဓိဋ္ဌိတိယော၊ ပသန္နာန်၊ ဝိပါကောဟောတု မမ အဓိဋ္ဌိယော"**

တစ်ပုဒ်ဆုံးမှ တစ်လုံးချ ဘုန်းတော်ကြီး မိန့်တော်မူတိုင်း ဤကဲ့သို့ ရေးယူပြီးဖတ်ပြ၏။

ရင်းမှန်တယ် ဦးပဥ္စင်း- ၂၄ ပစ္စည်း စလုံး စိပ်ပါ။

ဆရာတော်ဘုရားက ဘယ်မှာသီတင်းသုံးပါသလဲဘုရား၊ ယခုတော့ မဟာမြိုင်မှာပဲ၊ အံ့ရင်ကပဲခူး ဝေဠုဝန္တာမှာနေတယ် ဘွဲ့ကတော့ ဦးဝိလာသ လို့ခေါ်တယ်၊ အင်္ဂလိပ်ပြေးကာနီးမှာ အသေထွက်ထွက် လာခဲ့တာပဲ ဇာတိကတော့ မြေလတ်သားပါပဲ၊ မန္တလေးဘုရားကြီးတိုက်၊ ဆရာတော် ဦးဇာဂရထံ စာသင်ဘူးပါတယ်။ မန္တလေးမှာ ဆယ်နှစ်လောက်ကြာအောင်နေဘူးတယ်။ မန္တလေးနေသည့်နှစ်အတွင်းမှာ ဘုရားကြီးကို နံနက်ကိုယ်ခံလာတဲ့ဆွမ်းတော်တင် ရှိခိုး ပုတီး (၂၇) ပတ်စိပ်၊ ညနေရှိခိုး ပုတီး ၂၇ ပတ်စိပ် အဓိဋ္ဌာန်နှင့် ပြုလုပ်ခဲ့ပါတယ်၊ အလွန်ကောင်းမြတ်လှပါတယ်ဘုရား၊ ဒီပုတီးနဲ့ဘဲထွက်လာတာလား၊ အင်း ဆေးဓာတ်တို့ပါ ပါသေးလားဘုရား၊ အင်း တော့ပါသေးတယ်၊ ဆေးတို့ ဓါတ်တို့တော့ မပါဘူးကိုယ်တော်လေး၊ အင်းများကတော့ ဘာအင်းကို အထူးအသုံးပြုပါသလဲ ဘုရား။ ဇောဓိပက္ခိယအင်း နဲ့ ပဋ္ဌာန်းအင်း ကို နံနက်ည တအင်းစီချသောက်ပါတယ်။ ဘယ်မျှလောက် သောက်ရပါသလဲဘုရား အသက် (၃၀) ကသောက်လာတာ (၈၀) မှ ရပ်လိုက်တာပဲ၊ ပုတီးကတော့ ၄၅-နှစ်လောက်ကစပြီး နံနက်ည (၁၀၈)ပတ် စီစိပ်ပြီး ပရိတ် (၁၁) သုတ် မေတ္တာပို့ အမျှဝေ၊ ပဋ္ဌာန်းပညာဝါရကြီးရွတ် - ဒီလို ကျင့်လာတာနဲ့ ထွက်ခဲ့လာတာပါပဲ-- ရည်စူးချက်ရှိပါသေးသလား ဘုရား၊ ရှိတယ်- ဦးပဥ္စင်း ရည်စူးချက်မရှိ တက်လမ်းမရှိပဲနှင့် လုပ်လာတဲ့အလုပ်ဟာ အရူးအလုပ်ပဲ ဦးပဥ္စင်း၊ မှန်လှပါဘုရား၊ ကိုင်း ဦးပဥ္စင်းအလုပ်ပျက်နေရော့မယ် သွားအုံးမယ်၊ အလောင်းတော်ကဿပဂူထဲ၊ အဓိဋ္ဌာန်ပုတီး လာစိပ်နေတဲ့ ဦးပဥ္စင်းလေးရှိနေတဲ့အကြောင်း သတင်းကြားတာနဲ့

မဟာမြိုင်ကနေ ကိုယ်တော်ဆီကို လာခဲ့တာ၊ သွားပြီနော်၊ မှန်လှပါဘုရား၊ ဒီလိုလာပြီး ချီးမြှင့်တာ အထူးဘဲ ဝမ်းသာကြောင်းပါဘုရား၊ ကိုယ်တော်မြတ်ကြီးလဲ ဂူအပြင်ဘက်ထွက်သွားပြီး ပျောက်ကွယ်သွား၏။ ကျွန်ုပ်လည်းဆက်ပြီး ပုတီးစိပ်၏။ ၁၈ ပတ်ပြီးတော့ နာရီကြည့်၏။ ၁၀ နာရီထိုးနေ၏။ နံနက်ပိုင်းဖြစ်၍ နည်းနည်း ချမ်းလာတာနဲ့ ဂူပြင်ထွက်နေဆာလှုံပြီး ပုတီးစိပ်နေ၏။ ပုတီး ၉ ပတ်ရတော့၊ ဂူတွင်းထဲ ပြန်ဆင်းပြီး၊ ငှက်ပျောသီး ၃ လုံးစား၍ ရေသောက်ပြီး လမ်းလျှောက်ကာ ဂူတွင်းထဲ ပုတီးစိပ်နေ၏။ ပုတီးစိပ်လို့ ၃ ပတ်လောက်ရတော့ တောင်ထိပ် အလောင်းတော်ကဿပ ဂန္ဓကုဋိအာရုံခံမှ ဆူညံသံများ ကြားရ၏။ ကျွန်ုပ်စိပ်ထဲတွင် သူဖုန်များပြန်လာတာပဲဟု မှတ်ထင်လိုက်၏။ တိုနေ့ကဂူထဲတွင် တစ်နေ့လုံးစိပ်၏။ ညနေ ၄ နာရီခွဲတော့ ပုတီးပတ် (၆၀) ရ၏။ လျှောင်းပြီး ပရိတ်ရွတ်နေ၏။ ရတနာသုတ် ရွတ်ပြီးခါစရှိသေးတယ်၊ တောင်ထိပ်ပေါ်မှ အမယ်လေးခင်ဗျာ အသက်ချမ်းသာပေးပါ ခိုင်းချင်ရာခိုင်းပါ - လုပ်ပါ့မယ်ဟု ကြောက်လန့်တကြား အော်သံအသံကြားရပြီးနောက်၊ အမယ်လေးဟု ငယ်သံပါအောင် အော်လိုက်သောအသံကြားရပြီးနောက် မကြားရတော့ချေ။ ကျွန်ုပ်စိတ်ထဲတော့ သူပုန်တွေ ရွာသား တစ်ယောက်ဖမ်းလာပြီး သတ်လိုက်ကြတာနဲ့တူတယ်လို့မှတ်ထင်၏။ သို့နှင့် လျှောင်းရာမှ ထပြီးမေတ္တာပို့ ပေးပြီး ပုတီးဆက်စိပ်နေ၏။ ည ၁၁ နာရီထိုးရော ပုတီးပတ် ၈၀ ရ၍ မေတ္တာပို့ အမျှဝေပြီး အိပ်လိုက်၏။ နံနက် တစ်ချက်ထိုးမှာနိုး၍ မှတ်တမ်းရေးလိုက်၏။ ၁၃၁၆ခု၊ တပို့တွဲလပြည့်ကျော် ၃ ရက် ကြာသပတေးနေ့ နံနက် တစ်ချက်တွင် သူဂတော ၅ ချက် အဓိဋ္ဌာန်စစိပ်၏။ နံနက် ၅ နာရီထိုးတော့ ၂၄ ပတ်ရ၍ စိန္တာမဏိမန္တာန်တော်ကြီးရွတ်၏။ ထိုအတွင်းတောင်ထိပ်လူသံများ ခေါ်သံ ထွက်ဘို့ရန် အမိန့်ပေးသံများကြားပြီး နာရီဝက်အတွင်း တိတ်ဆိတ်သွား၏။ ကျွန်ုပ်လည်း ပုတီးဆက်စိပ်၏။ နံနက် ၈ နာရီတွင် ပုတီးပတ် (၁၈) ပတ်ရ၍ လမ်းလျှောက်ပြီး ပုတီးစိပ်ရန် ထလိုက်တော့ မဟာမြိုင် ဆရာတော်ဘုရားကြီး ဂူထဲဝင်လာတာတွေ့ရ၍ လက်အုပ်ချီပြီး ခရီးဦးကြိုဆို၏။ ဆရာတော်ဘုရားကြီးက ကိုယ်တော်လေးကို မဟာမြိုင်ထဲကြည့်ရှုရန် လာခေါ်တာ လာလာသွားကြစို့။ ကျွန်ုပ်လည်း လိုက်သွား၏။ ဂူထိပ်ပေါ်ရောက်သွားတော့ ဘုရားတန်ဆောင်းအစွန်း တိုင်ပတ်လည်တွင် သွေးများဖြာကျ၍ခဲနေ၏။ မဟာမြိုင်ဆရာတော်ကြီးက အင်း-ကံကြွေးဆပ်နေကြတာပဲ၊ ကဲ ရှင်းလင်းပစ်ကြအုံးစို့ဟု မိန့်သဖြင့် ကျွန်ုပ်က ဖျာစုတ်ပေါ် သံပြားနှင့် သွေးခဲများကြုံးပြီး ရေမြောင်းထဲ သွားပြစ်ချ၏။ ဆရာတော်ကြီးက မြေများကျုံး၍ သွေးကွက်များကို ဖြူးပြီးဖုံးနေ၏။ ပြီးလျှင် မဟာမြိုင်သို့ခရီးဆက်ကြ၏။ ကွမ်းတစ်ယာညက်လောက် ဆယ်မိနစ်လောက်သွားမိကြလျှင် ဘုရားတစ်ဆူရောက်လာ၏။ ဘုရား၏ဘွဲ့တော်က (မာရ်မြေဘုရား) ဟု ဘွဲ့တော်ရေးထား၏။ ဘုရားစေတီက မဟာဗောဓိ စေတီဖြစ်၏။ မဟာမြိုင်ဆရာတော်ကြီးနှင့် ကျွန်ုပ်တို့လှည့်လည် ဖူးမျှော်ကြပြီး မဟာမြိုင်ဘက်ဆီသို့ လာကြ၏။ ခြေလှမ်း ၅၀ လောက်သွားမိလျှင် မဟာမြိုင် ဆရာတော်ဘုရားနေသော ဂူသို့ရောက်လာကြ၏။ ရောက်ရောက်ချင်းဆိုသလို ဘိုးမင်းခေါင်ကြီးက ထွက်လာပြီး လက်ဖက်ရည်များ သစ်သီးများ မုန့်များကပ်လာ၏။ မုန့်က ဘူးသီးကျော်နှင့် ဘယာကျော်ဖြစ်၏။ ကျွန်ုပ်ကလည်း အဆန်းဖြစ်နေ၏။ ဒီတောတောင်ထဲမှာ ဘယ်ကဒီအကျော်တွေ ရနိုင်မလဲလို့ စဉ်းစားနေ၏။ ထိုအခိုက်ဘိုးမင်းခေါင်ကြီးက တပည့်တော် အရှင်ဘုရားကြွလာမယ်ဆိုလို့ ယင်းမာပင်သွားပြီး

အကျော်ဝယ်လာခဲ့တာဟုပြော၏။ ကျွန်ုပ်လည်း လက်ဖက်ရည်သောက်၊ မုန့်စား ဆရာတော်ကြီးကလည်းစား၏။ ပြီးလျှင် ဘိုးမင်းခေါင်ကြီး စွန့်လိုက်၏။ ဆရာတော်ဘုရားကြီးက ယနေ့ကိုယ်တော်လေးကို ဆေးကျိတ်တဲ့ဂူများ-အင်းဂူများကို လိုက်ပြရမှာဘဲ ပြီးတော့လည်း လူပုဂ္ဂိုလ်များနှင့် မိတ်ဆက်ပေးရအုံးမယ်၊ ကိုယ်တော်လေး ဒီအလောင်းတော်ကသပကို စွန့်စားပြီး အဓိဋ္ဌာန်လာဝင်နေတာကို ပုဂ္ဂိုလ်များက အတော်ကျေနပ်ပြီး ကိုယ်တော်လေးနှင့် တွေ့ချင်နေကြတာ၊ ဒါကြောင့်မို့ တပည့်တော်က မိတ်ဆက်ပေးရမှာ၊ လာ-လာ ဆေးကျိတ်သောဂူများ အင်းစီရင်သောဂူများ လိုက်ပို့မယ်ဆိုပြီး ကျွန်ုပ်ကိုခေါ်သွား၏။ မှတ်မှတ်ရရ ခြေလှမ်း ကိုးဆယ်လောက်သွားလိုက်လျှင် ဆေးကျိတ်သောဂူကြီးရှေ့ရောက်လာကြ၏။ ဂူကြီးအဝ ဝင်လိုက်ရင်ဘဲ ဆေးနံ့များကမွှေးကြိုင်နေ၏။

ခံစားရချက်က တစ်မျိုးပေ၊ ဂူကြီးထဲဝင်သွားကြသောအခါ၊ ကျယ်ပြန့်၏။ မြေပြင်ကဲ့သို့ ညီညွတ်၏။ အမိုးမှာလည်း ကွန်ကရစ်လောင်းမိုးထားသကဲ့သို့ဖြစ်နေ၏။ အမိုးတပြင်လုံးလည်း အင်းမျိုးစုံတို့ဖြင့် ပြည့်နှက်နေ၏။ ဆေးအမယ်မျိုးစုံတို့မှာ သူ့ကျောက်သေတ္တာနှင့်သူ ထည့်ထား၍ သေသေသပ်သပ်ရှိလှ၏။ ဂမုန်းပေါင်းအရေအတွက်ကိုသာ ကျွန်ုပ်မှတ်ပြီးရေးသည်၊ ဥဂမုန်းမျိုးပေါင်း ၁၂၀၊ အပင်ထောင်ဂမုန်းမျိုးပေါင်း ၁၆၀ ၊ အနွယ်ဂမုန်းမျိုးပေါင်း ၁၅၀ ၊ပေါင်းဂမုန်းမျိုးပေါင်း ၄၃၀ ရှိ၏။ ဥဆေးပင်မျိုးပေါင်း ၁၇၀ ၊ ပင်ထောင်ဆေးပင်အမျိုးပေါင်း ၁၉၀ ၊ အနွယ်ဆေးပင် အမျိုးပေါင်း ၁၈၅ ၊ အခေါက်ဆေးပင်မျိုးပေါင်း ၉၀ ၊ အသီးဆေးပင်မျိုးပေါင်း ၂၁၀ ၊ အရွက်ဆေးပင်မျိုးပေါင်း ၁၆၀၊ အပွင့်ဆေးပင်မျိုးပေါင်း ၁၈၀ ၊ အားလုံးပေါင်း ၁၁၈၅ မျိုးရှိ၏။ ဤဂမုံးပင်ဆေးပင်များကို သူ့ကျောက် သတ္တာနှင့်သူ ထည့်ထား၏။ အလိုရှိက ဖေါ်စပ်လိုလျှင် အလွယ်တကူရစေရန်အလို့ငှာ ဘိုးတော်များ အရှင်မြတ်များကိုယ်တိုင်နားလည်သော အပင်ကိုရှာကြံ၍ လှူဒါန်းထားခြင်းဖြစ်၏။ ထိုဂူကြီးထဲတွင် ထိုနည်းလည်းကောင်း၊ အင်းများကိုလည်း ကိုယ်တိုင်လက်တွေ့သုံးလာသော အင်းများကို၊ အညွှန်းနှင့်တကွ၊ အလိုရှိသူများ သုံးစွဲနိုင်ရန် မထိန်မဝှက်ပဲ လှူဒါန်းထားကြတာတွေ့ရ၏။ ဤကဲ့သို့တွေ့ရတော့လည်း ထွက်ရပ်ပေါက်လောက ဝါ ဝိဇ္ဇာလောကကြီးကို အထင်ကြီးသည်ထက် ကြီးမိပါတော့၏။ မမှန်ကန်သော သူများက ကိုယ်လက်တွေ့သုံးနေသော အင်း-ဆေး-ဓါတ်တို့ကို လျှို့ဝှက်ကြသလောက် မှန်ကန်သော ပုဂ္ဂိုလ်ကြတော့ တယ်ပြီး အများအတွက် ဂရုဏာသက်၍ အစစ်အမှန်တွေကို တိတိကျကျဖေါ်ထုတ်၍ ထားကြပါကလားဆိုတာ စိတ်တွင်အသည်းစွဲအောင်မှတ်လိုက်တော့၏။ ထိုအခိုက် ကိုယ်တော်လေး တယ်စိတ်ဝင်စားပုံရနေတယ်၊ ရှေ့ဒါထက် စိတ်ဝင်စားစရာ ရှိသေးတယ်၊ လာ-လာ ဆိုပြီး ဂူကြီးထဲခေါ်သွားပြန်၏။ ထောင်ထားသော ကျောက်ပြားကြီးများရှေ့ရောက်လာခဲ့၏။ ကျောက်ပြားကြီးတစ်ပြားလျှင် အသေးဆုံးကျောက်ပြားမှာပင် ကျွန်ုပ်၏တစ်ရပ်ကျော်နေ၏။ ထိုတစ်ရပ်သာသာရှိနေသော ကျောက်ပြားများက ထောင်ချီပြီးရှိလောက်၏။ ကျန်အတောင် ဆယ်တောင် ၁၅ တောင်လောက် ကျောက်ပြားများကတော့ သောင်းချီပြီး ရှိမည်ထင်၏။ ထိုဂူကြီးထက်တွင် မျက်စေ့တစ်ဆုံး ကျောက်ပြားများက မဆုံးပေ၊ လူတစ်ရပ်သာသာ ကျောက်ပြားများက ဆေးဒါန်း မြင်းသီလာတို့ဖြင့် ရေးသားထားသော ပိဋိကတ်သုံးပုံကျောက်ပြားများဖြစ်ကြ၏။ ၁၀ တောင် ၁၅တောင်လောက် ရှိသော

ကျောက်ပြားကြီးများကတော့ ကမ္ဘာပေါ်ရှိ လူမျိုးပေါင်းစုံတို့ အသုံးပြုကြသော အင်းပေါင်း ဆေးကျမ်းပေါင်း နက္ခကျမ်းပေါင်းများကို ရေးထားတာတွေ့ရ၏။ ဆေးဒါန်းမြင်းသီလာတို့ဖြင့် ရေးသားထားခြင်းဖြစ်၏။ ဆေးအယူအဆ၊ အင်းအယူအဆမှားခဲ့သော် ကမ္ဘာဦးက ရသေ့သူမြတ်တို့ ရေးသော၊ ဆေးကျမ်းများဖြင့်လည်းကောင်း၊ အင်းများဖြင့်လည်းကောင်း မြင့်မိုရ်တောင်ခါးပန်းတွင် ရှိသောအင်းများ နက္ခတ်များကို ပုံစံတူများ၊ ဤဂူကြီးထဲတွင်ရေးသားထားသဖြင့် လွယ်လင့်တကူ ကြည့်ရှု လေ့လာနိုင်စေခြင်းငှာ ဌင်းပြုထားခြင်း ဖြစ်သည်ဟု ရှင်းလင်းပြောလေသည်။ ကျွန်ုပ်က အရှင်မြတ်တို့ ပြုလုပ်ထားကြတာ နှစ်ပေါင်း ဘယ်လောက် ရှိပါပြီလဲဘုရားဟု လျှောက်တော့၊ ကျောက်စာများ၏ တောင်ထိပ်က ကျောက်ပြားကြီးကို လိုက်ပြ၏။ ထိုကျောက်ပြားကြီးတွင် ပါဠိဘာသာ၊သက္ကဋဘာသာ၊ တရုတ်ဘာသာ၊ ကုလားဘာသာ မြန်မာဘာသာတို့ဖြင့် ပြုလုပ်ပြီးစီးအောင်မြင်သော ကဗျည်းစာကို တွေ့ရ၏။ အောက်ပါအတိုင်း မှတ်ခဲ့၏။ (ဇေယျတု ပိဋကတ်သုံးပုံ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းများ၊ ဆေးကျမ်းများ၊ အင်းကျမ်းများ၊ မန္တာန်ကျမ်းများကို ကုလား၊တရုတ်၊ သက္ကဋ၊ မြန်မာဘာသာအားဖြင့် ကျောက်တော်များအပြင်ဝယ် ဆေးဒါန်း၊ မြင်းသီလာတို့ဖြင့် ရေးသားပြီးစီးအောင်မြင်သော်-သာသနာတော်နှစ်ကား (၆၃၀-ခြောက်ရာသုံးဆယ်တည်း) ရေးသားကြသောပုဂ္ဂိုလ်ပေါင်း (၃၆၀-သုံးရာခြောက်ဆယ်တည်း) ရှာဖွေစုဆောင်းဆည်းပူးကြသော ပုဂ္ဂိုလ်ကြီးပေါင်းကား (၉၀၀-ကိုးရာတည်း)။

**ရည်ရွယ်ရင်းကား-** သိဒ္ဓိပေါက်မြောက်လာကြသော ပုဂ္ဂိုလ်အသီးသီးတို့သည် သိဒ္ဓိမှ-မဟိဒ္ဓိ၊ မဟိဒ္ဓိမှ သောတပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအဖြစ်သို့ ရောက်ကြ၍ ဘဘုရားသာသနာတော်မြတ်ကြီးကို အနှစ် (၅၀၀၀-ငါးထောင်ထက်) ကျော်လွန်ပြီး၊ အနှစ် ကုဋေ-ကုဋာ သင်္ချေသင်္ချာတိုင်အောင် တည်တန့်ပြီးလျှင် ဘုရားတစ်ဆူနှင့်တစ်ဆူအကြား အမိုက်တိုက်ကြီးမဖြစ်စေရန် ရည်သန်သည်။ ဤစာတမ်းကို ကျွန်ုပ်ဖတ်လိုက်ရတော့၊ ဖရဏာပီတိဖြစ်၍ ကိုယ်များတောင် ဆတ်ဆတ်တုန်မိသည်။ ပုဂ္ဂိုလ်ကြီးတို့သည် သတ္တဝါများအပေါ်ထားကြသော စေတနာတို့ကိုလည်းကောင်း၊ ပဥ္စမသံဂါယနာ တင်သကဲ့သို့၊ ပိဋကတ်သုံးပုံ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာစုံနှင့်တကွ၊ အင်းဆေးမန္တာန်တို့ကိုလည်းကောင်း၊ အမြတ်တနိုးချောညက်သော၊ ကျောက်ပြားမျက်နှာပြင်ဝယ်၊ ဆေး ဒါန်း မြင်းသီလာ တို့ဖြင့်၊ ခမ်းခမ်းနားနား မွန်မွန်မြတ်မြတ် ပြုလုပ်ထားကြပုံကိုလည်းကောင်း၊ သေသေချာချာ ဂဃနဏ တွေ့ရသော် ကျွန်ုပ်မှာကား လောကကြီးကို အဘယ့်ကြောင့် မနှစ်မြို့ပဲ ရှိပါအံ့လော၊ အသက်ပေး၍ မြတ်နိုးသည်သာ၊ နှစ်ခြိုက်သည်သာဖြစ်ပေ၏။ မင်းတုန်းမင်းထုထားသော ကျောက်ထက်အက္ခရာထက်၊ အဆပေါင်းများစွာသာခဲ့နေခြင်း၊ ဘယ်လိုရန်သူမှ နှောင့်ယှက်ဖျက်ဆီးခြင်းငှာ မစွမ်းနိုင်ခြင်းတို့ကြောင့် ဘုရားတစ်ဆူနှင့်တစ်ဆူကြား တည်တန့်နေမည်ကို ဘာမျှ သံသယဖြစ်ဖွယ်မရှိချေ။ အကြွင်းမဲ့ကျွန်ုပ်ကား ယုံကြည်ပေ၏။ သာသနာဝင် သူတော်စင်များတို့ ထွက်မြောက်သွားကြ၍သာ ဤကဲ့သို့ လောကသူ လောကသားများ အားကိုးရာ ဆောက်တည်ရာရကြမည်ဟု မမှိတ်မသုံ ကျွန်ုပ်က အကြွင်းမဲ့ ယုံကြည်၏။

ထို့ကြောင့် ဤထွက်ရပ်လောကကြီး ရှိနေသမျှ သာသနာတော်ကြီးကို မည်သူဖျက်ဖျက်

ပျက်စီးနိုင်တော့မည်မဟုတ်ကြောင်း၊ ကျွန်ုပ်အနေဖြင့် အကြွင်းမဲ့ယုံကြည်ပါ၏။ ကျွန်ုပ်စိတ်ထဲ ပီတိဖြစ်နေပုံကို မဟာမြိုင်ဆရာတော်ဘုရားကြီး သိပုံရ၍၊ မေးမြန်းသည်မှာ-ကိုယ်တော်လေး ဒီကျောက်ထက်အက္ခရာများကို ကြည့်ပြီး တော်တော်နှစ်မြို့က်နေပုံရတယ်။ ဘုရားတပည့်တော်ဖြင့် ဒါမြင်ရတော့ မန္တလေးက ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းကျောက်စာများကို အထင်မကြီးတော့ပါဘုရား၊ ဒါမြင်ရသဖြင့် ထွက်ရပ်လောကကြီးကိုရောက်၍ ပေါက်မြောက်တော်မူကြသော သိဒ္ဓိရှင် မဟိဒ္ဓိရှင် အရှင်မြတ်များ လူပုဂ္ဂိုလ်ကြီးများကို အထူးကျေးဇူးတင်လို့မဆုံးပါဘုရား၊ ဒီပွဲတုံးက ဘုရားတပည့်တော်တို့ မဆင်နွှဲလိုက်ရတာ နာသွားတယ်လို့ ယူဆပါတယ်ဘုရား၊ ကိုယ်တော်လေးထားလို့ တပည့်တော်တောင်မမှီလိုက်ပါဘူး၊ ဒါလဲဟုတ်ပါတယ်ဘုရား၊ တပည့်တော်အနေနဲ့ ဒီလိုပွဲကြီးမှာမှီလိုက်ရရင်တော့ ခိုင်းချင်ရာခိုင်း၊ ဒီပွဲကြီးမပြီးမချင်း ကျွန်အဖြစ်လှူထားလိုက်မှာပဲဘုရား၊ ကိုယ်တော်လေးရဲ့စေတနာ တပည့်တော်တို့ ယုံကြည်ပါတယ်၊ ရှေ့မှာ ကိုယ်တော်လေး သာသနာပြုစရာတွေ အများကြီးရှိသေးတယ်၊ ရော့ရော့ ဟောဒီဆေးမှတ်စုစာအုပ်ကလေး ယူပြီး အသုံးချပေတော့၊ ကောင်းလှပါပြီဘုရား၊ ကျေးဇူးကြီးလှပါသည်ဘုရား၊ ကဲ ကိုယ်တော်လေး နေတောင် တော်တော်စောင်းသွားပြီး ဒီဂူကြီးထဲနှင့် အချိန်ကုန်သွားပြီ သွားကြအုံးစို့။

ကျွန်ုပ်တို့လည်း ဂူကြီးထဲမှ ထွက်လာကြသည်၊ ဆရာတော်ကြီး ကျောင်းရောက် ရေလေးတစ်ခွက် သောက်ပြီး နာရီကြည့်လိုက်တော့ ညနေ ၅ နာရီထိုးနေ၏။ ဆရာတော်ကြီးက ဘိုးမင်းခေါင်ကြီးကို ကြံရည်ကပ်လိုက်အုံးဒကာလို့မိန့်သဖြင့် တစ်တောင်လောက်ကြံချောင်းကို ဆရာတော်ကြီး ဂူထဲမှယူလာပြီး လူတစ်ထိုင်လောက်ကျောက်တုံးကြီးနှင့် ဖိလိုက်၏။ ကြံရည်တို့ ဖြိုင်ဖြိုင်စီးဆင်း၍ အောက်မှခံထားသော သပိတ်ထဲ စီးကျလာ၏။ ကြံကအညိုမဟုတ်ပေ၊ အနက်ဖြစ်၏။ ထိုသပိတ်ယူပြီး ဆရာတော်ကြီးကပ်၏။ ဆရာတော်ကြီးသောက်ပြီး ကျွန်ုပ်သောက်၏။ ကျန်တာကို ဘိုးမင်းခေါင်ကြီးကသောက်၏။ ကြံရည်သောက်ပြီးတော့ ကျွန်ုပ်၏ခံစားရချက်မှာ ယခုထမင်းစားပြီးသကဲ့သို့ ဗိုက်မှာလေးနေ၏။ တယ်တန်ခိုးရှိတဲ့ကြံပါလားလို့ အောက်မေ့၏။ ထိုအခိုက် ဆရာတော်ကြီးက ကိုယ်တော်လေး ပြန်ကြစို့ဟု မိန့်သဖြင့် ဆရာတော်ကြီးနောက်လိုက်ခဲ့၏။ ခြေလှမ်းလေးငါးဆယ်လောက်သွားမိတာနဲ့ အလောင်းတော်ကဿပ အောက်ဂူနားရောက်လာကြ၏။ ဂူထဲဝင်ပြီး ဆရာတော် ဘုရားကြီးက အလောင်းတော်ကဿပကို ရှိခိုးဦးခိုက်ပြီး ကိုယ်တော်လေး ပြန်တော့မယ်နော်၊ မှန်လှပါ ကျေးဇူးကြီးလှပါကြောင်းဘုရားဆိုပြီး ကျွန်ုပ်ကဝတ်ချ၏။(၃) ကြိမ်လည်းချပြီးရော ဆရာတော်ကြီးလည်း ပျောက်ကွယ်သွား၏။ ကျွန်ုပ်လည်း အလောင်းတော် ကဿပရှေ့တော် ပုတီးထိုင်စိပ်တော့၏။ သုဂတော ၅ ချက် ပုတီးအပတ် ၃၇ ပတ်ရတော့ နာရီကြည့်လိုက်၏။ ည ၁၂ နာရီထိုးနေ၏။ နေ့က ပုတီးပတ်နှင့်ပေါင်းသော် အပါတ် (၈၀) ရ၍ ရှိခိုးဝတ်ချ မေတ္တာပို့ အမျှဝေပြီး ခေတ္တလျောင်းလိုက်၏။ ၁၃၁၆ခု၊ တပို့တွဲလပြည့်ကျော် (၄)ရက် သောကြာနေ့ နံနက် (၁၂း ၄၅)မိနစ်တွင် အဓိဋ္ဌာန်ပုတီးစစိပ်၏။ ဤနေ့အဘို့ည ၁၁ နာရီခွဲရောက်လို့ ပုတီး အပါတ် (၈၀) ရသော်လည်း ဘာမျှ အတွေ့အကြုံမရှိသဖြင့် မဟာမြိုင်ဆရာတော်ကြီး ချီးမြှင့်လိုက်သော ဆေးအင်းမှတ်စုများကို ဖော်ပြပေအံ့။

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

လောကသားများအတို့ ဆေး-အင်း-မန္တာန်များ လိုက်စားသူတို့သည်လည်းကောင်း၊ စီးပွားရေး လိုက်စားသူတို့သည်လည်းကောင်း၊ ကောင်းမြတ်သော ကြက်သရေမင်္ဂလာရှိ၍ လောကီကျိုးကို ပေးနိုင်စွမ်းရှိသော အချိန်ကောင်း၊ အခါကောင်းများကို ရရှိရန်လိုအပ်ပါသောကြောင့် အောက်ပါနေ့သား အလိုက် အချိန်အခါ ကောင်းများကို ဖေါ်ပြပေအံ့။

(က) တနင်္ဂနွေသားသမီးတို့အတွက် အချိန်အခါကောင်း **တနင်္ဂနွေနေ့** တွင် တနင်္ဂနွေသား သမီး များသည် နံနက် ၈ နာရီ ၂၄ မိနစ်မှစ၍ ၁၀ နာရီ ၄၈ မိနစ်အတွင်းတွင် ဖုတ်သွင်းရထား ဆိုက်ချိန် အလိုပြည့်စုံအောင်မြင်ချိန်ဖြစ်၏။ နေ့လည် ၃ နာရီနှင့် ၃၆ မိနစ်ကစ၍ ညနေ ၆ နာရီတိတိအချိန်အတွင်း ရတနာပုံဆိုက်ကိန်းကြုံ၏။

တနင်္ဂနွေသားသမီးများသည် **တနင်္လာနေ့** ညနေ ၃ နာရီနှင့် ၃၆ မိနစ်ကစ၍ ၆ နာရီတိတိ အချိန်အတွင်းမှာ မင်းဖြစ်ကိန်း အခါကောင်းနှင့် ကြုံ၏။

တနင်္ဂနွေသားသမီးများသည် **အင်္ဂါနေ့** တွင် နံနက် ၁၀ နာရီနှင့် ၄၈ မိနစ်ကစ၍ နေ့လည် ၁ နာရီနှင့် မိနစ် ၁၂ မိနစ်အတွင်း ကောင်းသောအချိန်ဖြစ်၏။

တနင်္ဂနွေသားသမီးများသည် ဗုဒ္ဓဟူးနေ့ တွင် ညနေ ၃ နာရီနှင့် ၃၆ မိနစ်ကစ၍ ညနေ ၆ နာရီတိတိအချိန်အတွင်း ကောင်းသောအချိန်အခါဖြစ်၏။

တနင်္ဂနွေသားသမီးများသည် ဗုဒ္ဓဟူးနေ့ တွင် နံနက် ၁၀ နာရီနှင့် ၄၈ မိနစ်အချိန်ကစ၍ ၁ နာရီနှင့် ၁၂ မိနစ်အတွင်းမှာ ရတနာပုံဆိုက်ကိန်းဖြစ်၍ ကောင်း၏။

တနင်္ဂနွေသားသမီးများသည် ကြာသပတေးနေ့ တွင် နံနက် ၆ နာရီမှ ၈ နာရီနှင့် ၂၄ မိနစ် အချိန်အတွင်း မင်းဖြစ်ကိန်းဆိုက်၏။

တနင်္ဂနွေသားသမီးများသည် ကြာသပတေးနေ့ တွင် နေ့ ၁ နာရီ ၁၂ မိနစ် အချိန်မှစ၍ ၃ နာရီနှင့် ၃၆ မိနစ်တိုင်အောင် ရတနာပုံဆိုက်ကိန်း ကြုံ၏။

တနင်္ဂနွေသားသမီးများသည် သောကြာနေ့ နံနက် ၈ နာရီနှင့် ၂၄ မိနစ်ကစ၍ ၁၀ နာရီနှင့် ၄၈ မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏။

တနင်္ဂနွေသားသမီးများသည် သောကြာနေ့ တွင် ညနေ ၃ နာရီနှင့် ၃၆ မိနစ်မှ ည ၆ နာရီတိတိတွင် ရတနာပုံကိန်းကြုံ၏။

တနင်္ဂနွေသားသမီးများသည် **စနေနေ့** တွင် ၁ နာရီနှင့် ၁၂ မိနစ်ကစ၍ နေ့ ၃ နာရီနှင့် ၃၆ မိနစ်အတွင်း မင်းဖြစ်ကိန်းကြုံ၏။

တနင်္ဂနွေသားသမီးများသည် **စနေနေ့** တွင် နံနက် (၈)နာရီ (၂၄)မိနစ်မှစ၍ (၁၀)နာရီ ၄၈ မိနစ်အတွင်း ရတနာပုံကိန်းကြုံ၏။

**တနင်္ဂနွေသားသမီးများအတွက်ပြီး၏။**

တနင်္လာသားသမီးများသည် တနင်္ဂနွေနေ့ တွင် ညနေ ၃ နာရီနှင့် ၃၆ မိနစ်ကစ၍ ၆ နာရီတိတိအချိန်အတွင်းမှာ မင်းဖြစ်ကိန်းဆိုက်၏။ ထိုနေ့ နံနက် ၆ နာရီမှ စ၍ ၈ နာရီနှင့် ၂၄ မိနစ်အတွင်း ရတနာပုံဆိုက်၏။

တနင်္လာသားသမီးတို့သည် **တနင်္လာနေ့တွင်** နံနက် ၁၀ နာရီနှင့် ၄၈ မိနစ်မှစ၍ နေ့လည် ၁ နာရီနှင့် ၁၂ မိနစ် အချိန်အတွင်းမှာ မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းနေ့နံနက် ၆ နာရီမှ စ၍ ၈ နာရီ ၂၄ မိနစ်အချိန်အတွင်း ရတနာပုံကိန်းဆိုက်၏။

တနင်္လာသားသမီးတို့သည် **အင်္ဂါနေ့** တွင် နံနက် ၆ နာရီမှစ၍ ၈ နာရီ ၂၄ မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းနေ့နေ့လည် ၁ နာရီနှင့် ၁၂ မိနစ်ကစ၍ ၃ နာရီနှင့် ၃၆ မိနစ် အတွင်းမှာ ရတနာပုံဆိုက်၏။

တနင်္လာသားသမီးတို့သည် **ဗုဒ္ဓဟူးနေ့တွင်** နံနက် ၁၀ နာရီနှင့် ၄၈ မိနစ်မှစ၍ နေ့လည် ၁ နာရီနှင့် ၁၂ မိနစ်အချိန်အတွင်း မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းနေ့နံနက် ၆ နာရီမှ ၈ နာရီ ၂၄ မိနစ်အချိန်အတွင်း ရတနာပုံဆိုက်၏။

တနင်္လာသားသမီးတို့သည် **ကြာသပတေးနေ့** တွင် နေ့လည် ၁ နာရီနှင့် ၁၂ မိနစ်ကစ၍ ၃ နာရီနှင့် ၃၆ မိနစ်အတွင်းမှာ မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းနေ့ နံနက် ၈ နာရီနှင့် ၂၄ မိနစ်မှစ၍ ၁၀ နာရီနှင့် ၄၈ မိနစ်အတွင်းမှာ ရတနာပုံဆိုက်၏။

တနင်္လာသားသမီးတို့သည် သောကြာနေ့ တွင် ညနေ ၃ နာရီနှင့် ၃၆ မိနစ်မှစ၍ ၆ နာရီ တိတိ အချိန်အတွင်း မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းနေ့နံနက် ၁၀ နာရီနှင့် ၄၈ မိနစ်မှစ၍ နေ့လည် ၁ နာရီနှင့် ၁၂ မိနစ် အချိန်အတွင်းမှာ ရတနာပုံဆိုက်ကိန်းဖြစ်၏။

တနင်္လာသားသမီးတို့သည် **စနေနေ့** တွင် နံနက် ၈ နာရီနှင့် ၂၄ မိနစ်မှစ၍ ၁၀ နာရီ နှင့် ၄၈ မိနစ် အချိန်အတွင်းမှာ မင်းဖြစ်ကိန်းဖြစ်၏။ ၎င်းနေ့ ညနေ ၃ နာရီနှင့် ၃၆ မိနစ်မှ စ၍ ၆ နာရီတိတိအချိန်အတွင်း ရတနာပုံဆိုက်၏။

တနင်္လာသားသမီးများအတွက်ပြီး၏။

(ဂ) **အင်္ဂါသားသမီးတို့သည် တနင်္ဂနွေနေ့ တွင် နံနက် ၆ နာရီမှ ၈ နာရီနှင့် ၂၄ မိနစ် အတွင်းမှာ** မင်းဖြစ်ကိန်းဆိုက်၏။ ထို့ပြင် ၎င်းနေ့ နေ့လည် ၁ နာရီနှင့် ၁၂ မိနစ်မှ ညနေ ၃ နာရီနှင့် ၃၆ မိနစ်အတွင်း ရတနာပုံဆိုက်၏။

အင်္ဂါသားသမီးတို့သည် **တနင်္လာနေ့** တွင် နေ့လည် ၁ နာရီ ၁၂ မိနစ်မှ ၃ နာရီနှင့် ၃၆ မိနစ်အတွင်း မင်းဖြစ်ကိန်း ဆိုက်၏။ ၎င်းပြင် ထိုနေ့ နံနက် ၈ နာရီနှင့် ၂၄ မိနစ်ကစ၍ ၁၀ နာရီ ၄၈ မိနစ်အတွင်း ရတနာပုံဆိုက်၏။

အင်္ဂါသားသမီးတို့သည် **အင်္ဂါနေ့** တွင် နံနက် ၈ နာရီ ၂၄ မိနစ်မှစ၍ ၁၀ နာရီ ၄၈ မိနစ် အတွင်းမှာ မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းပြင် ထိုနေ့ညနေ ၃ နာရီ ၃၆ မိနစ်မှစ၍ ၆ နာရီ

တိတိအတွင်း ရတနာပုံဆိုက်၏။

အင်္ဂါသားသမီးတို့သည် ဗုဒ္ဓဟူးနေ့ တွင် နေ့ ၁ နာရီနှင့် ၁၂ မိနစ်မှစ၍ ၃ နာရီနှင့် ၃၆ မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းပြင် ထိုနေ့ နံနက် ၈ နာရီနှင့် ၂၄ မိနစ်ကစ၍ ၁၀ နာရီ ၄၈ မိနစ်အတွင်း ရတနာပုံဆိုက်၏။

အင်္ဂါသားသမီးတို့သည် ကြာသပတေးနေ့ တွင် ညနေ ၃ နာရီ ၃၆ မိနစ်မှစ၍ ၆ နာရီ တိတိအတွင်း မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းပြင် ထိုနေ့ နံနက် ၁၀ နာရီ ၄၈ မိနစ်မှ ၁ နာရီ ၁၂ မိနစ်အတွင်း ရတနာပုံဆိုက်ကိန်းဖြစ်၏။

အင်္ဂါသားသမီးတို့သည် သောကြာနေ့ တွင် နံနက် ၆ နာရီမှစ၍ ၈ နာရီနှင့် ၂၄ မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းပြင် ထိုနေ့ နေ့ ၁ နာရီနှင့် ၁၂ မိနစ်၊ ၃ နာရီ ၃၆ မိနစ် အတွင်း ရတနာပုံ ဆိုက်၏။

အင်္ဂါ သားသမီးတို့သည် **စနေနေ့** တွင် နံနက် ၁၀ နာရီ နှင့် ၄၈ မိနစ်မှစ၍ နေ့လည် ၁ နာရီ နှင့် ၁၂ မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းပြင် ထိုနေ့ နံနက် ၆ နာရီတိတိမှ ၈ နာရီ ၂၄ မိနစ်အတွင်း ရတနာပုံဆိုက်၏။

**အင်္ဂါသားသမီးများအတွက်ပြီး၏။**

(ဃ) ဗုဒ္ဓဟူးသားသမီးတို့သည် တနင်္ဂနွေနေ့ တွင် နံနက် ၁၀ နာရီနှင့် ၄၈ မိနစ်မှ နေ့ ၁ နာရီ နှင့် ၁၂ မိနစ်အတွင်း မင်းဖြစ်ကိန်း ဆိုက်၏။ ၎င်းပြင် ထိုနေ့ နံနက် ၆ နာရီမှ ၈ နာရီ ၂၄ မိနစ် အတွင်း ရတနာပုံဆိုက်၏။

ဗုဒ္ဓဟူးသားသမီးတို့သည် တနင်္လာနေ့ တွင် နံနက် ၆ နာရီမှ ၈ နာရီနှင့် ၄၈ မိနစ်မှ နေ့ ၁ နာရီနှင့် ၁၂ မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းပြင် ထိုနေ့ နေ့လည် ၁ နာရီ ၁၂ မိနစ်မှ ၃ နာရီ ၃၆ မိနစ်အတွင်း ရတနာပုံဆိုက်၏။

ဗုဒ္ဓဟူးသားသမီးတို့သည် အင်္ဂါနေ့ တွင် နေ့ ၁ နာရီနှင့် ၁၂ မိနစ်မှ ၃ နာရီနှင့် ၃၆ မိနစ် အတွင်း မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းပြင် ထိုနေ့ နံနက် ၈ နာရီ ၂၄ မိနစ်အတွင်း ရတနာပုံ ကိန်းဆိုက်၏။

ဗုဒ္ဓဟူးသားသမီးတို့သည် ဗုဒ္ဓဟူးနေ့ တွင် နံနက် ၆ နာရီမှ ၈ နာရီနှင့် ၂၄ မိနစ်အတွင်း မင်းဖြစ်ကိန်း ဆိုက်၏။ ၎င်းပြင် ထိုနေ့ နေ့ ၁ နာရီနှင့် ၁၂ မိနစ်မှ ၃ နာရီ ၃၆ မိနစ် အတွင်း ရတနာပုံ ဆိုက်၏။

ဗုဒ္ဓဟူးသားသမီးတို့သည် ကြာသပတေးနေ့ တွင် နံနက် ၈ နာရီနှင့် ၂၄ မိနစ်မှ ၁၀ နာရီ နှင့် ၄၈ မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းပြင်ထိုနေ့ ၃ နာရီနှင့် ၃၆ မိနစ်မှ ညနေ ၆ နာရီတိတိ အတွင်း ရတနာပုံဆိုက်၏။

ဗုဒ္ဓဟူးသားသမီးတို့သည် သောကြာနေ့ တွင် နံနက် ၁၀ နာရီနှင့် ၄၈ မိနစ်မှ ၁ နာရီနှင့် ၁၂

မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းပြင် ထိုနေ့ နံနက် ၆ နာရီမှ ၈ နာရီ ၂၄ မိနစ် အတွင်း ရတနာပုံ ဆိုက်၏။

ဗုဒ္ဓဟူးသားသမီးတို့သည် စနေနေ့ တွင် ညနေ ၃ နာရီနှင့် ၃၆ မိနစ်မှ ၆ နာရီတိတိ အချိန်အတွင်း မင်းဖြစ်ကိန်း ဆိုက်၏။ ၎င်းပြင်ထိုနေ့ နံနက် ၁၀ နာရီ ၄၈ မိနစ်မှ ၁ နာရီ နှင့် ၁၂ မိနစ်အတွင်း ရတနာပုံဆိုက်၏။

ဗုဒ္ဓဟူးသားသမီးများအတွက်ပြီး၏။

(င) ကြာသပတေးသားသမီးတို့သည် တနင်္ဂနွေနေ့ တွင် နံနက် ၁၀ နာရီနှင့် ၄၈ မိနစ်မှ နေ့လည် ၁ နာရီနှင့် ၁၂ မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းပြင် ထိုနေ့ နံနက် ၆ နာရီ မှ ၈ နာရီ ၂၄ မိနစ်အတွင်း ရတနာပုံ ဆိုက်၏။

ကြာသပတေးသားသမီးတို့သည် တနင်္လာနေ့ တွင် နံနက် ၆ နာရီမှ ၈ နာရီနှင့် ၂၄ မိနစ် အတွင်း မင်းဖြစ်ကိန်း ဆိုက်၏။ ၎င်းပြင် ထိုနေ့ နေ့ ၁ နာရီနှင့် ၁၂ မိနစ်မှ ၃ နာရီ ၃၆ မိနစ် အတွင်း ရတနာပုံဆိုက်၏။

ကြာသပတေးသားသမီးတို့သည် အင်္ဂါနေ့ တွင် နေ့ ၁ နာရီနှင့် ၁၂ မိနစ်မှ ၃ နာရီနှင့် ၃၆ မိနစ် အတွင်း မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းပြင် ထိုနေ့ နံနက် ၈ နာရီ ၂၄ မိနစ်မှ၁၀ နာရီ ၄၈ မိနစ်အတွင်း ရတနာပုံကိန်းဆိုက်၏။

ကြာသပတေးသားသမီးတို့သည် ဗုဒ္ဓဟူးနေ့ တွင် နံနက် ၆ နာရီမှ ၈ နာရီနှင့် ၂၄ မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းပြင် ထိုနေ့ နေ့လည် ၁ နာရီနှင့် ၁၂ မိနစ်မှ ၃ နာရီ ၃၆ မိနစ် အတွင်း ရတနာပုံဆိုက်၏။

ကြာသာပတေးသားသမီးတို့သည် ကြာသာပတေးနေ့တွင် နံနက် ၈ နာရီနှင့် ၂၄ မိနစ်မှ ၁၀ နာရီနှင့် ၄၈ မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းပြင် ထိုနေ့ ၃ နာရီနှင့် ၃၆ မိနစ်မှ ညနေ ၆ နာရီတိတိအတွင်း ရတနာပုံဆိုက်၏။

ကြာသာပတေး သားသမီးတို့သည် သောကြာနေ့တွင် နံနက် ၁၀ နာရီနှင့် ၄၈ မိနစ်မှ ၁ နာရီနှင့် ၁၂ မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းပြင် ထိုနေ့နံနက် ၆ နာရီမှ ၈ နာရီ ၂၄ မိနစ်အတွင်း ရတနာပုံဆိုက်၏။

ကြာသာပတေးသားသမီးတို့သည် စနေနေ့တွင် ညနေ ၃ နာရီနှင့် ၃၆ မိနစ်မှ ၆ နာရီတိတိအချိန်အတွင်း မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းပြင် ထိုနေ့နံနက် ၁၀ နာရီ ၄၈မိနစ်မှ ၁ နာရီနှင့် ၁၂ မိနစ်အတွင်း ရတနာပုံဆိုက်၏။

ကြာသာပတေးသားသမီးများအတွက်ပြီး၏။

သောကြာသားသမီးတို့သည် တနင်္ဂနွေနေ့ တွင် နေ့ ၁ နာရီနှင့် ၁၂ မိနစ်မှ ၃ နာရီနှင့် ၃၆ မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏။ ၎င်းပြင် ထိုနေ့နံနက် ၈ နာရီ ၂၄ မိနစ်မှ ၁၀ နာရီ ၄၈

မိနစ်အတွင်းမင်းဖြစ်ကိန်းဆိုက်၏။

သောကြာသားသမီးတို့သည် တနင်္လာနေ့တွင် နံနက် ၈ နာရီနှင့် ၂၄ မိနစ်မှ ၁၀ နာရီနှင့် ၄၈ မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏၊ ၄င်းပြင် ထိုနေ့ ၃ နာရီနှင့် ၃၆ မိနစ်မှ ညနေ ၆ နာရီတိတိအတွင်း ရတနာပုံဆိုက်၏။

သောကြာ သားသမီးတို့သည် အင်္ဂါနေ့ တွင် ညနေ ၃ နာရီနှင့် ၃၆ မိနစ်မှ ၆ နာရီတိတိအချိန်အတွင်းမင်းဖြစ်ကိန်းဆိုက်၏။ ၄င်းပြင် ထိုနေ့နံနက် ၁၀ န ာရီ ၄၈ မိနစ်မှ ၁ နာရီနှင့် ၁၂ မိနစ်အတွင်း ရတနာပုံဆိုက်၏။

သောကြာသားသမီးတို့သည် ဗုဒ္ဓဟူးနေ့တွင် နံနက် ၈ နာရီနှင့် ၂၄ မိနစ်မှ ၁၀ နာရီနှင့် ၄၈ မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏။ ၄င်းပြင် ထိုနေ့ ၃ နာရီနှင့် ၃၆ မိနစ်မှ ညနေ (၆) နာရီတိတိအတွင်း ရတနာပုံဆိုက်၏။

သောကြာသာသမီးတို့သည် ကြာသာပတေးနေ့တွင် နံနက် ၁၀ နာရီနှင့် ၄၈ မိနစ်မှ ၁ နာရီနှင့် ၁၂ မိနစ်အတွင်းမင်းဖြစ်ကိန်းဆိုက်၏။ ၄င်းပြင် ထိုနေ့နံနက် ၆ နာရီမှ ၈ နာရီ ၂၄ မိနစ်အတွင်း ရတနာပုံကိန်းဆိုက်၏။

သောကြာသားသမီးတို့သည် သောကြာနေ့ တွင် နေ့ ၁ နာရီနှင့် ၁၂ မိနစ်မှ ၃ နာရီနှင့် ၃၆ မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏၊ ၄င်းပြင် ထိုနေ့နံနက် ၈ နာရီ ၂၄ မိနစ်မှ ၁၀ နာရီ ၄၈ မိနစ်အတွင်း ရတနာပုံကိန်းဆိုက်၏၊

သောကြာသားသမီးတို့သည် စနေနေ့ တွင် နံနက် ၆ နာရီမှ ၈ နာရီ ၄ မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏၊ ၄င်းပြင် ထိုနေ့ နေ့ ၁ နာရီနှင့် ၁၂ မိနစ်မှ ၃ နာရီ ၃၆ မိနစ်အတွင်း ရတနာပုံဆိုက်၏။

သောကြာသားသမီးများအတွက်ပြီး၏။

စနေသားသမီးတို့သည် တနင်္ဂနွေနေ့ တွင် ညနေ ၃ နာရီနှင့် ၃၆ မိနစ်မှ ၆ နာရီတိတိ အချိန်အတွင်း မင်းဖြစ်ကိန်းဆိုက်၏၊ ၄င်းပြင် ထိုနေ့နံနက် ၁၀ နာရီ ၄၈ မိနစ်မှ ၁ နာရီနှင့် ၁၂ မိနစ်အတွင်း ရတနာပုံဆိုက်၏။

စနေသားသမီးတို့သည် တနင်္လာနေ့ တွင် နံနက် ၁၀ နာရီနှင့် ၄၈ မိနစ်မှ ၁ နာရီနှင့် ၁၂ မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏၊ ၄င်းပြင် ထိုနေ့နံနက် ၆ နာရီမှ ၈ နာရီ ၂၄ မိနစ်အတွင်း ရတနာပုံဆိုက်၏။

စနေသားသမီးတို့သည် အင်္ဂါနေ့ တွင် နံနက် ၆ နာရီမှ ၈ နာရီနှင့် ၂၄ မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏၊ ၄င်းပြင် ထိုနေ့ နေ့ ၁ နာရီနှင့် ၁၂ မိနစ်မှ ၃ နာရီ ၃၆ မိနစ်အတွင်း ရတနာပုံ ဆိုက်၏။

စနေသားသမီးတို့သည် ဗုဒ္ဓဟူးနေ့တွင် နံနက် ၁၀ နာရီနှင့် ၄၈ မိနစ်မှ ၁ နာရီနှင့် ၁၂

မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏၊ ၄င်းပြင် ထိုနေ့နံနက် ၆ နာရီမှ ၈ နာရီ ၂၄ မိနစ်အတွင်း ရတနာပုံဆိုက်၏။

စနေသားသမီးတို့သည် ကြာသာပတေးနေ့ တွင် နေ့ ၁ နာရီနှင့် ၁၂ မိနစ်မှ ၃ နာရီနှင့် ၃၆ မိနစ်အတွင်း မင်းဖြစ်ကိန်းဆိုက်၏၊ ၄င်းပြင် ထိုနေ့ နံနက် ၈ နာရီ ၂၄ မိနစ်မှ ၁၀ နာရီ ၄၈မိနစ် အတွင်း ရတနာပုံကိန်း ဆိုက်၏။

စနေသားသမီးတို့သည် သောကြာနေ့ တွင် ညနေ ၃ နာရီနှင့် ၃၆ မိနစ်မှ ၆ နာရီတိတိအချိန်အတွင်း မင်းဖြစ်ကိန်းဆိုက်၏၊ ၄င်းပြင် ထိုနေ့နံနက် ၈ နာရီ ၂၄ မိနစ်မှ ၁၀ နာရီနှင့် ၄၈ မိနစ်အတွင်း ရတနာပုံဆိုက်၏။

စနေသားသမီးတို့သည် **စနေနေ့** တွင် နံနက် ၈ နာရီနှင့် ၂၄ မိနစ်မှ ၁၀ နာရီနှင့် ၄၈ မိနစ် အတွင်း ဖုတ်သွင်းရထားဆိုက်ကိန်းကြုံသောကြောင့် မင်းကိစ္စ ရုံးကိစ္စ၊ ရာထူးတိုးတက်ရေး ကိစ္စတို့ကို ဤအချိန်တွင် ပြုလုပ်ပါ။

**စနေသားသမီးများအတွက်ပြီး၏။**

စနေနေ့တွင် စနေသားသမီးတို့သည် ညနေ ၃ နာရီနှင့် ၃၆ မိနစ်မှ ၆ နာရီတိတိအတွင်း ရတနာပုံဆိုက်သောကြောင့် ရှင်ပြုမင်္ဂလာ လက်ထပ်ခြင်း အိမ်တက်မင်္ဂလာ ပြုလုပ်ခြင်း၊ အရောင်းအဝယ်ကိစ္စစသော ပြုလုပ်ဘွယ်ရာများကို ဤအချိန်တွင် ပြုလုပ်ပါ။

**မှတ်ချက်။** ။ဆေး မန္တန် အင်း အစီအရင်တို့က အဋ္ဌမ အချိန်မှာပြုလုပ်ပါ၊ ပဋ္ဌမအချိန်မရမှ ဒုတိယအချိန်ပြုလုပ်ပါ။ ပူဇော်ဘွယ် ပသဘွယ်များ မမေ့ပါနှင့်။

**အဘယဆေးနည်းကား**

| | | | | | |
|---|---|---|---|---|---|
| ၁။ | ဇာဒိပ္ဖိုလ်သီး | ၇။ | ဖာလာ | ၁၃။ | မိဿလင် |
| ၂။ | ကြာဝ | ၈။ | ကရဝေး | | |
| ၃။ | စပုံမှိုးငါးပါး | ၉။ | သစ်ကြပိုး | | |
| ၄။ | ပိတ်ချင်း | ၁၀။ | အိပ်မွေ့သီး | | |
| ၅။ | နွားမြေရင်းခေါင်း | ၁၁။ | ဇီးဖြူသီးခြောက် | | |
| ၆။ | ကြီကတုတ် ၃ ပါး | ၁၂။ | ဆေးပုလဲ | | |

ဤ ၁၃ မျိုးကို အမျှစီ ကျားဟင်းဆေးမြစ် ဆေးရင်းတစ်ပါး၊ရှစ်ဆ၊ နှပ်ချိုမြစ်ဆေးရင်းတစ်ပါး ၃ဆ၊ သိကြားဆေးရင်းဘစ်ပါး၊၆ဆ၊ ကလေသီးအဆံကား ဆေးအားလုံး ထက်ဝက်ညက်စွာ ကြိတ်၍၊ ပျားရည်နှင့်တော၊ ညနံနက် ချင့်စားရေအေးနှင့်သောက်၊ ဝမ်းပြော့စေလိုလျှင် ရေနွေးနှင့်သောက်၊ လူပျိုနာ ဖရင်ဂီနာ၊ အရိုးအဆစ်ကိုက်သော် ပတာမထွက်သော်၊ အသားအရေချောက်ကပ်သော်၊ ချောင်းဆိုးသော်၊ အချိန်မရွေးဖျားသော်၊ သွေးဝမ်းသွားသော်၊ တစ်ကိုယ်လုံးကိုက်ခဲသော်၊ ဖေါရောင်သော်၊ ဗျို့အံသော်၊ သွေးအံသော်၊ နံဘေးနာသော်၊ ရူးသော် ၊ ဖောရောင်သော်၊ စမြင်းခံသော်၊ ခူနာစွဲသော်၊ အရေကွာသော်၊

ရင်နာသော်၊ ပူဆာလှိုက်သော်၊ ခြေပူနာစွဲသော်၊ လျှာရင်းနာသော်၊ ဥတုမလာသော်၊ ဤအဘယ ဆေးတော်ကြီးကို သောက်ကပျောက်ကင်း၏။

ဒိဗ္ဗစက္ခုဆေးတော်ကား-

၁။ မြတ်လေးမြစ်ကို နေ့ကောင်းရက်သာရွေး၍ ဆန်ပန်းပေါက်ပေါက် နှင့် ပူဇော်ပြီးယူပါ။

၂။ နီပဆေး

၃။ သိန်မြစ်

၄။ အုတ်သျှစ်မြစ်

၅။ ဂင်ဘုတ်သည်းခြေ

ကြိတ်သောအခါငါးခေါင်စုံ - အမြီးစုံထည်ပြီးတဘက် ပုတီးနာမွှောင်းလက်ကောက်၊ လက်စွပ် ၊ မိန်းမဝတ်စုံ၊ စုံလင်စွာတင်၍၊ ကြက်ဖို-ကြက်မ သေဖိုသေမ၊ အချိုအချဉ်ပွဲ ၊ယာမကာ ရွှေငွေတို့ဖြင့် ဖယောင်းဆေးတိုင် ထွန်း၊ နှီးခေါက်ဖျာ၊ သင်ဖြူးခင်း ငှင်းပေါ်မွေ့ယာခင်း၊ ရာဇမတ်ကာ ဗိတန်ကျက် ထွက်သူမဝင်စေနှင့် ဝင်သူမထွက်စေနှင့်၊ လမ်းလေးခွ တည့်တည့်တွင် မဆစ်ဆီနှင့်ကျိုပ်၊ ဆိတ်ငြိမ်မှလုပ်၊ ငှင်းပြင်တန်ခိုးကြီး ဘုရားရှေ့တော်မှာ ဆွမ်းပုတ်တင်၍ မန်းရမည့်ဂါထာကား--

ဥုံ ပျတ္တိ ပျတ္တိ သွာဟ

ဥုံ ရတ္တိ ရတ္တိ သွာဟ

ဥုံ နမော ဗုဒ္ဓါ နုဘာဝေန

ဥုံ နမော ဓမ္မာ နုဘာဝေန

ဥုံ နမော သံဃော နုဘာဝေန

ဥုံ ပျတ္တိ သွာဟ။

ဆေးတော်ကို တစ်ထောင်စုတ်ပြီး-ကျပ်လုပ်၍ ဂျပ်သားကိုထည့်ထား ( =ဂျပ်သားကို ကျုတ်လုပ်ပြီးထည့်ထား) နားကျပ်မည့်အခါ မဆစ်ဆီနှင့် ဖျော်၍ ကြက်တောင်ပံအတောင်နှင့်ကျပ်၊ **အညွှန်း**-တလတစ်ကြိမ်ကျပ်သော် လာသမျှကိုသိရ၏၊ တလလေးကြိမ်ကျပ်သော် သူ့အကြံကိုသိရ၏၊ ကိုယ်၌နတ်နေစေလိုသော် နတ်အိုးတစ်လုံးကို နတ်စင်နှင့်ထားလေ၊ ဆေးကိုလည်း သွပ်၍ထား တလ ခုနှစ်ကြိမ် ဝက်သားနှင့်အစာပေး ၊ ဆေးအမည်ကား - အင်္ဂဇာနနစက္ခု ဝိဇ္ဇာနားကျပ် ဆေးတော်။

### သုဒိဗ္ဗာ နတ်စက် ဒိဗ္ဗ စက္ခုဆေး

၁။ မြွေဟောက်မျက်လုံး

၂။ ငါးရန့်အမြီးပျောက်မျက်လုံး

၃။ တောင်ပို့တက်ပေါက်သောမှို

၄။ ထန်းပင်ပေါက်အဖူး

ငှင်းလေးမျိုးကို ပုဆိုးစနှင့် ထုပ်၍ လဆန်း ၁ ရက် နေ့ နေထွက်လျှင်၊ လှေခါးလက်ကတုံး အောက်တွင် မြှုပ်ပြီး၊ ကျိုပ်၍၊ မျက်စင်းထောင့် လုပ်၍ထားလိုသောအခါ ရေခမိုးရေနှင့်သွေးပြီး ကွင်းကြည့်-ဖုတ်- နတ်မကောင်းသည်ကိုမြင်၏၊ အထူးအနာရှိသည်ကိုလည်းမြင်၏၊ မြင်သောအနာကို မြင်သောဆေးနှင့်ကု ပျောက်၏၊ သူဟောင်းကိုထားသော့ ဥစ္စာကိုလည်း အဆီးအတားနှင့် တကွမြင်ရ၏၊ မြင်ရာအစာပေး၍ယူ

ဥစ္စာရှိရာ အရပ်ဖြစ်လျှင် အငွေတထောင်းထောင်းထွက်၏။

## အာရောဂျ သိဒ္ဓိဆေးနည်း

ဆားတပိဿာကိုအိုးနှင့်ထည့်ပြီး ပိန္နဲကြိုသကဲ့သို့ မီးပြင်းတိုက် သုံးကြိမ်မွေ၊ ၎င်းဆားသည် မီးခဲသို့ရဲလျှင်၊ အလိုချမ်းစေ၊ ကြိုနေသောအခါ ပရိတ်ရွတ်ထက် ပုတီးစိပ်နေရမည်၊ နှုတ်ကြမ်းသူ၊ ကိုယ်လက်အင်္ဂါမစုံသူများမလာရ၊ လောင်းရမည့်ဆေးကား ထနောင်းပင်ပြာ၊ ဟင်းနုနွယ်ကြီး လက်ခုပ်မြစ်၊ စစ္စာကောက်ရိုး၊ သမင်ဇာဖြူ၊ ဆူးချင်၊ ကြခတ်၊ မယားကြီး၊ ၎င်းရှစ်ပါးကို အသီးသီးဆားချက်ယူ တစ်မျိုးလျှင် ၂၅ ကျပ်သားနှင့် အထက်က စားနှင့်ရော၊ ပျားရည်နှင့် မီးနွေးနွေးချက်ပျားရည်ခန်းချောက်လျှင် နွားနို့ခန်းချောက်လျှင် အလိုချမ်းစေ။

၎င်းနောက်- ကြက်ဟင်းခါးရွက်ကိုထောင်း၍ အရည်ယူ၊ ထိုအရည်နှင့်ချက်ပြန်၊ ၎င်းဆားထန်ထန်ရှိလျှင်၊ လုံတွင်သွင်း၍ အလင်းထိုးလေ အရေသွက်သွက်ဖြစ်လျှင်အိုးသစ်တစ်ခုတွင် ပရုပ်ကိုဖျော်၍ အတွင်းက နှံအောင်ကိုက် (သမအောင်မွေလို့ဆို၏)။ ၎င်းဆားကိုလောင်း၊ အလိုချမ်းစေ၊ ၎င်းဆားသည်ပုလင်းသားကဲ့သို့ နေ၏။

## ပဌမ ကဏ္ဍပြီး၏။

၎င်းပဌမဆားကို ထုချေ၍ အိုးတွင်ထည့်၊ ဆားပေါ် ကိုလက်လေးသစ်ခန့် နွားနို့လောင်းထည့်၊ သုံးရက်စိမ်ပြီးလျှင် အလင်းထိုး၊ ပရုပ်ကိုသမ္ဘာရာရေ နှင့်ဖျော်၍ အိုးအတွင်းကသုတ်၍လောင်း ၎င်းဆားသည် ဖွတ်ဆားကဲ့သို့ နေ၏။

## ဒုတိယကဏ္ဍပြီး၏။

ဒုတိယ ကဏ္ဍမှဆားကို ထုခြေ၍ ထန်းရည်လက်လေးသစ်ခန့် မြုပ်အောင်လောင်း၊ သုံးရက်စိမ် ပြီးလျှင်၊ အလင်းထိုး အိုတစ်ခုတွင် အတွင်းက ဖယောင်းသုတ်ပြီးလောင်း၎င်းဆားသည် ပွဲညက်ကဲ့သို့နေ၏၊ တတိယကဏ္ဍပြီး၏၊တတိယကဏ္ဍပြီး၏၊ ၎င်းတတိယဆားကို ထုခြေ၍ အိုးတွင်ထည့် သံပုရာရည်လက်လေးသစ်ခန့် နစ်အောင်လောင်း သုံးရက်စိမ်ပြီး အလင်းထိုးသံပုရာရည်တွင်လောင်း ၎င်းဆားကိုငုံ၍ စမ်းသော် အငံမရှိပြီ။

## တတိယကဏ္ဍပြီး၏။

၎င်းတတိယဆားကို ထုချေ၍ အိုးတွင်ထည့် သံပုရာရည် လက်လေးသစ်ခန့် နှစ်အောင်လောင်း ၃ ရက်စိမ်ပြီး အလင်းထိုး သံပုရာရည်လက်လေးသစ်ခန့် နစ်အောင်လောင်း ၃ ရက်စိမ်ပြီး၊ အလင်းထိုး သံပုရာရည်တွင်လောင်း ၎င်းဆားကို ငုံ၍စမ်းသော် အငံမရှိပြီ။

## စတုတ္ထကဏ္ဍပြီး၏

၎င်းစတုတ္ထဆား တစ်ဆယ်လျှင် ဇာဒိပ္ပိုလ်လေးညှင်း ပရုပ်ကျောက်ချဉ် ၎င်းဆေးလေးပါးကို တစ်မက်စီ ၎င်းဆားနှင့်ရော၍ တစ်လုံးနာနာထိုး နာနာထိုး နာနတ်ရည်တွင် လောင်း ၎င်းဆားသည်

ဘောသားကဲ့သို့နေ၏။

## ပဥ္စမ ကဏ္ဍ ပြီး၏

ပဥ္စမဆားကို ထုခြေ၍ အိုးတွင်ထည့် ကြံတွင်ထည့် ကြံနက်ရည်နှင့် ၃ ရက်စိမ်ပြီးလျှင် ဆား ၁၀ လျှင် ဇာဒိပ္ပိုလ်လေးညှင်း ပရုပ် ရှိန်းခို လက္ခား ငှင်းငါးပါးကို ငါးမူးစီငှင်းဆားအညက်ကြိတ်၍ ဆေးနှင့်ရော တလုံးနာနာထိုး ကြံနက်ရည်တွင်လောင်း ငှင်းဆားသည် ပုလဲဥကဲ့သို့ နေ၏။

## ဆဋ္ဌမ ကဏ္ဍပြီး၏

ငှင်းဆဋ္ဌမဆားကို ထုခြေ၍ အိုးတွင်နာနတ်ရည် ပျားရည် ကြံနက်ရည် ငှင်းသုံးပါးရေနှင့် ၃ ရက်စိမ်ပြီးလျှင် ငှင်းဆားတစ်ဆယ်လျှင် ဇာဒိပ္ပိုလ် လေးညှင်း ပရုပ် ရှိန်းခို လက္ခား ဇဝက်သာ ငှင်းခြောက်ပါး နှစ်မတ်စီ အညက်ကြိတ် ဆားနှင့်ရော တလုံးနာနာထိုး ဖွင့်၍ကြည့် အရည်အလျှင်လျှင် ကြံနက်ရည် အုံးရည် ပျားရည် ငှင်းသုံးပါးတွင် လောင်းငှင်းဆားသည် ပုလဲကဲ့သို့နေ၏၊ အရောင်အဆင်း မှာ ဝါ၏၊ ကြိုးနီကြိုးဝါကြိုးစိမ်းပေါ် လာလိမ့်မည်။

## သတ္တမ ကဏ္ဍပြီး၏

သတ္တမကဏ္ဍပြီးလျှင် ဆုံးခန်းတိုင်၏၊ ငှင်းဆား၏အကျိုးကို အသုံးနှင့်တကွ ပြပေအံ့။

၁။ ပဌမဆားကို -သုံးဆောင်ရသော် ရင်နာ၊ ရင်ပြည့်၊ နားလေးခြင်း၊ နားနာခြင်းတို့ပြောက်၏၊

၂။ ဒုတိယဆားကို -စားရသော် မျက်စေ့နာ တိမ်သလာ ပွေးညှင်း တင်းတိပ် ကုတ်ဟီး ချောင်းဆိုး နာ၊ ရှုနာ၊ ပန်းနာ သလိပ်နာများပြောက်၏။

၃။ တတိယဆားကို -သုံးဆောင်ရသော် စားသောက်သမျှ အစာကြေ၏၊ အာဟာရမပျက်ပက ပကတေ့ စားသောက်နိုင်၏၊ ချွေးဆိုးချွေးပုပ်ပျောက်၏၊ပုံပုံ ချွေးနံ့ထွက်၏၊ မျက်ဝတ် ထွက်၏၊ နှာမစေး မပူ ခံတွင်းအနံ့သင်းပျံ့၏၊ မွေးကြိုင်၏၊ သွားနဲ့ခြင်း၊ ဆံဖြူခြင်းပျောက်ကင်း၍ အသား အရည် ပြည့်ဖြိုး၏။

၄။ စတုတ္ထဆားကို-သုံးဆောင်ရလျှင် ထုံကျင်ကိုက်ခဲ ချိနဲ့ခြင်း၊ လိမ်ကွေးခြင်း အကုံးအကွ လွတ်ကင်း၏၊ သားသမီးမတင်သော မိန်းမတို့သုံးဆောင်ရလျှင်တင်၏။ နှုတ်လျှာပေါ့ပါး၏။ အသံသာ၏၊ မူးဝေခြင်းမရှိ ကြောက်လန့်ခြင်းမရှိ ရဲရင့်၏။ စားသောက်သမျှ အစာ အန္တရာယ်မရှိ။

၅။ ပဥ္စမဆားကို-သုံးဆောင်ရလျှင် အသားအရေပျိုနု၏၊ ဆယ့်နှစ်နှစ် နှစ်ဆယ်ကဲ့သို့ကာမအား ပြည့်၏။ သုံးဆယ်သောမောင်းမတို့ကို သွားလာနိုင်၏၊ ခါးလုံလက်နက် သစ်ချွန်ပြီး၏။

၆။ ဆဋ္ဌမဆားကို-စားရသော် တစ်လခရီးကို တစ်နေ့ခြင်း သွားနိုင်၏၊ ငှက်ပျောနံ့သာပုနှင့်နယ်၍ စားရလျှင် တစ်လပတ်လုံး မဆာပြီးပေါ့ပါးလျှင်မြန်၏၊ သတ္တဝါတို့ သွေးနှင့်နယ်၍ လိမ်းရမူ လူတို့သည် သတ္တဝါအကောင်ထင်ရ၏။

၇။ သတ္တမဆားကို- စားရသော် အကျိုးကား အချဉ်ဟူသမျှချို၏၊ သကြားမင်းနှင့်တူ၏၊ လဆန်းတစ်ရက်ကို နံနက်စောစော ဆုံတွင်းဆီတစ်ခါယ်သားနှင့် နယ်၍ မျက်စေ့ကိုခပ်ရသော်

အထက်ကို တစ်ယူဇနာ အောက်ကို တစ်ယူဇနာ အတွင်း၌ရှိသော သတ္တဝါတို့ပြောသော စကားကို သိနားလည်၏။ ငှက်သွေးနှင့် ဖျော်၍ နားကိုကျပ်ရသော် ငှက်တို့ပြောသောစကားကို သိနားလည်၏၊ မိန်းမပန်သော စကားဝါပွင့် ဝတ်ဆံကြာနီ ၇ နှစ်ပွင့် ဝတ်ဆံ ၄င်း ၂ပါးနှင့် ဖျော်၍ ရင်ဘတ်တွင် သုံညရေး၍၊ နေရသော် နတ်သမီးနှင့် ပျော်ပါးရ၏၊ မြေဇာ ၇ ညွန့်၊စစ္စာစပါး ၇ စေ့ သို့မဟုတ် ဆံ ၇ စေ့၄င်းသတ္တမဆားကို နွားနို့နှင့်နယ်၍ စားရသော်အချိန်တစ်ထောင်ကို ရွက်ဆောင်နိုင်၏၊ လဆန်း ၁ ရက်နေ့ ကစ၍ စားလေ ဉာဏ်ရှိတိုင်းသုံး ငါးပါးသီလမြဲပါစေ၊ သစ္စာ- သမာဓိ- မေတ္တာ- ခန္တီများများ ရှိပါစေ၊မဟာသိဒ္ဓိ ရှင်ရသေ့မြတ်သောဆားသတ္တုနည်းကား ဤတွင်ပြီး၏။

## မသိသောသူကျော်သွား သိသောသူဖော်စား။

### ပရောဂဝေဒနာတို့၏ လက္ခဏာများ

၁။ **ခပ်ဆေးမိသောအခါ** နံနက်စောစော မှိုင်တွေခြင်း၊ ထမင်းကောင်းစွာမစားခြင်း၊ စကားမပြောခြင်း ညနေဘက်ငိုခြင်း၊

၂။ **အစာမိသောအခါ** နံနက်အော့အံခြင်း၊ နေ့ရေများများသောက်ခြင်း၊ ညချေးထွက်ခြင်း၊ အောင့်ခြင်း၊ နာခြင်း၊

၃။ **ဘူးသွင်းခံရသောအခါ** -နံနက်နေ့ည အော့အံခြင်း၊ ငိုမြည်ခြင်း၊ သူတစ်ပါးမျက်နှာမကြည့်ရဲခြင်း ၊

၄။ **စုံးနတ်ဖမ်းစားခံရသူမှာ** -နံနက်ကြည်လင်ခြင်းနေ့ကြည်လင်ခြင်း၊ ညခြေလက်ကုတ်ခြင်း ၊ လူးခြင်း၊ တက်ခြင်း၊

၅။ **ကဝေဖမ်းစားခံရသောအခါ** - ဆရာနှင့် တွေ့က ပူးကပ်ခြင်း၊ ငိုခြင်း၊ ခွာခြင်းရယ်ခြင်း၊

၆။ **ဇော်ဂနီဖမ်းစားခံရသောအခါ** - နေ့ညမပြတ် မနေခြင်း၊ မှိန်းနေခြင်း၊

၇။ **ဆယ့်နှစ်ကြိုးဖမ်းစားခံရသောအခါ** - နေ့စဉ် အောင့်ခြင်း၊ စကားမာမာပြောခြင်း၊ **အစာစား** ၍မရခြင်း၊ တဖြတ်ဖြတ်လန့်ခြင်း၊

၈။ **၃၇ မင်းဖမ်းစားခံရသူများ** -အသားအမြဲပူ၍ အသားအညိုရောင်နီရောင်ရှိခြင်း၊မစားနိုင်ခြင်း၊ မျက်လုံးနီခြင်း၊ စကားပြောမာခြင်း၊ ငေါက်ခြင်း၊ အော်နေခြင်း၊

၉။ **သရဲတစ္ဆေဖမ်းစားသောအခါ**- လောလောဆယ်ပူးငိုခြင်း ရယ်ခြင်း၊

၁၀။ **မှင်စာဖမ်းစားခံရသောအခါ**- ခြေဖဝါးယားခြင်း၊ ဝမ်းဗိုက်နာခြင်း၊ မကြည့်ရဲခြင်း၊

၁၁။ **သူရောင်ဖမ်းစားခံရသူမှာ** - အမြဲပူး၍ ဆေးကုခြင်း၊ ဘဝင်မြင့်သောစကားများပြောခြင်း၊

၁၂။ **ဥစ္စာစောင့်ဖမ်းစားခံရသူမှာ** - အမြဲပူး၍ ဖီးလိမ်းခြင်း၊ သီးသန့်နေထိုင်ခြင်း

၁၃။ **အောက်လမ်းတိုက်ခံရသူများ** - အယုတ်တမာလုပ်ခြင်း၊ **အစားအသောက်ညစ်ပတ်ခြင်း**၊ မဖီးမလိမ်းခြင်း၊ ဆိုဆဲခြင်း၊

၁၄။ အတိုက်ခံရသူများ- တယောက်ပြီးတစ်ယောက်ဖျားခြင်း၊ နာခြင်း၊ မူးခြင်း၊ အံခြင်း၊ဤတစ်ဆယ့်
လေးမျိုးတို့ ကိုသတိယှဉ်၍ အရာရာမှာ ကုစားလေ။

## ပရောဂ ချစ်ဆေး

၁။ ဖယောင်းမဲ စစ်ပေစေ

၂။ နဂါးဒုံ စစ်ပေစေ

၃။ လေးကျွန်း နဂါးမြေ စစ်ပေစေ

၄။ စမုံမျိုးငါးပါး စစ်ပေစေ

၅။ နံ့သာမျိုးငါးပါး စစ်ပေစေ

ထိုငါးပါးအမှု အမှုံပြု၍ နံ့သာရေနှင့် ဆွတ်ပြီးကျိတ် အရဟံဂုဏ်တော် သမ္မာသမ္ဗုဒ္ဓေ ဂုဏ်တော် သုဂတောဂုဏ်တော် ဤဂုဏ်တော်သုံးပါးကို တန်ခိုးကြီး ဘုရားရှေ့တော်တွင် တတောင်စီစုတ် ပါ၊ သမ္ဗုဒ္ဓေတရာရှစ်အုပ်စုတ်ပြီး၊ တမူးမှန်မှန် ချိန်၍ ဆောင်လေ ပယောဂဟူသမျှချစ်ခင်၏။

## သွတ်သတ်နည်း

| | | | |
|---|---|---|---|
| ၁။ | ထနောင်းအစီး | ၁ိ | |
| ၂။ | ကျွဲဥ | ၁ိ | ထိုဆေး ရ ပါးရောစပ်ပြီး |
| ၃။ | ဆေးခြောက် | ၁ိ | သွတ်ကိုအထက်အောက်နည်းထိုး |
| ၄။ | ဘိန်း | ၁ိ | ၃ လုံးထိုးလျှင် အသေရ၏ |
| ၅။ | နနွင်းမြှုံ | ၁ိ | မီးကိုနားလည်စေ |
| ၆။ | ဆိတ်သည်းခြေ | ၁ိ | |
| ၇။ | စပါးကြီးသည်းခြေ | ၁ိ | |

## ရွှေလမ်းကြီး

စိန်၊ ယမ်း၊ ဇဝက်သာ၊ ကြောက်၊ ဟင်းလက်ချိန်စက်၊ တမတ်စီ၊ ဒသဒုတ္တာ သုတမှာ ချိန်ခါ ၅ ကျပ်မှီပေါင်းပြီးသောအခါ ဆေးမြတ်စွာ၊ ညက်ခါလုံသွင်းပြီး ဖွဲသုံးတင်းမှာ ဖုတ်ထိုးပါ။ မှုန့်စွာကျက်ပြီး ဒါန်တွင် တကျပ်မြစ်၍သတ်၊ ဝင်းလျှပ်ရဲရဲနီ ရွှေစင်တမတ် သွင်းပြန်လတ်၊ ချိန်မြတ်ရောက်ချေပြီ၊ ၄င်း ချိန်မြတ် ဘော်တကျပ်၊ မြတ်ခတ်မိုးကြိုးမှို၊ ဉာဏ်ကစေရှင်၊ ကြံစေချင်၊ ရွှေပင်ဖြစ်လုပြီ၊ မီးနိုက်စား တတ်သိညား- မမှားဖြစ်ရမည်။

## တနည်း ရွှေလမ်း

သံကောင်းကောင်းထုပ်ပြီး၊ ၂ိ ကျပ်သားကို လက္ခားနှင့် သုံးလုံးထိုးပြီးလျှင်ထုခြေ၍ ဖန်ခါးသီးအစိမ်း သို့မဟုတ်၊ အခြောက် တစ်ဆယ်ကျပ်သားကို ၊ ညက်စွာထောင်း၍ ကြွေအိုးနှင့်ဖြစ်စေ၊ စဉ့်အိုးနှင့်ဖြစ်စေ သံကိုအရက် ၄၀ စိမ်၍ထား ၊ ရက်စေ့လျှင်နေသွေ့စွာလှမ်းခြောက်လျှင် လက္ခားမီးပေါက်နှင့် ရော၍ကျိုပ်ပြီးလျှင် လုံတွင် အထက်အောက်နှီး၍ မီးပြင်းပြင်းထိုးလေသံသည် မည်းနက်၍ သေလိမ့်မည်၊ သေလျှင် တဖန်ပြင်းပျော့အောင်၊ လက္ခားနှင့် ယမ်းနဲနဲ နဲနဲ ထည့်ပေးပါ၊ ပြင်း၍လာလျှင် အထက်ဖန်ခါးသီးရေ

မှာပင်အကြိမ်သုံးဆယ်လောင်း၊ မင်သွေးမင်ရောင် ပဒုံးရောင်ကဲ့သို့ ခပေါင်ရေကြည် စေပမာ ဖြစ်လာပါလိမ့်မည်၊ ငှင်းဓါတ်လုံး၏၊ တဝက်ရွှေအကောင်းဆုံးနှင့်တွဲ၍ ၇ လုံးထိုးမိလျှင် အကဲပေါ်လာလိမ့်မည်။

သစ္စာဂတိတည်ပါစေ

## ရှုကွမှုစက်ဖြစ်ဆေးနည်း

၁။ ကန့်ဘလူ ၃၅ မတ်

၂။ ပန်း ၃-၅ မတ်

၃။ ဆေးဒါန်း ၅ မတ်

၄။ ကဲ့ ၅ မတ်


၅။ ကုက္ကိုရွက် လက်တွင်းတဆုပ်

၆။ ဒေါင့်စရိတ်ရွက် လက်တွင်းတဆုပ်

၇။ စစ်ကြီးရွက် လက်တွင်း တစ်ဆုပ်

ငှင်းဆေးစုကို သောက်ရေအိုးက ရေနှင့် ကျိုပ်၊ ကျိုပ်သောအခါ၊ အောက်တွင် ချထားသော ပ ဒု တ ငှင်း ၃ အင်းကို တအင်းစီချ၍ ကျိုပ်ပြီးလျှင် အတောင့် လုပ်၍ထားအပင်းကျစေလိုသော် ဆေးရင်းအတိုင်းတိုက်၊ နတ်ပူးပျောက်စေလိုသော် ပခုံးနှစ်ဘက်မှာသုံးည ၃ လုံးစီထိုး၊ နတ်ဝင်ဖြစ်၏၊ မှော်ရှူးဖြစ်လျှင်မေးမှာ (က) ထိုး၊ ပါးနှစ်ဖက်မှာ ပစောက်ထိုးနဖူးမှာစထိုး မှော်ဝင်ဖြစ်၏၊ မျက်စေ့နားမှာ  အပင်းရှိလျှင် ငှင်းဆေး နှင့်ကွင်းအပင်း ထွက်ကျ၏၊ ယက်ကန်းကိုစုံးဖျက်လျှင်  ဘီးများဆပ်သွားဘီးများ ရေနှင့် ဖျော်သုတ်  ယက်ကန်းကိုဖီးပျောက်၏၊ နို့မထွက်လျှင် ကဇက်လက်ပံ့ရေနှင့် သွေး၍ နို့ကိုသုတ်  လိမ်းပျောက်ကင်း၏၊ ပုဏ္ဏကတိုက်သော် ဒါးမှာ ဆေးသုတ်၍ အိမ်ကို ၇ ပါတ်လှည့်၍ ဖြတ် အရှင်ပရမယသ ကိတ္တိပုဂ္ဂိုလ်ကျော်၏နည်း-


## ပဌမအင်း



# တတိယအခင်း

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | ၉ | | | | | | | | |
| | | | | | | | ၉ | ၈ | ၉ | | | | | | | |
| | | | | | | ၉ | ၈ | ၇ | ၈ | ၉ | | | | | | |
| | | | | | ၉ | ၈ | ၇ | ၆ | ၇ | ၈ | ၉ | | | | | |
| | | | | ၉ | ၈ | ၇ | ၆ | ၅ | ၆ | ၇ | ၈ | ၉ | | | | |
| | | | ၉ | ၈ | ၇ | ၆ | ၅ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | | | |
| | | ၉ | ၈ | ၇ | ၆ | ၅ | ၄ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | | |
| | ၉ | ၈ | ၇ | ၆ | ၅ | ၄ | ၃ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | |
| ၉ | ၈ | ၇ | ၆ | ၅ | ၄ | ၃ | ၂ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |

## ဒုတိယအင်း





| | | | |
|---|---|---|---|
| ဿ | နီ | ဖ | ဿ |
| ဖ | ဒ | ဒ | နီ |
| နီ | ဒ | ဒ | ဖ |
| ဿ | | | ဿ |

| | | | |
|---|---|---|---|
| ဒ | နိ | ဖ | ဒ |
| ဖ | ဿ | ဿ | နီ |
| နီ | ဿ | ဿ | ဖ |
| ဒ | ဖ | နီ | ဒ |

၎င်းဘုရားမဏိစမကား
စုံးနတ်ကိုချုပ်၏
ဉာဏ်ရှိသလိုသုံးပါ။

၎င်းနှစ်အင်းကိုရှုတ်ဆောင်
ပီယ၊ကာယ၊မနေ၊ကောင်း၏
၁၇ လုံးတွဲ၊ခါးပတ်လက်ဖွဲ့နှင့်လည်း
တွဲနိုင်၏၊ခါးပတ်လက်ဖွဲ့ကား၊၂၇၄တွင်
ကြည့်ပါ၊

စွယ်တော်ဘုန်းကြီးနည်း။

| | | |
|---|---|---|
| ဗု | ဓ | ဂု |
| ဗ္ဗ | ၁၅ | ဒ္ဒ |
| တော | ဇာ | ဓ |

| | | |
|---|---|---|
| ဓ | ဝ | ဂု |
| မ္မ | ၂၄ | ဗ္ဗ |
| တော | ဇာ | ဍ |

| | | |
|---|---|---|
| ယံ | ဓ | မိ |
| ဝ | ၃၆ | ဃ |
| တော | စ္စာ | ဂု |

| | | |
|---|---|---|
| ဗြ | ဝ | ရာ |
| ဏ္ဍိ | ဂု | ဟ္မာ |
| ဓေ | ● | သော |

၅

| | | |
|---|---|---|
| မ | ရိ | ကြိ |
| ဗ္ဗ | ၁၆ | ဇော |
| ဟ | ဏ္ဍိ | သ |

၆

| | | |
|---|---|---|
| ဘု | ကွာ | ရာ |
| ဓါ | ၃၅ | မ္မိ |
| ရု | ဓေါ | ဓေ |

၇

| | | |
|---|---|---|
| ဝိ | နံ | သော |
| ရုံ | ၇၄ | ယံ |
| သ | ဂံ | ဓ |

၈

| | | |
|---|---|---|
| ဗြ | ဓါ | ရာ |
| ဏ္ဍိ | ၁၈ | ဟ္မာ |
| ဓေ | ● | သော |

၉

| | | |
|---|---|---|
| ပိ | ယေ | ဿာ |
| ယေ | ၁၅ | ယ |
| ဓါ | ဟုံ | ပိ |

၁၀

| | | |
|---|---|---|
| ● | သ | ပိ |
| ဟာ | ၁၄ | တု |
| ဒိ | ယံ | မ |

၁၁

| | | |
|---|---|---|
| အ | သံ | ပိ |
| ဟာ | ၃၆ | ဋ္ဌ |
| ဒိ | ယံ | မ |

၁၂

| | | |
|---|---|---|
| ဒ | သံ | ပိ |
| ဟာ | ၇၈ | သ |
| ဒိ | ဝ | မ |

| | | |
|---|---|---|
| သ | နံ | ဿာ |
| ဏ္ဍ | ၁၆ | နံ |
| တိ | ဟုံ | သ |

၁၄

| | | |
|---|---|---|
| ● | သ | ဝ |
| လ | ၃၅ | တု |
| ဒိ | ဋ္ဌိ | သိ |

၁၅

| | | |
|---|---|---|
| အ | သ | ဝ |
| လ | ၇၄ | ဋ္ဌ |
| ဒိ | ဋ္ဌိ | သိ |


၁၆

| | | |
|---|---|---|
| ဒ | သံ | ဝ |
| လ | ၁၈ | သံ |
| ဒိ | ဋ္ဌိ | သိ |


၁၇

| | | |
|---|---|---|
| သိ | ဇာ | ယ |
| လာ | ၁၅ | ဟ |
| ဂု | ဋ္ဌိ | ပ |


ဤကား ၁၇လုံးတွဲ ခါးပတ်လက်ဖွဲ့တည်း အခြားထည့်သုံး





ငင်းပိုက်တန်းကျော်လက်ဖွဲ့၉လုံးကို ပွဲ၅ပွဲ
ပြင်၍၊ ရွှေပြားငွေပြားတွင်ထိုးလေ၊
ပြီးလျှင်ခါးပတ်လုပ်၍ဆောင်၊
စိတ်မဆိုးပါနှင့်၊ ရန်မဖြစ်ပါနှင့်၊
တန်ပြန် ဒုတ်-အုပ-၁၀၁၀၊ ဒါးလှံ၊ သေနတ်
အချုပ်ကိုလည်းရ၏။




ဤအရာများဖြင့်တဆောင်စုတ်၊
ဤကိုးလုံးကိုခါးပတ်လက်ဖွဲ့ပြုလုပ်၍
ဆောင်ပါလေ။
ရွှေပြား၊ငွေပြားပြုလုပ်ပါ။



ပွဲစုံလှစေ၊
အခါကောင်းနေ့ကောင်းကြုံလှစေ။
ငွေတံရာမရပဲမပြုလုပ်ပေး
ပါနှင့်၊ သတိရှိပါလေ



ဤအရာများဖြင့်တထောင်စုတ်၊
ဤကိုးလုံးကိုခါးပတ်လက်ဖွဲ့ပြုလုပ်၍
ဆောင်ပါလေ။
ရွှေပြား၊ငွေပြားပြုလုပ်ပါ။




ပွဲစုံလှစေ၊
အခါကောင်းနေ့ကောင်းကြုံလှစေ၊
ငွေတရာမရပဲမပြုလုပ်ပေး
ပါနှင့်၊ သတိရှိပါလေ




ဉုံဗုဒ္ဓံဓမ္မံ၊သံဃံသွာဟာ။

ကုတိပိတော ဝိသေသေကူ ကူမိနာ ဗုဒ္ဓသာမိကူ၊ကူမိနာဓမ္မသာ
မိကူ။ကူမိနာ သံဃ သာမိကူ။၁၀၀၀စုတ်၊ လုံခြုံစွာကာ၍ဘုရား
ရှေ့တော်တွင်မျိုလေ။ နက္ခတ်စုံလှစေ၊ပွဲစုံလှစေ၊
စမများက ဂုံစက္ကူတွင် တကြောင်းဆွဲရေးပါ။
ဟာသ်ပြဒါးဖြင့်ရေးပါလေ။

## ဘုရားရှင်၏သရဖူတော်အင်းကြီး



၁။သြမိယာရ-ရယာမံသြ-အမ္ဗုခ-ခမ္ဗုအံမိ
ယာမ္ဗုဂါ့ရ-ရဂါမ္ဗုယာ-ရခ-ရခ့-ခရ့-ခရ။

## အရှင်သာရိပုတ္တရာသရဖူတော်အင်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | ဂ | ဂ | | | |
| | | ကာ | ခ | ခ | ကာ | | |
| | မာ | ယော | ဂ | ဂ | ယော | မာ | |
| ဇ | လာ | ဒေ | မ | မ | ဒေ | လာ | ဇ |

၂။ဇလာဒေမ-မဒေလာဇ၊လာမာယောဂ-ဂယောမာလာ
ဒေယောကာခ-ခကာယောဒေ၊မဂ ခဂ- ဂခ ဂမ။

## အရှင်မဟာမောဂ္ဂလာန်သရဖူတော်အင်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | သူ | သူ | | | |
| | | ပိ | သူ | သူ | ပိ | | |
| | သ | သာ | ပါ | ပါ | သာ | သ | |
| သ | ဒါ | သာ | ကူ | ကူ | သာ | ဒါ | သ |

၃။ သဒါသာကူ-ကူသာဒါသ-ဒါသသာပါ-ပါသာသဒါ၊
သာသာပိသူ-သူပိသာသာ၊ကူပါသူသူ-သူသူပါကူ။
(ပိဋကသည်းခြေ ဂါထာတော်များအနက်စက်လှ၏)။

ဤနေရာမှရပ်ဆိုင်းပြီး၊ အဓိဋ္ဌာန်ရက်စဉ် မှတ်စုအတွေ့အကြုံကို ပြပေအံ့၊ မဟာမြိုင် ဆရာတော်မှတ်စုစာအုပ်တွင် ကျန်အပိုင်းများကို ကြားညပ်ပြသွားပါမည်။ ည (၁၁ )နာရီခွဲ၌ ခေတ္တအနားယူပြီးအိပ်၏၊ တစ်ချက်ထိုးတော့ထ၍ ပုတီးစိပ်ရန်မှတ်တမ်းရေးလိုက်၏။ ၁၃၁၆ ခု၊ တပို့တွဲလပြည့်ကျော်(၅) ရက်၊ စနေနေ့ နံနက်တစ်ချက်မှစ၍ ပုတီးအဓိဋ္ဌာန်စိပ်၏၊ ပုတီးစိပ်လို့တစ်ပါတ်လောက် သာသာတွင် အိမ်မြှောင်များကတဖြတ်ဖြတ်နှင့် ကောင်းကင်မှ ကျနေကြ၏၊ ကျွန်ုပ်ပတ်လည်တွင် အကောင်နှစ်ဆယ်လောက် ကျပြီး ကျွန်ုပ်ပေါ်တွင် (၅)ကောင်လောက်ကျနေ၏။ဘာသဘောများလဲဟု ကျွန်ုပ်ကစဉ်းစားနေ၏၊ ပုတီးစိပ်ကတော့မပျက်ပေ၊ တခဏမျှကြာတော့ ပွဲထဲကအဝတ်အစားမျိုးဖြင့် ဇော်ဂျီ ၂ ယောက်ရောက်လာကြ၏။ ကျွန်ုပ်ကလည်း ပုတီးစိပ်လို့ မပြီးသေးသဖြင့်မထပဲ၊ အခြေအနေကို ကြည့်နေ၏၊ ဇော်ဂျီ ၂ ယောက်ကကျွန်ုပ်နောက်မှနေ၍ လမ်းလျှောက် နေကြ၏၊ ကျွန်ုပ်ကလည်းပုတီးသာတွင်တွင်စိပ်နေ၏၊ ပုတီး ၉ ပတ်ရသည်တိုင်အောင် ရှိတုံးပင်ဖြစ်၏၊ သူဟာသူပဲ ကိုယ်ဟာကိုယ်ဘဲဆိုပြီး၊ စိပ်မြဲတိုင်းစိပ်နေ၏၊ ၁၂ ပတ်လောက်ရတော့ ဇော်ဂျီနှစ်ယောက်က နေပြီး အဘိုးကြီးနှစ်ယောက်ဖြစ်သွား၏၊ အသက်ရှစ်ဆယ်ကျော်အရွယ်လောက်ဖြစ်၏၊ ပုတီးပါတ် ၁၅ ပါတ်လောက်ရတော့ ထိုအဘိုးကြီးများက လူနှစ်ပြန်လောက်ကြီးသော သရဲကြီး နှစ်ကောင် ဖြစ်သွား၏၊ ကျွန်ုပ်အနေနှင့်အနည်းငယ်ကြက်သီးထလာ၏၊ ဘာကြောက်ရမှာလဲဆိုပြီး ပုတီးကိုဘဲ သတိရှိရှိနှင့် ဖိစိပ်လိုက်၏၊ ထိုအခါမှာ သရဲကြီးနှစ်ကောင်က အင်းဟုတ်ပြီ ဒီလိုစိပ်မှပေါ့ဟု ပြော၏၊ ငါစိတ်ကို သူတို့ကတောင် သိပါလားဟု အမှတ်ပြုလိုက်ပြီး ပုတီးကိုသာ အာရုံမလွှတ်တန်းသတိရှိရှိ နှင့်စိပ်တော့၏၊ ၁၈ ပတ်ပြီးသွား၏၊ ထိုင်ခွင်ဖျက်၍ ဘုရား ကန်တော့ပြီး မေတ္တာပို့အမျှအတန်းဝေလိုက်၏၊ သရဲကြီး ၂ ကောင့်ကပဲ ရှေ့ပိုင်းကစိပ်နေတဲ့ပုတီးပါတ် ကုသိုလ်မျိုးကို တို့လက်မခံပေါင် သာဓုမခေါ် ချင်ပေါင် နောက်ပိုင်းစိပ်တဲ့ ပုတီးပါတ်ကုသိုလ်မျိုးကိုသာ သာဓုခေါ်တယ်နော် မောင်ပဉ္စင်းဟုဆိုပြီး သာဓု-သာဓု-သာဓု ဟုခေါ်ပြီးထွက်သွားကြ၏၊ သူတို့ထွက်သွားတော့ အင်း- ငါ့ကိုလာပြီး သတိပေးတာ ဘဲလို့မှတ်ယူလိုက်၏၊ နာရီကြည့်လိုက်သောအခါ ၄ နာရီခွဲနေ၏၊ ထို့ကြောင့် စိန္တာမဏိမန္တာန် တော်ကြီးရွတ်၊ဂါထာမန္တာန်များရွတ်ပြီး ပုတီးဆက်စိပ်၏၊ နံနက် ၅ နာရီမှစစိပ်၏၊ ၁၈ ပတ်ပြီးသွားပြန်၏၊ နာရီကြည့်လိုက်တော့ နံနက် ၁၀ နာရီ ၁၀ မိနစ်ရှိနေ၏၊ ဆွမ်းအလို့ငှာ ငှက်ပျောသီး ၃ လုံးစား၊ ကျန်ရှိနေသော ကြံကိုစုတ်၏၊ ထိုနေ့အဖို့ ဆွမ်းကိစ္စပြီးသွားပြန်၏၊ စားသောက်ပြီးလျှင် ဂူအပြင်ထွက် အထက်တက်၍ အလောင်းတော်ကဿပကြီး အာရုံခံတန်ဆောင်းထဲဝင်ပြီးရှိခိုးရှင်းလင်းပြီးရေချိုးရန်လာ ၊ရေချိုးပြီးနေဆာလှုံ ကိုယ်နွေးလာတော့ပြန်လာခဲ့၏၊ အလောင်းတော်ကဿပ အာရုံခံတန်ဆောင်းနား ရောက်လာတော့ အသက် ၆၀ ကျော်လောက် တကာတစ်ယောက်နှင့် အသက် ၄၀ ကျော်လောက် ဘုန်းကြီးတစ်ပါးတို့ကိုတွေ့ရ၏၊ ထိုပုဂ္ဂိုလ်များက ကိုယ်တော်လေး အောက်ဂူထဲဆင်းတော့မလို့လားဟု ဘုန်းကြီးကမေး၍ မှန်လှပါဘုရား၊ တပည့်တော်တို့လည်း လိုက်ခဲ့မယ်၊ ကောင်းလှပါပြီဘုရားဆိုပြီး ကျွန်ုပ်က ရှေ့ဆောင်၍ ခေါ်သွား၏။ အောက်ဂူထဲရောက်တော့ ထိုပုဂ္ဂိုလ်နှစ်ယောက်တို့သည် ဟိုဟိုဒီဒီ ကြည့်ရှုပြီး အလောင်းတော်ကဿပကြီးကို ဝတ်ချပြီး ကန်တော့နေကြ၏။ ကျွန်ုပ်ကတော့ ဂူထဲရောက်ရောက်ခြင်း အလောင်းတော်ကဿပကို ဦးခိုက်ပြီးမှ

ထိုင်ခြင်းပုတီးစိပ်ခြင်းတို့ပြု၏။ ထို့ကြောင့်ကန်တော့ပြီး ကျွန်ုပ်နေရာထိုင်၍ ဝတ်မပျက်ပုတီးကိုစိပ်နေ၏၊ တကာကြီးနှင့် ဘုန်းတော်ကြီးတို့ အလောင်းတော်ကဿပကို ရှိခိုးကြပြီး ကျွန်ုပ်ဆီလာပြီး အရှင်ဘုရားဒီဂူထဲ ရောက်နေတာ ဘယ်လောက် ကြာပြီလဲဘုရား၊ ဒီကနေ့ တပို့တွဲလပြည့်ကျော် ၅ ရက်ဆိုတော့ အရက်နှစ်ဆယ်လောက်ရှိသွားပါပြီဘုရား၊ အရှင်မြတ်တို့က ဘယ်မှာသီတင်းသုံးတော်မူကြ ပါသလဲဘုရား၊ မဟာမြိုင်မှာနေပါတယ်၊ ဘယ်လောက်ကြပါပြီလဲဘုရား၊အနှစ် ၁၈၀ လောက်ကြာသွားပါပြီ၊ အဘိုးကလည်း မဟာမြိုင်ကပါလား၊ ဟုတ်ပါတယ် ကိုယ်တော်လေး၊ အသက် ဘယ်လောက်ရှိပါပြီလဲ (၂၅၀) လောက်ရှိပါပြီ နာမည်က ဘယ်လိုခေါ်ပါသလဲ၊ ဘိုးသူရလို့ခေါ်ပါတယ် အရှင်ဘုရား၊ ဒီရောက်ပြီး တရားအားထုတ်နေတယ်ဆိုတာကို မဟာမြိုင်ဆရာတော်ကပြောလို့ အရှင်ဘုရားသီတင်းကြားရတာနဲ့ တွေ့ချင်လို့ လာခဲ့ကြာတာပဲ၊ ကျေးဇူးကြီးလှပါတယ် အဘိုးရယ်၊ မြေးပဥ္စင်းတို့ကိုလဲ ကြည့်ရှုစောင့်ရှောက်တော်မူပါ၊ အရှင်မြတ်ကိုလည်း ဘုရားတပည့်တော်၏ဆရာကဲ့သို့ အားထားပါတယ်၊ ကောင်းပါပြီး ဦးပဥ္စင်းဘွဲ့က ဘယ်လိုခေါ်ပါသလဲ :- ဝါယမလို့ခေါ်ပါတယ်ဘုရား၊ အရှင်မြတ်က အဘိုးကြီးဘက်သို့လှမ်း၍ အဘိုး ဦးပဥ္စလေးခေါင်းကို သေသေချာချာကြည့်စမ်းပါ၊ ဟာ ဟုတ်ပါ့ဘုရား၊ ဥကျောက်က တယ်ကြီးပါလား ဘုရား၊ အတွေးအခေါ်ဉာဏ်ကတော့ တယ်ကောင်းမှာဘဲ၊ ခေါင်းမှာလဲ အင်းတွေပေါ်နေပါလား၊ ရောင်ခြည်လက် အဖြူတန်းကြီးတောင် ပေါ်နေပါလားဟု ကျွန်ုပ်ခေါင်းကိုကြည့်ပြီးပြောနေ၏၊ အရှင်မြတ်က ဂုဏ်တော်ကလဲ တယ်ပွားများထားတဲ့ခေါင်းပဲဆိုပြီး ကျွန်ုပ်ခေါင်းကိုရှိခိုး၏၊ ကျွန်ုပ်က လက်ဖြင့်တား၍ သီးခံပါဘုရား၊ သီးခံပါဟုလျှောက်၏၊ ဦးပဥ္စင်းကလဲ ဘုရားဂုဏ်တော်ကိုအာရုံ ရောက်လို့ရှိခိုးတာ၊ ဦးပဥ္စင်းကိုရှိခိုးတာမှ မဟုတ်ဘဲကြောက်စရာမလိုပါဘူးဟုပြော၏၊ အဘိုးကို ကျွန်ုပ်က သေသေချာချာကြည့်တော့ လည်ပင်းအောက်နားမှာ နှစ်ခဲထိုးခါတ်မီး မီးသီးကဲ့သို့ မီးလုံးလေးက လင်းလိုက်မှိန်လိုက် ဖြစ်နေ၏၊ ကျွန်ုပ်က အံ့အားသင့်စွာဖြင့် အဘိုးလည်ပင်းအောက်နားက လည်ပင်း ထဲက မီးလုံးလေးက လင်းလိုက်မှိန်လိုက်နဲ့ပါကလား၊ မီးလုံးလေးအဟုတ်ဘူး ကိုယ်တော်လေး ၊ ဓါတ်လုံးလေး မြိုထားတာ၊ ဒီလည်ပင်းထဲက ဓါတ်လုံးက ဓါတ်ပြဒါးရှင်လုံးခေါ်တယ်၊ သူနဲ့စကားပြော၊ သူနဲ့သွားလာနေရတာ၊ ဓါတ်ပြဒါးရှင်လုံးကစားပြီး အောင်မြင်လို့ထွက်လာတာပါ။ ဘယ်လိုနည်းနဲ့ ထိုးပါသလဲအဘိုး " ဣန္ဒြိစက္ကနည်းပဲ- ဣန္ဒြိစက္ကဆိုတာ တခြားဟာ ဟုတ်ပါရိုးလား ဒီကိုယ်တော်က ဣန္ဒြိစက္ကအရှင်မြတ်ပဲ " ဖူးတွေ့ရတာဝမ်းမြောက်လှပါတယ်ဘုရား၊ အရှင်မြတ်က ဘယ်မြို့ဘယ်ရွာဇာတိပါလဲဘုရား၊ အင်းဝကပဲ မင်္ဂလာစေတီနားက ကျောင်းတိုက်က တပည့်တော်နေခဲ့တဲ့ တိုက်ပဲ၊ နည်းကောင်းများရှိပါလျှင်ဘုရားတပည့်တော်အားချီးမြှင့်ပါဘုရား၊ ဟောဒီရုပ်ပထမံတွက်နည်းကို လေ့ကျက်၍ တွက်ရုပ်မှုန့်များစုထား၊ လပြည့်ကြဲတိုင်းသောက် ရတတ်သမျှ ပရိတ်တော်များ ဂါထာ မန္တာန်များမန်း ပုတီးလဲသာသနာ (၅၀၀၀) ရည်စူးပြီး ငါးထောင်ပြည့်အောင် ပွားများပြီးသောက် ရုပ်ပဌမံ တွက်လို့ရသော ရုပ်မှုံများ တံခိုးထက်တက်လာပြီး ကိုယ်လုပ်တိုင်းဖြစ်လာတော့တာပါဘဲ ဦးပဥ္စင်း ဘယ်နည်းနဲ့ ပွားများရပါသလဲ

ဘုရား၊ ဂုဏ်တော်ကိုးပါးထဲက တစ်ပါးပါးကိုပွားများလည်း ရပါတယ်၊ တပည့်တော်ကတော့ (ဝိနောဒဗုဒ္ဓေါ) လို့ ပွားများတာပဲ ကောင်းမြတ်လှပါတယ်ဘုရား၊ အဘိုးကတော့ ဘာပွားများပါသလဲ တပည့်တော် ( ကမ္မာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိ) တစ်လုံးချ တစ်ပတ်၊ ( ကမ္မာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံပူဇေမိ) တစ်လုံးချ တစ်ပတ်၊ ( ကမ္မာယဓမ္မာနုဓမ္မ ပဋိပတ္တိယာ သံဃာပူဇေမိ) တစ်လုံးချ တစ်ပတ်၊ တစ်နေ့တစ်နေ့ကို ဘုရားဝါတော်အရ လေးဆယ့် ငါးပတ်စိပ်တယ်၊ ဘုရား ၄၅ ပတ်၊ တရား (၄၅) ပတ်၊ သံဃာ (၄၅) ပတ် ဤသုံးကြိမ် နံနက် နေ့ည စိပ်ပြီးလျှင်တစ်နေ့အဖို့ ပြီးတော့တာပဲ၊ သင့်မြတ်လှပါတယ်၊ ဘိုးဘိုး ဘယ်လိုကျေးဇူးထူးများ ရရှိပါသလဲဘုရား၊ အကြားအမြင်မြန်မြန်ရတယ်၊ ကြည့်ရှုစောင့်မည့်သူ မြန်မြန်ပေါ်တယ်၊ တပည့်တော်က ကျော်အောင်စံထားပဌမဆရာတော်၊ ရှင်ဉာဏဝရတို့နဲ့ ကျောင်းနေဘက်ဘဲ၊ တပည့်တော်က ဉာဏ်လေးတယ်၊ စာမတတ်ခဲ့ဘူး၊ ဒါ့ကြောင့် တပည့်တော်၏ဆရာရင်း မိုးထိဆရာတော်က နင်ဒါပုတီးစိပ် မစမည့်သူရပြီး-ကျေးဇူးခံစားရလိမ့်မည်ဟု မိန့်တော်မူတာနဲ့ ဒီပုတီးစိပ်ကိုစိပ်လာတာပဲ၊ စိပ်တဲ့ အတိုင်း ဒီအရှင်ကျွန်ုပ်စက္ကနှင့်တွေလို့ ပေါက်မြောက်လာခဲ့ရပါတယ်၊ ကောင်းလှပါပြီအဘိုး၊ အရှင်မြတ်ချီးမြင့်သော ဤရုပ်ပထမံတွက်နည်းကို လေ့လာပြီး အခွင့်သင့်တဲ့အခါတွက်ပြီး သောက်သုံးပါမည်ဘုရား၊ ကောင်းတယ် ဦးပဥ္စင်းကောင်းတယ်၊ ဦးပဥ္စင်းအဓိဋ္ဌာန်ကဘယ်နှစ်ရက်ဝင်လာတာလဲ၊ (၄၅) ရက်ပါဘုရား ဒီအတွင်းလည်း ဘုန်းကြီးတို့လာခဲ့ပါအုံးမယ်၊ ကျေးဇူးကြီးလှပါတယ်ဘုရား၊ ဒီအရှင်မြတ်ကြွလာလျှင် အဘိုးလည်းပါလာ မှာဘဲ ကိုယ်တော်လေး၊ ဘာမှအားမငယ်နဲ့၊ ငွဲကိုမလျှော့နဲ့ ငွဲရှိလျှင် အောင်မြင်ရမယ်၊ ကဲ ကဲ တပည့်တော်တို့ပြန်လိုက်အုံးမယ်၊ သင့်မြတ်လှပါတယ်ဘုရားဟု ကျွန်ုပ်က ဝတ်ချ၏၊ အဘိုးကလည်း ကျွန်ုပ်ကို ဦးညွတ်ပြီးထွက်သွားကြ၏၊ ကျွန်ုပ်လည်းဆက်၍ ပုတီးစိပ်တော့၏၊ ည ၁၁ နာရီထိုးတော့ ပုတီးပတ် ၈၀ ရ၏၊ ခေတ္တအနားယူပြီး လျောင်းလိုက်၏၊ မှေးကနဲပျော်သွား၏၊ နိုးလာတော့ နာရီကြည့်လိုက်တော့ ည ၁၂ နာရီနှင့် ၂၅ မိနစ်ဖြစ်၍ ထပြီး ပရိကံယူ -ပုတီးစိပ်၏၊ ပုတီးပတ် ၁၈ ပတ်ရတော့ နာရီကြည့်ပြီးမှတ်တမ်းရေး၏၊ ၁၃၁၆ ခုတပို့တွဲလပြည့်ကျော် (၆) ရက် တနင်္ဂနွေနေ့ နံနက် (၃) နာရီ တွင် သုဂတော (၅) ချက် (၁၈) ပတ်ရ၏၊ စိန္တာမဏိ မန္တာန်တော်ကြီးရွတ်ပြီး ပုတီးဆက်စိပ်၏၊ နံနက် ၆ နာရီခွဲတော့ ပုတီးပတ် ၂ ရက်ပေါင်း ၃၆ ပတ်ရ၍ မေတ္တာပို့အမျှဝေ၏၊ မျက်နှာသစ်ကိုယ်လက်သန့်ရှင်းပြီးပုတီးဆက်စိပ်၏၊ နံနက် (၁၀) နာရီထိုးတော့ စားစရာအတွက် အောက်ဂူမှ အထက်သို့တက်ပြီးမြောက်ဘက်ငှက်ပျောတောသွား၍ ငှက်ပျောတော ရောက်တော့ ဆင်(၅)ကောင်နှင့်တွေ့သောကြောင့် ခေတ္တအခြေအနေစောင့်ကြည့်ပြီးမေတ္တာပို့နေ၏၊ ဆင်ကြီးတစ်ကောင်က ငှက်ပျောပင်ကြီးတစ်ပင်ချိုး၍ ကျွန်ုပ်ကိုလှမ်းပေး၏၊ ကျွန်ုပ်လည်းသာဓုခေါ် ဆုများပေး၍ ယူပြီးပြန်လာခဲ့၏၊ ငှက်ပျောဖက်များစွာအူယူ၍ ပါးပါးလှီးရေစိမ်ထား၏၊ ပုတီးစိပ်နေပြန်၏၊ ၉ ပတ်လောက်ရတော့မှ ရေစိမ်ထားသောငှက်ပျောအူများကို ယူပြီးစား၏၊ ယနေ့အဖို့တော့ ငှက်ပျောအူနှင့် ပြီးလိုက်၏၊ ကျန်ငှက်ပျောအူများကိုလဲရေစိမ်ထား၏၊ ပုတီးဆက်စိပ်၏၊ ည ၁၁ နာရီတိုင်အောင် ထိုင်လိုက် လမ်းလျှောက်လိုက်နှင့်စိပ်နေ၏၊ စိတ်အာရုံတည်ငြိမ်သဖြင့် စိပ်လို့အလွန်ကောင်း၏၊ ပုတီးပတ် (၈၀) ရ၍

အနားယူပြီးလျှောက်လိုက်၏။

ဣန္ဒါစက္ကအရှင်မြတ်ချီးမြင့်သွားသော ရုပ် ပဌမံ တွက်နည်းကို ဤနေရာ၌ ဖော်ပြပေအံ့-

ပဌမံ လိနတ္တ ပကာသနိခေါ် မန္တာန် ပဌမ ကျမ်းမြတ်ကြီး

၁။ ထိုက်သူစား - မိုက်သူသွား

၂။ ယုံသူရှေ့ - မယုံသူသေ


၃။ ယုံကြည်သော်လည်း - ကျင့်မှရ

၄။ ကျင့်သော်လည်း - မကျိုးပေါက်ပါမှ

၅။ ဝါကြွားပလွှားသတိထား ကျင့်အားပျက်တတ်သည်

၆။ သတ် ခိုး ကျူး လိမ် သောက် ကံငါးပါး မဖေါက်ပါမှ အောင်မြင်ပါစေသတည်း။

နိဒါန်းပြီး၏။



နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

၁။ သန္တော ဓမ္မော သိဒ္ဓိ တပ္ပံ၊ နမောဗုဒ္ဓါယ သိဒ္ဓိတံ၊
ပူဇောစ ပူဇနေယျာနံ၊ အက္ခရာစ အာရက္ခံ။
ဤဂါထာဖြင့် တူ - အက္ခရာ ရေးပါ

၂။ ပဌမံ ကလလံဇာတံ ၊ ပဌမံ ဗိန္ဒုကံဇာတံ၊
ဒုတိယံ ဒက္ခာ မေဝစ၊ တတိယ ဘုနဇကဠ္ဌေဝ၊
စတုတ္ထံ အင်္ဂသမ္ဘဝံ၊ ပဥ္စမံ ၊ သိရသာဇာတံ၊
နကာရော ဟောတိသမ္ဘဝေါ၊ န တိ ဟိ ပ ပဋိသန္ဓိ ဓမ္မဝစနံ

၃။ ဗိန္ဒု ကေ သုမံဗိန္ဒု၊ ဗိန္ဒု ထောက် ကုသလံယထာ၊
ဗိန္ဒု သိနိ ဓမ္မဋ္ဌာနာစ၊ ဗိန္ဒု သိနိ ဝိဇာနယေ။
တနည်း-

ဗိန္ဒု ကေသုမံ၊ ဗိန္ဒုံ၊ ဗိန္ဒု တော ဗိန္ဒုသယံဇာ၊
ဗိန္ဒု သိနိဓမ္မဋ္ဌာနဠ္ဌ၊ ကေဗိန္ဒု ဝိဇာနယ။

**အဓိပ္ပါယ်-**

ဤ ၂-၃ ဂါထာ ၂ ပုဒ်မှာ ရှေးဦးစွာ ကလလ ရေကြည်တည်သည်ဖြစ်၍ ထိုရေကြည်သည် ယင်ငယ် သောက်ရုံမျှ အပျောက်အစက်သေးသေးလေးဖြစ်သောကြောင့် ဝိန္နုနှင့် ဥပမာတူ၍ ဝိန္နုရေး- ဒုတိယဒန္တရေး- ဝါဒန္တသည် ဖြစ်သောကြောင့် ဒန္တ အက္ခရာရေး၊ တတိယဘင်္ဂသည်လျှင်ဖြစ်သည် ဆိုသောကြောင့် ဘင်္ဂရေး၊ စတုတ္ထအင်္ဂုသည်လျှင် ကောင်းစွာဖြစ်၏ ဆိုသောကြောင့် သီရသာရေး- ဝိန္နုကိုခြေ၍နကိုရေး

၃/နံပါတ်ဂါထာကားဝိန္နုရေးသောအခါရွတ်ဆိုရမည့်ဂါထာ ဝါ အနှိုး ဂါထာဖြစ်၏၊ ဤ (၃) နံပါတ်ဂါထာနည်းအတိုင်းဝိန္နု ဒန္တ ဘင်္ဂ အင်္ဂုသီရသာအက္ခရာပုဒ်များရေးသောအခါ ရွတ်ဆိုရမည်၊ ဝါ နှိုးရမည်ဖြစ်သည်။

သို့ဖြစ်၍ အနှိုးဂါထာများကို အောက်ပါအတိုင်း ရအောင်ကျက်မှတ်ထားပါ။

၄။ ဝိန္နု ဇေ ကံ သုမံ ဝိန္နု၊ ဝိန္နု ထောကံ ကုသလံ ယထာ၊
ဝိန္နု သိနံ ဓမ္မဌာနာစ၊ ဝိန္နုသိနိဝိဇာနယေ၊
ဤဂါထာရွတ်၍နှိုးပြီး ဝိန္နုရေးပါ။

၅။ ဒန္တဇေကံ သုမံဗဒ္ဓံ၊ ဒန္တထောကံ ကုသလံယထာ၊
ဒန္တ သိနိ ဓမ္မဌာနာစ၊ ဒန္တသိနိ ဝိဇာနယေ၊
ဤဂါထာကို ကိုးခေါက်ရွတ်ဆိုပြီး နှိုး၍ ဒန္တရေး၊

၆။ ဗဇ ဇေ ကံ သုမံဗဒ္ဓံ၊ ဗဇထောကံကုသလံယထာ၊
ဗဇသိနိ ဒမ္မဌာနဥ္စ၊ ဗဇ သိနိဝိဇာနယေ၊
ဤဂါထာကို ကိုးခေါက်ရွတ်ဆိုပြီးဘင်္ဂရေးပါ၊

၇။ အင်္ဂု ဇေ ကံ သုမံ ဗန္ဓံ၊ အင်္ဂုထောကံကုသလံယထာ၊
အင်္ဂု သိနိ ဓမ္မဌာနဥ္စ၊ အင်္ဂုသိနိဝိဇာနယေ၊
ဤဂါထာဖြင့် ကိုးခေါက်ရွတ်ဆို၍ အင်္ဂုရေးပါ။

၈။ သီရသာ ဇေ ကံ သုမံ ဗန္ဓံ၊ သီရသာ ထောကံကုသလံယထာ၊
သီရသာသိနိဓမ္မဌာနဥ္စ၊ သီရသာသိနိဝိဇာနယေ၊
ဤဂါထာဖြင့် ကိုးခေါက်နှိုး၍ သီရသာရေး။

ဤကဲ့သို့ ငါးမျိုးလုံးရေး ပါလျှင် - <u>ဒန္တ၊ အင်္ဂ၊ အင်္ဂု၊ သီရသာ</u> ပုဒ်များဖြစ်လာမည်-

ထိုပုဒ်များသည် ပဉ္စမံ ရုပ်များဖြစ်ကြ၏။

**မှတ်ချက်**

၃ နံပါတ်ဂါထာဒုတိယပါဒတွင် ဝါ-ပေါက်၍ ဗ ဇတော-ဗဇ သယံဇာပုဒ်ကို ပြထားပေ၏၊ ထိုနည်းငှင်း ၄ နံပါတ် ဂါထာတွင်လည်း အင်္ဂုတော အင်္ဂုသယဇာ ပုဒ်ကို ဝါပေါက်ပြထား၏၊ ထို့ပြင် စတုတ္ထပါဒ

မှာလည်း ဝါပေါက်၍ (စတုတ္ထအံကုဝိဇာနယေ) ဟုပြထား၏၊ ၅ နံပါတ်မှာလည်း စတုတ္ထအပိုဒ်တွင် ဝါပေါက်၍ (ပဥ္စမံ သိရ ဝိဇာနယေ) ဟုပြထား၏။

**ပဌမကဏ္ဍပြီး၏။**

**(ဒုတိယကဏ္ဍ)**

ထိုတည်ပုဒ်များကို

၉။ ပဌမံ ဗိန္ဒု လောပေါစ၊ န ကာရော ဟောတိသမ္ဘဝေါ၊
ဤဂါထာကို ကိုးခေါက်ဟိန်းရွတ်ပြီး ဗိန္ဒုကို ချေနအက္ခရာရေး၊

၁၀။ ဒုတိယ ဒန္တလော ပေါစ မောကာရောဟောတိ သမ္ဘဝေါ၊
ဤဂါထာကို ကိုးခေါက်ဟိန်းရွတ်၍ ဒန္တကိုရေးပြီးမောရေး၊

၁၁။ တတိယံ ဘငံလောပေါစ ဗုကာရောဟောတိသမ္ဘဝေါ၊
ဤဂါထာကို ကိုးခေါက်ဟိန်းရွတ်၍ ဘငံကိုခြေပြီး- ဗု- ရေးပါ။

၁၂။ စတုတ္ထ- အင်္ဂုလောပေါစ၊ ဒ္ဓါကာရောဟောတုသမ္ဘဝေါ၊
ဤဂါထာဖြင့် ကိုးခေါက်ဟိန်းရွတ်၍ အင်္ဂုကိုချေပြီး ဒ္ဓါ ရေးပါ။

၁၃။ ပဥ္စမံသိသာရလောပေါစ၊ ယ ကာရောဟောတိ သမ္ဘဝေါ။

ဤဂါထာဖြင့် ကိုးခေါက်ဟိန်းရွတ်၍ သိသာရ ကိုချေပြီး ယရေးပါ၊ အားလုံးချေပြီးလျှင် နမောဗုဒ္ဓါယျပဥ္စဗုဒ္ဓါ။

နမတေနမော-ဟုရွတ်ဆိုပြီးရှိခိုးပါ၊ ဤကဲ့သို့ သဘောတရားများကြောင့် နမောဗုဒ္ဓါယျ ဖြစ်ပေါ်လာရပေ၏။

**အဓိပ္ပါယ်** - နံပါတ် ၃ ဂါထာ ၄ နံပါတ်ဂါထာတို့၏ အဓိပ္ပါယ်မှာ တလုံးသောငါ့အဘို့၌ ကောင်းသော ဗိန္ဒုဖြစ်၏၊ အနည်းငယ်သော ငါသေးငယ်သော ဗိန္ဒုသည်ရေကဲ့သို့ ကောင်းမှုအကျိုးကိုဖြစ်စေ၏၊ အပျောက်ကလေးဖြစ်သော ဗိန္ဒု သည် တရားဌာနတရားတည်ရာဖြစ်၏၊ သို့ဖြစ်၍ပတ္တမြား ဥဿျောင်ခြည် နှင့် တူသော လုံးလေးသောဗိန္ဒုကို ပညာရှိတို့သည် ဉာဏ်ဖြင့်အထူး သိအောင်နည်းယူဆောင်၍ ပြုလုပ်ရာ၏ ဟုဆိုထားသည့်အတိုင်း ထိုဗိန္ဒုနည်းဂါထာကိုယူ၍ ဒန္တ ဘင်္ဂ၊ အင်္ဂု ၊ သိရသာ တို့လည်းအသုံးချရန်ဖြစ်၍ ထိုအက္ခရာတို့ကိုလည်း ဗိန္ဒုဂါထာ အတိုင်း ဂါထာဖွဲ့သုံးခြင်း ဖြစ်သည်ဟု အဓိပ္ပါယ်မှတ်ယူရမည်။

ငင်းပြင် ပဌမအဆင့် ပဌမံတည်အက္ခရာရေး ပြီးဒုတိယ အဆင့် အနေနှင့်တည်အက္ခရာ ပြောင်းလဲပြီး (နမောဗုဒ္ဓါယျ) ဖြစ်လာခဲ့ပေသည်၊ ထိုကဲ့သို့ ဖြစ်ရခြင်းမှာလည်း ဖြစ်ကတတ်ဆန်းလုပ်ထား တာမျိုးမဟုတ်ပေ၊ အက္ခရာကောသလဉာဏ်၊ အက္ခရာဝေါဟာရဉာဏ် အက္ခရာနေတ္တိဉာဏ်၊ အက္ခရာပညာကထာန အက္ခရ လိနတ္တများကို အက္ခရာကောသလဉာဏ်ကြွယ်ဝတော်မူကြသော ထွက်ရပ်ပေါက် ပဌမံဆရာကြီးများက

အက္ခရာများ၏လေးနက်၍ ယူဆချက်ခက်ခဲသည်ကိုရှင်းပြနေရင် လူပြိန်းတို့အဖို့ ရှုတ်ထွေးပြီးနားရှုတ်သည်ထက်နားရှုတ်သည်သာဖြစ်၍ လမ်းစဉ်မှူ အရသာပြသွားတော် မူပေသည်။ ဘာမျှအထူးမတွေးပဲ ဤမှူအတိုင်းလုပ်ပါလျှင် ဤ ပဋ္ဌမံ ပညာတတ်မြောက်ရမည်သာ- တတ်မြောက်အောင်မြင်သောအခါကြမှ ကိုယ့်ဉာဏ်ဝတွင် အစင်းအစင်းလိုက်ပေါ်လာပြီး နက်ရှိုင်းသော သဘောတရားများကို တွေ့ထိခံစားရင်း အထူးကျေနပ်အားရ၍ ကျေးဇူးတင်ကြမည်သာဖြစ်ပေသတည်း။

## ဒုတိယကဏ္ဍပြီး၏။

တတိယကဏ္ဍမတ်မှိ န အက္ခရာ၊ မော အက္ခရာ ဗု အက္ခရာဒ္ဓါအက္ခရာ တို့ကိုနိုး၍ရေးပြီး အက္ခရာ စဉ်အလိုက် ရှိခိုးရန် ဂါထာများကို ထုတ်ပြပေအံ့။
အရအမိရှိအောင်ပြုလုပ်ထားပါ။

၁။ နရာနရပာတံဒေဒဝံ၊ နရဒေဝေဟိ ပုဇိတံ၊
နရာနံ ကာမ ကဏ္ဍေဟိ၊ နမာမိသုတံသဒါ။
၂။ နရာ နရာတိတောနာထော၊ နရဒေဝေဟိပုဇိတော
နလိတ္တံကာမပင်္ကမှိ၊ နတ္တိဒုက္ခောပုနဘဝေါ၊
ဤနှစ်ပုဒ်ကို ကြိုက်ရာတစ်ပုဒ်ဖြင့် ကိုးခေါက်ရွတ်ဆို၍ န ရေးပြီးရှိခိုးပြီးပါ။
၃။ မောဟမာနံ ပဋိဃ္ဃာနံ၊ မောဟမဂ္ဂဿဘာသိတံ၊
မောဟနံ ပိသဒ္ဓါပဿံ၊ မောဟနန္တနမာမဟံ၊
မောဟတံပသဒ္ဓေဇိနံ၊ မောဟသဗ္ဗညုတဉာဏံ၊
မောဟန္တံပနမာမဟံ၊ မောမာနန္တံနမာမဟံ၊
ဤနှစ်ပုဒ်တွင် နှစ်သက်ရာတစ်ပုဒ်ဖြင့် ကိုးခေါက်ရွတ်နိုး၍ ရှိခိုးပြီး မော အက္ခရာရေးပါ၊
၄။ ဗုဒ္ဓါပဟိ ဗုဒ္ဓါစ ၊ ဗုဒ္ဓါနံ၊ ဗုဒ္ဓလာဘံပကာသိတံ၊
ဗုဒ္ဓါနံ စမနုပ္ပတ္တော၊ ဗုဒ္ဓံဇိတံ၊ နမာမဟံ၊
ဤနှစ်ပုဒ်တို့တွင် ကြိုက်ရာတစ်ပုဒ်ဖြင့် ကိုးခေါက်ရွတ်ဆိုရှိခိုးပြီး ဗု အက္ခရာရေးပါ။
၅။ ဒ္ဓါတုနံသဗ္ဗ ဗုဒ္ဓေန၊ ဒ္ဓါတုဘုနံ နဘာသိတံ၊
ဒ္ဓါတုနံ သတ္တိဗုဒ္ဓေါနံ၊ ဒါတုဘုနံနမာမဟံ၊
၅။ ဒ္ဓါတုန သဗ္ဗဓမ္မာနံ၊ ဒ္ဓါတုလာဘံပကာသိတံ၊
ဒ္ဓါ တုနံစမနုပတ္တော၊ ဒ္ဓါတုကောမံနမာမဟံ။
ဤနှစ်ပုဒ်တို့တွင် နှစ်သက်တပုဒ်ဖြင့် ကိုးခေါက်ရွတ်နိုး၍ ဒ္ဓါ အက္ခရာရေးပါ။
၆။ ယျဿသမ္ဗသမ္ဗုဒ္ဓံ၊ ယျဿယက္ခာစန္ဒမာနံ၊

ယျက္ခတေ ဇေနဇာလိတံ၊ ယန္တိပတ္တံ နမာမဟံ၊

၆။ ယသာပိယသာ၊ သမ္မာစ၊ သမ္ဗုဒ္ဓံယက္ခာစန္ဒါနံ၊
ယက္ခတေဇေနဇလိတံ၊ ယန္တိပတ္တံနမာမဟံ။

၆။ ယတ္တဝုစ္စတိဗုဒ္ဓေါနံ၊ ယတ္တတံ ပနာမာမဟံ။
ဤဂါထာ ၃ ပုဒ်တို့ကို ကြိုက်ရာတစ်ပုဒ်ဖြင့် ကိုးခေါက်နိုးရှိခိုး၍ ယအက္ခရာရေးပါ။

၇။ နမောဗုဒ္ဓါယ ၊မကာရော၊ ဝန္ဒိတွာပုဇာယတော၊
နကာရော၊ ကက္ကုသန္ဓောစ၊ မောကောရောကောဏာဂမနော၊
ဗုကာရောကဿပေါဗုဒ္ဓေါ၊ ဒ္ဓါကာရောသကျပုဂံဝေါ၊
ယကာရောအရိမေတ္တေယျော၊ ပဉ္စဗုဒ္ဓါနမာမဟံ၊
နမောဗုဒ္ဓါယဖြစ်သွားပြီးနောက် ဤဘုရားငါးဆူဂါထာတော်ဖြင့် ရှိခိုးပါ၊

၈။ နံကာရံဓါတုနာမံ၊ ဥဒကံစုဝဏ္ဏံမေရက္ခန္တု(၁၂ န စုတ်)

၉။ မောကာရံဓါတုနာမံ၊ ပထဝီသုဝဏ္ဏံ မေရက္ခန္တုသဗ္ဗဒါ( ၁၂ မောစုတ်)

၁၀။ ဗုကာရံဓါတုမံ၊ အဂ္ဂိသုဝဏ္ဏမေရက္ခန္တု သဗ္ဗဒါ ( ၅၆ ဗုစုတ်)

၁၁။ ဒ္ဓါကာရံ ဓါတုမံ၊ ဝါယောသုဝဏ္ဏံ မေရက္ခန္တု သဗ္ဗဒါ၊( ၃၈ ဒ္ဓါစုတ်)

၁၂။ ယကာရံ ဓါတုမံ -အာကာသုဝဏ္ဏ မေရက္ခန္တု သဗ္ဗဒါ ( ၁၄ ယစုတ်)
ဘုရားငါးဆူဂါထာဖြင့် ရှိခိုးပြီးလျှင် ပထဝီ-တေဇော- အာပေါ- ဝါယော- အာကာသ ဤဓါတ်ကြီးငါးပါး ဂါထာတို့ဖြင့် ဓါတ်သက်ဝင်ရန် စုတ်လေဤကဲ့သို့ ပြုလုပ်ပြီးလျှင် ဒုတိယ ကဏ္ဍပြီး၍ တတိယကဏ္ဍ တက်၍ ပဌမံ ရုပ် ကွက်ပါလေ။

### ဒုတိယကဏ္ဍပြီး၏။

### တတိယကဏ္ဍအဆင့်

၁၃။ ပဌမံ နမော အပလောပေါစ၊ အနိစ္စကာရောဟောတိ သမ္ဘဝေါ။
ဤဂါထာဖြင့် နမောကို တဝက်ချေ၍ အနိစ္စရေးပါ။

၁၄။ ဒုတိယံ ဗုဒ္ဓါ အပလောပေါစ-ဒုက္ခကာရောဟ္လောတိ သမ္ဘဝေါ။
ဤဂါထာဖြင့် ဗုဒ္ဓကို တစ်ဝက်ချေ၍ ဒုက္ခကိုရေးပါ။

၁၅။ တတိယံ ယ အပလောပေါစ၊ အနတ္တကာရော၊ ဟောတိသမ္ဘဝေါ။
ဤဂါထာဖြင့် ယကိုတစ်ဝက်ချေ၍ အနတ္တကိုရေးပါ၊ အနိစ္စ-ဒုက္ခ-အနတ္တ အက္ခရာများကို ဝါ-ပုဒ်များကို ရေးရာ၌ လည်း အောက်ပါဂါထာတို့ဖြင့် ကိုးခေါက်ဟိန်း၍တ်ပြီးရေးပါ၊

၁၆။ သဗ္ဗေသင်္ခါရာအနိစ္စာ၊ ယဒါပညာယပဿတိ။

အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊ သေမဂ္ဂေါဝိသုဒ္ဓိယာ။
ဤဂါထာဖြင့် အနိစ္စရေးပါ။

၁၇။ သဗ္ဗေသင်္ခါရာ ဒုက္ခာ၊ ယဒါပညာယပဿတိ။
အထိနိဗ္ဗိန္ဒတိ ဒုက္ခေ၊ သေ မဂ္ဂါ ဝိသုဒ္ဓိယာ။
ဤဂါထာဖြင့် ဒုက္ခကိုရေးပါ။

၁၈။ သဗ္ဗေသင်္ခါရာ အနတ္တာ၊ ယဒါပညာယ ပဿတိ၊
အထနိဗ္ဗိန္ဒတိဒုက္ခေ သေမဂ္ဂေါ ဝိသုဒ္ဓိယာ၊
ဤဂါထာဖြင့် အနတ္တ ရေးပါ၊ ထိုကဲ့သို့ ချေ၍ ရေးလိုက်ပါလျှင် အနိစ္စ-ဒုက္ခ-အနတ္တ ဖြစ်ပေါ်လာ၏။

## တတိယအဆင့်ပြီး၏။

## စတုတ္ထကဏ္ဍအဆင့်

၁၉။ ပဌမံ- အနိစ္စ အပလောပေါစ မကာရောဟောတိ သမ္တဝေါ။
ဤဂါထာဖြင့် အနိစ္စကို တစ်ဝက်ချေ၍ မရေးပါ။

၂၀။ ဒုတိယံ ဒုက္ခအပလောပေါစ အကာရောဟောတိ သမ္တဝေါ။
ဤဂါထာဖြင့် ဒုက္ခကို တစ်ဝက်ချေ၍ အ ရေးပါ။

၂၁။ တတိယံ အနတ္တ အပလောပေါစ၊ ဉ ကာရောဟောတိသမ္တဝေါ။
ဤဂါထာဖြင့် ဉ အက္ခရာကို ရေးပါ။

၂၂။ မ အ ဉ အက္ခရာများ အနိစ္စ- ဒုက္ခ အနတ္တ ပုဒ်များ ကိုချေ၍ ရေးရာ၌ လည်းအောက်ပါအနှိုးဂါထာဖြင့် ကိုး ခေါက်ရွတ်နှိုး၍ရေးပါ။

၂၃။ ဣတိပိသော ဘဂဝါ မအဉ ဗုဒ္ဓ လက္ခဏံ။
ဣတိပိသော ဘဂဝါ မအဉ ဓမ္မလက္ခဏံ။
ဣတိပိသော ဘဂဝါ မအဉ -သံဃလက္ခဏံ။
ဣစ္စေတံ - ရတနတယံ ၊ အဟံ သမဋ္ဌတု။
ဤဂါထာဖြင့် မ အ ဉ အားလုံးရေးနိုင်ပါသည်၊ ထိုသို့ ဖြစ်သော်လည်း မကိုသာရေးပါ။

၂၄။ အနန္တံ ဗလဝံဗုဒ္ဓံ၊ အနန္တံ အရိယသံဃံ၊ အနန္တဗောဓိမုတ္တမံ ၊ အဟံသမိဋ္ဌ။
ဤဂါထာဖြင့် အ အက္ခရာရေးပါ။

၂၅။ ဥတ္တရိပဒါဂံ၊ ဥတ္တမံဝရံ ဗုဒ္ဓရတနံ ဗုဒ္ဓတေဇေနာ

သောတ္တိနာ ပောတုမေဇယျ မင်္ဂလံ၊
ဤဂါထာဖြင့် ဥ အကွရာရေးပါ။

စတုတ္ထအဆင့် ကဏ္ဍပြီး၏။

ပဥ္စမအဆင့် ကဏ္ဍ

၂၆။ ပဌမံ -မအပလောပေါစ၊ ဥကာရောဟောတိ သမ္ဘဝေါ။
မ ကို တစ်ဝက်ချေ၍ ဥ ရေးပါ။
၂၇။ ဒုတိယံ အ အပလောပေါစ အကာရောဟောတိ သမ္ဘဝါ၊
ဤဂါထာဖြင့် အ တစ်ဝက်ချေ၍ အ ကိုရေးပါ။
၂၈။ တတိယံ ဥ အပလောပေါစ ၊မကာရောဟောတိ သမ္ဘဝေါ။
ဤဂါထာဖြင့် ဥ ကို တစ်ဝက်ချေ၍ မ ရေးပါ။
ထို့ကြောင့် ဥ-အ-မ ဖြစ်လာ၏။ ချေပြီးရေးသော အခါ၌၊ အောက်ပါဂါထာဖြင့် ကိုးခေါက်ရွတ်ဆို၍ ရေးပါ၊
၂၉။ ဥ-အ-မ လောယေတံအဂ်ီရ
ဝိသွေဝရာ ဇာနောစတိ။
တြိနိ မ အ ဥ ဇတာနိ။
နမောဗုဒ္ဓါယ သတ္တနော။
ဤဂါထာဖြင့် ဥ-အ-မ နှိုးပြီးလျှင် ရေးပါ။

ပဥ္စမ ကဏ္ဍ အဆင့်ပြီး၏။

ဆဌမကဏ္ဍ အဆင့်

၃၀။ ပဌမံ ဥ အပလောပေါစ အ-ကာရောဟောတိ သမ္ဘဝါ
ဤဂါထာဖြင့် ဥ ကိုတစ်ဝက်ချေ၍ အ ရေးပါ။
၃၁။ ဒုတိယံ အ-ကာရောဟောတိသမ္ဘဝေါ
ဤဂါထာဖြင့် အ ကို ဝက်ချေ၍ မ ရေးပါ၊

၃၂။ တတိယံ အ မ အပလောပေါစ၊ မကာရော ပေါတိ သမ္ဘဝေါ
ဤဂါထာဖြင့် မ ကို တစ်ဝက်ချေ၍ ဥ ကိုရေးပါ၊
ထို့ကြောင့် အ-မ-ဥ ဖြစ်လာ၏၊ ထို အ မ ဥ ရေးသောအခါ၌ အောက်ပါဂါထာတို့ကို ၉
ခေါက်ရွတ်နိုးပြီးရေးပါ။

၃၃။ ဥ သာယံ လက္ခဏံ-အရံ၊ ယံနိရက်နံ၊မဗ္ဗ-ရတန-သံဃရတနံ ၊ ကူစ္ဆေတံရ တ န တာယံ
( ဤဂါထာဖြင့် ကိုးခေါက်ရွတ်ဆိုပြီး၊ အ-မ-ဥ တို့ကို တစ်လုံးစီ ရေးပါ)
ရေးပြီးသောအကွက်များကို နောက်ဆုံးရလဒ်အထိပြရသော်

၁။ ဝ၊ ဒန္တ-ဘင်- အဂုံ သိရသော
၂။ န-မော-ဗုဒ္ဓါ-ယ
၃။ အနိစ္စ ဒုက္ခ အနတ္တ
၄။ မ-အ-ဥ။
၅။ ဥ-အ-မ
၆။ အ-မ-ဥ

ဂါထာအဖြစ်ရေးလိုက်သော ဥုံ-ဗိန္ဒု-ဒန္တ-ဘင်-အဂုံ
သိရသာ-နမော-ဗုဒ္ဓါယ
အနိစ္စ၊ ဒုက္ခ၊ အနတ္တ
မ-အ-ဥ ၊ ဥအမ၊ အမဥ၊

(အကျိုး)ဤဂါထာကို သာသနာငါးထောင်ကိုရည်မှန်းပြီး ပုတီးအပါတ် (၅၀၀၀ စိပ်ပွားပါ က ကိုယ်ကြည်လိုသော လူနတ်တို့ကိုမြင်နိုင်ပါ၏။

အရာခပ်သိမ်းပြည့်စုံ၏၊ ပြောသမျှ-အပုတ်လုပ်သမျှ ကံ-ကြံသမျှအောင်မြင်၍ လာဘ်သောက္ကဋ္ဌာသယ ဂါထာတော်ကြီးဖြစ်၏။

ဆဌမ အဆင့်ပြီး။

## သတ္တမ ကဏ္ဍ အဆင့်

ဗိန္ဒု ဒန္တ ဘင် အဂုံ သိရသာ တို့ကို ချေ၍ နမော ဗုဒ္ဓါယမှ ဖြစ်လာသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပုဒ်တို့ကို တည်နည်းဆိုရိုးကြီးကိုအောက်၌ ဖော်ပြပါအံ့။

အနိစ္စ-ဒုက္ခ-အနတ္တ တို့ကား ပိဋကတ်သုံးပုံတို့မှ ထုတ်နှုတ်၍ ဆောင်အပ်သောကြောင့် ပဌမံ ဥဒါကြွတ်ရုပ်တော်ဖြစ်၏၊ ထိုပဌမံရုပ်တော်သည် ဒန္တ-ဘင် အဂုံ သိရသာတို့ကို ပဌမံနည်းအားလျော်စွာ၊ တည်ခဲ့၍ ၄င်း

ပဋ္ဌာန်းနည်းအားလျော်စွာ ချေဖျက်ပြီးမှငင်း နမောဗုဒ္ဓါယအဖြစ်တည်ပြီးမှငင်း ချေဖျက်ပြီးမှငင်း အနိစ္စ-ဒုက္ခ အနတ္တ တို့ကိုတည် ထိုအနိစ္စ ဒုက္ခ အနတ္တပုဒ်တို့ကို အကြုံးဝင်သော အအက္ခရာက္ကအက္ခရာ ဥ အက္ခရာတို့ကို တတ္တော့ဒန္တာသရာအဌ၊ ဟူသောသုတ်ဖြင့် သရ အမည်မှည့် န အက္ခရာ စ္စအက္ခရာ ဒ အက္ခရာ တ္တ အက္ခရာတို့ကို အက္ခရာပါဒယော ဧက စတ္တာလီသံဟူသော သုတ်တို့ဖြင့်ဗျည်းအမည်မှည့် ၊အ က္က ဥ -သရ တို့ကို လ ဟုမတ္တာ တယောကရဿ ဟူသောသုတ်ဖြင့် ရဿ-သရ-အမည်မှည့်-ထိုအနိစ္စ-ဒုက္ခ-အနတ္တပုဒ်တို့တွင် န-အက္ခရာကိုမှီ၍နေသောက္ကသရ စ္စအက္ခရာကိုမှီ၍နေသော အသရ ဒု အက္ခရာကိုမှီ၍ နေသောဥ-သ-ရ အက္ခ အက္ခရာကိုမှီ၍နေသော အသရ နအက္ခရာတတ္တအက္ခရာကို အသရ တို့ကို ပုဗ္ဗ မစောင့်တမသရုံသရေနေ-ဝိယောဇယေ ဟူသောသုတ်ဖြင့် နဗျည်းစ္စည်း ဒ ဗျည်း၊ က္ခ ဗျည်း န ဗျည်း တ္တဗျည်း တို့မှ ခွင်းသရာသရေလောပ ဟူသောသုတ်ဖြင့် ရှေ့ က္ကသရ၊ ဥသရ၊ အသရ တို့ကိုနှောင်းသောကြောင့်စု၏ အစိတ်အပိုင်းအခြားဖြစ်သော အ ကိုချေ၊ က္ခ၏အစိတ်အပိုင်းအခြားဖြစ်သော အ ကိုချေ၊ တ္တ ၏အစိတ်အပိုင်းအခြားဖြစ်သော အ ကိုချေ၊ နယေပရံ ယုတ္တဟူသော သုတ်ဖြင့် န ဗျည်း၊ ဒ ဗျည်း၊ နဗျည်းတို့ကိုနောက် က္က-ဥ-အ သရ တို့ကိုကပ်မြတ်စွာဘုရားသခင်အလိုတော်အားလျှောက်ပတ်စွာ၊ ပဋ္ဌာန်းနည်းအရ ဗိန္ဒု ဒန္တ ဘင်္ဂ အင်္ဂသိရသာပုဒ်တို့မှ ဖြစ်လာသော နမောဗုဒ္ဓါယ အင်္ဂ သိရသာပုဒ်တို့မှ ဖြစ်လာသော နမောဗုဒ္ဓါယပုဒ်ကိုချေ၍ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပေါ်လာသောပုဒ်တို့ကို ပါဠိတော်အား လျှောက်ပတ်စွာ သဒ္ဒါနည်း အရခွင်း ချေကပ်ပြီးသော် ထို အနိစ္စ ဒုက္ခ အနတ္တ ဟူသောပုဒ်တို့သည် မြတ်စွာဘုရားပါဠိတော်အား လျှောက်ပတ်စွာ ပဋ္ဌာန်း နည်းအရ ပြီး၏။

<u>အမှာစကား</u>

ဤ အနိစ္စ ဒုက္ခ အနတ္တ ပဋ္ဌာန်း ရုပ်တည်ပုံကို တတ်မြောက်ပြီးသော ဆရာထံမှ ၎င်း သိဒ္ဓိရှင် ဖြစ်သော ပုဂ္ဂိုလ်မြတ်ထံမှ ၎င်း သင်ယူ၍ ပြုလုပ်ကြပါရန် တိုက်တွန်း လိုက်ရပါသည်။ သူတော်ကောင်း အပေါင်းတို့

**သတ္တမအဆင့်ကဏ္ဍ ပြီး၏။**

**အဋ္ဌမအဆင့်ကဏ္ဍ**

မြတ်စွာဘုရားအားရှိသေစွာ ရှိခိုးပူဇော်ပြီး၍ ပဋ္ဌာန်း နည်းမှ ဖြစ်လာသော (ဗိန္ဒု ဒန္တ ဘင်္ဂ အင်္ဂ သိရသာ) တို့ကို ခြေဖျက်၍ (နမော -ဗုဒ္ဓါယ ) ဖြစ်လာပြီးနောက် ပဋ္ဌာန်းနည်းတော်ကြီးအရ တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်လာသော အနိစ္စ ဒုက္ခ အနတ္တ ပုဒ်တို့ကိုတည်ပါ တည်သောအခါ သတ္တမ ဆင့်ဆိုရိုးကြီးဖြင့် ထွက်ပြီးမှ တည်ရပါသည်။

**အနိစ္စ ဒုက္ခ အနတ္တ တည်**

၃၄။ ပဋ္ဌမံ-အနိစ္စ သေသလောပေန ဓမ္မကာယံ ကတံ ရုပံ
ဤဂါထာဖြင့် ၉ ခေါက်ဟိန်းခွတ်၍ အနိစ္စကို ချေပြီးအလယ်ကိုယ်တော်ရေးပါ၊
၃၅။ ဒုတိယံ ဒုက္ခသေသလောပန အခေါကာယံကတံရုပံ၊
ဤဂါထာဖြင့် ဒုက္ခပုဒ်ကိုချေ၍ အောက်ကိုယ်တော်ရေး၊
၃၆။ တတိယံ-အနတ္တ သေ သေလောပေန၊ သီသအင်္ဂါကတံရုပံ၊
ဤဂါဂါဖြင့် ရှေးနည်း အတူ ဥက္ကောင်းတော်ရေးပါ၊
၃၇။ ပဋ္ဌမံ တမောသေသလောပန ဒက္ခိဏာသော တေနဇာယတေ၊
ဤဂါထာဖြင့် ရှေးနည်းအတိုင်းနမောကို ချေ၍ လက်ျာနားတော်ရေးပါ။
၃၈။ ဒုတိယံ ဗုဒ္ဓ သေသလောပေန၊ ဝါမသောတေန ဇာယတေ၊
ဤဂါထာဖြင့် ရှေးနည်းအတိုင်း၊ ဗုဒ္ဓါကိုချေ၍ လက်ဝဲနားတော်အတိုင်းရေးပါ။
၃၉။ တတိယံ-ယ-သေသလောပေန၊ ဥဏ္ဏာလုံသော မံနဝဇယံတော၊
ဂါထာဖြင့် ယ ကိုချေ၊ ရောင်တော်ကို ကိုးတွန့်ရေးပါ၊
(ဥဏ္ဏာလုံဂါထာဖြင့် ၉ ခေါက်နှိုးပါ)
၄၀။ ပဋ္ဌမံ-မသေသလောပေန မုခအန္တရေစက္ခုဝိညာဏဒွယေ
မဋ္ဌေကတေ-ဝါ-သီသံဗိန္ဒု မဋ္ဌေကတေ။ ။
ဤဂါထာဖြင့် မ ကို ချေ၍ မျက်လုံးတော်နှစ်ဘက်ရေးပါ။
၄၁။ ဒုတိယံ အ သေသလောပေန် ဒွိဘမုက်ံမုခံဇာယတေဝါအက္ခ ဗိန္ဒုသ-သီသကံ၊
ဤဂါထာဖြင့် မျက်မှောင်တော်နှစ်ဘက်ဟုဆိုအပ်သော လကွယ်ပုံ သဏ္ဍာန် မျက်လုံးတော်
နှစ်ဘက် အ ကို ချေ၍ ရေးပါ။
၄၂။ တတိယံ ဥ သေသလော ပေန ဃာန လေခါ ဇာယန္တိ။
ဤဂါထာဖြင့် ဥ ကိုချေ၍ နှာခေါင်းတော်ရေးပါ။
၄၃။ ပဋ္ဌမံ ဥ သေသလောပန၊ ဒွိ မညပန ဇာယတေ-ဓါ-ဒွိတ နယာဇာယတေ။
ဤဂါထာဖြင့် ဥ ကို ချေ၍ နို့နှစ်ဘက်ကိုရေးပါ။
၄၄။ ဒုတိယံ-အသေယ-လောပေန၊ မုခ ဇိဝှါယ ဇာယတေ
ဤဂါထာဖြင့် အ ကို ချေ၍ ခံတွင်းတော်နှင့် လျှာတော်ရေးပါ။
၄၅။ တိတယ-မသေသ-လောပေန-ဂီဝါလေခါယဇာယန္တိ
ဤဂါထာဖြင့် မကိုချေ၍ လည်ပင်းတော်ရေးပါ။
၄၆။ ပဋ္ဌမံ အ-အပလောပေန၊ ဒက္ခိဏဟတ္ထံဇာယတေ၊
ဤဂါထာဖြင့် အကိုတစ်ဝက်ချေ၍ လက်ျာလက်တော်ရေးပါ။
၄၇။ ဒုတိယံ မ အပလောပေ၊စ၊ ဝါမဟတ္ထံ ဇာယတေ။

ဤဂါထာဖြင့် မ ကို တစ်ဝက်ချေ၍၊ လက်ဝဲလက်တော်ရေးပါ။

၄၈။ တတိယံ ဉ အပလောပေန၊ ဟတ္ထလေခါဇာယတေ

ဤဂါထာဖြင့် ဉ ကိုတစ်ဝက်ချေ၍၊ လက်ဘော်အစုံရေးပါ။

၄၉။ ပဌမံ-အသေသလောပေန၊ ဒက္ခိဏပါဒံ-ကတံရူပံ၊

ဤဂါထာဖြင့် အ ကိုချေ၍ လက်ျာခြေတော်ရေးပါ။

၅၀။ ဒုတိယံ မ သေသလောပေန၊ ဝါမ-ပါဒံကတံရူပံ။

ဤဂါထာဖြင့် မကို ချေ၍ လက်ဝဲခြေတော်ရေးပါ။

၅၁။ တတိယံ ဉ သေသ-လောပေန၊ ပါဒလေခါယဇာယတော။

ဤဂါထာဖြင့် ဉ ကို ချေ၍ လခြေချောင်းတော်အစုံကိုရေးပါ။

၅၂။ ပဌမံ ဒက္ခိဏဟတ္ထံ ၊ မကာရံ ထပိတံ။

၅၃။ ဒုတိယ-ဝါမဟတ္ထံ၊အကာရံထပိတံ။

၅၄။ တတိယံ-ဂဝံပတိ-သိသံဒသ-သုဒ္ဓံ-ဉကာရံပိတံ။

၅၂။ ဂါထာရွတ်၍ လက်ျာမောင်းတော် မ ရေးပါ။

၅၃။ ဂါထာရွတ်၍ လက်ဝဲမောင်းတော် အ ရေးပါ၊

၅၄။ ဂါထာရွတ်၍ ဉကျောင်း တော် ဉ ရေးပါ၊

ဤကဲ့သို့ ပဌမံမြတ်စွာဘုရား ရုပ်ရှင်တော် ရေးပြီးလျှင် မျက်လုံးတော် မျက်ခုံးတော် စသော အင်္ဂါ အစိတ် အပိုင်းတို့ကို အနှိုးဂါထာများ (၉) ခေါက်စီရွတ်၍ နှိုးပါလေ။

၅၅။ စက္ခုပသဒါသမ္ပန္နော၊ စက္ခာယတန ပါကတော၊

စက္ခုသမ္ဗဿ-မုဒ္ဒခေါ၊ စက္ခုသောတေန-ပဋ္ဌိနံ

စက္ခာပါဒံန မေဇိနံ။

ဤဂါထာဖြင့် (၉) ခေါက်ရွတ်ဆို၍၊မျက်စေ့တော်ကိုရေးပါ။

၅၆။ သောတပသာဒသမ္ပန္နော၊ သောတယတနပါကတော၊

သောတဿဖဿမုဒ္ဒခေါ၊ သောတသဒ္ဒနမေဇိနံ။

ဤဂါထာဖြင့် (၉) ခေါက်ရွတ်ဆို၍၊ နားတော်ကို နှိုးပါ။

၅၇။ ဃာနပသာဒသမ္ပန္နော၊ ဃာနယတေနပါကတော၊

ဃာနသမဿမုဒ္ဒခေါ ဃာနဂန္ဓနမေဇိနံ။ ။

ဤဂါထာဖြင့် (၉) ခေါက်ရွတ်ဆို၍၊နှာခေါင်းတော်ကို နှိုးပါ၊

၅၈။ ဇိပသာဒသမ္ပန္နော၊ ဇိဝှါယတနပါကတော။

ဇိဝှါသမဿမုဒ္ဒခေါ ဇိဝှါရသံန မေဇိနံ။

ဤဂါထာဖြင့် ၉ ခေါက်ရွတ်ဆို၍ လျှာတော်ကို နှိုးပါ၊

၃၉။ ကယပသာဒသမ္ပန္နော ကာယယတန ပါကတော၊
ကာယသံ ဖဿ မုဒုခေါ၊ ကာယ ဖဿနမေဝိန်။
ဤဂါထာဖြင့် ၉ ခေါက်ဆို၍ ကိုယ်တော်ကိုနှိုးပါ။

၆၀။ အဇ္ဈတ္တိကမသ္မိံ ကာယေ၊ ကေသာ၊လောမာ၊ နခါ ဒန္တာ
တစော၊ ဖံသံ၊ နာရူ၊ အဋ္ဌိ၊ အဋ္ဌိ-မိဉ္ဇံ ၊ဝက္ကံ၊ ဟဒယံ၊ ယကနံ၊
ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ အန္တ ဂုဏံ၊
ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂ၊ပိတ္တံ၊သေမံ၊ ပုဗ္ဗေါ၊ လေါဟိတံ၊
သေဒေါ၊ မေဒေါ၊ အဿု၊ ဝသာ ခေဠော၊ သယ်ဃိုကာ၊
လသိကာ၊ မုတ္တံတိ။
ဤဂါထာဖြင့် (၉) ခေါက်ရွတ်ဆို၍ (၃၂) ကွတ်ဌာသကို နှိုးသွင်းပါ။

<u>သတိ</u>

ပဉ္စမံ ရုပ်ရှင်တော်မြတ်ဖြစ်တော်မူသောအခါ ဘုရားငါးဆူဂါထာတော်ဖြင့် အသီးသီးရွတ်စံသွားပါလေ (၅) ဆူ ဂါထာသာထူးသည်၊ ရုပ်ထွက်ပုံမထူးပါ။

### အဋ္ဌမ ကဏ္ဍပြီး၏။

ဤပဉ္စမံ ရုပ်တွက်နည်းနှင့် သက်ဆိုင်သော ဂါထာများကို ပြပေအံ့၊

### ကကုသံ မြတ်စွာဘုရားဂါထာ

၁။ တာလီသရတနုဗ္ဗေဓေါ၊ ကကုသန္ဓော မဟာမုနိ။
တဿကာယနိစ္ဆရန္တိ၊ ပဘာဒွါဒသယောဇနေ။ ။

၂။ စတ္တာလီသဟဿာနိ၊ တဿအာယုအနုတ္တရော
ကရောထုနော သဒါနာတော၊ အာယုံသုခံဗလဥ္စနော။ ။

---

### ကောနဂုံမြတ်စွာဘုရားဂါထာ

၃။ ကောဏာဂမနောသဗ္ဗညူဒွေါ၊ တိံသဟတ္ထသမုဂ္ဂတော။
ဝီသဝသဟဿာနိ အာယူတဿမဟေသိနော။ ။

၄။ မမ္ဗောမတေနုတပ္ပေတာ၊ ဒေဝသံယံ သုရာလံယော။
မကေလေစဇနတံ၊ သဒါသောတ္ထိံကရောတုနော။ ။

## ကဿပဘုရားဂါထာ

၅။ ကဿပေါ်နာမသမ္ဗုဒ္ဓေါ၊ ဓမ္မရာဇာပဘာကရော။
ဝိသတိဟတ္ထမုဗ္ဗေဓေါ၊ ဝိသသဟဿ အာ ယုကော။
၆။ အနုပမောသမသမော၊ ဒေဝသတ္တာအနုတ္တရော။
ကရောတုနောမဟာသန္တိံ၊ အာရောဂျဥ္စ ဇယံ သဒါ။ ။

## ဂေါတမမြတ်စွာဘုရားဂါထာ

၇။ အဋ္ဌာရသ ဟတ္ထုဗ္ဗေဓေါ၊ ဂေါတမောသက္ယဝံသနော။
သဗ္ဗညုသဗ္ဗတိလကော၊ သဗ္ဗလောကဓပ္ပဒေါ။ ။
၈။ သမ္ဗုဒ္ဓေါ သဗ္ဗဓမ္မာနံ၊ ဘဂဝေဟိ ဘဂျဝါယုတော။
ဝိဇ္ဇာစရဏသမ္ပန္နော၊ သောတ္ထာရောဂျံ ဒ ဒါတုနော။ ။
၉။ အနာဂတေစသမ္ဗုဒ္ဓေါ၊ မေတ္တေယျောဒေဝပုဇိတာ။
မဟိဒ္ဓိကောမဟာဒေဝေါ၊ မဟာသန္တိံ ကရောတုနော။ ။

အရိမေတ္တယျ ဂါထာ

ဘုရားငါးဆူဂါထာပြီး၏

အမှာ - ဥတ္တာလုံး မွေရှင်တော်ဂါထာတော်သည် စာမျက်နှာ မှ ပြခဲ့ပြီးဖြစ်၏။



နဝမအင်းတော်ကြီး

ပေါ်တော်မူလာသော ဗုဒ္ဓရုပ်ရှင်တော်ကို မာန်အောင်ဂါထာတော်ဖြင့် (၃၇) အုပ်မန်း၍ အမှုံ့ကိုလျက် မြို့ချ နံ့သာရေ အုန်းရေ ဣသရမူလီရေတို့ဖြင့်လည်း သောက်နိုင်၏၊ သောက်ပါလျှင် အလွန်ကောင်း၏။

## အောင်ဂါထာ

၁။ ပထဝီဗလ သုန္ဒရိ၊ သဗ္ဗညုဗောဓိမဏ္ဍလံ။
အသင်္ချေယျံမာရသေန၊ ဇေယျောဇေယျတုမင်္ဂလံ။ ။
၂။ ဒေဝပုတ္တာကိလေသဥ္စ၊ ခန္ဓါအစ္စုဘိသင်္ခါရာ။
ပဉ္စမာရေဇိနော ဗုဒေါ၊ တံတေဇသာဘဝတုမေ။ ။
၃။ သုကိတ္တိမာ သုဘာဝါရော၊ သုသီလဝါ သုဘာဂတော၊
ယသသိမာ ဝစေမိရော၊ ကေသရောဝါ အသမ္ဘိတော။ ။

အောင်ဂါထာများဖြင့် ၃၇ အုပ်မန်းပြီးနောက် ရောင်ခြည်တော် ဂါထာဖြင့် ၄င်း ပဋ္ဌာန်း (၂၄) ပစ္စည်းတို့ဖြင့် ၄င်း ၉ ခေါက်စီရွတ်၍- မန်း မှုံးရသည်။

## ရောင်ခြည်တော်ဂါထာများ

၁။ နီလာပီတာ ဩဒါဝတာစ၊ အဥ္စထာစပဘာသရာ။
လောဟိတာနိဆရံသီဟိ၊ ဝိဇောတန္တံ သဒါနမေ။
၂။ ယောမာရသေနမာသန္တံ၊ မာသန္တဝိဇယုသာဝေါ။
တိကာယပိနမညတ္တ၊ သောမေဒေတုဇယံ ဇိနော။ ။
၃။ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊
အနန္တရပစ္စယော၊သမနန္တရပစ္စယော ၊ သဟဇာတ ပစ္စယော၊ အညမည ပစ္စယော၊
နိဿာရ ပစ္စယော၊ ဥပနိဿယ ပစ္စယော၊ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊
အသေဝန ပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါက ပစ္စယော၊ အာဟာရ ပစ္စယော၊ ဣန္ဒြိယ ပစ္စယော၊
ဈာနပစ္စယော၊ မဂ္ဂ ပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊ အတ္ထိပစ္စယော၊
နတ္ထိပစ္စယော၊ ဝိဂတ ပစ္စယော၊ အဝိဂတ ပစ္စယော ဟောတိ။ ။

ထို့ပြင် အောက်ပါအစီအစဉ်အတိုင်း အနေကဇာ ၃ ကြိမ်တင်ပါလေ။

၁။ အနေကဇာတိသံသာရံ သန္ဓါဝိဿံအနိဗ္ဗိသံ။

ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟသိ။
သဗ္ဗာတေ ဖာသုကာဘဂ္ဂါ၊ ဂဟကူဋံ-ဝိသင်္ခတံ၊
ဝိသင်္ခါရ ဂတံစိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။
၂။ အဝိဇ္ဇာ ပစ္စယာသင်္ခါ သင်္ခါရပစ္စယာ ဝိညာဏံ၊
ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ။
သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာဝေဒနာ ။
ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနာ။
ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊
ဇာတိပစ္စယာ၊ ဇရာ ၊ မရဏ၊ သောက ပရိဒေဝ
ဒုက္ခဒေါမနဿု ပါယာသာသမ္ဘ ဝန္တိ ၊ ဧဝံမေတဿ။
ကေဝလာသာ ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ။
၃။ အနေကဇာ တိသံသာရံ (လ) ခယမဇ္ဈဂါ။ ။
၄။ အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂနိရောဓါ သင်္ခါရ နိရောဓော။
သင်္ခါရနိရောဓါ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓါ နာမရူပနိရောဓော၊ နာမရူပနိရောဓါ
သဠာယတနနိရောဓော၊ သဠာယတနနိရောဓါ ဖဿနိရောဓော၊ ဖဿနိရောဓါ ဝေဒနာနိရောဓော၊
ဝေဒနာနိရောဓါ တဏှာနိရောဓော၊ တဏှာနိရောဓါ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓါ ဘဝနိရောဓော၊
ဘဝနိယောဓါ၊ ဇာတိနိရောဓော၊ ဇာတိနိရောဓါ ၊ ဇရာမရဏ သောပရိဒေဝ
ဒုက္ခဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊
ဧဝမေတဿ၊ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓောဟောတိ။
၅။ အနေကဇာတိ သံသာရံ (ဖ) ခယမဇ္ဈဂါ။ ။
၆။ ယဒါဟဝေ ပါတု ဘဝန္တိဓမ္မာ အာတာပိနော ဈာယတော ဗြဟ္မဏဿ၊
အထဿကင်္ခါ ဝပယန္တိသဗ္ဗာ၊ ယတော ပဇာနာတိ သဟေတုဓမ္မံ။
၇။ အနေကဇာ ဇာတိသံသာရံ (လ) ခယမဇ္ဈဂါ။
၈။ ယဒါဟဝေ ပါတုဘဝန္တ ဓမ္မာ၊ အာတာပါနော ဈာယတော ဗြဟ္မဏဿ။
အထဿကင်္ခါ ဝပယန္တိသဗ္ဗာ၊ ယတောခယံ ပစ္စယာနံအဝေဒီ။
၉။ အနေကဇာတိ သံသာရံ (လ) ခယမဇ္ဈဂါ။ ။
၁၀။ ယဒါဟဝေ ပါတုဘဝန္တိဓမ္မာ၊ အာတာပိနော ဈယတော ဗြဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ၊ မာရသေနံ၊ သူရိယော ဝဩဘာသယ မန္တလိက္ခံ။
၁၁။ အနေကဇာတိ သံသာရံ (ပ) ခယမဇ္ဈဂါ။

၁၂။ ဇယောတိ ဗုဒ္ဓဿသိရ တောအယံ၊ မာရဿ'စပါပိ
မတောပရာဇယော ဥဂေါသံယျံ ဗောဓိမဏ္ဍေ
ပမောဒိတာ၊ ဇယံကဒါဒေဝဂဏာ မဟေသိနော။
၁၃။ ဇယောဟိဗုဒ္ဓဿ သိရိမတောအယံ၊ မာရဿ စပါပိ
မတောပရာဇယော။
၁၄။ ဥဂေါသယျံ ဗောဓိမဏ္ဍေပမောဒိတာ၊ သုပဏ္ဏသံဃာ ပိဇယံမဟေသိနော။
၁၅။ ဇယောတိ ဗုဒ္ဓဿ သိရိမတော အယံ၊ မာရဿစ၊
ပါပိမဿပရာဇယော၊ ဥဂေါသယုံ ဗောဓိမဏ္ဍာ
ပမောဓိတာ။
၁၆။ ဟေတုပစ္စယော (လ) အဝိဂတ ပစ္စယောတိ။
၁၇။ ဣတိပိသော ဘဂဝါ၊ အရဟံသမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော ၊ သုဂတော လောကဝိဒူ ၊
အနုတ္တရော ပုရိသ ဒမ္မသာရထိ သတ္ထာဒေဝ မနုဿနံ ဗုဒ္ဓေါ ဘဂဝါတိ။
၁၈။ သွာက္ခာတော၊ ဘဂဝတာဓမ္မော
သန္ဒိဋ္ဌိကော အကာလိကော
ဧဟိပဿိကော-ဩပါနေယျိကော
ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိတိ။ ။
၁၉။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ယဒိဒံ စတ္တာရိ ပုရိသ ယုဂါနိ-အဋ္ဌပုရိသ ပုဂ္ဂလာ။
ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုဏေယျော၊ ပါဟုဏေယျော၊
ဒက္ခိဏေယျော အဉ္ဇလီကရဏီယော၊ အနုတ္တရံ ပုညခေတ္တံ လောကဿာတိ။
၂၀။ ဧဝံ ဗုဒ္ဓံ သရန္တာနံ၊ ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ၊
ဘယံဝါဆမ္ဘိ တတ္တံဝါ၊ လောမဟံ သောနဟေဿတိ၊
၂၁။ ယံဒုန္နိ မိတ္တံ၊ အဝမင်္ဂလဥ္စ၊ ယောစမန္နာ ပေါသကုဏဿ သဒ္ဒေါ။
၂၂။ ယံဒုန္နိ မိတ္တံ၊ အဝမင်္ဂလဥ္စ၊ ယောစမနာ့ပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ၊ အကန္တံ၊ ဓမ္မာနုဘာဝေန ၊ ဝိနာသမေန္တု။
၂၃။ ယံဒုန္နိ မိတ္တံ၊ အဝမင်္ဂလဥ္စ ယောစမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ၊ အကန္တံ၊ သံဃာနုဘာဝေန ၊ ဝိနာသမေန္တု။

၂၄။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗ ဒေဝတာ၊
သဗ္ဗဗုဒ္ဓါ နုဘာဝေန သဒါသုခီ ဘဝန္တုတေ။
၂၅။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗ ဒေဝတာ။
သဗ္ဗဓမ္မာ နုဘာဝေန သဒါသုခီ ဘဝန္တုတေ။
၂၆။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗ ဒေဝတာ။
သဗ္ဗသံဃာ နုဘာဝေန သဒါသုခီ ဘဝန္တုတေ။
၂၇။ မဟာကာရုဏိကောနာထော၊ ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တောသမ္ဗောဓိ မုတ္တမံ၊
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိတေ ဟောတုသဗ္ဗဒါ၊
၂၈။ ဇယန္တော ဗောဓိယာမူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော၊
ဧဝမေဝဇယော္ဟောတု၊ ဇာယဿုဇယမင်္ဂလေ။
၂၉။ အပရာဇိတ ပလ္လင်္ကေ၊ သီသေပုတု ဝိပုက္ခလေ၊
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ ၊အဂ္ဂပတ္တော ပမောဒတိ။
၃၀။ သုနက္ခတ္တံ၊သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ၊
သုခဏောသုမုဟုတ္တောစ သုယိဋ္ဌံဗြဟ္မ စရိသု။
၃၁။ ပဒက္ခိဏံ ကာယကမ္မံ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခဏံ မနောကမ္မံ၊ ပဏိဓိတေ ပဒက္ခိဏေ။
၃၂။ ပဒက္ခိဏာနိကတွာ၊ လဘန္တတ္ထေ ပဒက္ခိဏံ၊
တေအတ္ထ လဒ္ဓါ သုခိတာ၊ ဝိရုဠှါ ဗုဒ္ဓသာသနေ၊
အရောဂါ သုခိတာ ဟောထ ၊ သမာသဗ္ဗေ ဟိညာတိဘိ။

အနေတဇာတင်ခြင်းပြီး၏။

အကျိုးပြု။ ။ ဤပဋ္ဌာန်းရုပ်ရှင်တော်ပွား ၊ ရုပ်ပုံတော်များကို သိဒ္ဓိစခန်းအောင်လို၍သစ္စာဂတိတည်ရှိသောသူများ မဟိဒ္ဓိစခန်း အောင်မြင်ပြီးသောသူများ သောက်သုံးပါက မနောမယ စိန္တာမယ သဗ္ဗသာဓါရဏာဓါတုမယ အစရှိသော အကျိုးအနန္တများပြီးမြောက်၍ မြေလျှိုးမိုးပျံပြီး ရေပေါ် မြေပေါ် သွားနိုင်ပါသည်။ အနည်းဆုံး ပဋ္ဌာန်းဘုရား ရုပ်ရှင်တော်ပေါင်းတစ်ထောင်ရအောင် တွက်နိုင်မှ ရပါမည်။ ပဋ္ဌာန်းဂိုဏ်းဝင်များက ပဋ္ဌာန်းနည်းအတိုင်းပြုလုပ်ပါ တစ်ထောင်ထက် တစ်သောင်း တစ်သိန်းတွက်နိုင်ပါက အတိုင်းထက်အလွန် ပေါက်မြောက်မည်ဟု သေသေချာချာ ထိပ်မှာစွဲ၍ အမြဲမှတ်ထားပါ။
သူတော်ကောင်းအပေါင်းတို့-

ဗုဒ္ဓါနုဿတိလည်းဖြစ် ကိုယ်လည်းသိဒ္ဓိပြီးဖြစ်၍ တစ်ချက်ခုတ် နှစ်ချက်ဖြတ် အကျိုးရခြင်းကြောင့် ပြုလုပ်ထိုက်ပါသည်။

ပုဒ်အာနှင့် ပြည့်စုံရပါလို၏။

**နဝမအဆင့်ကြီးဖြစ်၏။**

**၁၃၁၆ -ခု တပို့တွဲလပြည့်ကျော် ၇ ရက် ၂ လ်ာနေ့**

နံနက် ၁ ချက်ထပြီး သုဂတော ၅ ချက်ပုတီးစိပ်ရန် ပရိကံယူ၍ စိပ်၏၊ ထိုင်လျှက် ၁၈ ပတ်ပြီး လမ်းလျှောက်၍ ၁၈ ပတ်စိပ်၏၊ နံနက် ၆ နာရီတွင် ၃၆ ပါတ်ပြီး၍ စိန္တာမဏိ မန္တာန်ရွတ် မေတ္တာပို့အမျှဝေလိုက်၏၊ ကျွန်ုပ်ကျောင်းတွင် နေမွန်းတည့်သောအခါ ရိုက်ခတ်သော ကြေးစည်ကြီး အသံကဲ့သို့ ပီသစွာကြားရ၏၊ သို့ဖြစ်၍ ဂူတွင်းထဲနေရာအနံ့လိုက်ရှာ၏။ အရှေ့ဘက်ကရှာလျှင်အနောက်ဘက်ကကြားရ၏၊ အနောက်ဘက်ကရှာလျှင် အရှေ့ဘက်မှ ကြားရ၏၊ ထို့ကြောင့် ဘယ်ဘက်မှ လိုက်မရှာတော့ဘဲ အလောင်းတော်ကဿပကြီး ရှိခိုးပြီး ပုတီး ၉ ပါတ်စိပ်ပြန်၏။

ကျွန်ုပ်ပုတီးစိပ်နေသောအတွင်းမှာ ဘုန်းကြီးတစ်ပါးဝင်လာပြီး သပိတ်နှင့် ဆွမ်းကပ်၏၊ ဘုရားရှိခိုးမေတ္တာပို့အမျှဝေနေတာ တစ်နာရီသာကြာ၏၊ ထို့နောက်ဘုန်းကြီးက ပုတီးစိပ်ပြန်၏၊ ကျွန်ုပ်ကပုတီး (၉) ပတ်စိပ်ပြီးလျှင် မေတ္တာပို့ အမျှဝေလိုက် ထိုဘုန်းကြီးက သာဓု - ဦးဝါယာမာ ဘိဝံသ သာဓု - ဦးဝါယာမာ ဘိဝံသ သာဓု - ဦးဝါယာမာ ဘိဝံသ ဟုသုံးကြိမ်ခေါ်ပြီး သူဘုရားကပ်ထားသော ဆွမ်းသပိတ်ကိုယူပြီး ကျွန်ုပ်အားပေး၏၊ အစားလည်းခိုင်း၏၊ ကျွန်ုပ်လည်း သူပေးသော သပိတ်အတိုင်း ချောင်းလေးထဲကလက်သွားဆေးပြီး စားတော့၏၊ ကျွန်ုပ်ဆွမ်းစားသောဘေးကထိုင်ပြီး ကိုယ်တော်လေး က တယ်ကြိုးစားပြီး ပုတီးစိပ်ပါလား၊ တပည့်တော်တို့က ဒီလိုအလုပ်သမားကိုလိုက်ရှာနေတာ အပြောသမားကိုတော့ သူတို့ဘာသာ ပွဲထိုးထိုးလှည့်တောင်မကြည့်ချင်ပေါင်၊ တပည့်တော်တို့လို အကြားအမြင်တို့ မနောမယတို့ရချင်ရင် တပည့်တော်နည်းအတိုင်းလုပ် ကိုယ်တော်လေး ပုတီးအားနှင့်ဆိုရင် မြန်မြန်တောင်ရဦးမှာကိုယ်တော် ၊ အရှင်ဘုရားနည်းက ဘယ်လိုပါလဲဘုရား၊ လွယ်လွယ်လေးကိုယ်တော်၊ လွယ်လွယ်လေးပဲ ဗျည်း ၃၃ လုံးကို လေးလုံးစီ လေးလုံးစီ ရေးပြီး အင်းချသောက် ၄၅ ရက်စေ့လျှင် မဖောက်ဖျက်က ရတော့တာပါဘဲ၊ ကိုယ်တော် ဒါမှမဟုတ်ရင်လည်း သရဏဂုံအင်း ၁၀၀ ချသောက် အကြားအမြင်နဲ့ မနောမယ စိန္တာမယတို့ကတော့ လွယ်လွယ်နှင့် ကိုယ်တော့ပုတီးအားလောက်ဆိုရင် ရတော့တာပါဘဲ၊ ကိုယ်တော် သောက်မှာလား ကိုယ်တော်လေး မှန်ပါဘုရား၊ ပုတီးအဓိဋ္ဌာန်များ ပြီးလျှင် သောက်ပါမယ်ဘုရား သာဓုကိုယ်တော်လေး သာဓု သာဓု၊ အရှင်ဘုရားက ဘယ်ကကြွလာပါသလဲဘုရား၊ မဟာမြိုင်ကလာခဲ့တာပဲ ကိုယ်တော်လေး၊ သတင်းကြားလို့လာခဲ့တာ၊ တပည့်တော်က အမရပူရကပဲ၊ နန်းကျောင်းမှာနေတာ သဒ္ဒါကြီးပြီးနိသျရေးတဲ့ နန်းကျောင်းဆရာတော်ကျောင်းကလားဟုတ်တယ်ကိုယ်တော်လေး တွေ့ရတာဝမ်းမြောက်လှ ပါတယ်ဘုရား၊

တပည့်တော်ဘွဲ့ကတော့ ဦးပညာဒီပလို့ခေါ်တယ်၊ဘကြီးတော်လက်ထက်က ထွက်လာခဲ့တာ၊ တပည့်တော်နည်းကတော့ အင်းသောက်ပုတီးစိပ်၊ ဘယ်အင်းများသောက်သလဲဘုရား၊ ခုနကပြောခဲ့တဲ့ အင်းများပေါ့ လေးလုံးစမကို ရှစ်သောင်းလေးထောင်သောက်တယ်၊ ဂုဏ်တော်ကိုလည်း ရှစ်သောင်းလေးထောင်ပတ်ရေပြည့်အောင် ပွားများတယ်၊ ဒါနဲ့ပေါက်မြောက်လာတာပါပဲ ကိုယ်တော်၊ ဘယ်နှစ်နှစ်လောက်အားထုတ်ရပါသလဲဘုရား ၁၀ နှစ်လောက်လုပ်ရတယ် ကိုယ်တော်လေး၊ ပေါက်ခါနီးကြလျှင် အိမ်မက်ဆိုးများမက်ပြီး ပေါက်လာတာပဲ၊ ပေါက်ခါနီးလျှင် အိမ်မက်ဆိုးများ မက်တက်ပါသလားဘုရား၊ ဒီပြင်နည်းတော့မပြောတက်ဘူး၊ တပည့်တော်နည်းကတော့ ပေါက်ခါနီးရင် အိမ်မက်ဆိုးမက်တက်တာပဲ၊ ကျေးဇူးကြီးလှပါတယ်ဘုရား၊ ကဲ စကားပြောလို့တော့ ကောင်းတယ် ကိုယ်တော်လေး၊ အလုပ်ပျက်နေအုံးမယ်၊ တပည့်တော် သပိတ်ပေးသွားအုံးမယ် ဆေးလိုက်ပါအုံးမယ် ဘုရား၊ မဆေးပါနဲ့လေ တပည့်တော်မှာ ဂုဏ်တော်ခတ် ပိုရတာပေါ့ ၊ တင်ပါ့ဘုရားဆိုပြီး သပိတ်ပေး လိုက်၍ ဝတ်ချလိုက်၏၊ ကိုယ်တော်ကြီးလည်းကြွသွားတော့၏။

ဤနေရာ၌ အများနားလည်စေရန် ဗျည်း ၃၃ လုံးကို လေးလုံးစီ-လေးလုံးစီ အင်းချသောက်ပုံနည်းကို ရှင်းပြပေအံ့။

| | |
|---|---|
| က | ခ |
| ဂ | ဃ |

| | |
|---|---|
| င | စ |
| ဆ | ဇ |

| | |
|---|---|
| ဈ | ည |
| ဋ | ဌ |

| | |
|---|---|
| ဍ | ဎ |
| ဏ | တ |

| | |
|---|---|
| ထ | ဒ |
| ဓ | န |

| | |
|---|---|
| ပ | ဖ |
| ဗ | ဘ |

| | |
|---|---|
| မ | ယ |
| ရ | လ |

| | |
|---|---|
| သ | ဟ |
| ဠ | အ |

ဤကဲ့သို့ အစဉ်အတိုင်းချသော် (၉) အင်းရ၏၊ ထို (၉) အင်းကို တစ်ရက်တစ်အင်း ၊(၂) ရက် (၂) အင်း၊ (၃) ရက် (၃) အင်း၊ (၄) ရက် (၄) အင်း ၊(၅) ရက် (၅) အင်း ၊ (၆) ရက် (၆) အင်း၊ (၇) ရက် (၇) အင်း၊ (၈) ရက် (၈)အင်း၊ (၉) ရက် (၉) အင်း ၊(၉) ရက်သောက်ပြီးလျှင် အင်းပေါင်း (၄၅) အင်းသောက်ပြီးတော့၏၊ (၉) ရက် (၅) ပတ် ဤကဲ့သို့ ချပြီးသောက်ပါက (၄၅) ရက်တွင် အင်းပေါင်း (၂၂၅) အင်းသောက်ပြီးဖြစ်တော့၏၊ ဤတစ်ကြိမ်နှင့် ပုတီးစိပ်သူ ကံထိန်းသူဖြစ်ပါက အကြားအမြင်ရတော့၏၊ စုံး နတ် ပယောဂ ခေါ်သွင်း နိုင်တော့၏။

သရဏဂုံအင်းကိုလည်း- ဤနည်းအတိုင်းချသောက်ရန်ဖြစ်၏။
သရဏဂုံအင်း ထူးခြားချက်ကိုသာ ရေးပြပေအံ့။

၁

| | | |
|---|---|---|
| ဗု | ရ | ဿာ |
| ဂ | နံ | ဒံ |
| သ | မ | ဏံ |

၂

| | | |
|---|---|---|
| ဓ | ရ | ဿာ |
| ဂ | နံ | မံ |
| သ | မ | ဏံ |

၃

| | | |
|---|---|---|
| သံ | ရ | ဿာ |
| ဂ | နံ | ဃံ |
| သ | မ | ဏံ |

ဤသုံးကွက်သရဏဂုံအင်းတွင် အလယ်က မိမိနံသွင်းပြီးသောက်ပါ။

အင်းတစ်ရာသောက်၊ ပုတီးပတ် တစ်နေ့ (၁၀၈) ထက်မလျော့စေရ၊ အင်းတစ်ရာထက် ပိုသာပိုရမည်၊ မလျော့စေရ ၊ ကၤငါးပါးတို့တွင် - အဒိန္နဒါနာ၊ ကာမေသု၊ သုရာမေရယ၊ ဤသုံးပါးကို အသက်ထက်ဆုံး စောင့်ထိန်းပါမည်ဆို၍ အဓိဋ္ဌာန်ပြီးသောက်ပါ။

ကိုယ်တော်ကြီး ကြွသွားပြီး ကျွန်ုပ်လည်း ပုတီးစိပ်ပြန်၏၊ ထိုင်လျှက် (၁၈) ပတ်၊ လမ်းလျှောက်လျှက် (၁၈) ပတ် ပေါင်း (၃၆) ပတ်ရ၍ နားနားနေနေနေရန် လျှောင်းလိုက်၏၊ တစ်ကိုယ်လုံး မြောက်တက်နေသလိုဖြစ်နေ၏၊ ကျွန်ုပ်ကဘယ်လိုဖြစ်ဖြစ်သူ့ဟာသူပဲဆိုပြီး၊လျှောင်းလျှက် (၁၈) ပတ်စိပ်ပြန်၏၊ တောတောင်ကြီးတော်လည်းသော အသံမျိုး၊ ဂူကြီးပြိုပျက်ကျသောအသံမျိုးများ ထွက်ပေါ်လာတော့၏၊ ကျွန်ုပ်က ဘာဘဲဖြစ်ဖြစ်ဆိုပြီး မျက်စေ့မှိတ်၍သာ ဆက်စိပ်နေ၏၊ ပုတီးပြီးခါနီးကြတော့ အသံများ ငြိမ်သွား၏၊ ထိုကြောက်မက်ဖွယ်ရာ အသံများသည် (၂) နာရီ လောက်ကိုဖြစ်နေသည်ဟု မှတ်ရ၏၊ ပုတီးစိပ်လျှင် နာရီကိုကြည့်လိုက်၏၊ ညနေ (၃) နာရီထိုးနေ၏၊ လျှောင်းရာကထပြီး လမ်းလျှောက်ပြီး (၁၈) ပတ်စိပ်ပြန်၏၊ ထိုင်လျှက် (၁၈) ပတ်စိပ်ပြန်၏၊ ပြီးလျှင် နာရီကြည့်လိုက်၏၊ ည (၁၂) နာရီ ခွဲနေ၍ တမှေးအိပ်ပြန်၏၊ လျှောင်းပြီးမျက်စေ့သာမှိတ်ထားရသော်လည်း အိပ်မပျော်ပေ၊ သို့သော်အိပ်ယာကလည်းမပျက်ပေ၊ နာရီဝက်လောက်လျှောင်းအိပ်ပြီးထ၍ ပရိက်ယူပုတီးစိပ်တော့၏၊ နံနက် ၆ နာရီထိုလျှင် ပုတီးပတ် (၃၆) ပတ်ရ၍ စိန္တာမဏိမန္တာန်ရွတ် မေတ္တာပို့ အမျှဝေပြီး ကိုယ်လက်သန့်ရှင်းပြီး မှတ်တမ်းရေးလိုက်၏၊ ၁၃၁၆ ခု တပို့တွဲလပြည့်ကျော် (၈) ရက် အင်္ဂါနေ့ နံနက် (၇) နာရီ တွင် ပုတီး (၃၆) ပတ်ရ၏၊ မှတ်တမ်းရေးပြီး (၁၈) ပတ် စိပ်ပြန်၏၊ ပုတီးပြီးတော့ နာရီကြည့်လိုက်လျှင် (၁၀) နာရီ ခွဲနေ၍ အဟာရအတွက် ငှက်ပျောတောသွားပြီး အသီးများမမှည့်သေးတာနဲ့ ငှက်ပျောအူယူခဲ့၍ ဆားရေစိမ်ထား ဆားရေတစ်နာရီလောက်ကြာ အောင်စိမ်ထားသောအတွင်း ပုတီးစိပ်ပြန်၏၊ ပုတီး (၉) ပါတ်လောက်ရ၏၊ (၁၁) နာရီခွဲနေ၍ ရေစိမ်ထားသော ငှက်ပျောအူများယူစားပြီးနောက် ကျန်ရစ်သော ငှက်ပျောအူများ

ဖက်နှင့်အုပ်ထားကာ ပုတီးဆက်စိပ်ပြန်၏၊ ည (၁၁) နာရီခွဲလျှင် ပုတီးပတ် (၉၀) ရှိ၍ ခေတ္တအနားယူပြီးအိပ်၏၊ နံနက် တစ်ချက်ထိုးတော့နိုးလာ၍ ပုတီးစိပ်၏၊ နံနက် ၆ နာရီထိုးတော့ နားပြီးပုတီးပါတ်မှတ်လိုက်၏၊ ၁၃၁၆ ခု တပို့တွဲလပြည့်ကျော် ၉ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၆ နာရီတွင် ပုတီး ၃၆ ပတ်ရ၏၊ စိန္တာမုနိမန္တာန်တော်ကြီးရွတ်၏၊ မွေးနေ့ဖြစ်၍ အပြင်မထွက်တော့ဘဲဆက်စိပ်၏၊ ည ၁၁ နာရီထိုးတော့ ပုတီးပတ် (၁၀၈) ပတ်ရ၍ မေတ္တာပို့အမျှဝေ ပရိတ်များရွတ် အနေကဇာတင်၏၊ ထိုနေ့ည ထူးဆန်းသော ဖြစ်ရပ်က ပုံထားသော ကြေးစည်များ တပ်ထားသော ကြေးစည်များ ၊ ဆွဲထားသော ကြေးစည်များက အလိုလိုမြည်ကြ၏၊ ဤကဲ့သို့ထူးဆန်းအံ့ဩဘွယ်ရာများဖြစ်ပြီး နောက် အနားယူသော အနေဖြင့် အိပ်လိုက်၏၊ အိပ်ပျော်သလိုလိုဖြစ်သွားသောအခါ ခြေထောက်ကို ဆွဲခါလိုက်သလိုဖြစ်၍ လန့်နိုးလာ၏၊ နတ်သမီးတစ်ယောက်က ခြေရင်းကရပ်နေပြီး ပြုံးစိစိလုပ်ပြနေ၏၊ ကျွန်ုပ်စိတ်ထဲ ဒီကောင်မက ဘာလာရှုပ်တာမှန်းမသိဘူး၊ ဘာသဘောလဲဆိုပြီး သူ့ကိုကြည့်နေစဉ် သူ့နားက တစ်ယောက်ပေါ်လာ ပြန်၏၊ သူ့ရှေ့ကတစ်ယောက် ပေါ်လာပြန်၏၊ သူ့နောက်ကတစ်ယောက် ပေါ်လာပြန်၏၊ သူမနောက်ကတစ်ယောက် ပေါ်လာပြန်၏၊ သူတို့ဟာသူတို့ ဘာလုပ်လုပ်ဆိုပြီး သူမတို့ကို ဂရုမစိုက်ပဲ အိပ်နေရင်း မျက်စိမှိတ်၍ ပုတီးစိပ်နေ၏၊ သူမတို့ကနေသောအသံ စောင်းသံ စီးသံ ပျောက်သံတို့ နားထဲကြားနေရ၏၊ ကျွန်ုပ်စိပ်ထဲတွင် အင်း တော်တော်ဆိုးတဲ့ဟာမတွေငါ့ရှေ့ဆိုတာထားပါတော့ အလောင်းတော်က သပကြီး ရှေ့တောင် ဒီကဲ့သို့ မဖွယ်မရာလာလုပ်တဲ့ ဟာမတွေဆိုပြီး ဒေါသဖြစ်၍ မျက်စိမှိတ်ဖွင့်လိုက်ပြီး နဘေးနား ရှိနေသော ကျောက်တုံးများဖြင့် ပေါက်လိုက်၏၊ အားလုံးပျောက်ကုန်ပြီး အသံတစ်ခုက ပုတီးသမားဆိုပြီး ဒီလောက်ဒေါသကြီးရသလား မေတ္တာ-သစ္စာ-ခန္တိဆိုတာ ဘယ်မှာလဲ ဆိုတဲ့ မိန်းမသံတစ်ခုကြားရ၏၊ ထိုတွင် ကျွန်ုပ်က အင်း ဟုတ်သားဘဲဆိုပြီး ပရိက်ယူပြီး ပုတီးစိပ်တော့၏၊ နံနက် (၅) နာရီထိုးလျှင် ပုတီးပတ် (၃၆) ပတ်ရ၏၊ ထို့ကြောင့် မှတ်တမ်းရေးလိုက၏၊ ၁၃၁၆ ခု တပို့တွဲလပြည့်ကျော် ၁၀ ရက် (၅)တေးနေ့နံနက် ၅ နာရီ တွင်ပုတီးပတ် (၃၆) ပတ်ရ၏၊ စိန္တာမဏိမန္တာန်ရွတ်-ပရိတ်ရွတ်-အနေကဇာတင်ပြီး ပုတီးထိုင်စိပ်ပြန်၏၊ နေ့ ၁၁ နာရီတွင် (၃၆) ပတ်ရ၍ အဟာရအလို့ငှာ ငှက်ပျောအူစား၏၊ အပြင်ထွက်ပြီးနေဆာလှုံ ရေချိုး ဇရပ်တန်းလေးဘက်ထွက်လာ၏၊ အရှေ့ဘက်-အနောက်ဘက် ဇရပ်တန်းလေးများက ပြင်သူမရှိ၍ ပျက်စီးနေကြ၏၊ခြုံနွယ်များကအပေါ်တက်နွယ်နေကြ၏။ ခြုံနွယ်တို့ကပင် ဇရပ်ကလေးများ၏၊ အမိုးများဖြစ်၏၊ အရှေ့ဘက်၊ အနောက်ဘက် ဇရပ်တန်းကြားတွင် တောင် မြောက် သွားနေကြသော လူသွားလမ်းရှိနေ၏၊ ထိုလူသွားလမ်းလေးတွင် ကျွန်ုပ်က ပုတီးခေါက်တုံ့ခေါက်ပြန် ရွတ်နေ၏။ဇရပ်တန်းအစမှအဆုံးဆိုလျှင် လူသွားလမ်းအလျားဂိုက်တစ်ရာလောက်မက ရှိမည်ထင်၏၊ ကျွန်ုပ်ခြေလှမ်းနှင့် (၁၅၀) ရှိ၏၊ ထိုလမ်းလေးပေါ် ပုတီးပါတ် ၉ ပတ်လမ်းလျှောက်ပြီးစိပ်နေ၏၊ ၁၂ နာရီလောက်ဖြစ်၍ နေမွန်းရှိန်ရှိန်ကြီးဖြစ်သော်လည်း တောတောင်ထူထပ်သောကြောင့် နေပျောက်ထိုးရုံ လောက်သာရှိ၏၊ ပုတီး(၉)ပတ်စိပ်နေသောအတွင်းမှာ ဆတ်သတ္တဝါများအုပ်စုလာကြပြီး သစ်ပင်များစားသောက် နေကြ၏၊ ဆတ်သတ္တဝါများအထဲမှ ဆတ်အဖြူကြီးတစ်ကောင်က ကျွန်ုပ်လမ်းလျှောက်ပြီးပုတီးစိပ်နေတာကို လှည့်ကြည့်လှည့်ကြည့်နှင့် ကြည့်နေ၏၊ ပုတီး (၉)ပတ်ပြည့်မှာ တစ်ပါတ်လောက်အလိုတွင် ထိုဆတ်အဖြူကြီးက ကျွန်ုပ်လမ်းလျှောက်နေသော

နေရာလာ၍ ဝပ်နေ၏၊ ကျန်ဆတ်များကလည်း ဆတ်ဖြူကြီးနောက် လိုက်လာကြပြီး ကျွန်ုပ်သွားလမ်းတွင် စုပြုံပြီးဝပ်နေကြ၏၊ မြောက်ဘက်ကစ၍ ဝက်နေကြခြင်းကြောင့် အလောင်းတော်ကဿပဘက်သွားရန် လမ်းပိတ်နေသလိုဖြစ်နေ၏၊ ကျွန်ုပ်ကလည်း ကျွန်ုပ်ပုတီးပတ်ပြီးတော့ ဆတ်အုပ်ကြီးနားသွားပြီး (အသင်ဆတ်မင်းတို့ ကျန်းမာကြပါစေ- ချမ်းသာကြပါစေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအေးမြ၍ လိုရာဆန္ဒပြည့်ဝကြပါစေ၊ ဘေးဘယာအပေါင်း မှလည်း ဝေးကွာကြပါစေ၊ ကျွန်ုပ် ဤအလောင်းတော် ကဿပဂူတွင် ပွားများရသောဘာဝနာကုသိုလ် အဖို့များကိုလည်း အမျှပေးဝေပါ၏၊ အမျှ အမျှ အမျှ ဟု ကျွန်ုပ်ကအမျှပေးဝေလိုက်၏၊ ဆတ်ဖြူကြီးနှင့်တကွဆတ်အားလုံးက အော်မည်ပြီး သူတို့လိုရာသွားကြတော့၏၊ ကျွန်ုပ်ကလည်းအလောင်းတော်ကဿပ အာရုံခံသို့လျှောက်လာခဲ့တော့၏။ ရောက်လျှင် အလောင်းတော်ကဿပ ရုပ်ပွားတော်ကြီးကို ရှိခိုး အနေကဇာ တင်ပြီး ရှင်းလင်း၍ အောက်ဂူတွင်ဆင်း၍ ပုတီးစိပ်တော့၏၊ ည ၁၂ နာရီတွင် ပုတီးပါတ် တစ်နေ့အဖို့ (၁၀၈) ပတ်ရ၍ ခေတ္တအိပ်၏၊ တပို့တွဲလပြည့်ကျော် (၁၁) ရက်သောကြာနေ့ နံနက် တစ်ချက် တွင် ပရိက်ယူပြီးပုတီးစိပ်၏၊ နံနက် ၆ နာရီထိုး၍ ပုတီးပါတ် (၃၆) ပတ်ရသော်လည်း ဘာမျှထူးခြားချက်မရှိပေ၊ ထို့ကြောင့် စိန္တာမုနိမန္တာန်တော်ကြီးရွတ်-ပရိတ်ဂါထာမန္တာန်များ အနေကဇာတင်ပြီး မျက်နှာသစ် ကိုယ်လက်သုတ်သင်၍ ပုတီးစိပ်ပြန်၏၊ နေ့ (၁၁) နာရီထိုး၍ ပုတီးပတ် ၂၄ ပတ်ရသောကြောင့် ခေတ္တအနား ယူပြီး ငှက်ပျောအူကို အဟာရအလို့ငှာ မှိုဝဲပြီးရေချိုးရန်သွား၏၊ ရေချိုးရန် မြောင်းကလေးထဲ ဆင်းလိုက်သော အခါ ရေအောက်မှ ပျော့စိစိကြီးနင်းမိတာနှင့် နေရာရွှေ့၍ ရေချိုး၏၊ ကျွန်ုပ်ရေချိုးနေစဉ် ကျွန်ုပ်နှင့် ၁၀ တောင်လောက် အကွာမှာ ကိုယ်လုံးလောက်ရှိသော မြွေကြီးရေထဲမှ ပေါ်လာ၍ ရေပေါ်အမြန်တက် ပြီးအခြေအနေကိုစောင့်ကြည့်၏၊မြွေကြီးသည်မြောက်သို့ကူးသွား၏၊ တစ်အောင့်လောက်ကြာတော့ ပျောက်သွား၏၊ ကျွန်ုပ်ရေဆက်မချိုးတော့ဘဲ သက်န်းလဲပြီး အောက်ဂူထဲဆင်း၍ ပုတီးစိပ်နေတော့၏၊ ည ၁၁ နာရီထိုး၍ ပုတီးပတ် ၁၀၈ ပတ်တစ်နေ့ကုန်အတွက် ရ၍ မေတ္တာပို့အမျှဝေပြီးအိပ်လိုက်၏။

နံနက်တစ်ချက်ထပြီး ပုတီးစိပ်၏၊ နံနက် ၆ နာရီထိုးတော့ မှတ်တမ်းရေး၏၊ ၁၃၁၆ ခု တပို့တွဲလပြည့်ကျော် ၁၂ ရက်စနေနေ့ နံနက် ၆ နာရီတွင် ပုတီးပတ် ၃၀ ရ၏၊ စိန္တာမုနိမန္တာန် ရွတ်၍ မေတ္တာပို့ အမျှဝေ၏၊ ဆက်ပြီးစိပ်ပြန်၏၊ နေ့ ၁၁ နာရီထိုးလျှင် ပုတီးပတ် ၃၀ ရပြန်၏၊ အဟာရအလို့ငှာ ငှက်ပျောအူစားပြီး အပေါ်တက်ကိုယ်လက်သန့်ရှင်း၍ တက်ရွတ်- ကျွန်းရွက်နုများယူခဲ့ပြီး ရေအိုင်လေးထဲ ဆားရေဖြင့်စိမ်ထားလိုက်၏၊ ပုတီးစိပ်ပြန်၏၊ ညနေ ၆ နာရီထိုးတော့ ပုတီးပတ် ၃၆ ပတ်ရပြန်၏၊ အားလုံးပေါင်းလိုက်သော် ၉၆ ပတ်ရ၏၊ မေတ္တာပို့အမျှဝေ ၍ခေတ္တလျောင်းလိုက်၏၊ ဘုန်းတော်ကြီးတစ်ပါးဝင်လာ၏၊ အလောင်းတော် ကဿပကြီးကို ရှိခိုးပြီး ပုတီးစိပ်၏၊ ကျွန်ုပ်ကလည်း အခြေအနေအကဲခပ်ရင်း ပုတီးစိပ်နေ၏၊ ကျွန်ုပ် ပုတီးပတ် ၆ ပတ် (၁နာရီသာသာ) ရရှိတော့မှ ဘုန်းတော်ကြီးပုတီးစိပ်ပြီး၍ ကျွန်ုပ်ဘက်လှည့်၍လာပြီး ကျွန်ုပ်နားထိုင်၍ ဦးပုဥ္ဇင်းလေး တယ်ကြိုးစားနေပါလား၊ တပည့်တော်တို့က ဒီလိုလုပ်မှ သဘောကျတာ - ဘာပုတီးစိပ်လဲ တပည့်တော်သုဂတော ၅ ချက်စိပ်ပါတယ်ဘုရား ရွတ်ပြစမ်းပါဆို၍ ကျွန်ုပ်ကရွတ်ပြလိုက်၏၊ အင်း ဒီဂါထာ တပည့်တော်လိုက်ရှာနေတာဦးပုဥ္ဇင်းလေး သုဂတော

၅ ချက်ဂါထာ အဓိဋ္ဌာန်ဝင်နေကြောင်း မဟာမြိုင်ကကြားခဲ့၍ တပည့်တော်လာခဲ့တာ ကိုယ်တော်လေးဂါထာနှင့် တပည့်တော်ဂါထာလဲရအောင် ရော့ တပည့်တော်ဂါထာကဒါပဲဆိုပြီး ဂါထာရေးထားသော ပေစာရွက်ကလေးတစ်ချပ်ကိုပေး၏၊ ကျွန်ုပ်ကလည်း သုဂတော ၅ ချက်ဂါထာကိုရေးပေးလိုက်၏၊ ကိုယ်တော်လေး သုဂတော ၅ ချက် ဂါထာက အာယု သိဒ္ဓိဖိုမထိုးရပဲနှင့်ပေါက်တယ်၊ ရွှေငွေလဲဖြစ်တယ် နတ်လူအပေါ် ဩဇာအာဏာလည်း ကြီးတယ်၊ အလွန်အကျိုးကြီးတယ် ကိုယ်တော်လေး တပည့်တော်ဂါထာကတော့ ဝိဇ္ဇာလာတယ် နတ်လာတယ် တွေ့မြင်ရတာရှိတယ်၊ ဒါပေမယ့် ဝိဇ္ဇာတို့နတ်တို့နဲ့ စကားပြောနိုင်တဲ့ အဆင့်ရှိရင်တော့ အကျိုးထူးရှိပါတယ်၊ ကဲ ကဲ သွားအုံးမယ် ကိုယ်တော်လေး ၊ တင်ပါ့ဘုရားဆိုပြီး ကျွန်ုပ်ကလက်အုပ်ချီပြီး ဝတ်ချလိုက်၏၊ ထိုပုဂ္ဂိုလ်ကြီးလဲ ကြွသွားတော့၏၊

ထိုပုဂ္ဂိုလ်ကြီးပေးသော ဂါထာကား-

၁။ မပဟိဒ္ဓိကောမဟာရာဇာ၊ ဝိဇ္ဇာမယိဒ္ဓိဇိဝိတံ၊
မအာပုယိဒ္ဓိအာဟာရံ၊ ကာရံပိယံမနံ မမ။

၂။ အဝေရံန မေ နမေန၊ ဂေါတမိစေါအရဟံပိ၊
ဝန္ဒာပူဇာမဘဂဝါ၊ စိန္တိသိဒ္ဓိရာဇာမယံ။

၃။ ဣစ္ဆိတံ ဣစ္ဆိတံမမံ၊ အဟံဂါရဝနမာမိ၊
ဗုဒ္ဓစက္ကံ မဟာသိဒ္ဓိ ၊ လာဘာမယံနာ့နာခနေ၊
ဣစ္ဆိကာမံဝိဇာသဗ္ဗံ၊ သမိဇ္ဈာမိဒရံ ဒရံ။

အညွန်း ဤဂါထာ ၃ ပုဒ်ကို တစ်ပုဒ်လျှင် တစ်လုံးချ တစ်ပတ်စိတ် ၃ ပုဒ်ကို ရှေ့အတူ ၃ ပတ်စိပ် နံနက် ၃ ပတ် ည ၃ ပတ်စိပ်ပါ၊ သတ်သတ်လွတ်စားပါ၊ ကံငါးပါးလုံပါစေ၊ အနည်းဆုံး ၂၇ ရက် အဓိဋ္ဌာန်ပြီးစိပ်ပါက ထိုအတွင်း ပုဂ္ဂိုလ်ထူးများ ဖူးတွေ့စေနိုင်သည်။

ကိုယ်တော်ကြီး ပြန်ကြွသွားတော့ ပုတီးဆက်စိပ်၏၊ ည ၉ နာရီထိုးတော့ ပုတီးပတ်တစ်နေ့တာ ၁၈ဝ ပတ်ရ၍ ရသမျှဂါထာမန္တာန်တော်များ ပရိတ်များ ရွတ်ပြီး မေတ္တာပို့ အမျှဝေ၍ ပြီးသောအခါ နာရီကြည့်တော့ ၁၁ နာရီထိုးနေ၏၊ ခေတ္တအနားယူပြီးအိပ်၏။

၁၃၁၆ ခု တပို့တွဲလပြည့်ကျော် ၁၃ ရက် ၁ နေ့နေ့ နံနက် ၁ ချက် တွင် ထ၍ပရိကံယူပြီး ပုတီးစိပ်၏၊ နံနက် ၆ နာရီတွင် ပုတီးပတ် ၃ဝ ရ၍ စိန္တာမဏိမန္တာန်ရွတ် မေတ္တာပို့အမျှဝေ၏၊ ပြီးလျှင် ဂူအပြင်ဘက် မြောင်းထဲမျက်နှာသစ်ပြီး ပြန်ဝင်၍ ပုတီးစိတ်ပြန်၏၊ ပုတီး (၂၄) ပတ်ပြီးသောအခါ နာရီကြည့်လိုက်တော့ ၁ဝ နာရီခွဲနေ၏၊ မွန်းတည့်တော့မည်ဖြစ်၍ ဆားရေစိမ်ထားသော သစ်ရွက်ကလေးများကိုစားပြီး ပုတီးစိပ်ရန်ပြင်လိုက်သောအခါ ပုဂ္ဂိုလ်နှစ်ပါး ရောက်လာကြ၏၊ ရောက်လာကြသော ပုဂ္ဂိုလ်များမှာ မဟာမြိုင်ဆရာတော်နှင့် ဘိုးမင်းခေါင်ကြီးတို့ဖြစ်၏၊ ကျွန်ုပ်ကနေရာပေးပြီး ဆရာတော်ကြီးကိုဝတ်ချ၍ ထိုင်နေ၏၊ ထိုအတွင်းအရှင်မြတ် ၈ ပါး ရောက်လာကြပြန်၏၊ ကျွန်ုပ်စိတ်ထဲတွင် ဒီကနေ့တော့ အကြောင်းထူးရှိမယ်လို့မှတ်ထင်လိုက်ကြ၏၊ ကျွန်ုပ်ဘေးနေရာများတွင် အရှင်မြတ်ရှစ်ပါးတို့

အသီးသီးဝင်ထိုင်လိုက်ကြ၏၊ ထိုအခါ မဟာမြိုင် ဆရာတော်ကြီးက မိန့်တော်မူသည်မှာ ယနေ့ တပို့တွဲလပြည့်ကျော် ၁၃ ရက်ဆိုတော့ လကွယ်အဖိတ်နေ့ ဖြစ်ပါတယ်၊ နေ့ကလည်း တနင်္ဂနွေနေ့ဆိုတော့ နေ့ဦးလည်းဖြစ်ဆိုတော့ အလွန်ကောင်းတယ်၊ ဒီလိုနေ့မှာ အရှင်ဘုရားဆီတပည့်တော်တို့လာကြတယ်ဆိုတာ လောကုတ္တရာအသိဉာဏ်များရလိုလို့ဖြစ်ပါတယ်၊ အရှင်ဘုရားတို့ ကျော်အောင်စံထားအဆက်ဆက်မှာ- ကျမ်းဂန်တတ်များကြီးဖြစ်ကြပါတယ်၊ အရှင်ဘုရားလည်း ရှေ့ပုဂ္ဂိုလ်များနည်းတူ ကျမ်းဂန်တတ်လိမ့်မယ်လို့ တပည့်တော်တို့ထင်ပါတယ်၊ ထမင်းစားရေသောက်လောက်တော့ သိပါတယ်ဘုရား၊ ဒီလောက်သိတယ်ဆိုရင် တပည့်တော်တို့က ဝမ်းမြောက်လှပါတယ်ဘုရား၊ တပည့်တော်တို့သိလိုကြတာကတော့ ပဌမအချက် သာသနာတော် ကြီး၏ အံ့ဘွယ်တော်ရှစ်ပါး၊ ဒုတိယအချက်က သာသနာတော်ကွယ်ကြောင်း တရားများ၊ တတိယအချက် သာသနာတိုးတက်ကြောင်းတရားဖြစ်ကြပါတယ်၊ ဤသိလိုသောအချက် ၃ ချက်ကို ကျော်အောင်စံထား ဆရာတော်ကမိန့်တော်မူပါ၊ အရှင်မြတ်များ မေးကြသောအချက် ၃ ချက်ကို ဘုရားတပည့်တော် သိသလောက်လျှောက်ထားပါမယ်ဘုရား။

သာသနာတော်မြတ်ကြီး၏ အံ့ဘွယ်ရှစ်ပါးကို အင်္ဂုတ္တိုရ် ပါဠိတော်၌ ဟောထားတော် မူသည်မှာ-

အနုပုဗ္ဗဂမ္ဘီရောစ၊ ဌိတဓမ္မောအသံဝါသော၊
နာမဂေါတ္တာ နိ နိဿဇ္ဇေ၊ ဉီနပူရေတိမောစနော၊
ကေဒြဝေါဗဟုရတ္ထော၊ မဟာဘူတောတိအဋ္ဌယော၊
ဝိမုယာသန္တိယည္မိ၊ ပဿေတမ္ဘိတေ အဟံ။

လို့ဟောထားပါတယ်ဘုရား၊ မြန်မာလို အနက်အဓိပ္ပါယ်ပြန်ပါလျှင်-

၁။ အနုပုဗ္ဗဂမ္ဘီရောစ= သီလသမာဓိပညာဟု- သိက္ခာတရားပဋိပဒါအကျင့်များတို့သည် မဂ်ဖိုလ်နိဗ္ဗာန်သို့ အထိ- အစဉ်အတိုင်း နက်နဲသော အံ့ဘွယ်သည်၄င်း၊

၂။ ဌိတဓမ္မောစ-ပညာတ်အပ်သော သိက္ခာပုဒ်တော်ကို လွန်ကျူးကျင့်သော အံ့ဘွယ်သည်၄င်း၊

၃။ အသံဝါသောစ= အလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့နှင့် ပေါင်းဖော်ခြင်းမရှိသော အံ့ဘွယ်သည်၄င်း၊

၄။ နာမဂေါတ္တာနိ= အမည်အမျိုးအနွယ်တို့ကို ၊နိသဇ္ဇေါစ၊ ရဟန်းဖြစ်သည်နှင့်တစ်ပြိုင်နက် စွန့်ရသော အံ့ဘွယ်တော်သည်၄င်း၊

၅။ ဉီနပူရေတိ= နိဗ္ဗာန်သို့ဝင်သူနည်း၍ဆုတ်ယုတ်ခြင်း၊ နိဗ္ဗာန်သို့ဝင်သူများ၍ပြည်လျှံခြင်း တို့မှ မောစနောစ လွတ်ကင်းသော အံ့ဘွယ်သည်၄င်း၊

၆။ ကေဒြဝေါစ= တစ်မျိုးတည်းသော ဝိမုတ္တိ ရသ အရည်ဟူသော အံ့ဘွယ်သည်၄င်း၊

၇။ ဗဟုရတနောစ= ဗောဓိပက္ခိယရတနာ ပေါများလှသော အံ့ဘွယ်သည်၄င်း၊

၈။ မဟာဘူတောစ= မဟာဘူတ အရိယာပုဂ္ဂိုလ်များရှိသော အံ့ဘွယ်သည်၄င်း။

ဤတိ- ဤသို့ အဋ္ဌ-ရှစ်ပါးသော ၊ ယေဝိမုယာ -အကြင်ပြဆိုခဲ့ပြီး-အသီးသီးသော အံ့ဘွယ်ကြီးတို့သည်၊ ယသ္မိံ-အကြင်သာသနာတော်ကြီး၌သာလျှင်၊ သန္တိ-မုက္ခမသွေ ရှိပါပေကုန်၏၊ အဟံ-

ရုပ်နာမ်နှစ်ဝ- သမူဟကို ၊ ငါဟုစွဲဆိုကိုယ်ဟုသမုတ်၊ အကျွန်ုပ်သည် ၊တုမှိုထိုဘုရားမြတ်စွာသာသနာ၌ တေဝိမှယေ- ထိုအံ့ဘွယ်ကြီးတို့ကို ပသေယျံ- ကြည်လိုရှုလို့ဖူးမြင်လိုပါ၏။

(ဆောင်ပုဒ်) အစဉ်နက်ဝှမ်း၊ ကမ်းကိုမလွန်။ ရန်ဘွယ်ဆယ်ပြစ်၊ တမည်ဖြစ်ခြင်း၊ မယွင်းမထိုး၊ ဆယ်မျိုးရတနာ၊ ရသာဆားတူကြီးသူနေရာ၊ ဤရှစ်ဖြာသည် သာသနာတော်ကြီးအံ့ဘွယ်တည်းဟူသော သာသာနာတော်ကြီး လက်ာဖြင့်၊ ရှေ့ပညာရှိများ စီကုံးထားပါတယ်၊ ယခု ဒုတိယမေးခွန်းဖြစ်တဲ့ သာသနာ ကွယ်ကြောင်းတရား များကိုငှင်း၊တတိယမေးခွန်းဖြစ်သော သာသနာထွန်းလင်းကြောင်းတရားများကိုငှင်း၊ အဂုံတ္တိုရ်ကျမ်းမှာပဲ လာပါတယ်၊ ထိုကျမ်းလာများကိုရှေ့ပညာရှိကြီးများ အလင်္ကာဆောင်ပုဒ်များ ရေးထားခဲ့ပါတယ်၊ ထိုဆောင်ပုဒ်များ ကိုမှတ်လွယ်အောင် ရွတ်ပြလျှောက်ထားပါမယ်ဘုရား။

နာပါရစေ ကိုယ်တော်လေး ရွတ်ပြပါဘုရား

## သာသနာကွယ်ကြောင်းတရားလေးပါး

တိမ်နှင့်မြူအုပ်၊ ငပုပ်ရာဟု၊
ဤလေးခုကြောင့်၊ ညစ်ညူးမပြောင်
လ-နေရောင်သို့၊ဘုန်းခေါင်မြတ်စွာ၊
သာသနာလည်း- သုရာမေရယ၊
မေထုနနှင့်- ဇာတရူပရဇတတဖြာ၊
မိစ္ဆာသက်မွေး၊ အကြောင်းလေးကြောင်း၊
မှိန်မှေးမသာ၊ ညစ်နွမ်းရာသည်၊
ပြောင်စွာမသစ်၊ မလင်းတည်း။

အဓိပ္ပါယ်ကတော့ - ၁။ သေအရက်သောက်ခြင်း
၂။ မေထုန်မှုပြုခြင်း
၃။ ရွှေငွေကို ကိုင်ခံခြင်း
၄။ ကုလဒုသန အနေသနမှုကိုပြု၍ အသက်မွေးခြင်း

ဤလေးပါးကြောင့် သာသနာကွယ်ကြောင်းပြပါသည်ဘုရား-

ကိုယ်တော်ရွတ်ပြတဲ့ လင်္ကာထဲမှာ နံပတ် ၄ ဖြစ်တဲ့ ကုလဒူနအနေသနဆိုတာ ရှင်းလင်းအောင်မိန့်ပါအုံးဘုရား၊ တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းရောက်အောင် ပြောရမယ်ဆိုလျှင် ဘုန်းကြီးက လူကဲ့သို့ နေထိုင်ပြောဆိုမိတ်ဖွဲ့ပေါင်းသင်းခြင်းဖြစ်ပါတယ်ဘုရား။

ရှင်းသွားပါပြီ ကိုယ်တော်လေး ရှေ့ဆက်ပြီး သာသနာထွန်းလင်းကြောင်းတရား ဘယ်နှစ်ပါးရှိတယ်ဆိုတာ မိန့်ပါအုံးဘုရား။

သာသနာ ထွန်းလင်းကြောင်း တရားငါးပါးရှိကြောင်း ပဋ္ဌာန်ကုဏ္ဍိုရ်မှာ လာသည့်အတိုင်း ရှေ့ပညာရှိများကလက်ာရေးထားသည်မှာ

**သာသနာထွန်းပွင့်ကြောင်းတရားငါးပါး**

သုံးပုံပိဋကတ်၊ ပရိယတ်ဟု
မြတ်သာသနာ၊ ပွင့်လင်းဖြာပို့
ကောင်းစွာလေးစား၊ နာမှတ်သား၍
သင်ကြားနှုတ်တက်၊ အာဂုံစွတ်ရှင်၊
အနက်အဓိပ္ပါယ်၊ သိနားလည်အောင်၊
စိတ်ဝယ်နှိုင်းရှု ဆင်ခြင်မှုတည်း၊
အနုဓမ္မကြီးလုလ္လဖြင့်၊ ကျင့်ကမှန်စွာ၊
သာသနာသည် ရောင်ဝါနေသို့ ထွန်းသတည်း။

အဓိပ္ပါယ်မှာ-

၁။ ရိုသေစွာတရားနာခြင်း၊
၂။ ပရိယာယ်သင်ကြားခြင်း၊
၃။ တရားဆောင်ကြကုန်၏၊
၄။ တရားကိုအနက်အဓိပ္ပါယ်သိအောင်မှတ်သားကြကုန်၏၊
၅။ တရားကျင့်ကြကုန်၏၊

ဤငါးပါးသည် သာသနာထွန်းကြောင်းဖြစ်၏။

ဤကဲ့သို့ ရှေ့ပညာရှိများရေးသားထားတာ မှတ်သားရပါသည်ဘုရား။

သာဓုပါ ကိုယ်တော်လေး သာဓုပါ၊ တပည့်တော်တို့ က လောကီထွက်ရပ်ကို လေ့လာလိုက်စားလာခဲ့တော့ပိဋကတ်ကိုနှလုံးသွင်းနည်းခဲ့တယ်၊ အရှင်ဘုရားနှင့်တွေ့ရတာ အထူးကျေးဇူး များပါတယ်၊ တပည့်တော်တို့က ထွက်ရပ်သဘောကိုတော့ အရှင်ဘုရားအား ကျေးဇူးပြုသလို တပည့်တော်တို့ ကိုလည်း လောကုတ္တရာပိုင်းဆိုင်ရာ ပါဠိတော်ဓမ္မများကိုလည်း ကျေးဇူးပြုပါ။ တပည့်တော်တို့သိလိုတာကိုတော့မေးပါရစေ၊ ကောင်းပါပြီဘုရား၊ တပည့်တော် သိသလောက်တော့ ဖြေကြားပါမည်ဘုရား။ကိုင်း သွားလိုက်အုံးမယ် ကိုယ်တော်လေး ဟုနှုတ်ဆက်ကြပြီး မဟာမြိုင် ဆရာတော်ဘုရားကြီးနှင့် ပုဂ္ဂိုလ်ရှစ်ပါး ဘိုးမင်းခေါင်ကြီးတို့ပါ ပြန်ကြွသွားတော့၏။

ကျွန်ုပ်လည်းဆက်ပြီး ပုတီးစိပ်တော့၏၊ ည ၁၁ နာရီထိုးလျှင် ပုတီး ၉၀ ရ၍ အိပ်လိုက်တော့၏။

၁၃၁၆ ခုတပို့တွဲ လကွယ်နေ့ နံနက် ၁ ချက်နိုး၍ ပရိက်ယူပြီး သုဂတော ၅ ချက် အဓိဋ္ဌာန်ပုတီးစိပ်၏၊ နံနက် ၆ နာရီထိုးလျှင် ပုတီးပတ် ၃၀ ရ၍ စိန္တာမုနိမန္တာန်တော်ရွတ်၊ ပရိတ်များရွတ် မေတ္တာပို့ အမျှဝေ၏၊ နံနက် ၇ နာရီလောက်ပြီး၍ အပြင်ထွက် မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး ပုတီးဆက်စိပ်၏၊

ပုတီးပတ် (၂၇) ပတ်ရတော့ နာရီကြည့်လိုက်၏၊ ၁၁ နာရီခွဲနေ၍ ဆားရေစိမ်ထားသော ခတက်ရွက်နု ကြွန်းရွက်နု၊ ကငွန်းရွက်ရောရာများကို အဟာရအလို့ငှာစားပြီး ရေချိုးရန်သွား၏၊ ရေချိုးပြီးနေဆာခံပြီး ဇရပ်တန်းလေးရှေ့ လမ်းလေးပေါ်တွင် စင်္ကြံလျှောက်ပြီး ပုတီးစိပ်၏၊ ပုတီး ၁၈ ပတ်ရလျှင် နာရီကြည့်လိုက်တော့ ၃ နာရီထိုးနေ၏၊ တပို့တွဲလကွယ်နေ့ဖြစ်၍ ဥပုသ်ပြုရန် ဘုန်းတော်ကြီးတစ်ပါးပါးကို ကြွလာရန် အာရုံရောက်၏၊ မဟာမြိုင်ကိုယ်တော်ကြီးနှင့် သံဃာ ၄ ပါး ကြွလာကြ၏၊ မဟာမြိုင်ဆရာတော်ဘုရားစတင်၍ ဤဆရာတော်လေးပါးဥပုသ်ပြုရအောင် ပင့်လာခဲ့တယ်၊ ဒီကနေ့တော့အားလုံးအရှင်ဘုရား သံဃာ ၆ ပါးဆိုတော့ သံဃာဥပုသ် ပြုရအောင် ဘုရားတပည့်တော်တို့နှင့် ဘုရားတပည့်တော်တို့လည်း ပါတိမောက်မနာရတာကြာပြီ၊ အရှင်ဘုရားပဲ ပါတိမောက်ပြပါ၊ မှန်လှပါဘုရားဆိုပြီးသိမ်ကိုသွား၍ ဥပုသ်ပြုကြ၏၊ ကျွန်ုပ်ကပါတိမောက်ပြ၏၊ အနိယတကုန်အောင်ပြပြီး ကျန်အပိုင်းများ သုတေသဖြင့် သိမ်းပြီး နိဂုံးချုပ်လိုက်၏၊ သံဃာတော်ကြီးများက လိုက်လဲစွာ သာဓုအနုမောဒနာခေါ်ကြ၏။

မဟာမြိုင်ဆရာတော်ဘုရားကြီးကယနေ့ပါတိမောက်နာရတာ ကောင်းမြတ်လှပါတယ် ၊အရှင်ဘုရားတို့သာသနာနှင့်ဆိုင်ရာမသိသောအချက်အလက်များ ကျော်အောင်စံထားဆရာတော် ကိုမေးနိုင်ပါတယ်ပိဋကတ်ကျွမ်းပါတယ်ဟုပြောသောအခါအရှင်မြတ်တစ်ပါးက မဟာပဒေသတရား ဘယ်နှစ်ပါးရှိ ပါသလဲ ကျော်အောင်စံထားက ဝန်မလေးရင် မိန့်စမ်းပါဘုရား-

မဟာပဒေသတရားလေးပါးရှိပါကြောင်း မိလိန္ဒပဉှာမှာ လာပါတယ်ဘုရား။

-ပဋ္ဌဝိစေနအတ္တေ သမ္ဗင့်္ဆိတဗ္ဗော၊

အာဟစ္စပဒေနံ၊ ခေါမဟာရာဇ ရသေနံ၊

အာစရိယဝံသတာယ၊ အဓိပါယေနံ၊

ကာရဏုတ္တရိယတာယ။

ဤပါဠိတော်ကို မြန်မာပြန်လိုက်ပါလျှင် မြတ်သောမင်းကြီး ငါးပါးသော အပြားအားဖြင့် ဘုရားအလိုတော်ကျ အနက်သဘာဝကို ဝန်ခံအပ်၏၊ မြတ်သောမင်းကြီး ဘုရားရှင် တိုက်ရိုက် ဟောအပ်သော ပါဠိတော်အားဖြင့်၄င်း ပါဠိတော်အားလျော်စွာသော သုတ္တာနုလောမအားဖြင့်၄င်း၊ အဋ္ဌကထာဆရာတို့၏ ဝါဒအားဖြင့်၄င်း၊ အတ္တနောမတိဖြစ်သော ပဋိဘာန်ဖြင့်၄င်း၊ ဆိုအပ်သော လေးပါးသောအကြောင်းတို့နှင့် လွန်စွာညီညွတ်သောအကြောင်းရှိသည်၏အဖြစ်ကြောင့်၄င်း၊ ဤသို့ငါးပါးသောအပြားအားဖြင့် ဘုရားအလိုတော်ကျ အနက်သဘာဝကို ဝန်ခံအပ်၏ ဟုဟောထား ပါတယ်ဘုရား။

ကိုယ်တော်လေး တပည့်တော်တို့ နားရှင်းအောင် အဓိပ္ပါယ်ပြောပြပါဦးဟု မဟာမြိုင်ဆရာတော် ဘုရားကြီးမိန့်သဖြင့် ကျွန်ုပ်က အဓိပ္ပါယ်ပြောပြသည်မှာ-

၁။ ဘုရားဟောပါဠိတော်တည်းဟူသော သုတ္တံ

၂။ ထိုပါဠိအားလျော်သောဝါဒတည်းဟူသော သုတ္တာနုလောမ၊

၃။ အဋ္ဌကထာဆရာတို့၏ အယူဆတည်းဟူသော အာစရိယဝါဒ၊

၄။ မိမိ၏ ပဋိဘာန်ဉာဏ်ဖြင့် ဝေဖန်၍ဆုံးဖြတ်အပ်သော အယူအဆဋီကာဝါဒတည်းဟူသော အတ္တနောမတိ၊

၅။ ပြဆိုခဲ့ပြီးသောလေးပါသောအကြောင်းအရာတို့ ညီညွတ်သောအကြောင်းတည်းဟူသော ကာတ္တရိယတာ

ဤသို့လာသောဝါဒတို့တွင် မိမိအယူအဆဖြစ်သော ဋီကာဝါဒထက် -အဋ္ဌကထာဝါဒကိုလေးစားအပ်၏၊ အဋ္ဌကထာဝါဒထက် သုတ္တနုလောမဝါဒကိုလေးစားအပ်၏။ သုတ္တနုလောမဝါဒထက်သုတ္တကိုလေးစားအပ်၏၊ ဤသို့အားဖြင့် အဆင့်ဆင့် ရင့်သည်ထက်ရင့်သော ဝါဒကို လေးစားအတည်ပြုရာ၏ ဟု မိလိန္ဒပညာမှာ လာပါသည်ဘုရား၊ သာဓု သာဓု သာဓုဟု သုံးကြိမ်ခေါ်ကြပြီး ကိုယ်တော်လေးနဲ့ တွေ့ရတာ တပည့်တော်တို့မှာ အလွန်ကျေးဇူးများပါတယ်။ ယခုတပေါင်းလပြည့်နေ့မှာ တပည့်တော်တို့ မဟာမြိုင်တွင် ပုဂ္ဂိုလ်ကြီးများ အထူးအစည်းအဝေးရှိပါတယ်၊ ကိုယ်တော်လေးကအဲဒီရက်ရှိအုံးမှာလား၊ တပေါင်းလပြည့် တပည့်တော် အဓိဋ္ဌာန်ပြည့်မည့်ရက်ပါဘုရား၊ ဩ-အဲဒီရက်ပြီးမှာလား၊ တင်ပါ့ဘုရား၊ တပည့်တော်တို့ လာပင့်မယ်၊ မနက်ကိုးနာရီမှ ညနေသုံးနာရီလောက်ကြာမယ်၊ ပုဂ္ဂိုလ်အသီးသီးတို့လည်း ရောက်လာကြမယ်၊ ဒေသနာတော်နှင့် ဆိုင်ရာကြတော့ ကိုယ်တော်လေးကတာဝန်ယူပြီး ဟောပြောရလိမ့်မယ်၊ တာဝန်အတိုင်း ဆောင်ရွက်ပါမည်ဘုရား၊ တပည့်တော်တို့သွားအုံးမယ်ဟု မိန့်သဖြင့် မဟာမြိုင်ဆရာတော်အစရှိသော ဆရာတော်ကြီးများကို ဂါရဝပြုပြီးနောက် အလောင်းတော်ပဿပ ရုပ်ပွားတော်တန်ဆောင်းထဲဝင်၍ ရှင်းလင်းဝတ်ပြုပြီး အောက်ဂူဆင်းခဲ့၏၊ မဟာမြိုင်ဆရာတော်ဘုရားကြီးတို့လည်း ကြွသွားကြ၏၊ အောက်ဂူထဲရောက်တော့ ပုတီးဆက်စိပ်၏၊ ည ၁၁ နာရီထိုးလျှင် တစ်နေ့ အတွက် ၉၀ ပြီးသဖြင့် အိပ်လိုက်၏၊ ၁၂ နာရီနှင့် ၄၅ မိနစ်မှာ နိုး၍ ပုတီးစိပ်ရန် ပရိကံယူပြီးစိပ်တော့၏၊ ပုတီးပါတ် ၃၀ ရသဖြင့် နာရီကြည့်လိုက်တော့ နံနက် ၆ နာရီ ထိုးမှာ ၁၀ မိနစ်လိုသေး၏၊ စိတ္တာ မုဏိမန္တာန်ရွတ် ပရိတ်ရွတ် အနေကဇာတင် မေတ္တာပို့ အမျှဝေပြီး အပြင်ထွက် မျက်နှာသစ်၍ ပုတီးစိပ်ပြန်၏၊ (၁၈) ပတ်ရသောအခါ မှတ်တမ်းရေး၏။ ၁၃၁၆ ခုတစ်ပေါင်းလဆန်း ၁ ရက် အင်္ဂါနေ့နံနက် ၁၀ နာရီ တွင် ပုတီးပါတ် တစ်မနက်ခင်း (၄၈) ပတ်ရ၏၊ ခေတ္တနားပြီး လျှောင်းနေ၏၊ အလောင်းတော် ကဿပမထေရ်ကြီး ပူဇော်ထားသော ဖယောင်းတိုင်ကြီး (၃) တိုင် မှ ဝဲဘက်အစွန်း ဖရောင်းတိုင်ကြီးက မီးညွန့်များ (၂) တောင်လောက် ဖြတ်ဖြတ်နှင့် တက်သွား၏၊ တစ်ဖန် မီးညွန့်က နှစ်ဖြာခွဲထွက်သွားပြန်၏၊ ဒီနေ့တော့ဒီဖယောင်းတိုင်ကြီးများကအထူးအဆန်းတွေပြတယ်၊ ဘယ်လိုအတွေအကြုံတွေ တွေ့အုံးမလဲ မသိဘူးဆိုပြီး ဖယောင်းတိုင်ကြီးများ အာရုံရောက်လိုက်၊ ဘုရားဆီအာရုံရောက်လိုက်နှင့် လျှောင်းရင်း ကြည့်နေပြီးပုတီးစိပ်နေ၏၊ တစ်ဖန် အလည်တိုင်မီးညွန့်က **ဖြူ နီ ပြာ ဝါ စိမ်း** အရောင်များ ထွက်လာပြန်၏၊ကျွန်ုပ်လည်းလျှောင်းရာမှထပြီး ရှိခိုးပရိကံယူ၍ ပုတီးစိပ်ပြန်၏။ ပုတီး ၉ ပတ်ရသောအခါ နေ့ ၁၁ နာရီ ခွဲနေ၍ ဆားရေစိမ်သစ်ရွက်များကို အာဟာရအလို့ငှာ စားပြီး နေ့ ၁၂ နာရီ မှစ၍ ပုတီးထိုင်ပြန်၏၊ ပုတီး ၁၈ ပတ်ရတော့ စိပ်ကောင်းကောင်းရှိတာနဲ့ မနားပဲ ဆက်တိုက်စိပ်၏၊ ည ၁၁ နာရီထိုးတော့ တစ်နေ့တွက် ပုတီးပေါင်း ၉၀ ရ၍ အိပ်လိုက်၏။

၁၃၁၆ ခုနှစ်ပေါင်းလဆန်း ၂ ရက် ၄ ဟူးနေ့ နံနက် ၁၂ နာရီခွဲအချိန်လောက်တွင်

ဝတ်ဖြူစင်ကြယ်နှင့် အဘိုးတစ်ယောက်ရောက်လာပြီး နှုတ်ဆက်နိုးလာ၏၊ အဘိုးကြီးက ဦးပဥ္စင်းလိုက်ရှာနေတာ ယခုမှ ဒီမှာလာတွေ့တော့တယ် ဘိုးဘိုးကဘယ်သူပါလဲ ဘိုးဘိုးကို မမှတ်မိဘူးလား၊ မမှတ်မိပါဘူးဘိုးဘိုး၊ ဦးပဥ္စင်းက တပည့်တော်ကိုတွေ့ရတာ မြင်ရတာ နည်းသေးတာကိုး၊ ဦးပဥ္စင်း ဒီမှာရှိရင်တော့ တပည့်တော်လဲ ၉ ရက်လောက် အဓိဋ္ဌာန်ဝင်အုံးမယ်၊ ဦးပဥ္စင်းလက်ခံမှာလား၊ ကောင်းတဲ့အလုပ်ဆိုရင် လက်မခံနိုင်စရာ အကြောင်းမရှိပါဘူးဘိုးဘိုး ၊ ဒီလိုလာပြီးမကောင်းတဲ့ အလုပ်လုပ်ရင်ကော၊ မကောင်းတဲ့ အလုပ်လုပ်တဲ့ သူရော၊ ဒီကိုလာနိုင်မှာ မဟုတ်တော့ဘူး၊ အဲဒီသဘောကအမှန်ဘဲ ကိုယ်တော်လေး၊ အမှန်ဘဲ တပည့်တော်က ဘိုးဘိုးအောင်ဖြစ်တယ်၊ကိုယ်တော်လေးတို့ အမရပူရမြို့ ဗုံးချတော့ ကိုယ်တော်လေးမိဘရှိရာ ကျောက်တော်ကြီးဘုရားဘက်ထွက်ပြေးတော့ တပည့်တော်ကမပြေးဘို့ နောက်က လိုက်ပြောတဲ့ အဘိုးပေါ့ ဩ မှတ်မိပြီဘိုးဘိုး မှတ်မိပါပြီ၊ ကိုင်း ကိုင်း အချိန်ရှိခိုက် လုံ့လစိုက်တဲ့ တစ်ချက်နိုးပြီ ပုတီးစိပ်ကြအုံးစို့ဟု ဘိုးဘိုးအောင်က ပြောသဖြင့် ကျွန်ုပ် ပရိက်ယူပြီး ပုတီးစိပ်တော့၏၊ ဘိုးဘိုးလည်းကျွန်ုပ်၏နဘေးကထိုင်စိပ်၏၊ ကျွန်ုပ်ပုတီးပတ် ၃၀ ရ၍ နာရီကြည့်လိုက်၏၊ နံနက် ၆ နာရီထိုးနေ၏၊ မေတ္တာပို့အမျှဝေပြီး စိန္တာမုနိမန္တာန် တော်ကြီးရွတ်၏၊ ပြီးသောအခါ ဘိုးဘိုးအောင်ပုတီးထိုင်ခွင် ဖျက်၍ လာပြီးလျှင် ကိုယ်တော်လေးသံဃာတော် ၉ ပါးကြွလာလိမ့်မယ် နေရာပြင်ထားပါလို့ပြောသဖြင့်နေရာများအသင့်ရှင်းလင်းထား၏၊ ဘာကပ်လှူစရာရှိပါသလဲ မေးသောအခါဘာမျှ မရှိကြောင်း ကျွန်ုပ်တောင်ဖြစ်သလို သစ်ရွက်တို့ ငှက်ပျောအူတို့ သင့်သလိုစားနေ ရကြောင်း၊ ပြောပြသဖြင့် ဘိုးဘိုးအောင်က သာခုခေါ်ပြီး သူ့လက်ဆန့်တန်းလိုက်၏၊ သပိတ်တစ်လုံး ရောက်လာ၏၊ ရော့ ကိုယ်တော်လေး ဒီသပိတ်ကို ဒီအဓိဋ္ဌာန် မပြီးအချင်းသုံးပါ၊ စားလိုသောအစာ အဟာရ ဒီသပိတ်ထဲကနှိုက်ယူ လှူဒါန်းလိုသော မုန့်ခဲဘွယ်တို့လည်း ဒီသပိတ်ထဲကနှိုက်ယူဟုပြောပြီး ကျွန်ုပ်ကိုပေးသဖြင့် ကျွန်ုပ်ကလှမ်းယူလိုက်ပြီး ခေါင်းရင်းထားလိုက်၏၊ အလောင်းတော်ပသာဒ ကြီးခေါင်းရင်းမှာ ထားခြင်းဖြစ်၏။

ထိုဘုရားခေါင်းရင်းမှာထားသော သပိတ်ထဲမှကျွန်ုပ်က ပုဂ္ဂိုလ်များနှင့်တော့ သစ်သီးကလိုက်လျော့ညီတယ်လို့ အောက်မေ့ပြီး ကမ္ဗလာသီး ၉ လုံး၊ လိမ္မော်သီး ၉ လုံး၊ သင်းမွှေးငှက်ပျောသီး ၂၇ လုံး နှိုက်ယူပြီး ခပ် ပြားပြားကျောက်များရှာတင်ထား၏၊ ကမ္ဗလာသီးကိုတော့ ကျွန်ုပ် အခွံခွာထား၏၊ ပွဲများလည်းအသင့်ပြင်ထားလိုက်၏၊ ပုဂ္ဂိုလ်များလည်း ကြွလာကြ၏၊ အလောင်းတော်ကဿပကြီး ဂါရဝပြုပြီး ကျွန်ုပ်နားမှာ သားရေနွယ်လေးများဖြင့် ဖာသာ ခင်းထိုင်ကြ၏၊ ဘိုးဘိုးအောင်ကလည်း ခရီးဦး ကြိုဆို၏၊ အားလုံးထိုင်မိကြသောအခါ မဟာမြိုင်ဆရာတော်ကြီးက ဟောဒီပုဂ္ဂိုလ်မြတ်ကြီးက ဒီမဟာမြိုင်မှာတော့ ဂိုဏ်းချုပ်ပုဂ္ဂိုလ်ကြီးဖြစ်တယ်၊ **အရှင်မဟာဒေဝိဿရ** လို့ခေါ်ပါတယ်၊ ဟောဒီ ပုဂ္ဂိုလ်မြတ်ကြီးကဒီမဟာမြိုင်မှာ ဂိုဏ်းထောက်ဖြစ်တယ်၊ **အရှင်မဟာညာဏိသာရ** ဟုခေါ်ပါတယ်၊ ဟောဒီ ပုဂ္ဂိုလ်မြတ်ကြီးကတော့ ဒီမဟာမြိုင်မှ ဂိုဏ်အုပ်ပုဂ္ဂိုလ်မြတ်ကြီးဖြစ်တယ်၊ ဘွဲ့တော်ကတော့ **အရှင်မဟာဝရိဿရ** လို့ခေါ်ပါတယ်၊ ဒီမဟာမြိုင်မှာတော့ ဂိုဏ်းချုပ် ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် ဤပုဂ္ဂိုလ်မြတ်ကြီး ၃ ပါး က အုပ်ချုပ် နေကြခြင်း ဖြစ်ပါတယ်ဟု ပုဂ္ဂိုလ်မြတ်ကြီးသုံးပါးဘက်လက်အုပ်ညွှတ်၍ မဟာမြိုင်ဆရာတော်ဘုရား ပြောပြီးမိတ်ဆက်ပေးလေသည်၊ ကျွန်ုပ်ကလည်း ပုဂ္ဂိုလ်ကြီးတို့ကို ထိခြင်းငါးပါးဖြင့် ရှိခိုးဝတ်ချပြီး ကျန်ပုဂ္ဂိုလ်များလည်း ဝတ်ချ၍

ကိုယ်နေရာကိုပြန်နေသည်၊ ဘိုးဘိုးအောင်ကလည်း အသီးသီး ပုဂ္ဂိုလ်များကို နှိုးပြီး၊ ကျွန်ုပ်၏ ယာဘက်မှ ဖူးတုတ်၍ ထိုင်နေသည်၊ ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးက တကာဓောင်ဘယ်တုန်းကရောက်နေသလဲ၊ ယနေ့ဘဲ ဆိုပါတော့ဘုရား၊ ဒီကိုယ်တော်လေးနဲ့ ဒီမှာ ၉ ရက်၊ တပည့်တော် အဓိဋ္ဌာန်ဝင်နေမလို့ပါဘုရား၊ အေးအေးကောင်းတယ်ကောင်းတယ် တကာလို ပုဂ္ဂိုလ်ရှိရင် ဒီကိုယ်တော်လေးမှာ အများကြီးအထောက်အပံ့ ရတယ်၊ နို့နေပါအုံးကွယ့်၊ ဒီနေ့ ဘယ်နှစ်ရက် ရှိပြီလဲ၊ တပေါင်းလဆန်း ၂ ရက် ဗုဒ္ဓဟူးနေ့ ပါဘုရား၊ နောက်လပြည့်မှာ ၁၃ ရက်ကျန်သေးတာပေါ့၊ မှန်လှပါဘုရား၊ ၁၃ ရက်ကျန်ပါသေးတယ်ဘုရား၊ အဲဒီတော့ ဒကာအောင်က ကိုယ်တော်လေးနှင့်အတူ ဒီမှာ ၁၃ ရက်အဓိဋ္ဌာန်ဝင်နေပြီး ငါတို့နှင့် ဒီကိုယ်တော်လေးနှင့် ဆွေးနွေးကြတဲ့ ဒေသနာဗဟုသုတများကို မှတ်သားပြီးဘုရားသာသနာတော်ကြီးကိုဘယ်လိုပြုစုသင့်တယ်၊ ထွက်ရပ်လောကကြီးကို ဒေသနာတော် နည်းအရ ဘယ်လိုပြုလုပ်သင့်တယ်ဆိုတာ ရေမှတ်ပြီး တပေါင်းလပြည့် မဟာမြိုင်ညီလာခံကြီးမှာ အကျိုးဆောင်အနေနဲ့ တကာအောင်ကဆောင်ရွက်၍ ညီလာခံကြီးမှာ လျှောက်ထားပါ၊ မှန်လှပါဘုရား၊ ပေးအပ်သောတာဝန်အတိုင်းဆောင်ရွက်ပါမည်ဘုရား၊ငါတို့လာလာပြီးဒေသနာတော်အရ ဒီကိုယ်တော် လေးနှင့် ဆွေးနွေးသည့်အချက်များကို ထွက်ရပ်လောကမှာ အခြေခံတရားအဖြစ် အသုံးပြုရလိမ့်မယ်၊ မှန်လှပါဘုရား၊ ကဲ ကဲ မေးစရာရှိတာ မဟာမြိုင်ကြီးကမေးပါဘုရား။

သာသနာတော်ကြီးမကွယ်ပအောင် ဓမ္မစက်ကြီးများဖြင့် လှည့်ပတ်နေတယ်လို့ သိမှတ်ဘူးပါတယ်၊ အဲဒီဓမ္မစက်ရဲ့ သဘောတရားကို ကိုယ်တော်လေးက ဖြေကြားပေးပါ၊ ကောင်းလှပါပြီဘုရား၊ လျှောက်ထားပါမယ်ဘုရား၊ နာတော်မူကြပါဘုရား-

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဟောကြားထားသည်မှာ - **မူလစက်နှစ်ပါးတို့မှာ**

၁။ ပဋိဝေဓ -ဓမ္မစက်ကြီး

၂။ ဒေသနာဓမ္မစက်ကြီး ဟူ၍

**မူလအခြေခံစက်ကြီးနှစ်ပါးရှိပါသည်၊ ထိုစက်ကြီးနှစ်ပါးတို့တွင် တစ်နံပါတ်ဖြစ်သော ပဋိဝေဓ ဓမ္မစက်မှ**

က။ ဥပ္ပဇ္ဇမာနစက်

ခ။ ဥပ္ပန္နစက် -ဟူ၍ နှစ်ပါးခွဲလာပါတယ်၊ ထိုနှစ်ပါးတို့၏အဓိပ္ပါယ်မှာ သုမေဓါဘဝမှ ဘုရားအဖြစ်သို့ရောက်သော အရဟတ္တမဂ်၏ဘင်တိုင်အောင် ပါရမီဆည်းပူးတော်မူခဲ့သမျှသည် ဥပ္ပဇ္ဇမာနစက်ဟုခေါ်ပါသည်ဘုရား၊

အရဟတ္တဖိုလ်မှ- အနုပါဒ်သေသနိဗ္ဗာန်တိုင်အောင် ဥပ္ပန္နစက်မည်ပါ တယ်ဘုရား၊

ဒေသနာဓမ္မစက်ကြီးမှာလည်း -

က။ ပဝတ္တမာနစက်

ခ။ ပဝတ္တစက်ဟုနှစ်ပါးခွဲထားပါသည်၊ ထိုနှစ်ပါးတို့၏ အဓိပ္ပါယ်မှာ ရှင်ကောဏ္ဍညမှ အစပြု၍ သတ္တဝါအားလုံးတို့အားမဂ်၏ ဘင် သို့ရောက်သည်အထိဟောတော်မူခြင်းသည် ပဝတ္တမာနစက် မည်ပါတယ်ဘုရား။

ဖိုလ်ရသည်မှ အနုပါဒိသေသတိုင်အောင် ပဝတ္တစက်မည်ပါသည်ဘုရား။

ဤစက်ကြီးလေးပါးတို့သည်သာသနာတော်မကွယ်သမျှလည်၍ နေကြပါသည်ဘုရား၊ တစ်နည်းဆိုရသော်ပွင့်လင်းနေအောင်လည်ပတ်နေသော စက်ကြီးလေးပါးဟုဆိုကလည်းမှား နိုင်မည်မဟုတ်ပါဘုရား၊ သာသနာတော်တွင် ဤစက်ကြီးလေးပါး လည်နေသမျှမည်သည့် အခါမျှမကွယ်ပါဘုရား။

တပည့်တော်တို့ကျော်အောင်စံထားဆရာတော်လေးနှင့် တွေ့ရတာတယ်ပြီး အဖိုးတန်တယ်၊ ပရိယတ္တိလည်း နှံ့စပ် ပါပေတယ်ဟုဂိုဏ်းချုပ်ဆရာတော်ကမိန့်၏၊ တကာအောင် ကြားရရဲ့မဟုတ်လား၊ မှန်လှပါဘုရား၊ ဒီနည်းအတိုင်း ဒီနည်းကိုယူပြီး တကာအောင်က မဟာညီလာခံကြီး ကြတော့ တင်သွင်းပါ၊ မှန်လှပါဘုရား၊ ဘုရားတပည့်တော်တင်သွင်းပါမည်ဘုရား၊ နောက်တစ်ခု ကိုယ်တော်လေးကို မေးလိုတာက ဒိဋ္ဌိဖြစ်ကြောင်းဘယ်နှစ်ပါးရှိတယ်ဆိုတာအမိန့်ရှိပါဟု မဟာမြိုင် ဆရာတော်ကြီးကမေး၏၊ ထိုအမေးကိုကျွန်ုပ်ဖြေကြားသည်မှာ-

ခန္ဓာဝိဇ္ဇာ၊ သညာ၊ ဖဿော၊

အယော တက္က ပါပ ယောသာ။

ဤရှစ်ဖြာမှန်စွာ ဒိဋ္ဌိဖြစ်ကြောင်းတည်းဟု ရှေး ပညာရှိများက လင်္ကာရေးထား ခဲ့ပါသည်ဘုရား။ ဤလင်္ကာ၏အဓိပ္ပါယ်မှာ

| | | |
|---|---|---|
| ၁။ ခန္ဓာ | ၂။ အဝိဇ္ဇာ | ၃။ ဖဿ |
| ၄။ သညာ | ၅။ ဝိတက္က | ၆။ အယောနိသောမနသိကာရ |
| ၇။ ပါပမိတ္တ | ၈။ ပရတောဃောသော။ | |

ဤရှစ်ပါးကြောင့် မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း ၊ မိစ္ဆာဒိဋ္ဌိအယူသည် အကြီးဆုံးသောအပြစ်ဖြစ်ကြောင်း၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီးမှာ ဟောထားတော်မူသည်မှာ-

အဋ္ဌဒိဋ္ဌိဋ္ဌာနာနိ - ခန္ဓာပိဒိဋ္ဌာနံ

အဝိဇ္ဇာပိ- ဖဿောပိ သညာပိ

ဝိတက္ကောပိ-အယောနိသော မနသိကာရောပိ

ပါပမိတ္တောပိ၊ ပရတောဃောသောပိ

ဒိဋ္ဌိဋ္ဌာနံ၊ နာဟံဘိက္ခဝေ အညံဧကဓမ္မံပိ

သမနုပဿာမိ၊ ယံဧဝံ မဟာသဝဇ္ဇံ

ယထာယိဒံဘိက္ခဝေ၊ မိစ္ဆာဒိဋ္ဌိ၊

မိစ္ဆာဒိဋ္ဌိမရမာနိ ဘိက္ခဝေ၊ မဟာသာဝဇ္ဇနီ။

ဒိဋ္ဌဖြစ်ကြောင်းရှစ်ပါးတို့ကား ခန္ဓာလည်းတစ်ပါး၊ အဝိဇ္ဇာလည်းတစ်ပါး၊ ဖဿလည်း တစ်ပါး၊ သညာလည်းတစ်ပါး၊ အယောနိသော-မနသိကာရလည်းတစ်ပါး၊ ပါပမိတ္တလည်းတစ်ပါး၊ ပါပမိတ္တလည်းတစ်ပါး၊ ပရတောဃောသလည်းတစ်ပါး၊ ဤသို့ဒိဋ္ဌိဖြစ်ကြောင်းရှစ်ပါးရှိ၏။ ချစ်သားရဟန်း တို့ဤဖောက်ပြန်သော

မိစ္ဆာအယူသည်ကြီးလေးသောအပြစ်ဖြစ်သကဲ့သို့ ထို့အတူအကြင်သဘော တရားသည်ကြီးလေးသော အပြစ်ဖြစ်၏၊ချစ်သားရဟန်းတို့ မိစ္ဆာဒိဋ္ဌိမှတစ်ပါးသောကြီးလေးသော အပြစ်ရှိသော ထိုတစ်ခုသော တရားကိုလည်း ငါဘုရားသည် ညာဏ်ဖြင့် မြင်တော်မူ- ချစ်သားရဟန်း တို့ ကြီးလေးသောအပြစ်ရှိကုန်သော အနန္တရိယကံတို့သည် အယူဖောက်ပြားမိစ္ဆာဒိဋ္ဌိတရားလျှင် အလွန်အကဲအကြီးအလေးဆုံးသော အပြစ်ရှိကုန်သည်သာတည်း။

ဤသို့ဘုရားရှင်ကိုယ်တော်ကြီးသည် ဟောကြားတော်မူပါသဖြင့် မိစ္ဆာဒိဋ္ဌိ ဖြစ်ကြောင်းကို မှတ်တော်မူပါဘုရား။

သာဓု သာဓု သာဓု ဟု ကြွလာသောသံဃာ ၉ ပါးနှင့် ဘိုးဘိုးအောင်တို့က သာဓုခေါ်ကြ၏၊ ဂိုဏ်းချုပ်ဆရာတော်ကြီးက အင်းဒီလိုဆိုလျှင် အနန္တရိယကံကြီးတို့တွင် ဤမိစ္ဆာဒိဋ္ဌိအယူအပြစ်ကြီးက အကြီးလေးဆုံးအပြစ်ကြီးဘဲ၊ သူထက်ကြီးတာတော့မရှိတော့ဘူး၊ တယ်ကြောက်ဘို့ကောင်းတယ်၊ တကာအောင်ရေ -ဘုရား၊ တို့လောကမှာလည်း မိစ္ဆာဒိဋ္ဌာတွေ ရှိသေးတယ်၊ ရတနာသုံးပါးမှတစ်ပါး၊ ကိုးကွယ်မှုမရှိတဲ့ သဘောကိုမရှိကြဘဲ၊ နတ်ကိုကိုးကွယ်ပြီး နတ်ဆေး နတ်မန္တရာနှင့် ဂန္ဓာရီဖြစ်လာတဲ့ စုန်းဂန္ဓာရီတွေ အများအပြားရှိသေးတယ် မဟုတ်လား၊ ရှိပါသေးတယ်ဘုရား၊ မိစ္ဆာအယူမှ သမာအယူရောက်အောင်တကာအောင်တို့သာသနာပြုကြပါကွယ်ရို့၊ မှန်လှပါဘုရားတပည့်တော်ကြည့်ပြီး မဟာညီလာခံကြီးမှာ တာဝန်အသီးသီးခွဲဝေပေးပါမည်ဘုရား၊ အေးအေး သာဓုကွယ် သာဓု သာဓု။

ကျော်အောင်စံထားဆရာတော်လေးနှင့်တွေ့ရတာဒေသနာတော် တွေပြန်ပြီးဖော်ပေး သလို ဖြစ်တယ်ကွယ်၊ ကျေးဇူးများပါပေတယ်- ကိုင်း ကိုင်းသွားကြအုံးစို့၊ ကိုယ်တော်လေးတို့လည်း အလုပ်ရှိကြသေးတယ်ဆိုပြီး ကျွန်ုပ်ကို နှုတ်ဆက်ဘိုးဘိုးအောင်ကိုလည်း နှုတ်ဆက်ကြပြီးကြွသွားကြ၏၊ ကျွန်ုပ်တို့ ကလည်း လက်အုပ်ချီပြီး ဦးညွတ်လျက် ကျန်ရစ်တော့၏။ ကပ်ထားသော သစ်သီး များကို တစ်ခုစီဘုန်းပေးသွားကြ၏၊ ကျန်သစ်သီးများကို အကျွန်ုပ်က အဟာရအလို့ငှာ ဖြည့်တင်းလိုက်၏၊ အားလုံးကိစ္စပြီးလျှင် ကိုယ်လက်သန့်ရှင်းပြီး ပုတီးစိပ်၏၊ ကျွန်ုပ်ထိုင်လျက်လျောင်းလျက်သားစိပ်၏၊ ည ၁၀ နာရီထိုးလျှင် ပုတီးပတ်တစ်နေ့တာ ၉၀ ရ၏၊ ဘိုးဘိုးအောင်မှာ တင်ပလင်ခွေပြီး စိပ်နေတာ နံနက် ၈ နာရီမှ ည ၁၁ နာရီတိုင်အောင် ကျွန်ုပ်တစ်နေ့တာ စိပ်နေသောအတွင်းမှာပင် ထိုင်ခွင်မဖျက်သေး ပေ၊ ကျွန်ုပ် ခေတ္တလျောင်းသော အချိန်တိုင်အောင် ဘိုးဘိုးအောင်ကပုတီးစိပ်နေတာမပြီးသေးချေ၊ မှေးနေရင်း အိပ်ပျော်သွား၏၊ နံနက်တစ်ချက်ထိုးသောအခါ ကျွန်ုပ်နိုးလာ၍ ထပြီးပုတီးစိပ်သောအခါတွင် လည်း ဘိုးဘိုးအောင်က တင်ပလင်ခွေ၍ ထိုင်လျက်နေတုံးပင် တွေ့ရ၏၊ ကျွန်ုပ်ပုတီးအပတ် ၃၀ ရ၍ နာရီကြည့်လိုက်သောအခါ နံနက် ၆ နာရီထိုးနေ၍ မှတ်တမ်းရေးလိုက်၏။

၁၃၁၆ ခု၊ တပေါင်းလဆန်း ၃ ရက်၊ ကြာသာပတေးနေ့၊ နံနက် ၆ နာရီအချိန်ပုတီးပတ် (၃၀)ရ၏၊ စိန္တာမုနိမန္တာန်တော်ကြီးရွတ်ပြီး မေတ္တာပို့ အမျှဝေလိုက်၏၊ ထိုအချိန်မှဘိုးဘိုးအောင်ထိုင်ခွင်ဖျက်၍ ပုတီးပြီးတော့၏၊ ကျွန်ုပ်လည်း မျက်နှာသစ်ပြီး ထိုင်စိပ်ပြန်၏၊ ဘိုးဘိုးအောင်က လမ်းလျှောက်လျက် စိပ်နေ၏။

ကျွန်ုပ်ပုတီးပတ် (၂၄) ပတ်ပြီးလျှင် နာရီကြည့်လိုက်၏၊ နေ့ ၁၁ နာရီထိုးနေ၏၊ မနေ့ကသံပိုက်ထဲမှ ယူထားသော ကျွန်ုပ်ပုတီးပတ် (၂၄) ပတ်ပြီးလျှင် နာရီကြည့်လိုက်၏၊ နေ့ ၁၁ နာရီထိုးနေ၏၊ စား၏၊ ကိုယ်တော်လေး ကျန်နေသောသစ်သီးများမှ ဘိုးဘိုးအောင်ကိုလည်း ငှက်ပျောသီး (၃) လုံးပေးလိုက်၏၊ ပြီးလို့တောင်ထိပ်ပေါ် ရေချိုးပြီးလျှင်ဘုရားသွားရအောင်ဟု ဘိုးဘိုးအောင်က ပြောသဖြင့် ကျွန်ုပ် ရေသွားချိုး၏၊ ပြီးလို့တောင်ထိပ်ပေါ် တက်လာသောအခါ ဘိုးဘိုးအောင်က အသင့်စောင့်နေ၏၊ ကိုယ်တော်လေး သွားကြစို့ဟုပြောသဖြင့် ကောင်းပါပြီဘိုးဘိုးဆိုပြီးနောက်ကလိုက်သွား၏၊ တခဏလောက်ကြာသောအခါ မဟာဗောဓိစေတီတော်ကြီး ဖူးတွေ့ရ၏၊ အတွင်းထဲဝင်ပြီး ပုတီးစိပ်ရအောင်ဆို၍အတွင်းဝင်လိုက်သွား၏၊ဘုရားရှေ့ရောက်သောအခါ ဘုရားကိုသေသေချာချာ ဖူးပြီးမေးလိုက်၏၊ ဒီဘုရားကကုလားနဲ့ဆင်တယ်၊ ဓမ္မစကြာဟောပုံဆိုတော့ အရင်ဖူးရတဲ့ဘုရားတွေနဲ့ မတူဘူးဘိုးဘိုး၊ဘာဘုရားပါလဲဘိုးဘိုး၊ဒီဘုရားကမဟာဗောဓိပင်ကြီး ပြိုလဲတော့ မင်းတုန်းမင်းကြီးက ထိုနေရာကိုစေတီတည်ဖို့ဝိတိုရိယားဘုရင်မထံအခွင့်တောင်းတော့ ဝိတိုရိယားဘုရင်မက မင်းတုန်းမင်း အတွက်လက်ဆောင်အဖြစ်ထည့်ပေးတဲ့ မဟာဗောဓိစေတီဖြစ်ပါတယ်၊ ဒါဟာအိန္ဒိယပြည် ဗုဒ္ဓဂါယာကိုရောက်နေတာကိုယ်တော်လေး၊ ကျေးဇူးအထူးတင်ပါတယ်ဘိုးဘိုး၊ ပုတီး (၉) ပတ်လောက် တော့စိပ်မယ်နော်ဘိုးဘိုး၊ စိပ်ပါကိုယ်တော်လေး၊ တပည့်တော်လည်း (၉) ပတ်စိပ်မယ်ဆိုပြီး နှစ်ယောက်သားထိုင်စိပ်ကြ၏၊ ပုတီးစိပ်ပြီးကြလျှင် ဘိုးဘိုးအောင်က ကိုယ်တော်လေး ဗောဓိအောင်မြေ သတ္တဋ္ဌာနအောင်မြေတို့ယူခဲ့ပါ၊ တစ်နေရာတစ်နေရာမှ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေတော့ ဘုရားရှင်သီတင်းသုံးတော်မူသောနေရာသိရအောင် ဘယ်လိုစမ်းသပ်ရမလဲ ဘိုးဘိုး၊ ဘုရားသီတင်းသုံး ခဲ့သောနေရာမှန်လျှင် ပူနွေးသောအခြင်းအရာပြပါစေသားလို့ အဓိဋ္ဌာန်လိုက်ပါ၊ ကောင်းပါပြီဟုဆိုပြီး ကျွန်ုပ်ကအဓိဋ္ဌာန်ပြီးမြေနေရာများကိုလိုက်စမ်းပြီးယူ၏၊ ဘုရားသီတင်းသုံးခဲ့သော နေရာဆိုလျှင် တော်တော်ပူနေ၏၊ အချို့နေရာများဆိုလျှင် အခိုးများတောင်ထွက်လာတာတွေ့ရ၏၊ ထိုကဲ့သို့ စမ်းသပ်ပြီးဗောဓိပင်မြေသတ္တဋ္ဌာန မြေများကိုယူပြီးလျှင်ဘိုးဘိုးအောင်က မိဂဒါဝုန်သွားကြအုံးစို့ဆိုပြီး မိဂါဒါဝုန်သွားကြ၏၊ မိဂဒါဝုန်ရောက်ကြလျှင်ပုတီး (၉) ပတ်စိပ်ပြီးမြေကြီးများအုဋ်ခဲကျိုးများယူခဲ့၏၊ ထိုမှ တစ်ဖန်ဇေတဝန် ကျောင်းတော်ရာဝေဠုဝန်ကျောင်းတော်ရာ နိဂြောဓါရုံကျောင်းတော်ရာ (၄၅) ဝါသီတင်းသုံးခဲ့သော နေရာများ ဖြစ်သော ရာဇဂြိုလ်ဝေသာလီ ဗာရာဏသီ ပလလည်းတော၊ မကုလ ဘဂ္ဂတိုင်း၊ ကောသမ္ဗိ၊နာဠိဂါမ ဝေရဥ္စာပြည် - ဇာလိတောင်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၊ အာဠာဝီ သာဝတ္ထိပုဗ္ဗာရုံကျောင်း၊ ဒက္ခိဏာရုံကျောင်း၊ ဝေဠုရွာ၊ ကုသိနာရုံ ဤဋ္ဌာနများမှမြေများကိုဘိုးဘိုးအောင် ၏ညွှန်ကြားချက်အရ ယူလာပြီးလျှင် ပြန်လာကြ၏၊ ညနေ ၃ နာရီလောက် အလောင်းတော်ကဿပ ပြန်ရောက်၍ ဤမှတ်တမ်းရေးလိုက်၏၊ ဤနေ့တွင် ည (၁၂) နာရီတွင် ပုတီး (၇၅) ပတ်ရ၏၊ ဘိုးဘိုးအောင်က ခေတ္တအိပ်ရန်ပြော၍ ခေတ္တအိပ်ပြီး နံနက် (၁) ချက်တွင်ထ၍ ပရိက်ယူပြီး ပုတီးစိပ်လျက်သားတွေ့ရ၏၊ နံနက် ၆ နာရီထိုးတော့ ပုတီးမှတ်တမ်းရေး၏၊ ၁၃၁၆ ခု၊ တပေါင်းလ ဆန်း ၄ ရက်၊ သောကြာနေ့၊ နံနက် ၆ နာရီ တွင် ပုတီးပတ် (၂၇) ပတ်ရ၏၊ စိန္တာမုနိ မန္တာန်ရွတ်၊ မေတ္တာပို့ အမျှအတန်းဝေ၏၊ ပြီးလျှင် မျက်နှာသစ် ကိုယ်လက်သန့်ရှင်းပြီး ပုတီးစိပ်ပြန်၏၊ ဘိုးဘိုးအောင်က စိပ်နေတုံးပင်၊ နေ့ (၁၁) နာရီထိုးတော့ ပုတီးပတ်

(၃၀) ရ၏၊ သပိတ်ထဲက ငှက်ပျောသီးနှိုက်ယူစားနေ၏၊ ထိုအတွင်းဘိုးဘိုးအောင် ပုတီးစိပ်တာပြီး၍ ကျွန်ုပ်ဆီလာပြီး ကိုယ်တော်လေး ရေမိုးချိုးပြီး တပေါင်းလပြည့် မဟာမြိုင်အစည်းအဝေးညီလာခံအတွက် ပိဋကတ်ထဲမှ တည့်တော်လိုချင်တာကို တစ်နေ့လျှင် (၂) နာရီမေးမယ်၊ ကိုယ်တော်လေးက အဖြေပေးရလိမ့်မယ် ဦးပဥ္ဇင်းသိတာများဆိုလျှင်တော့ ပေးနိုင်ပါတယ်၊ ယနေ့မှစပြီးမေးမှာ အချိန်ရအောင် ကိုယ်တော်လေး ရေသွားချိုးချည်တော့ ကောင်းပါပြီဘိုးဘိုးဆိုပြီး ရေသွားချိုးနေပူဆာလှုံ၍ ပြန်လာ၏။ ဝုထဲရောက်တော့ ဘိုးဘိုးအောင်က ပုရပိုက်ကြီးနှင့် ကန့်ကူဆံကိုင်လျှက် အဆင်သင့်ဖြစ်နေ၏။ ကျွန်ုပ်က ကျွန်ုပ်နေရာထိုင်လိုက်၏၊ ဘိုးဘိုးအောင်က ကျွန်ုပ်ကို ဝတ်ချပြီးအောက်ပါကို မေး၏-

သခ်ဆိုသည်- ဆုံသည်ရပ်
ဘုရားဆိုသည်- ရှင်သိဒ္ဓတ်၊
တရားဆိုသည်- ကိုယ်စောင့်နတ်၊
သံဃာဆိုသည်- ကိုယ်စောင့်နတ်၊
ဝေါဟာဆိုသည်- ဗိုလ်သုံးရပ်၊
လူဖြစ်မည်လော-နတ်ဖြစ်မည်လော၊
တတ်လျှင်လည်းမဖြေရာ- မတတ်လျှင်လည်းမနေရာ၊
အရည်တူ၍- လှူုသမ္မလည်းမအပ်
အရည်မတူ၍- လှူသမ္မလည်းအပ်၏၊
အိတ်ကိုလည်းဆုတ်လိုက်ဘိ၊
ချိတ်ကိုလည်း နှုတ်လိုက်ဘိ၊
အမေးသုံးလွန်းတင်၊ အဖြေသုံးစဖျင်၊
အမေးသုံးထပ်တင်၊ အဖြေသုံးရပ်ဝင်၊
အမေးတစ်ကြောင်းတည်း- အဖြေသုံးတန်စဉ်။

တပည့်တော်တို့ ကုန်းဘောင်ခေတ်မှာ ခေတ်စားနေသော ဤအဓိပ္ပါယ်များကို ကိုယ်တော်လေး သိရှိသလောက် မိန့်ပါဘုရား။

ဘိုးဘိုးမေးသော လင်္ကာအဓိပ္ပါယ်များက ကြားဘူးနားဝ ရှိမထားရင် မဖြေနိုင်ပါဘူး၊ အထက်ပါ လင်္ကာ၏အဓိပ္ပါယ်ကို ဦးပဥ္ဇင်းတို့ဆရာ ဝတ်ပြုရင် ခဏခဏမိန့်ဘူးသည့်အတွက် ဘိုးဘိုးအမေးကိုဖြေနိုင်တာ- နေမှတ်တော့ဘိုးဘိုး တစ်ပိုဒ်စီဖြေပါမယ်။

သိယ်ဆိုသည်ဆုံသည့်ရပ် ဆိုသည်မှာ- သက္ကရာဇ် (၁၁၁၃) ခုအင်းဝပျက်၍ အလောင်းမင်းတြား ဦးအောင်ဇေယျ မြန်မာပြည်အရပ်ရပ်တိုက်ပြီး အောင်မြင်သည့်နောက် ဟံသာဝတီ၊ တောင်ငူ၊ အင်းဝ၊ ရှမ်း၊ ယွန်း၊ အစရှိသော ပြည်များ၏ ရွှေ ငွေ ပတ္တမြား စသောရတနာအပေါင်းတို့သည် မုဆိုးဘိုသို့ စုလာသည်လည်းတစ်ချက်၊

စာပေ-ပိဋကတ်-ဓါတ်တော်-မွေတော်တည်းဟူသော ရတနာအစစ်အပေါင်း တို့စုလာသည်လည်းတစ်ချက်၊ အရပ်ရပ်ပြည်မြို့တို့မှရှင်ရဟန်းပညာရှိများ၊ မုဆိုးဘိုအရပ်သို့ စုရောက်လာသည်လည်းတချက်၊ ဤသုံးချက်သော ရတနာအပေါင်းတို့ စုဆုံလာသည်ကိုရည်စူး၍ ထိုမြို့ကို ( ရတနာသိခ်) မြို့ဟုဆိုသည်၊ နောက်တစ်နည်းမှာ -ခရီးလမ်းကြောင်းတို့၏ ဆုံရာအရပ်ကို မဂ္ဂသိယာ်ဋက ခရီးလမ်းဆုံး ဆိုသကဲ့သို့ ရတနာအပေါင်းတို့၏ စုဝေးရာဖြစ်၍ ( ရတနာသိယ်မြို့ )ဆိုလေသည်၊ ဝိဂြိုလ်ပြုရလျှင် -ရတန်သိယာ်ဋ- ရတနာသိယာ်ဋ၊ ဤနေရာ၌ စတုတ္ထအက္ခရာ(ယ)နှင့် ရတနာသိယ်၏ ပဝတ္တိဖြစ်ခြင်းအရာကို မှတ်ရပါမည်၊ နောက်တစ်နည်းမှာ-ဒုတိယအက္ခရာ (ခ) ရတနာသိခ်၏ အဓိပ္ပါယ်ကို ဤသို့မှတ်ရပါသည်၊ လူတို့အထွတ်အောင်မြင်ခြင်း ဦးစွန်းသဖွယ် ဖြစ်သော ဇေယျသိခ်မင်း၊ ဦးစွန်းငါးခုရှိသော ပဥ္စသိခ်နတ်သားဟုခေါ် ဆိုသကဲ့သို့ ရတနာအပေါင်းတို့၏ စုဝေးရာ တိုင်းပြည် တကာတို့၏အထွတ် ဦးစွန်းသဖွယ်ဖြစ်သော ရတနာသိခ်မြို့တော်ဟူ၍ အနက်အဓိပ္ပယ် ယူအပ်သောကြောင့် ဒုတိယအက္ခရာ (ခ) နှင့်လိုပါသည်၊ ထို့ကြောင့် မြန်မာ့ထိပ်ခေါင် **ဦးစွန်းထောင်၍ ကုန်းဘောင်စံမှတ် နန်းပြဿဒ်က မန္တာတ်တနုန်း စက်ရှိန်မှုန်းသော်၊ ပျော့ကပြုန်းရန် မျိုးဟူ၍ ရှေးသူဟောင်းတို့ စပ်ဆိုကုန်၏၊** သိခ်သဒ္ဒါကား ဦးစွန်းဟောသိယ်သဒ္ဒါကား-အလျှင်အမြန်ဟော၊ ရတနာသိယ်၊ ရတနာသိခ်၊ သဒ္ဒါနှစ်မျိုးမှ မည်သည့်အက္ခရာမဆိုသင့်မြတ်လှပါသည် ဘိုးဘိုး။

(ဘုရားဟူသည်- ရှင်သိဒ္ဓတ်) ဆိုသည်ကား ကပ္ပိလဝတ်မည်သော မင်းနေပြည်တော်ကြီး ကိုဗာရာဏသီပြည်-ဥက္ကါမုခ မင်းသားတော်လေးယောက်၊ သမီးတော်ငါးယောက် တို့သည်ဗိုလ်ပါ အလုံးအရင်းနှင့်တကွပြုစုတည်ထောင်ထားကြသည်၊ မင်းသားလေးယောက် အချိန်တန်အရွယ်ရောက်ကြလျှင် တစ်ပါးသောသူနှင့် အိမ်ထောင်ဖက်ပြုချေသော် အမျိုးပျက်မည်၊ အမျိုးပျက်လျှင် အပြောအဆို အသုံးအစွဲပျက်မည်၊ အပြောအဆိုအသုံးအစွဲပျက်လျှင် ပြည်ထဲရေး- မငြိမ်မဝပ်ရှိမည်၊ ပြည်ထဲရေး-မငြိမ်မပပ်ရှိလျှင် တိုင်းပြည်ကိုမှီ၍နေသမျှသတ္တဝါတို့ ဆင်းရဲခြင်း သို့ရောက်မည်ဟု အကြံတော်ရှိကြ၍ နှစ်မငါးယောက်တို့တွင် အကြီးဆုံးနှမကိုအမိအရာထား၍ အငယ်လေးယောက်တို့နှင့် အမျိုးတော်ပျက်မည်စိုးရိမ်၍ မောင်တော်လေးယောက်တို့ကိုအချင်းချင်းအိမ်ထောင်ဘက်ပြုကြ၍ ပြည်ထဲရေးကိုဆောင်တော်မူကုန်သည်။ ထိုအကြောင်းကိုခမည်းတော်ဥက္ကါမုခမင်းကြီး ကြားတော်မူလျှင် ငါ့သားတော် သမီးတော်တို့သည်ကား ရဟန်းရှင်လူပြည်သူတို့၏ အကျိုးစီးပွားချမ်းသာကိုငဲ့၍မောင်နှင့်နှမ ရွှေလက်တွဲ၍ပြည်ထဲရေးကို ဆောင်တော်မူခြင်းဌာပြုသည်ကား အလွန်ပြုနိုင်ခဲသောအရာကို ပြုပေစွဟူ၍ ခမည်းတော်ဥက္ကါမုခမင်း ချီးမွမ်းစကားဆိုသောကြောင့် (ဘောသကျာဝတ ကုမာရ) ဟူသောစကားကို ဆိုတော်မူသည်၊ (သကျာဝတ) စကားကိုစွဲ၍ သာကီဝင်မင်းမျိုးဟု တွင်လေသည်ကိုရည်၍အရှင်အဂ္ဂသမာဓိ ဆရာတော်သည် (သကျာဝတ-ကုမာရဟု-ဩဇာသာကြည် နှုတ်ခွန်းရည်ကြောင့် ပင်စည်ညွန့်ညောက် - မင်းရိုးပေါက်သည်ဟု ) စပ်တော်မူလေသည်၊ မောင်နှင့်နှမ အိမ်ထောင်သည်ကို သားတော်သမီးတော် မှူးတော် မတ်တော်တို့သည် ခမည်းတော်ဥက္ကါမုခမင်း ႏကြီးကြားလျှင် အပြစ်တော်တင်မည်ကိုစိုးရိမ်၍နေကြစဉ် (ဘောသကျ ဝတကုမာရ) ဟူသော ချီးမွမ်းသံကိုကြားကြလျှင် မင်းနှင့်တကွ ပြည်သူအပေါင်းတို့

စိုးရိမ်ခြင်းပျောက်၍ စိတ်ချမ်းမြေ့ခြင်းဖြစ်ကြသည်ကို အကြောင်းပြု၍ သိဒ္ဓဖြစ်သည်တစ်ချက်၊ ဘုရားအလောင်းတော်ဖွားတော်မူလျှင် ငါတို့အရှင်မင်းကြီးအား ပြည်သူတို့၏ စီးပွားချမ်းသာကို ဆောင်အံ့သော သားကောင်းရတနာရပေပြီဟူ၍ တိုင်းသားပြည်သူအပေါင်းတို့ နှလုံးချမ်းမြေ့ခြင်းဖြစ်သည်ကိုစွဲ၍ ဘုရားအလောင်းတော်ငယ်မည် သိဒ္ဓတ္ထဟူ၍မှည့်သည်လည်းတစ်ချက်၊ နှစ်ဆယ့်ကိုးနှစ်အရွယ်တော်တွင် တော်ထွက်တော်မူ၍ ခြောက်နှစ်တို့ပတ်လုံး ဒုက္ကရစရိယ ကျင့်တော်မူပြီးလျှင် သုံးဆယ့်ငါးနှစ်အဝင် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ နေအာရုဏ်တက်သည်နှင့် တစ်ပြိုင်နက် - မဟာဗောဓိပင်အောက် ရွှေပလ္လင်ထက်၌ သစ္စာလေးပါး တရားတို့ကို သိတော်မူ၍ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် စကြာဝဠာတစ်သောင်းမှ လာကြကုန် သောနတ်သိကြား ဗြဟ္မာအပေါင်းတို့သည် ခပ်သိမ်းကုန်သော လူနတ်ဗြဟ္မာသတ္တဝါ အပေါင်းတို့ အစီးအပွားအလို့ငှာ ဘုရားဖြစ်တော်မူပြီး၍ ဝမ်းမြောက်ခြင်း စိတ်နှလုံးချမ်းမြေ့ခြင်း ဖြစ်တော်မူသည်ကို စွဲ၍လည်း သိဒ္ဓတ္ထအမည်ရသည်တစ်ချက်၊ ဤသုံးချက်သော သိဒ္ဓတ်ကိုရည်၍ (ဘုရားဆိုသည် ရှင်သိဒ္ဓတ်) ဟု ဆိုပါသည်၊ (သိဒ္ဓတ္ထဿဘာ ဝေါသိဒ္ဓတ္ထံ)ဟု ဝိဂြိုဟ်ပြုရပါသည် ဘိုးဘိုး- သာဓု ကိုယ်တော်လေး သာဓု - သာဓု။

ရှေ့(တရားဆိုသည်- ကိုယ်စောင့်နတ်) ဆိုသည်မှာ- ဘုရားမပွင့်မှီက ကမ္မဝါဒီအယူမရှိသော မိစ္ဆာဒိဋ္ဌိအမျိုးတို့သည် လူတို့၏ ပစ္စုပ္ပန် သံသရာ စီးပွားချမ်းသာကို ကမ္ဘာဦးက စန္ဒီ ပရမသွာ မဟာပိန္နဲ ဂေါရမန္တတို့သာ ဆောင်ကြကုန်၏၊ ထိုနတ်တို့ကို မပြတ်ကိုးကွယ်ရာ၏ဟုမယူ၊ အကျိုးကိုဆောင်တတ် သည်သာ ဓမ္မမည်၏ဟု ယူဆသည် တစ်ချက်၊ ဘုရားပွင့်တော်မူ၍ ရတနာသုံးပါးထင်ရှားရှိသည်တွင် (ဗုဒ္ဓေါ-အဿဒေဝတာ) စသည်နှင့်အညီ ရတနာသုံးပါးတို့သည် သာလျှင် သတ္တဝါတို့၏ စီးပွားချမ်းသာကို သာဆောင်ကြကုန်၏၊ ရတနာသုံးပါးတို့သည်သာလျှင် ဓမ္မမည်၏ဟု တစ်ချက်၊ သဗ္ဗေသတ္တာ ကမ္မသကာ ကမ္မဝါယာဒါ ကမ္မျပနိဿယောဟု ဘုရားဟောတော် မူသည်နှင့် အညီ သတ္တဝါတို့အား ကောင်းမှုကံ မကောင်းမှုကံသည်သာလျှင် ကောင်းကျိုးမကောင်းကျိုးကို ဆောင်ကုန်၏၊ ကံသာလျှင် ဓမ္မမည်၏ဟု ယူသည်လည်းတစ်ချက် ဤဓမ္မသုံးချက်တို့သည် သာလျှင် ကိုယ်ကိုစောင့်သောကြောင့် ကိုယ်စောင့်နတ် ဆိုပေသည်၊ ဤကိုရည်၍ (တရားဆိုသည် ကိုယ်စောင့်နတ်) ဟုဆိုသည် ဘိုးဘိုး။

သာဓု ကိုယ်တော်လေး သာဓု သာဓု။

(သံဃာဆိုသည်- လူစဖြတ်) ဆိုတဲ့ အဓိပ္ပါယ်ကို မိန့်တော်မူပါအုံး။

သံဃာဆိုသည် လူစပြတ်ဆိုသည်မှာ မိဘအမွေဥစ္စာပစ္စည်းတို့ကို စွန့်၍ မုတ်ဆိတ်ဆံပင်ကိုဖြတ်သဖြင့် ရဟန်းပြုကြသော သမ္မုတိ သံဃာတော်တို့သည် အိမ်ထောင်ပြုခြင်းအမှုကို မပြုကြ၍ သားမြေး စီးပွားမဲ့ရှိကြလေသောကြောင့် (သံဃာဆိုသည် လူစပြ) ဟုဆိုသည်တစ်ချက်။

သောတာပန် - သကဒါဂါမိဖြစ်ကြသော သံဃာတော်တို့သည် ဒိဋ္ဌိဝိစိကိစ္ဆာတို့ကို ပယ်ကြသဖြင့် အပါယ်လေးပါး-တံခါးပိတ်၍ ပုထုဇဉ် လူတို့အနွယ်ကို ဖြတ်လေသောကြောင့် (သံဃာဆိုသည်- လူစဖြတ်) ဟုဆသည်တစ်ချက်။ အနာဂါမ် ရဟန္တာဖြစ်ပြီးသော သံဃာတော်တို့သည် ကာမ ရာဂ ဗျာပါဒ တို့ကိုပယ်ကြသဖြင့် ဘုံသုံးပါးတို့၌ လူမျိုးပြတ်၍ နိဗ္ဗာန်သို့ သွားရလေသောကြောင့် (သံဃာဆိုသည် လူစဖြတ်) ဟုဆိုသည်တစ်ချက်၊

(သံသုဋ္ဌပါပကေ- အကုသလေ-ဟနတိ - ဆိန္ဒတိတိသံယော) ဟု ဝိဂြိုဟ်ပြုရပါသည်။

အဓိပ္ပါယ်ကား-ကောင်းစွာ အကုသိုလ် တရားတို့ကို သတ်တတ် ဖြတ်တတ်သောကြောင့်-သံယာမည်၏ဟုဆိုလိုသည်။

သာဓု ကိုယ်တော်လေး သာဓု သာဓု။

ရှေ့ဆက်ပြီး (ဝေါဟာဆိုသည် -ဗိုလ်သုံးရပ်) ဟူသောအဓိပ္ပါယ်ကို ရှင်းပြပါအုံးဘုရား။

ဒါကတော့လွယ်ပါတယ်၊ ဝေါဟာရဆိုသည်မှာ ဗိုလ်သုံးရပ်ဆိုတာမှာ လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်၊ ဤပြည်သုံးရပ်တွင် ဘုရားရှင်အထံတော်သို့ ဖူးမျှော်ရောက်နိုင်သမျှသော သုံးဘုံသားတို့ကို ဆိုသည်ဟုမှတ်ရပါမည်။

ရှင်းသွားပါပြီကိုယ်တော်လေး (လူဖြစ်မည်လော-နတ်ဖြစ်မည်လော)ဆိုသောအဓိပ္ပါယ်ကို ရှင်းပါအုံးဘုရား-

(လူဖြစ်မည်လော-နတ်ဖြစ်မည်လော)ဟု ဆိုရာ၌ လူနတ်ဗြဟ္မာတို့တွင် တရားစကားကို ဆွေးနွေးနိုင်သမျှဖြစ်သောအရပ်သုံးပါးတို့ကိုယူရန် အဓိပ္ပါယ်ရှိပါသည်ဘိုးဘိုး-

သာဓု ကိုယ်တော်လေး သာဓု သာဓု

ရှေ့ဆက်ပြီး (တတ်လျှင်လည်း မဖြေရာ) ဆိုတဲ့ အဓိပ္ပါယ်ကို မိန့်ပါ အုံးကိုယ်တော်လေး။

(တတ်လျှင်လည်း မဖြေရာဆိုသည်မှာ မေးသူသည် တတ်လျက်ပင် နှိပ်နှယ်ခြေဖျက်လို၍ မေးလာလျှင်လည်း မဖြေရာဟုဆိုသည်လည်းတစ်ချက်၊ ဤအရာများကို မိမိတတ်သိပါလျက် သူတစ်ပါးကို နှိပ်နှယ်မည်ဟု နှလုံးပိုက်၍ မိမိဂုဏ်ကို တတ်မြောက်ကြောင်းသိစေလို၍ မေးလျှင်မေးလည်း မဖြေရာဟု ဆိုသည်လည်းတစ်ချက်၊ မေးသူ၏ ပစ္စည်းလာဘ်လာဘကို ဖြေသူရဟန်းက တတ်စွမ်းငဲ့ညှာ ခြင်းရှိလျှင်လည်း လာဘ်ကို တတ်စွမ်း၍ မဖြေရာဟုဆိုသည်လည်းတစ်ချက်၊ ဤသုံးချက်ကိုရည်၍ (တတ်လျှင်လည်း မဖြေရာ) ဟု ဆိုပါသည် ဘိုးဘိုး။

သာဓု ကိုယ်တော်လေး သာဓု သာဓု

ရှေ့ဆက်ပြီး (မတတ်လျှင်လည်း မနေရာ )ဆိုသည့် အဓိပ္ပါယ်ကို ရှင်းပြပါအုံး ဘုရား။

မတတ်လျှင် မနေရာဆိုသည်မှာ မတတ်မသိသောကြောင့် မေးလျှင်လည်း မဖြေဆိုဘဲ မနေရာ၊ ဖြေဆိုရမည်ဟုဆိုသည်တစ်ချက်၊

ဤအရာကို မိမိတတ်သိပါလျက် သူတစ်ပါးကို နှိပ်နယ်မည်ဟု နှလုံးပြု၍ မိမိဂုဏ်ကို တတ်မြောက်ကြောင်း အမည်မတင်မူ၍ မေးလျှင်လည်း မဖြေပဲမနေရာဟုဆိုသည်တစ်ချက်၊မေးသူ၏ ပစ္စည်းလာဘ်လာဘကို ဖြေသူရဟန်းက ငဲ့ကွက်တပ်စွန်းခြင်း မရှိလျှင်လည်း မဖြေပဲမနေရာ ဖြေဆိုရမည်ဟုဆိုသည်လည်းတစ်ချက်။

ဤသုံးချက်ကိုရည်၍ (မတတ်လျှင်မနေရာ) ဟုဆိုသည်မှတ်ရပါမည်။

ကိုယ်တော်လေး အဖြေများသည်သင့်မြတ်လှပါသည်။

ရှေ့ဆက်ပြီး (အရည်တူ၍ လျှသမျှလည်းမအပ် အရည်မတူ၍ လျှသမျှလည်းအပ်၏) ဟုဆိုသောစကားအဓိပ္ပါယ်ကို ရှင်းပြပါအုံးဘုရား။

(အရည်တူ၍ လျှသမျှလည်း မအပ် အရည်မတူ၍ လျှသမျှလည်းအပ်၏)ဟု ဆိုသည်မှ ဝိနည်းကိုမေးရာ၌ ဖြေသူရဟန်းကလည်း လာဘ်ရမည်ကိုရည်၍ ဖြေ၏၊ မေးသူကလည်း ငါ၏အမေးကို ဖြေဆိုပေသည်ဟု ထောက်ထား၍ လှူ၏၊ ဖြေသူ မေးသူ နှစ်ဦးတို့ အရည်တူလေသောကြောင့် မေးရသောလာဘ်တို့သည် မအပ်ဟု ဆိုသည်မှတ်ရပါသည်၊ မေးသူ တကာကလည်း ဤကဲ့သို့ ငါ၏အမေးကို ဖြေပေသည်ဟူ၍လည်း မရည်ရွယ် တရားတော်ကို ကြည်ညိုသောကြောင့်လှူ၏၊ ဖြေသူဆရာကမူ လာဘ်ကိုငဲ့၍ဖြေ၏၊ ဤအရာလည်းအပ်၏၊ တကာကလည်း ဖြေပေသည်ဟူ၍လည်း ရည်၍မလှူ ဆရာကလည်း ဖြေလျှင်လှူလတ္တံ့သည်ကို ရည်၍မဖြေဤကဲ့သို့သောအရာမှာ ဆိုဘွယ်ရာမရှိဟု မှတ်ပါမည်၊ သည်အကြောင်းများကိုရည်၍( အရည်တူ၍ လျှအမျှလည်း မအပ်၊ အရည်မတူ၍ လျှသမျှလည်းအပ်၏) ဟု အဓိပ္ပါယ်ရပါသည်။

သာဓု ကိုယ်တော်လေး သာဓု သာဓု

ရှေ့ဆက်ပြီး (အိတ်ကိုလည်းဆုတ်လိုက်ဘိ ချိတ်ကိုလည်း နှုတ်လိုက်ဘိ) ဟုဆိုသော အဓိပ္ပါယ်ကို ရှင်းပြပါအုံးဘုရား။

( အိတ်ကိုလည်း ဆုတ်လိုက်ဘိ- ချိတ်ကိုလည်း နှုတ်လိုက်ဘိ) ဆိုသည်မှာ (အဝိဇ္ဇာ အဏ္ဍကောသာပဇာ ) ဟောတော်မူသောကြောင့် ဘုံသုံးပါး၌ ကျင်လည်သော သတ္တဝါတို့သည် မောဟတည်းဟူသော၊ အဝိဇ္ဇာဥခွံအိပ်၏ အတွင်း၌သာ ကျင်လည်ရသောကြောင့် အဝိဇ္ဇာတည်းဟူသော ဥခွံအိတ်ကိုဆုတ်လိုက်ဘိဟု ဆိုလိုသည် ဝတ်သုံးပါး၌ ကျင်လည်သော သတ္တဝါဟူသမျှတို့သည် ဝဋ်သုံးပါးမှ လွတ်မြောက်လိုသောစိတ်ရှိသော်လည်းဥပါဒါန်တရားလေးပါးတို့သည် ချိတ်ကဲ့သို့ သံသရာမှ မထွက်နိုင်ရန် ဆွဲချိတ်တတ်လေသောကြောင့် ဥပါဒါန်တည်း ဟူသော ချိတ်ကို နှုတ်ဘိဟု ဆိုလိုသည်။

နောက်တစ်နည်းမှာ သူတစ်ပါးတို့၏ ဥစ္စာစည်းစိမ်၌ ငြူစူစောင်းမြောင်းတတ်သော ခန္ဓာကိုယ်၌ရှိသော ဣဿာတရားကို ခွာဆုတ်လိုက်ဘိ- မိမိစည်းစိမ်၌ လျှို့ဝှက်စဉ်းလဲတတ်သော ချိတ်နှင့်တူသောမစ္ဆေရတရားကိုလည်း၊ နှုတ်လိုက်ဘိဟုဆိုလိုသည်၊ (ဤသည်တို့ကို ရည်၍ အိပ်ကိုလည်း ဆုတ်လိုက်ဘိ -ချိတ်ကိုလည်း နှုတ်လိုက်ဘိ) ဟုဆိုလိုပါသည်။

အရှင်ဘုရား အဖြေသည် အလွန် ကောင်းမြတ်လှပါသည်။

ရှေ့ဆက်ပြီး (အမေးသုံးလွှန်းတင်) ဆိုသောစကား၏ အဓိပ္ပါယ်ကို ရှင်းပြပါအုံးဘုရား။

(အမေးသုံးလွှန်းတင်) ဆိုသည်မှာ တစ်ခု တစ်ခုတွင် သုံးချက်စီအဖြေရအောင် မေးသည်ကိုပင် အမေးသုံးလွှန်းတင်ဟုခေါ်ပါသည် ဘိုးဘိုး၊ ရှင်းပါပြီ ကိုယ်တော်လေး ဆက်ပြီး (အဖြေသုံးစဖျင်) ဆိုတာကို မိန့်တော်မူပါအုံးဘုရား။

အဖြေသုံးစဖျင်ဆိုသည်မှာ ဖျင်ကြမ်းကို ဆင်းရဲသားများသုံးကြ၏၊ ဖျင်လတ်ကို လူလတ်တန်းစား

များသုံးကြ၏၊ ထိုကဲ့သို့ သူ့အတန်းအစားနှင့်အတူ သူသုံးသကဲ့သို့ ပညာနု ပညာလတ် ပညာကောင်း လူသုံးမျိုးနားလည်သိသာအောင် သုံးထပ်ဖြေပါဟုဆိုပါသည်။

သင့်မြတ်လှပါတယ် ကိုယ်တော်လေး၊

ရှေ့ဆက်ပြီး( အမေးသုံးထပ်တင်အဖြေသုံးရပ်ဝင်) ဆိုသည့် အဓိပ္ပါယ်ကို ရှင်းပြပါအုံးဘုရား။

(အမေးသုံးထပ်တင် -အဖြေသုံးရပ်ဝင်) ဆိုသည်မှာ ပညတ်နည်း သုတ္တန်နည်း ပရမတ်နည်းဟု အမေးသုံးထပ်တင်မေးခြင်းဖြစ်ပါသည်၊ ပညာနု ပညာလတ် ပညာမြတ်အားဖြင့် လူသုံးမျိုးနားဝင်အောင်ဖြေပါလို့ ဆိုခြင်းသည် အဖြေသုံးရပ်ဝင်ဖြစ်ပါသည်။

သာဓု ကိုယ်တော်လေး သာဓု သာဓု ရှေ့တစ်ခုဘဲ ကျန်ပါတော့တယ်။

အမေးတကြောင်းတည်း-(အဖြေသုံးတန်စဉ်) ဆိုသည့်အဓိပ္ပါယ်ကို မိန့်ပါအုံးကိုယ်တော်လေး

အမေးတစ်ကြောင်းတည်း -အဖြေသုံးတန်စဉ်- ဆိုသည်မှာ သုတ် ဝိနည်း အဘိဓမ္မာအားဖြင့် မဂ္ဂင်အရာတွင် နည်းသုံးချက်၊လောကဝတ် ဓမ္မဝတ် ရာဇဝတ်အားဖြင့် နည်းသုံးချက် - ဤကဲ့သို့သောနည်းတို့တွင် ဉာဏ်သက်ဝင်သမျှ သုံးချက်စီကြအောင်ဖြေပါဟု ဆိုလိုပါသည်၊ သည်ကိုရည်၍ (အမေးတစ်ကြောင်းတည်း- အဖြေသုံးတန်စဉ်) ဟုဆိုပါသည် ဘိုးဘိုး။

ဤမေးခဲ့သော အဖြေများကို မဆိုင်းမတွပဲ ဖြေဆိုနိုင်ပါသောကြောင့် ပိဋကတ်အရာ ဗဟုသုတအရာမှာကြွယ်ဝကြောင်း တပည့်တော်သိရပါ၍ ရှေ့ဖြေရမည့် အမေးများကို လွယ်ကူစွာ ဖြေဆိုနိုင်ပါလိမ့်မည်ဟု ယုံကြည်ပါတယ်၊ ယနေ့ ဒီလောက်နှင့်ရပ်နားပြီး ပုတီးဆက်ပြီး စိပ်ကြအုံးစို့ နက်ဖြန်ကြမှ ကျန်မေးခွန်းများကို မေးပါရစေတော့ ကိုယ်တော်လေး၊ ကောင်းပါပြီဘိုးဘိုး၊ နာရီကို ကြည့်လိုက်၏၊ ညနေ ၃ နာရီခွဲ၏၊ ထို့ကြောင့် ပရိက်ယူပြီး ပုတီးစိပ်တော့၏၊ ည ၁၂ နာရီတွင် ပုတီးပတ် ၄၂ ပတ်ရ၏၊ အနားယူရန် ခေတ္တအိပ်၏၊ ဘိုးဘိုးအောင်ကစိပ်နေတုံးပင် နံနက် ၁ နာရီ ခွဲတော့ ဘိုးဘိုးအောင်ကနိုး၍ထပြီး ပရိက်ယူ၍ ပုတီးစိပ်၏၊ ၁၃၁၆ ခု၊ တပေါင်းလဆန်း ၅ ရက် စနေနေ့နံနက် ၅ နာရီတွင် ပုတီးပတ် ၂၇ ပတ်ရ၍ စိန္တာမုနိမန္တာန်တော်ကြီးရွတ်ပြီး မေတ္တာပို့အမျှဝေ လိုက်၏၊ ထိုတွင် ဘိုးဘိုးအောင်ကစပြီး သာဓုခေါ် သောအခါ တစ်တောလုံးတစ်တောင်လုံးလည်း သာဓုခေါ်သံများညံသွား၏၊ ကျွန်ုပ်မှာ ကြက်သီးများ တစ်ကိုယ်လုံးထသွား၏။

ဘိုးဘိုးအောင်လည်း ပုတီးစိပ်ပြီး၍ ထလာပြီး ကျွန်ုပ်ကို ပြောသည်မှာ ကိုယ်တော်လေး ယနေ့မေးမှာ နက်နဲတယ်၊ ဘာကြောင့်လည်းဆိုတော့ လောကီဘက်မှာသရဖူဆောင်းနေသော အင်းအိုင်ခလှည့် မန္တာန် မန္တရားတို့တွင် လေးလေးနက်နက် စည်းကမ်းတကျ အသုံးပြုနေကြသော အက္ခရာစာလုံးများအကြောင်းဖြစ်တယ်။ ဗျည်း ၃၃ လုံး- သရ- ရှစ်လုံးတို့တွင် တစ်လုံးတစ်လုံးသော ဗျည်းသရများ၏အနက်အဓိပ္ပါယ်သဘောတရားဖြစ်တယ်၊ ဘာကြောင့်သည်အမေးကို မေးရပါသလဲ ဆိုတော့ အင်္ဂလိပ်စာ၊ ကုလားစာတို့ကို အင်းကွက်ထဲသွင်းလျှင် အကျိုးသက်ရောက်မှုအလွန်နည်းတယ်။ သက္ကတစာပေ၊တရုတ်စာပေတို့ကို အင်းကွက်ထဲသွင်းလျှင် အင်္ဂလိပ်စာလုံး၊ ကုလားစာ လုံးထက် တော့ သာရဲ့၊ သို့ပေမယ့်အကျိုးမပြီးဘူး၊ မဂဓမှ ဆင်းသက်လာတဲ့ မြန်မာစာ- မြန်မာစာလုံးများကြတော့ အင်းထဲအိုင်ထဲ

တစ်လုံးစီ သွင်းလိုက်ရင် အလွန်အကျိုးကြီးတယ်၊ ထိုကဲ့သို့ အကျိုးကြီးရရှိခြင်းဟာ ဘယ်လိုအနက်သဘောများ ဆောင်နေကြလို့လဲဘယ်လောက်လေးနက်ပါသလဲဆိုတာယနေ့ထက်တိုင် အက္ခရာများ၏၊ တစ်လုံးစီ တစ်လုံးစီသောအနက်အပွါယ်များကို တပည့်တော်တို့တော့ သေသေချာချာ မသိရှိရသေးပါ၊ ပုဂ္ဂိုလ်များကို လည်း ဒီအမေးကို မေးပါတယ်၊ ထို့အတူ ပုဂ္ဂိုလ်များလည်း ဒီအင်းကွက် လေးများထဲ ဒီစာလုံးလေးတွေ သွင်းလိုက်ရုံနဲ့ အကျိုးကြီးလာပုံအက္ခရာများ၏ အနက်အဓိပ္ပါယ်များကို ပိုင်ပိုင်နိုင်နိုင် မသိကြသေးပါ၊ ဒီပြဿနာများ မှာတပည့်တော်တို့ ထွက်ရပ်လောကကြီးတွင် သိကိုသိထိုက်တဲ့ သဘောတရားများဖြစ်ပါတယ်၊ သို့အတွက် သိချင်ကြလွန်းလို့ အရှင်ဘုရားတို့လို ပိဋကတ် ကျွမ်းသော လောကီဗဟုသုတလဲ ကြွယ်ဝသော ပုဂ္ဂိုလ်များထံ မေးမြန်းရခြင်း ဖြစ်ပါတယ်၊ ယခု စောစော လျှောက်ထားရခြင်းက ကြိုတင် စဉ်းစားထားနိုင်အောင် လျှောက်ထားရခြင်းဖြစ်ပါတယ် ကိုယ်တော်လေး၊ ကောင်းလှပါပြီ ဘိုးဘိုး နေ့ကြတော့ ဦးပဥ္စင်း ဖြေနိုင်စွမ်းရှိပါလိမ့်မယ် ဘိုးဘိုး၊ သာဓုပါ ကိုယ်တော်လေး သာဓု သာဓု ကိုင်း ပုတီးစိပ်ကြအုံးစို့၊ ကျွန်ုပ်တို့လည်း ပုတီးစပ်ကြတော့၏၊ နေ့ ၁၁ နာရီခွဲတွင် ပုတီးပတ် ၃၀ ရ၍ ခေတ္တနားပြီး သပိတ်ထဲမှ လိမ္မော်သီး၊ ဩဇာသီး၊ ၃ လုံးစီ နှိုက်ယူစားပြီး ဂူပြင်ထွက် ကိုယ်လက်သန့်ရှင်း ရေမိုးချိုး၍ ၁၂ နာရီခွဲမှာ ဂူပြန်လာ၏၊ ဂူထဲတွင် ဘုန်းကြီး ၃ ပါး၊ ဘိုးတော် ၆ ပါး ၊ ဘိုးဘိုးအောင်နှင့် အတူ ထိုင်နေတာတွေ့ရ၏၊ ကျွန်ုပ်လည်း ဘုန်းတော်ကြီးများဝတ်ပြု၏၊ မဟာမြိုင်ဆရာတော်ကြီးတို့အဖွဲ့ ဖြစ်နေ၏၊ ဘိုးတော်များကတော့မသိပါ၊ ထို့ကြောင့် ဘိုးဘိုးအောင်က မိတ်ဆက်ပေးပါသည်၊ ဒီပုဂ္ဂိုလ်များက အင်းဝခေတ် ပုဂံခေတ်က ထွက်ကြသည့် ဘိုးတော်ဝင်း၊ ဘိုးတင်းပုတ်၊ ဘိုးသက်ရှည်၊ ဘိုးတော်ရွှေလက်ဝါးတို့ပါ၊ ကိုယ်တော်လေး တွေ့ရတာဝမ်းမြောက်လှ ပါတယ်၊ ဘိုးတော်များကဘာကိစ္စနှင့် ကြွလာကြပါသလဲ၊ ကိုယ်တော်လေးက ဗျည်း ၃၃ လုံး၊ သရ ၈ လုံးတို့၏ အနက်အဓိပ္ပါယ်များကို ဟောပြောမယ်ဆိုတာ သိရလို့ မဟာမြိုင်ဆရာတော်ကြီးတို့နှင့် လိုက်လာပြီး နာယူရန်လာကြတာပါ၊ မှတ်သင့်မှတ်ထိုက်တာများလည်း မှတ်ရအောင် ပုရပိုက်များ ယူလာကြပါတယ် ကောင်းလှပါတယ် ဘိုးဘိုးတို့ -

ကျွန်ုပ်လည်း ကျွန်ုပ်နေရာ ထိုင်လိုက်၏၊ ထိုအခါ ဘိုးဘိုးအောင်က ကိုယ်တော်လေး အက္ခရာများ၏အကြောင်းကို ဟောပြောပါဘုရား၊ အများအတွက် ဘုရားတပည့်တော်က တောင်းပန် ပါတယ်ဘုရား ကောင်းလှပါပြီ ဘိုးဘိုး၊ မှတ်သားကြပါတော့။

နမော ဝံသာ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**အရဟတော-** အတောင်တစ်ရာ -သချ်ာဆောင်သည်၊ ကြီးခေါင်မြင့်မောက်၊ ဗောဓိအောက်၌ ပေါက်သည်ဆန်းကျယ်၊ တစ်ဆယ့်လေးတောင်၊ အရောင်ခြောက်ဖြာ၊ ဇယာသန္တပလ္လင်မထက် ဒေဝပုတ္တစသည်တပြင်မာရ်ငါးအင်ကို အောင်မြင်တော်မူပြီးထသော၊

**အရဟတော-** မဟာဗုဒ္ဓဟော စိန်းမြဝေသည်၊ ရွှေညောင်ပင်အောက်၊ ပေါက်သည်ထူးဆန်း ပလ္လင်နန်းထက် သက်နှးကိုယ်ရောင် -တပြောင်ပြောင်နှင့် ဘုန်းခေါင်ပရမေ ညိမ်သက်နေလျက် ခုနှစ်ဆယ့်ငါး၊ နာမ်ရုပ်ထား၍ နှစ်ပါးဆယ်ထွေ မြောက်ပွားရေသော် ကိလေသာစက် သုံးထောင်ဝက်ကို ဥာဏ်မဂ်ဝရဇိန် -စက်ဘုန်းရှိန်ဖြင့်

ကွပ်နှိပ်ဆုံးမတော်မူပြီးထသော၊

**အရဟတော-** ခြူးခက်ရွက်ဝေလွင်လွင် ခြူးနွယ်ပင်ခြူးပန်းခွေဆင်သည် ပလ္လင်ရတနာနန်းသိဂီထက် မိုက်မြက်တဏှာ အဝိဇ္ဇာကို အရဟတမင် ဓါးသံလျက်ဖြင့်ဒါယ်ဖျက်ခုတ်ထွင် အောင်မြင်တော် မူပြီးထသော၊

**အရဟတော-** ဆိတ်ကွယ်ရာ၌ ယုတ်မာညစ်ကျူ မကောင်းမှုကို ပြုခြင်းငှာ ထိုက်တော်မမူထသော၊

**အရဟတော-** အဝိဇ္ဇာအစရှိသော သံသရာစက်အကန့်အသတ်ကို ချိုးဖျက်တော်မူထသော၊

**အရဟတော-ကာမောဃ-** ဘဝေါဃ ဒိဋ္ဌောဃ - အဝိဇ္ဇောဃ တည်းဟူသောလေးပါးသြဃစက်ဝဲမတွင် နစ်ကျမွန်းသူ သုံးပါးလူကိုဆယ်ယူကယ်တင် နိဗ္ဗာန်ခွင်သို့ပို့ဆောင်ကယ်တင် တော်မူပြီးထသော၊

**အရဟတော-**မြင့်မိုရ်တောင်လုံး ရွှေကုံး ရတနာမြတ်တံဆာဖြင့် ၊ပြဟ္မာနတ်မင်းပူဇော်ခြင်းကိုလည်း ခံတော်မူထိုက်ထသော၊

**အရဟတော-** ပြဟ္မာနတ်လူသုံးပုံသူတို့ ကြည်ဖြူသဒ္ဓါ လှူဒါန်းလာသည်၊ များစွာဖြည့်ပြီး အနည်းနည်းသော ပစ္စည်းတို့ကိုလည်း ခံယူတော်မူထိုက်ထသော၊

**သမ္မာသမ္ဗုဒ္ဓဿ-** နေအာရုဏ်သင့်ပွင့်သည့်ရွှေကြာပဒုမ္မာသို့ သစ္စာလေးဆူပွင့်တော်မူပြီးထသော၊

**သမ္မာသမ္ဗုဒ္ဓဿ-** သင်္ခတ အသင်္ခတအားဖြင့် ပြားသော၊ခပ်သိမ်းသောတရားတို့ကိုဆရာမသင် ပဲ့ပြင်သူမရှိ မိမိအလိုသာ ကောင်းစွာအကြွင်းမရှိ သိတော်မူပြီးထသော၊

**ဘဂါဝတော-** ဣဿရိယ ဓမ္မ ယသ သိရိကာမပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူပြီးထသော၊

**တဿတာဒိတဿ-** ထိုသို့ဆိုအပ်ခဲ့ပြီးသော အရဟံ အစရှိသော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးအား၊

**နမောနမတ္တာရော-**ဘယ လာဘ ကုလ ကျန်ရှောင် ဂုဏ်တော်ပေါင်းကို အောင့်မေ့သဖြင့်အသင့်နှလုံး ဆို့ပိတ်ဖုံးလျှက် သုံးတန်စေတနာ သုံးဖြာဒွာပဏာမဖြင့် ကြည်စွာသဒ္ဓါရှိခိုးပါ၏၊ အရှင်မြတ်ကြီးဘုရား။

ဤကဲ့သို့ နမောတဿဂါထာဖြင့် အက္ခရာများ၏အနက်အဓိပ္ပါယ် ဖွင့်ဆိုတော်မူသော အရှင်သံဃနန္ဒီမထေရ်မြတ် ရှိခိုးပြီးနောက်- နမောဗုဒ္ဓါယသိဒ္ဓံ-အအာ-ဣဤ ဥဦ- ဧအဲ- ဩဩော်- အံအား ပါဠ်၏အနက်အဓိပ္ပါယ်အကျယ်ဖွင့်၍ ပဌနာပြုပါတယ်၊ ထို့နောက်အက္ခရာ၌ လိမ္မာသော အက္ခရာကောသလဉာဏ်ဖြစ်စေရန်၊ နိဗ္ဗာန်ကိုလွယ်ကူစွာရစေရန် သင်ပုန်းကြီးဋီကာကို ဖွင့်ဆိုတဲ့ အကြောင်း ပဋိဉာဏ်စကားရပ်ကိုပြပြီး အဝိဒူရေနဒါန်း ဒူရေနိဒါန်း သန္တိကေနိဒါန်းတို့ကို နိဒါန်းသုံးပါး အနေဖြင့် ဖွင့်ပြပါတယ်၊ ထိုနောက်သံဝဏ္ဏနာများ၏အကြောင်းကို ဖွင့်ပြပါတယ်၊ ထို့နောက် ဝဏ္ဏ ဗျည်း သရ ရဿ ဒီဃ ယောသ အယောသ ဌာန် ကရိုဏ်းဝင် တို့ကိုပြပြီး သဒ္ဒါ၏ အကြောင်းများကို ပြပါတယ်၊ သဒ္ဒါရှစ်ဆောင်ကို၏၊ သဘောသွားကိုလည်း တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းမိအောင် ပြသွားပါတယ်၊ ထိုကဲ့သို့ ပြသွားပြီးနောက် အက္ခရာတို့၏ အနက် အဓိပ္ပါယ်ကို အကျဉ်းအကျယ်အားဖြင့် ပြတော်မူသည်မှာ-

၁။ တဏှာကွယ် ကရောတိ ဧတေနာတိက်။ ဧတေနအက္ခရေန၊ ထိုအက္ခရာဖြင့် တဏှာခယ်-တဏှာ၏

ကုန်ခြင်းကို ကရောတိပြုတတ်၏၊ ဣတိတသ္မာ-ထို့ကြောင့် ကံ-ကမည်၏၊

၂။ ဝဋ္ဋဒုက္ခက္ခယတိ-စေတေနာတိခံ၊ ဧဒေနအက္ခ ရေန ထိုအက္ခရာဖြင့် ၊ဝဋ္ဋဒုက္ခက္ခယံ-ဝဋ်ဆင်းရဲ၏ ကုန်ခြင်းကို ကရောတိပြုတတ်၏၊ ဣတိတသ္မာထို့ကြောင့် ခံ ခ-မည်၏၊

၃။ နိဗ္ဗာနံဂစ္ဆာတိစေတေနာတိဂံ ၊ထိုအက္ခရာဖြင့် နိဗ္ဗာန်ကိုရောက်စေတယ်။ ထို့ကြောင့် ဃ -မည်၏၊

၄။ ကိလေသေ- မာနတိ-စေတေနာတိ - ဃံ၊ ထိုအက္ခရာဖြင့် ကိလေသာတို့သတ်တတ်၏၊ ထို့ကြောင့် ဃ - မည်၏၊

၅။ မာနံ- ဂေယတိ-ဇ ပွေတိ - စေတေနာတိငံ၊ ထိုအက္ခရာဖြင့် မာနကိုဖြစ်စေတတ်၏။ ထို့ကြောင့် င - မည်၏၊

၆။ ပါပကံ- အကုသလေဓမ္မေ-စဇေတိစေတေနာတိစံ၊ ထိုအက္ခရာဖြင့်ယုတ်မာကုန်သောအကုသိုလ်တရားများ တို့ကို စွန့်တတ်ကုန်၏၊ ထို့ကြောင့် စ-မည်၏၊

၇။ ဝဋ္ဋမူလဆိန္ဒတိစေတေနာတိဆံ- ထိုအက္ခရာဖြင့် ဝဋ်၏အဖြစ်ရားတို့ကို ဖြစ်တတ်ကုန်၏၊ ထို့ကြောင့် ဆ - မည်၏၊

၈။ ဣပရတ္ထံ-ဒွေအတ္ထေ- ဇာနာတိ-စေတေနာတိဇံ ထိုအက္ခရာဖြင့် မိမိအကျိုးစီးပွား၊ တစ်ပါးအကျိုးစီးပွား ဟုဆိုအပ်သော နှစ်ပါးသောအကျိုးကိုသိတတ်၏၊ ထို့ကြောင့် ဇ - မည်၏၊

၉။ နိဝရဏဓမ္မေဈာယတိ စေတေနာတိ၊ ဈံ ထိုအက္ခရာဖြင့် နိဝရဏ တရားတို့ကိုဖုတ်ကျွမ်းတတ်၏၊ ထို့ကြောင့် ဈ- မည်၏၊

၁၀။ ပကာရေန ဇာနာတိ စေတေနာတိ ညံ၊ ထိုအက္ခရာဖြင့် အပြားအားဖြင့် သိတတ်၏၊ ထိုကြောင့် ည- မည်၏၊

၁၁။ ဋီဒတိ ဝဋ္ဋဘာဝံကရောတိစေတေနာတိ ဋံ ၊ ထိုအက္ခရာဖြင့် ဝဋ်အဖြစ် ကို ပြုတတ်၏ ထို့ကြောင့် ဋ - မည်၏၊

၁၂။ သုခပေက္ခေ - ဓမ္မေ ဌန္တပတိ ဌန္တိ ဇစေတေနာတိဌံ၊ ထိုအက္ခရာဖြင့် ချမ်းသာကိုငဲ့တတ်ကုန်သောတရားတို့ သည် တည်တန့်ကုန်၏၊ ထို့ကြောင့် ဌ - မည်၏၊

၁၃။ ကိလေသေ -ဍံသတိ- ဝိဍသတိ စေတေနာတိဍံ ထိုအက္ခရာဖြင့် ကုသိုလ်တရားတို့ကို ဖျက်ဆီးတတ်၏၊ ထို့ကြောင့် ဍ - မည်၏၊

၁၄။ ကုသလေ ဓမ္မေ ဝပတိဘာဝေတိ စေတေနာတိဎံ ၊ ထိုအက္ခရာဖြင့် ကုသိုလ်တရားတို့ကို တိုးပွားတတ်၏၊ ထို့ကြောင့် ဎ - မည်၏၊

၁၅။ ပါတိဘာဝံနေတိစေတေနာတိ-ဏံ၊ ထိုအက္ခရာဖြင့်ဖြစ်ခြင်းသဘောကို ဆောင်တတ်၏၊ ထို့ကြောင့် ဏ မည်၏၊

၁၆။ ဌမောဂ္ဂ- တာရေတိစေတေနာတိတံ- ထိုအက္ခရာဖြင့် နတ်ပြည်ခရီးသို့ပို့ဆောင်စေတတ်၏၊ ထို့ကြောင့်- တ- မည်၏၊

၁၇။ ထိရန္တော ဒဠှဂဏ္ဌာတိ ဧ တေနာတိထံ- ထိုအက္ခရာဖြင့် မြဲမြံခြင်းသို့ရောက်စေတတ်၏၊ ထို့ကြောင့် ထ မည်၏၊

၁၈။ အန္တဒိ ဒါနံ ဝတ္ထုဒဒါတိ ဧတေနာတိဒံ၊ ထိုအက္ခရာဖြင့် ထမင်းအစရှိသော အလှူဝတ္ထုကို ပေးလှူတတ်၏၊ ထို့ကြောင့် ဒ- မည်၏၊

၁၉။ သုက္ခပက္ခံ - ဓါရေတိ-ဧတေနာတိ။ဓံ။ ထိုအက္ခရာဖြင့် ဖြောက်သွေ့သောအဘို့အစုကို ဆောင်စေတတ်၏၊ ထို့ကြောင့် ဓ -မည်၏၊

၂၀။ သံသာရဒုက္ခတော- နိဗ္ဗာနံနေတိ- ဧတေနာတိနံ သံသာရာဝဋ်ဆင်းရဲမှ နိဗ္ဗာန်သို့ဆောင်တတ်၏၊ ထို့ကြောင့် န- မည်၏၊

၂၁။ သဂ္ဂမောက္ခံ၊ ပါတေတိ၊ ဧတေနာတိ ပံ - ထိုအက္ခရာဖြင့်နတ်ပြည်သို့ရောက်စေတတ်၏၊ ထို့ကြောင့် ပ -မည်၏၊

၂၂။ ဝတ္တမေတ္တာဒကော၊ နဖရတိဧတေနာတိ၊ ဖံ ၊ ထိုအက္ခရာဖြင့် သတ္တဝါတို့ကို မေတ္တာရေစင်ဖြင့် မပြန့်နှံ့သည်မဟုတ်၊ ထို့ကြောင့် ဖ - မည်၏၊

၂၃။ နိဗ္ဗာနံစရတိဧတေနတိဗံ- ထိုအက္ခရာဖြင့် နိဗ္ဗာန်သို့သွားတတ်၏၊ ကုသိုလ်တရားတို့ကို ပို့ဆောင်တတ်၏၊ ထို့ကြောင့် ဗ -မည်၏၊

၂၄။ ကုသလေဓမ္မေ - ဘာရတိဧတေနာတိ - ဘံ ထိုအက္ခရာဖြင့် ကုသိုလ်တရားသုံးပါးအပေါင်းကို မြတ်နိုး တတ်၏၊ ထို့ကြောင့် ဘ - မည်၏၊

၂၅။ ရတနတ္တယံ မာနေတိ ဧတေနာတိမံ- ထိုအက္ခရာဖြင့် ရတနာသုံးပါးအပေါင်းကို မြတ်နိုးတတ်၏၊ ထို့ကြောင့် မ- မည်၏၊

၂၆။ နိဗ္ဗာနံယာတိဧတေနာတိယံ - ထိုအက္ခရာဖြင့် နိဗ္ဗာန်သို့ရောက်သွားတက်၏၊ ထို့ကြောင့် ယ -မည်၏၊

၂၇။ သာသနေရမ္မတိဧတေနာတိရံ- ထိုအက္ခရာဖြင့် သာသနာမြတ်ကြီးကို မွေလျော်စေတတ်၏၊ ထို့ကြောင့် ရ - မည်၏၊

၂၈။ အကုသလ ဓမ္မေ ရေနုန္တိဆိန္ဒတိဧတေနာတိလံ- ထိုအက္ခရာဖြင့် အကုသိုလ်တရားတို့ကို ဖြတ်တောက် တတ်၏၊ ထို့ကြောင့် လ - မည်၏၊

၂၉။ ကိလေသ- ဝမတိဧတေနာတိဝံ- ထိုအက္ခရာဖြင့် ကိလေသာတို့ကို ပျို့အံစေတတ်၏၊ ထို့ကြောင့် ဝ - မည်၏၊

၃၀။ နိဝရနဓမ္မေသာရတိအနုကောရောတိ၊ဧတေနာတိသံ-ထိုအက္ခရာဖြင့် နိဝရနတရားတို့ကို ပါယ်ဖြတ် အောင်ပြုတတ်၏၊ ထို့ကြောင့် သ- မည်၏၊

၃၁။ ကိလေသေ- ဟနတိ- ဧတေနာတိဟံ၊ ထိုအက္ခရာဖြင့် ကိလေသာတို့ကိုသတ်တတ်၏။ ထို့ကြောင့် ဟ မည်၏။

၃၂။ ဒွေဘူတပေကွေဠာတိဧတေနာတိဠံ ထိုအက္ခရာဖြင့် ဒွေ-နှစ်ပါးကုန်သောဘူတပက္ခေ-ဟုတ်သောအဖို့

မဟုတ်သောအဘို့တို့ကို၊ဥာတိ- သိတတ်၏၊ ဣတိတသ္မာ- ထိုသို့သိတတ်သော သတ္တိကြောင့် ဠုံ- ဠ - မည်၏၊

၃၃။ အဂ္ဂဓမ္မေအာကာရေနကရောတိဧတေနာတိအံ- ဧတေန ထိုအက္ခရာဖြင့် အဂ္ဂဓမ္မေ မြတ်သောတရားတို့ကို အာကာရေနေ- အခြင်းအရာဖြင့်၊ ကရောတိ ပြုတတ်၏၊ ဣတိတသ္မာ ထိုကဲ့သို့ပြုတတ် သောကြောင့် အံ -အ မည်၏၊

ဤသို့ဗျည်း ၃၃ လုံးတို့၏ အနက်အဓိပ္ပါယ်များကို ဟောပြောလိုက်သောအခါ ကြွလာကြသော ပုဂ္ဂိုလ်များက သာဓုခေါ်ကြပြီး ယနေ့အဘို့ရာ ဗျည်းနှင့်ပဲရပ်နားပြီးတော့ - နက်ဖြန်ခါကြမှသရကို ဆက်ဟောပါဘုရား၊ ကိုယ်တော်လေးတို့လည်း အဓိဋ္ဌာန်ရှိသေးတယ်၊ ကိုင်းကိုင်း သွားလိုက်ပါအုံးမယ်ဟု မဟာမြိုင်ဆရာတော်ဘုရားတ နိဂုံးအုပ်ပြီး ပြန်ကြွသွားတော်မူကြ၏၊

ပုဂ္ဂိုလ်များပြန်ကြွသွားပြီးနောက် ကျွန်ုပ်နှင့်ဘိုးဘိုးအောင်တို့ အဓိဋ္ဌာန်ပုတီးဆက်စိပ်ကြ၏၊ ည ၁၁ နာရီထိုးလျှင် တစ်နေ့တာပုတီးပါတ် ၁၀၈ ပါတ်ရ၍ခေတ္တအိပ်လိုက်၏၊ ဘိုးဘိုးအောင်ကတော့ ထိုက်လျှက် ပုတီးစိပ်နေတုန်းဖြစ်၏၊ ၁၃၁၆ ခု၊ တပေါင်းလဆန်း ၆ ရက်၊ ၁ နွေနေ့နံက် တစ်ချက် တွင်အိပ်ရာမှထပြီး ပရိကံယူကာပုတီးစိပ်တော့၏၊ နံနက် ၆ နာရီထိုး၍ ပုတီးပါတ် ၃၀ ရသဖြင့် နား၍စိတ္တာမုနိမန္တာန်ရွတ်၏၊ မေတ္တာပို့အမျှဝေ၏၊ ဘိုးဘိုးအောင်သည် ထိုအချိန်အခါ လမ်းလျှောက်ပြီး ပုတီးစိပ်နေရာကပင် သာဓုခေါ်၏၊ သာဓုခေါ်သံများလည်း တစ်တောလုံး တစ်တောင်လုံးညံသွား၏၊ ကျွန်ုပ်လည်း ဂူပေါက်ထွက် မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး ဂူတွင်း ပြန်ဝင်လာသောအခါ၊ဘိုးဘိုးအောင်က ကိုယ်တော်လေး ပုတီးအဓိဋ္ဌာန်ကိုဆက်စိပ်ပါ၊ နေ့ ၁၂ နာရီလောက်မှာ ပုဂ္ဂိုလ်များကြွလာကြပါလိမ့်မယ်၊ ကောင်းပါပြီးဘိုးဘိုးဆိုပြီး ပုတီးစိပ်တော့၏၊ နံနက် ၇ နာရီမှ နေ့ ၁၁ နာရီတိုင်အောင် ထိုင်အရိယာပုဒ် စင်္ကြံအရိယာပုဒ်နှစ်မျိုးဖြင့်စိပ်၏၊ ပုတီးပတ်ပေါင်း ၂၄ ပတ်ရ၏၊ နားပြီးသပိတ်ထဲမှ သရက်သီးနှင့် လိမ္မော်သီး ၃ လုံးစီယူစား၍ တစ်နေ့တာဆွမ်းကို ကိစ္စပြီးလိုက်၏၊ ဂူပြင်ထွက် ရေချိုးပြီးနေဆာထည်း ၁၀၈ ခေါက် စင်္ကြံသွား၍ ပုတီးစိပ်၏၊ ၃ ပတ်ရ၏ ဂူတွင်ပြန်၏၊ အရှင်မြတ်များနှင့် ဘိုးဘိုးအောင်တို့ စကားပြောနေတာတွေ့ရ၏ ဘိုးဘိုးအောင်ကကြွတော်မူပါဘုရား၊ပုဂ္ဂိုလ်များက တရားနာရန်စောင့်နေကြပါတယ် ဘုရားဟု လျှောက်သဖြင့် ကျွန်ုပ်၏နေရာထိုင်ပြီး မနေ့ကလက်စ သရများအကြောင်းကို ဆက်ဟော၏၊ မနေ့ကပုဂ္ဂိုလ်မြတ်များကို အက္ခရာများ၏အဓိပ္ပါယ် လေးနက်ပုံ သံဃနန္ဒမထေရ်မြတ်ပြုစုအပ်သော သင်ပုံးကြီးငဲ့ကာ- ဟုသုံးကြိမ်တစ်ပြိုင်တည်းခေါ်ကြ၏၊ ကျွန်ုပ်လည်း အောက်ပါအတိုင်း သရများအကြောင်းကို ဆက်ဟော၏၊ အက္ခရာကဏ္ဍကိုဟောပြီးပါ၍ ယနေ့သရများအကြောင်းကို ဆက်ဟောပါမည် ဘုရား သာဓု သာဓု သာဓု အ သရ၏ အနက်အဓိပ္ပါယ်ကို သံဃနန္ဒီ ဆရာသည် ဖွင့်ပြထားတော်မူသည်မှာ-

၁။ အာကာရော -အတ္တာ အဋ္ဌိမိဥ္စ အတ္ထော အတ္ထောယ အတ္ထောယာ ဒိန် ဧတေ နာတိအဟူသော ပါဠိတော်နှင့်အညီ အက္ခရာသည် ခန္ဓာကိုယ်၌ အရိုး၊ရိုးတွင်းခြင်ဆီ ရှိ၏၊ဟူသောအနက်ကိုသိခြင်း အမျိုးလေးပါးအစရှိသော အနက်တို့၌ ကောင်းစွာဟောကြားတတ်သောကြောင့် အ သရ မည်၏။

၂။ အာကာရော- အာသဝက္ခယညာတိ အာကာရာ အာသဝါ အရဟတ္တံ အာရာမံ- အာသတ္တိ- အာဒီနံ- ဧတေနာတိ အာဟူသောပါဠိတော်နှင့်အညီ အာသရသည် အာသဝေါ တရားလေးပါးတို့၏ အာရုဏ်- ကာမဂုဏ်ငါးပါးတို့၏စီးဝင်ရာဖြစ်ခြင်း၏အခြင်းအရာအခြံအရအဆောက်အဦ၏အလုံးစုံသောတရားတို့ကို ကုန်စင်အောင်သိတတ်သောအနက်ကြီးယာတို့ကိုကောင်းစွာဟောတတ်သောသတ္တိကြောင့် အာသရ မည်၏။

၃။ ဣကာရောဣစ္ဆန္တော-သာသပန္တရေ အဋ္ဌပရိက္ခာရေန စက်မတိ ဣတော စိတောစက်မိ ဣတိပိဣမိနာစက္ကမံဣကာရာဒီနံ၊ ဧတေနာတိ ဣဟူသောပါဠိတော်နှင့်အညီမြတ်စွာဘုရားသခင်သည် အလိုတော်ရှိသည်ရှိသော် ပကတိ ကိုယ်တော်ဖြင့် ပရိက္ခရာရှစ်ပါးနှင့်တကွ မိုးညှင်းခွံတွင်း၌ ထိုမှ ဤမှ လူးလားတုံ့ခေါက်စကြံ သွားတော်မူနိုင်၏၊ ဤသို့ကြွတော်မူနိုင်ခြင်းသည် ပကတေ့သော ဣဿရိယဘုန်းတော်ဤသို့အစရှိသောအနက်အဓိပ္ပါယ် တို့ကိုကောင်းစွာထွန်းပ၍ ပြတတ်သော သတ္တိအရကြောင့် ဣသရ မည်၏။

၄။ ဤကာရော ဤသံ ဤသေသု ဤသာဒီနံ ဧတေနာတိ ဤ ပ-ဟူသောပါဠိနှင့်အညီ မြတ်စွာဘုရားသခင်သည် အလိုတော်ရှိသည်ရှိသော် စင်းငယ်အနည်းငယ်- အနုမြူပမာဏရှိသော ရူပါရုံ ဝတ္ထုရုပ်သည် အနန္တစကြာဝဠာဝေးရာအရပ်မှသော်လည်း ရှိသော်အာရုံကိုမြင်ခြင်းငှာစွမ်းတော်မူနိုင်သော ဒိဗ္ဗစက္ခုအဘိညာဏ်တော် အနန္တစကြာဝဠာ ဝေးကွာသော အရပ်ကစိုးစင်း- အနည်းငယ်- အတန်ငယ်-တိုးတိုး သက်သက်-ဖြည်းညှင်းသာယာနူးညံ့သိမ်မွေ့- နက်နဲခက်ခဲသေချာကျစ်လစ်စွာ-နားနား ကပ်၍ လေသံလေးမျှပြောဆိုသောသဒ္ဒါရုံ- အသံကိုပင်သော်လည်း ကြားခြင်းငှာစွမ်းတော်မူနိုင်သော ဒိဗ္ဗသောတအဘိဉာဏ်တော် အနည်းငယ်မျှ မကျန်စေရနက်နဲခက်ခဲသိမ်မွေ့နူးညံ့လှစွာသော တရားဓမ္မဒေသနာများကို သိတော်မူသော ပဋိဝေဒဉာဏ်တော်ချဲ့ဦးအံ့- ယူဇနာပေါင်းရှစ်သောင်း လေးထောင် နက်ခြင်းဆောင်သော မဟာသမုဒ္ဒရာကဲ့သို့ -နက်ခြင်းလေးပါးနှင့်ပြည့်စုံသော ရှစ်သောင်းလေးထောင်သော ဓမ္မခန္ဓာအပေါင်းဟုဆိုအပ်သော ပရိယတ် မဂ်လေးတန် ဖိုလ်လေးတန်၊ နိဗ္ဗာန် အားဖြင့်ကိုးပါးသော လောကုတ္တရာ ပရိယတ်နှင့်တကွ ဆယ်ပါးသေ တရားတော်ဉာဏ်ယျဓမ်တရားငါးပါး သခ်တ အသခ်တအားဖြင့် များပြားသော ခမ်းသိမ်းသောတရားအပေါင်းတို့ကို ဆရာမသင်ပဲပြင်သူမရှိ မိမိအလိုလိုကိုယ်တော်တိုင်သာလျှင် သိတော်မူသော သယမ္ဘူဉာဏ်တော်ဖြင့်အကြွင်းမရှိအထူးသဖြင့် သိမြင်တော်မူနိုင်သော သဗ္ဗညုတဉာဏ်ဟု ဆိုအပ်သောစေတောပရိယအဘိဉာဏ်တော် ဘဝအစဉ်တို့ကို ကုန်စင်အောင်သိမြင်တော်မူနိုင်သော ပုဗ္ဗေနိဝါသအသိဉာဏ်တော် ရူပါရုံ၊သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗါရုံဟုဆိုအပ်သော ကာမဂုဏ်ငါးပါး တို့ကိုတပ်တတ်သောလောဘဆိုအပ်သောကာမာဘဝ- ကာမတစ်ဆယ့်တစ်ဘုံတို့၌ ဖြစ်ခြင်းဟု ဆိုအပ်သောကာမာဘဝ- ရူပတစ်ဆယ့်ခြောက်ဘုံ တို့၌ဖြစ်ခြင်း ဟုဆိုအပ်သော ရူပဘဝ။

အရူပလေးဘုံတို့၌ဖြစ်ခြင်းဟုဆိုအပ်သောအရူပဘဝ၊ ဤသို့လျှင်ဘဝသုံးပါးစက် ရထားတို့ကို လားလားမပြတ် သွားစေတတ်သော လောဘတဏှာ ဥပါဒါန်တရားလေးပါး တို့၏ဖြစ်ချရာအရပ်ဟု ဆိုအပ်သော ဘဝါသဝ။

ဒိဋ္ဌဂတသမ္ပယုတ်ဟုဆိုအပ်သော မှားသောအမြင်မှားသောအယူ အာရုံတို့နှင့်ယှဉ်သော သဘောတရားဟုဆိုအပ်သော ဒိဋ္ဌာသဝ။

မောဟ ဟုဆိုအပ်သောအဝိဇ္ဇာအသိ ကဏ်းခြင်းသည် အဝိဇ္ဇာသဝမည်၏၊ ဤသို့လျှင် အာသဝေါတရားလေးပါးတို့၏ ကုန်ခြင်းကို သိမြင်တော်မူနိုင်သော အာသဝက္ခယဉာဏ်တော်။

ပစ္စေကဗုဒ္ဓါသာဝကတို့နှင့် မဆက်ဆံသော ကိုယ်တော်မြတ်မှ ရေမီးအစုံအစုံကိုဖြစ်စေခြင်းငှာဖန်ဆင်းတော်မူနိုင်ခြင်းဟုဆိုအပ်သော ယမကပါဋိဟာရိယဉာဏ်တော်-ဤသို့လျှင် အဘိဉာဏ် ခြောက်ပါး - သမာပတ်ရှစ်ပါး၊ ဝိဇ္ဇာသုံးပါး ၊ဝိဇ္ဇာရှစ်ပါးစရဏတစ်ဆယ့်ငါးပါးခပ်သိမ်းသော တရား အပေါင်းတို့ကို မကျန်မကြွင်းစေပဲ ကုန်စင်အောင်သိမြင်တော်မူနိုင်ခြင်း အစရှိသော အနက်ကြီးတို့ကို ကောင်းစွာထွန်းပ၍ ရှေးဦးစွာဟောကြားဖော်ပြတတ်သည်၏အဖြစ်ကြောင့် ဤသရ မည်၏။

၅။ ဥပါသကာ-ဥပသကီ-ဥပဂန္တာ-ဥပသက်မိတ္တာ-ဥပေါသထသီလ်-ဥပဝသိတ္တာ- ဥပဋ္ဌာသိ- ဥပဋ္ဌာသိ- ဥပဋ္ဌာသိ-ဥပဋ္ဌာသိ-ဥပဋ္ဌာနာဒီနံ ဧတေနာတိ--ဥ။ ဟူသောပါဠိတော်နှင့်အညီ ဥပါသက သူတောစသားသီလအားထုတ် ၊ဓမ္မဂုဏ်တို့သရဏဂုံ၊ ကိုယ်လုံးထုံလျက် ရှစ်ပါးအင်္ဂါပြည့်စုံစွာလှ ဥပေါသထ မြတ်သီလကို အာရုံမယွင်း ဆောက်တည်ခြင်းဖြင့် နေ့ညမယုတ် အားထုတ်ခြင်းငှာ ရတနာ သုံးပါးဆည်းကပ် သွားလျက် ကောင်းစွာရှိသေ၊ မှီကပ်နေ၍ ဘယလာဘ- ကုလကျဉ်ရှောင်း ဂုဏ်တော်ပေါင်းကို အောက်မေ့ သဖြင့် အသင့်နှလုံး ဆို့ပိတ်ဖုံးလျက် သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်ဆွညွတ်နူး ရှိခိုးဦး၍ သုံးပါးသရဂုံ ၊ ရှစ်စုံသီလ၊ ခံယူကြလျက်၊ နှစ်သက်ကြည်ဖြူ ပေးလှူအပ်သော ဝတ္ထုတို့ကို သဒ္ဓါမြတ်လေး စိတ်အေးကြည်ချမ်း၊ ပီတိလွှမ်း၍ လှူဒါန်းပူဇော် တရားတော်ကို၊ ရိုသေကျိုးနွံ၊ ကောင်းမွန်လှစွာ-နာခံပါလျက်- ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းသဖြင့်, ရတနာဦးမပြတ်ဖူး၍ ညွတ်နူးစေတနာကောင်းစွာနေလေ့ရှိသောကြောင့် ဥပါသကီ သညီမည်ရ ခေါ်ပေစွ၏၊ ဤသို့စသဖြင့် ပိဋပတ်သုံးပုံ၌လာသော ဥဒါဟရုဏ် ၊ပါဠိတော် အဋ္ဌကထာ ဋီကာဂဏ္ဌိ စသောကျမ်းတို့၌ ရှေးဦးစွာအနက်အဓိပ္ပါယ်အကျယ်ကိုပြတတ်သော သတ္တိကြောင့် ဥသရ မည်၏။

၇။ ဧသတိ ဧသတီတိ မဟေသီ ဧသိ တဗ္ဗော ဂဝေသိတဗ္ဗော ဧသိ ဧသောဒိနံ ဧတေနာတိ သောပါဠိတော်နှင့်အညီ-ဝိပဿီအစရှိသောရှေးရှေးသောဂင်္ဂါသဲလုံးနှင့်အမျှ လွန်လေကုန်ပြီးသော နောင်တော် နောင်တော်ဘုရားတို့သည် ဒါနပါရမီအစရှိသော ပါရမီဆယ်ပါးအယုတ်အလတ် အမြတ်အားဖြင့် အပြားသုံးဆယ်၊ စရိယသုံးပါး စွန့်ခြင်းကြီးငါးပါး၊ သတိပဋ္ဌာန်လေးပါး၊ သမပဋ္ဌာန် လေးပါး၊ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ဗိုလ်ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးတည်း ဟူသော သဗ္ဗညုတဉာဏ်တော်၏ ရင့်ကြောင်း ပွင့်ကြောင်းဖြစ်သောသူတော်ကောင်းတို့၏ ကျင့်ရိုး လမ်းဟောင်းအစဉ် ဗောဓိပက္ခိယတရား အပေါင်းတို့ကို ကောင်းစွာရှာမှီး ၊ဆည်းပူးဖြည့်ကျင့်တော်မူ၍ အတုမရှိသောဘုရားအဖြစ်သို့ ရောက်တော်မူသဖြင့် မဟေသီမည်တော်မူသကဲ့သို့ ငါတို့ဂေါတမ မြတ်စွာဘုရားသခင်သည်လည်း သချေ်နှစ်ဆယ်ကာလပါတ်လုံး ဒါနအစရှိသော ပါရမီတော်သုံးဆယ်၊ စရိယသုံးပါး၊ စွန့်ခြင်းကြီးငါးပါး၊ သုံးဆယ့်ခုနှစ်ပါးသောဗောဓိပက္ခိယ တရားအပေါင်းသူတော်ကောင်းတို့၏ ဖြည့်ကျင့်တော်မူမြဲ ဓမ္မတာ အပြားသုံးဆယ်၊ လမ်းဟောင်းသူတော်ကောင်း

တို့၏ တရားအစု တရားအစဉ်တို့ကို ကောင်းစွာဖြည့်ကျင့် ဆည်းပူးတော်မူသည်ဖြစ်၍ ဗောဓိမဏ္ဍိုင်၌ အတုမရှိသော သဗ္ဗညုမြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူသည်၏အဖြစ်ကြောင့် မဟေသီ မည်တော်မူပြီးထသော-ဤသို့အစရှိသဖြင့် ပိဋကတ်သုံးပုံတို့၌ လာသောပါဠိတော် အဋ္ဌကထာ-ဋီကာဂဏ္ဌိစသော ကျမ်းတို့၌ ရှေးဦးစွာ အနက်အဓိပ္ပါယ်ကို အကျယ်ကောင်းစွာ ထွန်းပ၍ ပြတတ်သော သတ္တိကြောင့် ဧသေရ မည်၏။

၈။ ဧသ ဂဝေသ သဂုဏာသ ၊ဖလာ၊ ဖလာဒီနံ၊ ဧတေနာတိ အဲ ဟူသော ပါဠ်တော်နှင့်အညီ ရှေ့သံသရာ ကမ္ဘာအဆက်ဆက် ဖြည့်ကျင့်ရှာမှီးဆည်းပူးတော်မူအပ်သော ပါရမီတော်ဘုန်းတော် ကောင်းမှုမြတ်ကြောင့် ရတော်မူအပ်ပြီးသော သုံးဆယ့်နှစ်ပါးသောယောကျ်ားမြတ် တို့၏လက္ခဏာတော်ကြီးရှစ်ဆယ်သော လက္ခဏာတော်ငယ် ခြောက်သွယ်သောရောင်ခြည်တော် ငါးဆယ့်ငါးပါးသော ဥဒယဗ္ဗယပဋ္ဌမဉာဏ်တော်၊ ခုနှစ်ဆယ့် နှစ်ပါးသောဉာဏဝတ္ထုကုဋေ တစ်သန်းလေးသိန်းသောစျာန်သမာပတ်၊ ရှစ်ပါးသောအံ့ဘွယ်တော် ကိုးသွယ်သောဉာဏ်တော်၊ ဆယ်ပါးသောကာယဗလ၊ ဆယ်ပါးသော ဉာဏဗလ ဆယ်နှစ်ပါးသော အစိန္တေယျလေးပါးသော စတုဝေသာရဇ္ဇ အစရှိသော သဗ္ဗညုတဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူပြီး ထသော ဤသို့အစရှိသဖြင့် ပိဋကတ်သုံးပုံ၌လာသော ရှေးဦးစွာသော အနက်အဓိပ္ပါယ်အကျယ်ကို ကောင်းစွာ ထွန်းလင်းစေသဖြင့်၊ ထင်ရှားပြတတ်သော သတ္တိကြောင့် အဲ သရ မည်၏။

၉။ ဩကာသံ -ဩကာသေန- ဩဘာသံ- ဩဘာသန္တော-ဩဘာသေတွာ- ဩလောကံဩလော- ကေန္တော-ဩလောကေတွာ-ဩယာဒီနံ- ဧတေနာတိ-ဩ ဟူသော ပါဠ်တော်နှင့် အညီ-ရူပရူပဝိလာသ- ရူပအစိန္တေယျ၊ကဒ္ဓိ ကဒ္ဓိဝိလာသ- ကဒ္ဓိအစိန္တေယျ၊ဝါစ ပါစဝိလာသ၊ ဝါစ အစိန္တေယျ၊ ဉာဏ၊ ဉာဏ ၊ဝိလာသ- ဉာဏအစိန္တေယျတည်းဟူသော လေးပါးသော အစိန္တေယျ၊ တစ်ဆယ့်နှစ်ပါးသော အစိန္တေယျတို့၏ တည်ရာစုဝေးရာကျေးဇူးတော်အပုံ၊ ဂုဏ်တော် အပေါင်းတို့နှင့် ပြည့်စုံ တော်မူသောမြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်အစိန္တေယျအနန္တဖြင့် အနန္တစကြာဝဠာတို့၌ ကျွတ်ထိုက်သော်သတ္တဝါတို့ကို ချွတ်တော်မူလိုသည်ဖြစ်၍ ချွတ်သင့်ချွတ်ရအံ့သောအခါ ချွတ်ထိုက်သော သတ္တဝါတို့၏ ပါရမီဉာဏ်၊ ရင့်မရင့်ကိုကြည့်ရှုဆင်ခြင်မြင်တော်မူလိုသည်ဖြစ်၍ ကိုယ်တော်မြတ်မှသည် အနန္တစကြာဝဠာ၊ အနန္တစကြာဝဠာမှသည် ကိုယ်တော်မြတ်တိုင်အောင် အပြန်အလှန် သဗ္ဗညုတဉာဏ်တော်အနန္တဖြင့် အနန္တသောသတ္တဝါ အပေါင်းတို့ကို ကောင်းစွာကြည့်ရှုဆင်ခြင်တော်မူသည် ဖြစ်၍ ကျွတ်ထိုက်သောသတ္တဝါကို မြင်တော်မူသည်ရှိသောလှော်ပြီးဥပြီးညီးညီးရောင်ဖိတ်သင်္ကနိက် ရွှေစင်အဆင်းနှင့်တူသော ကိုယ်တော်မြတ်၌ တိမ်နီအဆင်းနှင့်တူသောကမ္ဗလာတံဆာ၊ ကြာသင်္ကန်းပေါ်ကို ကောင်းစွာ ဝတ်ရုံတော်မူ၍ ထိုကျွတ်ထိုက်သော သတ္တဝါရှိရာစကြာဝဠာဝေးရပ်မှာသော်လည်း မကြာမားမား ကိုယ်တော်တိုင်သွား၍ ခြောက်ပါးသော အဆင်းရှိသော ခြောက်သွယ်သောရောင်ခြည်တော်တို့ကို တထိန်ထိန် တဝင်းဝင်းထွန်းလင်းတောက်ပစေလျှက် ကျွတ်ထိုက်သောသတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေးတော်မူ၍ သံသရာတည်းဟူသော ဝတ်ဆင်းရဲမှ နိဗ္ဗာန်ရွှေမြို့သို့မချိုထုတ်ချောက်ရောက်အောင် ကယ်တင်တော်မူလေပြီး၍ ဤသို့စသည်ဖြင့်

ပိဋကသုံးပုံတို့၌လာသော များစွာသော ကျမ်းတို့၌ ရှေးဦးစွာအနက်အဓိပ္ပါယ် အကျယ်တို့ကို ကောင်းစွာထွန်းလင်းစေဦး၍ တင့်တယ်စွာ ပြတတ်သော သတ္တိအရကြောင့် ဩသရ မည်၏။

၁၀။ ဩယသဒိသံ-သံသာရတိက္ကော-မဂ္ဂေါလုမ္ပနု-သတ္တာနံ ဩယံ တာရေတိ တိ ဩ-ဟူသော ပါဠိတော်နှင့်အညီ ရှစ်သောင်းလေးထောင်နက်ခြင်းဆောင်သားလေးစင်းသော မဟာသမုဒ္ဒရာဗလဝါမုက္ခဝဲဩယရေအယာဉ်လှိုင်းတန်ပိုး- မိကျောင်း-လပိုင်-ငါးလိပ် မကာရ် စသောဘေးရန်အပေါင်းတို့နှင့် တူသော စတ္တာရောအာသဝါဟူသော ပါဠ်တော်နှင့်အညီ ကာမာသဝ၊ ဘဝါသဝ၊ဒိဋ္ဌာသဝ ၊ အဝိဇာသဝ တည်းဟူသောအာသဝေါတရားလေးပါး၊ စတ္တာရောဩယာဟူသောပါဠ်တော်နှင့်အညီ၊ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ တည်းဟူသောဩယလေးပါး စတ္တာရောယောဂါဟူသော ပါဠ်တော်နှင့်အညီ - ကာမယောဂ၊ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇာယောဂတည်းဟူသော ယောဂလေးပါး စတ္တာရောဂန္ထာဟူသော ပါဠ်တော်နှင့်အညီ အဝိဇာကာယဂန္ထ၊ဗျာပါဒကာယဂန္ထ၊ သီလဗ္ဗတပရာမာ သကာယဂန္ထ၊ ဣဒံသစ္စာဘိနိဝေသကာယဂန္ထတည်းဟူသော ဂန္ထလေးပါးစတ္တာရော၊ ဉပါဒါနံဟူသော ပါဠ်တော်နှင့်အညီ-ကာမုပါဒါန်၊ဒိဋ္ဌုပ္ပါန်သီလဗ္ဗတုပါဒါန်၊ အတ္တဝါ၊ ဒုပ္ပဒါန် တည်းဟူသော ဉပါဒါန်တရားလေးပါး၊ တ္တာရောဂတိကာဟူသောပါဠ်တော်နှင့်အညီ အပါယဘုမ္မဒုဂ္ဂတိ၊ မနုဿဒေဝ ဘုမ္မိသုဂတိရူပဘုမ္မိသုဂတိ အရူပဘုမ္မိသုဂတိ တည်းဟူသောဂတိလေးပါး ဆ-နိဝရဏာနိဟူသော ပါဠ်တော်နှင့်အညီ ကာမစ္ဆန္ဒနိဝရဏ ဗျာပါဒနိဝရဏ ထိနမိဒ္ဓနိဝရဏ၊ ဉဒ္ဓစ္စကုက္ကုစ္စနိဝရဏ၊ ဝိစိကိစ္ဆာနိဝရဏ အဝိဇာနိဝရဏ တည်းဟူသော နိဝရဏ ခြောက်ပါး၊ သတ္တာအနုသယဟူသော ပါဠ်တော်နှင့်အညီ ကာမရာဂနုသယဘဝရာဂါနုသယ ပဋိယာနုသယမာနနုသယ ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယ အဝိဇာနုသယတည်းဟူသော အနုသယခုနှစ်ပါး ဒသသံယောဇနာနိ ဟူသော ပါဠ်တော်နှင့်အညီ ကာမရာဂသံယောဇဉ်၊ ရူပရာဂသံယောဇဉ်၊ အရူပသံယောဇဉ်၊ ပဋိယ သံယောဇဉ်၊ မာနသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသ- သံယောဇဉ် ၊ဝိစိကိစ္ဆာသံယောဇဉ်၊ ဉဒ္ဓစ္စသံယောဇဉ်၊ အဝိဇာ သံယောဇဉ်တည်းဟူသော သံယောဇဉ်ဆယ်ပါး၊ ဒသကိလေသာနိဟူသော ပါဠ်တော်နှင့်အညီ-လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ဝိစိကိစ္ဆာ၊ ဉဒ္ဓစ္စ၊ ကုက္ကုစ္စ ၊အဟိရိက၊ အနောတ္တပ္ပတည်းဟူသော ကိလေသာဆယ်ပါးအစရှိသော ပရာမာသ အကုသလ တရားပေါင်း၊ မကောင်းသောသံသရာမဟာ သမုဒ္ဒရာဗလဝါမုက္ခဝဲဩယရေအယဉ် လှိုင်းတံပိုး-မိကျောင်း-လင်းပိုင်း-ငါးလိပ်-မကာရ်တည်းဟူသောဘေးရန်အပေါင်းတို့ဖြင့်ပြွမ်းသောသံသရာဝဋ်ဆင်းရဲ၌ အမြဲမကွာကျဉ်လည် ရကုန်သောလူနတ်ဗြဟ္မာ-နဂါး-ဂဠုန်-ဂုမ္ဘဏ်-ရက္ခိုသ်၊ဂန္ဓနတ်-ဟုဆို အပ်သောဝေနေယျကြာ-သတ္တဝါအနန္တတို့ကိုနိဗ္ဗာန-ခေမာ အမတ သို့ခဏဆောလျှင် ဇေ့မဂ္ဂင်ဖြင့် ပို့ဆောင်ကယ်ယူတင်ဆောင်တော်မူပြီးထသော ဤသို့အစရှိသောနည်းအားဖြင့် ပိဋကတ်သုံးပုံ တို့၌လာသောပါဠိတော်-အဋ္ဌကထာဋီကာ-မဏ္ဍု- အနုလက်သန်းစသောများစွာသောကျမ်းတို့၌ ရှေးဦးစွာအနက်အဓိပ္ပါယ်အကျယ်တို့ကို ကောင်းစွာတင့်တယ် ပြောင်ရှန်းထွန်းတောက်ပစေသဖြင့် ပြတတ်သောသတ္တိအရကြောင့်- ဩဘာသရ မည်၏။

၁၁။ အံကူနိဂ္ဂဟိတံ-အန္တံ-အန္တေ-အန္တော-အန္တေန- အန္တဿ-အန္တသ္မာ-အန္တမှာ၊ အန္တသ္မိအန္တမှိ၊ အန္တာဒီနံ၊

ဧတေနာတိ-အံ ဟူသောပါဠိတော်နှင့်အညီ အံဟူ၍ အကြင်ဗိန္ဒုကို အ သရ၏ အထက်၌ ကောင်းစွာယှဉ်တွဲမှီဝဲပူးကပ်၍ တင်ထားအပ်သော သတ္တိအရကြောင့် အံ့ ဟူသောလောက ဝေါဟာရ အမည် ခေါ်ဝေါ်ပညာတ်-သမုတ်အပ်သောအံ့သရ၏အနက်အဓိပ္ပါယ်အကျယ်ကို မသိကုန်သော ဉာဏ်နုသော သောတုဇနဝေနေယျ-ကြာသတ္တဝါအပေါင်းသူတော်ကောင်းတို့ကို ကောင်းစွာ သိလွယ် မှတ်လွယ် တတ်လွယ် စေခြင်းအကျိုးငှာ အနက်အဓိပ္ပါယ်မကျဉ်းမကျယ်သိလွယ်ရုံပုံပမာနှင့်တကွ ပြရသည်ရှိသော် ကိုယ်တော်မြတ်၏ သန္တာန်-သူတစ်ပါးတို့၏သန္တာန်ဟုဆိုအပ်သော နှစ်ပါးသောသန္တာန် နှစ်ပါးသောသူတို့၏ ကိုယ်ပတို့၌ ကောင်းစွာယှဉ်တွယ် မှီဝဲပူးကပ် မှေးယှက်၍ နှိပ်စက်တတ်သော လောဘ-ဒေါသ- မောဟ တဏှာ -ရာဂ အစရှိသော ခြုံဆေးပြစ်အပေါင်းတို့ကို ကောင်းစွာအရဟတမဂ် ဓါးသံလျက်ဖြင့်ပယ်ဖျက် ခုတ်ထွင် ကုန်စင်စေသဖြင့် အတ္တဟိတ- ပရဟိတအကျိုးနှစ်ပါးကိုကောင်းစွာ ရွက်ဆောင်တော်မူသည်ဖြစ်၍ သတ္တဝါပေါင်းတို့အား ထိုတဏှာရာဂ အဝိဇ္ဇာ အစရှိသော ခြုံပိတ်ပေါင်းမှ ကောင်းစွာထွက်မြောက်စေ၍ မဂ္ဂင်ရှစ်ပါးတည်းဟူသော မဟာခရီး၌ စူးစူးစိုက်စိုက် လိုက်စေ၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်တည်းဟူသော ဆီမီး တစ်ထောင်ကို ညီထွန်းတောက်မူသဖြင့် သစ္စာလေးပါး တည်းဟူသော တရားအပေါင်းတို့ကို ကောင်းစွာသိသဖြင့် ခပ်သိမ်းသော လောဘ- တဏှာ- အဝိဇ္ဇာ အစရှိသောအညစ်အကျေးဘေးရန်အပေါင်း မကောင်းသော အကုသိုလ်တရားအစုတို့၏ ကုန်ငြိမ်းရန် ချမ်းသာအမှန်ပြည်နိဗ္ဗာန်တည်းဟူသော အဆုံးအခန်းကမ်းတစ်ဘက်ဟုဆိုအပ်သော လွင်မြတ်သို့ ကောင်းစွာမချွတ်ချော်ရောက်အောင်ပို့ဆောင် ကယ်တင်တော်မူပြီးထသော-ဤသို့အစရှိသော နည်းဖြင့်လောကီပုံပမာနှင့်တကွ ထင်စွာပြ၍ သိလွယ်စေခြင်း အကျိုးငှာ ပိဋကတ်သုံးပုံ တို့၌ လာသော ပါဠိတော်-အဋ္ဌကထာ-ဋီကာဂဏ္ဌိစသောကျမ်းအပေါင်းတို့၌ ရှေးဦးစွာ အနက်အဓိပ္ပါယ် အကျယ်တို့ကို ကောင်းစွာပြတတ်သော သတ္တိကြောင့် အံ သရ မည်၏။

၁၂။ အာသရေ သပနသာ ဒွာသဋ္ဌိ မိစ္ဆာ ဒိဋ္ဌိကာ ဧတေနာတိအားဟူသော ပါဠိတော်နှင့်အညီ-

ဗိန္ဒုဟုဆိုအပ်သော ဝိသဇ္ဇနီနှစ်ချက်တို့ဖြင့် ကောင်းစွာရှေး၌ ယှဉ်တွဲမှီဝဲပူးကပ်၍ ပေါ်ပေါက် သဖြင့်ပြအပ်သော လောကဝေါဟာရအမည်ပညတ်ခေါ်ဝေါ်သမုတ်အပ်သော အနက်တို့ကိုမှားယွင်း လစ်ဟင်း ပျက်စီးခြင်း မရှိစေရအောင် ပါဠိတော်အားလျော်စွာကောင်းစွာသင့်မြတ်သဖြင့်ရတနာခွဲ တစ်လုံးတို့ကို ပေါင်းရုံးညီညာရှသာတင့်တယ် ချယ်လယ်စီကုံးဘိသည့်ပမာ ကအစရှိသော သုံးဆယ့်သုံးလုံးသော ဗျည်းတို့၏မှီရာတင့်တယ်စွာထွန်းတောက်ပသောလပြည့်ဝန်း၏အခြွေအရံအကာ(၂၇) လုံးသောနက္ခတ်တာရာကြယ်အပေါင်းတို့သည် ကောင်းစွာခြံရံသဖြင့် တင့်တယ်ပြောင်ရှန်းထွန်းတောက်ပသော တစ်ဆယ့်ငါးရက်ကပ်၍ ထွန်းသော လပြည့်ဝန်းကဲ့သို့ ကောင်းစွာ အနက်ကိုတင့်တယ်ပြောင်ရှန်း တောက်ပသဖြင့် ပြအပ်သော အားဟူသော သရသည် လောဘ တဏှာ မာန ဒိဋ္ဌိ အစရှိသော ခြောက်ပါး သော မိစ္ဆာအယူရှိသော မိစ္ဆာဉာဏ်က အစ ဓမ္မဝါဒီအယူရှိသော ဥရုဝေဠကဿပ အစရှိသော ညီနောင်ရှင်တစ်ထောင်ကို တိမှောင်မိစ္ဆာ ဒိဋ္ဌိခွာ၍ အရာနောက်တော် ပါအောင်ခေါ်၍ ပြည်ကျော် နဂိုရ်ရာဇဂြိုလ်တွင်ရောက်တုံခြင်မှ လဋ္ဌိဝနဥယျာဉ်မဥ္ဇ မင်္ဂလာ ကျောက်ဖျာပေါ်တွင် အဂ္ဂိခန္ဓောပမ သုတ်ဖြင့်ဟောကြားပြသ ဆုံးမပဲ့ပြင်သွန်သင်တော်မူသဖြင့်

ထိုမိစ္ဆာဒိဋ္ဌိအယူရှိသော ရှင်တစ်ထောင်၏ ကိုယ်တွင်းသန္တာန် အပသန္တာန်တို့၌ဖြစ်သော ရာဂအစရှိသော လောဘတဏှာ အဝိဇ္ဇာ အစရှိသော အညစ်အကြေးအမြေးအမှုင်တို့ကို နုတ်ငင်ထွေးအန် တွန်းလှန်တော်မူသဖြင့် မဂ်လေး တနလ်ာလေးတန် တည်းဟူသော ဆီမီးတန်ဆောင်းကြီးတို့ကို ကောင်းစွာတင့်တယ်ပြောင်ရွှန်း ထွန်းတောက်ကြိုးတောက်ပတော် မူပြီး၍ သစ္စာလေးပါးတည်းဟူသော တရားအပေါင်းတို့ကောင်းစွာသိသဖြင့် ထိုလောဘတဏှာအဝိဇ္ဇာ အစရှိသောအသွင်သဏ္ဌာန် အပသဏ္ဌာန်၌ဖြစ်သောမိးမွှေးခြင်း မီးကိုလုပ်ကြွေးခြင်း နေပူခံခြင်း၊ ဆူးနင်းခြင်း၊ ရေငုတ်ခြင်းအစရှိသော မိစ္ဆာအယူဝါဒတို့ကို ထောင်းထောင်းကြေညက်ပယ်ဖျက်ခုတ်ထွင် နုတ်ငင်တွန်းလှုံ့ဖျံ့အန်စေသဖြင့် ကုန်စင်အောင်ဖျက်ဆီးတော်မူပြီး၍ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး အဘိညာဉ် ခြောက်ပါးနှင့်တကွ ဧဟိဘိက္ခု ရဟန်းတာအစစ်အဖြစ်သို့ ရောက်သဖြင့် ကျွတ်ကုန်သောသူတော်ကောင်း အပေါင်းတို့ကဲ့သို့သော သူတော်ကောင်းအပေါင်းတို့ကို ခပ်သိမ်းသော အညစ်ကြေးအမှေးအမှုင် တဏှာမိစ္ဆာဒိဋ္ဌိတည်း ဟူသောကွန်ရက်အပေါင်းတို့ကို ကောင်းစွာနုတ်သဖြင့် ဘေးမျိုးအပေါင်းတို့၏ ကုန်ငြိမ်းရာ အသခ်တဓါတ်၊ မြတ်သောနိဗ္ဗာန်ရွှေမြို့သို့ တပည့်သားတော် အပေါင်းတို့နှင့်တကွ ကောင်းစွာ ကြွသွားတော်မူပြီးထသော ဤသို့အစရှိသဖြင့် လောကီလောကုတ္တရာပမာနှင့်တကွပြအပ်သော ပိဋကသုံးပုံတို့၌ပါသောလာသော ဥဒါဟရုဏ်ပုံပါဠိတော်အဋ္ဌကထာဋီကာအနုမဇလက်သန်း ဆန်းအလင်္ကာ စသော ကျမ်းတို့၌ ဖော်ညွှန်းစွာ အနက်အဓိပ္ပါယ်အကျယ်တို့ကိုကောင်းစွာတင့်တယ်ပြောင်ရွှန်းထွန်းတောက်ပသဖြင့် အဓိပ္ပါယ် အကျယ်တို့ကိုပြအပ်သော သတ္တိအရကြောင့် အား မည်၏။ ယနေ့ ဤသရ ၁၂ လုံးအဆုံးတိုင်အောင်ဟောပြီးပါသဖြင့်နားကြပါအုံးစို့ပါဘုရား နက်ဖြန်ကြမှ ဗျည်းများအကျယ်ကို ၅ လုံးတစ်ရက်စီထားပြီး ဟောပါမယ်ဘုရား။

ကောင်းလှပါပြီ သာဓု သာဓု သာဓု ဟုဖြိုင်ခေါ်ပြီးကြွတော်မူသွားကြ၏။ ကျွန်ုပ်နှင့် ဘိုးဘိုးအောင်တို့လည်း ဆက်ပြီးအဓိဋ္ဌာန်ပုတီးစိပ်ကြ၏၊ ကျွန်ုပ်ထိုင်ရင်း လျှောက်ရင်းနှင့်စိပ်ကြ၏၊ ဘိုးဘိုးအောင်ကတော့ထိုင်ရက်ပင်စိပ်နေ၏၊ ည ၁၂ နာရီထိုးတော့ ပုတီး ၃၀ ရ၏၊ နံနက် ၁ ချက်မှာ ၁၁ နာရီအတွင်း ၅၄ ပတ်နှင့် ပေါင်းသော် ထိုနေ့အဘို့ ၈၄ ပါတ်ရ၏၊ ခေတ္တနားပြီးအိပ်၏၊ နောက်တစ်နေ့ တပေါင်းလဆန်း ၇ ရက် ၂ လ်ာလနေ့ နံနက်တစ်ချက်တွင် ဘိုးဘိုးအောင်ကနှိုး၍ ထပြီးပရိကံယူ၍ ပုတီးစိပ်၏၊ နေ့ ၁ ချက်ထိ ပုတီး ၅၄ ပတ်ရ၏၊ ၁ ချက်ခွဲ အချိန်တွင် ဗျည်းများကို အကျယ်ဟော၏၊ ကုသလေ-သုခမွေသု၊ ပဋ္ဌမံဒသေကွာတဏှာကွရာဒိန်၊ ဧတေနာတိကံဟူသော ဝစနတ္တနှင့်အညီ တဏှာ ကုန်ရ၏။ နိဗ္ဗာန်ဘို့ရောက်ကြောင်းကောင်းသောအလှူပေးခြင်း၊ဒါနသီလဆောက်တည်ခြင်း၊ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းဘာဝနာ ရတနာသုံးပါး ဆရာသမား အမိအဘအစရှိသော သူတော်ကောင်းတို့အား ရိုသေကျိုးနွံ ကောင်းမွန်စွာ ဆောင်ရွက်ခြင်း၊ ဝေယျာဝစ္စ မိမိတို့ကောင်းမှုအဖို့ကို သူတစ်ပါးတို့အား အမျှပေးခြင်း၊ ပတ္တိ ဒါနသူတစ်ပါးကောင်းမှုကိုသာဓုခေါ်ခြင်း ပတ္တာနုမောဒန တရားနာခြင်း ဓမ္မသဝန၊ တရားဟောခြင်း ဓမ္မဒေသနာ အယူကိုဖြောင့်မတ်စွာယူခြင်း ဒိဋ္ဌိဇုကမ္မဤသို့လျှင် သုတ္တန်ဒေသနာတော်နည်းအားဖြင့် ကုသိုလ်ကမ္မပတရားဆယ်ပါး၊ ပုညကိရိယဝတ္ထုအားဖြင့် အနုပါနံ၊ ဃရဝတ္တံ၊ ယာနံသယနံမာလဂန္ဓာ၊

ဝိလေပနောပဒီပေါစ၊ ဒါနဝတ္ထုနိမေဒသ ဟူသောပါဠိတော် နှင့်အညီဆွမ်းဟင်းအဖျော်ဇကျောင်းအဝတ် သင်္ကန်း ယာဉ်၊ အိပ်ရာနေရာအခင်း၊ မွှေ့ရာကော်ဇောအခင်း၊ ကမ္ဗလာအုန်းမွှေးရာ၊ ပန်းနံ့သာ၊ နံ့သာပျောင်း ၊ အနိုးအထုံ၊ အမှုံဆီမီးတံဆောင်ဟူ၍ဆယ်ပါး။

ဝိနည်းဒေသနာတော်အားဖြင့် ဆွမ်းသင်္ကန်းဆေးလေးပါးသော ပစ္စည်း ကုသိုလ်ဒါနဝတ္ထု၊ အဘိဓမ္မာဒေသနာတော်နည်းအားဖြင့် ရူပဒါနသဒ္ဒဒါန၊ ဂန္ဓဒါန၊ ရသဒါန၊ ဖောဋ္ဌဗ္ဗဒါန၊ ဓမ္မဒါနဟူ၍ ကုသိုလ် ဒါနဝတ္ထုခြောက်ပါး၊ ကောင်းစွာဖြည့်ကျင့်အပ်သောကုသိုလ်ကိုစရိုက် အားဖြင့်ဆယ်ပါး၊ ပါရမီဆယ်ပါး အယုတ်အလတ်အမြတ်အားဖြင့် အပြားသုံးဆယ် ပါရမီကုသိုလ် တစ်ပါးပါးကို ဆယ်ပါး -ဆယ်ပါးစီပွား၍ အပြားသုံးရာပြား၏၊ ထိုသို့ပြားဟန် ဤသို့သိအပ်၏၊ ဒါန ဝတ္ထု ပရိစာဂေါ ဒါနပါရမီ။

ကာယဝစီ- သံဝေရောသီလပါရမီ လောဘာဒီနံကွန္တတ္တာ ကုသလကမ္မနိက္ခမပါရမီ၊ ဟိတာ ဟိတ ဝိစာရဏာ-ဝသေန- ပညာပါရမီ၊ ပုညသမ္ဘာရဿနိဋ္ဌာနဝသေနဝီရိယပါရမီ၊ အဓိဝါသန ခန္တီပါရမီ၊ သစ္စာပါရမီ၊ သစ္စာသမာဒါနံ- သစ္စာပါရမီ၊ သမာဒါနာဓိဋ္ဌာဓိဋ္ဌာနေန- အဓိဋ္ဌာနပါရမီ၊ သတ္တေသုဟိတ ဇသယေန၊ မေတ္တာပါရမီ၊ သတ္တေသုသမာန၊ စိတ္တေသု သမာနစိတ္တတာယစ၊ ပေက္ခာပါရမီ၊ ဧဝံဒသပါရမီယောလဘန္တိ၊ ဒါနဝတ္ထုပေးလှူဘွယ်ဝတ္ထုကို ပရိစာဂေါစွန့်လှူခြင်းသည် ဒါနပါရမီ ဒါနပါရမီမည်၏။

ကာယဝသီသံဝရော ကိုယ်နှုတ်နှလုံးကို စောင့်၍ ပေးလှူခြင်းသည် သီလပါရမီမည်၏၊ လောဘာဒီနံ၊ လောဘတဏှာအစရှိသည်တို့မှာ- နိက္ခန္တတ္တာ၊ မည်မစွန်းလွတ်လွတ်လပ်လပ်ပေးလှူ၍ ထွက်မြောက်ခြင်းသည် ကုသလကမ္မဝသေန အလောဘကုသိုလ်ကံ၏ အစွမ်းအားဖြင့်သာလျှင် နက္ခမ ပါရမီမည်၏။

ဟိတာဟိတဝိစာရဏာဝသေန၊ အကျိုးအကြောင်းတို့ကိုကောင်းစွာဆင်ခြင်၍ ပေးလှူခြင်း သည် ပညာပါရမီမည်၏၊ ပုညသမ္ဘာရဿကုသိုလ်ဖြစ်ခြင်း၏အဆောက်အဦးကြီးယာကို နိဋ္ဌာနဝသေ ပြီးအောင်လုံ့လကျိုးစားအားထုတ်ခြင်းသည် ဝီရိယပါရမီမည်၏။

အဓိဝါသန ခန္တီ အလွန်ပစ္စည်းဥစ္စာ နှမြောစုံမက်ခြင်းကိုသည်းခံ၍ ပေးလှူခြင်းသည် ခန္တီပါရမီမည်၏၊ သစ္စာသမာဒါနံ မှန်သောစကားကိုပေးခြင်းသည် သစ္စာပါရမီမည်၏၊

သမာဒါနံ အဓိဋ္ဌာနေန ကောင်းစွာပေးလှူမည်ဟုအဓိဋ္ဌာန်ဆောက်တည်သည့် အတိုင်းပေးလှူခြင်းသည် အဓိဋ္ဌာန်ပါရမီမည်၏။

သတ္တေသု၊ သတ္တဝါတို့၌ ဟိတဇ္ဈသယေန အကျိုးကိုအလိုရှိသည်ဖြစ်၍ ချမ်းသာစေခြင်း ငှာ ပေးလှူခြင်းသည် မေတ္တာပါရမီမည်၏၊ သတ္တေသုသတ္တဝါတို့၌ သမာဒါနစိတ္တေန အလှူခံပုဂ္ဂိုလ်တို့၌ ချစ်သောသူ မုန်းသောသူရန်သူမရွေး တူမျှသောစိတ်ဖြင့် သမာဒါနစိတ္တတာယစ ကောင်းစွာမြင်သောစိတ် ရှိ၍ပေးလှူသည်၏အဖြစ်ကြောင့်ဥပေက္ခာပါရမီ မည်၏၊ ဧဝံ ဤသို့ဒသပါရမီဆယ်ပါးသော ပါရမီတော် တို့ကို လဘန္တိ တစ်ပါးပါးသော ပါရမီ၌ ဆယ်ပါး ဆယ်ပါးစီ ဤနည်းချည်းကောင်းစွာပွားရသဖြင့် ရအပ်ကုန်၏။

အဓိပ္ပါယ်ကား။ ဒါနဝတ္ထုကိုလှူရသောကြောင့် ဒါနပါရမီမည်၏၊ ကိုယ်နှုတ်စောင့်၍

လှူရသောကြောင့် သီလပါရမီမည်၏၊ လောဘမှထွက်မြောက်၍ လှူရသောကြောင့် နိက္ခမပါရမီမည်၏၊ လှူပါသော်ချမ်းသာသုံးပါးကို ရလိမ့်မည်ဟုပညာဖြင့်ဆင်ခြင်၍ လှူရသောကြောင့် ပညာပါရမီမည်၏၊ လုံလအားထုတ်၍လှူရသောကြောင့် ဝီရိယပါရမီမည်၏၊ လှူအပ်သောဝတ္ထုသို့တပ်လာသောလောဘကို သည်းခံ၍လှူရသောကြောင့်ခန္တီပါရမီမည်၏၊ လှူမည်ဟုပြထမ်းတိုင်းလှူရသောကြောင့် အဓိဋ္ဌာန် ပါရမီမည်၏၊ ခပ်သိမ်းသောသူတို့ကို ကောင်းပါစေ၊ လိုသောစိတ်ဖြင့်လှူရသောကြောင့် မေတ္တာပါရမီမည်၏၊ သတ္တဝါတို့၌မျှသောလစ်လျူရှုခြင်းဟူသော ဥပေက္ခာစိတ်ဖြင့် လှူရသောကြောင့် ဥပေက္ခာပါရမီမည်၏။

ဤသို့ဒါန၌ ပါရမီဆယ်ပါးပြည့်၏၊ ၎င်းနည်း ပါရမီတစ်ပါးပါး၌ဆယ်ပါး- ဆယ်ပါးစီပွားသောကြောင့် ပါရမီသုံးဆယ်ကို သုံးရာပွား၏။

စရိယသုံးပါးစွန့်ခြင်းကြီးငါးပါးသုံးဆယ်ခုနှစ်ပါးသော ဗောဓိပက္ခိယတရား၊ သုံးဆယ့်ရှစ်ပါးသော မင်္ဂလာကုသိုလ်အပေါင်း အဘိဓမ္မာ ဒေသနာနည်း၌ ကုသလာဓမ္မာ၊ ပါဠိတော် အဇ္ဈသုခဝိပါက- အဋ္ဌအကုသလေဓမ္မေလုန္တိ၊ ဆိန္ဒတိတိကုသလာ၊ ဋီကာ။

ဤသို့လျှင် ပြအပ်ခဲ့ပြီးသော ဥဒါဟရဏ်ပုံပါဠိတော်အဋ္ဌကထာဋီကာတို့၌ လာသော မြည်းနက်သော အကုသိုလ်ဒုစရိုက်အပေါင်းတို့ကိုပယ်ဖြတ်၍ ဖြူစင်သန့်ရှင်းအပြစ်မရှိ ကောင်းသောအကျိုးကိုပေးခြင်း၊ လက္ခဏာရှိသော နိသတ္တနိဇီဝဖြစ်သောကုသိုလ်မည်သော သဘောတရားတို့သည် သာမညအားဖြင့် တစ်ပါးသော ဝိသေသအထူးအားဖြင့်သော်ကား ကာမဝစရ ကုသိုလ် ၊ရူပါဝစရကုသိုလ်၊ အရူပါဝစရကုသိုလ်၊လောကုတ္တရာကုသိုလ်အားဖြင့်လေးပါး၊ ထိုလေးပါး တို့တွင် ကာမဝစရကုသိုလ်သည်လည်း သာမညအားဖြင့် တစ်ပါးသောဝိသေသအထူးအားဖြင့် မဟာကုသိုလ် စိတ္တုပ္ပါဒ်အပြားအားဖြင့်ရှစ်ပါး၊ ဝေဒနာအပြားအားဖြင့်ရှစ်ပါး၊ သမ္ပယုတ်အားဖြင့် ရှစ်ပါး၊ သင်္ခါရအားဖြင့် ရှစ်ပါး၊ ထိုရှစ်ပါးတို့တွင် ဝေဒနာသည်လည်း သောမနဿဝေဒနာဥပေက္ခာဝေဒနာအားဖြင့် နှစ်ပါး၊ သမ္ပယုတ်သည်လည်းသာမညအားဖြင့်တစ်ပါးသာ၊ ဝိသေသအထူးအားဖြင့်သော်ကား ဉာဏသမ္ပယုတ်၊ ဉာဏဝိပ္ပယုတ်အားဖြင့်ထိုနှစ်ပါးတို့တွင် သောမနဿဝေဒနာနှင့်ယှဉ်အပ်သော ကုသိုလ်လေးပါးဉာဏ်နှင့်ယှဉ်သော ကုသိုလ်လေးပါး၊ ဉာဏ်နှင့်မယှဉ်အပ်သော ကုသိုလ်လေးပါး တိုက်တွန်းခြင်းနှင့်တကွဖြစ်သော သင်္ခါရိကကုသိုလ်လေးပါး၊ ထိုလေးပါးတို့တွင် သောမနဿဝေဒနာနှင့်ယှဉ်သောကုသိုလ်လေးပါးဟူသော်ကား အဘယ်နည်း၊ သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် အသင်္ခါရိကကုသိုလ်တစ်ခု၊ သောမနဿသဟဂုတ်၊ ဉာဏဝိပ္ပယုတ်သ သင်္ခါရိကကုသိုလ်တစ်ခု၊ သောမနဿသဟဂုတ်၊ဉာဏဝိပ္ပယုတ်အသင်္ခါရိက-ကုသိုလ်လည်းတစ်ခု၊ သောမနဿသဟဂုတ်၊ ဉာဏဝိပ္ပယုတ် ဤသို့အားဖြင့် လေးပါးအပြားရှိ၏၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်သောကုသိုလ်လေးပါး ဟူသောကား ဥပေက္ခာသဟဂုတ်၊ ဉာဏသမ္ပယုတ်သ သင်္ခါရိကကုသိုလ်လည်း တစ်ခု၊ ဥပေက္ခာသဟဂုတ်၊ ဉာဏဝိပ္ပယုတ်သသင်္ခါရိကကုသိုလ်လည်းတစ်ခု၊ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ်အသင်္ခါရိက ကုသိုလ်လည်းတစ်ခု၊ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ်သ သင်္ခါရိက ကုသိုလ်လည်းတစ်ခု ဤသို့အားဖြင့် လေးပါးအပြားရှိ၏။

ဉာဏ်နှင့်ယှဉ်သော ကုသိုလ်လေးပါးဟူသော်ကား သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကကုသိုလ်တစ်ခု၊ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်၊ သသင်္ခါရိက ကုသိုလ်တစ်ခု၊ ဥပေက္ခာသဟဂုတ်၊ ဉာဏသမ္ပယုတ်၊ အသင်္ခါရိကကုသိုလ်လည်းတစ်ခု၊ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်သ သင်္ခါရိက ကုသိုလ်လည်းတစ်ခု၊ ဤသို့အားဖြင့် လေးပါးအပြား ရှိ၏၊ ဉာဏ်နှင့်မယှဉ်သော ကုသိုလ်လေးပါး ဟူသည်ကား သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကကုသိုလ်လည်းတစ်ခု၊ သောမနဿသဟဂုတ်-ဉာဏဝိပ္ပယုတ်သသင်္ခါရိကကုသိုလ်လည်းတစ်ခု၊ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက ကုသိုလ်လည်းတစ်ခု၊ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ်-သ သင်္ခါရိကကုသိုလ်လည်းတစ်ခု၊ ဤသို့အားဖြင့် လေးပါးအပြားရှိ၏၊ တိုက်တွန်းခြင်းနှင့်တကွဖြစ်သော သင်္ခါရိကကုသိုလ်လေးပါးဟူသည်ကား သောမနဿသဝေဒနာနှင့် တကွဖြစ်သော တိုက်တွန်းခြင်းရှိသောဉာဏ်နှင့် ယှဉ်သောသသင်္ခါရိက ကုသိုလ်လည်းတစ်ခု၊ ဥပေက္ခာဝေဒနာနှင့်တကွတိုက်တွန်းခြင်းရှိသော ဉာဏ်နှင့်ယှဉ်သော သသင်္ခါရိက ကုသိုလ်လည်းတစ်ခု၊ ဥပေက္ခာဝေဒနာနှင့်တကွ တိုက်တွန်းခြင်းရှိသော ဉာဏ်နှင့်မယှဉ်သော သသင်္ခါရိက ကုသိုလ်လည်းတစ်ခု ဤသို့အားဖြင့်လေးပါးအပြားရှိ၏၊

တိုက်တွန်းခြင်းမရှိမူ၍ ကုသိုလ်လေးပါး ဟူသော်ကား သောမနဿဝေဒနာနှင့် တကွဉာဏ်နှင့်ယှဉ်သော တိုက်တွန်းခြင်းမရှိသော အသင်္ခါရိက ကုသိုလ်လည်းတစ်ခု၊ သောမနဿ ဝေဒနာနှင့်တကွဉာဏ်နှင့်မယှဉ်သော တိုက်တွန်းခြင်းမရှိသော အသင်္ခါရိကကုသိုလ်လည်းတစ်ခု၊ ဥပေက္ခာဝေဒနာနှင့်တကွ ဉာဏ်နှင့်ယှဉ်သောတိုက်တွန်းခြင်းမရှိသော အသင်္ခါရိကကုသိုလ်လည်းတစ်ခု၊ ဥပေက္ခာဝေဒနာ နှင့်တကွ ဉာဏ်နှင့်မယှဉ်သောတိုက်တွန်းခြင်းမရှိသော တိုက်တွန်းခြင်းမရှိသော အသင်္ခါရိကကုသိုလ် လည်းတစ်ခု၊ ဤသို့အားဖြင့်လေးပါး၊ အပြားရှိလေ၏၊ ဤသို့လျှင် ကာမာဝစရ ကုသိုလ်သည် ဝေဒနာဉာဏ် သင်္ခါ စသည်တို့၏ အပြားအားဖြင့် နှစ်ဆယ့်လေးပါး၊ ဝေဒနာက စသည်တို့၏ အစဉ်အတိုင်း မြှောက်ပွား၍ ရသည်ရှိသော် ကာမဝစရကုသိုလ်သည် တစ်သောင်း ငါးထောင်အပြားရှိ၏၊ သည်ကိုရည်၍ ကာမဝစရ-ကုသလဟုသုခပွားအောင်သောင်း ငါးထောင်ဟု စပ်တော်မူသည်၊ ကာမဝစရကုသိုလ်ပြီး၏။

ထိုလေးပါးတို့တွင် ရူပါဝစရကုသိုလ်သည် သာမညအားဖြင့်တစ်ပါးသော ဝိသေသအထူးစိတ္တုပ္ပါဒ်အားဖြင့်ငါးပါးအပြားရှိ၏၊ ထိုငါးပါးသောရူပါဝစရကုသိုလ်တို့ကို ဝိတက်-ဝိစာရ-ပီတိ-သုခ-ဧကဂ္ဂတာတည်း ဟူသော ပထမဈာန်အင်္ဂါငါးပါးနှင့်မြှောက်နှစ်ဆယ့်ငါးပါးအပြားရှိ၏၊ ဤသို့နှစ်ဆယ့်ငါးပါးတို့ကို ဝိစာရ ပီတိ-သုခ-ဧကဂ္ဂတာတည်းဟူသော ဒုတိယဈာန် အင်္ဂါလေးပါး နှင့်မြှောက်ပွား၍ ရသော် ရူပါဝစရကုသိုလ်တရားဖြစ်၏ ထိုအရာကိုပီတိ-သုခ ဧကဂ္ဂတာ တည်းဟူသော တတိယ ဈာန်အင်္ဂါသုံးပါး နှင့်မြှောက်ပွား၍ ရသော် သုံးရာဖြစ်၏ ထိုရူပါဝစရကုသိုလ်သုံးရာကို သုခ ဧကဂ္ဂတာတည်းဟူသော စတုတ္ထဈာန်အင်္ဂါနှစ်ပါးနှင့် မြှောက်ခြောက်ရာအပြားရှိ၏၊ ထိုရူပါဝစရခြောက်ရာတို့ကိုဥပေက္ခာ ဧကဂ္ဂတာတည်းဟူသော ပဉ္စမဈာန်နှစ်ပါးနှင့်မြှောက် တစ်ထောင့်နှစ်ရာ အပြားရှိ၏၊ ဤသို့လျှင် ရူပါဝစရ ကုသိုလ်ငါးပါးတို့ကို ဈာန်အင်္ဂါတို့နှင့်အစဉ်အတိုင်းမြှောက်ပွား၍ ရသော် ရူပါဝစရကုသိုလ်သည်

တစ်ထောင့်နှစ်ရာအပြားရှိ၏၊ ရူပါဝစရကုသိုလ်ပြီး၏၊ ထိုလေးပါးတို့တွင် အရူပါဝစရ ကုသိုလ်သည်လည်း သာမညလက္ခဏာအားဖြင့်တစ်ပါးသော-ဝိသေသအထူးစိတ္တုပ္ပါဒ် အားဖြင့်လေးပါးအပြားရှိ၏၊ ထိုအရူပါဝစရကုသိုလ်လေးပါး တို့ကို ပဌမဈာန် အင်္ဂါငါးပါးနှင့်မြှောက်၊ အရူပါစာရကုသိုလ်နှစ်ဆယ်အပါးရှိ၏၊ ထိုနှစ်ဆယ်ကို ဒုတိယဈာန် အင်္ဂါလေးပါးနှင့်မြှောက်၊ ရှစ်ဆယ်အပြားရှိ၏၊ ထိုအရူပါဝစရကုသိုလ်ရှစ်ဆယ်ကတတိယဈာန်အင်္ဂါသုံးပါးနှင့်မြှောက်နှစ်ရာလေးဆယ်အပြားရှိ၏၊ ထိုနှစ်ရာ့လေးဆယ်ကို စတုတ္ထဈာန် အင်္ဂါနှစ်ပါးနှင့်မြှောက် လေးရာ့ရှစ်ဆယ်ပြားရှိ၏၊ ထိုလေးရာ့ရှစ်ဆယ်ကို ပဉ္စမဈာန်အင်္ဂါ နှစ်ပါးနှင့် မြှောက် ကိုးရာခြောက်ဆယ်အပြားရှိ၏၊ ဤသို့လျှင် အရူပါဝစရကုသိုလ်လေးပါးကိုဈာန် အင်္ဂါတို့နှင့် အစဉ်အတိုင်းမြှောက်ပွား၍ရေသော်-အရူပါဝစရကုသိုလ်သည်ကိုးရာခြောက်ဆယ် အပြားရှိ၏၊ အရူပါဝစရကုသိုလ် ပြီး၏။

ထိုလေးပါးတို့တွင် လောကုတ္တရာကုသိုလ်သည်လည်း သာမညလက္ခဏာအားဖြင့် တစ်ပါးသော ဝိသေသအထူးစိတ္တုပ္ပါဒ်အားဖြင့်လေးပါးအပြားရှိ၏၊ ထိုလောကုတရာကုသိုလ်လေးပါး တို့ကို ပထမဈာန် အင်္ဂါငါးပါးနှင့်မြှောက် လောကုတ္တရာကုသိုလ် ၂၀ အပြားရှိ၏၊ ထိုနှစ်ဆယ်ကို ဒုတိယဈာန်အင်္ဂါလေးပါးနှင့်မြှောက် ရှစ်ဆယ်အပြားရှိ၏၊ ထိုလောကုတ္တရာကုသိုလ်ရှစ်ဆယ် ကိုတတိယဈာန်အင်္ဂါသုံးပါးနှင့်မြှောက် နှစ်ရာ့လေးဆယ်အပြားရှိ၏၊ ထိုနှစ်ရာ့လေးဆယ်သော လောကုတ္တရာတရားတို့ကို စတုတ္ထဈာန်အင်္ဂါနှစ်ပါးနှင့်မြှောက် လောကုတ္တရာ တရားလေးရာ့ရှစ်ဆယ် အကြားရှိ၏၊ ထိုလေးရာ့ရှစ်ဆယ်ကို ပဥ္စမဈာန်အင်္ဂါနှစ်ပါးနှင့်မြှောက် လောကုတ္တရာကုသိုလ်ကိုးရာ ခြောက်ဆယ်အပြားရှိ၏၊ ကုသိုလ်တို့ကို ဈာန်အင်္ဂါတို့နှင့် မြှောက်သောအားဖြင့် ကိုးရာ ခြောက်ဆယ် အပြားရှိ၏၊ ဤသို့အားဖြင့် လောကုတ္တရာကုသိုလ်ကို မြှောက်ပွား၍ရေသော် သမာပတ် ၈ ပါး ဝိဇ္ဇာ ၈ပါး၊စရဏ ၁၅ ပါး ကုဋေတစ်သန်းလေးသိန်းသော ဈာန်သမာပတ် အပေါင်းတို့နှင့် မြှောက်ပွား၍ ရေသော် လောကုတ္တရာကုသိုလ်အသေချဲ့ယျ- အနန္တမဟာပကရဏ ပဋ္ဌာန်းကျမ်း၌ ကုသလ စသည်တို့ဖြင့် များစွာမရေမတွက်နိုင်အောင် ဟောတော်မူသည်၊ ဤသို့စသည်ဖြင့် ပိဋကတ် သုံးပုံ တို့၌ ပါလာသော ဥဒါဟရုဏ် ပုံပါဠိတော်- အဋ္ဌကထာဋီကာ အနုမဓုလက်သန်း ဂဏ္ဌိစသော ကျမ်းအပေါင်းတို့၌ ကုသိုလ် အရာလက္ခဏာအရေအတွက်အပေါင်းတို့ကို ရှေးဦးစွာ အနက်အဓိပ္ပါယ်အကျယ် ကိုကောင်းစွာ တင့်တယ်ပြောင်ရှုန်းထွန်းတော်ပါ သဖြင့် ထင်စွာပြတတ်သော သတ္တိအရကြောင့် က - ကြီးမည်၏။

၂။ ဝဋ္ဋမူလ်ခရတိသဒ်ါရာဒီနံ၊ ဇတေနာတိခံ၊ ဟူသော ပါဠိတော်နှင့်အညီ၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ကိလေသ ဝဋ်အားဖြင့် ဝဋ်သုံးပါး၊ ထိုဝဋ်သုံးပါးတို့၏ မူလ လောဘ၊ ဒေါသ၊ မောဟတို့ အားဖြင့်သုံးပါး ထိုမူလသုံးပါးတို့၏ အာရုံ၊ ကာမဂုဏ်ငါးပါး၊ ကိလေသာဆယ်ပါးတို့သည် ကိလေသဝဋ်မည်၏ ထိုကိလေသာကာမဂုဏ်တို့ကိုခံစားခြင်းသည် ကမ္မဝဋ်မည်၏၊ ထိုကံ၏မြစ်ချရာ ဘုံသုံးပါးတို့၌ ဆင်းရဲကြ ငယ်အသွယ်သွယ်သောဒုက္ခအပေါင်းတို့ကို ခံရခြင်းသည် ဝိပါကဝဋ်သုံးပါး၊ ထိုမူလသုံးပါး တေဘူမကသင်္ခါရတရား အပေါင်းတို့၏ ကုန်ငြိမ်းရာနိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းသောခေမာ-အမတ-သုခသီ

တစ်ထောင့်နှစ်ရာအပြားရှိ၏၊ ရူပါဝစရကုသိုလ်ပြီး၏၊ ထိုလေးပါးတို့တွင် အရူပါဝစရ ကုသိုလ်သည်လည်း သာမညလက္ခဏာအားဖြင့် တစ်ပါးသော-ဝိသေသအထူးစိတ္တုပ္ပါဒ် အားဖြင့် လေးပါးအပြားရှိ၏၊ ထိုအရူပါဝစရကုသိုလ်လေးပါး တို့ကို ပဌမဈာန် အင်္ဂါငါးပါးနှင့်မြှောက်၊ အရူပါစရကုသိုလ်နှစ်ဆယ်အပါးရှိ၏၊ ထိုနှစ်ဆယ်ကို ဒုတိယဈာန် အင်္ဂါလေးပါးနှင့်မြှောက်၊ ရှစ်ဆယ် အပြားရှိ၏၊ ထိုအရူပါဝစရကုသိုလ်ရှစ်ဆယ်ကတတိယဈာန်အင်္ဂါသုံးပါးနှင့်မြှောက်နှစ်ရာလေးဆယ်အပြားရှိ၏၊ ထိုနှစ်ရာ့လေးဆယ်ကို စတုတ္ထဈာန် အင်္ဂါနှစ်ပါးနှင့်မြှောက် လေးရာ့ရှစ်ဆယ်ပြားရှိ၏၊ ထိုလေးရာ့ရှစ်ဆယ်ကို ပဥ္စမဈာန်အင်္ဂါ နှစ်ပါးနှင့် မြှောက် ကိုးရာခြောက်ဆယ်အပြားရှိ၏၊ ဤသို့လျှင် အရူပါဝစရကုသိုလ်လေးပါးကိုဈာန် အင်္ဂါတို့နှင့် အစဉ်အတိုင်းမြှောက်ပွား၍ရေသော်-အရူပါဝစရကုသိုလ်သည်ကိုးရာခြောက်ဆယ် အပြားရှိ၏၊ အရူပါဝစရကုသိုလ် ပြီး၏။

ထိုလေးပါးတို့တွင် လောကုတ္တရာကုသိုလ်သည်လည်း သာမညလက္ခဏာအားဖြင့် တစ်ပါးသော ဝိသေသအထူးစိတ္တုပ္ပါဒ်အားဖြင့်လေးပါးအပြားရှိ၏၊ ထိုလောကုတရာကုသိုလ်လေးပါး တို့ကို ပထမဈာန်အင်္ဂါငါးပါးနှင့်မြှောက်လောကုတ္တရာကုသိုလ် ၂၀ အပြားရှိ၏၊ ထိုနှစ်ဆယ်ကို ဒုတိယဈာန်အင်္ဂါလေးပါးနှင့်မြှောက် ရှစ်ဆယ်အပြားရှိ၏၊ ထိုလောကုတ္တရာကုသိုလ်ရှစ်ဆယ် ကိုတတိယဈာန်အင်္ဂါသုံးပါးနှင့်မြှောက် နှစ်ရာ့လေးဆယ်အပြားရှိ၏၊ ထိုနှစ်ရာ့လေးဆယ်သော လောကုတ္တရာတရားတို့ကို စတုတ္ထဈာန်အင်္ဂါနှစ်ပါးနှင့်မြှောက် လောကုတ္တရာ တရားလေးရာ့ရှစ်ဆယ် အကြားရှိ၏၊ ထိုလေးရာ့ရှစ်ဆယ်ကို ပဥ္စမဈာန်အင်္ဂါနှစ်ပါးနှင့်မြှောက် လောကုတ္တရာကုသိုလ်ကိုးရာ ခြောက်ဆယ်အပြားရှိ၏၊ ကုသိုလ်တို့ကို ဈာန်အင်္ဂါတို့နှင့် မြှောက်သောအားဖြင့် ကိုးရာ ခြောက်ဆယ် အပြားရှိ၏၊ ဤသို့အားဖြင့် လောကုတ္တရာကုသိုလ်ကို မြှောက်ပွား၍ရေသော် သမာပတ် ၈ ပါး ဝိဇ္ဇာ ၈ပါး၊စရဏ ၁၅ ပါး ကုဋေတစ်သန်းလေးသိန်းသော ဈာန်သမာပတ် အပေါင်းတို့နှင့် မြှောက်ပွား၍ ရေသော် လောကုတ္တရာကုသိုလ်အသေချဲ့ယျ- အနန္တမဟာပကရဏ ပဋ္ဌာန်းကျမ်း၌ ကုသလ စသည်တို့ဖြင့် များစွာမရေမတွက်နိုင်အောင် ဟောတော်မူသည်၊ ဤသို့စသည်ဖြင့် ပိဋကတ် သုံးပုံ တို့၌ ပါလာသော ဥဒါဟရုဏ် ပုံပါဠိတော်- အဋ္ဌကထာဋီကာ အနုမဓုလက်သန်း ဂဏ္ဌိစသော ကျမ်းအပေါင်းတို့၌ ကုသိုလ် အရာလက္ခဏာအရေအတွက်အပေါင်းတို့ကို ရှေးဦးစွာ အနက်အဓိပ္ပါယ်အကျယ် ကိုကောင်းစွာ တင့်တယ်ပြောင်ရှန်းထွန်းတော်ပါ သဖြင့် ထင်စွာပြတတ်သော သတ္တိအရကြောင့် က - ကြီးမည်၏။

၂။ ဝဋ္ဋမူလ်ခရတိသခ်ိါရာဒိနံ၊ ဧတေနာတိခံ၊ ဟူသော ပါဠ်တော်နှင့်အညီ၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ကိလေသ ဝဋ်အားဖြင့် ဝဋ်သုံးပါး၊ ထိုဝဋ်သုံးပါးတို့၏ မူလ လောဘ၊ ဒေါသ၊ မောဟတို့ အားဖြင့်သုံးပါး ထိုမူလသုံးပါးတို့၏ အာရုံ၊ ကာမဂုဏ်ငါးပါး၊ ကိလေသာဆယ်ပါးတို့သည် ကိလေသဝဋ်မည်၏ ထိုကိလေသာကာမဂုဏ်တို့ကိုခံစားခြင်းသည် ကမ္မဝဋ်မည်၏၊ ထိုကံ၏မြစ်ချရာ ဘုံသုံးပါးတို့၌ ဆင်းရဲကြ ငယ်အသွယ်သွယ်သောဒုက္ခအပေါင်းတို့ကို ခံရခြင်းသည် ဝိပါကဝဋ်သုံးပါး၊ ထိုမူလသုံးပါး တေဘူမ္မကသခ်ါရတရား အပေါင်းတို့၏ ကုန်ငြိမ်းရာနိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းသောခေမာ-အမတ-သုခသီ

ပြည်မွန်နိဗ္ဗာန်ချမ်းသာမြတ်ကို ရခြင်းအဆုံးရှိသော ဥဒါရုဏ်ပုံ ပါဠိတော်တို့နှင့် ရှေးဦးစွာအနက်အဓိပ္ပါယ်အကျယ်ကိုပြတတ်သော သတ္တိကြောင့် ခ - ခွေးမည်၏။

နိဗ္ဗာနံဂစ္ဆတိ- စေတနာတိဂံ ဟူသောပါဠိတော်နှင့်အညီ၊ မဂ်ဖိုလ်မှဖီလာကန့်လန့်ဖြစ်သောမကောင်းသောသွားခြင်းတို့ကိုပယ်ဖြတ်၍ နိဗ္ဗာန်သို့ရောက်ကြောင်းကောင်းသော-ဘုရားအစရှိသောသူတော်ကောင်းတို့၏ကြွသွားတော်မူရာ၊ ဓမ္မတာလမ်းဟောင်း တစ်ကြောင်းတည်းသော မဟာမဂ္ဂခရီးမဖြင့်၊ တစ်ထောင့်ငါးရာကိလေသာမီးဟူသော ရန်သူအပေါင်း မကောင်းသော အညစ်အကြေးဘေးရန်တို့ကို တုန်စေ၍ ဖြူစင်သန့်ရှင်းဘေးမျိုးကင်းသောအရပ်တို့ကို ပြည့်နှင်းရာ ဖြစ်သော ကောယနောယံဘိက္ခဝေ- မဂ္ဂေါသဏ္ဍာနံပိသုဒ္ဓိယာအစရှိသောဥဒါဟရုဏ်ပုံပါဠိတော်တို့ ရှေးဦးစွာသွားခြင်းကြိယာအနက်အဓိပ္ပါယ်အကျယ်ကိုပြသော သတ္တိကြောင့် ဂ - ငယ်မည်၏။

ကိလေသေ- ဟနတိ၊ ဟိံသတိ၊ စေတနာတိယံဟူသော ဝစနတ္ထနှင့်အညီ ကာမောဃ ဘဝေါဃ၊ ဒိဋ္ဌောဃ အဝိဇ္ဇောဃ တည်းဟူသော ဩဃလေးသွယ် မြစ်ပင်လယ်သို့စီးဝင်စေတတ်သော တစ်ထောင့်ငါးရာကိလေသာ တည်းဟူသော ရန်သူအပေါင်း၊ မကောင်းသောအညစ်အကြေးဘေးရန်အပေါင်းတို့ကိုထောင်းထောင်းကြေညက်၊ ပယ်ရှင်းသုတ်သင်ကုန်စင်ပြီး၍နိဗ္ဗာန်တည်းဟူသော ကျေးကုန်း-မြင့်မြတ်ရာလွင်ပြင်အရပ်သို့ ရောက်ခြင်းအစရှိသော ကြိယာတို့၌ ရှေးဦးစွာ အနက်အဓိပ္ပါယ်အကျယ်ကို ပြတတ်သောသတ္တိအရကြောင့် ဃ- ကြီးမည်၏။

မာနံဝနရတိ ဒပ္ပေတိ စစ္စိရတိ၊ စေတနာတိ ယံ ဟူသောပါဠိတော်နှင့်အညီ တွေဝေငိုက်မည်းခြင်း၊ မိမိကိုယ်ကို ငါသိလျှင် မြတ်၏ဟုမှန်ကင်းကဲ့သို့ထောင်လွှားခြင်း၊ နွားခြေပုံ ထက်သို့ တက်မိရသော ဖါးသူငယ်သည်၊ မိမိကိုယ်ကိုငါခြသေ့ဟုထင်မှတ်သကဲ့သို့ မှားသောထင်ခြင်း၊ မဟာသမုဒ္ဒရာရေကိုမမြင်ဘူးသော ဖါးသည် တွင်း၌ရှိသောအနည်းငယ်သော ရေကိုအများထင်သကဲ့ သို့ အနည်းငယ်မျှသောအတတ်ပညာ၊ စည်းစိမ်ဥစ္စာချမ်းသာသုခအပေါင်းတို့ကို အများထင်၍ ငါဟုထောင်လွှားမာန စေတသိက်ကို နှိပ်နှင်းပယ်ဖြတ်၍ စွန့်ပစ်ပြီး၍ ဦးချိုကျိုးသောနွားလားဥသဘ အစွယ်ကျိုးသောဆဒ္ဒန်ဆင်ဖြူ ခြသေ့၊သစ်၊ ကျား၊ မြွေ ၊နဂါး-စသောသတ္တဝါတို့ကဲ့သို့မာနကိုနှိမ်ချ၍ နိဗ္ဗာန်သို့ရောက်ကြောင်း-ကောင်းသောအလှူသတင်းစသော ကျင့်ဝတ်တရားတို့ကိုကောင်းစွာဖြည့်ကျင့် ၍ ကံစိတ်ဥတုအဟာရတည်းဟူသော အကြောင်းတရားလေးပါး တို့သည် ပြုပြင်ခြင်းကင်းသော အသင်္ခတဓါတ် မြတ်သောရွှေပြည် နိဗ္ဗာန်သို့ရောက်ခြင်း အဆုံးရှိသော ဥဒါဟရုဏ်ပုံပါဠိတော်တို့၌ ရှေးဦးစွာအနက်အဓိပ္ပါယ်အကျယ်ကို ပြတတ်သော သတ္တိအရကြောင့် င - မည်၏။

အကုသလေဓမ္မေစဇိယတိ၊ စေတနာတိစံဟူသောပါဠိနှင့်အညီသူတစ်ပါး၏ အသက်ကိုသတ်ခြင်းဟုဆိုအပ်သော ပါဏာတိပါတသူတစ်ပါးတို့၏ ဥစ္စာကိုခိုးယူခြင်း အဒိန္နာဒါန၊ သူတစ်ပါးတို့၏ သားမယားကို ဖျက်ဆီးခြင်း ကာမေသုမိစ္ဆာစာရ၊ ဤသို့လျှင် ကိုယ်ဖြင့်လွန်ကျူးခြင်း၊ ကာယကံသုံးပါး နှစ်ယောက်သောသူ၏ အချစ်ကို ပျက်စီးအောင်ချောပြစ်ဂုံးတိုက်ခြင်းဟုဆိုအပ်သော ပိသုဏာဝါစာ ရှုန့်ရင်းကြမ်းတမ်းသောစကားကို ပြောဆိုခြင်းဖရုသဝါစာ၊ အကျိုးမရှိမဂ်ဖိုလ်မှဖီလာဖြစ်သော စကားကို

ပြောဆိုခြင်းဟုဆိုအပ်သော သမ္ပလာပဝါစာဤသို့လျှင်နှုတ်ဖြင့်လွန်ကျူးခြင်း ဝစီကံလေးပါး၊ သူတစ်ပါးတို့၏စည်းစိမ်ကို လိုချင်တောင့်တခြင်း၊ ရမ္မက်ကြီးခြင်းအဘိဇ္ဈာ သူတစ်ပါးတို့အား စောင်းမြောင်းငြူစူချုပ်ချယ်ကဲ့ရဲ့ခြင်း၊ မကောင်းသောအောက်မေ့ခြင်း ဗျာပါဒ၊ ဘုရားသခင်အယူတော်မှ တစ်ပါး မှားသောအယူကို ယူခြင်းဟုဆိုအပ်သောမိစ္ဆာဒိဋ္ဌိ ဤသို့လျှင်နှုတ်ဖြင့်လွန်ကျူးခြင်း မနောကံသုံးပါး ဤသို့အပြစ်နှင့်တကွမကောင်းသောအကျိုးကိုပေးခြင်း လက္ခဏာရှိသော နိသတ္တနိဇီဝ ဖြစ်သော အကုသိုလ်ဆယ်ပါး၊ ဒုစရိုက်ဆယ်ပါးတို့ကို ဝေးစွာကြဉ်ရှောင်ပယ်ခွာစွန့်ပစ်ပြီး၍ ကုသိုလ်ဆယ်ပါးတရား အပေါင်းတို့ကို ဖြည့်ကျင့်၍ နိဗ္ဗာန်သို့ရောက်ခြင်းအဆုံးရှိသော ဥဒါဝရုဏ်ပုံ ပါဠိတော် တို့၌ ရှေးဦးစွာကြဉ်အပ်-ကျင့်အပ်နှစ်ရပ်သောတရားအစရှိသည်တို့၌ အနက်အဓိပ္ပါယ် အကျယ်ကို ပြတတ်သော သတ္တိကြောင့် စ လုံးမည်၏။

ဝဋ္ဋမူလ- ဆိန္ဒတိ -စေတနာတိ-ဆံ ဟူသော ဝစနတ္တနှင့် အညီကိလေသဝဋ္ဋ ကမ္မဝဋ္ဋ၊ ဝိပါကဝဋ္ဋ၊ အားဖြင့် ဝဋ္ဋသုံးပါး၊ ထိုသုံးပါးတို့၏ မူလလောဘဒေါသ၊ မောဟ၊ မူလသုံးပါး ဤသို့ စသဖြင့် ဝဋ္ဋသုံးပါး ၊ မူလသုံးပါးကို၏ အရင်းအမြစ်တို့ကိုကောင်းစွာပယ်ဖြတ်၍ ဖြူစင်သန့်ရှင်း ဘေးမျိုးကင်းရော်၊ ချမ်းသာအမှန် ပြည်နိဗ္ဗာန်သို့ကောင်းစွာရောက်အောင်ပို့ဆောင်ခြင်း၊ အဆုံးရှိသော အကြောင်းတို့ကိုပြည္ဆွန်း ရာပိဋကတ်သုံးပုံတို့၌ပါသောလာ သောဥဒါဟရုဏ်ပုံပါဠိတော် အဋ္ဌကထာ ဋီကာဂဏ္ဌိစသော ကျမ်းတို့၌ ရှေးဦးစွာ ဖြတ်ခြင်းအစရှိသော အနက်တို့ကို ကောင်းစွာပြတတ်သော သတ္တိအရကြောင့် ဆ -လိန်မည်၏။

ဇာတိဇရာ ဒိန်စေတနာတိ-ဇံ ဟူသော ပါဠိတော်နှင့်အညီ အဖန်တလဲလဲပဋိသန္ဓေ နေခြင်း၊အိုခြင်းနာခြင်းသေခြင်း အစရှိသော ဇာတိပိဒုက္ခော၊ဇရာပိဒုက္ခာစသည်ဖြင့်ဟောတော်မူ အပ်သောပိဋကသုံးပုံတို့၌ပါသောလာသော ဥဒါဟရုဏ်ပုံပါဠိတော်အဋ္ဌကထာဋီကာကဏ္ဌိစသော ကျမ်းတို့၌ ရှေးဦးစွာအနက်အဓိပ္ပါယ်အကျယ်တို့ကို ပြတတ်သောသတ္တိအရကြောင့် ဇ ကွဲမည်၏။

နိဝရဏစမ္မောဈာယတိ၊ ပထမဈာနာဒိန်၊ စေတနာတိဈံ ဟူသောပါဠိတော်နှင့်အညီမာန၊ ဒိဋ္ဌိ၊ဝိစိကိစ္ဆာ၊ ကုက္ကုစ္စဗျာပါဒ၊ ဥဒ္ဓစ္စ၊ အစရှိသော နိဝရဏခြောက်ပါးတရားတို့ကိုကောင်းစွာပယ်ဖြတ်၍ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ပဥ္စမဈာန်အားဖြင့် ရူပါဝရဈာန်ငါးပါး၊ငှင်းနည်းတူ အရူပါဝစ စ ရဈာန်သည်လည်း ဈာန်အင်္ဂါအားဖြင့် ငါးပါးဤသို့လျှင်လောကီဈာန်ဆယ်ပါး၊ လောကုတ္တရာဈာန်သည်လည်း ဈာန်အင်္ဂါအားဖြင့်ငါးပါး၊ ဤသို့စသဖြင့်လောကီဈာန်-လောကုတ္တရာဈာန် နှစ်ပါးတွင်လောကီဈာန်၌ အရူပါဝစရ ပထမဈာန်၏ အင်္ဂါငါးပါးဟူသော်ကား၊ ဝိတက် ဝိစာရပီတိ သုခဧကဂ္ဂတာတည်းဟူသောဈာန်အင်္ဂါငါးပါး ဒုတိယဈာန်၌လည်း ဈာန်အင်္ဂါလေးပါး ဟူသော်ကား ဝိစာရ၊ ပီတိသုခ၊ဧကဂ္ဂတာအားဖြင့် ဈာန်အင်္ဂါလေးပါး၊ တတိယဈာန်၌လည်း အင်္ဂါသုံးပါးဟူသော်ကား အဘယ်နည်း၊ ပီတိသုခ ၊ဧကဂ္ဂတာတည်းဟူသောဈာန် အင်္ဂါသုံးပါး၊ စတုတ္ထဈာန်၌လည်း ဈာန်အင်္ဂါးနှစ်ပါး ဟူသော်ကား ဧကဂ္ဂတာတည်းဟူသောဈာန်အင်္ဂါနှစ်ပါး၊ ပဥ္စမဈာန်၌လည်း ဈာန်အင်္ဂါနှစ်ပါးဟူသော်ကား ဥပေက္ခာ ဧကဂ္ဂတာတည်းဟူသောဈာန်အင်္ဂါနှစ်ပါး ဤသို့ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့် အရူပါဝစရဈာန်ငါးပါးတို့၌လည်းဈာန် အင်္ဂါကို အသီးသီးပထမဈာန်၊

ဒုတိယဈာန်၊ တတိယဈာန် ၊ စတုတ္ထဈာန်၊ ပဥ္စမဈာန်တို့၏ အင်္ဂါကို သိအပ်၏၊ လောကီဈာန်ဆယ်ပါးတို့၏ အင်္ဂါကိုကောင်းစွာ သိအပ်၏။

လောကုတ္တရာဈာန်ငါးပါးတို့၌လည်း ပထမဈာန်ငါးပါးဟူသော်ကား ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်ငါးပါး၊ ဒုတိယဈာန်၌လည်း ဈာန်အင်္ဂါလေးပါး ဟူသော်ကား၊ ဝိစာရ ၊ပီတိ ၊သုခ၊ ဧကဂ္ဂတာတည်းဟူသောဈာန်အင်္ဂါလေးပါး၊ တတိယဈာန်၌လည်းဈာန် အင်္ဂါသုံးပါး ဟူသော်ကား ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါနှစ်ပါး၊ ဤသို့ဆိုအပ်ခဲ့ပြီး သောနည်း အားဖြင့်အရူပဝစရဈာန်ငါးပါးတို့၌လည်း ဈာန်အင်္ဂါကိုအသီးသီးပထမဈာန် ၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဥ္စမဈာန်တို့၏ အင်္ဂါကို သိအပ်၏၊ လောကီဈာန်ဆယ်ပါးတို့၏ အင်္ဂါကိုကောင်းစွာ သိအပ်၏။

ဈာန်အင်္ဂါသုံးပါး၊ စတုတ္ထဈာန်၌လည်း ဈာန်အင်္ဂါနှစ်ပါးဟူသော်ကားသုခ-ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါနှစ်ပါး၊ ပဥ္စမဈာန်နှစ်ပါးဟူသော်ကား ဥပေက္ခာ ဧကဂ္ဂတာတည်း ဟူသော ဈာန်အင်္ဂါနှစ်ပါး ဤသို့အစရှိသော နည်းအားဖြင့် လောကုတ္တရာဈာန်အင်္ဂါတို့၏ အစွမ်းအား ဖြင့်သာဝက၊ပစ္စေကဗုဒ္ဓါ၊ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့သည် ရတော်မူထိုက်သော ဈာန်အပေါင်းတို့ကို မြောက်မြားစွာ ရေသောကုဋေတစ်သန်းနှင့် လေးသိန်းအပြားရှိ၏၊ ဤကိုရည်၍ ကုဋေတစ်သန်း လေးသိန်းစွန်းမြတ်ဈာန်သမာပတ်ကို ဝင်လတ်ပြီးမှ နိဗ္ဗာန်သို့ ကြွတော်မူပြီးထသောဟူ၍ မိန့်ဆိုတော် မူကုန်သည်၊ ဤသို့လျှင် မြတ်စွာဘုရားသည် ဟောတော်မူအပ်ကုန်သော ပကိဏ္ဏကတ် သုံးပုံတို့၌ ပါသော လာသော ဥဒဟရုဏ် -ပုံပါဠိတော် အဋ္ဌကထာ၊ ဋီကာ- အနု- မဇ-လက်သန်း- ဆန်းအလင်္ကာ၊ ဂဏ္ဌိစသောကျမ်းတို့၌လောကီဈာန် လောကုတ္တရာဈာန်နှစ်ပါးတို့၏ အချင်းအရာ အင်္ဂါလက္ခဏာ တို့ကို အကျယ်အားဖြင့် အနက်အဓိပ္ပါယ်တို့ကိုကောင်းစွာပြတတ်သော သတ္တိအရကြောင့် ၏ -မြင်စွဲမည်၏။

ပကရေန၊ ဇာတိ၊ ဧတေနာတိ-ည်ဟူသောဝစနတ္တနှင့် အညီပစ္စုပ္ပန် သံသရာလောကီ၊ လောကုတ္တရာ၊ အတ္တ-ဟိတ၊ပရဟိတ-အကြောင်းအကျိုးစသည်တို့၌ အပြားအားဖြင့်-ကောင်းစွာ သိတတ်သောသတ္တိအရကြောင့်ညမည်၏၊ အဘယ်သို့ ပစ္စုပ္ပန်သံသရာ-လောကီ လောကုတ္တရာစသော တရားတို့၌ အပြားအားဖြင့်ကောင်းစွာသိလေသနည်းမေးဟုဉာဏ်နသော ထုဇနသတ္တဝါ အပေါင်းတို့သည် မသိအမြင်မထင်နိုင်သည်ဖြစ်၍ သိမြင်လွယ်စေနိုင်ခြင်းအကျိုးငှာ သိတတ်သောဉာဏ် ပညာအများ အပြားကိုပြတော်မူလိုသော သင်ပုဏ်းကြီးဋီကာဆရာတော်သည် ငါးပါးသောပုစ္ဆာတို့တွင် ကထေထုကမျထာပုစ္ဆာဖြင့် မေးတော်မူ၍ ဖြေတော်မူခြင်းငှာ ဤသို့မိန့်တော် မူသည် ထိုသို့ပြတော်မူ အပ်ခဲ့ပြီးသောအကြောင်းကျိုးစသောတရားတို့ကိုကောင်းစွာအပြားအားဖြင့် သိတတ်သောဉာဏ်သည် အဘယ်မျှများပြားသနည်းဟူမူ သာမညအားဖြင့်တစ်ပါး၊ ဝိသေသအထူး အားဖြင့် လောကီဉာဏ်၊ လောကုတ္တရာဉာဏ်အားဖြင့်နှစ်ပါး၊ ပဘေဒပြားသောအားဖြင့် များစွာ မရေတွက်နိုင်အနန္တရှိ၏၊ ထိုအနန္တသောဉာဏ်ပြပေအံ့၊ ဇဝန-တိက္ခ ဂမ္ဘီရ-ဟာသ-ပညာဝါ စသောပါဠိတော်နှင့်အညီ လျှင်သော ပညာ၊ ထက်သောပညာ၊ နက်နဲသိမ်မွေ့နူးညံ့သောပညာ၊ ရှင်သော ပညာ၊ ထွန်းပသောပညာ ၊ မြေကြီး အထုနှင့် တူသော ပညာ၊ ကောင်းကင်ပြင်ကဲ့သို့ ကျယ်ဝန်းသော သူတစ်ပါးတို့၏ အမေးပုစ္ဆာပြဿနာကို

လွယ်ကာခဏဖြေနိုင် စွမ်းနိုင်သော ဉာဏ်ပညာအရာ ဟုတ်သည်မဟုတ်သည်တို့၌ ကောင်းစွာသိမြင် တတ်သော ဌာနာ ဌာနကောသလဉာဏ်အစရှိသော ဉာဏ်ပညာမျိုးအပေါင်းတို့၌လည်းကောင်း ထိုပညာမျိုးအပေါင်းတို့တွင် ဇဝနဉာဏ်ကိုပြပေအံ့၊ ထိုဘာဝနာဉာဏ်သည်လည်း သာမညအားဖြင့် တစ်ပါးသော ဝိသေသ အထူးအားဖြင့် ဆယ်ပါးအပြားရှိ၏၊ ဆယ်ပါးဟူသော်ကား-

( သမ္မနဉာဏ်၊ ဉဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ်၊ မုဥ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါရုဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ဂေါတြဘုဉာဏ်မှ နိဗ္ဗာနိက ဣမိနာဒသဉာဏာ နိဖာနိတဗ္ဗာနိ) ဟူသောပါဠိတော်နှင့်အညီ၊ သမ္မသနဉာဏ်အစရှိသောအားဖြင့် ဆယ်ပါးအပြားရှိ၏၊ ထိုဆယ်ပါးတို့တွင်သမ္မသနဉာဏ်သည် ရုပက္ခန္ဓာအစရှိသည်တို့ကို အနိစ္စအစရှိသည်တို့၏ အစွမ်းအားဖြင့်တင်၍ သုံးသပ်သောဉာဏ်သည် သမ္မသနဉာဏ်မည်၏၊ ဥဒယဗ္ဗဉာဏ်သည် ခန္ဓာပဥ္စက အစရှိသည်တို့၏ ဖြစ်ခြင်းပျက်ခြင်းကို အဖန်တလဲလဲရှုသောအချင်းအရာ၏ အစွမ်းဖြင့် ဖြစ်သောဉာဏ် သည် ဥဒသဗယဉာဏ်မည်၏၊ ဘင်္ဂဉာဏ်သည်ဖြစ်ခြင်း ကိုလွတ်၍ပျက်ခြင်း၌ သာလျှင်အဖန်တလဲလဲ ရှုသောအချင်းအရာ၏ အစွမ်းဖြစ်သောဉာဏ်သည် ဘင်္ဂဉာဏ်မည်၏၊ ဘယဉာဏ်သည်ခန္ဓာအစ ရှိသောသင်္ခါရတရားတို့ကိုဘေးအားဖြင့် အဖန်တလဲလဲရှုသော အချင်းအရာ ၏အစွမ်းဖြင့်ဖြစ်သော ဉာဏ်သည် ဘယဉာဏ်မည်၏၊ အာဒီနဝဉာဏ်သည် မြင်အပ်ပြီးသော ဘေးရှိကုန်သောခန္ဓာငါးပါး တရားတို့ကို အပြစ်အားဖြင့် ရှုခြင်း၏အစွမ်းအား ဖြင့်ဖြစ်သောဉာဏ်သည်အာဒီနဝဉာဏ်မည်၏၊ နိဗ္ဗိန္ဒဉာဏ်သည် မြင်အပ်ပြီးသောအပြစ်တို့၌ငြီးငွေ့သောအချင်းအရာ၏ အစွမ်းဖြင့်ဖြစ်သောဉာဏ်သည် နိဗ္ဗိန္ဒဉာဏ်မည်၏၊ မုဥ္စိတုကမျတာဉာဏ်သည် သံသရာကို ငြီးငွေ့၍ ဝဋ်ဒုက္ခတို့မှ လွတ်ခြင်းငှာအလို ရှိသည်၏အစွမ်းအားဖြင့် ဉာဏ်သည် မုဥ္စိတုကမျတာဉာဏ်မည်၏၊ ပဋိ သင်္ခါရုဉာဏ်သည် ဝဋ်ဒုက္ခတို့မှ လွတ်ခြင်း၏အကြောင်း ပြည့်စုံစေခြင်းငှာတစ်ဖန်ခန္ဓာအပေါင်း အစရှိသော သင်္ခါရတရားကို သိမ်းဆည်း သောဉာဏ်သည် ပဋိသင်္ခါရုဉာဏ်မည်၏၊ သင်္ခါရုပေက္ခာ ဉာဏ်သည် အနိစ္စအစရှိသဖြင့်ဆင်ခြင်အပ်သော ခန္ဓာငါးပါးသင်္ခါရ တရားတို့၌ ဘေးအားဖြင့်ရှုခြင်း နှစ်သက်ခြင်းကိုကြည့်သည်၏အစွမ်းဖြင့် လှစ်လျူရှုသောဉာဏ်သည် သင်္ခါရုပေက္ခဉာဏ်မည်၏၊ အနုလောမဉာဏ်သည်ရှေး၌ဖြစ်ကုန်သော ကိုးပါးသောဉာဏ်တို့၏ ကိစ္စပြီးဆုံးခြင်း လည်းကောင်း၊အထက်၌သုံးဆယ့်ခုနှစ်ပါးသောဗောဓိပက္ခိယတရားတို့အားလည်းကောင်းလျော်စွာသောဉာဏ် သည် အနုလောမဉာဏ်၏ ဘာဝနာဉာဏ် ဆယ်ပါးပြီး၏။

ထိုဘာဝနာဉာဏ်တို့ကို လောကီဉပမာနှင့် တကွ ထင်စွာပြလိုက်ဦးအံ့။

ခန္ဓာငါးပါးတို့သည် ဥဒယဥဖြစ်ခြင်းကိုလည်းကောင်း၊ဝယဥပျက်ခြင်းကိုလည်းကောင်း၊ ဇနန်သိသောညာဏ်ဉာဏ်သည် ဥဒယဗ္ဗယဉာဏ်၊ ဥဒယဗ္ဗဉာဏ်၏ ဥဒယ-ဖြစ်ခြင်းကို မှဥ္စိတွာ၊ လွတ်၍တုလပုသိတဂ္ဂေကြီးသောမိုးပေါက်ရှိသော ဒေဝေမိုးသည် ဝသန္တရွာသည်ရှိသော ဥဒကပိဋ္ဌေ၊ရေအပြင်၌ မဟန္တံ မဟာန္တာနံ၊ ကြီးကုန်ထသော ဥဒကဝုမ္ဗုဋကာနိ၊ ရေပွက်တို့သည် ဥပ္ပဇ္ဇိတွာ ဥပ္ပဇ္ဇိတွာဖြစ်ကုန်၍ သီဃံ လျှင်စွာ လျှင်စွာဘိဇမာနာနိ ပျယ်ကုန်သည်တို့ကို သဿတိဝိယ ရှုသကဲ့သို့ ဘင်္ဂမတ္တာနုပေက္ခတ္တံ၊

ပျက်ခြင်းမျှကို သာရှုသော၊ ဉာဏ်ဉာဏ်သည် ဘင်္ဂဉာဏ် ဘင်္ဂဉာဏ်မည်၏၊ ဘင်္ဂဉာဏ်ဝသေန၊
ဘင်္ဂဉာဏ်စွမ်းအားဖြင့် ဉပဋ္ဌိကာန်၊ထင်ကုန်သော တေဘုမ္မက သင်္ခါရမွှာန် တေဘုမ္မကသင်္ခါရတရားတို့ကို
ဘီရုကသာ၊ ကြောက်တတ်သောသဘော ရှိသော ပုရိသကြောက်တတ် သောသဘောရှိသော ပုရိသ
ကြောက်တတ်သောသဘောရှိသော ပုရိသသ ယောကျ်ားအားသီဟဗျဂ္ဃ ဒီပိအစ္ဆတရစ္ဆယက္ခသာဒယော၊ ခြင်္သေ့၊
ကျား၊ သစ် ၊ဝံ၊အောင်း ၊ ဘီလူး၊ ရက္ခိုသ် စသည်တို့သည် မဟာဘယ် ကြီးစွာသော ဘေးသည်၊ ဟုတွာဖြစ်၍
ဉပဋ္ဌိတသဒ္ဒိဝိယ ထင်ကုန်သကဲ့သို့ မဟာဘာရိတဗ္ဗာ ကာရာနုပေက္ခယ်ကြီးစွာသောကြောက်မက်ဖွယ်
အချင်းအရာဖြင့် ရှုသော ဉာဏ်ဉာဏ်သည် ဘယဉာဏ် ဘယဉာဏ်မည်၏၊ တဒနုပေက္ခိတာန်၊ ထိုသို့သော
အချင်းအရာ ဖြင့် ရှုသောကုန်သောတေဘုမ္မကသင်္ခါရတရားတို့ကို၊သဝိလဘောဇနသာ၊
တဆိပ်ရှိသောဘောဇဉ်ကိုလည်းကောင်း၊သစောရမဂ္ဂသာ၊ခိုးသူရှိသောခရီးကိုလည်းကောင်း၊အာဒိတ္တယရသာ၊
မီးလောင်သောအိမ်တို့ကိုလည်းကောင်း၊အာဒိနဝကာရရူပကွေ့ကော်အပြစ်ဟူသောအခြင်းအရာဖြင့်ရှုသောပုရိသောဝိရ
ယောကျ်ားကဲ့သို့၊အာဒိနဝါကာရနုပေက္ခကာ၊အပြစ်ဟူသောအခြင်းအရာအားဖြင့်၊ရှုသောဉာဏ်သည်
အာဒိနဝဉာဏ် အာဒိနဝဉာဏ်မည်၏။ ဒိဋ္ဌာဒိနဝေသု မြင်အပ်ပြီး သောအပြစ်ရှိကုန်သော
တေဘုမ္မကသင်္ခါရမွေသု တေဘုမ္မကသင်္ခါရ တရားတို့၌ သေယျထာပိနာမ၊ ဉမမာမည်သည်ကား
စိတ္တကူဋပဗ္ဗတပါဒါတိရတော၊ စိတ္တကူဋ်တောင်ခြေရင်း၌ မွေ့လျော်သော သုဝဏ္ဏရာဇာဟံသော
ရွှေဟင်္သာမင်းသည် အသုစိမ္ဟို၊ မစင်ကြယ်သော စန္ဒာလ ဂါမဒွါရအဝါဋေ၊ ဒွန်းစန္ဒားရွာတံခါးရေအိုင်၌
နာဘိရမ္မတိယထာ မမွေ့လျော်သကဲ့သို့လည်းကောင်း၊ နိဗ္ဗိန္ဒတိယထာ ညီးငွေ့သကဲ့သို့လည်းကောင်း၊
ဥက္ကဏ္ဌတိယထာ ဆန့်ကျင်သကဲ့သို့လည်းကောင်း၊ ဧဝံ ဤအတူ နိဗ္ဗိန္ဒဝသေန၊ညီးငွေ့ခြင်းအစွမ်းအားဖြင့်
ပဝတ္တံ ဖြစ်သောဉာဏ်ဉာဏ်သည် နိဗ္ဗိန္ဒာ၊နိဗ္ဗိန္ဒဉာဏ်မည်၏၊ ဘယတူပဋ္ဌာနေ ဘေးအားဖြင့်
ထင်ခြင်း၌၊ယာစပညာ၊အကြင်ပညာသည်လည်းကောင်း၊အာဒိနဝေ၊အပြစ်အားဖြင့်ရှုခြင်း၌ ယဉ္စဉာဏ်၊
အသင်ဉာဏ်သည်လည်းကောင်း ၊ ယစနိဗ္ဗိန္ဒာ အကြင်ညီးငွေ့သော ဉာဏ်သည်လည်းကောင်း၊ အတ္ထိရှိ၏၊
ကုမေဓမ္မာ ဤတရားတို့သည် ဧကတ္တာ တူသောအနက်ရှိကုန်၏၊ ဗျဉ္ဇနမေဝ၊ သဒ္ဒါသည်သာလျှင် နာနံ ထူး၏၊
ဣမိနာပန၊ ဤနိဗ္ဗိန္ဒဉာဏ် အဖြစ်ကားနိဗ္ဗိန္ဒသာ ညီးငွေ့သော ဥက္ကဏ္ဌသာသဆန့်ကျင်သော အနဘိရမ္မန္တသာ
၊မမွေ့လျော်သော ဣမသာကုလပုတ္တသာ ဤအမျိုးကောင်းသားအား ယထာပန၊ ဥပမာမည်သည်ကား-ဇာလန္တာ
ရာဂတော၊ ကွန်ရက်တွင်းသို့ရောက်သော မစ္ဆောယထာစ ငါးကဲ့သို့ လည်းကောင်း၊သပ္ပရခဂတော
မြွေ၏ခံတွင်းသို့ရောက်သော မဏ္ဍုကောယထာစ၊ ဖားကဲ့သို့ လည်းကောင်း၊ ပဉ္စရပရိက္ခိတ္တော ချိုင့်ဖြင့်
လှောင်သောဝနကုက္ကုဋောယဏာဝ တောကြက်ကဲ့သို့ ၄င်း ဥဂါသ ဝသဂတော၊ မြဲမြံသော ကြော့ကွင်း
၏စွမ်းအားဖြင့် မိသော၊မိဂေါယထာစ သမင်ကဲ့သို့လည်းကောင်း၊ အဟိကုဏ္ဍိက ဟတ္ထဂတော ညွန်ပြောင်း၌
ကျသော ကုဉ္စရောယထာစ ဆင်ကဲ့သို့လည်းကောင်း၊ သုပဏ္ဏမုခကတော၊ ဂဠုန်မင်း၏ ခံတွင်းသို့ရောက်သော
နာဂေါယထာဝ နဂါးကဲ့သို့လည်းကောင်း ရာဟုမုခကတော၊ ရာဟုခံတွင်း သို့ရောက်သောစန္ဒောသ
ထာလကဲ့သို့လည်း ဣတိဧဝမာဒရော ဤသို့အစရှိသော. သတ္တဝါတို့သည် တတောတတော ထိုသို့သော

ကွန်ရက်အစရှိသည်မှ ရဇ္ဇနိယကာမာဝ လွတ်လိုကုန် သည်၊ ဟောန္တိ၊ကုန်၏။ နိက္ခမိတုကာမာစထွက်မြောက်လိုသည်လည်း ဟောန္တိဖြစ်ကုန်၏၊ ဧဝံ ဤအတူတေမိတေ ဘုမ္မက သခ်ရမေ္မဟိ ထိုတေဘုမ္မကသင်္ခါရတရားတို့မှ မုဉ္စိတုကမျတာဝသေန၊ လွတ်ခြင်းငှာအလိုရှိသည်၏ အဖြစ်အားဖြင့် ပဝတ္တံဖြစ်သောဉာဏံ ဉာဏ်သည် မုဉ္စိတုကမျတာဉာဏံ ၊ မုဉ္စိတုကမျတာဉာဏ်မည်၏၊ ဧဝံ ဤသို့ပ မုဉ္စိတုကမာလွတ်ခြင်း အလို့ငှာအလိုရှိသော၊ သောယောဂီ၊ ထိုယောဂီပုဂ္ဂိုလ်သည် အန္တောဥဒကေ ရေ၏အတွင်း၌ မစ္ဆာညာယ ငါးဟူသောအမှတ်ဖြင့် သပ္ပံ၊ အဆိပ်ထန်သော မြွေကို ဂီဝါယ လည်၌ ဂဟိသော ကိုင်မိသော ပုရိသယောက်ျားကဲ့သို့ မုဉ္စိတုပါယ သမ္ပါဒနတ္တံ၊ လွယ်ခြင်း၏ အကြောင်း ပြည့်စေခြင်းငှာ ဒိဋ္ဌာဒိနဝေ မြင်အပ်သော အမြင်ရှိကုန်သော တေဘုမ္မကသင်္ခါရေမ္မေ တေဘုမ္မကသင်္ခါရတရားတို့ကို ပုနတစ်ဖန် အနိစ္စဿဂတော၊ အနိစ္စ အဆုံးရှိသော အားဖြင့်လည်းကောင်း၊ ဣတိအာဒိနာ ဤသို့အစရှိသော သမ္မာသနဝသေနသမ္မာသန ဉာဏ်ဖြင့် တင်၍ သုံးသပ်ခြင်းသည် သမာသနဉာဏ် သမ္မသနဉာဏ်မည်၏။

ဤသို့ စသည်ဖြင့် လောကီဘာဝနာဉာဏ်ကို ပြပြီး၍ ထိုဘာဝနာဉာဏ်ဖြင့် မဟဂ္ဂုတ်ဘောကုတ္တရာဉာဏ်ကို ပြပေအံ့၊ ပထဝီကသိဏ်၊ အစရှိသော ကသိုဏ်း ပရိကံကို စီးဖြန်းဖန် များသဖြင့်ပြုအပ်ခဲ့ပြီးသော ဘာဝနာ၊ အစဉ်အတိုင်းစီးဖြန်း၍ရအပ်သော ရူပါဝစရ ဈာန်အဘိဉာဏ် သမာပတ်၊ ဉာဏ်ဖြင့် ရအပ်သောရူပဝစရဈာန်ငါးပါး၊ အနန္တ၊အာကာသံ အစရှိသည်ဖြင့်စီးဖြန်းဖန်များသဖြင့်၊ ဆိုအပ်ပြီးသောဈာန်အင်္ဂါ၏ အစွမ်းအားဖြင့် ရအပ်သော ရူပါဝစရဈာန် သမာပါတ် ၊စတုကနည်းအားဖြင့် လေးပါး၊ ပဥ္စမဈာန်အဘိဉာဏ်အားဖြင့် ၅ ပါး၊ ဤသို့စသည်ဖြင့် မဟဂ္ဂုတ် ဉာဏ်ခြောက်ပါး ၊လောကုတ္တရာဉာဏ်သည်၊ ရဟန္တာသာဝကတို့ရထိုက်သောလောကုတ္တရာအဘိဉာဏ်ခြောက်ပါး။၊သမာပါတ် ရှစ်ပါး၊ ဤတစ်ဆယ့်လေးပါးသော ရဟန္တာသာဝကတို့၌ ရထိုက်သော လောကုတ္တရာဉာဏ်အပေါင်းတို့ကို ကောင်းစွာပြပေအံ့၊ ဤသို့သိအပ်မှတ်အပ်ပေအံ့၊ ဤသို့အစမထင် သံသရာမှသည် ဗောဓိမဏ္ဍိုင်၌ ရှေးဦးစွာသော စတုတ္ထဈာန်သို့ရောက်သည် တိုင်အောင် ရှေးရှေးသော ဘဝကိုမမြင်စေခြင်းငှာ၊ ဖုံးလွှမ်းမှေးယှက်တတ်သော အဝိဇ္ဇာတည်းဟူသော မောဟကိုဖွင့်လှစ်၍ ပစ္ဆိမဘဝကိုယ်တော် မဖြစ်မီ၊ တုသိတာနတ်ပြည်၌ ဖြစ်တော်မူခြင်းကို လည်းကောင်း၊ တုသိတာ၌မဖြစ်မီ ဝေဿန္တရာမင်းမဖြစ်တော်မူခြင်းကိုလည်းကောင်း၊ ဝေဿန္တရာ မင်းမဖြစ်မီ၊ တာဝတိံသာနတ်ပြည်၌ ဖြစ်တော်မူခြင်းကိုလည်းကောင်း၊ ဤသို့အစရှိသောအားဖြင့် ရှေး၌ဖြစ်တော်မူဘူးသော ခန္ဓာအစဉ်ကို အလိုရှိတိုင်း အောင်းမေ့သဖြင့် ဆင်ခြင်တော်မူခြင်း တည်းဟူသောပုဗ္ဗေနိဝါသဉာဏ်ဟုဆိုအပ်သော ပထမဝိဇ္ဇာဉာဏ် ၊ထိုဉာဏ်ကိုရပြီးသည်နောက် သန်းခေါင်ယံ၌ သတ္တဝါတို့၏ စုတိပဋိသန္ဓေကိုဖုံးလွှမ်း မှေးယှက်တတ်သော-အဝိဇ္ဇာတည်းဟူသော မောဟကိုဖွင့်လှစ်ဖြတ်ပယ်တော်မူ၍ စုတေလတ္တံ့ သောသတ္တဝါ၊ပဋိသန္ဓေနေလတ္တံ့သောသတ္တဝါ၊ဒုဂ္ဂတိသို့လားလတ္တံ့သော သတ္တဝါ၊ သုဂတိလာလတ္တံ့ သောသတ္တဝါ၊ဤသို့စသည်အားဖြင့်ပစ္စုပ္ပန်၌ ဖြစ်သောအာရုံကို လည်းကောင်း၊အနာဂါတ် ၌ဖြစ် သော အာရုံကိုလည်းကောင်း-အတိတ်၌ဖြစ်သောအာရုံကိုလည်းကောင်း သိမ်မွေ့စွာသော ရူပါရုံအ ပေါင်းကိုမြင်တတ်သော စုတု-ပပါတဉာဏ်၊ ရထာကမ္မူပဂဉာဏ်၊ အနာဂတံ သဉာဏ်တို့ဖြင့် ခြံအပ်သော

ဒိဗ္ဗစက္ခုအဘိ့ဉာဏ် ဟုဆိုအပ်သော ဒုတိယဝိဇ္ဇာဉာဏ် ၊ထိုဉာဏ်ကိုရပြီးသည်၏နောက် မိုးသောက်ယံ နေအာရုံမတက်မှီမရှေးမနှောင်း၌ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်တရားတို့ကို ဖုံးလွှမ်း မှေးယစ်တတ်သော အဝိဇ္ဇာတည်းဟူသော မောဟကို ဖွင့်လှစ်ဖြတ်ပယ်တော်မူ၍ ၊အကြွင်းမဲ့သိမြင်တတ် သောလော ကီ လောကုတ္တရာဂုဏ်အပေါင်းတို့ဖြင့်တန်ဆာဆင်အပ် သောအရဟတ္တမဂ်ဉာဏ် ဟုဆိုတတ်သော အာသဝေါတရားလေးပါးကိုကုန်စေတတ်သောကြောင့် အာသဝက္ခယ ဟူ၍လည်းဆိုအပ်သော သဗ္ဗညုတအနုတ္တရ- သေဠဝေ ဘုရားအဖြစ်ကိုပြီးစေတတ်သော တတိယဝိဇ္ဇာဉာဏ် ဤသို့ဝိဇ္ဇာသုံးပါး- ဤသို့ပုဗ္ဗေနိဝါသဒိဗ္ဗစက္ခုဒိဗ္ဗသောတ၊ ပရိစိတ္တဝိဇာနန၊ ဣဒ္ဓိဝိဓ၊ အာသဝယသာဝကတို့ထက်လွန်ကဲသော သီလတို့ကို ကောင်းစွာ စောင့်စည်းခြင်းတည်းဟူသော သီလသံဝရစက္ခုန္ဒြေ၊ သောတိန္ဒြေ၊ဃာဏိန္ဒြေ၊ ဇိဝှိတိန္ဒြေ၊ကာယိန္ဒြေ၊မနိန္ဒြေ၊တည်းဟူသောဣန္ဒြေ ၆ ပါး၊တံခါးတို့ကို လုံခြုံခြင်းဟုဆိုအပ်သော ဣန္ဒြေယေ သုဂုတ္တဒွါရတာ။

ပစ္စည်းလေးပါးတို့ကို ခံစားသုံးဆောင်ခြင်း၌ အတိုင်းအရှည်ကိုသိတော်မူလေ့ ရှိသည်၏ အဖြစ်ဟုဆိုအပ်သောဘောဇနေမတ္တညုတာ၊ ဗုဒ္ဓကိစ္စငါးပါးတို့ကိုတစ်နေ့မပြတ် အားထုတ် တော်မူ၍ညဉ့်၏ သုံးဘုံတစ်ဘုံဖြစ်သော ပစ္ဆိမယံထိုပစ္ဆိမယံ၏ သုံးဘို့တစ်ဘို့ဖြစ်သော ပစ္ဆိမယံ၌ သာလျှင် ကျိန်းတော်မူ၍ အခါခပ်သိမ်း မဟာကြိယာ-သမာပတ်ဉာဏ်စသော ဇောစိတ္တုပ္ပာဒ် တို့ဖြစ်နိုးစေခြင်းနှင့် ယှဉ်တော်မူသည်၏အဖြစ်ဟု ဆိုအပ်သော ဇာဂရိယာနုယောဂတာ ထိုမဟာ ကြိယာဇောစိတ္တုပ္ပာဒ်စသည်တို့ကို အတုမရှိကြည်လင်စေတတ်သော သဒ္ဓါ၊ အခါခပ်သိမ်း မမေ့လျော့ခြင်း တည်းဟူသောသတိ၊ မကောင်းမှု ဒုစရိုက်တို့မှ လန့်ခြင်းဟုဆိုအပ်သော ဩတ္တပ္ပ အတုမရှိ အကြားအမြင်နှင့်ပြည့်စုံခြင်း ဟုဆိုအပ်သော သုတ၊ ပစ္စည်းအာမိသတရားဓမ္မတို့ကို စွန့်ကြဲ ပေးကမ်းခြင်းဟုဆိုအပ်သော စာဂ၊ အတုမရှိ ပစ္စဝေက္ခဏာ စသောဉာဏ်တော်ဟုဆိုအပ်သော ပညာဈာန်အင်္ဂါငါးပါးနှင့်ပြည့်စုံသော ပထမဈာန် ဈာန်အင်္ဂါလေးပါး နှင့်ပြည့်စုံသောဒုတိယဈာန်၊ ဈာန်အင်္ဂါသုံးပါးနှင့်ပြည့်စုံသောတတိယဈာန်၊ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော စတုတ္ထဈာန် ဤသို့ သံဝရသီလ ဣန္ဒြိယေသုဂုတ္တဒွါရတာ၊ ဘောဇနေမတ္တညုတာဇာဂရိယာနုယောဂတာ သူတော်ကောင်းတရား၇ပါး၊ရူပါဝစရဈာန်လေးပါးအား ဖြင့်ပြားသောနိဗ္ဗာန် သွားကြောင်း လမ်းခရီး သဖွယ်ဖြစ်သောစရဏတစ်ဆယ့်ငါးပါးဤသို့ဆိုအပ်ခဲ့ပြီးသောအားဖြင့် ခပ်သိမ်းသော သတ္တဝါတို့၏ အကျိုးကိုရှိသည်ကိုသိတတ်သောသဗ္ဗညုတဉာဏ်ဖြင့် ပြည့်စုံခြင်းကိုပြီး စေတတ်သော ဝိဇ္ဇာရှစ်ပါးတို့ နှင့်လည်းကောင်း၊ ဝိဇ္ဇာစရဏမရှိကုန်သော တက္ကတွန်းတို့၏ တပည့်ကဲ့သို့ ဆူးနင်းခြင်း၊ မီးလှုံခြင်းစသော ကိုယ်ပင်ပမ်းကာမျှသော အတ္တတပ အကျင့်၊ စသည်တို့၌ မယှဉ်စေကာမူ၍ မင်္ဂလိမပဋိပဒါ၌သာ တပည့်သားတော်တို့အား ကောင်းစွာကျင့်စေခြင်းကိုပြီးစေတတ်သော မဟာဂရုဏာဉာဏ်တော် ဤသို့လျှင် ဝိဇ္ဇာဉာဏ်သုံးပါး ဝိဇ္ဇာဉာဏ်တော်ရှစ်ပါး၊ စရဏဉာဏ်တော် တစ်ဆယ့်ငါးပါးအားဖြင့် ဉာဏ်တော် နှစ်ဆယ့်သုံးပါးကိုပြပြီး၍ (၁၀) ပါးသောဉာဏ်တော်အထူးကို တစ်နည်း၊ ပြတော်မူလို၍ မိန့်တော်မူ၏၊ ဒသဗလဉာဏေဟိ၊ သမ္မန္နာဂတိ ဒသဗလဉာဏသမ္မန္နာဂဟူသောဝစနတ္ထအညီ အကြောင်းဟုတ်သည်

မဟုတ်သည်ကိုသိတော်မူနိုင်သော ဌာနာဌာနကောသလဉာဏ်တော်၊ ကံအထူးဝိပါတ်အထူးတို့ကို သိတော်မူသောကံ၏ အပိုင်းအခြားကိုသိတော်မူနိုင်သော သဗ္ဗတ္ထဂါမိနီ ဉာဏ်တော် အထူးထူးသော ဓါတ်တို့၏ အပိုင်းအခြားကိုသိတော်မူနိုင်သော အဓိမတ္တိက ဉာဏ်တော် ခပ်သိမ်းကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့၏ ဣန္ဒြေအနုအရင့်ကိုသိတော်မူနိုင်သော၊ ဣန္ဒြေယပရေယ ပရိယတ္တိ ဉာဏ်တော် ဈာန်အစရှိသည်တို့နှင့် တကွသော လောကီ ကိလေသာ အစရှိသည်တို့ဖြင့် ညစ်ညူးဖြူစင်သည်ကိုသိတော်မူနိုင်သော၊ ဈာနာဒိသံကိလေသာဉာဏ်တော်၊ လွန်လေပြီးသောဘဝတို့၌ ခန္ဓာစသည် အမည်အမျိုးအစရှိသည် တို့ကိုသိတော်မူနိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်ခပ်သိမ်းကုန်သောသတ္တဝါတို့၏ စုတိပဋိသန္ဓေ အပိုင်းအခြားကို သိတော်မူနိုင်သောဒိဗ္ဗစက္ခုဉာဏ်တော်၊ အလုံးစုံသောအာသဝေါတရား တို့၏ကုန်ခြင်းကို သိတော် မူနိုင်သော အာသဝက္ခယဉာဏ်တော်၊ ဉာဏ်တော် ၁၀ ပါးကိုပြပြီး၍ဉာဏ်တော် အနန္တရှိသည်၏ အဖြစ်ကို ပြတော်မူလိုသော ဋီကာဆရာတော်သည် ဤသို့မိန့်တော်မူသည်။

အနန္တဉာဏ် ဧတဿ အတ္ထီတိ အနန္တဉာဏ်ဟူသော ဝစနတ္ထနှင့်အညီ အတိုင်းမသိ အဆုံးမရှိသောဉာဏ်တော်အနန္တနှင့်ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့် အနန္တဉာဏ် မည်တော်မူ၏၊ ဤသို့အစရှိသဖြင့် လောကီဉာဏ်၊ လောကုတ္တရာဉာဏ်အပေါင်းတို့ကို ပိဋကတ်သုံးပုံတို့၌ ပါသော လာသောဥဒါဟရဏ်ပုံပါဠိတော်အဋ္ဌကထာဋီကာအနုဋီကာလက်သန်း၊ ဆန်းအလင်္ကာ ဂဏ္ဌိစသောကျမ်း တို့၌ ဉာဏ်ပညာ၏ အပြားအခြင်းအရာလက္ခဏာတို့ကို ရှေးဦးစွာအနက်အဓိပ္ပါယ် အကျင့်ကို ကောင်းစွာတင့်တယ်ပြောင်ရှန်း ထွန်းတောက်ပသဖြင့် လျှော်ကန်လျှောက်ပတ်စွာဆန်းကြယ် သဖြင့် အထူးဝိသေသအကျဉ်းအကျယ်၊ လောကီလောကုတ္တရာဉာဏ်ပညာအမျိုးပေါင်းတို့ကိုကောင်းစွာ ပြတတ်သော်သတ္တိအရကြောင့် ည မည်၏။

ကုဋ္ဌာ- မကုဋ္ဌာ- ကုဋ္ဌာဒီနံပဝတ္တတိ ဧတေနာတိ ဋံ၊ ဟူသော ဝစနတ္တနှင့်အညီ မြတ်ကုန်သော လူ ၊နတ်၊နဂါး၊ ဂဠုန်၊ ဂုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗ၊ အသုရာမဟာသကသန္တဒေ အစရှိသော သူအပေါင်း မကိုဋ်တို့၏ အထွဋ်တို့၌ စိုက်အပ်သောရတနာကျောက်တို့ဖြင့် တန်ဆာဆင်အပ်သော ကောင်းကင်ပြင်ကဲ့သို့ အညစ်အကြေး မြူမှေးမတင်၊ သန့်ရှင်းစင်ကြယ်စွာ တရာ့ရှစ်ကွက်စက်စက် လက္ခဏာတို့ဖြင့် ကောင်းစွာတန်ဆာဆင်အပ်သော ခြေတော်အစုံဖြင့် ထိခိုက်အပ်သည်ဖြစ်၍ မြတ်တော်မူပြီးထသော မြတ်စွာဘုရား၏ကစ်ရာ့ရှစ်ကွက် ခြေတော်စက်အစုံကို သင်္ချေအရေအတွက် အားဖြင့် ဤသို့သိအပ်၏၊ သတ္တိစသီရိဝစ္ဆောစ၊ နန္ဒိယာဝတ္တမေဝစ၊ သောဝတ္ထိဟောပဒ်သော၊ ဝဋ္ဋံဟနဥ္စ- ပိဋ္ဌိတံ၊ သေဋ္ဌဝပဒမံ- ပုဏ္ဍရိကံ၊ ပုဏ္ဏာဝ၊ ဝေဋ္ဌာပုဏ္ဏ ပါဠိသမုဒ္ဒေါစက္ကဝါဠ ကံဝိမဝါစ၊ ခဂ္ဂေစ၊ ထလာဝဏ္ဏာဥ္စ၊ မောရပဋ္ဌဗီဇနိဥဏှိသံ၊ ပဏိပက္ကဥ္စဒါနမံ၊ နလုပ္ပလံတာထာရတ္တသေတုပ္ပလဋ္ဌေဝံ- ပုဏ္ဍရိကံ၊ ပုဏ္ဏဂဝေဏ္ဏာပုဏ္ဏပါဠိ သမုဒ္ဒေါ စက္ကဝါဠကံဝိမဝါမဝါစ၊ သိနေ္နရုစသူရိသော၊ စန္ဒိမာတထာ၊ နက္ခတ္တာစတုရောဒ်ပါ၊ ဋ္ဌိသဟဿပဝါရမုတ္တိကာ၊ စက္ကဝတ္တိသေတ သခေါ်မဋ္ဌာန်ယူ ကလိကြဘစက္က- သတ္တမဟာသေလာ၊ မဟာသေလာ၊ မဟာဂင်္ဂါမဟာသရာ၊ သုပဏ္ဏကော-သံသုမာရော-ဓဇောပဘာ၊ ကမောဝဓ၊ ပါဠိကိဟရိဗိဇနီ လာသပဗ္ဗကော၊ တထာသီဟရာဇဗျဂ၊ ရာဇာဝလာယောဓ၊ ဥပေါ-သထောဖါသု ကိနာဂရာဇာစ၊

ဟံသောစဥ္စသဘောစေဝရောဝဏ္ဏော၊ မဟာရော ပေဟာရိနာဝါစ တုမုခါယဝဏ္ဏ၊ တထာဂါဝီ၊ကန္တရာပိစ ကရုဝိကော၊ ပသုရော၊ ကုဋ္ဌ -ရာဇ-တထေဝစ၊ စက္ကဝတ္တဒိဓောမေဝ၊ ဝိဝဝိဝကာ၊ နာမကာ၊ သကာမာဝစရာဒေဝါ၊ သောင္ဌသပြဟ္မလောကာဇတောနိ၊ အဠုတ္တရ အတ္ထရလက္ခဏာနိ၊ ပါဒေသူပဿဒိ သဿန္တော၊ ဝဏ္ဏေတံပရဂိသုတ္တမံ ဟူသော ပါဠ်နှင့်အညီ တစ်ရာ့ရှစ်ကွက်စက်လက္ခဏာတော် အနက်အဓိပ္ပါယ်သင့်၊ အကျယ်ကို စက်လက္ခဏာတော်ငယ် ရှိခိုး၌ ကောင်းစွာသိအပ်လေ၏၊ ဤသို့စသည်ဖြင့် ပိဋကတ်သုံးပုံတို့၌ ပါသောလာသော ဥဒါရုဏ်ပုံပါဠိတော် အဋ္ဌကထာဋီကာအနုမဓုလက်သန်းဆန်းအလင်္ကာဂန္တိစသောကျမ်းတို့၌ ရှေးဦးစွာ အထွင့်အဖျား ထွန်းလင်းခြင်း တောက်ပခြင်း အစရှိသောအနက်အဓိပ္ပါယ်အကျယ်တို့ကို ကောင်းစွာပြောင်ရွှန်း တောက်ပသဖြင့် ပြတ်တတ်သောသတ္တိအရကြောင့် ၄ သံညင်ချိတ်မည်၏။

သုက္ခပေကျွေဌ္ဌန္တိပတိဋ္ဌန္တိဋ္ဌာနာနိန်ဇတေနာတိဌ္ဌ ၏ဟူသော ဝစနတ္တနှင့်အညီ ကောဘတကျော အာရုံ ကာမဂုဏ်ငါးပါးတို့၏ဖြစ်ရာတည်ရာအရပ်အပေါင်းမကောင်းသော အညစ်အကြေးဘေးရန်အပေါင်းတို့၏ ကုန်ငြိမ်းရာအရပ်ဟုဆိုအပ်သော ဖြူစင်သန့်ရှင်းဘေးမျိုး ကင်းရာချမ်းသာအမှန် ပြည်နိဗ္ဗာန်အရပ်သို့ မချို့ထုတ်ချောက်ရောက်ခြင်းအဆုံးရှိသောကောင်းသော ဂဘို့၊ မကောင်းသောအဘို့တရား အစရှိသည်တို့ကိုပြခြင်း၊ ပိဋကတ်သုံးပုံတို့၌ပါသောလာသော ဥဒါဟ ရုဏ်ပုံပါဠိတော် အဋ္ဌကထာဋီကာပဏ္ဏိစသောကျမ်းတို့၌ ရှေးဦးစွာအနက်အဓိပ္ပါယ်အကျယ်တို့ကို ကောင်းစွာတင့်တယ်ပြောင်ရွှန်းထွန်းတောက်ပသဖြင့် ပြတတ်သော သတ္တိအရကြောင့် ၅ ဝမ်းဘဲမည်၏။

ကိလေသေဒ္ဓံသတိဒိပ္ပါဒိန် ဇတေနာတိ ဒံဟူသော ဝစနတ္တနှင့်အညီ တစ်ထောင့်ငါးရာ ကိလေသာတို့ကို ပါယ်ခွာဖျက်ဆီးစွန့်ပစ်ပြီး၍ ဖြူစင်သန့်ရှင်း ဘေးမျိုးကင်းရာ ချမ်းသာအမှန် ပြည်နိဗ္ဗာန်သို့ မချို့ထုတ်ချောက်ရောက်ခြင်းအစရှိသော ဥဒါဟရုဏ်ပုံပါဠိတော် အဋ္ဌကထာဋီကာ ဂန္တိကျမ်းတို့၌ ရှေးဦးစွာအနက်အဓိပ္ပါယ်အကျယ်တို့ကိုကောင်းစွာ ထွန်းတောက်ပသည် ပြတတ်သော သတ္တိအရကြောင့် ၃ ရင်ကောက်မည်၏၊ ဤသို့အကျဉ်းအမြွက်မျှပြအပ်သော ၃ ရင်ကောက် မည်ကောင်းရာ၌ တစ်ထောင့်ငါးရာကိလေသာ၊ သချာသင်္ချေအရေအတွက်ကို မသိမမြင်မထင်နိုင်ကုန် သောနုသောထုဇာန ဝေနေယျတြာ သတ္တဝါအနန္တတို့ကို သိလွယ်ထင်လွယ်စေခြင်းအကျိုးငှာ သင်္ချာသင်္ချေ အရေအတွက်နှင့်တကွသာ မညပြပေအံ့၊ လောကီစိတ် ၈၁ ခုကို တစ်ခုအသာယူ၍ စေတသိတ် ၅၂ ခုမှာထည့်၍ နံဘေပညာသ ၅၃ ခုဖြစ်၏၊နိပ္ပန္နရုပ် ၁၈ ခုရော ၇၁ ဖြစ်၏၊ ထို ၇၁ ခုမှာလက္ခဏာရုပ် ၄ ခုရော ၇၅ ခုဖြစ်၏၊ ထို ၇၅ ခုကို အဇ္ဈတ္တသန္တာန်မဟာဗ္ဗသန္တန် ဤသန္တာန် နှစ်ပါးနှင့် မြှောက်၍ တစ်ရာ့ငါးဆယ်ဖြစ်၏၊ ထိုတစ်ရာ့ငါးဆယ်ကို ကိလေသာဆယ်ပါးနှင့်မြှောက်တစ်ရာဖြစ်၏၊ ထိုတစ်ထောင့်ငါးရာကိလေသာသချာအရေအတွက်ကို ပြတော်မူလိုသော ဋီကာဆရာတော်သည် ဤသို့မိန့်တော်မူသည် အာရမ္မဏာစိန္တေတီစိတ္တံ ဟူသော ဝစနတ္တနှင့်အညီ အာရုံ၏ သဘောကို သိတတ်သောစိတ်သာမညအားဖြင့် တစ်ပါးသော ဝိသေသအထူးအားဖြင့် လောကီစိတ် လောကုတ္တရာစိတ်အားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် လောကိယစိတ္တေ ကောသိတိပဘေဒံ လဘန္တိ ဟူသောပါဠ်တော်နှင့်အညီ ထိုလောကီစိတ်သည် ပဘေဒ၊ အပြားအားဖြင့် ၈၁ ပါး အပြားရှိသည်ကို

လည်းကောင်းစွာသိအပ်ကုန်၏၊ ထိုတစ်ဆယ့်ရှစ်ပါးသောလောကီစိတ် အပေါင်းတို့တွင်ဘုမ္မိဘေဒအားဖြင့် ကာမဝစရစိတ်၊ ရူပါဝစရစိတ်၊ အရူပဝစရစိတ်အားဖြင့် သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် ကာမေအဝစရတီတိကာမာဝစာရ ဟူသောဝစရတ္တဖြင့် သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် ကာမေအဝစရတီတိကာမာဝစာရဟူသော ဝစရတ္တနှင့်အညီ ကာမတစ်ဆယ့်တစ်ဘုံ၌ များသောအားဖြင့် ဖြစ်တတ်ပျက်တတ်သော သတ္တိအရကြောင့်ကာမာစာရ စိတ်မည်၏၊ ထိုကာမာဝစရစိတ်မည်၏၊ ထိုကာမစရစိတ်သည်လည်း သာမညအားဖြင့်တစ်ပါး ဝိသေသအထူးအားဖြင့် စတုပညာသခါကာမေဟူသောပါဠ်တော်နှင့်အညီ ငါးဆယ့်လေးပါးအပြား ရှိ၏၊ ထိုငါးဆယ့်လေးပါးတို့တွင် အကုသိုလ် တစ်ဆယ့်နှစ်ပါးအဟိတ်စိတ် တစ်ဆယ့်ရှစ်ပါးသော ဘဏစိတ်နှစ်ဆယ့်လေးပါးအားဖြင့် ငါးဆယ့်လေးပါးအပြားရှိ၏၊ ထိုငါးဆယ့်လေးပါးသော စိတ် အစုတို့တွင် အကုသိုလ်တစ်ဆယ့်နှစ်ခုဟူသောကား- လောဘမူစိတ်ရှစ်ခု၊ ဒေါသမူစိတ်နှစ်ခု၊ မောဟမူစိတ်နှစ်ခုအားဖြင့် တစ်ဆယ့်နှစ်ပါးအပြားရှိ၏၊ ထိုအကုသိုလ်စိတ်တစ်ဆယ့်နှစ်ပါးတို့တွင် လောဘမူစိတ်ရှစ်ပါးဟူသောကား- သောမနဿသဟဂုတ်၊ ဒိဋ္ဌိဂတသမ္ပယုတ်အသင်္ခါရိကစိတ်လည်းတစ်ခု၊ သသင်္ခါရိကစိတ်လည်းတစ်ခု၊ သပေက္ခာသဂုတ်ဒိဋ္ဌဂတဝိပ္ပယုတ်၊သသင်္ခါရိကစိတ်လည်းတစ်ခု၊ဥပေက္ခာသဟဂုတ်၊ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိပ္ပယုတ်၊ အသင်ခ်ရိက စိတ်လည်းတစ်ခု၊ သသင်္ခါရိကစိတ်လည်းတစ်ခု၊ ဤသို့အားဖြင့်လောဘမူရှစ်ပါးအပြားရှိ၏၊ ဒေါသမူစိတ်နှစ်ပါးဟူသောကား- ဒေါမနဿသဟဂုတ်၊ ပဋိဃသမ္ပယုတ်၊ အသင်္ခါရိကစိတ်လည်းတစ်ခု၊ သသင်္ခါရိကစိတ်လည်းတစ်ခု၊ ဤသို့အားဖြင့် ဒေါသမူစိတ်နှစ်ပါး အပြားရှိ၏၊ မောဟမူစိတ်နှစ်ပါး ဟူသော်ကား- ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ်လည်းတစ်ခု၊ ဤသို့အားဖြင့် မောဟစိတ်နှစ်ပါးဟူသော်ကားဥပေက္ခာသဟဂုတ်ဥဒ္ဓစ္စသမ္ပယုတ်စိတ်လည်းဤသို့အားဖြင့်တခုလောဘမူစိတ် ရှစ်ပါး၊ ဒေါသမူစိတ်နှစ်ပါး၊ မောဟမူစိတ်နှစ်ပါး အားဖြင့် အလုံးစုံသော အကုသိုလ်စိတ်သည် ဒွါဒသ တစ်ဆယ့်နှစ်ပါးအပြားရှိ၏၊ အကုသိုလ်စိတ်ပြီး၏။

အဟိတ်စိတ်တစ်ဆယ့်ရှစ်ပါးဟူသော်ကား အကုသလဝိပါတ်စိတ် ခုနှစ်ပါး၊ ကုသလဝိပါတ်စိတ် ရှစ်ပါး၊ အဟိတ်ကြိယာစိတ်သုံးပါး အားဖြင့် တစ်ဆယ့်ရှစ်ပါးအပြားရှိ၏၊ ထိုအဟိတ်စိတ်တစ်ဆယ့်ရှစ်ပါးတို့တွင် အကုသလဝိပါတ်စိတ် ခုနှစ်ပါး ဟူသော်ကား ဥပေက္ခာသဟဂုတ်၊ စက္ခုဝိညာဏ်စိတ်လည်းတစ်ခု၊ ဥပေက္ခသဟဂုတ်သောတဝိညာဏ်စိတ်လည်းတစ်ခု၊ ဥပေက္ခာသဟဂုတ်၊ ဃာနဝိညာဏ်စိတ်လည်းတစ်ခု၊ ဥပေက္ခသဟဂုတ်သောတဝိညာဏ်စိတ်လည်းတစ်ခု၊ ဥပေက္ခာသဟဂုတ် ၊ ဃာနဝိညာဏ်စိတ်လည်း တစ်ခု၊ ဥပေက္ခာဟဂုတ်ဇိဟဝှါဝိညာဏ် စိတ်လည်းတစ်ခု၊ ဒုက္ခသဟဂုတ်၊ ကာယဝိညာဏ်စိတ်လည်းတစ်ခု၊ ဥပေက္ခာသဟဂုတ်၊ သမ္ပဋိစ္ဆိုစိတ်လည်းတစ်ခု၊ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်လည်းဓာစ်ခု၊ ဤသို့အားဖြင့် အကုသလဝိပါတိစိတ်ခုနှစ်ပါးအပြားရှိ၏။

ကုသလဝိပါတ်စိတ်ရှစ်ပါးဟူသော်ကား-

ဥပေက္ခာသဟဂုတ်၊ စက္ခုဝိညာဏ်စိတ်လည်းတစ်ခု၊ ဥပေက္ခာသဟဂုဏ်၊သောတဝိညာဏ်စိတ် တစ်ခု၊ ဥပေက္ခာသဟဂုတ်ဃာနဝိညာဏ်စိတ်လည်းတစ်ခု၊ ဥပေက္ခာသဟဂုတ်ဇိဝှါ သိညာဏ်စိတ်လည်းတစ်ခု၊

သုခသဟဂုတ်၊ ကာယဝိညာဏ်စိတ်လည်းတစ်ခု၊ ဥပေက္ခာသဟဂုတ်၊ သမ္ပဋိစ္ဆိုင်းစိတ်လည်းတစ်ခု၊ သောမနဿသဟဂုတ်၊ သန္တီရဏစိတ်လည်းတစ်ခု၊ ဥပေက္ခာသဟဂုတ်၊ သန္တီရဏစိတ်လည်းတစ်ခု၊ ဤသို့အားဖြင့် အဟိတ်ကုသလဝိပါတ်စိတ် ရှစ်ပါးအပြားရှိ၏၊ အဟိတ်ကြိယာစိတ် သုံးပါးဟူသော်ကား- ဥပေက္ခာသဟဂုတ်ပဉ္စဒွါရာဝဇ္ဇန်း စိတ်လည်းတစ်ခု၊ သောမနဿသဟဂုတ်အသိတုပ္ပာဒ်စိတ်လည်းတစ်ခု၊ ဤသို့အားဖြင့် အဟိတ်ကြိယာစိတ်သုံးပါးအပြားရှိ၏၊ဤသို့အားဖြင့် ပေါင်းသော် အလုံးစုံသော အဟိတ်စိတ်တို့သည် အဋ္ဌာရသတစ်ဆယ့်ရှစ်ပါးအပြားရှိ၏။

အဟိတ်စိတ်ပြီး၏။

ဆိုအပ်ခဲ့ပြီးသော အကုသိုလ်စိတ်အဟိတ်စိတ်တို့သည် အသောဘဏစိတ်မည်ကုန်၏၊ မကောင်းသောမတင့်တယ်သောစိတ်ဟူလို၏၊ ဆိုလတ္တံ့သောတစ်ခုယုတ်ခြောက်ဆယ်သော စိတ်တို့သည် သောဘဏစိတ်မည်ကုန်၏။ ထိုတစ်ခုယုတ်ခြောက်ဆယ်သော သောဘဏစိတ်တို့တွင် လောကီသောဘဏစိတ်ငါးဆယ့်တစ်ပါးကိုပြပေအံ့၊ ထိုလောကီသောဘဏစိတ် ငါးဆယ့်တစ်ပါးတို့တွင် ကာမာဝစရသောဘဏစိတ်နှစ်ဆယ့်လေးပါးဟူသော်ကား မဟာကုသိုလ်စိတ်ရှစ်ပါး၊ မဟာဝိပါတ်စိတ် ရှစ်ပါး၊ မဟာကြိယာစိတ် ရှစ်ပါးအားဖြင့်နှစ်ဆယ့်လေးပါးအပြားရှိ၏၊ ထိုနှစ်ဆယ့်လေးပါးတို့တွင် မဟာကုသိုလ်စိတ်ရှစ်ပါးဟူသော်ကား- သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်၊ အသင်္ခါရိက စိတ်လည်းတစ်ခု၊ သသင်္ခါရိကစိတ်လည်းတစ်ခု၊ ဥပေက္ခာသဟဂုတ်၊ ဉာဏသမ္ပယုတ်၊ အသင်္ခါရိကစိတ် လည်းတစ်ခု၊ သင်္ခါရိကစိတ်လည်းတစ်ခု၊ ဥပေက္ခာသဟဂုတ်၊ ဉာဏဝိပယုတ် အသင်္ခါရိကစိတ်လည်း တစ်ခု၊ သသင်္ခါရိကစိတ်လည်းတစ်ခု၊ ဤသို့မဟာကုသိုလ်စိတ်ရှစ်ပါးအပြားရှိ၏၊ ထိုမဟာကုသိုလ်စိတ် ရှစ်ပါးနှင့်အတူတူ၊ မဟာဝိပါတ်စိတ်လည်းရှစ်ပါး၊ မဟာကြိယာစိတ်လည်း ရှစ်ပါး၊ ဤသို့အားဖြင့် ပေါင်းသော်အလုံးစုံသော ကာမာဝစရသောဘာစိတ်သည် နှစ်ဆယ့်လေးပါးအပြားရှိ၏၊ ကာမာဝစရ သောဘဏစိတ်ပြီး၏။

ကုသိုလ်စိတ်တစ်ဆယ့်နှစ်ပါး၊ အဟိတ်စိတ်တစ်ဆယ့်ရှစ်ပါး၊ ကာမာဝစရ သောဘဏစိတ် နှစ်ဆယ့်လေးပါး ဤသို့အားဖြင့် ပေါင်းသော်အလုံးစုံသော ကာမာဝစရစိတ်သည် စတုပညာသ ငါးဆယ့်လေးပါးအပြားရှိ၏၊ ကာမာဝစရစိတ်ပြီး၏။

ဝူပေအဝစရတိတ ရူပါဝစရံ ဟူသောဝစနတ္တနှင့်အညီရူပတစ်ဆယ့်ခြောက်ဘုံတို့၌ များသောအားဖြင့်ဖြစ်တတ်ကြလည်တတ်သောသတ္တိအရကြောင့် ရူပါဝစရစိတ်မည်၏။ ထိုရူပါဝစရစိတ်သည်လည်း သာမညအားဖြင့် တစ်ပါးသောဝိသေသအထူးအားဖြင့် ရူပေမန္တရသီရိယေ ဟူသောပါဠိတော်နှင့်အညီ တစ်ဆယ့်ငါးပါးအပြားရှိ၏၊ ထိုတစ်ဆယ့်ငါးပါးတို့တွင် ကုသိုလ်ငါးပါး ဟူသော်ကား ဝိတက်ဝိစာရပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါငါးပါးနှင့်တကွဖြစ်သော ပထမဈာန်ကုသိုလ်စိတ်တစ်ခု၊ဝိစာရပီတိ၊ သုခ၊ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါလေးပါးနှင့်တကွဖြစ်သောဒုတိယဈာန်ကုသိုလ်စိတ်လည်းတစ်ခု၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွ ဖြစ်သော စတုတ္ထဈာန်ကုသိုလ် စိတ်လည်း တစ်ခု ၊ဥပေက္ခာဧကဂ္ဂတာတည်းဟူသောဈာန်အင်္ဂါနှစ်ပါးနှင့်တကွဖြစ်သောပဉ္စမဈာန်ကုသိုလ်စိတ်လည်းတစ်ခု၊

ဤသို့အားဖြင့် ရူပါဝစရကုသိုလ်ငါးပါးအပြားရှိ၏။

ထိုကုသိုလ်စိတ်ငါးပါးနှင့်အတူတူ ဝိပါတ်စိတ်လည်းငါးပါး၊ ကြိယာစိတ်လည်းငါးပါး၊ ဤသို့အားဖြင့် ပေါင်းသော် အလုံးစုံသောရူပါဝစရစိတ်သည် ပန္နရသတစ်ဆယ့်ငါးပါးအပြားရှိ၏။( ရူပါဝစရစိတ်ပိုင်းပြီး၏) ရူပါဝစရစိတ်ကိုပြပြီး၍ အရူပဝစရစိတ်ကိုပြတော်မူလိုသော ဋီကာဆရာတော်သည် ဤသို့မိန့်တော်မူ၏၊ အရူပေအဝစရတီတိအရူပါဝစရံ ဟူသော ဝစနတ္ထနှင့် အညီအရူပလေးဘုံတို့၌ များသောအားဖြင့် ဖြစ်တတ်ကြဉ်လည်တတ်သော သတ္တိအရကြောင့် အရူပါဝစရစိတ်မည်၏။ ထိုအရူပါဝစရစိတ်သည်လည်းသာမညအားဖြင့်တစ်ပါးသောဝိသေသ အထူးအပြားအားဖြင့်သော်ကား စိတ္တာနိဒ္ဒေသာပေဟူသော ပါဠိတော်နှင့်အညီ အရူပဝစရစိတ်သည် ကုသိုလ်စိတ်လည်းလေးပါး၊ ဝိပါတ်စိတ်လေးပါး၊ ကြိယာစိတ်လေးပါးအားဖြင့် တစ်ဆယ့်နှစ်ပါး အပြားရှိ၏၊ ထိုတစ်ဆယ့်နှစ်ပါးတို့တွင်ကုသိုလ်စိတ်လေးပါးဟူသော်ကားအာကာသာနဉ္စာယတန ကုသိုလ်စိတ်လည်း တစ်ခု၊ဝိညာဏဉ္စာယတနကုသိုလ်စိတ်လည်းတစ်ခု၊ အာကိဉ္စညာယတန ကုသိုလ်စိတ်တစ်ခုလည်းတစ်ခု၊ နေဝသညာနာသညာယတခုကုသိုလ်စိတ်လည်းတစ်ခုဤသို့အားဖြင့် အရူပါဝစကုသိုလ်စိတ် ၁ည် လေးပါးအပြားရှိ၏၊ ထိုကုသိုလ်စိတ်လေးပါးနှင့်အတူတူဝိပါတ်စိတ်လည်းလေးပါး၊ ကြိယာစိတ်လည်းလေးပါး၊ ဤသို့အားဖြင့် ပေါင်းသော် အလုံးစုံသောအရူပဝစရ စိတ်သည် ဒွါဒသ ၁၂ ပါးအပြားရှိ၏၊ (အရူပဝစရစိတ်ပြီး၏) ရူပါဝစရစိတ်တို့ကို မဟဂ္ဂုလ်ဟူ၍မှတ်။

ကာမာဝစရစိတ်ငါးဆယ့်လေးပါး ၊ ရုပဝစရစိတ်တစ်ဆယ့်နှစ်ပါးအားဖြင့်ရှစ်ဆယ့်တစ်ခုသော စိတ်တို့သည်လောကီစိတ်မည်ကုန်၏။( လောကီစိတ် ရှစ်ဆယ့်တစ်ပါးပြီး၏။)

လောကံနုတ္တရတီတိလောကုတ္တရံဟူသော ဝစနတ္ထနှင့်အညီ လောကသုံးပါးမှ လွန်မြောက်သော သတ္တိအရကြောင့် လောကုတ္တရာစိတ်မည်၏၊ လောကုတ္တရာစိတ်သည်လည်း သာမညအားဖြင့် တစ်ပါး၊ ဝိသေသ အထူးအားဖြင့် မဂ်လေးပါးဖိုလ်လေးပါး နိဗ္ဗာန်အားဖြင့် ပေါင်းလောကုတ္တရာကိုးပါးအပြားရှိ၏။ ဤအရာတွင်အလျဉ်းသင့်၍သာသာမညပြလိုက်သည်။လောကီနှင့် မယှဉ်သင့် သောကြောင့် လောကုတ္တရာ ကိုးပါးကိုချန်ထားသည်။အကျယ်ကိုအလိုရှိ မူကား ပရမတ္ထတရားလေးပါးကိုပြရာမှာ အစဉ်အတိုင်း မှတ်လေယူလေ -လောကီစိတ် ၈၁ ပါးကိုပြပြီး၍ ဒွေးပညာသ ငါးဆယ့်နှစ်ပါးသောစေတသိက်ကို ပြတော်မူလိုသောဋီကာဆရာတော်သည် ဤသို့ မိန့်တော်မူ၏၊ စေတေတီတိစေကသိကံ-ဟူသော ဝစနတ္ထနှင့်အညီစိတ်နှင့်တကွဖြစ်ခြင်း၊ တကွ ချုပ်ခြင်းတူသောအာရုံတူသောမှီရာရှိသည်ဖြစ်၍ စိတ်ကိုအာရုံတရားတို့၌ စေ့ဆော်ခြင်း၊ တိုက်တွန်းခြင်းစသော လက္ခဏာ သတ္တိအရကြောင့်စေတသိက်မည်၏၊ ထိုစေတသိက်သည် သာမည အားဖြင့်တစ်ပါးသောဝိသေသအထူးအပြားဖြင့် ဒွိပသာသစေတသိကာမတာ ဟူသော ပါဠိတော်နှင့်အညီ အညသမန်းစေတသိက် တစ်ဆယ့်သုံးပါး အကုသိုလ်တစ်ဆယ့်လေးပါး၊ သောဘဏစေတသိက် နှစ်ဆယ့်ငါးပါးအားဖြင့် ငါးဆယ့်နှစ်ပါးအပြားရှိ၏၊ ထိုငါးဆယ့်နှစ်ပါးတို့တွင် အညသမာန်းစေတသိက် တစ်ဆယ့်သုံးပါးသောကား ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ ၊ ဇီဝိတိန္ဒြေ၊

မနသိကာရဖြင့် သဗ္ဗစိတ္တသာဓာရဏစေတသိက်ခုနှစ်ပါး၊ ဝိတက်၊ဝိစာရ၊ အဓိမောက္ခဝိရိယ၊ ပီတိ၊ ဆန္ဒအားဖြင့် ပကိဏ်းစေတသိက်ခြောက်ပါး၊ ဤသို့အားဖြင့် အညသမာန်းစေတသိက် တစ်ဆယ့်သုံးပါးအပြားရှိ၏၊ ကုသိုလ်စေတသိက်တစ်ဆယ့်လေးပါးဟူသောကား မောဟ၊ အဟိရိက၊ အနေတ္တပ္ပ၊ ဥဒ္ဓစ္စလောဘ၊ ဒိဋ္ဌိ၊ မာန၊ ဒေါသ၊ ဣဿ မစ္ဆရိယ၊ ကုက္ကုစ္စထိနမိဒ္ဓ ဝိစိကိစ္ဆာ ဤသို့အားဖြင့် အကုသိုလ်စေတသိက် တစ်ဆယ့်လေးပါးအပြားရှိ၏၊ သောဘဏစေတသိက် နှစ်ဆယ့်လေးပါး အပြားရှိ၏၊သောမဏ စေတသိက် နှစ်ဆယ့်ငါးပါးဟူသော်ကား- သဒ္ဓါ၊ သတိ၊ ဟိရိ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ အမေဟ၊ တတြမဇ္ဈတ္တတာ၊ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တလဟုတာ၊ ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ ကာယမ္မညတာ၊ စိတ္တကမ္မညတာ၊ ကာပပါဂုညတာ၊ ကာယုဇ္ဇုဂ္ဂ တာ၊ စိတ္တုဇ္ဇုဂတ္တာအားဖြင့် သောဘဏာသာဓရဏစေတသိက်သည် တစ်ဆယ့်ကိုးပါး အပြား ရှိသည်၊ သမာဝါစာသမာ ကမ္မန္တ သမာအာဇီဝအားဖြင့်ဝိရတီစေတသိက်သုံးပါးကရုဏာမုဒိတာအားဖြင့် အပ္ပမညာစေတသိက်နှစ်ပါး အမောဟဟုဆိုအပ်သောပညာစေတသိက်တစ်ပါးဤသို့အားဖြင့်သောဘဏ စေတသိက်နှစ်ဆယ့် ငါးပါးအပြားရှိ၏၊ ဤသို့လျှင်အညသမာန်း စတသိက် တစ်ဆယ့်သုံးပါး အကုသိုလ်စေတသိက် တစ်ဆယ့်လေးပါး သောဘဏစေတသိက် နှစ်ဆယ့်ငါးပါးအားဖြင့် ပေါင်းသော်အလုံးစုံသော စေတသိက်သည် ဒွိပညာသငါးဆယ့်နှစ်ပါးအပြား ရှိ၏၊ ထိုငါးဆယ့်နှစ်ပါးသော စေတသိက်တို့တွင် ရှေးဆိုအပ်ခဲ့ပြီးသော လောကီစိတ်ရှစ်ဆယ့်တစ်ခုကို တစ်ခုတည်းပြု၍ ၄င်းစေတသိက် ငါးဆယ့်နှစ်ခုတွင်ထည့်ပေါင်း၍ ပေါင်းနာမ်တေပညာသ ငါးဆယ့် သုံးပါးဖြစ်၏၊ ထိုနာမ်တေပညာသ ငါးဆယ့်သုံးပါးအစဉ်ကို ပြပြီး၍ ရုပ်အစဉ်ကို ပြလိုသော ဋီကာဆရာတော်သည် ဤသို့မိန့်တော်မူ၏၊ ရူပ္ပတီတိရူပံ ဟူသောဝစနတ္တနှင့်အညီဖောက်ပြန် တတ်သောသဘောလက္ခဏာသတ္တိအရကြောင့် ရုပ်မည်၏၊ ထိုရုပ်သည်ကားသာမညအားဖြင့် တစ်ပါးသော ဝိသေသအထူးအပြားအားဖြင့်သော်ကား၊ အဋ္ဌာဝိသတိရူပါ နိဝေဒိတဗ္ဗာနိ ဟူသော ပါဠိတော်နှင့်အညီ ရုပ်သည် နှစ်ဆယ့်ရှစ်ပါးအပြားရှိ၏၊ ၂၈ ပါးဟူသော်ကား ပထဝီဓါတ်၊ အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်အားဖြင့် ဤလေးပါးသော ရုပ်တို့သည် မဟာဘုတ်မည်၏။ ။ စက္ခုသောတ၊ဃာန၊ဇိဝှါ၊ကာယ ဤငါးပါးသောရုပ်တို့သည်ပသာဒရုပ်မည်ကုန်၏၊ ဣတ္ထိသောပုမ္ဘော၊ ဤနှစ်ပါးသော ရုပ်တို့သည် ဘာဝရုပ်မည်ကုန်၏၊ ဟဒယဝတ္ထုသည် ဟဒယရုပ်မည်၏၊ ဇီဝိတိန္ဒြေသည် ဇီဝိတရုပ်မည်၏၊ ဩဇာသည်အဟာရရုပ်မည်၏၊ ဤသို့ဆိုအပ်ခဲ့ပြီးသောတစ်ဆယ့်ရှစ်ပါးသောရုပ်တို့သည်နိပ္ဖန္နရုပ်မည်ကုန်၏၊ အာကာသဓါတ်ဟု ဆိုသော ပရိစ္ဆေဒရုပ်တစ်ပါး၊ ကာပဝိနတ်ဟူ၍နှစ်ပါး၊ လဟုတာမုဒုတာ၊ ကမ္မညတာဟူ၍ ဝိကာရရုပ်သုံးပါး၊ ဥပစရသန္တတိ၊ဇာရတာ အနိစ္စတာဟူ၍ လက္ခဏာရုပ်လေးပါး၊ ဤ(၁၀)ပါးသောရုပ်တို့သည်နိပန္နရုပ်မည်၏။ ဤသို့လျှင်နိပန္နရုပ်တစ်ဆယ့်ရှစ်ပါး၊အနိပန္နရုပ်ဆယ်ပါးအားဖြင့် ပေါင်းသော ရုပ်နှစ်ဆယ့်ရှစ်ပါးအပြားရှိ၏၊ ထိုနှစ်ဆယ့်ရှစ်ပါးတို့တွင် နိပန္နရုပ်တစ်ဆယ့်ရှစ်ခု၊ လက္ခဏာရုပ်လေးခု၊ ပေါင်းနှစ်ဆယ့်နှစ်ပါးသောရုပ်တို့ကို ရှေးဆိုအပ် ခဲ့ပြီးသောနာမ်တေ ပညာသနှင့်ပေါင်း ၍ ၇၅ ပါးအပြားရှိ၏၊ ကြွင်းသောအနုပန္နရုပ်ခြောက်ခုတို့သည် ဤတရားနှင့်မယှဉ်သင့်သောကြောင့် ရှေးဆရာကျော်တို့သည်

ကြည့်၍ချန်ထားတော်မူကုန်သည်၊ အလျှင်းသင့်၍ နပ္ပန္နရုပ်အနိပ္ပန္နရုပ် နှစ်ဆယ့်ရှစ်ခုတို့ကို အကုန်ပြလိုက်သည်။ လိုရင်းမဟုတ်သော အနိပ္ပန္နရုပ် ခြောက်ခုဟူသော်ကား ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်ရုပ်၊ လဟုတာရုပ် မုဒုတာရုပ်၊ ဤရုပ်ခြောက်ခုတို့သည် ဤအရာ၌မရှင်၍ ကြဉ်ထားသောရုပ်ခြောက်ခုဖြစ်သည်၊ ရုပ်လက္ခဏာနှင့် အပြည့်အစုံ အကျယ်တို့ကို အလိုရှိမူ လက်သန်းအဌကထာရုပ်ပိုင်း၌ကြည့်လေယူလေရှင်သင်သောစိတ်၊ စေတသိက်၊နာမ်ရုပ်ပေါင်း ၇၅ ပါးကို ပြအပ်ခဲ့ပြီးသည်၏အတိုင်းတည်ထား၍ အဇ္ဈတ္တသဏ္ဌာန်၊ ဗဟိဒ္ဓသဏ္ဌာန် နှစ်ပါးနှင့်မြှောက်၍ တရာ့ငါးဆယ်ဖြစ်၏၊ ထိုတစ်ရာ့ငါးဆယ်ကိုလောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဒစ္စ၊ ကုက္ကုစ္စ၊ အဟိရိကအနောတ္တပ္ပတည်းဟူသော ဤကိလေသာ ဆယ်ပါးနှင့်မြှောက် တစ်ထောင့်ငါးရာ ကိလေသာအရေအတွက်ဖြစ်၍ဤသို့စသည်ဖြင့်မြှောက်ပွား၍ရေသော် တစ်ထောင့်ငါးရာ ကိလေသာသချ်ာအရေအတွက်ကိုပြပြီး၍မရေမတွက်နိုင်သော ကိလေသာအပေါင်းများ ကြောင်းကိုပြတော်မူ လိုသော ဋီကာဆရာတော်သည် ဤသို့မိန့်တော်မူလေ၏။ (ဇဝံယထာဝုတ္တနယေန ဝဍ္ဎေတွာ ကိလေသာနာမ အသင်္ချေယျံအပ္ပမေယျံအနန္တ) စသောပါဠိတော်နှင့် အညီ ပြအပ်ခဲ့ပြီးသော နည်းအားဖြင့် အစဉ်အတိုင်း မြှောက်ပွား၍ရေသော် ကိလေသာအပေါင်းတို့ကို ခု-ဆယ်-ရာ-ထောင်-သောင်း -သိန်း-သန်း-ကုဋေ အသင်္ချေယျ စသည်တို့ဖြင့် ဂဏန်းသချ်ာ မရေမတွက်နိုင် မချင့်တွက်နိုင်များလေကုန်သည်၊ ဤကိုရည်၍ (သုဘကိဏှ အောက်၊ ဘုံတစ်လျှောက်ကို၊ လင်းပြောက်နိုင်အောင်၊ ပြည့်လျှမ်းဆောင်သည်၊ ရေတောင်မောက်ဖြိုး၊ ရှာသော မိုးထက်၊ ထမ်းပိုးလျှင်ကာ၊ အပြန်ပြန်လျှင်၊ ဿည်ထံလှစွာ ၊ကိလေသာဟု ၊ မဟာမေဃ၊ ဖြိုးဖြိုးကျသည်၊ သောကစိတ်ဆွေး၊ ရိုက်ခတ်ပေး၏ဟုမိန့်ဆိုတော်မူသည်၊ ဤသို့စသည်ဖြင့်သချ်ာသင်္ချေမရေတွက်နိုင်၊ များစွာသော ကိလေသာပေါင်း၊ မကောင်းသောသင်္ခါရတရားအစုတို့ကို အထူးသဖြင့် ပယ်ခွာဖျက်ဆီး၊ စွန့်ပစ်ပြီး၍ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရိယာအပေါင်း၊ သူတော်ကောင်းတို့သည် ရအပ်သော မဂ်လေးတန် ဖိုလ်လေးတန်တို့ဖြင့် သစ္စာလေးပါးတရားအပေါင်းတို့ကို ကောင်းစွာသိမြင်တော်မူကုန်၏၊ ခပ်သိမ်းသော အညစ်အကြေးဘေးမျိုး အပေါင်းတို့၏ကုန်ငြိမ်းရာ ကံ၊ စိတ်၊ ဥတု၊ အဟာရတည်းဟူသော အကြောင်းတရားအပေါင်းတို့သည် ပြုပြင်ခြင်းကင်းသော အသင်္ခတ မြတ်သောရွှေပြည် နိဗ္ဗာန်သို့ရောက်ခြင်း အဆုံးရှိသော ကောင်းမွန် လွန်မြတ်သောတရားအပေါင်းတို့ကို ထွန်းတောက်ပ ခြင်း၊ အစရှိသည်တို့ဖြင့် ပြရာပြကြောင်းဖြစ်သော ပိဋကတ်သုံးပုံတို့၌ ပါလာသော ဥဒါဟရုဏ်ပုံ ပါဠိတော် အဌကထာ ဋီကာ အနုဋီကာလက်သန်း ဆန်းအလင်္ကာ ကဏ္ဍီစသော များစွာသောကျမ်း အပေါင်းတို့၌ ရှေးဦးစွာ အနက် အဓိပ္ပါယ် တို့ကို တင့်တယ်ပြောင်ရွှန်း ထွန်းတောက်ပသဖြင့် ကောင်းစွာပြတတ်သော သတ္တိအရကြောင့် ၃ ရင်ကောက်မည်၏။

ကုသလေ ဓမ္မေဝ္ဂပတိ ဘာဝေတိ ဇတေနာတိပံ ဟူသောဝစနတ္ထနှင့်အညီ အကုသိုလ် ဆယ်ပါး၊ အစရှိသော များစွာသောမကောင်းမှု ဒုစရိုက်တရား အပေါင်းတို့ကို ထောင်းထောင်းကျေညက်၊ ပါယ်ဖျက်ခုတ်တွင် ကုန်စင်စေပြီး၍ ဖြူစင်သန့်ရှင်း အပြစ်မရှိ ကောင်းသော အကျိုးကိုပေးခြင်းလက္ခဏာ၊ နိသတ္တနိဇ္ဇဝ ဖြစ်သောကုသိုလ်မည်သောသဘောတရားဆယ်ပါးစသော သုစရိုက်တရားအပေါင်းတို့ကို ပွားများမြင့်မြတ်ကြီးကျယ်သောအဖြစ်သို့ရောက်စေသဖြင့် ပစ္စုပ္ပန်သံသရာ လောကီလောကုတ္တရာဖြစ်သော

လူနတ်နိဗ္ဗာန်၊သုံးတန်မည်ရှိ၊ သမ္ပတ္တိသို့၊ မချို့ထုပ်ချောက်၊ရောက်ခြင်းအဆုံးရှိသည်တို့ကို ပြညွှန်းရာဖြစ်သော ပိဋကတ်သုံးပုံတို့၌ ပါလာသော ဥဒါဟရဏ်ပုံ ပါဠိတော် အဋ္ဌကထာ ဋီကာအနုဋီကာ လက်သန်း ဆန်းလင်္ကာ ဂဏ္ဌိ စသော ကျမ်းအပေါင်းတို့၌ ပွားများကြီးကျယ်မြင့်မြတ်ခြင်း အစရှိသည်တို့၌ ရှေးဦးစွာ အနက်အဓိပ္ပါယ် အကျယ်ကို ကောင်းစွာတင့်တယ်ပြောင်ရှန်းထွန်းတောက်ပသဖြင့် လျော်ကဲလျောက်ပတ်စွာ ပြတတ်သော သတ္တိအရကြောင့် ပ ရတ်မှတ်မည်၏။

အရှင်မြတ်တို့ ဘိုးတော်တို့ ယနေ့တော့ ဤမျှဖြင့်ရပ်နားကြပါစို့၊နာရီမှာလည်း ၃ နာရီ ခွဲပါပြီ၊ ဤကဲ့သို့သော ကျယ်ပြန့်သော ဗျည်းသရတို့၏ အနက်အဓိပ္ပါယ်ကို ကြားနာရသော ဓမ္မသဝနာ ဓမ္မဒေသနာကုသိုလ် အကျိုးအားကြောင့် နိဗ္ဗာန်ကိုဘဝမကူးဘဲရောက်နိုင်ကြပြီး အရှင်မြတ်တို့ ပုဂ္ဂိုလ်ကြီးတို့အားလုံး ဆန္ဒအားလုံးနှင့် ပြည့်စုံကြပါစေကုန်သော-

သာဓု သာဓု သာဓု ဟုပြိုင်တူခေါ်ကြပြီး အသီးသီးကြွတော်မူသွားကြ၏၊ ကျွန်ုပ်နှင့်ဘိုးဘိုးအောင် သာကျန်ရစ်တော့၏၊ ည ၁၂ နာရီအထိ ပုတီးပတ် ၄၅ ပတ်ရ၏၊ မေတ္တာပို့ အမျှဝေ၍ ခေတ္တအနားယူအိပ်၏၊ ဘိုးဘိုးအောင်ကတော့စိပ်နေတုံးပင်။

၁၃၁၆ ခု၊ တပေါင်းလဆန်း (၈) ရက်၊ အင်္ဂါနေ့နံနက် (၁) ချက်ခွဲ အချိန်ထ၏။ ပရိကံယူပြီး ပုတီးအဓိဋ္ဌာန်စိပ်တော့၏၊ နံက်(၆ )နာရီခွဲတွင် ပုတီးပါတ် (၃၀) ရ၍ စိန္တာမဏိမန္တာန်တော်ကြီးရွတ်၏၊ မေတ္တာပို့အမျှဝေပြီး အပြင်ထွက်မျက်နှာသစ်၏၊ ပြီးလျှင်ဆက်စိပ်၏၊ နေ့ ၁၁ နာရီခွဲတွင် ပုတီးပတ် ၂၄ ပါတ်ရ၏၊ နံနက်က ၃၀ နှင့်ပေါင်းသော် ၅၄ ပါတ်ရ၏၊ ခေတ္တနား သပိတ်ထဲမှ သဘောသီး ၊ လိမ္မော်သီး ၂ လုံးစီ ယူစားပြီး ရေချိုးသွားကိုယ်လက်သုတ်သင်၍ ဂူထဲပြန်လာ၏၊ အရှင်မြတ်တို့ပုဂ္ဂိုလ်ကြီးတို့ရောက်နှင့်နေကြ၍ ကျွန်ုပ် လည်း ကျွန်ုပ်နေရာထိုင်ပြီး ကျန်ရှိနေသေးသော ဏကြီးအက္ခရာ၏ အနက်အဓိပ္ပါယ်များကို ဆက်ဟောသည်မှာ--

ပါတိဘာဝံနေတိ တဏှာဒီနံ ဧတေနာတိဏာ ဟူသောဝစနတ္ထနှင့်အညီဇောအားဖြင့် ဝေါတရဘုတိုင်အောင် ဘုံအားဖြင့် ဘဝဂ်တိုင်အောင် စီးဝင်တတ်သောလောဘ ဒေါသ မောဟ အဝိဇ္ဇာတဏှာ အစရှိသော တရားအပေါင်းတို့ကို ထင်စွာပြတတ်သောသတ္တိ အရကြောင့် ဏ ကြီးမည်၏၊ ဤသို့အကျဉ်းအားဖြင့်ပြတတ်သော အကုသိုလ်တရားအပေါင်းတို့ကို လောကီပုံပမာနှင့် တကွဉာဏ်နုသော၊ သောတုဇနာဝေနေယျ၊ သတ္တဝါအပေါင်းတို့ကို ကောင်းစွာထင်လွယ် သိလွယ် မြင်လွယ် မှတ်လွယ်စေခြင်းအကျိုးငှာ အကျယ်အားဖြင့်ဘုံပုဂ္ဂိုလ်သတ္တဝါ ကြည်လင်စေတတ်သော တရား အစရှိသည်တို့ကိုပြပေအံ့၊ ဤသို့သိအပ်မှတ်အပ်၏၊ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံအားဖြင့်သုံးပါး၊ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟူသော လောကသုံးပါး ထိုသုံးပါးတို့တွင် ကာမဘုံဟူသည်ကား သာမညအားဖြင့်တစ်ပါး၊ ဝိသေသအထူးအားဖြင့် ကာမတစ်ဆယ့်တစ်ဘုံ၊ ထိုကာမ တစ်ဆယ့်တစ်ဘုံ၌ အဘယ်ကဲ့သို့နည်းဟူမူကား ငရဲ တိရိစ္ဆာန် ပြိတ္တာ၊ အသူရကာယ်အားဖြင့် အပါယ်လေးဘုံ၊ လူ့ရွာ၊ နတ်ပြည်၊ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတီ၊ ပရနိမ္မိတ ၊ဝသဝတ္တီအားဖြင့် ကာမသုဂတိခုနစ်ဘုံ၊ အပါယ်လေးဘုံနှင့် ပေါင်းသော် ပေါင်းတစ်ဆယ့် တစ်ဘုံ ဖြဟ္မာပြည်ရူပ တစ်ဆယ် ခြောက်ဘုံ၊

အရူပလေးဘုံအားဖြင့် ဖြဟ္မာ့ဘုံနှစ်ဆယ်၊ ကာမတစ်ဆယ့် တစ်ဘုံနှင့်ပေါင်းသော် သုံးဆယ့်တစ်ဘုံ အပြားရှိ၏၊ ထို (၃၁) ဘုံတို့သည် လောကသုံးပါးတို့တွင် ဩကာသလောကမည်၏။ တေဘူမကသင်္ခါရအပေါင်းတို့သည် သင်္ခါရလောကမည်၏၊ ထိုသို့ဆိုအပ် ခဲ့ပြီးသော ဘုံသုံးဆယ့်တစ်ဘုံ၌ တခြာခြာလည်ပတ်၍ ကျင်လတ်တတ်သော သတ္တဝါအပေါင်းတို့သည် သတ္တလောကမည်၏၊ ထိုလောကတခွင် ဘုံသုံးပြင် သုံးဆယ်တစ်ဘုံ၊ သုံးဆယ့်တစ်မြို့၊ သုံးဆယ့်တစ်ရွာ တို့၌ ကြဉ်လည်စေတတ်သော လောဘဟုဆိုအပ်သော သမုဒယသစ္စာသည် ထိုထိုတိုင်းပြည်၊ မြို့ကျေးရွာတို့၌လည်းလည်ပတ်၍ ရောင်းစားတတ်သော ဈေးသည်၊ ကုန်သည်ကြီးတို့သည် များစွာသော ဝန်ကုန်အပေါင်းတို့ကို ကောင်းစွာဝယ်၍ ပေါင်းစည်းရုံးစု၍ထားသောအခါ ကာလနှင့်တူ၏၊ ထိုလောဘ ဟုဆိုအပ်သော သမုဒယ-သစ္စာအကြောင်းကြောင့် ရအပ်ပြီးသောအကျိုး ဖြစ်သော ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟုဆိုအပ်သော ခန္ဓာငါးပါး၊ ရုပ်နာမ်တရားအပေါင်းအစုဟု ဆိုအပ်သော ဒုက္ခသစ္စာသည် ထိုဈေးသည် ကုန်သည်ကြီးတို့သည် များစွာပေါင်းစည်းရုံး၍ထားအပ်သော လေးစွာသောဝန်ကုန်အပေါင်းတို့ကို ဥက္ကောင်း ပခုံးထက်၌ ထမ်းပိုး ဆောင်ရွက်ရ၍ ပင်ပန်းကြီးစွာဆင်းရဲသောအခါနှင့်တူ၏၊ နိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းသော သမာဓိ၌ အစရှိသောမဂ္ဂင်ရှစ်ပါးဟုဆိုအပ်သော မဂ္ဂသစ္စာသည် ထိုဈေးသည် ကုန်သည် ကြီးတို့သည် လေးစွာသောဆောင်ရွက်တက်သော ဝန်ကုန်အပေါင်းတို့ကို ရောင်းချလို၍ ထိုထိုဝယ်သူ ကောင်းရှိရာ တိုင်းပြည်၊ မြို့ ၊ကျေးရွာသို့ မဟာမဂ္ဂင်ခရီးဖြင့် တခြာခြာလည်ပတ်၍ဆင်းရဲကြီး စွာသွားရသောအခါ နှင့်တူ၏၊ ထို ကံ စိတ် ဥတု အဟာရ တည်းဟူသော အကြောင်းတရားလေးပါး တို့သည် ပြုပြင်ခြင်း ကင်းသော အသင်္ခတဓါတ်၊ မြတ်သောရွှေပြည် နိဗ္ဗာန်ဟုဆိုအပ်သော နိရောဓ သစ္စာသည် ထိုဈေးသည် ကုန်သည်တို့သည် ဥက္ကောင်း ပခုံးဖြင့်ဆောင်ရွက်အပ်သော လေးစွာသော ဝန်ကုန်အပေါင်းတို့ကို ဝယ်သူကောင်းတွေ့၍ တပေါင်းတရုံး၊ တစ်လုံးတည်းထိုများစွာသော ဝန်ကုန်အပေါင်းတို့ကို ရောင်းချ၍ ကုန်ငြိမ်းသောအခါနှင့်တူ၏၊ ဤသို့လျှင် ဥပမာ-ဥပမေယျ လောကီပုံပမာနှင့်တကွပြခဲ့ပြီးသော သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာဟု ဆိုအပ်သော သစ္စာလေးပါးတရားအပေါင်းတို့ကို မသိမမြင် မထင်နိုင်အောင် ပိတ်ဖုံးကွယ်ကာ မှေးယှက် ကန့်ကွက်တတ်သော၊ လောဘ၊ ဒေါသ၊ မောဟဟု ဆိုအပ်သော သံသရာဝဋ်မြစ် မူလသုံးပါး တို့တွင် လောဘတည်းဟူသော ဝဋ်မြစ်မူလသည်၊ လုပ္ပတီတိလောဘောဟူသော ဝစနတ္ထနှင့်အညီ၊ သူတစ်ပါးတို့၏စည်းစိမ်ချမ်းသာကို လုရက်ဖျက်ဆီးဖြုန်းတီး ခိုးယူတတ်သောသူကဲ့သို့ နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းသောပါရမီသမ္ဘာရ အဆောက်အဦး အလှူသတင်းစသောကုသိုလ် ပုညကြိယာဝတ္ထုအပေါင်းသူတော်ကောင်းတို့၏ တရားခုနှစ်ပါး ၊သူတော်ကောင်းတို့၏ဥစ္စာခုနှစ်ပါး၊ သုံးဆယ့်နှစ်ပါးသော ဗောဓိပက္ခိယတရား အပေါင်း သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ စသောသူတော်ကောင်း တို့၏ ဥစ္စာစည်းစိမ်ချမ်းသာတို့ကို လုယက်ဖျက်ဆီး ဖြုန်းတီး၊ ခိုးယူခြင်း၊လက္ခဏာရှိသည်၏ အဖြစ်ကြောင့် လောဘမည်သော သဘောတရားသည် မဟာခိုးသူကြီး ခိုးသူမှု စစ်ကွပ်၊ စစ်ဘုရင်ကြီးမည်၏၊ ထိုသုံးပါးတို့တွင် ဒေါသသည် ဒုဿတီတိဒေါသော ဟူသော ဝစနတ္ထနှင့်အညီ သူတစ်ပါးအား နှိပ်စက်ညှင်းဆဲ၊ ဆဲရေးရိုက်ပုတ်၊ထောင်းထုခြင်းအစရှိသော ကြမ်းကြုတ်ရုန့်ရင်းသော

အမှုကိုပြုတတ်သောသူကဲ့သို့ ကြမ်းတမ်းသောအားဖြင့် ပြစ်မှားခြင်း လက္ခဏာရှိသည်၏အဖြစ်ကြောင့် ဒေါသမည်သောသဘောတရားသည် ထိုလောဘဟုဆိုအပ်သော ခိုးသူကြီး၏ စစ်ကဲကြီးမည်၏၊ ထိုသုံးပါးတို့တွင် မုံယှတီတိမောဟော ဟူသောဝါစနတ္ထနှင့်အညီ၊ သူတစ်ပါးတို့အား စာစ်စုံတစ်ခု သောဝတ္ထုရုပ် ရူပါရုံအဆင်း အသွင်သဏ္ဌာန်စသောသဘောတရားတို့ကို မသိမမြင်မထင် စေရအောင် ဖုံးပိတ်ကွယ်ကာဆီးတား မှေးယှက် ကန့်ကွက် သိမ်းဆည်း၊စည်း-သိုမှိုးမှောင်ကြီးချ၍ ခိုးယူတတ်သော သူကဲ့သို့ သဘောလက္ခဏာတူစွာရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း၊ လက္ခယ်သန်းခေါင် တိမ်တောင် မိုးအုပ် ဥမင် လှိုင်ခေါင်းဟုဆိုအပ်သော မိုက်ကြီး စတုအင်းလေး ခုထက် ဆထက်ထောင်ရာ သိန်းသန်းမက မိုက်လှစွာဧသော မောဟမည်သော သဘောတရားသည် ထိုလောဘဟုဆိုအပ်သော ခိုးသူကြီး၏ အလိုသို့လိုက်၍ နားထောင်တတ်သော နာခံတော်မူကြီးမည်၏၊ ဤသို့လျှင် ပုံပမာနှင့် ပြအပ်ခဲ့ပြီးသော ခိုးသူကြီး စစ်ကဲနားခံတို့၏ အခြွေအရံမြစ်သော စာရေးကြီးမည်သော အဝိဇ္ဇာ စစ်ဆော်လုင်မည်သော တဏှာ ၊ထောင်မှူးဟူသော ဥပဒါန်၊ ထိုထောင်မှူး လူလေးယောက်ဟု ဆိုအပ်သော ဥပါဒါန်တရားလေးပါး ၊ ဂန္ထလေးပါး ဟုဆိုအပ်သော ထောင်စချီလေးယောက် ယောဂလေးပါးဟုဆိုအပ်သော နှောင်အိမ်၊ သံကြိန်လေးလုံး၊ ထိုသံကြိန်လေးလုံးသည် ဂတိလေးပါးဟု ဆိုအပ်သော တံခါးလေးပေါက် အနုသယခုနစ်ပါးဟု ဆိုအပ်သော လှန်ကြိန်ကိုင်လုင် ခုနစ်ယောက်၊ နဝရဏခြောက်ပါးတည်းဟူသော တံခါးစောင့်လုလင် ခြောက်ယောက် တို့သည် သံယောဇဉ် ဆယ်ပါး တည်းဟူသော သံကြိုးဆယ်စင်း သံကွင်းဆယ်ခုတို့ကို မြဲစွာကိုင်စွဲ၍ .ကိလေသာဆယ်ပါးဟု ဆိုအပ်သော စစ်ကြပ်ဆယ်ယောက်က အကုသိုလ်ဆယ်ပါးတည်း ဟူသော သွေးသောက်ကြီးဆယ်ယောက် တစ်ထောင့်ငါးရာကိလေသာတည်းဟူသော ဗိုလ်ပေါင်း တစ်ထောင့်ငါးရာ၊ ဝိဝဋ္ဋကပ်တကပ်-ကာလပတ်၊ သုဘကိဏ်ဘုံတိုင်အောင်ဝေကျတတ်၍ ရွာသောမိုးရေ ၊မိုးပေါက်၊မိုးသေး၊ မိုးဖွဲမကထမ်းပိုး၊ လင့်ကန်အပြန်ပြန်လျှင်သည်းထန်စွာ .ကိလေသာဟု မဟာမေဃ ဖြိုးဖြိုးကျသည်၊ သောကစိတ်စေး ရှိသောဘေးဟုဆိုအပ်သောအသင်္ချေ မရေတွက်နိုင်ယှက် ပြိုင်ဝန်းလည် စစ်သည်ရဲမက်အပေါင်း သူရဲကောင်းတို့သည် မိုးမြေထင်ကျမ်း စစ်သည်မွန်းလျက် လှံမ-လှံသေ ၊မျှားလေးနှင်တန် သံလျှက်ခက်ရင်း၊ သေနတ်မီးပေါက်၊ အမြောက်စိန်ပြောင်း ဘုံးမီးအုပ်၊ မီးတုတ်၊မီးရှူး၊ မီးစည်း ၊မီးပြန်၊ မီးအုံ-မီးပဝုံး၊ မီးလင်းမွှေ၊ လောင်မီး၊ စက်ကြီးအစရှိသောပြင်မီး အပေါင်းလက်နက်ကောင်း တို့ကဲ့သို့ရာဂအစရှိသော ၊တစ့်ဆယ်တစ်ပါးသော၊အတွင်းမီးကြီးစသော အထူးထူးအပြားပြားများလှစွာသော လက်နက်မျိုးတို့ကို ကိုယ်စီကိုယ်ငှကိုင်စွဲကြလျှက် ဒုစရိုက်ဆယ်ပါး တည်းဟူသော သူမိုက်လက္ခဏာ သုံးပါးနှင့်တကွ၊ ထင်စွာပြလျက်၊ ဆယ်စင်းသောရဲအောင်လံတံခွန် တို့ကို မိုးရံစွင့်စွင့်၊ စိုက်ထူလွှင့်လျက်ရူပါရုံတည်း ဟူသောမှန်သောပြောင်းကို စက္ခုဒွါရတည်းဟူသော အပေါက်ဖြင့် စက္ခုဝိဉာဉ်ဟူသော မျက်စေ့နှင့်ထိုထိုအလိုရာအရပ်တို့ကို မုချဆတ်ဆတ် အတတ်မြင်အောင်ကြည့်၍ မြင်ပြီးသည်ရှိသော် လောဘတည်းဟူသောခိုးသူကြီးစစ်ဘုရင်သည် ထိုသို့ဆိုအပ်ပြီးသော စစ်ကဲနားခံ စာရေး၊စာချီ၊စစ်ဆော်၊စစ်စောင့်၊ထောင်မှူး ထောင်စချီ၊ ထောင်လုလင်၊ သိုင်းကိုင်ကြိုင်းကိုင်၊ သံအိမ်သံကြိုး၊သံကြိုး ကွင်းကိုင်၊ တံခါးစောင့်၊ စစ်ကြပ်၊ သွေးက်(သွေးသောက်)

ဗိုလ်ပါစစ်သည် ရဲမက်အပေါင်းသူရဲကောင်းတို့ကိုကိုယ်စီညီညီညာညာ ဆော်လှော်၊စီရင်စေလျက်၊ သဒ္ဒါရုံတည်းဟူသောတိုက်မောင်း ပုံတောင်၊ မောင်းကြီးမောင်းငယ်၊ အသွယ်သွယ်ကို တစ်ပြိုင်နက်တီး စေ၍ ထိုထိုလိုရာအရပ်သို့ သုံးဆယ့်တစ်ဘုံ သုံးဆယ့်တစ်မြို့ ၊ သုံးဆယ့်တစ်ရွာသို့ ၊ မဟာမဂ္ဂ၊ ခရီးမဖြင့်၊ ချီသွားလေ၍ရောက်ပြီးလတ်သည်ရှိသော်၊ ထိုလောဘဟု ဆိုအပ်သော ခိုးသူကြီးစစ်ကွပ်သည်၊ မိမိ၏အခြွေအရံအကာ ဖြစ်သောစစ်ကဲနားခံအစရှိသော ရဲမက်ဗိုလ်ပါအပေါင်းသူတော်ကောင်း တို့နှင့်တကွ ထက်ဝန်းကျင်သင့်တင့် လျောက်ပတ်စွာ အရပ်တို့၌ တပ်ချစွဲ၍ မြဲမြဲသေချာစွာစောင့်နေစေ၊ ထိုသုံးဆယ့်တစ်ဘုံ၊ သုံးဆယ့်တစ်မြို့ ၊သုံးဆယ့်တစ်ရွာတို့၌ကိုးပေါက်သောမဟာဒွါရတံခါးမ၊ ခြောက်ပေါက်သောမလွယ်တံခါးငယ် တို့နှင့်လည်းပြည့်စုံ၏၊ မြို့ရွာတို့၏ အင်္ဂါလက္ခဏာမချို့နှစ် လိုဘွယ်သာပြည့်စုံစွာလျှက် မြို့နေရွာသူရွာသားများ သူဌေးသူကြွယ်၊ ကုန်သွယ်လယ်လုပ်၊ ယာခုတ် တောသူ၊ တောင်သား ဆင်းရဲသားဟုဆိုအပ်သော အမျိုးလေးပါး အများသတ္တဝါအနန္တတို့၏ ပျော်ပါးစံ နေရာလည်းဖြစ်၏၊ ဩယလေးပါးတည်းဟူသော လေးစင်းသောမဟာသမုဒ္ဒရာ၊ ဗလဝါရခဲဩယ လှိုင်းထမ်းပိုးမိချောင်းလပိုင် ဝါးလိပ် မကာရ်း တို့ဖြင့် ပြွမ်းလျက်တည်၏၊ ကာမဂုဏ်ငါးပါးတည်းဟူသော မြစ်ကြီးငါးသွယ် မြစ်ငယ်က ထောင့်ငါးရာတို့ဖြင့် တန်ဆာဆင်လျက် ကြောက်မက်ဖွယ် အသွယ်သွယ်သောဘေးရန်အပေါင်းတို့ဖြင့် ပြည့်လျက်တည်၏၊ ထို ၃၁ ရွာတို့၌ ကြင်လည်ကုန်သော ပုထုဇဉ်လေးယောက်တို့၏ အပေါင်းအဆက်လေးမျိုးပါး ဝေနေယျကြာသတ္တဝါ အနန္တတို့ကို သံသရာဘဝ ကန္တာရေ ကိလေသစောရ ပိဋ္ဌိတေ စသောပါဠ်တော် နှင့်အညီ သံသရာဘဝတည်းဟူသောခရီးမ၌ ထိုလောဘဟုဆိုအပ်သောခိုးသူကြီး စစ်ဘုရင် မိမိ၏ခြွေအရံဖြစ်ကုန်သောသူတို့အား အသီးအသီး ကိုယ်စီကိုယ်စီ ညီညီညာညာ သေချာစွာသတ္တိ စွမ်းရည်ရှိသည်အလျောက် ဖွဲ့မည့်အရာ အထူးပေး၍ခိုးမြောက်ထောက်ပင့်၍စီရင်ခံထားပြီးသော စစ်ကဲနားခံ အစရှိသော ဗိုလ်ပါရဲမက်အပေါင်း သူတော်ကောင်းတို့ကို ကိုယ်တိုင်ကွပ်ဆော်လျက် ရေကြောင်းကုန်းကြောင်းအတွင်း၊ မီးပြင်း-မီးပြောင်းကြီးချလျက်၊ အထူးထူးအပြားပြား များလှစွာသော လက်နက်မျိုးတို့ကို ထစ်ကြိုးပြင်းထန်လှစွာ လွှတ်လျက်၊ ဖျက်စီးဖြုန်းတီး၊ ဖမ်းဆီးချည်နှောင်သံခြိုင်လှောင်၍နှိပ်စက်ညှင်းဆဲကုန်၏၊ ဤသို့သတ္တဝါအပေါင်းတို့ကို နှိပ်စက်ညှင်းဆဲသည်ကိုရည်၍ ယရာဝါသ၊သမ္ဗာဓဟု၊ ဒုက္ခဖွဲ့နှောင်၊ လူတို့ဘောင်ဝယ်၊ အိမ်ထောင်ညွတ်ကွင်း၊သံချိုင့်တွင်းဟူ၍ လည်းကောင်းငါးပါးကာမဂုဏ်၊ရေသို့စုံသည်၊ မျောတုံဆန်တက်၊ ပဲ့နိုင်ခက်သည်၊ ထစ်ဝက်ဝန်သော၊ လေးသောလှေသို့၊ ဟူ၍လည်းကောင်း၊ ဩယသဝဂ္ဂမကင်း မှောင်မိုက်တွင်း၌ အလင်းမရှိ ပုထုဇဉ်ဟု စိညာဉ်ခြောက်ပါးမပြတ်သွားသည်၊ တံခါးလဟာ၊ ခြောက်မျက်နှာ၌ ရပါရမ္မဏ ၊စသည်အာရုံ၊ ခြောက်ခုကြုံက ၊ ဒိုင်ပုံသွယ်ချ၊ ဇလူကဲ့သို့ဟူ၍လည်းကောင်း၊ မဟာမောဟန္ဓကာရေန အဘလူတေ မဟာဖနေ စသောပါဠိတော်နှင့် အညီ မိန့်ဆိုတော်မူသည်။

သံသာရဗာရက် လောကံ ၊ အနိစ္စံ ဒုက္ခေန ပိဋိတံ စသော ပါဠိတော်နှင့်အညီ၊ သံသရာဟည်းဟူသော ဝဋ်ဆင်းရဲ၌ တပြောင်းတပြန်ပြန်အဘန်တလဲလဲ အမြဲမကွာကျင်လည်ကုန်သောသတ္တဝါ

အပေါင်းတို့ကို ဆိုအပ်ခဲ့ပြီးသောအတိုင်း အမြဲမကွာနှိပ်စက်ညှင်းဆဲ၍ ဆင်းရဲကြီးငယ်တို့ကို ခံရကုန်၏၊ ထိုသို့ခံရကုန်သော သတ္တဝါအပေါင်းတို့ကိုရည်၍ ဆင်းရဲခံရှိ၊ ထိုလူမျိုးကို ညှင်းစိုးတပေ လွှားလွှားတည်း ဟူ၍လည်းကောင်း၊ ဝက်နှင့်မကွာ၊ မလွဲသာသည်၊ တောင်တာတရှည် လျှားလျှားတည်း ဟူ၍လည်းကောင်း၊ မိန့်ဆိုတော်မူသည်၊ ကေဝလ္လံ ဒုက္ခက္ခန္ဓသ သမုဒယော ဟူသော ပါဠိတော်နှင့်အညီ စင်စစ်လျှင် ချမ်းသာနှင့် မရောသော ဆင်းရဲအပေါင်း၏ဖြစ်ကြောင်းကိုရည်၍ တံလျှပ်ကိုရေမှတ် မှားချေ၍လိုက်လေလိုက်လေ ပမ်းမပြေဟူ၍လည်းကောင်း ပိုးစုံးကြူးကို လူရူးလုလင်မိဟုံးထင်၍ မှုတ်သကဲ့သို့လည်းကောင်း၊ ဆံဖြစ်စေလို၍ ကြောက်ဖဲ့ကို ထောင်းလည်း ဆံကောင်းမရ ပင်ပမ်းကြသို့ ဟူ၍လည်းကောင်း နွားမနို့ဝစစ်၊ ဂျိုမှာညှစ်သို့ကျောက်ရစ်ကိုဆီညှစ် သကဲ့သို့လည်းကောင်း၊ သုံးနှစ်ကြာပေါင်း၊ အမဲခေါင်ကို ခွေးဝတ်ကိုက်ခဲ၍ မိမိမ၏သွားကြား ပါးစောင်မှ ဆီရည်ယိုသည်ကို ထိုအမဲရိုးက ချင်ဆီထွက်သည်ဟုတင်မှတ်၍ ပြင်းစွာကိုက်ခဲသဖြင့်၊ ပင်ပမ်းကြီးစွာဆင်းရဲပျက်စီး းခြင်းသို့ရောက်သော ခွေးဝတ်ကဲ့သို့လည်းကောင်း၊ သင်တုံးသွား၌ ပျား၏အရသာကို လျက်မှားသော သူကဲ့သို့လည်းကောင်း၊ ကြီးစွာသော ဆင်းရဲဒုက္ခအပေါင်းတို့ကို ခံရကုန်သည်ဟု မိန့်ဆိုတော်မူသည်၊ ရာဂါဒီအဂ္ဂိဇာလေဟိ၊ ဒုပကာယံ၊ မဟာဇနိ စသောပါဠိတော်နှင့် အညီ ရာဂအစရှိသော တစ်ဆယ့်တစ်ပါးသောမီးတို့သည် သုံးပါးသုံးလောက၌ တစ်ထိန်ထိန် တပြောင်ပြောင် တောက်လောင်ခံ နေရကုန်သောသတ္တဝါဝေနေယအနန္တတို့သည် ဆီမီးရောင်ကို ရွှေတောင်ထင်မှတ်၍ ဆင်းဝင်သော ပိုးဖလံအပေါင်းကဲ့သို့ ကြီးစွာသော ပျက်စီးခြင်းဆင်းရဲကို ခံရကုန်၏၊ထိုသို့ကြီးစွာသော ဆင်းရဲကိုခံရခြင်းသည်လည်း အနမတဂ္ဂေါဘိက္ခဝေ၊ သံသရောပုဗ္ဗကောဋိ နပညာယတ် စသော ပါဠိတော်နှင့်အညီ မရှိအံ့သည် တမည်သာလျှင်၊ ကြည့်မြင်သောသဗ္ဗညုတ ဉာဏ်တော် အနေဖြင့် ကြည့်တော်မူသော်လည်း ထိုဝေနေယ သတ္တဝါကြမ္မကောင် အနန္တတို့၏ သံသရာဝဋ်ဒုက္ခ၌ ကြီးစွာသောဆင်းရဲဒုက္ခကို ခံနေရသောအစအဆုံးကို တစ်ဆိတ်မျှ မထင်မမြင်နိုင် သည်ဖြစ်၍ မြဲမြဲ တာရှည်ကြဉ်လည်ရခြင်းသည် ထိုဆိုအပ်ခဲ့ပြီးသော လောဘ၊ ဒေါသ၊ မောဟ၊ အဝိဇ္ဇာစသောတရား အပေါင်းတို့သည် သစ္စာလေးပါးတရား အပေါင်းတို့ကို မသိမမြင်မထင်မြင်နိုင် အောင် ဖုံးပိတ်ကွယ် တားဆီးတားမေးယှက်၊ ကန့်ကွက်တိမ်းဆည်း၊ မှောင်ကြီးချ၍ ခိုးသူဖျက်ဆီး၊ ဖြုံးတီး၊ ဖမ်းဆီး ချည်နှောင်- သံချိုင့်လှောင်၍ နှိပ်စက်ညှင်းဆဲ ဆင်းရဲကြီးစွာ ခံရသော သတ္တဝါ အပေါင်းတို့ကို မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ပိဋကတ်သုံးပုံတို့၌ ပါသောဥပါဒါရုပ်ပုံ ပါဠိတော် အဋ္ဌကထာ ဋီကာ၊ အနုဋီကာ လက်သန်းဆန်းအလင်္ကာ၊ဂဏ္ဌိ စသည်တို့၌ လောဘတဏှာ စသည်တို့၏ အချင်းအရာလက္ခဏာ စသည်တို့ကို လောကီ ပုံပမာနှင့်တကွ ထင်စွာပြတတ်သော သတ္တိအရကြောင့် ဏ ကြီးမည်၏။

သဂ္ဂမောက္ခံ ဘာရေတိဂဝတ္တိတဌာနာဒီနံ-ဇတေနာတိတ် ဟူသောပါဠိတော်နှင့် အညီ နတ်ရွာနိဗ္ဗာန်သို့ကောင်းစွာရောက်ခြင်း၊ ဖြစ်ခြင်းတောင့်တခြင်းအစရှိသော ကြိယာတို့၌ အနက်အဓိပ္ပါယ်တို့ကို ရှေးဦးစွာပြတက်သော သတ္တိအရကြောင့် တ ဝမ်းပူ မည်၏။

သောဘတိဒဌ် ဂစ္ဆတိ ထူပဌာနာဒိနံ ဧတေနတိထံ ဟူသောပါဠိတော်နှင့် အညီ

တင့်တယ်ပြောင်ရှန်းထွန်းလင်းတောက်ပခြင်း မြဲမြံစွာတည်ခြင်း အစရှိသောကြိယာတို့၌ ရှေးဦးစွာ အနက်အဓိပ္ပါယ်ကိုပြတတ်သောကြောင့် ထ ဆင်ထူး မည်၏။

**အဒိန္နာဒါန ဝတ္ထု၊ ဒိဒါတိဒါနာဒီနံ ဓေတောနာတိဒ** ဟူသောပါဠိတော်နှင့်အညီ ဆွမ်းဟင်း ၊အဖျော်၊ ကျောင်း၊သင်္ကန်း၊ယာဉ်သံသျှင်း၊ပန်းနံ့သာ၊ နံ့သာပြောင်း အခိုးအထုံ၊ အမှုံ ၊ ဆီမီး၊ တန်ဆောင်း ဟူ၍သုတ္တန်ဒေသနာတော်နည်းအားဖြင့် ပုညကိရိယာဆယ်ပါး၊ဝိနည်းဒေသနာတော်နည်းအားဖြင့်ဆွမ်း၊၊ ကျောင်း၊သင်္ကန်း၊ ဆေး၊လေးပါး၊အဘိဓမ္မာဒေသနာတော်နည်းအားဖြင့် ရူပဒါန၊ သဒ္ဒါဒါန၊ ဂန္ဓဒါန၊ ရသာဒါန၊ ဖောဋ္ဌဗ္ဗာဒါန၊ ဓမ္မဒါန၊ အားဖြင့် ခြောက်ပါး ဒါနဝတ္ထုတို့၌ ရှေးဦးစွာ အနက်အဓိပ္ပါယ်အကျယ်ကို ပြတတ်သောသတ္တိအရကြောင့် ဒ ဒွေးမည်၏။

**သုတ ပေတံ ဓါရေဟိ သတာဝါ ဒီနံ ဓေတောနာတိဓံ** ဟူသောပါဠိတော်နှင့်အညီ၊ ဖြူစင်သန့်ရှင်းအပြစ်မရှိသော ကောင်းသောအကျိုးကိုပေးခြင်း၊ လက္ခဏာရှိသော နိတ္တတိဇိဝ၊ ဖြစ်သော သဘောတရားအစရှိသည်တို့၌ ရှေးဦးစွာ အနက်အဓိပ္ပါယ်အကျယ်ကိုပြတတ်သော သတ္တိအရကြောင့် ဓ အောက်ချိုက် မည်၏။

**သံသာရ ဝ ဒုက္ခတော နိဗ္ဗာနံ နေတိ ဓေတောနာတိနံ** ဟူသော ပါဠိတော်နှင့်အညီ၊ ခန္ဓာ အာယသနဓါတ်၊ သစ္စာဖိုလ် ဗောဓ္ဈင်၊ မဂ္ဂင်ဈာန်နင် စသော တရားအပေါင်းတို့၏ အစဉ်မပြတ် ဖြစ်ရာ သံသရာဝဋ်ဒုက္ခအပေါင်းမှ ကောင်းစွာ ထွက်မြောက်၍ ခပ်သိမ်းသောဘေးမျိုးအပေါင်းတို့၏ ကုန်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်အောင် ပို့ဆောင်ကယ်တင်ချမ်းမြေကြည်လင် လွှင်ပြင်အရပ်သို့ ရောက်ခြင်း အစရှိသော အနက်တို့၌လည်းကောင်း အဝိဇ္ဇာ သင်္ခါရဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿဝေဒနာ၊ တဏှာဉပါဒါန်၊ ဘဝ ဇာတိ ဇရာဗျာဓိ မရဏ သောက ပရိဒေဝ၊ ဒုက္ခဒေါမနဿ၊ ဉပါယာသတည်း ဟူသော သံသရာဝဋ်ဆင်းရဲ ဝဲဩဃရေအယာဉ်မှ ကျေးကုန်းပြင်မြတ်ရာနိဗ္ဗာန်တည်း ဟူသော လွှင်ပြင်အရပ်သို့ ကောင်းစွာရောက်ခြင်းအစရှိသော အနက်တို့၌၎င်း၊ သံသာရဝ ၊ ဒုက္ခတော၊ ဇာတိပဒုက္ခာ၊ ဇာတိပိဒုက္ခာ မရဏာပိဒုက္ခာ၊ အပိယေယိ သမ္ပယောဂေါဒုက္ခာ၊ပိယေဟိတိဝိပ္ပယောဂေါ ဒုက္ခာ၊ ယမ္ပိစ္ဆံနလဘ္ဘတိ တမ္ပိဒုက္ခံ၊ ပဉ္စုပ္ပါဒါနက္ခန္ဓာ ပိဒုက္ခာ ဟူသောရွှေနှုတ်တော်ထွက်၊ ဓမ္မစက်ဒေသနာလာသည်နှင့်အညီ၊ တဖန်တလဲလဲ ပဋိသန္ဓေနေခြင်း လေးပါးတို့တွင် တစ်ပါးပါးသော ပဋိသန္ဓေနေခြင်းဟုဆိုအပ်သော ဇာတိဒုက္ခဆင်းရဲ ဘေးအပေါင်းမှလည်းကောင်း၊ အဖန်တလဲလဲ အိုရခြင်းဟုဆိုအပ်သောဇရာ-ဒုက္ခဝဋ်ဆင်းရဲအပေါင်းမှ လည်းကောင်း၊ အဖန်တလဲလဲနာရခြင်းဟု ဆိုအပ်သော ဗျာဓိ ဒုက္ခသံသရာဝဋ်ဆင်းရဲအပေါင်းမှ လည်းကောင်း၊ အဖန်တလဲလဲသေခြင်းဟုဆိုအပ်သော မရဏဒုက္ခ ဆင်းရဲအပေါင်းမှလည်းကောင်း နှစ်လိုချစ်ခင်ကြင်နာမြတ်နိုးအပ်သော သားသမီးအဆွေခင်ပွန်းတို့နှင့် ရပ်ရွာတိုင်းတစ်ပါးခြားသဖြင့် ကွေကွင်းရခြင်း နာနာဘာဝသေလွန်သဖြင့် ကွေကွင်းရခြင်းဟုဆိုအပ်သော ဝိနာဘာဝ-အထူးထူး အပြားပြားများလှစွာသော စည်းစိမ်ဥစ္စာ ရတနာရွှေငွေ စသောဆယ်ပါးသော ရတနာ၊ အခြွေအရံ ပရိတ်သတ်အပေါင်းကောင်းမွန်မြတ်သည်တို့၏ ကုန်ခြင်း ပျက်စီးခြင်းစသော နာနာဘာဝ၊

နသနသဘောတရားတို့ကို တစ်ယောက်သော်မျှ လွန်နိုင်အံ့သောသူမရှိဟု မုနိထိပ်ပန်-ရဟန်းဘုရား၊ ဟောကြားမိန့်မြွက် ဓမ္မစက်အမွန်ကို မလွန်နိုင်သည်ဖြစ်၍ တွေကြုံရင်းဟုဆိုအပ်သော၊ ပီယဝိပ္ပယောဂ စသော ဝဋ်ဆင်းရဲအပေါင်းတို့မှလည်းကောင်း၊ မချစ်မနှစ်သက်လိုအပ်သော ရန်သူတို့နှင့်တကွ ပေါင်းဖော်ရခြင်းကြောင့်ဖြစ်သော- အပ္ပိယသမ္ပယောဂ၊ဒုက္ခဆင်းရဲအပေါင်းမှလည်းကောင်း၊ အကြင်အလိုဆန္ဒရှိသည်တို့ကို မရသည်ဖြစ်၍ ယုတ်သောဘဝမှသည် မြတ်သောဘဝသို့ ဆင်းရဲငြိုငြင် ပင်ပန်းခြင်း ဒုက္ခအပေါင်းမှလည်းကောင်း၊ ဤသို့ခန္ဓာငါးပါး ရုပ်နာမ်တရားအပေါင်းတို့သည် ကြီးသောဘဝမှလည်း၊ ငယ်သောဘဝသို့၊ ငယ်သောဘဝမှလည်း ကြီးသောဘဝသို့ မြတ်သော ဘဝများသည် ယုတ်သောဘဝသို့၊ ယုတ်သောဘဝများသည် မြတ်သောဘဝသို့ တလွှားလွှား ပဋိသန္ဓေ နေခြင်း၊ စုတိကမ္မဇရုပ်ချုပ်ခြင်း စသည်တို့ဖြင့် ပြေးလွှားရောင်းရမ်း၊ ပင်ပန်းရခြင်း၊ ပျက်ခြင်းဟု ဆိုအပ်သော ငါးပါးသော ခန္ဓာတို့၏ ရှိရှားစွာ သံသရာဘဝ ဝဋ်ဒုက္ခအပေါင်းမှ ထွက်မြောက်၍ ဘုရားပစ္စေကဗုဒ္ဓ အရိအပေါင်းသူတော်ကောင်းတို့၏ ကိန်းအောင်းမွေ့လျော် စံပျော်ရာအမှန် ဖြစ်သော ခပ်သိမ်းသော ဘေးမျိုးအပေါင်းတို့၏ ကုန်ငြိမ်းရာဖြစ်သော အသခ်တဓာတ် မြတ်သော ရွှေပြည် နိဗ္ဗာန်သို့ရောက်ခြင်း အစရှိသည်တို့၌ ရှေးဦးစွာအနက်အဓိပ္ပါယ် အကျယ်ပြတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အဝိဇ္ဇာအဏ္ဏဝတောသိကောသတ္တေစသော ပါဌ်တော်နှင့်အညီ အမိဝမ်း ကလလရေကြည်သည် လူတို့ဆံပင်တစ်ချောင်းကို ဆယ်စိပ်စိပ်၍ တစိပ်မျှပမာဏရှိသော ဇောမည်သောသား၏ လက်ကတီးမွေး ထိုသားမွေးကိုအကြိမ်တစ်ရာစစ်ပြီးသော ဆီကြည်၍ချ၍ ဆယ်ပြီးသည်ရှိသော ထိုသားမွေး၏ အဖျား၌ပါသော ဆီကြည်ပေါက်ပမာအနုမြူမျှ ပမာဏတို့ကဲ့သို့ နူးညံ့သိမ်မွေ့လှစွာသော- ကာလလရေကြည်ကိုစွဲ၍ အမိအဘနှစ်ပါးစုံတို့သည် ကာမဂုဏ်ရွှင်မြူးခိုက် ကြုံကြိုက်၍ ထိုထိုဘုံဘဝတို့မှ သတ္တဝါစုတေ၍ ထိုအမိဝမ်းတွင်း၌ ဆိုအပ်ခဲ့ပြီးသောကာလလရေကြည် ကိုစွဲ၍ ဂဗ္ဘသေယျပဋိသန္ဓေနေသဖြင့် ခုနှစ်ရက်ပတ်လုံး ထိုရေကြည်၌ဖြစ်ထိုက်သောနာမ်၊ရုပ်ကလပ် စသည်တို့သည် ဆီမီးလျှံမြစ်ရေအယဉ်သို့ ဖြစ်ချုပ်လျှက် ဥပါဒ်ဋ္ဌီတင် ဘဝင် စသောတရားတို့သည် အစဉ်မပြတ်စပ်လျက်ဖြစ်ကုန်၏၊ ထို့နောက် ဆိုအပ်ခဲ့ပြီးသည်၏ အတိုင်းဖြင့်ချုပ်လျှက် ရေနောက်က ခုနှစ်ရက်၊ ရေမြှုပ်ကခုနှစ်ရက် သွေးကြည်ခုနစ်ရက်၊ သွေးနောက်ခုနစ်ရက်၊ သွေးခဲခုနှစ်ရက်၊ သားတစ်ခုနစ်ရက်၊ ထိုသားတစ်၏အတွင်းအလယ်ဗဟိုချက်၌ ဥ-ခုနှစ်ရက်၊ ဥသိမ်ခုနှစ်ရက်၊ ငှင်းနည်းတူ အသဲနှလုံး၊ ကျောက်ကပ်၊ သည်းခြေ၊ အဆုတ်၊ သရက်ရွက်၊ အညှိအဖြင်း အမေ့း ဆောင်းတပ်၊ ကျင်ငယ်အိမ်၊ ကျင်ကြီးအိမ်၊ ကျင်ငယ် သလိပ် ချွေး အမြှုပ် သွေးကြောသေး ကြောမ အရိုး ရှင်ဆီ အသား စသည်တို့ကို အရေထူ အရေပါး တို့ဖြင့် ဖုံးလွှမ်းလျက် ခြေလက် ဥကျောင်းဟုဆိုအပ်သော ခက်မငါးဖြာတို့သည် ပေါ်ထွက်၍ အစဉ်အတိုင်းခြေ လက် မျက်စေ့နှာခေါင်း၊ ခံတွင်းစသော ကိုးပါးသော ဒွာရအပေါက် ဣတ္ထိလိင်၊ ပုံးလိင်၊ နပုံးလိင်၊ မိန်းမယောက်ျားတို့၏ အင်္ဂါကြီးငယ် ခြေဖျား လက်ဖျား ခြေသည်း လက်သည်း အမွေး ဆံပင်စသည်တို့ဖြင့် အင်္ဂါကြီးငယ် စုံလင်စွာနှင့် ဗားစတ္တာလိသ သတ္တာဟဖြင့် ဆယ်လပတ်လုံး အမိဝမ်းထဲ၌ အစာသစ်ကိုဥကျောင်းဖြင့် ရှတ်၍ အစာဟောင်းကိုထိုက်လျက်ထို အစာသစ် အစာ ဟောင်းနှစ်ခုတို့၏အကြား၌ အမိ၏ ကျောက်ကုန်းရိုးကို မျက်နှာရှေပြုလျက် ဆောင့်ကြောင့်ထိုင်၍

လက်နှစ်ဖက်ကိုမေးစေ့အောက်၌ ထောက်၍ ဒူးနှစ်ဖက်တို့၏ အပေါ်၌ တစ်တောင်ဆက်နှစ်ခုတို့ကိုတင်လျှင် အမိဝမ်းတွင်း၌ ကွေးလျက် ဆင်းရဲစွာ ဆယ်လပတ်လုံး အမိဝမ်းတွင်း၌ ဂဗ္ဘသေယျပဋိသန္ဓေနေသဖြင့် ပွားလိုသောအခါ ထိုသတ္တဝါတို့၏ ကမ္မဇလေလှုပ်သဖြင့် ဥက္ကောင်းဦးစောက်တို့လည်း၍ ဆင်းရဲကြီးစွာအမိဝမ်းမှဖွားမြင် ရကုန်သည်၊ အဥစွဲ၍တည်သော အဏ္ဍဇပဋိသန္ဓေနေရသောသူတို့သည် ဆိုအပ်ခဲ့ပြီးသောအတိုင်း နာမ်ရုပ်ကလာပ် စသည်တို့သည် သပါဒ်ငှီဘင်ဘဝင် စသည်တို့ဖြင့် ဖြစ်၍ချုပ်၏၊ ဥခွန်အတွင်း၌ အမှေးအမျှင်တို့ဖြင့် ကောင်းစွာမှေးယှက်၍ ဥခွန်တို့ဖြင့် သေချာစွာဖုံးလွှမ်း၍ ဆင်းရဲကြီးစွာ ၃ သီတင်း ၄ သီတင်းစသည်တို့ဖြင့် ပဋိသန္ဓေနေ၍ ပေါက်ဖွားရကုန်၏၊ ရေညှိအပုပ် အမြှုပ် အနောက်စသည် တို့ကိုစွဲ၍ ဆင်းရဲကြီးစွာ သံသေဒဇပဋိသန္ဓေ နေရသောသတ္တဝါတို့သည် ၄င်းဆယ့်ငါးနှစ် နှစ်ဆယ်ရှပ် ရုတ်တရက်ရှောင်တခင် ကိုယ်ထင်ကိုယ်တိုင် ဖြစ်ခြင်းဟုဆိုအပ်ခဲ့ပြီးသော ဂဗ္ဘသေယျပဋိသန္ဓေ ဇလာဗုဇပဋိသန္ဓေ၊ သံသေဒဇပဋိသန္ဓေ၊ ဩပပါတိကပဋိသန္ဓေအားဖြင့် လေးပါးသော ပဋိသန္ဓေတို့ဖြင့် ပဋိသန္ဓေနေ၍ ပေါက်ဖွားသော သတ္တဝါအပေါင်းတို့ကဲ့သို့ အဝိဇ္ဇာတည်းဟူသော ဥခွံအတွင်း၌ ဆင်းရဲကြီးစွာ သံသရာဝဋ်ဒုက္ခအပေါင်း၌ ကျဉ်းမြောင်းလှစွာသောအရပ်တို့မှ နိဗ္ဗာန်တည်းဟူသောလွင်ပြင်အရပ်သို့ မချိုထုတ်ချောက် ရောက်အောင်ဆောင်ခြင်း အစရှိသော ကြိယာတို့၌ ရှေးဦးစွာအနက်အဓိပ္ပါယ်အကျယ် ကိုပြတတ်သော သတ္တိအရကြောင့်၄င်း သဗ္ဗေတဏှာ ဇာလမ္ဗုဇေ၊ တမှာဌာနာနိက္ခာမေသိ စသောပါဠိတော်နှင့်အညီ ရတနာရွှေ ရွှေဥမင်လှိုင်ခေါင်း၌ ရွှေဟင်္သာအပေါင်း ကိုးသောင်း စသောများစွာသော တိရစ္ဆာန် သတ္တဝါဝေနေယျအပေါင်းတို့သည် မှိုခိုပုန်းအောင်း၍နေသည်ကို ပင့်ကူကြီးသည်မြင်၍ ထိုတိရစ္ဆာန်သတ္တဝါအပေါင်းတို့ကို သတ်စားလို၍ မိမိ၏ချက်မှ ထွက်သောအမျှင်နှင့် ထိုဥမင်လှိုင်ခေါင်း တို့၌ ကောင်းစွာမှေးယှက် ပိတ်ဖုံးကွယ်ကာဆီး တား၍ စောင့်ရှောက်လျက်ထွက်လာသော ဟင်္သာ ခို စသောတိရစ္ဆာန် သတ္တဝါ ဝေနေယျအပေါင်းတို့ ဖမ်းယူသတ်စားလျက် အမြဲမကွာစောင့်နေသည်ကို ရွှေဟင်္သာမင်းမြင်တော်မူ၍ ထိုပင့်ကူဘေးမှ သတ္တဝါဝေနေယျအပေါင်းတို့ကိုကောင်းစွာလွတ်စေ၍ လွင်ပြင်အရပ်သို့ရောက်အောင် ဟင်္သာအပေါင်းကိုးသောင်းတို့နှင့် တပြိုင်နက်တစ်ချက်တည်း ပြင်းစွာသော လုံ့လတောင်ဟုန်ဖြင့် တသုံတည်းခပ်လျက် တစ်ပြိုင်နက်ထိုပင့်ကူကြီး၏ အမှေးအမျှင် ကွန်ရက်တို့ကိုဖြတ်ဖောက်၍ချမ်းမြေ့ ကြည်လင်စွာဟင်္သာအပေါင်း ကိုးသောင်းခြွေအရံ စသည်တို့နှင့် တကွ လွတ်ရာလွင်ပြင် အရပ်သို့ ကောင်းစွာရောက်၍ ချမ်းသာစွာနေရကုန်သကဲ့သို့ ဘဝသုံးပါးတည်း ဟူသောဥမင် လှိုင်ခေါင်း၌ ကိန်းအောင်းလျက်ကျဉ်လည်ရကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့အား အဝိဇ္ဇာတည်းဟူသော ပင့်ကူကြီးသည်မြင်၍ မိမိချက်မှဖြစ်သော တဏှာတည်းဟူသော အမှေးအမျှင် ကွန်ရက်တို့ဖြင့်ကောင်းစွာဆီး ကွယ်ကာ မှေးယှက်၍ အလယ်ချက်၌ စောင့်နေလျက် ထွက်ဝင်သွားလာ ကုန်သောဝေနေယျအပေါင်းတို့ကို ဖမ်းယူသတ်စား၍ ဆင်းရဲကြီးစွာပျက်စီးခြင်းသို့ရောက်သော သတ္တဝါဝေနေယျအပေါင်းတို့တွင် ဘုရားစသော သူတော်ကောင်းအပေါင်းတို့သည် ထိုအဝိဇ္ဇာတည်း ဟူသောပင့်ကူ၏ဘေးကိုမြင်တော်မူ၍ ထိုဘေးမှလွတ်စေခြင်းငှာ ဒါနသီလအစရှိသော ကုသိုလ် ဆယ်ပါး ၊ပါရမီဆယ်ပါး၊ စရိယာသုံးပါး၊ စွန့်ခြင်းကြီးငါးပါး၊

သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယ တရားအပေါင်း တို့ကို ကောင်းစွာလှုံ့လ ကြိုးကုတ်ထားအားထုတ်တော်မူ၍ နှစ်ဆယ့်လေးသင်္ချေနှင့် ကုဋေခြောက်ဆယ့် ဗိုလ်ခြေတစ်သိန်း တွက်ကိန်းများစွာ သတ္တဝါအပေါင်းတို့နှင့်တကွ၊ ထိုပင့်ကူဘေးမှ လွတ်မြောက်၍ နိဗ္ဗာန်တည်းဟူသော ချမ်းမြေ့ကြည်လင်လွင်ပြင်အရပ်သို့ရောက်ခြင်း အစရှိသည်ကို ပြဆွန်းရာ လောကီပုံပမာနှင့်တကွ အကျယ်ကိုပြတတ်သော ဥဒါဟရုဏ်ပုံ ပါဠိတော် အဋ္ဌကထာဋီကာတို့၌ ရှေးဦးစွာအနက်အဓိပ္ပါယ်ကို ပြတတ်သည်၏အဖြစ်ကြောင်ငှင်း ၊ **သကလဝဋ္ဋဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္စိကရဏတ္တာယ** စသောပါဠိတော်နှင့်အညီ နောက်နောက်သော အဋ္ဌကထာတို့၌ အကျယ်ပြအပ်ခဲ့ပြီးသော အလုံးစုံသောသံသရာဝဋ်ဆင်းရဲအပေါင်းမှ ကောင်းစွာ ထွက်မြောက်၍ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ် ၊ သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမ်မဂ်၊ အနာဂါမိဖိုလ်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တည်းဟူသော မဂ်လေးတန် ဖိုလ်လေးတန်တို့ဖြင့် သစ္စာ လေးပါးတရားအပေါင်းတို့၏ ပါဠိအနက်အဓိပ္ပါယ်ထိုသစ္စာလေးပါးတို့၌ တစ်ဆယ့်ခြောက်ချက်သော ပါဠိအနက်အဓိပ္ပါယ်အကျယ်သချ်ာသချ်ေအရေအတွက်အားဖြင့် ဤသို့ ဟောတော်မူသည်ကိုသိအပ်၏၊ **စတ္တာရိသစ္စာနိ အဒေသယိ လောကနာထော ဘိက္ခဝေတို့ လောကနာထော** လူသုံးပါးတို့ကို အစိုးရတော်မူသော မြတ်စွာဘုရားသည် စတ္တာရိသစ္စာနိလေး ပါးသောသစ္စာတရားတော်မြတ်ကို အဒေသယိ၊ ဟောတော်မူအပ်လေပြီ၊ စတ္တာရိသစ္စာလေးပါးသော သစ္စာတရားတော်မြတ်သည် ကတမေ အဘယ်သည်တို့နည်းဟူမူကား ဒုက္ခသစ၊ဒုက္ခသစ္စာ၏ လည်းကောင်း၊ သမုဒယသစ သမုဒယသစ္စာ၏လည်းကောင်း၊ နိရောဓသစ၊ နိရောဓသစ္စာ၏လည်ကောင်း၊ မဂ္ဂသစမဂ္ဂသစ္စာစလည်ကောင်း၊ ဣတိ ဤသို့စတ္တာရိသစ္စာနိလေးပါးသော သစ္စာတရားတို့သည် ဟောန္တိရှိသည်ဖြစ်ကုန်၏၊ ထိုလေးပါးတို့တွင် **ဒုက္ခံပီဠန နတ္တံ ဒုက္ခံသင်္ခတ ပတ္တံ၊ ဒုက္ခံဝိပရိနာမတ္တံ ဒုက္ခံဗလိနတ္တံတိ၊ ဒုက္ခံစတ္တောရော၊ အတ္ထော ။ ဘိက္ခဝေတို့ ဒုက္ခ ဒုက္ခသစ္စာသည် ပီဠနတ္တ ကိလေသာ** တဏှာဖြင့် နှိပ်စက်တတ်သောအနက်ကြောင့်လည်းကောင်း၊ ဒုက္ခံသည် သင်္ခတပတ္တံ၊ ကိလေသာတဏှာဖြင့် အစဉ်မပြတ် ပူပန်စေတတ်သောကြောင့် လည်းကောင်း၊ ဒုက္ခံသည် ဝိပရိနာမတ္တံ ဖောက်ပြန်တတ်သောကြောင့်လည်းကောင်း၊ဒုက္ခံသည် ဗလိဗောဓနတ္တံ ၊ ကိလေသာတဏှာဖြင့် ကြောင့်ကျစိုးရိမ်ခြင်းဟူသော အနက်ကြောင့်လည်းကောင်း ဣတိသို့ ဒုက္ခာနံ ဒုက္ခသစ္စာ၌ စတ္တာရော အတ္ထော အနက်လေးချက်တို့တည်း၊ **သမုဒယံ သံယောဂတ္တံ သမုဒယံ၊ နိဒါတ္တံ၊ သမုဒယံ၊ သခ်တ္တံ၊ သမုဒယ် အာယုဟာနတ္တံ ၊ သမုဒယံစတ္တရော အတ္ထော။** ဘိက္ခဝေတို့၊ သမုဒယံ၊ သမုဒယသစ္စာ သည် သံယောဂတ္တံ ၊ တဏှာနှင့်ယှဉ်ခြင်းတူသော အနက်ကြောင့်လည်းကောင်း၊ သမုဒယံသည် နိဒါနတ္တံ၊ ဒုက္ခသစ္စာ၏ကြောင်းဟူသောကြောင့်၊ သမုဒယံသည် သခ်တတ္တံ၊ ခန္ဓာအာယတနဓါတ်၊ ဣန္ဒြေတို့ဖြင့် ပြုပြင်တက်သောအနက်ကြောင့်လည်းကောင်း၊ သမုဒယံသည် အာယုဟနတ္တံ ကိလေသာဖြင့် အားထုတ်တတ်သောအနက်ကြောင့်လည်းကောင်း၊ ကတိ၊ သို့၊ သမုဒယာနံ၊ သမုဒယသစ္စာ၌ စတ္တာရောအတ္ထောလေးပါးသောအနက်တို့တည်း၊ **နိရောဓံ နိဿရဏ်တ္တံ နိရောဓံဝိဝေကတ္တံ ၊နိရောဓံ၊ အသခ်တတ္တံ ၊နိရောဓံအမတံ။ ။**ဘိက္ခဝေတို့ နိရောဓံနိရောဓသစ္စာ သည် နိဿရဏ်တ္တံ သံသရာမှထွက်မြောက်ခြင်းဟူသော၊ အနက်ကြောင့်ရင်း၊ နိရောဓံ၊ သည်၊ဝိဝေကတ္တံ ဆိပ်ညိမ်ခြင်း

ဟူသောအနက်ကြောင့်၄င်း၊ နိရောဓသည် အမတ၊ သေခြင်းကင်းသော အနက်ကြောင့်လည်းကောင်း၊ (ဝါ) သေခြင်းမရှိသောအနက်ကြောင့် ဣတိ ၊ သို့၊ နိရောဓါန်၊ နိရောဓသစ္စာ၌ စတ္တာရောအတ္ထာတည်း၊ မဂ္ဂေါနိယျာနတ္ထံ၊ မဂ္ဂဟေတုတ္ထံ၊ မဂ္ဂပဿဒတ္ထံ၊ မဂ္ဂမိပတေယျတ္ထံ၊ ဘိက္ခဝေတို့ မဂ္ဂသစ္စာသည် နိယျာနတ္ထံ သံသရာမှထုတ်၍ နိဗ္ဗာန်သို့ ဆောင်တတ်သောအနက်ကြောင့်လည်းကောင်း၊ မဂ္ဂသည် ဟေတွတ္ထံ၊ နိဗ္ဗာန်သို့ရောက်ကြောင်း ဟူသောအနက်ကြောင့်လည်းကောင်း၊ မဂ္ဂသည် ပဿဝတ္ထံ ညိမ်ခြင်းဟူသော အနက်ကြောင့်၄င်း၊ မဂ္ဂသည် အဓိပတေယတ္ထံ အစိုးရခြင်းဟူသော အနက်ကြောင့်လည်းကောင်း၊ ဝါ တဏှာယဝယ ဖြစ်သော စိတ်၏ဖြူစင်ခြင်းဟူသော အနက်ကြောင့်လည်းကောင်း။ ဣတိ ဤသို့မဂ္ဂါန်၊ မဂ္ဂသစ္စာ၌ စတ္တာရောအတ္တာ၊ အနက်လေးချက်တို့တည်း၊ ဤတိသို့ စတုသစ္စာနံ၊ လေးပါးသော သစ္စာတရားတို့၌ သောဠသ၊ တစ်ဆယ်ခြောက်ချက် အနက်ရှိကုန်သည် ဟောန္တိဖြစ်ကုန်၏၊ ထိုလေးပါးတို့တွင် ဒုက္ခသစ္စာသည် ဤမှာဘက်ကမ်းနှင့်တူ၏၊ သမုဒယသစ္စာသည် သည်းစွာသော ရေအယာဉ်နှင့်တူ၏၊ နိရောဓသစ္စာသည်ကား ထိုမှာဘက်ကမ်းနှင့် တူ၏၊ မဂ္ဂသစ္စာသည်ကား ထိုမှာဘက်ကမ်းသို့ ရောက်ကြောင်း လှေလပြုသည်နှင့်တူ၏၊ ဤသို့သစ္စာလေးပါးတို့ကို တစ်ဆယ့်ခြောက်ချက်အနက်နှင့် လျော်စွာပိုင်းခြား၍ သိသဖြင့် ခပ်သိမ်းသောဘေးမျိုးအပေါင်းတို့၏ ကုန်ငြိမ်းရာ အသခ်တဓါတ်မြတ် ဖြစ်သောရွှေပြည်နိဗ္ဗာန်ကို မျက်မှောက်ပြု၍ရောက်ခြင်းအစရှိသောဥဒါဟရုဏ် ပုံပါဠိတော် အဌကထာဋီကာသောကျမ်းတို့၌ ရှေးဦးစွာ အနက်အဓိပ္ပါယ်တို့ကို ပြတတ်သော သတ္တိအရကြောင့် န ငယ်မည်၏။

အကုသလေမမ္မေပဟာယ ပဝတ္တိဌာနာဒီနံ၊ ဓေတောတိပံ၊ ဟူသောဝစနတ္ထနှင့်အညီ ၊ အပါယ်လေးပါးသို့လားကြောင်း မကောင်းသော အကုသိုလ်ဆယ်ပါးတရားတို့ကို ကောင်းစွာပယ်စွန့် ပြီး၍ နတ်ရွာနိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းသောကုသိုလ်ဆယ်ပါး သုစရိုက်တရားတို့၌ ကောင်းစွာ ဖြစ်စေခြင်း ကြိယာတို့၌ ရှေးဦးစွာ အနက်အဓိပ္ပါယ်အကျယ်တို့ကို ပြတတ်သော သတ္တိအရကြောင့် ပ စောက်မည်၏။

သတ္တေနမေတ္တော ဒဓောန ဖရတိဖလာဒီနံ၊ ဓေတနာတိ ဖံ၊ ဟူသောဝစနတ္ထနှင့် အညီ ခပ်သိမ်းသော လူနတ်ပြဟ္မာသတ္တဝါ အပေါင်းတို့အား ငါးရာနှစ်ဆယ်ရှစ်သွယ်သော မေတ္တာရေချမ်းဖြင့် ကောင်းစွာသွန်းလောင်းခြင်း၊ သီးခြင်း၊ ပွင့်ခြင်းအစရှိသည်တို့ကို လောကီပုံပမာသချ်ာ အရေအတွက် နှင့်တကွ အကျယ်ကိုဖွင့်၍ ပြတတ်သောကြောင့် လည်းကောင်း၊ အဘယ်သို့လောကီပုံပမာ သချ်ာသချ်ေ အရေအတွက်နှင့်တကွ၊ အကျယ်ကို ပြတတ်သနည်း ဟူမူကား ဤသို့သိအပ်၏၊ ပုဂ္ဂိုလ်တစ်ကျိပ်နှစ်ယောက်ကို မေတ္တဂရုဏာ မုဒိတာ ဥပေက္ခာတည်းဟူသော ဗြဟ္မာစိုရ်တရား လေးပါးတို့နှင့်မြှောက် မေတ္တာပေါင်းလေးရာရှစ်ဆယ်ရ၏၊ ထို ၄၈၀ သော မေတ္တာသည်ဩဓိသ မည်၏၊ ၄င်းပုဂ္ဂိုလ်တစ်ကျိပ်နှစ်ယောက်ကို တည်ပြန်၏၊ ဗြဟ္မစိုရ်တရား ၄ ပါးနှင့်မြှောက် ၄၈ မေတ္တာဖြစ်၏၊ ထို ၄၈ မေတ္တာသည် အနောဓိသမည်၏၊ ၄င်းဩဓိသမေတ္တာလေးရာ့ရှစ်ဆယ် အနောဓိသ မေတ္တာလေးဆယ့်ရှစမေတ္တာ နှစ်ပါးအပေါင်းကို ပေါင်း၍ ငါးရာနှစ်ဆယ်ရှစ်သွယ်သော မေတ္တာသချ်ာကိုပြပြီး၍ လောကီပုံပမာကိုပြပေအံ့၊ သုဒဿနဝိဌာနှင့် ကာဠဂန္ဓာမာ၊ ကေလာပပွတ စသည်

ငါးလုံးပိတ်ဖုံးဝန်းလည်ခြံရံသည်ကြောင့် နေခြည်မထိ၊ မရှိမြူဦး၊ မထိုးဝန့်လွှာ လွန်စွာချမ်းစေ လှသော အနောတတ္တ အိုင်မြတ်မှလျှင်ထိုးပတ် လက်ျာမကြာလျှင်တွေ ၁၂ ခွေသောရေတို့သည် ဟတ္ထိအဿဂေါဏသီဟာ၊ လေးမြာခံတွင်း လျှောကျဆင်းသောရေမင်းမြတ်မာန်၊ အပြန်တစ်ရာမက၊ ချမ်းလေ့သော ငါးရာနှစ်ဆယ် ရှစ်သွယ်သောရေချမ်းဖြင့် ခပ်သိမ်းသော လူနတ်ပြဟ္မာ ဝေနေယျကြာ သတ္တဝါအနတ္တတို့ကို သည်းထန်ပြင်းပြလှစွာရှာသောမိုးရေ မိုးပေါက်တို့သည် ကျေးကန်ချိုင့်ဝှမ်းရာ အရပ်တို့ကို ပြည့်စေသကဲ့သို့ အဒေါသစေတနာ- မဟာကုသိုလ် အသင်္ခါရိက သောမနဿ ညာဏသမ္ပယောဂ်၊ ကုသိုလ်ဇော၊ သတ္တက္ခတ္တုံ၊ တဒါရုံခွေထက်၊ ဥပါဒါဋ္ဌိဘင်၊. ဘဝင်ဖြစ်ထိုက်သမျှ အလ္လုတ္တသင်္ခါတေ သိန်းထွက်ရမက၊ အဝဝအလီလီ အတိတီအတန်တန် အဖန်ဖန် အထပ်ထပ် နေ့ညမပြတ်၊ သွန်းလောင်းပွဲ့သအပ်သောမေတ္တာ၊ နံ့သာဖြင့် မွှန့်စေအပ်သည်၏ အဖြစ်ကြောင့် ဝေနေယျကြာ သတ္တဝါ အနတ္တတို့၏ အလ္လုတ္တဗဟိဒ္ဓသဏ္ဍာန်ဝယ် ညိတွယ်ယှက်ကူး ပူးကပ်၍ နှိပ်စက်တတ်သော သဘောတရားတို့သည် အန္တရာယေဝေ မဇ္ဈေအာယတ္တိ ပတန္တိ အန္တရာယော ဟူသော သမာသပိဂ္ဂိုလ် ဖွင့်ဆိုသည်နှင့်အညီ၊ သင့်တင့်လျော်ညီစွာ စုတိပဋိသန္ဓေ နှစ်ထွေတို့အကြား ချညားရောက်တတ် ဥပါဒ်ဘေးဒဏ် ရန်မာန် အန္တာရာယ်အပေါင်း မကောင်းသမျှ အဒိဋ္ဌဖလရုပ် ဒုက္ခဝေဒနာအပေါင်းတို့သည် ကမလဗိန္ဒုဒကံဝိယ စသော ပါဠိတော်နှင့်အညီ ပိန်းကြာရွက်၌ ရောက်အပ်သော ဆီးနှင်းမိုးပေါက်တို့သည် နေရောင်ခြည်ကျရောက်လျှင် တစ်ပေါက်မတင် လျှောကြစင်ဘိသကဲ့သို့ ကင်းစင်လွင့်ပျောက် မရောက်ဝေးစွာကြည်ပဲ ရှိကုန်သည်ဖြစ်၍ ကာယိကသုခစေတသိက သုခနှစ်ပါးတို့နှင့်မကွာမသွေ၊ ရွှေတောင်ရွှေအိုးရတနာရွှေဘောဓိမာန်မှာ ရွှေပဒေသာ၊ ရွှေငွေမြဖန် စသောတံတိုင်းခုနှစ်ထပ်နှင့်တကွ လျှံပြည်ဝယ်၊ မြေပြင်၌ ထင်စွာပေါ်လှာ၊ ပေါက်လှာရသော ဇောတိက ၊ဇာတိလ၊ ကာကဝဏ္ဏ မေဏ္ဍက၊ ပုဏ္ဏ စသော သူဌေးသူကြွယ်၊ ပဒေသရာဇ် ဧကရာဇ် စကြဝတေး၊ မဏ္ဍာတ်၊ မြတ်သော မင်းကြီး -မင်းမိဘုရား၊ မင်းသား မင်းသမီး တို့၏ စည်းစိမ်ချမ်းသာတို့ကဲ့သို့ လျှံပြည်၌ဖြစ်သော ချမ်းသာသုအပေါင်းတို့ကို ကောင်းစွာခံစား သုံးဆောင် ရကုန်လည်းဖြစ်၍ အယုဝဏ္ဏ သုခဗလတည်းဟူသော သမ္ပတ္တိ၊ စက်လေးပါးနှင့် ပြည့်စုံစွာ၊ ကြာမျိုးငါးပါးတို့ဖြင့် ဖုံးလွှမ်းအပ်သော အနောတတ္တအိုင်မြတ်ရေသည် လေးထွေသောခံတွင်းတို့ မှထွက်ဆင်း၍အရှင်းမကုန်နိုင်သည်၏အတူ၊ သိုးယူပေးကမ်း၍ နှမ်းတစ်စေ့ခန့်မျှ ယိုယွင်းခြင်းမရှိ မဏိမုတ္တ စသော အထူးထူးအပြားပြား ဆယ်ပါးသောရတနာ၊ ဥစ္စာစည်းစိမ်နှင့်မကွာ လိုရာကို သိတတ်သော အဆင်းအင်္ဂါလက္ခဏာမပြတ်၊ သတင်းကောင်းအရပ်ရပ်နှံ့စပ်ကျော်စောခြင်း ၊ အခင်းခင်း အရာရာတို့ကို ထိုးထွင်းသိမြင်နိုင်သော ဉာဏ်ပညာ အဆင်အခြင်မြင်မြင်သမျှသော လူနတ်တို့သည် နှစ်လိုဖွယ်အဆင်းအင်္ဂါလက္ခဏာမပျက် အဆက်ဆက်သော ဘဝများဝယ်၊ ရှည်လျားအာယု၊ အစုစုသော လူနတ်ပြဟ္မာသတ္တဝါအပေါင်းတို့ကို ကောင်းစွာအစိုးရသည်သာ အဖြာဖြာသောကုသိုလ် ကောင်းမှုတို့ကို တစ်ခုမမေ့မကြံမကြွင်းစေရ ကောင်းစွာလုံ့လကိုဋ်ကုဋ်အားထုတ်၍ ဖြည့်ကျင့် ဆောင်ရွက်နိုင်ကုန်သည်သာဖြစ်၍ အတန်တန်သောလိုရာဆန္ဒဟူသမျှတို့သည် တစ်ဆယ့် ငါးရက်တက်၍ ထွန်းသောလဝန်းပမာ၊ ရတနာမြင့်မြတ်၊ ချမ်းသာသုခ အပေါင်းတို့ကို တရားတော်နှင့် လျော်ညီစွာ ခံစားသုံးဆောင်ရကုန်သည်ဖြစ်၍ ဒါနအစရှိသော

ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို အဆင့်ဆင့်ဖြည့်ကျင့်ဆောင်နိုင်ကုန်သည်သာဖြစ်၍ အဆုံးစွန်သောဘဝ၊ နောက်ကာလဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာယောကျ်ား၊ ရဟန္တာမိန်းမ အပေါင်းသူတော်ကောင်းတို့ကဲ့သို့ မချို့သော ဂုဏ်ဝိသေသအထူးတို့နှင့်ပြည့်စုံသဖြင့်၊ အငုံရင့်လေပြီးသော ပဒုမ္မာကြာပန်းကို နေရောင်ခြည်ထိလျှင် ကားကားလှတင့်ပွင့်သကဲ့သို့ ထောင်ငါးရာကိလေသာတို့ကို၊ အရဟတ္တမဂ်၊ ဓားသန်လျက်ဖြင့် ပယ်ဖြတ်ခုတ်ထွင်အောင်မြင်သည်သာဖြစ်၍ ပဋိသမ္ဘိဒါ ၄ ပါး၊ အဘိညာဏ်ခြောက်ပါး၊ သမာပတ်ရှစ်ပါးသော သူတော်ကောင်းတို့၏၊ တရားကျေးဇူးဂုဏ်ထူးအပေါင်းတို့နှင့် ကောင်းစွာပြည့်စုံသည်ဖြစ်၍ ရာဂဂ္ဂိအစရှိ သော၊ တစ်ဆယ့်တစ်ပါးသော ကိုယ်တွင်းမီးပူ၊ ရန်သူငြိမ်းရာ၊ချမ်းသာအမှန်၊ ပြည်နိဗ္ဗာန်သို့ ရောက်ခြင်း အဆုံးရှိသော ကျိုးချမ်းသာ အပေါင်းတို့ကို ပြီးစေ၍ **မိဒဟိသိ နေ့ဟံကရောတိတိမေတ္တာ** ဟူသော ဝစနတ္ထနှင့်အညီ ကံသာအဆုံးရှိသော ငါးရာ့နှစ်ဆယ်ရှစ်သွယ်သော မေတ္တာရေချမ်းဖြင့် ခပ်သိမ်းသော လူနတ်ပြဟ္မာဝေနေယျကြာသတ္တဝါ အနတ္တတို့ကို သွန်းလောင်းခြင်း ပြန့်နှံ့စေခြင်း၊ လက္ခဏာတို့ကို ပိဋကတ်သုံးပုံတို့၌ပါသောလာသော ဥဒါဟရုဏ်ပုံပါဠိတော် အဋ္ဌကထာ ဋီကာ ဂဏ္ဌိစသော ကျမ်းတို့၌ လောကီပုံပမာနှင့်တကွ ရှေးဦးစွာအနက်အဓိပ္ပါယ်ကို ပြတတ်သော သတ္တိအရကြောင့် ဖ ဦးထုပ် မည်၏။

**နိဗ္ဗာနံစရတိ ဧတေနာတိဗံ** ဟူသော ဝစနတ္ထနှင့်အညီ ခပ်သိမ်းသော အမျိုးအပေါင်း တို့၏ ကုန်ငြိမ်းရာ ချမ်းသာအမှန်ပြည်နိဗ္ဗာန်သို့ကောင်းစွာရောက်ခြင်း အစရှိသော ကြိယာတို့၌ ရှေးဦးစွာ အနက်အဓိပ္ပါယ်အကျယ်ကို ပြတတ်သောသတ္တိကြောင့် ဗထက်ချိုင့် မည်၏။

**အကုသလေ ဓမ္မေ ဘာဝေဟိ ဧတောတိဘံ** ဟူသောဝစနတ္တနှင့်အညီ အကုသိုလ်ဆယ်ပါး၊ တရားတို့ကိုပွားများစေတတ်သည်၏ အဖြစ်ကြောင့် ဘကုန်း မည်၏။

**ရတနတ္တယံမာနေတိ၊ ဧတေနာတိမံ၊** ဟူသောဝစနတ္တနှင့်အညီ ဘုရားအစရှိသော ရတနာသုံးပါးတို့အား ကောင်းစွာ မြတ်နိုးခြင်းကိုဖြစ်စေတတ်သည်၏ အဖြစ်ကြောင့် **မ မည်၏။**

**နိဗ္ဗနံယာတိ ဂစ္ဆတိ တေနာတိယံ** ဟူသောဝစနတ္တနှင့်အညီ နိဗ္ဗာန်သို့ကောင်းစွာ သွားခြင်း၊ ရောက်ခြင်း၊ ရှည်ခြင်း၊ အစရှိသော အနက်တို့၌ ကောင်းစွာပြတတ်သည်၏အဖြစ်ကြောင့် **ယ မည်၏။**

**သာသနေရမ္မတိ ဧတေနာတိရံ** ဟူသော ဝစနတ္တနှင့်အညီ မြတ်စွာဘုရားသည် ဟောကြားဖော်ပြ ဆုံးမပဲ့ပြင်သွန်သင်တော်မူအပ်သော ရှစ်သောင်းလေးထောင်သော ဓမ္မာခန္ဓာ အပေါင်းတို့ကို ကောင်းစွာသင်အံ့ကျက်၊ ဆောင်ရွက်၊ မှတ်သား၊ အားထုတ်အပ်သော၊ တရားအပေါင်း တို့သည် ပရိယတ္တိ သာသနာတော်၏ ဟောကြားတော်မူအပ်သောတရား၊ ဓမ္မဒေသနာတော် လာရှိသည့် အတိုင်း ကျင့်အပ်၊ ကြည့်အပ်နှစ်ရပ်သော တရားတို့၌ ကောင်းစွာ ဖြည့်ကျင့်သည်။ **ပဋိပတ္တိသာသနာ တော်မည်၏။** ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော ပရိယတ္တိသာသနာတော်ဟုဆိုအပ်သော သာသနာတော့် မြတ်နှစ်ပါးတို့ကို ကောင်းစွာဖြည့်ကျင့်လေ့ကျက်ဆောင်ရွက်မှတ်သားအားထုတ်ခြင်း၊ ကုသိုလ် စေတနာကြောင့် သစ္စာလေးပါးတရားတို့ကို ကောင်းစွာထိုးထွင်း၍ သိသဖြင့် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ ၊ ဥပါယာတည်းဟူသော တစ်ဆယ့်တစ်ပါးသော ကိုယ်တွင်းမီးပူ ရန်သူငြိမ်းရာ ချမ်းသာအမှန်၊

ပြည်နိဗ္ဗာန်သို့ရောက်အံ့သောဟုဆိုအပ်သော ပဋိဝေဓ သာသနာတော်၊ ဤသို့ဆိုအပ်ခဲ့ပြီးသော သာသနာတော်မြတ်သုံးပါးတို့ကို ကောင်းစွာမြတ်နိုးခြင်း အစရှိသောကြိယာတို့၌ ရှေးဦးစွာအနက်အဓိပ္ပါယ်အကျယ်ကို ပြတတ်သောသတ္တိကြောင့် ရ မည်၏။

**အကုသလေဓမ္မေလုနန္တီဆိန္ဒန္တီတိ၊ စေတနာတိလံ** ဟူသော ဝစနတ္ထနှင့်အညီ အကုသိုလ်ဆယ်ပါးတရားတို့ကို ရိပ်တတ်ဖြတ်တတ်သော သတ္တိအရကြောင့် လ မည်၏။

**ကိလေသဝေမတိ၊ စေတနတိဝံ** ဟူသောဝစနတ္ထနှင့်အညီ ခုနှစ်ဆယ်ငါးပါး၊နာမ်ရုပ် ထား၍ နှစ်ပါးဆယ်ထွေ၊ မြောက်ပွားရေသော်၊ ကိလေသာစက်၊ သုံးထောင်ဝဂ်ကို၊ ဉာဏ်စက်ဝရဇိန်၊ စက်ဘုန်းရှိန်ဖြင့်၊ ကွပ်နှိပ်ဆုံးမသဖြင့် ၊ ကောင်းစွာပြုအံ့၊ တွန်းလှန်ပယ်ဖြတ်၊ သတ်ခြင်းအစရှိသော၊ ကြိယာတို့၌ ရှေးဦးစွာ အနက်အဓိပ္ပါယ်အကျယ်ကို ပြတတ်သော သတ္တိအရကြောင့် ဝ မည်၏။

**နိဝရဏဓမ္မေသာသတိ အနုကရောတိ၊ စေတနာတိသံ** ဟူသောဝစနတ္ထ နှင့်အညီ၊ နိဝရဏခြောက်ပါးတရားတို့ကို ကောင်းစွာဆုံးမ ပယ်ဖြတ်သတ်ပြီး၍ ယုံမှားခြင်းကင်းသဖြင့်၊ ကောင်းသောသဘောတရားအစရှိသည်တို့၌၊ ရှေးဦးစွာအနက်အဓိပ္ပါယ်၊ အကျယ်တို့ကို ပြတတ်သောသတ္တိအရကြောင့် သမည်၏။

**ကိလေသေ ဟနတိ၊ ဟိံသတိ စေတနာတိဟံ** ဟူသော ဝစနတ္ထနှင့်အညီများစွာ သော ကိလေသာအပေါင်း မကောင်းသောအညစ်အကြေး ဘေးရန်အပေါင်းတို့ကိုထောင်းထောင်း ကျေညက် ပယ်ဖြတ်ထုတ်ခွင် ကုန်စင်စေပြီး၍ ခပ်သိမ်းသော ဘေးမျိုးအပေါင်းတို့၏ ကုန်ငြိမ်းရာအမှန် ပြည်နိဗ္ဗာန်သို့ရောက်ခြင်း အစရှိသော ကြိယာတို့၌ ရှေးဦးစွာအနက်အဓိပ္ပါယ်အကျယ်ကို ပြတတ်သော သတ္တိအရကြောင့် ဟ မည်၏။

**ဒွေးဘူတောင် ဘူတပေဇ္ဇေ ပစ္စုပ္ပန္နသမ္ဘာရ ယေလောကီ လောကုတ္တရာဓမ္မေ၊** သုစရိတ ဒုစရိတေ ကုသလာ ကုသလေဘာ ဝေတဇ္ဇ၊ မဟာတဇ္ဇ၊ မဂ်လာ မဂ်လေ၊ သုသေဝိတဇ္ဇ အသေဝိတဇ္ဇေ၊ စရိတဇ္ဇ၊ အစရိတဇ္ဇေ၊ လာဘောအလာဘော၊ ယသော- အယသော၊ နိန္ဒ-ပသံသာ၊ သုခံ ဒုက္ခံ၊ ဝဏ္ဏံအဝဏ္ဏာ ဒီကံ ကာရဏာ၊အတ္တာအတ္တံ၊ အတ္တဟိတ ပရဟိတံ၊ မဂ္ဂါ မဂ္ဂဖလာ ဖလံ၊ သခ်တ အသခ်တ ဓမ္မာဒိနံ၊ လာဘိကာနာတိ၊ ဒဠှာဒိနံ၊ စေတနာတိ ဠံ ဟူသော ဝစနတ္ထနှင့်အညီ ဤယခုဘဝ ပဋိသန္ဓေနေ၍ ဆယ်လစေ့သဖြင့် ဖွားမြင်သည်မှစ၍ စုတိကမ္မဇရုပ် ချုပ်၍ သေသည်တိုင်အောင် သောကာလပတ်လုံးသည် မျက်မှောက်သောကိုယ်၏အဖြစ်သည်။ ပစ္စုပ္ပန် ဘဝမည်၏၊ သံသရာဇဟိုရ်၊ ထိုထိုဘဝတို့၌ ကံပြစ်ချရာကျမှာပို၍ဖြစ်ထိုက်သည့်အားလျော်စွာ ဘဝကြီးငယ် အသွယ်သွယ်တို့၌ ဖြစ်ရခြင်းသည် ။သမ္ဘာရယိက တမလွန်ဘဝမည်၏၊ သည်ကိုရည်၍ (သတ္တဝါသ ဘုံကိုးဝ၌ ပစ်ချကြမ္မ စေတနာကြောင့် သညာစေတ်၊ နာနတ်ထူးခြားအလားလားသည် ငါးပါးဂတိ၊ မှားဘွယ်ရှိ၏၊ )ဟူ၍ မိန့်ဆိုတော်မူသည်။ ဤသို့မိန့်တော်မူအပ်သော လင်္ကာတော်၌ သတ္တဝါသဆိုသည်ကား -သတ္တာအာဝါသ ဟုပုဒ်ဖြတ်၍ (သတ္တာနံ အာဝါသော သတ္တဝါသော) ဟူသော ဝိဂြိုလ်ဆိုပြီး၍ သတ္တဝါသဟု ဝိဘာကျနစ်ခံ၍ ပါဠိတော်အားလျော်စွာပြီးစေ၍ အနက်ပေးသည်ရှိသော်

အတ္တဘောဟုဆိုအပ်သော ကိုယ်ခန္ဓာ ၂၀ါး တို့၏ လောဘ တဏှာ အာရုံ ကာမဂုဏ် ၅ ပါး စသောတရားတို့၌ ဥပါဒါန်လေးပါး စသည်ဖြင့် စွဲလမ်းငြိကပ်တတ်သော သဘောလက္ခဏာရှိသည်၏။ အဖြစ်ကြောင့် သတ္တဝါမည်သော ဝေဏေယျကြာသတ္တဝါအနန္တတို့သည်၊ သတ္တလောကမည်၏။ ထိုသတ္တဝါအနန္တ၏ တည်ရာသုံးဆယ့်တစ်ဘုံတို့ကို သဘောတူရာ သချ်ာတူရာပေါင်း သတ္တဝါတို့၏ တည်ရာ ဩကာသလောကသည် ဘုံကိုးဝမည်၏၊ ထိုသတ္တဝါတို့၏ သဏ္ဍာန်ဝယ် ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ တေဘုမ္မက သင်္ခါရတရား အပေါင်းတို့သည် သင်္ခါရလောကမည်၏။ ထိုလောကသုံးခွင် ဘုံသုံးပြင်သုံးဆယ့်တစ်ဘုံ ဘုံကိုးဝ၌ ကုသိုလ်စေတနာ အကုသိုလ်စေတနာ ကံကြမ္မနှစ်ပါးတို့၏ ပြစ်ချရာဘုံကိုးဝတို့၌ ဧကတ္တကာယ၊ ဧကတ္တသညီ၊ နာနတ္တသညီ စသည်တို့ဖြင့်သတ္တဝါ တို့၏မြင်ရာလားရာကတိအပေါင်းတို့တွင်၊ အပါယ်လေး ဘုံအသညသတ်ဘုံတို့၌ ဖြစ်ရခြင်းသည်၊ ဘုရားစသော သူတော်ကောင်းတို့၏ တရားတော်ကို မကြားနာရခြင်းတို့ကြောင့် မကောင်းသောဂတိ ၅ ပါးဖြစ်၍ ၅ ပါးကတိမှားဘွယ်ရှိ၏ဟုဖြေတော်မူသည်။ ဤသို့ဆိုအပ် ခဲ့ပြီးသည်ကား တရားစကားသင့်၍၊ ဖြေတော်မူလိုက်သည်၊ လိုရင်းပါဠိမဟုတ်သေး ဖြေဆိုလျှင် ပါဠိအဓိပ္ပါယ်ကား ဤသို့မှတ်အပ်၏။ ဤသို့ဆိုအပ်ခဲ့ပြီးသော ပဈ္စုပ္ပန်သံသရာ နှစ်တန်သော ကာလပတ်လုံးအဆုံးဘဝတို့၌ ၊ရထိုက်သော သစ္စတရားလေးပါးတို့ကို ကောင်းစွာသိမြင်တတ်သော မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်တည်းဟူသော၊ လောကုတ္တရာတရားကိုးပါးမည်၏။ ပရိယတ္တိနှင့် တကွ ကောင်းစွာကျင်ပေအပ်ကြဉ်အပ်သော သုစရိုက် ၁၀ ပါး ဒုစရိုက် ၁၀ ပါး ကုသိုလ် ၁၀ ပါးတို့ကို ကျင့်အပ်ကြဉ်အပ် နှစ်ရပ်တရားတို့တွင် သုစရိုက် ၁၀ ပါး၊ ဒုစရိုက် ၁၀ ပါး၊ကုသိုလ် ၁၀ ပါးတရားတို့သည် (ကုသလာ အနဝဇ္ဇာသုခဝိပါကာ) စသောပါဠိတော်နှင့်အညီ ဖြူစင်သန့်ရှင်း အပြစ်မရှိကောင်းသောအကျိုးကိုပေးခြင်းလက္ခဏာနိသတ္တနိဇီဝဖြစ်သောအဘောတရားတို့သည် (အကုသလ ဓမ္မလုန္တိ ဆိန္ဒန္တ တိကုသလာ)ဟူသော ဋီကာဝိဂြိုလ် ဖွင့်ဆိုသည်နှင့်အညီ မဲနက်သော အကုသိုလ် တရားအပေါင်းတို့ကို ကောင်းစွာစွန့်ပစ်ပါယ်ခွာ ဖျက်ဆီးသတ်ပြီး၍ ကုသိုလ်မည်သော သဘောတရား တို့သည် လူနတ်နိဗ္ဗာန်သုံးတန်အမည်ရှိ သမ္ပတ္တိသို့ မချိုထုတ်ချောက် ရောက်ခြင်းအစရှိသော ကောင်းသောအကျိုးပေးတတ်သည်၏အဖြစ်ကြောင့် အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ် တောင့်တအပ်ပွားစေအပ်သောကြောင့် ဘာဝေတဗ္ဗတရားမည်၏၊ ဒုစရိုက်ဆယ်ပါး အကုသိုလ် ဆယ်ပါးတရားဆယ်ပါးတို့သည် ( အကုသလာသာဝဇ္ဇဒုက္ခဝိပါကာ နိဇီဝသဘာဝ) စသော ပါဠိတော်နှင့် အညီအပြစ်နှင့်တကွ အပါယ်လေးပါးသို့လားရအံ့သောအကြောင်းမကောင်းသော အကျိုးကို ပေးခြင်းလက္ခဏာရှိသော နိသတ္တနိဇီဝဖြစ်သော အကုသိုလ်တရားတို့ကို ဝေးစွာကျဉ်ရှောင် ပါယ်ခွာစွန့်ပစ် မနှစ်သက်အပ် အလိုမရှိအပ် မတောင့်တအပ်သော မဟာတဗ္ဗတရားမည်၏၊ ဤသို့လျှင် ပြအပ်ခဲ့ပြီး သောတရားအပေါင်းတို့တွင် မဂ်လာ မဂ်လေ ဟူ၍ ဟောတော်မူအပ်သော တရားနှစ်ပါးတို့၌ သုစရိတမ္မေဖြစ်၍ ကောင်းစွာကျင့်အပ်သော ကုသိုလ်တရားအပေါင်းတို့သည် (ဇိကုစ္ဆိတေ ပါပကေ အကုသလေ ဓမ္မေ လုနန္တိ ဆိန္ဒန္တီတိ မင်္ဂလံ) ဟူသောပါဠိတော်နှင့်အညီ ရွံရှာစက်ဆုတ် ပါယ်ခွာစွန့်ပစ်မနှစ်သက်သော ယုတ်မာညစ်ကျူ

မကောင်းဒုစရိုက် အကုသိုလ်တရား မင်္ဂလာဖြစ်သော ပါပဓမ္မအပေါင်း မကောင်းသောတရားအစတို့ကို ထောင်းထောင်းကျေညက် ပါယ်ဖျက်ခုတ်ထွင် ကုန်စင်အောင် ရိတ်ဖြတ်ပြီး၍ ဖြူစင်သန့်ရှင်းအပြစ်မရှိ လူနတ်နိဗ္ဗာန်သုံးတန် အမည်ရှိ သမ္ပတ္တိတို့မချို့ ထုတ်ချောက်ရောက်ကြောင်း ကောင်းသောအကျိုးကို ပေးတတ်သည်၏ အဖြစ်ကြောင့် မဟာမင်္ဂလာ မည်တော်မူသော သုံးဆယ့်ရှစ်ပါးသော တရားတော်မြတ်အပေါင်းတို့ကို (ယံမင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံ သုသဒေဝကာ၊ သောတ္ထာနံ၊ နာဓိဂစ္ဆန္တိ အဋ္ဌတိံသဉ္စမင်္ဂလံ၊ ဒေသိတံ၊ ဒေဝဒေဝေန သဗ္ဗပါပ ဝိနာသနံ၊ သဗ္ဗလောကဟိတ္တာယမင်္ဂလံ) စသော ပါဠိတော်နှင့်အညီ မြတ်စွာဘုရားသည် ဟောတော်မူလတံ့ဟု တစ်ဆယ့်နှစ်နှစ်ကပင် လူပြည် နတ်ပြည်တို့၌ ထင်ရှားကျော်ဇောသည်ဖြစ်၍ အဘယ်ကိုလျှင် မင်္ဂလာတရားမည်၏ဟု ဟောတော်မူလတ္တံ့ဟု ကြံစည်ကြကုန်သော လူပြည်တင် ဥစ္စာရွှေငွေ ရတနာစည်းစိမ် ချမ်းသာချွေယံ ပရိသတ်မြတ်သော အသုံးအဆောင်ခဲဘွယ် တို့နှင့်ပြည်စုံစွာတူရိယာငါးမျိုးတို့နှင့် ကောင်းစွာတီးမှုတ် လျှက် ပွဲလမ်းသဘင်တို့ဖြင့် ပျော်ပါးမြူးတူးလျှက် လောဘတဏှာတို့၏ အာရုံကာမဂုဏ်ငါးပါးတို့ဖြင့် ပျော်ပါးမြူးတူးလျှက် လောဘတဏှာတို့၏ အာရုံကာမဂုဏ် ငါးပါးတို့ဖြင့် ရွှင်မြူးပျော်ပါးခံစားရ ကုန်သော လူအပေါင်းတို့ကို မင်္ဂလာမည်သည်ဟု ဟောတော်မူလတ္တံ့သည်လော ထိုသို့မဟုတ်မူကား နတ်ပြည်၌ နတ်တို့သည် ဘုံဗိမာန် ပဒေသာပင်- ဥယျာဉ်- ရေကန်အခြွေအရံ ပရိသတ်မြတ်သောအသုံး အဆောင်အပေါင်း ကောင်းမွန်လွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့နှင့် ပြည်စုံစွာစားသောက်၍ တူရိယာမျိုး ငါးပါးတို့ဖြင့် ကောင်းစွာတီးမှုတ်၍ ပွဲသဘင်တို့ဖြင့် ပျော်ရွှင်မြူးတူးလျှက် လောဘတဏှာ၊ အာရုံငါးပါးတို့ဖြင့် မွေ့လျော်ပျော်ပါးစံစား ရကုန်သော နတ်အပေါင်းတို့ကိုလျှင် မင်္ဂလာတရားမည်၏ဟု ဟောတော်မူအပ်သည်လော ဤသို့လျှင် လူနတ်တို့သည် နေ့ညမခြား ထူးထူးထွေထွေ တိုင်ပင် ကြံစည်ကြကုန်သော်လည်း မိမိတို့၏ ဉာဏ်စွမ်းအလျှောက် ဟုတ်မှန်စွာ မင်္ဂလာ တရားတော်ကို ကြံစည်အံ့သောငှာ မတတ်နိုင်ကုန်သည်ဖြစ်၍ (လောကပါလေ န္တိလောကပါလာ) ဟူသော ဝစနတ္တနှင့်အညီ၊ လူတို့ကို အမြဲနိစ္စ စောင့်ရှောက်တတ်သော စတုလောကပါလ နတ်သားလေးယောက်တို့သည်။ ။( ဒေဝါနံ မိန္ဒော- ဒေဝိန္ဒော) ဟူသောဝစနတ္တနှင့်အညီ နတ်အပေါင်းတို့ကို အစိုးရသော သိကြားမင်းကြီး၏ အထံသို့သွား၍ မေးလျှောက်ကုန်သော်လည်း သိကြားမင်းသည် မိမိ၏ဉာဏ်စွမ်းအလျှောက် မင်္ဂလာတရားတော်ကို ကြံစည်အံ့သောငှာ မတတ်နိုင်သည်ဖြစ်၍ မထင်ရှားသော နတ်သား၏ အသွင်သဏ္ဌာန်ဖန်ဆင်း၍ (သဗ္ဗ ဣစ္ဆတိ သမိဇ္ဈန္တိ သာဝတ္တိ) ဟူသောပါဠိတော်နှင့်အညီ ခပ်သိမ်းသော အလိုဆန္ဒတို့ကို ကောင်းစွာပြည့်စုံစေတတ်သော သတ္တိအရကြောင့် ကောသလတိုင်း သာဝတ္ထိပြည်ကြီး၌ ( သဗ္ဗပိဏ္ဍာ ပါသက္ကစ္စိတံ အနာထာနံ သမိစ္ဆိတေန အနာတပဏ္ဍာ) ဟူသော ပါဠိတော်နှင့်အညီ ခပ်သိမ်းသောထမင်းခဲဘွယ် ဘောဇဉ်တို့ကို အလိုရှိကုန်သော သူတို့ကား ကောင်းစွာပေး၍ ထိုသူတို့၏ကိုးကွယ်ရာအစစ်ဖြစ်၍ အနာထပိဏ်အမည်ရှိသော သူဌေးကြီးသည် ငွေအသပြာတစ်ဆယ့် ရှစ်ကုဋေတို့ဖြင့် ပေးဝယ်၍ သဒ္ဓါကြည်ဖြူဆောက်လှူအပ်သော ဇေတဝန်မြည်ဟီး ကျောင်းတော်ကြီး၌ ဣရိယာလေးပိုက် နှစ်မြိုက်မွေ့လျော် သီတင်းသုံးနေတော်မူသောအခါ၌ (အသတြာယ ဒေဝတာတိ၊ သတ္ထော

**ဓေဝရာဇာ)** ဟူသောမဟာမင်္ဂလသုတ် ဋီကာ ပါဠိတော်နှင့်အညီ အမျိုးအမည်အားဖြင့် မထင်ရှားသောနတ်သား၏အမည်အသွင်အဟန် ဖန်ဆင်းအပ်သောသိကြားမင်းသည် ညဉ့်အခါ၌ လာလတ်၍(ဒုရေနံ့ စွာသန)စသော ပါဠိတော်နှင့်အညီ၊ **တူရွှေနောက်ဖြင့် မောက်လေညာ၊ နီးစွာဝေးလွန်းမစွန်း ခြောက်ပစ် သင့်တင့် လျော်လျော် ကန်လျောက်ပတ်ရာအရပ်၌** နေပြီးသောမြတ်စွာဘုရားကို ထိုနတ်သားသည်မိမိ၏ယုံမှားသံသယ၊ နှစ်လုံးနှစ်ခွဒွိဟာမကင်း မရှင်းမလင်းသည်ဖြစ်၍ အဘယ်ကိုလျှင် မင်္ဂလာတရားတော်မည်၏ဟု မုချ ဆတ်ဆတ်၊ အတတ်သိလိုသောကြောင့် ဗဟုဒေဝါအစရှိသော ဂါထာတို့ဖြင့် နားတော်လျှောက်ပေ၏။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား ဖြူစင်သန့်ရှင်း ဘေးမျိုးကင်းရာ၊ ချမ်းသာအမှန် ပြည်နိဗ္ဗာန်ကို အလိုရှိကုန်သည်ဖြစ်၍ စိုးရိမ်ကြောင့်ကြ ဗျာပါရရှိကြကုန်သည်ဖြစ်၍ ထိုလူနတ်အပေါင်းတို့အား သနားတော်မူသည်ကို အကြောင်းပြုတော်မူ၍ မင်္ဂလာတရားတော်ကို အရှင်ဘုရားသည် ဟောတော်မူပါလော့ ဤသို့နတ်သားတောင်းပန်ခြင်းကို အကြောင်းပြုတော်မူ၍၊ **(အသေဝနာစ ဗာလာနံ အစအသောတံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ)** အဆုံးရှိသော သုံးဆယ့်ရှစ်ဖြာသောမင်္ဂလာတရားတော်ကို ဟောတော်မူသည်ဤသို့ဟောတော်မူအပ်သော သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတော်အစဉ်အဓိပ္ပါယ်ကို သိကုန်သော သူတော်ကောင်းအပေါင်းတို့သည် တစ်နေ့တည်း၌ပင် သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတော်ကို ဆောက်တည်မိဟန်ကို ဤသို့မင်္ဂလာအစဉ်အဓိပ္ပါယ်ကိုပြ၍ ဟောတော်မူသည် ထိုသို့ဟောတော်မူအပ်သော မင်္ဂလာတရားတော်၏ အဓိပ္ပါယ်ကား အကြင်သူသည် ဥပုဒ်နေ့၌ ရတနာသုံးပါးထံသို့ ဆည်းကပ်ခြင်းသည် သူယုတ်ကို ကြဉ်ရာရောက်သောကြောင့်၊ **အသေဝန မင်္ဂလာ**မည်၏။ သူတော်ကောင်းသို့ ဆည်းကပ်မိသောကြောင့်၊ **ပဏ္ဍိတသေဝန**မင်္ဂလာမည်၏။ ရတနာသုံးပါးတို့အား ပူဇော်ခြင်းသည် **ပူဇာစ**မင်္ဂလာမည်၏။ ရတနာသုံးပါးရှိရာ အရပ်ကိုရခြင်းသည် **ပဋိရူပဒေသ**မင်္ဂလာမည်၏။ ကောင်းမှုရှိခြင်းကြောင့် လူအဖြစ်ကို ရခြင်းသည်၊ **ပုဗ္ဗေကတပုညတာ**မင်္ဂလာမည်၏။ ကိုယ့်စိတ်ကို ခြိုးခြံ၍ စောင့်ရှောက်ခြင်းသည်**အတ္တသမ္မာပဏိဓိ** မင်္ဂလာမည်၏။ အကြားအမြင်ကို ဆည်းပူးခြင်းသည် **ဗာဟုသစ္စ**မင်္ဂလာမည်၏။ သူတော်ကောင်းတို့ လေ့လာအပ်သောတရားတို့ကို ဆောင်ရွက်မှတ်သားခြင်းသည်၊ **သိပ္ပ**မင်္ဂလာမည်၏။ အကုသိုလ် တရားတို့၌ မစွန်းမညိစေမူ၍ ကိုယ်နှုတ်နှလုံး သုံးပါးလုံးတို့ကို ဆုံးမခြင်းသည် **ဝိနယသုသိက္ခိတ** မင်္ဂလာမည်၏။ ထိုတရားတို့ကိုစောင့်သောနေ့၌ သူတော်ကောင်းတို့ဆိုအပ်သော စကားကိုဆိုခြင်းသည်၊ **သုဘာသိတ**မင်္ဂလာမည်၏။ ထိုနေ့၌ အမိအဘတို့အား အရိုအသေပြု၍ လုပ်ကျွေးခြင်းသည်၊ **မာတာပိတုဥပဋ္ဌာန** မင်္ဂလာမည်၏။ သားမယားတို့အား တရားနှင့်အညီပဲ့ပြင်ဆုံးမခြင်း၊ သူတော်ကောင်းတရားကို လေ့ကျက်စေခြင်းသည် **ပုတ္တဒါရသင်္ဂဟ**မင်္ဂလာမည်၏။ ထိုဥပုဒ်စောင့်သော နေ့၌ အကုသိုလ်နှင့်စပ်သောအမှုကို မပြု ကုသိုလ်နှင့်စပ်သောအမှုကိုသာပြုခြင်းသည် **အနာကုလ**မင်္ဂလာ မည်၏။

အလှူပေးခြင်းသည်ကား၊ **ဒါန**မင်္ဂလာ မည်၏။ တရားကို ကျင့်ဆောင်တည်ခြင်းသည်၊ **ဓမ္မစရိယ**မင်္ဂလာမည်၏။ဆွေညာတကာတို့အား တရားနှင့်အညီ ပြောဟောသင်ကြားပေးကမ်းခြင်းသည်

**ဉာတိသင်္ဂဟမင်္ဂလာ** မည်၏။ အသက်မွေးမှုကိုထောက်၍ မူသာဝါဒအစရှိသောအဖြစ်တို့နှင့် မရောစေမူ၍ တရားနှင့်အညီရောင်းဝယ်ခြင်းသည်၊ **အနာဝဇ္ဇမင်္ဂလာ**မည်၏။ ပဥ္စသီလကို လွန်ကြူးအပ်သော ဝတ္ထုရောက်မှ ကြဉ်ခြင်းသည် **အာရတိမင်္ဂလာ** မည်၏။ ဝတ္ထုမရောက်မှီအဓိဋ္ဌာန်ပြု၍ စောင့်ရှောက်ခြင်းသည် **ဝိရတိမင်္ဂလာ**မည်၏။ သုရာမေယစသော ယစ်မျိုးကိုရှောင်ခြင်းသည် **သံယမမင်္ဂလာ**မည်၏။ ကုသိုလ်ကမ္မပထတရား၌ မမေ့လျော့ခြင်းသည် **အပ္ပမာဒမင်္ဂလာ** မည်၏။ရတနာသုံးပါးစသော အသက်ကြီးသောသူတို့အား အရိုအသေပြုခြင်းသည် **ဂါရဝမင်္ဂလာ**မည်၏၊ ထိုရတနာသုံးပါး သူကြီးမိဘတို့အားနေခြင်းသွားခြင်းတို့၌ နှိမ့်ချခြင်းသည် **နိဝါတမင်္ဂလာ**မည်၏၊ ထိုဥပုသ်စောင့်သောနေ့၌ဝတ်ခြင်း၊ စားခြင်း၊ ပလွားခြင်းမရှိ ရောင့်ရဲခြင်းသည်၊ **သံတုဋ္ဌိမင်္ဂလာ** မည်၏။ ကျေးဇူးရှိပေသောသူတို့အား ကျေးဇူးတုံ့ကိုအောက်မေ့ခြင်းသည် **ကတညုမင်္ဂလာ** မည်၏။

တရားနာခြင်းသည် **ဓမ္မသဝနမင်္ဂလာ** မည်၏၊ သူတစ်ပါးတို့အား ရန်ညိုးထား၍ နှိပ်စက်သော်လည်း နိုင်လောက်လျက်ရန်တုံ့မပြုမူ၍ သည်းခံခြင်းသည် **ခန္တီမင်္ဂလာ** မည်၏။ သူတော်ကောင်းစကားကို နားလည်လွယ်ခြင်းသည် **သောဝစ္စမင်္ဂလာ** မည်၏။ ရဟန်းသံဃာတော်တို့အား ဖူးမြော်ခြင်းသည်လည်း**သမဏာဒဿနမင်္ဂလာ**မည်၏။လျောက်ပတ် သောတရား စကားပြောဆိုခြင်းသည် **ဓမ္မသာကစ္ဆာမင်္ဂလာ**မည်၏။ဘုရားတရားကိုနှလုံးသွင်း၍ မြတ်သောအကျင့် ကိုကျင့်ခြင်းသည် **ဗြဟ္မစရိယ မင်္ဂလာ**မည်၏။ သစ္စာတရားကို နှလုံးသွင်း၍ ရှုခြင်းသည်**အရိယဒဿန မင်္ဂလာ**မည်၏။အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ကျင့်ခြင်းသည်၊ **သစ္ဆိကိရိယ မင်္ဂလာ**မည်၏။လောဘ၊ ဒေါသ၊ မောဟ၊ အာရုံတက်စွန်းခြင်းသည် မရှိ မတုန်မလှုပ်ခြင်းသည် **နကမ္ပတိမင်္ဂလာ** မည်၏။ စည်းစိမ်ဥစ္စာ သား မယားတို့၌ စိုးရိမ်ခြင်းမရှိခြင်းသည် **အသောက မင်္ဂလာ** မည်၏၊ ကာမရာဂအစရှိသည်တို့၌ တတ်စွမ်းခြင်းမရှိခြင်းသည် **ဝိရဇံမင်္ဂလာ** မည်၏။ ထိုဥပုသ်နေ့၌ တဏှာတည်းဟူသော လေးမှကင်းခြင်းသည် **ခေမမင်္ဂလာ** မည်၏။ ဤသို့ သုံးဆယ့်ရှစ်ပါးသောမင်္ဂလာတရားတော်ကို ဥပုသ်ဆောက်တည်သောနေ့ပင် ပြည့်စုံ၏ဟု ဟောတော်မူ၏။ ထို့ကြောင့် ဥပုသ်ဆောက်တည်ခြင်း အလှူပေးခြင်းတို့၌ မသိသောသူသည် တစ်ပါးသော အကျိုးရမည်မှတ်ထင်ကုန်သည်။

သူတော်ကောင်းတို့၏ တရားအနေစသည်တို့ကိုသိသောသူသာလျှင် ယနေ့ ဤမျှလောက် သော မင်္ဂလာတရားတော်ကို ကျင့်မိ၏ဟု သင်နှလုံးသွင်းထားကုန်ရာသည်။ သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတော်မြတ်အဓိပ္ပါယ်အစဉ်ကိုပြပြီး၍ သူတော်ကောင်းသည် ကျင့်အပ်ပြသောစရိတပ္ပ ဖြစ်သော ပါရမီဆယ်ပါးအဓိပ္ပါယ်အစဉ်ကိုဆိုပေအံ့။ ဒါနပါရမီ၊ သီလပါရမီ၊ နက္ခမပါရမီ၊ ပညာပါရမီ၊ ဝိရိယ ပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ ခန္တီပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ ဤဆယ်ပါးတည်း အယုတ်၊ အမြတ်အားဖြင့် သုံးဆယ်အပြားရှိ၏။ ထိုပါရမီဆယ်ပါးတို့တွင် အလှူပေးခြင်းသည်ကား **ဒါနပါရမီ** မည်၏။ သီလဆောက်တည်ခြင်းသည်ကား **သီလပါရမီ** မည်၏။ ထို့နေ့ကား ကာမရာဂတည်းဟူသော ဘေးမှ ထွက်မြောက်သည်။ **နိက္ခမပါရမီ** မည်၏။ တရားစကားကို ဆွေးနွေးပြောဆို၍ပညာကို ဆည်းပူးခြင်း၊

ပညာကိုသူတစ်ပါးအား ဖြန့်ချိခြင်းသည် ပညာပါရမီ ကို ဖြည့်ရသည်မည်၏။ သူကောင်းတို့၏စကားကိုမမေ့မလျော့အားထုတ်ခြင်းသည် ဝီရိယပါရမီ ကိုဖြည့်ရသည်မည်၏၊ သီလမဆောက်တည်မီကြိုမှ လောက်သောကျင့်ဝတ်တရားကို ဆောက်တည်အံ့ ဟုသစ္စာပြုဆောက်တည် ခြင်းသည်၊ သစ္စာပါရမီကို ဆောက်တည်ရာသည်မည်၏။ ဆောက်တည်ပြီးသော ကျင့်ဝတ်သီလတို့ကို မဖေါက်မပြန်စေအံ့ ဟုအဓိဋ္ဌာန်စောင့်ရှောက်ခြင်းသည်။ အဓိဋ္ဌာန်ပါရမီ ကို ဆောက်တည်ရသည် မည်၏။ သူတစ်ပါးတို့ ရန်ညိုးထား၍ နှောက်ယှက်လာသော် နိုင်လောက်လျှက် သည်းခံခြင်းသည် ခန္တီပါရမီကို ဖြည့်ရသည်မည်၏။ ငါတို့ပြုအပ်ဆောက်တည်အပ်သော ကောင်းမှုကြောင့် သတ္တဝါ အပေါင်းတို့ ရန်မရှိ ချမ်းသာစေသော ဟူသမျှသောစိတ်တွင်မေတ္တာပြုခြင်းသည်မေတ္တာပါရမီ ကို ဖြည့်ရသည်မည်၏။ သူကဲ့ရဲ့သည်ကိုလည်း ဝမ်းမနည်း သူချီးမွမ်းသည်ကိုလည်း ဝမ်းမမြောက်၊ လစ်လျူရှု၍နေခြင်းသည် ဥပေက္ခာပါရမီကို ဖြည့်ရသည် မည်၏။ ဤသို့လျှင် ဥပုဒ်ဆောက်တည်သောနေ့ပင်လျှင် ပါရမီဆယ်ပါးကို ဖြည့်အောင် အသင်နှစ်လုံးသွင်း၍လားကုန်ရာသည်။

ဤသို့လျှင် မဂ်လာ၊ အမင်္ဂလာ သေဝိတဗ္ဗစရိတဗ္ဗအစရိတဗ္ဗအစရှိသော တရားအစဉ်တို့ကို ပြပြီး၍ လောကဓံရှစ်ပါးနှင့်တကွ နှစ်ဆယ့်လေးပါးသော ပြဿနာအစုအစဉ်ကို ပြပေအံ့၊ လာဘောအလာဘောစသော ပါဠိတော်နှင့်အညီ လပ်ရသည်၊ လပ်ရသည် လပ်မရသည် အခြွေအရံများသည် အခြွေအရံနည်းသည်။ ချီးမွမ်းခံရသည်။ ကဲ့ရဲ့ခံရသည်။ ချမ်းသာသည် ဆင်းရဲသည်အားဖြင့် လောကဓံတရား ရှစ်ပါး (အပါယုဂ အယုကဝဏ္ဏ၊ အပဏ္ဏာဒိကံ) စသော ပါဠိတော်နှင့်အညီ အသက်ရှည်သည်၊ အသက်တိုသည်၊ အဆင်းလှသည်၊ အဆင်းမလှသည်၊ ပညာရှိသည်။ ပညာမဲ့သည်၊ အနာရောဂါများသည်၊ အနာရောဂါကင်းသည်၊ မည်းဝသည်၊ ဖြူသည် ဆူသည်၊ ကြုံသည်၊ နိမ့်သည်၊ မြင့်သည်၊ ယုတ်သည်၊ မြတ်သည်အားဖြင့် နှစ်ဆယ့်လေးပါးအပြားရှိ၏။ ဤနှစ်ဆယ့်လေးပါးသော ပြဿနာအစုတို့ကို အဘယ်သူသည်လျှင် ပြုပြင်သည်ဟု မသိမမြင် မထင်နိုင်သည်ဖြစ်၍၊ တောဒေယျပုဏ္ဏားဏ် သားသုဘလုလင်သည်၊ ဘုရားရှင်အားပေးလျှောက်ကြားသော် ဘုရားသခင်သည် ဤသို့မိန့်တော်မူသည် (ကမ္မကသတာ-မာဏဝကမ္မဗန္ဓုကမ္မံဝါကရိ သတ္တေတေသံဒါယာဘရိသတ္တိ)ဟူ၍ အကျဉ်းအမြွတ်မျှပြ၍ ထိုတောဒေယျပုဏ္ဏားဏ်သား သုဘလုလင် သည်၊ ဘုရားရှင်အား ပေးလျှောက်ကြားသော် ဘုရားသခင်သည် ဤသို့မိန့်တော်မူသည် (ကမ္မသကာ-မာဏဝကမ္မဗန္ဓုကမ္မံဝါကရိသတ္တိတေသံဒါယာဘရိသတ္တိ)ဟူ၍ အကျဉ်းအမြွတ်မျှပြ၍ ထိုတောဒေယျ ပုဏ္ဏားသားသုဘလုလင် အမေးပြဿနာ နှစ်ဆယ့်လေးပါးအဆုံး၌ လောကဓံတရားကိုဖြေ၍ ဟောတော်မူအပ်သော အကျင့်အဓိပ္ပါယ်အား အချင်း သုဘလုလင်၊ ဤလောကဓံ တရားဓမ္မတရား သတ္တဝါအပေါင်းတို့၏သန္တာန်၌နှစ်ဆယ့်လေးဝါးသော အချင်းအရာအကြောင်း အကျိုးတို့ကိုကံသာလျှင် အမွေခံ၊ အကြောင်းအကျိုးဖြစ်ကုန်၏။ ကံသာလျှင် အဆွေမျိုးမည်ကုန်၏။ ကံသာလျှင် မှီခို ပုန်းအောင်းရာဖြစ်၏။ ကံသာလျှင် သတ္တဝါအပေါင်းတို့ကို ဝေဖန်ကုန်၏။ အကြင်သူတို့သည်။ ကုသိုလ်ကံ- အကုသိုလ်ကံနှစ်ပါးတို့ကို ပြုကုန်၏။ ထိုသူတို့သည် ထိုကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးတို့၏ အမွေခံအဖြစ်ဖြင့်

ချမ်းသာ-ဆင်းရဲ စသောနှစ်ပါးသော အကျိုးတရားအစုံနှစ်ဆယ့်လေးပါး၊ အချင်းအရာ၊ လက္ခဏာနှင့်တကွ အကျိုးထူးတို့ကို တစ်ကြောင်းအားလျော်စွာခံစားရလေသည်ဟု အကျဉ်းအမွတ် အနက် အဓိပ္ပါယ်ကို အလိုရှိမူကား သုဘလုလင်ဗျောက်ထုံးသုတ္တန်ဒေသနာတော်၌ယူလေ၊ ဤသို့အစရှိသည်ဖြင့် အကြောင်းဟုတ်သည် မဟုတ်သည် အကျိုးရှိသည် မရှိသည် မိမိစီးပွား သူတစ်ပါး စီးပွားမဂ်လေးတန်၊ ဖိုလ်လေးတန်၊ ပြုပြင်တတ်သောတရား ပြုပြင်ခြင်းကင်းသောတရားရှိသော နှစ်ပါးအစုံစုံတရားအစုတို့ကို မြဲမြံစွာသိခြင်းအစရှိသော အချင်းအရာလက္ခဏာတို့ကို ကောင်းစွာပြဋ္ဌန်းရာ ဖြစ်သော ပိဋကတ်သုံးပုံတို့၌ ပါသော၊ လာသောဥဒဟရုဏ်၊ ပုံပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအနုမဋ္ဌ လက်သန်းဆန်းအလင်္ကာ ဂဏ္ဌိစသော များစွာသော ကျမ်းတို့၌ ရှေးဦးစွာ အနက်အဓိပ္ပါယ်အကျယ် တို့ကိုတင့်တယ်ပြောင်ရွှန်းထွန်းတောက်ပသဖြင့် ကောင်းစွာပြတတ်သော သတ္တိအရကြောင့် ဋ ကြီးမည်၏။

အကာရေပဋိသေဒ္ဓေ အစရိတေ အညတ္တေ၊ ဓမ္မေဒသေဝိရုဒ္ဓေဂရ ပေဟသူညေ အနာဒရေ ဂရုဟာပွကေအကုသလေ ဓမ္မေသဘာဝါဒိန် ဓေတေနာတိအံ။ ဟူသော ပါဠိတော်နှင့်အညီ(အ) အက္ခရာသည်၊ ကြင်ခြင်းမြင်ခြင်း အနက်တစ်ပါးသော အဖို့အားဖြင့် ဆန့်ကျင်သည်ဖြစ်၍ သဘောမတူ သောအနက်၊ ကဲ့ရဲ့ခြင်း၊ မဆိတ်ခြင်း မရိုသေခြင်း၊ ကဲ့ရဲ့ခြင်းမှ ဖြစ်ခြင်းသဘော တရားမဟုတ်သည်ဖြစ်၍ မြင်ခြင်း ယုတ်မာညစ်ကျုးမကောင်းမှုအတို့ သဘောတရားအစရှိသည်တို့ကို ပြဋ္ဌန်းရာဖြစ်သော ပိဋကတ်သုံးပုံ၌ ပါသော လာသော ဥဒါဟရုဏ်ပုံပါဠိတော်- အဋ္ဌကထာဋီကာ အနုမဋ္ဌ လက်လက်သန်း၊ ဆန်းအလင်္ကာဂဏ္ဌိ စသောများစွာသော ကျမ်းတို့၌ဖြစ်ခြင်းအစရှိသော တြိယာအနက် အဓိပ္ပါယ်အကျယ်တို့ကို ရှေးဦးစွာတင့်တယ်ပြောင်ရွှန်းထွန်းတောက်ပသဖြင့်ကောင်းစွာပြတတ်သော သတ္တိအရကြောင့် -အ- မည်၏။

ယနေ့အဘိုးရာသရရှစ်လုံးဗျည်း ၃၃လုံးတို့၏အနက်အဓိပ္ပါယ်များ အကျယ်ဟောကြား ပြီးဆုံးသော နေ့မြတ်ကြီး ဖြစ်ပါတယ်။ ဒီလိုအက္ခရာတို့၏ သဘောတရားများကို ဘယ်တရားပွဲများမှ ဟောရသည်မရှိခဲ့ပါ၊ ယခုမှာ အက္ခရာတို့၏ အနက်အဓိပ္ပါယ်များကို သိလိုလှသောကြောင့် အမိန့်ရှိကြ သဖြင့် ဘုရားတပည့်တော်က သံဃနန္ဒိမထေရ်စီရင်တော်မူသော သင်းပုံးကြီးဋီကာကျမ်းလာအတိုင်း ဟောကြားရခြင်းဖြစ်ပါတယ်၊ဒီသင်ပုံးကြီး ဋီကာကို ကျော်အောင်စံထားဆရာတော်များက ကလေးသူငယ် ရှင်သာမဏေများ စာကြီးပေကြီးမသင်ကြား နိုင်ကြပဲ လူထွက်သွားကြပါလျှင် ပိဋကတ်အရာမှာ အခြေခံရရှိစေဘို့ စေတနာထားပြီး သင်ပေးတော်မူကြခြင်း ဖြစ်ပါတယ်။

အဓိပ္ပါယ်အနှစ်သာရရှိလှသောအက္ခရာများကို လေးစားစွာ မှတ်သားလေ့လာနိုင်ကြပြီး အင်းဘက်၊ စမဘက်၊ ပိဋကတ်ဘက်တို့ကို အသုံးချတော်မူနိုင်ကြ၍ မိမိတို့ အလိုဆန္ဒအားလျော်စွာ ပြည့်စုံပါစေဆိုတာ ပဋ္ဌနာအာသီသပြု၍ နိဂုံးချုပ်လိုက်ရပါသည်။ အရှင်မြတ်တို့- ဘိုးတော်ဘုရား။

သာဓု- သာဓု- သာဓု အဟောဝတ၊ ဩ-အံ့ဖွယ်ရှိပေစွဟု ပြိုင်တူထောပနာပြုကြပြီး မဟာမြိုင်ဆရာတော်ဘုရားကြီးက ဘိုးဘိုးအောင်ကို တပေါင်းလပြည့် မဟာမြိုင် အစည်းအဝေးကြီးမှာ ဤသင်ပုံးကြီး ဋီကာကျမ်းကို တင်သွင်းပြီး ကျောက်စာရေးရန် ဗားမဲ့ကို တာဝန်ပေးအပ်ရမည်၊ ဒီတာဝန်ကို

ဒကာအောင်က တာဝန်ယူပါ၊ မှန်လှပါဘုရား၊ ကိုင်း ကိုင်း နေတော်တော်ဆောင်းသွားပြီ ပြန်ကြအုံးစို့-

ကျော်အောင်စံထား ဆရာတော်လေး တပည့်တော်တို့၊ ပြန်လိုက်ပါအုံးမယ်ဘုရား၊ ကျေးဇူးကြီးလှပါတယ်ဘုရား၊ သာဓုပါ- သာဓုပါဟု နှုတ်ဆက်ကြပြီး ပြန်သွားကြ၏။ ကျွန်ုပ်လည်း နေ့ ၁ ချက်ကစပြီး ဟောရာ ညနေ သုံးနာရီခွဲမှ ပြီးသဖြင့် ပုဂ္ဂိုလ်များ ပြန်ကြသွားလျှင်သွားခြင်း ပုတီးဆက်စိပ်တော့၏၊ ည ၁၂ နာရီထိုးလျှင် ၅၄ ပတ်ရ၍ နား၏။ ထိုနေ့ပုတီးပါတ်များပေါင်းလိုက်သော ၁၀၈ ပတ်ရ၏။ ခေတ္တအိပ်၏၊ ၁၃၁၆-ခု တပေါင်းလဆန်း (၉)ရက် ဗုဒ္ဓဟူးနေ့နံနက် (၁)ချက်ခွဲ အချိန်ထပြီး ပရိက်ယူ၍ ပုတီးအဓိဋ္ဌာန်စိပ်၏ ဘိုးဘိုးအောင်က ကျွန်ုပ်ထတော့ကြည့်လိုက်လျှင် ပုတီးစိပ်နေတုံးဖြစ်သည်၊ မလှုပ်မယှက်နှင့် စိပ်နေတာတွေ့ရတော့ ကျွန်ုပ်ကအလွန်ကြည်ညိုလေးစား၏။ ကျွန်ုပ်လဲ ၁ ချက်ခွဲကစပြီးစိပ်၏၊ နံနက် ၆ နာရီမှနား၍ မေတ္တာပို့အမျှဝေ၏။ ပုတီးပါတ် ၃၀ ရ၏။ စိန္တာမုနိမန္တာန် တော်ရွတ်ပြီးဆက်စိပ်၏၊ ၇ နာရီခွဲမှာ စိပ်နေ၏၊ နံနက် ၁၁ နာရီခွဲထိ ပုတီးပါတ် ၂၄ ပါတ်ရ၏၊ နံနက် က ၃၀ နှင့်ပေါင်းသော် ၅၄ ပတ်ရ၏၊ သပိတ်ထဲမှာ ဩဇာသီး ၃ လုံး၊ မာလကာသီး ၃ လုံး ယူစားပြီး ထိုနေ့အဖို့ အဟာရကိစ္စပြီး၏၊ ဘိုးဘိုးအောင်ကိုကြည့်လိုက်သောအခါ ပုရပိုက်နှင့် စာရေးနေတာတွေ့ရ၏။ ကျွန်ုပ်လည်းရေချိုးပြီးလျှင် ပြန်လာ၏။ ဘိုးဘိုးအောင်က စာရေးနေတုံးပင် ကျွန်ုပ်က အလောင်းတော်ကဿပကြီးကို ဝတ်ချပြီး၊ ဘုရားကန်တော့၏။ ဂါထာမန္တာန်၊ ပရိတ်များရွတ်၏၊ ပြီးလျှင် ပဋ္ဌာနပြု၏၊ (ဘုရားတပည့်တော်သည် ဤအလောင်းတော်ကဿပဂူထဲတွင် သုဂတော (၅)ချက် အပါတ် ၉၀၀၀ စိပ်ရန် အဓိဋ္ဌာန်ပြုခဲ့ပါသည်။ ထိုအဓိဋ္ဌာန် (၉၀၀၀)ပြည့် မြောက်ခဲ့သဖြင့် အောင်မြင်ခဲ့ပါသည်၊ ယနေ့အဖို့ရာ ပုတီးပါတ်ပေါင်း (၁၀၀၀၀)ကျော်ရပြီးဖြစ်ခဲ့ပါသည်ဘုရား ထို့ကြောင့် အပိုနှင့်တကွ အထူးအောင်မြင်ခဲ့သော နေ့မြတ်ကြီးဖြစ်ခဲ့ပါသည်။ ဘုရားတပည့်တော်သည် ပုတီးပါတ် အဓိဋ္ဌာန်တော့ပြည့်၍ အပိုနှင့်တကွ အောင်မြင်ပါသည်၊ဘုရား ရက်အဓိဋ္ဌာန်သာလိုပါတော့ သည်ဘုရား၊ ရက်အဓိဋ္ဌာန်မှာ ယနေ့ သုံးဆယ့်ရှစ်ရက် ပြည့်သောနေ့ဖြစ်ပါသည်ဘုရား၊ ရက်အဓိဋ္ဌာန်ကား တပေါင်းလပြည့်ကျော်တစ်ရက်နေ့ ပြည့်ပါမည်ဘုရား။ ထို့ကြောင့် ဘုရားတပည့်တော်သည် ဤနေရာတွင် တပေါင်းလပြည့်ကျော် ၁ ရက် တိုင်အောင်နေ၍ တပေါင်းလပြည့်ကျော် ၂ ရက်နေ့မှ ပြန်ခွင့်ပြုတော်မူပါဘုရား၊ ရှေ့ဆက်၍ ကျန်ရက်များကို (တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်ကြီးကို ရည်စူး၍ တစ်နေ့လျှင် တစ်ရာ့ရှစ်ပါတ်ပြည့်အောင် စိပ်ပါမည်ဘုရား၊ အဓိဋ္ဌာန်ပြုပါ၏။ မြတ်စွာဘုရား ဤအဓိဋ္ဌာန်များ အောင်မြင်ပါက (ပြောသမျှဟုတ် လုပ်သမျှမှန်ကန်၊ ကြံသမျှအောင်မြင်ပြီး သိဒ္ဓိရှင်ဖြစ်သည် ထက်ဖြစ်မြောက်၍ ဘုရားသာသနာတော်မြတ်ကြီးကို ပြုစုနိုင်သည့်ကိုယ်၊ စောင့်ရှောက်နိုင်သည့်ကိုယ်၊ ပေးကမ်းချီးမြှင့်လှူဒါန်းနိုင်သည့်ကိုယ် ဖြစ်၍ ဘောဓိသူမြတ်ကြီးနှင့် ပြည့်စုံရပါလို၏ အရှင်မြတ်ဘုရား) ဟု ဆိုပြီး ဝတ်ချလိုက်သည်နှင့် တပြိုင်နက် ဘိုးဘိုးအောင် သာဓုခေါ်ပြီး တစ်ဘောလုံး၊ တစ်တောင်လုံးရှိ သတ္တဝါများတို့သည်လည်းကောင်း၊ နတ်တို့သည် လည်းကောင်း၊ ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ သာဓုအနုမောဒနာပြုသော ခေါ်သံများသည်၊ ပဲ့တင်ထပ် သွားလေသည်၊ ကျွန်ုပ်လည်း ကြက်သည်း မွေးညင်းများ ထသွားလေသည်။

ထို့နောက် ကျွန်ုပ်သည် အမျှဝေ၏။ မေတ္တာပို့ မေတ္တာခံယူလိုက်၏။ ပြီးလျှင် ဘိုးဘိုးအောင်က ကိုယ်တော်လေး တစ်နေ့တစ်ရာ့ရှစ်ပါတ်ဆိုတော့ အချိန်ရသွားတာပေါ့၊ တပည့်လုပ်ငန်း ကိုလည်း၊ အထောက်အပင့်ပြုပါအုံး၊ ကောင်းလှပါပြီ ဘိုးဘိုးဘာလုပ်ပေးရမည်ဆိုတာသာ မိန့်ပါ။

တပေါင်းလပြည့်နေ့ မဟာမြိုင်အစည်းအဝေးပွဲကြီးအတွက် အစီအစဉ်များ ပြုလုပ်ရမယ်။

၁။ ပဌမအချက်က သာသနာတည်တံ့ခိုင်မြဲရေး၊ အခြေခံတရားများ။

၂။ ဒုတိယအချက်က သာသနာ ထွန်းလင်း၍ စည်ပင်ပြန့်ပွားရေးတရားများ။

၃။ တတိယအချက်က သာသနာတော်၏ ဘေးရန်အန္တရာယ်များ ရှင်းလင်းစေရန် သဘောတရားများ ဒီ ၃ ချက်ကို အသေးစိပ် ကျယ်ကျယ်ပြန့်ပြန့် မဟာမြိုင် အစည်းအဝေးသဘင်မှာ ဟောပြရန်လိုပါတယ်၊ ဟောပြောဆွေးနွေးကြတာကို အတည်ပြုကြပြီး ကိုယ့်တာဝန်နှင့်ကိုယ် ထမ်းဆောင်ကြရန်၊ ပုဂ္ဂိုလ်ရွေးချယ်ရန်ပါပဲ ကိုယ်တော်လေး။

ကောင်းပါပြီး ဘိုးဘိုး သိလိုတာမေးပါ။ ဒေသနာတော်အတိုင်းပြောကြားပါမယ်၊ သာဓု ကိုယ်တော်လေး သာဓု-သာဓု။

ကိုယ်တော်လေးက ဗေဒင်ဘက်မှာလဲ သင်ကြားဘူးခဲ့ပါသလား၊ သင်ဘူးခဲ့ပါတယ် ဘိုးဘိုး ဘယ်လောက်ထိ သင်ခဲ့ဘူးပါသလဲ-အာယုစန်းတွက်နည်းထိအောင်သင်ခဲ့ပါတယ်။ ပဌမဦးစွာ သင်ရတာက မဟာရွှေမြစ်ပါတယ်၊ ဒုတိယမှာတော့ ဒိဋ္ဌနှင့် ကာလာကြီးရှိကာဆရာ ဘုရားကသင်ပေး ပါတယ်၊ ဂြိုဟ်လက်ာတို့ အာသန္နတ္တရလက်ာများလဲ ကျက်မှတ်ခိုင်းပါတယ်။

ကိုယ်တော်လေး ဆရာက ကျော်အောင်စံထားဆဋ္ဌမမြောက်ဆရာတော်ပေါ့နော်။ ဟုတ်ပါတယ် ဘိုးဘိုး။ အာကာသသန္တတ္တရလက်ာထဲက မြို့ရွာပျက်ကြောင်း (၁၀)ပါးလက်ာမင်းပြောင်းမင်းလွဲဖြစ်ကြောင်းအာကာသနိမိတ်များလက်ာတို့ကိုလည်း ရပါသလား- ရပါတယ်ဘိုးဘိုး ဒီလိုဆိုရင် မြို့ရွာပျက်ကြောင်းလက်ာများ မင်းပြောင်းမင်းလွဲကြောင်း နိမိတ်ပြလက်ာများ ရွတ်ပြစမ်းပါ ကိုယ်တော်လေး- ကောင်းပါပြီဘိုးဘိုး မြို့ရွာပျက်ခြင်း မင်းပြောင်းမင်းလဲခြင်းနိမိတ်တို့ကိုပြသောလက်ာကို အောက်ပါအတိုင်း ရွတ်ပြ၏။

မြို့ရွာပျက်မည်။ ကြောင်းဆယ်တည်ကို နားလည်စေကြ၊ လက်ာပြအံ့၊ ဂြိုဟ်မရှစ်ထောင့်၊ မဖြောင့်သွားလား၊ ခေါင်းပါးစာရေး ချိန်နေမမှန်၊ ရွာသွန်မြူခုန်၊ ပဇုန်ထွေထွေး၊ လေရှူးပေါပေါ၊ ဖျောဖျောတက်တိုး၊ မိုးကြိုးအသံ၊ လမှန်ကြူကြ၊ ဒေါင့်တဲစသည်၊ လုပ်တယာခင်း၊ ကျဆင်းပိုးထူး၊ ခွေးအူချိန်လွဲ၊ တောထဲကြွက်နက်၊ တောကြက်သင်းခို၊ ရွာကိုဝင်လျှိုး၊ ကြမ်းပိုးပိုးဟပ်၊ ထူထပ်များစွာ၊ နံ့စာသူငယ်၊ ပေါယယ်ရောက်ကျ၊ ဗျာဂစိမ်စား၊ သစ်ကျားရဲယောင်၊ မရှောင်လူယူ၊ ခိုးသူလည်းထ၊ ပြည်မအုပ်စိုး၊ မင်းစိုးများလတ်၊ ကြခတ်ဝါးကြီး၊ သီးသောကြောင်းဟိတ်၊ ဆယ်နိမိတ်မူ၊ ဆိတ်ဆိတ်ပြည်ရွာ၊ ပျက်တတ်စွာဟု၊ သာရတ္ထဒီပနီ၊ ကျမ်းထွက်ပြီ၏။ သည်ရုံပေါင်း၊ ထိုအကြောင်းကို ဆင့်လောင်းအသစ်၊ မဖြစ်စိမ့်သောငှာ၊ ကေရာတို့ ပညာရှမြော်၊ ပေါင်းသူတော်နှင့်၊ တိုင်ပင်ချင့်၍ မြတ်ကျင့်ဆယ်မည်၊ ဆောက်တည်တုံလက်၊ မူးမတ်ကြီးငယ်၊ ပည်စွယ်ပြည်ဖွား၊ ပြည်သူများတို

တရားမသေ၊ စောင့်နေမြဲစွာ၊ သရဏာဖြင့် လျှာ့ဒါမပြို ဥဒါန်းဖြိုး၍ ပြည်ကိုကုမပေရာသော်။ ။

နိဒါန်းမင်္ဂလာ၊ စည်ထွန်းဖြာပိမ့်၊ ချုပ်ချာကေရာဇ်၊ ဘုန်းသစ်တက်ဖြိုး၊ စောသတိုးတို့ တန်ခိုးစည်းစိမ်၊ ရွှေအိမ်ရွှေနန်း၊ စံမြန်းစဉ်မှ အနိစ္စသို့ ရောက်ရလိုသော်ထင်ပေါ်နိမိတ်၊ အကြောင်း ဟိတ်ကားအရိပ်ပြန်သွား၊ ဘုရားပုထိုး၊ တန်ခိုးရောင်ခြည်၊ ထွက်သည်ထင်မြင်၊ ကောင်းကင်ဝေမှိုင်း မှုန်တိုင်းလေပြင်း၊ နေနှစ်ဆင်းနှင့် လမင်းတန်းခွန်၊ မိုးစွန်းအလယ်၊ ရှစ်ပြိုဟ်ကြယ်လည်း မီးနှယ်ခိုးပြ၊ ဗျဂ္ဂစရိယာ၊ သဟစာတုံ၊ နိယထုံမှိုး၊ မြေကြီးငလျှင်၊ မြေပြင်အက်ကွဲ၊ တော်လဲဥက္ကာ၊ အညာရေစီး နတ်သမီးကမ်းပြို နေ့ကိုကြယ်မြင်၊ နန်းတွင် ပျားစွဲ၊ ပျံဝဲလင်းတ၊ နားကျနန်းဦး၊ ဘီလူးကိုယ်ထင်အမြင်ပြသွား၊ သားတစ်သွေးခဲ၊ သဲသဲဖြိုးစွာ၊ မိုယ်းရွာကျောက်ခဲ၊ တောင်ကွဲထက်ခြမ်း၊ ကမ်းကိုလွှမ်းပြီး၊ ရေကြီးထူးဆန်း၊ မကန်းလိပ်ငါး၊ ကြီးမာရောက်လာ၊ အိမ်ယာခဲပစ်၊ မြစ်ရေကမ်းဖို့၊ တောင်ပို့ရွှေထွား၊ နဂါးပေါ်ထွက်၊ ဒိနက်သကြ်န်၊ ကြယ်ပျံ ကြယ်ပြောက်၊ အောက်သို့ကြွေကျ လကိုကြယ်ထွင်း၊ ကြယ်ချင်းထိခိုက်၊ ရှေး၌စဉ်လာ၊ ဖြစ်ဘူးရာကို၊ ရာဇဝင်ကြောင်း၊ စာဟောင်းအထွက်၊ သီကုံးမြွက်သည်၊ လေကျင့်မှတ်ကုန်ရာသတည်း။

ရဝိခေါ်တုံ၊ ရက်ဂဠုန်၌ ရောင်ဟုတ်ထွန်းပ၊ သူရဇလျှင်၊ ဘွဲ့ထအိမ်နေ၊ ဖြတ်လာပေသော် မသွေပြည့်ရွှာ၊ မီးသာအတိ၊ လောင်တက်ဘိ၏။ မှတ်သိတနင်္လာ၊ ရက်ဒိဝါကား၊ ကညာနက်တူ၊ တိုင်းတဆူက၊ ဆုတ်မူအမှန်၊ မြဇကန်တည့်၊ တဘန်ဘောမာ၊ အိမ်ဘွဲ့လာသော်၊ ရာဇာမင်းလောင်း၊ ရောက်တုံရှောင်းအုံ့၊ တကြောင်းဗုဒ္ဓ၊ ပေါ်ထစစ်မက်၊ ဂုရုရက်ကား၊ ပျောက်ပျက်ဘေးဒဏ်၊ မှတ်ရန်ထိုပြီး၊ တသီးသောကြာ၊ ဝေးရပ်ရွာက၊ ရတနာဆက်ရောက်၊ ထိုနောက်နဂါး၊ ရက်၌ခြားမူ၊ ပြည်သားချမ်းသာ၊ ဝပြောစွာ၏။ ထွက်ခါအစဘွဲ့လက်ကသော်၊ မုချမချွတ်၊ ထဘိဝတ်တို့၊ ဥပါဒ်ကြီးစွာ၊ ရောက်တတ်ရာ၏။ တခါမွှန်းလတ်၊ မင်းမှုမတ်နှင့် မင်းမြတ်၌သာ၊ ဘေးဆိုက်ရာသည်၊ နေမှာနမိတ် အဟောတည်း။

ဂဠုန်ရက်၌၊ ထွန်းတက်စန္ဒြာ၊ ခြည်ဝါရောင်မှဲ့၊ လအိမ်ဘွဲ့သော်၊ ပြည်ထဲ့ရေးသာ၊ ဝပြောစွာ၏ဗျကရက်မင်း၊ ဘွဲ့လာခြင်းကား၊ မိုးမင်းသွေရှောင်၊ မရွာခေါင်အုံ့၊ ထို့နောက် အင်္ဂါ၊ ဒေဝသုန်ဖျင်းဖြစ်တို့လျှင်းလိမ့်ရက် မင်းဗုဒ္ဓါ၊ ဘွဲ့ဝန်းကာသော်၊ ပြည်ရွာလေးသွယ်၊ ဝပြောကြွယ်အုံ့၊ တသွယ်ဂုရုဘွဲ့လာပြုမူ၊ နတ်တုကညာ၊ ရတနာဆင်ဖြူ ရောက်မူဇကန်၊ မချွတ်မှန်အုံ့၊ တတန်သောကြာ၊ ဘွဲ့ဝန်းကာသော်၊ သေဋ္ဌာသန္ဓေး၊ ရောက်လှာရေးရှင့်၊ မည်ပေးမသွေ၊ ရက်စနေ၌ ဘွဲ့ထွေတစ်သီး၊ ပြည်ကြီးပြည်ငယ်၊ ပျက်ကြောင်းသွယ်သည်။ ။ လဝယ်နိမိတ်အဟောတည်း။

တနင်္ဂနွေ ရက်ဝိဒေ၌၊ ထက်ဗွေအာကာ၊ တိမ်တိုက်သာလျှင်၊ ဘီလာဖြတ်သန်း၊ တန်းခွန်တန်းက၊ ရွှေခန်းရပ်မြေစစ်ထွက်ပေအုံ့၊ ရောင်ရွှေဝင်းဝါ၊ တနင်္လာကား၊ သေနာသူရ၊ ပျက်စီးရလိမ့်၊ တဝဘောမာ၊ ရက်အင်္ဂါမူဒိသာရွှေင်၊ စစ်ကြီးဆင်အုံ့ရက်လျှပ်ဗုဒ္ဓ၊ တန်ခွန်းပြသော်၊ ပါပမသွေ၊ ရောက်လက်ချေ၏။ တထွေဂုရု ထွက်လာပြုသော်၊ ရောက်မူကညား၊ ရတနာဆင်ဖြူ စွဲမှတ်ယူလော့၊ ဘရဂူတွင်သာ၊ ရက်သောကြာဝယ်၊ မှန်စွာစစ်မက်၊ ထွက်လက်အပြီး၊ တစ်သီးမှတ်ဘွယ်၊ စနေဝယ်သား၊ ပြည့်ကြွယ်ဝပြော၊ မိုယ်းလျှင်ပေါသည်။ ထွက်သောတိမ်တို့ ခြင်းရာတည်း။ ။

ပြဘက်ရေ၊ သဝိသက၊ အာဒိစ္စသူရိ၊ ဖလ်ရဝိဟု၊ မည်ရှိများစွာ၊ ကျမ်းအလာနှင့်၊ မြန်မာအလို၊ နေဟုဆိုသည်၊ လူဗိုလ်ပညတ်၊ ခေါ်စမှတ်သား၊ ပြဿလျှံပြောင်း ဗိမာန်ဆောင်မှ အရောင်နိမိတ်၊ ထင်မြဲကိတ်ကို၊ ခွဲစိတ်ဝေဖန် သိစေပြန်အံ့၊ ထောင်မှန်လင်းရှိန်၊ စက်ရဝိန်တွင်၊ ထိန်ထိန်နီမြန်း၊ အရောင်သန်းက၊ တိုင်းခန်းပြည်သူ၊ ဥပါဒ်ဟူလော့၊ ထိုတူအဝါ၊ သန်းသည်မှာကား၊ ဥစ္စာများဖြင့်၊ ကြွယ်ပင်သူဌေး၊ ဥပါဒ်ဟူလော့၊ ထို့တူအဝါ၊ သန်းသည်မှာကား၊ ဥစ္စာများဖြင့်၊ ကြွယ်ပင်သူဌေး၊ ဥပါဒ်ဘေးတည့်၊ နေရေးငွေကျူ အဆင်းဖြူ၍၊ ထိုတူထပ်မွန်း၊ အဖြူလွှမ်းသော်၊ မှူ့ထမ်းအပေါင်း၊ သူရဲကောင်းတို့၊ ပြောင်းမည်ခန္ဓာ၊ နေစကြာဝယ်၊ ထက်မှာအနီ၊ အောက်ဆီအဝါ၊ လယ်ချာအမည်း၊ ဖြတ်၍ ဆီးသော်၊ ချုပ်တည်းစစ်ပြိုင်၊ မနိုင်ရဘဲ၊ ပြိုပျက်ကွဲလမ့်၊ အံ့အဲထူးထွေ၊ ဖလ်ဝန်းဗွေ၌၊ လူခြေကဲ့သို့ မြင်တုံမြို့သော်၊ မှိုမဂ်လာဆောင်ကာမပြီး၊ စစ်ကြီးမနိုင်ပြိုင်၍ရှုံးလေ၊ နေ၏အထဲ၊ ရဲရဲရွှန်းဝါ၊ ဝက်ရုပ်ပါမူ၊ စောရာတန္တု စသည်မောသာ၊ ထူထပ်ပြောအံ့၊ ကျောကျောမည်းနက်၊ လယ်ချက်သန်းက၊ အဝါထက်ဆီ၊ အနီအောက်ခြေ၊ မြင်ပြန်လေသော်၊ ရေမြေစိုးရ ရာဇညဝယ်၊ သည်းပကျင်ဖေး၊ ချမ်းငြိမ့်လေးသည်၊ ရင်သွေးသက်ဝေ၊ သေတတ်ချေ၏။ လက်ဗွေသန်းငြား၊ အမဲသားလျှက်၊ ထက်ဖျားအောက်မူ၊ အဖြူတစေ၊ နီဝါရွှေလျှက်၊ ဝှန်ဝေမီးရောင် တက်ထွန်းပြောင်သော်၊ ဘုန်းခေါင်ဇနိန်မြတ်ရာဇိန်ကို၊ မာရှိန်စွင့်စွင့်၊ အမတ်မြင့်၍၊ မချင့်မနိုင်း၊ စော်ကားရိုင်းအံ့၊ ပိုင်းဖြတ်ကြက်ခြေ၊ မြင်ပြန်လေမူ၊ ရေမြေစိုးခြင်း၊ မင်း၌အနာ၊ ရောက်တက်စွာသည်။ ချမ်းသာမရစမြဲတည်း။

ပြဘက်ရာ၊ နေစကြာ၌၊ ဖြစ်လှာထွန်းလွန်၊ ရောင်ဝင်းဝှန်သည်၊ တန်းခွန်ကဲ့သို့ မြင်တုံမြို့သော်အောင်မှိုလျှံညီး၊ ကမ္ဘုတီးနှင့် မင်းကြီးသက်ဝေ၊ တောင်နေမိဘုရား၊ သားသမီးတော်၊ နတ်ပြည်ပျော်အံ့၊ ရွှေလှောင်လျှံ၊ ဒေါင်းဘုံပျံဝယ်၊ အောင်လံစွင့်စွင့်၊ စိုက်ထူလွှင့်လည်း၊ ရှည်မြင့်မကြာ စစ်ရောက်လှာအံ့၊ စကြာနေမင်း၊ ငွေအဆင်းသို့ ဖြူဝင်းလျှပ်လျှပ်၊ အထက်ရပ်ဝယ်၊ တပ်တပ်ရွှေရည်၊ ရောင်ပို့စည်သော်၊ ပြည်သူပြည်သား၊ ငတ်မွတ်ရှား၍ ဘေးများဥပါဒ်ရောက်တို့တက်၏။ နက်ရဝိရွှေစက်ဝန်းဗွေ၌၊ နီလေထက်ခွင်အောက်မည်းမြင်သော်၊ မိုယ်းလျှင်မအောင်၊ ခေါင်ကြီးခေါင်အံ့ ဖြူရောင်ပြေပြေ လယ်ကနေ၍၊ ပတ်ခွေဝန်းလစ်၊ အနားရစ်မှာ၊ မီးလျှံဝါသော်၊ လေသာတစ်ကြိမ်၊ မိုယ်းတစ်ကြိမ်နှင့် မငြိမ်မညီ၊ ပဲသီပဲ၊ နောက်ကောက်မှုယောပြောင်း၊ မကောင်းတတ်ချေ၊ ပျက်စီးသေလိမ့်၊ နေအလယ်ချက်၊ အနီကွက်၍၊ နားလေးဘက်မှာ၊ အပြောတစေ့၊ ထွင်းကာနေသော်၊ မိုယ်းရေမပြီး၊ မိုယ်းအသီးအများ၊ ကျသောအားဖြင့်၊ မိုယ်းကားမရွာ၊ ခေါင်တက်စွာ၏၊ အပြာလယ်ချက်၊ ထင်ပြက်ပြက်နှင့် လေးဘက်နားမှာ၊ အနီဖြာ၍၊ ကွက်ခါမြင်ထွေ၊ ညာနန်းမဗ္ဗထက်၊ စံနေမငြိုစန္ဒီထီးနှင့်၊ မင်းကြီးသက်နှင်း စပ်မရှင်းလျှင်၊ ယွင်းခဲ့ကျင့်ဝတ်၊ မေတ္တာချွတ်၍၊ လွယ်အံ့တရား၊ အမှားမှားသည်။ တစ်ပါးသူနှင့်နှောမြဲတည်း။

ဆောင်းစွန်နွေမှန်၊ နှစ်ဝဿန်ဟု၊ ဂိမှန်စဲလူ၊ သာရတုထက်၊ ဘာဏုစက်ရွှေ ယုဂန်ဗွေမှ၊ လျှံဝေစဲစဲပေါ်စဆဲတွင်၊ ရဲရဲဝင်းဝါ၊ တက်၍လာသော်၊ ကျော်နာဝက်သက်များစွာတက်အံ့၊ တစ်ချက်ထိုမှ ဝဿန္တဟုမိုယ်းလမှာမူ၊ နေဝန်းဖြူက-မပူမဆာရန်သာလွတ်ရှင်း၊ ကင်းအံ့လူပေါင်း၊ မိုးလည်းကောင်းလိမ့်၊ ဆောင်းဟုမည်ရ ဟေမန္တ၌၊ သဝိတစက်၊ နီ၍ထွက်သော်၊ သားငှက်တို့မှာ၊ များစွာဥပါဒ်၊ ဖြစ်လက်တုံရှောင်း၊

လူအပေါင်းလည်း ဦးခေါင်းနှင့်ခြေတစ်ထွေတစ်လာ၊ ရောဂါဆင့်ကဲ၊ မှားနာမြဲဖြင့်၊ ချမ်းမြဲမချမ်း၊ ပြောင်းနှမ်းဝါပဲ၊ သီးမြဲမသီး၊ ဆောင်းပြီးနွေစ၊ ဂိမန္တနှင့်၊ ဝဿဟေမာန်၊ ထိုသုံးတန်တွင် စက်ဖလ်ရဝေ၊ အပြာထေ၍ အနေလွဲလျှက်အမည်းဘက်သော်၊ ကျွန်ုံကြက်သရေ မြေဒိပတိ၊ ပြည်ကြီးသေဌ်နင်း၊ မင်းလည်းယာယီ၊ မချိမကြွ မထလေရာ၊ မူသိကာက၊ ဥဏ္ဏာနာဘိ၊ အစေးငြိနှင့်၊ ဗဟိပါဒေ၊ ခြေများမြောင်၊ ခြေမဲ့ကောင်လည်း ပွားဆောင်မည်သီး၊ ဝါနီးစုံမက်၊ ငှက်နှင့်ကျေးသား၊ ထူထပ်များ၍ စပါးပဲပြောင်း၊ မကောင်းပျက်ရာ၊ ရာဇအဿ၊ မဟိသနှင့် ဂေါဏအဇာ ဆိတ်ဟုဟောသည်၊ မြင်ပေတိရစ္ဆာန်၊ ဘေးဒဏ်ဥပါဒ်၊ ဖြစ်တတ်လေရာ၊ ထိုပမာလည်းယဉ်သာသုံးပါး၊ ဥတုများတွင်၊ ဖလ်သားတစ်ခြမ်း၊ အဖြူလွှမ်း၍ တစ်ခြမ်းကမှာ၊ အစိမ်းပါသော်၊ ထိုခါထိုရက်၊ တိထိစက်တွင်၊ ကိုးမျက်ချယ်လွင်၊ သင်တိုင်းရှင်သည်၊ ဝန်းကျင်ရှစ်ရပ်၊ ဘယ်မလတ်အောင်၊ ဖယ်ဖယ်စိုရွှန်း၊ မိုယ်းရေသွန်းအံ့၊ နေဝန်းနီလည်း၊ ငုံးနည်းတည့်နေလည်း အဖြူလနှင့်တူ၍၊ လျှံလူနိတျာစိမ်းနုပြာနှင့် ပတ်ခါအနား၊ ရစ်ပြန်ငြားက၊ မင်းဖျားစောထွတ်၊ လူတမွတ်ကို ညွတ်အံ့ပြည်လုံး၊ ရှိပန်းကျုံးလိမ့်၊ တတုံးမှတ်ရန်၊ မင်းဓိပတိ၊ ပြည်ကြီးထွက်ခွာ၊ နတ်ရွာရှင်ပျော်၊ စံမွေ့လျော်သည်၊ ထိုရော်ဖြစ်မည် မလွဲတည်း။

ဖယ်ဝန်းရောင်ဝါ၊ ထက်အာကာက၊ စိမ်းပြာရောင်လှဲ၊ ဝန်းအိမ်ဖွဲ့သော်၊ ပြည်ထဲသေဌ်နင်း၊ မင်း၏ အမတ်၊ သေတို့တက်၏။ ရဟာတ်စကြာ၊ ဝင်သောအခါ၌ နိတျာအဆင်း၊ ဖြစ်တို့လျှင်းမူ မင်းလျှင် အနားရောက် တတ်စွာ၏။ နေမှာဖြူလျက်၊ အနက်ကြက်ခြေ၊ သန်းတို့လေလည်း၊ ရှစ်ထွေအင်စုံ၊ ကျေးဇူးပုံသည် ရွှေဘုံသခင်၊ တိုင်းခွင်ဇမ္ဗူ၊ လှည့်တော်မူ၍ ပြည်သူကောင်းကျိုး၊ ရွက်ဆောင်ကြိုးအံ့၊ အခိုးသုံးဆယ်၊ အပြာချယ်မူ၊ တိုင်းလယ်ရွှေပြည်၊ စစ်ရောက်မည်တည့်၊ ပြာခြည်အရောင်၊ နှစ်ဘက်ထောင်လျှက်၊ ဖလ်ဆောင်ပြဿဒ်၊ ထွန်းလင်းပတ်သော် မင်းမြတ်စံတည်၊ နေတော်ပြည်သည်၊ ပျက်မည်မယွင်း၊ မင်းလည်းထွက်ခွာ၊ ပြေးလေရာ၌၊ ကြမ္မာကုန်ရွေ၊ နတ်ရွာမွေ့အံ့၊ လင်းလေ့အသွင်၊ နေထွင်မြင်သော၊ မကြင်ချစ်ကင်း၊ အချင်းချင်းပင်၊ ရန်ဟင်းပြုလစ်၊ ငှက်ညစ်ခင်ပုတ်၊ သဏ္ဍာန်လုပ်သို့၊ အရုပ်နေတွင်၊ ပြုပြုမြင်မူ၊ တိုင်းခွင်ပြင်ရွာ၊ မသာနွမ်းညှိုး၊ လူဆိုးလူပျက်၊ လုယက်ဖြင့်ပေါ၊ မောသောခိုးသူ၊ ထုအံ့ရန်ဘက်၊ ထွက်အံ့စစ်ကြီး၊ သွေးချောင်းစီးလိမ့်၊ တစ်သီးနေရာမှာ၊ တိမ်ပြာတစ်ခြမ်း၊ မန္တမ်းရောင်ဝါ၊ ထွက်၍လာသော်၊ တောင်ညာတင်ထား၊ မိဖုရားသည်၊ လူများသေဌ်နင်းမင်းကို ခချစ်၊ မပြစ်မမြင်၊ မှားမိကျင်လိမ့်၊ နေလျှင်နှစ်စင်း၊ ထွက်၍ လင်းမူ၊ ဝှန်ပြင်းမုန်တိုင်း ခတ်ကျိုးလိုင်းလျှက်၊ တိုင်းကြီးသာမိ၊ မိပတိတွင်၊ စန္ဒီထီးရှင်၊ ညာတင်မိဘုရားနတ်ရွာလားအံ့၊ အနားနီးရစ်၊ လယ်ဖူနစ်နှင့်၊ လင်းလှစ်တစ်ထောင်၊ ယုဂန်တောင်က၊ ဖလ်ရောင်ဖြိုးဘိ၊ ထွက်သည်ရှိသော် ပဋိသန္ဓေ၊ စွဲနေသူ၊ ပျက်မည်ဟူလော့၊ ရွှေလမ္ဗူရာဇ်၊ နေတက်သစ်တွင်၊ ရုပ်ရှင်အသွင်မြင်သည်ကွဲနွား၊ ဆိတ် ဝက်များက၊ လားနှင့်သီဟ၊ ပီသကဆင်း၊ ဆိုရင်ရုပ်စုံ၊ တစ်ခုခုမျှ၊ မြင်လတ်ကမူ၊ ဌာနနန်းတည်၊ တိုင်းရွှေပြည်သည်။ ။ မစည်မပွင့် ပြိုကွဲတည်း။

ဥလုရာဇ၊ စန္ဒာရနှင့်၊ သသိက္ကန္တူ၊ ဝေဠုရောင်ဖြူ၊ သီတဂူဟူ၊ ပြည်သူပညတ်၊ ခေါ်စမှတ်သား၊ နတ်စန္ဒိမာ၊ ငြိုဟ်မြတ်စွာသည်။ အာကာမိုးဝ၊ ဆန်းပေါ်စဝယ်၊ မြင်ငွေရောင်မောင်း၊ မြောက်သို့စောင်းမူ နှောင်းမိုးဝသန်ကောင်းမြဲမှန်၏။ တတန်မှတ်ဘွယ်၊ ပြည်ရွာဝယ်လည်း၊ ရပ်ဆယ်လင်းအောင် မီးထင်းလောင်အံ့၊ တောင်သို့တစ်ထွေ၊ စောင်းပြန်ချေမူ၊ ဆာမူချောက်ချား၊ ရောဂါများလျှက်၊ မြဲသားညိုလွင်၊ သင်ဒိုင်းရှင်လည်း၊

မန္တင်မြူခုန်၊ ပဋုန်မသွန်း၊ သွေဖယ်ယွန်းလိမ့်၊ ငွေဝန်းလျှံပ၊ ဘုံနန်းလသည်၊ ကန္တရသီ၊ တိထီလုံးဝေ၊ ပြည့်သည့်နေသို့ ချမ်းမြေ့သာယာ၊ လဆန်းမှာ၌၊ မြင်လာထုံပေ၊ တိုင်းနေပြည်သား၊ ဥပါဒ်များအံ့၊ လကားဆန်းနေ၊ ကြည့်ရှေ့မြင်လာ၊ ဆရာပုဏ္ဏား၊ မင်းဖျားရဲဘော်၊ မူးတော်အမတ်၊ ဥပါဒ်ဖြစ်စေ၊ ရစ်ခွေပြက်ပြက်၊ ဆန်းတက်အကွယ်၊ အကယ်နှစ်ဆင့်၊ မြင်ရလင့်မူ၊ ဆယ်ဆင့်တရား၊ ကျင့်မမှားသည်၊ ရဲဖျားစောကျော်၊ မြတ်ကိုယ်၌ မလျော်အနာရောဂါစွဲလေ၊ ဋီဝိတေလည်း၊ ပြောင်းသွေမချွတ်ဖြစ်တို့တတ်သည်၊ မင်းမြတ်ကိုယ်တော်အရေးတည်း။

စန္ဒြရာဇာ၊ မြတ်ဒေဝါသည်၊ ဆန်းလာတက်၍၊ ဆယ့်ငါးနေ့၌ ငွေအရောင်နွမ်း၊ ညှိုတစ်ခြမ်းနှင့် ချမ်းချမ်းမြမြ၊ မမြင်ရမူ၊ ရညဓိပတိ၊ တိုင်းကြီးထွတ်ချာ၊ မြတ်ရာဇာကို ပြည်ရွာရပ်သား၊ လူအများတို့ ခြားနားပုန်ကန်၊ ယွင်းဖေါက်လှန်လိမ့်၊ တတန်ထို့နောက်လလည်းမောက်၍ မြောက်မြောက် စွင့်စွင့် မြင်ပြန်လင့်မူယခင်စောလောင်း၊ ထိုမင်းကောင်းသည်၊ ပြောင်းအံ့နတ်ရွာ၊ ထိုရပ်မှာပင်၊ ငယ်စွာလဝန်း၊ အမြင်ယွန်သော်၊ သွန်းသွန်းမြင်ရာထိုပြည်ရွာ၌၊ မှန်စွာမှတ်လေ၊ ဥပဒွေလိမ့်၊ ကြီးထွေအပြင် အဝန်းမြင်မူ၊ ယခ င်ရွာပြည် ဝပြောမည်တည့်၊ ရွှေစည်မူရိုး၊ အလယ်ဖြိုးသို့၊ ကိုးယူဇနာ၊ ပစွန်းသာသည်၊ ဆယ့်မှာလေးခု၊ လက္ခနှုကို မျှော်ရှုမြင်မူ၊ရွှေပြည်သူတို့၊ ရေတူချမ်းငြိမ်၊ လနန်းအိမ်သည်၊ လည်သိမ်၍ကျဉ်း၊ ခါးဝယ်စည်းမူ၊ တညင်းဆိုးဆိုး ပြည်ကြီးကျိုးလျှက်၊ အမျိုးလေးပါး၊ ငတ်မွတ်ရှားအံ့၊ ရထားငွေစင်၊ အလယ်တွင်၌ မြင်သည်အပေါက်၊ အပြောက် ပြောက်မှာ၊ မြတ်ရာဇာတို့ ပဏ္ဏာထူးထွေ၊ ဆက်ရောက်ပေအံ့၊ လျှံဝေဝင်းဖြူ၊ သီတဂူသည်ထူခဲ့အရောင် ထွန်းလင်းပြောင်မူ၊ ညာတောင်နေနတ်၊ ရှစ်သောင်းထွက်တွင်၊ သည်းပါတ်ရတနာ၊ သားရရာ၏။ စန္ဒာနွေလ ပေါ်ထွက်စတွ+င် ရွှေတိမ်နီ သန်း၍သီမူ၊ ယာယီနှစ်ထွေ၊ ကြည်းရေသွားသူ၊ ကောင်းမည်ဟူလော့၊ ထို့တူပြေး ငါးကြင်းကြေးသို့ လရေးရစ်၍ ဦးဝှန်ဝှေသော်၊ ချမ်းမြေ့ပြည်ထဲ၊ သာယာမြဲတည်၊ မြခဲရောင်မွတ် နန်းဘုံထွက်တွင် လွှတ်အခိုးဝေ၊ မြင်ပြန်လေသော်၊ ပြည်နေပြည်သား၊ လူအများနှင့် မင်းဖျားရန်စစ် ကြီးစွာဖြစ်သည်။ ၊ ရှက်ရစ်ကြိုးနှယ်ရှုပ်ထွေးတည်း။ ။

လေးဆယ့်ကိုးယူဇနာ၊ ဝင်းဝင်းဝါသား၊ စန္ဒာမည်မှတ်၊ လပြဿဒ်နှင့်၊ ဂြိုဟ်မြတ်အင်္ဂါ တွေကြိမ်ခါပယ်၊ ရာဇထွတ်ဖျား၊ မင်းတရားတို့၊ ပြစ်မှားကြူးလွန်၊ တိုင်းစွန်ရပ်နေ၊ လူတတွေတို့၊ မထေခဲ့ခြား မြိမ်များလိမ့်တရား၊ပျော်မြူး၊ ဗုဒ္ဓဟူးဟု၊ ဂြိုဟ်ထူးအိမ်ရှေ့၊ နန်းအိမ်မွေ့နှင့်၊ တွေ့လတ်သောအခါ၊ ပြည်ရွာတိုင်းကား ငတ်မွတ်ရှားအံ့၊ ဂြိုဟ်များဆရာ၊ မည်သည်ပညတ်၊ ဇီဝါနတ်နှင့် ပြဿဒ်ငွေဖူး၊ ပြိုင်ယှဉ်ပူးမူ မိုးယင်းဦးလယ်နှောင်း မကောင်းသောအား၊ စပါးနှမ်းဝါ၊ များစွာပျက်စီး၊ တိုင်းကြီးရွှေပြည်၊ မစည်မပင်၊ မစည်မပင်၊ ငြိုငြင်ချောက်ချား စောဖျားမင်းကျော်၊ ကိုယ်တော်မသာ၊ အနာတွေ့တတ်၊ လနန်းနက်နှင့် ဂြိုဟ်မြတ်သောကြာ၊ ရာသီနဝင်း ထပ်ခြင်းမယွန်း၊ မွန်းမတည့်မီ။ ယှဉ်မှီလတ်သော်၊ ဘူပေါ် ရာဇ နရိန္ဒီ၏။ နန်းမညာတင်၊ ရှစ်သောင်းရှင်သည်၊ ကျင့်အင်ယွင်းချွတ်၊ သူတို့ညွတ်လိမ့်၊ ခေါင်ထွတ်ထွန်းစည်၊ လမွန်းတည့်ကို၊ ယှဉ်သည့်သောကြာ၊ ပြည့်ရာဇာနှင့် တကာလူပေါင်း၊ မကောင်းကြဉ်ရှောင်၊ များမြောင်အလှူ ဆည်းဆူဒါန၊ ပေးဝေကြလိမ့်၊ ထိုပယှဉ်တွဲ၊ လမွန်းလွဲတွင်၊ ရဲရဲသောကြာ၊ ထိခိုက်လာသော်၊ ခြောက်ဖြာ ပြစ်ကင်း၊ သွယ်နွဲ့ရှင်းနှင့် ဆင်မြင်းပဏ္ဏာ၊ ဆက်ရောက်လာအံ့၊ ရောင်ဖြာပဝင်း၊ ငွေလမင်းနှင့်၊ ယင်းသောကြာဂြိုဟ်၊ ထိန်ကျွန်းညှိုသို့ ခိုကာနီးတွင်၊ မှီသည်မြင်က၊ မရွှင်မလန်း၊

တိုင်းခန်း ရွှေပြည်၊ မစည်မပင်၊ ရှိမြပင်တည့်၊ ညယခင်ငွေသား၊ လရထားနှင့် ပတ္တမြားရောင်သွယ်၊ စနေကြယ်တို့ မိုးလယ်တိမ်ပြင်၊ ထိကြချင်သော်မင်းတွင်ဥပဒ်၊ ကျိတ်ခိုးပတ်လျှက်၊ လနတ်နန်းဘုံ၊ ဝန်းလာအုံမူ၊ မထုံတရား၊ ကျင့်ဖေါက်ပြား၍၊ အများပြည်သူ၊ အိုးသို့ဆူသည်။ ။ ပူ၏မီးနှယ်မအေးတည်း။

သတ္တ သတ္တာ၊ ယူဇနာဖြင့်၊ အာကာဖိုးဝ၊ ရောင်ဖြိုးပသည်၊ ကမ္ဘာ့ကြက်သရေ ယုန်နန်းငွေနှင့် ပြိုင်ထွေယဉ်မှီ၊ ရောဟဏီသည်၊ တူပြိုရောင်ပြေးရှက်၍ထွေးသော်ပြည်လေးမျက်နှာ မသာယာ၍ မင်းလျာမင်းလောင်း၊ မကောင်းလျင်ဆော၊ ပေါ်၍ပေါ်အုံ၊ ရောဟဏီရှေ့၊ ခိုးရောင်ဝေ့သည်၊ စေ့တိထိလ၊ ဌာနသမိုင်း၊ တိုင်းကြီးနက္ခ၊ ကြတ္တိကာကြယ်၊ ရောင်သွယ်သွယ်နှင့်၊ အလယ်ပတ္တမြား၊ နန်းဘုံဖြူသည်၊ တူ၍နဝင်း၊ ထိကြနင်းစေ၊ တထွေရောဟဏီ၊ တူပြိုမက္ခာ၊ ယကြက်တည့်ကာဟု၊ မည်သာနှစ်ပါး၊ နက္ခကြားသို့၊ လသွားပစေ၊ ကြောင်းနှစ်ထွေသည်၊ ညီပေတုံခါ၊ ဝသုဓာဟု၊ မဟာပထဝီ မဟီတလေ၊ ဤမြေရိုက်ကြည်း၊ သိမ့်သိမ့် ဟည်းလျှက်၊ ပြည်လည်းချောက်ချား၊ မွတ်သိတ်ရှားအုံ၊ နဂါးအမြီး၊ ကြယ်ကြီးမူလ၊ သိကြားသံကောက်၊ ရွှေဂူပေါက်သို့၊ ရောက်တုံဝင်ထွေ၊ လနန်းငွေကြောင့် တိုင်းနေရှင်လူ၊ ဆာပူမကင်း ဖြစ်ခြင်းဥပါဒ်၊ သွာဒိနတ်နှင့်၊ နက္ခသိကြား၊ သံကောက်ဖျားသို့၊ ငွေသားအတိ၊ ပြိုင်ယှဉ်ဘိမူ၊ ဘူမိပါလ၊ နရသေဌ်နင်း၊ မင်းလည်းမသာ၊ ဖြစ်မြဲရာကြောင့်၊ မဟာသကြံန်ခေါ်ရန်၊ သန္ဓေ၊ မျှိုခေါင်း ဆေးလိမ့် ငွေသွေး ပတ္တမြား၊ လရထားကို၊ နဂါးမည်သာ အနုရာနှင့်၊ ဝိသာခါနတ်၊ လကျော်ပတ်၍၊ တွေ့လတ်ကြခါ၊ ပြည်ရွာတိုင်း ကား၊ ပျက်ဆီးပြားအုံ၊ မြီးဖျားမူလ၊ ဟဿဒနှင့် သလိဿမှန်၊ ပြုဗ္ဗသဠ်က၊ ရောင်ဝှန် သတ္တဘိသ်၊ လျှံဖိတ်ရေဝတီ၊ ဤငါးလီကို၊ စန္ဒီနတ်ဖြိုဟ်၊ ဝင်၍ခိုမူ၊ ပြိုပြိုပြင်ပြင်၊ မရွှင်ညိုးခြောက်၊ စစ်ကြီးရောက်အုံ၊ တောက်သည့်အရောင်၊ လျှံပြောင်မိုးဝ၊ ခြောက်လုံးပသည်၊ ပုဏ္ဏဗုသျှ၊ သဘော်တုနှင့်၊ ဣန္ဒုလစက်၊ ရောင်ချင်းယှက်က၊ မြေထက်အုတ်မိုး၊ စိုးသည့်မင်းကျော်၊ နတ်ပြည်ပျော်လိမ့်၊ စန္ဒော်နန်းလ၊ ကြယ်ပြုဗ္ဗနှင့်၊ ပုဏ္ဏဗုသျှ၊ နှစ်ခုအကား၊ ချင်းနင်းငြားသော၊ ကျွဲ နွား မြင်း ဆင် များဖြင့် သတ္တဝါ၊ သေတတ်စွာ၏။ မှတ်ရာတစ်ထွေ၊ သီလာစေစိမ့်၊ စနေ-အင်္ဂါ နှစ်ဖြာဂြိုဟ်နတ်၊ ပြန်ခဲ့ပတ်၍၊ ဟဿဒမူလ၊ ရေဝတဟု၊ မည်ရထင်ရှား၊ ထိုသုံးပါးတွင် တစ်ပါးပါးထက် ရောင်ထွန်းပြက်က စစ်မက်များမြောင်၊ မိုယ်းရေခေါင်၍ရေခေါင်၍ ပြည်ထောင်သေဌ်နင်း၊ မင်းလည်းလွဲသွေ၊ ပြောင်းတတ်ပေလိမ့်၊ စနေအင်္ဂါ၊ ဘုံသာနှစ်နန်း၊ ပြိုင်၍မြန်းမူ၊ တိုင်းခန်းရွာပြည်၊ ပျက်မည်မယွင်း၊ မင်း၏ ကိုးရာ၊ မြတ်ဆရာလည်း၊ မကြာငြင်ငြို၊ ပျက်စီးပြိုသည်။ ။

ဤသို့ ရွတ်ပြလိုက်သောအခါ ဘိုးဘိုးအောင်သည် အလွန် ကျေနပ်သောအမူအရာနှင့်၊ ကိုယ်တော်လေးက ဗေဒင်ဘက်ကလည်း၊ ခေါက်မိသားပဲ၊ လူတွေလာမေးရင် ဗေဒင်နဲ့သာပြော၊ အကြားအမြင်နှင့်မပြောနဲ့ ကိုယ်တော်လေးအကြားအမြင်ဆိုတာ၊ ကိုယ့်အတွက်သာဖြစ်တယ်

ကောင်းပါပြီ ဘိုးဘိုး ထိုနေ့ကပုတီးပတ် ၁၀၈ ပတ်ရလျှင်၊အနားယူ၏။ ည ၁၁ နာရီ လဲထိုးနေ၏။ ထို့ကြောင့်အိပ်လိုက်၏။ ဘိုးဘိုးအောင်လည်းပုတီးစိပ်နေ၏။ ၁၃၁၆-ခုတပေါင်းလဆန်း ၁၀-ရက်ကြာသပတေးနေ့ နံနက် ၁ ချက်အချိန်ထပြီးပရိက်ယူ၍ ပုတီးစိပ်၏။ နံနက် ၆ နာရီထိုးတော့ ပုတီးပတ် ၃၀ ရ၍ အမျှဝေမေတ္တာပို့ပြီး၊ စိန္တာမုနိမန္တာန်တော်ကြီးရွတ်၏။ ပြီးလျှင် မျက်နှာသစ် ကိုယ်လက်သုတ်သင်ပြီး

ပုတီးဆက်စိပ်၏။ နေ့ ၁၁ နာရီထိုးလျှင်၊ ပုတီးပတ် ၂၄ ပတ်ရ၍ သပိတ်ထဲမှ ငှက်ပျောသီး၊ ဩဇာသီး ၃ လုံးစီယူစားပြီးလျှင်၊ ရေချိုးထွက် ဇရပ်တန်းနေပူဆာထဲ လမ်းလျှောက်ပြီး၊ ပုတီးစိပ် ၃ ပတ်ရ၏။ ဂူထဲပြန်ဆင်းလာ၏။ ဘိုးဘိုးအောင်က ကျွန်ုပ်ဆင်းလာတော့ ပုတီးထိုင်ရာမှ ထလာပြီး ကျွန်ုပ်ကို-ကိုယ်တော်လေး ပုရာဏကဿပဝါဒနှင့် အဇိတကေသကမ္ဗလဝါဒီ ကို ဘုရားဟောအတိုင်း အမိန့်စမ်းပါ၊ ကောင်းလှပါပြီး ဘိုးဘိုး၊ ဘာကြောင့် ပုရာဏကဿပဝါဒ ကိရိယာဝါဒဖြစ်တယ်ဘိုးဘိုး ဘာကြောင့် အကိရိယာ ဝါဒဖြစ်တယ်ဆိုတာ- သူဟောထားတဲ့တရားများကို လေ့လာကြည့်လျှင် သိနိုင်ပါတယ် ဘိုးဘိုး-အမိန့်ရှိပါ ကိုယ်တော်လေး ပုရာဏကဿပဝါဒက မကောင်းမှုပြုသော်လည်း ပြုသည်မမည်။ ဤမြေပေါ်ရှိ သတ္တဝါတို့ကို၊ ဓါးစက်ဖြင့်တစ်ခုတည်းသော အသားစုအသားပုံ ဖြစ်အောင် အကယ်၍ ပြုစေကာမူ ထိုကြောင့် ကောင်းမှုမရှိ ထို့ကြောင့် မကောင်းမှုမဖြစ်ဘူး ဖြစ်ခြင်း သဘောလဲမရှိဘူး တဲ့ဘိုးဘိုး ကောင်းမှုလည်းမရှိ ကောင်းမှုဖြစ်ခြင်းလည်း မရှိ အလှူပေးခြင်း ဣန္ဒြေဆုံးမသည်၊ သီလစောင့်စည်းခြင်း အမှန်စကားကို ဆိုခြင်းတို့ကြောင့် ကောင်းမှုမရှိ၊ ကောင်းမှုသဘောဖြစ်ခြင်းလည်းမရှိလို့- သီလက္ခန် ပါဠိတော်- သာမညဖလသုတ်မှာ လာပါတယ်။

အဇိတ ကေသကမ္ဗလဝါဒကလည်း အလှူပေးခြင်း အကျိုးမရှိ ယစ်ပူဇော်ခြင်းလည်း အကျိုးမရှိ ကောင်းမှုမကောင်းမှုတို့၏ အကျိုးသည်လည်းမရှိ ပရလောက၌ တည်သူအဘို့ ပရလောက ရောက်အောင် လုပ်ကြသူတို့အဖို့ ဤလောကသည်မရှိ။

ဤလောကတည်သူအဘို့ ဤလောကကို ရောက်အောင်လုပ်ကြသူတို့အဘို့ တပါးသော လောကသည်မရှိ၊ အမိဟူသည်မရှိ အမိ၌ကောင်းအောင်ပြုလုပ်ခြင်း၊ မကောင်းအောင်ပြုလုပ်ခြင်း၏ အကျိုးမရှိဟုဆိုပါတယ်၊ အဘဟူသည်လည်းမရှိ အဘအပေါ်၌ ပြုလုပ်ကျိုးလည်းမရှိ သေ၍တဖန် ဖြစ်ကြသော သတ္တဝါများဟူသည်လည်းမရှိ ဤလောကကိုလည်းကောင်း၊ တပါးသောလောကကို လည်းကောင်း၊ ဉာဏ်အထူးဖြင့် ကိုယ်တိုင်သိကာ၊ မျက်မှောက်ပြုလျှက်ဟောကြားနိုင်သော ဖြောင့်မှန်သောအရိယာမဂ်သို့ ရောက်ကြသောအကျင့်ကောင်းရှိကြသော မဏာဗြဟ္မဏာတို့ဟူသည် ဤလောကကြီး၌မရှိကြတဲ့- ဘိုးဘိုး၊ ကြောက်စရာအယူပဲ၊ တစ်ဆင့်တက်ပြီး အဇိက ကေသကမ္ဗလက ပြောဟောပြန်သည်မှာ ဤသတ္တဝါဟူသည် မဟာဘုတ်လေးပါးအစုအဝေးဖြစ်၏။ သေသောအခါ မြေဓါတ်သည်မြေဓါတ်အစုသို့ ဆိုက်ရောက်၏။ ရေဓါတ်သည်ရေဓါတ်အစုသို့ဆိုက်ရောက်၏၊ မီးဓါတ်သည် မီးဓါတ်အစုသို့ ဆိုက်ရောက်၏။ လေဓါတ်သည် လေဓါတ်အစုသို့ ဆိုက်ရောက်၏ နာမ်ဣန္ဒြေ့ သည်ကောင်းကင်သို့ပြောင်းရွှေ့ကုန်၏။ ညောင်စောင်းလျှင် ငါးခုမြောက်ဖြစ်သော ယောကျ်ားတို့သည် သူသေကောင်ကိုယူ၍သွားကုန်၏။ သင်းကျိုင်းတိုင်အောင် သူသေကောင်တို့သည် ထင်ကုန်။ အရိုးတို့သည် ခိုအဆင်းကဲ့သို့ ဖြစ်ကုန်၏။ အလှူတို့သည် ပြာအဆုံးဖြစ်ကုန်၏။ အလှူပေးခြင်းသည် လူမိုက်တို့ကသာပညာတ်ထားကြ၏။

အချို့သူတို့သည် ပေးလှူခြင်းစသည်၌ အကျိုးရှိ၏ဟူသော ဝါဒကိုဟောပြောကြကုန်၏။ ထိုသူတို့၏ စကားသည်အချည်းနှီးဖြစ်၏။ မှားယွင်း၏ ယောင်ယမ်းပြောဆိုသော စကားဖြစ်၏။ လူမိုက်ဖြစ်စေ၊ ခန္ဓာကိုယ်ပျက်စီးလျှင် ပြတ်စဲကုန်၏။ ပျက်စီးကုန်၏ သေသည်၊ နောက်၌မရှိတော့ကုန် နောက်ဘဝဆိုတာ မရှိ

(ဤအတိုင်းလီခကွန်ပါဠိတော် သာမညဖလသုတ်)မှာလာပါတယ်ဘိုးဘိုး၊ အင်း-ဤဝါဒများ၏ ယူငင်ပုံများကို သေသေချာချာ လေးလေးနက်နက် စဉ်းစားဆင်ခြင်လေလေအဘယ်မျှ ကြောက်မတ်ဖွယ် ရင်လေးဖွယ် တုန်လှုပ်ထိတ်လန့်ဖွယ်ကောင်းသော ယူငင်ပုံဝါဒများဖြစ်ကြောင်း သိသာနိုင်လေလေ ဖြစ်လာပါတယ်။

ဒီဝါဒများအရ ဆန်းစစ်ကြည့်လျှင် လောကကြီးတစ်ခုလုံးရှိကြတဲ့ သတ္တဝါများကို (ကြိုးနိုင်ငယ်ညှင်း)ဆိုသကဲ့သို့ သတ်နိုင်အားရှိ၍ သတ်ကြသော်လည်းပဲအပြစ်မရှိ နိုင်ဆိုတဲ့ သဘောရောက်နေတဲ့ ဝါဒဆိုးကြီးပါတဲ့-

ပုရာဏနှင့် အဇိတဝါဒကို အကောင်အထည်ဖော်တာက ယခုကွန်မြူနစ်တွေပဲ၊ ဒီဝါဒသာ လွှမ်းမိုးသွားရင်တော့၊ ကမ္ဘာကြီးတစ်ခုလုံး အမိုက်တိုက်ကြီးဖြစ်တော့ မှာတဲ့၊ ဒီဝါဒကိုတော့ အတတ်နိုင်ဆုံး နည်းအမျိုးမျိုးသုံးပြီးတော့ ကာကွယ်စောင့်ရှောက်နိုင်မှ သာသနာတော်ကြီးအရှည် တည်တန့် နိုင်မှာဘဲ ကိုယ်တော်လေး-တပည့်တော်အတွက်ဒီလောက်ဆိုလျှင် အထောက်အကူ ရပါပြီ၊ သာဓု ကိုယ်တော်လေး သာဓုပါ-သာဓုပါ၊ ကဲကဲကိုယ်တော်လေး အဓိဋ္ဌာန် ပုတီးများ စိပ်ပါတော့၊ တပည့်တော် ကတော့ ညီလာခံအတွက် အစီအစဉ်များပြုလုပ်တော့မယ်ဆိုပြီး ပုရပိုက်ဖြင့် စာရေးရန် ပြင်နေတော့၏။

ကျွန်ုပ်က ပုရိက်ယူပြီးပုတီးကိုသာစိပ်တော့၏ ည ၁၀ နာရီထိုးတော့ ပါတ်ရေ ၁၂၀ ရ၍ အပိုနှင့် တကွပြီးသဖြင့် အနားယူအိပ်တော့၏။ ၁ ချက်ထိုးတော့ထ၏။ ပုတီးစိပ်ရန် ပရိက်ယူ၏၊ ဘိုးဘိုးအောင်ကြည့်တော့ မရှိတော့ပေ နံနက် ၆ နာရီထိုးလျှင် ပုတီးပတ် ၃၀ ရ၏။ မေတ္တာပို့ အမျှဝေ၏။ စိန္တာမုနိမန္တာန်တော်ကြီးရွတ်ပြီးမှ မှတ်တမ်းရေး၏။ ၁၃၁၆ တပေါင်းလဆန်း (၁၁)ရက် သောကြာနေ့ နံနက် (၆)နာရီ ပုတီးပတ် ၃၀ ရ၏။ မျက်နှာသစ် ကိုယ်လက်သန့်ရှင်းပြီး ပုတီးဆက်စိပ်၏။ နေ့ ၁၁ နာရီထိုးတော့ ပုတီးပတ် ၂၄ ပတ်ရ၏။လိမ္မော်သီး အုန်းသီးတို့ယူစား၍ အဟာရ အဘိုပြီးလိုက်၏။ ရေချိုးသွားပြီး ပြန်လာသောအခါ ဘိုးဘိုးအောင်ရောက်နေ၏။ ပုရပိုက်နှင့် စာရေးနေ၏။ ကျွန်ုပ်လည်း နေ့တစ်ချက်ကစ၍ ပုတီးစိတ်တော့၏။ ည ၁၂ နာရီမှာ ပုတီးပတ် ၇၀ ရ၏။ တစ်နေ့တာအဖို့ ၅၄ နှင့် ၇၀ ပေါင်းသော် ၁၂၄ ပတ်ရ၍ အပိုနှင့်တကွပြီး၏။ ထို့ကြောင့် ခေတ္တနား အိပ်၏။ ပုဂ္ဂိုလ်တစ်ပါးရောက်လာ၍ ဘိုးဘိုးအောင်နှင့် အစည်းအဝေးအကြောင်းတိုင်ပင်နေ၏။ ကျွန်ုပ် ၂ ချက် ထိုး၍ ထသောအခါတိုင်ပင် ဆွေးနွေးနေကြတုံးရှိသေး၏။ ပရိက်ယူပြီး ကျွန်ုပ်ကပုတီးစိပ်တော့၏။ နံနက် ၆ နာရီထိုးတော့ ၂၄ ပတ်ရ၍၊ မေတ္တာပို့ အမျှဝေ စိန္တာမုနိမန္တာန်တော်ရွတ်ပြီးမှတ်တမ်းရေး၏။ ၁၃၁၆- တပေါင်းလဆန်း (၁၂)ရက်စနေ (၆)နာရီခွဲပုတီးပတ် (၂၄)ပတ်ရ၏ မေတ္တာပို့ ဂါထာမန္တာန်များလည်း ရွတ်ပြီး၏။

မျက်နှာသစ်ကိုယ်လက်သန့်ရှင်းပြီး၊ ပုတီးစိတ်ပြန်၏။ ပုဂ္ဂိုလ်တစ်ပါးနှင့် ဘိုးဘိုးအောင်တို့လည်း ပုတီးစိတ်နေကြ၏။ နေ့ ၁၁ နာရီခွဲ၍၊ ငှက်ပျောသီးနှင့် သရက်သီး ၃ လုံးစီ ယူစားပြီး ရေချိုးထွက်လာ၏။ ပုဂ္ဂိုလ်တစ်ပါးနှင့် ဘိုးဘိုးအောင်တို့က ပုတီးစိပ်နေတုံးပင်၊ ပုတီးပတ် ၁၆ ပတ်စိပ်ပြီးခဲ့၏။ နံနက်က ၂၄ နှင့် ပေါင်းသော် ၅၀ ပတ်ရခဲ့၏။ ရေချိုးပြီးပြန်လာတော့တဲ့ ပုဂ္ဂိုလ်ကြီးနှစ်ယောက်တို့ ပုတီးစိပ်နေကြတုံးပင်၊ ကျွန်ုပ်လည်း ပရိက်ယူပြီး ပုတီးအဓိဋ္ဌာန်စိတ်တော့၏။ ၁၂ နာရီထိုးလျှင် ပုတီးပတ် ၇၀ ရ၏။ အားလုံးပေါင်း ၁၂၀

ရ၍တစ်နေ့တာအဘို့၊ ပြီးမြောက်တော့၏၊ ဘိုးဘိုးအောင်နှင့် စိတ်နေကြသော ပုဂ္ဂိုလ်ကြီးမှာမရှိတော့ ကျွန်ုပ်လည်းနားယူအိပ်လိုက်၏။ ၁၃၁၆ခု တစ်ပေါင်းလဆန်း (၁၃)ရက် နံနက်တစ်ချက်ခွဲအချိန်ထပြီး ပရိက်ယူ ပုတီးအဓိဋ္ဌာန်စိတ်၏၊ ဘိုးဘိုးအောင်က တော့စိတ်နေတာတွေ့ရ၏။ ပုဂ္ဂိုလ်တစ်ပါးကတော့ နံနက်မှာမတွေ့ရပေ။

နံနက် ၆ နာရီထိုးလျှင် ပုတီးပတ် ၂၆ ပတ်ရ၍ မေတ္တာပို့ အမျှဝေ-စိန္တာမုနိမန္တန်တော် ကြီးရွတ်ပြီး မျက်နှာသစ်ကိုယ်လက်သုတ်သင်ပြီးနောက် ဂူထဲပြန်ဝင်လာသောအခါ ဘိုးဘိုးအောင်ကို မတွေ့ရပေ။ ကျွန်ုပ်လည်း ပုတီးဆက်စိပ်၏။ နေ့ ၁၁ နာရီခွဲတော့ သပိတ်ထဲမှာ ဘူးကျော်နှင့် ကောက်ညှင်း ပေါင်းများ ဖွင့်ဖွင့်ခြင်းတွေ့ရသဖြင့် အခန့်သင့်ယူစားလိုက်၏။ တစ်နေ့တာအဟာရအတွက် ပြီးသွား၏။ ရေချိုးထွက်ပြီး ပြန်လာ၍ ပုတီးအဓိဋ္ဌာန်စိတ်၏။ ည၁၁ နာရီ ထိုးတော့ပုတီးပတ် ၁၂၀ ရ၏၊ ခေတ္တနားပြီးအိပ်၏။ နံနက် ၂ ချက်ထိုးတော့ထပြီး ပရိက်ယူ၍ ပုတီးစိပ်၏။ ဘိုးဘိုးအောင် မရောက်သေးပေ၊ နံနက် ၆ နာရီထိုးလျှင် ပုတီးပါတ် ၃၀ ရ၍ မေတ္တာပို့ အမျှဝေ၊ စိန္တာမုနိ မန္တန်တော် ကြီးရွတ်ပြပြီး မှတ်တမ်းရေး၏။ ၁၃၁၆ခု၊ တန်ပေါင်းလဆန်း (၁၄)ရက်၊ တနင်္လာနေ့ နံနက် (၆)နာရီ ပုတီးပတ် (၃၀)ရ၏။ ဘိုးဘိုးအောင်ကိုမတွေ့ရပေ။ ကျွန်ုပ်လည်း ပုတီးဆက်စိပ်၏။ နေ့ ၁၁ နာရီထိုးလျှင်ပုတီးပတ် ၂၄ ပတ် ရ၏၊ ပေါင်းသော် ၅၄ ပတ်ရ၏၊ သပိတ်ထဲဖွင့်ကြည့်လျှင် ကောက်ညှင်းပေါင်းနှင့် ဘူး ဘယာကျော် များအတွေ့ရပြန်၏၊ စားပြီး အဟာရကိစ္စပြီးလိုက်ပြန်၏၊ ရေချိုးထွက်ပြန်လာ -ပုတီးစိပ် နေ့ ၃ နာရီထိုးတော့ ဘိုးဘိုးအောင်ပြန်ရောက်နေ၏၊ကျွန်ုပ်နှင့်အတူ ပုတီးလာစိပ်နေ၏၊ ည ၁၁ နာရီထိုးလျှင် ပုတီးပတ် ၇၂ ပတ်ရ၍ တစ်နေ့အဘို့မှာပုတီးပတ် ၁၂၆ပတ် ရ၏၊ အကျွန်ုပ်အနားယူမည်လုပ်တော့ ဘိုးဘိုးအောင်က ကိုယ်တော်လေး ဒီကနေ့မအိပ်နဲ့တော့ တပေါင်းလပြည့်နံနက် ၁ ချက်မှာ ညီလာခံကျင်းပမှာဖြစ်တယ်။ တပည့်တော်နှင့်အတူ မဟာမြိုင်ကို လိုက်ခဲ့ရမယ် ကောင်းလှပါပြီ ဘိုးဘိုး။

လာ လာ ကိုယ်တော်လေး အလောင်းတော်ကဿပရှေ့တွင် ကိုယ်တော်လေးက သုဂတော (၅)ချက်၊ ၉၃ ပတ်စိပ် တပည့်တော်က အရဟံ ဂါထာ ၃ ပတ်စိပ်မယ်၊ ပြီးလျှင်ညီလာခံကြီးကို သွားကြ၏။ ၁၃၁၄-ခုတန်းပေါင်းလပြည့် ၃-အင်္ဂါနေ့ နံနက် (၁)နာရီတိတိတွင် မဟာမြိုင်သဘင်ကြီး စတင်၍ ဖွင့်လှစ်ကြောင်း အကျိုးတော်ဆောင် ဘိုးဘိုးအောင်က ကြေငြာသောအသံသည် ကြည်လင်ပြတ်သား၍ တည်ကြည်ခံ့ညားကြလှပေ၏။ မဟာမြိုင် ညီလာခံသဘင်ကြီးကျင်းပသော နေရာမှာ မဟာမြိုင်မြ တောင်တန်းကြီး၏ အရှေ့ဘက်ရှိ "လောကသရဖူသောင်းထွန်းကြေရာဘုရားကြီး" ဖြစ်ပေသည်။ ထိုဘုရားကြီး၏ တံတိုင်းအတွင်းခန်းနားစွာ ဆင်ယင်ကျင်းပထားသည်မှာ အခင်းများကလည်း ကတ္တီပါ- အဖြူရောင် ကဲ့သို့ တဖိတ်ဖျတ် တောက်နေသော အခင်းများဖြစ်ပေသည်။ စင်အနိမ့်အမြင့် ၅ ဆင့်ရှိ၏။ အပေါ်ဆုံး စင်ပေါ်မှာ (သံဂုံ ပမယျ)ဟူသော ရွှေစာလုံးကြီး များဖြင့် ရေးထားသော၊ ဘုရားငါးဆူ လူတစ်ရပ်လောက် တင်ပလ္လင်ခွေ ရုပ်ပွားတော် ကြီးများရှိပေ၏။ ဘုရားပေါ်မှ ကနကဒန်ထီးဖြူကြီးများ ဖုပ်မိုးထား၏။ ဘုရား ၅ ဆူတို့၏ရှေ့တော်မှာ စိန်ပန်းခိုင်၊ ပုလဲပန်းခိုင်၊ရွှေပန်းခိုင် တို့ဖြင့် ပူဇော် လှူဒါန်းထားတာတွေ မြင်ရပေမည်။

ထိုဘုရား ၅ ဆူအောက်တွင်ရှိ ဒုတိယစင်မြင့်ပေါ်မှာ နာယကဆရာတော်ကြီးများ ၁၂ ပါးတို့ သတင်းသုံးလျှက်ရှိတော်မူသည်။ တတိယစင်မြင့်ပေါ်မှာ နာယက ဆရာတော်ကြီးများ ၁၈ ပါးတို့ သီတင်းသုံးတော်မူလျှက်ရှိ၏။ စတုတ္ထစင်မြင့် ပေါ်မှ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ဆရာတော်ကြီးများ ၂၈ ပါးတို့ သီတင်းသုံးတော်မူလျှက်ရှိကြပေသည်။ ပဥ္စမစင်မြင့်အောက်ဆုံးထပ်တွင် အဖွဲ့အသီးသီးတို့၏ ဥက္ကဋ္ဌ ဆရာတော်ကြီးများ ၂၇ ပါးတို့ သီတင်းသုံးတော်မူလျှက်ရှိကြပေသည်။ မြေညီထပ်တွင် ညီလာခံသဘင်ကြီး၏ တစ်ဝက်လောက်မှာ သံဃာတော်ပေါက်ပုဂ္ဂိုလ်အရှင်မြတ်များ ၁၀၀၀ ကျော် လောက် သီတင်းသုံးတော်မူလျှက်ရှိကြပေသည်။ ထိုအရှင်မြတ်များနောက်က ဘိုးတော်များ ၁၀၀၀ ကျော်လောက် သံဃာတော်များဘက်လှည့်၍ ဒူးတုတ်လျှက်နေကြပေသည်။ ပုဂ္ဂိုလ်ကြီးများနောက်မှ ယောဂီအဝတ်နှင့် မယ်တော်များ ၂၀၀၀ လောက် ဒူးတုပ်လက်အုပ်ချီပြီးခေါင်းငုံ့လျှက် ကျိုးနွံစွာ နေကြပေသည်။ ဘိုးတော်များထဲတွင် ရှေ့ဆုံးအလည်လောက်မှာ ဘိုးဘိုးအောင်ပိတ်ဖြူဝတ်စုံနှင့် ပိတ်ဖြူလောဘတ်၊ ရွှေမြိတ်ချကာ ဒူးတုတ်၍ ထိုင်နေပေသည်။ ကျွန်ုပ်မှာမူ ဘိုးဘိုး၏ရှေ့နား သံဃာတော်များနောက်ဆုံးတွင် ဘုရားငါးဆူဘက် မျက်နှာမူလျှက် ထိုင်နေရပေသည်။ ထိုအခန်းအနားမှာ အားလုံးအဖြူရောင် အခင်းအဖြူ ရောင်တံခွန် ကုက္ကား အဖြူရောင်ပန်းရောင်များ အဖြူရောင်အလံများ၊ အဖြူရောင်မီးများတို့တန်ဆာဆင်ထားသဖြင့် သံဃာတော်များမှာ အလွန်ပေါ်လွင်၍ အလွန် ကြက်သရေရှိလှပေသည်။ ဘိုးဘိုးအောင်သည်၊ ဘိုးတော်များ ရှေ့မှထပြီးလျှင် ဘုရားငါးဆူနှင့် မထေရ်ကြီးများ သံဃာတော်များဘက်လှည့်၍ အထက်ပါအတိုင်း အခန်းအနားဖွင့်ကြောင်း ပြောကြားပြီးနောက် မဟာမြိုင်ညီလာခံသဘင်ကြီးသို့ ကြွရောက်တော်မူလာကြသော နာယက ဆရာတော်ကြီးများ၊ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်၊ ဆရာတော်များ အရှင်မြတ်များ ဘိုးတော်များ မယ်တော်များ၊ အပေါင်းတို့က ဘဒ္ဒကမ္ဘာ၌ အမြတ်ဆုံးဘုရားငါးဆူအားအနေကဇာတင် ပူဇော် ကန်တော့ကြပြီး မေတ္တာသုတ်တော် အကျယ်ပွားများကြပါကုန်စို့ ဟုဆိုလိုက်သည်နှင့် တပြိုင်နက်အနေကဇာတင် သံမေတ္တာသံတို့ ပဲ့တင်ထပ်၍ သွားပေသည်။ ထိုကဲ့သို့ ကန်တော့ မေတ္တာပွားပြီးမှ အထက်ဒုတိယစင်မြင့်မှ အလယ်ခေါင်က မထေရ်ကြီးကသီလယူရန် မိန့်တော်မူ၍ ဘိုးတော်၊ မယ်တော်တို့ ၉ ပါးသီလယူကြလေသည်။ ၉ ပါးသီလယူပြီးနောက်၊ ဘိုးဘိုးအောင်က ပရိတ်သတ်အလယ်မှာ မတ်တပ်ရပ်ပြီး သံဃာတော်များဘက် ဦးညွှတ်လက်အုပ်ချီ၍ အစီအစဉ်များကို လျှောက်ထားသည်-

၁။ ပထမ နာယက ဆရာတော်ကြီးများက ဩဝါဒပေးတော်မူပါရန်ပါဘုရား။

၂။ ဒုတိယ သာသနာတော်ဘယ်ကဲ့သို့ တည်တန့်ခိုင်မြဲစေရန် ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးပါဘုရား။

၃။ တတိယ သာသနာထွန်းလင်းစည်ပင် ပြန့်ပွားရေးနှင့် သာသနာအန္တရာယ်များ ဖယ်ရှားရန်ပါဘုရား ဤကဲ့သို့ အစီအစဉ်များ လျှောက်ထားပြောကြားပြီး ဘိုးဘိုးအောင်သည် ဦးညွှတ်လက်အုပ်ချီပြီး ထိုင်သွားလေသည်။

နာယကဆရာတော်ဘုရားကြီးက ဩဝါဒပေးတော်မူသည်မှာ-

စိတ္တေနနိယတေလောကောဟု မြတ်စွာဘုရားဟောတော်မူသည်၌၊ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့၏ကိုယ်၌အမြဲတည်ရှိနေသောစိတ်သည်၊ ကုသိုလ်ဘက်အကုသိုလ်ဘက်နှစ်ဘက်ရှိရာ၊ အကုသိုလ်ဘက်သို့မပါပါအောင် ဆွဲဆောင်တတ်၏ ဟူ၍ တရားဟောတော်မူသည်နှင့်အညီ ကမ္ဘာလောကကြီးသည် သက်မဲ့မျှသာဖြစ်၍ ငြိမ်းချမ်းမှုရအောင် ဆူပူအောင်မပြုပြင်တတ်ပေ။ စင်စစ်အားဖြင့် ကမ္ဘာပေါ်၌ တည်ရှိသော လူနတ်ပြဟ္မာသတ္တဝါတို့၏ စိတ်သည်သာ ငြိမ်းချမ်းမှုရအောင် ဆူပူအောင် ပြုပြင်စီရင်တတ်၏။ ထို့ပြင် စိတ်သည် ကြံပုံစီပုံဆန်းကြယ်သောကြောင့် ဝတ်ပုံစားပုံ နေထိုင်လုပ်ကိုင်ပုံ ပြောဆိုပုံအတတ်ပညာအဖုံဖုံ တို့ဆန်းကြယ်ကြကုန်၏ ဆိုးသွမ်းသောဘက်၌လည်း စိတ်သည်ခေါင်းဆောင် ဖြစ်တယ်၊ ကောင်းမြတ်သောဘက်၌လည်း၊ စိတ်သည်ခေါင်းဆောင်ဖြစ်တယ်၊ စိတ်ကဆန္ဒပြင်းပြလာလျှင် ဘာမဆိုဖြစ်နိုင်သည်။ ထို့ကြောင့် ဘုရားရှင်က ဆန္ဒဝတောဘိက္ခဝေနသိဇ္ဈတိ ဟုဟောထားပေတယ်၊ ကမ္ဘာသူကမ္ဘာသား မြန်မာပြည်သူမြန်မာပြည်သား သတ္တဝါများတို့ ငြိမ်းချမ်းအေးမှုရရှိအောင် ဆောင်ရွက်ရာ၌ စိတ်သည် အလွန်အမင်း အရေးကြီး၏။

ဘာသာ သာသနာကျင့်ဝတ်များကို ဖျက်စီးတတ်သော စိတ်ယုတ်စိတ်မိုက်တို့ကို မိမိတို့၏ ကိုယ်တွင်း၌ မဝင်လာဘဲ ဘာသာ၊ သာသနာတရားကြီးပွားတိုးတက်အောင် ကျင့်ကြံ ပြုလုပ်ဆောင်ရွက်ရာ တို့၌လည်း စိတ်သည် အလွန့်အလွန် အရေးကြီးပွားတိုးတက်အောင် ကျင့်ကြံပြုလုပ် ဆောင်ရွက်ရာတို့၌လည်း စိတ်သည် အလွန်လွန် အရေးကြီးဆုံးဖြစ်၏။ သို့ဖြစ်၍ ကမ္ဘာလောကကြီးတစ်ခုလုံး ငြိမ်းအေးမှုအစဉ် ဖြစ်ပေါ်ပြီးလာအောင် စိတ်ဆိုးစိတ်မိုက်တို့ကို နွားကြောင်းတို့သည် နွားရိုင်းနွားမိုက်တို့ကို နွားချည်တိုင်ကြီးတို့၌ ကြိုးဖြင့် ချည်နှောင်၍ယဉ်ကျေးအောင် တုတ်ဖြင့်ဆုံးမသကဲ့သို့ မိမိတို့၏ ကိုယ်၌ ကိန်းအောင်းလျက်ရှိသော လောဘ၊ ဒေါသ၊ မောဟ တည်းဟူသော စိတ်ကို၊ သမာဓိတည်းဟူသော သည်တိုင်ကြီး၌ သတိတည်း ဟူသော လွန်ကြိုးကြီးဖြင့်မြဲစွာဖြင့်နှောင်းချိန်၍ ဆုံးမကြပါပါဟု တိုက်တွန်း၍ နိဂုံးချုပ်လိုက်ပါသည်။

ညီလာခံသဘာပတိကြီးက သာဓုသာဓုသာဓုဟု တပြိုင်နက်ခေါ်ကြသော အသံသည် မြေကြီးတုန်ဘန်းမျှပဲ့တင်ထပ်သွားလေသည်။

ထို့နောက်နာယကဆရာတော်ကြီးက ဒကာအောင် ကြွရောက်လာကြသော ပုဂ္ဂိုလ်များကို သဘာ၌ အသိအမှတ်ပြုရန် ဖျောက်ထားပါဟု အမိန့်တော်ရှိလိုက်သည်နှင့် တပြိုင်နက် ဘိုးဘိုးအောင် သည် သံယာဥသျှောင် ထေရ်ကြီးများဘက်သို့ ဦးညွတ် လက်အုပ်ချီပြီး အောက်ပါအတိုင်းပုရပိုဒ်ဖြင့် ဖတ်၍ ဖျောက်ထားလေသည်-

၁။ မိန့်ခွန်းတော်သဘော နာယက အရှင်ဒေဝိသာရမထေရ်မြတ်ကြီးနှင့် သံဃာ (၂၀)။
၂။ နာယက အရှင်လာဘ်သာရမထေရ်မြတ်ကြီးနှင့် သံဃာ (၂၀)
၃။ နာယက အရှင်နာဂိသာရမထေရ်မြတ်ကြီးနှင့် သံဃာ (၂၀)
၄။ နာယက အရှင်ဝါယမိသာရမထေရ်မြတ်ကြီးနှင့် သံဃာ (၂၀)
၅။ နာယက အရှင်ဣန္ဒာစတ္တာဘိဇေယျသာရိယမထေရ်မြတ်ကြီးနှင့် သံဃာ (၂၀)

၆။ နာယက အရှင်ပညာဘိဇဗ္ဗက္ကသာရိယမထေရ်မြတ်ကြီးနှင့် သံဃာ (၂၀)

၇။ နာယက အရှင်ကဝိန္ဒာဓဇဗ္ဗက္ကသာရိယမထေရ်မြတ်ကြီးနှင့် သံဃာ (၂၀)

၈။ နာယက အရှင် ဣယာဘိဇဗ္ဗက္ကသာရိယမထေရ်မြတ်ကြီးနှင့် သံဃာ (၂၀)

၉။ နာယက အရှင်မုနိန္ဒာဘိဇဗ္ဗက္ကသာရိယ မထေရ်မြတ်ကြီးနှင့် သံဃာ (၂၀)

၁၀။ နာယက- အရှင်ဉေယျာဘိဇဇ က္ကုသာရ မထေရ်မြတ်ကြီးနှင့် သံဃာ (၂၀)

၁၁။ နာယက- အရှင်ဉာဏာဘိဇဇလင်္ကာရ က္ကုသာရ မထေရ်မြတ်ကြီးနှင့် သံဃာ (၂၀)

၂။ နာယက- အရှင်အာစာရာဘိဇဇက္ကုသာရ မထေရ်မြတ်ကြီးနှင့် သံဃာ (၂၀)

၁။ နာယက- အရှင်ပညာလင်္ကာရအမှူးရှိသော ဂိုဏ်းချုပ် (၁၈)ပါး မထေရ်ကြီးများ

၂။ အရှင်ယသ အမှူးရှိသော ဂိုဏ်းအုပ်ဂိုဏ်းထောက်မထေရ်ကြီးများ (၂၈)ပါး

၃။ ဖားမဲ့ဆရာတော် အမှူးရှိသော ဖားလေးဖားနှင့် သံဃာ (၂၇)ပါး (မရမ္မရဋ္ဌ) (အင်း၀)

၄။ အရှင်က္ကုန္ဒာစရိယ အမှူးရှိသော သံဃာ (၁၈)ပါး (သီဟိုဠ်)

၅။ အရှင် ပညာရံသီ အမှူးရှိသော သံဃာ (၁၈)ပါး (သီဟိုဠ်)

၆။ အရှင်မေဓါလင်္ကာ အမှူးရှိသော သံဃာ (၁၈)ပါး (မဇ္ဈိမ)

၇။ အရှင်သြဘာသ အမှူးရှိသော သံဃာ (၁၈)ပါး (မဇ္ဈိမ)

၈။ အရှင် နာဂသာရအမှူးရှိသော သံဃာ (၁၈)ပါး (ဂန္ဓာရ)

၉။ အရှင် သိဒ္ဓဝရ အမှူးရှိသော သံဃာ (၁၈)ပါး (ဂန္ဓာရ)

၁၀။ အရှင် ခန္တီ အမှူးရှိသော သံဃာ (၁၈)ပါး (ယောနက)

၁၁။ အရှင် ကိတ္တိဇဇ အမှူးရှိသော သံဃာ (၁၈) ပါး

၁၂။ အရှင် ပညာဇောတ အမှူးရှိသော သံဃာ (၁၈)ပါး

၁၃။ ဤမဟာမြိုင်တွင် သီတင်းသုံးတော်မူကြသော မဟာမြိုင်ဆရာတော်ဘုရားကြီး အမှူးရှိသော သံဃာတော် (၆၅၀)။

၁၄။ ဘိုးစကြာ၊ ဘိုးသက္က၊ ဘိုးမေတ္တာ၊ ဘိုးသစ္စာ၊ ဘိုးနန္ဒ၊ ဘိုးဖြူ၊ ဘိုးသက်ရှည်၊ ဘိုးဘက်ဝါ၊ ဘိုးတေဇ၊ ဘိုးပေါက်ဆိန်၊ ဘိုးတက်ပုတ်၊ ဘိုးစည်၊ ဘိုးဇေယျ၊ ဘိုးတင်၊ ဘိုးခင်၊ ဘိုးမင်းခေါင်၊ ဘိုးဘိုးအောင်၊ ဘိုးမင်း ဤပုဂ္ဂိုလ် (၁၈)ဦးတို့ အမှူးရှိသော ပုဂ္ဂိုလ်ကြီးများ (၁၈၀၀)

၁၅။ အမေနှင်း၊ အမေမှုံ၊ အမေခင်၊ ထိပ်ထားကြီး၊ ထိပ်စုမြတ်၊ အမေတင်၊ အမေအေး၊ အမေသူဇာ၊ မြလေးခင်၊ တင်တင်ကြီး ဤမယ်တော်ဆယ်ယောက် အမှူးပြုကြသော မယ်တော် (၁၉၂၀)ယောက်။

အားလုံးပေါင်း ညီလာခံသဘင်ကြီး တက်ရောက်ကြသော အရှင်မြတ်ကြီးများ ဦးရေ ၁၁၂၅

ပုဂ္ဂိုလ်ကြီးများ ဦးရေ ၁၈၀၀

မယ်တော်ကြီးများ ဦးရေ ၁၉.၂၀

၄၈၄၅ ဖြစ်ပါသည် ဘုရား ၄၈၄၅

ဤကဲ့သို့ အသိမှတ်ပြုရန် လျှောက်ပြီးနောက်၊ နာယက ဆရာတော်ဘုရားကြီးက သာသနာတော်ဘယ်ကဲ့သို့ တည်တံ့ခိုင်မြဲစေရန်နှင့် ထွန်းလင်းပြန့်ပွားစေရန်၊ သာသနာ့အန္တရာယ်များကို ဘယ်ပုံဖယ်ရှားရန်တို့ကို တစ်ခါတည်းပြီးစီးသွားအောင် ဒကာအောင်က သာသနာအစဉ်အဆက်နှင့် သံဂါယနာတင်ခြင်း သာသနာသန့်ရှင်းခြင်းတို့ကို ဤဘာသာကြီး၌ တင်သွင်းလျှောက်ထားပါ-ဟု မိန့်တော်မူလိုက်သည်နှင့် တစ်ပြိုင်နက် ဘိုးဘိုးအောင်က ရိုသေလေးစားစွာ လက်အုပ်ချီဦးညွှတ်ပြီး အောက်ပါအတိုင်း တင်သွင်းလျှောက်ထားသည်မှာ-

သက်တော် ၂၁၀၀ သိက္ခာတော် ၂၀၈၀ ရရှိတော်မူသော မဟာနာယကချုပ် ၁၂ ပါးတို့တွင် မဟာသက်တော်ရှည် ဖြစ်တော်မူသော အရှင်မြတ်ကြီးအမိန့်တော်ကို ဦးထိပ်ရွက်ပန်ဆင်လျှက် ရှေးဦးစွာ ဘုရားအလောင်းတော် ဖွားဖြင်တော်မူသည်မှစ၍ ယခုမျက်မှောက်ခေတ်တိုင်အောင် သာသနာသန့်ရှင်းရေး ပြုလုပ်တော်မူကြခြင်းနှင့် သာသနာပြန့်ပွားအောင် ပြုလုပ်ပုံများကို လျှောက်ထား ပါမည်ဘုရား။

အလောင်းတော်။ ။ ကမ္ဘာတစ်သိန်းအလွန်ရှိသော အသင်္ချေအတွင်း၌ ဆည်းပူးတော်မူ၍ဖွားမြင်ခန်း ပါရမီအထွဋ်အထိပ်သို့ ရောက်တော်မူသော အလောင်းတော် သိဒ္ဓတ်မင်းသားသည်၊ ဒေဝဒတ် ပြည်ကြီးကို အစိုးရသော ဘုရားဘိုးတော်အဥ္စနမင်းကြီးသည် ဆရာဒေဝီလရသေ့နှင့် တိုင်ပင်၍ မဟာသက္ကရာဇ် ၈၆၄၇ ခုသို့ရောက်လျှင် (နဝစန္ဓေ) ဖြိုကိန်းရောက်သဖြင့် မဟာသကဋ်ရာဇ် (၈၆၄၇)ခုကို ဖြို၍ အစွန်းတစ်ခု ကလိယုဂ်သက္ကရာဇ်ကို ထားတော်မူခဲ့ပါတယ်။ထိုနှစ်ပင်ဘိုးတော် အဥ္စနမင်းကြီး နတ်ရွာစံပါသည်၊ ဘိုးတော်၏ သားတော် သုဒ္ဓေါဓနမင်းကြီး ဆက်ခံ၍ ကပိလဝတ်နေပြည်တော်ကြီးကို ထီးနန်းစိုးစံတော်မူပါသည်။ ၎င်းနောက်သက္ကရာဇ် (၆၇)ခု ဝါဆိုလပြည့် ကြာသပတေးနေ့ ဥတ္တရာသံနက္ခနှင့် စန်းနတ်ယှဉ်လျှက် ဘုရားအလောင်းတော်သည်၊ တုသိတာနတ်ပြည်မှ စုတေ၍ မယ်တော်မာယာဝမ်း၌ သန္ဓေယူတော်မူပါသည်။ သန္ဓေတော်ယူ၍ ဆယ်လပြည့်သဖြင့် သက္ကရာဇ် (၆၈)ခု ကဆုန်လပြည့် သောကြာနေ့ဖွားမြင်တော်မူပါသည်။ ဘုရားဖြစ်တော်မူခြင်း ဖွားမြင်တော်မူပြီး၍ သက်တော် (၁၆)နှစ်သို့ ရောက်တော်မူလျှင် သက္ကရာဇ် (၈၄)ခုတွင် သုပ္ပဗုဒ္ဓမင်းကြီး၏ သမီးတော် ယသော်ဓရာ ဗိမ္ဗာဒေဝီနှင့် စုံဘက်တော်မူ၍ ရွှေနန်းစည်းစိမ်း အပ်နှင်းတော်မူသဖြင့် မင်းသမီးရှစ်သောင်းခြံရံလျှက်စံတော်မူသည်။ စည်းစိမ် ၁၃နှစ်စံတော်မူ၍ ၂၉ နှစ် သို့ ရောက်တော်မူလျှင် သားတော် ရာဟုလာကို ဖွားမြင်သည့်နေ့၊ သက္ကရာဇ် ၉၇ ခု ဝါဆိုလပြည့် တနင်္လာနေ့ သန်းခေါင်ယံ ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်လျှက်တောထွက်၍ အနော်မာမြစ်နား၌ ဒုက္ကရစရိယာ ၆ နှစ်ကျင့်တော်မူပါတယ်၊ ဒုက္ကရစရိယာ ၆ နှစ်ကျင့်၍ သက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ဝိသာခါ နက္ခနှင့်ယှဉ် ဗောဓိပင်၌ ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။

## သိက္ခာပုဒ်ပညတ်ခြင်း

ဘုရားဖြစ်ပြီး နောက် ၁၂ နှစ်အရ မဟာဘောဓိအတွင်း သက္ကရာဇ် ၁၁၅ ခုတွင် ရှင်သုဒိန် ရဟန်းပြုလာသည်၊ ဘုရားသခင်ဝါတော် ၂၀ အရ သက္ကရာဇ် ၁၂၃ -ခုနှစ်တွင် ရှင်သုဒိန်သည်၊ ရှစ်ဝါအရဆွေမျိုးအိမ်သို့ ကြွ၍ ဆွမ်းရပ်သောအခါ မယားဟောင်းကမျိုးစေ့တောင်း၍ မဟာဝုန် တောဝယ်လွန်ကျူး မှားယွင်းမိသဖြင့် ဝေသာလီပြည်၌၊ ပဌမသိက္ခာပုဒ်ကို ရှင်သုဒိန်ကို အစပြု၍ ပညာတ်တော်မူပါသည်။

ဤသို့ မပညာတ်သေးသော သိက္ခာပုဒ်များကို လွန်ကျူးသမျှ ပုဂ္ဂိုလ်တို့အား သိက္ခာပုဒ်ကို ထောက်ရှု့တော်မူသဖြင့် အသီးသီး ပညာတ်တော်မူရပေသည်။ သိက္ခာပုဒ်တော် မပညာတ်မီက လွန်ကျူးမှားယွင်းသမျှ အစဦးဖြစ်လျှင်၊ (မေယပုရိသံ) သာ အပြစ်တင်တော်မူ၍၊ ကိုယ်တော်နှင့် မကွာ ဆုံးမသြဝါဒခံပြီး သာသနာတော်မှ အပမဖြစ်သေး တရားကို ကျင့်ရပြန်ပေသည်။

အာဒိကမ္မိကပုဂ္ဂိုလ်တို့အား သိက္ခာပုဒ်ကို ပညာတ်တော်မူပြီးသည့်နောက် သိက္ခာပုဒ်များကို လွန်ကျူးမှားယွင်းပြန်လျှင် သာသနာတော်မှ အပဖြစ်ထိုက်သူကို သာသနာတော်မှ အပဖြစ်စေသည်။ တရားဓမ္မကံဖြင့် ကူမ၍၊ စင်ကြယ်နိုင်သော သိက္ခာပုဒ်ဖြစ်လျှင် စင်ကြယ်အောင်ပြု၍ သာသနာတော်နှင့် မကင်းမကွာ ထမ်းရွက်ကျင့်ဆောင်စေသည်။

## ပရိနိဗ္ဗာန်ပြုတော်မူခြင်း

ဤသို့လျှင်သခင်သည်၊ သက်တော် (၈၁)၊ ဝါတော် (၄၅)ဝါပတ်လုံး လူနတ်ဗြဟ္မာသတ္တဝါ အပေါင်းတို့အား ဆုံးမသြဝါဒပေး၍ ချွတ်တော်မူပါသည်။ သက္ကရာဇ် ၁၄၈ ခု ကဆုန်လပြည့် အင်္ဂါနေ့ ရွှေပြည်နိဗ္ဗာန်ဝင်စံတော်မူသည်ဟု ရွှေညောင်စောင်း၌ လျောင်းတော်မူစဉ် (ငါဘုရားပရိနိဗ္ဗာန် စံဝင်တော်မူသည့်နောက်၊ ငါဟောကြားတော်မူခဲ့သော ဓမ္မခန္ဓာ ရှစ်သောင်းလေးထောင်သည် ငါဘုရားထင်ရှားရှိဘိသကဲ့သို့သာသနာတော်ငါးထောင်တိုင်အောင် ဆုံးမပဲ့ပြင်ရစ်လတ္တံ့ဟုဗျာဒိတ်စကား ထားတော်မူခဲ့၍၊ ကဆုန်လပြည့် ဝိသာခါနက္ခတ်မွန်းတည် မိုးသောက်ယံ၌ အင်္ဂါနေ့တွင် ပရိနိဗ္ဗာန်ပြုတော်မူပါတယ်ရှင်မဟာကဿပသည်ဘုရားသခင် ကုသိနာရုံ ပြည်သို့ကြွမတော်မူသော အကြောင်းကို သိတော်မူလျှင် ပါဝါပြည်မှ သံဃာတော်(၅၀၀) ခြံရံလျှက်လာခဲ့သော ခရီးအကြား၌ အာဇီဝကတက္ကဒွန်းကိုတွေ့၍ ဘုရားသခင်အကြောင်းကို မေးလျှင်အရှင်မဟာကဿပက အကျွန်ုပ် ဘုရားသခင်ထံမှ လာခဲ့သည်။ ဘုရားသခင် ကဆုန်လပြည့်အင်္ဂါနေ့ကပရိနိဗ္ဗာန်ပြု၍ ယနေ့ (၇) ရက်ရှိပြီဟု အာဇီဝကပြောဆိုသောစကားကိုကြားကုန်၍၊ အရိယာမှတစ်ပါး-ပုထုဇဉ်ရဟန်းအပေါင်းတို့သည်၊ ပရိဒေဝတောက်လောင်လျက်လောက၌ ဘုရားသခင် လျှင်စွာကွယ်ခဲ့သည် ငါတို့ ကိုးကွယ်ရာ မရှိပြီဟု၊ ငိုမြည်တမ်းလျက် ပြင်စွာ ပူဆွေးစဉ်၊ ဘုရားသခင်ပေါ်၌ အညီးသားနေသော တောထွက်သုဘရဟန်း ကြီးသည်၊ အဘယ်မှု၍ငိုကြွေးကုန်ဘိနည်း၊ အဘယ်မှု၍

စိုးရိမ်ရအံ့နည်း၊ ရှင်တို့ ဆရာဘုရား ဂေါတမစကားများနှင့်ကင်းကွာသည်ကို ဝမ်းမြောက်ဝမ်းသာရှိကောင်းပြီ တကားဟု မဖွယ်ရာသော စကားဖြင့် သံဃာ့အလယ်၌ ဆိုသော သုဘဒ်စကားကို ရှင်မဟာကဿပကြားလျှင် ဦးခေါင်းတော်၌ မိုးကြိုးစက်သွားကျ သကဲ့သို့ရှိတော်မူပါတယ်။

ဤသို့ဆိုသော ဤရဟန်းကို ဦးကျားရိတ်၍ ဦးခေါင်းကို ပြာပတ်၍ လှည့်လည်သဖြင့် ကြဉ်စေကောင်း၏ဟုဆိုတော်မူသည်။ စဉ်းစားပြန်သော်ဘုရားသခင်မီးငွေ့မစခင်အမျှဖြစ်ကြသည် ဟူ၍ လူတို့ ကဲ့ရဲ့မည်ကို စိုးရိမ်၍ သာနေလိုက်ရပေသည်ဟု မိန့်တော်မူ၍ သံဃာတော်အ ပေါင်းနှစ်သိမ့်စေလျှက်၊ ကုသိနာရုံပြည်သို့ ကြွရောက်လျှင်နတ်များဝမ်းမြောက်ကြ၏။ ရှင်မဟာ ကဿပလည်း လက်ျာရစ်သုံးပတ် လှည့်၍ ခြေတော်အစုံကို ဦးခိုက်ပူဇော်ပြီးသော် ကဆုန်လပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့ တေဇောဓါတ် လောင်တော်မူ၍၊ သဂြိုဟ်ခြင်းကိစ္စဓါတ်တော်ပူဇော်ခြင်းကိစ္စ သတ္တာဟပေါင်းသုံးပါး ၂၁ ရက်၊ နယုန်လဆန်း ၄ ရက်၊ တနင်္ဂနွေနေ့ ဓါတ်တော်ကို ၇ ပြည်တောင်မင်းတို့အား ဝေ၍ ပေးပါတယ်။

အရှင်မဟာကဿပလည်း ဓါတ်တော်ဝေသည့်နေ့ ပရိတ်သတ်လေးပါးတို့၏ အလယ်၌ နေတော်မူလျှက် သုဘဒ်ရဟန်းမဖွယ်မရာသောစကားပြောကြားခြင်းကို၊ အောက်မေ့တော်မူလျှက် ဤအကြောင်းသည် ရှိလေသေး၏။ ဤအကြောင်းကြောင့် ယုတ်မာသော အလိုရမ္မက်ရှိသော ရဟန်းတို့သည် ဘုရားမရှိလျှင် တရားမရှိပြီဟု မှတ်ထင်ကုန်သည် ဖြစ်၍ အလဇ္ဇီ ဒုဿီလ အပင်းအသင်း ရသဖြင့် ဘုရားစကားတော် ပိဋကသုံးပုံသည် ကွယ်ပျောက်လေရာ၏။ အကြင်မျှလောက်သုတ်ဝိနည်း၊ အဘိဓမ္မာသည် တည်၏။ ထိုမျှလောက်သော သာသနာမကွယ်နိုင်သည်သာဖြစ်၏။

ငါ၏ဆရာ ဘုရားသခင်ကိုယ်တော်မြတ်လည်း "ငါ၏ တပည့်မဟာကဿပသည် ငါကဲ့သို့ ဝေဏေယျတို့ကို ဆုံးမပေလတ္တံ့၊ ငါ၏ သာသနာကိုလည်း ချီးမြှောက်လတ္တံ့ဟု အရိယာသံဃာများနှင့် ပရိတ်သတ် လေးပါးတို့၏ မျက်မှောက်ဗျာဒိတ်ကြားတော်မူသည် အတိုင်း" ကျေးဇူးတော်ဆပ်အံ့ဟု အောက်မေ့တော်မူ၍-

ငါ့ရှင်တို့-ရာဇဂြိုဟ်မှာဝါဆိုမည်၊သင်္ဂါယနာလည်းတင်မည်၊ အရက်လေးဆယ်မျှကြွင်းတော့ သည်၊ ကြေကွဲသည်များကို အရပ်တိုင်းမြို့တိုင်းသွား၍ စိတ်နှလုံးပြည့်အောင် ညတ်တင်ချေ ဝါဆိုလဆန်း ၁၄ ရက်၊ ရာဇဂြိုဟ်ပြည်သို့ ရောက်ကြစေ။

ညတ်ကမ္မဝါစာရွတ်၍ ကတိကဝတ်ပြုပြီးလျှင် အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ တို့သည် မိမိတို့၏၊ သံဃာတို့ကို ခေါ်ယူဆောင်၍ ၂၅ ယူဇနာကွာသော ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူပါတယ်။

ထို့အတူ၊ အရှင်အာနန္ဒာမှာလည်း တပည့်သံဃာတို့ကို ခေါ်ဆောင်၍ ၅ ယူဇနာကွာသော သာဝတ္ထိသို့ ကြွတော်မူလေသည်။ အရှင်ပုဏ္ဏာဟေရ်သည်လည်း ၇၀၀ သောရဟန်းအပေါင်းခြံရံလျှက် ကုသိနာရုံပြည်မှာ နေတော်မူလျှက်၊ လာတိုင်း-လာတိုင်းသော လူအပေါင်းတို့ကို သောကငြိမ်းစေရန်၊ ဆုံးမ၍ သက်သာစေပါတယ်။

ဤသို့လျှင် အသီးသီး မိမိတို့နေရာသို့ ရောက်ကြ၍ သောကဖြင့် နှိပ်စက်သော အပေါင်းကို နှစ်သိမ့်စေ၍ ရာဇဂြိုဟ်ပြည်သို့ ပြန်လည်တော်မူကြသဖြင့် ဝါဆိုလဆန်း ၁၅ ရက် ဝါဆိုလပြည့်နေ့ ဥပုသ်ပြုကြပြီးလျှင် ဝါဆိုလပြည့်ကျော် တစ်ရက်နေ့ ဝါကပ်ကြပြီးလျှင် ဝါဆိုလ ပြည့်ကျော် ၂ ရက်နေ့၌ ၁၈ ရပ်သော ကျောင်းတို့ကို ပြုလုပ်စေရန် အဇာတသတ်ထံသို့ကြား၍ ပြုလုပ်ပြီးလျှင်-

အဇာတသတ်မင်းအား၊ <u>သင်္ဂါယနာတင်မည့်အခါရောက်ပြီ၊ သင်္ဂါယနာတင်သောအခါ စည်းဝေးရန်၊ မဏ္ဍပ်ကိုဝေဘာရတွင်လုပ်ပါစေ</u> ဟုအကြောင်းကိုကြားလျှင် အဇာတသတ်မင်းသည် နတ်၏ သုဓမ္မာဇရပ်ကဲ့သို့ လုပ်ဆောင်ပြီး၍ ရှင်မဟာကဿပကို အကြောင်းကြားစေ၏။ အရှင်မဟာကဿပ လည်း ရာဇဂြိုဟ်ပြည်သို့ရောက်လာကြသော ၇ သိန်းကျော်သော ရဟန်းသံဃာတို့တွင် တေဒင်္ဂရ ပိဋကသုံးပုံဆောင် စွမ်းနိုင်သော၊ ဆဠဘိညပဋိသမ္ဘိဒါပတ္တသို့ ရောက်သော ငါးရာသော ရဟန္တာ သံဃာတို့ကို ရွေးချယ်တော်မူ၍ ရလျှင် သက္ကရာဇ် ၁၄၈ ခု၊ ဝါခေါင်လဆန်း ၅ ရက် သောကြာနေ့၊ သုဓမ္မာဇရပ်သို့ ဝင်တော်မူကြ၍ ၇ သိန်းကျော်ရဟန်းသံဃာခြံရံလျက်-အရွေးချယ်ခံရသော ရဟန္တာသံဃာ ၅၀၀ နှင့် စည်းဝေးတော်မူကြပါသည်။

ထိုစည်းဝေးသော သံဃာအပေါင်းအလယ်၌ "<u>အဘယ်ပိဋကတ်ကို သင်္ဂါယနာရှေးဦးစွာ တင်ကုန်အံ့နည်း</u>" ဟု မေးတော်မူသော- ဘန္တေဝိနယောနာမ ဗုဒ္ဓသာသနဿ-အာယု၊ ဝိနယေဋ္ဌိတေ-သာသနံဋ္ဌိတံဟောတိ၊ တသ္မာပဌမံ ဝိနယံ သင်္ဂါယိဿာမဖအေရှင်မဟာကဿပဘုရား- ဝိနည်းမည်သည်ကား ဘုရားသခင်၏ သာသနာတော်၏ အသက်ဖြစ်ပါသည်။ ဝိနည်းတည်သည်ရှိသော် သာသနာတော် ပွင့်လင်းတည်ထွန်းပါသည်။ ထို့ကြောင့် ရှေးဦးစွာ ဝိနည်းကို သင်္ဂါယနာတင်ကြပါကုန်၏။ သံဃာတော်များ လျှောက်ထားကြသည့်အတိုင်း၊ ဝိနည်းပိဋကတ်ကစ၍ သံဂါယနာတင်ကြပါကုန်၏။ သံဃာတော်များ လျှောက်ထားကြသည့်အတိုင်း၊ ဝိနည်းပိဋကတ်ကစ၍ သံဂါယနာတင်တော်မူကြပါသည်။ ပဌမသင်္ဂါယနာ တင်တော်မူကြကုန်သော၊ ငါးရာသော ရဟန္တာတို့တွင်-

၁။ ဓုတင်အရာ၌ အရှင်မဟာကဿပမထေရ်

၂။ ဗဟုသုတအရာ၌ အရှင်အာနန္ဒာမထေရ်

၃။ ဝိနယအရာ၌၊ အရှင်ဥပါလိမထေရ်

၄။ ဒိဗ္ဗစက္ခုအရာ၌၊ အရှင်အနုရုဒ္ဓါမထေရ်

၅။ ပဋိဘာနအရာ၌ အရှင်ဝင်္ဂီသမထေရ်

၆။ ဓမ္မကထိကအရာ၌ အရှင်ပုဏ္ဏမထေရ်

၇။ ဝိစိတ္တအရာ၌၊ အရှင်ကုမာရမထေရ်

၈။ ဝိဘဇအရာ၌ အရှင်ကစ္စည်းမထေရ်

ဤမထေရ်ကြီး ရှစ်ပါးတို့အကြီးအမှူးပြုတော်မူကြ၍လည်းကောင်း၊ ထိုမှတစ်ပါး မထေရ်မြတ်တို့သည် ရင်းသောက်ရှုးကြယ်ကဲ့သို့၊ ထွန်းပကုန်လျက်၊ ဓမ္မဝိနယကို သင်္ဂါယနာတင်တော်မူကြပါသည်ဘုရား။

ဤဓမ္မဝိနယက ကို သင်္ဂါယနာ တင်ကုန်သော၊ ဆရာ မထေရ်မြတ်တို့၏ အယူကို ထေရဝါဒ ဟူ၍ ဆိုအပ်ပါသည်။ ဤကဲ့သို့ ပဌမသင်္ဂါယနာတင်တော်မူကြပြီးနောက် အဇာတသတ်မင်း သည် အရှင်မဟာကဿပကို လျှောက်ထားသည်မှာ အရှင်ဘုရား ယခု သက္ကရာဇ် ၁၄၈ ခုရှိသည်၊ ဘုရားသခင်သာသနာတော်လည်း အနှစ်ငါးထောင်ပိုင်းခြား၍ ထားတော်မူသည် သာသနာတော်နှင့် သက္ကရာဇ် မညီမညွတ်ဖြစ်နေပါသည်။ သာသနာတော်နှင့် သက္ကရာဇ်တစ်ချက်တည်းညီညွတ်အောင် ထားတော်မူပါ ဟုလျှောက်ထားတောင်းပန်သောကြောင့် အရှင်မဟာကဿပသည် သက္ကရာဇ် ၁၄၈ ခုတွင် ၁၄၇ ခုကို ဖြို၍ အထိုသက္ကရာဇ် ၁ ခုထားတော်မူပါသည်။

<u>အဇာတသတ်မင်း</u> ဘုရားရှိစဉ်ရှစ်နှစ်၊ ပရိနိဗ္ဗာန် ပြုပြီး နှစ်ဆယ့်လေးနှစ်ပေါင်း (၃၂)နှစ် သာသနာ သက္ကရာဇ် ၃၀ ပြည့်တွင် ဥပါလိထေရ် သက်တော် ၆၄ နှစ်ရှိသည် ဖြစ်၍ပေါင်းအဖါ ၃၀၀ နှင့် ၁၅ နှစ် အရွယ် သက်န်းဝတ်လာသော တပည့်ဒါသကာ မထေရ်တို့သည်၊ ပဥ္စင်းအဖြစ် ရဟန္တာအဖြစ်သို့ ရောက်ပြီး၍ ထိုဒါသကမထေရ်ကို ဝိနယ ပါမောက္ခ၊ ဂဏာပါမောက္ခအရာထားခဲ့ပြီး ပရိနိဗ္ဗာန်ပြုတော် မူသည်။

ဥဒယဘဒ္ဒမင်း-အနုရုဒ္ဓါမင်း-မုဏ္ဍမင်း- ထို့လွန်ပြီးနောက်၊ နါဂဒါသမင်း လက်ထက် သာသနာတော် သက္ကရာဇ် ၅၈ ခုတွင် ကျွန်ုပ်သည် သား ၁၅ နှစ်အရွယ်သောဏသတို့သားသည် ၅၅ ယောက်သောအပေါင်းအဖေါ်တို့နှင့်တကွ ဒါသကမထေရ်ထံ ရှင်ဖြစ်ကြ၍ ပိဋကတ်သုံးပုံကို သင်ကြားပြီး တတ်မြောက်ကြလျှင်၊ အသက် ၂၀ ပြည့်သောအခါ ပဥ္စင်းပြု၍ မကြာမီ ရဟန္တာအဖြစ်သို့ ရောက်ကြလေသည်။ သာသနာသက္ကရာဇ် ၇၂ ခုတွင် အဘသတ်မင်းဆက် မလိုလား၍ သုသုနာဂ အမတ်က လုပ်ကြံပြီး နန်းတက်၏။ သုသုနာဂစည်းစိမ်ရှစ်နှစ်ရှိသောအခါ သာသနာတော် သက္ကရာဇ် ၈၀ ပြည့်တွင် သောဏထေရ်ကို ဝိနယပါမောက္ခအရာ၌ထားခဲ့၍ ဒါသက မထေရ် သက်တော် ၆၄ နှစ်တွင် ပရိနိဗ္ဗာန်ပြုတော်မူပါသည်။

သာသနာတော်အနှစ် ၉၀ ပြည့်တွင် သုသုနာဂမင်း အနိစ္စရောက်၍ သားတော် ကာဠာသောမင်းနန်းတက်၏။မင်းပြု၍၊ သာသနာသက္ကရာဇ်အနှစ် ၁၀၀ မပြည့်မှီ-ဝေသာလီပြည်တွင် ဝဇ္ဇီရှာသား ရဟန်းတို့ သာသနာဆန့်ကျင်ဘက် ဝိနည်းဆယ်ပါးအသစ်ပြုလျက် ရွှေ ငွေကိုကိုင်ခံကြသည်-ဟု အရှင် အာနန္ဒာ၏ တပည့်ပဋိသမ္ဘိဒါလေးပါးနှင့်ပြည့်စုံသောအရှင်ယသမထေရ် သည်ကြား၍ ဝေသာလီပြည်သို့ ကြွသွားသဖြင့် ရောက်လျှင် ကုဋာဂါရ၌၊ သီတင်းသုံးနေတော်မူပါသည်။ဥပုပ်နေ့၌ ရှင်ယသမထေရ်သည် ဝဇ္ဇီရှာသားရဟန်းတို့နှင့်အတူဥပုသ် ပြုသွား၍ ဝဇ္ဇီရှာသားရဟန်းတို့၏ အပြုအမူ ကိုသုံးသပ်၍နေတော်မူ၏။ ထိုရဟန်းဆိုးတို့သည် လင်ပန်းတွင်ရေထည့်၍ "ဤအထည်းကိုရွှေငွေထည့်မှ ငါတို့သည်လည်းကိစ္စပြီးမည်" ဒကာ၊ ဒကာမတို့ကို ပြောဟော၏။ ဒကာ၊ ဒကာမတို့သည်လည်း အရှင်တို့စကားကို ယုံစား၍ ရွှေငွေထည့်၍ လှူကြကုန်၏။ အရှင်ယသမထေရ်လည်း မအပ်ကြောင်း ပြောပြ၏။ ဒကာတို့ကိုလည်း မလှူရန် တားမြစ်၏။

ထိုအခါ ဝဇ္ဇီရွာသားရဟန်းတို့က ရှင်ယသစကားသည် မှားနေကြောင်းပြောကြ၏၊ ထို့ကြောင့်ရှင်ယသသည် ဥပါယ်၌ လိမ္မာတော်မူလှသောကြောင့် အရှင်တို့ တပည့်တစ်ယောက်ထည့်လိုက်ပါဆို၍၊ ဝဇ္ဇီရဟန်းတို့က ရှင်ယသနောက်တပည့်ရဟန်း တစ်ပါး ထည့်လိုက်၏။ ရှင်ယသလည်း သူတို့တပည့်ခေါ်၍ ဝေသာလီပြည်ထဲဝင်တော်မူ၍ တရားစစ်၊ တရားမှန်များကို ပြည်သူတို့ ဟောကြား၍ ယုံကြည်လာကြလျှင် တဖန်ရဟန်းလည်း၊ စိတ်မသက်သာ ဖြစ်ပြီး ဝဇ္ဇီရဟန်းတို့ထံအကြောင်း ပြန်ကြားသောအခါ အညိုးကြီးဖြင့် ဝဇ္ဇီရဟန်း အုပ်စုရှင်ယသထံ လိုက်လာကြသောအခါ ရှင်ယသမထေရ်သည်၊ ကောင်းကင်သို့ ပျံတက်၍ ကောသမ္ဗီပြည်သို့ ကြွတော်မူလေသည် ကောသမ္ဗီပြည်က စကားကျွမ်းသောတပည့်ရဟန်းကို ဝဇ္ဇီရဟန်းတို့ထံစေ၍ "အဟောဂင်္ဂါသို့ စုဝေးလာကြပါ၊ ဓမ္မကံအားလျော်စွာ ဆိုကြအံ့" ဟုစေ၏။ အရပ်ရပ်မှာ သီတင်းသုံး နေကြသော ဂိုဏ်းသံဃာတို့ကိုလည်း" ဝိနည်းဆယ်ပါး အသစ်ဝဇ္ဇရွာသား ရဟန်းပင့်၍ စုဝေး ဆွေးနွေးတော်မူကြ၏။

အရှင်အာနန္ဒာ၏ တပည့် အရှင်သမ္ဘူတနှင့် ရဟန္တာ ခြောက်ကျိပ်တို့မှစ၍ ရဟန္တာ ၆ သောင်း၊ ပုထုဇဉ်ကမရေမတွက်နိုင် အဟောဂင်္ဂါကျောင်းသို့ ကြွရောက်ကြကုန်၏။ ထိုအခါ မထေရ်ကြီးတို့ တိုင်ပင်ကြသည်မှာ၊ ပိဋကတ်ကျွမ်းသော အရှင်အာနန္ဒာ၏တပည့် အရှင်ရေဝတသည်၊ သောရေယျရွာမှာ သီတင်းသုံးနေသည်၊ ငါတို့နှင့် အတူဖြစ်မူ၊ ဝဇ္ဇီတိုင်းသား ရဟန်းတို့ကို၊ ငါတို့နိုင်မည်ဟု တိုင်ပင်ကြသော စကားကို ဒိဗ္ဗသောတဖြင့် ရှင်ရေဝတ ကြား၍ ဝေသာလီပြည်သို့ အရှင်ရေဝတကို ပင့်၍ ဝဇ္ဇီတိုင်းသားရဟန်းတို့၏ ဝိနည်းသစ်ဆယ်ပါးကို တားမြစ်သော တရားပွဲများဟောစေ၏။

ဝဇ္ဇီရဟန်းများ အရေးနိမ့်ကြလျှင် ရာဇဂြိုဟ်ပြည်ရှင် ကာလာသောကမင်းထံသွား၍ လည်ဆည်ကြပြီး အကာမင်း ငါတို့ကား မဟာရန်၌ ဝိဟာရကန္တကုဋီကိုစောင့်သော ဝဇ္ဇီရဟန်းတို့ဖြစ် ကြပါသည်။ ဂါမဝါသီရဟန်းတို့သည် ငါတို့ကျောင်းကိုလုရန် ကြံစည်လုပ်ကိုင်နေကြပါသည်။ တရားမင်းမြတ်ကူညီပါဟု လိမ်လည်ပြောကြ၏။

မင်းကြီးလည်း ဝဇ္ဇီရဟန်းတို့စကား ယုံကြည်၍ စစ်တပ်နှင့် အမတ်တစ်ယောက်ကို တားမြစ်ရန် လွှတ်လိုက်၏။ သာသနာစောင့်နတ်သည် အမတ်ကို မဟာရန်သို့ မရောက်အောင် တန်ခိုးဖြင့်ပြုလုပ်ထား၏။ ထိုညဉ့်၌ ကာဠာသောကမင်းအိပ်မက်သည်မှာ လောကကုမ္ဘီ ငရဲအိုးကို မြင်၍ခံနေရပုံကို မြင်မက်၏။ အလွန်ကြောက်ထိပ်လန့်ပြီး စက်တော်မခေါ်နိုင်ဘဲ မိုးလင်းရ၏။ မိုးသောက်ကာလ နန္ဒာထေရီရဟန္တာမသည် ကောင်းကင်ခရီးဖြင့်လာ၍ မင်းကြီးသာသနာတော်ကို စောင့်ရှောက်နိုင်သော မင်းဖြစ်ပါလျက် မဟာဝုန်၌နေသော အဓမ္မဝါဒီရဟန်းတို့၏စကားကို ယုံကြည်သည်ကားမသင့်ပေ၊ သာသနာတော်ကို ပြုစုချီးမြှင့်မှချမ်းသာရမည်ဟု သတိပေးလာသည်နှင့် မင်းကြီးလည်း ရာဇဂြိုဟ်မှ ဝေသာလီသို့သွား၍ ဘုရားသခင်အလိုတော်ကျ ဓမ္မများကို ဆွေးနွေးမေးမြန်းပြီး၍ တရားနှင့် ညီညွတ်သောရဟန်းတို့၏ စကားကိုနှစ်သက်သဖြင့် ရဟန်းသံဃာတော် အပေါင်းတို့ကို ကန်တော့ရှိခိုးပြီးသော်အဟော ဂင်္ဂါကျောင်းသို့ချည်း ဝဇ္ဇီရွာသားရဟန်းများနှင့်တကွ တစ်သန်းနှစ်သိန်းသော သံဃာတော်တို့ စည်းဝေးစေ၍ ထိုအစည်းအဝေးကြီး၏ အလယ်၌ရှင်ရေဝတ မထေရ်သည်

အသစ်ပြုသော ဝိနည်းဆယ်ပါးတို့တွင် တစ်ပါးပါးကို မေးသော် သဗ္ဗကာမီမထေရ်သည် ဘုရားပညတ်တော်မူသော သိက္ခာပုဒ်နှင့်မလျှောက်ပတ် ဆန့်ကျင့်ကြောင်းဖြေတော် မူလျှင်၊ ကာဠာသောကမင်းလည်း ရှင်ဘုရားတို့ ဘုရားသခင်ဝိနည်းတော်နှင့် ဆန့်ကျင်သည်၊ မလျှောက်ပတ်ဖြစ် သည်၊ အရှင်ပါယ်ပြီး နောက်ကိုပါ ပရိဗိုဇ် ရဟန်းတို့ ပြုအပ်သော ဝိနည်းအသစ်ဆယ်ပါးတို့ကို မပေါ်စေနှင့် အာဏာစက်ဖြင့်တား၍ ပါပဝဇ္ဇီရဟန်းတို့ကို နှင်ထုတ်လိုက်၏။

## ဒုတိယသင်္ဂါယနာတင်ခန်း

ဝဇ္ဇီရဟန်းတို့နှင်ထုတ်၍ အဓိကရုဏ်းငြိမ်းပြီးလျှင် အရှင်မဟာယသမထေရ်သည်၊ သုတ်ဝိနည်းအဘိဓမ္မာ သင်္ဂါယနာတင်ရန် ပိဋကဆောင် ပဋိသမ္ဘိဒါ ဆဠာဘိညာသို့ ရောက်ပြီး သောရဟန္တာ ၇၀၀ တို့ကို ရွေးချယ်တော်မူ၍ ကာဠသောကမင်းကြီးကိုအကြောင်းကြားပြီးလျှင် ဝေသာလီပြည် ဝါလိကာရာမကျောင်း တော်ကြီး၌ တသန်းနှစ်သိန်းသော ရဟန်းသံဃာအပေါင်း တို့စည်းဝေးစေ၍၊ ရှင်မဟာကဿပမထေရ် ပဌမသင်္ဂါယနာတင်သကဲ့သို့ အားလုံးသော သာသနာကို သုတ်သင်ပြီး သော်သာသနာတော်သက္ကရာဇ် ၁၀၀ ပြည့်၊ ကဆုန်လပြည့်နေ့ကစ၍၊ နတ်တော်လတိုင် အောင် ရှစ်လတိုင်တိုင်တစ်ရက်မှ မနားပဲ ပိဋကတ်သုံးပုံကို သင်္ဂါယနာတင်တော်မူကြသည်။ တသန်းနှစ်သိန်းသော သံဃာတော်တို့သည်၊ အညီအညွတ် ရွတ်ဖတ်သရဇ္ဈယ်တော်မူကြ၍ ဒုတိယသင်္ဂါယနာတင်ခြင်းအပြီးသို့ အောင်မြင်စွာ တိုင်ရောက်ခဲ့လေသည်။

၄င်းဒုတိယသင်္ဂါယနာပွဲတော်ကြီး၌ အရွေးအချယ်ခံ ရဟန္တာ ၇၀၀ တို့၏ အကြီးအမှူးဖြစ်ကြသော ရှစ်ပါးသော မထေရ်တို့ကား-

၁။ သဗ္ဗကာမီမထေရ်

၂။ သာဠှမထေရ်

၃။ ရေဝတမထေရ်

၄။ ခုဇ္ဇသောဘိတမထေရ်

၅။ အရှင်ယသမထေရ်

၆။ သာဏသမ္ဘူတမထေရ်

၄င်းမထေရ် (၆)ပါးတို့သည်၊ ဘုရားရှင်ကိုဖူးတွေ့လိုက်ရပြီး၊ အရှင်အာနန္ဒာမထေရ်၏ အတူနေတပည့်ရင်းများ ဖြစ်ကြသည်၊

၇။ သုမနမထေရ်

၈။ ဝါသဘဂါမိမထေရ်

ဤမထေရ်နှစ်ပါးတို့သည်လည်း ဘုရားရှင်ကိုဖူးတွေ့လိုက်ရ၏။ ထို့အပြင် အရှင်အနုရုဒ္ဓါ၏ အတူနေ၊ တပည့်ရင်းများဖြစ်ကြသည်။

ဤမထေရ်ကြီး (၈)ပါးတို့သည်၊ အရှင်အာနန္ဒာ၊ အရှင်အနုနရုဒ္ဓါ တို့ထံမှ ပိဋကတ် သုံးပုံကို သင်ကြား၍ ပါရဂူမြောက်တတ်မြောက်တော်မူကြ၏။ ထေရဝါဒဖြစ်၏။

## သင်္ဂါယနာအတူတင်ခြင်း

အဓမ္မဝါဒီ ဝဇီရဟန်းတို့သည် ဒုဗ္ဗလပက္ခကိုရသဖြင့် တသောင်းသောဓမ္မဝါဒီ ရဟန်းတို့သည် စည်းဝေးကုန်လျှက်၊ သင်္ဂါယနာ တင်ကြကုန်သည်၊ ထိုသင်္ဂါယနာကို မဟာသင်္ဂီတ် အမည်တွင်၏၊ မဟာဂီတိဂိုဏ်းသားများ ပဋိပက္ခဖြစ်၍ကွဲကြပြီး

၁။ ဂေါကုလိကဂိုဏ်း

၂။ ကေဗျောဟာရိကဂိုဏ်း-နှစ်ဂိုဏ်း ဖြစ်လာ၏။

(ဂေါကူလိကဂိုဏ်းမှကွဲပြန်၍)

၁။ ကဏ္ဏတ္တိဝါရဂိုဏ်း

၂။ ဗဟုသုတတိကဂိုဏ်းဟူ၍ နှစ်ဂိုဏ်းကွဲပြန်၏။

ထိုနှစ်ဂိုဏ်းမှကွဲပြန်သည်ရှိသော်-

၁။ စေတီယဝါဒဂိုဏ်းဖြစ်လာ၏။

ဤမဟာသင်္ဂီတိကအနွယ်သည်၊ သာသနာတော် သက္ကရာဇ် ၂၀၀ အတွင်း ငါးပါးသော ဆရာတို့၏ အနွယ်ဖြစ်၏၊ ပဌမ မဟာသင်္ဂီတိကနှင့် သော် ၆ ပါးဖြစ်၏။

ထိုအနှစ် (၂၀၀)အတွင်း ထေရဝါဒမှလည်း-

၁။ မဟိသာသကဝါဒ

၂။ ဝဇ္ဇိပုတ္တကဝါဒ ဟူ၍ကွဲပြန်သည်၊

ဝဇ္ဇိပုတ္တကမှလည်း

၁။ ဓမ္မုတ္တရိကဝါဒ

၂။ ဘဒြယါနိကဝါဒ

၃။ ဆန္နာဂါရိကဝါဒ

၄။ သမိတိယဝါဒ ဟူ၍ကွဲပြန်သည်။

မဟိံသာသကဝါဒမှလည်း ကွဲပြန်၍

၁။ ဓမ္မဂုတ္တိကဝါဒ

၂။ သဗ္ဗတ္ထိဝါဒ ဟူ၍ကွဲပြန်သည်။

သဗ္ဗတ္ထိဝါဒမှလည်း ကဿပိကဝါဒဟူကွဲပြန်၏။

ကဿပိကဝါဒမှလည်း သင်္ကန္တိကဝါဒဟူကွဲပြန်၏။

သင်္ကန္တိကမှလည်း သုတ္တဝါဒဟူကွဲပြန်၏။

ဤဆယ့်တစ်ပါးကား ထေရဝါဒမှကွဲခြင်းဖြစ်သည်။ ပဌမထေရဝါဒနှင့်ပေါင်းသော် ၁၂ပါးဖြစ်၏။ မဟာသင်္ဂီတိအနွယ် ၆ ပါးထေရဝါဒအနွယ် ၁၂ ပါးပေါင်း ၁၈ တို့သည် သာသနာ သက္ကရာဇ် ၂၀၀ အတွင်းဖြစ်ကြပါသည်။ ဤ ၁၈ ပါးသောဂိုဏ်းတို့တွင် ပဌမ ထေရဝါဒသာလျှင် ဘုရားသခင် အယူတော်မကွဲကြပါ ၁၇ ပါးသော ဂိုဏ်းတို့ကား အယူဝါဒကွဲကြသည်ချည်းဖြစ်ပါသည်။

တတိယ သင်္ဂါယနာတင်မည့် ဓမ္မာသောကမင်းနှင့်အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်တို့အကြောင်းကို မကျဉ်းမကျယ် ပြောကြားလျှောက်ပါဖိုးမည်ဘုရား-

ကာဠာသောကမင်းလက်ထက် အနှစ် ၁၀၀ တွင် ဒုတိယ သင်္ဂါယနာတင်ပြီးသည့်နောက် ရှစ်နှစ်မြောက်၌ အမတ်သား သိဂ္ဂဝလုလင်သည်၊ မိတ်ဆွေသူဌေးသား- စဏ္ဍဝဇ္ဇီနှင့် အခြွေအရံ ငါးရာတို့ ရှင်သောဏထံရှင်အဖြစ်ခံယူကြပြီး နှစ်ဆယ်ပြည့်သောအခါ ပဉ္စင်းခံကြ၍ ပဋိသမ္ဘိဒါ မဂ္ဂ ရဟန္တာ အဖြစ်သို့ ရောက်ကြသည်။

ထိုအခါ- ဝဇ္ဇီရဟန်းတို့ အဓမ္မဆယ်ပါးပြုလုပ်ခြင်းအယောင်ဆောင် သင်္ဂါယနာ တင်ခြင်း စသည်ကို ဧအောက်မေ့ကြ၍၊ မထေရ်အပေါင်းတို့သည် "နောင်အခါ- သာသနာတော်၏ အန္တရာယ် ဖြစ်လတ္တံ့လော"ဟု အနာဂတံသဉာဏ်ဖြင့် မျှော်ကြည့်သည်ရှိသော် ဤနှစ်မှ အနှစ်တစ်ရာ၏ အထက် ဆယ့်ရှစ်နှစ်မြောက်၌ ပါဋလိပုတ်ပြည်တွင် ဓမ္မာသောကမင်းပြု၍ ဇမ္ဗူဒီပါလုံးကိုအာဏာနှံ့သဖြင့် ဘုရားသာသနာတော်၌၊ သဒ္ဓါအားကြီး၍ များစွာသော ပူဇော်သက္ကာရ ဖြစ်လတ္တံ့ ထိုအကြောင်းကြောင့် တိတ္ထိအယူကို ပြကြကုန်လတ္တံ့- ဤအကြောင်းကြောင့် သာသနာတော်၏ဘေးရန်ကိုမြင်ကြပြီးလျှင် ဆက်၍ကြည့်သော် တို့လက်ထက်မဟုတ် သို့သော် ဤသာသနာတော်၏ ဘေးရန်ကို မည်သူစွမ်းနိုင်လတ္တံ့ နည်းဟု ဆင်ခြင်သော် ဗြဟ္မပြည်၌ တိဿ ဗြဟ္မာကိုသာ မြင်၍ ရဟန္တာအပေါင်းတို့ထက်၍ တောင်းပန်ကြပြီးလျှင်

သီးခံပြီးမှ ပြန်ဆင်းခဲ့ကြလေ၏။ ထိုအခါ သိဂ္ဂဝထေရ်၊ စဏ္ဍဝဇ္ဇီထေရ်တို့သည် ပဥ္စင်းငယ်မျှသာရှိသေး၏၊ ထိုနှစ်ပါးသောမထေရ်တို့ကို "ငါ့ရှင်တို့ နှစ်ပါးသည်၊ မောဂ္ဂလိပုတ္တေးမဝမ်း၌ ကိန်းအောင်သော တိဿလုလင်ကို စောင့်မ၍ ရဟန်းပြုရမယ်ဟု ဒဏ်ပေးသောမှုဖြင့် ထားခဲ့ပြီးလျှင် သဗ္ဗကာမီမထေရ်အစရှိကုန်သော ရဟန္တာတို့သည် ပရိနိဗ္ဗာန်ပြုတော်မူကြကုန်ပါတယ် ကာဠာသောက မင်းကြီး၊ ဒုတိယ သင်္ဂါယနာမတင်မီ "၁၈"နှစ် တင်ပြီး ဆယ်နှစ်ပေါင်း ၂၈နှစ်သာသနာသက္ကရာဇ် ၁၁၈ နှစ်တွင် နတ်ရွာစံလေ၏။

၎င်းသားတော် ဘဒ္ဒသေနာစသော မင်းညီနောင် တကျိပ်တို့ အလှည့်ကျ ၂၂ နှစ် မင်းပြုကြသည်တွင် ထိုမင်းများ စည်းစိမ် ၆ နှစ် အရောက် သာသနာနှစ် ၁၄၀ ၌၊ သောဏမထေရ်သည်၊ သိဂ္ဂဝမထေရ်ကို ဝိနယပါမောက္ခဂဏ ပါမောက္ခအရာထားခဲ့၍ သက်တော် ၆၆ နှစ်တွင် ပရိနိဗ္ဗာန်ပြုတော် မူသည် သဒ္ဒသေနာစသော မင်းညီနောင်တကျိပ်တို့တွင် နောက်ဆုံး ပဉ္စကမင်းကို သာသနာနှစ် ၁၄၀ တွင် ခိုမှုုးမနန္ဒညီနောင်တို့ လုပ်ကြံ၍ ကံကုန်လေ၏။ ထိုမနန္ဒာညီနောင် ၉ ယောက်အလှည့်ကြ မင်းပြု၍ စည်းစိမ် ၂၂ နှစ် သာသနာ ၁၆၂ တွင် မနန္ဒာကို စန္ဒဂုတ်မင်းလုပ်ကြံ၍ ကံကုန်သည်။

စန္ဒဂုတ်မင်းဖြစ်သည့်နှစ်၊ တိဿ-ဗြဟ္မာသည် မောဂ္ဂလိပုတ္တေးမဝမ်း၌ သန္ဓေစယူပါသည် သိဂ္ဂဝ မထေရ်သည်၊ သန္ဓေယူသည့်နေ့မှစ၍ စောင့်မလေသော် စန္ဒဂုတ်မင်းစည်းစိမ် ၁၆ နှစ်ရှိသောခါ မောဂ္ဂလိပုတ္တတိဿလုလင်သည်၊ ၁၆ နှစ်တွင်ရှင်ဖြစ်၍၊ စဏ္ဍဝဇ္ဇီမထေရ်ထံဝိနည်းကိုထား၍ သုတ်အဘိဓမ္မာတို့ကို အဋ္ဌကထာနှင့် တကွသင်ယူစေသည်။

အသက် ၂၀ ပြည့်၍၊ ပဥ္စင်းဖြစ်ပြီးသောကာလ- တစ်ဝါမပြည့်မီ့ပိဋကတ သုံးပုံကို တစ်ဖက်ကမ်းမြောက် တတ်မြောက်လေသည်။ သိဂ္ဂဝမထေရ်နှင့် စဏ္ဍဝဇ္ဇီမထေရ် ဆရာဥပဇ္ဈာယ်နှစ်ပါးတို့ သည်၊ ဝိနယပါမောက္ခ၊ ဂဏပါမောက္ခအရာထားခဲ့တော်မူကြပြီး သိဂ္ဂဝမထေရ်မြတ်တို့ သက်တော် ၇၆ နှစ်၊ သာသနာနှစ် ၁၇၈ တွင် ပရိနိဗ္ဗာန်ပြုတော်မူကြပါသည်။ စန္ဒဂုတ်မင်းလည်း သာသနာနှစ် ၁၈၆ နှစ်တွင် ကံကုန်သည်၊ ၎င်းနှစ်သားတော် ဗိန္ဒုသာရမင်းပြု၍ စည်းစိမ် ၂၈ သာသနာနှစ် ၂၁၄ ခုနှစ်တွင် ကံကုန်သည်၊ ၎င်းနှစ်တွင် သားတော် ဓမ္မာသောကမင်း၊ နန်းတက်သည်၊ ဘိသိက်မခံဘဲ ၄ နှစ်နေပြီးနောက် သာသနာနှစ် ၂၁၈ နှစ်တွင် ဘိသိတ်ခံ၍၊ ဇမ္ဗူဒိတ်တကျွန်းလုံးကို အရယူလေသည်။

ဓမ္မာသောကမင်းကြီးလည်း ၇ နှစ်တိုင်တိုင် ခမည်းတော် ဗိန္ဒုသာရမင်း ကဲ့သို့ ပုဏ္ဏားပျိ ဖြစ်သော ပုဆိုးဖြူဝတ်ကြသော ပါသဏ္ဍာအယူရှိသော တက္ကဒွန်း-ရဟန်းတို့ကို ၎င်းရှင်ယောင်ဝတ်ပရဗိုဇ် ခြောက်သောင်းကုန်သော သူတို့အား ၎င်းကျွေးမြဝတ် အနေဖြင့် အလှူပေးတော် မူလေသည်။

တစ်နေ့သောအခါ ခြသေ့်သံလေသာနန်းတံခါး၌ နေလျှက် အလှူတော်ကို ကြည့်လတ် သော် ကိုယ်ကျင့်မရှိဘဲ ဣန္ဒြေမဲ့စွာ စားသောက်နေကုန်သော ပရိဗိုဇ်ရဟန်းအစရှိသည်တို့ကို စုံစမ်းဆင်ခြင် ပြီး သင့်သောပေးလှူခြင်းငှာအပ်သည်ဟု ကြံစည်၍ အမတ်တို့ သူတော်ကောင်းဟု သမုတ်အပ်သော

ရဟန်းပုဏ္ဏားတို့ကို နန်းတွင်းသို့ ပင့်ခေါ်ခဲ့အလှူပေးကုန်အံ့-ဟု စေလွှတ်လိုက်၏၊ ထိုအမတ်တို့သည်-

၁။ ပုဆိုးဖြူဝတ် ပဏ္ဍရင်္ဂတိတ္ထိ

၂။ ဦးခေါင်းပြည်းလျက် သင်္ကန်းဝတ်သော ပရိဗိုဇ်

၃။ ကိုယ်၌အဝတ်မဝတ်သော အာဇီဝက

၄။ ငါတို့၌ ကိလေသာမရှိရ ရဟန္တာဟု ဝန်ခံလျက် အခြားအသွင်အမူအရာဖြင့် အရိက္ခရာကို ဆောင်သော နိဂဏ္ဌ

ဤသူတို့အား ခေါ်ခဲ့၍ အရှင်မင်းကြီး၏ရဟန်းတို့ကား အကျွန်ုပ်တို့၏ ဆရာရဟန္တာ တို့ပင် ဖြစ်ပါသည်ဟု လျှောက်ကြကုန်၏။

ဓမ္မာသောကမင်းကြီးလည်း နန်းတွင်း၌ ကောင်းမြတ်သောနေရာ အခင်း၊ ကောင်းမြတ် သော ဘောဇဉ်တို့ဖြင့် လုပ်ကျွေးပြုစုသောအခါ အချို့တိတ္ထိတို့က မြတ်သောနေရာ အချို့က ယုတ်သော နေရာတို့၌နေလျက်၊ ဣန္ဒြေမရှိ လော်မာခြင်းဖြင့် စားသောက်ခြင်းတို့ကိုမြင်၍ "ဤသူတို့ကိုယ်တွင်း၌ သီလစသော ကျေးဇူးအနှစ်တရားမရှိ" ဟုသိရ၍ ထိုတိတ္ထိတို့အားလျော်စွာ ခဲဘွယ်တို့ကို ပေး၍လွှတ်လိုက်၏။

ဤကဲ့သို့ နိစ္စဘတ်ပြု၍ အချိန်ကြာညောင်းသော် တစ်နေ့သ၌၊ ဓမ္မာသောကမင်းကြီးသည်၊ လေသာနန်းတံခါးရပ်လျက် ကြည့်ရှုနေစဉ်၊ နောင်တော်သုမနမင်း၏ သားရဟန္တာဖြစ်ပြီးသော ၇ နှစ် အရွယ်ရှိ နိဂြောဓသာမဏေသည်၊ နံနက်စောစော ဆရာဖြစ်သော ဝရုဏမထေရ် ရဟန္တာအရှင်မြတ်အား အာစရိယဝတ်ပြုပြီး၍ပိတ်သင်္ကန်းကို သေမိယနှင့် အညီဝတ်ရုံပြီး မယ်တော်အိမ်သို့သွားမည်ဟု၊ တောင်တံခါးကဝင်၍ အရှေ့တံခါးမှထွက်ပြီး၊ ငြိမ်သက်သော ဣန္ဒြေဖြင့် ကြွတော်မူလျက်၊ နန်းတော်ရှေ့သို့ ရောက်လျှင်၊ ဓမ္မာသောကမင်းကြီးမြင်၍၊ ရှေ့ဘဝက ဖျားကုန်သည်ညီအကိုဖြစ်ဖူးသည်နှင့် မြင်လျှင်ပင် အလွန်ကြည်ညိုလှ၍ နန်းတွင်းသို့ ပင့်ပြီး "အရှင်ဘုရား သင့်မြတ်ရာသီတင်းသုံးတော်မူပါ" ဟု လျှောက်သော အခါ ရာဇပလ္လင်သို့ တက်ပြီးနေတော်မူ၏။ မင်းကြီးလည်းအားရလှ၍၊ ကိုယ်တိုင် ဆွမ်းကပ်တော် မူ၏။ ဆွမ်းဘုဉ်းပေးပြီးလျှင် ဓမ္မာသောကမင်းကြီးနှင့် လျှောက်ပတ်သော ဓမ္မပဒ ကျမ်းလာ အပ္ပမာဒဝတ်ကို အနုမောဒနာပြုတော်မူလျှင် အရှင်ဘုရား အကျွန်ုပ်သိနှင့်ပါပြီဘုရားဟု ဆို၍ တစ်နေ့ချင်း ဆွမ်းရှစ်ဝတ် ၄ ကြိမ် လှူလေ၏။

သာသနာတော် သက္ကရာဇ် ၂၂၁ နှစ်၊ နိဂြောဓသာမဏေကို တွေ့မြင်ရသောနေ့မှစ၍ ဘုရားသခင်သာသနာတော်မြတ်ကို အလွန်ကြည်ညိုသဖြင့် နောက်တစ်နေ့ သံဃာတော်များနန်းတွင်းသို့ ဆွမ်းဘုဉ်းပေးရန် ပင့်၍ ၃၂ ပါးဆွမ်းစားကြွတော်မူကြ၏။ ဤသို့ဖြင့် နေ့တိုင်း၊ နေ့တိုင်း သံဃာတိုးပွား၍ ကြွတော်မူပါဟု ဖိတ်သောကြောင့် နေ့တိုင်း သံဃာတိုးတိုးပြီး ကြွတော်မူကြ၏။ ထိုအခါ ၆ သောင်း ကုန်သော

မိစ္ဆာရဟန်းပုဏ္ဏားတို့အား ထမင်းဝတ်မြှတ်၍၊ ၆ သောင်းအတိုင်းအရှည်ရှိသော ရဟန်းသံဃာတော်တို့အား နိစ္စဘတ်ဆွမ်းကျွေးဝတ်ဖြစ်စေ၏။

နိဂြောဓ သာမဏေသည်၊ ဓမ္မာသောက မင်းကြီးနှင့်တကွ ပရိတ်သတ်အပေါင်းကို သရဏဂုံ ပဉ္စသီလတည်စေ၏။ ဓမ္မသောကမင်းကြီးသည်၊ သာသနာသက္ကရာဇ် ၂၂၂ ခုနှစ်တွင် ၉၆ ကုဋေဥစ္စာတို့ကို စွန့်၍ ရှင်ဣန္ဒဂုတ္တမထေရ်အား ဝန်ပြုစေသဖြင့် အသောကရာမကျောင်းတော်နှင့် ရှစ်သောင်းလေးထောင် သော ကျောင်းပေါင်း ရှစ်သောင်းလေးထောင်သော စေတီပေါင်း ရှစ်သောင်း လေးထောင်သော ရေတွင်း-ရေကန်ပေါင်းတို့ကို မြို့ပြ ပြည်ရွာတို့၌ လ-နေ တို့ကို ရာဟုဖမ်းခိုက်၊ တပြိုင်နက် တစ်ချက်တည်း တည်ထားစေတော်မူပါသည်။

မပြီးနိုင်သော အမှုသစ်များကို ရှင်ဣန္ဒဂုတ္တမထေရ်၏ တန်ခိုးဖြင့် ပြီးစီးစေသဖြင့် သာသနာနှစ် ၂၂၄ ခုနှစ်တွင် ၃ နှစ်တည်းနှင့်ပြီးစီးကြောင်းကို အမြို့မြို့က တပြိုင်နက် မင်းကြီးထံ လျှောက်ထားလေသည်။

ဓမ္မသောကမင်းလည်း အနုမောဒနာပွဲတော်ကြီးအတွက် ၉၆ ကုဋေသော ဥစ္စာတို့ကို စွန့်ပြန်၍ အသောကရာမကျောင်းတော်မှစ၍ သဘင်ကြီးစွာခံတော်မူသည်။

ထိုမှစ၍ နေပြည်တော်ကြီး၌ အမိန့်တော်ထုတ်ပြန်သည်မှာ ရှစ်ရက် လပြည့်၊ လကွယ်နေ့တို့၌ ရှစ်ပါးသီလတို့ကို ဆောက်တည်စေ၊ ကြားရက်များ၌ ငါးပါးသီလ မကြစေဟု စည်လည်စေ၍ နှိုးဆော် စေသည်၊ နေပြည်တော်၌ အိမ်ရှေ့တံခါးဖွင့်၍ အိပ်နိုင်ပေ၏။ ရေစက်ချ ပွဲတော်ကြီး၌ ဓမ္မသောက မင်းကြီးသည်၊ အသိန်းမကသောစစ်အင်္ကါလေးပါးခြံလျက်၊ တာဝတိံသာ သကြားမင်းကဲ့သို့ ထွက်စံတော်မူလျက်၊ အသောကာရာမကျောင်းတော် ရဟန်း သံဃာတို့၏အလယ်၌ နေ၍ ရေစက်သွန်းချ တော်မူ၏။ ထိုပွဲကြီး၌ သံဃာတော်တို့သည်ကား ကုဋေရှစ်ဆယ်၊ ရဟန်းမိန်းမ ၉ သန်း၊ ၉ သိန်း ရဟန္တာကား တစ်သိန်းကျော် ရှိပါသည်။ ထိုပွဲကြီး၌ မာရ်နတ်လာဖျက်၍ ရှင်ဥပဂုတ်မထေရ်က မာန်နတ်ရန်ကို ဖယ်ရှားတော်မူရ၏။

ထို့နောက် ရဟန္တာအရှင်မြတ်တို့လည်း အကြံတော်ရှိသည်မှာ ဤမင်းကြီးသည် မိမိပြုသမျှ ကောင်းမှုအားလုံးမြင်ရလျှင် ဘုရားသခင် သာသနာတော်၌ အတိုင်းထက်အလွန်ကြည်ညိုရာ၏ဟု အကြံတော်ရှိကြသဖြင့် လောကဝိဝရဏာဇာ်ဘွယ်တော် တန်ခိုးတို့ကိုပြု၍ ကျောင်းပေါင်း စေတီပေါင်း ရှစ်သောင်းလေးထောင် တို့ကိုပြသော်ဓမ္မာသောကမင်းကြီးသည် အသောကရာမကျောင်း၌ရပ်လျှက်ပင်၊ အရပ်လေးမျက်နှာမှ ကုသိုလ်တော်တို့ကို မြင်ရ၍ဖြင့် အရိယာ သံဃာတော်များကို လျှောက်တော် မူသည်မှာ အရှင်ဘုရားတို့ လူတို့ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရားသခင် သာသနာတော်၌ အဘယ်သူသည် ဤကဲ့သို့ များမြတ်သော ဥစ္စာတို့ကို စွန့်၍ ပူဇော်ပါသနည်းဘုရား မေးလျှောက်တော် မူလျှင် သံဃာတော်တို့၏ ဦးဆောင်ဖြစ်သော အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် မင်းကြီး ဘုရားသခင်သာသနာ၌ ဘုရားသခင်ရှေ့လက်ထက်တော်မှစ၍ ယနေ့တိုင် သင်မင်းကြီးနှင့်တူသော ပစ္စည်းဒါယကာသည် တစ်စုံ

တစ်ယောက်မျှ မရှိသေးပေ၊ မင်းကြီး၏ စွန့်ကြဲမှုသာလျှင် မြတ်ပေသည်ဟု ဖြေကြားတော်မူ၏။

ထိုကဲ့သို့ ဖြေကြားတော်မူသောအခါ မင်းကြီးကလျှောက်ပြန်သည်မှာ အမြတ်ဆုံးသော ပစ္စည်းအလှူရှင်ဖြစ်လျှင် သာသနာတော်၏ အမွေခံဆွေမျိုးဆက် ဖြစ်ပါပြီလားဘုရားဟု လျှောက်လေလျှင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်က ဒကာတော်မင်းကြီး ဤအမျှသော ဥစ္စာတို့ကို စွန့်ကြဲအားမျှဖြင့် သာသနဒါယကာ မဖြစ်ချေ။ ပစ္စယဒါယကာသာဖြစ်ချေ၏။ ဒကာတော်မင်းကြီး ကြွယ်ဝသောသူဖြစ်စေ၊ ဆင်းရဲသောသူဖြစ်စေ၊ မိမိရင်၌ဖြစ်သော သားသမီးတို့ကို ရှင်ရဟန်းပြုစေမှသာ သာသနာတော်၏ အမွေခံအဆွေအမျိုးဟူ၍ ဆိုအပ်ပေ၏ဟု ပြောကြားတော်မူလျှင် မင်းကြီးသည် သားတော်မဟိန္ဒနှင့် သမီးတော် သံဃမိတ္တာတို့ကို အရှင်မဟာမောဂ္ဂလိပုတ္တမထေရ်အား အပ်နှင်း၍ ရှင်ရဟန်းအဖြစ်ပြုစေ၏။ ရှင်မဟာမောဂ္ဂလိပုတ္တထေရ် ဥပဇ္ဈာယ်ပြု၍ မဟာဒေဝထေရ် သာမဏေပြုစေ၍ မဇ္ဈန္တိကထေရ် ကမ္မဝါဖတ်၍ ပဥ္စင်းခံသော သိမ်အပြင်၌ပင်လျှင်ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာအဖြစ်သို့ရောက်ပါသည်။

နှစ်မတော် သံဃမိတ္တာမှာ (၁၈)နှစ်သာရှိသေးသည်ဖြစ်၍ ဓမ္မပါလထေရီမ ဥပဇ္ဈာယ်ပြု၍ အာယုပါလ်ထေရီမ သရဏဂုံပေး၍ သာမဏေရီမအဖြစ်သို့ ရောက်သည်။ ဤမင်းသား မင်းသမီး နှစ်ယောက် ရှင်ရဟန်းပြုသောကာလ ဓမ္မာသောကမင်းသည် ဘိတ်သိတ်ခံ၍ ၆ နှစ်ရလေသည်။သာသနာတော်နှစ် (၂၂၄)ခုတွင် အသောကာရာမကျောင်းတော် အနုမောဒနာပွဲကြီးပြုသောနေ့တွင် ပဗ္ဗဇ္ဇာဘုံရောက်ချီးမြှောက် သွတ်သွင်းသည်။

(ဓမ္မာသောကမင်း၏ နေ့စဉ်အလှူဝတ်များ) ဓမ္မာသောကမင်းကြီးလည်း ကိန္နရီငှက်မ၏ သားဖြစ်ကြသော ကောန္တနှင့် သုမိတ္တညီနောင်တို့ကို မွေး၍ကြီးလတ်သော်၊ မဟာဝရုဏ ရဟန္တာအရှင်မြတ် နှင်းအပ်၍ ရှင်ရဟန်းဖြစ်ကြပြီး ဆဋ္ဌိသမ္ဘိဒါပတ္တသို့ ရောက်လေ၏။ မကြာမြင့်မီ၊ ကောန္တမထေရ်သည် လေနာရောဂါစွဲလာ၏။ ညီတော် သုမိတ္တထေရ်ဆွမ်းခံ၍ ထောပတ်ရှာသော် တစ်လက်ဖက်လောက်မျှ မရနိုင်သောကြောင့် သာသနာတော် သက္ကရာဇ် (၂၂၇) ခုတွင် ပရိနိဗ္ဗာန်ပြုရရှာ ပေသည်။ ဓမ္မာသောက မင်းကြီးလည်း ထိုအကြောင်းကို ကြားသောအခါ မြို့တံခါးလေးမျက်နှာတို့၌-

၁။ ထောပတ်ကန်ကြီး (၄)ကန်

ပျားရည်ကန်ကြီး (၄)ကန် ထား၍ တစ်နေ့တစ်နေ့လျှင် (၄)သိန်းဘိုး။

၂။ တရားသဘင်ကြီး၌၊ တစ်သိန်းဘိုး၊ ဤငါးသိန်းသော ဥစ္စာတို့ လှူတော်မူ၏။

၃။ နိဂြောဓသာမဏေအားလည်း တစ်သိန်းဘိုး

၄။ ဘုရားသခင်စေတီ၌၊ ပန်းနံ့သာစသည် ပူဇော်ရန် တစ်သိန်း

၅။ တရားမြတ်တို့ကို ပူဇော်ရန် တစ်သိန်း

၆။ သံဃာတော်အား တစ်သိန်း

၇။ ဆေးအလို့ငှာ မြို့လေးမျက်နှာတို့၌ တစ်သိန်းနေ့စဉ် သာသနာတော်အား လှူဒါန်းတော်မူပါသည်။

ဓမ္မာသောကမင်းကြီးသည်၊ နိဂြောဓသာမဏေအား နံနက် သက်န်း (၃)ထည်နှင့် နံ့သာအတင်းငါးရာ၊ ပန်းတောင်းငါးရာ၊ နေ့လည် ညနေ တစ်နေ့ (၃)ကြိမ် ဤကဲ့သို့ လှူပြီး နိဂြောဓ သာမဏေ တစ်နေ့ (၃)ကြိမ် သင်္ကန်းလဲဝတ်ပြီးမှ မင်းကြီးလည်း တစ်နေ့ (၃)ကြိမ်လဲ ဝတ်တော်မူသည်။ ဤကဲ့သို့ နေ့စဉ်လှူသဖြင့်၊ ထိုအခါ ဇမ္ဗူဒိပ်တကျွန်းလုံးတွင် ရှင်ရဟန်းအပေါင်းတို့အား နိဂြောဓသာမဏေ၏ သင်္ကန်းသာဖြစ်ကြသည်။

ထိုကဲ့သို့ မင်းကလည်း သာသနာကြည်ညို တိုင်းသူပြည်သားများကလည်း သာသနာ ကိုသာ ကြည်ညိုလာကြသဖြင့် တိတ္ထိတို့ စားဝတ်နေရေး ကျပ်တည်းလာကြသောကြောင့်၊ ပဋ္ဌမတော့ စားဝတ်နေရေး ချောင်လည်စေရန်၊ ရဟန်းတုပြုလုပ်ကြပြီး သာသနာ၌ ဝင်လာကြ၏။ ကြာလာလျှင် သူတို့အယူကို မသိမသာပြုလုပ်လာရာမှ နောက်များမကြာမီ သူတို့အယူကို သိသိသာသာချည်း ကျင့်သုံး ဟောပြောလာကြလေ၏။ ထို့ကြောင့် ရဟန်းကောင်းတို့က တိတ္ထိရဟန်းတို့နှင့်ဥပုသ်အတူ မပြုကြ တော့ချေ။

ထိုအခါ ရှင်မဟိန္ဒသည် ရဟန္တာဖြစ်ပြီး၍ ဆယ်ဝါလည်းရ၏။ ပိဋကတ်သုံးပုံဆောင်လည်း ဖြစ်၏။ ဆရာဖြစ်သော အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည်၊ တပည့်တစ်ထောင်တို့တွင် အကြီးဆုံးဖြစ်သော ရှင်မဟိန္ဒကို သာသနာဘေးရန်ငြိမ်းစိမ့်သောငှာ ဂိုဏ်းကို အပ်နှင်းခဲ့၍ အဟောဂင်္ဂါသို့ ကြွသွားတော်မူ၏။ ။

## သာသနာသန့်ရှင်းရေးလုပ်ပုံ

အသောကာရာမ ကျောင်းတိုက်ကြီး၌ သံဃာများ (၇)နှစ်တိုင်တိုင် ဥပုသ်မပြုကြပဲ သံဃာကွဲပြားနေကြောင်း ဓမ္မာသောကမင်းကြီးကြားသိရ၍ သံဃာအရေးငြိမ်းအေးအောင် အမတ်တစ်ယောက် ကို စစ်တပ်နှင့်လွှတ်လိုက်၏။ အမတ်သည် သံဃာများ ဥပုဒ်ကံ ညီညီညွတ်ညွတ် ဆောင်ရွက်ရန်၊ ဥပုဒ်မပြုပဲ နေကြသောကြောင့် ရဟန်းကောင်းတို့ကို ထေရ်စဉ်အရ အသတ်ခံရလေ၏။ ထိုအခါ မင်းကြီး၏ ညီတော်တိဿ မထေရ်သည် တန်ခိုးတော်ဖြင့် သတ်နေသော အမတ်အနား ရောက်သွား၏။ အမတ်လည်း မသတ်ဝံ့တော့ပဲ မင်းကြီးကို ပြန်လျှောက်ထား၏။ မင်းကြီးသည် ဟယ်မတ်မိုက်- ငါသည် သင့်ကို အဓိကရုဏ်းငြိမ်းအောင် ဆောင်ရွက်ရန်သာခိုင်းသည်၊ သံဃာတော်များကို အသတ်ခိုင်းသည်မဟုတ် ဘာကြောင့်ဤကဲ့သို့ ပြုလုပ်ရသနည်းဟု မိန့်တော်မူပြီး စိတ်တော် မသက်မသာဖြစ်တော်မူ၍ သံဃာတော်များထံ ဆည်းကပ်၍ ဘုရားတပည့်တော်၏ နှစ်လုံးနှစ်ခွကို ဖျောက်၍ သာသနာတော်ကို ချီးမြှောက်အံ့သောငှာ စွမ်းနိုင်သော ပုဂ္ဂိုလ်ရှိပါသလားဘုရားဟု လျှောက်သော် မင်းကြီး သင်မင်းကြီး၏။ နှစ်လုံးနှစ်ခွကိုဖျောက်၍ သာသနာတော်ကို

ချိုးမြောက်အံ့သောငှာ- ရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်သည် စွမ်းနိုင်ပါ၏ဟု သံဃာတော်များက မိန့်သောအခါ ထိုနေ့ပင်လျှင် ရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်ကို အပင့်ခိုင်း၏။ မထေရ်သည်၊ အကျိုးကို မျှော်၍ ကြွလာတော်မမူ မင်းကြီးလည်း အဖန်ဖန်ပင်လွှတ်၏။ မကြွလာပေ၊ ထို့ကြောင့်သံဃာတော်ကိုလျှောက်သည်မှာ တိဿမထေရ်သည် သက်တော်အဘယ်မျှလောက်ရှိပါပြီလဲဘုရား ၇၂ နှစ်ရှိပြီဒကာတော် ဟုမိန့်သောအခါ မင်းကြီးလည်း ကြီးကျယ်စွာလှေဖောင်တော်-အခမ်းအနားကြီးတို့ဖြင့် အပင့်လွှတ်တော်မူ၏။ ထိုအခါ မထေရ်မြတ်သည် ကြွလာတော်မူ၏။

မင်းကြီးလည်း ကိုယ်တိုင်ထွက်တော်မူကြိုပင့်တော်မူ၏။ ရောက်လျှင် ဉယျာဉ်တော် အတွင်း ဆောက်လုပ်သော ကျောင်းတော်၌ သီတင်းသုံးစေတော်မူပြီး စစ်တပ်သုံးတပ်ချ၍ အစောင့် အနေထားတော်မူ၏။

ဗမ္ပာသောမင်းကြီးလည်း ဤမထေရ်သည် ငါ၏ ယုံမှားသံသယကို ပယ်ဖျောက်နိုင်အံ့ လောဟု စုံစမ်းလို၍ အရှင်ဘုရား တပည့်တော်သည် အံ့ဘွယ်သောတန်ခိုးကိုမြင်လိုပါသည်ဘုရားဟု လျှောက်သော အခါ ခွက်တွင် ရေအပြည့်ထည့်စေပြီး ရေအားလုံး မလှုပ်စေ၊ တစ်စိတ်တဒေသကို တန်ခိုးဖြင့် လှုပ်စေ၏။ ထိုအံ့ဖွယ်သော တန်ခိုးကိုမြင်ရ၍ မင်းကြီးသည် အကြွင်းမဲ့ယုံကြည်တော်မူ၏။ မထေရ်မြတ်ထံမှ ဘုရားအယူတော်ကို သင်ကြား၍ တတ်သိလျှင် (၇)ရက်မြောက်သောနေ့၌ သံဃာတော်အပေါင်းကို စည်းဝေးစေ၍ အယူအမျိုးမျိုးရှိသော ရဟန်းတို့ကို တစ်စုတည်းထားပြီးလျှင် တစ်အုပ်စုစီ တစ်အုပ်စုစီထုတ်၍ မင်းကြီးကိုယ်တိုင် မေးစစ်သောအခါ အချို့ရဟန်းတို့က-

သဿတအယူ

ကေစ္စသဿတအယူ

မန္တာနန္တိကအယူ

အမရာဝိက္ခေပအယူ

အဝိစ္စသမုပ္ပန္နအယူ

သညီဝါဒိကအယူ

အစရှိသော မိစ္ဆာအယူအမျိုးမျိုးကို ဘုရားအယူတု၍ ပြောကြားသော ရဟန်းယောင်တို့ကို လူဝတ်လဲစေ၏။ လူဝတ်လဲပေးရသော ရဟန်းယောင်တို့က ခြောက်သောင်းပမာဏမျှရှိ၏။

## သာသနာတည်တံ့အောင် တတိယသံဂါယနာတင်ခြင်း

မင်းကြီးသည် ရှင်မဟာမောဂ္ဂလိ ပုတ္တတိဿထေရ်အမှူးရှိသော ခြောက်သန်း အရေအတွက်

ရှိသော သံဃာတော်များကို လျှောက်ထားသည်မှာ အရှင်မြတ်တို့ဘုရား ယခုအခါ သံဃာတော်သည် သန့်ရှင်းပြီးဖြစ်ပါ၍ ဥပုသ်ပြုတော်မူကြပါဘုရားဟု လျှောက်ထားပြီး နန်းတော်သို့ ပြန်လေ၏။

မေ့ာသောကမင်း ဘိသိက်ခံ၍ ၁၇ နှစ် သာသနာတော် ၂၃၆ နှစ်သို့ ရောက်သောအခါ ခြောက်သန်းသော သံဃာတော်အပေါင်းမှ ပဋိသမ္ဘိဒါပတ္တ ပိဋကတ်သုံးပုံဆောင် ရဟန္တာတစ်ထောင် ရွေးချယ်တော်မူ၍ ပဌမသင်္ဂါယနာ ၊ ဒုတိယသင်္ဂါယနာတင်သကဲ့သို့ တပို့တွဲလပြည့်နေ့ကစ၍ အာသောကာရုံကျောင်းတော်ကြီး၌ ဝိနည်းမှ အဘိဓမ္မာ၊ သုတ်တည်းဟူသော ပိဋကတ်သုံးပုံကို ၉ လ တိုင်တိုင် တစ်နေ့မလပ် တတိယသင်္ဂါယနာ တင်တော်မူကြ၏။ သီတင်းကျွတ်လပြည့်နေ့မှာ တတိယသင်္ဂါယနာ ပြီးဆုံးအောင်မြင်ခြင်းသို့ ရောက်၏။

(သာသနာတည်တံ့အောင်ဆောင်ရွက်ခြင်းပြီး၏)

## သာသနာတော်ပြန့်ပွားအောင်ဆောင်ရွက်သောအခန်း

သာသနာတော်သက္ကရာဇ် ၂၃၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ တတိယသင်္ဂါယနာတင်ပြီးသောအခါ ရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်သည် နောင်သောအခါ အဘယ်အရပ် သာသနာတော် ထွန်းမည်နည်းဟု မျှော်ကြည့်လတ်သော် ပစ္စန္တရာဇ်အရပ်တို့၌ ထွန်းမည်အကြောင်း ကောင်းကောင်း သိမြင်တော်မူ၍ အောက်ပါမထေရ်တို့ကို သာသနာတော် ပြန့်ပွားအောင် သာသနာပြုလွှတ်တော်မူ၏။

(၁) မဇ္ဈန္တိကမထေရ်အမှူးရှိသော သံဃာတော်များကို ကပ္ပိရတိုင်း၊

(၂) မဟာရေဝတထေရ်တို့အဖွဲ့ မဟိသကတိုင်း၊

(၃) ရက္ခိတထေရ်တို့အဖွဲ့ ဝနဝါသီအရပ်၊

(၄) ယောနကဓမ္မရက္ခိတထေရ်တို့အဖွဲ့ မဟာရဋ္ဌတိုင်း၊

(၅) မဟာဓမ္မရက္ခိတထေရ်တို့အဖွဲ့ မဟာရဋ္ဌတိုင်း၊

(၆) မဟာရက္ခိတထေရ်တို့အဖွဲ့ ယောနကပြည်၊

(၇) မဇ္ဈိမထေရ်တို့အဖွဲ့ ဟိမဝန္တာအရပ်၊

(၈) သောဏထေရ် ဥတ္တရထေရ်တို့အဖွဲ့ သုဝဏ္ဏဘူမိ သထုံပြည်၊

(၉) မဟိန္ဒထေရ်နှင့် ဣဋ္ဋိယထေရ် ဥတ္တိယထေရ် သမ္ဗလထေရ် ဘဒ္ဒသာလထေရ်တို့အဖွဲ့ကို သီဟိုဠ်ကျွန်းသို့ အသီးသီးသော သာသနာပြန့်ပွားအောင် ကိုးတိုင်း၊ ကိုးဌာန သာသနာပြု

လွှတ်တော်မူ၏။

## ကာသိရတိုင်း၌ သာသနာပြုပုံ

(၉)တိုင်း (၉)ဌာန သာသနာပြုရန် စေလွှတ်တော်မူပြီးနောက် ကာသ္မီရတိုင်း၌ တာဝန်ကျသော မဇ္ဈန္တိကမထေရ်သည် ကောက်မှည့်သောအချိန်တွင် အရဝါဠနဂါးသည် မိုးကြီးသီးထန်စွာ ရွာစေ၍ ကောက်ပဲတို့ကို ဖျက်စီးနေသော အခါ ပါဋလိပုတ်ပြည်မှ ကောင်းကင်ခရီး ရှာန်အဘိညာဉ် စီးလျက် မြန်းကြွတော်မူ၍ အရဝါဠနဂါးကို နှိမ်နင်းဆုံးမတော်မူပြီး ရှစ်သောင်းလေးထောင်သော နဂါးတို့အား ချွတ်တော်မူ၍ သရဏဂုံ ပဉ္စသီ၌တည်ကြလေသည်။ ဟိမဝန္တာ၌နေကြကုန်သော ယက္ခနတ်၊ ဂန္ဓဗ္ဗနတ်၊ ကုမ္ဘဏ်နတ်အပေါင်းတို့သည်လည်း သရဏဂုံပဉ္စသီလ၌ တည်ကြလေသည်။ ပဉ္စကဘီလူးနှင့် မယား ယက္ခိနီ တို့သည်လည်းကောင်း၊ အခြွေအရံပဉ္စက ဘီလူး ၅၀၀ တို့သည်လည်းကောင်း၊ သောတာပတ္တိဖို၌ တည်ကြလေသည်။

ထိုအခါ ကသ္မီရဂန္ဓာရ တိုင်းသားတို့သည် မဇ္ဈန္တိကမထေရ်ထံသို့ ဖူးမြင်ရန်လာကြကုန်၏။ ဖူးမြင်လာကြကုန်သော လူအပေါင်းတို့အား (အာသိဝိသောပမ)သုတ်ကို ဟောတော်မူသော အဆုံး၌ ရှစ်သောင်းလေးထောင်သော ပရိတ်သတ်တို့သည် ဓမ္မာဘိသမယဖြစ်ကြလေသည်။ တစ်သိန်းသော အမျိုးသားတို့သည် ရဟန်းပြုကြကုန်၍ သက်နီးရောင်ဖြင့် ဂန္ဓာတိုင်း၌ လွှမ်းသွားလေ၏။ အာသိဝိသော ပမသုတ်တော်က အောက်ပါအတိုင်းဖြစ်လေသည်-

သေယျထာဘိက္ခဝေ စတ္တာရောအာသိဝိသော

ဥဂ္ဂတေဇော ဃောရဝိသာ (လ)

တိဏ္ဏောပါရင်္ဂတောထလေ- တိဋ္ဌတိဗြဟ္မဏောတိ

ခေါ်ဘိက္ခဝေအရတောဇတံအဓိဝစနန္တိ။

ရဟန်းတို့- ဥပမာသော်ကားလျှင်သော အဆိပ်ရှိကုန်သောထက်သော အစွယ်ရှိကုန်သော ပြင်းထန်သော အဆိပ်ရှိကုန်သော မြွေလေးကောင်တို့သည် ရှိကြကုန်၏။ ထိုအခါ အသက်ရှင်လိုသော မသေလိုသော ချမ်းသာကိုလိုလားသော ဆင်းရဲကို စက်ဆုပ်သော ယောကျ်ားသည် လာရောက်ရာ၏။ ထိုယောကျ်ားကို ဤသို့ဆိုကုန်ရာ၏။ အချင်းယောကျ်ားသင်သည်လျှင်သောအဆိပ်ရှိကုန်သော ထက်သောအစွယ် ရှိကုန်သော ပြင်းထန်သော အဆိပ်ရှိကုန်သောဤမြွေလေးကောင်တို့ကို အချိန်မှန်မှန်ထစေရမည်။ အချိန်မှန်မှန်ရေချိုးပေးရမည်။ အချိန်မှန်မှန်အစားကျွေးရမည်။အချိန်မှန်မှန်ထစေရမည်။ အချင်းယောကျ်ား သင့်အား လျှင်သောအဆိပ်ရှိကုန်သော ထက်သောအစွယ်ရှိကုန်သော ပြင်းထန်သော အဆိပ်ရှိကုန်သော မြွေလေးကောင် တို့တွင် တစ်ကောင်ကောင်သည် အမျက်ထွက်သောအခါ သင်သည် သေခြင်းသို့ဖြစ်စေ သေလောက်နီးပါး ဆင်းရဲသို့ဖြစ်စေရောက်လတ္တံ့။ အချင်း ယောကျ်ားသင်သည် ပြုသင့်ပြုထိုက်သည်ကို

ပြုလေလော့ဟုဆိုကုန်ရာ၏၊ ရဟန်းတို့ထိုအခါ ထိုယောက်ျားသင့်ကိုတွေ့မြင်ရာရာ အရပ်၌ သတ်ဖြတ်ကုန်အံ့ဟု ဤရန်သူလူသတ်သမား ငါးဦးတို့သည်နောက်မှ ထပ်ချပ်မကွာ လိုက်ပါနေကုန်၏။ အချင်းယောက်ျား သင်ပြုသင့်ပြုထိုက်သည်ကို ပြုလော့ဟုဆိုကုန်ရာ၏။

ရဟန်းတို့ ထိုအခါ ယောက်ျားသည် လျှင်သောအဆိပ်ရှိကုန်သော ထက်သောအစွယ် ရှိကုန်သော ပြင်းထန်သော အဆိပ်ရှိကုန်သော မြွေလေးကောင်တို့မှ ကြောက်လန့်သည်ဖြစ်၍ ရန်သူ လူသတ်သမား ၅ ဦးတို့မှ ကြောက်လန့်သည်ဖြစ်၍ ထိုထိုဤဤ ခြေဦးတည့်ရာအရပ်သို့ ပြေးလေရာ၏။

ထိုယောက်ျားကို ဤသို့ဆိုကုန်ရာ၏။ အချင်းယောက်ျားသင့်ကို တွေ့မြင်ရာအရပ်၌ ဦးခေါင်းကို ဖြတ်အံ့ဟုသင်၏ အတွင်း သူလျှိုဖြစ်သော ဆြောက်ယောက်မြောက် လူသတ်သမားသည် သန်လျက်ကို မြှောက်ကိုင်လျက်နောက်မှ နောက်မှ ထပ်ချပ်မကွာ လိုက်ပါနေ၏။ အချင်းယောက်ျား သင်ပြုသင့် ပြုထိုက်သည်ကို ပြုလော့ဟုဆိုကုန်ရာ၏။

ရဟန်းတို့ ထိုအခါ ထိုယောက်ျားသည်လျှင်သော အဆိပ်ရှိကုန်သော ထက်သော အစွယ်ရှိကုန်သော ပြင်းထန်သောအဆိပ်ရှိကုန်သော မြွေလေးကောင်တို့မှ ကြောက်လန့်သည်ဖြစ်၍ ရန်သူ လူသတ်သမား ၅ ဦးတို့မှ ကြောက်လန့်သည်ဖြစ်၍ ထိုထိုဤဤ ခြေဦးတည့်ရာအရပ်သို့ ပြေးလေရာ၏။ ထိုသူသည် လူသူဆိတ်သုဉ်းသော ရွာကိုမြင်၍ အကြင်အကြင်အိမ်သို့ ဝင်ကြအံ့၊ တစ်စုံတစ်ခုမျှ မရှိသောအိမ်သို့သာ ဝင်မိရာ၏၊ အချည်းနှီးသော အိမ်သို့သာဝင်မိရာ၏။ ဆိတ်သုဉ်းသော အိမ်သို့သာ ဝင်မိရာ၏။ အကြင်ကြင်အိုးခွက်ကို ကိုင်တွယ်ငြားအံ့၊ တစ်စုံတစ်ခုမျှမရှိသော အိုးခွက်ကိုသာ ကိုင်မိရာ၏၊ အချည်းနှီးသော အိုးခွက်ကိုသာ ကိုင်မိရာ၏၊ ဆိတ်သုဉ်းသောအိုးခွက်ကိုသာ ကိုင်မိရာ၏။ ထိုယောက်ျားကို ဤသို့ ဆိုကုန်ရာ၏။ အချင်းယောက်ျားယခုအခါရွာကိုနှိပ်စက်ဖျက်ဆီးတတ်သောခိုးသူတို့သည်ဤလူသူဆိတ်သုဉ်းသော ရွာသို့ ဝင်လာကြကုန်၏၊ အချင်းယောက်ျား သင်ပြုလုပ်ပြုထိုက် သည်ကို ပြုလေလော့ဟုဆိုကုန်ရာ၏။

ရဟန်းတို့ ထိုအခါ ယောက်ျားသည် လျှင်သောအဆိပ်ရှိကုန်သော ထက်သော အစွယ်ရှိ ကုန်သော ပြင်းထန်သော အဆိပ်ရှိသော မြွေလေးကောင်းတို့မှ ကြောက်လန့်သည်ဖြစ်၍ ရန်သူလူသတ်သမား ငါးဦးတို့မှ ကြောက်လန့်သည်ဖြစ်၍ ခြောက်ယောက်မြောက်အတွင်းသူလျှို သန်လျက်မိုးထားသော လူသတ်သမားမှ ကြောက်လန့်သည်ဖြစ်၍ ရွာကိုနှိပ်စက်ဖျက်ဆီးတတ်သော ခိုးသူတို့မှ ကြောက်လန့်သည် ဖြစ်၍ ထိုထိုဤဤခြေဦးတည့်ရာအရပ်သို့ ပြေးလေရာ၏။

ထိုသူသည် ဤမှာဘက်ကမ်းသည် စိုးရိမ်ဖွယ်နှင့်တကွ ဘေးကျမ်းနှင့်တကွဖြစ်၍ ထိုမှာ ဘက်ကမ်းအား စိုးရိမ်ဘွယ်မရှိ ဘေးကျမ်းမရှိသော နက်ကျယ်သော ရေပြင်လယ်ကြီးကို မြင်လေရာ၏။ သို့သော်လည်း ဤဖက်မှ ထိုဖက်သို့ သွားရောက်ရန် ကူးခပ်နိုင်သော လှေလည်းမရှိ တံတားလည်းမရှိ။

ရဟန်းတို့- ထိုအခါ ထိုယောက်ျားအား ဤသို့အကြံဖြစ်၏။ ဤကား နက်ကျယ်သော

ရေပင်လယ်တည်း၊ ဤဘက်ကမ်းသည် စိုးရိမ်ဖွယ်နှင့်တကွဖြစ်၏။ ဘေးကျမ်းနှင့်တကွဖြစ်၏ ထိုဘက်ကမ်းကား နိုးရိမ်ဖွယ်မရှိ ဘေးကျမ်းမရှိ ဤဘက်မှ ထိုဘက်သို့သွားရောက်ရန်ကူးခပ် နိုင်သော လှေလည်းမရှိ တံတားလည်းမရှိ ငါသည်မြက်ထင်းသစ်ခက်သစ်ရွက်တို့ကို စုဆောင်း၍ ဖေါင်ဖွဲ့ပြီးလျှင် ထိုဖေါင်ကို အမှီပြုကာ လက်ခြေတို့ဖြင့် လုံ့လပြုလျှက် ချမ်းသာစွာတစ်ဖက်ကမ်းသို့ သွားရမှ ကောင်းလေစွ ဟု အကြံဖြစ်သည်ရာ၏။

ရဟန်းတို့ ထိုအခါ ထိုယောက်ျားသည် မြက်ခင်း သစ်ရွက်သစ်ခက်တို့ကို စုဆောင်း၍ ဖေါင်ဖွဲ့ပြီးလျှင် ထိုဖောင်ကိုအမှီပြုကာ လက်ခြေတို့ဖြင့် လုံးလပြုလျှက် ချမ်းသာစွာ တစ်ဖက်ကမ်းသို့ သွားရာ၏။ ကူးမြောက်ပြီးဖြစ်၍ တစ်ဖက်ကမ်းသို့ရောက်ပြီးသော ဘေးရန်တို့ကို အပပြုပြီးသော သူမြတ်သည် ကြည်းကုန်းထက်၌ တည်၏။

ရဟန်းတို့ ငါဘုရားသည် အနက်အဓိပ္ပါယ်ကို သိလွယ်စေရန် ဤဥပမာကိုပြုအပ်ပြီ ဤဆိုလတ္တံ့သည်ကား ဤဆိုအပ်ပြီးသော ဥပမာစကား၌ အနက်အဓိပ္ပယ်တည်း၊

၁။ ရဟန်းတို့-လျှင်သောအဆိပ်ရှိကုန်သောထက်သော အဆိုးရှိကုန်သော ပြင်းထန်သော အဆိပ်ရှိကုန်သော၊ မြွေလေးကောင်တို့ဟူသော ဤအမည်သည်ကား ပထဝီဓါတ်၊ အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ် ဟူသော မဟာဘုတ်လေးပါးတို့၏ အမည်တည်း။

၂။ ရဟန်းတို့ ရန်သူလူသတ်သမားငါးဦးတို့ ဟူသော အမည်သည်ကား ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနုပါဒါနက္ခန္ဓာ၊ သညုပါဒါနက္ခန္ဓာ၊သင်္ခါရုပါဒါနက္ခန္ဓာ ၊ဝိညာနုပါဒါနက္ခန္ဓာ ဟူသော ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အမည်တည်း။

၃။ ရဟန်းတို့ -ခြောက်ယောက်မြောက်အတွင်းသူလျှိုသန်လျှက် မိုးထားသော လူသတ်သမား ဟူသောဤအမည်သည်ကား နှစ်သက်စွဲလမ်းမှု(နန္ဒီရာဂ)၏အမည်တည်း။

၄။ ရဟန်းတို့-လူသူဆိတ်သုဉ်းသော ရွာဟူသောဤအမည်သည်ကား အတွင်းဖြစ်သောတည်ရာ(အဇ္ဈတ္တိကာ ယတန) တို့၏ အမည်တည်း။

၅။ ရဟန်းတို့-လိမ္မာသောထက်မျက်သောပညာရှိသောသူသည် ထိုခန္ဓာကောင်ကြီးကို မျက်စိအားဖြင့်လည်း ဆင်ခြင်ခဲ့မူတစ်စုံတစ်ခုမျှမရှိသည်ဖြစ်၍သာထင်၏၊ အချည်းနှီး ဖြစ်၍သာ ထင်၏။ ဆိတ်သုန်းသည်ဖြစ်၍သာထင်၏။

ရဟန်းတို့ထိုခန္ဓာကောင်ကြီးကိုလျှာအားဖြင့်လည်းဆင်ခြင်ခဲ့မူတစ်စုံ တစ်ခုမျှမရှိသည် ဖြစ်၍သာထင်၏။ အချည်းနှီး ဖြစ်၍သာထင်၏၊ ဆိတ်သုန်းသည် ဖြစ်၍သာထင်၏။ ရဟန်းတို့ကို လိမ္မာသောထက်မြက် သောပညာရှိသူသည် ထိုခန္ဓာကောင်ကြီးကိုစိတ်အားဖြင့်လည်း ဆင်ခြင်ခဲ့မူ တစုံတခုမျှမရှိသည်ဖြစ်၍ ထင်၏။ အချည်းနှီးဖြစ်၍ သာထင်၏။ဆိတ်သုဉ်းသည် ဖြစ်၍သာထင်၏။

၆။ ရဟန်းတို့-ရွာကိုနှိပ်စက်ဖျက်ဆီးတတ်သောခိုးသူဟူသော ဤအမည်သည် အပဖြစ်သောတည်ရာ

(တပဟီရာယထန) တရားခြောက်ပါးတို့၏ အမည်တည်း။

၇။ ရဟန်းတို့-နှစ်သက်ဖွယ် မနှစ်သက်ဖွယ်အဆင်း တို့သည် မျက်စိကိုနှိပ်စက်အပ်၏။
ရဟန်းတို့-နှစ်သက်ဖွယ် မနှစ်သက်ဖွယ်အသံ တို့သည်နားကို နှိပ်စက်အပ်၏။
ရဟန်းတို့-နှစ်သက်ဖွယ် မနှစ်သက်ဖွယ်အနံ့ တို့သည် နှာခေါင်းကို နှိပ်စက်အပ်၏။
ရဟန်းတို့- နှစ်သက်ဖွယ် မနှစ်သက်ဖွယ်အရသာ တို့သည်လျှာကို နှိပ်စက်အပ်၏။
ရဟန်းတို့- နှစ်သက်ဖွယ် မနှစ်သက်ဖွယ်အတွေ့ တို့သည်ကိုယ်ကို နှိပ်စက်အပ်၏။
ရဟန်းတို့- နှစ်သက်ဖွယ် မနှစ်သက်ဖွယ်သဘောတရား တို့သည်စိတ်ကို နှိပ်စက်အပ်၏။

၈။ ရဟန်းတို့- ရေပင်လယ်ကြီး ဟူသော အမည်ကား ကာမောဃ- ဘဝေါဃ- ဒိဋ္ဌောဃ- အဝိဇ္ဇောဃဟူသော ဩဃလေးပါးတို့၏ အမည်တည်း။

၉။ ရဟန်းတို့-စိုးရိမ်ဖွယ်နှင့်တကွဘေးကျမ်းနှင့်တကွဖြစ်သော ဤဘက်ကမ်းဟူသော အမည်သည်ကား- ထင်ရှားရှိသော -ခန္ဓာကောင်သက္ကာယ၏ အမည်တည်း။

၁၀။ ရဟန်းတို့- စိုးရိမ်ဖွယ်ကင်းရာ ဘေးမရှိရာ ထိုဘက်ကမ်း-ဟူသောဤအမည် (နိဗ္ဗာန်)၏ အမည်တည်း။

၁၁။ ရဟန်းတို့-ဖေါင်ဟူသော ဤအမည်သည် မှန်ကန်စွာမြင်ခြင်း-သမ္မာဒိဋ္ဌိ။
မှန်ကန်စွာကြံခြင်း-သမ္မာသင်္ကပ္ပ။ မှန်ကန်စွာအသက်မွေးခြင်း-သမာဝါစာ။
မှန်ကန်စွာပြုလုပ်ခြင်း- သမ္မာကမ္မန္တ။ မှန်ကန်စွာအသက်မွေးခြင်း- သမ္မာအာဇီဝ။
မှန်ကန်စွာလုံ့လပြုခြင်း- သမ္မာဝါယမ ။ မှန်ကန်စွာသတိရှိခြင်း- သမ္မာသတိ။
မှန်ကန်စွာတည်ကြည်ခြင်း-သမ္မာသမာဓိ ဟူသောအင်္ဂါရှစ်ပါး ရှိသော အရိယာမဂ်၏ အမည်တည်း ။

၁၂။ ရဟန်းတို့-လက်ခြေတို့ဖြင့်ထိုသူ၏ကြိုးစားမှုဟူသော ဤအမည်သည် လုံ့လကြိုးကုတ် အားထုတ်မှု၏ အမည်တည်း။

၁၃။ ရဟန်းတို့- ကူးမြောက်ပြီးသည်ဖြစ်၍တဖက်ကမ်းသို့ရောက်သော ကြည်းကုန်းထက်၌ တည်သောသူမြတ် ဟူသော ဤအမည်သည်ကား -ရဟန္တာ၏အမည်ပေတည်း-ဟုမိန့်တော်မူ၏။

### အာသီဝိသောပမ သုတ်တော် မြန်မာပြန်ပြီး၏

### သဠာယတနသံယုတ်

### အာသီဝိသဝဂ်

### ပဍ္ဍမသုတ်

မဟာရေဝတထေရ်တို့ အဖွဲ့သည် မဟိသကတိုင်းသို့ ကြွသွားတော်မူကြပြီး (ဒေဝဒူတ) သုတ်ကို ဟောတော်မူ၍ ချွတ်တော်မူ၏၊ ဒေဝဒူတသုတ်တော် ဟောတော်မူသောအဆုံး၌လေးသောင်း သောပရိတ်သတ်တို့ ဓမ္မာဘိသမယဖြစ်၍ အောက်မဂ်သုံးပါးကို ရကြကုန်လျှက် သာသနာ့ဘောင် ဝင်ကြ ကုန်၏။

မဟာရေဝတထေရ်ဟောတော်မူသော ဒေဝဒူတ သုတ်တော်ကား-

ရဟန်းတို့-သေမင်းတမန်တို့သည် ဤ(၃)မျိုးတို့တည်း -အဘယ်သုံးမျိုးတို့နည်းဟူမူ- ရဟန်းတို့ ဤလောက၌ အချို့သောသူသည်ကိုယ်ဖြင့်မကောင်းမှုကို ပြုကျင့်၏။ နှုတ်ဖြင့်မကောင်းမှု ကိုပြုကျင့်၏။ စိတ်ဖြင့်မကောင်းမှုကိုပြုကျင့်၏။ ထိုသူသည် ကိုယ်ဖြင့်မကောင်းမှုကိုပြုကျင့်သောကြောင့်၊ နှုတ်ဖြင့်မကောင်းမှုကိုပြုကျင့်သောကြောင့် စိတ်ဖြင့်မကောင်းမှုကိုပြုကျင့်သောကြောင့် - ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသဖြင့် လားရာ ဖျက်ဆီး၍ ကျရောက်ရာ ဖြစ်သော ငရဲ၌ဖြစ်ရ၏။

ရဟန်းတို့ - ထိုသူကို ငရဲထိန်းတို့သည် အသီးသီး လက်မောင်းတို့၌ ဆွဲကိုင်၍ယမမင်းအား ပြကုန်၏။ မင်းမြတ် ဤယောကျ်ားသည် အမိ၌ သားသမီးတို့ ကျင့်ဝတ်ချွတ်ယွင်း၏။ အဖ၌ သားသမီးတို့ ကျင့်ဝတ်ချွတ်ယွင်း၏။ သမဏတို့၌ လူတို့ကျင့်ဝတ်ချွတ်ယွင်း၏။ ဗြာဟ္မဏတို့၌ လူတို့ကျင့်ဝတ် ချွတ်ယွင်း၏။ အမျိုး၌ ကြီးသော အဖိုး၊အဖွား၊ ဦးကြီး၊ ဦးလေး စသည်တို့ကို အရိုအသေ မပြုမြင့်မြတ်သည် ဤယောကျ်ားအား ဒဏ်ပေးတော်မူပါ - ဟု ပြောဆိုကုန်၏။

ရဟန်းတို့ - ထိုသူကို ယမမင်းသည် အမောင်ယောကျ်ားသင်သည် လူ့ပြည်၌ ထင်ရှား ဖြစ်ပေါ်သော ပဌမ သေမင်းတမန်ကို မမြင်ခဲ့ပါသလော ဟု ပဌမ သေမင်းတမန်နှင့် စပ်လျဉ်း၍မေးမြန်း ၏။ စစ်ဆေး၏။ ပြောဆို၏။ အသျှင် အကျွန်ုပ် မမြင်ခဲ့ပါ ဟု ထိုယောကျ်ားသည် ပြန်ပြော၏။

ရဟန်းတို့- ထိုသူကို ယမမင်းသည် ဤသို့မေးမြန်း၏။ အမောင်ယောကျ်ား သင်သည် လူ့ပြည်တို့၌ အိမ်အခြင်းကဲ့သို့ ကိုင်းသောခါးကုန်းသော တောင်ဝှေးကို အားထားနေရသော တုန်တုန် ရီရီ သွားလာနေသော အိုနာနှိပ်စက်နေသော အရွယ်လွန်သော သွားကျိုးသော ဆံဖြူသော ခေါင်းပြောင်နေသော ဦးခေါင်းတုန်လှုပ်သော အရေည်တွန့်လိမ်၍ မှဲ့ခြောက်တို့ဖြင့် ပြိုးပြွမ်းသော ကိုယ်ရှိသော အမယ်အိုကိုဖြစ်စေ အဖိုးအိုကို ဖြစ်စေ မမြင်ခဲ့ပါသလောဟု မေးပြန်၏။ အသျှင်မြင်ခဲ့ပါ၏ ဟု ထိုယောကျ်ားသည် ပြန်ပြော၏။

ရဟန်းတို့ ထိုသူကို ယမမင်းသည် ဤသို့မေးပြန်၏-အမောင်ယောကျ်ား သင်သည် သိကြား လိမ္မာသည်ဖြစ်ပါလျက် အသက်အရွယ်ကြီးရင့်သည်ဖြစ်ပါလျှက် ငါသည် အိုခြင်းသဘောရှိ၏၊ အိုခြင်းသဘောကို မလွန်နိုင်ချေ။ ငါသည် ယခုအခါ ကိုယ်ဖြင့်၄င်း၊ နှုတ်ဖြင့်၄င်း၊ စိတ်ဖြင့်၄င်း၊ ကောင်းမှုကို ပြုအံ့ဟု ဤသို့သော စိတ်အကြံသည် မဖြစ်ခဲ့ပါသလော ဟုမေး၏။ အရှင်အကျွန်ုပ်သည် ကောင်းမှုကို ပြုခြင်းငှာ မစွမ်းဆောင်နိုင်ခဲ့ပါ။ မေ့လျော့ခဲ့ပါသည်ဟု ထိုယောကျ်ားသည် ပြန်ပြော၏။

ရဟန်းတို့ ထိုသူကို ယမမင်းသည် ဤသို့ဆိုပြန်၏။ အမောင်ယောကျ်ား သင်သည် မေ့လျော့သောကြောင့် ကိုယ်ဖြင့်၄င်း၊ နှုတ်ဖြင့်၄င်း၊ စိတ်ဖြင့်၄င်း ကောင်းမှုကို မပြုခဲ့လေ၊ အမောင်ယောကျ်ားအကြင်အခြင်းအရာအားဖြင့်သင်သည်မေ့လျော့ခဲ့၏။ ထိုအခြင်းအရာအားဖြင့် သင့်ကိုမချွတ်ပြုကြကုန်လတ့်- ထိုမကောင်းမှုသည်သင့်အမိသည်ပြုသည် မဟုတ်၊ သင့်အဖသည် ပြုသည် မဟုတ်၊ သင့်ညီအစ်ကို များသည်ပြုသည်မဟုတ်၊ သင့်အမ နှစ်မများသည် ပြုကြသည်မဟုတ်၊ သင့်အဆွေ

ခင်ပွန်းချစ်ကျွမ်းဝင်သူတို့သည်ပြုကြသည်မဟုတ် ၊ နတ်တို့သည်ပြုသည်မဟုတ် သမဏဗြာဟ္မဏတို့သည်လည်းပြုသည်မဟုတ် စင်စစ်အားဖြင့် သင်သည် ပင်ကိုမကောင်းမှုကိုပြုခဲ့၏။ ထိုမကောင်းမှု၏ အကျိုးကို သင်သည်ပင် ခံစားရလတ္တံ့ ဟုဆို၏။

ရဟန်းတို့.- ထိုသူကို ယမမင်းသည် ပဌမသေမင်းတမန်နှင့် စပ်လျဉ်း၍ မေးမြန်းစစ်ဆေးပြောဆိုပြီးလျှင် "အမောင်ယောကျ်ား သင်သည် လူ့ပြည်တို့၌ ထင်ရှားဖြစ်သော ဒုတိယသေမင်းတမန်ကိုမမြင်ခဲ့ပါသလော " ဟု ဒုတိယသေမင်းတမန်နှင့် စပ်လျဉ်း၍မေးမြန်းပြန်၏။ စစ်ဆေးပြန်၏။ ပြောဆိုပြန်၏။

အရှင်ကျွန်ုပ်မမြင်ခဲ့ပါဟု ထိုယောကျ်ားသည်ပြန်ပြော၏။

ရဟန်းတို့- ထိုသူကို ယမမင်းသည် ဤသို့မေးပြန်၏။ " အမောင်ယောကျ်ားသင်သည်လူ့ပြည်တို့၌ အနာဖြင့်နှိပ်စက်အပ်သော ဆင်းရဲခြင်းသို့ရောက်နေသောပြင်းစွာမကျန်းမာသောမိမိကျင်ကြီး၊ ကျင်ငယ်၌ လိမ်းကျံပေရေလျက် အိပ်ရသော သူတပါးထူပေးမှ ထနိုင်သောအိပ်ရာသို့ သူတပါးချိမပို့ဆောင်အပ်သောလူနာမိန်းမကိုသော်လည်းကောင်း၊ လူနာယောကျ်ားကိုသော်လည်းကောင်း၊ သင်မြင်ခဲ့ပါသလော" ဟု (မေးပြန်၏)။ "အရှင်အကျွန်ုပ်မြင်ခဲ့ပါ၏။

ဟုထိုယောကျ်ားသည်ပြောဆို၏။

ရဟန်းတို့-ထိုသူကိုယမမင်းသည် ဤသို့မေးပြန်၏ ။

အမောင်ယောကျ်ား သိကြား လိမ္မာသည်ဖြစ်ပါလျက် အသက်အရွယ်ကြီး ရင့်သည်ဖြစ်ပါလျက် ငါသည်လည်း နာခြင်းသဘောရှိ၏။ နာခြင်းသဘောကိုမလွန်နိုင်၊ ယခုအခါ ငါသည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း၊ ကောင်းမှုကိုပြုအံ့ဟု ဤသို့သော် စိတ်အကြံသည် မဖြစ်ခဲ့ပါသလော" ဟု (မေး၏)။ " အရှင် အကျွန်ုပ်သည်ကား (ကောင်းမှုပြုခြင်း၌ မစွမ်းဆောင် နိုင်ခဲ့ပါ၊ မေ့လျော့ခဲ့ပါသည်") ဟုထိုယောကျ်ားသည်ပြန်ပြော၏။

ရဟန်းတို့.-ထိုသူကိုယမမင်းသည် ဤသို့ဆိုပြန်၏။"အမောင်ယောကျ်ားသင်သည် မေ့လျော့သောကြောင့် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း၊ ကောင်းမှုကိုမပြုခဲ့ပေ။ အမောင်ယောကျ်ား အကြင်အခြင်းအရာအားဖြင့် သင်သည်မေ့လျော့ခဲ့၏။ ထိုအချင်းအရာအားဖြင့် သင့်ကိုမချွတ်ပြုကြကုန်လတ္တံ့။ ထိုမကောင်းမှုကို သင့်မိခင်သည် ပြုသည်မဟုတ်၊ သင့်ဖခင်သည် ပြုသည်မဟုတ်၊ သင့်ညီမသည်ပြုသည်မဟုတ်၊ သင့်အစ်မ၊နှမသည်ပြုသည်မဟုတ်၊ သင့်အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူသည် ပြုသည်မဟုတ်၊ သာမဏ ဗြာဟ္မဏတို့သည်ပြုသည်မဟုတ်၊ သင့်ဆွေမျိုးသားချင်းတို့သည်ပြုသည်မဟုတ်၊ နတ်တို့ပြုသည်မဟုတ်၊ သာမဏ ဗြာဟ္မဏတို့ပြုသည်မဟုတ်၊ စင်စစ်အားဖြင့် သင်သည်ပင် ထိုမကောင်းမှုကို ပြုခဲ့၏။ ထိုမကောင်းမှု၏အကျိုးကို သင်သည်ပင် ခံစားရလတ္တံ့ ဟုဆို၏။

ရဟန်းတို့.ထိုသူကို ယမမင်းသည်ဒုတိယသေမင်းတမန် နှင်စပ်လျဉ်း၍

မေးမြန်းစစ်ဆေးပြောဆိုပြီးလျှင် " အမောင်ယောကျ်ားသင်သည် လူ့ပြည် တို့၌ထင်ရှား ဖြစ်သော တတိယ သေမင်းတမန်ကိုမြင်ခဲ့ပါသလော" ဟု တတိယသေမင်းတမန်ကို မေးမြန်းပြန်၏။စစ်ဆေးပြန်၏။ ပြောဆိုပြန်၏။ " အရှင်အကျွန်ုပ် မမြင်ခဲ့ပါ" ထို ယောကျ်ားသည်ပြောဆို၏။ ရဟန်းတို့ထိုသူကိုယမမင်းသည် ဤသို့မေး ပြန်၏။ " အမောင်ယောကျ်ား သင်သည်လူ့ပြည်တို့၌ သေ၍တရက်ရှိပြီးသော်လည်းဖြစ်သော၊ သေ၍နှစ်ရက် ရှိပြီးသော်လည်းဖြစ်သော၊ ဖူးဖူးရောင်နေသော ရုပ်ပျက်ဆင်းပျက်ညိုမဲနေသော၊ ပြည်ကဲ့သောစက်ဆုတ်ဖွယ်ပုပ်ရည် ယိုစီးနေသော မိန်းမသူသေကောင် ကိုဖြစ်စေ ယောကျ်ား သူသေကောင်ကိုဖြစ်စေ၊ သင်မမြင်ခဲ့ပါသလော " ဟုမေး၏။"အရှင်အကျွန်ုပ်မမြင်ခဲ့ပါ " ဟု ထိုယောကျ်ားသည်ပြန်ပြော၏။

ရဟန်းတို့- ထိုယောကျ်ားကို ယမမင်းသည် ဤသို့မေးပြန်၏။ " အမောင်ယောကျ်ား သကြားလိမ္မာဖြစ်ပါလျက်၊ အသက်အရွယ်ကြီးရင့်သည်ဖြစ်ပါလျက် "ငါသည်လည်းသေခြင်းသဘောရှိ၏၊ သေခြင်းသဘောကိုမလွန်နိုင်၊ ယခုအခါ ငါသည်ကိုယ်ဖြင့် လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း၊ ကောင်းမှုကိုပြုအံ့၊ " (ဟုစိတ်အကြံမဖြစ်ခဲ့ပါသလော၊) ဟုမေးပြန်၏။ "အရှင် ကျွန်ုပ်သည်ကား ကောင်းမှုကို ပြုလုပ်ရန်မစွမ်းဆောင်နိုင်ခဲ့ပါ၊ မေ့လျော့ခဲ့ပါသည်။" ဟုထိုယောကျ်ားသည် ပြန်ပြော၏။

ရဟန်းတို့ ထိုယောကျ်ားကို ယမမင်းသည် ဤသို့ဆိုပြန်၏။ "အမောင်ယောကျ်ားသင်သည် မေ့လျော့သော ကြောင့် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ကောင်းမှု ကိုမပြုခဲ့ပေ၊ အမောင်ယောကျ်ားအကြင်အခြင်းအရာဖြင့် သင်သည်မေ့လျော့ခဲ့၏။ ထိုအချင်းအရာအားဖြင့် သင့်ကို မချွတ်ပြုကြကုန်လတ္တံ့။ ထိုမကောင်းမှုကို သင့်မိခင်သည် ပြုသည် မဟုတ်၊ သင့်ဖခင်သည် ပြုသည်မဟုတ်၊ သင့်ညီအကိုသည် ပြုသည်မဟုတ်၊ သင့်အမ၊ နှစ်မသည်ပြုသည်မဟုတ်၊ သင့်အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူသည် ပြုသည် မဟုတ်၊သင့်ဆွေမျိုး သားချင်း တို့သည် ပြုသည်မဟုတ်၊ နတ်တို့ပြုသည် မဟုတ်။ သာမဏေ ဗြဟ္မဏတို့ ပြုသည် မဟုတ်၊ စင်စစ်အားဖြင့် သင်သည်ပင် ထိုမကောင်းမှုကို ပြုခဲ့၏။ ထို မကောင်းမှု၏အကျိုးကို သင်သည်ပင် ခံစားရလတ္တံ့ ဟုဆို၏။

ရဟန်းတို့ကို ယမမင်းသည် တတိယသေမင်းတမန်နှင့် စပ်လျဉ်း၍ ပြောဆိုပြီးသော် ဆိတ်ဆိတ်နေ၏။

ရဟန်းတို့ ထိုယောကျ်ားကို ငရဲထိန်းတို့သည် ငါးမျိုးသောနှောင်ဖွဲ့ခြင်းမည်သော ကမ္မကရဏကို ပြုကုန်၏။ လောလောပူသောသံစို့ကိုလက်၌ရိုက်နှက်ကုန်၏။ လောလောပူသောသံစို့ကို နှစ်ခုမြောက်သော ခြေ၌ရိုက်နှက်ကုန်၏။ လောလောပူသောသံစို့ကိုရင်အလယ်၌ရိုက်သွင်းကုန်၏။ ထိုယောကျ်ားသည် ထိုသံစို့ငါးချက်ရိုက်သွင်းသောနေရာတို့၌ ပြင်းထန်ကုန်သော၊ ကြမ်းတမ်းကုန်သော ကျင်နာစပ်ရှားကုန်သော ဆင်းရဲဝေဒနာတို့ကို ခံစားရ၏။ အကြင်မျှလောက် ထိုမကောင်းမှုကံမကုန်သေး ထိုမျှလောက် မသေသေးပေ။

ရဟန်းတို့ ထိုသူကို ငရဲထိန်းတို့သည် ဆွဲငင်ကုန်၍ ဓါးမကြီးတို့ဖြင့် ခုတ်ဖြတ်ကုန်၏။ထိုသူသည်

ထိုခါးမကြီးတို့ဖြင့် ခုတ်ဖြတ်ခံရသောနေရာ၌ ပြင်းထန်ကုန်သော ကြမ်းတမ်းကုန်သော ကြင်နာစပ်ရှားကုန်သော ဆင်းရဲဝေဒနာတို့ကိုခံစားရ၏။ အကြင်မျှလောက် ထိုမကောင်းမှုကံသည် မကုန်သေး။ ထိုမျှလောက် မသေသေးပေ။

ရဟန်းတို့ ထိုသူကို ငရဲထိန်းတို့သည် ဇောက်ထိုးမိုးမျှော်ဆွဲကိုင်ကြ၍ ပဲခွပ်တို့ဖြင့် ခုတ်ရွှေကုန်၏။ ထိုသူသည် ထိုပဲခွပ်တို့ဖြင့် ခုတ်ရွှေခံရသောနေရာ၌ ပြင်းထန်ကုန်သော ကြမ်းတမ်းကုန်သော ကြင်နာရှပ်ရှားကုန်သော ဆင်းရဲဝေဒနာတို့ကိုခံစားရ၏။ အကြင်မျှလောက်ထိုမကောင်းမှုကံသည် မကုန်သေး ထိုမျှလောက် မသေသေးပေ။

ရဟန်းတို့ ထိုသူကို ငရဲထိန်းတို့သည် ရထား၌တပ်၍ ရဲရဲညီးသော အလျှံတပြောင်ပြောင်လောင်သော မီးတောက်မီးလျှံနှင့်တကွသော မြေအပြင်၌ အခေါက်ခေါက်အပြန်ပြန် မောင်းနှင်ကုန်၏။ ထိုသူသည် မီးလျှံနှင့် တကွသော မြေပြင်၌ အခေါက်ခေါက်အပြန်ပြန်မောင်းနှင်ခံရသောနေရာ၌ ပြင်းထန်ကုန်သောကြမ်းတမ်းကုန်သော ကြင်နာစပ်ရှားကုန်သော ဆင်းရဲဝေဒနာတို့ကိုခံစားရ၏။ အကြင်မျှလောက် ထိုမကောင်းမှုကံသည် မကုန်သေး ထိုမျှလောက်မသေသေးပေ။

ရဟန်းတို့ထိုသူကိုငရဲထိန်းတို့သည် ရဲရဲညီးသော အလျှံတပြောင်ပြောင်လောင်သော မီးတော်မီးလျှံနှင့်တကွသော မီးတောင်ကြီးတို့လည်း တက်စေဆင်းစေကုန်၏။ ထိုသူသည် ထိုသို့မီးတောက်မီးလျှံနှင့်တကွသော မီးတောင်ကြီးသို့တက်ရဆင်းရသောအခါ၌ ပြင်းထန်ကုန်သော ကြမ်းတမ်းကုန်သော ကြင်နာစပ်ရှားကုန်သော ဆင်းရဲဝေဒနာတို့ကိုခံစားရ၏။ အကြင်မျှလောက် ထိုမကောင်းမှုသည် မကုန်သေး၊ ထိုမျှလောက်မသေသေးပေ။

ရဟန်းတို့ထိုသူကို ငရဲထိန်းတို့သည် ဇောက်ထိုးမိုးမျှော်ဆွဲကိုင်ကြ၍ ရဲရဲညီးသောအလျှံတပြောင်ပြောင်လောင်သောမီးတောက်မီးလျှံနှင့်တကွသော လောလောပူသောသံအိုးကြီး၌ ပစ်ချကုန်၏။ ထိုသူသည် မီးတောက်မီးလျှံနှင့်တကွသော လောလောပူသောသံအိုးကြီး၌ ပစ်ချခံရသောအခါ၌ပြင်းထန်ကုန်သော ကြမ်းတမ်းကုန်သော ကြင်နာစပ်ရှားကုန်သော ဆင်းရဲဝေဒနာတို့ကိုခံစားရ၏။ အကြင်မျှလောက် ထိုမကောင်းမှုကံသည် မကုန်သေး။ ထိုမျှလောက်မသေသေးပေ။ ထိုသူသည် ထိုသံအိုးကြီး၌ အမြှုပ်ထလျက် ကျက်သည်ဖြစ်၍ အထက်သို့လည်းတကြိမ်ပေါ်၏။ အောက်သို့လည်းတကြိမ်မြုပ်၏။ ဖီလာလည်း တကြိမ်မျော၏။

ရဟန်းတို့ ထိုသူကို ငရဲထိန်းတို့သည် အဝီစိ ငရဲကြီး၌ ပစ်ချကြကုန်၏။ ထိုအဝီစိငရဲကြီးသည်ကား- အထောင့်လေးခုရှိသည်၊ တံခါးလေးပေါက်ရှိသည်၊ ညီညာသောအဖို့အားဖြင့် ဝေဖန်ပိုင်းခြား အပ်၏၊ သံတံတိုင်းဖြင့် ကာရံအပ်၏၊ သံပြားဖြင့် မိုးထားအပ်၏၊ ထိုအဝီစိငရဲ၏ မြေပြင်သည် သံမြေပြင်ဖြစ်၏၊ အလျှံတပြောင်ပြောင် တောက်လောင်နေ၏၊ အလျှံနှင့်ယှဉ်စပ်နေ၏၊ ထက်ဝန်းကျင် ယူဇနာ (၁၀၀) တိုင်တိုင် ပျံ့နှံ့၍ အမြဲတည်နေ၏ဟု မိန့်တော်မူ၏။

## ဝနဝါသီတိုင်း၌ သာသနာပြုပုံ

ရက္ခိတ မထေရ်တို့အဖွဲ့သည်လည်း ဝနဝါသီတိုင်းသို့ ကြွတော်မူ၍ - (အနမတဂ္ဂ) သုတ်ကိုဟောတော်မူသော အဆုံး၌ ခြောက်သောင်းသော ပရိတ်သတ်တို့ ဓမ္မာဘိသမယ ဖြစ်ကြ လေသည်၊ ခုနှစ်သောင်းသော လူအပေါင်းတို့ ရဟန်းပြုပေးကြကုန်၏၊ သက်န်းရောင်ဖြင့် ဝနဝါသီတိုင်းကို လွှမ်းသွားလေသည်။ (အနမတဂ္ဂ) သုတ်တော်က အောက်ပါအတိုင်း ဖြစ်လေသည်။

ဧဝံမေသုတံ(လ) ဘဂဝါဧတဒဝေါစ
အနမတဂ္ဂေါယံဘိက္ခဝေသံသါရောပုဗ္ဗာ
ကောဋိန ပညာယတိ အဝိဇ္ဇာ နိဝရဏာနံသတ္တာနံ
တဏှာ သံယောဇနာနံ သန္ဓာဝတံ သံသရတံ
(လ) အလံဝိမုစ္စိတုံ။

အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်၊ အခါတပါး၌ မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါမြတ်စွာဘုရားသည် ရဟန်းတို့ကို ရဟန်းတို့ဟူ၍ ခေါ်တော်မူ၏၊ အသျှင်ဘုရားဟူ၍ ရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ကြားထားကြကုန်၏၊ မြတ်စွာဘုရာ းသခင်သည် ဤစကားတော်ကို မိန့်တော်မူ၏။

၁။ချစ်သားရဟန်းများတို့ ဤသံသရာ၏အစကို မသိနိုင်၊ မသိဟု အဝိဇ္ဇာဖြင့် ဖုံးလွှမ်းအပ်ကုန်သော တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချီအပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ကြရကုန်သော သတ္တဝါတို့၏ ရှေးအစွန်းသည် မထင်မြင်နိုင်၊ချစ်သားရဟန်းတို့ -ဥပမာသော်ကား၊ ယောကျ်ားသည် ဇမ္ဗူဒိပ်ကျွန်း၌ ရှိသမျှ မြက်၊ ထင်း၊ သစ်ခက်၊ သစ်ရွက်တို့ကိုဖြတ်၍ တပေါင်းထဲစုရုံးပြီးလျှင် လက်လေးသစ်လောက် အစိတ်အစိတ်ကို ပြု၍ ဤသည်ကား ငါ၏အမိတည်း၊ ဤသည်ကား ငါ၏အမိတည်း စသည်ဖြင့် တစ်ခုစီ ချထားရာ၏။

၂။ချစ်သားရဟန်းတို့ ထိုယောကျ်ား၏ အမိအဆက်ဆက်တို့သည် မကုန်မဆုံးနိုင်သည်သာ ဖြစ်ကုန်ရာ၏၊ စင်စစ်သော်ကားဤဇမ္ဗူဒိပ်ကျွန်း၌ ရှိသမျှ မြက်၊ ထင်း၊ သစ်ရွက်သစ်ခက်သည် ကုန်ဆုံးခြင်းသို့ ရောက်က်ရာ၏။

၃။ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်းဟူမူ ချစ်သားရဟန်းတို့ ဤသံသယာ၏ အစကို မသိနိုင် မသိမှုအဝိဇ္ဇာဖြင့် ပိတ်ဖုံးအပ်ကုန်သည် တဏှာတည်းဟူသော နှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည် ဖြစ်၍ ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည် ကြရကုန်သော သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်နိုင်သောကြောင့်ပင်တည်း။

၄။ချစ်သားရဟန်းတို့ ဤသို့ရှည်လျားကြာမြင့်သော နေ့ညဥ့်တို့ပတ်လုံး ဆင်းရဲကိုခံစား ရဘူးလှ

လေပြီ၊ ပြင်းထန်သောဆင်းရဲကိုခံစားရဘူးလှလေပြီ၊ ပျက်ဆီးခြင်းကို ခံစားရဘူးလှလေပြီ၊ သင်္ချိုင်းမြေပုံသည် တိုးပွားလှပေပြီ။

၅။ချစ်သားရဟန်းတို့- ဤအလုံးစုံသောသင်္ခါရတို့၌ ငြီးငွေ့ခြင်းငှာ သင့်လှသည်သာတည်း၊ တပ်ခြင်းကင်းခြင်းငှာ သင့်လှသည်သာလျှင်တည်း၊ လွတ်မြောက်ခြင်းငှာ သင့်လှသည် သာပင်တည်းဟု ဟောတော်မူ၏။ (တိဋ္ဌကဋ္ဌသုတ် ၁)

## နိဒါနဝဂ္ဂသံယုတ် အနမတဂ္ဂ

## ပဌမဝဂ်် တိဏကဋ္ဌသုတ်

**မှတ်ချက်။** ။ရက္ခိတ မထေရ်သည် ပထဝီသုတ်၊ အဿုသုတ်၊ ခီရသုတ်၊ ပဗ္ဗတသုတ်၊ သာသပသုတ်၊ သာဝကသုတ်၊ ဂင်္ဂါသုတ်၊ ဒဏ္ဍသုတ်၊ ပုဂ္ဂလသုတ်၊ ဤ အနမတဂ္ဂ(၁၀)သုတ်လုံး ဟောပုံရ၏၊ ထို့ကြောင့် ထို(၁၀)သုတ်၏မျိုးကွဲဟောတော်မူသော အချက်များကိုသာ ပြလိုက်ဦးအံ့-

ချစ်သားရဟန်းတို့ ဥပမာသော်ကား-ယောကျ်ားသည် ဤမြေကြီးကို ဆီးစေ့မျှလောက်၊ ဆီးစေ့မျှလောက်-အလုံးကလေးများပြု၍ ဤသည်ကား ငါ၏အဖတည်း၊ ဤသည်ကားငါ၏အဖိုးတည်း စသည်ဖြင့်တခုစီချထားပေရာ၏၊ချစ်သားရဟန်းတို့ကို ယောကျ်ား၏ အဖအဆက်ဆက်တို့သည် မကုန်ဆုံးနိုင်သည်သာ ဖြစ်ကုန်ရာ၏။ စင်စစ်သော်ကား ဤမဟာပထဝီမြေကြီးသည် ကုန်ဆုံးခြင်း သို့ရောက်ရာ၏၊ ထိုသို့ဖြစ်ခြင်းသည်ကား ၊ အဘယ်ကြောင့်နည်းဟူမူ ချစ်သားရဟန်းတို့ ဤသံသရာ၏ အစသည် မသိနိုင်(လ) ကြေသွားကျင်လည်ရကုန်သော သတ္တဝါတို့၏ရှေ့အစွန်းသည် မထင်နိုင်သော ကြောင့်တည်း(လ) သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်းငှာ လွတ်မြောက်ခြင်းငှာ သင့်လှသည်သာတည်းဟု ဟောတော်မူ၏။

## (ဒုတိယပထဝီ သုတ်)

ချစ်သားရဟန်းတို့ - ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤရှည်စွာသော အခွန့်ကာလ၌ ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြေးလွှားကျင့်လည်ကြရကုန်စဉ် မချစ်မနှစ်သက် အပ်သော သူတို့နှင့် ပေါင်းဖော်ရခြင်းကြောင့်လည်းကောင်း ချစ်နှစ်သက်အပ်ကုန်သောသူတို့နှင့် ကွေကွင်းရခြင်းကြောင့် လည်းကောင်း၊ မြည်တမ်းငိုကြွေးရကုန်သော သင်တို့၏ ယိုစီးသောမျက်ရည် ကြည်နှင့် မဟာသမုဒ္ဒရာလေးစင်း ရေသည် အဘယ်က ပိုများပြားသနည်းဟုမေးတော်မူ၏၊ အသျှင်ဘုရား ဤရှည်စွာသောအခွန့်ကာလ၌ ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ကြရကုန်စဉ် မချစ်မနှစ်ကုန်သော သူတို့နှင့် ပေါင်းဖော်ရခြင်းကြောင့် လည်းကောင်း၊ ချစ်ခင်နှစ်သက်အပ် သော သူတို့နှင့် ကွေကွင်းရခြင်းကြောင့်လည်းကောင်း၊ မြည်တမ်းငိုကြွေး ရကုန်သော အကျွန်ုပ်၏ယိုစီးသော မျက်ရည်ကြည်သာလျှင်များလှပါ၏၊ မဟာသမုဒ္ဒရာလေးစင်းရေသည် မများလှပါ ဟုမြတ်စွာဘုရား ဟောတိုင်းသော အခြင်းအရာဖြင့် တရားတော်ကို အကျွန်ုပ်သည် သိရပါကုန်၏ ဟုလျှောက်ကုန်၏။

ချစ်သားရဟန်းတို့ ကောင်းလေစွ ကောင်းလေစွ ချစ်သားရဟန်းတို့ ဤရှည်စွာသော အခွင့်ကာလ၌ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ရကုန်စဉ် မချစ်မနှစ်သက် အပ်သော သူတို့နှင့် ပေါင်းဖော်ရခြင်းသည်လည်းကောင်း၊ ချစ်ခင်နှစ်သက်အပ် သောသူတို့နှင့် ကွေကွင်းရခြင်းကြောင့်လည်းကောင်း ငြည်တမ်းငိုကြွေးရကုန်သောသင်တို့၏ ယိုစီးသောမျက်ရည် ကြည် သာလျှင်များလှပေ၏၊ မဟာသမုဒ္ဒရာလေးစင်း ရေသည်မများလှဟု ဤငါဟောတိုင်းသော အခြင်းအရာဖြင့် တရားတော်ကို ကောင်းစွာသိကြရကုန်၏။

ချစ်သားရဟန်းတို့ ရှည်စွာသော နေ့ညဥ့်ပတ်လုံး သင်တို့သည် အမိသေခြင်းကို တွေ့ကြုံခံစားရဘူးလှလေပြီ၊ ထိုအမိသေခြင်းကို တွေ့ကြုံခံစားရကုန်သည်ဖြစ်၍ (ပ)ငြည်တမ်းငိုကြွေးရကုန်သော သင်တို့၏ ယိုစီးသောမျက်ရည်ကြည်သည် များလှလေပြီ၊ မဟာသမုဒ္ဒရာလေးစင်း ရေသည်မများလှ၊ ချစ်သားရဟန်းတို့ (ပ) အဖသေခြင်းကို အစ်ကို၏သေခြင်းကို နှစ်မ၏သေခြင်းကို သား၏သေခြင်းကို သမီး၏သေခြင်းကို ဆွေမျိုး၏ပျက်စီးခြင်းကို တွေ့ကြုံခံစားရကုန်သည်ဖြစ်၍ (ပ) ငြည်တမ်းငိုကြွေး ရကုန်သော သင်တို့၏ မျက်ရည်ကြည်သည် များလှ၏၊ မဟာသမုဒ္ဒရာလေးစင်းရေသည် မများလှပေ၊ ထိုသို့ ဖြစ်ရခြင်းသည် အဘယ်ကြောင့်နည်း၊ ချစ်သားရဟန်းတို့ ဤသံသရာ၏ အစကိုမသိနိုင်ပေ-(ပ)အလုံးစုံသော သင်္ခါရတို့၌ ငြီးငွေ့ခြင်းငှာအပ်ခြင်းကင်းခြင်းငှာ လွတ်မြောက်ခြင်းငှာ သင့်လှသည် သာလျှင်တည်း ဟု ဟောတော်မူ၏။ (အဿုသုတ် ၃)

## ခီရသုတ် (၄)

ချစ်သားရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်(လ) သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင် ချစ်သားရဟန်းတို့ ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း- ဤရှည်စွာသော ကာလ၌ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြေးလွှားကျင်လည်ကြကုန်သော သင်တို့ သောက်စို့အပ်သော် အမိနို့စို့ရေနှင့် မဟာသမုဒ္ဒရာလေးစင်းရေသည် အဘယ်က သာလွန်များပြားသနည်း၊ အသျှင်ဘုရား (လ) ပြေးလွှားကျင်လည်ကြရကုန်သော အကျွန်ုပ်တို့ သောက်စို့ အပ်သောအမိနို့ရည်သည် များလှပါ၏ မဟာသမုဒ္ဒရာလေးစင်းရေသည် မများလှပါဟုမြတ်စွာဘုရားဟောတိုင်းသော အချင်းအရာအားဖြင့် တရားတော်ကို အကျွန်ုပ်တို့ သိရပါကုန်၏ ဟုလျှောက်ကြကုန်၏။

ချစ်သားရဟန်းတို့ ကောင်းစွကောင်းစွ ဤရှည်စွာသော ကာလ၌ ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ပြေးသွားကျင်လည် ကြရကုန်သော သင်တို့သောက်စို့အပ်သော နို့ရည်သည်သာလျှင် များလှ၏၊ မဟာသမုဒ္ဒရာလေးစင်းရေသည် မများလှပေ၊ ငါဘုရားဟောတိုင်းသော တရားတော်ကို ကောင်းစွာသိအပ်၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း ချစ်သားရဟန်းတို့-ဤသံသရာအစကို မသိနိုင် လွတ်မြောက်ခြင်းငှာ သင့်လှသည်သာလျှင်တည်းဟု ဟောတော်မူ၏။

## ပဌမသုတ်( ၅)

သာဝတ္ထိနိဒါန်း- ရဟန်းတပါးသည်မြတ်စွာဘုရားအား ကမ္ဘာသည်အဘယ်မျှလောက်ရှည်ပါသနည်းဘုရား ဟုလျှောက်၏၊ ချစ်သားရဟန်း ကမ္ဘာသည်ရှည်လျားလှ၏၊ ထိုကမ္ဘာသည် ဤမျှသောနှစ်တို့ဟူ၍ ဤမျှသောနှစ်အရာတို့ဟူ၍လည်းကောင်း၊ ဤမျှသော နှစ်အထောင်တို့ဟူ၍လည်းကောင်း၊ဤမျှသော နှစ်အသိန်းတို့ ဟူ၍ လည်ကောင်း၊ ရေတွက်ခြင်းငှာ မလွယ်ကူဟု မိန့်တော်မူ၏၊ အသျှင်ဘုရား ဥပမာကို ပြုခြင်းငှာ တတ်ကောင်းပါ၏လော ဟုလျှောက်ပြန်၏၊ ချစ်သားရဟန်း တတ်ကောင်း၏ ဟုမိန့်တော်မူ၏၊ ချစ်သားရဟန်း ဥပမာသော်ကား မကွဲမပြတ်သော အခေါင်းမရှိသော တခဲနက်ဖြစ်သော ကျောက်တောင်ကြီးသည် အလျားအားဖြင့်တယူဇနာ အနံအားဖြင့် တယူဇနာ အစောက်အားဖြင့် တယူဇနာရှိ၏၊ ထိုကျောက်တောင်ကြီးကို ယောကျ်ားသည် အနှစ်တရာ၊ အနှစ်တစ်ရာ လွန်သောအခါ၌ ကာသိတိုင်းဖြစ် အဝတ်ဖြင့် တစ်ကြိမ် တစ်ကြိမ်သာ ပွတ်တိုက်ရာ၏၊ ချစ်သားရဟန်း ထိုကျောက်တောင်ကြီးသည် ဤလုံ့လဖြင့် လျှင်စွာသာလျှင် ကုန်ဆုံးခြင်းတို့ ရောက်ရာ၏၊ ဤကမ္ဘာသည် ကုန်ဆုံးခြင်းသို့ မရောက်ရာ ချစ်သားရဟန်းတို့ -ကမ္ဘာသည် ဤသို့ရှည်လှစွာ၏၊ ချစ်သားရဟန်း ဤသို့ ရှည်လျားလှသော ကမ္ဘာတို့၏ တစ်ခုသောကမ္ဘာဟူ၍ မပြောမဆိုအပ် ကမ္ဘာတစ်ရာဟူ၍ မပြောမဆိုအပ် ကမ္ဘာတစ်ထောင်ဟူ၍ မပြောဆိုအပ်၊ ကမ္ဘာတစ်သိန်းဟူ၍မပြောဆိုအပ် ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း ချစ်သားရဟန်း ဤသံသရာ၏ အစကို မသိနိုင် ရှေးအစွန်သည် မထင်ပ အလုံးစုံသော သခ်ါရတို့၌ ငြီးငွေ့ခြင်းငှာ တပ်ခြင်း ကင်းခြင်းငှာ - လွတ်မြောက်ခြင်းငှာ သင့်လှ သည်သာလျှင်တည်း ဟု ဟောတော်မူ၏။

## သာသပသုတ် ၆

သာဝတ္ထိနိဒါန်း- ရဟန်းတပါးသည် မြတ်စွာဘုရားအားလျှောက်ထားသည်မှာ၊ အရှင်ဘုရား ကမ္ဘာသည် အဘယ်မျှလောက် ရှည်ပါသနည်း ဟုလျှောက်ထား၏၊ ချစ်သားရဟန်း ကမ္ဘာသည် ရှည်လျားလှ၏၊ ထိုကမ္ဘာကို ဤမျှသော နှစ်အရာတို့ နှစ်အထောင်တို့၊ နှစ်အသိန်းတို့ ဟူ၍ငှင်းရေတွက်ခြင်းငှာ မလွယ်ဟု မိန့်တော်မူ၏၊ အသျှင်မြတ်စွာဘုရား ဥပမာပြုခြင်းငှာ တတ်ကောင်း ပါ၏လော ဟုလျှောက်ပြန်၏။

ချစ်သာရဟန်း တတ်ကောင်းပေ၏ ဟုမိန့်တော်မူ၏၊ ချစ်သားရဟန်း ဥပမာသော်ကား အလျှား တယူဇနာ အနံ တယူဇနာ အစောက် တယူဇနာရှိသော မုန်ညှင်းစေ့တို့ဖြင့် အစိုင်အခဲပြည့်သော သံဖြင့်ပြီးသော မြို့သည်ရှိရာ၏- ယောကျ်ားသည် ထိုမြို့တွင်းရှိ မုန်ညှင်းစေ့ ပုံမှအနှစ်တရာ အနှစ်တရာကို လွန်သောအခါ မုန်ညှင်းစေ့တစေ့စီ ထုတ်ယူရာ၏ ချစ်သားရဟန်းတို့ ထိုကြီးစွာသောမုန်ညှင်းစေ့ အစုသည် ကုန်ဆုံးသို့ရောက်ရာ၏၊ ကမ္ဘာသည် ကုန်ဆုံးသို့ မရောက်နိုင်ရာ-

ချစ်သားရဟန်း ကမ္ဘာသည် ဤသို့ ရှည်လှစွာ၏၊ ဤသို့ ရှည်လှစွာသော ကမ္ဘာတို့၏ တစ်ခုသောကမ္ဘာဟူ၍မပြောဆိုအပ် ကမ္ဘာတစ်ရာ - ကမ္ဘာတစ်ထောင် ကမ္ဘာတစ်သိန်းဟူ၍ မပြောဆိုအပ် ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ ချစ်သားရဟန်း ဤသံသရာ၏ အစကိုမသိနိုင်(လ) လွတ်မြောက်ခြင်းငှာ သင့်လှသည်သာလျှင်တည်း ဟုဟောတော်မူ၏။

## (သာဝကသုတ်-၇)

သာဝတ္ထိနိဒါန်း-ရဟန်းများစွာတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍-အသျှင် မြတ်စွာဘုရား ရှေ့၌ ကျော်လွန်ကုန်ပြီးသောကမ္ဘာတို့သည် အဘယ်မျှလောက် များပါကုန်သနည်းဟု လျှောက်ကြကုန်၏၊ ချစ်သားရဟန်းတို့ ရှေ့၌ကျော်လွန်ပြီးသော ကမ္ဘာတို့သည် များလှကုန်၏၊ ထိုကုန်လွန်ကုန်ပြီးသော ကမ္ဘာတို့ကိုဤမျှသော ကမ္ဘာတို့ဟူ၍၄င်း၊ ဤမျှသောကမ္ဘာအရာ- ဤမျှသော ကမ္ဘာအထောင် ဤမျှသောကမ္ဘာအသိန်း တို့ဟူ၍၄င်း ရေတွက်ခြင်းငှာမလွယ်ကူ ဟုမိန့်တော်မူ၏။

အသျှင်မြတ်စွာဘုရား ဥပမာပြုခြင်းငှာ တတ်ကောင်းပါ၏လော၊ တတ်ကောင်းပါ၏၊ ချစ်သားတို့ ဤသာသနာတော်၌ အနှစ်တရာအသက်တမ်း ရှိသည်ဖြစ်၍ တရာအသက်ရှိကုန်သော သာဝကလေးယောက်တို့သည် နေ့တိုင်း နေ့တိုင်း ကမ္ဘာကပ်ပေါင်း တသိန်းတသိန်းတို့ကို အောက်မေ့နိုင် ကုန်ရာ၏၊ ထိုသို့ အောက်မေ့စဉ် အနှစ်တရာ သက်တမ်းရှိသည်ဖြစ်၍ အနှစ်တရာ အသက်ရှည် ကုန်သော ဤတပည့်သာဝကလေးယောက်တို့သည်ကမ္ဘာတို့ကိုကုန်အောင် မအောက်မေ့ နိုင် သည်သာတည်း။

ချစ်သားရဟန်းတို့- ရှေ့၌ကျော်လွန်ကုန်ပြီးသော ကမ္ဘာတို့သည် ဤသို့များလှကုန်၏၊ ထိုကမ္ဘာတို့ကို ဤမျှသောကမ္ဘာတို့ဟူ၍လည်းကောင်း ဤမျှသောကမ္ဘာအရာ ဤမျှသောကမ္ဘာ အထောင်ဤမျှသောကမ္ဘာအသိန်းဟူ၍လည်းကောင်း ရေတွက်ခြင်းငှာ မလွယ်ကူကုန်-ထိုသို့ ဖြစ်ခြင်းသည်အဘယ်ကြောင့်နည်း- ချစ်သား ရဟန်းတို့ သံသရာ၏ အစကိုမသိနိုင်(ပ) လွတ်မြောက်ခြင်းငှာ သင့်လှတော့သည်သာလျှင်တည်း ဟု ဟောတော်မူ၏။

## (ဂင်္ဂါသုတ် - ၈)

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ ပုဏ္ဏား တစ်ယောက်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျှက် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုနေရာ၌ ထိုင်နေကာ မြတ်စွာဘုရားအား အသျှင်ဂေါတမ ရှေ့၌ ကျော်လွန်ကုန်ပြီးသော ကမ္ဘာတို့သည် အဘယ်မျှလောက် များပြားပါသနည်း ဟုလျှောက်၏၊ ပုဏ္ဏား ရှေ့၌ကျော်လွန်ပြီးသော ကမ္ဘာတို့သည် များပြားသည်သာတည်း၊ ထိုကမ္ဘာတို့ကို ဤမျှသော ကမ္ဘာအရာ ကမ္ဘာအထောင်၊ ကမ္ဘာအသိန်းတို့ဟူ၍လည်းကောင်း

ရေတွက်ခြင်းငှာ မလွယ်ဟု မိန့်တော်မူ၏။

အသျှင်ဂေါတမ ဥပမာပြုခြင်းငှာ တတ်ကောင်းပါ၏လော၊ ပုဏ္ဏား ဥပမာသော်ကား ဤဂင်္ဂါမြစ်စ၍စီးရာမှ မဟာသမုဒ္ဒရာသို့ စီးဝင်ရာ အရပ်တိုင်အောင် ထိုအကြား၌ ဤမျှသောသဲတို့ဟူ၍လည်းကောင်း၊ ဤမျှသော သဲအရာ သဲအထောင် သဲအသိန်းတို့ဟူ၍ လည်းကောင်း ရေတွက်ခြင်း ငှာမလွယ် ပုဏ္ဏား ရှေး၌ကျော်လွန်ကုန်ပြီးသော ကမ္ဘာတို့သည် ထိုသဲတို့ထက် များလှကုန်သည် သာတည်း၊ထိုကမ္ဘာတို့ကို ဤမျှသောကမ္ဘာတို့ဟူ၍လည်းကောင်း၊ ဤမျှသောကမ္ဘာအရာတို့ဟူ၍လည်းကောင်း၊ဤမျှသောကမ္ဘာအထောင်သို့ဟူ၍လည်းကောင်း၊ ဤမျှသောကမ္ဘာအသိန်းတို့ဟူ၍လည်းကောင်း ရေတွက်ခြင်းငှာ မလွယ် ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။

ပုဏ္ဏား ဤသံသရာ၏အစကို မသိနိုင်၊ မသိမှုအဝိဇ္ဇာဖြင့် ပိတ်ဖုံးအပ်ကုန်သည်၊ တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည် ဖြစ်၍ ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝ ပြေးလွှား ကျင်လည် ကြရကုန်သော သတ္တဝါတို့၏ ရှေးအစွန်းသည် မထင်နိုင်သောကြောင့်တည်း။

ပုဏ္ဏားဤသို့လျှင် ရှည်မြင့်စွာသော နေ့ညဥ့်တို့ပတ်လုံး ဆင်းရဲကို တွေ့ကြုံခံစားရဘူးလှ လေပြီ၊ ပြင်းထန်သော ဆင်းရဲကိုတွေ့ကြုံခံစားရဘူးလှလေပြီ ပျက်စီးခြင်းကို တွေ့ကြုံခံစားရဘူးလှလေပြီ သင်းချိုင်းမြေပုံသည် တိုးပွားလှလေပြီ။

ပုဏ္ဏား ဤသို့လျှင် အလုံးစုံသော သင်္ခါရ တရားတို့၌ ငြီးငွေ့ခြင်းငှာ သင့်လှသည် သာလျှင်တည်း ဟူသော ဟောတော်မူ၏။

ဤသို့ ဟောတော်မူသည်ရှိသော် ပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏၊ အသျှင်ဂေါတမဘုရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါ၏၊ အသျှင် ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါ၏၊ (ပ) အသျှင်ဂေါတမသည် ကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ဥပသကာဟူ၍ မှတ်တော်မူပါလောဟု လျှောက်၏။

## (ဒုဂ္ဂတသုတ် - ၉)

သာဝတ္ထိ နိဒါန်း - ချစ်သားရဟန်းတို့ဤသံသရာ၏ အစကို မသိနိုင်(လ) သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်နိုင်၊ချစ်သားရဟန်းတို့ ဥပမာသော်ကား အထက်ကောင်းကင်သို့ ပစ်လွှတ် အပ်သော တောင်ဝှေးသည် တကြိမ်လည်းအရင်းဖြင့်ကျ၏၊ တကြိမ်လည်း အလည်ဖြင့်ကျ၏၊ တကြိမ်လည်း အဖျားဖြင့်ကျ၏၊ ချစ်သားရဟန်းတို့ ဤဥပမာ အတူသာလျှင် မသိမှုအဝိဇ္ဇာဖြင့် ပိတ်ဖုံးအပ်ကုန်သည်၊ တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည် ကြရကုန်သော သတ္တဝါတို့သည် တစ်ကြိမ်လည်း ဤလောကမှ တစ်ပါး လောကသို့ ရောက်ကုန်၏၊ တစ်ကြိမ်လည်း တပါးလောကမှဤလောကသို့ရောက်ကုန်၏၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ ချစ်သားရဟန်းတို့

ဤသံသရာ၏ အစကိုမသိနိုင် (ပ)လွတ်မြောက် ခြင်းငှာ သင့်လှသည် သာတည်းဟု ဟောတော်မူရာ၏။

## ( ပုဂ္ဂလသုတ် - ၁၀ )

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ချစ်သားရဟန်းတို့ဟူ၍ ခေါ်တော်မူ၏၊ အသျှင်ဘုရားဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ ချစ်သားရဟန်းတို့ ဤသံသရာ၏အစကို မသိနိုင် (ပ) တစ်ကမ္ဘာပတ်လုံးပြေးသွားကျင်လည်သော ပုဂ္ဂိုလ်တစ်ယောက်၏ ဤသို့များစွာသော အရိုးပုံ၊ အရိုးဆက်၊ အရိုးစုသည် စုပေါင်းသိမ်းဆည်းအပ်သည်ဖြစ်၍ မပျောက်ပျက်ခဲ့မူ ဤဝေပုလတောင်နှင့် အမျှဖြစ်ရာ၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ချစ်သားရဟန်း တို့ ဤသံသရာ၏အစသည် မသိနိုင် (ပ) လွတ်မြောက်ခြင်းငှာ သင့်လှတော့သည်သာတည်းဟု မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူသော မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူပြီး၍ ထိုမှနောက်၌ ဤဆိုလတ္တံ့သော ဂါထာတို့ကို ဟောတော်မူ၏။

ဧကဿေကေန ကပ္ပေန၊ ပုဂ္ဂလ ဿ ဋ္ဌိသဉ္စယော၊
သိယာ၊ ပဗ္ဗတသမောရာသိ ဣတိဝုတ္တံ မဟေသိနာ။

တစ်ခုသောကမ္ဘာ၌ ဖြစ်သော တစ်ယောက်သောပုဂ္ဂိုလ်၏ အရိုးစုသည် ဝေပုလတောင်နှင့် တူမျှသော အစုအပုံ ဖြစ်ရာ၏ ဟုမြတ်စွာဘုရားဟောတော်မူ၏။

သောခေါပနာယံ အက္ခာတော၊ ဝေပုလ္လော ပဗ္ဗတောမဟာ၊
ဥတ္တရော ဂိဇ္ဈကူဋဿ၊ မဂဓါနံဂိရိဗ္ဗဇေ။

မဂဓတိုင်းသူတို့၏ဆောင်တို့ဖြင့် ခြံရံအပ်သောရာဇဂြိုဟ်ပြည်၌ ထိုဝေပုလ္လတောင်သည် ကြီးမား၏၊ ဤဝေပုလ္လတောင်ကို ဂိဇ္ဈကုတောင်၏ မြောက်ဖက်နံပါး၌တည်၏ ဟူ၍ ဆိုအပ်ပေ၏။

ယတောစအရိယာသစ္စာနိ၊ သမ္မပညာယပဿတိ၊
ဒုက္ခံဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿစအတိက္ကမံ၊
အရိယံစဋ္ဌင်္ဂိကံမဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။
သ သတ္တက္ခတ္တုံပရမံ
သန္ဓာဝိတွာန ပုဂ္ဂလော။
ဒုက္ခဿန္တကရောဟောတိ၊
သဗ္ဗသံယောဇနက္ခယာတိ။

ဆင်းရဲ၊ ဆင်းရဲဖြစ်ကြောင်း ဆင်းရဲမှလွတ်မြောက်ရာ နိဗ္ဗာန်၊ ဆင်းရဲချုပ်ငြိမ်းရာနိဗ္ဗာန်

ရောက်ကြောင်း အကျင့်ဖြစ်သော အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ဟူကုန်သော ဤအရိယာသစ္စာတို့ကို ကောင်းသော ပညာဖြင့် ကောင်းစွာ မြင်သောအခါ၌ ထိုပုဂ္ဂိုလ်သည် ခုနစ်ကြိမ်အတိုင်းအရှည် ကျင်လည်ကြ၍ အလုံးစုံသောသံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် ဆင်းရဲ၏အဆုံးကို ပြုခြင်းသည် ဖြစ်၏ဟု ဟောတော်မူ၏။

## ပဌမဝဂ်ပြီး၏

## အပရန္တတိုင်း၌ သာသနာပြုခြင်း

ယောနကမဟာဓမ္မရက္ခိတ မထေရ်တို့အဖွဲ့သည်လည်း အပရန္တတိုင်းသို့ သာသနာပြု ကြွတော်မူ၍ ( အဂ္ဂိခန္ဓော ပမသုတ်တော် ) ကို ဟောတော်မူသော အဆုံး၌ ခုနစ်သောင်းသော ပရိတ်သတ်တို့သည် တရားအမြိုက်သောက်စို့ရ၍ ကျွတ်တန်းဝင်ကြသည်၊ မင်းမျိုးမှထွက်၍ တစ်ထောင်သောသူတို့သည်လည်း ရဟန်းပြုကြလေသည်၊ ထို့အပြင် ခြောက်ထောင်သော မိန်းမတို့ သည်လည်း ရဟန်းပြုကြလေသည်။ အဂ္ဂိခန္ဓောပမသုတ်တော်က အောက်ပါ အတိုင်းဖြစ်၏။

အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်။

အခါတပါး၌ မြတ်စွာဘုရားသခင်သည် များစွာသော ရဟန်းသံဃာတို့နှင့်တကွ ကောသလတိုင်း တို့၌ ဒေသစာရီကြွတော်မူ၏၊ မြတ်စွာဘုရားသည် ဒေသစာရီ ကြွတော်မူသည်ရှိသော် တစ်ခုသော အရပ်၌ တပြောင်ပြောင်တောက်လောင်လျှက် အခိုးအလျှံ နှင့်တကွ မီးတောက်နှင့် တကွဖြစ်သော မီးပုံကြီးကို မြင်တော်မူ၍ လမ်းခရီးမှဖယ်ပြီးလျှင် သစ်ပင်ရင်းဝယ်ခင်းထားသော နေရာ၌ထိုင်တော်မူလျှက် ရဟန်းတို့ကို ချစ်သားရဟန်းတို့ သင်တို့သည် တပြောင်ပြောင်တောက်လောင် လျှက် အခိုးအလျှံနှင့်တကွ မီးတောက်နှင့်တကွ ဖြစ်သော ဤမီးပုံကြီးကို မြင်ကြရကုန်၏လော ဟုမေးတော်မူ၏၊ အသျှင် မြတ်စွာဘုရား မြင်ကြပါကုန်၏ ဟုလျှောက်ကြကုန်၏။

ချစ်သားရဟန်းတို့ ထိုအရာကိုမည်သို့မှတ်ထင် ကြကုန်သနည်း၊ တပြောင်ပြောင် တောက်လောင်လျှက် အခိုးအလျှံနှင့်တကွ မီးတောက်နှင့်တကွဖြစ်သော ဤမီးပုံကြီးကို ဖက်ပြီးလျှင် မှီ၍မူလည်း ထိုင်နေရာ၏၊ အနီးသို့မူလည်း ကပ်၍ အိပ်ရာ၏။

နုးညံ့နုနယ်သော လက်ခြေရှိသော မင်းမျိုးသတို့သမီးကိုသော်လည်းကောင်း၊ ပုဏ္ဏား မျိုး သတို့သမီးကိုသော်လည်းကောင်း၊ သူဌေးမျိုးသတို့သမီးကိုသော်လည်းကောင်း လည်ကိုဖက်၍ အနီး၌ မူလည်းထိုင်နေရာ၏၊ အနီးမူလည်း ကပ်၍အိပ်ရာ၏၊ ထိုနှစ်မျိုးတွင် မည်သည့်အရာသည် မြတ်လေသနည်းဟု မေးတော်မူ၏၊

အရှင် မြတ်စွာဘုရား နုးညံ့နုနယ်သော လက်ခြေရှိသော မင်းမျိုးသတို့သမီးကို သော်လည်းကောင်း ပုဏ္ဏားမျိုး သတိုးသမီးကို သော်လည်းကောင်း၊ သူဌေးမျိုးသတိုးသမီးကို သော်လည်းကောင်း၊

ဖက်၍အနီး၌ ထိုင်နေခြင်း အနီးသို့ ကပ်၍ အိပ်ခြင်းသည်သာလျှင် မြတ်လှပါ၏၊ အသျှင်ဘုရား တစ်ပြောင်ပြောင်တောက်လောင် လျှက်အခိုးအလျှံနှင့်တကွ မီးတောက်နှင့်တကွ ဖြစ်သော မီးပုံကြီးကိုဖက်၍ အနီး၌ ထိုင်နေခြင်း အနီးသို့ ကပ်၍ အိပ်ခြင်းသည် ဆင်းရဲလှပါ၏ ဟုလျှောက်ကြကုန်၏။

ချစ်သား ရဟန်းတို့ သင်တို့အား ငါဟောကြားအံ့၊ သိစေအံ့၊ ယုတ်ညံ့သောသဘော ရှိသော မစင်ကြယ်သောစက်ဆုပ်ရွံရှာဖွယ် အကျင့်ရှိသော ဖုံးလွှမ်းအပ်သော မကောင်းမှုရှိသော ရဟန်းမဟုတ်ပဲလျှက် ငါရဟန်းဟု ဝန်ခံသော မြတ်သောအကျင့်ကို မကျင့်ပဲလျှက် မြတ်သောအကျင့်ကို ကျင့်သည်ဟုဝန်ခံသော အတွင်း၌ကိလေသာတို့ဖြင့်ပုပ်သော ကိလေသာတို့ဖြင့် စိုစွတ်သော ယောက်သွားပုပ်နှင့်တူသောသဘော ရှိသောထိုဒုဿီလ ပုဂ္ဂိုလ်အားတပြောင်ပြောင်တောက်လောင်လျှက် အခိုးအလျှံနှင့်တကွ မီးတောက် နှင့်တကွဖြစ်သော မီးပုံကြီးကို ဖက်၍ အနီး၌ထိုင်နေခြင်း၊ အနီးသို့ကပ်၍အိပ်ခြင်းကသာလျှင် မြတ်လှပေ၏။

ထိုသို့မြတ်ခြင်းသည် အဘယ်ကြောင့်နည်းဟူမူ - ချစ်သားရဟန်းတို့ - ထိုရဟန်းသည် ထိုမီးပုံကြီးကို ဖက်၍ အနီး၌ထိုင်နေခြင်း အနီးသို့ကပ်၍ အိပ်ခြင်းဟူသော အကြောင်းကြောင့် သေခြင်းသို့မူလည်းရောက်ရာ၏၊ သေလောက်သော ဆင်းရဲဒုက္ခသို့မူလည်း ရောက်ရာ၏၊ ထိုမီးပုံကြီးကို ဖက်၍ အနီး၌ထိုင်နေခြင်း အနီးသို့ကပ်၍ အိပ်ခြင်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာပျက်စီး ၍ ကျရောက်ရာ ငရဲသို့ကား မကျရောက်ရာ။

ချစ်သားရဟန်းတို့ - ယုတ်ညံ့သော သဘောရှိ၍ မစင်ကြယ်သော စက်ဆုပ်ရွံရှာအပ် သော အကျင့်ရှိသော -ပ- ကိလေသာတို့ဖြင့်စိုစွတ်သော ယောက်သွားပုပ်နှင့်တူသော သဘောရှိသော ထိုဒုဿီလပုဂ္ဂိုလ်အား နူးညံ့နုနယ်သော လက်ခြေရှိသော မင်းမျိုးသတို့သမီးကိုသော် လည်းကောင်း၊ ပုဏ္ဏားမျိုးသတို့သမီးကိုသော်လည်းကောင်း၊ သူဌေးမျိုးသတို့သမီးကိုသော် လည်းကောင်း ဖက်၍အနီး၌ ထိုင်နေခြင်း အနီးသို့ကပ်၍ အိပ်ခြင်းသည် ကာလကြာမြင့်စွာ စီးပွားမဲ့ရန် ဆင်းရဲရန်ဖြစ်၏၊ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ကျရောက်ရ၏။

ချစ်သားရဟန်းတို့ - ထိုအရာကို မည်သို့မှတ်ထင်ကြကုန်သနည်း၊ ခွန်အားရှိသော ယောကျ်ားသည် မြင့်မြဲခိုင်ခံ့သော သားမြီးကြိုးဖြင့် ခြေသလုံး နှစ်ဖက်တို့ကို ရစ်ပတ်၍ ပွတ်တိုက်ရာ၏၊ထိုသားမြီးကြိုးအပေါ်ရေကိုဖြတ်ပြီးလျှင် အတွင်းရေကိုဖြတ်ရာ၏။ အတွင်းရေကိုဖြတ်ပြီးလျှင် အသားကိုဖြတ်ရာ၏၊ အသားကိုဖြတ်ပြီးလျှင် အကြောကိုဖြတ်ရာ၏။ အကြောကိုဖြတ်ပြီးလျှင် အရိုးကိုဖြတ်ရာ၏။ အရိုးကိုဖြတ်ပြီးလျှင် ရိုးတွင်းခြင်ဆီကို ထိလျှက် တည်ရာ၏၊ မင်းမျိုး၌ဖြစ်၍ များသောဥစ္စာနှစ်ရှိကုန်သော သူတို့၏ သော်လည်းကောင်း ပုဏ္ဏားမျိုး ဖြစ်လျှက် များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏ သော်လည်းကောင်း၊ သူကြွယ်မျိုးဖြစ်လျှက် များသော ဥစ္စာနှစ် ရှိကုန်သော သူတို့၏ သော်လည်းကောင်း ရှိခိုးခြင်းကိုသာယာ၏၊ ထိုနှစ်မျိုးတို့တွင် ဘယ်အရာ မြတ်သနည်း ဟု မေးတော်မူ၏။

အသျှင်မြတ်စွာဘုရား မင်းမျိုး၌ဖြစ်၍ များသောဥစ္စာနှစ်ရှိကုန်သော သူတို့၏ သော်လည်းကောင်း၊ ပုဏ္ဏားမျိုးဖြစ်လျက် များသောဥစ္စာနှစ်ရှိကုန်သောသူတို့၏ သော်လည်းကောင်း၊ သူကြွယ်မျိုးဖြစ်လျက် များသောဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်လည်းကောင်း- ရှိခိုးခြင်းကို သာယာသည်လျှင်မြတ်ပါ၏၊ အရှင်ဘုရား ခွန်အားရှိ သော ယောကျ်ားသည် မြဲမြံခိုင်ခံ့သောသားမြီးကြိုး ဖြင့် (ပ) ရိုးတွင်းခြင်ဆီကိုထိ၍ တည်ခြင်းသည်ဆင်းရဲလှပါ၏ ဟုလျှောက်ကြကုန်၏။

ချစ်သားရဟန်းတို့ သင်တို့အားငါပြောကြားအံ့၊ သိစေအံ့၊ ယုတ်ညံ့သောသဘောရှိ၍ -ပ- ယောက်သွားပုပ်နှင့်တူသော သဘောရှိသော ထိုဒုသီလပုဂ္ဂိုလ်အား ခွန်အားရှိသော ယောကျ်ားသည် မြဲမြံခိုင်ခံ့သော သားမြီးကြိုးဖြင့် ခြေသလုံးနှစ်ဖက်တို့ကို ရစ်ပတ်၍ (ပ) ရိုးတွင်းခြင်ဆီကိုထိ၍ တည်သည်သာလျှင် မြတ်ပေ၏။

ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ချစ်သားရဟန်းတို့ ထိုသားမြီးကြိုးဖြင့် ခြေသလုံးကို ပွတ်တိုက်ခြင်း ဟူသောအကြောင်းကြောင့် ထိုရဟန်းသည်သေခြင်းသို့ မူလည်း ရောက်ရာ၏၊ သေလောက်သော ဆင်းရဲဒုက္ခတို့မူလည်းရောက်ရာ၏၊ ထိုသားမြီးကြိုးဖြင့် ခြေသလုံးကို ပွတ်တိုက်ခြင်း ဟူသောအကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်ကာလ၌ ချမ်းသာကင်းသော မကောင်းသောလားရာပျက်စီး၍ ကျရောက်ရာ ငရဲသို့ကား မကျရောက်ရာ။

ချစ်သားရဟန်းတို့ - သီလမရှိသော (ပ) ယောက်သွားပုပ်နှင့်တူသော သဘောရှိသော ထိုပုဂ္ဂိုလ်အား မင်းမျိုး၌ဖြစ်၍ များသောဥစ္စာအနှစ် ရှိကုန်သော သူတို့၏ သော်လည်းကောင်း၊ ပုဏ္ဏားမျိုး၌ဖြစ်၍ များသောဥစ္စာအနှစ်ရှိကုန်သော သူတို့၏သော်လည်းကောင်း၊သူကြွယ်မျိုး၌ဖြစ်၍များသောဥစ္စာဥစ္စာအနှစ်ရှိကုန်သောသူတို့၏သော်လည်းကောင်း ရှိခိုးခြင်းကိုသာယာ ခြင်းသည် ကာလ ကြာမြင့်စွာ စီးပွားမဲ့ရန် ဆင်းရဲရန်ဖြစ်၏၊ ခန္ဓာကိုယ် ပျက်စီးသည်မှ သေပြီးသည့် နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာပျက်စီး၍ ကျရောက်ရာ ငရဲသို့ ကျရောက်ရ၏။

ချစ်သား ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း- ခွန်အားရှိသော ယောကျ်ားသည် ဆီဖြင့်ကျောက်တုံး၌ သွေးအပ်သော ထက်မြက်သောလှံမဖြင့်ရင်ဝ၌ ထိုးဆွရာ၏၊ မင်းမျိုး၌ ဖြစ်၍များစွာသောဥစ္စာအနှစ်ရှိကုန်သောသူတို့၏ သော်လည်းကောင်း၊ ပုဏ္ဏားမျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့သည်လည်းကောင်း၊ လက်အုပ်ချီခြင်းကိုသာယာ၏၊ ထိုနှစ်မျိုးတို့တွင် - အဘယ်အရာသည် မြတ်သနည်းဟု မေးတော်မူ၏။

အသျှင်ဘုရား -မင်းမျိုးတို့၌ဖြစ်၍များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏ သော်လည်းကောင်း၊ ပုဏ္ဏားမျိုး၌ဖြစ်၍ များသောဥစ္စာနှစ်ရှိကုန်သော သူတို့၏ သော်လည်းကောင်း၊ သူကြွယ်မျိုး၌ ဖြစ်၍များသောဥစ္စာနှစ်ရှိကုန်သောသူတို့၏သော်လည်းကောင်း၊ လက်အုပ်ချီခြင်းကို သာယာခြင်း သည်သာလျှင် မြတ်လှပါ၏၊ အသျှင်ဘုရားခွန်အားရှိသော ယောကျ်ားသည် ဆီဖြင့် ကျောက်တုံး၌ သွေးအပ်သော ထက်မြက်သော လှံမဖြင့်ရင်ဝ၌ ထိုးဆွခြင်းသည်ကားဆင်းရဲလှပါ၏ ဟူလျှောက်ကြ ကုန်၏။

ချစ်သားရဟန်းတို့ သင်တို့အားငါဟောကြားအံ့ - သိစေအံ့ ယောက်သွားပုပ်နှင့် တူသော သဘောရှိသော သီလမရှိသော ထိုဒုဿီလပုဂ္ဂိုလ်အားခွန်အားရှိသောယောကျ်ားသည် ဆံဖြင့် ကျောက်တုံး၌ သွေးအပ်သော ထက်မြက်သော လှံမဖြင့်ရင်ဝ၌ ထိုးဆွခြင်း သည်သာလျှင် မြတ်လှပေ၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း။

ချစ်သားရဟန်းတို့ ထိုလှံမဖြင့် ရင်ဝသို့ထိုးဆွခြင်းဟူသော အကြောင်းကြောင့် ထိုပုဂ္ဂိုလ် သည် သေခြင်းသို့မူလည်း ရောက်ရာ၏၊ သေလောက်သောဆင်းရဲဒုက္ခသို့မူလည်းရောက်ရာ၏၊ ထို လှံမဖြင့်ရင်ဝ၌ ထိုးဆွခြင်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက် ကာလ၌ ချမ်းသာကင်းသော မကောင်းသောလားရာပျက်စီး၍ ကျရောက်ရာ ငရဲသို့ကားမရောက်ရာ။

ချစ်သားရဟန်းတို့ယုတ်ညံ့သောသဘော ရှိသော -ပ- ယောက်သွားပုပ်နှင့်တူသော သဘောရှိသောပုဂ္ဂိုလ်အားမင်းမျိုး၌ဖြစ်၍များသောဥစ္စာအနှစ်ရှိကုန်သည်ဖြစ်၍ များသောဥစ္စာနှစ် ရှိကုန် သောသူတို့၏သော်လည်းကောင်း၊ ပုဏ္ဏားမျိုး၌ ဖြစ်၍များသော ဥစ္စာအနှစ်ရှိကုန်သည် ဖြစ်၍ များသော ဥစ္စာအနှစ်ရှိကုန်သောသူတို့၏လည်းကောင်း၊ သူကြွယ်မျိုး၌ဖြစ်၍ များသောဥစ္စာ အနှစ်ရှိကုန်သည်ဖြစ်၍ များသော ဥစ္စာအနှစ်ရှိကုန်သော သူတို့၏သော်လည်းကောင်း၊ လက်အုပ်ချီခြင်း ကို သာယာခြင်းသည် ကာလကြာမြင့်စွာစီးပွားမဲ့ ရန်၊ ဆင်းရဲရန်ဖြစ်၏၊ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးမှ နောက်၌ ချမ်းသာကင်း သော မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ကျရောက်ပေ၏။

ချစ်သားရဟန်းတို့ ထိုအရာကို မည်သို့မှတ်ထင်သနည်း၊ ခွန်အားရှိသော ယောကျ်ားသည် တပြောင်ပြောင်တောက်လောင်လျှက် အခိုးအလျှံနှင့်တကွ မီးတောက်နှင့်တကွ ဖြစ်သော လောလောပူ သော သံပြားဖြင့် ကိုယ်ကိုရစ်ပတ်စေ၏၊ မင်းမျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သောသူတို့၏ သော်လည်းကောင်း၊ ပုဏ္ဏားမျိုး၌ဖြစ်၍များသောဥစ္စာနှစ်ရှိကုန်သောသူတို့၏ သော်လည်းကောင်း၊သူကြွယ်မျိုး၌ဖြစ်၍များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏ သော်လည်းကောင်း၊ ယုံကြည်မှုဖြင့်ပေးလှူအပ်သော သင်္ကန်းကို -ဝတ်ရုံသုံးဆောင်ရာ၏၊ ထိုနှစ်မျိုးတို့တွင် အဘယ်အရာသည် မြတ်သနည်းဟု မေးတော်မူ၏။

အရှင်မြတ်စွာဘုရား - မင်းမျိုး၌ဖြစ်၍ များသောဥစ္စာနှင့် ရှိသောသူတို့၏လည်းကောင်း -ပ- ယုံကြည်မှုဖြင့် ပေးအပ်လှူဒါန်းသောသင်္ကန်းကို ဝတ်ယုံသုံးဆောင်ခြင်းသည်သာလျှင် မြတ်ပါ၏၊ ခွန်အားရှိသောယောကျ်ားသည် တပြောင်ပြောင် တောက်လောင်လျှက် အခိုးအလျှံနှင့်တကွ မီးတောက် မီးလျှံနှင့်တကွဖြစ်သော လောလောပူသော သံပြားဖြင့် ကိုယ်ကိုရစ်ပတ်ခြင်းသည် ဆင်းရဲလှပါ၏ဘုရား ဟုလျှောက်ထားကြကုန်၏။

ချစ်သားရဟန်းတို့ သင်တို့အား ငါဘုရားသည် ဟောကြားအံ့၊ သိစေအံ့၊ (ပ) ယောက်သွားပုပ်နှင့်တူသော သဘောရှိသော ထိုပုဂ္ဂိုလ်အား ခွန်အားရှိသော ယောကျ်ားသည်တပြောင်ပြောင်တောက်လောင်လျှက် အခိုးအလျှံနှင့်တကွ မီးတောက်မီးလျှံနှင့်တကွဖြစ်သော လောလောပူသော သံပြားဖြင့် ကိုယ်ကိုရစ်ပတ်ခြင်းသည်သာမြတ်၏၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း။

ချစ်သားရဟန်းတို့ ထိုလောလောပူသော သံပြားဖြင့် ကိုယ်ကို ရစ်ပတ်ခြင်း ဟူသောကြောင်းကြောင့် ထိုပုဂ္ဂိုလ်သည် သေခြင်းသို့မူလည်း ရောက်ရာ၏၊ သေလောက်သော ဆင်းရဲသို့မူလည်း ရောက်ရာ၏၊ ထိုလောလောပူသောသံပြားဖြင့် ကိုယ်ကိုရစ်ပတ်ခြင်း တည်းဟူသောအကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာပျက်စီး၍ ကျရောက်ရာ ငရဲသို့မူကား မကျရောက်ရာ။

ချစ်သားရဟန်းတို့ - ယောက်သွားပုပ်နှင့်တူသော သဘောရှိသော (ပ) ပုဂ္ဂိုလ်အား မင်းမျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်လည်းကောင်း၊ ပုဏ္ဏားမျိုး၌ဖြစ်၍ များသောဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်လည်းကောင်း၊ သူကြွယ်မျိုး၌ဖြစ်၍များသောဥစ္စာ အနှစ်ရှိကုန်သည်ဖြစ်များသော ဥစ္စာအနှစ်ရှိကုန်သောသူတို့၏ သော်လည်းကောင်း ယုံကြည်မှုဖြင့် ပေးလှူအပ်သောသင်္ကန်းကို ဝတ်ရုံသုံးဆောင်ခြင်းသည် ကာလကြာမြင့်စွာ စီးပွားမဲ့ရန်၊ ဆင်းရဲရန် ဖြစ်၏၊ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ချမ်းသာကင်းသော မကောင်းသောအရာ - ပျက်စီး၍ကျရောက်ရာ ငရဲသို့ ကျရောက်ရ၏။ ၄ ။

ချစ်သားရဟန်းတို့ ထိုအရာကို မည်သို့ထင်မှတ်ကြကုန်သနည်း၊ ခွန်အားရှိသော ယောကျ်ားသည် လောလောပူသော သံကောက်ဖြင့် ခံတွင်းကိုဖွင့်ပြီးလျှင် တပြောင်ပြောင်တောက် လောင်လျက် အခိုးအလျှံနှင့်တကွ မီးတောက်နှင့်တကွသော လောလောပူသောသံတွေခဲကို ခံတွင်း၌ ထည့်သွင်းရာ၏၊ ထိုလောလောပူသော သံတွေခဲသည်အထည့်ခံရသော ထိုသူ၏နှုတ်ခံတွင်းကိုလည်း လောင်ရာ၏၊ လျှာကိုလည်းလောင်ရာ၏၊ လည်ချောင်းကိုလည်း လောင်ရာ၏၊ ရင်ကိုလည်း လောင်ရာ ၏၊အူမကိုလည်းကောင်း၊ အူသိမ်ကိုလည်းကောင်းယူ၍ အောက်ဖက်မှ ထွက်လာလေရာ၏၊ မင်းမျိုး၌ ဖြစ်၍များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်လည်းကောင်း၊ ပုဏ္ဏားမျိုး၌ ဖြစ်၍များသော ဥစ္စာနှစ် ရှိကုန်သော သူတို့၏သော်လည်းကောင်း၊ သူကြွယ်မျိုး၌ ဖြစ်၍များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်လည်းကောင်း၊ ယုံကြည်မှုဖြင့်ပေးလှူအပ်သော ဆွမ်းကိုသုံးဆောင်ရာ၏၊ ထိုနှစ်မျိုးတွင် အဘယ်အရာသည် မြတ်သနည်းဟု မေးတော်မူ၏။

အရှင်ဘုရား-မင်းမျိုး၌ဖြစ်၍များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏ သော်လည်းကောင်း၊ ပုဏ္ဏားမျိုး၌ဖြစ်၍များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏ သော်လည်းကောင်း၊ သူကြွယ်မျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏ သော်လည်းကောင်း၊ ယုံကြည်မှုဖြင့် ပေးလှူအပ်သော ဆွမ်းကိုသုံးဆောင်ခြင်းသည်သာလျှင် မြတ်ပါသည်။

ခွန်အားရှိသော ယောကျ်ားသည် လောလောပူသောသံကောက်ဖြင့် ခံတွင်းကိုဖွင့်ပြီးလျှင် တပြောင်ပြောင်တောက်လောင်လျက် အခိုးအလျှံနှင့်တကွ မီးတောက်နှင့်တကွသော လောလော ပူသော သံတွေခဲကို ခံတွင်း၌ ထည့်သွင်းရာ၏၊ ထိုလောလောပူသော သံတွေခဲသည် အထည့်ခံရသော ထိုသူ၏ နှုတ်ခမ်းကိုလည်းလောင်ရာ၏၊ ခံတွင်းကိုလည်းလောင်ရာ၏၊ လျှာကိုလည်းလောင်ရာ၏၊ လည်ချောင်းကိုလည်းလောင်ရာ၏၊ ရင်ကိုလည်းလောင်ရာ၏၊ အူမကိုလည်းကောင်း၊ အူသိမ်ကို လည်းကောင်းယူ၍ အောက်ဖက်မှ ထွက်လေရာ၏၊ ဤသံတွေခဲကို ထည့်သွင်းခံရခြင်းသည်ကား ဆင်းရဲလှပါ၏ ဟုလျှောက်ထား

ကြကုန်၏။

ချစ်သားရဟန်းတို့ - သင်တို့အား ငါဟောကြားအံ့၊ သိစေအံ့၊ ယောက်သွားပုပ်နှင့် တူသော သဘောရှိသော ထိုဒုဿီလပုဂ္ဂိုလ်အား ခွန်အားရှိသောယောကျ်ားသည် လောလော ပူသောသံကောက်ဖြင့် ခံတွင်းကိုဖွင့်၍ တပြောင်ပြောင်တောက်လောင်လျှက် အခိုးအလျှံနှင့် တကွမီးတောက်နှင့် တကွ ဖြစ်သော လောလောပူသော သံတွေခဲကိုခံတွင်း၌ ထည့်ရာ၏၊ အ ထည့်ခံရသော ထိုသူ၏ နှုတ်ခမ်းကို လည်းလောင်ရာ၏၊ လျှာကိုလည်းလောင်ရာ၏၊ လည်ချောင်းကိုလည်းလောင်ရာ၏၊ ရင်ကိုလည်း လောင်ရာ၏၊ အူသိမ်အူမကို လည်းကောင်း ယူ၍ အောက်ဖက်မှ ထွက်လေရာ၏၊ ဤလောလော ပူသော သံတွေခဲတွေကို ထည့်သွင်းခြင်း ခံရသည်သာလျှင်မြတ်၏။

ထိုသို့မြတ်ခြင်းသည် အဘယ်ကြောင့်နည်း။

ချစ်သားရဟန်းတို့ ထိုသံတွေခဲကို ထည့်သွင်းခြင်း ခံရခြင်းတည်း ဟူသော အကြောင်း ကြောင့် ထိုပုဂ္ဂိုလ်သည် သေခြင်းသို့မူလည်း ရောက်ရာ၏၊ သေလောက်သော ဆင်းရဲကိုမူလည်း ရောက်ရာ၏၊ ထိုသံတွေခဲကိုထည့်သွင်းခြင်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည် မှနောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာပျက်စီး၍ကျရောက်ရာ ငရဲသို့ကားမကျရောက်ရာ။

ချစ်သားရဟန်းတို့ ယုတ်ညံ့သောသဘောရှိသော (ပ) ယောက်သွားပုပ်ကဲ့သို့ သဘောရှိသော ပုဂ္ဂိုလ်အား မင်းမျိုး၌ ဖြစ်၍များစွာသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော် ရှိသော ပုဂ္ဂိုလ်အား မင်းမျိုး၌ ဖြစ်၍များစွာသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော် လည်းကောင်း၊ ပုဏ္ဏားမျိုး၌ဖြစ်၍ များစွာသော ဥစ္စာနှစ်ရှိကုန်သောသူတို့၏ သော်လည်းကောင်း၊ သူကြွယ်မျိုး၌ ဖြစ်၍များစွာသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏ သော်လည်းကောင်း၊ ယုံကြည်မှုဖြင့် ပေးလှူအပ်သော ဆွမ်းကို သုံးဆောင်ခြင်းသည် ကာလကြာမြင့်စွာ စီးပွားမဲ့ရန် ဆင်းရဲရန်ဖြစ်၏၊ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာပျက်စီး၍ ကျရောက်ရာငရဲသို့ ကျရောက်ရာ၏။ ၅ ။

ချစ်သားရဟန်း ထိုအရာကို အဘယ်သို့မှတ်ထင်ကုန်ကြသနည်း။

ခွန်အားရှိသော ယောကျ်ားသည်ဦးခေါင်းကိုဖြစ်စေ ပခုံး၌ဖြစ်စေ ဆွဲကိုင်၍ လောလောပူသော သံညောင်စောင်းကိုလည်းကောင်း၊ သံအင်းပျဉ် ကိုသော်လည်းကောင်း ဖိ၍မူလည်း ထိုင်စေရာ၏၊ ဖိ၍မူလည်း အိပ်စေရာ၏၊ မင်းမျိုး၌ဖြစ်၍များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏ သော်လည်းကောင်း၊ ပုဏ္ဏားမျိုး၌ဖြစ်၍များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်လည်းကောင်း၊ သူကြွယ်မျိုး၌ဖြစ်၍များသောဥစ္စာနှစ် ရှိကုန်သော သူတို့၏သော်လည်းကောင်း၊ ယုံကြည်မှုဖြင့် ပေးလှူအပ်သော ညောင်စောင်း၊ အင်းပျဉ်ကို သုံးဆောင်ရာ၏၊ ထိုနှစ်မျိုးတို့တွင် အဘယ်အရာသည် မြတ်သနည်း ဟုမေးတော်မူ၏။

အသျှင်ဘုရား - မင်းမျိုး၌ ဖြစ်၍များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏ သော်လည်းကောင်း၊ ပုဏ္ဏားမျိုး၌ ဖြစ်၍များသောဥစ္စာနှစ်ရှိကုန်သော သူတို့၏ သော်လည်းကောင်း၊ သူကြွယ်မျိုး၌ ဖြစ်၍များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်လည်းကောင်း၊ယုံကြည်မှုဖြင့်ပေးလှူအပ်သောညောင်စောင်း၊

အင်းပျဉ်ကိုသုံးဆောင်ခြင်းသည်သာလျှင်မြတ်ပါ၏။ အသျှင်ဘုရား ခွန်အားရှိကုန်သောယောကျ်ားသည် ဦးခေါင်းဖြစ်စေ၊ ပခုံး၌ဖြစ်စေဆွဲကိုင်၍ လောလောပူသော သံပြောင်စောင်းကို သော်လည်းကောင်း၊ သံအင်းပျဉ်းကိုသော်လည်းကောင်း၊ ဖိ၍မူလည်းထိုင်စေ ရာ၏၊ ဖိ၍မူလည်း အိပ်စေရာ၏၊ ထိုသို့ထိုင်ရခြင်း၊ အိပ်ရခြင်းသည် ဆင်းရဲလှပါ၏ ဟုလျှောက်ထား ကြကုန်၏။

ချစ်သားရဟန်းတို့ သင်တို့အား ငါဟောကြားအံ့၊ သိစေအံ့၊ -ပ- ယောက်သွားပုပ်နှင့် တူသောသဘောရှိသော ဒုဿီလပုဂ္ဂိုလ်အားခွန်အားရှိသောယောကျ်ားသည် ဦးခေါင်း၌ဖြစ်စေ၊ ပခုံး၌ဖြစ်စေ ဆွဲကိုင်၍ လောလောပူသော သံပြောင်စောင်းကို သော်လည်းကောင်း၊ သံအင်းပျဉ်ကို သော်လည်းကောင်း၊ ဖိ၍လည်းထိုင်စေရာ၏၊ ဖိ၍မူလည်းအိပ်စေရာ၏၊ ထိုသို့ထိုင်ခြင်း၊ အိပ်ခြင်း သည်သာလျှင် မြတ်၏။

ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း ဟူမူ - ချစ်သားရဟန်းတို့ ထိုအိပ်ရခြင်း ထိုင်ရခြင်းဟူသော အကြောင်းကြောင့် ထိုပုဂ္ဂိုလ်သည် သေခြင်းသို့မူလည်း ရောက်ရာ၏၊ သေလောက်သော ဆင်းရဲသို့မူလည်းရောက်ရာ၏၊ ထိုအိပ်ခြင်းထိုင်ခြင်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ကား မကျရောက်ရာ။

ချစ်သားရဟန်းတို့ - ယုတ်မာသော သဘောရှိသော ယောက်သွားပုပ်နှင့် တူသော သဘောရှိ သော ထိုပုဂ္ဂိုလ်အား မင်းမျိုး၌ဖြစ်၍ (ပ) ပုဏ္ဏားမျိုး၌ဖြစ်၍ သူကြွယ်မျိုး၌ ဖြစ်၍များသော ဥစ္စာနှစ်ရှိကုန်သောသူတို့၏သော်လည်းကောင်း၊ ယုံကြည်မှုဖြင့် ပေးလှူအပ် သော ပြောင်စောင်း၊ အင်းပျဉ်ကိုသုံးစောင်ခြင်းသည် ကာလကြာမြင့်စွာ စီးပွားမဲ့ရန်၊ဆင်းရဲရန်ဖြစ်၏၊ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ - ချမ်းသာကင်းသောမကောင်းသော လားရာပျက်စီး၍ ကျရောက်ရာ ငရဲသို့ ကျရောက်ရ၏။ ၆ ။

ချစ်သားရဟန်းတို့ - ထိုအရာကို မည်သို့မှတ်ထင်သနည်း-ခွန်အားရှိသော ယောကျ်ား သည် ခြေကားမိုးမျှော် ဦးခေါင်းစောက်ထိုး ဆွဲကိုင်၍ တပြောင်ပြောင် တောက်လောင်လျှက် အခိုးအလျှံ နှင့်တကွ မီးတောက်နှင့် တကွဖြစ်သော လောလောပူသော ကြေးအိုး၌ ထည့်ရာ၏၊ ထိုအထည့်ခံရသော သူသည် ထိုကြေးအိုး၌ အမြှုပ်ကိုဖြစ်စေ၍ကျက်ပြီး လျှင်တစ်ကြိမ်လည်း အထက်သို့ တက်ရာ၏၊ တစ်ကြိမ်လည်း အောက်သို့ဆင်းရာ၏၊ တစ်ကြိမ်လည်း ဘေးသို့ရောက်ရာ၏၊ မင်းမျိုး၌ဖြစ်၍များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်လည်းကောင်း၊ ပုဏ္ဏားမျိုး၌ ဖြစ်၍များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်လည်းကောင်း၊ ယုံကြည်မှုဖြင့် ပေးလှူ အပ်သော ကျောင်းကိုသုံးဆောင်ရာ၏၊ ထိုနှစ်မျိုး တို့တွင် ဘယ်အရာသည် မြတ်သနည်း ဟု မေးတော်မူ၏။

အသျှင်ဘုရား မင်းမျိုး၌ ဖြစ်၍များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏လည်းကောင်း၊ ပုဏ္ဏားမျိုး၌ ဖြစ်၍များသော ဥစ္စာနှစ်ရှိကုန်သောသူတို့၏သော်လည်းကောင်း၊ သူကြွယ်မျိုး၌ ဖြစ်၍များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်လည်းကောင်း၊ ယုံကြည်မှုဖြင့် ပေးလှူအပ်သော ကျောင်းကို

သုံးဆောင်ခြင်းသည်သာလျှင် မြတ်ပါ၏၊ ခွန်အားရှိသော ယောကျ်ားသည်ခြေကားမိုးမျှော် ဦးခေါင်းစောက်ထိုးဆွဲကိုင်၍ တပြောင်ပြောင် တောက်လောင်လျက် အခိုးအလျှံနှင့်တကွ မီးတောက်နှင့် တကွဖြစ်သောလောလောပူသော ကြေးအိုး၌ ထည့်ရာ၏၊ ထိုအထည့်ခံရသူသောသူသည် ထိုကြေးအိုး၌ အမြှုပ်ကို ဖြစ်စေ၍ ကျက်ပြီးလျှင် တစ်ကြိမ်လည်းအထက်သို့တက်ရာ၏၊ တစ်ကြိမ်လည်းအောက်သို့ ဆင်းရာ၏၊ တစ်ကြိမ်လည်းဘေးသို့ရောက်ရာ၏၊ ဤသို့ဖြစ်ခြင်းသည် ဆင်းရဲပါ၏ ဟုလျှောက်ကြကုန်၏။

ချစ်သားရဟန်းတို့ သင်တို့အားငါဟောကြားအံ့၊ သိစေအံ့၊ မကောင်းသော။ပ။ ယောသွားပုတ်နှင့်တူသောသဘောသရှိသော ထိုဒုဿီလပုဂ္ဂိုလ်အား ခွန်အားရှိသော ယောကျ်ားသည် ခြေကားမိုးမျှော် ဦးခေါင်းစောက်ထိုးဆွဲကိုင်၍ (ပ) တစ်ကြိမ်လည်း ဘေးသို့ ရောက်ရာ၏၊ ဤသို့ဖြစ်ခြင်းသည် သာလျှင်မြတ်၏။

ထိုမြတ်ခြင်းသည် အဘယ်ကြောင့်နည်း။

ချစ်သားရဟန်းတို့ - ထိုလောလောပူသောကြေးအိုး၌ ထည့်ခြင်းတည်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ်ကိုပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာသော ငရဲသို့ကားမကျရောက်ရာ။

ချစ်သားရဟန်းတို့ - မကောင်းသော သဘောရှိသော (ပ) ယောက်သွားပုပ်နှင့်တူသော သဘောရှိသော ထိုပုဂ္ဂိုလ်အား မင်းမျိုး၌ဖြစ်၍ (ပ) ပုဏ္ဏားမျိုး၌ဖြစ်၍ (ပ) သူကြွယ်မျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်လည်းကောင်း၊ ယုံကြည်မှုဖြင့်- ပေးလှူအပ်သော ကျောင်းကို သုံးဆောင်ခြင်းသည်သာလျှင် ကာလကြာမြင့်စွာစီးပွားမဲ့ရန်၊ ဆင်းရဲရန်ဖြစ်၏၊ ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာငရဲသို့ ကျရောက်ရ၏။ (၇) .

ချစ်သားရဟန်းတို့ ထို့ကြောင့် ဤသို့ကျင့်ရမည်။

ငါတို့သည် အကြင်ဒါယကာတို့၏ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်တို့ကို သုံးဆောင်ကုန်၏၊ ထိုဒါယကာတို့ပြုအပ်သော ကောင်းမှုတို့သည် အကျိုးအာနိသင် ကြီးမားကုန်လိမ့်မည်၊ ငါတို့၏ ရဟန်းအဖြစ်သည်လည်း အကျိုးရှိသည်တိုးပွားခြင်း ရှိသည်ဖြစ်၍ မမြုံသည်ဖြစ်ပေလိမ့်မည်ဟု- ကျင့်ရမည်။

ချစ်သားရဟန်းတို့ ဤသို့သာလျှင်သင်တို့ကျင့်ရမည်။

ချစ်သားရဟန်းတို့ - သူတပါးအကျိုးကိုကောင်းစွာ မြင်သောအမျိုးကောင်းသားသည် မမေ့လျော့မှုနှင့် ပြည့်စုံရန်သင့်သည်သာတည်း။

ချစ်သားရဟန်းတို့ အကျိုးနှစ်ပါးစုံကို ကောင်းစွာမြင်သော အမျိုးကောင်းသားသည် မမေ့လျော့မှုနှင့် ပြည့်စုံရန်သင့်သည်သာတည်းဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ဤတရားစကားတော်ကို ဟောတော်မူ၏၊ ဤဝေယျာကရဏ်း ဒေသနာကို ဟောတော်မူသည်ရှိသော် ခြောက်ကျိပ်သောရဟန်းတို့အား ပူသောနှလုံးသွေးသည် ခံတွင်းမှ အံထွက်၏။

ခြောက်ကျိပ်သော ရဟန်းတို့သည် မြတ်စွာဘုရားအလွန်ပြုနိုင်ခဲ့ပါ၏၊ မြတ်စွာဘုရား အလွန်ပြုနိုင်ခဲ့ပါ၏ ဟုလျှောက်ပြီးလျှင် သိက္ခာချ၍ လူထွက်ကြကုန်၏။

ခြောက်ကျိပ်သောရဟန်းတို့အား - တဏှာဒိဋ္ဌိအားဖြင့် တစ်စုံတစ်ခုသော အာရုံကို မစွဲလမ်းဘူ၍ အာသဝေါတရားတို့မှ စိတ်တို့သည် ထွက်မြောက်ကြကုန်သတည်း။

### မဟာနာရဒကဿပဇာတ်

### မဟာရဋ္ဌတိုင်း၌သာသနာပြုခြင်း

မဟာဓမ္မရက္ခိတမထေရ် တို့အဖွဲ့သည်လည်း မဟာရဋ္ဌတိုင်းသို့ ကြွတော်မူ၍ မဟာနာရဒကဿပဇာတ်ကို ဟော၍ချွတ်သောအခါ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ မဂ်ဖိုလ်၌တည်ကြလေသည်။တစ်သောင်းသုံးထောင်သောသူတို့သည် ရဟန်းပြုကြကုန်သည်၊ မဟာနာရဒကဿပဇာတ်ကအောက်ပါအတိုင်းဖြစ်၏။

အစိန္တေယျလောကသေဋ္ဌနင်းတရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်အနီး နွယ်ချိုတောဉယျာဉ်၌ နေတော်မူသောအခါ ဉရုဝေဠကဿပအား ဆုံးမခြင်းကို အကြောင်းပြု၍ (အဟုရာဇာ ဝိဒေဟာနံ) အစရှိသောဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ဤမဟာနာဒရကဿပဇာတ်ဒေသနာတော်ကို ဟောတော်မူ၏၊ ထိုစကားကို ချဲ့၍ဆိုဦးအံ့ - မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီး၍ ဝါဆိုလပြည့်နေ့၌ မဟာဗောဓိပင်မှသည် ဗာရာဏသီပြည်၏အနီး မိဂဒါဝုန်တောသို့ ကြွတော်မူ၍ ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားကို ဟောတော်မူပြီးလျှင် အစဉ်အတိုင်း မဂ်အရသာကိုပေးတော်မူလျှက် ဝါကပ်တော်မူ၏။

ထိုဝါတွင်း၌- ယသဝတီတိုင်း၊ ဘဒ္ဒဝတီ၊ တို့လည်း ချွတ်တော်မူပြီး၍ ဝါကျွတ်လတ်သော်- ပဥ္စဝဂ္ဂီ၊ ယဿဝတီ၊ ဘဒ္ဒဝတီ၊ ရဟန်းတို့ကို ထိုထိုအရပ် မြို့ ရွာဇနပုဒ်တို့သို့ စေလွှတ်တော်မူပြီးလျှင် ကိုယ်တော်တပါးတည်းသာ ဉရုဝေဠတောသို့ ကြွတော်မူပြီး ထိုတော၌ တပည့်ငါးရာ အခြံအရံ ရှိသော ဉရုဝေဠကဿပ တပည့်နှစ်ရာ့ငါးဆယ်စီ အခြံအရံရှိသော နဒီကဿပ၊ ဂယာကဿပ ဤရသေ့ညီနောင်သုံးယောက်တို့သည် တပည့်တထောင်နှင့်တကွ ကျော်ဇောထင်ရှားစွာ မိမိတို့ကိုယ်ကို ရဟန္တာဟု မှတ်လျှက် မီးပူဇော်ခြင်းစသော အတ္တကိလမထကို အားထုတ်နေကြ၏။

ထိုရသေ့ တစ်ထောင်တို့အား ဆုံးမတော်မူပြီးလျှင် ဗိမ္ဗိသာရမင်းကြီးအား ဘုရားမဖြစ်မီ ကဝန်ခံတော်မူအပ်သော ပဋိညာဉ်ရှိတော်မူသည်ဖြစ်၍ ထိုတစ်ထောင်သော ရဟန္တာတို့နှင့် တကွ - ရာဇဂြိုဟ်ပြည်သို့ကြွတော်မူ၍ နွယ်ချိုတောဉယျာဉ်၌ နေတော်မူ၏၊ ထိုအခါမဂဓရာဇ်တိုင်း ရာဇဂြိုဟ်ပြည်ကို အစိုးရသော ဗိမ္ဗိသာရမင်းကြီးသည် တစ်သိန်းနှစ်သောင်းသော ပုဏ္ဏား ပရိတ်သတ်နှင့်တကွ လာလတ်၍ မြတ်စွာဘုရားကို ရှိခိုးလျှက် စောင့်အပ်သော အရပ်၌ နေလေ၏။

ပရိတ်သတ်အတွင်း၌ ပုဏ္ဏားသူကြွယ်တို့အား ဤသို့အကြံဖြစ်၏၊ ဉရုဝေဠကဿပရဟန်း၏ တပည့်လော၊ သို့မဟုတ် ရဟန်းဂေါတမက ဉရုဝေဠက ဉရုဝေဠကဿပ၏ တပည့်လော၊ အဘယ် အကြောင်းဖြင့်

ငါတို့သိရပါအံ့နည်း ဟုအကြံဖြစ်ကြကုန်၏၊ ထိုပရိသတ်တို့အကြံကို မြတ်စွာဘုရားသည် သိတော်မူ၍ ဥရုဝေဋကဿပသည် ငါ၏အထံ၌ ရဟန်းပြုသောအဖြစ်ကို ပရိသတ် အပေါင်းတို့အား သိစေအံ့ ဟု ကြံတော်မူပြီးလျှင်

ဥရုဝေဋတော၌ နေလျက် ခြိုးခြံသောအကျင့်ကို ကျင့်ရသည် ဖြစ်၍ ကြုံသောကိုယ်ရှိသော ကဿပ အဘယ်အကြောင်းကို မြင်၍ သင်တို့ပူဇော်မြဲဖြစ်သော မီးကိုမပူဇော်ဘဲ ယခုစွန့်ပစ် သနည်းဟု မေးတော်မူ၏။

အရှင်ဥရုဝေဋမထေရ်လည်း မြတ်စွာဘုရား၏အလိုတော်ကိုသိ၍

ဘုန်းအလွန်ကြီးမြတ်တော်မူသောမြတ်စွာဘုရား ယစ်ပူဇော်ကုန်သောသူတို့သည် အဆင်းအသံ အရသာ ကြိုက်နှစ်သက်သော မိန်းမ ရတနာတို့ကိုအလိုရှိ၍ ပူဇော်ကုန်၏၊ ထိုကာမဂုဏ်တို့သည် ရဟန်းတို့၌ အညစ်အကြေးဖြစ်၏ ဟုကျွန်ုပ်သိသောကြောင့် ယစ်ပူဇော်ခြင်း၊ မီးပူဇော်ခြင်း တို့ကို ပါယ်စွန့်ပါသည် ဘုရားဟု လျှောက်ပြီး၍ မိမိဘုရား တပည့် သာဝက အဖြစ်ကိုထင်ရှား သိစိမ့်သောငှာ မြတ်စွာခြေဖမိုးတော်၌ ဦးချလျက်-

ဘုန်းတော် အလွန်ကြီးလှသော မြတ်စွာဘုရား အရှင်ဘုရားသည် အကျွန်ုပ်၏ ဆရာပါတည်း အကျွန်ုပ်ကားအရှင်ဘုရား၏ တပည့်ပါ ဘုရားဟု လျှောက်၍ ထန်းတဖျားခန့် ကောင်းကင်သို့ တက်ပြီးလျှင် ဆင်းသက်၍ ခြေတော် အစုံကို ဦးခိုက်လျက်ဆိုမြဲ တဖန်ဆိုပြီး လျှောက်ပြန်၏၊ တဖန် ထန်းနှစ်ဆင့် သုံးဆင့် လေးဆင့် ငါးဆင့် ခြောက်ဆင့် ခုနှစ်ဆင့် တိုင်အောင် ခုနှစ်ကြိမ် ကောင်းကင်သို့ တက်၍ ဆင်းသက်ခဲ့ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တင့်အပ်သော အရပ်၌ နေပေ၏။

ပရိတ်သတ်အပေါင်းတို့သည် ထိုသို့သောတန်ခိုးပြာဋိဟာကိုမြင်၍ ဘုရားမြတ်စွာသည် တန်ခိုးအာနုဘော် ကြီးပေစွတကား အယူမှား၍ မိမိကိုယ်ကို ရဟန္တာမှတ်သော ဥရုဝေဋ ကဿပကိုလည်းမိစ္ဆာ ကွန်ယက်ကို ဖြတ်တော်မူ၍ ကိုယ်တော်၏ အဆုံးအမ၌ တည်စေ၏ဟု မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကိုသာလျှင် ချီးမွမ်းကြကုန်၏၊ ထိုချီးမွမ်းကြသော စကားကိုကြားတော်မူလျှင် ချစ်သားရဟန်းတို့ ယခုအခါ သဗ္ဗညုတ ဉာဏ်ကိုရပြီး၍ အထွဋ်အထိပ်ဖြစ်တော်မူသော ငါဘုရားသည် ဥရုဝေဋကဿပ၏ အယူမှားခြင်း မိစ္ဆာကွန်ယက်ကို ဖျက်ဆီးခြင်း၌ အံ့ဖွယ်မဖြစ်သေး၊ ရှေးနာရဒဗြဟ္မာ ဖြစ်တော်မူသော အခါ ရာဂသောသ အစရှိသော ကိလေသာ မကင်းသေးသော ပုထုဇန် ဖြစ်လျက်လည်း ဥရုဝေဋကဿပ၏ မိစ္ဆာကွန်ယက် ကိုဖြတ်၍ ငါ၏ အဆုံးအမ၌ တည်စေ၏ ဟုမိန့်တော်မူပြီးလျှင် ဆိတ်ဆိတ်နေတော်မူ၏၊ ပရိတ်သတ်တို့သည် ထိုအတ္ထုပ္ပတ္တိကို ဟောတော်မူပါ ဟုတောင်းပန်သော် အတိတ်ကိုဆောင်၍ ဤမဟာနာရဒကဿပ ဇာတ်တော်ကို ဟောတော်မူ၏။ (ဤကားနိဒါန်း)

ရှေးလွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိတ္ထီလာပြည်၌ အင်္ဂတိမင်းကြီးစိုးစံတော်မူ ၏၊ ထိုမင်းကားမင်းကျင့်တရားဆယ်ပါးနှင့်ပြည့်စုံ၏၊ တရားကိုစောင့်၏၊ ထိုမင်း၏ သမီးတော်ကား ရုစာအမည်ရှိ၏ အလွန်အဆင်းလှ၏၊ ရှုခြင်းစဖွယ်ကြည်ညိုဘွယ် ကြံအင်လက္ခဏာလည်းရှိ၏၊ ကမ္ဘာတစ်သိန်းကာလပတ်လုံး တောင်းအပ်ပန်ဆင်အပ်သော ဆုအထူး နှင့်လည်းပြည့်စုံ၏၊ ဘုန်းပညာ လက္ခဏာနှင့်လည်း ပြည့်စုံ၏၊

တောင်ညာနန်းမ အဂ္ဂမဟေသီ မိဘုရားကြီး၏သမီးပေတည်း၊ တသောင်းခြောက်ထောင်သော မိဖုရားငယ် မောင်းမကို၌ သားသမီးတယောက်မျှမရှိ အမြုံမကဲ့သို့ ဖြစ်ကြပေ၏။

အင်္ဂတိမင်းကြီးသည် သမီးတော်တယောက်တည်းသာရှိ၍လည်းကောင်း ဘုန်းပညာ လက္ခဏာနှင့်တကွ ချစ်နှစ်လိုဘွယ်ရှိသည်ဖြစ်၍လည်းကောင်း ထိုသမီးတော် ရုစာမင်းသမီးအား အထိန်းနှင့်တကွ သူငယ်တော် မူးမတ်သမီးငါးရာတို့ဖြင့် ခြံရံခစားလျက် ဘုံခုနစ်ဆင့်ရှိသော ပြာသဒ်ထက်၌ နေစေ၏၊ သဇင်စကား ခယားအစရှိသော အထူးထူးသော ပန်းတို့ဖြင့်ပြည့်သော ရွှေဆံကျင် နှစ်ဆယ့်ငါးခုတို့ကိုလည်းကောင်း အဘိုးအတိုင်း မသိထိုက်သော သိမ်မွေ့နူးညံ့လှစွာသော အဝတ်တန်ဆာတို့ကိုလည်းကောင်း ဝတ်ဆင်စိမ့် သောငှာ နေ့တိုင်းနေ့တိုင်းပေးတော်မူ၏၊ မွန်မြတ် သောခဲဖွယ်ဘောဇဉ်တို့ကို ပေးခြင်း၌ကား အတိုင်းအရှည်မရှိလခွဲတစ်ကြိမ် အလှူပေးစိမ့်သော ငှာလည်း အသပြာတစ်ထောင်၊ တစ်ထောင်ပေးတော်မူ၏။ (သမီးတော်အခန်းပြီး၏)

## အမတ်တို့နှင့်တိုင်ပင်ခန်း

ထိုမင်းကြီး၌ အမှုကြီးငယ်တို့ကို ဆင်ခြင်သုံးဖြတ်တတ်သော ဝိဇယအမတ်၊ သုမနအမတ်၊ အလာတအမတ် ဤသုံးယောက်သောအမတ်ကြီးတို့ရှိကြကုန်၏။

တရံရောအခါ မိုးလေးလအဆုံးဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့ ကြတ္တိကာ နက္ခတ်သဘင်ဖြစ်လတ်သော နတ်ပြည်ကဲ့သို့ မိထိလာပြည်ကိုလည်းကောင်း နန်းတော်ကိုလည်းကောင်း တန်ဆာဆင်၍ မင်းကြီးသည်ဦးခေါင်းဆေးကျော့ပြီးလျှင် နံ့သာလိမ်းပြီး၍ ခပ်သိမ်းသော မင်း၏တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် ညပွဲတော်စားပြီးလျှင် ခြသေ့်ခံသော လေသာနန်းတံခါးကိုဖွင့်လျက် ပြာသဒ်ထက်၌ အမတ်အပေါင်းတို့ ခြံရံလျက်ပျော်စံတော်မူနေ၏၊ ထိုသို့စံတော်မူစဉ်ဖြူဝင်းသော ရောင်ခြည်ဖြင့် ထွန်းတောက်ပသော လပြည့်ဝန်းကို မင်းကြီးမြင်တော် မူ၍ အချင်းအမတ်တို့ အမိုက်မှောင် အပေါင်းကိုဖျောက်၍ အလင်းကိုဆောင် လျက် အရှေ့မျက်နှာမှ တက်၍ ထွန်းပသောလပြည့်ဝန်းလည်းရှိသော ယခုညဉ့်သည်ကားအလွန်ပျော်မွေ့ဘွယ်ရှိ၏။ အဘယ်မည်သောမွေ့လျော်ခြင်းနှင့် ငါတို့မွေ့လျော်ကြကုန်အံ့နည်း၊ သင်တို့နှစ်သက်ရာ လျှောက်တင်ကြကုန်လော့ဟုဆို၏။

ထိုအမတ်တို့တွင် စစ်သူကြီးဖြစ်သော အလာတအမတ်ကြီး လျှောက်သည်မှာ- အရှင် မင်းမြတ် များစွာသော စစ်အင်္ဂါလေးပါး မူးမတ်ဗိုလ်ခြေ သူရဲသူခက်တို့ကို စည်းဝေးစေ၍ စစ်ထိုးအံ့သော အစီအရင်ဖြင့် ထွက်တော်မူပါလော့၊ အရှင်မင်းကြီး အလိုသို့ မလိုက်ကြ သေးသောသူတို့ကိုလည်းကောင်း မအောင်သေးသောရန်သူတို့ကိုလည်းကောင်း အကျွန်ုပ်တို့အောင်မြင်စေကုန်အံ့ဟု အကြံပေး လျှောက်တင်လေ၏။

အလာတအမတ်ကြီး စကားကိုကြားလျှင် သုမနအမတ်ကြီးက လျှောက်တင်ပြန်သည် မှာ-

အရှင်မင်းကြီး အရှင်မင်းကြီး၏ အလိုသို့မလိုက်သောသူ မည်သည်လည်း မရှိပါ၊ ခပ်သိမ်းသော ရန်သူတို့သည်လည်း လက်နက်ချ၍ ဝင်ကြပါကုန်ပြီ၊ ယနေ့ကားမြတ်သော ဥပုသ်နေ့ ဖြစ်ပါသည်။ စစ်ထိုးခြင်းကို အကျွန်ုပ်တို့ မနှစ်သက်လှပါ၊ ယခုညဥ့်၌ ကောင်းမြတ်သော အစားအသောက် အဖျော်ယမကာတို့ သောက်စားခြင်း၊ ကခြင်း၊ သီခြင်း အစရှိသော အထူးထူးသော ကာမဂုဏ်တို့ဖြင့် မွေ့လျော်တော်မူရန် အကြံပေးတင်လျှောက် ပါသည်ဘုရား။

သုမနအမတ်ကြီး တင်လျှောက်သောစကားကို ကြားလျှင် ဝိဇယအမတ်ကြီးက တင်လျှောက်ပြန်သည်မှာ အရှင်မင်းကြီးခပ်သိမ်းကုန်သော ကာမဂုဏ်တို့ဖြင့် နေ့တိုင်းနေ့တိုင်း စံပျော်မွေ့လျော်တော်မူရ၏၊ ကာမဂုဏ်ကိုရခဲသည်မဟုတ် အထွတ်အမြတ်ဖြစ်သော အရှင်မင်းကြီး တို့အား အလွန်ရလွယ်ပါ၏၊ ကာမဂုဏ်နှင့်မွေ့လျော်သည်ကို အကျွန်ုပ်မနှစ်သက် ပါ၊ အကြားအမြင် ဗဟုသုတနှင့်ပြည့်စုံသော ရဟန်း ပုဏ္ဏားထံသို့ ဆည်းကပ်ရသော် ကောင်းမြတ် ပါအံ့၊ အကျိုးစီးပွားကို သိတတ်သော ရသေ့ရဟန်းတို့သည်အရှင်မင်းကြီးတို့၏ ယုံမှားခြင်းကို ပယ်ဖျောက်ပေလတ္တံ့ ဟုတင်လျှောက်၏။

ဝိဇယအမတ်ကြီး၏ စကားကိုကြားလျှင် အင်္ဂတိမင်းကြီးသည် ဝိဇယအမတ်ကြီး လျှောက်တင်သောစကားကို ငါနှစ်သက်တော်မူ၏၊ ဗဟုသုတနှင့်ပြည့်စုံသော ရဟန်းပုဏ္ဏား တို့ကိုဆည်းကပ်ရသော် ကောင်းမြတ်ပေ၏၊ အကျိုးစီးပွားကိုမြင်မြော်ကုန်သော ရသေ့ရဟန်း တို့သည် ငါ၏ ယုံမှားခြင်းကိုပယ်ဖျောက်ပေလတ္တံ့ ဟုမိန့်ဆို၏။

ထိုသို့မင်းကြီးမိန့်လျှင်- အလာတအမတ်ကြီးသည် ဤသို့လျှောက်ပြန်၏၊ အရှင်မင်းကြီး ဗဟုသုတနှင့်ပြည့်စုံသော ရသေ့ရဟန်းတို့ကို ဆည်းကပ်တော်မူလိုသော် မိဂဒါဝုန်တော်၌ မိမွေးတိုင်းသောကိုယ်အတိုင်းသာရှိသော ပညာရှိဟုလည်း သမုတ်အပ်ထသော တက္ကတွန်း ဆရာကြီး သည်ရှိပါ၏၊ ဤတက္ကတွန်း ဆရာကားအမျိုးအားဖြင့် ကဿပအမျိုးဖြစ်ပါသည်၊ အကြားအမြင်လည်း များပါ၏၊ အဆန်းတကြယ်နာပျော်ဘွယ်သော စကားကိုလည်းဆိုတတ်ပါ၏၊ အချေအချွေမိုလည်း ဆောင်တတ်ပါ၏၊ ထိုဆရာကိုသာလျှင် အကျွန်ုပ်တို့ဆည်းကပ်ပါကုန်အံ့၊ အကျွန်ုပ်တို့ ယုံမှားခြင်း ကို ဖျောက်ပါလတ္တံ့ ဟုလျှောက်ဆို၏။ (အမတ်တို့နှင့် တိုင်ပင်ခဏ်းပြီး၏)

## ကဿပတက္ကတွန်းထံကပ်ခဏ်း

မင်းကြီးသည် အလာတအမတ်ပြည့်နှင်းအပ်သော ဆရာသို့ဆည်းကပ်အံ့ ဟုရထားထိန်း တို့ကို ခေါ်တော်မူ၍ မြင်းရထားကို ဆောင်ချေဟုစေတော်မူ၏၊ မှူးမတ်တို့သည်လည်း အလုံးစုံသော အခင်းအကျင်းကိုစီရင်ကြကုန်၏၊ ရထားထိန်းသည် ဆင်စွယ်အတိပြီးသောငွေလက်တင်တို့ဖြင့် ဆန်းကြယ် ပြေပြစ်လှစွာသော လပြည့်ဝန်းနှင့်တူသော ဖြူစင်လှစွာသောရထား၌ ကြာဖြူအဆင်းကဲ့သို့ ဖြူသော အဆင်းရှိသော ကြာညိုအဆင်းကဲ့သို့ ညိုသောခွာရှိသော သိန္ဓောအမျိုးဖြစ်သော မြင်းလေးစီးတို့ကို

ရွှေစည်ပေါင်းစသည်တို့ဖြင့် ဆင်ယင်ပြီးသော- ကလတ်၍ ထီးဖြူနှင့်တကွ မင်းအား ဆက်ကပ်လေ၏၊ ထီး၊သားမြီးယပ်၊ရထား၊မြင်း၊ အလုံးစုံ အဖြူချည်း ဖြစ်၍ လပြည့်ဝန်းကဲ့သို့ အလွန်တင့်တယ်လေ၏၊ အလုံးစုံစီရင်ပြီးသော် အင်္ဂတိမင်းကြီးသည် မြင်းရထားစီးလျှက် မှူးမတ်ဗိုလ်ပါအပေါင်းတို့သည်လည်း မြင်းစီးကြလျှက် ထက်ဝန်းကျင်ခြံရံ၍ ကဿပ တက္ကတွန်းထံသို့ ဆည်းကပ်အပ်သောငှာ ထွက်ကြကုန်၏။

တက္ကတွန်း၏နေရာအနီးသို့ ရောက်လတ်သော် ယာဉ်မှသက်ကြ၍ ခြေဖြင့်သာလျှင် တက္ကတွန်း၏အထံသို့ ဆည်းကပ်ကုန်၏၊ ပုဏ္ဏားသူကြွယ်တို့သည်လည်း မင်းပရိတ်သတ်နှင့် အတူလိုက်၍ဆည်းကပ်ကြကုန်၏၊ အင်္ဂတိမင်းကြီးသည် ကဿပတက္ကတွန်းထံသို့ရောက်လျှင် တင့်အပ်သော မင်းနေရာသို့နေပြီးသော် အရှင်ကဿပ ခန့်ကျန်းတော်မူပါ၏လော၊ ပစ္စည်းမျှလောက် ပါ၏လော၊ ကိုယ်စိတ်ချမ်းသာပါ၏လော၊ မျက်စိမသိမဝေပကတိ ရှိပါ၏လော ဟုမင်းကြီးကမေး၏။

ကဿပတက္ကတွန်းကလည်း စကားတုံ့ပြန်၍မေးမြန်း၏၊ ဤသို့သာ ရနိယစကားကို မေးမြန်းပြီးကြသော်-

ပြည်ထောင်အချင်းချင်း မင်းတကာတို့၏ အရှင်ဖြစ်သော အင်္ဂတိမင်းကြီးသည် တရားကို အလိုရှိသည်ဖြစ်၍ အကြောင်းအကျိုးနှင့်စပ်သော တရားစကားကို မေးလျှောက်လိုသောကြောင့်-

အရှင်ကဿပ- လူအပေါင်းတို့သည် မိဘတို့အပေါ်၌ အဘယ်သို့ကျင့်ရပါအံ့နည်း။

ဆရာ၌လည်းကောင်း သားမယားတို့၌လည်းကောင်း၊ အသက်အရွယ်ကြီးသောသူတို့ အပေါ်၌လည်းကောင်း၊ ရဟန်းပုဏ္ဏားတို့အပေါ်၌လည်းကောင်း၊ မှူးမတ်ဗိုလ်ပါတို့ အပေါ်၌ လည်းကောင်း၊ မြို့ရွာနိဂုံး ဇနပုဒ် ပြည်ထဲရေးတို့၌လည်းကောင်း၊ အဘယ်သို့ကျင့်ရပါအံ့နည်း၊ အဘယ်အကျင့်ကိုကျင့်၍ အထက်နတ်ပြည်သို့ ရောက်ရပါအံ့နည်း၊ အဘယ်တရားမှ ယုတ်သောကြောင့် အောက်အဝီစိငရဲသို့ ကျကုန်ပါသနည်းဟုမေး၏။

(မှတ်ချက်)-ဤအမေးကား အလွန်သိမ်မွေ့၏၊ ခက်ခဲ၏၊ ဘုရားပစ္စေကဗုဒ္ဓါသာဝက ဘုရားအလောင်းတော်တို့အားသာ မေးမြန်းခြင်းငှာထိုက်၏၊ တစ်စုံတစ်ခုသောတရားကိုမျှ မသိသော အဝတ်မျှမစွတ်သော အသရေမရှိ မိုက်လှစွာသော တိတ္ထ တက္ကတွန်းကို မေးမိလေ၏။

ထိုသို့ မင်းကြီးမေးသော ကဿပတက္ကတွန်းက အမေးနှင့်လျှော်သော အဖြေကိုမဖြေ၍ ကျက်စားသောနွားကို လှံတံဖြင့်ခပ်မိသကဲ့သို့လည်းကောင်း၊ ချူးပြီးသောထမင်းပွဲကို အမှိုက်ပစ်ချဘိသကဲ့သို့ လည်းကောင်း၊ မင်းမြတ်နာတော်မူ ဟုဆို၍-

မင်းကြီးတရားကို ကျင့်သောသူအား ကောင်းကျိုးလည်းမရှိပါ၊ မကောင်းကျိုးလည်း မရှိပါ၊ တမလွန်လောကလည်းမရှိပါ၊ ထိုစကားသည်မှန်၏၊ မင်းကြီးအဘယ်မည်သောသူသည် တမလွန်လောကမှ ဤပစ္စုပ္ပန်လောကသို့ လာသည်ကို မြင်ဘူးပါသနည်း-

အမိ၊ အဖ၊ ဆရာ ဟူသည်လည်းမရှိပါ၊ မယဉ်ကျေးသောသူကိုအဘယ်သူသည် ဆုံးမနိုင်အံ့နည်း၊ ခပ်သိမ်းသော သတ္တဝါတို့သည် ထပ်တူထပ်မျှသာပင်လျှင် ဖြစ်ကြလေကုန်၏။

အသက်ကြီးသောသူကို အရိုအသေလေးမြတ်ပြုအပ်သည်လည်းမရှိပါ၊ အားလုံးလဲ အကျိုးလည်းမရှိပါ။ သဘော်ပဲ့ကဲ့သို့သော သတ္တဝါတို့သည် ထပ်တူသာလျှင် အမြဲဖြစ်လေကုန်၏၊ သတ္တဝါတို့သည် ရအပ်သောဥစ္စာတို့ကို ရခြင်း၌အဘယ်ကောင်းမှု အကျိုးဟုဆိုရအံ့နည်း။

မင်းကြီးအလှူပေးခြင်းအကျိုးလည်း မရမရှိ၊ လှူလလည်းအစိုးမရ သူမိုက်တို့သည် အလှူကိုဆောက်တည်ကြကုန်၏၊ ပညာရှိတို့သည် ခံယူကုန်၏၊ သူမိုက်တို့သည် မိမိ ဥစ္စာကို အစိုးမရ၍ ပညာရှိတို့အား ပေးရကုန်၏ ဟုဆို၏။ ဤသို့အလှူပေးခြင်း၌ အကျိုးမရှိသည်ကို ခိုးမွမ်းခံဖွင့်ပြီး၍ မကောင်းမှု၌ အပြစ်မရှိသော အဖြစ်ကို ဟောပြလိုရကား-

မင်းကြီး- ဤခုနှစ်ပါးသော ကာယအပေါင်းတို့သည် မြဲကုန်၏၊ မစွန့်အပ်ကုန်ဖျက်ဆီးခြင်းငှာ လည်း မစွမ်းနိုင်ကုန်၊ ခုနှစ်ပါးသော ကာယအပေါင်းဟူသည်ကား-မီး၊ မြေ၊ ရေလေ၊ ချမ်းသာ၊ ဆင်းရဲ၊ အသက် ဤခုနှစ်ပါးတည်း။ ဤခုနှစ်ပါးသော ကာယအပေါင်းတို့သည် မြဲကုန်၏၊ ကွဲခြင်း မည်သည်မရှိ သတ်ခြင်းဖြတ်ခြင်း၊ ညှဉ်းဆဲခြင်း မည်သည်လည်း တစ်စုံတစ်ယောက်မျှမရှိ။ တိုယ်၏အကြား၌သာလျှင် ဓါး၊ လှံ စသော လက်နက်တို့သည်သွားကုန်၏၊ အကြင်သူသည်သူတပါးတို့၏ ဥခေါင်းကိုထက်စွာ သော သံလျှက်ဖြင့်ဖြတ်၏။ ထိုသူသည် ထိုအပေါင်းဖြစ်သော သူတို့ကိုဖြတ်သည်မဖြစ်၊ ထိုသို့ဖြတ်သည်မဖြစ်ရာ၌ မကောင်းမှုအကျိုးသည် ဘယ်မှာရှိအံ့နည်း၊ ခပ်သိမ်းသော သူတို့သည် ကမ္ဘာကြီး ရှစ်ဆယ့်လေးကမ္ဘာပြည့်သည်ရှိသော် စင်ကြယ်ကုန်ကြ၏။ ထိုကမ္ဘာကြီး (၈၄) ကမ္ဘာမစေ့ရောက်မှီ ကိုယ်နှုတ်နှလုံးကိုစောင့်၍ ကောင်းမှုကိုပြုသော်လည်းမစင်ကြယ်။

ကမ္ဘာကြီး ၈၄ ကမ္ဘာ မစေ့သမျှ ကာလပတ်လုံး များစွာသော မကောင်းမှုပြုသော်လည်း ထိုခဏကိုမလွန်နိုင်ရာ ခပ်သိမ်းသော သတ္တဝါတို့သည် ကမ္ဘာကြီး (၈၄) ကမ္ဘာသာ ဖြစ်ကုန်၏၊ ကမ္ဘာကြီး (၈၄) ကမ္ဘာပြည့်မှသာမဖြစ်ကြကုန်၊ ကမ္ဘာကြီး (၈၄) ကမ္ဘာ မစေ့သမျှကာလပတ်လုံး မဟာသမုဒ္ဒရာကမ်းကို မလွန်နိုင်သကဲ့သို့ ထိုခဏကို မလွန်နိုင် ဤသို့ဥစ္ဆေဒ ဒိဋ္ဌ အယူရှိသော ကဿပတက္ကတွန်းသည် မိမိအလိုအားဖြင့် မိမိအယူကိုအတွင်းမဲ့ မင်းကြီးအား ဖြေကြား၏။

ထိုတက္ကတွန်းစကားကိုကြားရလျှင် အလာတအမတ်သည် ဤသို့ ဆို၏၊ အရှင်ကဿပ အရှင်ဘုရားသည် အထူးထူးအပြားပြားသောနည်းဖြင့်ဆိုတော်မူလေ၏။ ထိုသို့အရှင်ဆိုသော စကားကို အကျွန်ုပ်နှစ်သက်၏၊ အကျွန်ုပ်သည်လည်း ရှေးဘဝအဖြစ်ကိုမှတ်မိ၏၊ အကျွန်ုပ်သည် ရှေးဘဝက ဗာရာဏသီပြည်၌ အလွန်ကြမ်းကြုတ်သော ပိင်္ဂလအမည်ရှိသော နွားသတ်ယောကျ်ားဖြစ်ခဲ့၏၊ ထိုနွားသတ်ယောကျ်ားဖြစ်သောအခါ နွား၊ ကျွဲ၊ ဝက်၊ ဆိတ်တို့ကို သတ်၍များစွာသောမကောင်းမှုကို ပြုခဲ့ဘူး၏၊ ထိုနွားသတ်ယောကျ်ားအဖြစ်မှ စုတေသေလွန်ခဲ့သော် ဤမိထိလာပြည်ဝယ် စစ်သူကြီးအမျိုး၌ ပဋိသန္ဓေနေ၍ အလာတအမတ်ကြီးဟု ယခုထင်ရှားစွာဖြစ်လာခဲ့၏၊ ထိုသို့သတ်ခဲ့ဘူးသော မကောင်းမှုအကျိုးသည် မရှိသကဲ့သို့ထင်၏၊ အကျွန်ုပ်သည် ငရဲသို့လည်းမလားပလေဟုဆို၏။

မှတ်ချက်။ ။ ဤ အလာတအမတ်ထင်သည့်အတိုင်း မဟုတ်ပေ၊ အလာတအမတ် ဖြစ်လာရခြင်းကား ကဿပမြတ်စွာဘုရား စေတီတော် ဌာပနာသောအခါ အလာတအမတ်လောင်း သည်

အနော်ဇာပန်းကန်ကိုလှူခဲ့ဘူး၏၊ ထိုကုသိုလ်ကြောင့် ယခု အလာတအမတ် ဖြစ်လာရခြင်း ဖြစ်၏၊ ဤဘဝမှ စုတေသော် ငရဲကျမည်ဖြစ်၏။

ထိုရောအခါ မိထိလာပြည်၌ ဗီဇကအမည်ရှိသော ကျွန်ယောက်ျား၊ ဆင်းရဲသားတစ်ယောက်သည် ဥပုသ်သီတင်းသုံးလျက် ကဿပတက္ကတွန်းထံသို့ ဆည်းကပ်၍နေ၏၊ ထိုဗီဇက သူဆင်းရဲသည် ကဿပတက္ကတွန်းနှင့် အလာတအမတ်တို့ ပြောဆိုကြသောစကားကိုကြားလျှင် ရှိုက်ကြီးငင်ကြီး ငိုကြွေး၏။ ဝိဒေဟရာဇ် မင်းကြီးသည် ထိုငိုနေသော ဗီဇကိုမြင်လျှင် အချင်းယောက်ျား အဘယ်ကြောင့်ငိုသနည်း၊ သင်ကြားဘူး၊ မြင်ဘူးသလော၊ အဘယ်ဝေဒနာကို သင်ခံရသနည်း၊ ငါ့အားလျှောက်လော့ ဟုဆို၏။

ဗီဇက လျှောက်သည်မှာ- အရှင်မင်းကြီး အကျွန်ုပ်အား ဆင်းရဲဝေဒနာမရှိပါ၊ ရှေးဘဝ၌ ချမ်းသာစွာသော ကိုယ်၏ အဖြစ်ကို မှတ်မိပါ၏၊ အကျွန်ုပ်သည် ရှေးဘဝက သာကေတပြည်၌ သီလ သီတင်း၌ မွေ့လျော်သော ဘာဝမည်သော သေဌေးကြီးဖြစ်ခဲ့ဘူး၏၊ ထိုဘာဝသူဌေးသည် အလှူသီတင်းစသောကောင်းမှုကိုသာပြု၏၊ မကောင်းမှုကိုပြုမိသည်ကို အကျွန်ုပ်မမှတ်မိပါ၊ အရှင်မင်းကြီး ထိုသေဌေး အဖြစ်မှ စုတေခဲ့သော အကျွန်ုပ်သည် ဤမိထ္ထီလာပြည်၌အိုးထိန်းသည် ကျွန်မဖြစ်သော သူဆင်းရဲမဝမ်း၌ ပဋိသန္ဓေနေ၍ ဗီဇကဟုဆင်းရဲပြိုင်ငြင်စွာဖြစ်လာ၏၊ဤဘဝ၌ ကျွန်မသားဖြစ်၍ ဆင်းရဲလျှက်လည်း အကျွန်ုပ်၏ အဘို့ရာဖြစ်သော ထမင်းကို အကြင်သူသည် အလိုရှိအံ့- ထိုသူအား တဝက်ခွဲ၍လှူပါ၏၊ ၁၄ ရက်၊ ၁၅ ရက် ဥပုပ်နေ့တို့၌လည်း အခါခပ်သိမ်း ဥပုပ်စောင့်ခြင်းကိုလည်းပြု၏၊ သူတပါးအား ညှင်းဆဲခြင်း၊ သူ၏ဥစ္စာကိုခိုးခြင်း စသောမကောင်းမှုကိုလည်း တစ်ရံတစ်ဆစ်မျှမပြု- ထိုပြုအပ်သော ကောင်းမှုသည် အလာတအမတ်ကြီးဆိုသကဲ့သို့ အကျိုးမရှိဟုဆိုမိပါသည်။ အကျွန်ုပ်သည် မလိမ်မာသော အန်သမား ကဲ့သို့အရှုံးကိုသာပြုမိပါ၏၊ လိမ္မာစွာသော ငှက်ခတ်မုဆိုးကဲ့သို့ အရှင်အလာတအမတ်သည် အနိုင်ကိုသာယူမိလေ၏၊ ထိုသို့ဖြစ်သောကြောင့် အကျွန်ုပ်သည်နတ်ပြည်သို့ ရောက်အံ့သောငှာ လမ်းကိုမမြင်သဖြင့်- အရှင်ပဿပစကားကိုကြား၍ အကျွန်ုပ်သည် အလွန်ဝမ်းနည်းစွာ ငိုမိပါ၏ ဟုလျှောက်၏။

(မှတ်ချက်) ဗီဇကသည် သူဌေးအဖြစ်မှ ဗီဇကဟု ကျွန်မသားဖြစ်လာသောဝတ္ထုကိုကား- ဗီဇကသည် ကဿပဘုရားရှင် လက်ထက်တော်က မထင်ရှားသော အမျိုးသားဖြစ်၍ တရံသောအခါ နွားပျောက်သောကြောင့် တောအရပ်၌ နွားရှာသွားလတ်သော် ရဟန်းတပါးသည် တောအရပ်၌ ခရီးမှား၍မျက်စိလည်နေ၏၊ ထိုနွားရှာသောယောက်ျားကို တွေ့လျှင်တကာ-ဤမည်သောအရပ်သို့ သွားသောခရီးသည် အဘယ်မှာရှိပါသနည်း ဟုမေး၏၊ထိုယောကျ်ားသည် နွားမရသောကြောင့် စိတ်ပင်ပန်းခြင်း ဖြစ်၍ ဆိတ်ဆိတ်နေ၏၊ ရဟန်းလည်းတဖန်မေးပြန်၏၊ ထိုယောကျ်ားသည် သင်ကားကျွန်မသားရဟန်းလော၊ အလွန်နှုတ်ကြမ်း၏၊ သင်သည် ကျွန်မသားလောဟု ဝစီကံဖြင့် ပြစ်မှားခဲ့ဘူး၏၊ ထိုမကောင်းမှုသည် ထိုယောက်ျားအဖြစ်မှ အခြားမဲ့၌ အကျိုးမပေးမူ၍ ပြာဖြင့်ဖုံး၍ထားအပ်သောမီးကဲ့သို့အခွင့်မရသေး၍တည်၏၊ ထိုယောက်ျားအဖြစ်မှစုတေခဲ့သော် တပါးသောကံတို့သည်သာအကျိုးပေးလေ၍ သံသရာ၌ကျင်လည်သည်ရှိသော်အမှတ်မဲ့သောဘဝ၌ ပြုခဲ့ဘူးသောကောင်းမှုကြောင့် သာကေတမြို့၌ဆိုခဲ့ပြီးသော အပြားအားဖြင့် ဘာဝမည်သော သူဌေး

ဖြစ်၍အလှူသီတင်းစသော ကောင်းမှုကိုသာပွားစေ၏၊ ထိုကောင်းမှုသည် အခြားမဲ့သော ဘဝဇိဇက အမည်၌ အကျိုးမပေးမူ၍ မြေ၌မြှုပ်ထားအပ်သော ရွှေအိုးကဲ့သို့ အခွင့်မရသမျှ ကာလပတ်လုံးတည်၏၊ ကဿပဘုရားရှင်လက်ထက်၌ရဟန်းအားပြစ်မှားခဲ့ဘူးသော မကောင်းမှုသည် အခွင့်ရ၍ မိထိလာပြည်၌ကျွန်မသားအဖြစ် ကိုအကျိုးပေး၏၊ ထိုဗီဇကသည် ရှေ့၌မိမိပြုအပ်သော မကောင်းမှုကိုမမြင်၍ အခြားမဲ့သောဘဝ-ဘာဝသူဌေးအဖြစ်၌ ပြုအပ်သောအလှူသီတင်းစသော ကောင်းမှုသည် ဤဘဝ၌ ကျွန်မအိုးထိန်း သည်သားအဖြစ်ကိုပေးသည် ဟုထင်မှတ်၍ ကောင်းမှုအကျိုးသည် မရှိမည်ကဲ့သို့ ထင်မှတ်၏ ဟုဆိုကြောင်းသိမှတ်ပါလေ။

ဗီဇကစကားကို မင်းကြီးကြားလျှင် ဤသို့ဆို၏ သုဂတိသို့လားရခြင်း အကြောင်းမည် သည်ကား မရှိဟု အမြဲလျှင် သင်ယုံမှားကင်းလော့ ချမ်းသာဆင်းရဲသည်ကား အမြဲဖြစ်၏၊ ခပ်သိမ်းသော သတ္တဝါတို့သည် ကမ္ဘာကြီး (၈၄) ကမ္ဘာမစေ့သ၍ ကာလပတ်လုံးသံသရာမှ မလွတ်နိုင်၊ မစင်ကြယ် နိုင်ကုန်၊ ဆင်းရဲတစ်ခါချမ်းသာတစ်လှည့် ဖြစ်မြဲတည်း၊ ကောင်းမှု မကောင်းမှုကြောင့် ဖြစ်သည်မဟုတ်၊ ကမ္ဘာကြီး (၈၄)ကမ္ဘာအတွင်း၌ အဆောတလျှင် သံသရာစင်ကြယ်လိုသည် ဟူ၍ မပြုလင့်- ငါလည်း ရှေးမြို့တံခါးလေးမျက်နှာမြို့လည်တို့၌အလှူတင်းကုတ်ဆောက်၍ ပုဏ္ဏားသူကြွယ် ဖုန်းတောင်း ယာစကာတို့အား လှူဒါန်းစွန့်ကြဲပေးခြင်းကိုပြုလျှက် တရားသဖြင့် စွန့်ကြဲပေးကမ်းခြင်း ကိုပြု၏၊ ထိုသို့ အလှူသီတင်းပေးကမ်းစွန့်ကြဲခြင်းတို့ကိုဆောင်ရွက်သော အခိုက်ကာမဂုဏ်၌ မွေ့လျော်စံပျော်ရခြင်း ယုတ်ခဲ့၏ ဟုဆို၍ ကဿပတက္ကတွန်းအားလည်း ဤသို့ဆို၏၊ အရှင်ပဿပ အကျွန်ုပ်တို့သည် ဤမျှ လောက်သော ကာလပါတ်လုံး မမေ့မလျော့ကုန်အံ့၊ ယခု အကျွန်ုပ်တို့သည် အရှင်ဘုရားတည်းဟူသော ဆရာကိုရပြီ ဤနေ့မှစ၍ ကာမဂုဏ်ချမ်းသာ ကိုသာ ခံစားအံ့၊ အရှင်ကဿပအထံ၌ ဤမျှလောက်သော ကာလပါတ်လုံး တရားနာ၍နေရခြင်းသည်လည်း ကြာမြင့်လှပါပြီ၊ အကျွန်ုပ်တို့သွားပါကုန်အံ့၊ အသက်ရှည်ပါလျှင် နောင်လည်း အရှင်ဘုရားအား ဖူးမြင်ရပါလတံ့ဟု ကဿကတက္ကတွန်းကို ပန်ကြားခဲ့၍ နန်းတော်သို့ ပြန်လေ၏။

(မှတ်ချက်)။ ။အင်္ဂတိမင်းကြီးသည် ကဿပတက္ကတွန်းအထံ လာသောအခါကား အရိုအသေပြုရှိခိုးလျှက် ပြဿနာကိုမေး၏၊ ပြန်သောအခါကား - ရှိခိုးပူဇော်ခြင်း အရိုအသေပြုခြင်း အကျိုးမရှိဟုဆိုသောတက္ကတွန်း၏ မိစ္ဆာအယူဝင်၍ အရိုအသေပြုခြင်းရှိခိုးခြင်းကို မပြုမူ၍ ပြန်၏၊ ထိုကဿပတက္ကတွန်းသည် မိမိကိုယ်ကိုမိမိပင်လျှင် ကျေးဇူးမဲ့ပြုခြင်းကြောင့် ရှိခိုး ပူဇော်ခြင်း အရိုအသေ ပြုခြင်းကို မခံရတော့ ဆွမ်းအစရှိသော ပူဇော်သက္ကာရ တို့သည်ကား ဆိုဖွယ် မရှိ မရသည်သာမှတ်လေ မင်းကြီးသည် ထိုညဥ့်ကို လွန်စေ၍ မိုးသောက်သောနေ့၌ ဝိဇယ၊ သုမန၊ အလာတ အစရှိသော အမတ်ကြီး အမတ်ငယ် မင်းပရိတ်သတ်တို့ကို စည်းဝေးစေ၍-

အချင်းအမတ်တို့- စန္ဒကအမည်ရှိသောနန်းတော်၌ အထူးထူးသော ကာမဂုဏ်တို့ကို စီရင်၍ အခါခပ်သိမ်းဆက်သကြကုန်၊ အကျိုးစီးပွားအမှု၊ လျှို့ဝှက်အပ်သောအမှု၊ ထင်ရှားပြုအပ်သော အမှု၊ အလုံးစုံသော အမှုကိစ္စ ဟူသမျှကို ငါ့အား မလျှောက်ထားကြလင့်။

ဝိဓုရ၊ သုမန၊ အလာတ ဤအမတ်ကြီး သုံးယောက်တို့သည် တရားဆုံးဖြတ်ခြင်း၌လိမ္မာ ၏၊ သင်တို့အမတ်ကြီး သုံးယောက်တို့သာ တရားဆုံးဖြတ်ရာ လွှတ်တော်၌သာနေ၍ တရားဆုံးဖြတ် ကြ ကုန်၊ ငါကားကာမဂုဏ်ချမ်းသာကိုသာ ခံစားကုန်တော့အံ့ ဟုဆို၍ကြောင့်ကြမဲ့ ကာမဂုဏ်၌ မွေ့လျော်နေတော့၏၊ မြို့တံခါးလေးမျက်နှာတို့၌အလှူဇရပ်တို့ ကိုလည်းဖျက်စေ၏၊ မိမိနှစ်သက်သည် ရှိသော် သူတပါးတို့၏မယားကိုလည်းကောင်း၊ မိဘစသည့်စောင့်ရှောက်အပ်သော သမီးတို့ကို လည်းကောင်း အနိုင်အထက် သိမ်းယူလေ၏၊ မင်းကြီးသည် ကဿပတက္ကတွန်းကို မှီ၍မှားသော အယူကိုယူသတတ်ဟု တစ်ပြည်လုံး အုတ်အုတ်ကျက်ကျက်သော အသံသည်ဖြစ်လေ၏။

## (ဗီဇတ အခန်းပြီး၏)။

## ရုစာမင်းသမီးတရားဟောခန်း

ထိုသို့ပြောဆိုကြသော အသံကိုရုစာမင်းသမီး၏ အထိန်းတော်သည်- ကြားလတ်၍ ရုစာမင်းသမီးအားခမည်းတော်သည် တက္ကတွန်းကဿပကိုမှီ၍ အယူမှားသောအကြောင်းကို အကြွင်းမဲ့ ကြားလျှောက်၏၊ ထိုစကားကို ရုစာမင်းသမီးကြားလျှင် ဖြင်းစွာနှလုံးမသာရှိလျက် အဘယ်ကြောင့် ငါခမည်းတော်သည် အကျင့်သီလမရှိ၊ အရှက်အကြောက်လည်းမရှိ၊ အဝတ်လည်း မဝတ်သော တက္ကတွန်းထံသို့ကပ်၍ ပြဿနာတို့ကိုမေးလေဘိသနည်း၊ တရားကျင့်သော ရဟန်းပုဏ္ဏားတို့ကိုသာလျှင် ကပ်၍ပြဿနာတို့ကို မေးအပ်လှပေသည်၊ ရှိစေတော့၊ ငါ့ခမည်းတော်၏ မိစ္ဆာအယူကိုပယ်၍ သမ္မာအယူ၌ တည်စေခြင်းငှာ ငါမှတပါး စွမ်းနိုင်သော သူမည်သည်မရှိပေ၊ အဘယ့်ကြောင့်နည်းဟူမူ ငါသည်ဤကိုယ်၏ အဖြစ်မရောက်မှီနတ်သမီးဖြစ်သော အခါကပင် လွန်လေပြီးသော ခုနစ်ဘဝ အဖြစ်ကို လည်းကောင်း လာလတံ့သော ခုနစ်ဘဝဖြစ်ကိုလည်းကောင်း၊ ဤတစ်ဆယ့်လေးဘဝအဖြစ်ကို သိ၏၊ထို့ကြောင့်ငါသည် ရှေ့၌ဖြစ်ဘူးသောမကောင်းမှု၏ အပြစ်ကိုပြ၍ခမည်းတော်ကိုသိစေအံ့၊ ထိုသို့ဖြစ်သော်လည်း ယခုငါ့ခမည်းတော်ထံ သွားခြင်းငှာ မသင့်သေး အဘယ်ကြောင့် နည်းဟူမူ ငါသည်အကယ်၍ ယခုသွားအံ့၊ ငါ၏ခမည်းတော်သည် ငါ့ကိုဆိုရာ၏၊ ချစ်သမီး အခါတပါးကားလခွဲမှ တစ်ကြိမ်လာ၏၊ ယခုကား လမပြည့်မီ အဘိတ်နေ့ ကပင်လာပြီးဖြစ်လျက်လည်းနေ့ရက်မရောက်မှီ အခေါက်ခေါက်အဘယ်ကြောင့် လာသနည်း အခွင့်ရှိသလော ဟုဆိုလတံ့၊ ထိုသို့ဆိုရာ၌ ခမည်းတော် သည် မိစ္ဆာဒိဋ္ဌိအယူရှိသည်ဟု ကြားသောကြောင့်လာသည်ဟု အကယ်၍ဆိုချေအံ့၊ ခမည်းတော်သည် ငါ့စကားကို အလေးအမြတ် မပြုရာချေ၊ ထိုသို့ဖြစ်သောကြောင့် ယခုငါမသွားသေးမူ၍ ဤနေ့မှ တစ်ဆယ့်လေးရက်မြောက်ဖြစ်သော လမကွယ်မီ အဘိတ်နေ့မှ ပြကတေ့သောအချင်းအရာဖြင့် ခမည်းတော်၏အကြောင်းကို မသိသကဲ့သို့သွား၍ အလှူအဘို့ကို

။ပြတိုင်းသော တဘောင်သော ဥစ္စာကို ခမည်းတော်အား တောင်းအံ့ ထိုအခါ ခမည်းတော်သည် မိစ္ဆာအယူကို ဘိုလတ့် ဆိုလျှင် ခမည်းတော်မင်းကြီးအား ငါ၏အစွမ်းဖြင့် မိစ္ဆာအယူကို စွန့်စေအံ့ ဟုကြံ၏။

တန်းဆောင်မုန်းလပြည့်ကျော် (၁၄) ရက်အဘိတ်နေ့ရောက်လတ်သော် ရုစာမင်းသမီး သည် နတ်တို့၏ အဝတ်တန်ဆာနှင့်တူသော အထူးထူးသော အဝတ်တန်ဆာ ရတနာတို့ကို ဝတ်ဆင်လျက် အမွှေးအထုံနံ့သာမျိုးတို့ဖြင့် ထုံ၍ အခြေအရံရွှေတော်မင်းသမီးငါးရာ တို့ကိုလည်း ဝတ်စားတန်ဆာဆင်ယင်စေ၍ ရွှေတော်ငါးရာခြံရံလျက် အထိန်းတော်နှင့်တကွ ဘုံခုနစ်ဆင့်ရှိသော နန်းပြာသဒ်မှတိမ်တိုက်မှ ထွက်သောလပြည့်ဝန်းအရောင်ကဲ့သို့ တနန်းတော်လုံးပြောင်ပြောင်လင်း စေလျက် ဆင်းသက်ခဲ့၍ ခမည်းတော်စံရာ စန္ဒကပြာသာဒ်သို့သွားလေ၏၊ ခမည်းတော်အထံသို့ရောက်လျှင်တင့်အပ်သော မင်းသမီးနေရာ၌ နေ၏။

အင်္ဂတိမင်းကြီးသည် သမီးတော်ကိုမြင်လျှင် ချစ်သမီး ဘုံခုနစ်ဆင့်ရှိသော နန်းပြာသဒ် ကြာမိုးငါးပါးတို့ဖြင့် ဖုံးလွှမ်းအပ်သော ရေကန်တို့၌ မွေ့လျော်ပျော်ပါးပါ၏လော၊ အထူးထူးသော အဝတ်တန်ဆာ ရတနာတို့သည်လည်းကောင်း မွန်မြတ်သော ခဲဘွယ် ဘောဇဉ်တို့သည်လည်းကောင်း တနေ့မပြတ် ရောက်ပါ၏လော၊ စကားသဇင် စသောပန်းတို့ကို သတို့သမီးတို့သည် သီကုန်း၍ မည်ိုးမန္ဒမ်း အခါခပ်သိမ်းပန်ဆင်ရပါ၏လော့ ချစ်သမီး အဘယ်ကိုအလိုရှိသေးပါသနည်း၊ခမည်းတော် အားပြောကြားလော့ချစ်သမီးအလိုရှိတာယခုပြီးစေအံ့ဟုဆို၏။

ရုစာမင်းသမီးလည်း ဤသို့လျှောက်၏၊ ခမည်းတော်ဘုရား- ခမည်းတော်ပေးသော အလုံးစုံသည် ခမည်းတော်၏ ကျေးဇူးတော်ဘုန်းတော်ကြောင့် ပြည့်စုံပါ၏၊ ခမည်းတော်မင်းကြီး နက်ဖြန်ခါ နတ်တို့စည်းဝေးရာဖြစ်သော လကွယ်ဥပုပ်နေ့ပါတည်း၊ အကျွန်ုပ်အားပေးမြဲသော တစ်ထောင်သောဥစ္စာ ကိုပေးတော်မူပါ၊ အကျွန်ုပ်သည်ပေးလှူမြဲတိုင်း ရသေ့ပုဏ္ဏားဖုံးတောင်း ယာစကာ ဥစ္စာကုန်၍ ရောက်လာသော သူတို့အား ပေးလှူစွန့်ကြဲပါအံ့ဘုရား ဟုဆို၏။

.ထိုစကားကို မင်းကြီးကြားလျှင် ဤသို့ဆို၏၊ ချစ်သမီးအကျိုးမရှိ အချည်းအနှီးများစွာ သောဥစ္စာကို ဖျက်ဆီးဘိ၏တကား ချစ်သမီးအခါခပ်သိမ်း ဥပုသ်စောင့်သော သင်သည် ထမင်းအဖျော် စသည်ကို သုံးဆောင်ရတကား၊ ထိုထမင်းအဖျော်စသည်ကို မသုံးဆောင် မစားသောက်ဘဲနေသော သူအား ကောင်းမှုကုသိုလ်မဖြစ်ပါဘူး။

ထိုစကားသည်မှန်၏၊ ချစ်သမီးအရှင်ကဿပအထံသို့ ငါတို့ချဉ်းကပ်သောအခါ ဗီဇက အမည်ရှိသော ကျွန်သည် အရှင်ကဿပတရားကိုငါတို့နာရ၍ အဖန်တလဲလဲ ရှိုက်ကြီးတငင် ငိုကြွေး၏၊ ချစ်သမီးသင်သည် အသက်ရှည်သမျှကာလပတ်လုံး ထမင်းအဖျော် အစရှိသည်တို့ကို စားသောက်၍ ကာမဂုဏ် ချမ်းသာကို ခံစားလော့ နေ့လွဲသောအခါ ခဲဘွယ်ဘောဇဉ်ကိုမစားပဲ မနေလင့်၊ ချစ်သမီး တမလွန် လောကဟူ၍ မရှိဘဲလျှက် အဘယ့်ကြောင့် ဆင်းရဲခံရဘိသနည်း ဆို၏။

ခမည်းတော်၏စကားကို ကြားလျှင် ရှေ့ဘဝနောက်ဘဝကို မျှော်မြင်နိုင်သော ရုစာမင်းသမီးသည်

တရားသဘော အတိုင်း သိရကား-

ခမည်းတော်မင်းကြီး- သူမိုက်ကိုပေါင်းဖော်မှီဝဲ ဆည်းကပ်ရသောသူသည် မိုက်သော အဖြစ်သို့သာရောက်၏ ဟူ၍ အကျွန်ုပ်သည် ရှေ့၌ ကြားဖူးပါ၏၊ ဤအကြောင်းကို ယခုအခါ မျက်မှောက် ထင်ထင် မြင်အပ် လေပြီ။

ထိုစကားသည် မှန်၏- အရှင်မင်းကြီး သူမိုက်သည် သူမိုက်ကိုမှီ၍ အတိုင်းထက်အလွန် မိုက်ခြင်းသို့ရောက်၏၊ အလာတအမတ်ဗီဇက သူဆင်းရဲတို့သည် ကဿပတက္ကတွန်းမိုက်ကို မှီဝဲ၍ မိုက်ဖို့ရန် သင့်လျှောက်ပါ၏။

ခမည်းတော်ကြီးကားပညာအဆင်အခြင်၌လည်းပြည့်စုံ၏၊ အကျိုးစီးပွားရှိသည် မရှိသည် အကြောင်းဟုတ်သည် မဟုတ်သည်၌ လိမ္မာ၏၊ အဘယ်ကြောင့် မိုက်စွာသော အလာတ အမတ် ဗီဇကတို့နှင့်အတူ အယူမှားသော တက္ကတွန်းကို စည်းကပ်အပ်ပါသနည်း။

အရှင်မင်းကြီး သံသရာဖြင့် စင်၏ဟု ရှေးဦးကပင် နှလုံးသွင်းမိသူ များစွာသော သူတို့သည် မသိကြကုန်ဘဲ ကံကိုဖျက်ဆီးပစ်ကြကုန်၏၊ ကံဖျက်ဆီးပစ်ပယ်ကုန်လျှင် ကံ၏အကျိုးကို လည်း ဖျက်ဆီးပစ်ပယ်ကုန်သည်သာ ဖြစ်ကုန်၏၊ဤသို့လျှင် ထိုသူတို့သည် ရှေးဦးကပင် အရှုံးအယူ အပြစ်ရှိသော အယူကို မကောင်းသဖြင့် ယူအပ်သည်သာဖြစ်၏၊ ငါးမျှားချိတ်ကို မျိုမှားသော ငါးသည် ငါးမျှားချိတ်မှလွတ်နိုင်ခဲသကဲ့သို့ထိုသူတို့သည်အကျိုးမဲ့လွတ်နိုင်ခဲ ကုန်၏။

ထိုထက်အလွန် ဥပမာဆောင်၍ ဆိုပြန်လိုရကား-

အရှင်ခမည်းတော်မင်းကြီး ဥပမာဆောင်၍ ပြောဦးအံ့ မင်းကြီးအကျိုး စီးပွားကို ပြတတ်သော ဥပမာ၏ အနက်ကို ဤလူ့ရွာ၌ အချို့သောပညာရှိတို့သည် သိပါကုန်၏။

ဥပမာကား- အရှင်မင်းကြီး ကုန်သည်တို့၏ လှေသည် အနည်းငယ် အနည်းငယ်သော ဝန်ကိုဆည်းပူး၍ တင်သဖြင့်ကြာမြင့် လတ်သော်လေးသောအဖြစ်သို့ရောက်ပေ၏၊ ထိုဝန်လေးစွာသော လှေသည် ဝန်ကိုကောင်းစွာယူ၍ မဟာသမုဒ္ဒရာ၌ နစ်လေ၏။

ထိုအတူလျှင် အကြင်သူမိုက်တို့သည် မကောင်းမှုကို အတန်ငယ် အတန်ငယ်ဆည်းယူ၍ မကောင်းမှုများလတ်သော ထိုမကောင်းမှုတည်းဟူသောဝန်ကိုဆောင်၍ ငရဲ၌နစ်လေရာ၏။

မြေကြီးသနင်းဖြစ်တော်မူသောခမည်းတော်မင်းကြီး အပါယ်ဒုဂ္ဂတိသို့လားခြင်း အကြောင်းဖြစ်သောမကောင်းမှုကို ဆည်းပူးသောအလာတအမတ်အား အကြင်မျှလောက် မကောင်းမှု တည်းဟူသောဝန်သည် မပြည့်စုံသေး ထိုမျှလောက်ကာလပတ်လုံးထိုအလာတအမတ်အား ရှေ့၌ ပြုအပ်သော ကောင်းမှုကြောင့် ဤကိုယ်အဖြစ်ကိုရ၏။

ထိုအလာတအမတ်၏ ကောင်းမှုကံကား- ကုန်ခဲ့လေပြီ၊ ထို့ကြောင့်ပင်သူသည် ကျေးဇူးမရှိသော မကောင်းမှု၌ မွေ့လျော်နေ၏၊ အလာတအမတ်သည် ဖြောင့်သောခရီးဖြစ်သော သုဂတိလမ်းကို ပယ်စွန့်၍ ခရီးကောက်ဖြစ်သော အပါယ်ခရီးသို့ အစဉ်အတိုင်းပြေးရလိမ့်မည်ဖြစ်၏၊

ဥပမာကား-မြေကြီးသနင်းဖြစ်တော်မူသောခမည်းတော်မင်းကြီး လူတို့သည် ချိန်အပ်သော ချိန်ခွင်၌ ဝန်ကိုချသည်ရှိသော် ချိန်ပေါင်သည် အထက်သို့တက်၍ ခေါင်းထောင် နေသကဲ့သို့ ဤအတူ လူသူတော်ကောင်းဖြစ်သော ဗိဇကသည် အတန်ငယ် အတန်ငယ်ကောင်းမှုကို ဆည်းပူး၍ နတ်ပြည် ခရီးဖြစ်သော ကောင်းမှု၌သာလျှင် မွေ့လျော်၏။

ယခုကားထိုဗိဇကသည် ရှေးမကောင်းမှုကြောင့် ကျွန်အဖြစ်ကိုရ၏၊ ထိုမကောင်းမှု၏ အကျိုးကုန်သည်ရှိသော်ကောင်းမှု၌ မွေ့လျော်သော ဗိဇကသည် တဏ္ဍတွန်း ကဿပသို့ မဆည်းကပ် သ၍ ကောင်းသော အယူကိုယူသည်ရှိသော် သုဂတိသို့ လားရောက်ရလိမ့်မည် သာဟုဆို၏။

တဖန်သူမိုက်ကိုမှီဝဲ ဆည်းကပ်ခြင်း၌ အပြစ်ကိုလည်းကောင်း သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း၌ အကျိုးကို လည်းကောင်း ပြလိုသည်ဖြစ်၍ -

၁။ ခမည်းတော်မင်းကြီး - အကြင်သူသည် သူတော်ကောင်းလည်းဖြစ်စေ၊ သူယုတ်မာ လည်းဖြစ်စေ၊ သီလရှိသည်မူလည်းဖြစ်စေ၊ သီလမရှိသည်မူလည်းဖြစ်စေထိုသူကို ဆည်းကပ်သော သူသည် ထိုသူတို့၏ အလိုသို့သာ လိုက်ရလေကုန်၏။

၂။ ခမည်းတော်မင်းကြီး အကြင်သူသည် အဆွေခင်ပွန်းကိုအလေးအမြတ်ပြု၍ဆည်း ကပ်၏။ ထိုသူသည်မိမိ မှီဝဲသောအဆွေခင်ပွန်းနှင့် သွားခြင်း၊ စားခြင်း၊ အစရှိသော အံမူအရာတူသည် သာလျှင် ဖြစ်၏။

၃။ ခမည်းတော်မင်းကြီးမကောင်းသောအယူ မကောင်းသောအကျင့်ရှိသောသူယုတ်နှင့် အကြင်သူသည် ပေါင်းဖေါ်အံ့ သူယုတ်၏အကျင့်သည် ထိုသူ၌ လိမ်းကျံကပ်ညိလေ၏။ဥပမာကား အန္တရာယ်ကိုပြုတတ်သော အဆိပ်လူးမျှား၏ တည်ရာဖြစ်သော မျှားတောင့်ကဲ့သို့တည်း-ထိုကြောင့် ပညာရှိသောသူသည် မကောင်းမှုကို လိမ်းကျံအံ့သည်မှကြောက်သောကြောင့် ယုတ်မာသော အဆွေခင်ပွန်းကို ဝေးစွာကြဉ်ရာ၏။

၄။ ခမည်းတော်မင်းကြီးနာတော်မူဦးလော့ အကြင်လူသည် ငါးပုတ်ကို သမန်းမြက်ဖြင့် ထုတ်။ ထိုသမန်းမြက်သည်လည်း အပုတ်အတိသာလှိုင်၏။ ထို့အတူ သူမိုက်နှင့် ပေါင်းသောသူသည် မိုက်သည်သာဖြစ်၏။

၅။ ခမည်းတော်မင်းကြီးတောင်ဇလပ်ပန်းတို့ကို ပေါက်ရွက်ဖြင်ထုတ်၏။ ထိုပေါက်ရွက် သည် မွှေးသောရနံ့ဖြင့်သာလှိုင်၏။ ထိုအတူပညာရှိဖြင့်ပေါင်းဖေါ် ရသော်သူသည် ပညာရှိသာတည်း။

၆။ ထို့ကြောင့်ပေါက်ရွက်ဖြင့်ထုတ်သော ပန်းနံ့ကဲ့သို့မိမိအကျိုးစီးပွားကိုသိသောပညာရှိသည် သူတော် ကောင်းမဟုတ်သောသူကို မမှီဝဲရာ၊ သူတော်ကောင်းကိုသာလျှင်မှီဝဲရာ၏သူတော်မဟုတ် သောသူသည် ငရဲသို့သာလျှင် ဆောင်တတ်၏။သူတော်ကောင်းသည် နတ်ပြည်သို့သာလျှင် ရောက်စေတတ်၏။ ဤသို့ ရုဇာ မင်းသမီးသည် ခမည်းတော် အားခြောက်ဂါထာတို့ဖြင့် တရားဟော ပြီးလွန်လေပြီး သောအခါ၌ မိမိခံရခဲ့ဘူးသောဆင်းရဲ ကို ဟောပြလိုသည်ဖြစ်၍-

၁-၂-၃-၄။ ခမည်းတော်မင်းမြတ် -အကျွန်ုပ်သည် သာဝတီ သာ၌ သိကြားမင်းအလုပ် အကျွေးနတ်သမီးဖြစ်

သောအခါလွန်လေပြီးသောခုနှစ်ဘဝ အဖြစ်လာလတ့်သောခုနှစ် ဘဝအဖြစ်အားဖြင့်တစ်ဆယ့်လေး ဘဝအဖြစ်တို့ကိုမြင်ပါသည်။ အရှင်မင်းကြီးရှေ့ သံသရာ၌ ကျင်လည်သောအခါ အကျွန်ုပ်သည် ရာဇဂြိုလ်ပြည်၌ ရွှေပုတိမ်သည်၏သား ဖြစ်ဖူး၏။ ထိုရွှေပုတိမ်သည်၏သားဖြစ်သောအခါ မကောင်းသောအဆွေခင်ပွန်းနှင့်ပေါင်းဖေါ်၍ များစွာသော မကောင်းမှုတို့ကိုပြု၏။ သူတပါးတို့၏မယားကို အနိုင်အထက်ခိုးယူ၍ မသေနေရမည်ကဲ့သို့မိစ္ဆာစာရကို ကျင့်မိ၏။ ထိုမကောင်းမှုသည်အခြားမဲ့သော ဘဝ၌ အကျိုးမပေးမူ၍ ပြာဖြင့်ဖုံးလွှမ်းအပ်သော မီးကဲ့သို့တည်၏။

၅။ ထိုရွှေပုတိမ်သည်၏သားအဖြစ်မှ စုတေလတ်သော်တပါးသော မကောင်းမှုကြောင့် ဝံသတိုင်းကောသမ္ဗီပြည်တွင် ကြွယ်ဝလှစွာသောသူဌေးအမျိုး၌ဖြစ်၏။ထိုသူဌေးအမျိုး၌ ကျွန်ုပ်တစ်ယောက်တည်း သားရှိသည်ဖြစ်၍ သူခပ်သိမ်းတို့ပူဇော်ရာ ဖြစ်၏။

၆-၇။ ထိုကောသမ္ဗီပြည်၌ကုသိုလ်ကောင်းမှု၌မွေ့လျော်သော အကြားအမြင်ရှိသောအဆွေခင်ပွန်းကောင်းကို မှီ၍ အကျွန်ုပ်တို့ကို ထိုအဆွေခင်ပွန်းသည်အကျိုးစီးပွား ရှိသည်၌သာ ဆောက်တည် စေ၏။ စတုဒ္ဒသီပန္နရသီ ဥပုသ်နေ့တို့၌ အကြိမ်များစွာ ဥပုသ်သီတင်းဆောက်တည်ခဲ့ဘူး၏။ထိုဘဝ၌ပြုအပ်သောမကောင်းမှုသည် ရေနှင့်နီးကပ်သောအောက်မြေရပ်၌မြှုပ်ထားအပ်သော ရွှေအိုးကဲ့သို့ အခြားမဲ့သောဘဝ၌ အကျိုးမပေးမူ၍တည်၏။

၈-၉။ ထိုသူဌေးအဖြစ်မှတေမနေသေလွန်လတ်သော် ရွှေပန်းတိမ်၏အဖြစ်၌ပြုအပ်သော မကောင်းမှုသည် အခွင့်ရ၍ ထိုရွှေပန်းတိမ်၏အဖြစ်၌ပြုအပ်သော သောပရဒါရမကောင်းမှုကြောင့် ရောရုဝငရဲ၌ ကြာမြင့်စွာကာလပတ်လုံးခံရလေ၏။ ထိုငရဲ၌ခံရသောအဖြစ်ကို အောက်မေ့မိသော အကျွန်ုပ်သည် ပြင်းစွာသောကြောက်လန့်ခြင်းဖြစ်၍ တခဏမျှချမ်းသာကို မရနိုင်ပါ။

၁၀-၁၁။ ထိုရောရုဝငရဲ၌ နှစ်လရှည်စွာခံရပြီး၍ ငရဲမှစုတေလတ်သော် ဘိန္နဂတပြည်၌ ဝှေးစေ့ထုတ်ခံရသော ဆိတ်ဖြစ်ရပြန်၏။ ထိုဆိတ်သည်အားနှင့်ပြည့်စုံသည် ဖြစ်၍ကျောက်ကုန်း ဖြင့်လည်းကောင်း၊ ရထားဖြင့်လည်းကောင်း၊ အမတ်သားတို့ ကိုရွက်ဆောင်ရ၏။ထိုဝှေးစေ့ ထုတ်ခံ ရသောဆိတ်ဖြစ်ရခြင်းသည်ကား သူ့မယားကို ပြစ်မှားခဲ့ဘူးသော မကောင်းမှုအမျိုးပေတည်း။

၁၂။ ထိုဆိတ်အဖြစ်မှစုတေသေလွန်ပြန်သော်တောနက်ကြီး၌ မျောက်အမျိုး၌ပဋိသန္ဓေ နေရ ၏။ ထိုမျောက်မျိုး၌ ဖွားစကပင်လျှင် အမိမျောက်မသည် အဘဖြစ်သော မျောက်မင်းအား သားကိုပြပေး ၏။ ထိုမျောက်မင်းသည် ငါ့သားကိုဆောင်ခဲ့ဆို၍ ပြင်းစွာမြဲမြံစွာ ဖက်ထားပြီးလျှင် မြည်တမ်းစဉ်ပင် မျောက်၏ဝှေးစေ့ကိုသွားဖြင့်ကိုက်၍ ထုတ်ဘိ၏။ ထိုသို့ခံရခြင်းသည်ကား-ရွှေပန်းတိမ်သားဖြစ်သော အခါ၌ သူတပါးမယားကို ပြစ်မှားခဲ့ဘူးသော မကောင်းမှု အကျိုးဆက်ပေတည်း။

၁၃။ အရှင်မင်းကြီးအကျွန်ုပ်သည် ထိုမျောက်အဖြစ်မှ စုတေမနေ သေလွန်လတ်သော် ဒသနတိုင်း၌ဝှေးစေ့ထုတ်အပ်သောနွားလားဖြစ်ပြန်၏။ ထိုနွားလားဖြစ်ခြင်းသည်လည်း သူတပါးတို့၏ မယားကိုပြစ်မှားခဲ့ဘူးသော မကောင်းမှုအကျိုးဆက်ပေတည်း။

၁၄။ အရှင်မင်းကြီးအကျွန်ုပ်သည် ထိုနွားလားအဖြစ်မှ စုတေသေလွန်လတ်သော်ဝဇ်တိုင်း ဘွင် ရွာသူကြီးအမျိုး၌ ဖြစ်ပြန်၏။ ထိုအမျိုး၌ရခဲလှစွာသော လူအဖြစ်ကိုရပါလေသော်လည်း မိန်းမလည်းမဟုတ်၊ ယောကျ်ားလည်းမဟုတ်၊ နပုန်းပဏ္ဍုက်ဖြစ်လာရ၏ထိုနပုန်းပဏ္ဍုက် ဖြစ်လာရခြင်း ကားသူတပါးမယားကို ပြစ်မှားခဲ့သောမကောင်း မှုအကျိုးပေတည်း။

၁၅-၁၆။ အရှင်မင်းကြီး အကျွန်ုပ်သည် ထိုနပုန်းပဏ္ဍုက်အဖြစ်မှ စုတေသေလွန်လတ်သော်တာဝတိံ သာ နတ်ပြည် နန္ဒဝံဥယျာဉ်၌ နှစ်သက်ဖွယ်သောအဆင်းနှင့်ပြည့်စုံသော ဆန်းကြယ်လှသော အဝတ်တန်ဆာ ပတ္တမြားနဒောင်း ရွှေစည်းပေါင်းတို့ဖြင့် တန်ဆာဆင်လျက် ကခြင်း၊ သီခြင်း၌ လိမ္မာစွာသော သကြားမင်း၏ အလုပ်အကျွေး နတ်သမီးဖြစ်လာရပေ၏။

၁၇-၁၈-၁၉-၂၀။ ထိုနတ်သမီးအဖြစ်၌တည်သော အကျွန်ုပ်သည် သေလွန်ပြီးသော် ခုနှစ်ဘဝ ဖြစ်ကို လည်းကောင်း၊ လာလတံ့သောခုနှစ်ဘဝအဖြစ်ကိုလည်းကောင်း၊ ကြံ အောက်မေ့သဖြင့်မြင်၏။ အရှင်မင်းကြီး ထိုနတ်သမီးအဖြစ်နှင့် တကွသောနောက်ခုနှစ်ဘဝ အဖြစ်တို့သည်ကား များစွာသော ချမ်းသာနှင့်ပြည့်စုံ၏။ မိန်းမအဖြစ်နှင့် ခြောက်ဘဝတိုင်အောင်ဖြစ်လတ္တံ့၊ ခုနှစ်ဘဝမြောက်ကား တန်ခိုးကြီးသောနတ်သား ဖြစ်ရလတံ။

၂၁-၂၂။ အရှင်မင်းကြီးနန္ဒာဝန်ဥယျာဉ်၌ အကျွန်ုပ်၏အလုပ်အကျွေးဖြစ်သောနတ်သမီး တို့သည် ယနေ့တိုင်အောင်လည်း အစဉ်သဖြင့်ပန်းကိုသီကုံးကုန်၏။ ဇဝမည် သောနတ်သားသည် အကျွန်ုပ်ချသောပန်းကို လက်ခံလင့်၏။ အရှင်မင်းကြီး အကျွန်ုပ်၏ ယခုလအဖြစ်သည်ကား တဆယ့် ခြောက်နှစ်သာရှိသေး၏။ထိုတဆယ့်ခြောက်နှစ်မျှကာလသည်နတ်တို့၌ တစ်ခဏသာတည်း၊ လူတို့၏ အရေအတွက်အားဖြင့် အနှစ်တရာသည် တာဝတိံသာနတ်တို့၏ နေ့အား ဖြင့် တနေ့သာတည်း။

၂၃။ အရှင်မင်းကြီး ဤသို့ဆိုခဲ့ပြီးသောနည်းဖြင့် ကောင်းမှုသည်လည်းကောင်း၊ မကောင်း မှုများသည်လည်း ကောင်း၊ ပျောက်သည်မရှိ၊ အရိပ်သဖွယ်ကဲ့သို့လိုက်ကုန်၏ဟု မှတ်တော်မူပါလော့ ဟုဟောဆို၏။

## ရုစာမင်းသမီးသည် ခုနှစ်ဖြစ်တို့ကို ဆင်ခြင်ခဏ်း

ထိုရုစာမင်းသမီး၏ အတ္တုပ္ပတ္တိကိုဤသို့ သိအပ်ပေ၏။ ရုစာမင်းသမီးသည် ရှေးသိကြားမင်း ၏အလုပ်အကျွေးနတ်သမီးဖြစ်သောအခါ-ငါသည်ဤနတ်ပြည်သို့ အဘယ်ဘဝမှလာသနည်းဟု ဆင်ခြင်လတ်သော်ဝဇ်တိုင်းရွာသူကြီး၏အမျိုး၌နပုန်း အဖြစ်မှလာသည်ကို မြင်၏အဘယ်ကောင်း မှုကြောင့်ဤနတ်ပြည်၌ဖြစ်သနည်းဟုကြည့်လတ်သော် ကောသမ္ဗီပြည်၌ သူဌေးဖြစ်၍ အလှူသီတင်းကို ပြုစုဆောက်တည်ခဲ့ဘူး သောကောင်းမှုကြောင့်ဟု မြင်၏။

အဘယ်အဖြစ်မှလာ၍ နပုန်းဖြစ်သနည်းဟု ဆင်ခြင်ပြန်သော် ဝေးစေ့ထုတ်ခံရသော

နွားလားအဖြစ်မှ လာသည်ကိုမြင်၏။ အဘယ်အဖြစ်မှလာ၍ နွားလားဖြစ်သနည်းဟု ဆင်ခြင်ကြည့်သော် ဝေးစေ့ထုတ်ခံရသော မျောက်မျိုးမှလာသည်ကို မြင်၏။ အဘယ်အဖြစ်မှလာ၍ မျောက်ဖြစ်လေသနည်းဟုဆင်ခြင်ပြန်လတ်သော် ဘိန္နာဂတ ပြည်၌ ဝေးစေ့ထုတ် ခံရသောဆိတ်အဖြစ်မှ လာသည်ကိုမြင်၏။ အဘယ်အဖြစ်မှ ဆိတ်ဖြစ်သနည်းဟု ဆင်ခြင်ပြန်သော် ရောရုဝရဲ၌နှစ်လ ရှည်စွာခံရပြီး၍ ဖြစ်လာသည်ကိုမြင်၏။ ထိုငရဲ၌လည်းကောင်း၊ တိရစ္ဆာန်အမျိုး၌လည်းကောင်း၊ ခံရသောဆင်းရဲကိုမြင်၍ ထိုနတ်သမီးသည်အလွန်ကြောက်လန့်ခြင်းဖြစ်၏။ ထိုရောရုဝရဲ၌ အဘယ်ကြောင့်ခံရသနည်းဟု နောက်ဘဝကို အောက်မေ့လတ်သော် ကောသမ္ဘီပြည်၌ သူဌေးဖြစ်၍ ပြုဘူးလေသော ကောင်းမှုကိုမြင်၏။ ထိုသူဌေး အဖြစ်မှ နောက်အဖြစ်ကို ဆင်ခြင်လတ်သော် မဂရာဇ်တိုင်း ရာဇဂြိုလ်ပြည်၌ ရွှေပန်းတိမ်သည်ဖြစ်၍ မကောင်းသောအဆွေခင်ပွန်းနှင့် ပေါင်းဖေါ်မိသောကြောင့် သူတပါး မယားကို ပြစ်မှားခဲ့ဘူးသော ပရဒါကံကိုမြင်၍ ဤကောင်းမှုအကျိုးဆက်ကြောင့် ဤသို့သောဆင်းရဲကို ငါခံရသတည်းဟုသိရလေတော့။

ဤသို့လွန်ပြီးသောခုနစ်ဘဝအဖြစ်အပျက်ကို ဆင်ခြင်ပြီး၍ လာလတ္တံ့သော ဘဝကိုတဖန်ဆင်ခြင်ပြန်၏။ ငါသည်ဤနတ်သမီးအဖြစ်မှ စုတေလျှင် အဘယ်၌ဖြစ်ရအံ့ နည်းဟု ဆင်ခြင်လတ်သော် ဤနတ်သမီးအဖြစ်မှ အနှစ်သုံးကုဋေခြောက်သန်းအသက် အတိုင်းနေ၍ စုတေလတ်သောဤသာဝတီသာနတ်ပြည်ပင်လျှင်ယခုကဲ့သို့သိကြားမင်း၏ အခြွေအရံနတ်သမီးဖြစ်လတ္တံ့ဟုနှစ်ကြိမ်မြောက်သောအဖြစ်ကိုမြင်၏။ ထိုဒုတိယဘဝ မှစုတေလတ်သော် အဘယ်ဘဝဖြစ်ရအံ့နည်းဟု ဆင်ခြင်ပြန်လျှင် တာဝတိံသနတ်ပြည်၌ပင် သိကြားမင်း၏ကိုယ်လုပ်နတ် သမီးဖြစ်အံ့သည်ကိုမြင်ပြန်၏။ ထိုတတိယဘဝမှ တဖန်ဆင်ခြင် ပြန်သော်သိကြားမင်း၏လေးကြိမ်မြောက်ကိုယ် လုပ်နတ်သမီးဖြစ်မည်ကို မြင်ပြန်၏။ ထိုစတုတ္ထ ဘဝမှ ဆင်ခြင်ပြန်သော် ငါးကြိမ်မြောက်တာဝတိံသာနတ်ပြည်၌ ဇဝနနတ်သား၏ မိဖုရားကြီး နတ်သမီးဖြစ်ရအံ့သည်ကိုမြင်ပြန်၏။ ထိုငါးဘဝဆင်ခြင်ပြန်လတ်သော် ခြောက်ကြိမ်မြောက် လူ့ပြည်၌မိထ္ထိလာပြည်ကိုအစိုးရသောအင်္ဂတိမင်းကြီး၏ သမီးရုစာအမည်ရှိ သောမင်းသမီးဖြစ်ရအံ့ သည်ကိုမြင်၏။ ထိုရုစာအဖြစ်မှ ဆင်ခြင်ပြန်သော် တာဝတီသာနတ်ပြည်၌ တန်ခိုးကြီးသော နတ်သား ဖြစ်ရအံ့သည်ကိုမြင်၏။ ထိုခုနစ်ကြိမ်မြောက်ဘဝတိုင်းမှ မိန်းမအဖြစ်မှ လွတ်ရအံ့သည်ကိုမြင်၏။ ဤသို့ရုစာမင်းသမီးသည် ရှေးသိကြားမင်း၏ ကိုယ်လုပ်နတ်သမီးဖြစ်သောအခါ လွန်ပြီးသောခုနစ်ဘဝ အဖြစ်လာဘ် သော် ခုနစ်ဘဝအဖြစ်ကိုမြင်၏။ ရုစာနတ်သမီးအဖြစ်၌လည်း ရှေ့အဖြစ်နောက်အဖြစ်ကို မြင်ပြန်၍ ဤစကားကို ခမည်းတော်ဖြစ်သော အင်္ဂတိမင်းကြီးအား ဟောကြားမိန့်ဆိုပေ၏။

ရုစာမင်းသမီး၏ ရှေ့နောက်ဆင်ခြင်ဤ တရားဟောခန်းပြီး၏။ ထို့ထက်အလွန် ခမည်းတော်အား တရားသဘောရှိတိုင်း ဟောပြပြန်လိုသည်ဖြစ်၍ ရေမြေသနင်းဖြစ် တော်မူသော ခမည်းတော်မင်းကြီး -

၁။ အကြင်ယောက်ျားသည် ဖြစ်တိုင်းဖြစ်တိုင်းအဖန်တလဲလဲ ယောက်ျားအဖြစ်ကိုအလို ရှိအံ့။ ခြေဆေးပြီးသောသူသည် ရွှံ့ညွန်ကိုကြဉ်ရှောင်သကဲ့သို့ သူတပါးမယားကိုမပြစ်မှားမူ၍ ဝေးစွာရှောင်ကြဉ်ရာ၏။

၂။ ခမည်းတော်မင်းကြီးအကြင်မိန်းမသည် ဖြစ်တိုင်းဖြစ်တိုင်းအဖန်တလဲလဲ ယောက်ျား အဖြစ်ကို အလိုရှိအံ့။ သိကြားမင်းကိုပြုစုလုပ်ကျွေးသော နတ်သမီးကဲ့သို့ မိမိလင်ကိုအရိုအသေ ပြု၍လုပ်ကျွေးရာ၏။

၃-၄။ ခမည်းတော်မင်းကြီး အကြင်သူသည် လူနတ်တို့၏စည်းစိမ်ချမ်းသာအခြံအရံကို အလိုရှိငြားအံ့ မကောင်းမှုဒုစရိုက်ကိုကြင်၍ ကိုယ်နှုတ်နှလုံးသုံးပါးကို စောင့်သုံးခြင်း ဟုဆိုအပ်သော ကုသိုလ်ကောင်းမှုသုစရိုက်ကိုပွားစေရာ၏။

၅။ များစွာသောစည်းစိမ်ချမ်းသာအခြံအရံကုန်သောသူတို့သည်ရှေ့၌မိမိပြုအပ်သော ကောင်းမှုသည်သာလျှင် အဆွေခင်ပွန်းဖြစ်၏။

၆။ အရှင်မင်းကြီးကြံတော်မူဦးလော။ အထူးထူးအဆန်းဆန်းရှုမခန်းသော အဝတ်တန်ဆာ တို့ကိုဝတ်ဆင်ကုန်လျက် ရွှေခြူကွန်ယက်တို့ဖြင့်ဖုံးလွှမ်းအပ်သော နတ်သမီးကဲ့သို့သောမိဖုရားကြီး ကိုယ်လုပ်မောင်းမဖြစ်ကုန် သောသတို့သမီးတို့ကိုအဘယ်အ ကြောင်းကြောင့် ရသနည်းဟုကြံတော မူလော့ ဟု ဆို၏။

ဤသို့ရုစာမင်းသမီးသည် ခမည်းတော်မင်းကြီးအား နံနက်ကသည် ညဥ့်သုံးယံပတ် လုံးတရားဟောလျက် အရှင်မင်းကြီး အချီးနှီးသောမိစ္ဆာဒိဋ္ဌိ တကွတွန်းစကားကို ယူတော်မမူလင့်။ ဤပစ္စုပ္ပန်လောကသည်လည်းရှိ၏။ တမလွန်လောကသည်လည်းရှိ၏။ ကုသိုလ်ကံ အကုသိုလ်ကံ ၏အကျိုးသည်လည်းရှိ၏။ အကျွန်ုပ်ကဲ့သို့သော အဆွေခင်ပွန်း ကောင်း၏ တရားလမ်းကြောင်းဖြစ်သော စကားကိုယူတော်မူလော့ဟုဆို၏။ ရုစာမင်းသမီးသည် ခရီးမှားသောသူကို ခရီးလမ်းပြသကဲ့သို့ မိစ္ဆာဒိဋ္ဌိ အယူရှိသော ခမည်းတော်မင်းကြီးအား သမ္မာအယူဖြစ်စေခြင်းငှာ အထူးထူးအပြားပြားအားဖြင့် ပြဆွန်ပါ သော်လည်း ခမည်းတော် အယူကိုစွန့်စေခြင်းငှာ မတတ်နိုင်ပေ။ သားသမီး တို့၏သာယာစွာဆိုသော စကားကို မိဘတို့သည် နှစ်လိုမြဲဖြစ်သကဲ့သို့ သမီးတော်ရုစာမင်းသမီး၏ သာယာစွာ သောစကားကိုကား အလွန်နှစ်လို၏။ သို့သော် မိစ္ဆာအယူကားမစွန့်ပေ။ တိုင်းသားပြည်သူ လူအပေါင်းတို့သည် မင်းသမီးသည် ယနေ့ခမည်းတော်မင်းကြီး၏မိစ္ဆာအယူအားစွန့်စေ၍ တိုင်းသားပြည်သူအပေါင်း တို့၏ချမ်းသာရာ ဖြစ်သောစီးပွားများကိုဆောင်ပေးသတတ်ဟု တစ်ပြည်လုံးအုတ်အုတ် ကျက်ကျက်သော အသံသည်ဖြစ်၍ အလွန်ဝမ်းမြောက် လေ၏။

အထူးထူးသော ဥပမာဖြင့် တရားဟောခန်းပြီး၏။

ရုစာမင်းသမီးသည် မင်းကြီးကိုမိစ္ဆာအယူမှ စွန့်လွှတ်စေခြင်းငှာ မတတ်နိုင်သော် လည်း ပြုအပ်သောလုံ့လမလျှော့မူ၍ တစ်စုံတစ်ခုသောအကြောင်းဖြင့် ယနေ့ငါ့ခမည်းတော်၏ချမ်းသာ ကိုဆောင်အံ့ဟုကြံလျက် ဦးခေါင်းထက်လက်အုပ်ချီမြောက်ပြီး အရပ် မျက်နှာတို့ကိုရှိခိုး၍ ဤသို့ တောင်းပန်၏။

လောကဥ္စလူတို့၏ဆောက်တည်ရှာ၊ မှီခိုရာကို ဖြစ်စေတတ်ကုန်သောတရားစောင့် ကုန်သောရဟန်း၊ ပုဏ္ဏားတို့သည်လည်းကောင်း၊ လူအပေါင်းတို့ကိုစောင့်ကုန်သော နတ်မင်း၊ ဗြဟ္မာမင်းတို့သည်လည်းကောင်း ရှိကြပါကုန်၏။ ထိုရဟန်း၊ ပုဏ္ဏား၊ နတ်ဗြဟ္မာတို့ သည်

ဤအရပ်သို့လာတော်မူကြကုန်၍ မိမိတို့၏အစွမ်းအာနုဘော်ဖြင့် အကျွန်ုပ်ခမည်းတော်၏ ဂုဏ်ကျေးဇူးမရှိသော်လည်း အကျွန်ုပ်၏သီလကျေးဇူးဖြင့်လည်းကောင်း ဟုတ်မှန်စွာဆိုသော အကျွန်ုပ်၏သစ္စာစကားဖြင့်လည်းကောင်း၊ လာတော်မူလတ်၍ ခမည်းတော်မိစ္ဆာအယူကို ကျွတ်လွတ် စေလျက်၊ ခပ်သိမ်းသောပြည်သူတို့၏ချမ်းသာကို ဆောင်စေကုန်သတည်းဟု အဓိဋ္ဌာန်ပြု၍ ရှိခိုး၏။

ထိုအခါ ဘုရားအလောင်းသည် နာရဒအမည်ရှိသော ဗြဟ္မာဖြစ်သတတ်ဘုရား အလောင်းတို့မည်ကား မိမိမေတ္တာဘာဝနာဖြင့် သနားခြင်းရှိသည်ဖြစ်၍ ကောင်းသောအကျင့်၊ မကောင်းသောအကျင့်ရှိကုန်သော သတ္တဝါတို့ကိုသိခြင်းငှာ အခါခပ်သိမ်း ကမ္ဘာကို ကြည့်ရှု၍ နေပေသည်။ ထိုမင်းသမီးအဓိဋ္ဌာန်ပြု၍ရှိခိုးသောအခါ နာရဒဗြဟ္မာမင်းသည်လည်း လောကကိုကြည့်ခိုက် ကြုံ၍ ငါမှတပါးထိုအင်္ဂတိမင်းကြီး၏မိစ္ဆာဒိဋ္ဌိ အယူကိုလွတ်စေခြင်းငှာ တတ်နိုင်သောသူမည်သည်မရှိ။ ယနေ့ငါသည်ရုစာမင်းသမီးအား သင်္ဂြိုဟ်ထောက်ပံ့ခြင်းကိုလည်းကောင်း၊ ပရိတ်သတ်နှင့်တကွ မင်း၏ချမ်းသာခြင်းကိုလည်းကောင်း၊ ပြုအံ့သောငှာအပ်ပေ၏။ အဘယ်သို့သောအသွင်ဖြင့် သွားရအံ့သနည်းဟု ကြံကြီးသော် လူတို့သည်ကား ရဟန်းတို့ကို ချစ်မြတ်နိုးကုန်၏။ ဆိုအပ်သောစကားကိုလည်း အရိုအသေအလေးအမြတ် ပြု၍နာယူတတ်ကုန်၏။ ထိုသို့ဖြစ်သောကြောင့် ရဟန်းအသွင် ဖြင့်သွားအံ့ဟု စိတ်ကိုဆုံးဖြတ်ပြီး၍ ကြည်ညိုဖွယ်ရွှေအဆင်းနှင့်တူသောလူ၏အသွင်ဖန်ဆင်း၍နှစ်လိုဖွယ်သော ဆံကျစ်အဝန်းကိုဖွဲ့ပြီးလျှင် ဆံကြစ်ကြား၌ ရွှေဥသျှောင်ကြင်ကို ထိုးလျက် ပဒုမ္မာသက်န်း ကိုစံပါယ်တင် ဝတ်ရုံ၍ ရွှေကြယ်အတီဆန်းကြယ်သောရွှေစင်ဖြင့် ပြီးသော သစ်နက်ရေသက်န်းကို ပုခုံးတစ်ဖက်၌ တင်သည်ကိုပြု၍ ပုလဲဆိုသဏ္ဌာန်ကဲ့သို့ သောတရားကိုယူ၍ ရသေ့အသွင်ဖြင့် ကောင်းကင်ပြင်၌ လမင်းကဲ့သို့ထွန်းပလျက် ကောင်းကင်ခရီးဖြင့်လာလတ်၍ စန္ဒကူးနံ့သာနန်းပြာသာဒ်သို့ ဝင်ပြီး သော် အင်္ဂတိမင်းကြီး၏ရှေ့တူရူ ကောင်းကင်၌ ရပ်တည်လေ၏။ ထိုနာရဒရှင်ရသေ့ကိုမြင်လျှင် ရုစာမင်းသမီး သည် ရှင်ရသေ့ကိုရှစ်ခိုးလျက်နေ၏။ အင်္ဂတိမင်းကြီးကား ရှင်ရသေ့၏အရှိန် အဝါဖြင့်ပင်လျှင် မိမိမင်းနေရာ၌ မနေဝံ့သဖြင့် ကြောက်လန့်တကြားနေရာမှ လျှော၍အောက်၌ နေပြီးသော် ရှင်ရသေ့၏ လာရာအရပ်ကိုလည်းကောင်း၊ အမျိုးအမည်ကိုလည်းကောင်းမေးမြန်း လျှောက်ထားသည်မှာ -

နတ်အဆင်းကဲ့သို့ အဆင်းရှိသော ရှင်ရသေ့ -ခပ်သိမ်းသောအရပ်မျက်နှာကိုလကဲ့သို့ အရောင်အဝါဖြင့် ထွန်းပစေလျက် အဘယ် အရပ်မှလာပါသနည်း။ ရှင်ရသေ့သည် အကျွန်ုပ်အား လာရာအရပ်ကိုလည်းကောင်း၊ အမည်အမျိုးကိုလည်းကောင်း ပြောကြားပါလော ဤလူ့ရွာ၌ သင်ကိုအဘယ်သူဟူ၍ သိကြပါသနည်းဟုမေး၏။

ထိုသို့မင်းကြီးမေးလျှင် ဤမင်းသည် တမလွန်လောကကို မရှိဟုအယူရှိ၏။ ထိုမင်းသား တမလွန်လော ကကိုရှေးဦးစွာပြောကြားပါအံ့ဟုကြံ၍ပြောကြားသည်မှာ -

မင်းကြီး ငါသည်နတ်ပြည်မှ ခပ်သိမ်သောအရပ်မျက်နှာတို့ကိုလကဲ့သို့ထွန်းပစေ လျက်လာ၏။ သင့်အားငါသည်အမည်အမျိုးကိုပြောကြားအံ့။ ငါ့ကိုနာရဒဟူ၍လည်းကောင်း၊ ကဿပဟူ၍လည်းကောင်း လူတို့သိကြကုန်၏ဟု မိန့်ဆို၏။

ထိုအခါမင်းကြီးသည် ထိုရသေ့ကိုနောက်မှ တမလွန်လောကကိုမေးအံ့။ ရှေးဦးစွာ တန်ခိုး၏ရအပ်သော အကြောင်းကိုမေးဦးအံ့ဟုကြ၍ မေးသည်မှာ -

အရှင်ရသေ့ကောင်းကင်၌ သွားလည်းသွား၏။ ရပ်လည်းရပ်၏။ အရှင်ရသေ့သည် အံ့ဘွယ်သရဲရှိပေစွ၊ အရှင်ရသေ့အား အဘယ်အကြောင်းကြောင့် ဤသို့သောတန်ခိုးသည်ဖြစ်ပေါ်လာလေသနည်း။ အကျွန်ုပ်အား မိန့်ကြားပါလော့။

နာရဒရှင်ရသေ့သည် မင်းကြီး၏အမေးကိုဖြေကြားသည်မှာ မင်းကြီးငါသည် ရှေးတမလွန်ဘဝကသစ္စာကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ အိန္ဒြေဆုံးမခြင်းကိုလည်းကောင်း၊ ပေးကမ်းစွန့်ကြဲခြင်းကိုလည်းကောင်း၊ ဤလေးပါးသောတရားတို့ကို ပြုလုပ်ဘူး၏။ ထိုသို့ပြုခဲ့သောကောင်းမှုကြောင့် ဤသို့သော်တန်ခိုးသည်ဖြစ်လာပေသည်။ ထိုသို့ပြုဖူးသော ကောင်းမှုကြောင့်ငါသည်စိတ်ဖြင့် အလိုရှိတိုင်းပြီးပေ၏ ဟုမိန့်ဆို၏။

မင်းကြီးသည် ကုသိုလ်၏အကျိုးဖြစ်ကြောင်းကို ရှင်ရသေ့ပြောဆိုပါသော်လည်း မိစ္ဆာဒိဋ္ဌိအယူမြဲစွာစွဲခြင်းကြောင့် တမလွန်လောကရှိသည်ကို မယုံသောအားဖြင့် ကောင်းမှုအကျိုး အဘယ်မှာရှိအံ့နည်းဟုဆိုလို၍ မေးပြန်သည်မှာ -

နာဒရရှင်ရသေ့ အရှင်သည်ကောင်းမှု၏အကျိုးရှိကြောင်းကို အံ့ဘွယ်သရဲပြော ကြား၏။ အကယ်၍ ကောင်းမှုအကျိုးရှိအံ့။ ကျွန်ုပ်အားထင်ရှားစွာ ရှင်ရသေ့ပြပါလော့ဟုဆို၏။ နာရဒရှင်ရသေ့ သည် မင်းကြီးသင်ယုံမှားခြင်းကိုအလေးအမြတ်ပြု၏။ ထိုအလေးအမြတ်ပြုသောယုံမှားခြင်းကို ငါ့အားမေးလော့ ငါသည်အထူးထူးသောနည်းတို့ဖြင့်လည်းကောင်း၊ အကြောင်း အကျိုးတို့ဖြင့်လည်း ကောင်း၊ သင်ယုံမှားခြင်းကိုပျောက်စေအံ့ဟုဆို၏။

ထိုစကားကိုကြားလျှင်မင်းသည် မေးသည်မှာ -

နာဒရရှင်ရသေ့ ဤမည်သောပြဿနာကို အကျွန်ုပ်မေးအံ့ ထိုပြဿနာကို ဟုတ်တိုင်းမှန်စွာဖြေကြားပါလော့။ ပြက်ရယ်ပေါ့တန်သောစကားကိုမဆိုပါလင့်။ နာဒရရှင်ရသေ့နတ်သည်လည်း ရှိ၏။ အမိအဘလည်းရှိ၏၊ ပစ္စုပ္ပန်လောက - တမလွန်လောကလည်းရှိ၏ဟူ၍ လူတို့သည် ဆိုကုန်၏။ ထိုစကားသည်မှန်အံ့လောဟုမေး၏။

နာဒရရှင်ရသေ့ ထိုစကားကိုဖြေကြားသည်မှာ -

မင်းကြီး -နတ်သည်လည်းကောင်း၊ အမိအဘသည်လည်းကောင်း၊ ပစ္စုပ္ပန်လောကသည် လည်းကောင်း၊ တမလွန်လောကသည်လည်းကောင်းရှိ၏။ လူတို့သည်ကား ကာမဂုဏ် တို့၌ တပ်မက်မောခြင်း၊ တွေဝေမိန်းမောခြင်းကြောင့် တမလွန်လောကကို မသိမမြင်နိုင် ကုန်ရာဟု ဖြေဆို၏။

ထိုစကားကိုကြားလျှင် အင်္ဂတိမင်းကြီးသည် ပြက်ရယ်ပြုလေသည်ဖြစ်၍ ပြောဆိုသည်မှာ-

နာဒရရှင်ရသေ့ တမလွန်၌ သေကုန်သောသူတို့၏အိမ်သည်ရှိ၏ ဟူ၍သင်သည် ယုံကြည်ပါအံ့။ ယခုမျက်မှောက်၌သင်သည် အကျွန်ုပ်အားအသပြာငါးရာပေးပါလော့တမလွန်လောကသို့ရောက်လျှင်

အသင့်အားတစ်ထောင်သောဥစ္စာကို အကျွန်ုပ်ပြန်ပေးပါအံ့ဟု ပြက်ရယ်စကားဆို၏။

ထိုအခါ အင်္ဂတိမင်းကြီးကို ပရိတ်သတ်အလယ်၌ ကဲ့ရဲ့ရှုံ့ချသောစကားအမိန့် ဆိုလိုက်သည်မှာ

၁။ မင်းကြီးသင်သည် သီလရှိသောသူ့ကျေးဇူးကို သိတတ်သော သူတော်ကောင်းဖြစ်မူ ငါးရာသောဥစ္စာကို မယုတ်လျော့သဖြင့် ယခုငါပေးအံ့ ကြမ်းကြုတ်ယုတ်မာစွာသော မိစ္ဆာအယူရှိသော သင့်အား ငါးရာသောဥစ္စာကို ငါပေးမိချေသော ငရဲ၌နေသောသင့်ကို တမလွန်၌ ဥစ္စာတစ်ထောင် လိုသည်ဖြစ်၍ အဘယ်သူလိုက်၍ တောင်းချေအံ့နည်း။

မင်းကြီး ဤလူ့ပြည်၌ပညာရှိကုန်သောသူတို့သည် မကောင်းသောအကျင့်ရှိသောသူ၊ ပျင်းသောသူ၊ အလွန်ကြမ်းကြုတ်သောသူ၊ ညစ်ညမ်းသောသူ ထိုသူတို့အား ကြွေးမြီချခြင်းကို မပြုကြကုန်၊ ထိုမကောင်းသော သူယုတ်တို့အား ထိုမြီးချမှာချေအံ့ ထိုမြီးအရင်းအပွားကိုရခြင်း မည်သည် မဖြစ်ရာ -

မင်းကြီး၊ ဤလူ့ပြည်၌ ပညာရှိတို့သည် ပညာအမျှော်အမြင်ရှိသောသူ လုံ့လထကြွ ကြောင့်ကြရှိသောသူ သီလရှိသောသူ၊ သူ့ကျေးဇူးကိုသိတတ်သောသူ၊ ထိုသို့သောသူတော်ကောင်း တို့အားသာလျှင် ကြွေးမြီချခြင်းကိုပြုကုန်ရာ၏။ ထိုသူတို့အားချအပ်သော မြီသည်ဆိုသည့်အတိုင်း အရင်းပွားရရာ၏။ ထိုသို့သဘောဖြောင့်မှန်သောသူကိုသာ ဥစ္စာအလိုရှိလျှင် ချေးယူလှည့်ဟူ၍ မိတ်ကြားကုန်ရာ၏။

ဤသို့ နာဒရရှင်ရသေ့သည် မင်းကိုနှိမ်၍ ဆိုသည်ရှိသော် အင်္ဂတိမင်းကြီးသည် စကားဆိုရာမရှိသည်ဖြစ်၍ ဆိတ်ဆိတ်နေ၏။ မှူးမတ်ပိုလ်ပါပရိတ်သတ်အပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ ဘုန်းတန်ခိုးကြီးလှစွာသောအရှင်နတ်မင်းသည် ယနေ့မင်းကြီးကို မိစ္ဆာအယူမှ လွတ်စေအံ့သတည်းဟု တပြည်လုံးအုတ်အုတ်ကျက်ကျက်သောအသံသည် ဖြစ်၏။ ဘုရားအလောင်း နာဒရဗြဟ္မာမင်း၏တန်ခိုးအားဖြင့် ခုနစ်ယူဇနာအပြောကျယ် သော မိထိလာပြည်၌ဘုရားအလောင်း ဗြဟ္မာမင်းဟောကြားအပ်သောတရားကို မကြား သောသူမည်သည်မရှိပေ။

ထိုအခါ ဘုရားအလောင်းနာရဒဗြဟ္မာမင်းသည် ဤမင်းကားအလွန်လျှင် မိစ္ဆာအယူ မြဲစွဲ၏။ ထိုမင်းအား ငရဲဘေးဖြင့် ခြိမ်းခြောက်၍ မိစ္ဆာအယူကိုလွတ်စေပြီးသော် တဖန်နတ်ပြည်ခရီးဖြင့် ထိုမင်းကြီးကို နှစ်သိမ့်စေအံ့ ဟုကြံ၍ မင်းကြီး သင်သည်အကယ်၍ မိစ္ဆာအယူကိုမစွန့်အံ့ မရေတွက်နိုင် သော ဆင်းရဲလှစွာသောငရဲသို့ ရောက်လိမ့်မည်ဟုဆိုပြီး ငရဲအကြောင်းကို ဟောပြလိုသည်ဖြစ်၍ -

မင်းကြီး၊ ဤကိုယ်၏အဖြစ်မှ သင်သည်စုတေမနေ့သေလွန်လတ်သော ကြီးစွာသော ငရဲ၌၊ ကျီးအပေါင်းတို့အား ထိုးဖောက်ကုန်လျက်ခံရကုန်သော ငရဲသူတို့ကို မင်းကြီးမြင်ရလတ္တံ့။ ထိုငရဲ၌ ကျီး၊ လင်းတ၊ သိန်း၊ စွန် ခွေးတို့သည် အထွင်းထွင်းအပေါက်ပေါက် အစုတ်စုတ်အပြတ်ပြတ် ထိုးဆိတ် ကိုက်ခဲ၍ သွေးအဖြာဖြာယိုစီးလျက်ခံရသော အသင်မင်းကြီးသည်တမလွန်၌ ဥစ္စာတစ်ထောင်ကို လိုသည်ဟူ၍ အဘယ်သူသင့်ထံလာ၍ တောင်းပချေအံ့နည်း။

အကယ်၍ ထိုငရဲ၌ သင်မဖြစ်ရမူ လောကန္တရိတ်ငရဲ၌ ဖြစ်ရလတ္တံ့ဟုဆို၍ လောကန္တ

ရိတ်ငရဲကိုပြအံ့သောငှာ -

မင်းကြီး ထိုလောကန္တရိတ်ငရဲ၌ လ၊ နေတို့သည်မရှိကုန်သည်ဖြစ်၍ အလွန်မိုက် မှောင်၏။ အုတ်အုတ်ကျက်ကျက်ကြောက်မက်ဖွယ်သော အသံများလည်းရှိ၏။ ညဉ့်နေ့ ဟူ၍လည်းမရှိပေ။ ထိုငရဲ၌ခံရလေသောသင့်ကိုဥစ္စာတစ်ထောင်လိုသည်ဟူ၍အဘယ်သူ သင့်ထံလာ၍တောင်းပချေအံ့နည်း။

ဤသို့ လောကန္တရိတ်ငရဲကို အကျဉ်းအားဖြင့်ပြီး၍မင်းကြီး၊ မိစ္ဆာအယူကိုမစွန့် လွှတ်သော သူသည် ထိုလောကန္တရိတ်ငရဲ၌ မဖြစ်ပါမူတပါးသောငရဲ၌ခံရပေလိမ့်မည် ဟုဆိုလိုပြန်၍

မင်းကြီး၊ ပြောက်ကြားသောအဆင်းရှိသောခွေး၊ ရွှေသောအဆင်းရှိသော ခွေး၊ ဤငရဲ၌ ခွေးကြီးနှစ်ကောင်တို့သည် ကြီးသောကိုယ်လည်းရှိကြကုန်၏။ အားနှင့်လည်းပြည့်ကြကုန်၏။ ဤလူပြည့်မှသေခဲ့သော် မင်းကြီးသည် ဤငရဲ၌ကျလေ၍ သင့်ကိုထိုခွေး တို့သည် သံဖြင့်ပြီးသော သွားတို့ဖြင့်ကိုက်ဖဲ့စားကုန်၏။ အလွန်သည်းမခံနိုင် ကြမ်းကြုတ် လှစွာသော ခွေးကျားကြီးငရဲ၌ အစုတ်စုတ်အထွင်းထွင်းသောကိုယ်ဖြင့် သွေးများယိုစီး လျက်ခံရသော မင်းကြီးကိုဥစ္စာတစ်ထောင် လိုသည်ဟူ၍ အဘယ်သူတောင်းလာချေအံ့နည်းမင်းကြီး။

မင်းကြီး၊ မိစ္ဆာအယူကိုမစွန့်သော သင်သည်ငရဲ၌ မခံရမူ ထိုနှင့်မခြားတစ်ပါးသောငရဲ၌ ခံရပေလတ္တံ့ဟုဆို၍ တစ်ပါးသောငရဲကို ပြပြန်သည်မှာ -

၁-၂။ မင်းကြီးရှေ့၌ မကောင်းမှုကို ပြုကုန်သောငရဲသားအပေါင်းတို့ကို ငရဲထိန်းတို့သည် ထက် လှစွာသောမြား တို့ဖြင့်လည်းကောင်း၊ လှံတို့ဖြင့်လည်းကောင်း၊ ကြောက်မက် ဖွယ်ထိုးသတ် ကြကုန်၏။ ထိုငရဲ၌ ငရဲထိန်းတို့သည် ပြင်းစွာဆဲလျက် ဝမ်းကိုလည်း ကောင်း၊ နံတောင်နှစ်ဖက်တို့ကိုလည်းကောင်း၊ ခွဲ၍အစုတ်စုတ်အထွင်းထွင်းသောကိုယ်ဖြင့်ယိုစည်းသောသွေးရှိသော အသင်မင်းကြီးကို ဥစ္စာတစ်ထောင် ကိုလိုသည်ဟူ၍ အဘယ်သူတောင်းလာချေအံ့နည်း။

၃-၄။ မင်းကြီးထိုငရဲ၌မခံရမူ၊ လှံမြား၊ ချွန်းတောင်း၊ ခက်ရင်းအစရှိသောလက်နက်မိုးတို့သည် လည်း ရွာကုန်၏။ မီးကျီးကဲ့သို့ ပြိုးပြိုးပျက်ပျက်သောလက်နက်မိုးတို့သည်လည်း ဦးခေါင်းထက်၌ ကျကုန်၏။ ရဲရဲတောက် သော ကျောက်ဖျာမိုးကြီးတို့သည်လည်းကျကုန်၏သည်းမခံနိုင် ပူလှစွာသော လေတို့သည်လည်းလာကုန်၏။ တခဏမျှချမ်းသာကုန်မရ ထိုငရဲ၌ ကြမ်းကြုတ်သော မကောင်းမှုကို ပြုကုန်သော သူတို့သည်ခံရကုန်၏။ ထိုသံမြေငရဲ၌ ညစ်ညမ်းနာကျင်စွာ ခံရသောအသင်မင်းကြီးကို တမလွန်၌ ဥစ္စာတစ်ထောင်ကိုလိုသည်ဟူ၍ အဘယ်သူ တောင်းလာ ချေအံ့နည်း။

၅။ မင်းကြီးသင်ခုနှစ်ဒါးအတိခတ်အပ်သော ကြောက်မက်ဖွယ်အလျှံတပြောင်ပြောင် တောက် လောင်သောတောင်သို့တက်လျက် အစုတ်စုတ်အထွင်းထွင်းသောကိုယ်ဖြင့် သွေးယိုစည်း သော အသင်မင်းကြီးကို ဥစ္စာတစ်ထောင်လိုသည်ဟူ၍ အဘယ်သူလာတောင်းချေအံ့နည်း။

၆။ မင်းကြီးရထားတို့၌ကသော အလျှံတပြောင်ပြောင်တောက်သော သံမြေငရဲကို ထွန်တုံး လောက်ရှိသော သံလှံတံကိုဖြင့်ပြင်းစွာ ပုတ်ခတ်လျက် ပြေးရှာရသော သင်မင်းကြီးကိုတမလွန်

၌ဥစ္စာတစ်ထောင်လိုသည်ဟူ ၍အဘယ်သူ တောင်းလာချေ အံ့နည်း။

၇။ မင်းကြီးတောင်ထွဋ်နှင့်တူစွာ ကြောက်မက်ဖွယ်ရဲရဲတောက်သော မီးကျီစုသို့တက်ရသည်ဖြစ်၍ လောင်သောကိုယ်ရှိသော တစ်ယောက်တည်းပိုမည်တမ်းလျှက်ခံရသောသင်မင်းကြီးကို ဥစ္စာတစ်ထောင်လိုသည်ဟူ ၍အဘယ်သူတောင်းလာချေ အံ့နည်း။

၈။ မင်းကြီးဆူးအတိစီအပ်သောတိမ်တိုက်တရှိမြင့်စွာသော ငရဲလက်ပံပင်တို့၌ထက်လှစွာသော သံဆူးတို့သည်ငရဲသူတို့၏အသွေးကိုသောက်စို့ကုန်၏။

၉၊၁၀၊၁၁။ မင်းကြီးသူမယားကိုခိုးကုန်သော ယောကျ်ားတို့သည်လည်းကောင်း၊ မိမိ လင်မှတပါးသော ယောကျ်ားကို ခိုးကုန်သော မိန်းမတို့သည်လည်းကောင်း၊ ပြင်းစွာ ထိုးသတ်ကြကုန်၏။ သွေးအလိမ်းလိမ်းကပ် လျှက်ထိုငရဲလက်ပံပင်ကို တက်သဖြင့် လောင်သောကိုယ်ရှိသောအရေ မရှိသည်ဖြစ်၍အလွန်နာကျင်သော ထွက်သက် ဝင်သက်ကိုအဖန်တလဲလဲ ပင်ပန်းစွာ ရှိုက်၍ ရသော ဆင်းရဲ ကြီးစွာခံရလျှက် ငရဲလက်ပံပင်၌ ရှေးမကောင်းမှုကြောင့် နေရသောမင်းကြီး ကို ဥစ္စာတစ်ထောင်လိုသည်ဟူ၍ အဘယ်သူတောင်းလာချေအံ့နည်း။

၁၂-၁၃။ မင်းကြီးသံလျှက်ဓါးအတိစီထားသော ထက်လှစွာသောသံဆူးအတိစီထားသောငရဲ သစ်ပင် တို့သည် တိမ်တိုက်နှင့်တူမြင့်ကုန်၏။ ထိုသစ်ပင်ထက်သို့ အစုတ်စုတ်အထွင်းထွင်း သော ကိုယ်ဖြင့် သွေးယိုစီးလျှက်တက်ရသော သင်မင်းကြီးကို ဥစ္စာတစ်ထောင်လိုသည်ဟူ၍ တောင်းလာချေအံ့နည်း။

၁၄။ မင်းကြီး ထိုသံလျှက်ဓါးအတိစီသောငရဲလက်ပံပင်မှ လွတ်ကာမျှလျှင်ဝေတရဏီအမည်ရှိ ကြိမ်ပိုက်ချောင်း၌ကျသော သင်မင်းကြီးကို အဘယ်သူ ဥစ္စာတစ်ထောင်လိုသည်ဟူ၍ တောင်းလာချေအံ့နည်း။

၁၅-၁၆။ မင်းကြီး သံလျှက်သွားကဲ့သို့ ကြမ်းကြုတ်စွာပူလည်းပူစွာသော ရေလည်းရှိသောကူးနိုင်ခဲသော ဝေတရဏီအမည်ရှိသော ကြိမ်ပိုက်ချောင်းသည်ကား - သံမြားအတိစီသောကြာရွက်တို့ဖြင့် ဖုံးလွှမ်း၏။ ထက်စွာသောအရွက်တို့ ဖြင့်စီအပ်၏။ မင်းကြီးထိုပိုက်ချောင်း၌သွေးအလိမ်း လိမ်းကပ်လျှက် ခံရသောသင်မင်းကြီးကို ဥစ္စာ တစ်ထောင်လိုသည်ဟူ၍အဘယ်သူလာ၍ တောင်းချေအံ့နည်း။

ဘုရားအလောင်း နာဒရဗြဟ္မာမင်းသည်ပြအပ်သော ဤသို့သော ငရဲစကားကိုကြားလျှင် အင်္ဂတိမင်းကြီးသည်ထိတ်လန့်သောနှလုံးရှိသည်ဖြစ်၍ ဘုရားအလောင်းနာဒရရသေ့ ကိုသာလျှင်ကိုးကွယ် ပြုလျက် တောင်းပန်လျှောက်ထားသည်မှာ-

အရှင်ရသေ့ အရှင်ဘုရား၏စကားကိုကြားနာရပါ၍ အမြစ်အရင်းပြတ်သော သစ်ပင်ကြီးကဲ့သို့ အကျွန်ုပ်တုန်လှုပ်လှုပါ၏။ တောင်မြောက်ဟူ၍အရပ်မျက်နှာကိုမျှမသိနိုင်ပါ။ တွေဝေမိန်းမောနေပါ၏။ နောင်ကအလိုလိုရရှိလျက် အကျွန်ုပ်အားကြီးစွာသောကြောက်လန့်ခြင်း သည်ဖြစ်ပါ၏။

အရှင်ရသေ့ ကုန်းကြည်း၌ ကပ်၍ပူပန်လှသောငါးကိုရေ၍ချဘိသကဲ့သို့ သမုဒ္ဒရာ၌ပြယ်၌မျောပါသော သူအားကိုးကွယ်ရာကျွန်းပေါ်သကဲ့သို့လည်းကောင်း၊ အမိုက်တိုက်၌ ဆီမီးထွန်းသကဲ့သို့လည်းကောင်း၊ အလွန်ပူဆာလှသောအကျွန်ုပ်၏ ကိုးကွယ်ရာဖြစ်တော် မူပါလော။ အရှင်ရသေ့ အကျွန်ုပ်ကို အကျိုးအားဖြင့်လည်းကောင်း၊ အကြောင်းအားဖြင့် လည်းကောင်း၊ ဆုံးမတော်မူပါလော။ အကျွန်ုပ်သည် အတိတ်အခါ၌ အကုသိုလ်ပြုမိပါ၏။ ရှင်ရသေ့အကျွန်ုပ်သည် အကြင်မျှလောက် ငရဲသို့ မကျသောထိုငရဲသို့မကျမီ သုဂတိဘဝ သို့လားခြင်းအကြောင်း ဖြစ်သောမြတ်သောခရီးကို ဟောကြားတော်မူပါလော။

ငရဲခန်းဟောပြီး၍ ရှေးမင်းမြတ်ကို ကျင့်ဆောင်အပ်သောအကြောင်းကိုဟောပြ တော်မူသည်မှာ

၁။ အင်္ဂတိမင်းကြီးရှေ၌ဖြစ်သော စေတရဋ္ဌမင်း၊ ဝေသာမိတ္တမင်း၊ အဋ္ဌကမင်း၊ ယမဒဂ္ဂိ မင်း၊ ဥသိန္နရမင်း၊ သိဝရာဇ်မင်း ဤမင်းတို့သည် ရဟန်း၊ ပုဏ္ဏားတို့၏အလုပ်အကျွေး တကာဖြစ်ကြ ကုန်၏။

၂။ ထိုမင်းတို့သည်လည်းကောင်း ထိုမှတပါးသောမင်းတို့သည်လည်းကောင်း အလျှ သီတင်း၌ မွေ့လျော်ကုန်သောကြောင့် နတ်ပြည်သို့သွားကြကုန်ပြီ၊ မြေကြီးကိုအစိုးရ သောအင်္ဂတိမင်းကြီး မတရားသော အမူအကျင့်ကိုမကျင့်ပါနှင့် တရားသောအမူအကျင့်ကိုသာကျင့်ပါလော။

၃-၄။ သင်မင်းကြီး နန်းတော်၌ ထမင်းအဖျော်စသည်တို့ကိုစီရင်၍ကြွေးကြော်စေသော အဘယ်သူငတ်မွတ်သနည်း။ အဘယ်သူရေဆာမွတ်သိပ်သနည်း။အဘယ်သူပန်းနံ့သာ အဝတ်တန်ဆာတို့ကိုအလိုရှိပါသနည်းဟု ကြွေးကြော်စေ အဘယ်သူထီးခြေနင်းဘိနပ်ကို အလိုရှိသနည်းဟု ညချမ်း၊ နံနက်ခင်းအခါတိုင်း၌ သင်မင်းကြီး နန်းတော်ရှေ့၌ ကြွေးကြော်စေ။

၅။ အိုမင်းမစွမ်းသောမင်းမှုထမ်း၊ နွား၊ မြင်းများကို အလုပ်ကိစ္စ၌ အလုပ်မလုပ်ပါစေနှင့်။ ကျေးဇူးရှိသောသူ၊ ခွန်အားရှိဖူးသောသူတို့သည် အိုမင်းမစွမ်းရှိ၍ အရှင်မင်းကြီးအမှုကိစ္စကို ရှေးကကဲ့သို့ မရွက်ဆောင်နိုင်သော်လည်း ထိုအမှုထမ်းကျေးဇူးရှိဖူးသောသူတို့အားရှေးကကဲ့သို့အခြီအရံမျိုး၊ ရိက္ခာမပြတ်ပေးလော့။

ရှေးမင်းမြတ်တို့အကျင့်ကို ဟောပြောခဏ်းပြီး၏။

ဤသို့ ဘုရားအလောင်း နာရဒဗြဟ္မာမင်းသည် အင်္ဂတိမင်းကြီးအား ဒါနကထာ၊ သီလကထာကို စောပြီး၍ ယခုကား ဤမင်းသည်အကြင်ကြောင့် သိမ်းသောအလိုကို ဆောင်တတ်သော ရထားဥပမာဖြင့် တရားဟောလိုသည်ဖြစ်၍ -

၁-၂။ မင်းကြီး သင်၏ကိုယ်ကို ရထားဟုမှတ်အပ်၏။ သင့်စိတ်ကို ရထားထိန်းဟုမှတ်အပ်၏ ။ သူတပါးတို့အား မညှင်းဆဲခြင်း၊ မေတ္တာကို အနှစ်ပြည့်သော ရထားဝင်ရိုးဟု မှတ်အပ်၏။ဝေဖန် ခွဲခြမ်းခြင်းကို ရထားဝန်ခံသဖွယ် မှတ်အပ်၏။ မင်းကြီးသဘင်၏ခြေကို စောင့်စည်းခြင်းကိုကား ရထားလှည်းဘီးသဖွယ်မှတ်အပ်၏။ သင်၏လက် ကို စောင့်စည်းခြင်းကိုကား ရထားလက်တင် သဖွယ်မှတ်အပ် ၏။ သင်၏ဝမ်းကိုစောင့်စည်းခြင်းကို ဆီဖြင့်သွန်းအပ်သော ရထားပုံကောင်းသဖွယ်မှတ်အပ်၏။သင်၏

စကားစောင့်စည်းခြင်းကို ရထားအသံသဖွယ်မှတ်အပ်၏။

၃-၄။ ဟုတ်မှတ်စွာ သစ္စာစကားဆိုခြင်း၊ ကိုးကားညီညွတ်သော ရထားအင်္ဂါသဖွယ်၊ ချေစပ် အပ်သော စကားကို ဆိုခြင်းသည် ရထားဦး၌စိုက်ဆောက်အပ်သော အောင်လံ သဖွယ်မှတ်အပ်၏၊ သိမ်မွေ့နူးညံ့သောဆိုခြင်းသည် ပြေပြစ်သောရထားအင်္ဂါသဖွယ်မှတ်အပ်၏ကိုယ်နှင့်တန်သော စကားကို ဆိုခြင်းသည် ကောင်းစွာချေစပ်အပ်သော ရထားတန်ဆာသဖွယ်မှတ် အပ်၏။ သဒ္ဓါခြင်း အလိုနည်းခြင်းကို ကောင်းစွာပြုပြင်အပ်သော ရထားဝက်စွယ်သဖွယ်မှတ်အပ်၏။ မာန်မခက်ထန်သဖြင့် ကိုင်းညွတ်ခြင်းကို ရထားလှည်းတံသဖွယ်မှတ်အပ်၏။ သီလစောင့်ခြင်းကို ရထားစီးကုံးသဖွယ်မှတ်အပ်၏။

၅-၆။ အမျက်မထွက်ခြင်း၊ မသတ်မညှင်းဆဲခြင်းတရား၊ စောင့်ခြင်းတို့ကို ရထား၌စိုက်အပ်သောထီး ဖြူသံဖွယ်မှတ်အပ်၏။ အကြားအမြင်များခြင်းကို ရထားလက်တင် နောက်မှီတံကဲသဖွယ် မှတ်အပ်၏။ တည်ကြည်သောစိတ်ကိုကား ရထားခင်းနေရာသဖွယ်မှတ်အပ်၏။ ရဲရင့်ခြင်းကိုကား ရထားထောက်သုံးချောင်းသဖွယ်မှတ်အပ်၏။ နှိမ့်ချ၍ အဆုံးအမခံခြင်းကို ရထားဦး၌ ဘွဲ့သောလွန်ကြိုး သဖွယ်မှတ်အပ်၏။ မာနမရှိခြင်းကို ရထားတံကျင်သဖွယ်မှတ်အပ်၏။

၇-၈။ စိတ်၏မတွန့်တိုခြင်းကို အဆန်းတကြယ်ငြိမ်သက်စွာသော ရထားခင်းသဖွယ်မှတ် အပ်၏။ ပညာရှိကိုမှီဝဲခြင်းကိုကား မြူကိုဆေးလျှော်သည်နှင့်တူ၏။ သတိတရားကိုကားရထား လှံတံသဖွယ်မှတ်အပ်၏။ တည်ကြည်ခြင်း၌ ရှင်ခြင်းကိုကား ရထား ထိန်းဆွဲသောကြိုးသဖွယ်မှတ်အပ်၏။ မင်းကြီးလှံတံတို့ကြောင့် ကောင်းသောမြင်းတို့ဖြင့်က၍ ခရီးကိုဆောင်လေသကဲ့သို့ ထို့အတူယဉ်ကျေး သောနှလုံးဖြင့်နိဗ္ဗာန်သို့ သာဆောင်နိုင်လေ၏။ အလိုရမ္မက်ကြီးခြင်း တည်းဟူသော ခရီးလမ်းမသည်ကား အပွါယ်လေးပါးသို့သွားရာ မကောင်းသောခရီးလမ်းကြီး၊ ကိုယ်နှုတ်နှလုံးစောင့်သုံးခြင်းသည်ကား ဖြောင့်မြတ်သောလမ်းခရီးပေတည်း။

၉-၁၀။ မင်းကြီး ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော လမ်း၌ကိုယ်တည်းဟူသော ရထားသည် ပြေးလတ်သည်ရှိသော် ပညာတည်းဟူသောလှံတံဖြင့် မစောင့်မထိန်းရအောင်ပြု၍ ထိုကိုယ်တည်းဟူသောရထား၌ မိမိစိတ်သည်ပင်လျှင် ရထားထိန်းတည်း မင်းကြီးကောင်းသောအကျင့်၊ ကောင်းသောတည်ကြည်ခြင်း၌ အကယ်၍မြဲသည်ဖြစ်အံ့၊ ဤသို့သောယာဉ်ဖြင့် ခပ်သိမ်းသောအလိုကို ပေးတတ်သောမင်းကြီးသည် ငရဲသို့မလားပေရာ။

ဤသို့ အင်္ဂတိမင်းကြီးအား ဆုံးမသောအားဖြင့် မှားသောအယူကိုပါယ်၍ သီလ၌တည်စေပြီးသော် ဤနေ့မှစ၍ မကောင်းသောအဆွေခင်ပွန်းကိုပါယ်၍ အဆွေခင်ပွန်း ကောင်းတို့ကို အမြဲဆည်းကပ်လျက် မမေ့မလျော့ကျင့်လော့ဟုအဆုံးအမပေး၍ ရုစာမင်း သမီးအားများစွာသော အကြောင်းတို့ဖြင့် ချီးမွမ်း၍ မင်းမိဖုရား မောင်းမမိဿံ ခြွေရံ ပရိသတ်တို့အားလည်း အဆုံးအမပေး၍ များစွာသောတန်ခိုးအာနုဘော်ဖြင့် ထိုပရိသတ် တို့မြင်စဉ်ပင်လျှင် နာရဒဗြဟ္မာပြည်သို့ ပြန်သွားလေ၏။

(ဘုရားဟောခဏ်းပြီး၏)။

## ဇာတ်တော်ပေါင်းခဏ်း

မြတ်စွာဘုရားသည် ရှေ့စကားကိုစပ်တော်မူလို၍ ချစ်သားရဟန်းတို့ ယခုသာလျှင် ဥရုဝေဠကဿပ၏ မိစ္ဆာအယူ ကွန်ရက်ကိုဖျက်၍ ငါ၏အဆုံးအမ၌ တည်စေသည်မဟုတ် ရှေး၌လည်း မိစ္ဆာကွန်ရက်ကိုဖျက်၍ ငါ၏အဆုံးအမတော်၌တည်စေသည်ဟု မိန့်တော်မူ၍ဇာတ်တော်ကို ပေါင်းတော်မူသည်မှာ -

ချစ်သားရဟန်းတို့ - ငါနာရဒဗြဟ္မာမင်းဖြစ်သောအခါ အလာတအမတ်ကြီးသည် ယခုအခါဒေဝဒတ်ဖြစ်လာ၏။ သုမနအမည်ရှိသော အမတ်ကြီးသည် ဘဒ္ဒဇိဖြစ်လာ၏၊ ဝိဇိယအမည် ရှိသောအမတ်ကြီးသည်ကား ယခုအခါတရားစစ်သူကြီးအရာ လိမ္မာကျွမ်းကျင်သော လကျာ်ရံသာရိပုတ္တရာ ဖြစ်လာ၏။ ဗီဇကသူဆင်းရဲသည် လက်ဝဲရံမဟာမောဂ္ဂလာန်ဖြစ်လာ၏။ အဝတ်မဝတ်သော ကဿပတက္ကတွန်းကား ယခုအခါ လိစ္ဆဝီမင်းသား သုနက္ခတ္တ ဖြစ်လာ၏၊ ရုစာမင်းသမီးကား ယခုအခါ ဘထွေးတော်သား အာနန္ဒာဖြစ်လာ၏။

ထိုအခါ မိစ္ဆာအယူရှိသော အင်္ဂတိမင်းကြီးသည်ကား ယခုအခါဥရုဝေဠကဿပ ဖြစ်လာ၏။ နာရဒမည်သော ဗြဟ္မာမင်းကား လူသုံးပါးတို့၏ ရှိသေမြတ်နိုးကိုးကွယ်ရာဖြစ်သော အလုံးစုံသောတရားတို့ကို အလိုလိုသိမြင်တော်မူသည်နှင့်အညီ ယခုအခါ ငါဘုရားလျှင်တည်းဟု ဇာတ်တော်ကိုပေါင်းတော်မူ၏။

(နာရဒဇာတ်တော်ကြီးပြီး၏)။

## ယောနကတိုင်း၌ သာသနာပြုခြင်း

မဟာရက္ခိတမထေရ် ဦးစီးသောအဖွဲ့သည် ယောနကရဋ္ဌပန်းသေးပြည်သို့ သွား၍ မဟာရက္ခိတမထေရ်သည် ကာဠကာရာမသုတ်တော်ကို ဟောတော်မူသည့်အဆုံး၌ တသိန်း ခုနစ်သောင်း သောသူတို့သည် မဂ်ဖိုလ်ကိုရကြကုန်သည် တစ်သောင်းသောသူတို့သည် ရဟန်းပြု ကြကုန်သည်။

ကာဠကာရာမသုတ်တော် ကားအောက်ပါအတိုင်းဖြစ်၏-

အခါတပါး၌ မြတ်စွာဘုရားသခင်သည် သာကေတမြို့ ကာလာကာရာမသူဌေး၏ အရံ သီတင်းသုံး နေတော်မူ၏။ ထိုအခါမြတ်စွာဘုရားသည် ရဟန်းတို့ဟုမိန့်တော်မူ၏။ ရဟန်းတို့သည်အသျှင် ဘုရားဟု မြတ်စွာဘုရားအားပြန်ကြားလျှောက်ထားကြကုန်၏။ မြတ်စွာ ဘုရားသည် ဤစကားကို မိန့်တော်မူ၏။

ရဟန်းတို့-နတ်-မာန်-ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့် သာမဏဗြဟ္မဏ မင်းများ၊ လူများနှင့်တကွသော လူ့လောကသည် မြင်အပ်ကြားအပ်တွေ့အပ် သိအပ် ရအပ် ရှာမှီး အပ်သောစိတ်ဖြင့် အဖန်ဖန်ကျက်စားအပ်သော အာရုံအလုံးစုံကို ငါဘုရားသိ၏။ ရဟန်းတို့ -နတ်-မာန်-ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့် သာမဏဗြဟ္မဏမင်းများ၊ လူများနှင့် တကွသော လူ့လောကသည် မြင်အပ် ကြားအပ် တွေ့အပ် သိအပ်ရအပ် ရှာမှီးအပ်သောစိတ်ဖြင့် အဖန်ဖန်ကျက်စား အပ်သော အာရုံအလုံးစုံကို ထူးသောဉာဏ်ဖြင့် သိပြီး

ပြီ။ ထိုအာရုံအလုံးစုံကို မြတ်စွာဘုရားသည် ထင်ရှားစွာ သိပြီးပြီ၊ ထိုအာရုံအလုံးစုံကို မြတ်စွာ ဘုရားသည် တဏှာဒိဋ္ဌိတို့ဖြင့် မကပ်ရောက်။

ရဟန်းတို့-နတ်-မာန်-ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့် သာမဏဗြာဟ္မဏ မင်းများ၊ လူများနှင့်တကွသော လူ့လောကသည် မြင်အပ်ကြားအပ်တွေ့အပ် သိအပ် ရအပ် ရှာမှီးအပ်စိတ်ဖြင့် အဖန်ဖန်ကျက်စားအပ်သော အာရုံအလုံးစုံကို ငါမသိဟု ဆိုငြားအံ့၊ ငါ၏စကားသည် အမှား ဖြစ်ရာ ပေ၏။

ရဟန်းတို့-ပ-ထိုအာရုံအားလုံးကို ငါသိလည်းသိ၏။ ငါသိလည်းမသိဟုဆိုငြားအံ့ ငါ၏ထိုစကားသည် ထိုအတူသာအမှားဖြစ်ရာ၏။

ရဟန်းတို့-ပ-ထိုအာရုံအားလုံးကိုငါသိလည်းသိ၏။ ငါသိလည်းမသိဟုဆိုငြားအံ့ ငါ၏ထိုစကားသည် ထိုအတူသာအပြစ်ဖြစ်ရာ၏။

ရဟန်းတို့- ဤသို့လျှင် မြတ်စွာဘုရားသည် မြင်ရသည်ကိုမြင်၍ မြင်ပြီးသည်ကို တဏှာမာနဒိဋ္ဌိတို့ဖြင့်မအောက်မေ့။ မမြင်ရသေးသည်ကို တဏှာမာနဒိဋ္ဌိတို့ဖြင့် မအောက်မေ့။ မြင်နေသည်ကို တဏှာမာနဒိဋ္ဌိတို့ဖြင့် မအောက်မေ့။ ကြားနေသည်ကို တဏှာမာန ဒိဋ္ဌိတို့ဖြင့် မအောက်မေ့။ မကြားရသေးသည်ကို တဏှာမာနဒိဋ္ဌိတို့ဖြင့် မအောက်မေ့။ကြားရမည့်အရာကို ကြား၍ကြားပြီးသည်ကို တဏှာဒိဋ္ဌိတို့ဖြင့် မေအောက်မေ့၊ ကြားနေသည်ကို တဏှာမာနဒိဋ္ဌိတို့ဖြင့် မအောက်မေ့။ ကြားတတ်သူကို တဏှာမာနဒိဋ္ဌိ တို့ဖြင့် မအောက်မေ့။ တွေ့ရမည့်အရာကိုတွေ့၍ တွေ့ပြီးသည်ကို တဏှာမာနဒိဋ္ဌိတို့ဖြင့် မအောက်မေ့မတွေ့ရသေး သည်ကို တဏှာမာနဒိဋ္ဌိတို့ဖြင့် မအောက်မေ့။ တွေ့နေသည် ကို တဏှာမာနဒိဋ္ဌိတို့ဖြင့်မအောက်မေ့ ။ တွေ့တတ်သူကို တဏှာမာနဒိဋ္ဌိတို့ဖြင့် မအောက်မေ့။ သိရမည့်အရာကိုသိ၍ သိပြီးသည်ကို တဏှာမာနဒိဋ္ဌိတို့ဖြင့် မအောက်မေ့။ မသိရသေးသည်ကို တဏှာမာနဒိဋ္ဌိတို့ဖြင့် မအောက်မေ့။ သိနေသည်ကို တဏှာမာနဒိဋ္ဌိတို့ဖြင့် မအောက်မေ့။ သိတတ်သည်ကို တဏှာမာနဒိဋ္ဌိတို့ဖြင့် မအောက်မေ့။

ချစ်သားရဟန်းတို့ ဤသို့လျှင် မြတ်စွာဘုရားသည် မြင်အပ် ကြားအပ် တွေ့အပ် သိအပ်သော တရားတို့၌ တူမျှသော သဘောရှိသည်သာတည်း၊ တူမျှသောသဘောရှိသည်ဖြစ်၍သာလျှင် (တာဒီ) မည်၏။ တာဒိဂုဏ်မှတပါး အထူးသဖြင့် သာလွန်မွန်မြတ်သော သာဒိဂုဏ်မရှိဟု ငါဆို၏ဟုမိန့်တော်မူ၏။

အကြင်သူတို့သည် သူတစ်ပါးကို မြင်အပ် ကြားအပ်တွေ့အပ်သော အာရုံအလုံးစုံ ကို အမှန်ဟုအောက်မေ့၍ တဏှာဖြင့် လွှမ်းမိုးပြီးဆုံးစေအပ်၏။ မိမိကိုယ်တိုင် စောင့်စည်း ၏ဟုဆိုသော ထိုမိစ္ဆာအယူရှိသူတို့၌ သာဒိဂုဏ်မရှိ။ ထိုမိစ္ဆာအယူရှိသူတို့၏ မှန်သော စကားကိုလည်းကောင်း၊ ချွတ်ယွင်းသောစကားကိုလည်းကောင်း အမြတ်ပြု၍စိတ်၌မထားရာ။

ထိုမိစ္ဆာဒိဋ္ဌိတည်းဟူသော ညောင့်ကိုလည်း ရှေးဦးကမြင်၍ အကြင်ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူ၌ သတ္တဝါအပေါင်းသည် လွှမ်းမိုးပြီးဆုံးစေ၏။ ကပ်ငြိ၏။ ထို ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာ အယူကို

ငါသည် သိ၏၊ မြင်၏၊ ထိုသတ္တဝါအပေါင်းသည် တဏှာဖြင့်လွှမ်းမိုး၍ ပြီးဆုံး စေအပ်သကဲ့သို့ ထို့အတူ မြတ်စွာဘုရားတို့အား တဏှာဖြင့်လွှမ်းမိုး၍ ပြီးဆုံးစေခြင်းသည် မရှိ။

ကာဒုကာရာမသုတ်ပြီး၏။

## ဟိမဝန္တာအရပ်၌ သာသနာပြုခြင်း

မဇ္ဈိမ မထေရ်သည် ကဿပဂေါတမမထေရ်၊ အဠကဒေဝမထေရ်၊ ဒုန္ဒုဘိယမထေရ်၊ မဟာဒေဝမထေရ် ဤမထေရ်လေးပါးတို့နှင့်တကွ ဟိမဝန္တာအရပ်သို့ ကြွသွားတော်မူ၍ ဓမ္မစကြာ သုတ်တော်ကို ဟောတော်မူသည့်အဆုံး၌ ကုဋေရှစ်ဆယ်သောသတ္တဝါတို့ကို မဂ်ဖိုလ်ကို ရကြကုန်၏။ ထိုငါးပါးသော မထေရ်တို့အထံ၌ အသီးအသီး တစ်သိန်းမျှလောက် သော ဟိမဝန္တာ အရပ်သားတို့ ရဟန်းပြုကြကုန်၏။

## ဓမ္မစကြာသုတ်တော်ကား အောက်ပါအတိုင်းဖြစ်၏။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့ကို မိန့်တော်မူ၏။ ရဟန်းတို့ ရဟန်းဖြစ်သူသည် အစွန်းနှစ်ပါးတို့ကို မမှီဝဲအပ်ကုန်။ အဘယ်နှစ်ပါးတို့နည်း ယုတ်ညံ့၍ရွာသူတို့၏ အကျင့်ဖြစ်သောပုထုဇဉ်တို့၏အလေ့အကျင့်သာဖြစ်၍ အရိယာတို့၏ အလေ့အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကာမဂုဏ်တို့၌ ကာမဂုဏ်ချမ်းသာကို ကပ်ငြိမ်သောအားဖြင့် အဖန်တလဲလဲ လိုက်စားအားထုတ်ခြင်း လည်းကောင်း၊ ကိုယ်စိတ်၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော အရိယာတို့၏ အကျင့် မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ် သော ကိုယ်ပင်ပန်းမှုကို အားထုတ်ခြင်း၊ ဤနှစ်ပါး တို့တည်း။ ရဟန်းတို့ ဤအစွန်းနှစ်ပါးတို့သို့ မကပ်ရောက်မူ၍ မြတ်စွာဘုရားသည် အထူးသဖြင့်သိတော်မူအပ်သော ပညာမျက်စိကိုပြုတတ်သောဉာဏ်အမြင်ကိုပြုတတ်သော အလယ်အလတ် ဖြစ်သော အကျင့်သည့်ကိလေသာ ငြိမ်းရန်အလို့ငှာ ဖြစ်၏။ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှာဖြစ်၏။ သစ္စာလေးပါးကိုသိရန်အလို့ငှာဖြစ်၏။ နိဗ္ဗာန်ကို မျက်မှောက် ပြုရန် အလို့ငှာဖြစ်၏။

ရဟန်းတို့ မြတ်စွာဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော ပညာမျက်စိကို ပြုတတ်သော ဉာဏ်အမြင်ကိုပြုတတ်သော ကိလေသာငြိမ်းခြင်းကို ထူးသောဉာဏ်ဖြင့် သိခြင်း၊ သစ္စာလေးပါးကိုသိခြင်း၊ နိဗ္ဗာန်မျက်မှောက်ပြုခြင်းငှာဖြစ်သော ထိုအလယ်အလတ် ဖြစ်သော မြတ်သောအကျင့်ကားအဘယ်နည်း။ အင်္ဂါရှစ်ပါးရှိသော ဤအရိယာမဂ်ပင် တည်း။ ဤသည်ကား အဘယ်နည်း။ မှန်ကန်သောအမြင် (သမ္မာဒိဋ္ဌိ) မှန်ကန်သော ကြံစည်မှု (သမ္မာသင်္ကပ္ပ)၊ မှန်ကန်သောစကား (သမ္မာဝါစာ)၊ မှန်ကန်သောအလုပ် (သမ္မာ ကမ္မန္တ)၊ မှန်ကန်သောအသက်မွေးမှု (သမ္မာအာဇီဝ)၊ မှန်ကန်သောလုံ့လ (သမ္မာဝါယမ)၊ မှန်ကန်သောအောက်မေ့မှု

(သမ္မာသတိ)၊ မှန်ကန်တည်ကြည်မှု (သမ္မာသမာဓိ) တို့တည်း။ ရဟန်းတို့ မြတ်စွာဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော ပညာမျက်စိကို ပြုတတ် သော ဉာဏ်အမြင်ကိုပြုတတ်သော အလယ်အလတ် ဖြစ်သော မြတ်သောအကျင့်သည် ကိလေသာငြိမ်းရန်အလို့ငှာဖြစ်၏။ (သစ္စာလေးပါး) ကိုသိရန် အလို့ငှာ ဖြစ်၏။ နိဗ္ဗာန်ကို မျက် မှောက်ပြုရန်အလို့ငှာဖြစ်၏။

ရဟန်းတို့ ဤသည်ကား ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားပင်တည်း။ ပဋိသန္ဓေတည်နေရခြင်းသည်လည်း ဆင်းရဲခြင်း၏ အိုရခြင်းသည်လည်းဆင်းရဲ၏။ နာရခြင်းသည်လည်းဆင်းရဲ၏။ သေရခြင်းသည်လည်းဆင်းရဲ၏၊ မချစ်သောသူတို့နှင့်အတူနေရခြင်းသည်လည်းဆင်းရဲ၏။ ချစ်သောသူတို့နှင့် ကွေကွင်းရခြင်းသည်လည်းဆင်းရဲ၏။ လိုချင်ရာကိုမရခြင်း သည်လည်းဆင်းရဲ၏။ အကျဉ်းအားဖြင့်စွဲလန်းရာအာရုံ ဖြစ်သော ခန္ဓာငါးပါး တို့သည်လည်းဆင်းရဲ၏။ ရဟန်းတို့ ဤသည်ကားဆင်းရဲ၏။ အကြောင်းဖြစ်သော အရိယာတို့၏အမှန်တရားတည်း၊ အကြင်တရားသည် ဘဝသစ်၌ဖြစ်စေတတ်၏၊ နှစ်သက် ခြင်း၊ တက်မက်ခြင်းနှင့်တကွဖြစ်စေတတ်၏။ ထိုထိုအာရုံ၌ လွန်စွာနှစ်သက်တတ်၏။ ထိုတက်မက်မှု တဏှာ ဟူသည် အဘယ်နည်း၊ ကာမ၌တက်မက်မှု "ကာမတဏှာ" သဿတဒိဋ္ဌိ နှင့်တကွ ဖြစ်သောတက်မက်မှု၊ "ဘဝတဏှာ" ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော ဝိဘဝတဏှာ တို့တည်း၊ ရဟန်းတို့ ဤသည်ကား ဆင်းရဲ၏။ ချုပ်ရာဖြစ်သော၊ အရိယာတို့၏အမှန်တရား တည်း ဆင်းရဲ၏။ ဆင်းရဲခြင်းချုပ်ငြိမ်းရာ ဟူသည် ထိုတက်မက်မှုတဏှာ၌သာလျှင် အကြွင်းမဲ့ စွဲမက်မှုကင်းပျောက်ချုပ်ငြိမ်းရာ၊ စွန့်လွှတ်ရာ၊ တဖန် စွန့်ပယ်ရာ၊ လွှတ်မြောက်ရာ၊ မကပ်ငြိရာပင်ဖြစ်၏။ ရဟန်းတို့ ဤသည်ကားဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့် ဖြစ်သော အရိယာတို့၏အမှန် တရားတည်း။ ဤအရိယာမဂ်သည် အင်္ဂါရှစ်ပါးရှိ၏။ အင်္ဂါ ရှစ်ပါးဟူသော်ကား မှန်ကန်သောအမြင်၊ သမ္မာဒိဋ္ဌိ၊ မှန်ကန်သော တည်ကြည်မှု သမ္မာသမာဓိတို့တည်း။

ရဟန်းတို့ ဤသည်ကား ဆင်းရဲဖြစ်သောအရိယာတို့၏ အမှန်တရားမည်၏ဟု (ဘုရားမဖြစ်မီ) ရှေးကမကြားဘူးကုန်သော (ဒုက္ခသစ္စာ) တရားတို့၌ ငါဘုရားအား ပညာ မျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သောဉာဏ်သည် "ပညာ" သည်ထင်ရှား၏။ ထိုးထွင်း၍သိသော ဉာဏ်ဝိဇ္ဇာသည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ မြတ်စွာဘုရားသည် ထိုဆင်းရဲ ဖြစ်သော အရိယာတို့၏အမှန်တရားကို စင်စစ်ပိုင်းခြား၍ သိထိုက်၏ဟု ငါ့အားရှေး၌ဖြစ် ပေါ်လာ၏။ ရဟန်းတို့ငါသည် ဆင်းရဲဖြစ်သော အရိယာတို့၏အမှန်တရားကို ပိုင်းခြား၍သိခဲ့ပြီဟု (ဘုရား မဖြစ်မီ) ရှေးကမကြားဘူးကုန်သော (ဒုက္ခသစ္စာ) တရားတို့၌ ပညာ မျက်စိသည်ထင်ရှားဖြစ်၏။ အသိဉာဏ်သည်ထင်ရှားဖြစ်၏။ အပြားအားဖြင့်သိတတ်သော ဉာဏ်ပညာသည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍သိသော ဉာဏ်ဝိဇ္ဇာသည် ထင်ရှားဖြစ်၏။ အလင်းရောင်သည်ထင်ရှားဖြစ်၏။

ရဟန်းတို့ဤတရားသည်ဆင်းရဲကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားမည်၏ဟု ငါအား (ဘုရားမဖြစ်မီ) ရှေးကမကြားဘူးကုန်သော (သမုဒယသစ္စာ) တရားတို့၌ပညာမျက်စိသည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍သိသောဉာဏ်ဝိဇ္ဇာသည်ထင်ရှားဖြစ်၏။ ရဟန်းတို့ ထိုမြတ်စွာဘုရားသည် ထိုဆင်းရဲခြင်း၏။

အကြောင်းဖြစ်သော ဤအရိယာတို့၏ အမှန်တရားကို ပယ်အပ်၏ဟုရှေးကမကြား ဘူးကုန်သောတရားတို့၌ ဖြစ်ပေါ်လာ၏။ ရဟန်းတို့ မြတ်စွာဘုရား သည် ထိုဆင်းရဲခြင်းအကြောင်း ဖြစ်သောဤအရိယာတို့၏ အမှန်တရားကိုပယ်ပြီးပြီဟု (ဘုရားမဖြစ်မီ) ရှေးကမကြားဘူးကုန်သော (သမုဒယသစ္စာ) တရားတို့၌ ပညာမျက်စိသည်ထင်ရှားဖြစ်၏။ အသိဉာဏ်သည်ထင်ရှားဖြစ်၏။ အပြားအားဖြင့်သိတတ်သော ဉာဏ်ပညာသည်ထင်ရှားဖြစ်၏။ထိုးထွင်း၍သိသော ဉာဏ်ဝိဇ္ဇာသည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့ ဤနိဗ္ဗာန်သည် ဆင်းရဲချုပ်ရာဖြစ်သော အရိယာတို့၏အမှန်တရားမည်၏ ဟု (ဘုရားမဖြစ်မီ) ရှေးကမကြားဘူးကုန်သော (နိရောဓသစ္စာ) တရားတို့၌ ငါ့အားပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည်ထင်ရှားဖြစ်၏။ အပြားအားဖြင့်တတ်သိသောဉာဏ်ပညာသည် ထင်ရှားဖြစ်၏။ ထိုးထွင်းဉာဏ်သည် ထင်ရှားဖြစ်၏။ ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ရဟန်းတို့ထိုဆင်းရဲခြင်း၏ချုပ်ရာဖြစ် အရိယာတို့၏အမှန်တရားကို မျက်မှောက်ပြု အပ်၏ ဟု (ဘုရားမဖြစ်မီ) ရှေးကမကြားဘူး ကုန်သောတရားတို့ဖြစ်ပေါ်လာ၏။ ရဟန်းတို့ ဘုရားမဖြစ်မီ ထိုဆင်းရဲချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရားကို မျက်မှောက်ပြု၏ဟု (ဘုရားမဖြစ်မီ) ရှေးကမကြားဘူးကုန်သော (နိရောဓသစ္စာ) တရားတို့၌ ငါ့အားပညာမျက်စိသည်ထင်ရှားဖြစ်၏အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့်သိတတ်သော ဉာဏ်ပညာသည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍သိသော ဉာဏ်ဝိဇ္ဇာသည် ထင်ရှားဖြစ်၏။ ။ အလင်းရောင်သည်ထင်ရှားဖြစ်၏။

ရဟန်းတို့ ဤတရားသည်ဆင်းရဲချုပ်ရာဖြစ်သော နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော ရဟန်းတို့၏အမှန်တရားမည်၏ဟု ဘုရားမဖြစ်မီရှေးကမကြားဘူးကုန်သော မဂ္ဂသစ္စာတရားတို့၌ ငါ့အားပညာမျက်စိသည်ထင်ရှားဖြစ်၏။ အသိဉာဏ်သည်ထင်ရှားဖြစ်၏။အကြားအားဖြင့် သိတတ်သော ဉာဏ်ပညာသည်ထင်ရှားဖြစ်၏။ ထိုးထွင်း၍သိသောဉာဏ်ဝိဇ္ဇာသည် ထင်ရှားဖြစ်၏။အလင်းရောင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ကိုဆင်းရဲချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သောဤအရိယာတို့၏ အမှန်တရားကိုပွားများအပ်၏ဟု ဘုရားမဖြစ်မီ ရှေးကမကြားဘူးကုန်သော တရားတို့၌ဖြစ်ပေါ်လာ၏။ ရဟန်းတို့ ထိုဘုရားမဖြစ်မီ ထိုဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သော အရိယာတို့၏အမှန်တရားကို ပွားများပြီးပြီဟု မျက်မှောက်ပြု၏ဟု (ဘုရားမဖြစ်မီ) ရှေးကမကြားဘူးကုန်သော (မဂ္ဂသစ္စာ) တရားတို့၌ ငါ့အားပညာမျက်စိသည်ထင်ရှားဖြစ်၏။အသိဉာဏ်သည်ထင်ရှားဖြစ်၏။ အပြားအားဖြင့်သိတတ်သော ဉာဏ်ပညာသည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍သိသော ဉာဏ်ဝိဇ္ဇာသည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့ ဤအရိယာတို့၏ အမှန်တရားလေးပါးတို့၌ ဤသုံးပါးသောအပြန် တစ်ဆယ့်နှစ်ပါးသောအခြင်းအရာရှိသော မှန်ကန်သော ဉာဏ်အမြင်၊ မစင်ကြယ်သေးသမျှ ကာလပတ်လုံးသည် ငါသည် နတ်၊ မာရ်နတ်၊ ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြဟ္မဏမင်းများ၊ လူများနှင့်တကွသော

လူ့လောက၌အတုမရှိသော အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်ကန်စွာ သိသော (အရဟတ္တမဂ်) ဉာဏ်ကိုသိပြီဟု ဝန်မခံခဲ့ချေ။

ရဟန်းတို့ ဤအရိယာတို့၏ အမှန်တရားလေးပါးတို့၌ ဤသို့သုံးပါးသော အပြန် တစ်ဆယ့်နှစ်ပါးသောအခြင်းအရာရှိသော မှန်ကန်သော ဉာဏ်အမြင်သည် စင်ကြယ်လာသော အခါ၌ သာလျှင် ငါသည် နတ်၊ မာရ်နတ်၊ ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ၊ လူများနှင့်တကွသော လူ့လောက၌အတုမရှိသော အလုံးစုံသောတရားတို့ကိုကိုယ်တိုင် မှန်ကန်စွာ သိသော (အရဟတ္တမဂ်) ဉာဏ်ကိုသိပြီဟု ဝန်ခံခဲ့၏။ ကိလေသာတို့မှ လွတ်မြောက်မှုသည် ပျက်စီး နိုင်ပြီ၊ ဤကားအဆုံးစွန်သော ဘဝတည်း၊ ယခုအခါ ဘဝသစ်၌ ဖြစ်ခြင်း မရှိတော့ပြီဟု ငါ့အား ပစ္စဝေက္ခဏာဉာဏ်အမြင်သည် ဖြစ်ပေါ်လာ၏။

မြတ်စွာဘုရားသည် ဤစကားကိုမိန့်တော်မူ၏။ ပဉ္စဝဂ္ဂီငါးပါးရဟန်း တို့သည် နှစ်လို ကုန်သည်ဖြစ်၍ မြတ်စွာဘုရား၏ တရားတော်ကိုဝမ်းမြောက်စွာလက်ခံကြလေကုန်၏။ ဤဂါထာနှင့် ပတ်သက်သော ဒေသနာတော်ကိုဟောတော်မူသည်ရှိသော် အသျှင်ကောဏ္ဍညအား ဖြစ်ခြင်းသဘော ရှိသောတရားအလုံးစုံသည်ချုပ်ခြင်းသဘောရှိ၏ဟု ကိလေသာမြူ အညစ်အကြေးကင်းသော တရားမျက်စိ သောတာပတ္တိမဂ်ဉာဏ်သည်ဖြစ်ပေါ် လာ၏။

ဤသို့မြတ်စွာဘုရားသည် ဓမ္မစကြာတရားတော်ကို ဟောတော်မူသည်ရှိသော် ဗာရာဏသီပြည်၊ ဣသိပတနမိဂဒါဝုန်တောဝယ် လောက၌ သမဏဗြာဟ္မဏနတ်၊ မာရ် နတ်၊ ဗြဟ္မာ တစ်ဦးတစ်ယောက်မျှ မဟောနိုင်သော အတုမရှိသော ဤဓမ္မစကြာတရားတော်ကို ဟောတော်မူ၏ဟု၊ဘုမ္မစိုးနတ်တို့သည် ကောင်းချီးပေးသံကို အဆင့်ဆင့်ကြွေးကြော်ကုန်၏။ဘုမ္မစိုးနတ်တို့၏ ကောင်းချီးပေးသံကိုကြား၍ မြတ်စွာဘုရားသည် ဗာရာဏသီပြည်ဣသိပတနမိဂဒါဝုန်တောဝယ် လောက၌ သမဏ၊ ဗြဟ္မာနတ်၊ မာရ်နတ်၊ ဗြဟ္မာတစ်ဦးတစ်ယောက်မျှ မဟောနိုင်သောအတုမရှိသော ဤဓမ္မစကြာတရားတော်ကို မြတ်စွာဘုရားဟောတော်မူ၏ဟု စာတုမဟာရာဇ်နတ်တို့သည် အဆင့်ဆင့် ကြွေးကြော်ကုန်၏။ စာတုမဟာရာဇ်နတ်တို့၏ ကောင်းချီးပေးသံကိုကြား၍ တာဝတိံသာနတ်တို့သည် ယာမာနတ်တို့သည် တုသိတာနတ်တို့သည်၊ နိမ္မာနရတီနတ်တို့သည်၊ ပရိနိမ္မိတဝသဝတ္တီနတ်တို့၏ မြတ်စွာဘုရားသည် ဗာရာဏသီပြည်ဣသိပတနမိဂဒါဝုန်တောဝယ်လောက၌ သမဏ၊ ဗြဟ္မာနတ်၊ မာရ်နတ်၊ ဗြဟ္မာ တစ်ဦးတစ်ယောက်မျှမဟောနိုင်သောအတုမရှိသော ဤဓမ္မစကြာ တရားတော်ကို မြတ်စွာဘုရား ဟောတော်မူ၏ဟုဗြဟ္မာတို့သည် ကောင်းချီးပေးသံကိုအဆင့်ဆင့် ကြွေးကြော်ကုန်၏။

ဤသို့လျှင် ထိုအချိန်ထိုအခါကာလတွင် အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် ကောင်းချီးသံသည် ပျံ့နှံ့၍တက်၏။ ဤတစ်သောင်းသောလောကဓါတ်သည်လည်း တုန်လှုပ်ခါပြင်းစွာတုန်လှုပ်၏။ ထက်ဝန်းကျင်တုန်လှုပ်၏။ အတိုင်းအရှည်မရှိ ကြီးမားသောအရောင်အလင်းသည်လည်းလောက၌ နတ်တို့၏အာနုဘော်ကိုကျော်လွန်၍ ထင်ရှားဖြစ်ပေါ်၏။

ထိုအခါမြတ်စွာဘုရားသည် ရဟန်းတို့ ကောဏ္ဍညသည် သစ္စာလေးပါးတရားတော်

ကိုသိလေပြီတကား၊ ရဟန်းတို့ ကောဏ္ဍညသည် သစ္စာလေးပါးတရားတော် ကိုသိလေပြီတကားဟူ၍ ဥဒါန်းကိုကျူးရင့်တော်မူ၏။ ဤဥဒါန်းကိုကျူးရင့်တော်မူသော ကြောင့်သာလျှင် အသျှင်ကောဏ္ဍညအား အညာသိကောဏ္ဍညဟူ၍ အမည်တွင်၏။

(ဓမ္မစကြာသုတ်ပြီး၏)

## သုဝဏ္ဏဘူမိ၌သာသနာပြုခြင်း

သောဏထေရ်၊ ဥတ္တရထေရ်တို့သည် သုဝဏ္ဏဘူမိသထုံပြည်သို့ ကြွသွားတော်မူ၍ ရက္ခိုက်ဘီလူးတို့ကိုနှိမ်နင်းပြီးလျှင် (ဗြဟ္မဇာလသုတ်) ကိုဟောတော်မူသည်။ ဤသုတ်တော် ကိုဟောတော်မူသောအဆုံး၌ ခြောက်သောင်းသောပရိတ်သတ်တို့သည် ဓမ္မာဘိသမယ ဖြစ်ကုန်၏။ သုံးထောင်ငါးရာ သောအမျိုးသား၊ နှစ်ထောင့်ငါးရာသောအမျိုးသမီးတို့ ရဟန်းပြုကြကုန်၏။

"ဗြဟ္မဇာလသုတ်တော်က အောက်ပါအတိုင်းဖြစ်၏-"

အကျဉ်းချုပ်သည် ဤသို့ကြားနာခဲ့ရပါသည်။

အခါတပါး၌ မြတ်စွာဘုရားသည်များစွာသောငါးရာခန့်မျှသော ရဟန်းသံဃာနှင့် အတူ ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒာမြို့အကြား၌ ခရီးရှည်ကြွတော်မူ၏။ သုပ္ပိယပရိဗိုဇ်သည်လည်းတပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်နှင့်အတူ ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒာမြို့အကြား၌ပင်ခရီးရှည်၏။

ထိုခရီး၌ သုပ္ပိယပရိဗိုဇ်သည် ဘုရား၊ တရား၊ သံဃာတို့၏အပြစ်ကိုများစွာသော အကြောင်းဖြင့် ပြော၏။ သုပ္ပိယပရိဗိုဇ်၏တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်သည်ကား ဘုရား၊ တရား၊ သံဃာ၏ ဂုဏ်ကိုများစွာသောအကြောင်းဖြင့် ပြော၏။ ဤသို့လျှင် ထိုဆရာတပည့် နှစ်ဦးတို့သည် အချင်းချင်းတိုက်ရိုက်ဆန့်ကျင်သော စကားကိုပြောလျက် မြတ်စွာဘုရားနှင့် ရဟန်းသံဃာတို့၏ နောက်မှ အစဉ်လိုက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ အမ္ဗလဋ္ဌိကာဥယျာဉ်မင်းကွန်း မင်းတို့၏နားနေရန် ပြုလုပ်ထားသော အဆောက်အဦး၌တညဥ့်တည်းခိုရန် ချဉ်းကပ်တော်မူ၏။ သုပ္ပိယပရိဗိုဇ်သည်လည်း တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်နှင့်အတူ အမ္ဗလဋ္ဌိကာဥယျာဉ် မင်းကွန်း ၌ပင် တညဥ့်တည်းခိုရန်ချဉ်းကပ်၏။ ထို အမ္ဗလဋ္ဌိကာဥယျာဉ်၌လည်း သုပ္ပိယပရိဗိုဇ် ဘုရားတရား သံဃာ၏အပြစ်များကိုများစွာသော အကြောင်းဖြင့်ပြော၏။ သုပ္ပိယပရိဗိုဇ်၏ တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်သည်ကား ဘုရား၊ တရား၊ သံဃာ၏ဂုဏ်ကိုများစွာသော အကြောင်းဖြင့်ပြော၏။ ဤသို့လျှင်ထိုဆရာတပည့်နှစ်ဦးတို့သည်အချင်းချင်းတိုက်ရိုက် ဆန့်ကျင်သောစကားကိုပြောလျက် နေကုန်၏။

ထိုအခါညဉ့်၏အဆုံးမိုးသောက်ချိန်၌ အိပ်ရာထကြ၍ တန်ဆောင်းဝန်းကျင်၌ များစွာသော ရဟန်းတို့စုဝေးနေထိုင်ကြရာတွင် ဤစကားဖြစ်ပေါ်ခဲ့၏။

"အံ့ဖွယ်ရှိပေစွင့်ရှင်တို့၊ မဖြစ်ဘူးမြဖြစ်ပါပေစွင့်ရှင်တို့. သိတော်မူသောမြင်တော် မူသော၊ ပူဇော်အထူးကိုခံတော်မူထိုက်သော အလုံးစုံသောတရားတို့ကိုကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် သတ္တဝါတို့၏အထူးထူးသောအလိုဆန္ဒကို အတိုင်း မသိကောင်းစွာ ထိုးထွင်းသိတော်မူပါပေ၏။ ဤသုပ္ပိယပရိဗိုဇ်သည် ဘုရား၊ တရား၊ သံဃာ ၏အပြစ်ကိုများစွာသော အကြောင်းဖြင့်ပြော၏၊ သုပ္ပိယပရိဗိုဇ်၏ တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်သည်ကား ဘုရား၊ တရား၊ သံဃာ၏ဂုဏ်ကိုများစွာသော အကြောင်းဖြင့်ပြော၏။ ဤသို့လျှင် ထိုဆရာတပည့်နှစ်ဦးတို့သည် အချင်းချင်း တိုက်ရိုက်ဆန့်ကျင်သောစကားကိုပြောလျက် မြတ်စွာဘုရားနှင့် ရဟန်းသံဃာ၏ နောက်မှအစဉ်လိုက်ကုန်၏" ဟုစကား ဖြစ်ပေါ်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏စကားကို သိတော်မူသဖြင့် တန်ဆောင်းဝန်းသို့ကြွတော်မူ၍ ခင်းထားသောနေရာတွင် ထိုင်တော်မူပြီးလျှင် ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့်စုဝေးထိုင်နေကုန်သနည်း။ သင်တို့မပြီးသေးသောအကြားစကားသည်ကားအဘယ်နည်းဟု မိန့်တော်မူ၏။ ဤသို့မိန့်တော်မူသောအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤသို့ လျှောက်ကြကုန်၏။

အသျှင်ဘုရား ညဥ့်၏အဆုံးမိုးသောက်ချိန်၌ အိပ်ရာမှထကြ၍ တန်ဆောင်းဝန်း၌ အကျွန်ုပ်တို့စုဝေးနေထိုင်ကြရာတွင် ဤစကားဖြစ်ပေါ်ပါသည်။

"အံ့ဖွယ်ရှိပေစွင့်ရှင်တို့၊ မဖြစ်ဘူးမြဖြစ်ပါပေစွင့်ရှင်တို့. မသိတော်မူသောမြင်တော် မူသော ပူဇော်အထူးကိုခံတော်မူထိုက်သော အလုံးစုံသောတရားတို့ကိုကိုယ်တိုင်မှန်စွာသိတော်မူသော မြတ်စွာဘုရားသည် သတ္တဝါတို့၏အထူးထူးသောအလိုဆန္ဒကို အတိုင်းမသိကောင်းစွာ ထိုးထွင်းသိတော်မူပါပေ၏။ ဤသုပ္ပိယပရိဗိုဇ်သည် ဘုရား၊ တရား၊ သံဃာ ၏အပြစ်ကို များစွာသောအကြောင်းဖြင့် ပြော၏၊ သုပ္ပိယပရိဗိုဇ်၏ တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်သည်ကား ဘုရား၊ တရား၊ သံဃာ၏ဂုဏ်ကို များစွာသော အကြောင်းဖြင့် ပြော၏။ ဤသို့လျှင် ဤဆရာ၊ တပည့်နှစ်ဦးတို့သည် အချင်းချင်း တိုက်ရိုက်ဆန့်ကျင်သောစကားကိုပြောလျက် မြတ်စွာဘုရားနှင့် ရဟန်းသံဃာ၏နောက်မှ အစဉ်လိုက် ကုန်၏" ဟုစကားဖြစ်ပေါ်၏။

ဤသည်ကား အကျွန်ုပ်တို့၏မပြီးသေးသော အကြားစကားဖြစ်ပါသည်။ ထိုအခါ မြတ်စွာဘုရား ကြွရောက်တော်မူလာပါသည်အရှင်ဘုရား ဟုလျှောက်ကြကုန်၏။

ရဟန်းတို့ သူတစ်ပါးတို့သည် ငါ၏အပြစ်ကိုဖြစ်စေ၊ တရား၏အပြစ်ကိုဖြစ်စေ၊ သံဃာ၏အပြစ်ကိုဖြစ်စေပြောကြလျှင် ထိုပြောကြရာ၌ သင်တို့သည် ရန်ငြိုးထားခြင်း နှလုံးမသာ ခြင်း စိတ်မကျေချမ်းခြင်း မဖြစ်စေသင့်။

ရဟန်းတို့ သူတစ်ပါးတို့သည်ငါ၏ အပြစ်ကိုဖြစ်စေ၊ သံဃာကိုဖြစ်စေပြောကြရာ၌ သင်တို့သည်အမျက်ထွက်ကြလျှင် နှလုံးမသာကြလျှင် သင်တို့အားသာလျှင် အန္တရာယ် ဖြစ်ရာ၏။

ရဟန်းတို့ သူတစ်ပါးတို့သည်ငါ၏ အပြစ်ကိုဖြစ်စေ၊ တရား၏အပြစ်ကိုဖြစ်စေ၊

သံဃာ၏အပြစ်ကိုဖြစ်စေ၊ ပြောကြရာ၌ သင်တို့သည်အမျက်ထွက်ကြလျှင် နှလုံးမသာကြလျှင် သင်တို့သည် သူတပါးတို့၏ စကားကောင်း၊ စကားဆိုးကို သိနိုင်ကြမည်လော။မသိနိုင်ကြပါအရှင်ဘုရား။

"ရဟန်းတို့ သူတစ်ပါးတို့သည်ငါ၏ အပြစ်ကိုဖြစ်စေ၊ တရား၏အပြစ်ကိုဖြစ်စေ၊ သံဃာ၏အပြစ်ကိုဖြစ်စေ၊ ပြောကြရာ၌" "ဤစကားသည် ဤအကြောင်းကြောင့်လည်းမဟုတ်၊ ဤအကြောင်းကြောင့်လည်းမမှန်၊ စင်စစ်အားဖြင့် ဤအပြစ်သည် ငါတို့၌ထင်ရှား မရှိဟု မဟုတ်သည်ကို မဟုတ်သည့်အတိုင်း သင်တို့ဖြေရှင်းရမည်။"

ရဟန်းတို့ သူတစ်ပါးတို့သည်ငါ၏ ဂုဏ်ကိုဖြစ်စေ၊ တရား၏ဂုဏ်ကိုဖြစ်စေ၊ သံဃာ၏ဂုဏ်ကိုဖြစ်စေ၊ပြောကြလျှင်ထိုပြောကြရာ၌သင်တို့သည်နှစ်သက်ခြင်း၊ ဝမ်းသာခြင်း၊ စိတ်ဓာတ်တက်ကြွခြင်းမဖြစ်စေလင့်။ ရဟန်းတို့သူတစ်ပါးတို့သည် ငါ၏ဂုဏ်ကိုဖြစ်စေ၊ တရား၏ဂုဏ်ကိုဖြစ်စေ၊ သံဃာ၏ဂုဏ်ကိုဖြစ်စေ ပြောကြားကြရာ၌ သင်တို့သည်နှစ်သက်ကြလျှင်၊ ဝမ်းသာကြလျှင်၊ စိတ်ဓာတ်တက်ကြွကြလျှင်၊ သင်တို့အားသာလျှင် အန္တရာယ် ဖြစ်ရာ၏။

ရဟန်းတို့ သူတစ်ပါးတို့သည် ငါ၏ဂုဏ်ကိုဖြစ်စေ၊ တရား၏ဂုဏ်ကိုဖြစ်စေ၊ သံဃာ၏ဂုဏ်ကိုဖြစ်စေ ပြောကြားကြရာ၌ ဤစကားသည် ဤအကြောင်းကြောင့်လည်းဟုတ်ပေ၏၊ ဤအကြောင်းကြောင့်လည်းမှန်ပေ၏။ စင်စင်အားဖြင့် ဤဂုဏ်သည်ငါတို့၌ ထင်ရှားရှိပေ၏ဟု ဟုတ်မှန်သည်ကို ဟုတ်မှန်သည့်အတိုင်း သင်တို့ဝန်ခံရမည်။

## စူဠသီလခဏ်း

ရဟန်းတို့ပုထုဇဉ်တို့သည် ဘုရား၏ဂုဏ်ကိုပြောခဲ့လျှင် အနည်းငယ်မျှသာဖြစ်သော နိမ့်ကျသောသီလမျှဖြင့်သာ ပြောနိုင်ရာ၏။ ပုထုဇဉ်သည်ဘုရား၏ ဂုဏ်ကိုပြောခဲ့လျှင် ပြောနိုင်ရာသည့် အနည်းငယ်မျှသာဖြစ်သော နိမ့်ကျသောထိုသီလမျှဟူသည် အဘယ်နည်း။

ရဟန်းဂေါတမသည် အသက်သတ်ခြင်းကိုပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ် တော်မူ၏။ တုတ်ကိုချထားပြီး၏။ လက်နက်ကိုချထားပြီးဖြစ်၏။ ရှက်ခြင်းရှိ၏။ သနားတတ်၏။ ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွါးကိုလိုလားလျှက်နေတော်မူ၏။ ရဟန်းတို့ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကိုပြောခဲ့လျှင် ဤသို့သော်လည်းပြောနိုင်ရာ၏။

ရဟန်းဂေါတမသည် မပေးသည်ကိုယူခြင်းကိုပယ်၍ မပေးသည်ကိုယူခြင်းမှရှောင်ကြဉ်တော်မူ၏။ ပေးသည်ကိုသာယူ၏ ပေးသည်ကိုသာအလိုရှိ၏။ မခိုးမဝှက်စင်ကြယ်သော ကိုယ်ဖြင့်နေတော်မူ၏။ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကိုပြောခဲ့လျှင် ဤသို့ သော်လည်းပြောနိုင်ရာ၏။

ရဟန်းဂေါတမသည် ဂုံးစကားကိုပယ်၍ ဂုံးစကားမှရှောင်ကြဉ်တော်မူ၏။ ဤသူတို့ထံမှနားထောင်၍ ထိုသူတို့နှင့် ဤသူတို့ ကွဲပြားခြင်းငှာ ဤသူတို့ထံ၌မပြောတတ်။ ထိုသူ တို့ထံမှနားထောင်၍

ဤသူတို့နှင့် ထိုသူတို့ကွဲပြားခြင်းငှာ ဤသူတို့ထံမပြောတတ်။ ဤ သို့ကွဲပြားသူတို့ကိုလည်း စေ့စပ်တော်မူတတ်၏။ ညီညွတ်သူတို့လည်း အားပေးတော်မူတတ်၏ ညီညွတ်ခြင်း၌ပျော်ပိုက်တော်မူ၏။ ညီညွတ်ခြင်းကို နှစ်သက်တော်မူ၏။ ညီညွတ်ခြင်းကိုပြုသော စကားကိုဆိုတော်မူ၏။ ရဟန်းတို့ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

ရဟန်းဂေါတမသည် ကြမ်းသောစကားကိုပယ်၍ ကြမ်းသောစကားမှရှောင်ကြဉ် တော်မူ၏။ အကြင်စကားသည်အပြစ်ကင်း၏။ နားချမ်းသာ၏။ နှစ်လိုဖွယ်ရှိ၏။ နှလုံးထက်သို့သက်၏။ ယဉ်ကျေး၏။ လူအများနှစ်သက်၏။ လူအများနှစ်မြို့က်၏။ ထိုသို့သော သဘောရှိသော စကားကိုသာ ဆိုတော်မူတတ်၏။ ရဟန်းတို့ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကိုပြောခဲ့လျှင် ဤသို့သော်လည်းပြောနိုင်ရာ၏။

ရဟန်းဂေါတမသည် ပြိန်ဖျင်းသောစကားကိုပယ်၍ ပိန်ဖျင်းသောစကားမှ ရှောင်ကြဉ် တော်မူ၏။ သင့်သောအခါ၌သာဆိုတော်မူ၏။ ဟုတ်သည်ကိုသာဆိုတော်မူ၏။ အကျိုးနှင့် စပ်သည်ကို သာဆိုလေ့ရှိ၏။ တရားနှင့်စပ်သည်ကိုသာဆိုလေ့ရှိ၏။ အဆုံးအမနှင့် စပ်သည်ကိုသာဆိုလေ့ရှိ၏။ သင့်သောအခါ၌ အကြောင်းနှင့်တကွသော အပိုင်းအခြားရှိသော အစီးအပွါးနှင့်စပ်သော၊ မှတ်သား လောက်သော၊ စကားကိုသာ ဆိုတော်မူတတ်၏။ ရဟန်းတို့ ပုထုဇဉ်သည် ဘုရားဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်းပြောနိုင်ရာ၏။

ရဟန်းဂေါတမသည် မျိုးစေ့အပေါင်း၊ ပျိုးပင်အပေါင်းတို့ကို ဖျက်ဆီးခြင်းမှရှောင် ကြဉ်တော်မူ၏။ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

ရဟန်းဂေါတမသည် ဆွမ်းတနပ်သာစားတော်မူ၏။ ညစာစားခြင်းမှရှောင်ကြဉ်တော် မူ၏။ နေလွဲစားခြင်းမှရှောင်ကြဉ်တော်မူ၏။

ရဟန်းဂေါတမသည် ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ သူတော်ကောင်းတရား၏ ဆူးငြောင့်ဖြစ်သော ပွဲကြည့်ခြင်းမှ ရှောင်ကြဉ်တော်မူ၏။

ရဟန်းဂေါတမသည် ပန်းပန်ခြင်း၊ နံ့သာခြယ်ခြင်း၊ နံ့သာပြောင်းလိမ်းခြင်းမှရှောင် ကြဉ်တော်မူ၏။ ရဟန်းဂေါတမသည် မြင့်သောနေရာ၊ မြတ်သောနေရာမှ ရှောင်ကြဉ်တော်မူ၏။ ရဟန်းဂေါတမသည် ရွှေ၊ ငွေကိုခံယူခြင်းမှရှောင်ကြဉ်တော်မူ၏။ ရဟန်းဂေါတမသည် ကောက်စိမ်းကိုခံယူခြင်းမှရှောင်ကြဉ်တော်မူ၏။ ရဟန်းဂေါတမသည် အသားစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်တော်မူ၏။ ရဟန်းဂေါတမသည် မိန်းမပျို၊ မိန်းမအိုကိုခံယူခြင်း မှရှောင်ကြဉ်တော်မူ၏။ ရဟန်းဂေါတမသည် ကျွန်ယောကျ်ား၊ ကျွန်မိန်းမကိုခံယူခြင်းမှ ရှောင်ကြဉ်တော်မူ၏။ ရဟန်းဂေါတမသည် ဆိတ်နှင့်သိုးကိုခံယူခြင်းမှရှောင်ကြဉ်တော်မူ၏။ ရဟန်းဂေါတမသည် ကြက်၊ ဝက်ကိုခံယူခြင်းမှ ရှောင်ကြဉ်တော်မူ၏။ ရဟန်းဂေါတမသည် ဆင်၊ မြင်း၊ နွား၊ မြည်းကိုခံယူခြင်းမှရှောင်ကြဉ်တော်မူ၏။ ရဟန်းဂေါတမသည် လယ်နှင့်ယာကို ခံယူခြင်းမှရှောင်ကြဉ်တော်မူ၏။ ရဟန်းဂေါတမသည် တမန်အမှုအစေအပါး၊ အမှုဆောင်ရွက်ခြင်းမှရှောင်ကြဉ်တော်မူ၏။ ရဟန်းဂေါတမသည် ဝယ်မှုရောင်းမှုကို ရှောင်ကြဉ်တော်မူ၏။ ရဟန်းဂေါတမသည် ချိန်စဉ်းလဲ၊ အသပြာစဉ်းလဲ၊ ချိန်တွယ်တိုင်းတာ စဉ်းလဲခြင်းမှ

ရှောင်ကြဉ်တော် မူ၏။ ရဟန်းဂေါတမသည် တံစိုးယူခြင်း၊ လှည့်ဖျားခြင်း၊ အတုပြု၍လိမ်ခြင်းတည်းဟူသော ကောက်ကျစ်ခြင်းမှရှောင်ကြဉ်တော်မူ၏။ ရဟန်းဂေါတမသည် ဖြတ်ခြင်း၊ သတ်ခြင်း၊ နှောင်ဖွဲ့ခြင်း၊ ခရီးသွားတို့ကို လုယက်ခြင်း၊ ရွာနိဂုံးတို့ကို ဖျက်ဆီးခြင်း၊ ဓါးပြတိုက်ခြင်းမှရှောင်ကြဉ်တော်မူ၏။ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကိုပြောလျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

## စူလသီလပြီး၏။

## မဇ္ဈိမသီလခဏ်း

ထို့ပြင်လည်း အချို့သောအသျှင်သမဏဗြဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဘွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သောမျိုးစေ့အပေါင်း အပင်ပေါင်းဖျက်စီးခြင်းကို ပြုလုပ်လျှက်နေကြ၏။ ဤသည်တို့ကား အဘယ်နည်း။ အမြစ်မျိုးစေ့၊ အပင်မျိုးစေ့၊ အဆစ်မျိုးစေ့၊ အညွန့်မျိုးစေ့၊ ငါးခုမြောက်အစေ့မျိုးစေ့တို့လည်း၊ ရဟန်းဂေါတမသည် ဤသို့သောမျိုးစေ့ အပေါင်း အပင်ပေါင်းကိုဖျက်စီးခြင်းမှ ရှောင်ကြဉ်တော်မူ၏။ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကို ပြောခဲ့လျှင်ဤသို့သော်လည်း ပြောနိုင်ရာ၏။

ထို့ပြင်လည်း အချို့သောအသျှင်သမဏဗြဟ္မဏတို့သည်ယုံကြည်၍ လှူသောသုံးဆောင်ဘွယ်တို့ကိုသုံးဆောင်ကြပြီးလျှင် ဤသို့သောသိုမှီသုံးဆောင်ခြင်းကိုပြုလျှက် နေကြ၏။ ဤသည်တို့ကားအဘယ်နည်း၊ ဆွမ်းကိုသိုမှီးခြင်း၊ အဖျော်ကိုသိုမှီးခြင်း၊ အဝတ်ကို သိုမှီးခြင်း၊ ယာဉ်ကိုသိုမှီးခြင်း၊ အိပ်ရာကိုသိုမှီးခြင်း၊ နံ့သာကိုသိုမှီးခြင်း၊ အခြားစားသုံးဖွယ် တို့ကို သိုမှီးခြင်းတို့တည်း၊ ရဟန်းဂေါတမသည် ဤသို့သောသိုမှီးသုံးဆောင်ခြင်းမှရှောင် ကြဉ်တော်မူ၏။ ရဟန်းတို့ ပုထုဇဉ်သည် ဘုရားဂုဏ်ကို ပြောခဲ့လျှင်ဤသို့သော်လည်း ပြောနိုင်ရာ၏။

ထို့ပြင်လည်း အချို့သော သာမဏေ၊ သာမဏတို့သည် ယုံကြည်၍လှူသောသုံးဆောင်ဘွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သောသူတော်ကောင်းတရား၏ ဆူးညောင့်ဖြစ်သော ပွဲကြည့်ခြင်းကို ပြုလျှက်နေကြ၏။ ဤသည်တို့ကား အဘယ်နည်း၊ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ သဘင်ပွဲ၊ စာဟောပွဲ၊ လက်ဝါးတီးပွဲ၊ ကြေးနင်းခွက်ခွင်းစသည် တီးပွဲ၊ စည်တီးပွဲ၊ ပန်းချီပြပွဲ၊ သံလုံးကစားပွဲ၊ ငါးထောင်၍ကစားပွဲ၊ အရိုးဆေးပွဲ၊ ဆင်တိုက် ပွဲ၊ မြင်းတိုက်ပွဲ၊ ကျွဲတိုက်ပွဲ၊ နွားတိုက်ပွဲ၊ ဆိတ်တိုက်ပွဲ၊ သိုးတိုက်ပွဲ၊ ကြက်တိုက်ပွဲ၊ ငုံးတိုက် ပွဲ၊ တုတ်သိုင်းပွဲ၊ လက်ဝှေ့ထိုးပွဲ၊ လက်ပန်းလုံးပွဲ၊ စစ်ထိုးပွဲ၊ စစ်သည် စစ်ဆေးပွဲ၊ စစ်ဆင်ပွဲ၊ စစ်အင်ကျင်းပွဲ၊ တို့တည်း။ ရဟန်းဂေါတမသည် ဤသို့သောသူတော်ကောင်း တရား၏ ဆူးညောင့်ဖြစ်သောပွဲကြည့်ခြင်းမှ ရှောင်ကြဉ်တော်မူ၏။ ရဟန်းတို့ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကိုပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

ထို့ပြင်လည်း အချို့သောအသျှင်သမဏဗြဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဘွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မေ့လျော့ကြောင်းဖြစ်သော လောင်းကစားခြင်းကို ပြုလျက်နေကြ၏၊ ဤသည်တို့သည်ကား အဘယ်နည်း၊ ရှစ်ကွက်ကြားကစားခြင်း ၊ ဆယ်ကွက်ကြား ကစားခြင်း၊ ကောင်းကင်ကျားကစားခြင်း၊ ဖိုးလမင်းကြားကစားခြင်း၊ ဇယ်တောက်ကစားခြင်း၊ အန်ကစားခြင်း၊ ကျည်းသား ရိုက်ကစားခြင်း၊ ဂေါ်လီကစားခြင်း၊ ပီပီမှုတ်ကစားခြင်း၊ ထွန်ငယ်ဖြင့် ကစားခြင်း၊ ကျွမ်းထိုးကစားခြင်း၊ စကြာဖြင့်ကစားခြင်း၊ ခြင်ခွက်ငယ်ဖြင့်ကစားခြင်း၊ ရထားငယ်ဖြင့် ကစားခြင်း၊ လေးငယ်ဖြင့်ကစားခြင်း၊ အက္ခရာဝှက်ဖြင့်ကစားခြင်း၊ စိတ်အကြံဖေါ်တမ်းကစားခြင်း၊ ကျိုးယောင် ကန်းယောင်ပြု၍ ကစားခြင်းတို့တည်း၊ ရဟန်းဂေါတမသည် ဤသို့သော မေ့လျော့ကြောင်း ဖြစ်သော လောင်းကစား ပြုခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော် လည်း ပြောနိုင်ရာ၏။

ထို့ပြင်လည်း အချို့သော အသျှင်သမဏဗြဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဘွယ် တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော မြင့်သောနေရာ မြတ်သောနေရာ သုံးစွဲခြင်း ပြုလျက် နေကြ၏၊ ဤသည်တို့ကားအဘယ်နည်း၊ မြင့်လွန်းသော နေရာပလ္လင် မွေးရှည်ကော်ဇောကြီး၊ ဆန်းကြယ်သော သားမွေးအခင်းဖြူသောသားမွေးအခင်း၊ ပန်းပြောက်ခြယ် သားမွေးအခင်း၊ ပုလဲသွယ်အခင်းရုပ်ပုံ ခြယ်သားမွေးအခင်းနှစ်ဖက်မွေးရှိအခင်း၊ တစ်ဖက်မွေးရှိအခင်း၊ ရွှေခြည်ထိုးအခင်း၊ ပိုးခြည်အခင်း၊ သားမွေးခင်းကြီး၊ ဆင်ကုန်းနှီး၊ မြင်းကုန်းနှီး၊ ရထားကုန်းနှီး၊ သစ်နက်ရေအခင်း၊ ဝံပိုင်ရေအခင်းမြတ်၊ နီသောမျက်နှာကြက်နှင့် ဆုံးနီနှစ်ဖက်ရှိသော နေရာတို့တည်း ၊ ရဟန်းဂေါတမသည် ဤသို့သောမြင့်သော မြတ်သောနေရာမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်းပြောနိုင်ရာ၏၊ ထို့ပြင်လည်း အချို့သောလျှင်သမဏဗြဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဘွယ်တို့ကိုသုံးဆောင် ကြပြီးလျှင်ဤသို့သော လိမ်းခြယ်ခြင်း၊ ဆင်ခြင်ခြင်းကိုပြုလျက်နေကြ၏၊ ဤသည်တို့ကားအဘယ်နည်း၊ နံ့သာဖြင့်ပွတ်သပ်ခြင်း၊ ဆီဖြင့်ဆုတ်နယ်ခြင်း၊ နံ့သာဖြင့် ရေချိုးခြင်း၊ လက်ရုံးကြီးထွား ရန်ထုရိုက်ခြင်း၊ မှန်ကြည့်ခြင်း၊ မျက်စဉ်းဆေးခြယ်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာခြယ်ခြင်း၊ နံ့သာပျောင်းလိမ်းခြင်း၊ မျက်နှာကိုချယ်ခြင်း၊ မျက်နှာကိုလိမ်းခြင်း၊ လက်ဝတ်တန်ဆာဆင်ခြင်း၊ သျှောင်ထုံးခြင်း၊ လက်ကိုင်ခြင်း၊ လက်ကိုင်ထုတ် ဆောင်ခြင်း၊ ဆန်းကြယ်သောဘိနပ်ကိုစီးခြင်း၊ သင်းကျစ်ဖွဲ့ခြင်း၊ ပတ္တမြားဆံကျင် ထိုးခြင်း၊ သားမြီးယပ် ဆောင်ခြင်း၊ အမြိတ်ရှည် ဝတ်ဖြူတို့ကို ဝတ်ခြင်းတို့တည်း၊ ရဟန်းဂေါတမသည်ဤသို့သော လိမ်းခြယ်ခြင်း၊ ဆင်ယင်ခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော် လည်း ပြောနိုင်ရာ၏။

ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဘွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သောဖီလာစကားကိုပြောလျက် နေကြ၏။ ဤသည်တို့ကား အဘယ်နည်း။ မင်းနှင့်စပ်သောစကား၊ ခိုးသူနှင့်စပ်သော စကား၊ အမတ်ကြီးနှင့်စပ်သောစကား၊ စစ်သည်နှင့်စပ်သောစကား၊ ကျောက်ဖွယ်နှင့် စပ်သောစကား၊ စစ်ထိုးခြင်းနှင့်စပ်သောစကား၊ စားဖွယ်နှင့်စပ်သောစကား၊ သောက်ဖွယ် နှင့်စပ်သောစကား၊ အဝတ်နှင့်စပ်သောစကား၊

ဒိပ်ယာနှင့်စပ်သောစကား၊ ပန်းနှင့် စပ်သော စကား၊ နံ့သာနှင့်စပ်သောစကား၊ ဆွေမျိုးနှင့်စပ်သောစကား၊ ယာဉ်နှင့်စပ်သောစကား၊ ရွာနှင့်စပ်သောစကား၊ နိဂုံးနှင့်စပ်သောစကား၊ မြို့နှင့်စပ်သောစကား၊ နယ်နှင့်စပ်သော စကား၊ မိန်းမနှင့်စပ်သောစကား၊ ယောက်ျားနှင့်စပ်သောစကား၊ သူရဲကောင်းနှင့်စပ်သော စကား၊ လမ်းနှင့်စပ်သောစကား၊ ရေခပ်ဆိပ်နှင့်စပ်သောစကား၊ သေလွန်သူနှင့်စပ်သော စကား၊ အထွေထွေနှင့်စပ်သောစကား၊ လောကအကြောင်းနှင့်စပ်သောစကား၊ သမုဒ္ဒရာနှင့်စပ်သောစကား၊ ကြီးပွားခြင်းဆုတ်ယုတ်ခြင်းနှင့်စပ်သောစကားတို့တည်း။ ရဟန်းဂေါတမသည် ဤသို့သောဇီလာ စကားကိုပြောခြင်းမှ ရှောင်ကြဉ်တော်မူ၏။ ရဟန်းတို့ ပုထုဇဉ်သည်ဘုရား၏ဂုဏ်ကိုပြောခဲ့လျှင် ဤသို့သော်လည်းပြောနိုင်ရာ၏။ ထို့ပြင်လည်းအချို့သော အသျှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍သုံးဆောင်ဘွယ်တို့ကိုသုံးဆောင်ကြပြီးလျှင် ဤသို့သော ဇီလာစကားကို ပြောလျက်နေကြ၏။ ဤသည် တို့ကားအဘယ်နည်း။ သင်သည် ဤ ဓမ္မဝိနယ ကိုမသိ။ ငါသည် ဤဓမ္မဝိနယကိုသိ၏။ သင်သည်ဓမ္မဝိနယအသို့သိနိုင် အံ့နည်းသင်သည်မှားသောအကျင့် ရှိသူဖြစ်၏။ ငါသည် မှန်သောအကျင့်ရှိသူဖြစ်၏။ ငါ၏စကားသည်စေ့စပ်၏။ သင်၏စကားသည် မစေ့စပ်၊ သင် သည်ရှေးဦးဆိုသင့်သည်ကိုနောက်မှဆို၏။ နောက်မှဆိုသင့်သည်ကိုရှေးဦးဆို၏။ သင်၏ ကြာမြင့်စွာလေ့လာထားသောစကားသည် သင့်ဆီသို့ပြန်လှည့်၍တည်လေပြီ။ သင့်အယူ ၌ရှိသောအပြစ်ကိုငါတင်ပြပြီး၊ အသင်အရေးနိမ့်ပြီ၊ ငါတင်ပြသောအပြစ်မှလွတ်မြောက်ရန် ရှာကြံချေဦးလော့။ အကယ်၍စွမ်းနိုင်လျှင်လည်းယခုပင်ဖြေရှင်းလော့။ ဤသည်တို့တည်း။ ရဟန်းဂေါတမသည် ဤသို့သောအငြင်းစကားကိုပြောခြင်းမှ ရှောင်ကြဉ်တော်မူ၏။ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကိုပြောခဲ့လျှင် ဤသို့သော်လည်းပြောနိုင်ရာ၏။

ထို့ပြင်လည်းအချို့သောအသျှင်သာမဏဗြာဟ္မဏတို့သည်ယုံကြည်၍လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ပြီးလျှင် တမန်အမှု၊ အစေအပါးအမှု၊ အမှုဆောင်ရွက်ခြင်းကိုပြုလျက်နေ၏။ ဤသည်တို့ကားအဘယ်နည်း။ မင်းတို့၏အမတ်ကြီးတို့၏ ပုဏ္ဏား တို့၏၊ သူကြွယ်တို့၏၊ လုလင်ပျိုတို့၏ဤအရပ်မှ ထိုအရပ်သို့သွားလော့။ ထိုအရပ်မှ ဤအရပ်သို့ သွားလော့။ ဤသည်ကို ဤအရပ်မှဆောင်သွားလော့။ ဤသည်ကိုထိုအရပ်မှ ဆောင်ခဲ့လော့ ဟူသောအမှုတို့တည်း။ ရဟန်းဂေါတမသည် ဤသို့သော တမန်အမှု၊ အစေအပါးအမှု ဆောင်ရွက် ခြင်းမှ ရှောင်ကြဉ်တော်မူ၏။ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား ၏ဂုဏ်တော်ကိုပြောခဲ့လျှင် ဤသို့ သော်လည်းပြောနိုင်ရာ၏။

ထို့ပြင်လည်းအချို့သောအသျှင်သမဏဗြာဟ္မတို့သည် ယုံကြည်၍လှူသောအသုံး ဆောင်ဘွယ်တို့ကို သုံးဆောင်ကြပြီးလျှင် လာဘ်အလို့ငှာအံ့ဖွယ်လည်းပြမ်စေကုန်၏။ မြှောက်ပင့်၍လည်းပြောကုန်၏။ အရိပ်အခြည်လည်းပြကုန်၏။ အတင်းအကြပ်လည်း ပြုကုန်၏။ လာဘ်ဖြင့် လာဘ်ကိုလည်းရှာမှီးကုန်၏။ ဤသည်တို့တည်း။ ရဟန်းဂေါတမသည် ဤသို့သောလာဘ် အလို့ငှာအံ့ဖွယ်ဖြစ်စေခြင်းမှရှောင်ကြဉ်တော်မူ၏။ရဟန်းတို့ ပုထုဇဉ်သည်ဘုရား၏ ဂုဏ်ကိုပြောခဲ့ လျှင်

ဤသို့သော်လည်းပြောနိုင်ရာ၏။

## မဟာသီလခန်း

ထို့ပြင်လည်းအချို့သောအသျှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍လှူသောအသုံးဆောင်ဘွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသောအသက်မွေးမှုဖြစ်သော ဤသို့သော ဖီလာအတတ်ဖြင့် အသက်မွေးကြ၏။ ဤသည်တို့ကားအဘယ်နည်း။ အင်္ဂါကျမ်း၊ နိမိတ် ကျမ်း၊ ဥပ္ပါတကျမ်း၊ ကျမ်းလက္ခဏာကျမ်း၊ ကြွက်ကိုက်ကျမ်း၊ မီးပူဇော်ခြင်း၊ ယောက်မဖြင့်ပူဇော်ခြင်း၊ ဖွဲဖြင့်ပူဇော်ခြင်း၊ ဆန်ကွဲဖြင့်ပူဇော်ခြင်း၊ ဆန်ဖြင့်ပူဇော်ခြင်း၊ ထောပတ်ဖြင့် ပူဇော်ခြင်း၊ အင်္ဂဝိဇ္ဇာအတတ်၊ မြေကြန်အတတ်၊ မင်းမှုရေးရာအတတ်၊ ဘေးငြိမ်းခြင်းကိုပြုလုပ်တတ်သော အတတ်၊ ဘုတ်တစ္ဆေအတတ်၊ မြေအိမ်၌ သင်ယူရသောအတတ်၊ မြွေအတတ်၊ အဆိပ်အတတ်၊ ကင်းမြီးကောက်အတတ်၊ ကြွက်ခဲနာကူအတတ်၊ ငှက်သံ အတတ်၊ ကျီးသံအတတ်၊ အသက်ဟော အတတ်၊ မြှားလွှဲအတတ်၊ သားမြည်သံအတတ်၊ ဤသည်တို့တည်း။ ရဟန်းဂေါတမသည်မှားသောအသက်မွေးခြင်းမှုဖြစ်သော ဖီလာအတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်တော်မူ၏။ ရဟန်းတို့ ပုထုဇဉ်သည်ဘုရား၏ ဂုဏ်ကိုပြောခဲ့လျှင် ဤသို့သော်လည်းပြောနိုင်ရာ၏။

ထို့ပြင်လည်းအချို့သောအသျှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍လှူသောအသုံး ဆောင်ဘွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသောအသက်မွေးမှုဖြစ်သော ဤသို့သောအဝတ် အထည်လက္ခဏာ၊ တုတ်တောင်ဝှေးလက္ခဏာ၊ ဓား လက္ခဏာ၊ ၊သံလျက်လက္ခဏာ၊ မြှားလက္ခဏာ၊ လေးလက္ခဏာ၊ ကြွင်းသောလက်နက်လက္ခဏာ၊ မိန်းမလက္ခဏာ၊ ယောကျ်ားလက္ခဏာ၊သတို့သမီး လက္ခဏာ၊ ကျွန်ယောကျ်ားလက္ခဏာ၊ ဆင်လက္ခဏာ၊ မြင်းလက္ခဏာ၊ ကျွဲလက္ခဏာ၊ နွားလား လက္ခဏာ၊ နွားလက္ခဏာ၊ ဆိတ်လက္ခဏာ၊ သိုး လက္ခဏာ၊ ကြက်လက္ခဏာ၊ ငုံးလက္ခဏာ၊ ဖွတ်လက္ခဏာ၊ အထွက်ကဏ္ဍိကာလက္ခဏာ၊ လိပ် လက္ခဏာ၊ သားကောင်လက္ခဏာ၊ ဤသည်တို့ တည်း။ရဟန်းဂေါတမသည်မှားသောအသက်မွေးခြင်းမှုဖြစ်သော ဖီလာအတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်တော်မူ၏။ ရဟန်းတို့ ပုထုဇဉ်သည်ဘုရား၏ ဂုဏ်ကိုပြောခဲ့လျှင် ဤသို့သော်လည်းပြောနိုင်ရာ၏။

ထို့ပြင်လည်းအချို့သောအသျှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍လှူသောအသုံး ဆောင်ဘွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသောအသက်မွေးမှုဖြစ်သော ဤသို့သော ဖီလာအတတ်ဖြင့်အသက်မွေးကြ၏။ ဤသည်တို့ကားအဘယ်နည်း။ မင်းတို့စစ်ထွက် လတ္တံ့၊ မင်းတို့စစ်ပြန်လာလတ္တံ့၊ ပြည်တွင်းမင်းတို့စစ်တက်လတ္တံ့၊ ပြည်ပမင်းတို့စစ်ဆုတ် လတ္တံ့၊ ပြည်တွင်းမင်းတို့စစ်ဆုတ်လတ္တံ့၊ ပြည်တွင်းမင်းတို့စစ်ရှုံးလတ္တံ့၊ ဤသို့ဤမင်း စစ်နိုင်လတ္တံ့၊ ဤမင်းစစ်ရှုံး လတ္တံ့ဟူသောအတတ်တို့တည်း ရဟန်းဂေါတမသည် မှားသောအသက်မွေးမှုဖြစ်သော ဤသို့သော ဖီလာအတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်တော် မူ၏။ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကို ပြောခဲ့လျှင်.

ဤသို့ သော်လည်း ပြောနိုင်ရာ ၏။

ထို့ပြင်လည်း အချို့သော အသျှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဘွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဖီလာအတတ်ဖြင့် အသက်မွေးကြ၏။ ဤသည်တို့ကား အဘယ်နည်း။ လကြတ်လတ္တံ့၊ နေကြက် လတ္တံ့၊ နက္ခတ်ကြတ် လတ္တံ့၊ လနေတို့ လမ်းမှန်သွားလတ္တံ့၊ လနေတို့ လမ်းလွဲသွား လတ္တံ့၊ နက္ခတ်တို့ လမ်းလွဲသွားလတ္တံ့၊ နက္ခတ်တို့ လမ်းမှန်သွားလတ္တံ့၊ ဥက္ကာကျလတ္တံ့၊ ကြိတ် ထွက်လတ္တံ့၊ လျှပ်လျှပ် လတ္တံ့၊ မိုးထစ်ကြိုးလတ္တံ့၊ လနေနက္ခတ်တို့ တက်ခြင်း၊ သက်ခြင်း၊ မှိန်ခြင်း၊ တောက်ပခြင်း ဖြစ်လတ္တံ့၊ လကြတ်ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ နေကြတ် ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ နက္ခတ်ကြတ်ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ လနေတို့ လမ်းမှန်သွားခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ လနေတို့ လမ်းလွဲသွားခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ နက္ခတ်တို့ လမ်းမှန်သွားခြင်းကြောင့် ဤသို့ အကျိုးဖြစ် လတ္တံ့၊ နက္ခတ်တို့ လမ်းလွဲသွားခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ ဥက္ကာကျခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ ကြိတ်ထွက်ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ လနေနက္ခတ်တို့ တက်ခြင်း၊ သက်ခြင်း၊ မှေးမှိန်ခြင်း၊ တောက်ပခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့ ဤသည်တို့တည်း။ ရဟန်းဂေါတမသည်မှားသော အသက်မွေးခြင်းမှ ဖြစ်သော ဖီလာအ တတ်ဖြင့်အသက်မွေးခြင်းမှ ရှောင်ကြဉ်တော်မူ၏။ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကိုပြောခဲ့လျှင် ဤသို့ သော်လည်း ပြောနိုင်ရာ၏။

ထို့ပြင်လည်း အချို့သော အသျှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဘွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဖီလာအတတ်ဖြင့်အသက်မွေးကြ၏။ ဤသည်တို့ကား အဘယ်နည်း။ မိုးကောင်းလတ္တံ့၊ မိုးခေါင်လတ္တံ့၊ ဝပြောလတ္တံ့၊ ခေါင်းပါးလတ္တံ့၊ ငြိမ်းချမ်းလတ္တံ့၊ ဘေးများလတ္တံ့၊ ရောဂါများ လတ္တံ့၊ ရောဂါကင်းလတ္တံ့၊ လက်ချိုးရေခြင်းအတတ်၊ ဂဏန်းအတတ်၊ သင်္ချာအတတ်၊ ကဗျာ အတတ်၊ လောကာယတကျမ်းအတတ်၊ ဤသည်တို့တည်း။ ရဟန်းဂေါတမသည် မှားသော အသက်မွေးခြင်းမှဖြစ်သော ဖီလာအတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်တော်မူ၏။ ရဟန်းတို့ ပုထုဇဉ်သည်ဘုရား၏ ဂုဏ်ကိုပြောခဲ့လျှင် ဤသို့ သော်လည်း ပြောနိုင်ရာ၏။

ထို့ပြင်လည်း အချို့သော အသျှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဘွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဖီလာအတတ်ဖြင့် အသက်မွေးကြ၏။ ဤသည်တို့ကား အဘယ်နည်း။ သတို့သမီးယူဆောင်၍ထိမ်းမြားခြင်း၊ သတို့သမီးပေး၍ထိမ်းမြားခြင်း၊ စေ့စပ်ပေးခြင်း၊ ကွာရှင်းပေးခြင်း၊ ဥစ္စာသိမ်းဆည်းစေခြင်း၊ ဥစ္စာဖြန့်ဖြူး စေခြင်း၊ ကျက်သရေတိုးစေခြင်း၊ ကျက်သရေယုတ်စေခြင်း၊ ကိုယ်ဝန်မတည်မြဲ သည်ကို တည်မြဲစေခြင်း၊ လျှာခိုင်စေခြင်း၊ မေးခိုင်စေခြင်း၊ လက်ဟန့် မန္တာန်စုတ်ခြင်း၊ နားပင်း မန္တာန်စုတ်ခြင်း၊ မှန်၌နတ်သွင်း၍ မေးခြင်း၊ သတို့သမီး၌နတ်သွင်း ၍မေးခြင်း၊ နတ်မေးခြင်း၊ နေကိုလုပ်ကျွေးခြင်း၊ ဗြဟ္မာကိုလုပ်ကျွေးခြင်း၊ ခံတွင်းမှမီး တောက်စေခြင်း၊ သိရိနတ်သမီးကို ဖိတ်ခေါ်ခြင်း၊ ဤသည်တို့တည်း။ ရဟန်းဂေါတမသည် မှားသော

အသက်မွေးခြင်းမှုဖြစ်သော ဗိလာအ တတ်ဖြင့်အသက်မွေးခြင်းမှ ရှောင်ကြဉ်တော်မူ၏။ ရဟန်းတို့ ပုထုဇဉ်သည်ဘုရား၏ ဂုဏ်ကိုပြောခဲ့လျှင် ဤသို့သော်လည်းပြောနိုင်ရာ၏။

ထို့ပြင်လည်းအချို့သော အသျှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍လှူသောသုံးဆောင်ဘွယ်တို့ကိုသုံးဆောင်ကြပြီးလျှင်မှားသောအသက်မွေးမှုဖြစ်သော ဤသို့သော ဗိလာအတတ်ဖြင့်အသက်မွေးကြ၏။ ဤသည်တို့ကားအဘယ်နည်း။ နတ်ကိုးခြင်း၊ တောင်းဆု ပြည့်၍ နတ်ပူဇော်ခြင်း၊ ဘုတ်တစ္ဆေအတတ်ကိုလေ့လာခြင်း၊ မြေအိမ်၌နေ၍ သင်အပ်သောအတတ်ကိုလေ့ကျင့်ခြင်း၊ ပဏ္ဍုတ်ကိုယောက်ျားဖြစ်စေခြင်း၊ ယောက်ျားကို ပဏ္ဍုတ်ဖြစ်စေခြင်း၊ မြေကြန်အတတ်ကိုလေ့ကျင့်ခြင်း၊ ဆောက်လုပ်မည့်မြေနေရာ၌ အစီအရင်ပြုခြင်း၊ ခံတွင်းဆေးခြင်း၊ ရေချိုးစေခြင်း၊ မီးပူဇော်ခြင်း၊ ဖို့အန်စေခြင်း၊ ဝမ်းသက်စေခြင်း၊ သလိပ်စသည့် ဒေါသတို့ကို အထက်သို့လှန်စေခြင်း၊ အောက်သို့ လျှောစေခြင်း၊ ဦးခေါင်းမှ သွေးစသောဒေါသတို့ကို ထွက်စေ ခြင်း၊ နားဆီထွက်ခြင်း၊ မျက်စဉ်းဆီ ချက်ခြင်း၊ နှာနှပ်ခြင်း၊ ထက်သောမျက်စဉ်းဆေးဖော်ခြင်း၊ အေးသောမျက်စဉ်းဆေးဖော်ခြင်း၊ တိမ်သလာကိုဆေးကုခြင်း၊ ခွဲစိပ်ကုသခြင်း၊ သူငယ်နာ ဆေးကုခြင်း၊ မူလဆေးတို့ကိုပေးခြင်း၊ အနာဆေးတို့ကိုကပ်ခြင်း၊ ခွာခြင်း၊ ဤသည်တို့တည်း။ ရဟန်းဂေါတမသည် မှားသော အသက်မွေးခြင်း မှုဖြစ်သော ဗိလာအတတ်ဖြင့်အသက်မွေးခြင်းမှ ရှောင်ကြဉ်တော်မူ၏။ ရဟန်းတို့ ပုထုဇဉ်သည်ဘုရား၏ ဂုဏ်ကိုပြောခဲ့လျှင် ဤသို့သော် လည်းပြောနိုင်ရာ၏။

ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကိုပြောခဲ့လျှင် ပြောနိုင်ရာသည် အနည်းငယ် မျှသာဖြစ်သော နိမ့်ကျသော သီလမျှဟူသည် ဤသို့ပင်တည်း။

## မိစ္ဆာဒိဋ္ဌိပြခန်း

ရဟန်းတို့ သီလမှတပါးသာလျှင်ဖြစ်ကုန်သော နက်နဲကုန်သော၊ ပြင်နိုင်ခဲကုန်သော သိနိုင်ခဲကုန်သော၊ ငြိမ်သက်ကုန်သော၊ မွန်မြတ်ကုန်သော၊ ကြံစည်ခြင်းမရောက်နိုင်ကုန်သော၊ သိမ်မွေ့ကုန်သော၊ ပညာရှိတို့သာသိကုန်သော၊ တရားတို့သည်ရှိကုန်သေး၏။ မြတ်စွာဘုရားသည် ယင်းတရားတို့ကိုကိုယ်တော်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု ၍ဟောတော်မူ၏။ မြတ်စွာဘုရား၏ ဟုတ်မှန်သောဂုဏ်ကို မှန်စွာပြောလိုကြလျှင် ယင်း တရားတို့ကိုပြောကြားရာ၏။

ရဟန်းတို့ မြတ်စွာဘုရားသည် အကြင်တရားတို့ကို ကိုယ်တော်တိုင်ထူးသောဉာဏ် ဖြင့်မျက်မှောက်ပြု၍ ဟောတော်မူ၏။ မြတ်စွာဘုရား၏ ဂုဏ်ကို ဟုတ်မှန်စွာပြောလိုကြလျှင် အကြင်တရားတို့ဖြင့်ပြောကြရာ၏။ နက်နဲကုန်သော မြင်နိုင်ခဲကုန်သော၊ သိနိုင်ခဲကုန်သော၊ ငြိမ်သက်ကုန်သော၊ မွန်မြတ်ကုန်သော၊ ကြံစည်ခြင်းဖြင့်မရောက်နိုင်ကုန်သော၊ သိမ်မွေ့ကုန်သော၊ ပညာရှိတို့သာသိနိုင်ကုန်သော၊ ထိုတရားတို့သည်ကား အဘယ်နည်း။

## ပုဗ္ဗန္တာနုဒိဋ္ဌိတစ်ဆယ့်ရှစ်မျိုး

ရဟန်းတို့ ရှေးအဘို့ကိုကြံဆကုန်သော ရှေးအဘို့ကိုစွဲယူကုန်သော အချို့သော သာမဏ၊ ဗြဟ္မဏတို့သည်ရှိကုန်၏။ ထိုသူတို့သည်ရှေးအဘို့ကိုစွဲမှီ၍ များပြားသော မိစ္ဆာ အယူပြစကားတို့ကို တစ်ဆယ့်ရှစ်မျိုးသော အကြောင်းတို့ဖြင့်ပြောကုန်၏။ ထိုအသျှင် သာမဏ၊ ဗြဟ္မဏတို့သည် အဘယ်ကိုအကြောင်းပြု၍ အဘယ်ကိုမှီစွဲ၍ ရှေးအဘို့ကို ကြံဆကုန်သနည်း။ ရှေးအဘို့ကိုယူကုန် သနည်း။ ရှေးအဘို့ကိုစွဲမှီ၍များပြားသော မိစ္ဆာအယူပြစကားတို့ကို တစ်ဆယ့်ရှစ်မျိုးသော အကြောင်းတို့ဖြင့် ပြောဟောကုန်သတည်း။

## သဿတဒိဋ္ဌိပဌမဝါဒတည်မြဲသော အယူလေးမျိုး

ရဟန်းတို့တည်မြဲအယူရှိကုန်သော အချို့သော သမဏဗြဟ္မဏတို့သည်ရှိကုန်၏။ ထိုသူတို့သည် အတ္တကိုယ်လည်းကောင်း၊ လောကကိုလည်းကောင်း၊ တည်မြဲ၏ဟု လေးမျိုးသော အကြောင်းတို့ဖြင့်ပြကုန်၏။ တည်မြဲအယူရှိကုန်သော ထိုအရှင်သမဏဗြဟ္မဏတို့ သည်အဘယ်ကို အကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ အတ္တကိုလည်းကောင်း၊ လောကကို လည်းကောင်း တည်မြဲ၏ဟု လေးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်သနည်း။

## သဿတဒိဋ္ဌိ ပဌမဝါဒ

ရဟန်းတို့ဤလောက၌ အချို့သော သာမဏ၊ ဗြဟ္မဏတို့သည်လည်းကောင်း ပြင်းစွာ အားထုတ်ခြင်းကို စွဲ၍ မြဲမြံစွာအားထုတ်ခြင်းကိုစွဲ၍ အဖန်ဖန်အားထုတ်ခြင်းကို စွဲ၍ မမေ့လျော့ခြင်း ကိုစွဲ၍ ကောင်းစွာနှလုံးသွင်းခြင်းကိုစွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကိုရ၏။ ယင်းသို့ စိတ်သည်တည်ကြည်လတ်သော်၊ စင်ကြယ်လတ် သော်၊ ဖြူစင်လတ်သော်၊ ညစ်ကြေးမရှိလတ်သော်၊ ညစ်ညူးခြင်းကင်းလတ်သော်၊ များပြား သောရှေး၌နေဘူးသော ဘဝကို အောက်မေ့နိုင်ရာ၏။ ဤသည်တို့ကားအဘယ်နည်း။

တစ်ဘဝကိုလည်းကောင်း၊ နှစ်ဘဝကိုလည်းကောင်း၊ သုံးဘဝကိုလည်းကောင်း၊ လေးဘဝကိုလည်းကောင်း၊ ငါးဘဝကိုလည်းကောင်း၊ ဆယ်ဘဝကိုလည်းကောင်း၊ ဘဝနှစ် ဆယ်တို့ကို လည်းကောင်း၊ ဘဝသုံးဆယ်တို့ကိုလည်းကောင်း၊ ဘဝလေးဆယ်တို့ကိုလည်းကောင်း၊ ဘဝငါးဆယ် တို့ကိုလည်းကောင်း၊ ဘဝတစ်ရာတို့ကိုလည်းကောင်း၊ ဘဝတစ်ထောင်တို့ကို လည်းကောင်း၊ ဘဝတစ်သောင်းတို့ကိုလည်းကောင်း၊ ဘဝရာပေါင်းများစွာတို့ကိုလည်းကောင်း၊ ဘဝထောင်

ပေါင်းများစွာတို့ကိုလည်းကောင်း၊ ဘဝသိန်းပေါင်းများစွာတို့ ကိုလည်းကောင်း၊ ထိုဘဝ၌ငါသည် ဤသို့သောအနွယ်ရှိခဲ့၏။ ဤသို့သောဆင်းရှိခဲ့၏။ ဤသို့သောအစာရှိခဲ့၏။ ဤသို့သောချမ်းသာ၊ ဆင်းရဲကိုခံစားရ၏။ ဤသို့သောအသက် အပိုင်းအခြားရှိခဲ့၏။ ထိုငါသည် ထိုဘဝသေခဲ့၍ ထိုဘဝ၌ ဖြစ်ပြန်ခဲ့၏။ ထိုဘဝ၌လည်း ဤသို့သောအမည်ရှိခဲ့၏။ ဤသို့သော အနွယ်ရှိခဲ့၏။ ဤသို့သောအဆင်း ရှိခဲ့၏။ ဤသို့သောအစာရှိခဲ့၏။ ဤသို့သောချမ်းသာ၊ ဆင်းရဲကိုခံစားရ၏။ ဤသို့သောအသက် အပိုင်းအခြားရှိခဲ့၏။ ထိုငါသည် ထိုဘဝသေခဲ့၍ ထိုဘဝ၌ ဖြစ်ပြန်ခဲ့၏ဟု အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ်အမည်အနွယ်နှင့်တကွ များပြားသော ရှေး၌ နေဘူးသောဘဝကို အောက်မေ့နိုင်၏။

ထိုသူတို့သည် ဤသို့ဆို၏။

အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း မြဲ၏၊ မြဲ၏။ တောင်ထွတ် ကဲ့သို့ တည်၏။ ခိုင်မြဲသောတံခါးတိုင်ကဲ့သို့တည်၏။ ထိုသတ္တဝါတို့သည်ပင်လျှင် တစ်ဘဝမှ တစ်ဘဝသို့ ပြေးလွှားကုန်၏။ ကျင်လည်ကုန်၏။ သေကုန်၏။ ဖြစ်ပေါ်ကုန်၏။ အတ္တနှင့်လောကသည် မြဲသောအရာတို့နှင့်အတူ အမြဲရှိနေသည်သာတည်း။ အဘယ်ကြောင့် ဆိုသော်ငါသည် ပြင်းစွာအားထုတ်ခြင်းကိုစွဲ၍ မြဲမြံစွာအားထုတ်ခြင်းကိုစွဲ၍ အဖန်ဖန် အားထုတ်ခြင်းကိုစွဲ၍ မမေ့မလျော့ခြင်းကိုစွဲ၍ ကောင်းစွာနှလုံးသွင်းခြင်းကိုစွဲ၍ ထိုသို့သော သဘောရှိသော စိတ်တည်ကြည်ခြင်းကိုရ၏။ ယင်းသို့စိတ်သည်တည်ကြည်လတ်သော များပြားသောရှေး၌ နေဘူးသောဘဝကို အောက်မေ့နိုင်၏။ ဤသည်တို့ကားအဘယ်နည်း။

တစ်ဘဝကိုလည်းကောင်း၊ နှစ်ဘဝကိုလည်းကောင်း၊ သုံးဘဝကိုလည်းကောင်း၊ လေးဘဝကိုလည်းကောင်း၊ ငါးဘဝကိုလည်းကောင်း၊ ဆယ်ဘဝကိုလည်းကောင်း၊ ဘဝနှစ်ဆယ်တို့ကိုလည်းကောင်း၊ ဘဝသုံးဆယ်တို့ကိုလည်းကောင်း၊ ဘဝလေးဆယ်တို့ကိုလည်းကောင်း၊ ဘဝငါးဆယ်တို့ကိုလည်းကောင်း၊ ဘဝတစ်ရာတို့ကိုလည်းကောင်း၊ ဘဝတစ်ထောင်တို့ကိုလည်းကောင်း၊ ဘဝတစ်သောင်းတို့ကိုလည်းကောင်း၊ ဘဝရာပေါင်းများစွာတို့ကိုလည်းကောင်း၊ ဘဝထောင်ပေါင်းများစွာတို့ကိုလည်းကောင်း၊ ဘဝသိန်းပေါင်းများစွာတို့ ကိုလည်းကောင်း၊ ထိုဘဝ၌ငါသည် ဤသို့သောအနွယ်ရှိခဲ့၏။ ဤသို့သောအဆင်းရှိခဲ့၏။ ဤသို့သောအစာရှိခဲ့၏။ ဤသို့သောချမ်းသာ၊ ဆင်းရဲကိုခံစားရ၏။ ဤသို့သောအသက် အပိုင်းအခြားရှိခဲ့၏။ ထိုငါသည် ထိုဘဝသေခဲ့၍ ထိုဘဝ၌ ဖြစ်ပြန်ခဲ့၏။ ထိုဘဝ၌လည်း ဤသို့သောအမည်ရှိခဲ့၏။ ဤသို့သော အနွယ်ရှိခဲ့၏။ ဤသို့သောအဆင်း ရှိခဲ့၏။ ဤသို့သောအစာရှိခဲ့၏။ ဤသို့သောချမ်းသာ၊ ဆင်းရဲကိုခံစားရ၏။ ဤသို့သောအသက် အပိုင်းအခြားရှိခဲ့၏။ ထိုငါသည် ထိုဘဝသေခဲ့၍ ထိုဘဝ၌ ဖြစ်ပြန်ခဲ့၏ဟု အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ်အမည်အနွယ်နှင့်တကွ များပြားသော ရှေး၌ နေဘူးသောဘဝကို အောက်မေ့နိုင်၏။ ငါသည်ဤအကြောင်းကြောင့်

အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း မြဲ၏၊ မြဲ၏။ တောင်ထွတ် ကဲ့သို့ တည်၏။ ခိုင်မြဲသောတံခါးတိုင်ကဲ့သို့တည်၏။ ထိုသတ္တဝါတို့သည်ပင်လျှင် တစ်ဘဝမှ တစ်ဘဝသို့ ပြေးလွှားကုန်၏။ ကျင်လည်ကုန်၏။ သေကုန်၏။ ဖြစ်ပေါ်ကုန်၏။ အတ္တနှင့်လောကသည် မြဲသောအရာ

တို့နှင့်အတူအမြဲရှိနေသည်သာတည်းဟုသိ၏ဟုဆို၏။

ရဟန်းတို့ ဤသည်ကား ပထမအကြောင်းတည်း။ ယင်းကိုအကြောင်းပြု၍ ယင်းကို စွဲမှီ၍ တည်မြဲအယူရှိကုန်သော အချို့သောသာမဏ၊ ဗြာဟ္မဏတို့သည် အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း တည်မြဲ၏ဟုပြကုန်၏။

## သဿတဒိဋ္ဌိ ဒုတိယဝါဒ

ဒုတိယဝါဒ၌ကား တည်မြဲအယူရှိကုန်သော အချို့သောသာမဏ၊ ဗြာဟ္မဏတို့သည် အဘယ်အကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ အတ္တကိုလည်းကောင်း၊ လောကကိုလည်း ကောင်းတည်မြဲ၏ ဟုပြကုန်သနည်း။

ရဟန်းတို့ ဤလောက၌ အချို့သော သာမဏ၊ ဗြာဟ္မဏတို့သည်လည်းကောင်း ပြင်းစွာအားထုတ်ခြင်းကို စွဲ၍ မြဲမြံစွာအားထုတ်ခြင်းကို စွဲ၍ အဖန်ဖန်အားထုတ်ခြင်းကိုစွဲ၍ မမေ့လျော့ခြင်းကိုစွဲ၍ ကောင်းစွာနှလုံးသွင်းခြင်းကိုစွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ ၏။ ယင်းသို့စိတ်တည်ကြည်လတ်သော် များပြားသော ရှေး၌ နေဘူးသော ဘဝကိုအောက်မေ့နိုင်၏။ ဤသည်တို့ကားအဘယ်နည်း။

တစ်ခုသောပျက်ကပ်ဖြစ်ကပ်ကိုလည်းကောင်း၊ နှစ်ခုသောပျက်ကပ်ဖြစ်ကပ်ကို လည်းကောင်း၊ သုံးခုသော ပျက်ကပ်၊ ဖြစ်ကပ်ကိုလည်းကောင်း၊ လေးခုသော ပျက်ကပ်၊ဖြစ်ကပ်ကို လည်းကောင်း၊ ငါးခုသော ပျက်ကပ်ဖြစ်ကပ်ကိုလည်းကောင်း၊ ဆယ်ခုသော ပျက်ကပ်၊ ဖြစ်ကပ်ကို လည်းကောင်း၊ ထို (ဘဝ) ၌ (ငါ) သည်ဤသို့သောအမည်ရှိခဲ့၏။ ဤသို့သောအနွယ်ရှိခဲ့၏။ ဤသို့သောအဆင်းရှိခဲ့၏။ ဤသို့သောအစာရှိခဲ့၏။ ဤသို့သောချမ်းသာ၊ ဆင်းရဲကိုခံစားရ၏။ ဤသို့သောအသက် အပိုင်းအခြားရှိခဲ့၏။ ထိုငါသည် ထိုဘဝသေခဲ့၍ ထိုဘဝ၌ ဖြစ်ပြန်ခဲ့၏ဟု အခြင်းအရာ နှင့်တကွ ညွှန်းပြဖွယ် အမည်အနွယ်နှင့်တကွ များပြားသော ရှေး၌ နေဘူးသော ဘဝကို အောက်မေ့နိုင်၏။

ထိုသူတို့သည် ဤသို့ဆို၏။

အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း မြဲ၏၊ မြဲ၏။ တောင်ထွတ် ကဲ့သို့ တည်၏။ ခိုင်မြဲသောတံခါးတိုင်ကဲ့သို့တည်၏။ ထိုသတ္တဝါတို့သည်ပင်လျှင် တစ်ဘဝမှ တစ်ဘဝသို့ ပြေးလွှားကုန်၏၊ ကျင်လည်ကုန်၏။ သေကုန်၏။ ဖြစ်ပေါ်ကုန်၏။ အတ္တနှင့်လောကသည် မြဲသောအရာ တို့နှင့်အတူ အမြဲရှိနေသည်သာတည်း။ အဘယ်ကြောင့် ဆိုသော်ငါသည် ပြင်းစွာအားထုတ်ခြင်းကိုစွဲ၍ မြဲမြံစွာအားထုတ်ခြင်းကိုစွဲ၍ အဖန်ဖန် အားထုတ်ခြင်းကိုစွဲ၍ မမေ့မလျော့ခြင်းကိုစွဲ၍ ကောင်းစွာနှလုံးသွင်းခြင်းကိုစွဲ၍ ထိုသို့သော သဘောရှိသော စိတ်တည်ကြည်ခြင်းကိုရ၏။ ယင်းသို့စိတ်သည်တည်ကြည် လတ်သော များပြားသောရှေး၌ နေဘူးသောဘဝကို အောက်မေ့နိုင်၏။ ဤသည်တို့ကားအဘယ်နည်း။

ဆယ်ခုသောပျက်ကပ်ဖြစ်ကပ်ကိုလည်းကောင်း၊ နှစ်ဆယ်သောပျက်ကပ်ဖြစ်ကပ်ကို လည်းကောင်း၊ သုံးဆယ်သော ပျက်ကပ်၊ ဖြစ်ကပ်ကိုလည်းကောင်း၊ လေးဆယ်သောပျက်ကပ်၊ ဖြစ်ကပ်ကိုလည်းကောင်း၊ ထို (ဘဝ) ၌ (ငါ) သည်ဤသို့သောအမည်ရှိခဲ့၏၊ ဤသို့သောအနွယ်ရှိခဲ့၏၊ ဤသို့သောအဆင်းရှိခဲ့၏၊ ဤသို့သောအစာရှိခဲ့၏၊ ဤသို့သောချမ်းသာ၊ ဆင်းရဲကိုခံစားရ၏၊ ဤသို့သောအသက် အပိုင်းအခြားရှိခဲ့၏။ ထိုငါသည် ထိုဘဝသေခဲ့၍ ထိုဘဝ၌ ဖြစ်ပြန်ခဲ့၏ဟု အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် အမည်အနွယ်နှင့်တကွ များပြားသော ရှေး၌ နေဘူးသောဘဝကို အောက်မေ့နိုင်၏။

အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း မြဲ၏၊ မြဲ၏။ တောင်ထွတ် ကဲ့သို့ တည်၏။ နိုင်မြဲသောတံခါးတိုင်ကဲ့သို့တည်၏။ ထိုသတ္တဝါတို့သည်ပင်လျှင် တစ်ဘဝမှ တစ်ဘဝသို့ ပြေးလွှားကုန်၏၊ ကျင်လည်ကုန်၏၊ သေကုန်၏၊ ဖြစ်ပေါ်ကုန်၏၊ အတ္တနှင့်လောကသည် မြဲသောအရာတို့နှင့်တူစွာ အမြဲရှိနေသည်သာတည်းဟုသိ၏ဟုဆို၏

ရဟန်းတို့ ဤသည်ကား တတိယအကြောင်းတည်း။ ယင်းကိုအကြောင်းပြု၍ ယင်းကို စွဲမှီ၍ တည်မြဲအယူရှိကုန်သောအချို့သောသမဏဗြာဟ္မဏတို့သည်အတ္တကိုလည်းကောင်း၊ လောကကို လည်းကောင်း တည်မြဲ၏ဟုပြကုန်၏။

## သဿတဒိဋ္ဌိ စတုတ္ထဝါဒ

စတုတ္ထဝါဒ၌ကား တည်မြဲအယူရှိကုန်သော အသျှင်သာမဏ၊ ဗြာဟ္မဏတို့သည် အဘယ်အကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ အတ္တကိုလည်းကောင်း၊ လောကကိုလည်း ကောင်းတည်မြဲ၏ ဟုပြကုန်သနည်း။

ရဟန်းတို့ဤလောက၌ အချို့သော သာမဏ၊ ဗြာဟ္မဏတို့သည်လည်းကောင်း ကြံစည်လေ့ရှိ၏၊ စူးစမ်းလေ့ရှိ၏။ ထိုသူသည်အမျိုးမျိုးကြံစည်၍ စူးစမ်းဆင်ခြင်၍ မိမိ၏ ထင်မြင်ချက်ကို ဤသို့ဆို၏။

အတ္တလောကသည်လည်းကောင်း၊ မြဲ၏၊ မြဲ၏။ တောင်ထွတ် ကဲ့သို့ တည်၏၊ နိုင်မြဲသောတံခါးတိုင်ကဲ့သို့တည်၏။ ထိုသတ္တဝါတို့သည်ပင်လျှင် တစ်ဘဝမှတစ်ဘဝသို့ပြေးလွှား ကုန်၏၊ ကျင်လည်ကုန်၏၊ သေကုန်၏၊ ဖြစ်ပေါ်ကုန်၏။ အတ္တနှင့် လောကသည် တည်မြဲသော အရာတို့နှင့်အတူ အမြဲရှိနေသည် သာတည်းဟုဆို၏။

ရဟန်းတို့ ဤသည်ကား စတုတ္ထမြောက်အကြောင်းတည်း။ ယင်းကိုအကြောင်းပြု၍ ယင်းကိုစွဲမှီ၍ တည်မြဲအယူရှိကုန်သော အချို့သောသမဏဗြာဟ္မဏတို့သည် အတ္တကို လည်းကောင်း၊ လောကကိုလည်းကောင်း တည်မြဲ၏ဟုပြကုန်၏။

ရဟန်းတို့တည်မြဲအယူရှိကုန်သော သမဏဗြာဟ္မဏတို့သည် အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်းတည်မြဲ၏ဟု လေးမျိုးသောအကြောင်းတို့ဖြင့်ပြကုန်၏။

ရဟန်းတို့ တည်မြဲအယူရှိကုန်သော သမဏဗြာဟ္မဏတို့သည် အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်းတည်မြဲ၏ဟု ပြကြလျှင် လေးမျိုးသောအကြောင်းတို့ဖြင့်သော် လည်းကောင်း၊ ဤလေးမျိုးတို့တွင်တစ်မျိုးမျိုးသောအကြောင်းဖြင့်သော်လည်းကောင်း ပြကုန်၏။ ဤလေးမျိုးတို့မှ တစ်ပါးသောအကြောင်းမရှိ။

ရဟန်းတို့ ဤအယူတို့သည် ဤသို့စွဲယူထားလျှင် ဤသို့မှားယွင်းစွာသုံးသပ်ထား လျှင် ဤသို့လိုလားရာ ရှိကုန်၏။ ဤသို့ တမလွန်ရှိကုန်၏ဟု မြတ်ဘုရားသည် ထိုလေးမျိုးသော အယူကို သိတော်မူ၏။

မြတ်စွာဘုရားသည် ထိုလေးမျိုးသောအယူကိုလည်းသိတော်မူ၏။ ထို့ထက်အထူး သဖြင့်လွန်မြတ်သောတရားကိုလည်းသိတော်မူ၏။ ထိုအထူးသဖြင့်လွန်မြတ်သောတရားကို သိတော်မူသော်လည်းမှားယွင်းစွာ မသုံးသပ်၊ မှားယွင်းစွာမသုံးသပ်သောကြောင့် ထိုမြတ်စွာဘုရားသည် ကိုယ်တော်တိုင်သာလျှင် နိဗ္ဗာန်ကိုသိတော်မူ၏။

ရဟန်းတို့ မြတ်စွာဘုရားသည် ဝေဒနာတို့၏ဖြစ်ကြောင်းကိုလည်းကောင်း၊ ချုပ်ကြောင်းကိုလည်းကောင်း၊ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ဝေဒနာ တို့မှထွက်မြောက်ရာကိုလည်းကောင်း၊ ဟုတ်မှန်သောအတိုင်းသိတော်မူသဖြင့် တစ်စုံ တစ်ရာမစွဲလမ်းမူ၍ လွတ်မြောက်တော် မူ၏။

ရဟန်းတို့ မြတ်စွာဘုရားသည် အကြင်တရားတို့ကို ကိုယ်တော်တိုင်ထူးသော ဉာဏ်ဖြင့်မျက်မှောက်ပြု၍ဟောတော်မူ၏။ မြတ်စွာဘုရား၏ဟုတ်မှန်သောဂုဏ်ကိုမှန်စွာ ပြောလိုလျှင် အကြင်တရားတို့ဖြင့်ပြောကြရာ၏။ နက်နဲကုန်သော၊ မြင်နိုင်ခဲကုန်သော၊ သိနိုင်ကုန်သော၊ ငြိမ်သက်ကုန်သော၊ မွန်မြတ်ကုန်သော၊ ကြံစည်ခြင်းဖြင့်မရောက်နိုင်ကုန်သော၊ သိမ်မွေ့ကုန်သော၊ ပညာရှိတို့သာ သိနိုင်ကုန်သော၊ ထိုတရားတို့သည် ဤသည်တို့ပင် တည်း။

## ဧကစ္စသဿတဒိဋ္ဌိ

### အချို့တည်မြဲသောအယူလေးမျိုး

ရဟန်းတို့သည် အချို့တည်မြဲ၊ အချို့မတည်မြဲအယူရှိကုန်သော၊ အချို့သော သမဏ၊ ဗြာဟ္မဏတို့သည်ရှိကုန်၏။ ထိုသူတို့သည် အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ အချို့ တည်မြဲ၏။ အချို့မတည်မြဲဟုလေးမျိုးသော အကြောင်းတို့ဖြင့်ပြကုန်၏။ အချို့တည်မြဲ၊ အချို့မတည်မြဲ အယူရှိကုန်သော ထိုအသျှင်သာမဏ၊ ဗြာဟ္မဏတို့သည် အဘယ်ကိုအကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ အတ္တကိုလည်းကောင်း၊ လောကကိုလည်း ကောင်း၊ အချို့တည်မြဲ၏။ အချို့မတည်မြဲဟုလေးမျိုးသော အကြောင်းတို့ဖြင့်ပြကုန်သ နည်း။

## ဧကစ္စသဿတဒိဋ္ဌိ ပဌမဝါဒ

ရဟန်းတို့ရှည်သော ကာလလွန်သော် တရံတခါ၌ ဤလောကသည် ပျက်၏။ ထို အခါသည် ရှိသည်သာတည်း၊ လောကပျက်လတ်သော် သတ္တဝါတို့သည် များသောအား ဖြင့် အာဘဿရဘုံ၌ ဖြစ်ကုန်၏။

ထိုသူတို့သည် ထိုဘုံ၌ချမ်းစိတ်ကြောင့် ဖြစ်ကုန်၏။ နှစ်သိမ့်ခြင်း ပီတိလျှင် အစာရှိကုန်၏။ မိမိတို့ကိုယ်ရောင်ဖြင့်လင်းလျက်ရှိ၏။ ကောင်းကင် ၌ ကျက်စားကုန်၏။ တင့်တယ်သောနေရာရှိကုန်၏။ ကြာရှည်စွာသော ကာလပတ်လုံး တည်နေကုန်၏။ ရဟန်းတို့ ရှည်သော ကာလလွန်သောတခါတရံ၌ ဤလောကသည် ဖြစ်၏။ ထိုအခါသည် ရှိသည်သာတည်း၊ လောကဖြစ်လတ်သော သတ္တဝါတို့မှ ဆိတ်သော ပြဟ္မာဗိမ္မာန်သည် ထင်ရှားဖြစ်ပေါ်၏။ ထိုအခါ တစ်ဦးတစ်ယောက်သောသတ္တဝါသည် အသက်ကုန်သောကြောင့်ဖြစ်စေ၊ ကောင်းမှုကံကုန် သော ကြောင့်ဖြစ်စေ၊ အာဘဿရဘုံမှ သေခဲ့၍ သတ္တဝါမှဆိတ်သော ပြဟ္မာဘုံ၌ ဖြစ်ပေါ်ကုန်၏။ နှစ်သိမ့်ခြင်းပီတိလျှင် အစာရှိ ကုန်၏။ မိမိတို့ ကိုယ်ရောင်ဖြင့်လင်းလျက်ရှိကုန်၏။ ကောင်းကင်၌ ကျက်စားကုန်၏။တင့်တယ်သောနေရာရှိကုန်၏။ ကြာရှည်စွာသော ကာလပတ်လုံးတည်နေကုန်၏။

ရဟန်းတို့ ထိုသတ္တဝါတို့တွင် ရှေးဦးစွာဖြစ်ပေါ်နှင့်သော သတ္တဝါအား ဤသို့အကြံ ဖြစ်၏။

ငါသည် ပြဟ္မာဖြစ်၏။ မဟာပြဟ္မာဖြစ်၏။ လွှမ်းမိုးနိုင်သူဖြစ်၏။ မည်သူကမျှ မလွှမ်းမိုးနိုင်သူဖြစ်၏။ စင်စစ်အလုံးစုံကိုမြင်သူဖြစ်၏။ အလိုအတိုင်းဖြစ်စေနိုင်သူဖြစ်၏။ အစိုးရသူဖြစ်၏။ ပြုသူဖြစ်၏။ ဖန်ဆင်းသူဖြစ်၏။ အမြတ်ဆုံးဖြစ်၏။ စီမံသူဖြစ်၏။ ချန်၌လေ့လာပြီးသူဖြစ်၏ ဖြစ်ပြီး ဖြစ်ဆဲသတ္တဝါတို့၏အဖဖြစ်၏။ ဤသတ္တဝါတို့ကို ငါဖန်ဆင်း ထား၏။အဘယ်ကြောင့်ဆိုသော် -

တစ်ပါးသော သတ္တဝါတို့သည်လည်း ဤဘုံသို့ရောက်လာဘိမူ ကောင်းလေစွငါ့အား ရှေး၌အကြံဖြစ်ခဲ့၏။ ငါ့အားဤသို့ တောင့်တခြင်းလည်းဖြစ်၏။ ဤသတ္တဝါတို့သည်လည်း ဤပြဟ္မာ့ဘုံသို့ ရောက်လာကုန်၏။

နောက်မှဖြစ်ပေါ်လာသော သတ္တဝါတို့အားလည်း ဤသို့အကြံဖြစ်၏။

ဤအသျှင်သည်ပြဟ္မာဖြစ်၏။ မဟာပြဟ္မာဖြစ်၏။ လွှမ်းမိုးနိုင်သူဖြစ်၏။ မည်သူကမျှ မလွှမ်းမိုးနိုင်သူဖြစ်၏။ စင်စစ်အလုံးစုံကိုမြင်သူဖြစ်၏။ အလိုအတိုင်းဖြစ်စေနိုင်သူဖြစ်၏။ အစိုးရသူဖြစ်၏။ ပြုသူဖြစ်၏။ ဖန်ဆင်းသူဖြစ်၏။ အမြတ်ဆုံးဖြစ်၏။ စီမံသူဖြစ်၏။ ချာန် ၌လေ့လာပြီးသူဖြစ်၏။ ဖြစ်ပြီး ဖြစ်ဆဲသတ္တဝါတို့၏အဖဖြစ်၏။ ငါတို့ကိုဤအသျှင်ပြဟ္မာ ဖန်ဆင်းထား၏။ အဘယ်ကြောင့် ဆိုသော် -

ဤဘုံ၌ ဤပြဟ္မာကြီးရှေးဦးစွာ ဖြစ်ပေါ်နေနှင့်သော သတ္တဝါသည် အသက်လည်း သာလွန်ရှည်၏။ အဆင်းလည်းသာလွန်၍လှ၏။ တန်ခိုးလည်းသာလွန်၍ကြီး၏။ နောက်မှ ဖြစ်ပေါ်လာသောသတ္တဝါတို့သည်ကား ရှေးဦးစွာဖြစ်ပေါ်နှင့် နှိုင်းစာလျှင်အသက်လည်းတိုကုန်၏။ အဆင်းလည်း မလှကုန်၊ တန်ခိုးလည်းနည်းကုန်၏။

ရဟန်းတို့ ဤသို့သော်အကြောင်းသည်ရှိသေး၏။ တစ်ဦးတစ်ယောက်သော သတ္တဝါသည် ထိုပြဟ္မာ့ဘုံမှစုတေခဲ့၍ ဤလူ့ဘုံမှရောက်လာသော လူ့ဘောင်မှရသော့ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ပြင်းစွာအားထုတ်ခြင်းကို စွဲ၍မပြတ်စွာအားထုတ်ခြင်းကို စွဲ၍ အဖန်ဖန်အားထုတ်ခြင်းကို စွဲ၍မမေ့မလျော့ခြင်းကို စွဲ၍ကောင်းစွာနှလုံးသွင်းခြင်းကို စွဲ၍ ထိုထိုသဘောရှိသော စိတ်တည်ကြည်ခြင်း ကို ရ၏။

ယင်းသို့စိတ်သည်တည်ကြည်လတ် သော် ရှေး၌နေဖူးသော ထိုဗြဟ္မာ ဘဝကိုအောက်မေ့နိုင်၏။ ထိုထက်လွန်၍မအောက်မေ့ နိုင်။ ထိုသူသည်ဤသို့ဆို၏။

အကြင်အသျှင်သည်ဗြဟ္မာဖြစ်၏။ မဟာဗြဟ္မာဖြစ်၏။ လွှမ်းမိုးနိုင်သူဖြစ်၏။ မည်သူကမျှမလွှမ်းမိုးနိုင်သူဖြစ်၏။ စင်စစ်အလုံးစုံကိုမြင်သူဖြစ်၏။ အလိုအတိုင်းဖြစ်စေနိုင်သူ ဖြစ်၏။ အစိုးရသူဖြစ်၏။ ပြုသူဖြစ်၏။ ဖန်ဆင်းသူဖြစ်၏။ အမြတ်ဆုံးဖြစ်၏။ စီမံသူဖြစ်၏။ ဈာန်၌ လေ့လာပြီးသူဖြစ်၏။ ဖြစ်ပြီးဖြစ်ဆဲသတ္တဝါတို့၏အဖဖြစ်၏။ ငါတို့ကိုဤအသျှင် ဗြဟ္မာက ဖန်ဆင်းထား၏။ ထိုဗြဟ္မာဖြစ်ပေါ်ခြင်းမရှိ၍မြဲ၏။ သေခြင်းမရှိ၍ခိုင်မြဲ၏။ ထာဝစဉ် ရှိနေ၍ တည်မြဲ၏။ ဖောက်ပြန်ခြင်းမရှိသဘောမရှိ ထို့ကြောင့်မြဲသောအရာတို့နှင့်တူစွာ တည်မြဲတိုင်းပင် တူလတ္တံ့။ ထိုအသျှင် ဗြဟ္မာဖန်ဆင်း သောငါတို့သည်ကား ဖြစ်ပေါ်ခြင်း မရှိ၍ မမြဲကုန်၊ သေခြင်း ရှိ၍မမြဲကုန်။အသက်တို့ကုန်၏။သေခြင်းသဘောရှိကုန်၏။ ထို့ကြောင့်ဤလူ့ဘုံ သို့ရောက်လာ ကုန်၏ ဟုဆို၏။

ရဟန်းတို့ ဤသည်ကားပဋ္ဌမအကြောင်းတည်း၊ ယင်းသို့အကြောင်းပြု၍ ယင်းကိုစွဲ မှီ၍ အချို့တည်မြဲ၊ အချို့မတည်မြဲ အယူရှိကုန်သော အချို့သောသာမဏ၊ ဗြဟ္မဏတို့သည် အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ အချို့တည်မြဲ အချို့မတည်မြဲ ဟုပြကုန်၏။

## ဧကစ္စသဿတဒိဋ္ဌိ ဒုတိယဝါဒ

ဒုတိယဝါဒ၌ကား အချို့တည်မြဲ အချို့မတည်မြဲအယူရှိကုန်သော အသျှင်သာမဏ၊ ဗြဟ္မဏတို့သည် အဘယ်ကိုအကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ အတ္တကိုလည်းကောင်း၊ လောကကို လည်းကောင်း၊ အချို့တည်မြဲ၏။ အချို့မတည်မြဲဟု ပြကုန်သတည်း။

ရဟန်းတို့ ခိဍ္ဍာပဒေါသိကမည်သောနတ်တို့သည် ရှိကုန်၏။ ထိုနတ်တို့အလွန် ကြာမြင့်စွာ ကျီစယ်ပျော်ပါးလျက်နေကုန်၏။ စားသောက်ရန် သတိမေ့သောကြောင့် ထိုနတ်ဘဝ မှစုတေကုန်၏။

ရဟန်းတို့ ဤသို့အကြောင်းရှိသေး၏။ တစ်ဦးတစ်ယောက်သောသတ္တဝါတို့သည် ထိုနတ်ဘုံမှ စုတေခဲ့၍ ဤလူ့ဘုံသို့ရောက်လာသော လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ပြီးလျှင် ပြင်းစွာ အားထုတ်ခြင်းကိုစွဲ၍၊ အဖန်ဖန်အားထုတ်ခြင်းကိုစွဲ၍၊ မမေ့မလျော့ခြင်းကို စွဲ၍၊ ကောင်းစွာနှလုံးသွင်း ခြင်းကိုစွဲ၍၊ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကိုရ၏။ ယင်းသို့စိတ်သည်တည်ကြည်လတ်သော ရှေး၌နေဘူးသော နတ်ဘဝကို အောက်မေ့နိုင်၏။ ထိုထက်လွန်၍ မအောက်မေ့နိုင်။ ထိုသူသည် ဤသို့ဆို၏။

အကြင်အသျှင်နတ်တို့သည် ခိဍ္ဍာပဒေါသိကမဟုတ်ကုန်။ ထိုနတ်တို့သည်အလွန် ကြာမြင့်စွာ ကျီစယ်ပျော်ပါး၍မနေကုန်၍ စားသောက်ရန်သတိမမေ့သောကြောင့် ထိုနတ် ဘဝမှ မစုတေကုန်။ ဖြစ်ပေါ်ခြင်းမရှိ၍ မြဲကုန်၏။ သေခြင်းမရှိ၍မြဲကုန်၏။ ထာဝစဉ်ရှိ နေ၍ တည်မြဲကုန်၏။ ဖေါက်ပြန်ခြင်းသဘောမရှိကုန်။ ထို့ကြောင့် မြဲသောအရာတို့နှင့်တူစွာတည် မြဲတိုင်းပင်တည်ကုန်လတ္တံ့။

ခိဋ္ဌာပဒေါသိက ဖြစ်သောင်ါတို့သည်ကား အလွန် ကြာမြင့်စွာ ကျီစယ်ပျော်ပါးလျက်နေကုန်၍ စားသောက်ရန်သတိမေ့သောကြောင့် ထိုနတ် ဘဝမှစုတေခဲ့ကုန်၏။ ဖြစ်ပေါ်ခြင်း ရှိ၍မမြဲကုန်၊ သေခြင်းရှိ၍မမြဲကုန်။ အသက်တိုကုန်၏။ သေခြင်းသဘောရှိကုန်၏။ ထို့ကြောင့် ဤလူ့ဘုံသို့ရောက်လာကုန်၏ဟုဆို၏။

## ကေစ္စသဿတဒိဋ္ဌိ တတိယဝါဒ

တတိယဝါဒ၌ကား အချို့တည်မြဲ အချို့မတည်မြဲ အယူရှိကုန်သောအသျှင်သာမဏ ဗြဟ္မဏတို့သည် အဘယ်ကိုအကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ အတ္တကိုလည်းကောင်း၊ လောကကို လည်းကောင်း၊ အချို့တည်မြဲ၏။ အချို့မတည်မြဲဟု ပြကုန်သတည်း။

ရဟန်းတို့ မနောပဒေါသိကမည်သောနတ်တို့သည် ရှိကုန်၏။ ထိုနတ်တို့အလွန် ကြာမြင့်စွာ အချင်းချင်းက စိမ်းစိမ်းကြည့်ကြကုန်သဖြင့် အချင်းချင်းဒေါသစိတ်ဖြင့်ကုန်၍ ကိုယ်စိတ် ပင်ပန်းသောကြောင့် ထိုနတ်ဘဝမှစုတေကုန်၏။

ရဟန်းတို့ ဤသို့အကြောင်းရှိသေး၏။ တစ်ဦးတစ်ယောက်သောသတ္တဝါတို့သည် ထိုနတ်ဘုံမှ စုတေခဲ့၍ ဤလူ့ဘုံသို့ရောက်လာသော လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ပြီးလျှင် ပြင်းစွာ အားထုတ်ခြင်းကိုစွဲ၍၊ အဖန်ဖန်အားထုတ်ခြင်းကိုစွဲ၍၊ မမေ့မလျော့ခြင်းကို စွဲ၍၊ ကောင်းစွာနှလုံးသွင်းခြင်း ကိုစွဲ၍၊ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကိုရ၏။ ယင်းသို့စိတ်သည်တည်ကြည်လတ်သော ရှေး၌နေဘူးသော နတ်ဘဝကို အောက်မေ့နိုင် ၏။ ထိုထက်လွန်၍ မအောက်မေ့နိုင်။ ထိုသူသည် ဤသို့ဆို၏။

အကြင်အသျှင်နတ်တို့သည် မနောပဒေါသိကမဟုတ်ကုန်။ ထိုနတ်တို့သည်အလွန် ကြာမြင့်စွာ အချင်းချင်းစိမ်းစိမ်းကြည့်ကြကုန်သဖြင့် အချင်းချင်းဒေါသစိတ် မဖြစ်ကုန်၍ ထိုနတ်ဘဝ မှမစုတေကုန်။ ဖြစ်ပေါ်ခြင်းမရှိ၍ မြဲကုန်၏။ သေခြင်းမရှိ၍မြဲကုန်၏။ ထာဝစဉ် ရှိနေ၍ တည်မြဲကုန်၏။ ဖောက်ပြန်ခြင်းသဘောမရှိကုန်။ ထို့ကြောင့် မြဲသောအရာတို့နှင့် တူစွာ တည်မြဲတိုင်းပင်တည်ကုန်လတ္တံ့။ မနောပဒေါသိက ဖြစ်သောင်ါတို့သည်ကား အလွန် ကြာမြင့်စွာ အချင်းချင်းစိမ်းစိမ်းကြည့်ကြကုန်သဖြင့် အချင်းချင်းဒေါသစိတ်ဖြစ်ကုန်၍ ကိုယ်စိတ်ပင်ပန်း သောကြောင့် ထိုနတ်ဘဝမှစုတေခဲ့ကုန်၏။ ဖြစ်ပေါ်ခြင်းရှိ၍မမြဲကုန်။ သေခြင်းရှိ၍မမြဲကုန်။ အသက်တိုကုန်၏။သေခြင်းသဘောရှိကုန်၏။ ထို့ကြောင့် ဤလူ့ဘုံသို့ရောက်လာကုန်၏ဟုဆို၏။

ရဟန်းတို့ ဤသည်ကားတတိယအကြောင်းတည်း၊ ယင်းသို့အကြောင်းပြု၍ယင်းကို စွဲမှီ၍ အချို့တည်မြဲ အချို့မတည်မြဲအယူရှိကုန်သော အချို့သောသာမဏ ဗြဟ္မဏတို့သည် အတ္တကို လည်းကောင်း၊ လောကကိုလည်းကောင်း၊ အချို့တည်မြဲ အချို့ မတည်မြဲဟုပြ ကုန်၏။

# ကေစ္စသဿတဒိဋ္ဌိ စတုတ္ထဝါဒ

စတုတ္ထဝါဒ၌ကား အချို့တည်မြဲအချို့မတည်မြဲအယူရှိကုန်သော အသျှင်သာမဏ ဗြာဟ္မဏတို့သည် အဘယ်ကိုအကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ အတ္တကိုလည်းကောင်း၊ လောကကို လည်းကောင်း၊ အချို့တည်မြဲ၏၊ အချို့မတည်မြဲဟု ပြကုန်သတည်း။

ရဟန်းတို့ ဤလောက၌ အချို့သော သာမဏသည်လည်းကောင်း၊ ဗြာဟ္မဏသည် လည်းကောင်း၊ ကြံစည်လေ့ရှိ၏၊ စူးစမ်းလေ့ရှိ၏၊ ထိုသူသည် အမျိုးမျိုးကြံစည်၍ စူးစမ်း ဆင်ခြင်၍ မိမိထင်မြင်ချက်ကိုဤသို့ဆို၏။

မျက်စိ၊ နား၊ လျှာ၊ နှာ၊ ကိုယ်ဟုဆိုအပ်သော ဤရုပ်အတ္တသည် ဖြစ်ခြင်းရှိ၍မမြဲ၊ ပျက်ခြင်းရှိ၍မခိုင်မြဲ၊ ထာဝစဉ်ရှိမနေ၍မခိုင်မြဲ၊ ဖောက်ပြန်ခြင်းရှိ၍မတည်မြဲ၊ စိတ်မနော ဝိညာဉ်ဟုဆိုအပ်သော ဤနာမ်အတ္တသည်ဖြစ်ခြင်းမရှိ၍မြဲ၏၊ သေခြင်းမရှိ၍ခိုင်မြဲ၏။ ထာဝစဉ် ရှိနေ၍ ခိုင်မြဲ၏၊ ဖောက်ပြန်ခြင်းသဘောမရှိ မြဲသောအရာတို့နှင့် တူစွာတည်မြဲတိုင်းပင် တည်လတ္တံ့ ဟုဆို၏။

ရဟန်းတို့ ဤသည်ကား စတုတ္ထအကြောင်းတည်း၊ ယင်းကို အကြောင်းပြု၍ ယင်းကို စွဲမှီ၍တည်မြဲအချို့မတည်မြဲအယူရှိကုန်သောအချို့သောသာမဏ၊ ဗြာဟ္မဏတို့သည် အတ္တကို လည်းကောင်း၊ လောကကိုလည်းကောင်း၊ အချို့တည်မြဲ၏၊ အချို့မတည်မြဲဟုပြကုန် ၏။

ရဟန်းတို့ အချို့တည်မြဲ၊ အချို့မတည်မြဲအယူရှိကုန်သော သာမဏ၊ ဗြာဟ္မဏတို့သည် အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ အချို့တည်မြဲ အချို့မတည်မြဲဟု ဤလေးမျိုးသော အကြောင်းတို့ဖြင့်ပြကုန်၏။

ရဟန်းတို့ အချို့တည်မြဲ၊ အချို့မတည်မြဲအယူရှိကုန်သော သာမဏ၊ ဗြာဟ္မဏတို့သည် အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ အချို့တည်မြဲ အချို့မတည်မြဲဟု ဤလေးမျိုးသော အကြောင်းတို့ဖြင့်ပြကုန်၏။ ဤလေးမျိုးမှ တစ်ပါးသောအကြောင်းမရှိ။

ရဟန်းတို့ ဤအယူတို့သည် ဤသို့စွဲယူထားလျှင်ဤသို့မှားယွင်းစွာသုံးသပ်ထားလျှင် ဤသို့လားရာရှိကုန်၏။ ဤသို့တမလွန်ရှိကုန်၏ ဟု မြတ်စွာဘုရားသည် ထိုလေးမျိုးသောအယူကို သိတော်မူ၏။

မြတ်စွာဘုရားသည် ထိုလေးမျိုးသောအယူသည်းတော်မူ၏။ ထို့ထက်အထူးသဖြင့် အလွန်သဖြင့် အလွန်တရာမြတ်သော တရားကိုလည်းသိတော်မူ၏၊ ထိုအထူးသဖြင့် လွန်မြတ်သော တရားကိုသိတော်မူသော်လည်းမှားယွင်းစွာမသုံးသပ်၊ မှားယွင်းစွာမသုံးသပ်သောကြောင့် ထိုမြတ်စွာ ဘုရားသည် ကိုယ်တော်တိုင်သာလျှင် နိဗ္ဗာန်ကိုသိတော်မူ၏။

ရဟန်းတို့ မြတ်စွာဘုရားသည် ဝေဒနာတို့၏ဖြစ်ကြောင်းကိုလည်းကောင်း၊ ချုပ် ကြောင်းကိုလည်းကောင်း၊ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ဝေဒနာတို့မှ ထွက်မြောက်ရာကိုလည်းကောင်း၊ ဟုတ်မှန်သောအတိုင်းသိတော်မူသဖြင့် တစ်စုံတစ်ရာ မစွဲလန်းမူ၍

လွှတ်မြောက်တော်မူ၏။

ရဟန်းတို့ ထိုမြတ်စွာဘုရားသည် အကြင်တရားကို ကိုယ်တော်တိုင်ထူးသောဉာဏ်ဖြင့်မျက်မှောက်ပြု၍ ဟောတော်မူ၏။ မြတ်စွာဘုရား၏ဟုတ်မှန်သောဂုဏ်ကိုမှန်စွာပြောလိုကြလျှင် ယင်းအကြင်တရားတို့ဖြင့်ပြော၏။ နက်နဲကုန်သော၊ မြင်နိုင်ခဲကုန်သော၊ သနိုင်ခဲကုန်သော၊ ငြိမ်သက်ကုန်သော၊ မွန်မြတ်ကုန်သော၊ ကြံစည်ခြင်းဖြင့်မရောက်နိုင်ကုန်သော သိမ်မွေ့ကုန်သော ပညာရှိတို့သာ သိနိုင်ကုန်သော ထိုတရားတို့သည် ဤသို့ပင်တည်း။

## အန္တာနန္တိဒိဋ္ဌိအဆုံးရှိ အဆုံးမရှိ

### အယူလေးမျိုး

ရဟန်းတို့အဆုံးရှိ၊ အဆုံးမရှိ အယူရှိကုန်သော အချို့သောသာမဏ၊ ဗြာဟ္မဏတို့ သည်ရှိကုန်၏။ ထိုသူတို့သည်လောက၏ အဆုံးရှိ အဆုံးမရှိကို လေးမျိုးသောအကြောင်းတို့ဖြင့်ပြကုန်၏။ အဆုံးရှိအဆုံးမရှိ အယူရှိကုန်သော ထိုအသျှင်သမဏ၊ ဗြာဟ္မဏတို့သည်အဘယ် ကိုအကြောင်းပြု၍ အဘယ်ကိုအစွဲမှီ၍ လောက၏အဆုံးရှိ အဆုံးမရှိကို လေးမျိုး သောအကြောင်းတို့ဖြင့်ပြကုန်၏။

### အန္တာနန္တိဒိဋ္ဌိ ပဌမဝါဒ

ရဟန်းတို့ ဤလောက၌ အချို့သော သမဏသည်လည်းကောင်း၊ ဗြာဟ္မဏသည် လည်းကောင်း၊ ပြင်းစွာအားထုတ်ခြင်းကိုစွဲ၍၊ မြဲမြံစွာအားထုတ်ခြင်းကိုစွဲ၍၊ အဖန်ဖန် အားထုတ် ခြင်းကိုစွဲ၍၊ မမေ့မလျော့ခြင်းကို စွဲ၍၊ ကောင်းစွာနှလုံးသွင်းခြင်းကို စွဲ၍၊ ထိုသို့ သောသဘောရှိသော စိတ်တည်ကြည်ခြင်းကိုရ၏။ စိတ်တည်ကြည်လတ်သော လောက၌ အဆုံးရှိသည်ဟုနေ၏။ ထိုသူသည် ဤသို့ဆို၏။

ဤလောက၌အဆုံးရှိ၏။ ပတ်၍သွားနိုင်သောခရီးရှိ၏။ အဘယ်ကြောင့်ဆိုသော် ငါသည်ပြင်းစွာအားထုတ်ခြင်းကိုစွဲ၍ ကောင်းစွာနှလုံးသွင်းခြင်းကိုစွဲ၍ အဖန်ဖန်နှလုံးသွင်း ခြင်းကိုစွဲ၍၊ မမေ့မလျော့ခြင်းကို စွဲ၍၊ ကောင်းစွာနှလုံးသွင်းခြင်းကို စွဲ၍၊ ထိုသို့သောသဘောရှိသောစိတ် တည်ကြည်ခြင်းကိုရ၏။ ထိုသူသည် ဤသို့ဆို၏။

ဤလောက၌အဆုံးရှိ၏။ ပတ်၍သွားနိုင်သောခရီးရှိ၏။ အဘယ်ကြောင့်ဆိုသော် ငါသည်ပြင်းစွာအားထုတ်ခြင်းကိုစွဲ၍ ကောင်းစွာနှလုံးသွင်းခြင်းကိုစွဲ၍ အဖန်ဖန်နှလုံးသွင်း ခြင်းကိုစွဲ၍၊ မမေ့မလျော့ခြင်းကိုစွဲ၍၊ ကောင်းစွာနှလုံးသွင်းခြင်းကိုစွဲ၍၊ ထိုသို့သောသဘောရှိသောစိတ် တည်ကြည်

ခြင်းကို ရ၏။ ယင်းသို့ စိတ်တည်ကြည်လတ်သော လောက၌အဆုံးရှိ ၏ဟုထင်မှတ်လျက်နေ၏။ ဤအကြောင်းကြောင့် ဤလောက၌အဆုံးရှိ၏။ ပတ်၍သွားနိုင်သောခရီးရှိ၏ ငါသိ၏ဟုဆို၏။

ရဟန်းတို့ ဤသည်ကား ပဌမအကြောင်းတည်း၊ ယင်းကိုအကြောင်းပြု၍ ယင်းကို စွဲမှီ၍ အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော အချို့သော သမဏ၊ ဗြာဟ္မဏတို့သည် လောက၏ အဆုံးရှိ အဆုံးမရှိကိုပြကုန်၏။

## အန္တာနန္တဒိဋ္ဌိ ဒုတိယဝါဒ

အဆုံးရှိ အဆုံးမရှိအယူရှိကုန်သော ထိုအသျှင် သမဏ၊ ဗြာဟ္မဏတို့သည် အဘယ်ကို အကြောင်းပြု၍ အဘယ်ကိုအစွဲမှီ၍ လောက၏အဆုံးရှိ အဆုံးမရှိကို ပြကုန်သနည်း။

ရဟန်းတို့ ဤလောက၌ အချို့သော သမဏသည်လည်းကောင်း၊ ဗြာဟ္မဏသည် လည်းကောင်း၊ ပြင်းစွာအားထုတ်ခြင်းကို စွဲ၍၊ မမေ့မလျော့ခြင်းကို စွဲ၍၊ မြဲမြံစွာ အားထုတ်ခြင်းကို စွဲ၍၊ အဖန်ဖန်အားထုတ်ခြင်းကိုစွဲ၍၊ ကောင်းစွာနှလုံးသွင်းခြင်းကိုစွဲ၍၊ ထိုသို့သောသဘောရှိသော စိတ်တည်ကြည်ခြင်းကိုရ၏။ စိတ်တည်ကြည်လတ်သော လောက၌ အဆုံးရှိသည်ဟုနေ၏။ ထိုသူသည် ဤသို့ဆို၏။

ဤလောကသည် အဆုံးမရှိ၊ အပိုင်းအခြားမရှိ၊ ဤလောကသည် အဆုံးရှိ၏၊ ပတ်၍ သွားနိုင်သော ခရီးရှိ၏ဟု ဆိုကြသော ထိုသမဏ ဗြာဟ္မဏတို့၏ စကားသည်မှား၏။ ဤလောက သည် အဆုံးမရှိ အပိုင်းအခြားမရှိ အဘယ်ကြောင့်ဆိုသော်-

ငါသည်ပြင်းစွာအားထုတ်ခြင်းကိုစွဲ၍၊ မြဲမြံစွာအားထုတ်ခြင်းကိုစွဲ၍၊ အဖန်ဖန်အား ထုတ်ခြင်းကိုစွဲ၍၊ မမေ့မလျော့ခြင်းကိုစွဲ၍၊ ကောင်းစွာနှလုံးသွင်းခြင်းကိုစွဲ၍၊ ထိုသို့သောသဘောရှိသော စိတ်တည်ကြည်ခြင်းကိုရ၏။ စိတ်တည်ကြည်လတ်သောလောက၌ အဆုံးမရှိဟုထင်မှတ်လျက်နေ၏။ ဤအကြောင်းကြောင့် ဤလောကသည်အဆုံးမရှိ အပိုင်းအခြားမရှိဟု ငါသိ၏ဟူ၍ဆို၏။

ရဟန်းတို့ ဤသည်ကား ဒုတိယအကြောင်းတည်း၊ ယင်းကိုအကြောင်းပြု၍ ယင်းကို စွဲမှီ၍ အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော အချို့သော သမဏ၊ ဗြာဟ္မဏတို့သည် လောက၏အဆုံးရှိ အဆုံးမရှိကိုပြကုန်၏။

## အန္တာနန္တဒိဋ္ဌိ တတိယဝါဒ

တတိယဝါဒ၌ကား အဆုံးရှိ အဆုံးမရှိအယူရှိကုန်သော ထိုအသျှင် သမဏ၊ ဗြာဟ္မဏ တို့သည် အဘယ်ကိုအကြောင်းပြု၍ အဘယ်ကိုအစွဲမှီ၍ လောက၏အဆုံးမရှိကို ပြကုန် သနည်း။

ရဟန်းတို့ ဤလောက၌ အချို့သော သမဏသည်လည်းကောင်း၊ ဗြာဟ္မဏသည် လည်းကောင်း၊ ပြင်းစွာအားထုတ်ခြင်းကိုစွဲ၍၊ မမေ့မလျော့ခြင်းကိုစွဲ၍၊ မြဲမြံစွာအားထုတ် ခြင်းကိုစွဲ၍၊ အဖန်ဖန်အားထုတ်ခြင်းကိုစွဲ၍၊ ကောင်းစွာနှလုံးသွင်းခြင်းကိုစွဲ၍၊ ထိုသို့သော သဘောရှိသော စိတ်တည်ကြည်ခြင်းကိုရ၏။ စိတ်တည်ကြည်လတ်သောလောက၌ အထက်နှင့်အောက်အဆုံးရှိ၏။ ဖီလာကား အဆုံးမရှိဟုထင်မြင်လျက်နေ၏။ ထိုသူသည်ဤသို့ ဆို၏။

ဤလောကသည် အဆုံးရှိ၏။ အဆုံးလည်းမရှိ။ ဤလောကသည် အဆုံးရှိ၏၊ ပတ်၍သွားနိုင်သောခရီးရှိ၏ဟု ဆိုကြသော ထိုသမဏ၊ ဗြာဟ္မဏတို့၏ စကားသည်မှား၏။ ဤလောကသည်အဆုံးမရှိ၊ အပိုင်းအခြားမရှိဟုဆိုကြသော ထိုသမဏ၊ ဗြာဟ္မဏတို့၏ စကား သည်လည်းမှား၏။ အဘယ်ကြောင့်ဆိုသော်-

ငါသည်ပြင်းစွာအားထုတ်ခြင်းကိုစွဲ၍၊ မြဲမြံစွာအားထုတ်ခြင်းကိုစွဲ၍၊ ကောင်းစွာနှလုံးသွင်းခြင်းကိုစွဲ၍၊ ထိုသို့သောသဘောရှိသောစိတ်တည်ကြည်ခြင်းကိုရ၏။ စိတ်တည် ကြည်လတ်သောလောက၌ အထက်နှင့်အောက်အဆုံးရှိ၏။ ဖီလာကားမရှိဟု ထင်မှတ်လျှက်နေ၏။ ဤအကြောင်း ကြောင့် ဤလောကသည်အဆုံးရှိ၏၊ အဆုံးလည်း မရှိဟုငါသိ၏ ဟု၍ဆို၏။

ရဟန်းတို့ ဤသည်ကား တတိယအကြောင်းတည်း၊ ယင်းကိုအကြောင်းပြု၍ ယင်းကိုစွဲမှီ၍ အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော အချို့သော သမဏ၊ ဗြာဟ္မဏတို့သည် လောက၏ အဆုံးရှိ အဆုံးမရှိကိုပြကုန်၏။

## အန္တာနန္တဒိဋ္ဌိ စတုတ္ထဝါဒ

စတုတ္ထဝါဒ၌ကား အဆုံးရှိ၊ အဆုံးမရှိအယူရှိကုန်သော ထိုအသျှင် သမဏ၊ ဗြာဟ္မဏတို့သည် အဘယ်ကိုအကြောင်းပြု၍ အဘယ်ကိုအစွဲမှီ၍ လောက၏ အဆုံးရှိ၊ အဆုံးမရှိကို ပြကုန်သနည်း။

ရဟန်းတို့ ဤလောက၌ အချို့သော သမဏသည်လည်းကောင်း၊ ဗြာဟ္မဏသည် လည်းကောင်း၊ ကြံစည်လေ့ရှိ၏။ စူးစမ်းလေ့ရှိ၏။ ထိုသည်သည်အမျိုးမျိုးကြံစည်၍ စူးစမ်း ဆင်ခြင်၍ မိမိထင်မြင်ချက်ကို ဤသို့ဆို၏။

ဤလောကသည် အဆုံးရှိလည်းမဟုတ်၊ အဆုံးလည်းမရှိလည်းမဟုတ်၊ ဤလောက သည် အဆုံးရှိ၏၊ ပတ်၍သွားနိုင်သောခရီးရှိ၏ဟု ဆိုကြသော ထိုသမဏ၊ ဗြာဟ္မဏတို့၏ စကားသည် မှား၏။ ဤလောကသည် အဆုံးမရှိ အပိုင်းအခြားမရှိဟုဆိုကြသော ထိုသမဏ၊ ဗြာဟ္မဏတို့၏ စကားသည်လည်းမှား၏။ ဤလောကသည် အဆုံးလည်းရှိ၏၊ အဆုံးလည်းမရှိဟုပြောကြသော ထိုသမဏ၊ ဗြာဟ္မဏတို့၏ စကားသည်လည်းမှား၏။ ဤလောကသည် အဆုံးရှိလည်းမဟုတ်၊ အဆုံးမရှိလည်းမဟုတ်ဟုဆို၏။

ရဟန်းတို့ ဤသည်ကား စတုတ္ထအကြောင်းတည်း၊ ယင်းကိုအကြောင်းပြု၍ ယင်းကိုစွဲမှီ၍ အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော အချို့သော သမဏ၊ ဗြာဟ္မဏတို့သည် လောက၏အဆုံးရှိ အဆုံးမရှိကိုပြကုန်၏။

ရဟန်းတို့ အဆုံးရှိ အဆုံးမရှိအယူရှိကုန်သော ထိုသမဏ၊ ဗြာဟ္မဏတို့သည် လောက၏ အဆုံးရှိ အဆုံးမရှိကို ဤလေးမျိုးသောအကြောင်းတို့ဖြင့်ပြကုန်၏။

ရဟန်းတို့ အဆုံးရှိ အဆုံးမရှိအယူရှိကုန်သော ထိုသမဏ၊ ဗြာဟ္မဏတို့သည် လောက၏ အဆုံးရှိ အဆုံးမရှိကို ဤလေးမျိုးသောအကြောင်းတို့ဖြင့် သော်လည်းကောင်း၊ ဤလေးမျိုးတို့တွင် တစ်မျိုးမျိုးသောအကြောင်းတို့ဖြင့်သော်လည်းကောင်း ပြကုန်၏။ ဤလေးမျိုးမှတစ်ပါး အကြောင်းမရှိ။

ရဟန်းတို့ ဤအယူတို့သည် ဤသို့စွဲယူထားလျှင် ဤသို့မှားယွင်းစွာသုံးသပ်ထား လျှင် ဤအယူတို့သည် ဤသို့လားရာရှိကုန်၏။ ဤသို့တမလွန်ရှိကုန်၏ဟု မြတ်စွာဘုရားသည် ထိုလေးမျိုးသောအယူကို သိတော်မူ၏။

မြတ်စွာဘုရားသည် ထိုလေးမျိုးသောအယူကိုသိတော်မူ၏။ ထို့ထက်အထူးသဖြင့် လွန်မြတ်သောတရားကိုလည်းသိတော်မူ၏။ ထို့ထက်အထူးသဖြင့် လွန်မြတ်သောတရားကို လည်းသိတော်မူလည်း မှားယွင်းစွာမသုံးသပ်၊ မှားယွင်းစွာမသုံးသပ်သောကြောင့်၊ ထိုမြတ်သော ဘုရားသည် ကိုယ်တော်တိုင်သာလျှင် နိဗ္ဗာန်ကိုသိတော်မူ၏။

ရဟန်းတို့မြတ်စွာဘုရားသည် ဝေဒနာတို့၏ဖြစ်ကြောင်းကိုလည်းကောင်း၊ ချုပ်ကြောင်း ကိုလည်းကောင်း၊ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ဝေဒနာ တို့မှထွက်မြောက်ရာ ကိုလည်းကောင်း၊ ဟုတ်မှန်သောအတိုင်းသိတော်မူသဖြင့် တစ်စုံတစ်ရာ မစွဲလန်းမူ၍လွတ်မြောက် တော်မူ၏။

ရဟန်းတို့ထိုမြတ်စွာဘုရားသည် အကြင်တရားကို ကိုယ်တော်တိုင်ထူးသောဉာဏ် ဖြင့်မျက်မှောက်ပြု၍ ဟောတော်မူ၏။ မြတ်စွာဘုရား၏ဟုတ်မှန်သောဂုဏ်ကိုမှန်စွာ ပြောလိုကြလျှင် အကြင်တရားတို့ဖြင့်ပြော၏။ နက်နဲကုန်သော၊ မြင်နိုင်ခဲကုန်သော၊ သိနိုင်ခဲကုန်သော၊ ငြိမ်သက်ကုန်သော၊ မွန်မြတ်ကုန်သော၊ ကြံစည်ခြင်းဖြင့်မရောက်နိုင်ကုန်သော သိမ်မွေ့ကုန်သော ပညာရှိတို့သာသိနိုင်ကုန် သော ထိုတရားတို့သည် ဤသို့ပင်တည်း။

## အမရာဝိက္ခေပ ဝါဒ
## အဆုံးမရှိပစ်လွင့်သောအယူလေးမျိုး

ရဟန်းတို့အဆုံးမရှိ ပစ်လွင့်သောအယူရှိကုန်သော အချို့သောသာမဏ၊ ဗြာဟ္မဏ တို့သည် ရှိကုန်၏။ ထိုသူတို့သည် ထိုအရာ၌အမေးခံကြရလျှင် လေးမျိုးသောအကြောင်းတို့ဖြင့် အဆုံးမရှိ ပစ်လွင့်သောစကားကိုဆိုကုန်၏။

အဆုံးမရှိပစ်လွင့်သော အယူရှိကုန်သော ထိုအသျှင်သာမဏ၊ ဗြဟ္မဏတို့သည် ထိုထိုအရာ၌အမေးခံကြရလျှင် အဘယ်ကိုကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ လေးမျိုးသောအကြောင်း တို့ဖြင့် အဆုံးမရှိပစ်လွင့်သောစကားကို ဆိုကုန်သနည်း။

## အမရာဝိက္ခေပ ဒိဋ္ဌိ ပဌမဝါဒ

ရဟန်းတို့ ဤလောက၌ အချို့သောသာမဏသည်လည်းကောင်း၊ ဗြဟ္မဏသည် လည်းကောင်း၊ ဤကားကုသိုလ်တည်းဟု ဟုတ်မှန်သောအတိုင်းမသိ၊ ဤကားအကုသိုလ်ဟု ဟုတ်မှန်သော အတိုင်းမသိ။ ထိုသူအားဤသို့အကြံဖြစ်၏။

ဤကား ကုသိုလ်ဟု ဟုတ်မှန်သောအတိုင်းငါမသိ။ ဤကားအကုသိုလ်ဟု ဟုတ်မှန်သောအတိုင်းငါမသိ။ ငါသည်ဤကားကုသိုလ်ဟု ဟုတ်မှန်သောအတိုင်း မသိပဲလျက် ဤကား အကုသိုလ်ဟုဟုတ်မှန်သည့်အတိုင်းမသိပဲလျက် ဤကား ကုသိုလ်ဟုသော်လည်းဖြေကြားအံ့၊ ဤကား အကုသိုလ်ဟုသော်လည်းဖြေကြားအံ့၊ ငါ၏ထိုအဖြေသည် အမှားဖြစ်ရာ၏။ ထိုအမှားကြောင့် ငါ့အားပင်ပန်းခြင်းဖြစ်ရာ၏။ ထိုပင်ပန်းခြင်းကြောင့် ငါ့အား အန္တရာယ်ဖြစ်ရာ၏ဟုအကြံဖြစ်၏။

ထိုသူသည်ဤသို့ မမှန်ပြောခြင်းကို ကြောက်သောကြောင့် မမှန်ပြောခြင်းကို စက်ဆုပ်သောကြောင့် ဤကားအကုသိုလ်တည်းဟုမဖြေ။ ဤကားအကုသိုလ်ဟုလည်းမဖြေ။ ထိုထိုအရာ၌ အမေးခံရလျှင် ဤသို့ဟုလည်း ငါမယူ၊ အခြားသို့ဟုလည်းငါမယူ ဤထိုသို့တခြား သို့မဟုတ်ဟုလည်းငါမယူ၊ ဤသို့ထိုသို့ အခြားသို့မဟုတ်သည် မဟုတ် ဟုလည်း ငါမယူဟု အဆုံးမရှိ ပစ်လွင့်သောစကားကိုဆို၏။

ရဟန်းတို့ဤသည်ကား ပဌမအကြောင်းတည်း။ ယင်းကိုအကြောင်းပြု၍ ယင်းကို စွဲမှီ၍ အဆုံးမရှိပစ်လွင့်သော အယူရှိကုန်သော အချို့သော သာမဏ၊ ဗြဟ္မဏတို့သည် ထိုထိုအရာ၌အမေးခံ ကြလျှင် အဆုံးမရှိပစ်လွင့်သော စကားကိုဆို၏။

## အမရာဝိက္ခေပ ဒုတိယဝါဒ

ဒုတိယဝါဒ၌ကား အဆုံးမရှိပစ်လွင့်သော အယူရှိကုန်သော အသျှင်သာမဏ၊ ဗြဟ္မဏတို့ သည်ထိုထိုအရာ၌အမေးခံရလျှင်အဘယ်ကိုအကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ အဆုံးမရှိပစ်လွင့် သောစကားကိုဆိုသနည်း။

ဤလောက၌ အချို့သောသာမဏသည်လည်းကောင်း၊ ဗြဟ္မဏသည် လည်း ကောင်း၊ ဤကားကုသိုလ်တည်းဟု ဟုတ်မှန်သောအတိုင်းမသိ၊ ဤကားအကုသိုလ်ဟု ဟုတ်မှန် သောအတိုင်း မသိ။ ထိုသူအားဤသို့အကြံဖြစ်၏။

ဤကား အကုသိုလ်ဟု ဟုတ်မှန်သောအတိုင်းငါမသိ။ ဤကားအကုသိုလ်ဟု ဟုတ်မှန်သောအတိုင်းငါမသိ။ ငါသည်ဤကားကုသိုလ်ဟု ဟုတ်မှန်သောအတိုင်း မသိပဲလျက် ဤကားအကုသိုလ်ဟုဟုတ်မှန်သည့်အတိုင်းမသိပဲလျက် ဤကား ကုသိုလ်ဟုသော်လည်း ဖြေငြားအံ့၊ ဤကားအကုသိုလ်ဟုသော်လည်းဖြေကြားအံ့၊ ထိုဖြေ ခြင်းကြောင့် ငါ့အားနှစ်သက်ခြင်း ဆန္ဒသည်လည်းကောင်း၊တက်မက်ခြင်းရာဂသည်လည်းကောင်း၊ အမျက်ထွက်ခြင်း ဒေါသသည် လည်းကောင်း၊ စိတ်ထိခိုက်ခြင်း ပဋိဃသည်လည်းကောင်းဖြစ်ရာ၏။ ထိုနှစ်သက်ခြင်းဆန္ဒ၊ တက်မက်ခြင်းရာဂ၊ အမျက်ထွက်ခြင်းဒေါသ၊ စိတ်ထိခိုက်ခြင်း ပဋိဃကြောင့် ငါ့အားစွဲလန်းခြင်း၊ ဥပါဒါန်ဖြစ်ရာ၏။ ထိုစွဲလန်းခြင်းကြောင့် ငါအားပင်ပန်းခြင်းဖြစ်ရာ၏။ ထိုပင်ပန်းခြင်းကြောင့် ငါအားအန္တရာယ်ဖြစ်ရာ၏ဟု အကြံဖြစ်၏။

ထိုသူသည်ဤသို့ စွဲလန်းခြင်းကို ကြောက်သောကြောင့် စွဲလန်းခြင်းကို စက်ဆုပ် သောကြောင့် ဤကားအကုသိုလ်တည်းဟုမဖြေ။ ဤကားအကုသိုလ်ဟုလည်းမဖြေ။ ထိုထိုအရာ၌ အမေးခံရလျှင် ဤသို့ဟုလည်း ငါမယူ၊ အခြားသို့ဟုလည်းငါမယူ ဤထိုသို့ တခြားသို့မဟုတ် ဟုလည်းငါမယူ၊ ဤသို့ထိုသို့ အခြားသို့မဟုတ်သည် မဟုတ်ဟုလည်း ငါမယူဟု အဆုံးမရှိပစ်လွင့် သောစကားကိုဆို၏။

ရဟန်းတို့ဤသည်ကား ဒုတိယအကြောင်းတည်း။ ယင်းကိုအကြောင်းပြု၍ ယင်းကို စွဲမှီ၍ အဆုံးမရှိပစ်လွင့်သော အယူရှိကုန်သော အချို့သောသာမဏ၊ ဗြာဟ္မဏတို့သည် ထိုထိုအရာ၌ အမေးခံကြလျှင် အဆုံးမရှိပစ်လွင့်သော စကားကိုဆို၏။

## အမရာဝိက္ခေပ တတိယဝါဒ

တတိယဝါဒ၌ကား အဆုံးမရှိပစ်လွင့်သော အယူရှိကုန်သော အချင်သာမဏ၊ ဗြာဟ္မဏ တို့သည် ထိုထိုအရာ၌အမေးခံရလျှင်အဘယ်ကိုအကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ အဆုံးမရှိ ပစ်လွင့်သောစကားကို ဆိုသနည်း။

ဤလောက၌ အချို့သောသာမဏသည်လည်းကောင်း၊ ဗြာဟ္မဏသည် လည်း ကောင်း၊ ဤကားကုသိုလ်တည်းဟု ဟုတ်မှန်သောအတိုင်းမသိ၊ ဤကားအကုသိုလ်ဟုဟုတ်မှန်သော အတိုင်းမသိ။ ထိုသူအားဤသို့အကြံဖြစ်၏။

ဤကား ကုသိုလ်ဟု ဟုတ်မှန်သောအတိုင်းငါမသိ။ ဤကားအကုသိုလ်ဟု ဟုတ်မှန်သောအတိုင်းငါမသိပဲလျက် ဤကားအတုသိုလ်ဟု ဟုတ်မှန်သောအတိုင်း မသိပဲလျက် ဤကား ကုသိုလ်ဟုသော်လည်း ဖြေငြားအံ့၊ ဤကားအကုသိုလ်ဟုသော်လည်းဖြေငြားအံ့၊ ပညာရှိကုန်သော သိမ်မွေ့သော၊ ဉာဏ်ရှိကုန်သော သူတစ်ပါးတို့အယူကို လေ့လာပြီးဖြစ် ကုန်သောသားမြီးကို ပစ်ခွဲနိုင်သည့် လေးသမားနှင့်တူကုန်သော သမဏ၊ ဗြာဟ္မဏတို့သည် ရှိကုန်၏။ ထိုသူတို့သည် မှားသောအယူတို့ကို

ပညာဖြင့်ဖျက်ဆီးနေဘိသကဲ့သို့ ကျက်စားနေကုန်၏။ ထိုသူတို့သည်ငါတို့ ကိုကုသိုလ် အကုသိုလ်တို့၌ မေးစစ်ကုန်ရာ၏၊ စိစစ်ကုန် ရာ၏။ ဆိုဆုံးမကုန်ရာ၏။ ထိုသို့မေးစစ် ကြလျှင်စိစစ်ကြလျှင် ဆိုဆုံးမကြ လျှင် ထိုသူတို့အား ငါသည် ပြည့်စုံစွာမဖြေနိုင်ရာ၏။ ထိုမဖြေနိုင် ခြင်းကြောင့် ငါ့အားပင်ပန်းခြင်း ဖြစ်ရာ၏။ ထိုပင်ပန်းခြင်းကြောင့် ငါ့အားအန္တရာယ်ဖြစ်ရာ၏ဟု အကြံအစည်ဖြစ်၏။

ထိုသူသည်ဤသို့ စစ်မေးခြင်းကို ကြောက်သောကြောင့် စစ်မေးခြင်းကိုစက်ဆုပ် သောကြောင့် ဤကားကုသိုလ်တည်းဟုမဖြေ။ ဤကားအကုသိုလ်ဟုလည်းမဖြေ။ ထိုထိုအရာ၌ အမေးခံရလျှင် ဤသို့ဟုလည်း ငါမယူ၊ အခြားသို့ဟုလည်းငါမယူ ဤထိုသို့ တခြားသို့မဟုတ် ဟုလည်း ငါမယူ၊ ဤသို့ထိုသို့ အခြားသို့မဟုတ်သည် မဟုတ်ဟုလည်း ငါမယူဟုအဆုံးမရှိပစ်လွင့် သောစကား ကိုဆို၏။

ရဟန်းတို့ဤသည်ကား တတိယအကြောင်းတည်း။ ယင်းကိုအကြောင်းပြု၍ ယင်းကို စွဲမှီ၍ အဆုံးမရှိပစ်လွင့်သော အယူရှိကုန်သော အချို့သော သာမဏ၊ ဗြာဟ္မဏတို့သည် ထိုထိုအရာ၌ အမေးခံကြလျှင် အဆုံးမရှိပစ်လွင့်သော စကားကိုဆို၏။

## အမရာဝိက္ခေပ စတုတ္ထဝါဒ

စတုတ္ထဝါဒ၌ကား အဆုံးမရှိပစ်လွင့်သော အယူရှိကုန်သော အသျှင်သာမဏ၊ ဗြာဟ္မဏတို့သည် ထိုထိုအရာ၌အမေးခံကြရလျှင် အဘယ်ကိုအကြောင်းပြု၍ အဘယ်ကိုမှီစွဲ၍ အဆုံးမရှိပစ်လွင့်သော စကားကိုဆိုသနည်း။

ရဟန်းတို့ဤလောက၌ ပညာနုံ့သော၊ အလွန်တွေဝေသော အချို့သောသာမဏ သည်လည်းကောင်း၊ ဗြာဟ္မဏသည်လည်းကောင်း၊ ထိုထိုအရာ၌အမေးခံရလျှင်အဘယ်ကို အကြောင်းပြု ၍ အဘယ်ကိုစွဲမှီ၍ အဆုံးမရှိပစ်လွင့်သောစကားကိုဆိုသနည်း။

တစ်ပါးသော လောကရှိသလောဟု (သင်) ငါ့ကိုမေးသော် တစ်ပါးသောလောက ရှိ၏ဟု ငါအယူရှိခဲ့လျှင် တစ်ပါးသောလောကရှိ၏ဟု သင့်အားငါဖြေရာ၏။ (သို့ရာတွင်) ဤသို့ဟုလည်းငါမယူ၊ ထိုသို့ဟုလည်း ငါမယူ အခြားသို့ဟုလည်းငါမယူ (ဤသို့ ထိုသို့ အခြားသို့) မဟုတ်ဟုလည်းငါမယူ (ဤသို့ ထိုသို့ အခြားသို့) မဟုတ်သည့် မဟုတ်ဟု လည်းငါမယူ။

တစ်ပါးသောလောကရှိသလော။ ပ ။

တစ်ပါးသောလောကရှိလည်းရှိ မရှိလည်း မရှိသလော။ ပ ။

တစ်ပါးသောလောကရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ်သလော။ပ ။

သေ၍တဖန်ဖြစ်ပေါ်သော သတ္တဝါတို့ရှိကုန်သလော။ ပ ။

သေ၍တဖန်ဖြစ်ပေါ်သော သတ္တဝါတို့မရှိကုန်သလော။ ပ ။

သေ၍တဖန်ဖြစ်ပေါ်သော သတ္တဝါတို့ရှိလည်းရှိ မရှိလည်းမရှိကုန်သလော။ ပ ။

သေ၍တဖန်ဖြစ်ပေါ်သော သတ္တဝါတို့ရှိသည်လည်းမဟုတ်၊ မရှိသည်လည်း
မဟုတ်သလော။ ပ ။
ကောင်းမှုမကောင်းမှုကံတို့၏အကျိုးဝိပါတ်ရှိသလော။ ပ ။
ကောင်းမှုမကောင်းမှုကံတို့၏အကျိုးဝိပါတ်မရှိသလော။ ပ ။
ကောင်းမှုမကောင်းမှုကံတို့၏အကျိုးဝိပါတ်ရှိလည်းရှိ မရှိလည်းမရှိသလော။ ပ။
ကောင်းမှုမကောင်းမှုကံတို့၏အကျိုးဝိပါတ်ရှိသည်လည်းမဟုတ်၊ မရှိသည်လည်း
မဟုတ်သလော။ ပ ။
သတ္တဝါသေပြီးနောက် ရှိသလော။ ပ ။
သတ္တဝါသေပြီးနောက် မရှိသလော။ ပ ။
သတ္တဝါသေပြီးနောက် ရှိလည်းရှိ မရှိလည်းမရှိသလော။ ပ ။

သတ္တဝါသေပြီးနောက် ရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ်သလောဟု သင် ငါ့ကို မေးသော် သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်ဟု ငါအယူရှိခဲ့လျှင် သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသည်လည်းမဟုတ်၊ မရှိ သည်လည်းမဟုတ်ဟုသင့်အား ငါဖြေရာ၏၊ သို့ရာတွင် ဤသို့ဟုလည်း ငါမယူ၊ ထိုသို့ဟုလည်း ငါမယူ၊ အခြားသို့လည်းငါမယူ၊ ဤသို့ ထိုသို့ အခြားသို့ဟုလည်း ငါမယူ၊ဆို၏ဤသို့ ထိုသို့ အခြားသို့မဟုတ် သည့် မဟုတ်ဟုလည်း ငါမယူဟုဆို၏။

ရဟန်းတို့ဤသည်ကား စတုတ္ထအကြောင်းတည်း။ ယင်းကိုအကြောင်းပြု၍ ယင်းကို စွဲမှီ၍ အဆုံးမရှိပစ်လွင့်သော အယူရှိကုန်သော အချို့သော သာမဏ၊ ဗြာဟ္မဏတို့သည် ထိုထို အရာ၌ အမေးခံကြလျှင် အဆုံးမရှိပစ်လွင့်သော စကားကိုဆို၏။

ရဟန်းတို့ အဆုံးမရှိပစ်လွင့်သော အယူရှိကုန်သော အချို့သောသာမဏ၊ ဗြာဟ္မဏ တို့သည် ထိုထိုအရာ၌အမေးခံကြရလျှင် အဆုံးမရှိပစ်လွင့်သောအယူရှိကုန်သောစကားကို ဤလေးမျိုးသော အကြောင်းတို့ဖြင့်ဆိုကုန်၏။

ရဟန်းတို့ အဆုံးမရှိပစ်လွင့်သော အယူရှိကုန်သော အချို့သောသာမဏ၊ ဗြာဟ္မဏ တို့သည် ထိုထိုအရာ၌အမေးခံကြရလျှင် အဆုံးမရှိပစ်လွင့်သောအယူရှိကုန်သောစကားကို ဤလေးမျိုး သောအကြောင်းအရာတို့ဖြင့်သော်လည်းကောင်း၊ ဤလေးမျိုးတို့တွင် တစ်မျိုး မျိုးသောအကြောင်း အရာတို့ဖြင့်သော်လည်းကောင်း၊ ဆိုကုန်၏။ ဤလေးမျိုး၊ ထိုတစ်ပါးသောအကြောင်းမရှိ မြတ်စွာဘုရား ၏ ဟုတ်မှန်ဂုဏ်ကို ဟုတ်မှန်စွာပြောဆိုကြလျှင် အကြင်တရားတို့ဖြင့်ပြောကြရာ၏။ နက်နဲသော ထိုတရားတို့သည် ဤသို့ပင်တည်း။

## အဓိစ္စသမုပ္ပန္နဝါဒ

### အကြောင်းမဲ့အယူနှစ်မျိုး

ရဟန်းတို့ အကြောင်းမဲ့အယူရှိကုန်သော အချို့သောသာမဏ၊ ဗြာဟ္မဏတို့သည်ရှိ ကုန်၏။ ထိုသူတို့သည်အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ အကြောင်းမဲ့ ဖြစ်ပေါ်၏ဟု နှစ်မျိုးသော အကြောင်းတို့ဖြင့်ပြကုန်၏။

အကြောင်းမဲ့အယူရှိကုန်သော ထိုအသျှင်သာမဏ၊ ဗြာဟ္မဏတို့သည် အဘယ်ကို အကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ အကြောင်းမဲ့ဖြစ်ပေါ်၏ဟု နှစ်မျိုးသောအကြောင်းတို့ဖြင့် ပြကုန်သနည်း။

## အဓိစ္စသမုပ္ပန္န ပဌမဝါဒ

ရဟန်းတို့ အသညသတ်မှတ်သော ဗြဟ္မာတို့သည်ရှိကုန်၏။ ထိုဗြဟ္မာတို့သည် ပဋိသန္ဓေဖြစ်ပေါ်ခြင်းကြောင့် ထိုဗြဟ္မာဘုံမှစုတေကုန်၏။ ရဟန်းတို့ဤသို့သောအကြောင်း သည် ရှိသေး၏။ တစ်ဦးတစ်ယောက်သောသတ္တဝါတို့သည် ထိုဗြဟ္မာဘုံမှ စုတေ၍ဤလူ့ဘုံ သို့ရောက်လာ သော် လူ့ဘောင်မှရသေ့ရဟန်းဘောင်သို့ဝင်ပြီးလျှင် ပြင်းစွာအားထုတ် ခြင်းကိုစွဲ၍ ကောင်းစွာနှလုံး သွင်းခြင်းကိုစွဲ၍ ထိုထိုသဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ၏။ ယင်းသို့စိတ်တည်ကြည်ခြင်း ကိုရလတ်သော် ပဋိသန္ဓေသညာဖြစ်ပေါ်ခြင်းကို အောက်မေ့နိုင်၏။ ထိုထက်အလွန် မအောက်မေ့နိုင်၏။ ထိုသူသည် ဤသို့ဆို၏။

အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း အကြောင်းမဲ့ဖြစ်ပေါ်၏။ အဘယ်ကြောင့်ဆိုသော် ငါသည်ရှေး၌မရှိခဲ့၊ ထိုငါသည် မရှိခဲ့ဘဲလျက် ယခုထင်ရှားရှိလာ၏ဟုဆို၏။

ရဟန်းတို့ဤသည်ကား ပဌမအကြောင်းတည်း။ ယင်းကိုအကြောင်းပြု၍ ယင်းကို စွဲမှီ၍ အကြောင်းမဲ့အယူရှိကုန်သော အချို့သောသာမဏ၊ ဗြာဟ္မဏတို့သည်ရှိ ကုန်၏။ ထိုသူတို့သည် အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ အကြောင်းမဲ့ ဖြစ်ပေါ်၏ဟုပြကုန်၏။

## အဓိစ္စသမုပ္ပန္န ဒုတိယဝါဒ

ဒုတိယဝါဒ၌ကားအကြောင်းမဲ့အယူရှိကုန်သော ထိုအသျှင်သာမဏ၊ ဗြာဟ္မဏတို့ သည် အဘယ်ကိုအကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ အကြောင်းမဲ့ဖြစ်ပေါ်၏ဟု ပြကုန်သနည်း။

ရဟန်းတို့ ဤလောက၌အချို့သော သာမဏသည်လည်းကောင်း၊ ဗြာဟ္မဏတို့သည်လည်းကောင်း၊ ကြံစည်လေ့ရှိ၏၊ စူးစမ်းလေ့ရှိ၏၊ ထိုသူသည် အမျိုးမျိုးကြံစည်၍ စူးစမ်းဆင်ခြင်၍ မိမိ၏ထင်မြင်ချက်ကို ဤသို့ဆို၏၊

အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ အကြောင်းမဲ့ ဖြစ်ပေါ်၏ဟုဆို၏၊

ရဟန်းတို့ဤသည်ကား ဒုတိယအကြောင်းတည်း။ ယင်းကိုအကြောင်းပြု၍ ယင်းကို စွဲမှီ၍ အကြောင်းမဲ့အယူရှိကုန်သော အချို့သောသာမဏ၊ ဗြာဟ္မဏတို့သည် အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ အကြောင်းမဲ့ ဖြစ်ပေါ် ၏ဟု ပြကုန်သနည်း။

ရဟန်းတို့ အကြောင်းမဲ့အယူရှိကုန်သော သာမဏ၊ ဗြာဟ္မဏအားလုံးတို့သည် အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ အကြောင်းမဲ့ ဖြစ်ပေါ်ကုန်၏၊ဤနှစ်မျိုးသော အကြောင်းတို့ဖြင့်ပြကုန်၏။

ရဟန်းတို့ အကြောင်းမဲ့အယူရှိကုန်သော အချို့သောသာမဏ၊ဗြာဟ္မဏအားလုံးတို့သည်အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ အကြောင်းမဲ့ ဖြစ်ပေါ်၏ဟု၊ဤနှစ်မျိုးသော အကြောင်းတို့ဖြင့်ပြကုန်၏၊ဤနှစ်မျိုးတို့တွင် တစ်မျိုး မျိုးသော အကြောင်းအရာတို့ဖြင့် သော်လည်း ကောင်း၊ ဆိုကုန်၏၊ ဤနှစ်မျိုးတို့မှ ထိုတစ်ပါး သော အကြောင်းမရှိ၊ မြတ်စွာဘုရား၏ ဟုတ်မှန်ဂုဏ်ကို ဟုတ်မှန်စွာပြောဆိုကြလျှင် အကြင်တရား တို့ဖြင့်ပြောကြရာ၏၊ နက်နဲကုန်သော ထိုတရားတို့သည် ဤသို့ပင်တည်း။

ရဟန်းတို့ရှေ့အဖို့ကိုကြံဆကုန်သော ရှေ့အဘို့စွဲယူကုန်သော ထိုသမဏ၊ ဗြာဟ္မဏ တို့သည် ရှေ့အဘို့ကိုစွဲမှီ၍ များပြားသောမိစ္ဆာအယူပြစကားကို ဤဆယ့်ရှစ်မျိုးသော အကြောင်းတို့ဖြင့် ဟောပြောကုန်၏။

ရဟန်းတို့ရှေးအဘို့ကို ကြံဆကုန်သောရှေးအဘို့ကို စွဲယူကုန်သောသမဏ၊ ဗြာဟ္မဏအားလုံးတို့သည် ရှေးအဘို့စွဲမှီ၍များသောသော မိစ္ဆာအယူပြစကားတို့ကို ပြောဟောကြလျှင် ဤတဆယ့်ရှစ်မျိုးသောအကြောင်းတို့ဖြင့်သော်လည်းကောင်း၊ ဤတစ်ဆယ့်ရှစ်မျိုးတို့တွင် တစ်မျိုးမျိုးသောအကြောင်းဖြင့်သော်လည်းကောင်း၊ ဟောပြောကုန်၏။ ဤတစ်ဆယ့်ရှစ်မျိုးမှ တစ်ပါးသော အကြောင်းမရှိ။

ရဟန်းတို့အယူသည်ဤသို့စွဲယူထားလျှင်မှားယွင်းစွာ သုံးသပ်ထားလျှင်ဤအယူတို့ သည် ဤသို့လားရာရှိကုန်၏၊ ဤသို့တမလွန်ရှိကုန်၏ ဟုမြတ်စွာဘုရားသည် ထိုတစ်ဆယ့်ရှစ်မျိုးသောအယူကိုသိတော်မူ၏။

မြတ်စွာဘုရားသည် ထိုတစ်ဆယ့်ရှစ်မျိုးသောအယူကို သိတော်မူ၏။ ထို့ထက်အထူးသဖြင့်လွန်မြတ်သော တရားကိုလည်းသိတော်မူ၏။ ထိုအထူးသဖြင့် လွန်မြတ်သောတရား ကိုသိတော်မူသော်လည်း မှားယွင်းစွာမသုံးသပ်။ မှားယွင်းစွာမသုံးသပ်သောကြောင့် ထိုမြတ်စွာဘုရားသည် ကိုယ်တော်တိုင်သာလျှင် နိဗ္ဗာန်ကိုသိတော်မူ၏။

ရဟန်းတို့ မြတ်စွာဘုရားသည် ဝေဒနာတို့ဖြစ်ကြောင်းကိုလည်းကောင်း၊ ချုပ်

ကြောင်းကိုလည်းကောင်း၊ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ဝေဒနာ တို့မှ ထွက်မြောက်ရာကိုလည်းကောင်း၊ ဟုတ်မှန်သောအတိုင်းသိတော်မူသဖြင့် တစ်စုံတစ် ရာမစွဲလန်းမူ၍ လွတ်မြောက်တော်မူ၏။

ရဟန်းတို့ ထိုမြတ်စွာဘုရားသည် အကြင်တရားကို ကိုယ်တော်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ဟောတော်မူ၏။ မြတ်စွာဘုရား၏ ဟုတ်မှန်သောဂုဏ်ကိုမှန်စွာ ပြောလိုကြလျှင် အကြင်တရားတို့ဖြင့်ပြော၏။ နက်နဲကုန်သော၊ မြင်နိုင်ခဲကုန်သော၊ သိနိုင်ခဲကုန်သော၊ ငြိမ်သက် ကုန်သော၊ မွန်မြတ်ကုန်သော၊ ကြံစည်ခြင်းဖြင့်မရောက်နိုင်ကုန်သော သိမ်မွေ့ကုန်သော ပညာရှိတို့သာ သိနိုင်ကုန်သော ထိုတရားတို့သည် ဤသို့ပင်တည်း။

## အပရန္တာနုဒိဋ္ဌိလေးဆယ့်လေးမျိုး

ရဟန်းတို့ နောက်အဖို့ကိုကြံဆကုန်သော နောက်အဘို့ကိုစွဲယူကုန်သော ထိုသမဏ၊ ဗြာဟ္မဏတို့သည်ရှိကုန်၏။ ထိုသူတို့သည်နောက်အဘို့ကိုစွဲမှီ၍ များပြားသောမိစ္ဆာအယူပြစကားကို ဤလေးဆယ့်ရှစ်မျိုးသောအကြောင်းတို့ဖြင့် ဟောပြောကုန်၏။

ထိုအရှင်သမဏ၊ ဗြာဟ္မဏတို့သည် အဘယ်ကိုအကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ နောက်အဘို့ကိုကြံဆကုန်သနည်း။ နောက်အဘို့ကို စွဲယူကုန်သနည်း။ နောက်အဘို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြစကားတို့ကို လေးဆယ့်ရှစ်မျိုးအကြောင်းတို့ဖြင့် ဟောပြောကုန်သနည်း။

## ဥဒ္ဓမာဃာတနိကသညီဝါဒ
## သေပြီးနောက် သညာရှိအယူတစ်ဆယ့်ခြောက်မျိုး

ရဟန်းတို့ သေပြီးနောက် သညာရှိအယူရှိကုန်သော အချို့သောသာမဏ၊ ဗြာဟ္မဏ တို့သည်ရှိကုန်၏။ ထိုသူတို့သည် သေပြီးနောက်သညာရှိသောအတ္တကို တစ်ဆယ့်ခြောက်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။ သေပြီးနောက် သညာအယူရှိကုန်သော ထိုအရှင် သာမဏ၊ ဗြာဟ္မဏ တို့သည် အဘယ်ကိုအကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ သေပြီးနောက် သညာရှိသောအတ္တကို လည်းကောင်း၊ တစ်ဆယ့်ခြောက်မျိုးသောအကြောင်းတို့ဖြင့် ပြကုန်သနည်း။

အတ္တသည် ရုပ်ရှိ၏။ သေပြီးနောက်ပျက်စီးခြင်းမရှိ။ သညာရှိ၏ဟုပြကုန်၏။

အတ္တသည် ရုပ်မရှိ၏။ သေပြီးနောက်ပျက်စီးခြင်းမရှိ။ သညာရှိ၏ဟုပြကုန်၏။

အတ္တသည် ရုပ်ရှိလည်းဟုတ်၏။ ရုပ်မရှိလည်းဟုတ်၏။ အတ္တသည်ရုပ်ရှိလည်း မဟုတ် ၏။ ရုပ်မရှိလည်းမဟုတ်၏။

အတ္တသည်အဆုံးရှိ၏။
အတ္တသည်အဆုံးမရှိ။
အတ္တသည်အဆုံးရှိ၏လည်းဟုတ်၏။ အဆုံးမရှိလည်းဟုတ်၏။
အတ္တသည်အဆုံးရှိ၏လည်းမဟုတ်။ အဆုံးမရှိလည်းမဟုတ်။
အတ္တသည်တစ်မျိုးတည်းသော သညာရှိ၏။
အတ္တသည်အမျိုးမျိုးသော သညာရှိ၏။
အတ္တသည်သေးငယ်သော သညာရှိ၏။
အတ္တသည်ကြီးကျယ်သော သညာရှိ၏။
အတ္တသည်စင်စစ်ချမ်းသာချည်းရှိ၏။
အတ္တသည်စင်စစ်ဆင်းရဲချည်းရှိ၏။
အတ္တသည်ဆင်းရဲ ချမ်းသာရှိ၏။
အတ္တသည်ဆင်းရဲ ချမ်းသာမရှိ။ သေပြီးသည့်နောက်ဖျက်ဆီးခြင်းသာညာရှိ၏ဟု ပြကုန်၏။

ရဟန်းတို့ သေပြီးနောက် သညာရှိအယူရှိကုန်သော ထိုသာမဏ၊ ဗြာဟ္မဏ တို့သည် သေပြီးနောက်သညာရှိသောအတ္တကို တစ်ဆယ့်ခြောက်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။

ရဟန်းတို့ သေပြီးသည့်နောက်သညာရှိအယူရှိကုန်သော အချို့သောသာမဏ၊ ဗြာဟ္မဏ အားလုံးတို့သည်သေပြီးသည့်နောက်သညာရှိသော အတ္တကိုပြရလျှင် ဤတစ်ဆယ့်ခြောက် မျိုးသောအကြောင်းတို့ဖြင့် သော်လည်းကောင်း၊ ဤတစ်ဆယ့်ခြောက်မျိုးတို့တွင် တစ်မျိုး မျိုးသောအကြောင်းအရာတို့ဖြင့်သော်လည်းကောင်း၊ ပြကုန်၏။ ဤတစ်ဆယ့်ခြောက်မျိုး တို့မှ ထိုတစ်ပါးသောအကြောင်းမရှိ၊ မြတ်စွာဘုရား၏ ဟုတ်မှန်ဂုဏ်ကိုဟုတ်မှန်စွာ ပြောဆိုကြလျှင် အကြင်တရားတို့ဖြင့်ပြောကြရာ၏။ နက်နဲကုန်သော ထိုတရားတို့သည် ဤသို့ပင်တည်း။

## ဥဒ္ဓမာဃာတနိက အသညီဝါဒ
## သေပြီးသည့်နောက်သညာအယူရှစ်မျိုး

ရဟန်းတို့ သေပြီးနောက် သညာရှိအယူရှိကုန်သော အချို့သောသာမဏ၊ ဗြာဟ္မဏ တို့သည်ရှိကုန်၏။ ထိုသူတို့သည် သေပြီးနောက်သညာမရှိသောအတ္တကို ရှစ်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။

သေပြီးနောက် သညာမရှိအယူရှိကုန်သော ထိုအရှင်သာမဏ၊ ဗြာဟ္မဏတို့သည် အဘယ်ကိုအကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ သေပြီးနောက် သညာမရှိသော အတ္တကို ရှစ်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်သနည်း။

အတ္တသည် ရုပ်ရှိ၏။ သေပြီးနောက်ပျက်စီးခြင်းမရှိ။ သညာမရှိ၏ဟုပြကုန်၏။
အတ္တသည် ရုပ်မရှိ။ သေပြီးနောက်ပျက်စီးခြင်းမရှိ။ သညာမရှိ၏ဟုပြကုန်၏။
အတ္တသည် ရုပ်ရှိလည်းဟုတ်၏။ ရုပ်မရှိလည်းဟုတ်၏။
အတ္တသည် ရုပ်ရှိလည်း မဟုတ်။ ရုပ်မရှိလည်းမဟုတ်။
အတ္တသည်အဆုံးရှိ၏။
အတ္တသည်အဆုံးမရှိ။
အတ္တသည်အဆုံးရှိ၏လည်းဟုတ်၏။ အဆုံးမရှိလည်းဟုတ်၏။
အတ္တသည်အဆုံးရှိ၏လည်းမဟုတ်။ အဆုံးမရှိလည်းမဟုတ်။
သေပြီးသည့်နောက်ပျက်ဆီးခြင်းမရှိ။ သညာမရှိ၏ဟု ပြကုန်၏။

သေပြီးနောက် သညာမရှိအယူရှိကုန်သော ထိုသာမဏ၊ ဗြာဟ္မဏ တို့သည် သေပြီး နောက် သညာမရှိသောအတ္တကိုပြကြလျှင်ဤရှစ်မျိုးသောအကြောင်းတို့ဖြင့်သော်လည်း၊ ဤရှစ်မျိုးတို့တွင်တစ်မျိုးမျိုးသောအကြောင်းတို့ဖြင့်သော်လည်းကောင်းပြကုန်၏။ ဤရှစ်မျိုး တို့မှတစ်ပါးသော အကြောင်းမရှိ၊ မြတ်စွာဘုရားသည် ဟုတ်မှန်သောဂုဏ်ကို မှန်စွာပြောဆိုကြလျှင် အကြင်တရားတို့ဖြင့် ပြောကြရာ၏။ နက်နဲကုန်သော ထိုတရားတို့ သည် ဤသည်သို့ပင်တည်း။

## ဥဒ္ဓမာဃာတနိက ဧနဝသညီ နဝသညီဝါဒ
## သေပြီးသည့်နောက် သညာရှိလည်းမဟုတ်၊ မရှိလည်းမဟုတ် အယူရှစ်မျိုး

ရဟန်းတို့ သေပြီးနောက် သညာရှိလည်းမဟုတ်၊ မရှိလည်းမဟုတ်အယူရှိကုန်သော အချို့သောသာမဏ၊ ဗြာဟ္မဏ တို့သည်ရှိကုန်၏။ ထိုသူတို့သည် သေပြီးနောက်သညာမရှိ လည်းမဟုတ်၊ ရှိလည်းမဟုတ်သောအတ္တကို ရှစ်မျိုးသောအကြောင်းတို့ဖြင့် ပြကုန်သနည်း။

သေပြီးနောက် သညာရှိလည်းမဟုတ်၊ မရှိလည်းမဟုတ်အယူရှိကုန်သော ထိုအရှင် သာမဏ၊ ဗြာဟ္မဏတို့သည် အဘယ်ကိုအကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ သေပြီးနောက် သည်ရှိလည်း မဟုတ် မရှိလည်းမဟုတ်သော အတ္တကို ရှစ်မျိုးသောအကြောင်းတို့ဖြင့် ပြကုန်သနည်း။

အတ္တသည်ရုပ်ရှိ၏၊ သေပြီးနောက်ပျက်စီးခြင်းမရှိ၊ သညာရှိလည်း မဟုတ်ဟု ပြကုန်နည်း။
အတ္တသည် ရုပ်မရှိ။
အတ္တသည် ရုပ်ရှိလည်းဟုတ်၏။ ရုပ်မရှိလည်းဟုတ်၏။
အတ္တသည် ရုပ်ရှိလည်း မဟုတ်။ ရုပ်မရှိလည်းမဟုတ်။
အတ္တသည်အဆုံးရှိ၏။
အတ္တသည်အဆုံးမရှိ။

**အတ္တသည်အဆုံးရှိ၏လည်းဟုတ်၏။ အဆုံးမရှိလည်းဟုတ်၏။**

အတ္တသည်အဆုံးရှိ၏လည်းမဟုတ်။ အဆုံးမရှိလည်းမဟုတ်။

သေပြီးသည့်နောက်ပျက်ဆီးခြင်းသညာရှိလည်းမဟုတ်။ မရှိလည်းမဟုတ်ဟု ပြကုန်၏။

ရဟန်းတို့ သေပြီးနောက် သညာရှိလည်းမဟုတ်၊ မရှိလည်းမဟုတ်ဟုအယူရှိကုန်သော ထိုသာမဏ၊ ဗြာဟ္မဏတို့သည် သေပြီးနောက်သညာရှိလည်းမဟုတ်၊ မရှိလည်း မဟုတ်သောအတ္တကို ရှစ်မျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏။

ရဟန်းတို့ သေပြီးသည့်နောက်သညာရှိလည်းမဟုတ်၊ မရှိလည်းမဟုတ်ဟုအယူရှိ ကုန်သော ထိုသာမဏ၊ ဗြာဟ္မဏတို့သည်သေပြီးသည့်နောက် သညာရှိလည်းမဟုတ်၊ မရှိလည်း မဟုတ်သောအတ္တကိုပြရလျှင် ဤရှစ်မျိုးသောအကြောင်းတို့ဖြင့်သော်လည်းကောင်း၊ ဤရှစ်မျိုးတို့တွင် တစ်မျိုးမျိုးသောအကြောင်းအရာတို့ဖြင့် သော်လည်း ကောင်း၊ပြကုန်၏။ ဤရှစ်မျိုးတို့မှတစ်ပါးသော အကြောင်းမရှိ၊မြတ်စွာဘုရား၏ ဟုတ်မှန်သောဂုဏ်ကို ဟုတ်မှန်စွာ ပြောလိုကြလျှင် အကြင်တရားတို့ဖြင့် ပြကြရာ၏။ နက်နဲသော တရားတို့သည် ဤသို့ပင်တည်း။

အချင်းတို့ သင်ဆိုသော ဤအတ္တသည်ရှိသည်သာတည်း မရှိဟုငါမဆို၊ အချင်းဤအတ္တ သည် ဤမျှဖြင့် လုံး၀ပြတ်စဲသည်မဟုတ်သေး၊ အာကာသာနဉ္စာယန ဈာန်ကို လုံး၀လွန်မြောက်၍ ဝိညာဉ်သည် အဆုံးမရှိဟုနှလုံးသွင်းလျက် ဝိညာဏဉ္စာယတန ဗြဟ္မာ့ဘုံသို့ရောက်သော အခြားအတ္တ သည်ရှိသေး၏။ ထိုအတ္တကိုသင်မသိ၊ သင်မမြင်၊ ထိုအတ္တကိုငါသိ၏။ ငါမြင်၏။ အချင်းထိုအတ္တသည် ကိုယ်ကောင်ပျက်စီးလျှင် ပြတ်စဲ၏။

ဤသို့လျှင်အချို့သောသူတို့သည် ထင်ရှားရှိသော သတ္တဝါတို့၏ ပြတ်စဲခြင်း၊ ပျက် စီးခြင်း၊ ပျောက်ကင်းခြင်းကို ပြကုန်၏။

ထိုသူကိုအခြားသူက ဤသို့ဆို၏။

အချင်းသင်ဆိုသော ဤအတ္တသည်ရှိသည်သာတည်း၊ မရှိဟုငါမဆို၊ အချင်းဤအတ္တ သည်ဤမျှဖြင့် လုံး၀ပြတ်စဲသည်မဟုတ်သေး၊ အချင်းဝိညာဏဉ္စာယတနဈာန်ကို လုံး၀လွန် မြောက်၍တစ်စုံတခုမျှမရှိဟု နှလုံးသွင်းလျက် အာကိဉ္စယတန ဗြဟ္မာ့ဘုံသို့ရောက်သော အခြားအတ္တ သည်ရှိသေး၏။ အချင်းထိုအတ္တကိုသင်မသိ၊ သင်မမြင်၊ ထိုအတ္တကိုငါမြင်၏။ အချင်းထိုအတ္တသည် ကိုယ်ကောင်ပျက်စီးလျှင် ပြတ်စဲ၍ ပျက်စီး၏။ သေပြီးသည်နောက် ၌မရှိ။ အချင်းဤမျှဖြင့် ဤအတ္တသည် လုံး၀ပျက်စီးပြတ်စဲ၏။

ဤသို့လျှင် အချို့သောသူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း၊ ပျက်စီး ခြင်း၊ ပျောက်ကင်းခြင်းကို ပြကုန်၏။

ထိုသူကို အခြားသူက ဤသို့ဆို၏။

အချင်းသင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း၊ မရှိဟုငါမဆို အချင်းဤအတ္တ သည်

ဤမျှဖြင့် လုံး၀ပြတ်စဲသည် မဟုတ်သေး၊ အာကိဉ္စညာယတနစျာန်ကို လုံး၀လွန်မြောက်၍ ဤဝိညာဉ်သည်ငြိမ်သက်၏။ ဤဝိညာဉ်သည်မွန်မြတ်၏ဟု နှလုံးသွင်းလျှက် နေ၀သညာနာသညာ ယတန ဖြဟ္မာဘုံသို့ရောက်သော အခြားအတ္တသည် ရှိသေး၏။ ထိုအတ္တကိုသင်မသိ၊ သင်မမြင်၊ ထိုအတ္တကိုငါမြင်၏။ အချင်းထိုအတ္တသည် ကိုယ်ကောင်ပျက်စီးလျှင် ပြတ်စဲ၍ပျက်စီး၏။ သေပြီးသည် နောက်၌မရှိ။ အချင်းဤမျှဖြင့် ဤအတ္တသည် လုံး၀ပြတ်စဲ၏ဟုဆို၏။

ဤသို့လျှင် အချို့သောသူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း၊ ပျက်စီး ခြင်း၊ ပျောက်ကင်းခြင်းကို ပြကုန်၏။

ထိုသူကို အခြားသူက ဤသို့ဆို၏။

အချင်းသင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း၊ မရှိဟုငါမဆို အချင်းဤအတ္တ သည် ဤမျှဖြင့် လုံး၀ပြတ်စဲသည် မဟုတ်သေး၊ အာကိဉ္စညာယတနစျာန်ကို လုံး၀လွန်မြောက်၍ ဤဝိညာဉ်သည်ငြိမ်သက်၏။ ဤဝိညာဉ်သည်မွန်မြတ်၏ဟု နှလုံးသွင်းလျှက် နေ၀သညာနာယတန ဖြဟ္မာဘုံသို့ရောက်သော အခြားအတ္တသည် ရှိသေး၏။ ထိုအတ္တကို သင်မသိ၊ သင်မမြင်၊ ထိုအတ္တ ကိုငါမြင်၏။ အချင်းထိုအတ္တသည် ကိုယ်ကောင်းပျက်စီးလျှင် ပြတ်စဲ၍ ပျက်စီး၏။ သေပြီးသည် နောက်၌မရှိ။ အချင်းဤမျှဖြင့် ဤအတ္တသည် လုံး၀ပြတ်စဲ၏ဟုဆို၏။

ဤသို့လျှင် အချို့သောသူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း၊ ပျက်စီး ခြင်း၊ ပျောက်ကင်းခြင်းကို ပြကုန်၏။

ရဟန်းတို့ ပြတ်စဲအယူရှိကုန်သော ထိုသမဏဗြာဟ္မဏအားလုံးတို့သည် ထင်ရှားရှိ သော သတ္တဝါ၏ပြတ်စဲခြင်း၊ ပျက်စီးခြင်းပျောက်ကင်းခြင်းကို ပြကြလျှင်ဤခုနစ်မျိုးသော အကြောင်းတို့ဖြင့် သော်လည်းကောင်း၊ ဤခုနစ်မျိုးတို့မှ တစ်ပါးသောအကြောင်းမရှိ၊ မြတ်စွာဘုရား၏ ဟုတ်မှန်သောဂုဏ်ကို မှန်စွာပြောလိုကြလျှင် အကြင်တရားတို့ဖြင့် ပြောကြရာ၏။ နက်နဲကုန်သောတရားတို့သည် ဤသည်တို့ပင်တည်း။ခံစားရ၏။

အကြင်တတိယစျာန်ကြောင့် ထိုသူကို လျစ်လျူရှုသူ သတိရှိသူချမ်းသာစွာနေလေ့ ရှိသူဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏။ ထိုတတိယစျာန်သို့ ဤအတ္တသည် ရောက်၍နေ၏။ အချင်းဤမျှဖြင့် ဤအတ္တသည် အမြတ်ဆုံးမျက်မှောက်လောကနိဗ္ဗာန်သို့ ရောက်၏ဟုဆို၏။

ဤသို့လျှင် အချို့သောသူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံးမျက်မှောက် လောကီ နိဗ္ဗာန်သို့ပြကုန်၏။

ထိုသူကို အခြားသူက ဤသို့ဆို၏။

အချင်းသင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း၊ မရှိဟုငါမဆို အချင်းဤအတ္တ သည် ဤမျှဖြင့်အမြတ်ဆုံးမမျက်မှောက်လောကီနိဗ္ဗာန်သို့မရောက်သေး၊ အဘယ်ကြောင့်ဆိုသော် တတိယစျာန်၌ ချမ်းသာဟုစိတ်၏နှလုံးသွင်းခြင်းရှိသောကြောင့် ထိုစျာန်ကို ကြမ်းတမ်း၏ဟု ဆို၏။ အချင်းဤအတ္တသည်

ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်လည်းကောင်း၊ ရှေးဦးကပင်လျှင် ဝမ်းမြောက်ခြင်း၊ နှလုံးမသာခြင်း တို့၏ ချုပ်နှောင်ခြင်းကြောင့်လည်း ကောင်း၊ ဆင်းရဲချမ်းသာမရှိသောလျစ်လျူရှုခြင်း ကြောင့်ဖြစ်သည့် သတိဖြစ်၏။ စင်ကြယ်ခြင်းမရှိသော စတုတ္ထဈာန်သို့ရောက်၍နေ၏။ အချင်းဤမျှဖြင့် ဤအတ္တသည် အမြတ်ဆုံး မျက်မှောက်လောကီနိဗ္ဗာန်သို့ရောက်၏ဟုဆို၏။ ဤသို့လျှင် အချို့သောသူတို့သည် ထင်ရှားရှိသော သတ္တဝါတို့၏ အမြတ်ဆုံးလောကီနိဗ္ဗာန်ကို ဤငါးမျိုးသောအကြောင်းတို့ ဖြင့်ပြကုန်၏။ ရဟန်းတို့အမြတ်ဆုံး မျက်မှောက် လောကီနိဗ္ဗာန် အယူရှိကုန်သော သာမဏ၊ ဗြာဟ္မဏတို့သည် ထင်ရှားသော သတ္တဝါ၏အမြတ်ဆုံး မျက်မှောက် လောကီနိဗ္ဗာန်ကို ဤ ငါးမျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏။ ရဟန်းတို့အမြတ်ဆုံးမျက်မှောက် လောကီနိဗ္ဗာန် အယူရှိကုန်သောသာမဏ၊ ဗြာဟ္မဏအားလုံး တို့သည်ထင်ရှားရှိသော သတ္တဝါတို့၏ အမြတ်ဆုံးမျက်မှောက်လောကီနိဗ္ဗာန်ကို ဤငါးမျိုးသောအကြောင်း တို့ဖြင့်သော်လည်းကောင်း၊ ဤငါး မျိုးတို့တွင် တစ်မျိုးမျိုးသောအကြောင်းတို့ဖြင့်သော်လည်းကောင်း၊ ဤငါးမျိုးမှ တစ်ပါး သောအကြောင်းမရှိ၊ မြတ်စွာဘုရား၏ဟုတ်မှန်သောဂုဏ်ကို မှန်စွာပြောလိုကြလျှင် အကြင်တရား တို့ဖြင့်ပြောကြရာ၏။ နက်နဲကုန်သောတရားတို့သည် ဤသည်တို့ပင်တည်း။

ရဟန်းတို့နောက်အဖို့ကိုကြံဆကုန်သော နောက်အဘို့ကိုစွဲယူကုန်သော ထိုသမဏ၊ ဗြာဟ္မဏတို့သည်နောက်အဘို့ကိုစွဲမှီ၍ များပြားသောမိစ္ဆာအယူပြ စကားတို့ကို ဤလေးဆယ့် လေးမျိုးသောအကြောင်းတို့ဖြင့်ပြောဟောကုန်၏။

ရဟန်းတို့နောက်အဘို့ကိုကြံဆကုန်သော နောက်အဘို့ကိုစွဲယူကုန်သောထိုသမဏ ဗြာဟ္မဏတို့သည် နောက်အဘို့ကိုစွဲမှီ၍ များပြားသော မိစ္ဆာအယူပြစကားတို့ကို ပြောဟောကြလျှင် ဤလေးဆယ့်လေးမျိုးသောအကြောင်းတို့ဖြင့်သော်လည်းကောင်း၊ ဤလေးဆယ့်လေးမျိုးတို့တွင် တစ်မျိုးမျိုးသောအကြောင်းဖြစ်သော်လည်းကောင်း၊ ပြောကုန်၏၊ ဤလေးဆယ့်လေးမျိုးတို့မှ တစ်ပါးသောအကြောင်းမရှိ၊မြတ်စွာဘုရား၏ဟုတ်မှန်သောဂုဏ်ကို မှန်စွာပြောလိုကြလျှင် အကြင် တရားတို့ဖြင့်နက်နဲကုန်သောထိုတရားတို့သည်ဤသည်တို့ပင်တည်း။

ရဟန်းတို့ ရှေးအဘို့ကို ကြံဆကုန်သောရှေ့အဘို့နောက်အဘို့ကို ကြံဆကုန်သော ရှေအဘို့နောက်အဘို့ကို စွဲယူကုန်သော သမဏ၊ ဗြာဟ္မဏတို့သည် ရှေ့အဘို့နောက်အဘို့ တို့ကို စွဲမှီ၍ ခြောက်ဆယ်နှစ်မျိုးသော အကြောင်းတို့ဖြင့် များပြားသော မိစ္ဆာအယူပြစကားတို့ကို ဟောပြောကုန်၏။

ရဟန်းတို့ရှေ့အဘို့ကိုကြံဆကုန်သော နောက်အဘို့ကို ကြံဆကုန်သော ရှေ့အဘို့ နောက်အဘို့တို့ကို ကြံဆကုန်သော ရှေ့အဘို့နောက်အဘို့စွဲယူကုန်သော ထိုသမဏ၊ ဗြာဟ္မဏ တို့သည် ရှေ့အဘို့နောက်အဘို့ကိုစွဲမှီ၍ များပြားသောမိစ္ဆာအယူပြစကားကိုပြော ဟောကြလျှင် ဤခြောက်ဆယ့်နှစ်မျိုးသောအကြောင်းတို့ဖြင့်သော်လည်းကောင်း၊ ဤ ခြောက်ဆယ့်နှစ်မျိုး တို့တွင် တစ်မျိုးမျိုးသောအကြောင်းတို့ဖြင့်သော်လည်းကောင်း၊ ဟောပြောကြကုန်၏။ ဤခြောက်ဆယ့်နှစ်မျိုးတို့မှ တစ်ပါးသောအကြောင်းမရှိ။

ရဟန်းတို့ ဤခြောက်ဆယ့်နှစ်မျိုးသောအယူတို့သည် ဤသို့စွဲယူထားလျှင် ဤသို့ မှားယွင်းစွာသုံးသပ်ထားလျှင် ဤခြောက်ဆယ့်နှစ်မျိုးသော အယူတို့သည် ဤသို့လားရာ ရှိကုန်၏၊ ဤသို့တမလွန်ရှိကုန်၏ဟု မြတ်စွာဘုရားသည် ဤခြောက်ဆယ့်နှစ်မျိုးသော အယူကို သိတော်မူ ၏၊

မြတ်စွာဘုရားသည် ထိုခြောက်ဆယ့်နှစ်မျိုးသော အယူတို့ကို သိတော်မူ၏၊ ထို့ထက် အထူးသဖြင့် လွန်မြတ်သော တရားကိုလည်းသိတော်မူ၏၊ ထိုအထူးသဖြင့်လွန်မြတ် သော တရားကို သိတော်မူသော်လည်း မှားယွင်းစွာမသုံးသပ်၊ မှားယွင်းစွာမသုံးသပ် သောကြောင့် ထိုမြတ်စွာဘုရားသည် ကိုယ်တော်တိုင်သာလျှင် နိဗ္ဗာန်ကို သိတော်မူ၏။

ရဟန်းတို့ မြတ်စွာဘုရားသည် ဝေဒနာတို့၏ဖြစ်ကြောင်းလည်းကောင်း၊ ချုပ်ကြောင်းကိုလည်းကောင်း၊ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ဝေဒနာမှ ထွက်မြောက်ရာကိုလည်းကောင်း၊ ဟုတ်မှန်သောအတိုင်းသိတော်မူသဖြင့် တစ်စုံ တစ်ရာမစွဲလန်းမူ၍ လွတ်မြောက်တော်မူ၏။

ရဟန်းတို့မြတ်စွာဘုရားသည် အကြင်တရားတို့ကို ကိုယ်တော်တိုင်ထူးသောဉာဏ် ဖြင့် မျက်မှောက်ပြု၍ဟောတော်မူ၏၊ မြတ်စွာဘုရား၏ ဟုတ်မှန်သောဂုဏ်ကို မှန်စွာပြော လိုကြလျှင် အကြင်တရားတို့ဖြင့်ပြောရာ၏၊ နက်နဲသောမြင်နိုင်ခဲကုန်သော၊ သိနိုင်ခဲကုန် သော၊ ငြိမ်သက်ကုန်သော၊ မွန်မြတ်ကုန်သော၊ ကြံစည်ခြင်းဖြင့် သိမ်မွေ့ကုန်သော ပညာ သာသိနိုင်ကုန်သော ထိုတရားတို့သည် ဤသို့ပင်တည်း။

## ပရိတဿိတ ဝိပ္ဖန္ဒိတဝါရ

ရဟန်းတို့ ထိုသူတို့တွင် တည်မြဲအယူရှိကုန်သော အကြင်သာမဏဗြာဟ္မဏတို့သည် မိမိအယူ၌ (နှစ်ခြိုက်ဝမ်းသာသောအကြင် ဝေဒနာဖြင့် ခံစားကုန်လျက်) အတ္တကိုလည်းကောင်း လောကကိုလည်းကောင်း၊ တည်မြဲ၏ဟုလေးမျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏။ ထိုဝေဒနာ သည်လည်း အမှန်ကိုမသိကုန်သော၊ အမှန်ကိုမမြင်ကုန်သော တဏှာပူးကပ်ကုန်သော ထိုအသျှင် သာမဏဗြာဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

ရဟန်းတို့ ထိုသူတို့တွင် အချို့တည်မြဲအယူရှိကုန်သောအကြင်သာမဏ ဗြာဟ္မဏတို့ သည်မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့်ခံစားကုန်လျက် အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ အချို့တည်မြဲ၏၊ အချို့မတည်မြဲဟု လေးမျိုး သောအကြောင်းတို့ဖြင့် ပြကုန်၏၊ ထိုဝေဒနာတို့သည် အမှန်ကိုမသိကုန်သော အမှန်ကို မမြင်ကုန်သော တဏှာပူးကပ် ကုန်သော ထိုအသျှင်သာမဏ ဗြာဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည် သာတည်း။

ရဟန်းတို့ ထိုသူတို့တွင် အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော အကြင်သမဏ၊ ဗြာဟ္မဏတို့သည် မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက် လောက၏ အဆုံးရှိ

အဆုံးမရှိထိုလေးမျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏။ ထိုဝေဒနာ သည်လည်း အမှန်ကိုသိကုန်သော အမှန်ကိုမမြင်ကုန်သော တဏှာပူးကပ်ကုန်သော ထိုအသျှင် သမဏ၊ ဗြဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

ရဟန်းတို့ သူတို့တွင် အဆုံးမရှိ ပစ်လွင့်သောအယူရှိကုန်သောအကြင် သမဏ၊ ဗြဟ္မဏတို့သည် ထိုထိုအရာ၌ အမေးခံကြရလျှင် မိမိအယူ၌နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့်ခံစားကုန်လျက် အဆုံးမရှိပစ်လွင့်သောစကားကို လေးမျိုးသော အကြောင်း တို့ဖြင့် ဆိုကုန်၏။ ဝေဒနာသည်လည်းအမှန်ကို မသိကုန်သောအမှန်ကို မမြင် ကုန်သော တဏှာပူးကပ် ကုန်သော ထိုအသျှင်သာမဏဗြဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

ရဟန်းတို့ ထိုသူတို့တွင် အကြောင်းမဲ့အယူရှိကုန်သော သမဏဗြဟ္မဏတို့သည် မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက် အတ္တကိုလည်းကောင်း။ လောကကိုလည်းကောင်း၊ အကြောင်းမဲ့ဖြစ်ပေါ်၏ဟု နှစ်မျိုးသောအကြောင်း တို့ဖြင့် ပြကုန်၏။ ဝေဒနာတို့သည်လည်း အမှန်ကိုမသိသော အမှန်ကိုမမြင်ကုန်သော တဏှာပူးကပ်ကုန်သော ထိုအသျှင်သမဏဗြဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်း တုန်လှုပ်သည်သာတည်း။

ရဟန်းတို့ ထိုသူတို့တွင် ရှေးအဖို့ကိုကြံဆကုန်သော ရှေးအဘို့ကိုစွဲယူကုန်သော ထိုသမဏ၊ ဗြဟ္မဏတို့သည် မိမိအယူ၌နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာကိုခံစားကုန်လျက်ရှေးအဘို့ ကိုစွဲမှီ၍ များပြားသောမိစ္ဆာအယူပြစကားတို့ကို ဤတစ်ဆယ့်ရှစ်မျိုးသော အကြောင်းတို့ဖြင့်ပြကုန်၏။ ထိုဝေဒနာတို့သည် လည်းအမှန်ကိုမသိကုန်သော အမှန်ကိုမမြင် ကုန်သော တဏှာပူးကပ်ကုန်သော ထိုအသျှင်သမဏဗြဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

ရဟန်းတို့ ထိုသူတို့တွင်သေပြီးနောက် သညာရှိကုန်သော အကြင်သာမဏ၊ ဗြဟ္မဏ တို့သည်မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသောအကြင်ဝေဒနာဖြင့် ခံစားကုန်လျက်သေပြီး နောက်သညာသောအတ္တကို တစ်ဆယ့်ခြောက်မျိုးသော အကြောင်းတို့ဖြင့်ပြကုန်၏။ ထိုဝေဒနာသည်လည်း အမှန်ကိုမသိကုန်သော အမှန်ကိုမမြင်ကုန်သောတဏှာပူးကပ်ကုန်သောထိုအသျှင် သာမဏ ဗြဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့်တုန်လှုပ်သည်သာတည်း။

ရဟန်းတို့ ထိုသူတို့တွင် သေပြီးနောက် သညာရှိအယူရှိကုန်သော အကြင် သာမဏ ဗြဟ္မဏတို့သည် မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက် သေပြီးနောက်သညာမရှိသောအတ္တကို ရှစ်မျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏။ ထိုဝေဒနာ သည်လည်း အမှန်ကိုမသိကုန်သော တဏှာပူးကပ်ကုန်သောထိုအသျှင် သာမဏ ဗြဟ္မဏ တို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့်တုန်လှုပ်သည်သာတည်း။

ရဟန်းတို့ ထိုသူတို့တွင် သေပြီးနောက် သညာရှိလည်းမဟုတ်၊ သညာမရှိလည်း မဟုတ် အယူရှိကုန်သော အကြင်သာမဏ ဗြဟ္မဏတို့သည် မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်

ဝေဒနာဖြင့်ခံစားကုန်လျက် သေပြီးနောက်သညာရှိလည်းမဟုတ်၊ မရှိလည်း မဟုတ်သောအတ္တကို ရှစ်မျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏။ ထိုဝေဒနာ သည်လည်း အမှန်ကိုမသိကုန်သော အမှန်ကိုမမြင်ကုန်သောတဏှာပူးကပ် ကုန်သောထိုအသျှင် သာမဏ ဗြာဟ္မဏ တို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

ရဟန်းတို့ ထိုသူတို့တွင် ပြတ်စဲအယူရှိကုန်သောအကြင်သာမဏဗြာဟ္မဏတို့သည် မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသောအကြင်ဝေဒနာဖြင့် ခံစားကုန်လျက်ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း၊ ပျက်စီးခြင်း၊ ပျောက်ကင်းခြင်းကို ထိုခုနှစ်မျိုးသောအကြောင်းတို့ ဖြင့်ပြကုန်၏။ ထိုဝေဒနာသည်လည်း အမှန်ကိုမသိကုန်သော အမှန်ကိုမမြင်ကုန်သော တဏှာပူးကပ်ကုန်သော ထိုအသျှင်သမဏ၊ ဗြာဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်း ဖြင့် တုန်လှုပ်သည်သာတည်း။

ရဟန်းတို့ ထိုသူတို့တွင် မျက်မှောက်လောကီနိဗ္ဗာန် အယူရှိကုန်သောအကြင်သမဏ ဗြာဟ္မဏတို့သည် မိမိအယူ၌နှစ်ခြိုက်ဝမ်းသာသောအကြင်ဝေဒနာဖြင့် ခံစားကုန်လျက် ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံးမျက်မှောက်လောကီနိဗ္ဗာန်ကို ငါးမျိုးသောအကြောင်းတို့ဖြင့်ပြကုန်၏။ ထိုဝေဒနာ သည်လည်း အမှန်ကိုမသိကုန်သောအမှန်ကိုမမြင်ကုန် သော တဏှာပူးကပ်ကုန်သော ထိုအသျှင်သမဏဗြာဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့် တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

ရဟန်းတို့ ထိုသူတို့တွင် ရှေ့အဖို့ကိုကြံဆကုန်သော နောက်အဖို့ကိုကြံဆကုန် သောနောက်အဖို့ ရှေ့အဖို့ကိုကြံဆကုန်သောရှေ့အဖိုနောက်အဘို့ကိုစွဲယူကုန် သော ထိုသမဏ၊ ဗြာဟ္မဏတို့သည် မိမိအယူ၌နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာကို ခံစားကုန်လျက် အနောက်အဘို့ကိုစွဲမှီ၍ များပြားသောမိစ္ဆာအယူပြစကားတို့ကို ခြောက်ဆယ့်နှစ်မျိုးသောအကြောင်းတို့ဖြင့်ပြောကုန်၏။ ထိုဝေဒနာတို့သည် အမှန်ကိုမသိကုန် သော အမှန်ကိုမမြင်ကုန်သော တဏှာပူးကပ်ကုန်သော ထိုအသျှင်သမဏဗြာဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

ရဟန်းတို့ ထိုသူတို့တွင် ရှေးအဘို့ကိုကြံဆကုန်သော နောက်အဖို့ကိုကြံဆကုန် သော ရှေးအဖို့နောက်အဘို့တို့ကို ကြံဆကုန်သာ ရှေးအဘို့နောက်အဘို့ကိုစွဲယူကုန်သော ထိုသမဏ၊ ဗြာဟ္မဏတို့သည် မိမိအယူ၌နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာကို ခံစားကုန်လျက် အနောက်အဘို့ကိုစွဲမှီ၍ များပြားသောမိစ္ဆာအယူပြစကားတို့ကို ၍ လေးဆယ့်လေးမျိုးသော အကြောင်းတို့ဖြင့်ပြကုန်၏။ ထိုဝေဒနာတို့သည် အမှန်ကိုမသိကုန် သော အမှန်ကိုမမြင်ကုန်သော တဏှာပူးကပ်ကုန်သော ထိုအသျှင်သမဏဗြာဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

ရဟန်းတို့ ထိုသူတို့တွင် ရှေးအဘို့ကိုကြံဆကုန်သော၊ နောက်အဘို့ကိုကြံဆ .ကုန်သော၊ ရှေးအဘို့ နောက်အဘို့တို့ကိုကြံဆကုန်သော၊ ရှေးအဘို့ နောက်အဘို့တို့ကို စွဲယူကုန်သောအကြင်သမဏဗြာဟ္မဏတို့သည် မိမိတို့အယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာ တို့ဖြင့် ခံစားကုန်လျက်ရှေးအဘို့ နောက်အဘို့တို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြ စကား တို့ကို

ခြောက်ဆယ့်နှစ်မျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏၊ ထိုဝေဒနာကိုလည်းအမှန်ကို မသိကုန်သော၊ အမှန်ကိုမမြင်ကုန်သော၊ တဏှာပူးကပ် ကုန်သော ထိုအသျှင်သာမဏ ဗြာဟ္မဏ တို့၏ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ် သည်သာတည်း။

## ဖဿပစ္စယာဝါရ

ရဟန်းတို့ ထိုသူတို့တွင် တည်မြဲအယူရှိကုန်သော အကြင်သမဏတို့သည် မိမိကုန် ၌နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားလျက်အတ္တကိုလည်းကောင်း၊ လောကကို လည်းကောင်းတည်မြဲ၏ဟု လေးမျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏။ ထိုသမဏဗြာဟ္မ တို့၏ ဝေဒနာသည်လည်း ဖဿဟူသော အကြောင်းကြောင့်ဖြစ်၏။

ရဟန်းတို့ ထိုသူတို့တွင် အချို့တည်မြဲ၊ အချို့မတည်မြဲ အယူရှိကုန်သောအကြင် သမဏ၊ ဗြာဟ္မဏတို့သည် မိမိတို့အယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့်ခံစား ကုန်လျက် အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ အချို့တည်မြဲ၏၊ အချို့ မတည်မြဲဟု လေးမျိုး သောအကြောင်းတို့ပြကုန်၏၊ ထိုသမဏဗြာဟ္မဏတို့၏ ဝေဒနာသည် လည်းဖဿဟူသော အကြောင်းကြောင့်ဖြစ်၏။ ရဟန်းတို့ ထိုသူတို့တွင် အဆုံးရှိ အဆုံး မရှိအယူရှိကုန် သော အကြင် သာမဏ၊ ဗြာဟ္မဏတို့သည် မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားလျက် လောက၏ အဆုံးရှိ အဆုံးမရှိကိုလေးမျိုးသော အကြောင်း တို့ဖြင့်ပြကုန်၏။ ထိုသမဏဗြာဟ္မဏ တို့၏ ဝေဒနာသည်လည်း ဖဿဟူသောအကြောင်း ကြောင့်ဖြစ်၏။

ရဟန်းတို့ ထိုသူတို့တွင်အဆုံးမရှိပစ်လွှင့်သောအယူရှိကုန်သောအကြင်သမဏ၊ ဗြာဟ္မဏတို့သည် ထိုအရာ၌အမေးခံကြရလျှင် မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသောအကြင် ဝေဒနာဖြင့်ခံစားကုန်လျက် အဆုံးမရှိပစ်လွှင့်သော စကားကိုလေးမျိုးသော အကြောင်းတို့ဖြင့် ဆိုကုန်၏။ ထိုသမဏ ဗြာဟ္မဏတို့၏ ဝေဒနာသည်လည်း ဖဿဟူသောအကြောင်း ကြောင့် ဖြစ်၏။

ရဟန်းတို့ ထိုသူတို့တွင် အကြောင်းမဲ့အယူရှိကုန်သောအကြင် သမဏဗြာဟ္မဏ တို့သည် မိမိတို့အယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့်ခံစားကုန်လျက် အတ္တကို လည်းကောင်း၊ လောကကိုလည်းကောင်း၊ အကြောင်းမဲ့ ဟုနှစ်မျိုးသော အကြောင်းတို့ပြကုန်၏။ ထိုသမဏဗြာဟ္မဏတို့၏ ဝေဒနာသည် လည်း ဖဿဟူသော အကြောင်းကြောင့်ဖြစ်၏။

ရဟန်းတို့ ထိုသူတို့တွင် ရှေးအဘို့ကိုကြံဆကုန်သော ရှေးအဘို့ကို စွဲယူကုန်သော အကြင်သမဏဗြာဟ္မဏတို့သည် မိမိအယူ၌နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစား ကုန်လျက် ရှေးအဖို့အဘို့ကို စွဲမှီ၍တစ်ဆယ့်ရှစ်မျိုးသော အကြောင်းတို့ဖြင့် များပြားသော မိစ္ဆာအယူ ပြစကားတို့ကို ပြောဟောကုန်၏။ ထိုသမဏ ဗြာဟ္မဏတို့၏ ဝေဒနာသည်လည်း ဖဿဟူသော အကြောင်း ကြောင့်ဖြစ်၏။

ရဟန်းတို့ ထိုသူတို့တွင် သေပြီးနောက် အတ္တရှိ သညာရှိ အယူရှိကုန်သောအကြင် သမဏ

ပြဟ္မဏတို့သည် မိမိအယူ၌နှစ်ချိုက်ဝမ်းသာသောအကြင်ဝေဒနာဖြင့် ခံစားလျှက် သေပြီးနောက်သညာရှိသော အတ္တကိုတစ်ဆယ့်ခြောက်မျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏။

ရဟန်းတို့ ထိုသူတို့တွင် သေပြီးနောက် သညာမရှိ အယူရှိကုန်သောအကြင် သမဏ ပြဟ္မဏတို့သည် မိမိအယူ၌နှစ်ချိုက်ဝမ်းသာသောအကြင်ဝေဒနာဖြင့် ခံစားလျှက်သေပြီးနောက် သညာမ ရှိသော အတ္တကိုရှစ်မျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏။ ထိုသမဏ ပြဟ္မဏတို့၏ ဝေဒနာသည်လည်း ဖဿဟူသော အကြောင်းကြောင့်ဖြစ်၏။

ရဟန်းတို့ ထိုသူတို့တွင် သေပြီးနောက် သညာရှိလည်းမဟုတ်၊ သညာမရှိလည်း မဟုတ် အယူရှိကုန်သောအကြင် သမဏ ပြဟ္မဏတို့သည် မိမိအယူ၌နှစ်ချိုက်ဝမ်းသာ သောအကြင်ဝေဒနာ ဖြင့်ခံစားလျှက် သေပြီးနောက်သညာရှိလည်းမဟုတ်၊ မရှိလည်း မဟုတ်သောအတ္တကို ရှစ်မျိုးသော အကြောင်းတို့ဖြင့်ပြကုန်၏။ ထိုသမဏ ပြဟ္မဏတို့၏ ဝေဒနာသည်လည်း ဖဿဟူသောအကြောင်း ကြောင့်ဖြစ်၏။

ရဟန်းတို့ ထိုသူတို့တွင် ပြတ်စဲအယူရှိကုန်သောအကြင်သာမဏပြဟ္မဏတို့သည် မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသောအကြင်ဝေဒနာဖြင့် ခံစားကုန်လျက်ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း၊ ပျက်စီးခြင်း၊ ပျောက်ကင်းခြင်းကို ထိုခုနှစ်မျိုးသောအကြောင်းတို့ဖြင့်ပြကုန်၏။ ထိုသာမဏပြဟ္မတို့၏ဝေဒနာသည်လည်း ဖဿဟူသောအကြောင်းကြောင့်ဖြစ်၏။

ရဟန်းတို့ ထိုသူတို့တွင် မျက်မှောက်လောကီအယူရှိကုန်သောအကြင်သမဏ ပြဟ္မဏ တို့သည် မိမိအယူ၌နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျှက် ထင်ရှားရှိသော သတ္တဝါတို့ ၏ အမြတ်ဆုံးမျက်မှောက်လောကီနိဗ္ဗာန်ကို ငါးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။ထိုသာမဏ ပြဟ္မတို့၏ဝေဒနာသည်လည်း ဖဿဟူသောအကြောင်းကြောင့်ဖြစ်၏။

ရဟန်းတို့ ထိုသူတို့တွင် နောက်အဘို့ကိုကြံဆကုန်သော နောက်အဘို့ကို စွဲယူ ကုန်သော အကြင်သမဏ ပြဟ္မဏတို့သည် မိမိအယူ၌ နှစ်ချိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျှက် ရှေ့အဖို့နောက်အဘို့ကို စွဲမိ၍ များပြားသော မိစ္ဆာအယူပြ စကားတို့ကို လေးဆယ့်လေးမျိုး သောအကြောင်းတို့ဖြင့် ဟောပြောကုန်၏၊ထိုသမဏ ပြဟ္မဏတို့၏ ဝေဒနာသည်လည်း ဖဿဟူသော အကြောင်းကြောင့် ဖြစ်၏။

ရဟန်းတို့ ထိုသူတို့တွင် ရှေးအဘို့ကိုကြံဆကုန်သော နောက်အဖို့ကိုကြံဆကုန်သော ရှေးအဖို့နောက်အဘို့တို့ကို စွဲယူကုန်သော အကြင်သမဏ၊ ပြဟ္မဏတို့သည် မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာ သောအကြင်ဝေဒနာကိုခံစားကုန်လျှက် ရှေးအဘို့နောက်အဘို့တို့ကိုကိုစွဲမှီ၍များပြားသော မိစ္ဆာအယူ ပြစကားတို့ကို ခြောက်ဆယ့်နှစ်မျိုးသောအကြောင်းတို့ဖြင့် ဟောပြောကုန်၏။ ထိုသမဏ ပြဟ္မဏ ဝေဒနာသည်လည်း ဖဿဟူသောအကြောင်းကြောင့် ဖြစ်၏။

## နေတံငါတံ ဝိစတိဝါရ

ရဟန်းတို့ ထိုသူတို့တွင် တည်မြဲအယူရှိကုန်သော အကြင်သမဏတို့သည် မိမိအယူ၌နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားလျက်အတ္တကိုလည်းကောင်း၊ လောကကို လည်းကောင်း၊ တည်မြဲ၏ဟု လေးမျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် ဖဿနှင့်ကင်း၍ စင်စစ်ခံစားနိုင်ရာသောအကြောင်းမရှိ။

ရဟန်းတို့ ထိုသူတို့တွင် အချို့တည်မြဲ၊ အချို့မတည်မြဲ အယူရှိကုန်သောအကြင်သမဏဗြာဟ္မဏတို့သည် မိမိတို့အယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့်ခံစားကုန်လျက် အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ အချို့တည်မြဲ၏။ အချို့မတည်မြဲဟုလေးမျိုးသောအကြောင်းတို့ပြကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည်ဖဿနှင့်ကင်း ၍ ထိုဝေဒနာကို စင်စစ်ခံစားနိုင်ရာသောအကြောင်းမရှိ။

ရဟန်းတို့ သူတို့တွင် အဆုံးရှိ အဆုံးမရှိအယူရှိကုန်သောအကြင်သမဏ ဗြာဟ္မဏ တို့သည် မိမိတို့နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက် လောက၏ အဆုံးရှိ၊ အဆုံးမရှိလေးမျိုးသောအကြောင်းတို့ဖြင့်ပြကုန်၏။ ထိုသမဏ ဗြာဟ္မဏတို့သည် ဖဿနှင့်ကင်း၍ ထိုဝေဒနာကို စင်စစ်ခံစားနိုင်ရာသောအကြောင်းမရှိ။

ရဟန်းတို့ သူတို့တွင်အဆုံးမရှိပစ်လွင့်သောအယူရှိကုန်သောအကြင်သမဏ၊ ဗြာဟ္မဏတို့သည် ထိုထိုအရာ၌အမေးခံကြရလျှင် မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသောအကြင်ဝေဒနာ ဖြင့်ခံစားကုန်လျက် အဆုံးမရှိပစ်လွင့်သော စကားကိုလေးမျိုးသော အကြောင်းတို့ဖြင့် ဆိုကုန်၏။ ထိုသမဏ ဗြာဟ္မဏတို့သည် ဖဿနှင့်ကင်း၍ ထိုဝေဒနာကို စင်စစ် ခံစားနိုင်ရာသောအကြောင်း မရှိ။

ရဟန်းတို့ ထိုသူတို့တွင် အကြောင်းမဲ့အယူရှိကုန်သောအကြင် သမဏဗြာဟ္မဏတို့သည် မိမိတို့အယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့်ခံစားကုန်လျက် အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ အကြောင်းမဲ့ဖြစ်ပေါ်၏ဟု နှစ်မျိုးသော အကြောင်းတို့ ပြကုန်၏။ ထိုသမဏ ဗြာဟ္မဏတို့သည် ဖဿနှင့်ကင်း၍ ထိုဝေဒနာကို စင်စစ်ခံစားနိုင်ရာသော အကြောင်းမရှိ။

ရဟန်းတို့ထိုသူတို့တွင် ရှေးအဘို့ကိုကြံဆကုန်သော ရှေးအဘို့ကို စွဲယူကုန်သော အကြင်သမဏဗြာဟ္မဏတို့သည် မိမိအယူ၌နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစား ကုန်လျက် ရှေးအဘို့ကိုစွဲမှီ၍ များပြားသောမိစ္ဆာအယူပြစကားတို့ကို တစ်ဆယ့်ရှစ်မျိုးသော အကြောင်းတို့ဖြင့် ပြောဟောကုန်၏။ ထိုသမဏဗြာဟ္မဏတို့သည် ဖဿနှင့်ကင်း၍ ထိုဝေဒနာကို စင်စစ်ခံစားနိုင်ရာသော အကြောင်းမရှိ။

ရဟန်းတို့ထိုသူတို့တွင်သေပြီးနောက် သညာရှိ အယူရှိကုန်သောအကြင်သမဏ ဗြာဟ္မဏတို့သည် မိမိအယူ၌နှစ်ခြိုက်ဝမ်းသာသောအကြင်ဝေဒနာဖြင့် ခံစားလျက် သေပြီးနောက် သညာရှိ

သောအတ္တကို တစ်ဆယ့်ခြောက်မျိုးသောအကြောင်းတို့ဖြင့်ပြကုန်၏။ ထို သမဏဗြာဟ္မဏတို့သည် ဖသနှင့်ကင်း၍ ထိုဝေဒနာကို စင်စစ်ခံစားနိုင်ရာသောအကြောင်းမရှိ။

ရဟန်းတို့ ထိုသူတို့တွင် သေပြီးနောက် သညာမရှိ အယူရှိကုန်သောအကြင်သမဏဗြာဟ္မဏတို့သည် မိမိအယူ၌နှစ်ချိုက်ဝမ်းသာသောအကြင်ဝေဒနာဖြင့် ခံစားလျှက် သေပြီးနောက် သညာမရှိသောအတ္တကို ရှစ်မျိုးသောအကြောင်းတို့ဖြင့်ပြကုန်၏။ ထိုသမဏ ဗြာဟ္မဏတို့သည် ဖသနှင့်ကင်း၍ ထိုဝေဒနာကို စင်စစ်ခံစားနိုင်ရာသောအကြောင်းမရှိ။

ရဟန်းတို့ ထိုသူတို့တွင် သေပြီးနောက် သညာရှိလည်းမဟုတ်၊ သညာမရှိလည်း မဟုတ် အယူရှိကုန်သောအကြင် သမဏ ဗြာဟ္မဏတို့သည် မိမိအယူ၌နှစ်ချိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားလျှက် သေပြီးနောက်သညာရှိလည်းမဟုတ်၊ မရှိလည်း မဟုတ်သောအတ္တကို ရှစ်မျိုးသောအကြောင်းတို့ဖြင့်ပြကုန်၏။ ထိုသမဏဗြာဟ္မဏတို့သည် ဖသနှင့်ကင်း၍ ထိုဝေဒနာကို စင်စစ်ခံစားနိုင်ရာသောအကြောင်းမရှိ။။

ရဟန်းတို့ ထိုသူတို့တွင် ပြတ်စဲအယူရှိကုန်သောအကြင်သာမဏဗြာဟ္မဏတို့သည် မိမိအယူ၌နှစ်ခြိုက်ဝမ်းသာသောအကြင်ဝေဒနာဖြင့် ခံစားကုန်လျက်ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း၊ ပျက်စီးခြင်း၊ ပျောက်ကင်းခြင်းကို ထိုခုနှစ်မျိုးသောအကြောင်းတို့ ဖြင့်ပြကုန်၏။ ထိုသမဏဗြာဟ္မဏတို့သည် ဖသနှင့်ကင်း၍ ထိုဝေဒနာကို စင်စစ်ခံစားနိုင်ရာသောအကြောင်းမရှိ။

ရဟန်းတို့ ထိုသူတို့တွင် မျက်မှောက်လောကီအယူရှိကုန်သောအကြင်သမဏ ဗြာဟ္မဏတို့သည် မိမိအယူ၌နှစ်ခြိုက်ဝမ်းသာသောအကြင်ဝေဒနာဖြင့် ခံစားကုန်လျက် ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံးမျက်မှောက်လောကီနိဗ္ဗာန်ကို ငါးမျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏။ ထိုသမဏဗြာဟ္မဏတို့သည် ဖသနှင့်ကင်း၍ ထို ဝေဒနာကို စင်စစ်ခံစား နိုင်ရာသောအကြောင်းမရှိ။

ရဟန်းတို့ ထိုသူတို့တွင် နောက်အဖို့ကိုကြံဆကုန်သော နောက်အဘို့ကိုစွဲယူကုန် သော အကြင်သမဏ၊ ဗြာဟ္မဏတို့သည် မိမိအယူ၌နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာ ကိုခံစားကုန်လျှက် နောက်အဘို့ကိုစွဲမှီ၍ များပြားသောမိစ္ဆာအယူပြစကားတို့ကို ဤ လေးဆယ့်လေးမျိုးသောအကြောင်း တို့ဖြင့်ပြကုန်၏။ ထိုသမဏဗြာဟ္မဏတို့သည် ဖသနှင့်ကင်း၍ ထိုဝေဒနာကို စင်စစ်ခံစားနိုင်ရာ သောအကြောင်းမရှိ။

ရဟန်းတို့ ထိုသူတို့တွင် ရှေးအဘို့ကိုကြံဆကုန်သော နောက်အဖို့ကိုကြံဆကုန် သော ရှေးအဖို့နောက်အဘို့တို့ကို စွဲယူကုန်သာ အကြင်သမဏ၊ ဗြာဟ္မဏတို့သည် မိမိအယူ၌ နှစ်ခြိုက် ဝမ်းသာသော အကြင်ဝေဒနာကိုခံစားကုန်လျှက် ရှေးအဘို့နောက်အဘို့ကိုစွဲမှီ၍ များပြားသော မိစ္ဆာအယူပြ စကားတို့ကို ဤခြောက်ဆယ့်နှစ်မျိုးသောအကြောင်းတို့ဖြင့် ဟောပြောကုန်၏။ ထိုသမဏဗြာဟ္မဏ တို့သည် ဖသနှင့်ကင်း၍ ထိုဝေဒနာကို စင်စစ်ခံစားနိုင်ရာသော အကြောင်းမရှိ။

## ဒိဋ္ဌိကဂိကာဓိဋ္ဌာနဝဏ္ဏကထာ

ရဟန်းတို့ ထိုသူတို့တွင် တည်မြဲအယူရှိကုန်သော အကြင်သမဏ ဗြာဟ္မဏတို့သည် အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ တည်မြဲ၏ဟု လေးမျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏။ အချို့တည်မြဲ၊ အချို့မတည်မြဲ အယူရှိကုန်သော အကြင်သမဏဗြာဟ္မဏ တို့သည်လည်း အဆုံးမရှိပစ်လွင့်သော အယူရှိကုန်သော အကြင်သမဏဗြာဟ္မဏတို့သည်လည်း၊ အကြောင်းမဲ့အယူရှိ ကုန်သော အကြင်သမဏ ဗြာဟ္မဏတို့သည်လည်း၊ ရှေးအဘို့ကို ကြံဆ ကုန်သော ရှေးအဘို့ကိုစွဲယူ ကုန်သော အကြင်သမဏဗြာဟ္မဏ တို့သည်လည်း၊ သေပြီးနောက် သညာရှိအယူရှိကုန်သော အကြင်သမဏဗြာဟ္မဏတို့သည်လည်း၊ သေပြီး နောက်သညာမရှိ အယူရှိကုန်သောအကြင်သမဏ ဗြာဟ္မဏတို့သည်လည်း၊ သေပြီးနောက် သညာရှိလည်းမဟုတ် အယူရှိကုန်သော အကြင်သမဏဗြာဟ္မဏ တို့သည်လည်း၊ ပြတ်စဲ အယူ ရှိကုန်သောအကြင်သမဏ ဗြာဟ္မဏတို့သည်လည်း၊ မျက်မှောက်လောကီ နိဗ္ဗာန်အယူရှိကုန် သောအကြင်သမဏဗြာဟ္မဏ တို့သည်လည်း၊ နောက်အဘို့ကိုကြံဆကုန်သော နောက်အဘို့ ကိုစွဲယူကုန်သော အကြင်သမဏ ဗြာဟ္မဏ တို့သည်လည်း၊ ရှေးအဘို့ကိုကြံဆကုန်သော နောက်အဘို့ကိုကြံဆကုန်သော၊ ရှေးအဘို့နောက်အဘို့ကိုကြံဆကုန်သော အကြင်သမဏ ဗြာဟ္မဏတို့ သည်လည်း၊ ရှေးအဘို့ နောက်အဘို့ကိုစွဲမှီ၍ များပြားသော မိစ္ဆာအယူပြစကားတို့ကို ခြောက်ဆယ့်နှစ်မျိုး သော အကြောင်းတို့ဖြင့် ပြောဟောကုန်၏။ ထိုသမဏ၊ ဗြာဟ္မဏတို့သည် ဖဿဖြစ်ကြောင်း ဒွါရခြောက်ပါးတို့ဖြင့်တွေ့ထိ၍ခံစားကုန်၏။ ထိုသူတို့အားဝေဒနာကြောင့် တဏှာဖြစ်၏။ တဏှာ ကြောင့် ဥပါဒါန်ဖြစ်၏။ ဥပါဒါန် ကြောင့်ဘဝဖြစ်၏။ ဘဝကြောင့် ဇာတိဖြစ်၏။ ဇာတိကြောင့် အိုခြင်း၊ သေခြင်း၊ ပူဆွေးခြင်း ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း ပြင်းစွာဖြစ်ကုန်၏။

## ဝိဝဋ္ဋကထာဒိ

ရဟန်းတို့အကြင်အခါ၌ ရဟန်းသည် ဖဿဖြစ်ကြောင်း ဒွါရခြောက်ပါးတို့၏ ဖြစ်ကြောင်းကိုငင်း၊ ချုပ်ကြောင်းကိုငင်း၊ သာယာဖွယ်ကိုငင်း၊ အပြစ်ကိုငင်း၊ ဖဿယတနတို့မှထွက်မြောက်ရာကိုငင်း၊ ဟုတ်မှန်သောအတိုင်းသိ၏။ ဤရဟန်းသည် ဤမိစ္ဆာအယူ အလုံးစုံတို့ထက် အထူးသဖြင့် လွန်မြတ်သော တရားကိုလည်းသိ၏။

ရဟန်းတို့ရှေးအဘို့ကို ကြံဆကုန်သောနောက်အဘို့ကိုကြံဆကုန်သော၊ ရှေးအဘို့ နောက်အဘို့ကိုကြံဆကုန်သော၊ ရှေးအဘို့နောက်အဘို့ကိုစွဲယူကုန်သော ,အလုံးစုံသောသမဏ၊ ဗြာဟ္မဏတို့သည် ရှေးအဘို့နောက်အဘို့ကိုစွဲမှီ၍ များပြားသောမိစ္ဆာအယူပြစကားတို့ကိုပြောဟော ကုန်၏။ ထိုသာမဏဗြာဟ္မဏအားလုံးတို့သည် ဤခြောက်ဆယ့်နှစ်မျိုး သောမိစ္ဆာအယူဖြင့် ဒေသနာကွန်ရက်အတွင်း၌ မိကုန်သည်ဖြစ်၍ ဖြစ်ပေါ်ကြလျှင် ဤ ဒေသနာကွန်ရက်အတွင်း၌ တည်ကုန်လျက်သာလျှင်ပေါ်ကုန်၏။ ဤဒေသနာကွန်ရက်၌ အကျုံးဝင်သည်ဖြစ်၍ ပေါ်ကြလျှင်ဒေသနာ ကွန်ရက်အတွင်း၌ မိကုန်လျက်

သာလျှင်ပေါ်ကုန်၏။

ရဟန်းတို့ ဥပမာသော်ကား ကျွမ်းကျင်သော တံငါသည်သည်၎င်း၊ တံငါသည်၏ တပည့်သည် ၎င်းကွန်ရက်စိတ်ဖြင့် ရေအိုင်ငယ်ကိုလွှမ်းအုပ်ရာ၏။ ထိုသူအား ဤသို့စိတ်ဖြစ်ရာ၏။

ဤရေအိုင်ငယ်ရှိကြီးသောသတ္တဝါအားလုံးတို့သည် ကွန်ရက်စိတ်အတွင်း၌ မိကုန်သည်ဖြစ်၍ပေါ်ကြလျှင် ဤကွန်ရက်စိတ်အတွင်း၌ တည်ကုန်လျက်သာလျှင်ပေါ်ကုန်၏။ ဤကွန်ရက် စိတ်၌ အကျုံးဝင်ကုန်သည်ဖြစ်၍ ပေါ်ကြလျှင်ကွန်ရက်စိတ်အတွင်း၌ မိကုန် လျက်သာလျှင်ပေါ်ကုန်၏ဟု စိတ်ဖြစ်ရာ၏။

ရဟန်းတို့ ထို့အတူသာလျှင် ရှေးအဘို့ကိုကြံဆကုန်သော နောက်အဘို့ကိုကြံဆကုန်သောရှေးအဘို့နောက်အဘို့တို့ကိုကြံဆကုန်သော ရှေးအဘို့နောက်အဘို့ကို စွဲယူကုန်သော အလုံးစုံသော သမဏဗြာဟ္မဏအားလုံးတို့သည် ရှေးအဘို့နောက်အဘို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြစကားတို့ကိုပြောဟောကုန်၏။ ထိုသမဏဗြာဟ္မဏအားလုံးတို့သည် ဤခြောက်ဆယ့် နှစ်မျိုးသော မိစ္ဆာအယူတို့ဖြင့် ဒေသနာကွန်ရက်အတွင်း၌ မိကုန်သည်ဖြစ်၍ပေါ်ကြလျှင် ဤဒေသနာ ကွန်ရက်အတွင်း၌အကျုံးဝင်ကုန်သည်ဖြစ်၍ ပေါ်ကြလျှင်ဒေသနာကွန်ရက်၌ မိကုန်လျက်သာလျှင်ပေါ်ကုန်၏။

ရဟန်းတို့မြတ်စွာဘုရား၏ ကိုယ်တော်သည်ဘဝတဏှာပြတ်ပြီးဖြစ်လျက်တည်တော် မူ၏။ မြတ်စွာဘုရား၏ကိုယ်တော်တည်နေသမျှ ကာလအတွင်း၌သာလျှင် မြတ်စွာဘုရား ကို၊နတ်လူတို့သည် ဖူးမြင်ကြရကုန်လတ္တံ့။ အသက်တော်ကုန်ဆုံး၍ကိုယ်တော်ပျက်စီးသည် မှနောက်၌ ထိုမြတ်စွာဘုရားကို နတ်လူတို့သည် မဖူးမြင်ကြရကုန်လတ္တံ့။

ရဟန်းတို့ ဥပမာသော်ကား သရက်ခိုင်သည်အညှာပြတ်ခဲ့လျှင် အညှာ၌တွယ်နေသောသရက်သီးအားလုံးတို့သည် ထိုအညှာသို့သာလိုက်ပါကုန်၏။ ရဟန်းတို့ဤအတူသာလျှင် မြတ်စွာဘုရား၏ကိုယ်တော်သည် ဘဝတဏှာပြတ်ပြီးဖြစ်လျက်တည်တော်မူ၏။ မြတ်စွာဘုရား၏ ကိုယ်တော်တည်နေသမျှကာလအတွင်း၌သာလျှင် ထိုမြတ်စွာဘုရားကို နတ်လူတို့သည်ဖူးမြင် ကြရကုန်လတ္တံ့၊ အသက်တော်ကုန်ဆုံး၍ ကိုယ်တော်ပျက်စီးသည်မှ နောက်၌ ထိုမြတ်စွာဘုရားကို နတ်လူတို့မဖူးမြင်ကြရကုန်လတ္တံ့ဟု ဟောတော်မူ၏။

## "နိဂုံး"

ဤသို့ဟောတော်မူသော် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။

"အံ့ဘွယ်ရှိပါပေစွအသျှင်ဘုရား၊ မဖြစ်ဘူးဖြစ်မြဲဖြစ်ပါပေစွ အရှင်ဘုရား ဤတရားဒေသနာတော်သည် အဘယ်အမည်ရှိပါသနည်း။ အရှင်ဘုရား "ဟုလျှောက်၏။

အာနန္ဒာသို့ဖြစ်၍ သင်သည်ဤတရားဒေသနာတော်ကို အတ္ထဇာလဟူ၍လည်း မှတ်လော့။ ဓမ္မဇာလဟူ၍လည်းမှတ်လော့။ ဗြဟ္မဇာလဟူ၍လည်းမှတ်လော့။ ဒိဋ္ဌိဇာလဟူ၍လည်း မှတ်လော့။ အနုတ္တရသင်္ဂါမဝိဇယဟူ၍လည်းမှတ်လော့။ ဟုမိန့်တော်မူ၏။ မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏။

ထိုရဟန်းတို့သည် မြတ်စွာဘုရားဟောတော်မူသောတရားတော်ကို နှစ်လိုကုန်သည် ဖြစ်၍ ဝမ်းမြောက်စွာခံယူကုန်၏။ ဤစကားဖြင့် တရားတော်ကိုဟောတော်မူသော တစ်သောင်းသော လောကဓါတ်သည် တုန်လှုပ်လေသတည်း။

## (ဖြုဟ္မဇာလသုတ်ပြီး၏)

| | | | |
|---|---|---|---|
| ၁။ | အတ္တဇာလသုတ် | - | အနက်သဘောကွန်ရက် |
| ၂။ | ဓမ္မဇာလသုတ် | - | တရားအစဉ်ကွန်ရက် |
| ၃။ | ဒိဋ္ဌိဇာလသုတ် | - | အယူဝါဒကွန်ရက် |
| ၄။ | အနုတ္တရသင်္ဂါမဝိဇယသုတ် | - | အတုမဲ့စစ်အောင်ပွဲ |
| ၅။ | ဗြဟ္မဇာလသုတ် | - | မြတ်သောဉာဏ်ကွန်ရက် |

## အမည်ငါးပါးရသော ဗြဟ္မဇာလသုတ်တော်ကြီး ပြီး၏။

မှတ်ချက်။ ။ ငါသည် တပည့်သာဝကများသဗ္ဗညုသနှုဖြစ်ကြစေရန်အလို့ငှာ သုတ်တော်များကိုထည့်သွင်းဖော်ပြလိုက်၏။ (ကျော်အောင်စံထားဆရာတော်)

ဤသို့အသီးသီးသာသနာပြုတော်မူကြ၍စည်ပင်ပြန့်ပွား ထွန်းကားလာပြီးနောက် ဓမ္မာသောကမင်းဘိသိတ်ခံပြီး နှစ်ဆယ့်ငါးနှစ်သာသနာ ၂၄၄ နှစ်အရောက်တွင် ရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်သက်တော် ၈၀ အရောက်တွင် ပရိနိဗ္ဗာန်ပြုတော်မူသည်။

အသန္ဓိမိတ္တာမိဖုရားသည်လည်း သာသနာ ၂၄၈ နှစ်အရောက်တွင် ကံတော်ကုန်၏။ သာသနာ ၂၅၅ နှစ်တွင် ဓမ္မာသောကမင်းစည်းစိမ် ၃၂ နှစ်အရောက်တွင် နတ်ရွာ စံလေ၏။

ရှင်မဟာမောဂ္ဂလိပုတ္တထေရ်၏ တပည့်တို့ကိုသာသနာ ၂၃၅ နှစ်သာသနာပြုလွှတ်တော်မူရာတွင် ရှင်မဟိန္ဒတို့ တပည့်များနှင့် သီဟိုဠ်သို့ သာသနာပြုလွှတ်ခြင်းကား ဘုရားရှိတော် မူစဉ် ဘုရားဖြစ်၍ ကိုးလမြောက် သီဟိုဠ်ကျွန်းသို့ မဟာနာဂဝန်ဉယျာဉ်၌ ဘီးလူးများ အစည်းအဝေးတွင် ဘုရားဟောတော်မူ၍ ကုဋေမကသောဘီလူးတို့ အကျွတ်တရား ရကြလေသည်။ သုမနနတ်မင်း ကိုးကွယ်ရန် တောင်းပန်ရာ ဉကျောင်းတော်ကိုသုံးသပ်၍ တဆုပ်မျှသော ဆံပင်များပေးတော်မူခဲ့ပြီး ဇမ္ဗူဒိပ်သို့ ပြန်ကြွတော်မူသည်။

(၂)ကြိမ်မြောက်ငါးဝါအရ ဘုရားကြွတော်မူခြင်းမှာလည်း စူဠောဒရ - မဟောဒရ နဂါးတူအရီးတို့ ပတ္တမြားသလွန်ကြောင့် စစ်ခင်းကြမည့်အရေးအခင်းကို မြင်တော်မူ၍ ကြွတော်မူပြီး ဟောချွတ်တော်မူသောအခါ ကုဋေရှစ်ဆယ်မျှလောက်သော ကုန်းရေတို့၌ နေကြကုန်သော သတ္တဝါတို့သရဏဂုဏ်သီလတည်စေခြင်း နဂါးကို

ကိုးကွယ်ရန်တောင်း ပန်သောအခါ သမိဒ္ဒိနတ် ထီးလုပ်၍ ဘုရားရှင်ကို မိုးလာသော လင်းလွန်းပင်နှင့် ပတ္တမြား ပလ္လင်ဘေးတော်မူခဲ့၍ ဇမ္ဗူဒိပ်သို့ ပြန်ကြွတော်မူလေသည်။

(၃) ကြိမ်မြောက် ဘုရားရှင် ရှစ်ဝါအရတွင်မဏိအက္ခနဂါးမင်းပင့်၍ ကဆုန်လပြည့် ဥပုသ်နေ့၌ သံဃာ ၅၀၀ နှင့် ကလျာဏီအရပ် နဂါးမင်းဖန်ဆင်းအပ်သော ရတနာပလ္လင်၌ ပူဇော်အထူး ကိုခံတော်မူပြီး၍ တရားဟောတော်မူပြီးလျှင် သုမနကုဋ္ဌေတောင်ထိပ်၌ ခြေတော်ရာ ချခဲ့ပြီးသော် တောင်ခြေရင်း၌ နေ့သန့်စင်တော်မူပြီးမှ

ဒီဃဝါပိ စေတီအရာ

မုတိင်္ဂဏ စေတီအရာ

ကလျာဏီသိမ် စေတီအရာ

ဒက္ခိဏသာခါမဟာ ဗောဓိအရာ

ထူပါရုံစေတီအရာများကိုသမာပတ် ဝင်စားတော်မူပြီးမှ သီလာစေတီအရပ်၌ ရပ်တန့် ဇတ်မူလျက် နတ်နဂါးတို့ဆုံးမတော်မူပြီးလျှင် တပည့်သံဃာများနှင့် ဇမ္ဗူဒိပ်သို့ပြန်ကြွ တော်မူပါသည်။

ဤယနေ့ ဤမျှဖြင့် ရပ်နားပြီးနက်ဖြန်မှ သာသနာဝင်ဆုံးသည့်တိုင်အောင် ဟောပြ ဦးမည် အရှင်မြတ်တို့ဘိုးတော်တို့ဘုရား၊ အာရုဏ်ဦးရောင်နီလာ၍ သဘောပြီးဆုံးကြောင်း ကြေငြာအပ်ပါသည်ဘုရား။

ပဋ္ဌာနာပြုရန် နိဂုမ်အုပ်ကြပါစို့ဘုရား။ မြတ်ဘုရားရှင် အရိယာသခင်သူတော်စင် တို့ လုံးဝမကြိုက်သောဒုစရိုက်တရားအမှားဝါဒဟူသမျှကို ပြုမှုမကျန်အလျှင်အမြန် တိမ်မြုပ် ချုပ်ပျောက်ပါစေသတည်း။

ရှင်တော်မြတ်ဘုရား - ဟောကြားတော်မူရာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိ မည်ရှိ ဩတ္တပ္ပခုနှစ်ဖြာ ဓမ္မလမ်းမှန်ကျအောင် ငါးထောင်သာသနာရှည်မြင့်ကြာ၍ ထွန်းလင်းပါစေ သတည်း - ထွန်းလင်းပါစေသတည်း။

ယနေ့တပေါင်းလပြည့်ကျော် ၁ ရက် ပုဂ္ဂိုလ်မြတ်များနှင့် ဘိုးတော်များပြည့်ပြည့် စုံစုံကြွရောက်တော်မူလာကြပြီးဖြစ်ပါ၍ အခန်းအနားဖွင့်မိန့်ခွန်းတော်အနေဖြင့် ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးမှ အမိန့်တော်ရှိပါလိမ့်မည် နာခံတော်မူကြပါရန်ပါဘုရား။

## ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး၏မိန့်ခွန်းတော်

သဘာဝ၌ညီမူစည်းဝေးရောက်လာကြသော သံဃာတော်မြတ်များနှင့် ပရိတ်သတ် အပေါင်းတို့သတ္တဝါတို့၏အသက်စည်းစိမ်ဂုဏ်သိမ်တိုးတက်ကြီးပွားချမ်းသာရေး အစစ်အမှန်ဖြစ်သော ပစ္စုပ္ပန်သံသရာ နှစ်ဖြာဘေးချမ်းသာကို တကယ်အမှန်ပေးစွမ်းနိုင်သော အယူဝါဒမြတ်သည်ကား ဗုဒ္ဓ၏အယူဝါဒမြတ်ကြီးဖြစ်ပေသည်။ ဗုဒ္ဓ၏တရားဓမ္မကျင့်စဉ် မှလွဲ၍လောကငြိမ်းချမ်းရေး၊

လောကုတ္တရာငြိမ်းချမ်းရေးပေးစွမ်းနိုင်သော အယူဝါဒမှေ့ ကျင့်စဉ်များမရှိပေ။ ထို့ကြောင့် ဗုဒ္ဓထားတော် မူခဲ့သော သာသနာတော်ကို မပျက်စီးအောင် စောင့်ရှောက်ဘို့တာဝန်သည် အရေးကြီးသော တာဝန်ကြီးဖြစ်ပေသည်။ အရေးကြီးသော တာဝန်ကြီးဖြစ်သည့်အတိုင်း ယခုတကာမောင်အောင်က အရေးကြီးသောသာသနာဝင်ကို ဆက်လက်ပြီး ဟောပြပါလိမ့်ဦးမည်နာခံမှတ်သားကြပါကုန် ဘိုးဘိုးအောင်ကဆက်၍ ဟောပြသည်မှာ အရှင်မြတ်တို့ဘိုးတော်ဘုရားမနေ့က ဘုရားတပည့်တော် ပြောဟောခဲ့သည်မှာ သီလာစေတီအရပ် ဘုရားမြတ်စွာကြွတော်မူပြီး ဇမ္ဗူဒိပ်သို့ပြန်ကြွတော်မူသော အခန်းရောက်ခဲ့ပါပြီ။ ယနေ့ သီဟိုဠ်သာသနာ မရောက်ခင် (သီဟိုဠ်သာသနာအစ ဝိဇယျမင်းက) ဆိုတဲ့ သူဟောင်းများစကားအရပေါ် လွင်အောင် ဟောပြောရမည်ဖြစ်ပါသည်။

သီဟိုဠ်သို့ သာသနာမရောက်မှီ မြတ်စွာဘုရား ကုသိန္နာရုံပြည် (သက္ကရာဇ် - ၁၄၈ ခုနှစ်) ပရိနိဗ္ဗာန်ပြုခါနီးမှာသိကြားမင်းလာလတိုင်းသီဟပူရမြို့၌ သီဟဗာဟုမင်းကြီး သားတော်ဝိဇယျ မင်းသားသည် လင်္ကာဒီပသို့ ကျွန် ၇၀၀ နှင့်ရောက်လာလတ္တံ့ဖြစ်သည်။ ငါဘုရား ပရိနိဗ္ဗာန်စံပြီးနောက် သာသနာတော် ထွန်းကားအောင်ပြုလိမ့်မည်။ သင်သိကြားမင်းစောင်မ၍ ကြည့်ရှုရစ်ပါဟု ဗျာဒိတ် ထားတော်မူသည့်အတိုင်း သိကြားစောင်မ၍ လင်္ကာဒီပသို့ ဝိဇယျမင်း ရောက်လျှင် ဘီလူးအပေါင်းကို နှိမ်နင်း၍ နန်းမြို့တည်ပြီးလျှင် မင်းပြုလေသည်။

ဝိဇယျမင်းစည်းစိမ် (၃၇) နှစ် ရှင်မဟာကဿမထေရ် (၁၄၈) သက္ကရာဇ်ဖြို၍ အတိုးတစ်ခု ထားခဲ့သောနှစ် (၃၇) နှစ်အတွင်း ဝိဇယမင်းကံကုန်သည်။ ထို့နောက်သာသနာ (၃၈) နှစ် ပဏ္ဍုဒေဝမင်းစည်းစိမ် (၃၀)၊ သာသနာနှစ် (၆၈) တွင် အနိစ္စရောက်၍ သားတော် အဘယမင်း စည်းစိမ် (၂၀) ၊ သာသနာ (၈၈) တွင်ကံကုန်၍တူတော်ပဏ္ဍုကာဘယမင်း နန်းတက်စည်းစိမ် (၈၇) နှစ် သာသနာနှစ် (၁၇၅) တွင် အနိစ္စရောက်၍ သားတော် မုဋသိဝ မင်းနန်းတက်လေသည်။ မင်းစည်းစိမ် (၆၀) သာသနာ (၂၃၅) နှစ်တွင်ကံကုန်၍ သားတော် ဒေဝါနံ ပိယတိဿမင်း နန်းတက် သည်။ နတ်တော်လဆန်း ၁ ရက်နေ့ဘိသိတ်ခံသည်။

ထိုအခါသိကြားမင်းလည်း ဘုရားရှင်၏ဗျာဒိတ်ကို ပန်ဆင်၍ ရှင်မဟိန္ဒာထံချဉ်းကပ် ပြီးလျှောက်သည်မှာ အရှင်ဘုရား၊ ဘုရားရှင်အမှာတော်ရှိသည်မှာ နောင်သောအခါ သားတော် မဟိန္ဒာရဟန်းသည် သီဟိုဠ်ကျွန်းသို့ သာသနာပြုလတ္တံ့ဟု မိန့်ခဲ့ပါသည်။ သီဟိုဠ်သို့ကြွချိန် တန်ပါပြီ တပည့်လည်းအရှင်မြတ်၏ ကပ္ပိယပြုလုပ်ပါမည်ဟု လျှောက်လျှင် ရှင်မဟိန္ဒဝန်ခံတော်မူ၍ ပါတလိပုတ် ပြည်မှ ယူဇနာ (၁၈၀) ကွာဝေးသော ဥဇ္ဈေနီပြည်သို့ ကြွတော်မူလေသည်။ ဥဇ္ဈေနီပြည်တွင် ခြောက်လခန့် ဆိုင်းငံ့နေ၏။ အကြောင်းကား -

ဒေဝါနံပိယတိဿမင်းနှင့် ဓမ္မာသောကမင်းတို့မမြင်ဘူးသော မိတ်ဆွေများဖြစ်ကြ သဖြင့်လက်ဆောင်အတုံ့အလှယ်ပြုကြရာတွင် ဒုတိယအကြိမ်ဘိသိတ်ခံရန် မင်းမြောက်တန်ဆာငါးပါး ဆက်သသောလက်ဆောင်တွင် (အဟံ ဗုဒ္ဓ - ဓမ္မံ - သရဏံဂစ္ဆာမိ) ကျွန်ုပ်သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအားဆည်းကပ်ကိုးကွယ်ပါ၏။ သင်လည်း ဆည်းကပ်ကိုးကွယ်ပါဟု စာချွန်ပါး လိုက်ရာ

လက်ဆောင်သည် ကဆုန်လဆန်း (၂)ရက် ရောက်သည်။ ကဆုန်လပြည့်နေ့တွင် ဒုတိယအကြိမ်ဘိသိတ်ခံသည်။ နယုန်လပြည့်နေ့ တွင်အဘိဥာဏ်ရတော်မူသော ရဟန္တာ (၇) ပါးနှင့် အနုရာဓမြို့ပြင် မိဿကတောင်တက်၍ ဒေဝါနံပိယတိဿမင်းဘိသိတ်ခံနေစဉ် ကောင်းကင်ယံမှ ကြွတော်မူကြပြီး မိဿကတောင် ထိပ်၌နေတော်မူ၏။

ထိုမိဿကတောင်စောင့်နတ်သည်သားသမင်ယောင်ဆောင် ၍မထေရ်တို့ကို ပြသဖြင့် မင်းကြီးဖူးမြင်ရသောအခါ အကျိုးအကြောင်းများစုံစမ်းပြီးနောက် မထေရ်မြတ်တို့ကို ရိုသေစွာ ချဉ်းကပ်တော်မူပြီး သင့်အပ်သောနေရာ၌ ထိုင်နေကြ၏။

ထိုအခါ အရှင်မဟိန္ဒမထေရ်သည် (စူဠဟတ္ထိပဒေါပမသုတ်တော်ကို) ဟောကြားတော်မူသည့်အဆုံး၌ မင်းနှင့်တကွလေးသောင်းသောပရိတ်သတ်တို့သည် သရဏဂုံတည်လေ၏။ မင်းကြီးလည်း မထေရ်နှင့် နောင်တော် ၇- ပါးအရှင်မြတ်များတို့ နန်းတော်သို့ နက်ဖြန်ဆွမ်းစားပင့်ခဲ့ပြန်၏။

နောက်တစ်နေ့ နန်းတော်တွင်းဆွမ်းစားပြီး ဓမ္မသဘာသို့တက်၍ ရှင်မဟိန္ဒမထေရ်မြတ်သည် (ဝိမာန၊ ပေတာ၊သစ္စသံယုတ်) ကိုဟောတော်မူသည့်အဆုံး၌ ငါးရာသောမောင်းမတို့နှင့်တကွ အနုဠါဒေဝီ မိဖုရားကြီးသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

နောက်တနေ့ (ဒေဝဒူတ) သုတ်ကိုဟောတော်မူသောအဆုံး၌ တစ်ထောင်မျှသော မင်းပရိတ်တို့သောတာပတ္တိဖိုလ်၌ တည်လေ၏။

နောက်တနေ့ မေဃဝန်ဥယျာဉ်ဓမ္မသဘာ၌ (အာသီဝိသောပမသုတ်) ကိုဟောတော်မူသောအဆုံး၌ တစ်ထောင်မျှသောပရိတ်သတ်တို့ သောတာပတ္တိဖိုလ်၌ တည်လေသည်။

နောက်တနေ့ ဓမ္မသဘာ၌လည်း နှစ်ထောင်ငါးရာသောပရိတ်သတ်တို့ ဓမ္မာဘိသမယ ဖြစ်ကြလေသည်။

ထို့နောက် အရှင်မဟိန္ဒမထေရ်မိဿကတောင်သို့ ပြန်ကြွမည်ပြုရာတွင် မင်းကြီး သည် မေဃဝန်ဥယျာဉ်တော်ကို ရေစက်ချ၍လှူတော်မူ၏။ မြေကြီးလည်း တုံလှုပ်ကောင်းချီးပေး လေသည်။

နောက်တနေ့ ဓမ္မသဘာ၌ (အနမတဂ္ဂသုတ် အဂ္ဂိခန္ဓောပမသုတ်) များကို ၇-ရက် ပတ်လုံးဟောတော်မူသောအဆုံး၌ (၈၅၀၀) သောပရိတ်သတ်တို့ အကျွတ်တရား ရကြလေသည်။

ဤမေဃဝန်ဥယျာဉ်၌ သီတင်းသုံးနေပြီးသာသနာထွန်းတောက်ပရန် သာသနာပြု လုပ်ငန်းများဆောင်ရွက်တော်မူသည်ရ-ရက်မြောက်မထေရ်နန်းတော်သို့ကြွတော်မူပြီး(အပ္ပမာဒသုတ်တော်)ကို ဟောတော်မူပြီး၍ စေတီယဂိရိသို့ ကြွတော်မူလျှင်မင်းကြီးသိ၍ မိဖုရား နှစ်ယောက်နှင့် တကွ ရထားနှင့်လိုက်၍မထေရ်နှင့်တွေ့ကြလျှောက်ထားသည်မှာ- အရှင်ဘုရား ဇမ္ဗူဒီပါကျွန်းသို့ကူးတော့ မည်လားဘုရား။

မင်းကြီးငါတို့မကူးသေးပါ။ ဤအခါသည်ကား ရဟန်းဖြစ်သော သူသည်ဝါဆိုခြင်းငှာ သင့်တင့်ရာအရပ်ကို သိခြင်းငှာအပ်ပေသည်ဟုမိန့်လျှင်

ဒေဝါနံပိယဘိဿမင်းကြီးသည် ဆုးခေါင်ရန်းဖြင့် စေတီယဂ်နကို ခြံရံပြီး ခြောက်ဆယ်

ရှစ်ခုသောဂူလှိုင်တို့ကို အားခြင်းပြု၍ပြီးစီးလျှင် ထိုနေ့၌အရှိဠမည်သောအမတ်ကို မထေရ်လျှောက်ခိုင်းပြီး မြို့တွင်းသို့ဝင်တော်မူ၏။

ခြောက်ကျိပ်သုံးပါးသော ရဟန်းသံဃာတို့နှင့်တကွ ရှင်မဟိန္ဒမထေရ်သည် စေတီယဂိရိ၌ဝါဆိုလပြည့်နေ့၌ ကြွရောက်တော်မူ၏။ထိုအခါ မုဋသီဝမင်းကြီးသားဒေဝါနံပိယတိဿမင်း ၏ညီတော်၊ အဘယမင်းသား- မဟာနာဂမင်းသား၊ ဥတ္တယမင်းသား၊ မတ္တဘယမင်းသား၊ သူရတိဿ မင်းသား အစရှိကုန်သော ငါးကျိပ်ငါးယောက်ကုန်သည်ညီ နောင်တို့နှင့်တကွ မထေရ်မြတ်ထံ ရဟန်းပြုကြကုန်သည် ဆံရိတ်သောအဆုံး၌ပင် အာသဝေါကုန်းခန်း၍ ရဟန္တာဖြစ်ကြလေသည်။

အရှင်မဟိန္ဒမထေရ်မြတ်သည် ခြောက်ကျိပ်သုံးပါးကုန်သော ရဟန်းတို့နှင့်တကွ စေတီယဂိရိ၌ ဝါဆိုတော်မူ၏။ (ဤနေရာတွင်-ထုတ်၍မပြရသေးသော စူဠဟတ္ထိပဒေါပမသုတ်၊ အပမာဒသုတ်၊ ဝိမာနဝတ္ထု သစ္စသံယုတ်တို့ကို ထုတ်၍ဖြစ်ပေအံ့)

(မူလပဏ္ဏာသ-စာမျက်နှာ ၂၄၄) ရ-စူဠဟတ္ထိပဒေါပမသုတ်

၂၈၈။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်။

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဇာဏုသောဏိပုဏ္ဏားသည် အလုံးစုံဖြူသော မြည်းကသော ရထားဖြင့် မွန်းတည့်အခါ၌ သာဝတ္ထိပြည်မှထွက်လာစဉ် အဝေးမှလာသော ပိလောတိကပရိဗိုဇ်အား "အသျှင်ဝစ္ဆာယနသည် ယခုမွန်းတည့်ချိန်၌ အဘယ်မှလာသနည်း" ဟုပြောဆို၏။

အသျှင်ငါသည် ရဟန်းဂေါတမထံမှလာခဲ့သည်ဟုဆို၏။

"အသျှင်ဝစ္ဆာယနသည် ရဟန်းဂေါတမ၏ ပညာအစွမ်းကိုအဘယ်သို့ ထင်မှတ် သနည်း၊ ပညာရှိဟုထင်မှတ်ပါသလော" ဟု (မေး၏)

"အသျှင်ငါသည် အဘယ်လိုလူစားနည်း၊ အဘယ်လိုလူစားဖြစ်၍ ရဟန်းဂေါတမ၏ ပညာစွမ်းကိုသိနိုင်အံ့နည်း၊ ရဟန်းဂေါတမ၏ပညာစွမ်းကို သိနိုင်မည့်သူလည်း ထို (ရဟန်း ဂေါတမ) ကဲ့သို့သဘောရှိသော သူသည်သာလျှင်ဖြစ်ရပေမည်" ဟု (ဆို၏။)

အသျှင်ဝစ္ဆာယနသည် ရဟန်းဂေါတမကို မြတ်သောချီးမွမ်းခြင်းဖြင့် ချီးမွမ်းဘိဟု ဆို၏။

"အသျှင်ငါသည် အဘယ်လိုလူစားနည်း၊ အဘယ်လိုလူစားဖြစ်၍ ရဟန်းဂေါတမကိုချီးမွမ်းနိုင်မည်နည်း၊ ထိုအရှင်ဂေါတမအချီးမွမ်းခံရသူတို့၏ အချီးမွမ်းကိုခံရ၏။ နတ်လူတို့ထက် မြတ်တော်မူ၏ဟုဆို၏။

အသျှင်ဝစ္ဆာယနသည် အဘယ်အကျိုးအာနိသင်ကိုမြင်၍ ရဟန်းဂေါတမအပေါ်၌ ဤသို့အလွန်ကြည်ညိုနေရသနည်းဟု မေး၏။

အသျှင်ဥပမာအားဖြင့် ဆင်တော၌နေလေ့ရှိသော လိမ္မာသောသူသည် ဆင်တောသို့

ဝင်သည်ရှိသော် ထိုဆင်တော၌အလျားရှည်၍အနံကျယ်ပြန့်သော ဆင်ခြေရာကြီးကို မြင်ငြားအံ့ ထိုသူသည်အချင်းတို့ဆင်သည် ကြီးမားစွာတကားဟု ဆုံးဖြတ်ခြင်းသို့ရောက်သကဲ့သို့ ဤအတူပင် ငါသည် ရဟန်းဂေါတမ၏အပေါ်၌လေးပါးသော (ဉာဏ်) ခြေရာတို့ကို မြင်ရသော အခါမှစ၍ မြတ်စွာဘုရားသည် (အလုံးစုံသောတရားကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားပေတည်း။ တရားတော်သည် မြတ်စွာဘုရားကောင်းစွာဟော ကြားထားသော တရားပေတည်း။ မြတ်စွာဘုရား၏တပည့် သံဃာသည် အကျင့်ကောင်းရှိ သောသံဃာပေတည်းဟု ဖျက်ဆီး ကုန်သကဲ့သို့ လှည့်လည်ကုန် ၏။

၂၈၉။ အဘယ်လေးပါးတို့နည်းဟူမူ အသျှင်ဤလောက၌ငါသည် သိမ်မွေ့ကုန်သော သူတစ်ပါးအယူဝါဒကို သိပြီးကုန်သော သားမြီးကိုဖေါက်ထွင်းပစ်နိုင်သော လေးသမားနှင့် တူကုန်သော၊ အချို့မင်းပညာရှိတို့ကိုမြင်ဘူး၏။ ထိုသူတို့သည် ပညာဖြင့်ဆင်ခြင်၍ အယူတို့ကို ဖျက်ဆီးကုန်ဘိသကဲ့သို့ လှည့်လည်ကုန်၏။

အသျှင်ထိုသူတို့သည် "ရဟန်းဂေါတမသည် ဤမည်သောရွာသို့လည်းကောင်း၊ နိဂုံးသို့ လည်းကောင်း၊ ရောက်လတ္တံ့ဟုကြားရသဖြင့် ငါတို့သည် ဤပြဿနာကို ရဟန်းဂေါတမ ထံသို့ချဉ်းကပ်၍ ဤသို့မေးခဲ့လျှင်ငါတို့အား ဤသို့ဖြေကြားငြားအံ့။ ထိုရဟန်း ဂေါတမအား ငါတို့က ဤသို့အပြစ်တင်ကုန်အံ့။ ဤသို့မေးခဲ့လျှင် ငါတို့အားဤသို့လည်း ဖြေကြားငြားအံ့။ ထိုရဟန်းဂေါတမအား ငါတို့ကဤသို့လည်း အပြစ်တင်ကုန်အံ့" ဟုပြောဆိုလျှက် ပြဿနာကို ပြုစီရင်ကုန်၏။

အသျှင်ထိုသူတို့သည် "ရဟန်းဂေါတမသည် ဤမည်သောရွာသို့လည်းကောင်း၊ နိဂုံးသို့လည်းကောင်း၊ ရောက်လတ္တံ့ဟုကြားရသဖြင့် ငါတို့သည် ဤပြဿနာကို ရဟန်းဂေါတမထံ သို့ချဉ်းကပ်ကုန်၏။ ထိုသူတို့ကို ရဟန်းဂေါတမသည် တရားစကားတို့ဖြင့် (အကျိုး စီးပွား) ကို သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေ၏။ ထိုသူတို့သည် ရဟန်းဂေါတမက တရားစကားဖြင့် (အကျိုးစီး ပွါး) ကိုသိမြင်လျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေသော ရဟန်းဂေါတမအား ပြဿနာကိုပင် မမေးကြကုန်၊ အဘယ်မှာလျှင် ထိုရဟန်း ဂေါတမအား အပြစ်တင်ကြကုန်အံ့နည်း။ စင်စစ်သော်ကား ရဟန်းဂေါတမ၏ တပည့်များ သာလျှင်ဖြစ်ကုန်၏။

အသျှင်ငါသည် ရဟန်းဂေါတမ၌ ရှေးဦးစွာသော ဤ (ဉာဏ်) ခြေရာကိုမြင်သော အခါမှစ၍ "မြတ်စွာဘုရားသည် (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသောဘုရားပေတည်း။ တရားတော်သည် မြတ်စွာဘုရား၊ ကောင်းစွာဟောကြားထားသော တရားပေတည်း။ မြတ်စွာဘုရား၏ တပည့်သံဃာသည် အကျင့်ကောင်းရှိသော သံဃာပေတည်း" ဟု ဆုံးဖြတ်ခြင်းသို့ ရောက်၏။

အသျှင်တဖန် ထို့ပြင်လည်း "ငါသည် ဤလောက၌ အချို့ကုန်သော ပုဏ္ဏားပညာရှိ သူတို့ကိုမြင်၏။ သူကြွယ်ပညာရှိတို့ကို။ပ။ သိမ့်မွေ့ကုန်သောသူတပါးအယူဝါဒကို သိပြီးကုန်သော သားမြီးကိုဖောက်ထွင်းပစ်နိုင်သောလေးသမားနှင့်တူကုန်သော ရဟန်းပညာရှိတို့ကို (မြင်၏) ထိုသူတို့ သည်

ပညာဖြင့်အယူတို့ကို ဖျက်ဆီးလိုကုန်သကဲ့သို့ လှည့်လည်ကုန်၏။ အသျှင်တို့ ထိုသူတို့သည် ရဟန်းဂေါတမသည် ဤမည်သောရွာသို့လည်းကောင်း၊ နိဂုံးသို့၄င်းရောက်လတ္တံ့ဟု ကြားကြသဖြင့် ငါတို့သည် ဤပြဿနာကို ရဟန်းဂေါတမထံသို့ချဉ်းကပ်၍ ဤသို့မေးခဲ့လျှင်၊ ငါတို့က ဤသို့ဖြေကြားကြအံ့။ ထိုအခါရဟန်းဂေါတမအားငါတို့က ဤသို့အပြစ်တင်ကုန်အံ့။ ဤသို့မေးခဲ့လျှင် ငါတို့အားဤသို့ဖြေကြားအံ့။ ဟုပြောဆိုလျက်ပြဿနာကိုပြု စီရင်ကြကုန်၏။

အသျှင်တို့ "သူတို့သည် ရဟန်းဂေါတမသည် ဤအမည်ရှိသောရွာသို့၄င်း၊ နိဂုံးသို့၄င်း၊ ရောက်၏" ဟုကြားကြသဖြင့် ရဟန်းဂေါတမထံသို့ချဉ်းကပ်ကုန်၏။ ထိုသူတို့ကို ရဟန်းဂေါတမ သည် တရားစကားဖြင့် (အကျိုးစီးပွား) ကိုသိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေ၏။ ထိုသူတို့သည် ရဟန်းဂေါတမက တရားစကားဖြင့် (အကျိုးစီးပွားကို) သိမြင်စေလျက် (တရားကို) တည်ဆောက် စေကာတရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေသော ရဟန်းဂေါတမအား ပြဿနာကိုပင် မမေးကြကုန်၊ အဘယ်မှာလျှင် ထိုရဟန်း ဂေါတမအား အပြစ်ကို တင်ကြကုန်အံ့နည်း။ စင်စစ်သော်ကား လူ့ဘောင်မှ ရဟန်းဘောင်သို့ ကပ်ရောက်ခြင်းငှာ၊ ရဟန်းဂေါတမကိုသာလျှင်အခွင့် တောင်းကြကုန်၏။ ထိုသူတို့ကိုရဟန်းဂေါတမသည်ရဟန်းပြု၏ ထိုသူတို့သည်ရဟန်းဘောင်၌ ရဟန်းပြု ကြကုန်လျက် ဆိတ်ငြိမ်ရာသို့ကပ်ကြပြီးလျှင် သတိမမေ့မလျော့သည်ဖြစ်၍ ပြင်းစွာအားထုတ် ခြင်းဖြစ်၍ တည်ကြည်သောစိတ်ရှိသည်ဖြစ်၍ နေကြကုန်သော အကြင် (အရဟတ္တဖိုလ်) အကျိုးငှာ၊ အမျိုးသားတို့သည် လူ့ဘောင်မှ (ခွာ၍) ရဟန်းဘောင်၌ကောင်းစွာသာလျှင် ရှင်ရဟန်း ပြုကြကုန်၏။ မြတ်သောအကျင့်၏အဆုံးဖြစ်သော အတုမရှိသောထိုအရဟတ္တဖိုလ်ကို မကြာမီ၊ မျက်မှောက်ဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ ပြည့်စုံစေလျက် နေကြ ကုန်၏။

ထိုသူတို့သည် ဤသို့ပြောဆိုကြကုန်၏။ အချင်းတို့ပျက်စီးဘို့ရာ အနည်းငယ်သာ လိုတော့၏။ အချင်းတို့ဆုံးရှုံးဘို့ရာအနည်းငယ်သာလိုတော့၏။ အကြောင်းမှန်ကိုဆိုရသော် ငါတို့သည် ရှေးအခါက သမဏမဟုတ်ဘဲ သမဏဖြစ်ကုန်၏ဟုဝန်ခံကြကုန်၏။ ဗြာဟ္မဏမဟုတ်ပဲ ဗြာဟ္မဖြစ်ကုန်၏ဟု ဝန်ခံကြကုန်၏။ ရဟန္တာမဟုတ်ပဲ၊ ရဟန္တာဖြစ်ကုန်၏ဟုဝန်ခံကြကုန်၏။ ယခုမှသာလျှင်သာမဏ ဖြစ်ကြကုန်၏။ ယခုမှသာလျှင်ဗြာဟ္မဏဖြစ်ကြကုန်၏။ ယခုမှသာလျှင် ရဟန္တာဖြစ်ကြကုန်၏ ဟုပြောဆိုကြကုန်၏။

အသျှင်ငါသည်ရဟန်းဂေါတမ၌လေးခုမြောက်ဖြစ်သော ဤဉာဏ်ခြေရာကိုမြင်သော အခါမှစ၍ မြတ်စွာဘုရားသည် (အလုံးစုံသောတရားကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ဘုရား ပေတည်း။တရားတော်သည် မြတ်စွာဘုရားကောင်းစွာဟောကြားထားသောတရားပေတည်း။ မြတ်စွာဘုရား၏တပည့်သံဃာတော်သည် အကျင့်ကောင်းရှိသောတပည့် သံဃာတော်ပေတည်းဟု ဆုံးဖြတ်ခြင်းသို့ရောက်၏။

အသျှင်ငါသည် ရဟန်းဂေါတမ၌ လေးပါးကုန်သော ဤ (ဉာဏ်) ခြေရာတို့ကို မြင်သောအခါ မှစ၍ မြတ်စွာဘုရားသည် (အလုံးစုံသောတရားကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားပေတည်း။ တရားတော်သည် မြတ်စွာဘုရားကောင်းစွာဟောကြားထားသောတရားပေတည်း။ မြတ်စွာဘုရားသည်

တပည့်သံဃာတော်သည်၊အကျင့်ကောင်းရှိသောတပည့်သံဃာပေတည်းဟု ဆုံးဖြတ်ခြင်းသို့ရောက်၏ဟု (ပြောဆို၏။)

၂၉၀။ ဤသို့ပြောဆိုသော် ဇာဏုသောဏိပုဏ္ဏားသည် အလုံးစုံဖြူသောမြည်း ကသော ရထားမှသက်ဆင်း၍ ပခုံးတစ်ဖက်၌ကိုယ်ဝတ်ကိုဆင်၍ မြတ်စွာဘုရားရှိရာအရပ်သို့ လက်အုပ်ကို ညွတ်၍ သုံးကြိမ်ဥဒါန်းစကားကို မြွက်ဆို၏။

ပူဇော်အထူးကိုခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသောထိုမြတ်စွာဘုရားအားရှိခိုးပါ၏။ ပူဇော်ထူးကို ခံယူတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုး ပါ၏။ ပူဇော်ထူးကိုခံယူ တော်မူထိုက်သော အလုံးစုံသောတရားတို့ ကိုယ်တိုင်မှန်စွာသိ တော်မူသောထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

ငါတို့လည်း တချိန်ချိန်မှာ ထိုအသျှင်ဂေါတမနှင့်အတူ တွေ့ဆုံကောင်းတွေ့ဆုံရ တန်ရာ၏။ တစ်စုံတစ်ရာသောစကားပြောဟောခြင်းသည် ဖြစ်ကောင်းဖြစ်တန်ရာ၏ဟု (မြွက်ဆို၏)

ထို့နောက်ဇာနုသောဏိပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ မြတ်စွာဘုရား နှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏။ ဝမ်းမြောက်ဖွယ်အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီး၍ တခုသောအရပ်၌ထိုင်နေပြီးသော ပိလောတိက ပရိဗိုဇ်နှင့်အတူ ပြောဆိုခဲ့ သမျှသော စကားအလုံးစုံကို မြတ်စွာဘုရားအား လျှောက်၏။

ဤသို့လျှောက်သော် မြတ်စွာဘုရားသည် ဇာဏုသောဏိပုဏ္ဏားအား ပုဏ္ဏားဤမျှ သောစကားဖြင့် ဆင်ခြေရာဥပမာရှိသောတရားသည် အကျယ်အားဖြင့် မပြည့်စုံသေး ပုဏ္ဏား စင်စစ်သော်ကား ဆင်ခြေရာဥပမာအကျယ်အားဖြင့် ပြည့်ပြည့်စုံစုံဖြစ်ပုံကို နာဦးလော့။ ကောင်းစွာနှလုံးသွင်းဦးလော့၊ ဟောကြားအံ့ဟု ဤသို့မိန့်၏။

ကောင်းပါပြီ အရှင်ဘုရားဟု ဇာဏုသောဏိပုဏ္ဏားသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။

၂၉၁။ ပုဏ္ဏားဥပမာသော်ကား ဆင်တော၌နေလေ့ရှိသူသည် ဆင်တောသို့ဝင်သည်ရှိသော် ဆင်တော၌ အလျားရှည်၍ အနံကျယ်ပြန့်သော ဆင်ခြေရာကြီးကိုမြင်ရ၏။ ဆင်တော၌ နေလေ့ရှိသော ဆင်အတတ်၌ကျွမ်းကျင်သောသူသည် ထိုသို့မြင်ကာမျှဖြင့် အချင်းတို့ ဆင်ပြောင် သည်ကြီးမားလှ၏ တကားဟုဆုံးဖြတ်ခြင်းသို့မရောက်၊ ထိုသို့မရောက်ခြင်းသည် အဘယ်ကြောင့်နည်း။ ပုဏ္ဏား ဤခြေရာ သည် ဆင်တော၌ ကြီးမားသောခြေရာရှိကုန်သော ပုက္ခသော၊ ဝါမနိကာ ဆင်မတို့၏ခြေရာဖြစ်သော ကြောင့်တည်း။

ထိုသူသည် ထိုခြေရာသို့အစဉ်လိုက်၏။ ထိုခြေရာသို့ အစဉ်လိုက်သော ဆင်တော၌ အလျားရှည်၍အနံကျယ်ပြန့်သောဆင်ခြေရာကို၎င်း၊ မြင့်ရာ၌ပွတ်တိုက်ရာကို၎င်းမြင်၍ ဆင်တော၌နေလေ့ရှိသောဆင်အတတ်၌ကျွမ်းကျင်သောသူသည်ထိုသို့မြင်ကာမျှဖြင့် အချင်းတို့

ဆင်ပြောင်ကြီးသည် ကြီးမား၏တကားဟု ဆုံးဖြတ်ခြင်းသို့မရောက်၊ ထိုသို့ မရောက်ခြင်းသည် အဘယ်ကြောင့်နည်းပုဏ္ဏား။ ဤခြေရာသည် ဆင်တော္ဍနေလေ့ရှိ သောကြီးမားသော ခြေရာရှိသော ခြေတံရှည်၍ အစွယ်ကြီးသော "ဥစ္စာကာဠာရိကာ" ဆင်မ တို့၏ခြေရာဖြစ်နိုင်ရာ သောကြောင့်တည်း။

ထိုသူသည် ထိုခြေရာသို့အစဉ်လိုက်၏။ ထိုခြေရာသို့အစဉ်လိုက်သော် ဆင်တော္ဍအလျားရှည်၍ အနံကျယ်ပြန့်သောဆင်ခြေရာကြီးကိုငှင်း၊ မြင့်ရာ၌အစွယ်တို့ဖြင့် ထိုးခြစ်ရာကိုငှင်းမြင်ရာ၏။ ဆင်တော္ဍနေလေ့ရှိသော ဆင်အတတ်၌ ကျွမ်းကျင်သောသူ သည်ထိုသို့မြင်ကာမျှဖြင့် "အချင်းတို့ဆင်ပြောင်သည်ကြီးမား၏" တကားဟုဆုံးဖြတ်ခြင်း သို့မရောက်ခြင်းသည် အဘယ့်ကြောင့် နည်း ပုဏ္ဏား ဤခြေရာသည် ဆင်တော္ဍ ကြီးမား သောခြေရာရှိသော ခြေတံရှည်၍ စဉ်းငယ်ပွင့်သော ပန်းငုံသဏ္ဌာန်အစွယ်ရှိသော "ဥစ္စာ ကလောရုကာ" ဆင်မတို့၏ ခြေရာဖြစ်နိုင် သောကြောင့်တည်း။

ထိုသူသည် ထိုခြေရာသို့အစဉ်လိုက်၏။ ထိုခြေရာသို့ အစဉ်လိုက်သော် ဆင်တော္ဍအလျားရှည်၍အနံကျယ်ပြန့်သောဆင်ခြေရာကြီးကိုငှင်းမြင့်ရာ၌ ပွတ်တိုက်ရာကိုငှင်း၊ မြင့်ရာ၌ အစွယ်တို့ဖြင့် ထိုးခြစ်ရာကိုငှင်း၊ မြင့်ရာ၌သစ်ခက်ကျိုးကိုငှင်းမြင်၏။ ထိုဆင်ပြောင် ကိုလည်းသစ်ပင်ရင်း၌ ဖြစ်စေလွင်တီးခေါင်၌ဖြစ်စေသွားနေသည်ကိုငှင်း ရပ်နေသည်ကိုငှင်း ထိုင်နေ သည်ကိုငှင်း မြင်၏။ ထိုသူသည် ထိုဆင်ကြီးသည်ကား ဤဆင်ပြောင်ကြီးပင် တည်းဟု ဆုံးဖြတ် ခြင်းသို့ရောက်၏။

ပုဏ္ဏား ဤအတူပင် ဤလောက၌ ပူဇော်အထူးကိုခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော အသိဉာဏ်ဝိဇ္ဇာအကျင့်စရဏနှင့် ပြည့်စုံတော် မူသော ကောင်းသောစကားကိုဆိုတော်မူတတ်သော လောကကိုသိတော်မူသော ဆုံးမထိုက်သူကို ဆုံးမထိုက်သူကိုဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်သော နတ်လူ တို့၏ဆရာဖြစ်တော်မူသော (သစ္စာလေးပါးတရားတို့ကို) သိတော်မူသောဘုန်းတန်ခိုးကြီး တော်မူသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။ ထိုမြတ်စွာဘုရားသည် နတ်၊ မာရ်နတ် ပြဟ္မာနှင့်တကွသော၊ နတ်လောကနှင့် သမဏပြဟ္မဏများ၊ လူမင်းများနှင့်တကွသော လူ့လောကကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက်ဟောကြားတော်မူ၏။ ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်း ရှိသောအနက်နှင့် မြတ်သောအကျင့်ကိုပြတော်မူ၏။

ထိုတရားကိုသူကြွယ်နှင့်တကွ သူကြွယ်သားသည်ငှင်း၊ ဇာတ်အမျိုးမျိုးဖြစ်သောသူသည်ငှင်းနာကြားရ၏။ ထိုသူသည် ထိုတရားတော်ကိုနာကြားရသောကြောင့် မြတ်စွာဘုရား၌ ယုံကြည်မှုကိုရ၏။ ထိုသူသည် ယုံကြည်မှုကိုရခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ဤသို့ ဆင်ခြင်၏။

အိမ်ယာထောင်သောဘဝ၌နေရခြင်းသည် ကျဉ်းမြောင်း၏။ (ကိလေသာ)မြူတရား ခရီးနှင့်တူ၏။ ရဟန်းအဖြစ်သည်လွင်ပြင်နှင့်တူ၏။ အိမ်ယာထောင်သောဘဝ၌နေသူသည် ဤမြတ်သောအကျင့်ကို စင်စစ်ပြည့်စုံစွာ စင်စစ်ကြယ်စွာခရုသင်းပွတ်သစ်နှင့်တူစွာ ကျင့်ခြင်းငှာမလွယ်၊ ငါသည် ဆံမုတ်ဆိတ်ကိုပယ်၍ ဖန်ရည်ဆိုးအဝတ်တို့ကိုဝတ်ပြီးလျှင် လူ့ဘောင်မှရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွဟု (ဆင်ခြင်၏)

ထိုသူသည် နောင်အခါ၌နည်းသောဥစ္စာစုကိုပယ်၍၎င်း၊ များသောဥစ္စာစုကို ပယ်၍၎င်း၊ နည်းသောဆွေမျိုးစဉ်ဆက်ကိုပယ်၍၎င်း၊ များသောဆွေမျိုးစဉ်ဆက်ကိုပယ်၍၎င်း၊ ဆံမုတ်ဆိတ်ကိုပယ်၍ ဖန်ရည်ဆိုးအဝတ်တို့ကိုဝတ်ပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။

၂၉၂။ ထိုသူသည် ဤသို့ဝင်ရောက်ပြီးသော် ရဟန်းတို့၏သိက္ခာသာဇီဝသို့ရောက်လျှင် အသက်သတ်ခြင်းကိုပယ်၍အသက်သတ်ခြင်းမှရှောင်ကြဉ်၏။ တုတ်ကိုချထားပြီးဖြစ်၏၊ လက်နက်ချထားပြီးဖြစ်၏၊ အရှက်ရှိ၏။ သနားတတ်၏။ ခပ်သိမ်းသောသတ္တဝါတို့၏ အစီးပွားကို လိုလားလျက်ရှိနေ၏။

မပေးသည်ကိုယူခြင်းကိုပယ်၍ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်၏။ ပေးသည်ကို သာခံယူ၏ ပေးသည်ကိုသာနှစ်လို၏။ မခိုးမဝှက်စင်ကြယ်သောကိုယ်ဖြင့်သာနေ၏။ မမြတ်သော အကျင့်ကိုပယ်၍ မြတ်သောအကျင့်ကိုကျင့်၏။ ယုတ်သောအကျင့်ကိုကျင့်လေ့မရှိ၊ ရွာသူတို့၏ အလေ့ဖြစ်သောမေထုန်အကျင့်မှ ရှောင်၏။ မဟုတ်မမှန်ပြောခြင်းကိုပယ်၍ မဟုတ်မမှန်ပြောခြင်းမှရှောင်၏။ အမှန်ကိုသာပြောလေ့ရှိ၏၊ မှန်သောစကားခြင်း ဆက်စပ်တတ်၏။ တည်သောစကားရှိ၏။ ယုံကြည်ထိုက်သောစကားရှိ၏။ လောကကို လှည့်စားတတ်သူမဟုတ်၊ ကုန်းစကားကိုပယ်၍ ကုန်းစကားမှရှောင်ကြဉ်၏။ ဤသူတို့ ကွဲပြားခြင်းငှာ ဤသူ့ထံမှနားထောင်၍ ထိုသူထံ၌ မပြောတတ်၊ ထိုသူထံမှ နားထောင်၍ ဤသူ့ထံ၌မပြောတတ်၊ ဤသို့ကွဲပြားသူတို့ကိုလည်း စေ့စပ်တတ်၏။ ညီညွတ်သူတို့ကို လည်းအားပေးတတ်၏။ ညီညွတ်ခြင်း၌ မွေ့လျော်၏။ ညီညွတ်ခြင်း၌ ပျော်ပိုက်၏။ ညီညွတ် ခြင်းကိုနှစ်သက်၏။ ညီညွတ်ခြင်းကိုပြုသောစကားကို ဆိုလေ့ရှိ၏။ ကြမ်းသောစကားကို ပယ်၍ ကြမ်းသောအမူအရာကိုရှောင်ကြဉ်၏။ အကြင်စကားသည် အပြစ်ကင်း၏။ နားချမ်းသာ၏။ နှစ်လိုဖွယ်ရှိ၏။ နှလုံးသို့သက်၏။ ယဉ်ကျေး၏။ လူအများ နှစ်သက်၏။ လူအများနှစ်ခြိုက်၏။ ထိုသို့သဘောရှိသောစကားကိုသာဆို၏။

ပြိန်ဖျင်းသောစကားကိုပယ်၍ ပြိန်ဖျင်းသောစကားမှရှောင်ကြဉ်၏။ (သင့်သော) အလာ၌သာဆိုလေ့ရှိ၏။ ဟုတ်သည်ကိုသာဆိုလေ့ရှိ၏။ အကျိုးနှင့်စပ်သည်ကိုသာဆိုလေ့ရှိ၏။ (သင့်သော) အခါ၌အကြောင်းနှင့်တကွသော အပိုင်းအခြားရှိသောအနက်နှင့် ပြည့်စုံသော မှတ်သားလောက်သော စကားကိုသာဆိုလေ့ရှိ၏။

၂၉၃။ ထိုရဟန်းသည် မျိုးစေ့အပေါင်း၊ အပင်အပေါင်းကို ဖျက်ဆီးခြင်းမှရှောင် ကြဉ်၏။ ဆွမ်းတနပ်သာစားလေ့ရှိ၏။ ညစာစားခြင်းမှရှောင်ကြဉ်၏။ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ ပွဲကြည့်ခြင်းမှ ရှောင်ကြဉ်၏။ ပန်းပန်ခြင်း၊ နံ့သာခြယ်ခြင်း၊ နံ့သာပျောင်းလိမ်းခြင်းမှရှောင်ကြဉ်၏။ မြင့်သောနေရာ၊ မြတ်သောနေရာမှရှောင်ကြဉ်၏။ ရွှေငွေကိုခံယူခြင်း မှရှောင်ကြဉ်၏။ ကောက်စိမ်းကို ခံယူခြင်းမှရှောင်ကြဉ်၏။ အသားစိမ်းကိုခံယူခြင်းမှ ရှောင်ကြဉ်၏။ မိန်းမအို မိန်းမပျိုကို ခံယူခြင်းမှရှောင်ကြဉ်၏။ ကျွန်မိန်းမ ကျွန်ယောကျာ်းကို ခံယူခြင်းမှရှောင်ကြဉ်၏။ ဆိတ်နှင့်သိုးကိုခံယူခြင်းမှ ရှောင်ကြဉ်၏။ တမန်အမှုအစေအပါး အမှုကိုဆောင်ရွက်ခြင်း မှရှောင်ကြဉ်၏။ ဝယ်မှု၊ ရောင်းမှုမှ ရှောင်ကြဉ်၏။ ချိန်စဉ်းလဲ၊ အသပြာစဉ်းလဲ၊ ခြင်တွယ်၊ တိုင်းတာ စဉ်းလဲခြင်းမှရှောင်ကြဉ်၏။ တစိုးယူခြင်း၊ လှည့်ဖျားခြင်း၊ အတုပြုခြင်းတည်းဟူသော

ကောက်ကျစ်ခြင်းမှရှောင်ကြဉ်၏။ ဖြတ်ခြင်း၊ သတ်ခြင်း နှောင်ဖွဲ့ခြင်း (ခရီးသွားတို့ကို) လုယက်ခြင်း (ရွာနိဂုံးတို့ကို) ဖျက်ဆီးခြင်း၊ ဓားပြတိုက်ခြင်း မှရှောင်ကြဉ်၏။

၂၉၄ ။ ။ ထိုရဟန်းတို့သည် ကိုယ်ကိုမျှတရုံသောသင်္ကန်း၊ ဝမ်းကိုမျှတရုံသောဆွမ်းဖြင့် ရောင့်ရဲ၏။ ထိုရဟန်းသည် အကြင်အကြင်အရပ်သို့သွားသော် (ပရိက္ခရာရှစ်ပါးမျှကို) ကောင်းစွာယူဆောင်၍သွား၏။ ဥပမာသော်ကား အတောင်ရှိသောငှက်သည် အကြင် အကြင်အရပ်သို့ပျံသော် မိမိအတောင်သာဝန် ရှိသည်ဖြစ်၍ပျံ၏။ ဤအတူရဟန်းသည် ကိုယ်ကို မျှတရုံသောသင်္ကန်း ၊ ဝမ်းကိုမျှတရုံသော ဆွမ်းဖြင့်ရောင့်ရဲ၏။ ထိုရဟန်းသည် အကြင် အရပ်သို့သွားသော် (ပရိက္ခရာ ရှစ်ပါးမျှကို) ကောင်းစွာယူဆောင်၍သွား၏။ ထိုရဟန်းသည် ဤမြတ်သောသီလ အစုနှင့်ပြည့်စုံသည်ဖြစ်၍ မိမိသန္တာန်၌အပြစ်မရှိသော ချမ်းသာကို ခံစား၏။

၂၉၅ ။ ။ ထိုရဟန်းသည်မျက်စိဖြင့် ရူပါရုံကိုမြင်သော် (ယောကျ်ားမိန်းမဟူသော) အမှတ်နမိတ်ကိုစွဲယူလေ့မရှိ၊ (လက်ခြေစသော) အမှတ်လက္ခဏာငယ်ကို စွဲယူလေ့မရှိ။ အကြင်အကြောင်းကြောင်းကြောင့် စက္ခုန္ဒြေကို မစောင့်စည်းမူ၍နေသော၊ ထိုရဟန်းကို မက်မောခြင်း၊ အဘိဇ္ဈာနှလုံး မသာခြင်း၊ ဒေါမနဿဟုဆိုအပ်ကုန်သော ယုတ်မာသောအကုသိုလ် တရားတို့သည် အစဉ်လိုက် ကုန်ရာ၏။ ထိုစက္ခုန္ဒြေစောင့်စည်းခြင်းငှာကျင့်၏။ စက္ခုန္ဒြေကိုစောင့်ရှောက်၏။ စက္ခုန္ဒြေ ကိုစောင့်ရှောက်ခြင်းငှာရောက်၏။

နားဖြင့်သဒ္ဒါရုံကိုကြားသော်။ ပ ။ နှာခေါင်းဖြင့် ဂန္ဓာရုံကိုနမ်းသော် လျှာဖြင့်ရသာ ရုံကိုလျက်သော်၊ ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကိုတွေ့ထိသော်၊ စိတ်ဖြင့်ဓမ္မာရုံကိုသိသော် (ယောကျ်ား မိန်းမဟူသော) အမှတ်နိမိတ်ကို စွဲယူလေ့မရှိ (လက်ခြေစသော) အမှန်လက္ခဏာငယ်ကို စွဲယူလေ့ မရှိ၊ အကြင်အကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်းမူ၍ နေသော ထိုရဟန်းကိုမက်မောခြင်း၊ အဘိဇ္ဈာနှလုံးမသာခြင်း၊ ဒေါမနဿဟုဆိုအပ်ကုန်သော ယုတ်မာသော အကုသိုလ်တရားတို့သည် အစဉ်လိုက်ကုန်၏။ ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှာကျင့်၏။ မနိန္ဒြေကိုစောင့်ရှောက်၏။ ထိုမနိန္ဒြေစောင့်စည်းခြင်းသို့ရောက်၏။ ထိုရဟန်း သည်ဤမြတ်သော ဣန္ဒြေကိုစောင့်စည်းခြင်းနှင့် ပြည့်စုံသည် ဖြစ်၍ မိမိသန္တာန်၌ (ဒုက္ခ) နှင့်မရောသော ချမ်းသာကိုခံစား၏။

ထိုရဟန်းသည် ရှေ့သို့တက်ရာ၊ နောက်သို့ဆုတ်ရာ၏။ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ ရှိ၏။ ဘူရှူကြည့်ရာ တစောင်းကြည့်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။ ကွေးရာဆန့်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။ ဒုကုဋ်သပိတ်သင်္ကန်းကိုဆောင်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။ စားရာသောက်ရာ ခဲရာ၊ လျက်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့်ပြုလေ့ရှိ၏။ ကျင်ကြီး၊ ကျင်ငယ်၊ စွန့်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့်ပြုလေ့ရှိ၏။ သွားရာ၊ ရပ်ရာ၊ ထိုင်ရာ၊ အိပ်ရာ၊ နိုးရာ၊ ပြောရာ၊ ဆိတ်ဆိတ်နေရာ၌ ဆင်ခြင်ဉာဏ်ဖြင့်ပြုလေ့ရှိ၏။

၂၉၆။ ။ ဤမြတ်သောသီလအစု၊ ရောင့်ရဲခြင်းဣန္ဒြေစောင့်စည်းခြင်းသတိ၊ ဆင်ခြင်ဉာဏ် တို့နှင့် ပြည့်စုံသောထိုရဟန်းသည် တောသစ်ပင်ရင်း တောင်ချောက်၊ တောင်စောင်း၊ သုသာန် တောအုပ်၊လွင်ပြင်၊ ကောက်ရိုးပုံဟူသော ဆိတ်ငြိမ်ရာအိပ်ရာနေရာတို့ကို မှီဝဲ၏။ ထိုရဟန်းသည် ဆွမ်းခံရာမှ ပြန်ခဲ့၍ဆွမ်းစားပြီးနောက်ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းသို့ရှေ့ရှုကာ

သတိကိုဖြစ်စေလျက်ထိုင်၏။ ထိုရဟန်းသည် (ခန္ဓငါးပါးတည်းဟူသော) လောက၌ မက်မောခြင်း "အဘိဇ္ဈာ" ကိုပယ်၍ မက်မောခြင်း "အဘိဇ္ဈာ" ကင်းသောစိတ်ဖြင့်နေ၏။ မက်မောခြင်း "အဘိဇ္ဈာ" မှ စိတ်ကိုစင်ကြယ်စေ၏။ ပျက်စီးစေလိုသော ပြစ်မှားမှုကိုပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွားကို လိုလားလျှက်နေ၏။ ပျက်စီးစေလိုသောပြစ်မှားမှုမှ စိတ်ကိုစင်ကြယ်စေ၏။ လေးလံထိုင်းမှိုင်းခြင်း "ထိနမိဒ္ဓ" ကိုပယ်၍ လေးလံထိုင်းမှိုင်းခြင်း "ထိနမိဒ္ဓ" မှကင်းသည်ဖြစ်၍ အလင်းရောင်ကိုမှတ်ခြင်း ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည် ဖြစ်၍နေ၏။ လေးလံထိုင်းမှိုင်းခြင်း "ထိနမိဒ္ဓ" စိတ်ကိုစင်ကြယ်စေ၏။ ပျံ့လွင့်ခြင်း "ဥဒ္ဓစ္စ" နောင်တရခြင်း၊ "ကုက္ကုစ္စ" ကိုယ်ပါယ်၍ အတွင်းသန္တာန်၌ ငြိမ်သက် သော စိတ်ရှိသည်ဖြစ်၍ မပျံ့လွင့်သည်ဖြစ်၍နေ၏။ ပျံ့လွင့်ခြင်း "ဥဒ္ဓစ္စ"၊ နောင်တရခြင်း "ကုက္ကုစ္စ" စိတ်ကိုစင်ကြယ်စေ၏။ မဝေခွဲနိုင်ခြင်း "ဝိစိကိစ္ဆာ" ကိုပယ်၍ မဝေခွဲနိုင်ခြင်း "ဝိစိကိစ္ဆာ" ကိုလွန်မြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လော သို့လော မရှိသည်ဖြစ် ၍နေ၏။ မဝေခွဲနိုင်ခြင်း "ဝိစိကိစ္ဆာ" မှ စိတ်ကိုစင်ကြယ်စေ၏။

၂၉၇။ ။ ထိုရဟန်းသည် စိတ်၏ညစ်နွမ်းကြောင်းဖြစ်ကုန်သောပညာ၏ အားနည်းခြင်းကို ပြုတတ်ကုန်သော ဤပိတ်ပင်ခြင်း နီဝရဏငါးပါးတို့ကိုပယ်၍ ကာမဂုဏ်ကိုမှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှဆိတ်၍သာလျှင်ကြံစည်ခြင်း "ဝိတက်" နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင် ခြင်း၊ "ဝိစာရ" နှင့်တကွဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော၊ နှစ်သိမ့်ခြင်း "ပီတိ" ချမ်းသာခြင်း "သုခ" ရှိသော ပဌမဈာန်သို့ရောက်၍နေ၏။

ပုဏ္ဏားဤပဌမဈာန်ကိုလည်း၊ မြတ်စွာဘုရား၏ (ဉာဏ်) ခြေရာဟူ၍၎င်း၊ မြတ်စွာ ဘုရား၏ (ဉာဏ်) ဖြင့် ပွတ်တိုက်ရာဟူ၍၎င်း၊ မြတ်စွာဘုရား၏ (ဉာဏ်) စွယ်ဖြင့်၊ ထိုးခြစ်ရာ ဟူ၍၎င်း၊ ဆိုသင့်၏။ မြတ်စွာဘုရား၏ တပည့်သာဝကသည် ထိုသို့ပဌမဈာန်ဝင်စား၍ နေရုံမျှဖြင့် "မြတ်စွာဘုရား သည် (အလုံးစုံသောတရားကို) ကိုယ်တိုင်မှန်စွာသိတော်မူ သောဘုရားပေတည်း။ တရားတော်သည် မြတ်စွာဘုရားကောင်းစွာဟောကြားထားသောတရားပေတည်း၊မြတ်စွာဘုရား၏ တပည့်သံဃာသည် အကျင့်ကောင်းရှိသော "သံဃာ" ပေတည်းဟုဆုံးဖြတ်ခြင်းသို့ မရောက်သည် သာတည်း။

ပုဏ္ဏားတဖန်ထို့ပြင်လည်း ရဟန်းသည် ဝိတက်၊ ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌စိတ်ကိုကြည်လင်စေတတ်သောစိတ်၏ တည်ကြည်ခြင်း "သမာဓိ" ကိုပွားစေ တတ်သော ကြံစည်ခြင်း "ဝိတက်' မရှိသော၊ သုံးသပ်ဆင်ခြင်ခြင်း "ဝိစာရ" မရှိသော တည်ကြည် ခြင်း "သမာဓိ" ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း "ပီတိ" ချမ်းသာခြင်း "သုခ" ရှိသော ဒုတိယ ဈာန်သို့ရောက်၍နေ၏။

ပုဏ္ဏားဤဒုတိယဈာန်ကိုလည်း။ ပ ။ ဆိုသင့်၏။ ပ ။ မြတ်စွာဘုရား၏တပည့် သံဃာသည် အကျင့်ကောင်းရှိသော သံဃာပေတည်းဟု ဆုံးဖြတ်ခြင်းသို့မရောက်သည် သာတည်း။

ပုဏ္ဏားတဖန်ထို့ပြင်လည်း ရဟန်းသည်နှစ်သိမ့်ခြင်းပီတိကိုလည်း မတပ်မက်ခြင်းကြောင့် အောက်မေ့ခြင်းသတိဆင်ခြင်ခြင်း သမ္ပဇဉ်နှင့်ပြည့်စုံသည်ဖြစ်၍ ထိုသူကို လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏။ တတိယဈာန် သို့ရောက်၍နေ၏။

ပုဏ္ဏား ဤတတိယစျာန်ကိုလည်း။ ပ ။ ဆိုသင့်၏။ ပ ။ မြတ်စွာဘုရား၏ တပည့် သံဃာသည် အကျင့်ကောင်းရှိသော သံဃာပေတည်းဟု ဆုံးဖြတ်ခြင်းသို့ မရောက်သည်သာတည်း။

ပုဏ္ဏားတဖန်ထိုပြင်လည်း ရဟန်းသည်ချမ်းသာဆင်းရဲကို ဖယ်ခြင်းကြောင့်၄င်း၊ ရှေး ဦးကပင်လျှင် ဝမ်းသာခြင်းနှင့်နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်၄င်း၊ ဆင်းရဲချမ်း သာမဟုတ်သော လျစ်လျူရှုမှုဥပေက္ခာကြောင့်၄င်း၊ ဆင်းရဲချမ်းသာမဟုတ်သော လစ်လျူရှုမှုဥပေက္ခာကြောင့် ဖြစ်သောသတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ရောက်၍ နေ၏။

ပုဏ္ဏား ဤစတုတ္ထစျာန်ကိုလည်း မြတ်စွာဘုရား၏ (ဉာဏ်) ခြေရာဟူ၍၄င်း၊ မြတ်စွာ ဘုရား၏ (ဉာဏ်) ဖြင့် ပွတ်တိုက်ရာဟူ၍၄င်း၊ မြတ်စွာဘုရား (ဉာဏ်) စွယ်ဖြင့် ထိုးခြစ်ရာ ဟူ၍၄င်းဆိုသင့်သည်။ မြတ်စွာဘုရား၏ တပည့်သာဝကသည် ထိုသို့စတုတ္ထစျာန်ကို ဝင်စား၍ နေရရုံမျှဖြင့် မြတ်စွာဘုရားသည် (အလုံးစုံသောတရားကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားပေတည်း။ တရားတော်သည် မြတ်စွာဘုရားကောင်းစွာဟောကြား ထားသော တရားပေတည်း၊ မြတ်စွာဘုရား၏ တပည့်သံဃာသည် အကျင့်ကောင်းရှိသော "သံဃာ" ပေတည်းဟုဆုံးဖြတ်ခြင်းသို့ မရောက်သည်သာတည်း။

၂၉၈။ ။ ဤသို့ ထိုရဟန်း၏ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော်၊ ညစ်ကြေးမရှိလတ်သော်၊ ညစ်ညူးခြင်းကင်းလတ်သော်၊ နူးညံ့လတ်သော်၊ ပြုတိုင်းရလတ်သော်၊ တည်တံ့လတ်သော်၊ မတုန်လှုပ်ခြင်းသို့ရောက်လတ်သော်၊ ရှေး၌ပြုဘူးသော အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အလို့ငှာ စိတ်ကိုရှေးရှု ဆောင်၏။ ရှေးရှု ညွတ်စေ၏။ ထိုရဟန်းသည်များပြား သော ရှေး၌ဖြစ်ဘူးသော ဘဝကိုအောက်မေ့နိုင်၏။ ဤသည်ကား အဘယ်နည်း။ တစ်ဘဝကို လည်းကောင်း၊ နှစ်ဘဝကိုလည်းကောင်း၊ ဤသို့ အချင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်) နှင့်တကွများပြားသော ရှေး၌ဖြစ်ဘူး သော ဘဝကိုအောက်မေ့နိုင်၏။

ပုဏ္ဏားဤပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကိုလည်း မြတ်စွာဘုရား၏(ဉာဏ်) ခြေရာဟူ၍ ၄င်း၊ မြတ်စွာဘုရား၏ (ဉာဏ်) ဖြင့် ပွတ်တိုက်ရာဟူ၍၄င်း၊ မြတ်စွာဘုရား ဉာဏ်စွယ်ဖြင့် ထိုးခြစ်ရာ ဟူ၍၄င်းဆိုသင့်သည်။ မြတ်စွာဘုရား၏ တပည့်သာဝကသည် ထိုပုဗ္ဗေနိဝါသာ နုဿတိဉာဏ် ရရုံမျှဖြင့် မြတ်စွာဘုရားသည် (အလုံးစုံသောတရားကို) ကိုယ်တိုင်မှန်စွာ သိတော်မူသောဘုရားပေတည်း။ တရားတော်သည် မြတ်စွာဘုရားကောင်းစွာဟောကြားထားသော တရားပေတည်း၊ မြတ်စွာဘုရား၏ တပည့်သံဃာသည် အကျင့်ကောင်းရှိသော "သံဃာ" ပေတည်း ဟုဆုံးဖြတ်ခြင်းသို့ မရောက်သည် သာတည်း။

ထိုရဟန်း၏ စိတ်သည် ဤသို့တည်ကြည်လတ်သော်၊စင်ကြယ်လတ်သော် ဖြူစင်လတ်သော်၊ ညစ်ကြေးမရှိလတ်သော်၊ ညစ်ညူးခြင်းကင်းလတ်သော်၊ နူးညံ့လတ်သော်၊ ပြုတိုင်း ရလတ်သော်၊ တည်တံ့လတ်သော်၊ မတုန်လှုပ်ခြင်းသို့ရောက်လတ်သော်၊ ထိုရဟန်းသည် သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကိုသိသော စုတူပပါတဉာဏ်အလို့ငှာ စိတ်ကိုရှေးရှု ညွတ်စေ၏။ ထိုရဟန်းသည် အထူးသဖြင့် စင်ကြယ်သောလူတို့၏မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော မျက်စိ၊ "ဒိဗ္ဗစက္ခုဉာဏ" ဖြင့်။ ပ ။

ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကိုသိနိုင်၏။

ပုဏ္ဏားဤ စုတူပပါတဉာဏ်ကိုလည်း မြတ်စွာဘုရား၏ခြေရာဟူ၍၄င်း၊ မြတ်စွာဘုရား ၏ (ဉာဏ်) ဖြင့် ပွတ်တိုက်ရာဟူ၍၄င်း၊ မြတ်စွာဘုရား (ဉာဏ်) စွယ်ဖြင့် ထိုးခြစ်ရာဟူ၍၄င်း ဆိုသင့်သည်။ မြတ်စွာဘုရား၏ တပည့်သာဝကသည် ထိုစုတူပပါတဉာဏ်ရရုံမျှဖြင့် မြတ်စွာဘုရားသည် (အလုံးစုံသော တရားကို) ကိုယ်တိုင်မှန်စွာ သိတော်မူသောဘုရားပေတည်း။ တရားတော်သည် မြတ်စွာဘုရားကောင်းစွာ ဟောကြားထားသောတရားပေတည်း၊ မြတ်စွာဘုရား၏ တပည့်သံဃာသည် အကျင့်ကောင်းရှိသော "သံဃာ" ပေတည်းဟု ဆုံးဖြတ်ခြင်းသို့ မရောက် သည်သာတည်း။

၂၉။ ။ ဤသို့ထိုရဟန်း၏ စိတ်သည် တည်ကြည်လတ်သော်၊ စင်ကြယ်လတ်သော်၊ ဖြူစင်လတ် သော်၊ ညစ်ကြေးမရှိလတ်သော်၊ ညစ်ညူးခြင်းကင်းလတ်သော်၊ နူးညံ့လတ်သော်၊ ပြုတိုင်း ရလတ်သော်၊ တည်တံ့လတ်သော်၊ မတုန်လှုပ်ခြင်းသို့ရောက်လတ်သော်၊ ထိုရဟန်းသည် အာသဝေါတရားတို့၏ ကုန်ရာဖြစ်သော အာသဝက္ခယဉာဏ်အလို့ငှာ စိတ်ကိုရှေ့ရှုညွတ်စေ၏၊ထိုရဟန်းသည် ဤကား ဆင်းရဲဟုဟုတ်မှန်သောအတိုင်းသိ၏။ ဤကား အာသဝေါ တရားတို့၏ချုပ်ရာ နိဗ္ဗာန်ဟု ဟုတ်မှန်သောအတိုင်းဖြစ်၏။ဤကား အာသဝေါတရားတို့၏ ဖြစ်ပေါ်ခြင်းဟု ဟုတ်မှန်သော အတိုင်းသိ၏။ ဤကား အာသဝေါတရားတို့၏ချုပ်ရာနိဗ္ဗာန်ဟု ဟုတ်မှန်သောအတိုင်းသိ၏။ ပုဏ္ဏားဤ မဂ်ဉာဏ်ကိုလည်း မြတ်စွာဘုရား၏ (ဉာဏ်ဖြင့်ပွတ်တိုက်ရာဟူ၍လည်းကောင်း၊ မြတ်စွာဘုရား၏ ဉာဏ်စွယ်ဖြင့် ထိုးခြစ်ရာဟူ၍လည်းကောင်း ဆိုသင့်၏၊ မြတ်စွာဘုရား၏ တပည့်သာဝကသည် ထိုသို့ မဂ်ဉာဏ်ကိုရကာမျှဖြင့် အပြီးအဆုံးသို့မရောက်သေး သို့ရာတွင် မြတ်စွာဘုရားသည် (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ဘုရားပေတည်း၊ တရားတော်သည် မြတ်စွာဘုရား ဟောကြားထားသော တရားပေတည်း၊ မြတ်စွာဘုရား၏ တပည့်သံဃာသည် အကျင့်ကောင်းရှိသော သံဃာပေတည်းဟု ဆုံးဖြတ်ခြင်းသို့ကားရောက်၏။

ဤသို့သိသော၊ ဤသို့မြင်သောထိုရဟန်း၏စိတ်သည် ကာမသာဝမှလည်းလွတ် မြောက်၏။ ဘဝါသဝမှလည်းလွတ်မြောက်၏။ အဝိဇ္ဇာသဝမှလည်းလွတ်မြောက်၏။ လွတ်မြောက် ပြီးသော် လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်ပေါ်၏။ ပဋိသန္ဓေနေမှုကုန်ပြီ။ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ (မဂ်) ကိစ္စကိုပြုပြီးပြီး။ ဤ (မဂ်) ကိစ္စအလို့ငှာ တစ်ပါး သောပြုဖွယ် မရှိတော့ပြီ ဟုသိ၏။ ပုဏ္ဏား ဤပစ္စဝေက္ခဏာဉာဏ်ကိုလည်း မြတ်စွာဘုရား၏၊ (ဉာဏ်) ခြေရာဟူ၍လည်းကောင်း မြတ်စွာဘုရား၏ (ဉာဏ်)ဖြင့် ပွတ် တိုက် ရာ ဟူ၍ လည်းကောင်း၊ မြတ်စွာဘုရား၏ (ဉာဏ်)စွယ်ဖြင့် ထိုးခြစ်ရာဟူ၍လည်းကောင်း ဆိုသင့်၏။

ပုဏ္ဏား မြတ်စွာဘုရား၏ တပည့်သာဝကသည် ထိုသို့မဂ်ဉာဏ်ကို ရကာမျှဖြင့် အပြီးအဆုံးသို့မရောက်သေး၊ သို့ရာတွင် "မြတ်စွာဘုရား သည် (အလုံးစုံသောတရားကို) ကိုယ်တိုင် မှန်စွာသိတော်မူသောဘုရားပေတည်း။တရား တော်သည် မြတ်စွာဘုရားကောင်းစွာဟောကြား ထားသောတရားပေတည်း၊ မြတ်စွာဘုရား ၏ တပည့်သံဃာသည် အကျင့်ကောင်းရှိသော "သံဃာ" ပေတည်းဟု

ဆုံးဖြတ်ခြင်းသို့ ရောက်၏။

ဤသို့သိသော၊ ဤသို့မြင်သောထိုရဟန်း၏စိတ်သည် ကာမသဝမှလည်းလွတ် မြောက်၏။ ဘဝါသဝမှလည်းလွတ်မြောက်၏။ အဝိဇ္ဇာသဝမှလည်းလွတ်မြောက်၏။ လွတ် မြောက်ပြီး သော် လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်ပေါ်၏။ ပဋိသန္ဓေနေမှုကုန်ပြီ။ မြတ်သောအကျင့်ကိုကျင့်သုံးပြီးပြီ (မဂ်) ကိစ္စကိုပြုပြီးပြီး။ ဤ (မဂ်) ကိစ္စအလို့ငှာ တစ်ပါး သောပြုဖွယ်မရှိတော့ပြီဟုသိ၏။ ပုဏ္ဏား ဤပစ္စဝေက္ခဏာဉာဏ်ကိုလည်း မြတ်စွာဘုရား၏၊ (ဉာဏ်) ခြေရာဟူ၍ လည်းကောင်း မြတ်စွာဘုရား၏ (ဉာဏ်)ဖြင့်ပွတ်တိုက်ရာဟူ၍လည်းကောင်း၊ မြတ်စွာဘုရား၏ (ဉာဏ်)စွယ်ဖြင့် ထိုးခြစ်ရာဟူ၍ လည်းကောင်း ဆိုသင့်၏။

ပုဏ္ဏား ဤမျှဆင်ခြေရာရှိသောတရားသည် အကျယ်အားဖြင့်ပြည့်စုံ၏ဟု ဤစကား ကိုဟောတော်မူ၏။

ဤသို့ဟောတော်မူသော ဇာဏုသောဏိပုဏ္ဏားသည် မြတ်စွာဘုရားကို

အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သစ်ဖွယ်ရှိပါ၏။ အရှင်ဂေါတမ ဥပမာ သော်ကား မှောက်ထားသောဝတ္ထုကို လှန်ဘိသကဲ့သို့၎င်း၊ ဖုံးလွှမ်းထားသောဝတ္ထုကိုဖွင့်လှစ် ဘိသကဲ့သို့၎င်း၊ မျက်စိလည်သောသူအား လမ်းမှန်ကိုပြောကြားဘိသကဲ့သို့၎င်း၊ မျက်စိရှိသော သူတို့သည် အဆင်းတို့ကိုမြင်ကြလိမ့်မည်ဟု အမိုက်မှောင်၌ဆီမီးတစ်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ ၎င်း၊ အရှင်ဘုရား ဤအတူသာလျှင် အရှင်ဂေါတမသည် အကြောင်း အမျိုးမျိုးဖြင့် တရားတော်ကို ပြတော်မူသည်။ အရှင်ဘုရားကျွန်ုပ်သည် အရှင်ဂေါတမကို ကိုးကွယ်ရာဟူ လည်းကောင်း ဆည်းကပ်ပါ၏။ တရားကိုလည်း၊ သံဃာတော်ကိုလည်း၊ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ အရှင်ဂေါတမသည် ငါ့ကျွန်ုပ်ကို ယနေ့မှစ၍အသက်ထက် ဆုံးကိုးကွယ်သော ဥပါသကာဟု မှတ်တော်မူပါဟုလျှောက်၏။

**ခုနှစ်ခုမြောက်စူဠဟတ္ထိပ ဒေါပမသုတ်ပြီး၏။**

## အပ္ပမာဒသုတ်

ထိုအခါ ပုဏ္ဏားတစ်ယောက်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရား နှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏။ ဝမ်းမြောက်ဖွယ်အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံး စေပြီးလျှင် တစ်ခုသောနေရာ၌ ထိုင်နေလျှက်မြတ်စွာဘုရားအား

အရှင်ဘုရား မျက်မှောက်အကျိုး၊ တမလွန်အကျိုး နှစ်မျိုးလုံးကိုယူ၍တည်သော ပွါးများအပ်၊ ကြိမ်ဖန်များစွာ ပြုအပ်သော တစ်ခုသောတရားသည် ရှိသလောဟုလျှောက်၏။

ပုဏ္ဏားမျက်မှောက်အကျိုး၊ တမလွန်အကျိုးနှစ်မျိုးလုံးကိုယူ၍ ပွားများအပ်၊ ကြိမ်ဖန် များစွာပြုအပ် သော တစ်ခုတည်းသောတရားသည်ရှိ၏ဟု မိန့်တော်မူ၏။

အရှင်ဘုရား မျက်မှောက်အကျိုး၊ တမလွန်အကျိုး နှစ်မျိုးလုံးကိုယူ၍တည်သော ပွါးများအပ်

ကြိမ်ဖန်များစွာပြုအပ်သော တစ်ခုသောတရားဟူသည် အဘယ်နည်းဟု လျှောက်၏။

ပုဏ္ဏားမျက်မှောက်အကျိုး၊ တမလွန်အကျိုးနှစ်မျိုးလုံးကိုယူ၍ ပွားများအပ်၊ ကြိမ် ဖန်များစွာပြုအပ်သော တစ်ခုတည်းသောတရားသည်မမေ့လျော့မှု "အပ္ပမာဒ" ပင် တည်း။

ပုဏ္ဏားကုန်းမြေ၌ ကျက်စားသွားလာကုန်သော သတ္တဝါတို့၏ခြေရာဟူသမျှတို့သည် ဆင်ခြေရာ၌ ပေါင်းဆုံခြင်းသို့ရောက်သကဲ့သို့ ဆင်ခြေရာကိုကြီးမားသည့်အဖြစ်ကြောင့် ထိုသတ္တဝါတို့၏ခြေရာတို့ထက်မြတ်၏ဟု ဆိုအပ်သကဲ့သို့ ပုဏ္ဏားထို့အတူသာလျှင် မျက် မှောက် အကျိုး၊ တမလွန်အကျိုးနှစ်မျိုးလုံးကိုယူ၍တည်သော ပွါးများအပ်၊ ကြိမ်ဖန်များစွာ ပြုအပ်သော တစ်ခုတည်းတရားဟူသည် မမေ့လျော့မှု အပ္ပမာဒပင်တည်း။

ပုဏ္ဏားဥပမာတစ်မျိုးသော်ကား အထွဋ်တတ်သောအိမ်၏ အခြင်ဟူသမျှတို့သည် အထွဋ်သို့ရောက်၊ အထွဋ်သို့ညွတ်ကုန်၊ အထွဋ်သာလျှင်စုဝေးရာရှိကိုသကဲ့သို့ အထွဋ်တို့ ထိုအချင်းတို့ထက်မြတ်၏ဟူ၍ဆိုအပ်သကဲ့သို့ ပုဏ္ဏားထို့အတူသာလျှင်။ ပ ။ ပုဏ္ဏား ဖြူဆန်မျက်ရိတ် ယောကျ်ားသည် ဖြူဆန်မြက်ကိုရိတ်၍ အဖျား၌ကိုင်ပြီးလျှင် အောက်သို့ ခါသကဲ့သို့ ဘေးနှစ်ဘက်သို့ခါသကဲ့သို့ တစ်ခုတစ်ခုဖြင့်ရိုက်နှက်သကဲ့သို့ ပုဏ္ဏားထို့ အတူသာလျှင်။ ပ ။

ပုဏ္ဏားသရက်သီးခိုင်၏ သရက်သီးဟူသမျှတို့သည် အညှာ၌ဖွဲ့ကုန်၊ အညှာသို့အစဉ် လိုက်သကဲ့သို့ ပုဏ္ဏားထို့အတူသာလျှင် ။ ပ ။

ပုဏ္ဏားမင်းငယ်အားလုံးတို့သည် စကြဝတေးမင်း၏နောက်လိုက်ဖြစ်ကုန်သကဲ့သို့ ထိုမင်းတို့ထက် စကြဝတေးမင်းကို မြတ်၏ဟုဆိုအပ်သကဲ့သို့ ပုဏ္ဏားထို့အတူသာလျှင် ။ ပ ။

ပုဏ္ဏားနက္ခတ်တာရာတို့၏ အရောင်ဟူသမျှတို့သည် လရောင်၏နှစ်ရာငါးဆယ် ခြောက်စိတ်၏ တစ်စိတ်ကိုမျှမမှီသကဲ့သို့ လရောင်ကိုထိုအရောင်တို့ထက် မြတ်၏ဟုဆို အပ်သကဲ့သို့ ပုဏ္ဏားထို့အတူသာလျှင် မျက်မှောက်အကျိုး တမလွန်အကျိုး၊ နှစ်မျိုးလုံးကို ယူ၍ တည်သောပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုအပ်သော၊ တရားဟူသည်၊ မမေ့လျော့ မှု "အပ္ပမာဒ" ပင်တည်း။

ပုဏ္ဏား၍သည်လျှင် မျက်မှောက်အကျိုး၊ တမလွန်အကျိုး နှစ်မျိုးလုံးကိုယူ၍ တည်သော ပွားများအပ်၊ ကြိမ်ဖန်များစွာပြုအပ်သော၊ တစ်ခုသောတရားပင်တည်းဟု (မိန့် တော်မူ၏)

အသျှင်ဂေါတမအလွန်နှစ်သက်ဖွယ်ရှိပါ၏။ အသျှင်ဂေါတမအလွန်နှစ်သက်ဖွယ်ရှိ ပါ၏။ အသျှင်ဂေါတမသည် ယနေ့မှစ၍ အကျွန်ုပ်ကိုအသက်ထက်ဆုံး၊ ရတနာသုံးပါးကို ဆည်းကပ်တတ်သူ "ဥပါသကာ' ဟုမှတ်တော်မူပါဟု (လျှောက်၏)

**အပ္ပမာဒသုတ်ပြီး၏**

## စေတီတည်ခဏ်း

စေတီယဂိရိ၌ ဝါမှထွက်လျှင်ပဝါယဏပြုတော် မူကြ၍-တန်ဆောင်မုန်းလပြည့်နေ့ ၌ ဒေဝါနံပိယတိဿမင်းကြီးကို မိန့်တော်မူသည်မှာ-မင်းကြီး-ဘုရားသခင်ကိုယ်တော်စား ဓါတ်တော်မွေတော်များကိုရဘို့ရန်အကြောင်းကို သုမနသာမဏေကိုပင့်၍ တိုင်ပင်ပြီးလျှင် သုမဏာသာမဏေကို ဘိုးတော်သိရိဓမ္မာသောကမင်းထံသို့ စေလွှတ်၍ဓါတ်တော်တို့ကို တောင်းခံစေလျှင်၊ ဘိုးတော်ဘုရား သည်ကြည်ဖြူစွာပေးလှူသောကြောင့် ထိုတန်ဆောင် မုန်းလပြည့်နေ့၌ပင် ဓါတ်တော်၊ ညှပ်ရိုးတော်တို့ကို ပင့်ဆောင်ခဲ့၍ ပြန်ကြွလာခဲ့ပြီး မင်း ကြီးအား အပ်နှင်း၍ စေတီပုထိုး တည်ရာဌာနတွင် ပူဇော်ခံထားရာ ဓါတ်တော်၊ စွယ်တော်၊ ညှပ်ရိုးတော်တို့သည် အုံ့ဖွယ်သရဲ "တန်ခိုး ပြာ ဋိဟာ" ပြတော်မူ သည်ကိုဖူးကြရသဖြင့် မင်း၏ညီတော် မတ္တာဘယမင်းသားနှင့် နောက်ပါတစ်ထောင် "စေတရဋ္ဌ" ရွာမှ ငါးရာသော သတို့သားများ "ဒွါရမဏ္ဍလ" ရွာမှ ငါးရာသော သတို့သားများ ဤသို့အစရှိသော မြို့တွင်း မြို့ပြင်မှ ရဟန်းပြုကုန်သောသူတို့သည် သုံးသောင်းမျှအတိုင်းအရှည်ရှိကုန်၏။ ထိုအခါ နောင်တော် အဘယမင်းကြီး၏မိဖုရား 'အနုလာ'ဒေဝီသည် ရဟန်းပြုလိုကြောင်း မင်းကြီး အားခွင့်တောင်းလျှင် မင်းကြီးလည်း ရှင်မဟိန္ဒမထေရ်အား လျှောက်ကြားလတ်သော် သာသနာ့ဒါယိကာမင်းမြတ် ငါတို့အား မင်းမိန်းမကို ရဟန်းပြုခြင်းငှာ မအပ်ချေ။ "ပါဋလိ ပုဒ်ပြည်၌ နှမတော်သံဃာ့မိတ္တထေရီမသည် ရှိလေ၏။ ထိုထေရီမကိုပင်ခေါ်စေလော့။ ဤသိဟိုဠ်ကျွန်း၌ ရှေးဘုရားသုံးဆူတို့၏ ဗောဓိပင်တည်ရာအရပ်၌ ငါတို့ဘုရားသခင် ဗောဓိပင်ကိုယူဆောင်၍ ဤသီဟိုဠ်ကျွန်း၌ စိုက်၍ မိန့်တော်မူခြင်းအရ သာသနာတော် (၂၃၇) ခုနှစ် သီတင်းကျွတ်လဆုပ် (၁၄) ရက်နေ့ မင်းကြီးအား တူတော် အရိဋ္ဌအမတ် ကိုစေလွှတ်၍ သိရိဓမ္မာသောကမင်းကြီးအား လျှောက်တင်လေရာ သိရိဓမ္မာသောကမင်းကြီးသည် ဗောဓိပင်နှင့် သမီးတော် သံဃာမိတ္တထေရီမကိုပင့်ဆောင်စေ၍ သီဟိုဠ်ကျွန်း သို့ နတ်တော်လဆန်း (၁၀) ရက်နေ့အရောက်ပို့လိုက်ပါသည်။ အနုလာဒေဝီမိဖုရား နှင့် ရံခြွေတော် ငါးရာတို့သည် ၁၀ ပါး သီလဆောက်တည်ကြ၍ ဖန်ရည်စွန်းသောအဝတ်ကိုဝတ်၍ အနုရာဓမြို့ ဆိပ်ကမ်း၌ ကျောင်းဆောက်၍ သံဃာမိတ္တထေရီမလာခြင်းကို စောင့်မျှော်နေကြသည့်အခိုက် သံဃာမိတ္တထေရီမ ရောက်လာလျှင် ခရီးဦးကြိုဆိုကြပြီး ညနေချမ်းအခါ ဓမ္မသဘင်တွင် 'အနုလာ ဒေဝီ' နှင့် ရံခြွေဖော်ငါးရာတို့သည် ထေရီမထံ၌ ရဟန်းပြုကြကုန်၏။ မကြာမြင့်မှီ ရံရွေဖော် ငါးရာနှင့် 'အနုလာဒေဝီ' ထေရီမတို့သည် အရဟတ္တဖိုလ်၌တည်ကြလေ၏။

မှတ်ချက်။ ။ ဤရဟန်းမတို့တွင် အချို့ရဟန္တာဖြစ်သော်လည်း ရဟန်းမိန်းမအဖြစ်မရသေး။ သိက္ခမာန်အကျင့်ကို (၂) နှစ်ပတ်လုံးကျင့်ပြီးမှ ပဉ္စင်းအဖြစ်ရမည်ဖြစ်ပေ၏။

တူတော်အရိဋ္ဌအမတ်လည်း အခြံအရံငါးရာနှင့် ရှင်မဟိန္ဒမထေရ်ထံရဟန်းပြုကြလျှင် မကြာမြင့်မှီရဟန္တာဖြစ်ကြလေသည်။

# သီဟိုဠ်တွင်သာသနာစတင်သက်ရောက်ပုံ

ဤသို့လျှင် ဒေဝါနံပိယတိဿမင်းကြီးသည် သာသနာတော်ထွန်းတောက်အောင် ပြုစုပြီး နောင်အခါမြေးတော် ဒုဋ္ဌဂါမဏီမင်း သာသနာပြုစေရန် လောဟပသာဒပြသာဒ် တည်ရာဌာန မဟာစေတီကြီးတည်ရာဌာနအရပ်များကို ကျောက်စာကဗ္ဗည်းစိုက်ထားလေ၏။ ထို့နောက် မင်းကြီးသည် အရှင်မဟိန္ဒမထေရ်ကို လျှောက်ထားသည်မှာ အရှင်ဘုရား သီဟိုဠ်ကျွန်း၌ သာသနာတော် တည်ပါတော့မည်လောဟု လျှောက်တော်မူလျှင်မင်းကြီး သာသနာတော်ကားတည်ပါပြီ။ သာသနာ၏ အခြေအမြစ်တို့သည်ကား မသက်ရောက်ကုန်သေး။ အရှင်ဘုရား အဘယ်သို့ပြုမှ သက်ရောက်ကုန် ပါသနည်း။

မင်းကြီး -အကြင်အခါ၌ သီဟိုဠ်ကျွန်းနေကြကုန်သော ကျွန်းသူကျွန်းသားတို့သည် ရဟန်းပြုကြ၍ ဝိနည်းတရားကိုသင်ကြကုန်၏။ နောင်လာနောက်သားတို့အားလည်း သင်ကြစေလတ္တံ့။ ထိုအခါ သာသနာတော်၏ အမြစ်မူလတို့သည် သက်ဝင်ကုန်လတ္တံ့။

| | |
|---|---|
| မင်း။ | ။ အရှင်ဘုရား ထိုသို့ဖြစ်လျှင် ဝိနည်း၌ လိမ္မာသောရဟန်းတော်ရှိပါ၏လော။ |
| မထေရ် | ။ သာသနာဒါယိကာမင်းမြတ်ရှိပေ၏။ မဟာအရိဋ္ဌရဟန်းတော်သည် ဝိနည်း သင်ပေးသော အရာတွင် စွမ်းဆောင်နိုင်၏။ |
| မင်း။ | ။ ထိုကဲ့သို့ဖြစ်ပါမူ အသို့ပြုရပါအံ့နည်း။ |
| မထေရ် | ။ မင်းမြတ်ရဟန်းတို့၏စည်းဝေးရာ မဏ္ဍပ်ကိုပြုအပ်၏။ |

အရှင်ဘုရားကောင်းလှပါပြီဟုလျှောက်၍ မေဃဝဏ္ဏအမတ်အား ပထမ သံဂါယနာ တင်သောအခါ အဇာတသတ်မင်းပြုလုပ်သောမဏ္ဍပ်နှင့် တူညီသောမဏ္ဍပ်ကို ပြုလုပ်စေရန်လွှဲအပ် လိုက်၏။ မဏ္ဍပ်ကြီးပြီးစီးလျှင် မြို့တွင်း၊ မြို့ပြင်၌ သာသနာတော်၏ အုတ်မြစ်ချပွဲကို ကြီးကျယ်စွာစီရင် ကျင်းပလိမ့်မည်။ လူည်းနေလေ့အောင်း မြင်းဖောင်းမကျန် လာရောက်ကြည့်ရှုကြရမည်ဟု စည်လှည့် စေပြီး သာသနာတော်သက္ကရာဇ် (၂၃၈) ခုနှစ်၊ သီတင်းကျွတ်လပြည့်ပဝါရဏာနေ့၊ ထူပါရုံကျောင်းတော် သို့ တူရိယာငါးပါးတို့ဖြင့် တီးမှုတ် စေပြီး ထွက်တော်မူ၏။

ထိုအခါ မဏ္ဍပ်ကြီးထဲတွင် ခြောက်သောင်းရှစ်ထောင်သော ရဟန်းတော်တို့အား လျှောက်ပတ်သောနေရာ၌ ချထားစေပြီး ရှင်မဟိန္ဒမထေရ်မြတ်၏ တောင်းပန်ချက်အရ အဟာအရိဋ္ဌ မထေရ်ကို တရားပလ္လင်၌ နေတော်မူစေပြီး ခြောက်ကျိပ်ရှစ်ယောက်သော မထေရ်တို့ ခြံရံ၍၄င်း၊ မင်းကြီး၏ညီတော်ငယ်ဖြစ်သော မတ္တာဘယမထေရ်သည်လည်း အခြံအရံရဟန်းငါးရာနှင့်တကွ ဝိနည်းနာအံ့သောငှာ၊ မဟာအရိဋ္ဌမထေရ်၏ တရားဟော ပလ္လင်၌ ခြံရံ၍ နေကြကုန်၏။မင်းနှင့်တကွ သော ပရိတ်သတ်တို့သည်၄င်း၊ အတိုင်းတိုင်း အပြည်ပြည်မှလာကြသော ပရိတ်သတ် တို့သည် လည်းကောင်း၊ လျှောက်ပတ်သောနေရာ၌ နေကြကုန်၏။ထိုအခါ မဟာအရိဋ္ဌ မထေရ် မြတ်သည် (တေနခေါပနသမယေနဗုဒ္ဓေါဘဂဝါ ဝေရဥ္စာယံဝိဟာရတိနဠေရုပုစိကမန္ဒာမူလေ) အစရှိသော၊

ဝိနယနိဒါန်းကိုရွတ်သည်ရှိသော်၊ တိမ်တိုက်ကင်းစင်သော ကောင်းကင်ပြင်၌ သည်းထန်စွာသော အသံကိုပြုလျက် နတ်တို့ ကောင်းချီးပေးကြကုန်၏။ ရေအပိုင်းအခြား ရှိသော မြေကြီးသည်လည်း ပြင်းစွာတုန်လှုပ် ကုန်၏။ အံ့ဖွယ်သည်တန်ခိုးတို့သည် ဖြစ်ပေါ်ကုန်လျက် အရှင်မဟိန္ဒမထေရ်အမှူးရှိကုန်သောခြောက်ကျိပ်ရှစ်ယောက်သော ရဟန္တာမထေရ်တို့ဖြင့်၄င်း၊ ခြောက်သောင်းရှစ်ထောင်ကုန်သောရဟန်းတော်အရှင်မြတ်တို့ဖြင့်၄င်း၊ အရိဋ္ဌမထေရ်ကိုခြံရံလျက် သီတင်းကျွတ် လပြည့်ပဝါရဏာပြုသောနေ့ ထူပါရုံကျောင်းတော်၏ အလယ်မဏ္ဍပ်၏အတွင်း၌ ဝိနယပိဋကတော်ကို သင်ကြားတော်မူသည်။ ဝိနယပိဋကကို သင်ကြားပြီး၍ ရှင်မဟိန္ဒထေရ် အမှူးရှိသောခြောက်ကျိပ် ရှစ်ယောက်သော ဂိုဏ်းမထေရ်တို့သည် (ဒေဝါနံပိယတိဿမင်း ကြီးကို ဆုံးမကုန်လျက် ဤသီဟိုဠ်ကျွန်း ၌ မီးပုံကြီးကဲ့သို့ စတုတ္ထသင်္ဂါယနာတင်၍ သာသနာတော်ကို ထွန်းတောက်စေ၏။ဒေဝါနံပိယတိဿ မင်းကြီးလက်ထက်သာသနာ တော်မြတ်ကိုပွင့်လင်းစေသည်ကား

> ရဟန္တာယောကျ်ားတစ်သောင်း ခြောက်ထောင်
> ပုထုဇဉ် ရဟန်းတစ်သိန်း
> ရဟန္တာမ တစ်သောင်းငါးရာ
> ပုထုဇဉ်ထေရီမ ခုနှစ်သောင်းဖြစ်၏။

သာသနာတော်ကို ပြုဖိုပြီးမှ သိရိဓမ္မာသောကမင်းကြီးနှင့်အပြိုင် (၁၉) နှစ်၊ သိရိ ဓမ္မာသောကမင်း နတ်ရွာစံပြီးမှ (၂၁) နှစ်၊ ပေါင်း နန်းစည်းစိမ် (၄၀) စံ၍ သာသနာသက္ကရာဇ် (၂၇၆) ခုနှစ် တွင် နတ်ရွာစံ တော်မူ၏။

## ဝိနည်းဆောင်ရသော မထေရ်များ

ရှင်မဟိန္ဒထေရ်သည် ဇမ္ဗူဒိပ်မှ (၁၂) ဝါရသောအခါ သီဟိုဠ်သို့ကြွသည်။ (၁၄)ဝါမြောက်ဝိနည်းပိဋကကို စတုတ္ထသံဂါယနာ၌တည်စေသည်။ ညီတော် ဥတ္တိယမင်းစည်းစိမ် (၈ )နှစ် ရှိသောအခါ၊ ရှင်မဟိန္ဒသည် သက်တော် (၈၂ )ဝါ၊ ဝါတော် (၆၂) ဝါ၊ သာသနာ သက္ကရာဇ် (၂၈၄) ခု တွင် ပရိနိဗ္ဗာန်ပြုတော်မူသည်။ နှမတော်သံဃာမိတ္တာသည်လည်း သက်တော် (၇၉)၊ ဝါတော် (၅၉) အရ ထိုမင်းလက်ထက်မောင်တော်ပရိနိဗ္ဗာန်ပြု၍ များမကြာမှီတွင် ပရိနိဗ္ဗာန်ပြုတော်မူသည်။

တတိယသင်္ဂါယနာတင်သည်မှအထက်၌ ဤသီဟိုဠ်ကျွန်းသို့ မဟိန္ဒထေရ်၊ ဣဋ္ဋိယထေရ်၊ ဥတ္တိယထေရ်၊ သမ္ဗလထေရ်၊ ဘဒ္ဒသာလထေရ်တို့ဆောင်ခဲ့၍ တပါးသော်အဘို့၌ တပါးကုန်သော မထေရ်တို့၏ တပည့်ဖြစ်ကုန်သော၊ တိဿဒတ္တထေရ်၊ ကာဠသုမနထေရ်၊ ဒီဃသုမနထေရ်တို့သည်၄င်း၊ မဟာအရိဋ္ဌထေရ်တို့နှင့်တကွ ကာဠနာဂထေရ်၊ ဓမ္မပါလိတထေရ်၊ ခေမထေရ်၊ ဒေဝထေရ်၊ သုမနထေရ်၊ စူဠနာဂထေရ်၊ ဓမ္မပါလိတထေရ်၊ ခေမထေရ်၊ ဥပတိဿထေရ်၊ ဖုဿဒေဝထေရ်၊ သုမနထေရ်၊ မဟာပဒုမထေရ်၊

မဟာသိဝထေရ်၊ ဥပါလိထေရ်၊ မဟာနာဂထေရ်၊ အဘယထေရ်၊ တိဿထေရ်၊ သုမနထေရ်၊ စူဠာ ဘယထေရ်၊ တိဿထေရ်၊ စူဠဒေဝထေရ်၊ သိဝထေရ်၊ ဤမထေရ်မြတ်တို့သည်၎င်း၊ ဤ မထေရ်ရဟန္တာသုံးကျိပ်နှစ်ပါးတို့သည် အဆင့်ဆင့် သဒ္ဓိဝိဟာရချည်းဖြစ်၍ အဆက်ဆက် ဝိနည်း၌လိမ္မာကြကုန်လျက် သီဟိုဠ်ကျွန်း၌ သာသနာတော်ကို ထွန်းပစေသည်။

ရဟန်း ယောကျ်ားသား ပရိတ်သတ်ကို သင်ကြား၍ သာသနာတော်ကို ထွန်းပစေ သည်မဟုတ်၊ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကပင် မိန်းမဖြစ်သော မိထွေးတော် ပဇာပတိ၊ ဂေါတမီသည် ရဟန်းပြုချင်ကြောင်းနှင့် အခွင့်တောင်း၍ရလျှင် ရဟန်းပြုသဖြင့် ဆဋ္ဌဘိညမဟိဒ္ဓိတ ဖြစ်၍ မဟာပဇာပတိဂေါတမီထေရီရဟန်း မိန်းမဖြစ်တော်မူသည်။

ထို့နောက် ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီ၊ ပဋာစာရီထေရီ၊ ဓမ္မဒိန္နာထေရီ၊ ဓမ္မပါလိ ထေရီ၊ ဤထေရီရဟန္တာဘိက္ခုနီမတို့သည် ဇမ္ဗူဒိပ်ကျွန်း၌အဆက်ဆက်၊ ဝိနည်း၌လိမ္မာ ကြကုန်၏။ ဤထေရီမတို့၏အဆင့်ဆင့်သိဒ္ဓိဝိဟာရိက၊ အဆက်အနွယ်၊ သံဃာမိတ္တာထေ ရီ၊ ဥတ္တရာထေရီ၊ ဘဂ္ဂိမိတ္တာထေရီ၊ ပေဏ္ဏထေရီ၊ သလာထေရီ၊ ဓမ္မသာသိထေရီ၊ ဤငယ်ကုန်သော ဘိက္ခုနီမတို့သည် ဇမ္ဗူဒိပါမှ သီဟိုဠ်ကျွန်းသို့ကူး၍ အနုရာဓမြို့၌ ဝိနည်းကို သင်၍လိမ္မာကြကုန်သည်။ ဤသို့လျှင် သူတော်ကောင်း တို့၏ အဆက်အနွယ်ဘိက္ခုနီမတို့သည် ဝိနည်းကိုဆောင်၍ ပရိနိဗ္ဗာန်ပြုကြ ကုန်သည်။

ဒေဝါနံပိယတိဿမင်း၏ ညီတော် ဥတ္တိယမင်း၊ မင်းစည်းစိမ် (၁၂)နှစ်တိုင်အောင် သာသနာတော်မြတ်ကို စောင်မကြည့်ရှုတော်မူ၍ သာသနာသက္ကရာဇ် (၂၈၈) နှစ်တွင် နတ်ရွာလားသည်။ ၎င်းနှစ်ညီတော် မဟာသိဝမင်း (၁၀)နှစ်တိုင်အောင် သာသနာပြု၍ သာသနာသက္ကရာဇ် (၂၉၈) နှစ်တွင်နတ်ရွာလားသည်။ ၎င်းနှစ်ညီတော် သူရတိဿမင်း စည်းစိမ် ၁၀ နှစ်တိုင်အောင် သာသနာပြု၍ သာသနာနှစ် (၃၀၈) နှစ် ကျေးကုလားညီနောင် ဖမ်း၍ အနိစ္စရောက်သည်။ ၎င်းနှစ်ကျေးကုလား ညီနောင်အလှည့်အလည် မင်းပြု၍ သာသနာတော် သက္ကရာဇ် (၃၂၀) တွင် သူရိတိဿညီတော်လုပ်ကြံ၍ အနိစ္စရောက်သည်။

၎င်းနှစ်အသေလမင်းပြု၍ (၁၀) နှစ်တိုင်၊ သာသနာတော်ကိုစောင်မပြုန်သည်နှင့် သာသနာတော် (၃၃၀) တွင် ဝဋ္ဋာရကျေးမင်း၊ လုပ်ကြံ၍ ဆန္ဒာဂတိအစရှိသည်မလိုက်ဘဲ ချိန်သဖွယ်ကဲ့သို့ကျင့်လျက် မင်းစည်းစိမ် (၄၄) နှစ်သာသနာတော်သက္ကရာဇ် (၃၇၄) တွင် ဒုဋ္ဌဂါမဏိမင်း လုပ်ကြံ၍ အနိစ္စရောက်သည်။

## ဒုဋ္ဌဂါမဏိမင်း ရဟန်းတော်များကိုစည်းဝေးစေခြင်း

သာသနာသက္ကရာဇ် (၃၇၄) ခုနှစ်တွင် ဒုဋ္ဌဂါမဏိမင်းပြု၍ စည်းစိမ် (၉) နှစ်၊ သာသနာတော်သက္ကရာဇ် (၃၈၀) တွင် မဟာစေတီကိုတည်အံ့သောငှာ၊ အရိယာသံဃာတော်တို့သိတင်းသုံးရန် ကျောင်းမှစ၍ မြို့ပတ်လည်၊ ဆန်းကြယ်စွာ၊ ဆောက်လုပ်ထားပြီးလျှင် ကဆုန်လပြည့်နေ့ ဝိသာခါနက္ခတ် မွန်းတည့်တွင် မြေကိုညီညွတ်စေပြီးလျှင် ဝါဆိုလဆန်း (၁၄)ရက်နေ့ ရဟန်းတော် အပေါင်းတို့ကို စည်းဝေးစေ၍

နက်ဖြန်လပြည့်နေ့ဥပုသ်နေ့. ဥတ္တရာသဠ်နက္ခတ်ဖြင့် မဟာစေတီအုတ်ကိုစီအံ့။ နက်ဖြန်အလုံးစုံသော သံဃာအပေါင်း တို့ကိုစည်းဝေးစေလော့ဟု မိန့်တော်မူ ပြီးလျှင် အမတ်တို့လည်း မြို့ကိုစည်လည်၍နှိုးဆော်သော် လူအများအပေါင်းတို့သည် ဥပုသ်ကိုသုံး၍ ပန်းလက် စွဲလျက် စေတီတည်ရာအရပ်သို့လာကြကုန်သည်။

ဒုဋ္ဌဂါမဏိမင်းကြီးလည်း လေးသောင်းသောအမတ်တို့နှင့် ဥပုသ်သုံး၍ များစွာသောလူအပေါင်း တို့ဖြင့် ခြံရံလျက် မဟာစေတီတည်ရာသို့ကပ်ရောက်သည်။

## ကောင်းကင်ခရီးဖြင့်ကြွလာသော ရဟန္တာများ

မဇ္ဈိမဒေသအရပ်မှစ၍မိမိတို့၏နေရပ်ဒေသမှ လာရောက်ကုန်သော ရဟန်းအပေါင်း တို့တွင် ရာဇဂြိုလ်ပြည်ထက်ဝန်းကျင်မှ ဣန္ဒဂုတ္တမထေရ်သည် ရှစ်သောင်းသော ရဟန်းတို့ကိုယူ၍ ကောင်းကင်ခရီးဖြင့် ကြွလာ၏။

ဗာရာဏသီပြည်၊ ဣသိပတနဝိဟာရမှ တစ်သောင်းနှစ်ထောင်သော ရဟန်းတို့နှင့် ဓမ္မသေနမထေရ်သည် ကောင်းကင်ခရီးဖြင့်ကြွလာ၏။

သာဝတ္ထိပြည်ဇေတဝန်ကျောင်းမှ ခြောက်သောင်းသောရဟန်းတို့နှင့် ပိယဒဿီ မထေရ်သည် ကောင်းကင်ခရီးဖြင့်ကြွလာသည်။

ဝေသာလီပြည် မဟာဝနဝိဟာရမှ တစ်သောင်းရှစ်ထောင်သောရဟန်းတို့နှင့် ဗုဒ္ဓ ရက္ခိတထေရ်

ကောသမ္ဗီပြည်၊ ဃောသိတာရုံကျောင်းမှ သုံးသောင်းသောရဟန်းတို့နှင့် ဓမ္မရက္ခိတထေရ်

ဥဇ္ဇေနီပြည်ဒက္ခိဏာဂိရိမဟာဝိဟာရမှ (၄၀၀၀၀) သောရဟန်းတို့နှင့် မဟာ ဗုဒ္ဓရက္ခိတထေရ်၊

ပါဋလိပုတ်ပြည်၊ အာသောကာကျောင်းမှ တစ်သိန်းခြောက်သောင်းသော ရဟန်းတော်တို့နှင့် မိတ္တိကမထေရ်

ဂန္ဓာရရဋ္ဌတိုင်းမှ တစ်သိန်းရှစ်သောင်းသော ရဟန်းတို့နှင့် အနုတ္တိ အနုတ္တိဏ္ဏမထေရ်

မဟာပလလဝေဘာဂမှ ၄သိန်းခြောက်သောင်းသော ရဟန်းတို့နှင့် မဟာဒေဝထေရ်

ယောနကတိုင်းအလသန္ဒမြို့မှ သုံးသောင်းသောရဟန်းတို့နှင့် ယောနကမဟာဓမ္မ ရိက္ခိတထေရ်

ဝိဥ္ဈာကဝိဋ္ဌ ဝတ္တနီကျောင်းမှ ခြောက်သောင်းသော ရဟန်းတို့နှင့်ဥတ္တရထေရ်

ဗောဓိမဏ္ဍလဝိဟာရမှ သုံးသောင်းသော ရဟန်းတို့နှင့် မိတ္တဂုတ္တထေရ်

ဝနဝါသီဘောဂမှ ရှစ်သောင်းသော ရဟန်းတို့နှင့် စန္ဒဂုတ္တထေရ်

ကေလာသမဟာဝိဟာရမှ (၉၆၀၀၀) သော ရဟန်းတို့နှင့်သူရိယဂုတ္တထေရ်စသည် တို့ဖြစ်ကြသည်။

မှတ်ချက်။ ။ သီဟိုဠ်ကျွန်း၌နေကုန်သော ရဟန်းသံဃာတို့ကား သံဃာအစည်းအဝေး ကြွလာသော ရဟန္တာတို့သည်ကားကိုးကုဋေရှိသည်ဟုမှတ်လေ။

ထိုရဟန်းသံဃာအပေါင်းတို့သည် မင်းကိုအလည်ထား၍ အချင်းချင်းမထိနိုက်စေမူ ၍ စည်းဝေးတော်မူကြကုန်၏။ ဗုဒ္ဓရက္ခိတထေရ်သည် တပည့်ရဟန္တာငါးရာနှင့် အရှေ့ဘက်ကနေတော် မူသည်။

ဓမ္မရက္ခိတထေရ် သံဃရက္ခိတထေရ် အာနန္ဒာထေရ်တို့သည်မိမိနှင့်အမည်တူကုန် သော ရဟန္တာ (၅၀၀) တို့ကိုယူ၍ တောင်မြောက်အနောက်နံပါး၌ နေတော်မူသည်။ ပိယဒဿီ မထေရ်သည် များစွာသော ရဟန္တာတို့ကိုအခြံရံပြု၍ တနင်္ဂနွေထောင့်မှ နေတော်မူသည်။

သိဒ္ဓတ္ထမထေရ်သည်ကား -

မင်္ဂလ၊ သုမဏ၊ ပဒုမ၊ သီဝလိ၊ စန္ဒဂုတ္တ၊ ဣန္ဒဂုတ္တ၊ သူရိယဂုတ္တ၊ သာဂရမိတ္တသေန ဇယသေန၊ အစလ -က ဤတစ်ကျိပ်တပါးသောမထေရ်တို့ခြံရံလျက် အရှေ့မျက်နှာသို့ ရှေ့ရှု နေတော်မူသည်။

## ဤသည်လျှင် သံဃာအစည်းအဝေးပွဲအခါကြီးပြီး၏။

## ဒုဋ္ဌဂါမဏီမင်းစေတီတော်တည်ခြင်း

ထိုအခါ ဒုဋ္ဌဂါမဏီမင်းကြီးသည် ထိုသို့စည်းဝေး၍နေကြကုန်သော ရဟန်းသံဃာ အပေါင်းတို့ကိုမြင်၍ လွန်စွာကြည်ညိုသဖြင့် လကျာ်ရစ်လှည့်၍ ရှိခိုးတော်မူ၏။

သိဒ္ဓတ္ထမထေရ်ကား "ဤမင်းကြီးသည် ကြီးစွာသောစေတီကိုတည်မည်ကြံသည်၊ စေတီတည်၍မပြီးခင် မင်းကြီးသေခဲ့သော် နောင်သောအခါအကျိုးမဲ့ဖြစ်လတ္တံ့" ဟုမြင်တော်မူလျှင် ဒုဋ္ဌဂါမဏီမင်းကြီးလည်း ဤမထေရ်သည်ပညာရှိလှပေသည်။ နှလုံးသွင်းသဖြင့် "အရှင်ဘုရားပမာဏကို မိန့်တော်မူပါလော့" ဟုဆိုလျှင် သိဒ္ဓတ္ထမထေရ်သည် "ငါ၏ သွားရာ အရပ်အရေးမှ စေတီအလုံးကို ပြုလော့" ဟုဆိုပေသော် ဒုဋ္ဌဂါမဏီမင်းကြီးလည်း သိဒ္ဓတ္ထမထေရ် ၏စကားကိုလိုက်နာတော်မူသည်။ ဤစေတီကို တည်သည်ကာလလူအပေါင်းတို့သည်လေးသောင်းသုံးထောင် ရဟန္တာဖြစ်လေသည်။ လေးသောင်းသော လူတို့မှာ သောတာပန်၊ သကဒါဂါမ်တည်ကြကုန်သည်။ ဤသို့မရေတွက်နိုင်သော ရဟန်း၊ မိန်းမ ရဟန်းယောက်ျား၊ သံဃာတော်အပေါင်းတို့ကို အလှူကြီးကိုပေး၍ စေတီမပြီးမီ၊ ပြင်းပြစွာ သောဝေဒနာ ရှိသောအခါ မဟာစေတီဘုရား ရင်ပြင်တော်သို့ပါ ဟုဆိုသဖြင့် ထမ်းစင်ဖြင့် ဆောင်၍ စေတီကိုလက်ယာရစ်ပြု၍ တောင်တံခါး၌ နေရာကိုခင်း၍ ထိုအိပ်ရာ၌လက်ျာနံပါးဖြင့် လျောင်းလက်စေတီကို ရှုသည်ရှိသော် အလွန်ကြည်ညိုသောစိတ်ဖြင့် ပူဇော်သက္ကာရပြုသည်။

ထိုအခါ ဒုဋ္ဌဂါမဏီမင်းကြီးသည် သာသနာတော်၏ကျေးဇူးရှိသောအဖြစ်ကို ရည်မှတ်၍ နာသောအခြင်းရာကိုမေးအံ့သောငှာ၊ ထိုထိုသို့သောအရပ်မှလာကုန်သော (၉)ကုဋေသော ရဟန်း တို့သည် မင်းကိုခြံရံ၍ နေကြကုန်လျက်၊ အစုစုသောသံဃာကိုပြု၍ အပေါင်းသရဇ္ဈာယ်ခြင်းကို ပြုကြကုန်သည်။

မင်းကြီးလည်း "ထိုအစည်းအဝေး၌ ဧငှာရကျေး မင်းကိုသတ်၍ အောင်ပြီးသောအခါ၌ ဆုလာဘ်ပေး၍မယူဘဲ ရဟန်းအဖြစ်ကိုသာခွင့်ပန်၍ ရဟန်းပြုသော ထေရပုတ္တအဘယထေရ်ကို မမြင်ဟုဆိုတည့်သော ခဏ၌ အကြံကိုသိတော်မူသော၊ ထေရပုတ္တ အဘယမထေရ်သည် ရဟန္တာငါးရာ ခြံရံလျက် ကောင်းကင်ဖြင့်လာ၍ မင်းကြီး၏ရှေ့တော်၌ ထင်ရှားပြ၍နေ၏။ ယင်းသို့မြင်စဉ် ဒုဋ္ဌဂါမဏီ မင်းကြီးသည် အရှင်ဘုရား တစ်ကျိပ်သောသူရဲကောင်းနှင့်ယှဉ်၍ ကျေးမင်းအပေါင်းကိုစစ်ထိုး၍ အောင်မြင်ပြီးစီးပါသည်။ ယခုမှာမူကား အကျွန်ုပ်တစ်ယောက်တည်းသေမင်းနှင့် စစ်ထိုးအံ့သောငှာ အားထုတ်ပါသော်လည်း မတတ်နိုင်ဟု လျှောက်လျှင် မင်းကြီးမကြောက်လင့် ကိလေသာတည်းဟူသော ရန်သူတို့ကို မအောင်မြင်သမျှ သေမင်းရန်သူတို့ကို မအောင်မြင်နိုင်၊သေခြင်းတရားသည် အရိယာစသော သူတို့ကို နှိပ်စက်နိုင် ပလေသည်ဟုများစွာသော တရားစကားတို့ဖြင့် ဟောပြောဆုံးမလျှင် တရားသံဝေဂရသဖြင့် သက်သာခြင်းသို့ရောက်၍ စည်းစိမ် (၂၄) နှစ် သာသနာသက္ကရာဇ် (၃၉၈) နှစ်တွင် အနိစ္စရောက်သည်။

ထိုမှပြန်ခဲ့သော မထေရ်အပေါင်းတို့သည် ဘုရားသခင်သာသနာတော်ကို စောင်မလျက် ဆရာဆက်ဆက်ပရိတ်သတ်တို့ကို သင်ကြားဆောင်ရွက်ကြသည်ဖြစ်၍ မကွဲမပြား ဝိဘဇ္ဇဝါဒ၊ ဝိနေယဓရ ပဝေဏီပါလကဖြစ်ကြကုန်သည်။

## ဒုဋ္ဌဂါမဏီမင်းဆက်နှင့် ကျေးမင်းများ

သာသနာသက္ကရာဇ် (၃၉၈) နှစ်တွင် ညီတော်သဒ္ဓါတိဿမင်းပြုသည်၊ ၎င်းတိဿ မထေရ်သည်လောဟပါသာဒပြာသာဒ်၌ ရဟန်းသံဃာသုံးထောင်တို့အား ဝိနည်းပိဋကတ်ကို ပို့ချသင်ကြား၍ ဆောင်ရွက်စေသည်။ ထိုမင်းသာသနာတော်ကို စောင်မကြည့်ရှု၍စည်းစိမ် (၁၈)နှစ် သာသနာတော် (၄၁၆) နှစ်တွင် အနိစ္စရောက်သည်။

၎င်းနှစ်သားတော်ကြီးလဥ္ဇတိဿသည် ဒီဃဝါပီအရပ်မှာရှိခိုက်၊ ညီတော်အငယ် ဆုံး ထူဠနမင်းသားကို ပြည်သူတို့နှင့်တကွ သခင်အရိယာတို့စိတ်ညီသဖြင့် အရက်နှစ်ဆယ် မင်းပြုသည်ကို နောင်တော်လဥ္ဇတိဿမင်းသားလုပ်ကြံ၍ မင်းပြုသည်။ မင်းဖြစ်လျှင် သခင်တို့ မတရားငါ့အကိုကြီး ရှိလျက်သင့်တို့ညီ၍ မင်းမြှောက်လေသည်။ သင်တို့ကျင့်နည်းကိုလိုက်၍ ကျောင်းကြီးကျောင်းငယ် ဆောက်ပြီးလျှင် သခင်အကြီးကိုကျောင်းငယ်၊ အငယ်ကို ကျောင်းကြီးအလှူပေးတိုင်းလည်း အငယ်ကို သာလျှင်လှူသည်။ အကြီးကိုနောက် လှူသည် ဤသို့စီရင်၍ လှူသည်ကားသုံးနှစ်ရှိသည်။ နောက်အစဉ် လိုက်လှူသည်။ စည်းစိမ် (၉)နှစ်၊ သာသနာတော် (၄၂၅)နှစ်တွင်အနိစ္စရောက်သည်။

၎င်းညီတော် ခလာဋနာဂမင်းပြုတော်မူသည်။ မဟာစေတီအရှေ့၌ ပရိဏ္ဍဝါသီ သမုတ်၍ ကျောင်းဆောက်၍လှူသည်။ စည်းစိမ် (၆)နှစ်၊ သာသနာတော်နှစ် (၄၃၁)တွင် ကမ္ဗုဟာရဇ္ဇအမတ် လုပ်ကြံ၍ တလမင်းပြုသည်။

ထိုအမတ်ကိုညီတော် ဝဋ္ဋဂါမဏိမင်းလုပ်ကြံ၍ ငါးလရှိသောအခါ ကျေးကုလား ၃ ယောက်တို့နှင့်စစ်ပြိုင်သဖြင့် ဝဋ္ဋဂါမဏိမင်းရှုံး၍ ဝနတိဿအရပ်၌ ပုန်းကွယ်ရှောင်ရှား၍ (၁၄) နှစ် နေရလေသည်။ ထိုနှစ်တွင် ကျေးကုလား ၃ ယောက်တို့တွင်စူဠပဟတ္တကျေးမင်း (၃) နှစ်၊ သာသနာတော် (၄၃၄) နှစ်တွင်လုပ်ကြံ၍ အနိစ္စရောက်သည်။

၎င်းနှစ်မာရိကျေးမင်း မင်းပြုသည်။ စည်းစိမ် (၂) နှစ်၊ သာသနာတော် (၄၃၆) နှစ်တွင် မလယကျေးအမတ်လုပ်ကြံ၍ အနိစ္စရောက်သည်။

၎င်းမလယကျေးမင်း မင်းပြု၍ စည်းစိမ် (၇) နှစ်ရှိသောအခါ သာသနာတော် (၄၄၃)တွင် ဒါဌိယကျေးအမတ်လုပ်ကြံ၍ အနိစ္စရောက်သည်။

## ဝဋ္ဋဂါမဏိမင်း စတုတ္ထသင်္ဂါယနာတင်ခြင်း

၎င်းနှစ် ဒါဌိယကျေးမင်း မင်းပြု၍ (၂) နှစ်ရှိသောအခါ သာသနာတော် (၄၄၅) တွင် မဟာဝိဟာရဝါသီကျောင်း၌ မဟာတိဿထေရ်သည် ဗဟုသုတနှင့်ပြည့်စုံသည်ဖြစ်၍ ဘုရား ပညတ်တော်နှင့် မတော်မလျှော်ကုလသံသဂ္ဂ၊ ကုလသံသဋ္ဌဖြစ်၍ မဟာဝိဟာရဝါသီ အရှင်ကောင်းတို့ ရွံရှာစက်ဆုတ်သဖြင့် နှင်ထုတ်လိုက်လေသော် ထိုမဟာထိဿမထေရ်သည် မာဝိဟာရဝါသီဂိုဏ်းမှခွဲ၍ ကျေးစွန်ဝနတိဿအရပ်၌ သီတင်းသုံးနေရာတွင် ဝဋ္ဋဂါမဏိမင်းသည်လည်း အမတ် (၅)ယောက်နှင့် မညီမညွတ်ရှိကြလေသည်ကို ဆုံးမပဲ့ပြင်လျှင် ဆုံးမကိုနာခံ ကြသဖြင့် ညီညွတ်ကြသော် ဒါဌိယကျေးမင်း ပြု၍ (၂) နှစ်ရှိသော အခါ သာသနာတော် (၄၄၅) နှစ် တွင် ဒါဌိယကျေးမင်းကိုစစ်ပြု၍ အောင်ပြန်လျှင် မင်းအဖြစ်သို့ ရောက်လေသတည်း။

မင်းပြုစည်းစိမ် (၅) နှစ်၊ သာသနာတော် (၄၅၀) ပြည့်တိုင်အောင်ပုထုဇဉ်၊ ရဟန္တာအရှင်မြတ်တို့သည် ပိဋကတ်သုံးပုံကိုပေ၌ မရေးသားပါ။ နှုတ်ငုံဆောင်တော်မူကြသည်။ သာသနာတော် (၄၅၀) ပြီးသည့်နောက် နှုတ်အာဂုံမဆောင်ရွက်နိုင်မည်ကို ရဟန္တာအရှင်မြတ်တို့ မြင်တော်မူ၍ မြတ်စွာဘုရားနှုတ်တော်နက်ပိဋကတ်သုံးပုံကို အရှည်တည်စိမ့်သော ငှာ၊ ရဟန္တာအရှင်မြတ်တို့သည် ပေ၌ရေးတော်မူခဲ့ကုန်အံ့ဟု မလယရွာ၌ အာလောကလိုဏ် ဂူတွင်နေတော်မူလျက် မလယဇနပုဒ်ကို အစိုးရသောမင်းသည် သုဓမ္မဇရပ်သဘင်ကဲ့သို့ ပြုအပ်သော တန်ဆောင်းမဏ္ဍပ်၌ ပစ္စည်းဖြင့်ချီးမြှင့်ခြင်း ရှိသည်ဖြစ်၍ တစ်ပါးသောမဟာသံဃိကအစွယ်စသော နိကာယ်အယူတို့နှင့် မရောစိမ့်သောငှာ၊ အဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံကို ရေးထားတော်မူခဲ့ကုန်သည်။ ဤရေးထားခြင်းကိုရည်၍ ပေထက်အက္ခ ရာတင်သဖြင့်၊ ပေါင်းညှိခြင်းသည် စတုတ္ထသာသနာဟူ၍ ဆိုကြကုန်သည်။

ဘုရားသခင် ပရိနိဗ္ဗာန်လွန်သည်မှ သာသနာတော် (၂၃၆) နှစ်တွင် ပါဋလိပုတ်ပြည် ဓမ္မာသောကမင်းလက်ထက်၊ သားတော်ရှင်မဟိန္ဒထေရ်သီဟိုဠ်ကျွန်းသို့ကူး၍ သာသနာတော် တည်စေသည် ထိုအခါဒေဝါနံပိယတိဿမင်းသည် မထေရ်ကြည်ညိုသည်ဖြစ်၍ မဟာဝိဟာရ ကျောင်းကို ဆောက်လှူသည်။

မဟာဝိဟာရကျောင်းဆောက်လှူသည့်နေ့မှ စ၍ (၂၁၈)နှစ်ပါတ်လုံး၊ သာသနာတော် သန့်ရှင်းစင်ကြယ်စွာ၊ မဟာဝိဟာရဝါသီဂိုဏ်း တစ်ခုတည်းသာရှိသည်။

ဤသည်လျှင် စတုတ္ထသင်္ဂါယနာစကား အမြွက်ပြောဟောချက်ပြီးပါပြီ ရှေ့ဆက်ပြီး ဝဋ္ဋဂါမဏိ မင်းလက်ထက်သံဃာဂိုဏ်းကွဲကြပုံ အမြွက်မှဟောကြားပါအုံးမည်။

<u>ဝဋ္ဋဂါမဏိမင်းကြီး</u>သည် သာသနာ (၄၅၄) ခုနှစ်တွင် အဘယဂိရိကျောင်းတော်ဆောက်လုပ်ပြီး ငယ်ဆရာဖြစ်သော မဟာတိဿမထေရ်အား တင်လှူလေသည်။ ထိုမထေရ်သည် မဟာဝိဟာရဝါသီ ဂိုဏ်းကိုခွဲ၍ သံဃာကံပြုသည်မှစပြီး သီဟိုဠ်၌မဟာဝိဟာရဝါသီဂိုဏ်းဟု ဂိုဏ်းနှစ်ဂိုဏ်း ဖြစ်ပေါ်လာပါသည်။ ဝဋ္ဋဂါမဏိမင်းစည်းစိမ် (၁၂) နှစ် သာသနာ (၄၅၈) ခုနှစ်တွင် အနိစ္စရောက်လေသည်။ ၎င်းနှစ်ညီတော် <u>စူဠတိဿနန်းတက်ခြင်း</u> ရဟန်းသံဃာတော်များ ပစ္စည်းလေးပါးမညိုး ရအောင်ထောက်ပံ့၍သာသနာပြုတော် မူ၏။ ထိုမင်းလက်ထက် ရဟန္တာနှင့် ပုထုဇဉ်သံဃာ နှစ်မျိုးတွင် ရဟန္တာကားများ၏။ စည်းစိမ် (၁၄) နှစ် သာသနာတော် (၄၇၂) ခုနှစ်တွင် အနိစ္စရောက်လေ၏။

၎င်းနှစ်ဝဋ္ဋဂါမဏိမင်း၏သား <u>စောရနာဂမင်းနန်းတက်၏</u> စောရနာဂသည် ဘထွေးတော်လက်ထက် (၁၄) နှစ်တိုင်တိုင် ခိုးဆိုးထကြွသောင်းကျန်းနေ၏။ သူမင်းဖြစ်လာသော အခါခိုးဆိုးနေစဉ် သူတို့လက်မခံကြသော ဘုန်းကြီးကျောင်းတိုက်များကို ဖျက်ဆီးပြစ်လေသည်။ ရဟန်းတော်များကိုလည်း သတ်ပုတ်ညှင်းဆဲသဖြင့် ကျောင်းတိုက်ကြီး (၁၈) တိုက် ဖျက်ဆီးပစ်၏။ စောရနာဂမင်းလက်ထက် (၁၂) နှစ်လုံး ငတ်မွတ်ရှားပါးနေသောကြောင့် လင်နှင့်မယားပင် မကြည်ဖြူကြ လူဆိုးလူမိုက်တို့သည် အရိယာအရှင်တို့၏ ဝမ်းကိုဖေါက် ခွဲ၍ ထမင်းကိုရှာဆေး၍ စားကြ၏။ သံဃာများကိုလည်း မင်းမှုထမ်းများက အလွန်ညှင်း ဆဲကြ၏။ ရဟန္တာအရှင်မြတ်တို့သည် ထိုအခြင်းအရာများကို သိကြားထံသွားပြောကြား၍ အကူအညီတောင်းကြသောအခါ သိကြားမင်းက အရှင်မြတ်တို့ဘုရား ဒီသူခိုးမင်းက ဘုန်းကံကြီးမားပါ၍ တပည့်တော်တို့ မတတ်နိုင်ကြပါ။ သို့ပါသော်လည်း အရှင်မြတ်တို့အား လွတ်အောင်ဇမ္ဗူဒိပ်သို့ လှေဘောင်ဖြင့်ပို့ပေး ပါမည်ဘုရားဟု လျှောက်ပြီး ဝိသကြုံကိုဖေါင် အစီအမံခိုင်း၍ သံဃာတော်များ ဇမ္ဗူထိပ်သို့ ပို့ပေးလေသည်။ တောတောင် ပုန်းအောင်း၍ ကျန်ရစ်သော သံဃာတော်များမှာ ပိဋကတ်များ မကွယ်ပအောင် နှုတ်ဖြင့် မရွတ်နိုင် သော်လည်း စိတ်ဖြင့်သာဆင်ခြင်ကြရ၏။ ထိုမင်းဆိုးစည်းစိမ် (၁၂) နှစ်၊ သာသနာတော် (၄၈၄) ခုနှစ် တွင် အနုဠာဒေဝီက အဆိတ်ခတ်၍သေလေ၏။

အနုဠာဒေဝီသည် စူဠတိဿမင်း၏သား ရာဇတိဿမင်းသားကိုနန်းတင်၏ (၃) နှစ် အရောက်တွင် အနုဠာဒေဝီအဆိပ်ခတ်၍သေပြန်၏။ တံခါးမှူးသိဝလုလင်ကိုနန်းတင်၍ လင်ပြုပြန်၏။ နန်းစံတစ်နှစ်အရတွင် အနုဠာဒေဝီအဆိပ်ခပ်၍သေပြန်၏။ ထို့နောက် တစည်းသမားကိုနန်းတင်၍ လင်ပြုပြန်၏။ စည်းစိမ်တစ်နှစ် အနုဠာဒေဝီအဆိပ်ခပ်၍သေပြန်၏။ ထို့နောက် ထင်းထမ်းသမား ဒါရုဘာတိကကို နန်းတင်ပြန်၏။ စည်းစိမ်တစ်နှစ် အရ အနုဠာဒေဝီက အဆိပ်ခပ်၍သေပြန်၏။ ထို့နောက် နိုလိယပုရောဟိတ်ကို နန်းတင်ပြန် ၏။ စည်းစိမ် (၆) လ အနုဠာဒေဝီက အဆိပ်ခပ်၍ သေပြန်၏။ ထို့ပြင် ဆင်မှူးကြီး ၃၂

ယောက်တို့နှင့် အလှည့်ကျလင်ပြု၍ အနံ့ငွါဒေဝီသည် စံစားနေ၏။ (၆) လမျှကြာညောင်း သောအခါ အနံ့ငွါဒေဝီ၏ တူဖြစ်သော ကုရုကဏ္ဍတိဿ မင်းသားသည် ယုတ်မာ၍လင်များသော အနံ့ငွါဒေဝီကို လုပ်ကြံ၍ မင်းပြု၏။

သာသနာနှစ် (၅၀၀) ပြည့်တွင် ကုရုကဏ္ဍတိဿနန်းတက်၍ စောရနာဂမင်းမှစ၍ (၇) ဆက်တိုင်တိုင်သာသနာတော်ညှိုးနွမ်းနေသည်ကိုပြန်လည်၍ သာသနာပြုတော်မူ၏ ပျက်စီးနေသော ကျောင်းတိုက်ကြီးများပြင်ပြီး သံဃာတော်များပင့်၍ ကိုးကွယ်တော်မူ၏။ ဇမ္ဗူဒိပ်သို့ကူးသွားကြသော သံဃာတော်များသည် ပြန်ကြွလာတော်မူကြ၏။ ဆင်းရဲနွမ်းပါးစွာ ကျန်ရစ်ခဲ့ကြသော သံဃာတော်များက ဇမ္ဗူဒိပ်မှကူးလာကြသော သံဃာများထံ ပိဋကတ်ခြင်း နှီးနှောကြသောအခါ အက္ခရာတစ်လုံးမျှမချွတ်ယွင်းသည်ကို သိရသဖြင့် လွန်မင်းစွာကျေနပ်ကြ၏။ မင်းကလည်းအထူးချီးမြှောက်တော်မူ၏။

သာသနာ (၅၂၂) နှစ်တွင် ကုရုကဏ္ဍတိဿမင်း အနိစ္စရောက်၏။ သားတော် ဘာတိကာဘယ နန်းတက်၏။ ထိုမင်းကား သာသနာတော်ကိုချီးမြှောက်လို၍ မဟာဝိဟာရ ကျောင်း၌ နေတော်မူကြသော ရဟန္တာမထေရ်ကြီးလေးပါးတို့တွင် အဘိဓမ္မာဂေါဒတ္တမထေရ် ကြီးကို ဓမ္မသေနာပတိအရာထား၍ သာသနာတွင်ပေါ်ပေါက်လာသော အဓိကရိုဏ်းများကို တရားနှင့်အညီ ဆုံးဖြတ်၍ ငြိမ်စေရ၏။ သာသနာတော် စည်ပင်ပြန့်ပွား၏။

ဘာတိကာဘယမင်းသည် သာသနာ (၅၅၀) တွင် အနိစ္စရောက်လေ၏။

ညီတော် မဟာနာဂနန်းတက်၏။ ထိုမင်းသည်သာသနာတော်ကိုကြည်ညိုတော်မူ လှ၍ကိုယ်တော်မိဖုရား သားသမီးဆင်မြင်းကျွဲနွားပါးတို့ကို အရှင်မြတ်တို့အားလှူဒါန်းပြီးမှ ရွှေခြောက်သောင်း၊ ငွေတစ်သောင်းထိုက်သော ပရိက္ခရာရှစ်ပါးအရေအတွက်ဖြင့် ရွေးတော် မူ၍လှူပြန်သည်။ သားတော်သမီးတော် တို့ကိုလည်း လက်ယာတော်ရံ၊ လက်ဝဲတော်မထေရ်တို့၏ အမည်တော်ကိုမှည့်တော်မူ၏။ စည်းစိမ် (၁၂)နှစ်သာသနာ (၅၆၂) ခုနှစ်တွင် အနိစ္စရောက်၏။ ၎င်းနှစ်သားတော်အာမဏ္ဍဂါမဏိနန်းတက်၏။ အထူးကား သက်ရှိသတ္တဝါ ဟူသမျှမသတ်ရဟု အမိန့်ထုတ်တားမြစ်၏။ စည်းစိမ် (၉) နှစ်သာသနာ (၅၇၁) တွင် အနိစ္စ ရောက်သည်။

၎င်းနှစ်ညီတော် ကဏိကတိဿနန်းတက်၏။ ထိုမင်းကား စေတီယပဗ္ဗတသိမ်စသည့် သာသနာအဆောက်အဦးများဖျက်ဆီး၏။ သီလမရှိသည်ဖြစ်၍ စည်းစိမ် (၃)နှစ် သာသနာ (၅၇၄) နှစ်တွင် အနိစ္စရောက်၏။

၎င်းနှစ် စူဠါဘယနန်းတက်၏။ သာသနာကိုလျစ်လျူရှုထား၏။ စည်းစိမ်နှစ်အရ အနိစ္စရောက်၏။ ၎င်းနှစ်မိဖုရားသီလဝမင်းသမီးမင်းပြု၏။ စည်းစိမ်လေးလရှိလျှင်တူဖြစ် သောဘန္ဓနာဂ မင်းသားသည် မိထွေးကိုပယ်၍နန်းတက်၏။ ၎င်းနှစ်ပင် လမ္ဗကဏ္ဍကျေး ကုလားတို့ ဖမ်း၍အကျဉ်း ထားစဉ်ထွက်ပြေး၍ မလာဇနပုဒ်သို့ (၃)နှစ်ခိုအောင်းပြီး အင်အားစုနေ၏။ ထိုအရပ်၌သီတင်းသုံး နေသော မဟာဒုမထေရ်ထံဆည်းကပ်၍ တရားနာ၏။ မထေရ်လည်း မဟာကပ္ပိနသုတ္တန်ကို ဟောတော် မူ၏။

ထိုသုတ်ကိုနာပြီးသောနေ့၌ ရဲမက်အပေါင်းဖြင့် တပ်တော်ချီတက်၍ လမ္ဗကဏ္ဏကျေးကုလား တို့နှင့်တိုက်၏။ အောင်မြင်တော်မူ၍ သာသနာ (၅၇၈)နှစ်တွင် နန်းတက်၏။ သာသနာတော်ကိုပြုစုတော် မူ၏။ စည်းစိမ် (၆) နှစ် သာသနာ (၅၈၄) နှစ်တွင် အနိစ္စရောက်၏။ ၎င်းနှစ်သားတော် စန္ဒဂုတ္တ နန်းတက်၏။ သာသနာတော်ကို စောင်မပြုစုတော်မူ၏။ စည်းစိမ် (၈) နှစ် သာသနာ (၅၉၂) နှစ်တွင်အနိစ္စ ရောက်၏။

၎င်းနှစ်ညီတော်ယသလာလကတိဿနန်းတက်၏။ အကျင့်ပျက်မင်းဖြစ်၍ စည်းစိမ် (၆)နှစ် သာသနာ (၅၉၈)နှစ်တွင်အမတ်တို့လုပ်ကြံ၍ အနိစ္စရောက်၏။

တံခါးမှူးသုဘမင်းဖြစ်၏။ သုဘလက်ထက် (ဝသဘ)မင်းဖြစ်လတံ့ဟု တပေါင်ပေါ်၍ ဝသဘအမည်ရှိသူများကိုသတ်လေ၏။ ဝသဘလုလင်ကိုစစ်သူကြီးကတော်ကအကြံဉာဏ်ပေးပြီး ထွက်ပြေးတိမ်းရှောင်ခိုင်းလိုက်၏။ အင်အားပြည့်စုံလျှင် စစ်ချီလာ၍ သုဘမင်းနှင့်စစ်ပြိုင်လျှင် နိုင်၍သာသနာ (၆၀၄) နှစ်တွင် ဝသဘမင်းနန်းတက်၏။ နန်းတက်သောအခါ ပုဏ္ဏားတို့ကကိုယ်တော် (၁၂)နှစ်သာ စံရမည်ဟုဟောသောကြောင့် အသက်ရှည်ကြောင်း တရားကို ရဟန္တာများကိုမေးလျှောက် ရာတွင် ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလများကို စောင့်သုံးခြင်း ပျက်စီးယိုယွင်းနေသော ဘုရားစေတီကျောင်းကန်များကို ပြုပြင်ခြင်းတို့ကို ပြုလျှင် အသက်ရှည်ရာ ရှည်ကြောင်းတရားဖြစ်၏ ဟုဟောတော်မူသဖြင့် ထိုတရားအတိုင်း လိုက်နာကျင့်သုံးပြီး ဘုရားပျက် ကျောင်းပျက်များပြုပြင်၍ သာသနာတော်ကို စောင်မ ပြုစုတော်မူ၏။ စည်းစိမ် (၄၄) နှစ် သာသနာ (၆၄၈) နှစ်တွင် အနိစ္စရောက်သည်။

ထိုနှစ်သားတော် ဝင်္ကနာသိကတိဿနန်းတက်၏။ စည်းစိမ် (၃) နှစ် သာသနာ (၆၅၁) တွင် အနိစ္စရောက်၏။ ၎င်းနှစ်သားတော်ဗဟုကမန နန်းတက်၏။ သာသနာပြုမင်းဖြစ်၏။ စည်းစိမ် (၁၂) နှစ် သာသနာ (၆၆၃) ခုနှစ်တွင် အနိစ္စရောက်၏။

၎င်းနှစ်ယောက္ခမဟာလကနန်းတက်၏။ ကာမဂုဏ်ကိုလိုက်စား၏။ အကျင့်ပျက်၏။ စည်းစိမ် (၆) နှစ် သာသနာ (၆၆၉) ခုနှစ်တွင် အနိစ္စရောက်၏။

၎င်းနှစ်သားတော် ဘာတိကတိဿနန်းတက်၏။ ထိုမင်းသည် ဥဘတောသံဃာကို များစွာအလှူကြီးပေးတော်မူ၏။ စည်းစိမ် (၂၄) နှစ် သာသနာ (၆၃၃) ခုနှစ်တွင် အနိစ္စရောက်၏။

၎င်းနှစ် ညီတော် တိဿနန်းတက်၏။ ထိုမင်းလက်ထက်ပျက်စီးယိုယွင်းသမျှ ကျောင်းကန် ဘုရားစေတီများပြင်တော်မူ၏။ စည်းစိမ် (၁၈) နှစ် သာသနာ (၇၁၁) ခုနှစ်တွင် အနိစ္စ ရောက်၏။

၎င်းနှစ် သားတော် ဥဒ္ဒနာဂနန်းတက်၏။ သံဃာတော် ၅၀၀ တို့ကိုနေ့စဉ်ဆွမ်း ကျွေးတော်မူ၏။ စည်းစိမ် (၂) နှစ် သာသနာ (၇၁၃) ခုနှစ်တွင် အနိစ္စရောက်၏။

၎င်းနှစ် သိရိနာဂနန်းတက်၏။ သာသနာတော်ကိုစောင်မလျှက်ပြုစု၏။ စည်းစိမ် (၁၈)နှစ် သာသနာ (၇၃၂) ခုနှစ်တွင် အနိစ္စရောက်၏။

၎င်းနှစ်သားတော် ဝေါဟာရတိဿနန်းတက်၏။ ထိုမင်းလက်ထက်ကျောင်းတော်ကြီးရှစ်ကျောင်းဆောက်လုပ်လှူဒါန်းတော်မူ၏။ ကပ္ပကဂါမဝါသီ၌ သီတင်းသုံးသော ဒေဝတ္တထေရ်၏တရားကို

နာရ၍ (၅)နှစ်တိုင်တိုင် အလှူကြီးပေးလှူ၏။ အနဂ်ဂါမဥ္ဍ သီတင်း သုံးသောမဟာတိဿ ရဟန္တာကြီးအား ကြည်ညိုဆည်းကပ်ပြီး ဆွမ်းဆေးသက်နှမလိုရအောင်နေ့စဉ်အလှူဝတ် ပြုတော်မူ၏။ စည်းစိမ် (၁၂) နှစ် သာသနာ (၃၄၄) ခုနှစ်တွင် အနိစ္စ ရောက်၏။

## သာသနာအညစ်အကြေးသုတ်သင်ခြင်း

ငင်းနှစ်ညီတော်အဘယနန်းတက်၏။ ဒေဝတ္တထေရ်၏တရားနာရ၍တိုက်ကြီး (၅) တိုက်ကိုပေးလှူဒါန်း၏။ သာသနာတော်ကိုလည်း အထူးအားဖြင့်ကြည်ညို၍ ပစ္စည်းလေး ပါးဖြင့် ထောက်ပံ့၏။ ဝဋ္ဋဂါမဏိမင်းလက်ထက်က အဘယဂိရိကျောင်းဆောက်ပြီး အဓမ္မ ဝါဒီမဟာတိဿ ထေရ်အားတင်လှူသည်မှ (၂၉၀) တိုင်ပွားများ၍ အဘယမင်းလက်ထက် သာသနာတော်ကို ဖျက်ဆီးသော ရဟန်းတို့ကို ကပီလာအမတ်အား နှိမ်နင်းရန်စေသည်။ အမတ်သည် ပါပရဟန်းတို့ကိုခြေလက်စသော ကိုယ်အင်္ဂါတို့ကို ဖြတ်တောက်စီရင်၍ သာသနာ ထွန်းလင်းစေ၏။ အဘယမင်းစည်းစိမ် (၈)နှစ် သာသနာ (၃၅၂) ခုနှစ်တွင် အနိစ္စရောက်၏။

ငင်းနှစ် အဘယမင်း၏နောင်တော်သား သီရိနာဂတနန်းတက်၏။ ရဟန်းသံဃာ (၄၀၀၀) တို့အားနေ့စဉ်ဆွမ်းကြွေးလှူဒါန်း၏။ မဟာဒေဝရဟန္တာမြွက်ဟောကြားသော (အနွက) သုတ်ကို နာရသဖြင့် စတုမဓုနှင့်ရာဂုနေ့စဉ်လှူဝတ်ထား၏။ စည်းစိမ် (၂) နှစ် သာသနာ (၃၅၄) ခုနှစ်တွင် အနိစ္စ ရောက်၏။

ငင်းနှစ် သားတော် ဝိဇယနန်းတက်၏။ စည်းစိမ် (၂) နှစ်ရှိလျှင် အမတ် သင်္ဃတိဿ လုပ်ကြံ၍ အနိစ္စရောက်၏။

ငင်းအမတ်သင်္ဃတိဿနန်းတက်၏ မဟာလကရွာ၌သီတင်းသုံးသော မဟာဒေဝ ထေရ်ဟောကြားသော အန္ဓကဝိန္ဒသုတ်ကိုနာရ၍ သံဃာတော်များအား မွန်မြတ်သော ယာဂုကိုစီရင်၍ နေ့စဉ်ဝတ်ထား၍လှူတော်မူ၏။ သံဃာ (၂၀၀၀၀)တို့အားလည်း သင်္ကန်း ၆ ထည်စီလှူတော်မူ၏။ စည်းစိမ် (၃)နှစ်ရှိလျှင် သီရိသင်္ဃဗောဓိအမတ်က အဆိပ်ရေစိမ်သော သပြေသီးကိုဆက်ရာတွင်စားမိ၍ သာသနာ( ၃၅၃) ခုနှစ်တွင် အနိစ္စရောက်၏။

ငင်းနှစ် အမတ်သီရိသင်္ဃဗောဓိနန်းတက်၏။ သီဟိုဠ်ကျွန်းလုံး မိုးခေါင်၍ငတ်ကြ ၏။ မင်းလည်းသစ္စာပြု၍အိပ်နေ၏။ မိုးရွာ၍ သာယာစည်ပင်ပြန်၏။ စည်းစိမ် (၂) နှစ် သာသနာ (၃၉၁)ခုနှစ် တွင် ဂေါဓါဘယအမတ်လုပ်ကြံ၍ အနိစ္စရောက်၏။

## ရဟန်းဆိုးများရှင်းလင်းခြင်း

ငင်းနှစ်ဂေါဓါဘယနန်းတက်၏။ မြို့လေးမျက်နှာ မဏ္ဍပ်ကြီးများဆောက်၍ သံဃာတော်

၂၀၀၀၀ နှစ်သောင်းတို့ကို ဆွမ်း၊ ပစ္စည်း၊ လှူတော်မူ၏။ အဘယမင်းသုတ်သင်သည့်နောက် (၁၉၂) နှစ်မျှကြာခဲ့၍ ပါပရဟန်းများရှိနေပြန်လျှင်စီစစ်၍ ပါပရဟန်း (၆)ကျိပ် တို့ကိုနှင်ထုတ်၏။ သံဃာမိတ္တမည်သောပါပရဟန်းသည် မန္တာန်၌တတ်ကျွမ်း၍ မဟာဝိ ဟာရဝါသီကျောင်း ရဟန်းကောင်းများနှင့်ကံကြီးကံငယ်ပြု၍နေ၏။ မင်းကြီးလည်း ရဟန်း ကောင်းမှတ်၍ကိုးကွယ်၏။ စည်းစိမ် (၁၃) နှစ် သာသနာ (၇၇၄) ခုနှစ်တွင် အနိစ္စရောက်၏။

၄င်းနှစ် သားတော် တေဋ္ဌတိဿနန်းတက်၏။ မကောင်းသောအမတ်ကို ကွပ်မျက်၏။ ထိုအခြင်းအရာကို သံဃမိတ္တရဟန်းမြင်၍ သမုဒ္ဒရာတစ်ဘက်သို့ ထွက်ပြေး၏။ ထိုမင်းသည် မဟာဒါနကြီးများပြု၍ စည်းစိမ် (၁၀) နှစ်သာသာနာ (၇၈၄) တွင်အနိစ္စရောက်၏။

## သာသနာဖျက်ဇေတဝနဝါသီဂိုဏ်း ပေါ်လာခြင်း

၄င်းနှစ် ညီတော်မဟာသေနနန်းတက်၏။ အခါကိုသိ၍ သံဃမိတ္တာရဟန်းဆိုး ပြန်လာပြီး မင်းကိုမန္တာန်အတတ်ဖြင့် ရာဇာဘိသိက်သွန်းပေး၏။ ဆောင်ရွက်ပေးသည့်အတိုင်းလည်းအောင်မြင်သဖြင့်မင်းကြီးလည်း သံဃမိတ္တာမထေရ်ကိုယုံကြည်၍ ဇေတဝန်ကျောင်းတိုက်ကြီးဆောက်လုပ်ပြီး သံဃမိတ္တာအားတင်လှူလေ၏။ ထိုအခါမှစ၍ ဇေတဝန ဝါသီဂိုဏ်းပေါ်လာ၏။ ရဟန်းဆိုးသံဃမိတ္တာ လည်း မဟာဝါကရကျောင်းများကိုခြေဖျက်လို ၍ မင်းကိုလှည့်ဖျားပြောကြားပြီး မဟာဝိဟာရဂိုဏ်းဟု သံဃာများကို အာဏာဖြင့် အလှူ အတန်းများတားမြစ်စေ၏။ လူများလည်း တစ်ဦးမျှမလှူဝံ့ကြတော့ မဟာဝိဟာရကျောင်းကို စွန့်၍ သံဃာများသည် ဇနပုဒ်များမှာ နေကြရလေ၏။ မဟာဝိဟာရမှာ ဆိတ်သုန်းလေ ၏။ သံဃမိတ္တာလည်း မင်းထံမဟာဝါရကျောင်းများကို အလှူခံ၍ဖျက်ယူပြီး မိမိအရံမှာ ချည်းဆောက်စေ၏။

ထိုနောက် လောဟပါသာဒကို ဖျက်မည်ကြံပြန်လေသော် မင်း၏မိတ်ဟောင်း မေဃဝန်အမတ်သည် သာသနာဖျက်နေသော မဟာသေနမင်းကိုခြားနားလေ၏။ မဟာ သေနမင်းလည်း တမန်လွှတ်၍ ဆွေးနွေးသောအခါ မေဃဝနအမတ်သည် အချက်(၅) ချက်ရှိသော တောင်းဆိုချက် ပေးလိုက်၏။

အချက် (၅) ချက်ကား -

၁။ ငါသည်စည်းစိမ်ကိုလို၍ စစ်ပြုသည်မဟုတ်။

၂။ သာသနာတော်ကိုဖျက်သောကြောင့်သာ စစ်ပြုသည်။

၃။ ကံကြောင့် ဉာဏ်ကြောင့် ဝီရိယကြောင့် ဘုန်းကံကြီးမားနေကြသောပုဂ္ဂိုလ်များ အပေါ်မထွေရံအပြည့်ရှိနေကြသော ပါပလူရဟန်းများ၏ စကားကို နားထောင်၍မပြုအပ်သောကြောင့် စစ်ပြုသည်။

၄။ ကျွန်ုပ်နှင့် အသင် တစ်နေရာမှာ ဆွေးနွေးလို၏။

၅။ ဓမ္မ၊ အဓမ္မကို ကောင်းကောင်းသိပါရဲ့လား။

တာပြန်လိုက်၏။ ထိုစာအရ မင်းနှင့်အမတ်ဆွေးနွေးကြပြီး ကတိကဝတ်ပြုကြ၍ မြို့သို့

ပြန်လာကြပြီးလျှင် မင်းကြီးသည် ဓမ္မ၊ အဓမ္မ လဇ္ဇီ၊ အလဇ္ဇီ၊ သဘောတရားများကို မေးမြန်း၍ လေ့လာပြီး တရားဟုတ်သည်ကို တရားမဟုတ်ဟုပြသော ပါပရဟန်းတို့ကို စစ်ဆေးခြင်းဖြင့်လည်းကောင်း၊ ကျောင်းကန်များကို ဖျက်ကြသောသူများ၊ လာဘ်တံခိုးစား၍ သာသနာဖျက်ကြ သူများ ပါပရဟန်းများ၊ ရဟန်းဆိုး၊ သံဃမိတ္တာနှင့် တပည့်များ၊ အသင်းအပင်းဖြစ်သော အမတ်များ ကို ရှင်းလင်းသုတ်သင်ပြီးမှ ပါပများဖျက်ဆီးသမျှကို မေဃအမတ်အား ပကတိအတိုင်းဖြစ်အောင် ကျောင်းကန်ဇရပ်တို့ကို လုပ်ဆောင်စေ၍ မဟာဝိဟာရဂိုဏ်း သံဃာတို့ကိုအပ်၍ သာသနာတော်ကိုထွန်းပစေသည်၊ သာသနာတော် ထွန်းလင်းစေပြီးနောက် မဟာသေနမင်း ညောင်းစိမ် (၂၇) သာသနာ (၈၁၁) ခုတွင် အနိစ္စ ရောက်၏။

မှတ်ချက် ။ ။ သီဟိုဠ်ကျွန်း၌သာသနာတော်တည်သည်မှ အနှစ် (၆၀၀) ပြည့်မှာ ၄-၅ နှစ် အလိုတွင်သုံးဂိုဏ်းကွဲကုန်၏၊ (၁) မဟာဝိဟာရဝါသီဂိုဏ်း (၂) အဘယဂီရိဂိုဏ်း (၃) ဇေတဝနဂိုဏ်း (၃)ဂိုဏ်းတို့ဖြစ်၏၊ ဤ (၃) ဂိုဏ်းတွင် မဟာဝိဟာရဝါသီဂိုဏ်းသာ ဓမ္မဝါဒီထေရဝါဒဂိုဏ်းဖြစ်၍ ကျန် ၂ ဂိုဏ်းတား အဓမ္မဝါဒီ ဝိတဏ္ဍဝါဒဖြစ်၏။

## သီဟိုဠ်စွယ်တော်ရောက်ခြင်း

၎င်းနှစ်သားတော် ကိတ္တိသိရိမေဃမင်းနန်းတက်၏။ ညောင်းစိမ် (၂၄) နှစ် သာသနာ (၈၃၅) ခုနှစ်တွင် ကလိင်္ဂရာဇ်ပြည်မှ သမီးတော်ဟေမမာလာဒေဝီနှင့် သမက်ဒုန္တမင်းသားတို့ သဘော်နှင့် ဘုရားရှင်စွယ်တော်ပင့်ခဲ့၍ သီဟိုဠ်ကျွန်းသို့ရောက်သည်။ စွယ်တော်ရောက်ပြီး (၂) နှစ် သာသနာ (၈၃၇) ခုနှစ်တွင် အနိစ္စရောက်၏။

၎င်းနှင့်သားတော် ဇေဋ္ဌတိဿနှင့် ကနိဋ္ဌတိဿတို့နန်းလုကြ၍ မင်းမပြုရကြပဲ ပြည်သူပြည်သားတို့ကို နှစ်ဦးကွပ်ကဲ၍ အုပ်ချုပ်ကြသည်။ သာသနာ (၈၄၂) ခုနှစ်တွင် ညီနောင် (၂) ယောက်လုံးအနိစ္စရောက်၏။

၎င်းနှင့်နောင်တော်၏သားဗုဒ္ဓဒါသနန်းတက်၏။ ထိုမင်းလက်ထက်ပိဋကတ်ကျွမ်း သော မထေရ်(၅)ပါးဦးစီး၍ ပိဋကတ်တော်များကို သီဟိုဠ်ဘာသာပြန်စေရသည်။ဗုဒ္ဓဒါသမင်းသည် သာသနာ(၈၇၁)ညောင်းစိမ်(၂၉)နှစ်တွင် အနိစ္စရောက်၏။ ၎င်းနှင့်သားတော်ဥပတိဿနန်းတက်၏။ ညောင်းစိမ် (၄၄)နှစ် သာသနာ (၉၁၅)တွင် အနိစ္စရောက်၏။

ဤနေရာတွင်စွယ်တော်နှင့်ဆက်စပ်၍(ရာဇာဓိရာဇ်) ဓာတ်တော်ကြီးဘုရားတွင်စွယ်တော် ရောက်လာပုံကိုအကျဉ်းမျှပြောပြပါဦးမည်။

စွယ်တော်မြတ်လေးဆူတို့တွင် လက်ဝဲအောက်စွယ်တော်ကို ခေမာရဟန္တာ ထေရ်ရှိမ ယူဆောင်တော်မူသဖြင့် ဗြဟ္မဒတ်မင်းကိုးကွယ်ရပါသည်၊ ၎င်းမင်း နတ်ရွာစံလျှင် သားတော် ကာသိရာဇာကိုးကွယ်တော်မူ၏၊ ကာသိရာဇာနတ်ရွာစံပြန်သော် သားတော်သုနန္ဒ ကိုးကွယ်တော်မူ၏။

ထိုသို့ကောလိဂ်မင်းများ ဆက်လက်ကိုးကွယ်လာကြရာ ဒိဋ္ဌိအယူရှိသော ပဏ္ဍုမင်းသည် နန်းတက်သောအခါ စွယ်တော်ကို မကိုးကွယ်ပဲနေ၏။ စွယ်တော်ရှင်က တံခိုးတော်ပြမှ ဒိဋ္ဌိအယူစွန့်၍ စွယ်တော်မြတ်ကို ကိုးကွယ်လာ၏။

ပါဋလိပုတ်နေပြည်တော်မှ ပဏ္ဍုရာဇာမင်းသည် ဂုဟသီဝမင်းကိုးကွယ်သော စွယ်တော်မြတ်ကို ကိုးကွယ်နေစဉ် ခီရာဓါရမင်းကစွယ်တော်ရရန်စစ်တိုက်၏။ မအောင်မြင်။

ပဏ္ဍုရာဇာမင်းက ဂုဟသီဝမင်းထံစွယ်တော်ကို ပြန်အပ်နှင်း၏။

ခီရဓါရမင်း၏တူတော်များက ဂုဟသီဝမင်းထံစွယ်တော်အပ်ရင်အပ် မအပ်ရင် စစ်တိုက်မည်ဟု ရာဇသံပေးကြ၏။ဂုဟသီဝမင်းလည်းတူသားမက်ဖြစ်သူ ဒန္တကုမာရနှင့် သမီးတော် ဟေမမာလာ တို့အားအကယ်၍ ငါတို့စစ်ရှုံးခဲ့လျှင် စွယ်တော်ကိုပင့်၍ သီဟိုဠ် ကျွန်းအကြည်တော် မဟာတော်သေနမင်းထံ တိမ်းရှောင် ကြရန်မှာထား၏။ စစ်တိုက်ကြသောအခါ ဂုဟသီဝမင်းရှုံး၍ ဒန္တကုမာရနှင့် ဟေမမာလာတို့သည် စွယ်တော်ကိုပင့်ကာ ပုဏ္ဏားရောင်ဆောင်ကြ၍ တာမလိတ္တိ ဆိပ်ကမ်းမှ သီဟိုဠ်ကျွန်းသို့ ကူးပြေးကြကုန်၏။ ဇနီးမောင်နှံတို့ အနုရာဓမြို့ကို ဆိုက်ရောက်ကြ ပြီးနောက် မဟာသေနမင်း၏သားတော် ကိတ္တိသီရိမေဃမင်းထံ စွယ်တော်ကိုအပ်နှင်းကြ၏။ မင်းလည်းစမ်းသပ်၍ ကျေနပ်မှ ကိုးကွယ်တော်မူ၏။ အနုရာဓမြို့ ကိတ္တိသီရိမေဃမင်းမှ ဓမ္မပါလမင်းတိုင်အောင် မင်းဆက် ပေါင်းတစ်ရာကျော်တိုင် လက်ဝဲအောက် ခါတ်စွယ်တော်မြတ်ကို ကိုးကွယ်လာခဲ့ကြကုန်၏

<u>သီဟိုဠ်ကျွန်းဓမ္မပါလမင်းနှင့် မြန်မာပြည်ဟံသာဝတီ၊ ဘုရင့်နောင်မင်းတို့ ခေတ်ပြိုင် ဖြစ်ကြ၏။</u>

ဓမ္မပါလမင်းသည် သီဟိုဠ်ကျွန်း၌ ဗုဒ္ဓဘာသာဝင်မဟုတ်ကြသော ကွတ်တည်မင်း၊ ခန္တီမင်း၊ သီတာဝတ်မင်းတို့နှိမ်နင်းနိုင်ရန် ရည်ရွယ်၍ သီဟိုဠ်ရှိမြန်မာဘုန်းတော်ကြီးတပါးနှင့် သီဟိုဠ်အမတ် တို့အား ဘုရားရှင်၏အနားလေးရစ်ရှိသော သပိတ်တော်ကိုငှင်း၊ သဝဏ်လွှာနှင့် လက်ဆောင်များကိုငှင်း၊ အပ်နှင်း၍ မြန်မာပြည်ဟံသာဝတီနေပြည်တော် ဆင်ဖြူများရှင်ဘုရင့်နောင်မင်းတရားကြီးထံ (၉၃၇) ခု သီတင်းကျွတ်လအတွင်း သင်္ဘော နှစ်စင်းဖြင့် စေလွှတ် လိုက်၏။

သဝဏ်လွှာ၌ -

သီဟိုဠ်ကျွန်းမိစ္ဆာဒိဋ္ဌိလွှမ်းမိုးနေပါပြီ။ သပိတ်တော်ပို့လိုက်ပါသည်။ စစ်ကူမစပါမည့် အကြောင်း နောက်ထပ်စွယ်တော်မြတ်ကိုလည်းပို့ပါမည်။

ထိုစာအရ ဘုရင့်နောင်မင်းကြီးသည် သင်္ဘော (၅)စင်းတွင် အမတ်လေးယောက် အုပ်ချုပ်စေ၍ ပြည်ထောင်စုသားစစ်သည်တော် တစ်ထောင့်ငါးရာစေလွှတ်၏။ သီဟိုဠ်ရောက်လျှင် ကွတ်တည်မင်းစသော မိစ္ဆာမင်းများတို့ကို အောင်မြင်လေ၏။ ဓမ္မပါလမင်းသည် အားရတော်မူလှ သဖြင့် စွယ်တော်ပွားတစ်ဆူကို ရွှေပြာသာဒ်၌တင်ကာ သီဟိုဠ်အမတ်တို့အပ်၍သင်္ဘောတစ်စင်းနှင့် ဟံသာဝတီဘုရင့်နောင် မင်းတရားထံ စေလွှတ်၏။ ဟံသာဝတီဘုရင်မင်းကြီးလည်း မှူးမတ်တို့အား ခမ်းနားစွာကြိုဆိုစေပြီးလျှင် ရွှေမြို့တော်အရောက် ကိုယ်တိုင်ကြို၍ပင့်ဆောင်တော်မူ၏။

သီဟိုဠ်ဓမ္မပါလမင်းလည်းထပ်မံ၍ သီဟိုဠ်ကျွန်းရှိကျန်သောမင်းတို့အား စစ်ပြုရန် စီစဉ်ရာကျန်မင်းတို့က ဟံသာဝတီမင်းထံသို့၎င်း ဓမ္မပါလမင်းထံသို့၎င်း၊ ညီညွတ်ပါမည်ဟု သံ စေကြ၏။

ဓမ္မပါလမင်းက ဟံသာဝတီမင်းအား ကျေးဇူးတင်လှသောကြောင့် ဟံသာဝတီဘုရင့် နောင်မင်းထံ သင်္ဘော(၃)စင်းနှင့် စွယ်တော်စစ်ကိုပို့တော်မူလိုက်၏။ ပုသိမ်ဆိပ်သို့ ဆိုက်ရောက် ပြီးနောက် ဘုရင့်နောင် ကိုယ်တော်တိုင်ခမ်းနားစွာ ကြိုဆိုပင့်ဆောင်တော်မူ၏။ နန်းဦးပြသာဒ်ကြီး ဆောက်၍ ရတနာခုနှစ်ပါးတို့ဖြင့် ပြီးသော ရွှေစေတီ၌ထား၍ ကိုးကွယ်တော်မူ၏။

ဘုရင့်နောင်မင်းကြီးလက်ထက် (သက္ကရာဇ် ၉၁၇)ခု တန်ဆောင်မုန်းလတွင် ဓမ္မ ပါလမင်း ကသာသနာတော်ကိုပြုစုတော်မူပါကုန်ဟု လက်ဆောင်လက်နက်များနှင့်တကွ စွယ်တော်မြတ်ကို ပူဇော်စေရာ ရွှေသပိတ်တော်၊ ငွေသပိတ်တော်၊ ရွှေဟင်းခွက်၊ ငွေဟင်း ခွက်၊ ရွှေတံဆောင်၊ ငွေတံဆောင်၊ ရွှေပန်း၊ ငွေပန်း၊ ရွှေထီး၊ ငွေထီး၊ ပတ္တမြားပေါက် စသောများစွာသော လှူဖွယ်တို့ကို သင်္ဘောတွင်တင်၍ အမတ်ရာဇမနုကို ပို့ရလေသည်။ စွယ်တော်မြတ်ကို ဆွမ်းပန်းဝတ်များနေ့တိုင်းတင်စေခြင်းငှာ ငွေတရာဘိုးသီဟိုဠ်မင်း ဓမ္မပါလက မြေဝယ်လှူ လေသည်။

ထိုကဲ့သို့ စွယ်တော်စစ်နှင့်အနားလေးရစ်ရှိသော သပိတ်တော်စစ်ကို နန်းစဉ်ကိုးကွယ် ခဲ့ရာ ဆင်ဖြူရှင်ဘုရင့်နောင်မင်းတရား နတ်ရွာစံပြီးနောက် သားတော် (၅) ဆူဒါယကာ နန္ဒဘုရင်လက်ထက် နိုင်ငံတော်အစိတ်စိတ်ပျက်ပြားရာတွင် ဆင်ဖြူရှင်မင်းကြီး၏ သားတော် အငယ်ညောင်ရမ်းမင်းသား သည်လေးနှစ်တိုင်တိုင် လူနှင့်ကင်းသဖြင့် ယိုယွင်းပျက်စီးနေ သော <u>ရတနာပူရအင်းဝမြို့တော်ကြီးကို သက္ကရာဇ် (၉၅၉) ခုတွင် ဒုတိယအကြိမ် အသစ်တည်ထောင် စံတော်မူ၍ စည်းစိမ်</u>ရှစ်နှစ် (၉၆၇) တွင် လွန်တော်မူရာ <u>သားတော်ကြီး အနောက်ဘက်လွန်မင်း</u> အရိပ်အရာတော်ကို ဆက်ခံတော်မူ၍ စည်းစိမ် ၂၃ နှစ် သက္ကရာဇ် (၉၉၀) ခုတွင်အနိစ္စရောက် လေသည်။

ထိုအခါ <u>ညီတော်သာလွန်မင်းသည် နောင်တော်၏</u> အရိပ်အရာကိုဆက်ခံတော်မူ၍ (၉၉၀) ခုတွင် နန်းတက်ပြီးနောက် ခမည်းတော်လက်ထက်မှအစဉ်မပြတ်ကိုးကွယ်တော်မူခဲ့သော လက်ဝဲအောက် စွယ်တော်မြတ်ကို(၉၉၈) ခုနှစ်တော်သလင်းလဆန်း (၁၀) ရက် တနင်္လာနေ့စေတီ၏ အလယ်၌ ရွှေပန္နက်တိုင်စိုက်၍ ရာဇမဏိစူဠာဘွဲ့တော်ရှိသော ကောင်းမှုတော်ကြီးကို စတင်တည်တော်မူရာ (၉၉၈) ခု နတ်တော်လပြည့်ကျော် (၁) ရက် သောကြာနေ့တွင် ဘုရားရှင်၏ စွယ်တော်မြတ်နှင့် သပိတ်တော်၊ ဆံတော်၊ မရေတွက် နိုင်သောဓါတ်တော်မွေတော် ရွှေကိုယ်လေး၊ ငွေကိုယ်လေး၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေ ငွေပေါက်ပေါက်စသည် တို့ကို ကျမ်းဂန်နှင့်အညီ ဌာပနာတော်မူ၍ ဆယ်နှစ်တိုင်တိုင်တည် တော်မူရပြီး သာသနာ (၂၁၉၁) ခုနှစ်၊ ကောဇာ (၁၀၁၁) ခုကဆုန်လဆန်း(၈)ရက်၊ တနင်္ဂနွေနေ့တွင် သာလွန်မင်းတရားကြီး ၏သားတော် ငါးထပ်ကြီးဘုရား ဒါယကာ (ပင်တလဲမင်း) ကထီးတော်ကြီး တင်လှူတော်မူ၏။ ကောင်းမှုတော်ကြီး ဘုရားစွယ်တော် စစ်ရောက် ကြောင်းပြောဟောပြီးနောက် သီဟိုဠ်မင်းများဆက်ကြအုံးစို့။

ဥပ္ပတိဿ၏သားတော် မဟာနာမမင်း နန်းတက်၍ (၁၅) နှစ်ရှိသောအခါ သာသနာ တော်

(၉၃၀) ခုနှစ် မင်း (၆၆) ဆက်၌ ဇမ္ဗူဒိပ်ကျွန်းဗောဓိမဏ္ဍိုင်အနီး ဗုဒ္ဓဂါယာရွာက ရှင်မဟာဗုဒ္ဓ ဃောသသည် သီဟိုဠ်ဘာသာရေးပေအက္ခရာများကို မဂဓဘာသာဖြင့် ရေးတော်မူ၏။ ထိုမဂဓရေး ပိဋကများသည် သီဟိုဠ်နှင့် ဇမ္ဗူဒိပ်ကျွန်းတွင်မက မြန်မာပြည် သုဝဏ္ဏဘူမိသထုံပြည်တိုင်အောင် အထူးအလေးထားကြသည်။ သထုံပြည်၌လည်းသောဏထေရ်ဥတ္တရထေရ် တို့၏အနွယ်အဆက် ရဟန်းသံဃာတို့ ထေရ်ရဝါဒမကွဲပြား ရှိကြလေသတည်း။

မဟာနာမမင်းနောက် ဆယ်ဆက်သော မင်းတို့၏အဆုံးသီဟိုဠ်ကျွန်းသာသနာတည် သည်မှ (၁၄၇၂) ဘုရားပရိနိဗ္ဗာန်ပြုတော်မူသည်မှ (၁၃၀၈) နှစ်အတွင်းသိရိသံဗောဓိ ပရက္ကမဗာဟု မင်းအုပ်စိုး၏။ ထိုမင်းစည်းစိမ် (၁၁) နှစ်တိုင်ရောက်သောအခါ သာသနာတော် မစင်ကြယ်သည့် အဖြစ်ကို သိ၍ အဓမ္မကိုယူလေ့ရှိကုန်သော ပါပ ရဟန်းတို့ကိုလူထွက်စေ၍ မဟာဝိဟာရဝါသီတို့၏ အပေါင်း ဖြစ်သောတစ်ခုတည်းသောဂိုဏ်းကိုသာလျှင်ထား၍ သာသနာတော်ကို သုတ်သင်ရှင်းလင်းခြင်း။

ထိုမင်းနောက် <u>ဝိဇယဗာဟုမင်းသည်</u> သာသနာ (၁၇၄၁) ခုနှစ်တွင်နန်းတက်၏။ အဓမ္မဝါဒီများကိုသုတ်သင်၍ မဟာဝိဟာရသီဂိုဏ်းတစ်ခုသာထား၏။ ထို့နောက်ပရက္ကမ ဗာဟုမင်း နန်းတက်၏။ ထိုနည်းတူ မဟာဝိဟာရသီဂိုဏ်းတည်ထား၏။ သိရိသံဗောဓိ ပရက္ကမ ဗာဟုမင်း သာသနာတော်ရှင်းလင်းပြီးသည်မှဘုဝနေကဗာဟုမင်းလက်ထက်တိုင် (၂၉၄) ခုနှစ် ပါတ်လုံး မဟာဝိဟာရဝါသီဂိုဏ်းတစ်ခုတည်းသာထား၏။

ဟံသာဝတီပြည်၌ ရာမဓိပတိမင်းလက်ထက်ရာမညတိုင်း ကလိုင်း (၃) ရပ်တွင်လည်း မဟာဝိဟာရဝါသီဂိုဏ်း တစ်ခုတည်းသော သက္ကရာဇ် (၈၄၁) ခု သာသနာ (၂၀၁) ခုနှစ်တိုင်အောင် ဘုရားပညတ်တော်နှင့် အညီသာသနာထွန်း၏။ ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်း ဘုရားမဖြစ်မီ ပစ္စန္တဂါမသထုံတိုင်း၊ သမိပကဏ္ဏမြို့၌ <u>**တိဿရာဇာနန်းစံ၏။**</u> ထိုမင်း၏သားတော် သီဟနုမင်းသား ရသေ့ပြု၍ မဏိအလ္လဂီရိတောင်၌ နေရာတွင် ဝိဇ္ဇာဓိုရ်နှင့် နဂါးမယဉ်ပါးရာတွင် ဖွားမြင်သောဥ ၂-လုံး ကို ရှင်ရသေ့၍ဥဘွားနှစ်ယောက် (၁၀) နှစ်အရွယ်ရောက်လျှင် ညီတော်ကျောက်ပေါက်၍ ကံကုန်လေ သည်။ မဇ္ဈိမဒေသဗာရာဏသီတွင်ဖြစ်လေ၏။ နောင်တော် (၁၇) နှစ်အရွယ်ရောက်လျှင် သီဟရာဇာမင်း အမည်ခံလျှက် အလောင်းတော် သိဒ္ဓတ္ထမင်းနန်းစံ (၁၀) နှစ် ဘိုးတော် အဥ္စနမင်းကြီးဖြိုပြီးသော သက္ကရာဇ် (၉၄) ခုတွင် အဝန်း (၃) ယူဇနာရှိသောမြို့ကို တည်၍စံနေ၏။

**မှတ်ချက်** ။ ။ ဥဘွားအကြောင်းပုံကို ကျိုက်ထီးရိုးမှတ်တမ်း နောက်ဆက်တွဲတွင် ဖတ်ရှုပါ။

အလောင်းတော်သိဒ္ဓတ္ထ ၉၇- ခုနှစ်တွင်တော်ထွက်တော်မူသည်။ မဟာသက္ကရာဇ် (၁၀၇) ခုနှစ် တွင် ဘုရားဖြစ်တော်မူသည်။ ငါးဝါမြောက်သက်တော် (၄၀) ပြည့်ဂဝံပတိ၊ ရဟန္တာသက်တော် ၁၁-နှစ် (၄) ဝါရှိသောသာမဏေသည် ဘုရားသခင်ကိုပင့်၍ သီဟရာဇာ မင်းလက်ထက် သုဝဏ္ဏ ဘုမ္မိမြို့ သို့ ရဟန္တာ (၂၀၀၀၀) နှင့်ဒေသစာရီကြွတော်မူလာ၍ အမြိုက်တရားနာကြားရသောကြောင့် အကျွတ်တမ်းဝင်ကြရလေသည်။ ထိုကမှစ၍ သုဝဏ္ဏဘုမ္မိမြို့ သထုံပြည်နယ် မွန်တလိုင်း (၃) ရပ်တွင် အရိယာသံဃာတော်တို့များစွာရှိ၏။

မဟာသက္က ရာဇ် (၁၄၈) ခု ကဆုန်လတွင် ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံပြီး ဗျာဒိတ်တော်အရ ဂဝံပတိမထေရ် သည် သွားတော် (၃၃) ချောင်းပင့်ဆောင်ပြီး သထုံတိုင်းတွင် သာသနာတော်ပြုတော်မူ၏။ အလွန်သာသနာ ထွန်းလင်း၏။ အဇာတသတ်မင်းနှင့် ရှင်မဟာကဿပတို့ တိုင်ပင်ပြီး မဟာသက္ကရာဇ် (၁၄၈) ကိုဖြို၍ အတိုတစ်ခုကြွင်းကာ ထားပြီးနောက် သီဟရာဇာနန်းစံ (၅) နှစ်၊ ဘုရားရှိစဉ် (၅၅) နှစ် ပေါင်းစည်းစိမ် (၆၀) နှစ်နေ၍ကံကုန်သည်။ ထိုမင်းလက်ထက် ဂဝံပတိထေရ် သာသနာတော်ကို လက်ဦးတည်ထောင်ခဲ့သည်။

နောက်မင်း ၄ ဆက်တိုင် သာသနာပွင့်လင်း၏။ သာသနာနှစ် (၁၃၇) ခုတွင် သားတော် အကုံရမင်းသားက ခမည်းတော်ဓမ္မရာဇာကို မတရားညှင်းပန်းသောကြောင့် သထုံပြည်ကို ရေစောင့်နတ်တို့ က ဖျက်ဆီးပျက်လိုက်သဖြင့် ပျက်စီးသွား၏။

(၆) နှစ်လုံးလုံးဆိတ်သုန်းနေပြီးနောက် ဓမ္မဓဇမင်းကြီး၏ သားငယ် ဦးပဒေဝသည် လူများကိုစည်းရုံး၍ သထုံမြို့ဟောင်းတောင်ဘက် သုဓမ္မာဝတီမြို့ဟုသမုဒ်၍သာသနာ (၁၄၄) ခုနှစ်တွင် စံနေ၏။ ထိုမင်း၏ မြစ်သီရိဓမ္မာသောကမင်း စည်းစိမ် (၁၆) နှစ် သာသနာနှစ် ၂၃၆ တွင် ပါဋလိပုတ် ပြည်ကြီးရှင် ဓမ္မာသောကမင်းကြီးလက်ထက် ထိုသုဓမ္မဝတီပြည့်ရှင် တောင်းပန်၍ အရှင်မောဂ္ဂလိ ပုတ္တထေရ် သာသနာပြုပြီး အသီးသီးစေလွှတ်ရာတွင် သောဏထေရ်၊ ဥတ္တရထေရ်တို့၏ တပည့်ရဟန္တာ (၅) ပါးကြွတော်မူ၍ သာသနာပြု၏။ ဘီလူးဘေးရန်ကိုလည်း ဖယ်ရှားပေးတော်မူ၏။

ထို့နောက်သိမ်းသန်းမကသော ယောကျ်ားမိန်းမတို့ ရဟန်းပြုကြ၍ မင်ဖိုလ်ရကြ လေသည်။ ယင်းကမှ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့သည် သီရိခေတ္တရာ ရာမပြည်မြို့ တိုင်အောင် ပြည်မြို့မှ အရိမဒ္ဒနာပေါက္ကံ ပြည် သမုဒ္ဒရာဇ် ပျူစောထီးမင်းတိုင်အောင် ရဟန်းမိန်းမရှိသေး၏။ ရဟန်းယောကျ်ားကဆိုဖွယ်ရာမရှိ။ သောဏထေရ်၊ ဥတ္တရထေရ်တို့ အဆက်အနွယ်သည် သီရိဓမ္မာ သောကမင်းမှ မင်းဆက် (၃၀) တိုင်အောင် ထေရ်ရဝါဒ မကွဲပြား တည်ရှိလေသည်။ (၃၁) ဆက်မြောက် မနူဟာမင်းအကျင့်ပျက်သောကြောင့် အရိယာသံဃာတို့ တစ်ရပ်တပါးရှောင်ရှားနေရသည်။

ထိုအခါ သုနာပရန္တတိုင်း တမ္ပဒိပတိုင်းတို့၌ သာသနာတော်ညှိုးနွမ်းသောကြောင့် (ဗျာဒိတ်တော်နှင့်အညီ ရဟန္တာအရှင်မြတ်တို့ သိကြားထံအကူအညီတောင်းကြသောအခါ) သိကြားမင်းသည် သီလရှိသောနတ်သားတစ်ယောက်ကိုတောင်းပန်ပြီးနောက် သုဝဏ္ဏဘူမိ သထုံတိုင်းသို့ သီလရှိသော ပုဏ္ဏားမဝမ်း၌သန္ဓေတည်စေ၏။ ဖွားမြင်ပြီးနောက် ရဟန္တာ သီလဗုဒ္ဓိမထေရ်သည် စောင့်မ၍ (၁၅) နှစ်ရောက်လျှင် မိခင်ပုဏ္ဏေားမသည် မထေရ်ထံ အပ်နှင်း၍ သာသနာပြုစေ၏။ ရဟန်းမဖြစ်ခင် ပိဋကတ်များခြောက်ခြားနိုင်၏။ သီလဗုဒ္ဓိ မထေရ်က သုတ်ဝိနည်း၊ အဘိဓမ္မကျမ်းများနှင့် ၎င်းတို့အဖွင့်အဋ္ဌကထာဋီကာများကို သင်ကြားပို့ချပေးတော်မူသဖြင့် အသက် (၂၀) ပြည့်လျှင် ရဟန်းခံပေးလေ၏။ ရဟန်းအဖြစ်သို့ရောက် ၍ မကြာမြင့်မီ ရဟန္တာအဖြစ်သို့ရောက်လေသည်။ ရဟန်း (၅) ဝါရောက်သောအခါ သီလဗုဒ္ဓိ မထေရ်မြတ်က "ချစ်သား အရဟံ" သုနာပရန္တတမ္ပဒိပတိုင်းတို့၌ သာသနာမတည် သေး၊ ပုဂံပြည့်ရှင်နေ်ာရထာလည်း အရီးကြီးတို့ဝါဒ စိတ်ဒိဋ္ဌိဟဖြစ်နေရရှာသည်။ ထိုမင်း၏ စိတ်ဒိဋ္ဌိဟကို

ဘုရားသခင်ပညတ်တော်လာ အတိုင်းဟော၍ နှလုံးငြိမ်းချမ်းစေပြီးမှ သာသနာ တော် ထွန်းလင်းအောင်ပြုချေဟု စေတော်မူရာ ပေါက္ကံပြည်သို့ သာသနာ (၁၅၅၁) ခု၊ ကောဇာ (၃၆၉)ခု တွင် ကြွတော်မူ၍ နော်ရထာမင်းစောအား (အပ္ပမာဒ) သုတ်ကိုဟော၍ သာသနာကြည်ညိုစေပြီး လျှင်ဘုရားရှင် အယူဝါဒများကို သင်ကြားပေးတော်မူ၏။ အနော်ရထာမင်းစောလည်း ဘုရားရှင်၏ အယူဝါဒများနှင့်သွေဖီသော အရီးကြီးဝါဒစသည်များကို ဖယ်ရှားသုတ်သင်စေပြီး ရှင်အရဟံကို သာသနာပြုအပ်တော်မူ၏။

မှတ်ချက်။ ။ အရီးဆရာကြီး (၃)ကျိပ်နှင့်တပည့်ခြောက်သောင်းတို့ကိုလူဝတ်လဲ ၍အဲမောင်း၊လှံကိုင်၊ ဆင်ချေး၊ မြင်းချေးကျုံးထား၏။ အရီးကြီးတို့ဝါဒများမှာ

၁။ လှည့်ပတ်ဖျားယောင်းသောစာပေများ

၂။ ငါးပါးသီလကိုတစ်ပါးဖျက်လျှင် အရီးကြီးထံတို့ပြုသော ပရိတ်ရွတ်ဖတ်ပေး လျှင်ပျောက်ကင်း၏ဟူသောဝါဒ

၃။ ထိမ်းမြားမင်္ဂလာအကြိုတစ်ရက်အရီးကြီးထံလွှတ်၍ ပန်းဦးခံယူပြီးနောက် တစ်နေ့ ထိမ်းမြားရမည်။ သို့မှသာအန္တရာယ်ကင်းသည်၊ အသက်ရှည်သည်၊ ချမ်းသာသည်ဟုယူဆသော ပန်းဦးလွှတ်အယူဝါဒ

၄။ အလှူပေးသောအခါ ကုန်ကျငွေကိုအရီးကြီးထံအပ်နှင်း၍ အရီးကြီးများက စီရင် ပေးပြီး စီရင်ပေးခဆောင်ရွက်ခများကိုပေးရခြင်း (စီရင်ပေးခဆိုသည်မှာ ဗလိပူဇော်ခြင်းမျိုးဖြစ်၏။ ဆောင်ရွက်ခ မှာလုပ်အားခဖြစ်၏။) ပေးမှအလှူ အကျိုးကြီးခြင်းဟု ယူသောဝါဒ

၅။ ငါးပါးသီလ၊ ရှစ်ပါးသီလစသည်တို့ကို ပါဏာတိအဒိန္နာတို့မင်းကစီရင်ရပြီးကာမေသု နှင့် ပရဒါရကံတို့ကို အရီးကြီးတို့ကစီရင်ပိုင်ခွင့်ရှိခြင်း၊ ထိုကံ (၂)ပါးကိုအရီးကြီးတို့စီရင်မှ မှန်ကန်သည်ဟု ယူသောဝါဒ။

ဤအချက်ငါးချက်သည် အရီးကြီးတို့၏ မူလအချက်ကြီးဝါဒများဖြစ်၏။ကျန်အချက်ငယ် ပေါင်း(၁၆၀)ရှိသေး၏ဟုငှက်ပြစ်တောင်ဒီပကကျမ်းတည်းပါ၏။ ဟုပေါရာဏကထာ ပေစာဟောင်းတွင် ဖတ်လိုက်ရ၏။

ရှင်အရဟံကလည်း ပရိတ်သတ်လေးပါးတို့အား တရားဟောချွတ်တော်မူပြီး ရဟန်း ဝတ်လိုသူသာ သာသနာဘောင်သွင်းပေးတော်မူ၏။ တစ်သိန်းကျော်အကျွတ်တရားရ၍ ရှင်ရဟန်း ဝတ်ကြ၏။ ရှေးသထုံပြည်သာသနာ (၂၃၆)တွင် ကြွလာသောထေရ်ဥတ္တရထေရ်တို့၏ အဆက်အနွယ် ထေရဝါဒမကွဲပြားအရှင်အရဟံတိုင်အောင်ဖြစ်၍ ကောင်းမြတ်သော သာသနာ တော်ကြီးဖြစ်၏။

သုနာပရန္တတိုင်းမှာလည်း ဘုရားသခင် ဝါ (၂၀) အတွင်း သာဝတ္ထိသို့ စူဠပုဏ်မဟာပုဏ်ညီနောင်တို့ ကုန်အရောင်းအဝယ်ရောက်ရာတွင် ဘုရားသခင်ကိုဖူးတွေ့၏။ မဟာပုဏ် အကျွတ်ရ၍ ရဟန္တာဖြစ်ပြီးနောက် သုနာပရန္တတိုင်းလည်ကိုင်းကောသမ္ဗီသို့ ပြန်ကြွလာပြီး သာသနာပြု၍ ညီစူဠပုဏ်နှင့်တကွ ကုန်သည်(၅၀၀)တို့ နံ့သာကျောင်းဆောက်စေပြီး ဘုရားသခင်ကို မဟာပုဏ်ထေရ်က ပင့်ဆောင်တော်မူရာ

ယာဉ်ပျံပြဿဒ် (၅၀၀)နှင့်ကြွတော်မူလေပြီး ပါဋ္ဌနရာဇ် သုနာပရန္တတိုင်း လည်ကိုင်းစန္ဒကူးနံ့သာကျောင်း၌ ၇ ရက်ပတ်လုံး သီတင်းသုံးတော်မူ၏၊ ထိုအခါ အကျွတ်တရား ရကြသောသူများမှာ နှစ်ပေါင်း (၁၆၈၀၀၀) ရှိ၏။ (၇) ရက်စေ့ပြီးပြန်လည်တော်မူသောအခါ နမ္မဒါမြစ်နား၌ နဂါးမင်းတောင်းပန်၍ ခြေတော်ရာချတော်မူခဲ့၏၊ ထို့နောက် သစ္စဗန္ဓရသေ့နေရာ တောင် ထိပ်သို့ရောက်တော်မူပြန်လျှင် သစ္စဗန္ဓရသေ့အား တရားဟောတော်မူ၍ချွတ်တော်မူပြန်၏ တရားတော်အဆုံး၌ ရဟန္တာ ဖြစ်လေ၏။ သစ္စဗန္ဓရဟန္တရဟန္တာတောင်းပန်၍ တောင်ထိပ်၌ ခြေတော်ရာ ဘစ်ဆူချတော်မူခဲ့၏။ (မင်းဘူးမန်းစက်တော်ရာ (၂) ဆူဖြစ်၏။)

ဤသို့လျှင် မဟာပုဏ်မထေရ်မြတ်အစပြု၍ (၁၆၈၀၀၀) သောပရိတ်သတ်အကျွတ် တရားရကြ၍ ထိုအရပ်၌ဘုရားသခင်လက်ထက်ကပင် သာသနာတော်ပွင့်လင်းသည်။ မဟာပုဏ်ထေရ်၏ တပည့်သံဃာအဆက်အနွယ်တို့နှင့် သာသနာ (၁၀၁) ခု ဒွတ္တပေါင် လက်ထက် ရှင်ဂဝံပတ္တိအဆက်အနွယ် ရဟန်းသံဃာတို့သည်လည်းကောင်း၊ သာသနာ သက္ကရာဇ် (၂၃၆) ခု သီရိဓမ္မာသောကမင်းလက်ထက် သောဏထေရ်တပည့်အဆက်ရဟန်း သံဃာတို့သည် လည်းကောင်း ဆက်မိပြန်၍ ထေရ်ရဝါဒမကွဲမပြား တည်ရှိကြလေသည်။

ပြည်သရေခေတ္တရာရာမမြို့၌ ဒွတ္တပေါင်မင်းမှအဆုံး သူ့ပညာနာဂတမင်းတိုင်အောင် မင်းပေါင်း (၂၅) သာသနာ့တော်နှစ် (၆၃၈) ခုတိုင်တိုင် သာသနာထွန်းလင်းသည်။ ပုထုဇဉ် သောတပန်၊ သကဒါဂါမ်စသော ရဟန်းယောက်ျား၊ ရဟန်းမိန်းမတို့ထေရ်ရဝါဒမကွဲပြားကြပေ။ သီဟိုဠ်၌ကား သာသနာနှစ် (၆၀၀) မပြည့်မှီကပင် ဂိုဏ်း (၃) ဂိုဏ်းကွဲကြသည်။ သူ့ပညာနဂတမင်း လက်ထက် ပြည်ရွာပျက်စီးပြန်သော်လည်း တူတော် သမုဒ္ဒရာဇ်မင်းသည် သာသနာတော် (၆၅၁) တွင် ပေါက္ကံပြည်တည်ထောင်စံနေတော်မူသည်။ သမုဒ္ဒရာဇ်မင်းက စ၍ စုက္ကတေးမင်းတိုင်အောင်. မင်း (၄၄) ဆက်တို့. လက်ထက်ပရိယတ်ပဋိပတ်သာသနာ ကွယ်ပျောက်၍ ရှင်အရိုးတို့အယူ ထွန်းပသည့် သာသနာ (၈၉၅) ခုတို့ပတ်လုံး မှေးမှိန်လျှက် ရှိ၏။ အနော်ရထာမင်းစောလက်ထက် ပရိယတ်ပဋိပတ်၊ ပဋိဝေဓ၊ သာသနာသုံးပါး အလွန်ထွန်းကားသည်။ အနော်ရထာမင်းစောသည် အရှင်အရဟံမထေရ်မြတ်နှင့် သာသနာတော်ကိုစောင်မကြည့်ရှု၍ ကုသိုလ်ကောင်းမှုများစွာ ဆည်းပူးတော်မူပြီးလျှင် စည်းစိမ် (၃၃) နှစ် အိမ်နိမ့် (၃၃) နှစ် သက်တော် (၆၆) နှစ်၊ သာသနာ (၁၅၇၉) ခု၊ ကောဇာ (၃၉၇) ခုတွင် ကံကုန်တော်မူ၏။ ၎င်းနှစ် သားစောလူးမင်းမင်းပြုသည်။ စည်းစိမ် (၂၈) နှစ်တွင် အနိစ္စရောက်၍ သက္ကရာဇ် (၄၂၅) ခုတွင် ကျန်စစ်သားမင်းနန်းတက်၏။ ထိုမင်းလက်ထက် ဂန္ဓမာဒနတောင်မှ မထေရ် (၈) ပါးကောင်းကင်ခရီးမှ ကြွတော်မူပြီး တရားရေအေးတိုက်ကျွေးပြီးနောက် ဂန္ဓမာဒနသို့ပြန်ကြွတော်မူ၏။ ဂန္ဓမာဒနတောင် နံ့ဒမူလိုဏ်ဂူကြီးပုံတော်ကို ကျန်စစ်သားမင်းကြီးတည်ပြီးနောက် သက္ကရာဇ် (၄၅၀) တွင် အနိစ္စ ရောက်၍ မြေးတော်အလောင်းစည်သူမင်းနန်းတက်၏။ ထိုမင်းလက်ထက် "ရှင်အရဟံ မထေရ်မြတ်" သက်တော် (၈၁) နှစ်တွင် ပရိနိဗ္ဗာန်ပြုတော်မူ၏။

အလောင်းစည်သူမင်းလည်း ရှင်အရဟံပရိနိဗ္ဗာန် ဝင်စံသဖြင့် "ပုံ့သုကူမဟာထေရ်" ကို

သာသနာအရေးအပ်နှင်းတော်မူ၏။ သီလဝုန်ဂုဏဝန်နှင့်ပြည့်စုံတော်မူသော ရှင်အာနန္ဒာထေရ်၊ ဇောမိထေရ်တို့လည်း ကြပ်မတ်ကွက်ကဲ၍ ပါဠိအဋ္ဌကထာ ဋီကာကျမ်း များစွာကို ပို့ချခြင်း၊ ပြုစုခြင်း၊ သုတ်သင်ခြင်းတို့ဖြင့် သာသနာရေးကို လွန်စွာအားပေး ပြုစုတော်မူပြီး သက္ကရာဇ် (၅၂၀) တွင် အနိစ္စ ရောက်၏။ ထိုနှစ်သားတော်ကုလားနန်းကျ မင်းနန်းတက်၏။ သာသနာတော်ကို ဖျက်ဆီးရိုင်းပြ သော့သွမ်း၏။ ရဟန်းများလူထွက်စေ၏။ ရဟန်းကောင်းများ ထိုဘေးကိုကြောက်သဖြင့် ထွက်ပြေး တိမ်းရှောင်နေ၏။ တစ်ချို့ သီဟိုဠ်ကူးကြ၏။ ပန့်သုကူမထေရ်မြတ်လည်း မင်းယုတ်တိုင်းပြည်မနေဟူ၍ သီဟိုဠ်ကြွပြီးနောက် တောထွက်သွား၏။

ကုလားကျမင်းစည်းစိမ် (၃) နှစ် (သက္ကရာဇ် - ၅၂၃) တွင် အနိစ္စရောက်၍ သားတော် နရပတိစည်သူမင်းနန်းတက်၏။ ထိုမင်းလက်ထက် ပံသုကူမထေရ်ပြန်ပင့်၍ သာသနာပြု ရန်အပ်ပြန်၏။ ထိုမထေရ်သည် ရှေ့မထေရ်တို့၏ အဆက်အနွယ်ထေရ်ဝါဒမကွဲမပြားတည်း၊ နရပတိစည်သူမင်းစည်းစိမ် (၆) နှစ်တွင် ရှင်အရဟံ၏ တပည့်ဥတ္တရာဇီဝထေရ်များ စွာသော ရဟန်းတပည့်များခြံရံလျက် သင်္ဘောဖြင့် ကုသိမ် (ပုသိမ်) သို့ကြွ၏။(ပံ့သုကူ မထေရ် တောထွက်တော်မူ၍ ဥတ္တရာဇီဝမထေရ်မင်းကြီးက သာသနာပြုအပ်နှင်း၏) ကုသိမ်ရောက်လျှင် ထိုမြို့ကျေးလက်ဆပဒရွာသားလေးကို ရှင်ပြု၍ သီဟိုဠ်ခေါ်သွား၏။ဥတ္တရာဇီဝမထေရ်တို့ သီဟိုဠ်ဘုရားများဖူးပြီးပြန်ကြွလာသောအခါ ဆပဒ သာမဏေနေ ရစ်၍ကျမ်းဂန်များသင်ယူ လေသည်။ ဥတ္တရာဇီမထေရ်တို့လည်း ကုသိန်မြို့မှ ပေါက္ကံသို့ ကြွ၍သီတင်းသုံးတော်မူ၏။

ပညာစုံ၍ ဆယ်ဝါရပြီးသော ဆပဒပဥ္စင်းဖို့သည် မိမိအကြံနှင့် ကံထောင်နိုင် လောက်အောင်

၁။ တာမလိတ္ထရွာသား - သီဝလိထေရ်
၂။ ကမ္ဘောဇရွာသား - တာမလိန္ဒထေရ်
၃။ ကိဥ္စိပုရရွာသား - အာနန္ဒာထေရ်
၄။ လင်္ကာဒီပရွာသား - ရာဟုလာထေရ်

လေးဦးတို့နှင့်တိုင်ပင်ပြီးသင်္ဘောစီး၍ ပေါက္ကံသို့ ပြန်လာကြသည်။ သက္ကရာဇ် (၅၄၃) တွင် ပေါက္ကံရောက်၍ဆရာလွန်ကြောင်း သိသဖြင့်မိးသဂြိုဟ်ပြီး၍ ရက်လောက်မျှရှိသေးသော ဥတ္တရာဇီဝထေရ်၏ ဈာပနနေရာသို့ ကြွပြီးလျှင် ပူဇော်ကန်တော့လေ၏။ ဆပဒမထေရ်သည် သူခေါ်လာသောကျမ်းဓါတ်လေးပါး တို့နှင့် တိုင်ပင်ပြီး မြန်မာရဟန်းတော်နှင့် ကံမပြုလို၍ ဂိုဏ်းခွဲလိုက် လေသည်။ ဆပဒ မထေရ်အဖွဲ့ငါးပါးကိုမင်းကြီး သည် မြတ်နိုးတော်မူ၍ မင်းဆရာအဖြစ်ကိုးကွယ်၏။ ထိုငါးပါးအဖွဲ့ထဲမှ ရာဟုလာမထေရ်သည် ကချေသည်ကို တပ်မက်၍ မလယကျွန်းတွင်သွား၍လူထွက်၏။ ကျန်လေးဦးအနက် ဆပဒမထေရ်သည် ရှေးဦးစွာအနိစ္စ ရောက်၏။

သီဝလိထေရ် တာမလိန္ဒထေရ် အာနန္ဒာထေရ် ၃ ဦးတို့သည် ပေါက္ကံပြည်၌ သာသနာပြုကုန်၏။ တရံရောအခါမင်းကြီးကဆင်(၃)စည်းလှူရာ သီဝလိထေရ်နှင့် တာမလိန္ဒထေရ် တို့ကဘေးမဲ့လွှတ်ကြ၏။ အာနန္ဒာထေရ်ကဆွေမျိုးကိုပေး၏။ ဤတွင် ၂ ပါးတဂိုဏ်း၊ တပါးတဂိုဏ်း ကွဲကြပြန်၏။ တဂိုဏ်း တဂိုဏ်းလျှင်

သံဃာ (၅၀၀၀) မျှလောက် ခန့်ရှိသည်ဟူ၏။

တဖန်တာမလိန္ဒထေရ်တပည့်အတွက် ဝစီဝိညတ်ဖြင့် နှုတ်မြွက်၍အလှူခံသောကြောင့် သီဝလိထေရ်နှင့်ဂိုဏ်းကွဲကြပြန်လေသည်။

ထို့ကြောင့် နရပတိစည်သူမင်းလက်ထက် ဂိုဏ်းကြီး ၄ ဂိုဏ်းကွဲကုန်၏။

၁။ သထုံဆက်သံဃာတဂိုဏ်း

၂။ သီဝလိထေရ်ဂိုဏ်း

၃။ တာမလိန္ဒထေရ်ဂိုဏ်း

၄။ အာနန္ဒာထေရ်ဂိုဏ်း ဤသို့ (၄) ဂိုဏ်းဖြစ်၏။ နရပတိစည်သူမင်းစည်းစိမ် (၃၃) နှစ်တွင် အနိစ္စရောက်၏။ သားတော်နန်းတောင်းများမင်းနန်းတက်၏။ စည်းစိမ် ၂၂ -နှစ်တွင် အနိစ္စရောက်၍ သားတော်ကျစွာမင်းနန်းတက်၏။ ထိုမင်းကပိဋကတ် (၃) ပုံကို (၉) ခေါက်သင်တော်မူ၏။ သံဃာတော်တို့အား တစ်နေ့ ၃-ဝါစာပို့ချတော်မူ၍ ကျမ်းတတ် ပုဂ္ဂိုလ်များ စာမပြတ် ဆွေးနွေးတော်မူ၏။ ထိုမင်းလက်ထက်ကျမ်းဂန်တတ်ပေါ်များ၏။ တနေ့ (၃) ကြိမ်စာပို့ချ၏။ တိုင်းပြည်ရေးရာကို သားတော် ဥဇနာမင်းအားလွှဲထား၏။ စည်းစိမ် (၁၅) နှစ်တွင်အနိစ္စရောက်၍ သားတော် ဥဇနာမင်းနန်းတက်၏။ သက္ကရာဇ် (၅၉၅) ခုနှစ်တွင်အနိစ္စရောက်၍ သားတော် နရသီဟပတေ့မင်း နန်းတက်၏။ စည်းစိမ် (၇) နှစ် ရှိသောအခါ အာနန္ဒာထေရ်ပျံတော်မူ၏။ သီဝလိထေရ်နှင့် ကာမလိမထေရ်တို့ကဥဇနာ လက်ထက်ပျံတော်မူ၏။

နရသီဟပတေ့မင်းလက်ထက် ဂိုဏ်းကြီး (၂) ဂိုဏ်းထွန်းကား၏။

၁။ သီဟိုဠ်ပါဂိုဏ်း

၂။ အရိယာပါဂိုဏ်းတို့ဖြစ်၏။

သီဟိုဠ်ပါဂိုဏ်းမှာ အာနန္ဒထေရ် သီဝလိထေရ် တာမလိန္ဒထေရ်တို့၏ အဆက် အနွယ်ဖြစ်၏။ အရိယာပါဂိုဏ်းမှာ သောဏထေရ် ဥတ္တရထေရ်တို့၏အဆက်အနွယ်ဖြစ်၏။ နရသီဟပတေ့မင်းလက်ထက် ဂိုဏ်း (၂) ဂိုဏ်းသာထွန်းကားသော်လည်း မထွန်းကား ဂိုဏ်းကွဲများ က (၆) ဂိုဏ်းသာရှိသေး၏။

၁။ ကမ္ဗောဇဂိုဏ်း

၂။ သီဝလိထေရ်အနွယ်သီဟိုဠ်ဂိုဏ်း

၃။ ကာမလိန္ဒအနွယ်သီဟိုဠ်ဂိုဏ်း

၄။ အာနန္ဒာနွယ်သီဟိုဠ်ဂိုဏ်း

၅။ ဗုဒ္ဓဝံသအနွယ်သီဟိုဠ်ဂိုဏ်း

၆။ မဟာနာဂအနွယ်သီဟိုဠ်ဂိုဏ်း

ဤ (၆)ဂိုဏ်းတို့သည် တဂိုဏ်းနှင့် တဂိုဏ်းမသင့်မြတ်ကြသောဂိုဏ်းများဖြစ်၏။

(၆၄၆) ခုနှစ်တွင် တရုပ်စစ်ပုဂံသို့ရောက်လာသဖြင့် နရသီဟပတေ့မင်းမှာ ပုသိမ်သို့ ရှောင်တိမ်းနေပြီ (၅)လခန့်အကြာပြည်သို့ပြန်လာ၏။ ပြည်မြို့တွင်သားတော်သီဟသူက အဆိပ်ကျွေး၍ သတ်သဖြင့်

သီဟပတေ့မင်းအနိစ္စရောက်လေ၏။ ပုသိမ်စားနောင်တောင် ဥဇနာကိုလုပ်ကြံ၍ သတ်ပြီးနောက်ညီတော် ဒလမြို့စား ကျော်စွာကို လုပ်ကြံသော် မအောင်မြင်ဘဲ အရေးနိမ့်၍ ညီတော်ကျော်စွာလက်ချက်ဖြင့် ကံကုန်လေသည်။ ကျော်စွာ မင်းလည်းနောင်တော်နှစ်ပါး၏ အလုံးအရင်းကိုသိမ်း၍ ပေါက္ကံသို့စုပြီးလျှင် သက္ကရာဇ် (၈၄၈) တွင်မင်းပြုလေ၏။ ကျော်စွာမင်း လက်ထက် ထိုဂိုဏ်းသံဃာတို့သည် အသီးသီး သံဃကံကိုပြုကြ၍ တလိုင်းပြည်တွင်နေကြလေ၏။

ပုဂံမင်းကျော်စွာကို မြင်စိုင်းသိယ်ဗိုလ်သားညီနောင်သုံးယောက်လုပ်ကြံ၍ (သက္ကရာဇ် ၆၆၀) ခုနှစ်တွင် နန်းကျလျှင်မြင်းစိုင်းကိုနောင်တော်ကြီး ရာဇသင်္ကြန်မက္ခရာကိုနောင်တော် လတ်သခ်ရာပင်လယ် ကိုညီတော်သီဟသူတို့ မင်းပြုကြလေ၏။

ပင်လင်မင်းသီဟသူသည် မြစ်ငယ်အရှေ့ဘက်လာ၍ တပ်စွဲပြီးမြို့တည်နေ၏။ (၃)လခန့်ရှိလျှင် ဆင်ခင်း မြင်းခင်း၊ မသာ၍အင်းဝဘက်ပြောင်းပြီး ရွာကြီးတည်နေ၏။ မိုးတွင်း၌ ငါးလိပ်၊ ဘီလူး၊ ရေဘေး၊ ဘေးသုံးပါးနှိပ်စက်သောကြောင့် အသေအပျောက်များ၏။ ဆင်းရဲကြ၏။ သီဟသူမင်းလည်း တောင်ပလူပရက္ကဆရာတော်ကိုပင့်၍ အကြောင်း အရာကိုလျှောက်လျှင် တောင်ပလူ ပရက္ကမဆရာတော်သည် မင်းကြီးဘုရားသခင်စစ်ကိုင်း ကြွတော်မူစဉ် ကာလဗန္ဓစက္ကပ္ပဗတောင် သီတင်းသုံးပြီးနေသောအခါ (၉) သိန်း (၉)သောင်းသောဘီလူးတို့ခဲတို့ဖြင့် ပြစ်ခတ်သည်ကို တန်ခိုးတော်ဖြင့်နှိမ်နင်းပြီးလျှင် ဘီလူးတို့ပြေး စေ၏။ ဇောတဘီလူးအမှူးရှိသော ငါးကျိပ်ငါးယောက်သော ဘီလူးတို့ တရားတော်ကို နာရသဖြင့် သောတပန်တည်ကြပြီးမှ ဗမော်ခွေးလုံး စန္ဒာလတိုင်အောင် ကြွတော်မူပြီးသာသနာတော် ဆန်တက်၍ ထွန်းတောက်ပပေလတံ့။ ငါ၏သာသနာ၌တွင် ကုန်ဆုံးလတ္တံ့ ဟုဗျာဒိတ်ထားတော် မူခဲ့ပြီးမှ အရှေ့ဘက်သို့ကူးပြောင်းတော်မူ၍ ပြန်လည်တော်မူခဲ့ပြီး လျှင် ကမ္ဘောဒီပတိုင်းသို့ ရောက်တော်မူသဖြင့် သာသနာတည်ရာ ဗန္ဓစက္ကပဗ္ဗတတောင်သို့ ပြန်ရောက်တော် မူ၏။ ဇောတဝဘီလူးစသော (၅)ကျိပ် (၅)ယောက်သော သောတပံန် နတ်ဘီလူးတို့သည် ဘုရားရှင် ကြွလာကြောင်းသိ၍လာရောက်ပူဇော်နေကြစဉ် ငါ၏ တပည့် ဒိဗ္ဗစက်သည် ဤအရပ်ဒေသ၌ ငါ၏သာသနာတော်ကို ထွန်းပအောင်ပြုလတ္တံ့ဟု ဗျာဒိတ် ထားတော်မူခဲ့ကြောင်း သမိုင်းစာ ဖတ်ရသည်။ ထို့ကြောင့်မင်းကြီး တပို့တွဲလပြည့်ကျော် (၃) ရက်နေ့ (၅)တေးနေ့တွင် နေပြည်တော်မှ အနောက်စူးစူးကြွ၍ သာသနာပြုပုဂ္ဂိုလ် ကိုစောင့်လော့ဟု မိန့်တော်မူလျှင် ထိုအမိန့်အတိုင်း သီဟသူမင်းလည်းထိုနေ့၌ ထွက်၍ စောင့်နေ၏။

ရှင်ဒိဗ္ဗစက်သည် ငါ၏ဆရာရှင်မဟိန္ဒမထေရ်မိန့်တော်မူသည့်အတိုင်း သာသနာပြုချိန်ရောက်မရောက်ဆင်ခြင်လတ်သော် ရောက်ကြောင်းသိ၍ သီဟိုဠ်မဟာစေတီမှ ဓါတ်တော်ရှစ်ဆူ ပင့်ယူတော်မူပြီးလျှင် ပေါက္ကံသို့ ပဌမဦးစွာကြွတော်မူ၏။ ထိုကမှ အင်းဝတည်အရပ်သို့ကြွတော်မူ၏။ သီဟသူမင်းကြီးလည်း သာသနာပြုပုဂ္ဂိုလ်ကို ကြိုဆို နေကြောင်းသိ၍ မင်းရှေ့မှောက်ကောင်းကင်မှ ရပ်၍နေတော်မူ၏။ သီဟသူမင်းကြီးမြင် လျှင်ဆင်တော်ပေါ်မှ ဆင်း၍မြေ၌ရပ်လျက် လက်အုပ်ချီပြီး ဖူးမျှော်နေ၏။

ထိုအခါရှင်ဒိဗ္ဗစက်လည်း ကောင်းကင်မှဆင်းသက်၍ညောင်ပင်ရင်း၌သီတင်းသုံးနေ တော်မူ၏။

မင်းကြီးလည်းရှင်ဒိဗ္ဗစက်ကိုဦးခိုက်၍ (အရှင်ဘုရားအဘယ်အရပ်မှကြွလာတော် မူပါသနည်း။ တကာတော်မင်းကြီး ဝေသာလီပြည်ကကြွလာပါသည်။ အဘယ်မျှလောက်ကြာပါသနည်း။ ယနေ့နံနက်က ကြွလာ၍ယခုမွန်းတည့်ဤအရပ်မှာရောက်ပါသည်ဟုမိန့်လျှင် မင်းကြီးလည်းမချွတ် ရဟန္တာ ဖြစ်ရမည်ဟုယုံကြည်တော်မူ၏။ နောက်ပါးမှ မတ်ဗိုလ်ပါ များကသံသယဖြစ်နေကြ၏။ ထိုအကြောင်းကို မထေရ်မြတ်သိတော်မူ၍ကောင်းကင်ပျံ တက်ပြီးရာဇဝါဒသုတ်ကိုဟောတော်မူ၏။ ထိုအခါမင်းနှင့် တကွအားလုံးအလွန်ကြည်ညို ကြလေသည်။ မင်းကြီးလည်း ရှင်ဒိဗ္ဗစက်ကိုနန်းတော်သို့ပင့်၍ ဆွမ်းပြုစု တော်မူ၏။ အမတ် တစ်ယောက်ကိုလည်းအရှင်မြတ်သီတင်းသုံးရန် ယခုရန်အောင်မြင်ဘုရား နေရာလျှင်စွာ တည်းကျောင်းဆောက်စေ၏။ ဆွမ်းဘုဉ်းပေးပြီးလျှင် မထေရ်မြတ်က သာသနာပြုလာ ကြောင်းနှင့်စပ်လျဉ်းသော တရားစကားများကို ဟောကြားတော်မူသည်မှာ -

မင်းကြီးငါ၏ ဆရာရှင်မဟိန္ဒပါလမထေရ် ပရိနိဗ္ဗာန်မပြုမီကာလတကာတော် မင်းကြီးလက်ထက်သာသနာပြုရစ်ဟု မိန့်တော်ရှိခဲ့၏။

မင်းကြီးလည်း သာသနာတော်ပြုပုံအခြင်းအရာမိန့်တော်မူပါဘုရားဟုတောင်းပန်၏။ တကာတော်မင်းကြီး သာသနာပြုရန်ကိစ္စမှာ ပဌမဦးစွာသာသနာတော်၏အယူဖြစ် သောထေရ်ဝါဒကို သွေဖီ၍ ထေရဝါဒမှခွဲထွက်ကြသော ဂိုဏ်းများ၏အကျင့်ကို ထေရ်ရဝဒါ နှင့်ကိုက်မကိုက်စိစစ်၍ ရှင်းလင်းရမည်။

ဒုတိယမှာ ရဟန်းသံဃာတို့သည် ဝိနည်းနှင့်ကျင့်အောင် မင်းတို့စောင်မ၍ ကျင့်စေ ရမည်။

တတိယမှာ ဝိနည်းပညတ်တော်သုတ်တရားတော်အဘိဓမ္မာတရားတော်တို့ကို သင်ကြားပို့ချစေရမည်။

စတုတ္ထမှာ - ကိုယ်စားတော် သရီရဓါတ်တော်ရုပ်ပွားဆင်းတုတော် စေတီပုထိုးတော်တို့ကိုတည်၍ ကိုးကွယ်စေခြင်းသည် သာသနာတော်အံရှည်တည်တန့်ပေသည်။ တကာတော် မင်းကြီးဟု မိန့်တော်မူပြီးနောက် ဆွမ်းအနုမောဒနာတရားများဟောကြားပြီး ဝေသာလီပြည် မိမိနေရင်း ကျောင်းတော်သို့ ပြန်ကြွတော်မူ၏။

သီဟသူမင်းကြီးလည်း မထေရ်မြတ်အား ဤပြည်သို့သာသနာပြုရန် ပင့်တော်မူ လိုက်ပြီးလျှင် မထေရ်မြတ်နှင့် ရှေးဦးစွာတွေ့ရသော (ယခုပန်းယရန်အောင်မြင်ဘုရား နေရာတွင်) အလျှင်တဆောနေ့ချင်းပြီးကျောင်းဆောက်စေ၏။ နံနက်မိုးသောက်ထတွင် ရှင်ဒိဗ္ဗစက် မထေရ်မြတ်သည် နောက်လိုက်ရဟန်းငါးပါးနှင့် ကောင်းကင်မှကြွပြီး မင်းဒိမ် သို့ဆွမ်းဘုဉ်းပေး ကြွတော်မူ၏။ ဆွမ်းဘုဉ်းပေးပြီးနောက် သရဏဂုံနှင့်တကွ ငါးပါးသီလ ယူစေပြီး အနုမောဒနာ အပ္ပမာဒ သုတ်တော်ကိုဟောတော်မူသော အဆုံး၌လည်းတကာတော်မင်းမြတ် ယခုမင်းကြီး နေသောအရပ်သည် သာသနာပြုစုရာအရပ်မဟုတ်ချေ။

ငါမထေရ်မြတ်ထံ စစ်ကိုင်းသောတာပန်နတ်ကြီးတို့လာ၍ ဒက္ခိဏအရပ် ဗန္ဓစက္ကပဗ္ဗတောင်၏အနီးတွင် သာသနာပြုစုတည်ထောင်ရမည်ဟု ဘုရားသခင်ဗျာဒိတ်ရှိခဲ့၏ ဘုရားတပည့်တော်များသိလိုက်ဘူးပါကြောင်းဟု ငါမထေရ်မြတ်ထံ သောတာပန်နတ်ကြီး လျှောက်ထားလာ သည်။

ငါမထေရ်မြတ်ကိုကြွတော်မူ၍ သာသနာပြုတော်မူပါဟု ပြန်ပါ သောကြောင့် ငါလည်း ကြွလာရသည်။ ထို့ကြောင့်မင်းကြီးထိုတောင်အနီးမြို့နန်းတည်၍ သာသနာပြုလော့ဟု မိန့်တော်မူ၍ ကျောင်းပြန်ကြွတော်မူ၏။

ထိုနေ့တွင်မထေရ်မြတ်နောက်လိုက်၍ ငါးထောင်လောက်ရဟန်းသာမဏေပြုကြ လေ၏။ မင်းကြီးနှင့်တကွမှူးမတ်တို့သည် ရှင်ဒိဗ္ဗစက်စကားကို ကြားနာ၍ ဘေးသုံးပါး နှောင့်ယှက်ဖျက်ဆီး၍ တုန်လှုပ်ခြောက်ချားသောစိတ်ကင်းပျောက်ကြပြီး ညီညီညွတ်ညွတ် စည်းဝေးကြပြီးနောက် မင်းကြီးအမိန့် အရ မြို့နန်းတည်ရာနေရာ

စနည်းတပေါင်နာစေသော်
ထောင်းလည်းလျှင်လျှင်ထောင်း
ရောင်းလည်းလျှင်လျှင်ရောင်း
အရေမသာဒိက္ခဏာသို့ပြောင်း

ဟူသောတပေါင်ရ၏။ အဓိပ္ပါယ်ကား သာသနာတော်စောင့်နတ်တို့ ဤအရပ်တွင်း မြို့မတည်စေလို တောင်အရပ်သို့ပြောင်း၍ တည်စေလို၏ဟု အဓိပ္ပါယ်ရသည်။

ထို့ကြောင့် အဝတည်ရာသန်လျက် စွန်းတောင်သင်ပန်းအရပ်သို့ ပြောင်းတော်မူ၍ မြို့နန်းတည်ရာကြည့်ပြီးလျှင် ရွှေစည်းခုံဘုရားတည်ရန်မြေကိုတူးသော် ရွှေအဆင်းကဲ့သို့သောမြေတွင် အရိုးအရွက်အသီးတို့နှင့်တကွ ရွှေပန်းပင်ရ၍ ဤအရပ်ကား မင်းဝံတောင်ညွန့်လည်းဖြစ်သည်၊ မြေမြတ်လည်းမှန်သည်။ ထိုအရပ်၌ မြို့တည်အံ့ဟု-

သက္ကရာဇ်ခြောက်ရာခုနှစ်ဆယ့်လေးခု တပေါင်းလဆန်း (၁၅)ရက် ဗုဒ္ဓဟူးနေ့တွင် နန်း၊ မြို့၊ ကျုံး၊ ရွှေဂူဘုရား၊ အတွင်းရွှေကျောင်း၊ ထောက်ရှည်ကန်၊ ကန်လှ၊ ဤခုနှစ်ဌာန တချိန်တည်းတည်တော်မူ၏။ မြို့ရာကြည့်သော ရွှေပန်းရသောကြောင့် ပန်းရ‌ဟုတွင်သည်။ ရှည်သဖြင့် ပင်းယဟုခေါ်ကြ၏။ မြို့အမည်ကား ဝိဇယပုရ ပန်းရပြည်" မင်းအမည်ကား သီရိတြိဘဝနာဒိတရာ ပဝရသီဟသူရ မင်းဆရာကား ရှင်ဒိဗ္ဗစက္ခုခေါ် ရှင်ဒိဗ္ဗစတိ ကုသိုလ်တော် ကား ကောင်းမှုတော်၊ ရွှေစည်းခုံဘုရား ၄င်းဘုရားတွင် မင်းစည့် ကိုးကွယ်သောဓါတ်တော် ခုနှစ်ဆူ အနက် (၅)ဆူကို ရွှေကွမ်းတော်တွင်ထည့်၍ ဌာပနာ တော်မူသည်။ ၄င်းရွှေကွမ်းခွက်တော်က မိဖုရားဖွားစောသည် အနော်ရထာမင်းကြီးထံမှ အမွေရသော ရွှေကွမ်းခွက်တော်ဖြစ်၏။ ထိုရွှေကွမ်းခွက်တော်ကို မိဖုရားဖွားစောကတစီးရှင်သီဟသူဦးကင် ဖွင့်သောနေ့တွင် လက်ဆောင် ပေးခဲ့တာဖြစ်၏။ သီဟသူက ဦးကင်ဖွင့်အခမ်းအနားလုပ်ဆောင်ပုံမသိ၍ ဖွားစောကိုပင့်ခေါ်ပြီး မေးမြန်း၍ လုပ်ဆောင်ရ၏။ ထိုဦးကင်ဖွင့်ပွဲတွင် ဖွားစောကချီးမြှင့်ခဲ့၏။ သီဟသူကလည်း မြတ်နိုးလှစွာ ဓါတ်တော် ဌာပနာ၍ လှူ၏။

ကျန်ဓါတ်တော် (၂) ဆူကို ပတိမ်ငစိန်သင်လက်တွင်ပါ၍ သူ့ထံမှပုည အမတ်ရပြီး ပုညရှင်စေတီတွင် ဌာပနာလေသည်ဟု ဆို၏။ရှင်ဒိဗ္ဗစက်ခေါ် ရဟန္တာထွေးသည် ရွှေ စည်းခုံဘုရားကြီးကြပ်ပြီး တည်ပေးတော်မူ၏။ ရှင်ဒိဗ္ဗစက်သည် ပန်းရရွှေစည်းခုံဘုရားကြီး ကို ဌာပနာသွင်းပြီးနောက် ဝေသာလီပြည်သို့ ပြန်သွားလေသော် တစီးရှင်သီဟသူမင်းလည်းအိမ်နိမ့် (၃၆)နှစ် စည်းစိမ်မြင်စိုင်းတွင် (၁၂) နှစ်တပ်ကြီးသန်လျက်စွန်း

နေပြီး ပန်းရထည် (၃) နှစ်၊ ပင်းယမြို့တွင် (၁၂) နှစ် နှစ်ပေါင်း (၂၄) နှစ်သက်တော် (၆၀) တွင် အနိစ္စရောက်လေ၏။ မင်းကြီးအနိစ္စရောက်ကြောင်း ဘုမ္မစိုးနတ်တို့ လျှောက်သဖြင့်သိရ၍ မထေရ်မြတ်သည် တပည့်တကာမများကို အနိစ္စသဘောတရားများ ဖြင့်ဆုံးမတော်မူ၏။

ငှင်းနှစ်သားတော်အိမ်ရှေ့ဥဇနာမင်းကြီးနန်းတက်ကြောင်းသိတော်မူရ၍ မထေရ် မြတ်လည်း ဂိရ္ဈကုဋ်တောင်သို့ကြွ၍ ရှင်သီဝလိခါတ်တော် ဆရာမဟိန္ဒမထေရ်ဓါတ်တော် များကိုပင့်ဆောင်ပြီးလျှင် ဥဇနာမင်းကြီးအားပေးအပ်၍ ဌာပနာစေသည်။ ရှင်ဒိဗ္ဗစက်လည်း ရွှေစည်းခုံပြီးအောင်ဆိုင်းငံ့၍ နေစဉ်အတွင်းတပည့်သံဃာများကို ပိဋကတ်များကိုပို့ချ တော်မူသည်။ ရွှေစည်းခုံဘုရားလည်း ဥဇနာမင်းကြီးဆက်တည်၍ ပြီး၏။ ရှင်ဒိဗ္ဗစက်လည်းသက်တော် (၈၅)နှစ် အရောက်တွင် ဝေသာလီပြည်ပြန်ကြွတော်မူ၍ ပရိနိဗ္ဗာန်ပြုလေသည်။

ရှင်ဒိဗ္ဗစက်၏ တပည့်တော်အဆက်ဆက် ထေရဝါဒမပျက်စီး ရှင်သီဟသုနောက် မိုးညှင်းမင်းတြားလက်ထက်တိုင် ဝိနယမရချည်ဖြစ်၍ သာသနာတော်မပျက်တည်ရှိ၏

သီဟိုဠ်ကသီရိသဒ္ဓလင်္ကာရမထေရ်နှင့် သီဟိုဠ်မဟာသာမိထေရ်နှစ်ပါးတို့ သရီရ ဓါတ်တော် (၅)ဆူပင့်ဆောင်ခဲ့၍ ပုသိမ်မှအင်းဝသို့ရောက်လျှင် မိုးညှင်းမင်းတရားသည် ရွှေဖောင်ဖြင့် ကြို၍ နန်းတွင်းသို့ ဓါတ်တော် (၅)ဆူရောက်လျှင် မြေကြီးလျှောင်ပြင်းစွာလှုပ်လေ၏။ မင်းကြီးလည်း အားရတော်မူ၍ ရဟန်းရှင်လူပြည်သူအများကိုးကွယ်နိုင်စေရန် စစ်ကိုင်းနောက် သက္ကရာဇ် (၇၉၂) ခုတွင် ရတနာစေတီဆင်များရှင်ဘုရားတည်၍ ကိုးကွယ်လေ၏။ သီဟိုဠ် မထေရ်တို့လည်း ကျောင်းဆောက် လှူတော်မူ၏။ ထိုမထေရ် နှစ်ပါးကိုလည်း သာသနာပြုအပ် တော်မူ၏။

သက္ကရာဇ် (၆၄၈) ခု တစီးရှင်သီဟသူ သားအိမ်ရှေ့ဥဇနာနန်းတက်၏။ စကားခုနှစ် ကျောင်းဆောက်၍ (ဇမ္ဗူကကျောင်းမတော်) ဟုအမည်တပ်၍ ဆူးခြံပစ်ဆရာတော် တင်လှူ၏။

သက္ကရာဇ် (၇၀၄) ခုတွင် ညီတော်ကျော်စွာနန်းအပ်၍ သူ့ကျောင်းနားတွင် အိမ် ဖြူတော် ဆောက်၍ သံဃာတော်များကို ပစ္စည်းလေးပါးဖြင့် ပြုစုလှူဒါန်း၍ နေလေ၏။ (၃)နှစ်ကြာသော် မကွေးရာအရပ်တွင် တောထွက်၍ ရဟန်းဝတ်နေတော့၏။

ညီတော် (၅) စီးရှင်ကျော်စွာမင်းသည် ပင်းယမြို့အနောက်တောင် လေးမျက်နှာ ဘုရားတည်ရန်အုတ်မြစ် (၃)လွှာလောက်စီကာမျှဖြင့် မကျန်းမာဖြစ်၍ ဟူးရားတို့မေးသောအခါ ဘုံမိအရပ်ဖြစ်၍မသင့်ကြောင်းလျှောက်၏။ ဖျက်ပြီးတည်ရန်ရည်စူးသော်လည်း ထိုရောဂါဖြင့် အိမ်နိမ့် (၄၃) နှစ် စည်းစိမ် (၉) နှစ် အသက် (၅၂) နှစ်တွင် အနိစ္စရောက်၏။

သားတော်ကျော်စွာငယ် (၇၂၀) ခုတွင် နန်းတက်၏။ တူရွှင်းတောင်ခြေ၌ ဥမင် တည်ဆောက်လှူ၏။ ဝတ်မိုးဝတ်မြေလည်းလှူ၏။ အိမ်နိမ့် (၂၂) နှစ်၊ စည်းစိမ် (၁၀) နှစ် အသက် (၃၂)နှစ် တွင် အနိစ္စရောက်၏။

သက္ကရာဇ် (၇၃၀) တွင် ညီတော်နရသူနန်းတက်၏။ စည်းစိမ် (၅) နှစ် အသက် (၃၂) တွင်

ရှမ်းက တိုက်၍ ပင်းယပျက်၏။

နရသူနောင်တော် ဥဇနာပြောင်ကို အမတ်တို့က မိဖုရားဖွားစောဉမ္မာနှင့် နန်းတင်ကြ၏။ (၃)လအကြာတွင် သတိုးမင်းဖျားကြခတ်ရောက်လာ၍ ဥဇနာပြောင်ကို လုပ်ကြံ ပြီးစောဉမ္မာကို မိဖုရားမြှောက်၍ ပင်းယကိုမင်းပြု၏။

## စစ်ကိုင်းတည်ခြင်း

တစီးရှင်သားမင်းစောယွမ်းသည် ပင်းယကိုခြားနား၍ (သာသနာ ၁၈၅၉ခု ကောဇာ ၆၇၀ ခု) တွင်စစ်ကိုင်းမြို့တည်ပြီးလျှင် သီရိအသင်္ခယာဘွဲ့ခံ၍ မြောက်ဘက်တလွှားမင်း ပြုလေ၏။ ထိုနှစ်တွင်စေတီလှုတည်၏။ (၆၈၂) ခုနှစ် စစ်ကိုင်းတောင်ခြေရင်း၌ စကြံန်ကျောင်းဆောက်၍ ရှင်ဒိဗ္ဗစက်တပည့် ဝိနည်းဆောင်မထေရ်အား (၆၈၄)တွင်ရေစက်ချ လှူဒါန်း၏။ ထိုနေ့တွင် မင်းစောယွမ်းအနိစ္စရောက်၏။

ထိုနှစ်နောင်တော်တရာဖျားကြီးသည် ညီတော်၏မိဖုရားနှင့် နန်းတက်၏။ စစ်ကိုင်းမြို့အရှေ့ကျောင်းဆောက်၍ (သာသနာကျောင်းတော်)ဟုကမ္ဗည်းတပ်ပြီး ဝိနယရေ ပုဂ္ဂိုလ်အား တင်လှူသည်။

(၆၈၉) ခုနှစ်တွင် သားတော်ရွှေတောင်တက်ကဖမ်း၍ ချုပ်ထားပြီး သီရိသီဟသူရဘွဲ့ ခံ၍ ရွှေတောင်နန်းတက်လေ၏။ ကျစွာညီနောင်တစ်စုနှင့် စိုးမင်းကိုယ်တော်ကြီးတို့ စစ်ကိုင်းမှ ထွက်ပြေးကြ၏။ မင်းပူးမှာပုံးနေ၏။ နောက်အခါစစ်ကိုင်းသို့ ပြန်လာကြပြီး နန္ဒပကြံအမတ်နှင့်တွေ့ကြ၍ လျှို့ဝှက်စွာ ကျစွာတို့ကိုဝှက်ထား၏။ တရာဖျားကြီး၏ မိဖုရားကအမတ်စသော မင်းမှုထမ်းများကို လာဘ်ပေးပြီးစည်းရုံး၍ ရွှေတောင်တက်ကို လုပ်ကြံလိုက်၏။ စည်းစိမ် (၃)နှစ် အသက် (၂၈)နှစ် တွင်ရွှေတောင်တက် အနိစ္စရောက်၏။ တရာဖျားကြီးကို အချုပ်မှယူပြီး မိဖုရားကြီးနှင့်တကွနန်းတင်ကြ၏။ ထိုအကြောင်းကို နန္ဒပကြံအမတ်ကောက်စိုက်ရာကကြား၍ လာရာလမ်းတွင် ချစ်နောင်ရင်းဆင်ကိုစီးလာ သောဦးစီးနှင့်တွေ့၍ ရွှေကွမ်းခွက်လာဘ်ထိုးပြီး ဆင်ကိုယူစီး၍ နန်းတွင်းဝင်လေသည်။ တရာဖျားကြီး နန်းပေါ်ရောက်သည်ကိုတွေ့၍ နန္ဒပကြံက မင်းကြီးသည် ပြည်ရွာနှင့် ဆန့်ကျင်သောများစွာသော အမှုတို့ကိုသာပြုသောကြောင့် ကျွန်ုပ်က နန်းချ၍ ရွှေတောင် ဘက်တင်သည်။ အသင်မင်းဖြစ်ပြန်က ကျွန်ုပ်တို့အားလုံးပျက်စီးတော့မည်ဆိုပြီး နန်းထက် တွင်လုပ်ကြံလိုက်၏။စည်းစိမ် (၁၄)နှစ် အဖမ်းခံရသည်။ ၃ နှစ် အသက် (၄၁) နှစ်တွင် တရဖျားကြီးအနိစ္စရောက်၏။

သက္ကရာဇ် (၇၀၁) ခုတွင် အသင်္ခယာစောယွမ်းသားတော်အကြီး ကျစွာကို နန္ဒပကြံ အမတ်ဝှက်ထားရာကယူပြီး နန်းတင်၏။ အမြင့်မြို့သမန္တာစာဘုရားရှင်ကိုထွက်ပြေးနေစဉ်က ဆုပန်ထားသည့်အတိုင်း ဇရပ်ဆောက်၍ ဝတ်မိုးဝတ်မြေလှူလေ၏။ အဘယဂီရိ အမည်ရှိသော ကျစွာကျောင်းကြီး (၂)ဆောင်လည်း ဆောက်လုပ်လှူဒါန်းလေ၏။ အဘိ မွှာဆောင် ပုဂ္ဂိုလ်မြတ်အား တင်လှူ၏။ စည်းစိမ် (၁၀)နှစ် အသက် (၃၂) နှစ်တွင် အနိစ္စရောက်၏။

သက္ကရာဇ် (၇၁၁) ခုတွင်ညီတော်ဆင်ဖြူရှင်အနော်ရထာမင်းရဲ နန်းတက်၏။ မင်းကျောင်းဆောက်လှူ၍ တောရမထေရ်အားတင်လှူ၏။ စည်းစိမ် ၇ လ အသက် (၃၀) ရလတ်သော် အနိစ္စရောက်၏။

(၇၁၁) ခုညီတော်တရဖျားငယ် နန်းတက်၏။စကားကျောင်းဆောင်ကို ဆောက်လုပ်၍ပဘာချောင်တောရထေရ်ကို တင်လှူ၏။ စည်းစိမ် (၃) နှစ် အသက် (၃၂) တွင် အနိစ္စ ရောက်၏။

(၇၁၄) ခု အသင်္ခယာစောယွမ်း သမီးစိုးမင်းကိုယ်တော်ကြီး၏ သားတော်မင်းပြောက်နန်းတက်၏။ စိုးမင်းကိုယ်တော်ကြီးလည်း စစ်ကိုင်းတွင်ဘုရားတည်၏။ မင်းပြောက် နန်းတက်သောနှစ် တပေါင်းလဆန်း (၁၀)ရက်နေ့ စည်းခုံဘုရားကြီးတည်တော်မူ၏။ (၂)နှစ်တည်ရ၏။ မင်းပြောက်သည် ရှမ်းကိုမခံနိုင်၍ ကြခတ်ဝရာကို ထွက်ပြေး၏။ ၎င်းအရပ်တွင် သတိုးမင်းဖျားအမတ်များ ကလုပ်ကြံ၍ စည်းစိမ် (၁၃) နှစ် အသက် (၅၅) နှစ်တွင်အနိစ္စရောက်၏။

## အင်းဝတည်ခြင်း

သက္ကရာဇ် (၇၂၆) ခု ကဆုန်လစစ်ကိုင်းပျက်၏။ နယုန်လ ပင်းယပျက်၏။ ဝါဆိုလ ဥဇနာပြောင်နန်းတက်၏။ ၎င်းနှစ် တော်သလင်းလတွင် ဘထွေးတော်မင်းပျောက်၏ ဆင်မြင်းစစ်သည် အလုံးအရင်းတို့ကို သတိုင်းမင်းဖျားယူ၍ ပင်းယဥဇနာပြောင်ကိုတိုက်သည် ဥဇနာပြောင်နန်းကျသည်။ သတိုးမင်းဖျားနန်းတက်၏။ တပေါင်းလအင်းဝမြို့တည်သည်။ စစ်ကိုင်းအင်းဝမြို့တည်ရန် တပေါင်နာ ရာတွင် -

ကဘီးတောင်းစေ၊ ခြေကောင်းစေ
တဘက်ခါးဆီး၊ ချေးကြီးတဖြာ၊ ပန်းမှုသာ
ဤတပေါင်အရ စစ်ကိုင်းမသင့် အင်းဝသင့်မည်လားဟု

တပေါင်နာရာ -

ပြရယ်သည်လော၊ သွယ်သည်လော
ပြရယ်သင်တိုင်း၊ မြနှင့်နှိုင်းသည်
စောကျိုင်းပတ်စာနယ်သည်လော
အမွှေတဖုံ၊ အခွဆုံကို ရွယ်သည်လော။

ဟုထွက်၏။ ထို့ကြောင့် ကျေည်းအင်း၊ ကျောက်မှော်အင်္ဂအင်း ၊ ဘူးအင်း၊ ဥနဲ့အင်း များကိုမြေဖို့စေ၍ အင်းဝမြို့တည်၏။

ထိုအခါမင်းတဲနန်းတော်တွင် တဲဘိုင်ကိုမြေထဲကမြွေပတ်နေ၏။ မြွေလွန့်တိုင်း တဲလှုပ်၏။ မြေတူးကြည့်သော် စပါးကြီးမြွေတွေ့၍ ပိဋကတ်ဗေဒင်တတ်ကျမ်းသောပတုကြီး သံယရာဇကို လျှောက်သော်

သာသနာတော်ထွန်းလတ္တံ့။ ဤပြည်ကိုမှီ၍နေသူ တို့သည် ဝပြောချမ်းသာလတ္တံ့၊ နိမိတ်ဖတ်၏။ ခွေကိုလည်းဘေးမဲ့ပေး၏။ ထိုညဥ့်သတိုး မင်းဖျားအိပ်မက် သည်မှာ -

အင်းဝမြို့တည်ရာလက်ပံပင်ကြီးရှိ၏။ အဖျား၌ ဆဒ္ဒန်ဆင်ပျံနား၏။ ကိုင်း (၄) ကိုင်း၌ ရဟန္တာလေးပါး ပရိက္ခရာရှစ်ပါးလွယ်လျက် တည်၏။ အပင်ရင်းခြသေ့်စောင့်၏။ အမြစ်နဂါးစောင့်၏။ အကိုင်းတည်ရာ ရဟန္တာ (၄)ပါး ဂဠုံသုတ်၏ဟု မြင်မက်၏။

ထိုအကြောင်းကို လျှောက်ပြန်သော် လက်ပံပင်တို့ သဘောကားကြီးမား၏ အနှစ်မရှိ (၃)နှစ်တကြိမ်အရွက်အသီးတို့နှင့်ပြည့်စုံ၏။

ထို့ကြောင့်ဤပြည်နေသူများချမ်းသာကျော်စောမည်။ သုံးနှစ်တစ်ကြိမ်အထူး စည်ကားမည်။ အပင်အဖျားဆင်နားမည်မှာ ဘုန်းလက်ရုံးနှင့်ပြည့်စုံသော ဗုဒ္ဓဟူးသား မင်းမြတ် ဤမြို့ကိုတည်ရခြင်းဖြစ်၏။ အကိုင်း (၄)ကိုင်း၌ ရဟန္တာတည်သည့်အလိုကား မြို့အလုံး၌ သာသနာတော်ထွန်းကားမည်။

ရဟန္တာ (၄)ပါးဂဠုံသုတ်သည်အလိုမှာ တနင်္ဂနွေမင်းလက်ထက်သာသနာတော် သုတ်သင်လတ္တံ့။

အပင်ရင်းခြသေ့်စောင့်သည်အလိုကား ပြည်ထောင်သက်မင်းတို့ အရမ်းကြောက်ရွံ့ လာမည်။

အမြစ်နဂါးစောင့်သည့်အလိုမှာ - စနေမင်းလက်ထက်မြို့ပြောင်းတည်လတ္တံ့ ဖြစ်သည်ဟုဖတ်၏။

သက္ကရာဇ် (၇၂၆)ခု၊ တပေါင်းလဆန်း (၆)ရက်၊ အင်္ဂါနေ့ နက္ခတ် ၂၆လုံး (၁ နေ့ ၆ ကြာ ၄ ဟူး တုမ် )(၅ တေး စနေတျ) (ရာဟု ကရကဋ်) (၃ ဂ်ီမကာရအုတ်ပြုလျက်) ညဥ့် ၃ ဗဟိုရ်အလွန် တူလဂ်တွင် ရတနာပူရ အင်းဝရွှေမြို့တော်တည်သည်။

(၇၂၇) ခုတွင် ငန္ဒယ်ကုန်းစားတောင်တွင် စားစကုစားတို့ခြားနား၍ အလုံးအရင်းနှင့် စကုသို့ချီ၏။ ပုဂံရောက်လျှင် ရွှေစည်းခုံဘုရားဖူးပြီး ပုဂံကိုအလိုပြည့်လျှင် ဝတ္ထုကံမိုးမြေ ကျွန်သည်တော် များလှူတော်မူ၍ ကျောက်စာရေးထိုး၏။ ထိုမင်းလက်ထက် သစ္စာရှိသူ သူခိုးတောက်ပြားပေါ်၏။ စစ်ကိုင်းတွင် မရှိုခဏဘုရားတည်၏။

သတိုးမင်းဖျားပင်းယတွင်စည်းစိမ် (၇)လ အင်းဝတွင် (၃)နှစ် အဝင်တွင် အနိစ္စ ရောက်၏။

(ဘုရား၊ တရား၊ သံဃာကိုဝတ်ကြေတန်းကြေသာပြုလုပ်၏။ သူခိုးတောက်ပြားလောက် မှမကိုင်းရှိုင်း)

သက္ကရာဇ် (၇၂၉) တွင် အမြင့်စားတရားဖျားစော်ကဲသည် မင်းကြီးစွာစော်ကဲဘွဲ့ ခံ၍ မင်းပြု၏။ ကောင်းမှုတော်များကား အဝမြို့ထောင့် ရွှေစည်းခုံဘုရားနှင့် ကျောင်းတော် ညောင်ရမ်း၌ ရွှေစည်းခုံဘုရားနှင့် ကျောင်းတော်ပေါက်ဝ၌ စည်းခုံဘုရားနှင့် ကျောင်းတော်ကစွန်းနိမ့်ရွာ၌ စည်းခုံဘုရားနှင့် ကျောင်းတော်အမြင့်မြို့၌ သာသနာပိုင် ကျောင်းတော်ကြီးနှင့် ထီးဖြူရုံတော် အဝမြို့၌ ထန်းတောစည်းခုံဘုရားနှင့် ကျောင်းတော် မြင်းမူမြို့၌ စည်းခုံဘုရား နှင့်ကျောင်းတော်တပ်ကြီးအရပ်၌ စည်းခုံရတနာဂူဘုရားနှင့် ရွှေဇရပ်တော် ဤကောင်းမှုတော်များ ဆည်းပူး၍ စည်းစိမ် (၃၃)နှစ် သက်တော် (၇၀) တွင် အနိစ္စရောက်၏။

(၇၆၂) ခုတွင် သားတော် အိမ်ရှေ့မင်းဆင်ဖြူရှင်နန်းတက်၏။ (၅)လရှိသော်

အောင်ပင်လယ်အရပ်ကို ဗိုလ်ပါများနှင့် တောကစားထွက်၏။ သမင်တွေ့၍လိုက်ရာတွင် ဗိုလ်ပါနှင့်ကွဲပြီး တောနက်ထဲတယောက်ထဲရောက်သွားလေရာ ကောင်းကင်ကဇော်ဂျီကျ လာပြီး မင်းလက်ထဲက ခရုသင်းကိုတောင်း၏။ ပညာလည်းသင်ပေးပါမည်။ မင်းကြီးက ပညာကိုမလို နတ်သမီးကိုငါလို၏ဟု ပြော၏။ ဇော်ဂျီက မန်းမှုတ်ပြီး လက်ဖြစ်တီးလိုက်သော် ရသေ့တီ နတ်သမီးကျလာ၏။ မင်းကြီးကို နတ်သမီးပေး၍ လက်ယာရစ်ခရုကို ဇော်ဂျီယူသွား၏။ မင်းကြီးလည်း နတ်သမီးနှင့်ပျော်ပါးကြပြီး နတ်သမီးကွယ်ပျောက်သွား၏။ မင်းကြီးသည် နတ်သမီးတသသနှင့် ရူးရသောအဖြစ်သို့ဆိုက်၏။ တပ်တော်များနှင့် တွေ့၍ နေပြည်တော်သို့ခေါ်လာကြသော်လည်း နတ်သမီးကိုသာတမ်းတနေ၏။ လှပသော မင်းသမီးများနှင့် အစားထိုးသော်လည်းမရ။ စိတ်ဖောက်သွား၏။ အဝမြို့တောင် မရင်လယ်နား၌ စည်းခုံဘုရားအတောင် (၂၀) လောက်တည်တော်မူ၏။ ဘုရားငယ်၍ မင်းကောင်းမှု မပီသကြောင်းပြောသောအခါ (ဆင်မို့လို့စီးရမှာလား) ဟုမိန့်၏။ နောက်စိတ်မရပ်တည်နိုင်သောအခါ ထီးလှိုင်ရှင် ဂူတော်အောက်တွင် တစ်ယောက်တည်း ငါးများနေ၏။ ထိုအကြောင်းကြား၍ စစ်ကိုင်းစား ရာဇသင်္ကြန် နန်းယူလာရာ မြစ်လည်မှာ မုန်တိုင်းမိ၍သေ၏။

ဆင်ဖြူရှင်တယောက်တည်းသွားချင်ရာသွားလေရာ အထိန်းတော် ငနောက်ဆံ လုပ်ကြံ၍ စည်းစိမ် (၇)လအသက် (၃၂) နှစ်တွင် အနိစ္စရောက်၏။

အကောင်းစားငနောက်ဆံတနန်းတက်၏။ မှူးမတ်တို့လုပ်ကြံ၍ ငနောက်ဆံအနိစ္စ ရောက်၏။ မင်းဆွေကို မင်းပြုရန် အမတ်တို့တောင်းပန်ကြသော်လည်း မဟာပျောက်ကို လွှဲပေးလိုက်၏။ မဟာပျောက်လာသောအခါ ရှင်သိဒ္ဓတ်ကအလစ်ဝင်တိုက်၍ မဟာပျောက် ကျသွား၏။ အားလုံး ညီညွတ်စွာ မင်းဆွေကို နန်းတင်ပြန်၏။

သက္ကရာဇ် (၇၆၃) တွင် မင်းဆွေသည် ဘုရင်မင်းခေါင်ဘွဲ့ခံ၍ နန်းတက်၏။ ဆရာကပင်လယ်ကျေး သံဃရာဇာဖြစ်၏။ ကောင်းမှုတော်ကား ပင်းယရန်အောင်မြင် ဘုရားကြီးနှင့် ရွှေကျောင်းတော်ကြီး၊ ရွှေသိမ်တော်ကြီး စည်းစိမ် (၂၁) အသက်တော် (၄၉) တွင်အနိစ္စရောက်၏။

(၇၈၇) ခုနှစ်တွင် သားတော်အိမ်ရှေ့မင်းသီဟသူနန်းတက်၏။ တပက်ဆွဲအရပ်၌ ရွှေစည်းခုံဘုရားနှင့်ကျောင်းတော်ကိုလှူတော်မူ၏။ ဝတ်မိုးဝတ်မြေလည်းလှူတော်မူ၏။ စည်းစိမ် (၄) နှစ် အသက်တော် (၃၁) နှစ်တွင် အနိစ္စရောက်၏။

(၇၈၇) ခုတွင် တံဆောင်မိဖုရား၏သားတော် မင်းလှငယ်နန်းတက်၏။ မိဖုရားဘို့ မယ်ကအဆိတ်ခတ်၍ အနိစ္စရောက်၏။ စည်းစိမ် (၃လ) အသက် (၉) နှစ်တွင် ကလေး ကျေးတောင်ညို နန်းတက်၏။ နန်းတက်လို့ (၇)လအကြာတွင် မိုးညှင်းမင်းတြား စစ်ချီလာ၍ မိဖုရားဘို့မယ်ကိုယူပြီး ကျေးတောင်ညို ထွက်ပြေး၏။ ရခိုင်မရောက်ခင် ပဲလွန်တောင် ထိပ်သို့ရောက်လျှင် ရုတ်တရက်ဖျား၍ အနိစ္စရောက်၏။ စည်းစိမ် (၇) လ သက်တော် (၄၂) နှစ်တွင်ကံကုန်၏။ မိဖုရားဘို့မယ်တို့လည်း မန်းစက်တော်ရာဘုရားတွင် ခိုအောင်းနေ ၏။ နောင်သော် မိုးညှင်းမင်းကခေါ်ယူ၍ မိဖုရားမြှောက်၏။

သက္ကရာဇ် (၇၈၈) ခုနှစ်တွင် မိုးညှင်းမင်းနန်းတက်၏။ (၇၉၂) ခု သီဟိုဠ်သီရိသဒ္ဓ လင်္ကာရနှင့်

သီဟိုဠ်မဟာသာမိမထေရ်နှစ်ပါးတို့ သရီရဓါတ်တော် (၅) ဆူပင့်ဆောင်လာ၍ ပုသိမ်ရောက်လျှင် မွန်မင်းတို့တားသော်လည်း မရပ်နားပဲ လာကြရာ ရွာသစ်ကြီးသို့ရောက်လျှင် မင်းကြီးကိုယ်တော်တိုင်ထွက်တော်မူ၍ ဓါတ်တော် (၅) ဆူကို ကြီးကျယ်စွာ သောအခမ်းအနားဖြင့် ပင့်၍အင်းဝရွှေနန်းတင်ပူဇော်ထားတော်မူ၏။ ထိုနေ့တွင် ငလျင် ပြင်းစွာလှုပ်လေ၏။ မင်းကြီး သည်အားရတော်မူ၍ ရဟန်းရှင်ပြည်သူအပေါင်းတို့ကိုးကွယ်နိုင်စေရန် စစ်ကိုင်းမြို့ အနောက်ဘက်တွင် ထိုနှစ်တပေါင်းလပြည့် စနေနေ့၊ ရတနာစေတီ ဆင်များရှင်ဘုရားကို တည်ဆောက် တော်မူသည်။

ဘုရားအနောက်ဘက် ကြက်သရေခမ်း (၃) တိုက်နှင့် တံခါး (၇၈) ပေါက်တို့ဖြင့် တန်ဆာဆင်အပ်သော မဟာအုတ်ကျောင်းကြီးကိုဆောက်လုပ်ပြီး သီရိဓမ္မာလင်္ကာရ သီဟိုဠ်မထေရ်အားတင်လှူတော်မူ၍ သာသနာပြုခန့်တော်မူသည်။ သီဟိုဠ်မထေရ်နှစ်ပါးတို့ကို ကျောင်းတော်ကြီးတွင်သီတင်းသုံးတော်မူကြ၍ သုတ်ဝိနည်းအဘိဓမ္မာ ပါဠိအဋ္ဌကထာဋီကာ များကို ပို့ချတော်မူပြီး သာသနာပြုတော်မူသည်။ မဟာဝိဟာရဝါသီဂိုဏ်း ပုဂ္ဂိုလ်များ၏ ရှင်ဒိဗ္ဗစက်က တပည့်ထေရဝါဒ သံဃာများနှင့်လည်း ကံကြီးကံငယ်အတူ ဆောင်ကြ၍ သံဃာ မကွဲပြားကြချေ။

မိုးညှင်းမင်းတြားသည် ဤမျှနှင့် မတင်းတိမ်ပဲ အောက်ပါကုသိုလ်တော်များလည်း ပြုလုပ်တော်မူ၏။

စစ်ကိုင်းရန်အောင်မြင့်ဘုရား နှင့် ရွှေကျောင်းတော်
ညောင်ရမ်း၌ ရွှေစည်းခုံဘုရား နှင့် ရွှေကျောင်းတော်
အမြင့်မြို့တဲတော်ရာတွင် ရွှေစည်းခုံဘုရား နှင့် ရွှေကျောင်းတော်
အညာပန်ပြင်၌ ရွှေစည်းခုံဘုရား နှင့် ရွှေကျောင်းတော်
ရိုမ်းမကာတွင် ရွှေစည်းခုံဘုရား နှင့် ရွှေကျောင်းတော်
မြောက်မြို့လှတွင် ရွှေစည်းခုံဘုရား နှင့် ရွှေကျောင်းတော်
ဘုရင်မင်းခေါင်တည် ရန်အောင်မြင်ဘုရား နှင့် ရွှေကျောင်းတော်
မြေနဲတွင် ရွှေစည်းခုံဘုရား နှင့် ရွှေကျောင်းတော်
ရာဇဂြိုလ်တွင် ရွှေစည်းခုံဘုရား နှင့် ရွှေကျောင်းတော်
ပုခန်းကြီး၌ ရွှေစည်းခုံဘုရား နှင့် ရွှေကျောင်းတော်
သစ်ဆိမ့်တဲတော်ရာတွင် ရွှေစည်းခုံဘုရား နှင့် ရွှေကျောင်းတော်
တောင်ကျည်းတွင် စည်းခုံဘုရားဘုရား နှင့် ရွှေကျောင်းတော်
ဝါးရင်းတုတ်တွင် ရွှေစည်းခုံဘုရား နှင့် ရွှေကျောင်းတော်
ပြည်မြို့တွင် ရွှေစည်းခုံဘုရား နှင့် ရွှေကျောင်းတော်
ပုဂံညောင်နွယ်၌ ရွှေစည်းခုံဘုရား နှင့် ရွှေကျောင်းတော်
ခံတော၌ စည်းခုံဘုရား နှင့် ရွှေကျောင်းတော်

အင်းဝမြစ်ငယ်တွင် စည်းခုံဘုရား နှင့် ရွှေကျောင်းတော်
မြင်းမိ၌ စည်းခုံဘုရား နှင့် ရွှေကျောင်းတော်
လျောင်ခွဲ၌ ရွှေစည်းခုံဘုရား နှင့် ရွှေကျောင်းတော်
တောင်ပလူအရပ်၌ ရွှေစည်းခုံဘုရား နှင့် ရွှေကျောင်းတော်
ကွမ်းစည်ကျယ်၌ စည်းခုံဘုရား နှင့် ရွှေကျောင်းတော်
ပင်းယတွင် စည်းခုံဘုရား နှင့် ရွှေကျောင်းတော်
ပင်းယအရှေ့ကျောင်းတော် မြင်းခုံတိုင်ကျောင်းတော်
ပြင်စည်မြို့၌ ရွှေကျောင်းတော်
ထန်းတော၌ ရွှေကျောင်းတော်တို့ကိုလှူတော်မူ၏။

သက္ကရာဇ် (၇၉၉) ပဿျုဆိုဖြမုနီ ကိန်းကြုံ၍ အဓိမာသ်ပေါင်း သက္ကရာဇ် (၈၀၀) ပြည့်နှစ်တွင် (၇၉၈) ခုကိုဖြို၍ ၂ ခုထားတော်မူ၏။ သက္ကရာဇ်ဖြိုသော်လည်း မဖြိုလေ ထိုနှစ်တွင် သက်တော် (၆၀) စည်းစိမ် ၁၃ နှစ်၌ အနိစ္စရောက်တော်မူသည်။

သက္ကရာဇ် (၈၀၁) ခုတွင် သားတော်မင်းရဲကျော်စွာ နန်းတက်၏။ (၈၀၃)ခုတွင် ဖျားနာ၍ ဘုရင်မင်းရဲကျော်စွာစည်းစိမ် ၃ နှစ် အသက် (၃၂)နှစ်တွင် အနိစ္စရောက်၏။ ကောင်းမှုတော်များကား အမြင့်မြို့၌ ရွှေကျောင်းတော်၊ စစ်ကိုင်း၌ ရွှေကျောင်းတော်၊ အဝရွှေစည်းခုံဘုရား ၌ ရွှေကျောင်းတော်။

(၈၀၄) ခုတွင် သားတော်နရပတိမင်း နန်းတက်၏။ ကောင်းမှုတော်များကား သက္ကရာဇ် (၈၀၅) ခုတွင် စစ်ကိုင်းမြို့၌ ထူပါရုံဘုရားကြီးနှင့် ကျောင်းတော်၊ သစ္စာဘုရား နှင့်ရွှေကျောင်းတော် ၊ စလင်းရွှေကျောင်းတော်တို့ကိုဆောက်လှူတော်မူ၏။

သက္ကရာဇ် (၈၀၉) တွင် ထူပါရုံဘုရားကြီးကို သဘင်ကြီးစွာခံ၍ ဌာပနာတော်မူ၏။ ထိုနှစ်တွင်ပြီးစီး၍ ထီးတင်ရန်ရက်သတ်မှတ်ပြီးလျှင် ပြသာဒ်မဏ္ဍပ် (၅)ဆောင် ဆောက်လုပ်စေ၍ ဧရာဝတီမြစ်ကို စစ်အင်္ဂါလေးပါးနှင့်များစွာသော ရဟန်းရှင်လူတို့ လျှောက်သွားနိုင်လောက်အောင် ဖောင်တံတားကြီးပြုလုပ် စေတော်မူ၏။ မင်းမိဖုရား၊ သားတော်။ သမီးတော်၊ ဆွေတော်၊ မျိုးတော်များနှင့် မှူးမတ်ဗိုလ်ခြံရံပြီး ထူပါရုံဘုရားကြီးရေစက်ချ ရန်ကူတော်မူ၍ မရေတွက်နိုင်သော အရိယာ သံဃာတော်များအား အတိုင်းမသိသော အလှူတော်ကြီးပေးတော်မူ၍ ရေစက်ချသော သာဓု အနုမောဒနာပွဲတော်ကြီးပြုလုပ်တော် မူ၏။ မင်းဆက်တကာတို့မခံဘူးသော ကြီးစွာသောသဘင်ကို ခံတော်မူ၏။

ထိုမှတပါးထူပါရုံအရှေ့ ရွှေကျောင်းတော်သစ်ဆိပ်တွင် သစ္စာရဘုရားနှင့် ရွှေကျောင်းတော်၊ ရေမသေရွာရွှေကျောင်းတော်၊ တပြတ်သာတဲတော်ရာရွှေကျောင်းတော်၊ ပုဂံရွှေဥမင်ကျောင်းတော်၊ မကွေးရွှေဥမင်ကျောင်းတော်၊ ပြည်ရွှေကျောင်းတော်၊ ငှက်ပစ်တောင် ဇေတဝန်ကျောင်းတော်၊စလင်းမြို့ ရွှေစေတီနှင့်ရွှေကျောင်းတော်၊ဝတ္တုကံမိုးမြေ လည်းလှူတော်မူ၏။

စည်းစိမ် (၂၆) နှစ်တွင် အိမ်ရှေ့မင်း၏သား သတိုးကျော်လုပ်ကြံသောဒဏ်နှင့် ပြည်မြို့တွင်

သက်တော် (၅၆) နှစ် ဝါခေါင်လဆန်း (၅)ရက် တနင်္ဂနွေနေ့တွင် အနိစ္စရောက်တော်မူ၏။ နံတော်ဗုဒ္ဓဟူးသား

(ဘုရားလက်ထက်တော် ပသေနဒီ ကောသလမင်းကြီးဝင်စားသော ဘုရင်ဖြစ်၏)

သက္ကရာဇ် (၈၃၀) ခုတွင် ပြည့်စုံသီဟသူနန်းတက်၏။ (၈၃၃)ခုတွင် တလိုင်းမင်းသမီး ဘုရင်မစောပု အနိစ္စရောက်၍ သမက်တော် ဓမ္မစေတီနန်းတက်၏။ (ဓမ္မစေတီမင်း အကြောင်း နောက်တွင် ထင်ရှားလတ္တံ့။)

(၈၃၄) ခုနှစ်တွင် ပြည်မှညီတော်နှစ်ပါး ဦးရီးတော်နှစ်ပါး၊ ယောက်ဖတော်နှင့် ဘကြီးတော်တို့ကို ဘိုးဦးတောင်ထိပ်ဘုရားတွင် သစ္စာပေးပြီး ဘုရင်သီဟသူရလည်း ရေကြည်ဘက် ဆန်တော်မူ၍ ဖြစ်စဉ်တလျှောက်တွင် ဘုရားပုထိုးများကို ဖူးမျှော်တော်မူ၏။ ဆက်လက်စုံပြန်ရာ မြင်းကပါတွင် ဖောင်တော်ဆိုက်၍ ဇန်ကျိုသို့ တက်တော်မူပြီး စတုဒိသာ သောက်ချိုးရန် ရေကန်များ တူးတော်မူ၏။ ဥယျာဉ်များလည်းပြုစုတော်မူ၏။ ပုဂံရောက်လျှင် ဘုရာများဖူးပြီး တက်နွယ်ချောင်၌ ရွှေစည်းခုံဘုရားတည်တော်မူသည်။ အပယ်ရတနာဘုရားကိုလည်းဝတ်မိုး၊ ဝတ်မြေ လှူတော်မူ၏။ ရွှေစည်းခုံဘုရားဖူး၍ ရန်အောင်မြင် သုဓမ္မာဇရပ်ဟောင်းနွမ်း သည်ကို ငွေတော်တစ်ထောင်ထုပ်ပေး၍ ပြင်စေတော်မူ၏။ နေပြည်တော်အင်းဝသို့ ရောက်တော်မူလျှင် (ပဥ္စမာလိနှရတနာမြစည်းခုံ) ဘုရားတည်တော်မူ၏။ ရွှေကျောင်းတော် သိမ်တော်တို့ကိုလည်း ဆောက်လှူတော်မူ၏။ ထိုပြင်ပုဂံဇေတဝန် ကျောင်းတော် ရတနာစေတီဆင်များရှင် ဘုရားတွင် ရွှေကျောင်းတော် ထုပါရုံတွင် ရွှေကျောင်းတော်ချောင်းပေါက် ရတနာမဥ္စူဘုရားနှင့် ရွှေကျောင်းတော် (သီရိဓမ္မာသောကမင်းက ဘုရားရှင်မေးရိုးတော်ဓါတ်ကိုတည်တော်မူသော မန္တလေးဘုရားသခင်ကိုလည်း ထပ်မံတည်တော် မူ၏။ ဝတ္ထုကံမိုးမြေတို့ကိုလည်း လှူတော်မူပြီး နောက် အိမ်နိမ့် (၃၈) စည်းစိမ် (၁၂) အသက် (၅၀) တွင် အနိစ္စရောက်တော်မူ၏။

သက္ကရာဇ် (၈၄၂) ခုနှစ်တွင် သားတော်ကြီး အိမ်ရှေ့မင်းသည် နန်းတက်၏။ ဒုတိယ မင်းခေါင်ဘွဲ့ခံ၏။ ၎င်းနှစ်တွင် တံတားဦးမင်္ဂလာစေတီတည်တော်မူ၏။ (၈၅၈) ခုနှစ်တွင် အလည်ဌာပနာ တော်မူ၏။ (၈၆၁) ခုနှစ်တွင် အပြီးသို့ရောက်၏။ (ဓါတ်တော်ကိုစောင့် ဆိုင်းရ၍ ကြာသည်ဟူ၏။)

(၈၄၇) ခုတွင် မိုးညှင်းမင်းတြားကောင်းမှု ရတနာစေတီလျောင်လှုပ်၍ ပြိုပျက်သည်ကို မယ်တော်အမိတ္တာနှင့် ထွက်တော်မူ၍ ဆင်ရုပ်များခံကာ ပြန်ပြုပြင်လုပ်ဆောင်သောကြောင့် ရတနာစေတီဆင်များရှင်ဟု နောင်းလူများကခေါ်၏။ တောင်တွင်းရှင်သီလဝံသ ပုဂ္ဂိုလ်ကျော်အား ရတနာစေတီဘုရား အရှေ့တောင်ယွန်းရတနာဗိမာန်ကျောင်းတော်ဆောက်၍ တင်လှူတော်မူ၏။ ပိဋကကျမ်းတတ်ပုဂ္ဂိုလ်တို့အားလည်း အထူးချီးမြှောက်တော်မူ၏။ ထိုပြင်တံတားဦး မင်္ဂလာ စေတီတော်တွင် ရွှေကျောင်းတော်ဆောက်လုပ်၍ ရှင်မဟာရဋ္ဌသာရအား တင်လှူတော်မူ၏။ ကန္ဒားတော်ရာတွင် ရတနာမုနိဘုရားနှင့် ရွှေ ကျောင်းတော် ရွှေနန်းတော် အရှေ့ထိပ်တွင် ရွှေစေတီဘုရားနှင့်ရွှေကျောင်းတော် သင်ပန်း အရပ်မြစည်းခုံဘုရားတွင် ရွှေဇရပ်တော်နှင့် ဝတ္ထုကံမိုးမြေလှူတော်မူ၍ အိမ်နိမ့် (၃၄) နှစ် စည်းစိမ် ၂၁- နှစ် အသက်တော် (၅၄)နှစ်တွင် အနိစ္စရောက်တော်မူ၏။

သက္ကရာဇ် (၈၆၃) ခုတွင် သားတော်အငယ်မင်းဆွေသည် နရပတိဘွဲ့ကိုခံ၍ နန်းတက်၏။

(၈၆၆) ခုနှစ်တွင် သင်ပန်း၌ နိဗ္ဗာနကုလားကျောင်းခံဘုရား ဆောက်လှူ တော်မူခဲ့၏။ စဉ့်ကူးတွင် ရန်အောင်မြင်ကျောင်းတော် ဆောက်၍လှူတော်မူ၏။ ရှစ်ရှား မြို့၌ တဲတော်ကိုကျောင်းတော်ဆောက်၍ လှူတော်မူ၏။ (၈၇၁)ခုနှစ်တွင် နန်းတော်ဟောင်းနွမ်း၍ အသစ်ပြုလုပ်တော်မူ၏။ ပြေပြစ်ကောင်းမြတ်လှသောကြောင့် (ရွှေနန်းကျော့ရှင် ဘုရင်နရပတိ) ဟုတွင်၏။ (၈၇၂)တွင် ရွှေနန်းတော်ပြီး၏။ (၈၈၀) နှစ်တွင် စစ်ကိုင်းမြို့၌ မဟာစေတီပြီး၍ ထီးတော်တင်ရေစက်ချလှူတော်မူ၏။ ကျောင်းတော်လည်း ဆောက်လှူတော်မူ၏။

(၈၈၆)ခုတွင် မိုးညှင်းစလုံး စစ်ကိုင်းသို့ချီလာ၍ ကျောင်းကံအိမ်ယာတို့ကို မီးတိုက် ၏။ ပြည်ဘုရင်သတိုးစောလည်း မိုးညှင်းစလုံးနှင့်ပေါင်း၍ အင်းဝကိုသိမ်းပိုက်၏။ဘုရင်နရပတိမိဖုရား၏ သမီးရှစ်နှစ်အရွယ်ရှိ သီရိဘုန်းထွဋ်နှင့် ရှင်မဟာရဋ္ဌသာရတို့ကို ပြည်သို့ ယူသွား၏။

သက္ကရာဇ် (၈၈၈) ခုနှစ်တွင် မိုးညှင်းစလုံးသား သိုဟံဘွားနှင့် ဘုရင်နရပတိတို့ ဆင်စီးချင်းတိုက်ကြရာတွင် သိုဟံဘွားကအမြောက်နှင့်ပစ်၍ ကျည်ဆံမှန်ပြီး ဆင်ဦးတွင်ပင် ထိုနှစ် တန်ခူးလဆန်း (၁၂) ရက်အတာစားသည့်နေ့ ဘုရင်နရပတိအနိစ္စရောက်၏။ <u>ကောင်းမှုတော်များ ကား</u>မင်းကြီး လပြည့်လကွယ်ဥပုသ်နေ့တိုင်း ဥပုသ်သုံးတော်မူ၏။ တံတားဦးမင်္ဂလာစေတီ၌ ရွှေကျောင်းတော် ရတနာမြစည်းခုံတွင်ရွှေကျောင်းတော် ပုဂံလော ကနန္ဒာရွှေဥမင်နှင့် ရွှေကျောင်းတော် စဉ့်ကူးမြို့ရှေ့ ရန်အောင်မြင်ရွှေကျောင်းတော် မိထီလာ၌ ရွှေကျောင်းတော် ဝတ္ထုကကံမိုးမြေများလည်း လှူဒါန်းတော်မူ၍ အိမ်နိမ့် ၂၅ နှစ် စည်းစိမ် ၂၅ အသက် ၅၀ တွင် အနိစ္စရောက်တော်မူ၏။

သက္ကရာဇ် (၇၂၆) ခုအင်းဝတည် သတိုးမင်းဖျားမှစ၍ ရွှေနန်းကျော့ရှင် နရပတိ တိုင်အောင် ဗုဒ္ဓသာသနာတော်ကြီးကို ထေရဝါဒမကွဲပြားအောင် စောင့်ရှောက်ခဲ့ကြသည်။ သို့သော် ကံကြမ္မာဆိုးကြောင့် (၈၈၈)ခုနှစ်တွင် မိစ္ဆာစလုံးသားသိုဟန်ဘွားဖျက်၍ တိုင်းပြည်ရော သာသနာပါ ဆုံးရှုံးရသောအဖြစ်ဆိုးနှင့် ကြုံတွေ့ရပေသည်။

သိုဟန်ဘွား၏ ဖောက်ပြန်သောမိစ္ဆာအယူဆိုးကား

၁။ ငရဲဆိုတာမရှိဟုယုံခြင်း

၂။ စေတီပုထိုးများကို ဘုရားမဟုတ်မြန်မာတို့ဥစ္စာရွှေငွေရတနာထားသည့် ပစ္စည်း တိုက်ဟုယူဆခြင်း။

၃။ သံဃာများကို မယားမရှိသားမရှိပဲလျက် အခြွေအရံဖွဲ့စည်း၍ ဂိုဏ်းကြီးပွားအောင် လုပ်ကြကာ တစ်နေ့ကြလျှင် ပုန်ကန်ပြီးမင်းအဖြစ်ယူရန်ဖြစ်သည်ဟုယူဆခြင်း။

ဤကဲ့သို့ယူဆထားသောကြောင့် ဘုရားပုထိုးစေတီများကို ဌာပနာဖောက်၍ ပစ္စည်း ၊ ရွှေငွေရတနာများစွာယူ၏။ သမီးပျိုများနှင့် သူတပါးသားမယားကိုလည်း သူကြိုက်လျှင် ကောက်ယူ၏။ သူဌေးသူကြွယ်ပစ္စည်းများကိုလည်း သိမ်းယူ၏။ သူဌေးသူကြွယ်များကို ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ပစ်၏။

ပိဋကတ်စာပေများကိုလည်း မီးရှို့တိုက်ပြစ်၏။

(၈၆၆) ခုနှစ်တွင် သင်ပန်း၌ နိဗ္ဗာနကုလားကျောင်းခံဘုရား ဆောက်လှူ တော်မူခဲ့၏။ စစ်ကူးတွင် ရန်အောင်မြင်ကျောင်းတော် ဆောက်၍လှူတော်မူ၏။ ရှစ်ရှား မြို့၌ တဲတော်ကိုကျောင်းတော်ဆောက်၍ လှူတော်မူ၏။ (၈၇၁)ခုနှစ်တွင် နန်းတော်ဟောင်းနွမ်း၍ အသစ်ပြုလုပ်တော်မူ၏။ ပြေပြစ်ကောင်းမြတ် လှသောကြောင့် (ရွှေနန်းကျော့ရှင် ဘုရင်နရပတိ) ဟုတွင်၏။ (၈၇၂)တွင် ရွှေနန်းတော်ပြီး၏။ (၈၈၀) နှစ်တွင် စစ်ကိုင်းမြို့၌ မဟာစေတီပြီး၍ ထီးတော်တင်ရေစက်ချလှူတော်မူ၏။ ကျောင်းတော်လည်း ဆောက်လှူတော်မူ၏။

(၈၈၆)ခုတွင် မိုးညှင်းစလုံး စစ်ကိုင်းသို့ချီလာ၍ ကျောင်းကံအိမ်ယာတို့ကို မီးတိုက် ၏။ ပြည်ဘုရင်သတိုးစောလည်း မိုးညှင်းစလုံးနှင့်ပေါင်း၍ အင်းဝကိုသိမ်းပိုက်၏။ဘုရင်နရပတိမိဖုရား၏ သမီးရှစ်နှစ်အရွယ်ရှိ သီရိဘုန်းထွဋ်နှင့် ရှင်မဟာရဋ္ဌသာရတို့ကို ပြည်သို့ ယူသွား၏။

သက္ကရာဇ် (၈၈၈) ခုနှစ်တွင် မိုးညှင်းစလုံးသား သိုဟံဘွားနှင့် ဘုရင်နရပတိတို့ ဆင်စီးချင်းတိုက်ကြရာတွင် သိုဟံဘွားကအမြောက်နှင့်ပစ်၍ ကျည်ဆံမှန်ပြီး ဆင်ဦးတွင်ပင် ထိုနှစ် တန်ခူးလဆန်း (၁၂) ရက်အတာစားသည့်နေ့ ဘုရင်နရပတိအနိစ္စရောက်၏။ <u>ကောင်းမှုတော်များ ကား</u>မင်းကြီး လပြည့်လကွယ်ဥပုသ်နေ့တိုင်း ဥပုသ်သုံးတော်မူ၏။ တံတားဦးမင်္ဂလာစေတီ၌ ရွှေကျောင်းတော် ရတနာမြစည်းခုံတွင်ရွှေကျောင်းတော် ပုဂံလော ကနန္ဒာရွှေဥမင်နှင့် ရွှေကျောင်းတော် စဥ့်ကူးမြို့ရှေ့ ရန်အောင်မြင်ရွှေကျောင်းတော် မိထီလာ၌ ရွှေကျောင်းတော် ဝတ္ထုကကံမိုးမြေများလည်း လှူဒါန်းတော်မူ၍ အိမ်နိမ့် ၂၅ နှစ် စည်းစိမ် ၂၅ အသက် ၅၀ တွင် အနိစ္စရောက်တော်မူ၏။

သက္ကရာဇ် (၇၂၆) ခုအင်းဝတည် သတိုးမင်းဖျားမှစ၍ ရွှေနန်းကျော့ရှင် နရပတိ တိုင်အောင် ဗုဒ္ဓသာသနာတော်ကြီးကို ထေရဝါဒမကွဲပြားအောင် စောင့်ရှောက်ခဲ့ကြသည်။ သို့သော် ကံကြမ္မာဆိုးကြောင့် (၈၈၈)ခုနှစ်တွင် မိစ္ဆာစလုံးသားသိုဟန်ဘွားဖျက်၍ တိုင်းပြည်ရော သာသနာပါ ဆုံးရှုံးရသောအဖြစ်ဆိုးနှင့် ကြုံတွေ့ရပေသည်။

သိုဟန်ဘွား၏ ဖောက်ပြန်သောမိစ္ဆာအယူဆိုးကား

၁။ ငရဲဆိုတာမရှိဟုယုံခြင်း

၂။ စေတီပုထိုးများကို ဘုရားမဟုတ်မြန်မာတို့ဥစ္စာရွှေငွေရတနာထားသည့် ပစ္စည်း တိုက်ဟုယူဆခြင်း။

၃။ သံဃာများကို မယားမရှိသားမရှိပဲလျက် အခြွေအရံဖွဲ့စည်း၍ ဂိုဏ်းကြီးပွားအောင် လုပ်ကြကာ တစ်နေ့ကြလျှင် ပုန်ကန်ပြီးမင်းအဖြစ်ယူရန်ဖြစ်သည်ဟုယူဆခြင်း။

ဤကဲ့သို့ယူဆထားသောကြောင့် ဘုရားပုထိုးစေတီများကို ဌာပနာဖောက်၍ ပစ္စည်း ရွှေငွေရတနာများစွာယူ၏။ သမီးပျိုများနှင့် သူတပါးသားမယားကိုလည်း သူကြိုက်လျှင် ကောက်ယူ၏။ သူဌေးသူကြွယ်ပစ္စည်းများကိုလည်း သိမ်းယူ၏။ သူဌေးသူကြွယ်များကို ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ပစ်၏။ ပိဋကတ်စာပေများကိုလည်း မီးရှို့တိုက်ပြစ်၏။

သက္ကရာဇ်(၉၀၁) ခုနှစ်တွင် တောင်ပုလုလယ်ပြင်၌ မဏ္ဍပ်အဆောင်ဆောက်ပြီး ဆွမ်းကျွေး မည်ဟန်ပြုလုပ်၍ စစ်ကိုင်း၊ ပင်းယ၊ အင်းဝပတ်လည်တွင်ရှိသော သံဃာတော်များကို တပည့်တော်နှင့် တကွ ကြွတော်မူပါဟုပင့်၍ (၁၃၀၀) ကျော်လောက်သံဃာများကို မဏ္ဍပ်တွင်နေစေပြီး ဆင်မြင်းဖိုလ်ပါရန် ၍သတ်လေ၏။(၃၆၀) ကျော်မျှပျံလွန်တော်မူ၏။ ကျန်သံဃာများ သက်ဆိုင်ရာ ပုဂ္ဂိုလ်များကမစ၍ လွတ်မြောက်ကြ၏၊ ဟံသာဝတီတွင်တချို့နေတော်မူကြ၏။ တောင်ဖီလာဆရာတော် ထွက်ပြေးလွတ်မြောက်ရာမှ နေမွန်းတည့် ချိန် ဦးပင်ရွာအရှေ့ မကျည်းပင်ကြီးအောက်တွင် အမောဖြေ နေရာမှ ရုက္ခစိုးနတ်လူရောင် ဖန်ဆင်း၍ ဆွမ်းလာကပ်၏။ ဆွမ်းဘုန်းပေးပြီး ဆရာတော်ကမိန့်သည်မှာ ဒို့များသီလ လည်းလုံခြုံပါရဲ့ ပရိယတ် ပဋိပတ် သာသနာလည်း အားသွန်ခွန်စိုက်ဖြည့်စွမ်းပါရဲ့ ဒါများ တောင်ဒီလိုဖြစ်ရသေး၊ နတ်မင်းများလည်း မသိကြရောင်တကားဟု မိန့်၏။

ဆွမ်းတကာ ရုက္ခစိုးနတ်က အရှင်ဘုရား ရှေ့ (၃)နှစ်တွင် ဒီမင်းဆိုးပြုတ်ပါလိမ့်မည်ဟုလျှောက်၏။ ပုဂံသို့တပည့်တော်လှေနှင့် လိုက်ပို့ပါမည်ဟုလျှောက်၍ ဆရာတော်လည်း ကြွတော်မူ၏။

ပုဂံတွင် ညညမှာ အဘိဓမ္မာမမေ့အောင် ဆရာတော်သရဇ္ဈယ်သောအခါ သိကြား မင်းနားထောင်ပြီး သာဓုခေါ်၏။ အသင်ဘယ်သူလဲမေးသောအခါ သိကြားပါဟုလျှောက်၏။ မြတ်စွာဘုရားတာဝတိံသာရွတ်တဲ့ အဘိဓမ္မာနဲ့ဘယ်လိုနေပါသလဲဟုမေးတော့ သိကြားမင်းက မခြားနားပါ ဘုရားဟုလျှောက်၏။ အချို့ပိဋကတ်များမမေ့အောင် ပြန်ဆိုကြသော သံဃာများမှာ ရင်ပူ၍ သဲပြင်တင် မှောက်လျက်အိပ်၍ သရဇ္ဈယ်ရာကြရ၏။

သက္ကရာဇ်(၉၀၄) ခုကဆုန်လတွင် မနောရမ္မာဥယျာဉ်ယာယီစံခိုက်တွင် မင်းကြီး ရန်နောင်နှင့် မြန်မာတစုတို့ အကြံပြုလုပ်ထားကြပြီးလျှင် မင်းကြီးရန်နောင်က ဥပါယ်တံမည်ဖြင့် ဓါးများအကြောင်းကိုလျှောက်ထား၏။ သိုဟံဘွားကမင်းကြီးရန်နောင်အကို အရှင်နရပတိဓါးသည် ဆင်ပေါ်ကလူကိုခုတ်လျှင် ဆင်ကနှင့်တကွပြတ်၍ဆင်ကိုထိသည်လို့ဆိုပါသည်။ ထိုဓားကိုသိပါ မည်လား။ မင်းကြီးရန်နောင်က ကိုယ့်အရှင်ဓားကိုကိုင်ရ မဲ့ဖြစ်ပါသည်။ မြင်ကသိပါသည်၊ ဟုလျှောက်၏။ ထိုအခါမင်းစဉ်သုံးဓားများကိုယူပြ၏။ မင်းကြီးရန်နောင်လည်း ရွှေနန်းကျော့ရှင် ဓားကိုပုံထဲတွင် ကောက်ယူ၍သည်ဓားပင်ဖြစ်ပါသည်ဟုညွတ်၍ ကမ်းဟန်နှင့်သိုဟံဘွားခေါင်းကို ခုတ်ချလိုက်၏။ ခေါင်းပြတ်ပြီး ကြမ်းငါး ချောင်းတောင်ပြတ်သောဟု၏။

ထိုအခါရှမ်းအမတ်တို့သည် ထကြသည်ကို မြန်မာအမတ်သူရဲတို့ မိမိအောက်တွင် မြှုပ်ထားသော ဓားများကိုယူ၍ခုတ်ကြ၏။ အတွင်းရှမ်းတို့သေကုန်၏။ အပြင်ရှမ်းတို့ ဝင်လာသည်ကို မြန်မာသူရတို့ဆီးပြီး ခုတ်ကြလျှင် ထွက်ပြေးကုန်၏၊ အများအပြားလည်း သေ၏။

သိုဟံဘွားစည်းစိမ် ၁၅ နှစ် အသက် ၃၇ တွင် အနိစ္စရောက်၏။

သိုဟံဘွားကိုလုပ်ကြံသောအခါ မင်းကြီးရန်နောင် အသက် (၃၆)နှစ်ရှိသေး၏။ အမတ်တို့သည် မင်းကြီးရန်နောင်ကိုမင်းပြုရန်တောင်းပန်၏။ ထို့အတူခုံမှိုင်းငယ်ကလည်း တောင်းပန်၏။ မင်းကြီးရန်နောင်လည်း မင်းပြုရန်ပယ်ပြီး အရှင်အဆွေတော်ဖြစ်သော ခုံမှိုင်းငယ်ကို နန်းတင်၏။

သက္ကရာဇ် (၉၀၄) ခု ဝါဆိုလတွင် အင်းဝရွှေနန်းကိုတက်၍ အုန်းဘောင်ခုံမှိုင်း နန်းစံ၏။ မင်းကြီးရန်နောင်လည်း တစ်နှစ်မျှကြာသောအခါ ပင်းယမကရာအရပ်၌ တောဝင်၍ရဟန်းပြု၏။ ထွက်ရပ်ပေါက်သွား၏။ ဘွဲ့ အရှင်ဝရသိဒ္ဓိ

(၉၀၇) ခုတွင် ခုံမှိုင်းအနိစ္စရောက်၍ သားမိုးဗြဲ နရကတိနန်းတက်၏။ စည်းစိမ် (၆) နှစ် အသက် (၃၆)နှစ်တွင် နန်းကျ၏။

(၉၁၃) ခုနှစ်တွင် စစ်ကိုင်းစားစည်သူကျော်ထင်သည် နရပတိဘွဲ့ခံ၍ နန်းတက်၏။ စည်းစိမ် (၃)နှစ် (၉၁၆) ခုနှစ်တွင် နရပတိနန်းကျ၏။

ထိုနှစ်တွင် ဆင်ဖြူများသခင် အင်းဝကိုသိမ်းပိုက်၏။ သက္ကရာဇ် (၉၁၆) ခုတပို့တွဲ လပြည့်ကျော် (၄)ရက် တနင်္ဂနွေနေ့ နေမဝင်ခင်အင်းဝကိုရတော်မူ၏။ ထိုကဲ့သို့ အင်းဝ ပဋမဆက်မင်းအရေးအခင်းများ ပြခဲ့ပြီးနောက် သာသနာဘက်က အရေးအခင်းများလည်း ထူပါရုံတကမင်းကြီးလက်ထက် ဒုတိယဆပဒ ရှင်ဓမ္မာကာတုလည်းကောင်းအဆက် ဒုတိယ မင်းခေါင် လက်ထက်တောင်တွင်းရှင် မဟာသီလဝံသနှင့် ဆရာတုလက်ထက် ရှင်ဓမ္မစာရီထေရ် သီဟိုဠ်ရောက် စစ်ကိုင်း၌ သီတင်းသုံးသော မဟာထေရ်၏တပည့် ရှင်သောရမထေရ်တို့သာသနာပြုကြ၍ ထေရဝါဒသာသနာအလွန်ထွန်းလင်းသည်။

ရွှေနန်းကျော့ရှင် နာရပတိလက်ထက် (၈၈၆)တွင် အင်းဝပျက်သည် ရဟန်းသံဃာ တော်တို့ အနှံ့အပြားနေကြရှာသည် ထေရဝါဒနှင့် မညီသော ရာမညတိုင်းသား သာသနာကို အမြွက်မျှပြောပြပါအုံးမည်။

ဘုရားမဖြစ်မှီ မြို့နန်းတည်၍ သုရိကုမ္ဘာမင်းနန်းစံ၏။ ထိုမင်းလက်ထက်ရှင်ဂဝံပတိ ရဟန္တာမထေရ်သာသနာကိုဆောင်ယူခဲ့၍ မင်းငါးဆက်မြောက်အောင် ထေရဝါဒသာသနာ ထွန်းကား၏။

ငါးဆက်မြောက်အကုံရမင်းလက်ထက်သာသနာနှစ် (၁၃၈)ခုနှစ်တွင် ကမ်းပို၍ ပျက်လေ၏။ သုဝဏ္ဏဘုမ္မိသထုံမြို့ပျက်၍ ကျောက်ဖျာတောကြီးနှင့် မဝေးသော သမုဒ္ဒရာ ကမ်းခြေနားတောကိုထွင်၍ သာသနာ (၁၃၁)ခုတွင် သူရိယမင်း ဓညဝတီမြို့နန်းတက်၏။ ဤမင်းမှ (၁၄) ရက်မြောက် ဘိန္နဂင်္ဂါမင်း လက်ထက်သောကာထေရ် ဥတ္တရထေရ်တို့ သာသနာပြုကြလာ၏။ သာသနာ (၂၃၆) ခုဖြစ်သည်။ ထိုမင်းလက်ထက် နဂါးမနှင့် ဝိဇ္ဇာ သင့်မြတ်ရာတွင်ရသော သတို့သမီးငယ် ကို ဘိန္နဂင်္ဂါမင်း နန်းတင်၍ သမလ - ဝိမလညီနောင်အမွှာဖွားမြင်သည်။ နောင်တော်သမလသည် (သာသနာ ၄၆၄)ခု တွင်ဟံသာဝတီတွင် နန်းတည်၍စံ၏။ သောတာထေရ်ဥတ္တရထေရ်တို့၏အနွယ်အဆက်သံဃာများဖြစ် ကြသဖြင့် ထေရဝါဒချည်းဖြစ်၍ သာသနာတော်အလွန်စည်ကား၏။ သမလမင်းကြီး စည်းစိမ် ၁၂ နှစ်တွင် ညီတော်ဝိမလလုပ်ကြံ၍ အနိစ္စရောက်၏။

ဟံသာဝတီတွင် သမလမင်းကြီးမှ (၁၆)ဆက်တိုင်အောင်သော မင်းတို့သာသနာတော်ကြည်ညို၍ အလွန်ပွင့်လင်း၏။ သထုံတိဿရာဇာ လက်ထက် (သာသနာ ၆၉၇) ခုတွင် တစ်ကျွန်းကဒွန်းစဏ္ဍားရဟန်းဆိုးတို့ မင်းကြီးကိုဖျားယောင်း၍ စေတီပုထိုးရုပ်ပွားတော်များ မကိုးကွယ်ရန် တားမြစ်၏။ မကောင်းသောနေရာများ၌လည်း ရုပ်ပွားတော်များ ပစ်ထား၏။ ထို့ကြောင့် တိုင်းပြည်မငြိမ်မသက်ဖြစ်ပြီး မိုးခေါင်၍ ပျက်စီးတော်မွတ်ကြ၏။

ထိုအခါ (၁၆)နှစ်အရွယ်မျှသာရှိသော သူဌေးသမီး သုဘဒ္ဒါသည် ပြည်သူတို့ ချမ်းသာအောင် ငါကြံတော့မည်ဟု အဓိဋ္ဌာန်ပြု၍ စွန့်ပစ်ထားသော ဆင်းတုတော်များကိုပင့်ယူ၍ နံ့သာရေဆေးကျော်ပြီးလျှင် တဲကြီးဆောက်၍ ဆွမ်းပန်းရေချမ်းတို့ဖြင့် တင်လှူ ပူဇော်ထား၏။

ထိုအကြောင်းကို တိဿမင်းကြီးကြား၍ အမျက်ထွက်သဖြင့် မင်းချင်းတို့ကိုခေါ် စေ၏။ သုဘဒ္ဒါလေးမင်းရင်ပြင်သို့ ရောက်လျှင် မင်းကြီးကစွန့်ပစ်ထားသော အသေကောင် အရုပ်များကို ဘာကြောင့်ကိုးကွယ်သနည်းဟုမေးသောအခါ

အရှင်မင်းကြီး သုံးလောကထွဋ်ထား ဘုရားသခင်သည် မင်းကြီးတို့ကဲ့သို့ ကြီးကျယ်သောစည်းစိမ်ချမ်းသာကို စံပြီးမှ ဝေနေယျအပေါင်းတို့ ကယ်မတော်မူလို၍တိုင်းကားပြည်ရွာ သားမယားများကိုစွန့်ပစ်ခါ တောထွက်၍ ရဟန်းပြုပြီးကျင့်နိုင်ခဲ့သော ဒုက္ကရစရိယ အကျင့်ကို ၆ နှစ်မျှ ကျင့်ပြီး ဘုရားအဖြစ်သို့ ရောက်တော်မူ၍ (၄၅)ဝါပတ်လုံးကျွတ် ထိုက်သောဝေနေယျသတ္တဝါများကို ချွတ်တော်မူသည်။ ဝေနေယျတို့အတွက် သာသနာငါးထောင်ကိုလည်းထားတော်မူခဲ့၍ ကျန်ရစ်သမျှ ငါဘုရားသာသနာတော်တွင် ချမ်းသာ သုံးပါးကို ရစေရန် ဓါတ်တော်၊ မွေတော်၊ ဆံတော် ရုပ်ပွားဆင်းတုတော်များကို ကိုယ်စား တော်ထားတော်မူခဲ့ခြင်းဖြစ်သည်။ လူသေ၏ အကောင်ရုပ်ပုံ မဟုတ်။ ရွှေငွေကြေးသံ အသားစသည်ဖြင့် သဒ္ဓါညှမြတ်စွာဘုရားရှင်သဏ္ဍာန်ထုတ်လုပ်၍ ကိုးကွယ်ခြင်းသာဖြစ်သည်။ ဤသို့ ပုံသဏ္ဍာန်ပင် ဖြစ်သော်လည်း အနန္တတန်ခိုးတော်ရှင်ဖြစ်၍အလိုရှိ၍ ဖူးတော်မူလိုလျှင် ကြွတော်မူပေ၏ ဟုလျှောက်တင်၏။ မင်းကြီးလည်း ယခုငါကြည့်လို သည်ပင့်ပြလော့ဟု မိန့်၏။

သုဘဒ္ဒါလည်း လက်အုပ်ချီ၍ သစ္စာအဓိဋ္ဌာန်ပြုလျက် နတ်သိကြားမင်းတို့ကို တိုင်တည် လိုက်၏။ ထိုခဏခြင်းပင် ရုပ်ပွားတော်များ ကောင်းကင်မှကြွလာတော်မူသည်ကို မင်းနှင့်တကွပြည်သူတို့ မြင်ကြလေလျှင် အုတ်အုတ်ကျွတ်ကျွတ်ပွဲတင်ထပ်မျှဖူးမျှော် ပူဇော်ကြလေကုန်၏။ မင်းကြီးလည်း အလွန်တုန်လှုပ်ခြောက်ခြားလေ၏။ ဆင်းတုတော် မြတ်တို့သည် ကောင်းကင်ပြင်ကရပ်တန့်ပြီးလျှင် ပြန်လည်၍ မြို့အနောက်တောင်ထောင့် နားသန့်ရှင်းသော သဲပုံပေါ်တွင် ကြွ၍နေတော်မူ၏။ ထိုနေ့ပင် သုဘဒ္ဒါကို မိဖုရားမြှောက်၍ နံနက်မိုးသောက်လျှင် မင်းမိဖုရားထွက်တော်မူ၍ ကျောင်းတော်များ ဆောက်လုပ်ပြီးလျှင် ဘုရားသခင် ဆင်းတုတော်များ ကို ခမ်းနားစွာ ကိုးကွယ်ပူဇော်တော်မူ၏။

နောင်အခါစေတီကြီးစွာတည်ပြီး ဆင်းတုတော်များကိုကိန်းဝပ်တော်မူစေ၍ (ကျိုက်ပေါ်) ဟုဘွဲ့တော်ပေးပြီးရဟန်းရှင်လူပြည်သူအပေါင်းတို့အကျိုးရှိစေရန် တည်ထား ကိုးကွယ်တော်မူ၏။

မင်းကြီးသည် ဒွန်းစဏ္ဍားရဟန်းပျက်တို့ကိုဖမ်းစေပြီး မိသမျှကိုလည်း လည်တိုင် အောင်မြေမြှုပ်၍ ကွက်မျက်လေ၏။ အချို့သောဒွန်းစဏ္ဍားရဟန်းတို့ မိမိတို့အလိုလိုလှူိက်တခုဌ် လည်ပင်းအိုးဆွဲ၍သေကြလေ၏။ တချို့ထွက်ပြေးကြ၏။ ရဟန်းပျက်တို့သေကြေသောလှိုဏ်ကို မွန်တို့က (ထီးလှိုင်ချောင်) ဟုခေါ်ကြ၏။

ဟံသာဝတီမင်းကြီးလည်း သမာအယူဌ်တည်၍ ရွှေကျောင်းတော်၊ ဇရပ်တော်၊ စေတီ ပုထိုးတော်များတည်စေပြီး သာသနာတွန်းလင်းအောင်ပြုစုတော်မူ၏။ တိဿမင်းကြီးစည်းစိမ် (၂၃) နှစ် သာသနာ (၇၂၀)တွင် ပေါက္ကံပြည်ရှင် ပျူစောထီးလုပ်ကြံ၍ ဟံသာဝတီပျက်၏။ နိဂုံးဖြစ်သွား၏။

နော်ရထာမင်းစောလက်ထက်တွင် ရှင်အရဟံသာသနာနှင့်ဆက်ပြန်၍ ထေရဝါဒ မကွဲပြားချေ။ ပေါက္ကံပြည်ရှင်နရပတိစည်သူလက်ထက်သံဃာ (၄) ဂိုဏ်းကွဲကြ၏။

နရသီဟပတေ့လက်ထက် ပေါက္ကံပျက်၍ သံဃာများရာမညတိုင်းသို့ ပြေးကြရ၏။ ပြေးကြသောသံဃာတော်များကား ကိုယ့်ဂိုဏ်းနှင့်ကိုယ်သီးခြားကံပြုကြ၏။ နောက်တွင် (၂) ဂိုဏ်း တိုးပြန်၍ (၆) ဂိုဏ်းဖြစ်၏။

ပေါက္ကံတရုပ်ပြေးမင်း နန်းမကျမီ (၅) နှစ်အလိုတွင် မုတ္တမမြို့ကို (သက္ကရာဇ် ၆၄၃) ခုတွင် ဝါရီရူမင်း မြို့တည်၍ စံနေ၏။ ထိုမင်းလက်ထက်တိုင်အောင် သာသနာနှစ် (၁၈၂၅) နှစ်အတွင်း ထေရဝါဒပျက်တည်ရှိကြ၏။ ပေါက္ကံကဂိုဏ်းကွဲ ရဟန်းများရောက်လာမှ မညီညွတ်ဖြစ်ကြ၏။

ဟံသာဝတီမြို့တည် ဗညားဦးမင်းမှ (၁၀) ဆက်မြောက် သက္ကရာဇ် (၈၃၀) တွင် ရဟန်းလူထွက် ဓမ္မစေတီမင်းနန်းတက်၏၊ ထိုမင်းသည် ရာမညတိုင်း၌ သံဃာအကွဲကွဲအပြားပြား ရှိနေ၍ သံဃာသန့်ရှင်း၍ တပေါင်းတည်းဖြစ်အောင် ကြံဆောင်ပြီး မောဂ္ဂလာန်ထေရ်အမှူးပြုသော ဆယ့်တစ်ပါး မဟာသီဝလိထေရ် အမှူးပြုသော ဆယ့်တစ်ပါး ဤ (၂၂) ပါးတို့ကို ပင့်လျှောက်၍ လျှောက်ထားသည်မှာ-

အရှင်ဘုရားတို့ ခုရာမညတိုင်း၌ ပဉ္စင်းဖြစ်သည်ယုံမှားသက်ာရှိပါ၏။ သီဟိုဠ်ကျွန်း ၌မူကား သာသနာတော်တည်သည်မှစ၍ ယနေ့တိုင်သန့်ရှင်းသော မဟာဝိဟာရဝါသီ အဆက် ရဟန်းသံဃာများရှိကြပါသည်။ အရှင်ဘုရားတို့ သီဟိုဠ်သို့ကြွတော်မူကြ၍ မဟာဝိဟာရသီအဆက်မှ အပြစ်ကင်းခြင်းရှိသည့် ဂိုဏ်းသံဃာတို့ကို ရွေးချယ်စီစစ်၍ မြတ်စွာ ဘုရားကိုယ်တော်မြတ် ရေသပ္ပါယ်တော်မူဘူးသော (ကလျာဏီမြစ်) ၌ ဥဒကုက္ခေပသိမ် စီရင်၍ ပဉ္စင်းခံတော်မူကြပါ။ သီဟိုဠ်၌ ပဉ္စင်းအဖြစ်တည်းဟူသော သာသနာမျိုးစေ့တို့ကို တည်ထောင်ခဲ့၍ ဤရာမညတိုင်း၌ ပဉ္စင်းလောင်း အမျိုးကောင်းသားတို့အား ပဉ္စင်းခံပါလျှင် သာသနာတော်သည် အနှစ် (၅၀၀၀) ပတ်လုံးသန့်ရှင်း စင်ကြယ်စွာတည်ရစ်ပါလတ္တံ့။ ကိုယ်တော်မြတ်တို့လည်း နောင်သံသရာအကျိုးများစွာဖြစ်ပါလတ္တံ့ဟု လျှောက်သောအခါ မထေရ်တို့ဝန်ခံကြ၍ သီဟိုဠ်လွှတ်ရန်အစီအရင်ပြုပြီး မောဂ္ဂလန်မထေရ်စသော တကျိပ် တပါးနှင့်ပဉ္စင်းသာမဏေ တစ်ကျိပ်တစ်ပါးတို့ကို ရာမဒုတတမန်နှင့် သီဟိုဠ်သံဃာများ လှူဒါန်းဘွယ်ရာပစ္စည်းများနှင့် ဘုဝနေကဗာဟုမင်းဆက်သဖွယ်ပစ္စည်းများပါသော သင်္ဘောတစ်စင်း။

မဟာသီဝလိထေရ်အစရှိသော တကျိပ်တပါးနှင့် ပဉ္စင်းသာမဏေ တကျိပ်တပါး ပေါင်း (၂၂)

ပါးတို့ကို စိတြဒူတတမန်က ပင့်ဆောင်၍ ဆက်သဖွယ်လှူဒါန်းဖွယ် ပစ္စည်း နှင့်သင်္ဘောတစင်း၊ ဤသင်္ဘော၂ စင်းတို့သည် သက္ကရာဇ် (၈၃၇) ခု တပို့တွဲလပြည့် ကျော် (၁၂) ရက်နေ့မှစ၍ လွှင့်ကြသည်။ တပေါင်းလဆုတ် ၈ ရက်နေ့ စိတြတမန် သင်္ဘောသီဟိုဠ် ရောက်သည်။ တန်ခူးလဆန်း (၄) ရက် ရာမဒူတတမန်သင်္ဘောသီဟို ရောက်သည်။

သင်္ဘောများဆိုက်ကြောင်းကို အနုရာဓမြို့ သီဟိုဠ်ပြည့်ရှင် ဘုပနေကဗာဟုမင်းကြီး အားလျှောက်လျှင် သင့်တော်ရာ၌ နေရာချထားပေး၏။ တမန်တို့က လှူဒါန်းဖွယ် ဆက်သဖွယ်တို့ကို ဝတ္တုရားအတိုင်းဆောင်ရွက်ကြပြီးလျှင် (၈၃၈) ခုဒုတိယဝါဆိုလပြည့် ကျော် (၁၁) ရက်နေ့တွင် အစပြု၍ မဟာဝိဟာရဝါသီဂိုဏ်း ဝိဒါဂမထေရ်အမှူးပြုသော (၂၂) ကျိပ် (၂) ပါး သော မထေရ်တို့နှင့်တကွ ကလျာဏီ သိမ်သို့ သွား၍ ရာမညရဟန်း တို့အား လူဝတ်လဲ၍ သာမဏေပြုပြီးလျှင် ပဥ္စင်းခံပေးကြလေ၏။ ၎င်းလ (၁၄) ရက်နေ့ စနေနေ့၌ ရဟန်းခံခြင်းကိစ္စပြီး၍ လှူဒါန်းသောပစ္စည်းများ ကပျောက်လွယ် သောကြောင့် မင်းမြတ်က အမည်နာမများကို မပျောက်ရအောင် ကပ်လှူလေ၏။

သက္ကရာဇ် (၈၃၉) ခု ကဆုန်လတွင် သီဟိုဠ်မှ ရာမတိုင်းသို့သင်္ဘောလွှင့်ခဲ့ကြ၏။ စိတြတမန်စီးသော သင်္ဘောကပျက်စီးသဖြင့် မထေရ်လေးပါးနှင့် တပည့်များကောလဟဆိပ်တွင် အနိစ္စရောက်ကြသည်။ (၈၃၉) ခု တော်သလင်းလတွင် မထေရ်များနှင့် တမန် များအားလုံး ဟံသာဝတီရောက်ကြ၍ သီဟိုဠ်မင်းကဆက်သသောသီရိသင်္ဃဗောဓိပရက္ကမမင်း ၊ ပရက္ကမဗာဟုမင်းတို့ သာသနာတော်သုတ်သင်သော ထုံးနည်းစာကို ရာမာဓိပတိ ဓမ္မစေတီမင်းအားဆက်၏။

၎င်းနှစ် တန်ဆောင်မုန်းလတွင် သံဃာ (၁၁၄) ပါးတို့အား ကလျာဏီသိမ်သမုတ် ပြီးစီးကြ၍ သက္ကရာဇ် (၈၃၉) ခုတွင် နတ်တော်လဆန်း (၇) ရက် စနေနေ့ တွင်အစပြု၍ ကလျာဏီသိမ်၌ သုဝဏ္ဏသောမထေရ်ကို ဦးပဇ္ဈယ်ပြု၍ ရဟန်းသစ်များခံကြသည်။ ထိုနေ့မှစ၍ ဓမ္မစေတီမင်း သာသနာပြုပွဲစခဲ့သည်။ (၈၄၁) ခုနှစ်တိုင်ရောက်သောအခါ ရာမညတိုင်းသံဃာအရေအတွက်မှာ ရဟန်းပေါင်း (၁၅၆၆၆)ပါးရှိခဲ့လေသည်။

ဓမ္မစေတီမင်း စည်းစိမ် (၂၉) သက်တော် (၇၅)တွင်အနိစ္စရောက်သည်။

ဤဓမ္မစေတီမင်းသည် အင်းဝနေပြည်တော်၌ ရဟန်းဘဝဖြင့်စာသင်၍ နေထိုင်ခဲ့ လေသည်။ ဓမ္မစေတီရဟန်းဘဝနှင့်ပင် ရှင်စောပုကို အင်းဝမင်းထံမှ ခိုးယူ၍ တလိုင်းပြည် ပြေးခဲ့လေသည်။ သူနှင့်အဖော် ဓမ္မပါလလည်း ပါလေသည်။ ဓမ္မဝိနယကို လေးစားပါ သဖြင့် ဤကဲ့သို့မလုပ်သင့်ချေ။ မျိုးချစ်စိတ်ရှိ၍ လုပ်သောကြောင့် လုပ်သင့်သည်ဟု ယူဆရမှာ ခက်ပါဘိတောင်း စဉ်းစားဆင်ခြင်ဘို့ကောင်းကြပါသည်။ တဖန်သူရှင်ဘုရင်ဖြစ်ပြန်တော့ ထေရဝါဒ အစစ်အမှန်ကို လိုလား၍ သီဟိုဠ်လွှတ်ပြီး ရဟန်းခံစေကာ ကလျာဏီသိမ် သမုတ်ခြင်းစသည်များ ပြုလုပ်ချက်မှာ စဉ်းစားဖို့ကောင်း၏။ အဘယ်ကြောင့်ဆိုသော် ဓမ္မစေတီနှင့်မင်းပြိုင် အင်းဝနေပြည်တော် သီဟသူမင်း နန်းစံချိန်ဖြစ်၍ ထေရဝါဒမှာ အလွန်ထွန်း နေသောအချိန်အခါဖြစ်၏။ (ပဥ္စမလိန်မြစည်းခုံဘုရားနှင့် သိမ်တော်) တို့မှာ ယခုထက်တိုင်တွေ့မြင်နိုင်သေး၏။

သို့ပင်ဖြစ်သော်လည်း ဓမ္မစေတီသည် သန့်ရှင်းသော ထေရဝါဒသံဃာတော် များကို အင်းဝမင်းထံမှ မတောင်းခံဝံ့ဘဲ ဖြစ်နေခြင်း၊ သူ့အပြစ်ကို သိ၍ မတောင်းခံဝံခြင်း ဖြစ်သည်ဟု ယူဆရန်ရှိသည်။ သို့မဟုတ် မင်းမာန်ရစ်နေခြင်း ဖြစ်သည်ဟု ယူဆရသည်။ ဓမ္မစေတီကို မှန်နန်းရာဇဝင်ပြုပညာရှိကြီးများက တခမ်းတနားအဖွဲ့မထားခြင်းကို ထောက်သဖြင့် ဓမ္မစေတီ၏ သာသနာပြုကိစ္စကို တရားဝင်ဟု သတ်မှတ်ခြင်းသဘောမရှိကြောင်း ထင်ရှားလှပေသည်။ တရားဝင်သာသနာပြု လုပ်ငန်းကြီးဖြစ်ပါလျှင် အင်းဝမင်းဆက်၊ ကုန်းဘောင် မင်းဆက် တို့မှတ်ထင်ပြီး အတုကို ယူရမှာဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဓမ္မာသောက မင်းတရားတို့ သာသနာပြု လုပ်ငန်းကြီးကို မင်းအဆက်ဆက်မှတ်တမ်းတင်ကြပြီး အတုယူကာ ပြုလုပ်ဆောင်ရွက် ခဲ့ ကြခြင်းကြောင့်ဖြစ်ပေသတည်း။

## ရင်စည်းရဟန်းများ

(၉၀၁) ခုတွင် တပင်ရွှေထီးအနှစ် ၂၀ ဟံသာဝတီမြို့ကိုအုပ်စိုးသည်။ မြစ်အနောက် မွန်ကျောင်းရပ်ကိုကျောင်းရန်ရဝနှင့် ဆောက်ပြီး မဟာဝိဟာရဝါသီအနွယ်အဆက်ဝိနည်း ဆောင်မွန် သဒ္ဒမ္မပါလမထေရ်ကို (မဟာသံဃာရာဇာ) နာမံတံဆိပ်နှင့်တင်လျှောက်မူ၏။ ထို့နောက် (၉၁၀) ခုတွင် ယိုးဒယားကိုအောင်မြင်၍ အဘက်ဘက်မှသိမ်းယူခဲ့ရာတွင် ရင်စည်းရဟန်းများ ပါလာသဖြင့် မြန်မာပြည်တွင် ထိုကစ၍ ရင်စည်းရဟန်းတို့ပေါ်လာ၏။

ယိုးဒယားသည် ယောနကတိုင်းပြည်ဖြစ်သည်။သာသနာတော် (၂၃၆) ခုရှင်မောဂ္ဂလိ ပုတ္တတိဿသည် ရှင်ဓမ္မရက္ခိတထေရ်ကို စေလွှတ်၍ သာသနာပြုခဲ့သည်။ ထိုအခါက ဝိဘဇ္ဇဝါဒီ ထေရဝါဒ အနွယ်အဆက်ဖြစ်ပြီးနောက် သာသနာ (၆၀၀) မှ (၇၀၀) အတွင်း ဓမ္မဝါဒီအားနည်း၍ အဓမ္မဝါဒီကျယ်ပြန့် လာသော် သီဟိုဠ် ဘုမ္မိရာဇာဓိပတိလက်ထက် အလဇ္ဇီများပြားသဖြင့် ပါဋလိပုတ်ပြည်၌အာရုံဖောက်ပြန်၍ ပရမတိလောကမင်းလက်ထက် ယိုးဒယားသို့ရင်စည်း ရဟန်းများဝင်ရောက်လာလေသည်။ ယိုးဒယားမှ ပါလာသော ရင်စည်းရဟန်းများနှင့် ဟံသာဝတီ သံဃာရာဇာတို့ ကံကြီးကံငယ်မစပ်ယှက် (၉၁၄) ခု ဆင်ဖြူရှင်မင်းတရား ၊ ဟံသာဝတီနန်းစံလျှင် မဟာဝိဟာရဝါဒီအနွယ်အဆက် ရှင်သဒ္ဒမ္မပါလကို ကျောင်းရံသုံးဆယ်နှင့်တကွ ဇေဝတန်ကျောင်း ဆောက်လုပ်၍ တင်လှူသည်။ ဆင်ဖြူရှင်မင်းသည် ရှမ်းပြည်၌လည်း ထေရဝါဒသာသနာ ပြုခဲ့သေး၏။ ဆင်ဖြူရှင် မင်းတရား၏ သားအိမ်ရှေ့ဥပရာဇာသည် (၉၄၃) ခုနှစ်တွင် ဟံသာဝတီ၌ မင်းပြုသည်။ (၉၅၅) ခုဝါဆိုလတွင် သာသနာသန့်ရှင်းရေးလုပ်သည်။ ဗားမဲ့ဘုန်းတော်ကြီးကိုမယုံကြည် ၍ညောင်ရမ်းမြို့ပို့ထားသည်။ (၉၅၈) ခုနှစ်တွင် ကပ်ဆိုက်၍ သေကြေပျက်စီးများ၏ သာသနာတော်ပျက်စီးလေ၏။ (၉၆၀) ခုတွင်တောင်ငူဘုရင်၊ ရခိုင်ဘုရင်တို့ ပေါင်း၍ လုပ်ကြံလေ သော် ဟံသာဝတီပျက်၍ ဟံသာဝတီမင်း ဥပရာဇာကို တောင်ငူသို့ သိမ်းယူခဲ့ လေ၏။ သက္ကရာဇ် (၉၆၁) ခုတွင် သားတော်နတ်ရှင်နောင် လုပ်ကြံ၍ အနိစ္စရောက်၏။ ထိုနှစ်တွင် တောင်ငူဘုရင်ကို တောင်ငူဘုရင်က

အခွင့်ပန်၍ ကုလားစေင်ကာကို သံလျင် မြို့၌ အစောင့်ထား၏။ ဘုရင်ဂျီကုလားစေက်ာကလည်း ရခိုင်ဘုရင်၊ တောင်ငူဘုရင်တို့ကို ခြားနား၍ (၁၂) နှစ်တိုင်တိုင် သံလျင်ကနေ၍ တလိုင်းသုံးရပ်ကို မင်းပြုစဉ် ဘုရားပုထိုးများ ဖျက်ဆီး၍ ရွှေဆင်းတု၊ ငွေဆင်းတုများကို အရည်ကျို၍အခဲလုပ်ပြီး တကျွန်းပြည်သို့ ကုန်ရောင်းဝယ်ပြုလေ၏။ ရဟန်းသံဃာတို့လည်း ထင်ပေါ်စွာမနေဝံ့ကြ။ လူတို့လည်း မလှူဒါန်းဝံ့ကြ။ အင်းဝသို့ အချို့ ဝင်ရောက်နေကြလေ၏။ ယိုးဒယား၊ သီဟိုဠ်ကရဟန်းပျက် တို့သံလျင်သို့ရောက်လာကြပြီး စေက်ာနှင့်ပေါင်း၍ အလဇ်ရဟန်းတို့ ထိပ်အုပ် သက်န်း နောက်လှမ်းကိုမြင်၍ ငါတို့သာသနာနှင့် တူသည်ဟုဝမ်းမြောက်၍ဖဲကတ္တီပါကိုပေး၍အရှင် ဘုရားတို့စိတ်ကြိုက်လုပ်ဆောင်စေဟုဆိုရာတွင် ခေါင်းဆောင်လုပ်၍အားလုံး ဆောင်းကြ၏၊ စေက်ာ အလိုလိုက်၍ ဦးထုတ်ဆောင်း (၁၂) နှစ် တိုင်ဖြစ်လေ၏။

အင်းဝပြည့်ရှင် အနောက်ဘက်လွန်မင်းတရားကြီးသည် အထက်ပါအကြောင်းအရာများသိရှိတော်မူ၍ မွန်တလိုင်းပြည်သို့ စစ်ကြီးချီတက်ပြီးတိုက်တော်မူ၏။ သက္ကရာဇ် (၉၇၄) ခုတွင် တောင်ငူရတော်မူ၏။ နတ်ရှင်နောင်သည် တောင်ငူမှထွက်ပြေး၍ စေက်ာနှင့်ပေါင်း ပြီးနေလေ၏။ ဘုရင်ဂျီဘာသာကိုလည်းယူလိုက်၏။ တောင်ငူအောင်မြင်ပြီးနောက် ဆက် တိုက်ရာ တလိုင်းသုံးရပ်လုံး အောင်မြင်တော်မူ၏။

စေက်ာနှင့် နတ်ရှင်နောင်တို့ကိုလည်း မြို့လယ်ခေါင်တကျင်လျှို၍ကွက်မျက်လိုက်၏။

ရဟန်းသံဃာများ အင်းဝနေပြည်တော်ကိုလာပြီးနေထိုင်ကြ၍ စည်ပင်ထွန်းကားပြန် ၏။ သို့သော် သူတို့အယူမဖြောင်ကြ၍ အတ္တဝါဒီများ၏ ဆရာစဉ်ဦးထုတ်ဆောင်းဂိုဏ်း၊ ပုဂံ၊ အင်းဝ၊ စစ်ကိုင်း၊ ပင်းယသို့ဆန်တက်လာသည်သာ ထူး၏။

ဤမှစ၍ အမရပူရမြို့တည် အောင်မြေလောကဘုရားဒါယကာ မင်းတရားလက်ထက်တိုင်အောင်ရှိခဲ့၏။ ထိုမင်းလက်ထက် အတင် အယုံဂိုဏ်းများ စီစစ်သန့်ရှင်းပစ်ပြီးမှ ငြိမ်းအေးသွား တော့၏။ ရှင်အရဟံသာသနာတော်ပြုပြီးနောက် ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ ရွှေဘို၊ အမရပူရ၊ မန္တလေးတိုင်အောင် ထေရဝါဒသာသနာမပျက်စီးခဲ့ပေ။ ထေရဝါဒအားကြီး သောအခါနှင့် အားနည်းသော အခါရှိပေသည်။ လုံးဝထေရဝါဒသာသနာပျက် စီးသွားသော အခါရယ်လို့မရှိခဲ့ပေ။ အောက်၌ ဖော်ပြသောအချက်များကို နှိုင်းဆကြည့်က သိနိုင်ပါသည်။

၁။ သံဂါယနာသုံးတန်တင် မထေရ်တို့၏ထေရဝါဒ
၂။ သီဟိုဠ်သာသနာပြု ရှင်မဟိန္ဒထေရ်အဆက် မဟာဝိဟာရဝါသီအရှင်မြတ်တို့၏ထေရ ဝါဒ
၃။ သုဝဏ္ဏဘူမိတိုင်းသာသနာပြုသော ထေရ်ဥတ္တရထေရ်တို့၏အဆက်ထေရ ဝါဒ
၄။ ပုဂံသာသနာပြုရှင်အရဟံ၏ အဆက်ထေရဝါဒ
၅။ ပန်းယသာသနာပြု ရဟန္တာ ရှင်ဒိဗ္ဗစက်ထေရ်၏အဆက်ထေရဝါဒ
၆။ အင်းဝမိုးညှင်းမင်းတရားလက်ထက် သီရိသဒ္ဓမ္မလင်္ကာရထေရ် သီဟိုဠ်မဟာ သာမိထေရ် တို့၏အဆက်ထေရဝါဒ

၇။ သားတော်ထူပါရုံတကာ လက်ထက်ဒုဆပဒရှင်ဓမ္မကေတု၏အဆက်ထေရဝါဒ

၈။ တောင်ငူမဟာသီရိဇေယျသူ မင်းကြီးညိုလက်ထက်ကလျာဏီတိဿထေရ်နှင့်အတူ သီဟိုဠ်က ကြွလာသော ဒွါရဝတီမြို့ထိပ်နေ ရှင်ဒီဝါကရဏထေရ်၏ အဆက်ထေရဝါဒ

၉။ ငမြာရှင် ပညာသာရ နောင်ဘရှင် စန္ဒမဥ္ဇူ မောင်္ဂလနီ ရှင်ဓမ္မနန္ဒာ၊ငရုံအိုရွာ ရှင်ကလျာဏ ဇမိုးကောင်းရှင် အဂ္ဂဇသီနေမိန်ရွာရှင်ဂုဏသီရိ ကင်ပွန်း တောင်ရွာ ရှင်ဓမ္မနန္ဒီပုဂ္ဂိုလ်တို့ထေရဝါဒ

၁၀။ ငမြာရှင်ပညာသာရအဆက်ပုဗ္ဗာရုံကျမ်းပြု ရှင်သာရဒဿီစလင်းရှင်ယသ ပေါင်းတည် ရှင် ဥတ္တမငရုံအိုရှင်ကလျာဏအဆက် နေရင်းမဏိရတနာကျမ်းပြုရှင် အရိယာလင်္ကာရသစ်ညို ရှင်ဂုဏဝဍ္ဍသကကန်းရိုးရေကျောင်း ရှင်သာရဝံသစလူ ကျောင်းရှင်သီရိသေဌမာန်လည် ရှင်ဂုဏာလင်္ကာရ၊ ဆင်တဲရှင်ညာဏ ဤပုဂ္ဂိုလ်တို့သိသာနုသိဿ ထေရ်ဝါဒ

၁၁။ မောင်္ဂနိလာန်ရွာ ရှင်ဓမ္မာနန္ဒာ၏အဆက် ဒီပယင်းရှင်မုနိန္ဒဃော၊ ရှင်ပညာသီဟ၊ဗားကရာရှင် နန္ဒမာလာ၊ ပလိုင်းရှင်သုဇာ၊ ပစ္စာရှင်သီရိမဥ္ဇူ မင်းအိုရှင် ဂုဏ သီရိမောင်းထောင်ရှင်ညာဏဝံသ ဓမ္မသေနာပတိ၊ ချောင်းကောက်ရှင်သဒ္ဓမ္မုနိန္ဒ၊ ဤပုဂ္ဂိုလ်တို့၏ သိဿာ နုသိဿထေရဝါဒ

၁၂။ နောင်အရှင်စန္ဒမဥ္ဇူသအဆက်နွယ်နီစံလွတ်ရှင်ဝရလင်္ကာရ၊ ကျော်အောင်စံထား ရှင်ညာဏဝရ မင်းရွာရှင်ဇာဂရ ဤပုဂ္ဂိုလ်တို့၏သိဿနုသိဿထေရဝါဒ

၁၃။ ရေမိန်ရှင်ဂုဏသီရိ၏ အဆက်ပုလဲရှင်ဓမ္မဓရ၊ ရှင်ကလျာဏဇေ၊ ဆုံထားနန္ဒမာလာ၊ဆားတောင် ရှင်ယဝရပဥ္ဇူ မဲထီးရှင်မဏိမာလာငင်းတပည့်တောင်ငူ သာသနာပြုရှင်မဟာသီရိဝံသာဘိ ပုံတောင် ရှင်ဝရ ဤပုဂ္ဂိုလ်တို့၏ သိဿနု ထေရဝါဒ

၁၄။ ကင်ပွန်းတောင် ရှင်ဓမ္မနန္ဒီထေရ်၏အနွယ်ဆက် သင်ပန်းရှင်သဒ္ဓမ္မမာလာသစိုးရှင် ဥဂ္ဂသမာလာ တပည့် အင်းဝရှင်ဇိနလင်္ကာရ၊ ရွှေချမ်းသာရှင်ညာဏ သဒ္ဓမ္မ ဤပုဂ္ဂိုလ်တို့၏ သိဿနုထေရဝါဒ

၁၅။ တောင်ငူရှင်ဝိစိတ္တအဆက် တဘက်ဆွဲရှင်ညာဏမဥ္ဇူ ထန်းပေါက်ကုန်း ရှင်ဝရဝံသ ကိန္နရာရာကျောင်းရှင်ပရမမဥ္ဇူ သီပေါရှင်တေဇဝန္တ။ မြို့သာရှင်အဂ္ဂဇသီ အဆက်ကြက်စိမ်းရှင် ကေတုမာလာ၊ သာဂရရှင် ကလျာဏဓမ္မ၊ ဂုံညင်းနွယ်ရှင် ဓမ္မဝိလာသ၊ ရှင်ဓမ္မပါလ၊ မိဓိလာရှင် ဝိမလာစာရ၊ ရွာကြီးရှင် ဥတ္တံသမာလာ၊ ပြည်မြို့ရှင်ပညာ၊ တောင်တွင်းရှင် ညာဏလင်္ကာရ၊ တပည့်ရှင်ဂုဏ သာရ၊ ထူပါရုံရှင်ပုညတို့၏သိဿနုသိဿ ထေရဝါဒ

အာစရိယဝါဒအယူရှိသော တုံရွာနေ ရှင်ဂုဏသီရိ၏ သိသာနုသိဿဖြစ်သောအတုလယ ပုဂ္ဂိုလ်သည် သာသနာတော် ၏ဘေးရန်ဆူးငြောင့်ပြုကျင့်နေသူဖြစ်သောကြောင့် လူဝတ်လဲ၍မောင်ကျော်ပြီးမှ မိမိရပ်ရွာသို့ နှင်ထုတ်လေ ဟုအောင်မြေလောကဘုရားဒါ ယကာမင်းတရားအမိန့်တော်ရှိ၍ (၁၁၄၅) ခုနှစ် တွင်နှင်ထုတ် လိုက်၏။ ထိုအခါကြမှ အတင် အရုံရင်စည်းဂိုဏ်းတို့ ရှင်းလင်းသွားတော့၏။ ထေရဝါဒအလွန် ထွန်းကားလာပေသည်။ အရေးကြီးတာက ရှေ့လာမည့်နှစ်ပေါင်း (၃၆) နှစ် ကျော်လောက်အတွင်းမှာ တတိယကမ္ဘာစစ်ဖြစ်သော အနုမြူစစ်ပွဲကြီးဖြစ်ပါလိမ့်မယ်။ကမ္ဘာမှာလူဦးရေ

၃ ပုံ ၂ပုံလောက်ကုန် သွားပြီး တပုံလောက်သာကျန်ပါမည်၊ ထိုအခါ ဗုဒ္ဓသာသနာထွန်းကားပါလိမ့်မယ်။ အခြား ဝါဒများက (၁၀၀) မှာ (၁)ယောက်လောက်သာ ရှိပါလိမ့်မယ်။ မိစ္ဆာများတီထွင်ကြသော အနုမြူလက်နက်များ မိစ္ဆာများကိုသာ ရှင်းပစ် ပါလိမ့်မယ်။ ဗုဒ္ဓဘာသာများ (၁၀၀) မှာ (၇၅) ယောက်က အနုမြူအန္တရာယ်လွတ်ကြပါလိမ့်မယ်၊ ထို့ထက်ပို လွတ်ကင်းပြီး သာသနာ တော်ကြီးမပြိုပျက်အောင် ဂုဏ်တော်များအပွားခိုင်းခြင်း၊ မေတ္တာများအပို့ခိုင်းခြင်း၊ ပဋ္ဌာန်း ဒေသနာတော်ရွတ်ပူဇော်ခြင်းတို့ ဗုဒ္ဓဘာသာများ ပြုလုပ် ကြအောင် မဟိဒ္ဓိရှင် - သိဒ္ဓိရှင်များကကိုယ့်နည်းကိုယ်ဟန်နှင့် ဆောင်ရွက်ပေးကြစေ လိုပါတယ်။ ထို့ပြင်ကိုယ်တာဝန်ကျ ရာဌာနများကို အဘက်ဘက်မှအန္တရာယ် လုံခြုံအောင် စောင့်ရှောက် ပေးကြဘို့လိုပါတယ်။ အနုမြူကပ်လွတ်စေရန် ဆွမ်းဆီမီး၊ ရေတော်၊ ပန်းတော်၊ နံ့သာတိုင် သစ်သီးတို့ကိုလည်းရာပြည့်၊ ထောင်ပြည်၊ ဘုရားတန်ခိုးကြီးများမှာ ကပ်လှူပေးဖို့လိုပါတယ်။ ဤကဲ့သို့ အဘက်ဘက်ကပြုလုပ်ကြမှလာမည့် အနုမြူစစ်အန္တရာယ်ကို ဗမာပြည်သူ ဗမာပြည်သား တို့လွတ်မြောက်ပြီး ဗုဒ္ဓဘာသာ ကမ္ဘာမှာလွှမ်းပြီး သတ္တလောကကြီးမှာ ချမ်းသာ မြေခြင်း အတိပြည့်ပါလိမ့်မယ်ဆိုတာ လျှောက်ထားပန်ကြားပြီး နိဂုံးချုပ်လိုက်ပါသည်ဘုရား။

သာဓု - သာဓု - သာဓု ခေါ်သောအသံကြီးသည် ပဲ့တင်ထပ်သွားတော့၏၊ သာဓုသံ ငြိမ်သွားလျှင် (ဇယန္တောဂါထာတော်) များရွတ်တည်တော်မူကြပြီး ညီလာခံသဘင်ကြီး အောင်မြင်စွာ ရုတ်သိမ်းတော်မူ၏။

၁၃၁၆ ခု၊ တပေါင်းလပြည့်ကျော် (၁) ရက် ဗုဒ္ဓဟူးနေ့နံနက် နေဝန်းပြူချိန်တွင် ညီလာခံသဘင်ကြီးပြီးစီးအောင်မြင်၍ ကျွန်ုပ်ဘိုးဘိုးအောင်က လိုက်ပို့လေသည်။ အလောင်းတော် ကဿဖဂူမြတ်ရောက်သောအခါ ကျွန်ုပ်ကဘိုးဘိုးနက်ဖြန် ပဋ္ဌင်းပြန်တော့ မယ်။

အောင် - အဓိဋ္ဌာန်ရက်ပြီးသွားလို့ပြန်မှာလား။

ကျွန်ုပ် - ဟုတ်ပါတယ်ဘိုးဘိုး၊ ဒီကနေ့အဓိဋ္ဌာန်ရက်စေ့ပါတယ်။

အောင် - ကောင်းပြီ၊ ကောင်းပြီ ဦးပဋ္ဌင်းနောင်အချိန်အခါသုံးသုံး အခြားလူများကိုပဲ ပေးပေး ဟောဒီအင်းမန္တာန်ဂါထာစာများပါတဲ့ပေစာပေးလိုက်မယ်။
(အင်းများ၊ မန္တာန်များ နောက်ဆုံးမှာပြထားပါ၏။)

ကျွန်ုပ် - ကောင်းလှပါပြီဘိုးဘိုး။ အင်မတန်ဝမ်းမြောက်ပါတယ်။ ကျေးဇူးကြီးလှပါတယ် ဘိုးဘိုး။

အောင် - နက်ဖြန်ပြန်သွားတဲ့အခါ အထူးသတိထားပြီးသွားနော် သတိဆိုတာပိုတယ် မရှိဘူး။ လိုတယ်သာရှိတယ်။ အတတ်နိုင်ဆုံးလည်းသည်းခံပါ။ မည်သူက သစ္စာပျက်ပျက် မိမိကမပျက်ဖို့အရေးကြီးတယ်။ဒီလိုလမ်းကြီးလိုက်ကြတဲ့ လူအပေါင်းဟာမင်းရဲ့ အန္တရာယ်နှင့်အနည်းနှင့်အများတွေ့ကြရတယ်။ မင်းရဲ့ အန္တရာယ်နဲ့တွေ့တဲ့အခါမှာလည်း သတိရှိရှိနဲ့ရင်ဆိုင်ပါ။ ဒေါသကိုချုပ်တီးပါ။ စိတ်လိုက်မာန်ပါမလုပ်ပါနှင့် ကိုယ်ကြောင့်မို့ နောက်ဆုံးငရဲလားရတယ်။မင်းစိုးရာဇာဆိုတဲ့မင်းချင်းများက လုပ်ချင်သလို လုပ်ပြီးမှ

သိကြရတာ။ သူတို့ သိတဲ့အချိန်ကြတော့လက်လွန်ကုန်ပြီ။ မရှုနိုင်မကယ်နိုင်ဖြစ်ကြရရှာတယ်။ ဒါပေမယ့်အပြစ်ကတော့အပြစ်ဘဲ၊ ဒါတွေသိလို့ ဘိုးဘိုးကတော့မင်းအဖြစ်ကိုမလိုချင်ဘဲပယ်လာခဲ့တယ်။ အတတ်နိုင်ဆုံးရှောင်လာခဲ့လို့ ဒီလမ်းရောက် လာခဲ့တာဘဲ။ ကိုယ်တော်လေးလဲ မင်းအဖြစ်ကိုဆုမတောင်းနဲ့နော်။ ဆုမတောင်းဘဲနဲ့လဲ ဒါနတစ်ခုအောင်မြင်သွားရင် ဒီမင်းအဖြစ်က လွယ်လွယ်ကူကူနဲ့ရသွားတာဘဲ။ ကိုယ်မလွဲသာလို့ မင်းဖြစ်ကိုရရှိတဲ့အခါ တရားစောင့် ရှောက်သောမင်းအဖြစ်မျိုး ဖြစ်ရပါလို၏ လို့တော့ဆုတောင်းပါနော်။

နောက်တစ်ခုမှာချင်တာက မမေးပဲနှင့်မပြောပါနှင့်နော်။ မေးတာတောင်မှ ပြောသင့်မှပြောနော်။ ဘယ်နေရာဖြစ်ဖြစ် မသိချင်ယောင်မတတ်ချင်ယောင် ပြုနေ။ မလွှဲမရှောင်သာမှ တတ်သိထားတာကိုအသုံးချနော်။ ကာလကဟုတ် တာမဟုတ်ဘူး။

ကျွန်ုပ် - ကောင်းလှပါပြီဘိုးဘိုး၊ ဘိုးဘိုးဆုံးမမှာကြားသမျှ ဦးထပ်ရွက်လိုက်နာပါ့မယ်။

အောင် - ကိုယ်တော်လေး သွားလိုက်ဦးမယ် နော်ဆိုပြီး ပျောက်သွားတော့၏။ ကျွန်ုပ်တစ်ယောက်တည်း လှိုက်ဂူမြတ်ထဲကျန်နေရစ်တော့၏။ ဘိုးဘိုးပြောတာများ အားလုံးမှတ်သားထားလိုက်ပြီး အဓိဋ္ဌာန်ပုတီးသုဂတော ၅-ချက်ဆက်စိပ် နေတော့၏။

ပုတီး ၁၂-ပတ်ရတော့ လမ်းလျှောက်စိပ်သည်။ ထိုင်စိပ်လိုက် လျှောက်စိပ်လိုက်နှင့် ပုတီးပတ် ၂၃-ပတ်ရသောအခါ နာရီကြည့်လိုက်၏။ ၁၁ နာရီခွဲနေ၏။ သပိတ်ထဲမှ ဩဇာ သီး၊ ငှက်ပျောသီး ၂ -လုံးစီယူစားပြီး ရေချိုးသွား၊ ရေချိုးပြီးနောက် လမ်းလျှောက်ပုတီးစိပ် ၁၂-ပတ်ရသောအခါ လှမ်းထားသော သင်းပိုင်ခြောက်၍ယူပြီး ဂူမြတ်ကြီးထဲဝင်၊ ညက မအိပ်ရတာနှင့် ခေတ္တအိပ်လိုက်၏။ အိပ်ရာမှနိုး၍နာရီကြည့်လိုက်သောအခါ ညနေ ၆-နာဂိုထိုးနေ၏။ ကဗျာကယာထပြီး မျက်နှာသစ်၍ပြီးလျှင် စိပ်ပုတီးဆက်စိပ်တော့၏။ ထိုင်လိုက်လျှောက်လိုက်နှင့် စိပ်တာပုတီးပတ် ၃၆-ပတ်ရလျှင် နာရီကြည့်လိုက်၏။ ည ၁၂-နာရီထိုးနေ၏။ ၄၅ -ရက်အဓိဋ္ဌာန်ပုတီး အားလုံးပြီး၍ အဓိဋ္ဌာန်ချပြီး အဓိဋ္ဌာန်ကုသိုလ်အဖို့ များကို ၃၁-ဘုံသားတို့ စုံစုံလင်လင်အမျှပေးလိုက်သောအခါ တစ်တောလုံးတစ်တောင်လုံး ပဲ့တင်ထပ်အောင် သာဓုခေါ်သံများကြားရတော့၏။ သာဓုသံများသည် ၅-မိနစ်လောက် ကြာအောင်ကြားနေရ၏။ အသံများ ငြိမ်သွားသောအခါ ကိုယ်လှူထားသော ၂-ထပ် သက်န်းကြီး ခါပြီးပြန်၍ သေသေသပ်သပ် ဖြစ်အောင်ခြုံပေးပြီး ကိုယ်တော်မြတ်ကြီးရှေ့တွင် ပရိတ်များရွတ်ဘုရားရှိခိုးဂါထာ ၁၀၀ ကျော်တို့ဖြင့်အားရအောင်ရှိခိုးပြီး ၅၂၈ သွယ်မေတ္တာပို့ ကောင်းမှုများအဖို့အမျှဝေပြီး နာရီကြည့် လိုက်လျှင် နံနက် (၆) နာရီထိုးနေ၏။ အားရစွာ ကန်တော့ပြီး နောက်လှည့်ကြည့်လိုက်လျှင် လူတစ်ယောက်ကိုတွေ့ရတော့၏။ ကျွန်ုပ်က အသင်ဘယ်သူလဲ မေးတော့ ဤတောင်စောင့်နတ်ပါ လို့ပြော၏။ထိုနတ်ကားတပည့်တော် အရှင်မြတ်ကိုပြစ်မှားမိသမျှ တောင်းပန်ပါတယ်ဘုရား ဆိုပြီး ငိုတော့၏။ ဘာပြုလို့ငိုတာလဲ လို့မေးတော့ အရှင်ဘုရားက ယနေ့ပြန်သွား မှာဆိုတော့ တပည့်တော်တို့ ဝမ်းနည်းလွန်းလို့ ပါဆိုပြီး ငိုပြန်၏။ ကျွန်ုပ်က တရားဟောပြီး နှစ်သိမ့် စေရ၏။ ကျွန်ုပ်ကလည်း

အလောင်း တော်ကဿပကိုယ်တော်ကြီးနှင့်ခွဲရမှာမို့ စိတ်မကောင်း ဖြစ်နေ၏။ စိတ်ကိုထိန်းချုပ်ရ၏။ ထိုအထဲက နတ်ကလာဒိုပြန်တော့ ပိုပြီးစိတ်မကောင်းဖြစ်တော့၏။ စိတ်ကိုအားတင်း၍ ကိုယ်တော်မြတ်ကြီးကို ဆုတောင်းကန်တော့ပြီး အပေါက်ဘက်လှည့်လာ၏။ထိုအခိုက်ဝင်းကနဲဖြစ်၍ ကိုယ်တော်မြတ်ကြီး ဘက်လှည့်ကြည့် လိုက်သောအခါ ရောင်ခြည်တော်မှာ အလောင်းတော်ကဿပကိုယ်တော်မြတ်ကြီးခေါင်းတော်မှ တဖြတ်ဖြတ်ဖြစ်နေ၏။ အပေါက်မထွက်နိုင် သေးဘဲ ပြန်လှည့်လာပြီး လက်အုပ်ချီ၍ဖူးနေ၏။ ရောင်ခြည်တော်မှ ခေါင်းတော်မှရင်ဘတ်တော်၊ ရင်ဘတ်တော်မှညာလက်တော်၊ ညာလက်တော်မှ ဘယ်လက်တော်၊ ဘယ်လက်တော်မှ ဝမ်းတော်၊ ပေါင်တော်၊ ခြေသလုံးတော်၊ ခြေဖျားတော်များတိုင်အောင် အစဉ်လျှောက်ပြီး လူးလာပျံ့ခေါက် ပြုလုပ်နေ၏။ ကျွန်ုပ်လည်းဖူး၍မဝဖြစ်နေ၏။ အလင်းရောင်ခြည် တော်သည်အစိမ်းရောင်နှင့် အဖြူရောင်များဖြစ်သည်။မီးညွန့်ကဲ့ သို့တဖြတ်ဖြတ်နှင့် တောက်ပ နေ၏။ နောက်ဆုံးခြေဖျားတော် ရောက်မှ ပျောက်ထွက်သွား၏။ လာအုံးမလားဟု စောင့်ကြည့်နေ သေး၏။ မလာတော့မှအပေါက်ဝဘက် ထွက်လာခဲ့၏။ အပေါက်ဝလဲရပ်လိုက်ရော အောင်ပြီ - အောင်ပြီ - အောင်ပြီ အသံကျယ်ကြီးများနှင့် (၃)ခွန်းအော်သံကြားရတော့၏။ ကျွန်ုပ်မှာ ကြက်သီးများတဖိန်းဖိန်းနှင့်ထနေ၏။

ခြေထောက်များနောက်ဆုတ်နောက်ဆုတ်နှင့် အလောင်းတော်ကဿပကြီးကို ဦးညွတ်ပြီး ထွက်လာရာ အပေါက်ဝလဲရောက်ရော မီးခိုးလုံးကြီးများထလာပြီး ကျောက်တံခါးကြီး အလိုလို ဂျိမ်းခနဲ မြည်ဟီး၍ ပိတ်သွားတော့၏။ ကျွန်ုပ်လည်း အလွန်တုန်လှုပ်သွားတော့၏။ အပေါက်မှ တဖန်ဦး (၃)ကြိမ် ချပြီးလက်အုပ်ချီ၍ နောက်ဆုတ်နောက်ဆုတ်နှင့်လာပြီး လှေခါး ခြေရင်းကြမှ ကျောပေးတက်လာခဲ့ တော့၏။ အပေါ်ရောက်ပြန်တော့ အလောင်းတော်ကဿပ ပုံတော်ကြီးကို အားရစွာရှိခိုးကန်တော့ပြီး လွမ်းလွမ်းနှင့်ပြန်လာ ခဲ့တော့၏။ အလောင်းတော် ကဿပနားမှ မြောင်းကူးတံတားလေးကျော်လျှင် နာရီကြည့် လိုက်သောအခါ (၁၃၁၆) ခုတပေါင်းလပြည့်ကျော် (၂)ရက် ကြာသပတေးနေ့နံနက် (၈)နာရီမတ်တင်းအချိန်ဖြစ်နေ၏။

စိတ်ထဲခံစားရချက်တစ်မျိုးဖြင့် ဘိုးတော်များနှင့်ခွဲရခြင်း အရှင်မြတ်တို့နှင့်ခွဲလာရ ခြင်း၊ အလောင်းတော်ကဿပကြီးနှင့်ခွဲလာရခြင်းတို့ကိုတွေးပြီး စိတ်အားငယ်ခါနဲ့ပြန်လာခဲ့ရာ ဖြုံးဆို ငှက်သံဆိုးကြီးတသံကြားလိုက်ရ၍ ထိတ်ခနဲဖြစ်ပြီး သတိဝင်လာခါ ပုတီးစိပ်၍ ဟိုဟိုဒီဒီ လှမ်းကြည့်လိုက်မိ၏။ ဘုရားအနီး ရေမြောင်းတစ်ခုကျော်ခါနီးဖြစ်နေ၏။ ဆင်သံလိုလိုကြားရ၍ သစ်ပင်ကြီးတစ်ပင်ကို အကာအကွယ်ယူလျက် အခြေအနေကိုစောင့်ကြည့် နေ၏။ တဖြည်းဖြည်း တောဆင်ရိုင်းများ တောင်ဘက်မှ တက်လာနေတာမြင်ရ၏။ ကျွန်ုပ်ကိုမမြင်ရအောင် တစ်ဘက်လှည့်ကပ်နေ၏။ ဆင်များနီးလာတော့ အနောက်ဘက်မှ လှည့်ကပ်ပြီးကြည့်နေ၏။ ဆင်အုပ်ကြီးမှာ ကျွန်ုပ်နှင့်ကိုက် (၅၀) အကွာလောက်က မြောက်သွားနေတာတွေ့ရ၏။ ဆင်အကောင်(၂၀)လောက်ရှိ၏။ဆင်များမမြင်ရတော့ မှရေမြောင်းဆီ လျှောက်လာပြီး ဖြတ်ကျော်ခဲ့၏။

ဘိုးဘိုးအောင်က မနေ့ ဆုံးမပြောပြသောစကားကို ကြားယောင်မိလာသဖြင့် အထူး သတိရှိစွာ ပုတီးစိပ်၍ လမ်းလျှောက်ပြန်လာ၏။ တော်တော်လေးလျှောက်မိသောအခါ ရှဲရှဲနှင့်အသံများ

တောင်ဘက်ဆီမှကြားလာရပြန်၏။ နီးရာသစ်ပင်ကိုအကာအကွယ်ယူပြီး အခြေအနေကို အသံလာရာဘက်မှ စောင့်မျှော်ကြည့်နေ၏။ ရှဲရှဲအသံများ နီးသည်ထက် နီးလာ၍ ဂရုတစိုက်ကြည့်လိုက် သောအခါ လူ့ပေါင်လုံးခန့်မျှမြွေကြီးများ ပါးပြင်းတထောင် ထောင်နှင့်လာနေတာတွေ့ရ၏။ (၁၀)ကောင် လောက်ရှိမည်ထင်၏။ ကျွန်ုပ်ကိုမမြင်အောင် အတော်အကာအကွယ်ယူရ၏။ မြွေကြီးတစ်ကောင်က ကျွန်ုပ်ကပ်နေသော သစ်ပင်ကြီးဘက်ခေါင်းလှည့်နေ၏။ ကျွန်ုပ်ကထိတ်ခနဲဖြစ်သွားပြီး အခြေအနေကို စောင့်ကြည့်၍ ပြေးရန်ဟန်ပြင်ထားရ၏။ နောက်မှသတိရလာ၍ အောင်မြင်ခဲ့သောအဓိဋ္ဌာန်ကို အမှတ်ရပြီး (ကျွန်ုပ်သည် ၄၅ ရက် အဓိဋ္ဌာန်အောင်မြင်ခဲ့တာမှန်လျှင် အန္တရာယ်မှကင်းလွတ်ရပါ စေသတည်း။) ဟုအဓိဋ္ဌာန်လိုက်၏။ ထိုအခိုက် မြွေများနောက်မှ ဖုံခိုးလုံးကြီးများထလာပြီး လေပြင်းတိုက် လာ၏။ မြွေများလည်း မြောက်ဘက်ဦးတည့်ရာပြေးသွားကြ၏။ မြွေများပျောက်ကွယ်သွားမှဆက်လာရာ ရေမြောင်း တမြောင်းတွေ့ပြန်၍ ဖြတ်ကျော်လာ ခဲ့၏။ ပုတီးစိပ်လာရင်းသတိရလာ၏။ (ငါအပြန်ကို ဥစ္စာစောင့်နှင့် နတ်မိမယ်တို့က နှောင့်ယှက်ခြေမှုန်းပစ်မယ်) ဟုကြိမ်းဝါးသွားသည့်စကားကို အမှတ်ရ လာ၏။

အမှတ်ရလျှင်ရခြင်း ငါအဓိဋ္ဌာန်လက်နက်သုံးမှ သူတို့အန္တရာယ်ကလွတ်မှာပဲဆို ပြီးအဓိဋ္ဌာန်၏ (အကျွန်ုပ်သည် (၄၅) ရက်အောင်မြင်ခဲ့ပြီးသော အဓိဋ္ဌာန်ကြီးသည် မိမိအတွက် ထွက်လမ်းကို ရည်စူး၍လည်းကောင်း၊ (၇) ရက်သားသမီးများ ဘေးဒုက္ခမှကယ်တင်လို၍ လည်းကောင်း၊ နိဗ္ဗာန်မဂ်ဖိုလ်ကိုရည်စူး၍၎င်း၊ ကျင့်ကြံပွားများအားထုတ်ခဲ့တာမှန်ပါသည်။ မည်သည့် သတ္တဝါကိုမျှ ညှင်းပန်းနှိပ်စက်လို၍ အားထုတ်သည်မဟုတ်ပါ။ မိမိရရှိသော တန်ခိုးအာဏာဖြင့် မည်သည့်သတ္တဝါကို ဖိနှိပ်ချုပ်ချယ်လို၍မဟုတ်ပါ။ ဤအတိုင်းကေန်မှန်ခဲ့လျှင် ယခုအနှောင့်အယှက်ပေးနေကြသော ရန်အပေါင်းမှ ဘေးအန္တရာယ်မရှိဘဲ လွတ်မြောက်ရပါ လို၏ အရှင်ဘုရား) ဟု အလောင်းတော်ကဿပ ရှိရာဘက်သို့လှည့်ပြီး လက်အုပ်ချီ၍ သစ္စာအဓိဋ္ဌာန်ပြုလိုက်၏။ ထိုတခဏတွင် တဘောလုံး၊ တတောင်လုံး မြည်ဟီးသံကြီးပေါ်ထွက်လာပြီး အခိုးအလျှံများကောင်းကင်ယံတက်သွားသည်ဟု ထင်မှတ် ရ၏။ ကျွန်ုပ်လည်း ဆက်လက်လာခဲ့ရာ တတိယရေမြောင်းနား ရောက်ပြန်၏။ ရေများဖြင့်ကိုယ်လက် သန့်စင်ပြီးရေမြောင်းကို ဖြတ်ကျော်လာခဲ့၏။ နဲနဲမြင့်သော တောင်အတက်ကလေးပေါ်သို့ တက်လာခဲ့၏။ ထိုတောင်အတက်လေးမှ အဆင်းတွင် ၄၀ အရွယ် မိန်းမနှစ်ယောက်နှင့် ၁၈၊ ၂၀ ခန့် မိန်းကလေး တစ်ယောက်ကို ထင်းစည်းများဖြင့် တွေ့ရ၏။ မိန်းမကြီး ၂ ယောက်က မိန်းကလေးတစ်ယောက်ကို နှာနှပ်ပေးခြင်း၊ ရင်ဘတ်ဖိပေးနေခြင်းတို့ဖြင့် ပြာပြာသလဲပြုစုနေကြ၏။

ကျွန်ုပ်က ထိုမြင်ကွင်းကိုကြည့်ပြီး စဉ်းစား၏။ ဒီလောက်နက်တဲ့တောတောင်ကြီး ထဲမှာ မိန်းမ ၃ ယောက်က ထင်းခုတ်လာတယ်။ နို့ပြီး မိန်းကလေးတက်နေလို့ ပြုစုနေကြတယ်ဆိုတာ စဉ်းစားစရာဘဲ။ ဘာပဲဖြစ်ဖြစ်လေ သတိနှင့်လုပ်ရမှာပဲဆိုပြီး လျှောက်လာရာ သူတို့နားရောက်တော့ ၄၀ အရွယ်မိန်းမတစ်ယောက်က ကိုယ်တော်လေးဘုရား ကယ်ပါအုံးဘုရား ပရုပ်ဆီ၊ သွေးဆေးတို့ပါရင် တိုက်ပေးပါ။ လိမ်းပေးပါဘုရား ဟုလျှောက်၏။ ကျွန်ုပ်က အသာကြည့်ပြီးအကဲခတ်၏။ ၃ ယောက်လုံး အချောအလှချည့်ဘဲ

ကောင်မလေးကတော့ မေ့မြောတဲ့ပုံပဲ။ ဒီမိန်းမ ၂ ယောက်ကတော့ ချောတယ်။ အသားများကနီတယ်။ မျက်လုံးအစုံများကလည်း ကြည်လင်တောက်ပတယ်။ မျက်တောင်က သိပ်မခတ်ဘူး။ လူတော့ဟုတ်ပုံမရဘူး။ သို့သော်သူတို့ကို မကူညီရင်ရိုင်းရာကျမယ်။ ကူညီတာလည်း ကျရော သူတို့သဘောတရားလဲ သိရရောဆိုပြီး မှတ်စုစာအုပ်နောက်ပိုင်းမှ စာရွက်ကိုသရဏဂုံအင်းချပြီး လက်ဖြင့်ဆုတ်၍လုံးပြီး ကဲကဲ စက္ကူလုံးလေးပါးစပ်ထဲ ရောက်အောင်ခွန့်လိုက် ပါးစပ်ထဲရောက်လျှင် သတိရလာလိမ့်မယ်ဟုပြောပြီး ငြ ှနေသောမိန်းမတစ်ယောက်ကိုပေးလိုက်၏။ ထိုမိန်းမက လက်ဝါးဖြင့်ခံ၏။ သူ့လက်ဝါးဖြင့် ထိလိုက်သည်နှင့်တပြိုင်နက် အင်းစက္ကူလုံးက သူမလက်ဝါးပေါ် ခုန်ပြီး ပက်လက်လဲနေသောမိန်းကလေးရင်ဘတ်ပေါ် ကျ၏။ ထိုလဲနေသောမိန်းကလေးက ပူတယ်ပူတယ်ဆိုပြီး ထပြေး၏။ သူမတို့ ၂ ယောက်လည်းပြေးကြ၏။

အင်းငါ့ကိုစမ်းကြတာပဲလို့ မှတ်ချက်ချပြီး ခရီးဆက်၏။ ချောင်းမကြီးရောက်လာ၏။ နာရီကြည့်တော့ ၁၀ နာရီခွဲနေ၏။ ဒီကနေ့တော့ အာဟာရဖြည့်တင်းဘို့လွယ်မှာမဟုတ်ဘူး။ မစားရမည့် အတူတူ မနားဘဲခရီးဆက်တာကောင်းတယ်ဆိုပြီး ချောင်းမကြီးမှ ဆက်လာ၏။ ပြာပုံတောင်တက်ခဲ့၏။ ပြာပုံတောင်ကအကွေ့များ၍ တက်လာရတာကြာ၏။ ပုတီးစိပ်လိုက်တပါတ်ပြီးလျှင် မေတ္တာသုတ်ရွတ်လိုက်နှင့်လာလိုက်တာ မယ်ဖြူနတ်စင်နားရောက်လာ၏။ ကျွန်ုပ်စိတ်ထဲတွင် အလာတုံးကဒီနားအလွန်လေးမှာ မယ်ဖြူနဲ့တွေ့ရတာပဲ ယခုသူရှိမှရှိပါ့မလားမသိဘူး။ သူ့ကိုမေတ္တာပို့အုံးမှဘဲဆိုပြီး သူမရဲ့နတ်စင်ကိုကြည့်ပြီးမေတ္တာပို့နေ၏။ မေတ္တာပို့နေစဉ် ကျွန်ုပ်၏နောက်ကနေရှိပါတယ်ဘုရား။ ကိစ္စရှိတာနဲ့မနက်ပိုင်းကခရီးသွားနေလို့ပါဘုရားဟု ပြောသောအသံကြား၍ လှည့်ကြည့်လိုက်၏။ လုံချည်ရောအင်္ကျီပါ အပြာနုရောင်ဝတ်ထားသော မိန်းကလေးတစ်ယောက်ကိုတွေ့ရ၏။ ထိုမိန်းကလေးက သခင်မကအပင့်ခိုင်းပါတယ်ဘုရား ကြွတော်မူပါအုံးဘုရားဆို၍ ကျွန်ုပ်လည်း ထိုမိန်းကလေးနောက်ကို လိုက်ပါသွား၏။ မယ်ဖြူက သူ့နတ်နန်းအပေါက်ဝမှကြိုနေတာတွေ့ရ၏။တကိုယ်လုံးအဖြူရောင် ဇာတ်မင်းသမီးကဲ့သို့ဝတ်ဆင်ထား၏။ ကြော့ရှင်း၏။ မယ်ဖြူက ရှေ့ကနေ လမ်းပြပြီး ပင့်သွားကာ ကမ္ဗလာအနီရောင် ခင်းထားသောသလွန်ပေါ် အထိုင်ခိုင်း၏။ ကျွန်ုပ်တက်ထိုင်လျှင် ထိုင်ခြင်း သုံးချောင်းထောက် ရွှေအုပ်ကြီးယူလာပြီးကပ်၏။ သူမကိုယ်တိုင်ဖွင့်ပေးပြီး ဘုန်းပေးရန် လျှောက်၏။ ကျွန်ုပ်က နာရီကြည့်လိုက်ရာ ၁၂ နာရီတိတိဖြစ်နေ၏။ အကင်းပါးသောမယ်ဖြူက နေရှိပါသေးတယ်ဘုရား။ ကုလားအချိန်ပြကိရိယာက နေနဲ့မကိုက်ပါဘူးဘုရား။ ဘုန်းပေးပါဘုရား ဟုလျှောက်၍ ဆွမ်းစား ရတော့၏။ ဆွမ်းကလည်း ပျော့ပျော့ပြောင်းပြောင်း ဟင်းကလည်း ပဲဟင်းချိုဖြူတ်သီးနှင့် ငပိတစ်နှင့် ဘူးကြော်၊ ဘယာကြော်၊ ဖြူတ်သီးအစိမ်းထောင်း၊ မိုးမျှော် ဖြူတ်သီးများ ခွက်ထဲထည့်ထား၏။ ဆားကလည်း ခွက်ကလေးထဲထည့်ထား၏။ ခွက်များကလည်းယွန်းခွက်များဖြစ်၏။ ကျွန်ုပ်က သတ်သတ်လွတ်စားတာဖြစ်၍ သတ်လွတ်တဲ့ အစားများသာစား၏။ စားပြီးလျှင်အုပ်ကြီးကို ကလေးမတစ်ယောက်သိမ်းယူသွား၏။ မယ်ဖြူက နှီးရေခွက်ဖြင့်ရေကပ်၍ သောက်ပြီးပြန်ပေးလိုက်၏။

မယ်ဖြူက ဘုန်းပေးရတာသင့်မြတ်ပါသလားဘုရား။ သင့်မြတ်ပါတယ် တကာမကြီး ဟုပြောပြီး တကာမကြီးနေရာက အခမ်းအနားတွေတယ်ကောင်းနေပါလား။

ကောင်းဆိုဘုရား အရှင်ဘုရား၏ သုဂတော (၅)ချက်ကျေးဇူးကြောင့် ဝေမာတိက မျိုးမှလွတ်မြောက်ပြီး ဘုမ္မစိုးနတ်မျိုးဖြစ်ရပါတယ်ဘုရား။ ကျေးဇူးကြီးမားပါတယ်ဘုရား ယခုအရှင်ဘုရား ဘယ်ကြွမှာလည်းဘုရား။ ကပိုင်သွားမယ်ဒကာမကြီး။ အရှင်ဘုရားကပိုင်မှာကြိမ်းမှာပေါ့။ ဟုတ်ပါတယ် တကာမကြီး၊ မနက်လင်းတော့မှ ကပိုင်ကကားကြုံနဲ့ ယင်းမာပင်သွားရမှာပဲ။ ဒီလိုဆိုလည်း ဖြည်းဖြည်းပေါ့ ဘုရား။ ဖြတ်လမ်းကနေ တပည့်တော် မလိုက်ပို့ ပေးပါမယ်။

အရှင်ဘုရားလမ်းမှာဘာတွေနဲ့ကြုံတွေ့ခဲ့ပါသေးလဲ။ တကာမကြီး ကျုပ်ကြုံတွေ့ ခဲ့ရတာကတော့ ပထမ ဆင်အုပ်၊ ဒုတိယမြွေအုပ်၊ တတိယ မိန်းမ ၃ ယောက်တို့နှင့် တွေ့ခဲ့ရပါတယ်။

တပည့်တော်မက ကိုယ်တော်လေးပြန်လာမှာသိလို့ ဘုရားဝကစပြီး အရိပ်အခြေ ကြည့်၍ ခပ်လှမ်းလှမ်းကလိုက်လာခဲ့တာ ကိုယ်တော်လေးအခြေအနေမဟန်လျှင် စောင့်ရှောက်ဖို့ ပါဘဲ။ အခုတော့ ကိုယ်တော်လေးရဲ့ ဉာဏ်သွားပုံ၊ သတိရှိပုံတွေတွေ့ရ တော့ အလွန်အံ့သြ မိပါတယ်။ဟိုကောင်မ သုံးယောက်နဲ့တွေ့တော့မှ တပည့်မမှာလေ ရင်တထိတ်ထိတ်နဲ့ အခြေအနေ စောင့်ကြည့်နေရတာ အမောဘဲ တကယ်လို့ကိုယ်တော်လေးကအဲဒီနေရာမှာ သတိလွတ်သွားခဲ့ရင်တပည့်တော်မမှာ မလွဲမရှောင်သာတော့ဘဲ သူတို့နဲ့ရင်ဆိုင်ရတော့မှာဘဲ အခုကိုယ်တော်လေးက ဉာဏ်သွားတော့ တပည့်တော်မလည်း သူမတို့နဲ့ မုန်းဇာတ်မခင်းရတော့ဘူးပေါ့ ဟန်ကျလိုက်တာကိုယ်တော်လေးရယ်။ ရှေ့ အဓိဋ္ဌာန်များဆက်ကျင့်တဲ့အခါ တပည့်မတို့ကိုလည်း မေတ္တာပို့ပေးပါ အမျှလည်းဝေပေးပါ ကိုယ်တော်လေး ။

ကောင်းပါပြီ တကာမကြီး ယခုအောင်မြင်ခဲ့တဲ့ (၄၅)ရက်အဓိဋ္ဌာန်ကုသိုလ်မြတ်ကို လည်းအမျှပေးဝေပါတယ် တကာမကြီး အမျှ - အမျှ အမျှ။

သာဓုပါကိုယ်တော်လေး သာဓုပါ သာဓုပါ အလိုကြက်သီးများထပြီး အသားများ လှုပ်လိုက်တာ ဘုရား ဘုရား ဘုရား ခဏချက်ခြင်းမယ်ဖြူရုပ်ပြောင်း၍ မာလိကတန်ဆာများ ဝတ်ဆင်ပြီးသားဖြစ်ပြီး အရောင်များရှေ့ကထက်တောက်ပနေ၏။ သူ့အခြွေအရံများကလည်း စီးပုံဆောင်းထားပြီး နတ်ဝတ်စားများဖြစ်နေတော့၏။ ကျွန်ုပ်လည်း ထိုမြင်ကွင်း ရုတ်ခနဲ မြင်လိုက်ရ၍ အံ့သြပြီးငေးမောကြည့်နေမိတော့၏။ (၁၀)မိနစ်ခန့်ကြာတော့မှ မယ်ဖြူက အလွန်ကျေးဇူးကြီးမြတ်လှတဲ့ ကျေးဇူးရှင်ကိုယ်တော်လေးဘုရား။ ကိုယ်တော်လေး၏အဓိဋ္ဌာန် ကုသိုလ်ကြီးကို ဘုရားတပည့်တော်မ တို့အား အမျှပေးဝေလိုက်တဲ့အတွက် ဘုရားတပည့်တော်မတို့က ဝမ်းမြောက်စွာသာဓုခံယူရသောကြောင့် ယခုချက်ချင်း အာကာသစိုးနတ်ဒေဝီများဖြစ်ကြရပါပြီဘုရား၊ကျေးဇူးကြီးမားလှပါတယ်ဘုရား။ အဆင့်တက် သွားသည့်အားလျော်စွာ ဤနေရာကိုယ်စားထားခဲ့ပြီး ကောင်းကင်ဘုံနန်းစံရပါမည်ဘုရား - နောက်နောင်အစဉ်သဖြင့် အမှတ်ရတော်မူပြီး မေတ္တာရိပ်ကိုခိုလှုံပါရစေပါဘုရား။

ကောင်းပါပြီ တကာမကြီး ကောင်းပါပြီ ဦးပဋ္ဌင်းကိုလိုက်ပို့ပါတော့ - ကျွန်ုပ်သည် မယ်ဖြူ၏လှပပုံလွန်နေသောရုပ်အသွင်ကို ဆက်လက်ကြည့်နေရလျှင်သတိလက်လွတ်သွားမှာ စိုး၍ လိုက်ပို့ခိုင်းလိုက်ရခြင်းဖြစ်၏။

ကျွန်ုပ်၏စိတ်ကိုရိပ်စားမိသော မယ်ဖြူသည် အော်ကိုယ်တော်လေးက အာရုံလွင့်မှာ စိုးလို့လား နိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာဘဲ ကဲကဲဒီလိုဆိုရင် မူလအသွင်ပြောင်းလိုက်ပါမယ် ကဲကိုယ်တော်လေးသွားကြစို့။


ကျွန်ုပ်နှင့် မယ်ဖြူအုပ်စုဆယ်ယောက်နှင့် မယ်ဖြူပါ ခရီးဆက်ခဲ့ကြတော့၏။ (၁၅) မိနစ်လောက်နှင့် ကျောက်မြောင်စခန်း၊ ဂုံညင်းပင်စခန်းများကျော်ခဲ့၍ ပွင့်ကြီးစခန်းရောက်လာကြ၏။ နာရီကြည့်လိုက်တော့ ညနေ (၃)နာရီလောက်ရှိသေး၏။ ဒါလည်းအဖြစ်ဆန်းတမျိုးပဲဟုမှတ်ထား လိုက်၏။ ပွင့်ကြီးစခန်းမှအနည်းငယ်သွားမိလျှင် လှည်းနှစ်စီးတွေ့၍ မယ်ဖြူက ဦးလေးတို့ ဘယ်သွားမှာလဲဟုမေးလျှင် ကပိုင်သွားမှာ၊ ဦးပဥ္စင်းတို့၊ မိန်းကလေး တို့တက်ကြတက်ကြဆိုသဖြင့် တက်စီးကြ၏။ ညနေ (၃)နာရီနှင့် မိနစ် ၄၀ တွင်ကပိုင် ရွာကျောင်းနားရောက်သွား၏။ ရှေ့ကဟာ ကျောင်းပေါက်ပဲ ကိုယ်တော်လေးတပည့်မတို့လည်း ကန်တော့ပါတယ်ဆိုပြီး လှည်းပေါ်တွင်ခြေဖမိုး ဦးခိုက်၍ကန်တော့၏။ ကျွန်ုပ်လည်းလှည်းပေါ်မှဆင်းပြီး ဝမ်းသာပါတယ်ဒကာမကြီး ကျေးဇူးများလှ ပါတယ်။ ကဲသွားပါအုံးမယ်ဆိုပြီး ကျောင်းဘက် (၃-၄) လှမ်းလောက်လျှောက်ပြီး ပြန်ကြည့်သောအခါ လှည်းရောသူမပါ မမြင်ရတော့။ ထိုအခါကြမှ ကျွန်ုပ်လည်း ဒီလှည်းကမယ်ဖြူဖန်ဆင်းတဲ့လှည်းဖြစ် ရမယ်ဟုမှတ်ချက်ချပြီး ကျောင်းဘက်လာခဲ့တော့၏။ ကပိုင်ရွာ ဘုန်းတော်ကြီးကျောင်းတစ်ညအိပ်ဖို့ရာ လျှောက်ပြီး ထိုနေ့ညအနားယူပြီးအိပ်၏။ ကျွန်ုပ်၏ထုံးစံအတိုင်း ည ၁၂ နာရီလောက်တိုင်အောင် ပုတီးစိပ်မေတ္တာပို့ အမျှဝေပြီး အိပ်တော့၏။

ဘိုးဘိုးအောင်ပေးသော အင်းမန္တာန်ဂါထာမျာပါသောပေးစာထဲမှ အင်းများကို ဖော်ပြပါအံ့၊


**အညွှန်း။** ။အောက်ပါဗျည်း ၃၃ လုံး လေးကွက်နှစ်ကြာခေါ် ဗျည်းစကြာအင်းများကို ပဋ္ဌမဦးစွာ အထွက်အင်း မျဉ်းသေ မျည်းကိုက်သွားဟန် ဂဏန်းစဉ်ချ၍ပြပါအံ့၊

**သဘောတရားအဓိပ္ပါယ်။** တမြင့်မိုရ်လေးကွက်းရှိရာ၌ ကွက်းတကွက်းမှ အခြားကွက်းတစ်ကွက်းသို့ အလယ်၌ထွက်သောကူးပြောင်းခြင်းနိဿျည်းဖြင့် ဤသို့ထွက်ဝင်ကူပြောင်း၍ အင်းကိုချလေဟု ဆရာ့ဆရာကြီးများကို အမိန့်ရှိကြပါသည်။ ထို့ထက် ဉာဏ်ကွန့်၍ ပြုလုပ်စွမ်းရည်ရှိပါက ကစားကြပါ ပြုလုပ်ကြပါကုန်။


## အထွက်အင်း
## မြင်း သွား-မျဉ်းသေ မျဉ်းကိုက်သွားဟန်




ဘ





ခ








# ဃ




















# ဋ္ဌ

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ထ | ဎ | ဂ | ဍ | ဧ | ထ | | | | |
| | | | | နီ | ဓ | တ | ဒွ | ဓ | နိ | | | | |
| | | | | ဏ | ၃ | ဍု | ည | ယ | ဩ | | | | |
| | | | | ဆ | ပ | ဈ | ဥ | င | ဋ | | | | |
| ဃ | က | ဟ် | လ | ဗ | ဋ္ဌ | မ | ၃ | ဏ | ဓ | ဥ | ဌ | ဒ | ဠ |
| ဋ္ဌ | ဝ | ဂ | ဎ | ဖ | ည | ဃ | ဠ | ဦ | ၆ | ဗ | ဝ | စ | က |
| ခ | င | အ | သ | ရ | ဘ | ဋ္ဍ | ၾ | ဗွ | ခ | ဠ | မွ | ဂ | စ |
| ဓ | ပ | ဍ္ဎ | ဌ | ၉ | ဋ | ယျ | ဉ် | ဃ | ၆ | ဇ | ဆ | ၁ | ဓ |
| ယျ | ဝ | င | ဂ | ၁ | ဩ | ဍ္ဍ | ဏ | ဿ | ၈ | ဖ | ပ | ဝ | |
| ဍ္ဍ | ဌ | ဒ | ဥ | ဎ | ယျ | ဎ | ဂ | ဍ္ဒ | ၈ | လ | ဟ | ယ | ဏံ |
| | | | | ဍ္ဍ | ၁ | ၈ | ဖြ | ဂ | ဆ | | | | |
| | | | | ဥ | ၈ | ဂျ | ဦ | ဧ | ဃ | | | | |
| | | | | နှ | ဓ | ဝ | ဟ | ဓ | နှ | | | | |
| | | | | ဝိ | ဿ | ဒ | ဗ | ဂ | ထ | | | | |





၇






က







ထ





၃



ခ











ဂ


၆
















၇














## ၁၈

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ဘု | ဂု | ဓ | ရ | ၁ | ဗ | | | | |
| | | | | ဈ | သံ | င | ဂ | ဠ | ဓ | | | | |
| | | | | ဃ | ဆံ | ခ | စ | ဋ | ဠ | | | | |
| | | | | ဝ | ည | ဟ | ဌ | ဠ | ဝ | | | | |
| ဃ | ဗ | နိ | ထ | ပ | က | ဌ | တ | ဒ | ဓ | ဋ | ဈ | ဇ | ဠ |
| ပ | ဒ | မ | လ | ဋ | ဍ | ဏ | ဒ္ဒ | ဒ | ဤ | ဥ | စ | ယ | ပ |
| တ | ရ | ဖ | ဂ | တ | ဍ | အ | မ္ဘ | ည | ဒ္ဒ | ပ | ဖ | ဓ | ဒ္ဓ |
| ဂ | ဇ | ၁ | ဒ | ဂ | ယ | ဣ | ဃ | ငံ | ယ | ဗ | ၈ | ဖ | ယ |
| ဝ | ၈ | ၆ | ဥ | ယ | ယ | ဠ | ဃ | ဒ | ဠ | လ | ၈ | ဧ | ဂ |
| ဒ္ဒ | ပ | ဈ | ဋ | ခ | ဠ | ဟ | ဌ | ယ | ဓ | ထ | ၈ | ဗ | ဏ |
| | | | | ဝ | ည | ဌ | ဟ | ဠ | ဝ | | | | |
| | | | | ဒ္ဒ | ဏ | ဓ | ဗ | ထ | ဏ | | | | |
| | | | | ဓ | ဂ | ပ | ၁ | ဂ | ဖ | | | | |
| | | | | ဓ | င | ဓ | ဓ | ပ | ဇ | | | | |

## အင်းစသော အစီအရင်များ

၁။ အင်းပေါက်ခြင်းလက္ခဏာရှစ်ပါး
၂။ အင်းကန်းခြင်းလက္ခဏာရှစ်ပါး
၃။ အင်းကျိုးခြင်းလက္ခဏာရှစ်ပါး
၄။ အင်းတနင်္ဂနွေဂါထာ
၅။ အင်းဟိန်းဂါထာများ
၆။ အင်းနှိုးဂါထာများ
၇။ အင်းထဂါထာ
၈။ အင်းချုပ်ဂါထာ
၉။ နတ်နှိုးမန္တရား
၁၀။ သိဒ္ဓိတင်ဂါထာ

## နက္ခတ်နှင့် နေ့ရက်စသည်ရွေးချယ်စီစစ်ခြင်း

၁။ နက္ခတ်အကျဉ်းချုပ်ရွေးနည်း
၂။ အစီအရင်နှင့်နက္ခတ်
၃။ နေ့စဉ်နှင့် အချိန်ရွေးနည်း
၄။ နက္ခတ်ခပါဒ် အဝင်အထွက်အကျယ်ရွေးနည်း
၅။ ခပါဒ်နှင့် ထွက်ဝင်ရွေးနည်း
၆။ နက္ခတ်ချရန် ဇယားပုံတနင်္ဂနွေနေ့အတွက်ပုံစံဖြစ်သည်။
၇။ ဥပဒ်မိတ္တုံစသည့်ရွေးနည်း
၈။ အကဏ်းအမြင်ရွေးနည်း
၉။ ဥပဒ်စသည်နှင့် ဆိုင်ရာအစီအမံ
၁၀။ အကဏ်းအမြင်နှင့် အစီအမံ

**ပဏာမ**

**နမောတဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ**

ဇိတမာရာ ဒိပယောဂံ၊ ဇိတပါပံ အနုတ္တရံ။
ဇိနံ သာ၊ ဓမ္မံ၊ သံဃ တံ၊ အဘိဝန္ဒိယ သော အဟံ။
ဘူတ ယက္ခဒိ ဇုဏ္ဏာဒိ၊ ကာဝေယျာဒိ နိဝါရဏံ။
အင်္ဂန္တံ ကရိဿာမိ၊ ပယောဂါဒိ မ ဂါတနံ။

အနုတ္တရံ အမွန်သတတ်၊ မွန်ဖြပ်ဖြင့် လွန်မြတ်လှသော အတုမဲ့ယောကျ်ားလည်း ဖြစ်တော်မူသော။ ဇိတမာရာဒိပယောဂံ၊ ဒေဝပုတ္တ၊ တိသေတဖြာ၊ ဘိသခါရ ၊ ခန္ဓတတွေ၊ သေမင်းတမန်၊ မစ္စုမာရ်စသော ပယောဂအပေါင်းကို အောင်မြင်တော်မူအပ်ပြီးသော။ ဇိတပါပံ မကောင်းဟူသမျှပါပကံမှ အတန်တန်ကို မကျန်မကြွင်း၊ ရှင်းလင်းအောင်မြင် တော်မူအပ်ပြီးသော သဓမ္မံ သံဃံ၊ သွက္ခာတတာ၊ အစဖြာသည့် ဂုဏ်ငါထင်ရှား၊ တရားတော်တဝ၊ သုပ္ပဋိပ္ပန္န၊ အာဒိ စသည့်နာဂုဏ်ဂုဏ်ရံသား၊ သံဃာတော်အပေါင်းနှင့်တကွ ဖြစ်တော်မူသော တံဇိနံ၊ အောင်သူ ဓိပတိ၊ မုနိလွတ်တင်၊ ထိုဘုရားရှင်ကို၊ သောအဟံ၊ ပယောဂ၊ ပညာ၊ အဖြာဖြာဝယ် လိမ်မာပေစွ၊ ရေဝတဟု လေရသမုတ်၊ ထိုအကျွန်ုပ်သည် အဘိဝန္ဒိယ - အဘိဝန္ဒာမိ၊ ပယောဂအပေါင်း အောင်စေကြောင်းဖြင့် ဆုတောင်းပန်ထွာ၊ ရှိခိုးပါ၏။ အဘိဝန္ဒိယ ပယောဂအပေါင်း အောင်စေကြောင်းဖြင့် ဆုတောင်းပန်ထွာ ရှိခိုးပါ၏။ အဘိဝန္ဒိယ ပယောဂအပေါင်း အောင်စေ ကြောင်းဖြင့် တောင်းဆုယူမှီး ရှိခိုး ပြီး၍

ပယောဂါဒိမဝါဟနံ၊ ပါပကမ္မ၊ ပယောဂမှန်၊ အတန်တန်ကို အမှန်မယွင်း၊ ပယ်ဖျောက်ခြင်း ကိုပြုတတ်သော။ ဘူတသက္ခာဒိ မုဏ္ဏာဒိ ကာဝေယျာဒိ နိဝါရဏံ၊ တစ္ဆ ပြိတ္တာ၊ ဝေမာန်မျိုးသူရဲဆိုးနှင့် ဟုတ်ဆိုးစန္ဒာ၊ တဖြာခေါ်ရိုး၊ စုန်းမျိုး ဆသဠ္ဌ စရိုတထွေ၊ ကဝေအမျိုးမျိုး ကိုးဆယ့်ကိုးထိ၊ ပယ်ချိုးဖြိုခွင်း၊ နှိမ်နင်းတားမြစ်၊ တတ်ဆသော၊ အင်္ဂန္တံ၊ ရေဝတ သမုတ်၊ ကျွန်ုပ်ကိုယ်တိုင်၊ လက်ကိုင်သန္တေ၊ ပျောက်ကင်းလေ့လာကြောင်း လက်တွေ့ ပယောဂ အင်းကျမ်း အမည်ရှိသော အင်းကျမ်းကို။ ကရိဿမိ၊ ပယောဂဟု၊ လောကသမုတ်၊ ဆိုးယုတ်လှသား၊ မိစ္ဆာများ၏၊ ပြုထားသမျှ ပယောဂအဖုံဖုံ အလုံးစုံကို၊ အကုန်မကြွင်း၊ နှိမ်နင်းအံ့ငှာ၊ မကြာယခု၊ ပြုစုပေလိမ့် အံ့သတည်း။

## ဆရာတစ်ဆူလုပ်လိုသူများအတွက် သတိပြုရန်အချက်များ

လောကီပညာ၊ အရာရာဝယ်၊ ဆရာတစ်ဆူ၊ ဖြစ်လိုသူတို့၊ နည်းသူသမှု၊ သတိပြုအပ် သောအချက်များကား -

အင်းအိုင်ခလှဲ့၊ လက်ဖွဲ့စသည် - စီမံရာဝယ်၊ ရှေးဦးစွာမိမိကိုယ်ကို သန့်ရှင်းစင်ကြယ် စေခြင်း၊

ထို့နောက်ငါးပါးသီလ၊ ရှစ်ပါးသီလများကို လုံခြုံစွာထိန်းသိမ်းပြီး၊ မိမိဂိုဏ်းဆိုင်ရာ များအား ပွဲပြင်၍ကန်တော့ခြင်း၊ ဆိုင်ရာနတ်များအား ပွဲပြင်ပေးလှူခြင်း၊ ကုသိုလ်အဘို့ကို မိမိဂိုဏ်းဆိုင်ရာများနှင့် နတ်အများအား၊ အမျှဝေခြင်းစသည်ကိုပြုပြီးမှ-

ဆိုင်ရာနည်းနာ နိဿရည်းကို မချွတ်မယွင်းစေဘဲ၊ စနစ်တကျ၊ ကျွမ်းကျင်လိမ္မာစွာ ပြုလုပ်စီမံရမည်။

ထိုသို့အစီအမံများပြုလုပ်ရာဝယ်၊ နေ့ကောင်းရက်သာ၊ အခါရက်မြတ်၊ ခပါဒ်ထွက် ဝင်၊ နက္ခတ်ယှဉ်နှင့် ထိုဖြင့်ကရပ်၊ ဥပဒ်ကာကာ၊ မိတ္တုကနှင့်၊ မြိတ္တလာဘ်၊ ဝရံ သိဒ္ဓိ၊ မရှိ မကြွင်း၊ ရွေးချယ်စီစစ်ခြင်းကို၊ သတိမချွတ်စေဘဲ၊ ကောင်းမွန်စွာရွေးချယ်ပြီးမှ အထက်ပါ အတိုင်းပြုလုပ်စီမံရမည်။ သို့မှာသာလျှင် လိုအင်ဆန္ဒအစစအရာရာအဖြာဖြာနှင့်သံဝါသစီမံမှ တို့မှာ ရည်သံအတိုင်းသိဒ္ဓိမြောက်၍ စိတ်ရှိသလောက်အကျိုး ခံစားခွင့်ရရှိမည်ဖြစ်ပေသတည်း။

## အင်းစသောအစီအရင်များ
## အင်းပေါက်ခြင်း လက္ခဏာရှစ်ပါး

၁။ အင်းဘောင်ခြင်း မထိမဆက်မိ၍ ပေါက်ခြင်း။
၂။ အင်းကွက်မညီညွတ်၍ပေါက်ခြင်း။
၃။ အင်းဘောင်လေးထောင့်၊ တဘက်တိုရှည်ဖြစ်နေ၍ပေါက်ခြင်း။
၄။ အင်းဘောင်တားစဉ်စိတ်မငြိမ်၍ပေါက်ခြင်း။
၅။ အင်းချစဉ် မန္တာန်မစုတ်မိ၍ပေါက်ခြင်း။
၆။ ဂဏန်းအက္ခရာများအင်းဘောင်ကိုထိ၍ ပေါက်ခြင်း။
၇။ အင်းအတွင်းမျဉ်းများ၊ အစွန်းပိုလွန်း၍ပေါက်ခြင်း။
၈။ ဂဏန်းခေါင်းငိုက်တိုရှည်ဖြစ်နေသဖြင့်ပေါက်ခြင်း။

ဤရှစ်ပါးတည်း။

## အင်းကဏ်းခြင်းလက္ခဏာရှစ်ပါး

၁။ အက္ခရာသွင်းရာဝယ်၊ အင်းသွားမမှန်၍ ကဏ်းခြင်း။
၂။ နက္ခတ်မမှန်၍ ကဏ်းခြင်း။
၃။ အက္ခရာဂဏန်းမှစ၍၊ အကြီးအငယ်အတိုအရှည်မသင့်၍ ကဏ်းခြင်း။
၄။ အက္ခရာဂဏန်းမှစ၍၊ အထားအသိုအကျောက်အကန်မမှန်၍ ကဏ်းခြင်း။

၅။ မသိုးမသန့်သောနေရာဝယ်စီရင်မိ၍ ကဏ်းခြင်း။
၆။ ကိုယ်မသန့်စင်၊ သီလမစင်ကြယ်၍ ကဏ်းခြင်း။
၇။ စီရင်ထားရာဝယ်၊ မစင်ကြယ်သူကိုင်မိ၍ ကဏ်းခြင်း။
၈။ ဂါထာစုတ်ရာဝယ်၊ ရွတ်ဖတ်သည့်အသံချွတ်ယွင်း၍ ကဏ်းခြင်း။

ဤရှစ်ပါးတည်း။

## အင်းကျိုးခြင်းလက္ခဏာရှစ်ပါး

၁။ အင်းစီရင်ရာဝယ် နေရာမသန့်ရှင်း၍ ကျိုးခြင်း။
၂။ အင်းဘောင်အထားအသိုစောင်းငဲ့၍ ကျိုးခြင်း။
၃။ စီရင်စဉ် စကားဆိုမိ၍ ကျိုးခြင်း။
၄။ စီရင်စဉ် တံတွေးမျှိုမိ၍ ကျိုးခြင်း။
၅။ ကိုယ်ကိုတွန့်လိမ်လူးလဲခြင်း၊ အနေအထားပြင်ခြင်း၊ ထိတ်လန့်ခြင်းများ ကြောင့်ကျိုးခြင်း။
၆။ မပြီးခင်နေရာပြောင်းလဲစီရင်မိ၍ ကျိုးခြင်း။
၇။ အလုံးစုံစီရင်ရာ၌ ဥုံပြတ်၍ ကျိုးခြင်း။
၈။ မဟာရမ် မခတ်မိ၊ အစဉ်အတိုင်းထား၍ ကျိုးခြင်း။

ဤရှစ်ပါးတည်း။

## တနချေ ဂါထာ

ဥုံတနတန၊ မဟာတန၊ သဗ္ဗတန၊ ကမ္မတန၊ ဣတ္ထိတန၊
ပုရိသတန၊ တနကြီး-တနငယ်၊ စင်ကြယ်သွားဟ၊
စက္ကုရွှေပြား၊ ငွေပြားမှစ၍၊ စီရင်မည့်နေရာ ဟူသမျှကို ခုနှစ်အုပ်မန်းပြီးမှ စီရင်လေ။

## အင်းဟိန်းဂါထာများ

၁။ ဥုံ မဟာရက္ခာ။
ငှင်းကိုအင်းတောင်ပတ်လည်တားစဉ်ရွတ်။
၂။ ဥုံ-သမုဒ္ဒရာ၊ ဖီလာထုတ်ချင်းခတ်။
ငှင်းကို အတွင်းမျဉ်းများသားသော အခါတွင်ဝယ်ရွတ်။
၃။ ဥုံ-ဝရသုည် အဟံဝန္နာမိ၊ တံ ဝဒေထ။

အင်းဇံသွင်းလျှင် တလုံးတခါရွတ်။

၄။ အို ဘရဏီ နတ်သမီး၊ ထီးချက်လာ၍မိုး၊ သတို့သား-ဘုရား-ဖြစ်ကပြီး။
ခုနှစ်ခေါက်ရွတ်၍- အင်းသက်သွင်းလေ။

## အင်းနှိုးဂါထာ

ဉုံ-ဇမ္ဗူဒီပါ၊ သဉ္ဇာပတ်ကုံး၊ ကျွန်းလုံးနှံ့မျှ စောင့်တုံကြသည့်၊ ယက္ခယက္ခာ၊ နတ်ဒေဝါ တို့၊ ဘုရားအာဏာ၊ တရားအာဏာ၊ သံဃအာဏာ၊ အာဘော်မြွတ်၊ စက်အာဏာကြောင့်၊ မကြာထုတ်ချင်း-ရောက်စေသော်၊ ရောက်လျှင်ရောက်ချင်း၊ မကျန်ကြွင်းအောင်၊ လျင်လျင် ချင်းဆောစွာ၊ ယခုလာ၍ ငါ၏အင်းကို သွင်းကြအသက်၊ နတ်ရင်ငွေ့နှင့် ပွေ့ကာဖက်၊ အင်းချက်ချင်းဝင်စေသော် - ဝင်သည့်အင်းသက် တန်ခိုးထွက်၊ ဘဝဂ်ထုတ်ချင်းခက်စေသော် ငါ့အင်းရာဇာ၊ ရာဇာမင်းကြီး၊ ထိပ်က-စီး၊ တောင်ကြီးခုနှစ်လုံး၊ ပြုန်းပြုန်း ပြိုစေသော-မြင့်မိုရ်တောင်၊ ပြောင်းပြောင်းကျိုး၏။ တော်လည်းလဲ၏။ သဲသဲကျောက်ဖျားရွှရွှပါ၏။ ကောင်းကင်မှာ စန္ဒာလမင်း၊ စင်းစင်းသေ၏။ ကွာလေဖြတ်ဖြတ်၊ နင့်အတတ်၊ မတ်တတ်သေ၏။ ဉုံတကားနေမျိုး၊ ဘိုးကားလမင်းထက်ကောင်းကင်ကနိုင်ငံချင်း၊ အင်းမြတ်ဘုန်းခေါင်၊ ငါ့အကျိုး တိုး၍ဆောင်၊ တောက်လောင်ရှိန်စက်၊ ထိန်ထိန်လက်၊ ဘဝဂ် ထုတ်ချင်း ခတ်စေသော်၊
ဤဂါထာတော်နှင့် တတ်နိုင်သမျှ ရွတ်၍နှိုး။

## အင်းထဂါထာ

ဉုံ-ထ ထ၊ ဆရာလမိုင်း၊ ထ ဆရာထ၊ အင်းမ ကြွလာ၊ ဆရာထံလာ၊ တကွက်အင်း မှာ - မနေရသော။ ။ ဉုံ-သဒ္ဒိကိစ္စံ၊ သဒ္ဒိကမ္မံ၊ သဒ္ဒိပီယံ၊ တထာဂတံ၊ သဒ္ဒိကိစ္စေ၊ အရွှံန မောဗုဒ္ဓါ နုဘာဝေန၊ အရွှံနမောဓမ္မာ နုဘာဝေန၊ အရွှံ နမော သံဃာနုဘာဝေန၊ အရွှံ ဒုရေ ဒုရေ သွားဟုံဟုံ။
ဤဂါထာဖြင့် တတ်အားသမျှ ရွတ်၍ထလေ။

## အင်းချုပ်ဂါထာ

ဉုံ-ဗုဒ္ဓံချုပ်၊ ဓမ္မံချုပ်၊ သံဃံချုပ်၊ ဖြဟ္မာချုပ်၊ ဒေဝါချုပ်၊ ယက္ခာချုပ်၊ ချုပ်ဆရာချုပ်၊
ဤဂါထာနှင့် ခုနှစ်ခေါက်ရွတ်၍ဆိုလေ။

# နတ်နှိုးမန္တရား

ရတိဇံမေ၊ ရတိဓာတုတန်၊ သာရသမ္ဘဝံ ရတိ မေ ဇယတိဋ္ဌတု၊ ရတနေသာ ဂုသဏ္ဍဝေ၊ တထာဝ-တမ သဒိသံ၊ ဒေဝ ဒေဝံ၊ ဝိနသဿကံ စာမာ ဒဂုံ၊ သောမေဒေတု ဝရံမိနေ၊ နောမဟံ-ဝဋ္ဋ နေယျံ၊ ဝရသော သိဝဓာရဏံ၊ ယဋ္ဌာဟံ ပူဇနေယျံ၊ ပါတုမံ သိဒ္ဓိ မေ သကံ၊ မည်သည့် အစီမံ အဆောင် အယောင် မဆို ၎င်းမန္တာရားဖြင့် ခုနှစ်အုပ် သိဒ္ဓိတင်၍ နတ်နှိုးလေ။

## သိဒ္ဓိတင်ဂါထာ

ဉုံ-နမော ဗုဒ္ဓါယသိဒ္ဓိ၊ သိဒ္ဓိ နမော ဗုဒ္ဓါယ၊ နမော ဓမ္မာယ သိဒ္ဓိ၊ သိဒ္ဓိနမောဓမ္မာယ။ နမော သံဃာယ သိဒ္ဓိ၊ သိဒ္ဓိ နမော သံဃာယ။ နမော ပစ္စေက သမ္ဗုဒ္ဓါနံသိဒ္ဓိ၊ သိဒ္ဓိ နမော ပစ္စေက သမ္ဗုဒ္ဓါနံ။ နမော အရဟန္တာနံသိဒ္ဓိ၊ သိဒ္ဓိ နမောအရဟန္တာနံ၊ နမော သဟဿံ မဟာဗြဟ္မာနံ သိဒ္ဓိ၊ သိဒ္ဓိ နမော သဟဿံမဟာဗြဟ္မာနံ။ နမော ဒေဝါနံသိဒ္ဓိ၊ သိဒ္ဓိ နမော ဒေဝါနံ။ နမောစကုန္တံ မဟာရာဇာနံသိဒ္ဓိ၊ သိဒ္ဓိ နမောစကုန္တံ မဟာရာဇာနံ၊ နမော ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍနာဂယက္ခာနံ သိဒ္ဓိ၊ သိဒ္ဓိ နမော ဂန္ဓဗ္ဗကုမ္ဘဏ္ဍ နာဂယက္ခာနံ။ ဉုံ-ဩကာသနမော ဝိဇ္ဇာယာ ဥပ္ပန္နံ သိဒ္ဓိ၊ သိဒ္ဓိ နမော ဝိဇ္ဇာယာဥပ္ပနံ၊ သဗ္ဗ ကိစ္စံ မေသိဒ္ဓံ၊ သိဒ္ဓံမေ သဗ္ဗကိစ္စံ သုအာဟုံ။

ဤသိဒ္ဓိတင်ဂါထာတော်ကြီးအား အကောင်းပြုသမျှမည်သည့် အင်းအိုင်လက်ဖွဲ့ ရုပ်အစီအမံနှင့် ဆေးဝါးများကိုမဆို သိဒ္ဓိမြောက်စေရန် အနည်းဆုံးခုနှစ်အုပ်မျှ ရွတ်ဆို၍ သိဒ္ဓိတင်ခြင်းဖြင့် လိုအပ်သောအကျိုးကို ပြီးမြောက်စေနိုင်သည်။

ထိုမျှမကမသိုးမသန့်၍ နတချေမရနှိုးမရဖြစ်နေသော အစီအမံများကိုလည်း၊ ၎င်းသိဒ္ဓိတင်ဂါထာကြီးဖြင့် ပြန်လည်သိဒ္ဓိတင်လိုက်ပါ။ ပထမအစီအမံတိုင်း၊ သိဒ္ဓိတက်၍၊ ဆထက်လွန်ကဲ၊ အထူးအစွမ်းထက်လာမည်ဖြစ်ကြောင်း။

## နက္ခတ်နှင့် နေ့ရက်စသည်ရွေးချယ်စီစစ်ခြင်း
## နက္ခတ် အကျဉ်းချုပ်ရွေးနည်း

၁။ တနင်္ဂနွေ ဆန်းသောလ၌ လဆန်း ၁ - ရက်-ခပါဒ်နက္ခတ်၊ ၃ - ရက်အထွက်နက္ခတ်၊ ၇ - ရက် ခပါဒ်နက္ခတ်၊ ၁၂ - ရက်အထွက်နက္ခတ်၊ ၁၄ - ရက် အဝင်နက္ခတ်၊ ၁၅ - ရက် ခပါဒ်နက္ခတ်။ ၎င်းလဆုတ် ၃ - ရက်အထွက်နက္ခတ်၊ ၅ - ရက်ခပါဒ်နက္ခတ်၊ ၇ - ရက် အဝင်က္ခတ်၊ ၉ - ရက် ခပါဒ်နက္ခတ်၊ ၁၁ - ရက် အဝင်နက္ခတ်၊ ၁၄ - ရက် အထွက်နက္ခတ်။

၂။ တနင်္လာဆန်းသောလ၌ လဆန်း ၂ - ရက် ခပါဒ်နက္ခတ်၊ ၇ - ရက် ထွက်နက္ခတ်၊ ၁၀- ရက်

ဝင်နက္ခတ်၊ ၁၂ - ရက်ထွက်နက္ခတ်၊ ၁၄ - ရက်အထွက် နက္ခတ်။

ငှင်းလဆုတ် ၈ - ရက် ခပါဒ်နက္ခတ်၊ ၉ - ရက်အဝင်နက္ခတ်၊ ၁၀- ရက်ခပါဒ် နက္ခတ်၊ ၁၂ - ရက်ထွက်နက္ခတ်။

၃။ အင်္ဂါဆန်းသောလ၌ လဆန်း ၃ ရက်ထွက်နက္ခတ်၊ ၄ - ရက် ထွက်နက္ခတ်၊ ၇ -ရက်ဝင်နက္ခတ်၊ ၈ - ရက်ခပါဒ်နက္ခတ်၊ ၁၁ - ရက်ထွက်နက္ခတ်၊ ငှင်းလဆုတ်၁၃ - ရက်ဝင်နက္ခတ်။

၄။ ဗုဒ္ဓဟူးဆန်းသောလ၌၊ လဆန်း၂ -ရက်ထွက်နက္ခတ်၊ ၃ -ရက်ခပါဒ်နက္ခတ်၊၈ -ရက် ထွက်နက္ခတ်၊ ၁၃ -ရက်ခပါဒ်နက္ခတ်။

ငှင်းလဆုတ် ၁ -ရက်ထွက်နက္ခတ်၊ ၃ -ရက်ဝင်နက္ခတ်၊ ၄ -ရက်ခပါဒ်နက္ခတ်၊ ၇- ရက်ထွက်နက္ခတ်၊ ၁၁ - ရက်ဝင်နက္ခတ်။

၅။ ကြာသပတေးဆန်းသောလ၌ လဆန်း ၂ - ရက်ဝင်နက္ခတ်၊ ၃ - ရက် ခပါဒ်နက္ခတ်၊ ၆ - ရက်ထွက်နက္ခတ်၊ ၉ - ရက်ဝင်နက္ခတ်။ ၁၀ - ရက်ခပါဒ်နက္ခတ်၊ ၁၃ - ရက်ထွက်နက္ခတ်။

ငှင်းလဆုတ် ၁ -ရက်ဝင်နက္ခတ်၊ ၂ -ရက်ခပါဒ်နက္ခတ်၊ ၅ -ရက်ထွက်နက္ခတ်၊ ၇- ရက်ဝင်နက္ခတ်၊ ၈ - ရက်ခပါဒ်နက္ခတ်၊ ၁၀- ရက်ထွက်နက္ခတ်။

၆။ သောကြာဆန်းသောလ၌ လဆန်း ၃- ရက်ထွက်နက္ခတ်၊ ၁၀-ရက်ထွက်နက္ခတ်၊ ၁၃-ရက် ဝင်နက္ခတ်။

ငှင်းလဆုတ် ၂-ရက်ထွက်နက္ခတ်၊ ၅-ရက်ဝင်နက္ခတ်။ ၆-ရက်ထွက် နက္ခတ်၊ ၈ ရက်ထွက်နက္ခတ်၊ ၁၁- ရက်ဝင်နက္ခတ်၊ ၁၃- ရက်ထွက်နက္ခတ်။

၇။ စနေဆန်းသောလ၌ လဆန်း ၃ - ရက်ဝင်နက္ခတ်၊ ၄ - ရက်ခပါဒ်နက္ခတ်၊ ၅-ရက် ထွက်နက္ခတ်၊ ၁၀ - ရက်ဝင်နက္ခတ်၊ ၁၁ ရက်ခပါဒ်နက္ခတ်၊ ၁၂ -ရက်ထွက်နက္ခတ်။

ငှင်းလဆုတ် ၂ - ရက်ဝင်နက္ခတ်၊ ၇- ရက်ထွက်နက္ခတ်၊ ၈ - ရက်ဝင်နက္ခတ်၊ ၉-ရက်ခပါဒ် နက္ခတ်၊ ၁၃ -ရက်ထွက်နက္ခတ်။

ဤအကြိမ်းဖျင်း အကျဉ်းဆုံးပြထားသော ရက်များကို ကြည့်၍ခပါဒ် - အဝင် - အထွက်နက္ခတ်များကို သိရာ၏။

## အစီအရင်နှင့်နက္ခတ်၊

ကာယသိဒ္ဓိအရာဝယ်၊ ခပါဒ်နက္ခတ်ကြုံသော နေ့ရက်များ၌ စီရင်လေ။

ပိယ-လာဘ အရာဝယ်၊ အဝင်နက္ခတ်ကြုံသော နေ့ရက်များ၌ စီရင်လေ။

ပယောရ အရာဝယ်၊ အထွက်နက္ခတ် ကြုံကြိုက်ရာ နေ့ရက်များ၌ စီရင်လေ။

## နေ့စဉ်နှင့်အချိန်ရွေးနည်း

၁။ တနင်္ဂနွေနေ့ ။ ။ နံနက်၄- ချက်တီးအချိန်ဝယ် --- ရာဇာသဗ္ဗ၊ ဣတ္ထိယနှင့်လာဘသိဒ္ဓိ၊ အစရှိသည်ကိုစီရင်လေ။
၎င်းအပြင်ကုန်ထွက် ကုန်တိုက်ဈေးခေါ် နှင့် ကာယအပါး ၃၀-များပါ၊ စီရင်နိုင်၏။
ကျောင်းဆောက်ခြင်းပြုနိုင်၏။

၂။ တနင်္လာနေ့ ။ ။ နေဝန်းပေါ်ချိန်ဝယ် ----- အနုပီယအရာ အဖြာဖြာသော ကိစ္စများနှင့် လာဘအရာဈေးခေါ်၊ လာဘ်ခေါ် အမျိုးမျိုး စီရင်လေ။

၃။ အင်္ဂါနေ့ ။ ။ နေ့တစ်ချက်တီးအချိန်ဝယ် ----- ကာယအပြီးအစီး၊ အလွဲ အဖမ်း၊ အန္တိမ စယာ၊ အရာရာကိုစီရင်လေ။

၄။ ဗုဒ္ဓဟူးနေ့ ။ ။ နေ့ ၂-ချက်တီးအချိန်ဝယ် --- ကာယအပြီးအစီး၊ အလွဲအကာ၊ အန္တရာယ်ကင်းများနှင့်အိမ်ဆောက်ခြင်းများပြုလေ။

၅။ ကြာသပတေးနေ့။ ။ မွန်းလွဲပြီးအချိန်ဝယ် ----- ရှိန်း - အိပ်မွေ့၊ အလွဲအဖယ်၊ အသွယ်သွယ်တို့ကို စီရင်လေ။

၆။ သောကြာနေ့ ။ ။ ညနေ ၃-ချက်တီးအချိန်ဝယ် ---- အမှောင့်-အဟန့်၊ အလွဲ အဖယ်များနှင့်အိမ်ကျောင်း ဆောက်ခြင်းများပြုလေ။

၇။ စနေနေ့ ။ ။ နွားရိုင်းသွင်းချိန်ဝယ် ---- ကာယပီယအဝဝနှင့် အန္တိမ ဆာယာ၊ တဖြာ အတိုက်၊ အခိုက်အမျိုးမျိုး၊ လာဘ်မိုးစွေကြောင်း၊ ကုန်ရောင်းကုန်ဝယ်၊ အသွယ်သွယ်တို့ကို အလွယ်တကူစီရင်လေ။

## နက္ခတ်ခပါဒ်၊ အဝင် အထွက် အကျယ်ရွေးနည်း
## စန်းနက္ခတ်ရွေးနည်း

ကဆုန်ရာသီ၊ စ၍ချီ၊ တလီဒွေးနှင့်မြှောက်၊ ရောက်လကိုချန်၊ အမှန်ကိုကောက် လှောက်လော့ ဆန်းဆုတ်ရက်၊ စန်းနက္ခတ်တဲ့ မှန်အောင်ထွက်။

အဓိပ္ပါယ်ကား။။ ကဆုန်လကစ၍ မိမိစီရင်မည့် ရောက်သောလကိုချန်၍မရ ၂-နှင့်မြှောက်။ ၎င်းမြှောက်ရထဲက ရောက်သည့်လ၏ရက်ပေါင်းရေ။ ၂၇ ရက်ထက်ပိုလျှင် ၂၇ နှင့်ချေ။ အကျန်ကိုယူ၊ မချေလောက်လျှင်၊ အရှိအတိုင်းယူ၊ နက္ခတ်ပေါင်းဖြစ်၏။

၎င်းနက္ခတ်ပေါင်းကိုပင်

မိသေဃမြိသေ၊ မေထုနေ၊ ကေ-တခုဖျက်။
ကြကဋ္၊ သိဟ်ကန္၊ သေသ၊ ယွင်းမကွက်။
တူနှင့် ဗြိစ္ဆာ၊ မနုမှာ၊ ကောတခုစွတ်။
မကာရ ကုမ်၊ မိန်မှာတုံ တူစုံနှစ်ခုစွတ်။

ဟုဆိုသောကြောင့် တန်ခူး၊ ကဆုန်၊ နယုန် သုံးလအတွင်း ဖြစ်လျှင် တခုလျော့။
ဝါဆို၊ ဝါခေါင်၊ တော်သလင်းဖြစ်လျှင် အရှိအတိုင်းယူ။
သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်ဖြစ်လျှင် တခုထပ်၍ရော။
ပြာသို၊ တပို့တွဲ၊ တပေါင်းဖြစ်လျှင် နှစ်ခုထပ်၍ရော။
သို့မှ စန်းနက္ခတ်လုံးရေ အမှန်ကိုရမည်ဖြစ်၏။

## ခပါဒ်နှင့် ထွက် - ဝင်ရွေးနည်း


ရဝိသောဋသ၊ စန္ဒရံ ဝီ သဋ္ဌ။ အင်္ဂါရံ တေဝီသ။ ဗုဒ္ဓသုည။ ဂုရုစတု။ ဘရဂုအဋ္ဌ။
သောရိ - ဒွါဒသ ------

ဟုဆိုသည့်အတိုင်း တနင်္ဂနွေဖြစ်လျှင် (၁၆) ကစ၍ချ။ တနင်္လာနေ့ဖြစ်လျှင် (၂၀) ကစ၍ချ။ အင်္ဂါမှာ (၂၆) ကစ၍ချ။ ဗုဒ္ဓဟူး (၀) သုည။ ဝါ (၂၇) ကစ၍ချ။

မှတ်ချက် ။ ။ နက္ခတ်ချရာဝယ် (၂၆) ပြီးလျှင် (၂၇) ဟုမရေးဘဲ သုညဟုရေးခြင်း မှာ အဆုံးနက္ခတ်ဖြစ်သောကြောင့် ရေးခြင်းဖြစ်သည်။ သုည - မရေးလိုက (၂၇) ဟုရေးနိုင်သည်။

ကြာသပတေးနေ့မှာ (၄) ကစ၍ချ၊ သောကြာနေ့မှာ (၈) ကစ၍ချ၊ စနေနေ့မှာ (၁၂) ကစ၍ချ။

ချရန်ပုံစံကာ -



တနင်္ဂနွေနေ့အတွက်ပုံစံဖြစ်သည်။

မှတ်ချက်။ ။ နက္ခတ်လုံးရေ (၂၀) ချပြီးလျှင် (၂၁) ကိုဆက်၍မချဘဲ ကိတ်ပြိုလ်အတွက် (X) ကြက်ခြေချပြီးမှ (၂၁) ကိုဆက်၍ ချရသည်။

မည်သည့် လ ရက် မဆို တနင်္ဂနွေနေ့ဖြစ်လျှင် အထက်ပါအတိုင်း တနင်္ဂနွေထောင့်မှ (၁၆) ကစ၍ချရမည်။ တနင်္ဂနွေနေ့ဖြစ်လျှင် (၂၀)ကစ၍ချ။ ချရမည်နေရာမှာ မည်သည့် နေ့ရက်မဆို တနင်္ဂနွေထောင့်ကပင်စ၍ ချရမည်။

ထို့ထက်ပို၍ ရှင်းစေရန်ပြီးဦးအံ့။

တန်ဆောင်မုန်းလဆန်း (၁၂) ရက်တနင်္ဂနွေနေ့ဝယ် စီရင်မည်ဆိုသော ကဆုန်မှစ၍ တန်ဆောင်မုန်းချန်ရေ (၆) ခုရ၏။ ဒွေးနှင့် မြှောက်ဆိုသောကြောင့် (၂) ခုမြှောက်သော် (၁၂) ဖြစ်၏။ (၁၂) ရက်ဖြစ်သောကြောင့် (၁၂) ခုရောသော် (၂၄) ဖြစ်၏။ (၂၇) မကျော်သောကြောင့် သတ္တာဝီသ ချေရန်မလို။ (၂၄)ပင်ရ၏။

တူနှင့်ပြိတ္တာ၊ ဓနုမှာ၊ ကောတစ်ခုတွက် ဟုဆိုသောကြောင့် ၎င်း (၂၄) တွင် (၁) ခုရော့ နက္ခတ်လုံးရေ (၂၅) ဖြစ်၏။

ထိုနေ့ နက္ခတ် (၂၅) လုံးဖြစ်၏။ ခပါဒ်လော၊ အထွက်လော၊ အဝင်လော၊ သိနိုင်ရန် တနင်္ဂနွေနေ့ဖြစ်သောကြောင့် ပုံစံပါအတိုင်း တနင်္ဂနွေထောင့်မှစ၍ (၁၆) ကစပြီးချသော် ၎င်းနက္ခတ်လုံးရေ (၂၅) မှာ အဝင်နက္ခတ်ဖြစ်ကြောင်း သိရ၏။

## ဥပဒ် မိတ္တူ စသည်ရွေးနည်း

ထိုနက္ခတ်သည် ဥပဒ်လော၊ မိတ္တူလော စသည်သိလိုလျှင် (၂၀) မကျော်က နေ့စဉ် အလိုက်၊ သီကုံးပြည့်အောင်၊ လှတန်ဆောင်ဟူ၍ရော။ (၂၀) ကျော်ကနောင်ဆိုသည်ကား မြဲ အလားဟူ၍ရော။

### ၂၀ မကျော်သော နက္ခတ်အတွက်

| | |
|---|---|
| တနင်္ဂနွေနေ့ဖြစ်လျှင် | ၆ ခုရော |
| တနင်္လာနေ့ဖြစ်လျှင် | ၂ ခုရော |
| အင်္ဂါနေ့ဖြစ်လျှင် | ၅ ခုရော |
| ဗုဒ္ဓဟူးနေ့ဖြစ်လျှင် | ၁ ခုရော |
| ကြာသပတေးနေ့ဖြစ်လျှင် | ၄ ခုရော |
| သောကြာနေ့ဖြစ်လျှင် | ၇ ခုရော |
| စနေနေ့ဖြစ်လျှင် | ၃ ခုရော |

**နက္ခတ်လုံးရေ (၂၀) ကကျော်လျှင်**

| | |
|---|---|
| တနင်္ဂနွေနေ့အတွက် | ၇ ခုရော |
| တနင်္လာနေ့အတွက် | ၃ ခုရော |
| အင်္ဂါနေ့အတွက် | ၆ ခုရော |
| ဗုဒ္ဓဟူးနေ့အတွက် | ၂ ခုရော |
| ကြာသပတေးနေ့အတွက် | ၅ ခုရော |
| သောကြာနေ့အတွက် | ၁ ခုရော |
| စနေနေ့အတွက် | ၄ ခုရော |

**အထက်ပါအတိုင်းရောပြီးနောက် ၇ ခုနှင့်စား**

| | |
|---|---|
| ၁ ခုကြွင်းမူ | ဥပဒ် |
| ၂ ခုကြွင်းမူ | မိတ္တု |
| ၃ ခုကြွင်းမူ | ကာကာ |
| ၄ ခုကြွင်းမူ | အမြိတ္တစုတ် |
| ၅ ခုကြွင်းမူ | လာဘစုတ် |
| ၆ ခုကြွင်းမူ | သိဒ္ဓိစုတ် |
| ၇ ခုကြွင်းမူ | ရေစုတ် |

ဟူ၍ သိရမည်ဖြစ်ပေသည်။

ထို့ကြောင့်ဆိုခဲ့သော အဝင်နက္ခတ် (၂၅) လုံးကို ဥပဒ်လော စသည်သိလိုလျှင် နေ့မှာ တနင်္ဂနွေဖြစ်ပြီး (၂၀) ကျော်သောကြောင့် နောင် (၇) ခုရော။ (၃၂) ခုဖြစ်၏။ (၇) ခုနှင့်စားသော် (၄) ခုကြွင်း၏။ ထို့ကြောင့် အမြိတ္တစုတ်ကြိုက်သော နက္ခတ်ဖြစ်ကြောင်း သိရ၏။

## အကဏ်းအမြင်ရွေးနည်း

မူလရထားသော နက္ခတ်လုံးရေကို တည်၊ ၉ ခုစား၊ အကြွင်းကိုကြည့်

(၁) ဧက - ပဥ္စ - အသုဉ်းကျမှ မျှော်ယူမလန်း၊ တစ်ဘက်ကမိကဏ်း။

(၂) စန္ဒရာ၊ ဗုဒ္ဓါ၊ သောကြာ ချမ်းသာကြည်လင် နှစ်ဘက်မြင်။

(၃) တခန်းဘောမ၏ သတ္တ ဗသျှ ကြွင်းမှုမပျက်၊ နှစ်ဘက်မမြင်၊ အကဏ်းပင် တည်၏။

| | | |
|---|---|---|
| ဟုဆိုသောကြောင့် | ၁-၅-၀ ကြွင်းလျှင် | တဘက်ကဏ်း။ |
| | ၂-၄-၆ ကြွင်းလျှင် | နှစ်ဘက်မြင်။ |
| | ၃-၇-၈ ကြွင်းလျှင် | နှစ်ဘက်ကဏ်း။ |

ဟူ၍ သိရမည်ဖြစ်ပေ၏။

ထို့ကြောင့် အထက်တွင်ပြခဲ့သော နက္ခတ်လုံးရေ (၂၅) ကို အကဏ်းအမြင်သိလို သော် ၄င်း (၂၅) ကို (၉) ခုနှင့်စား။ (၇) ခုကြွင်းသောကြောင့် (၂) ဘက်ကဏ်း နက္ခတ် ဖြစ်ကြောင်း သိရ၏။

## ဥပဒ်စသည်နှင့်ဆိုင်ရာအစီအမံ

ဥပဒ်ကာဏ၊ မိတ္တုကျ၊ ပယောပ စီရင်လေဟုဆိုသောကြောင့် ရသော နက္ခတ်သည် ဥပဒ်မိတ္တု ကာဏ တခုခုကျခဲ့လျှင် ပယောဂ အစီအမံများကို စီမံလေ။

အမြိတ္တနှင့် လာဘသိဒ္ဓိ စုတ်အရှိ ပြုဘိအနုသာ ဟုဆိုသောကြောင့် ရသော နက္ခတ် သည် အမြိတ္တစုတ်လာဘစုတ် သိဒ္ဓိစုတ် ကြိုက်လျှင် ပီယနှင့် လာဘ်လာဘအတွက်စီမံလေ။

ဝရစုတ်မှာ ပြုစရာ ကာယာအန္တိမ ဟုဆိုသောကြောင့်ရသော နက္ခတ်သည် ဝရစုတ် ကြိုက်လျှင် ကာယသိဒ္ဓိနှင့် အန္တိမဆာယာများကို စီရင်ရမည်။

ဤသို့စီရင်ခြင်းဖြင့် လိုရာအကျိုးဆတံပိုးတိုး၍ ပြီးမြောက်အောင်မြင်မည်ဖြစ်ပေ သည်။

## အကဏ်းအမြင်နှင့် အစီအမံ

တဘက်ကဏ်းကား ဘုရားတန်ဆောင်း၊ ဝူကျောင်းဇရပ်၊ ကုဋ္ဌာပ်ရေတွင်း၊ တည် ခြင်းကား၊ ပယောဂစီမံဟုဆိုသောကြောင့် တဘက်ကဏ်းနက္ခတ်ကြုံလျှင် ဘုရားစသည် တည်ခြင်း၊ ပယောဂတွက်စီမံခြင်းများပြုလုပ်အပ်၏။

နှစ်ဖြာမမြင် အကဏ်းတွင်ကား ရိပ်ဝင်ဆာယာ၊ အဖြာဖြာနှင့် ကာယသိဒ္ဓိ၊ စီရင်ဘိ ဟုဆိုသောကြောင့် နှစ်ဘက်ကမ်းနက္ခတ်ကြုံလျှင် ရှိန်း - အန္တိမဆာယာနှင့် ကာယသိဒ္ဓိ စသည်စီရင်လေ။

ချမ်းသာကြည်လင်၊ နှစ်ဘက်မြင်ကား၊ ချစ်ခင်ဆပွား၏ သနားကြင်နာ ဣတ္ထိယာ နှင့် ရာဇာသဗ္ဗ၊ သျှိသုံးဝကို လိုကစီရင်ဟုဆိုသောကြောင့် နှစ်ဘက်မြင်နက္ခတ်ကြုံလျှင် အနုပီယသျှိသုံးပါးနှင့် လာဘ်ခေါ်များ စီရင်ရမည်။

"နှစ်ဘက်ကာဏ၊ ဝရစုတ်မှတ်၊ ခပါဒ်ကြုံလင့်၊ နက္ခတ်သင့်မူ၊ အခွင့်ကောင်းစွ၊ အန္တိ မနှင့် ကာယသိဒ္ဓိအခေါင်တိ၊ ကြီးဘိဂုဏ်တေဇာ" ဟုဆိုသောကြောင့် ရှိန်းဆာယာနှင့် ကာယသိဒ္ဓိများအတွက် နှစ်ဘက်ကမ်းလည်းကြုံဝရစုတ်လည်းကြိုက်ခပါဒ်နက္ခတ်လည်း ဖြစ်မူပြောဖွယ်ရာမရှိတောင်းလှ၏။

# နက္ခတ်စီး စာမလမ်း

ရွှေငွေတင်းနှင့် ဖြင်၍ရသည်ထက် တန်ဘိုးကြီးမားလှသော ကမ္ဘာဦးကျမ်းထွက် စာမအစီအရင်များဖြစ်ရာ ဉာဏ်ကျယ်သမျှအသုံးချလေ။

(ဤစာမတို့ကို ဆိုင်ရာဂါထာကို ဟိန်းလျက်ချ ၄င်းနှင့်ပင်စုတ်အကျိုးကားအနန္တ)

(၁) က - အက္ခရာကိုသွင်းသော် ...... ဟိန်းဆိုရန်
ကကာရော ကာရုဏာ ဉေယျော၊ ကာရုဏာ သိဥ္စမာနသော၊
ကတွာန ပါရမီဝုဍ္ဎော ကရောတိ သဗ္ဗဟိ တတ္တံ။

(၂) ခ - အက္ခရာကိုသွင်းသော် ....
ခကာရဲ ခမန် သေဋ္ဌ ခမန် ဟီနဝစန်၊
ခမန် ဓောဝိသမ္ဘရဲ ခမန် ၊ မောက္ခလာဘက်။

(၃) ဂ - အက္ခရာကိုသွင်းသော် ....
ဂ ကာရောစ ဂတိသေယျော၊ ဂတိဉေယျော ဂတိဝရော၊ တထာဂတော
ဂတိသေဋ္ဌ၊ ဒဿယိတွာန ဂစ္ဆာတိ။

(၄) ဃ - အက္ခရာကိုသွင်းသော် ....
ဃကာ ရောစ ဃဋ္ဋော ဉေယျော၊ ဃဋ္ဋော ဓမ္မေတိဥစ္စတိ၊
ဃဋ္ဋိတွာ သဗ္ဗ သတ္တာန် ဃဋ္ဋံပါပေတိ နိဗ္ဗုတိ။

(၅) င - အက္ခရာကိုသွင်းသော် ....
ငကာရော ပဥ္စမက္ခရော ၊ တောရော ဝဋ္ဋနာ မဏော၊
ငကာရော ပဥ္စကပ္ပေစ၊ ထောရော ဗုဒ္ဓပဥ္စမော။

(၆) စ - အက္ခရာကိုသွင်းသော် ....
စကာရော စရိယာ ကိသော၊ စရသီလော တထာ ဂတော၊ စရိတွာ
သဗ္ဗပါရမီ၊ စတုဗ္ဗ ပုဂ္ဂလေ ဌိတော။

(၇) ဆ - အက္ခရာကိုသွင်းသော် ....
ဆကာရဲ ဆဒန် ဉေ ယျံ၊ ဆဒန် မဂ္ဂ စတုတ္ထံ၊
ဆဒန် သိတ ဉ ဏှာသ၊ ဆဒနဥ္စ အမ္မံ သတ္တံ။

(၈) ဇ - အက္ခရာကိုသွင်းသော် ....
ဇကာရော ဇနပါ မောက္ခော ၊ ဇနသေဋ္ဌော တထာဂတော၊
ဇနာန် ဓမ္မံ ဒေသေတွာ၊ ဇနတံ တိဝိဓံ သုခံ။

(၉) ဈ - အက္ခရာကိုသွင်းသော် ....

ဈကာရော ဈနမေဇ္ဈာတိ၊ ဈနနတော နရသဘော၊
ဈနမဗ္ဘူ ပါဒတံ၊ ဈနယာနေ၁၀ နိဗ္ဗယိ။

(၁၀) ဉ - အက္ခရာကိုသွင်းသော် . . . .
ဉကာရော ဉာဏ သတ္တန္တိ၊ ဉာဏ သဏ္ဍော တထာ ဂတော၊
ဉာဏဟတ္ထေန ကိလေသံ၊ ဉာဏလောကမ္ဗိ ဆိန္ဒတိ။

(၁၁) ဋ - အက္ခရာကိုသွင်းသော် . . . .
ဋကာရော ဋိညိမာ ဧဝယျော၊ ဋိန္တိမာတ သဒေဝကံ၊
ဇဋိဟာ ပယံဘဂဝါ ၊ ဋ္ဌာရေသိ အမတံ ပဒံ။

(၁၂) ဌ - အက္ခရာကိုသွင်းသော် . . . .
ဌကာရံ အဋ္ဌမံဧဝယျံ၊ အဋ္ဌမံမဂ္ဂ ဖလဋ္ဌံ၊
အဋ္ဌ မဂ္ဂဖလာဓာရံ၊ အဋ္ဌာရိယာ နိမုစ္စတိ။

(၁၃) ဍ - အက္ခရာကိုသွင်းသော် . . . .
ဍကာရောစဍာ ယောဧဝယျော၊ ဍာဟောရောတိဝုစ္စတိ၊
ဍာဟံသိကေနသိဋ္ဌိတွာ၊ ဍာဟောမုဋ္ဌေတိဇနတံ။

(၁၄) ဎ - အက္ခရာကိုသွင်းသော် . . . .
ဎကာရံ အဎုလောမန္တိ အဎုပဋ္ဌနမာနကံ၊
အဎဥဏ္ဏာ မုနိလောမံ၊ မဎုလောတေဝိရူဍှတိ၊

(၁၅) ဏ - အက္ခရာကိုသွင်းသော် . . . .
ဏကာရောဏာယကောဧဝယျော၊ ဏကာရောစ မဟာမုနိ၊
ဏာယကော ပဋိသရဏော၊ ဏာယကောမောက္ခဒါယကော။

(၁၆) တ - အက္ခရာကိုသွင်းသော် . . . .
တကောရောစတတာကတော၊ တထာဂတောမဟာဝီရော၊
တထာကာရေနလောကဿ၊ တာဏံလေဏံပရာယနံ။

(၁၇) ထ - အက္ခရာကိုသွင်းသော် . . . .
ထကာရောထိနမိဒ္ဓန္တိ၊ ထိနမိဒ္ဓမဟာဇနံ၊
ထိနမိဒ္ဓံပဗ္ဗောသေတွာ၊ ထလဋ္ဌာမုနိဓာရယ်။

(၁၈) ဒ - အက္ခရာကိုသွင်းသော် . . . .
ဒကာရံဒါနဉတ္တမံ၊ ဒါနဥဒါနပါရမီ၊
ဒါနံသဂ္ဂဿ သောပါဏံ၊ ဒါနံဗုဒ္ဓါန မာဒိကံ။

(၁၉) ဓ - အက္ခရာကိုသွင်းသော် . . . .

မကာရံစ အဓိဋ္ဌာနံ အဓိဋ္ဌေယျ၊ တထာဂတော၊
မာရေတွာ ဗောဓိ သမ္ဘာရေ၊ ဓမ္မံ သဗ္ဗဝိမုစ္စတိ။

(၂၀) န - အက္ခရာကိုသွင်းသော် . . . .
နကာရောစ နိက္ခမန္တိ၊ နိက္ခမိတွာ နရဒိဗ္ဗော၊
နတ္ထိ တုလော ဆ ဒေဝသု၊ နရာသဘော သဝေဇိနော။

(၂၁) ပ - အက္ခရာကိုသွင်းသော် . . . .
ပကာရော ပညဝန္တောဘိ၊ ပညဝါစ မဟာဓိရော၊
ပညာပါရမိ ဂန္တွာန၊ ပဒီပေါစ ဝိရောစတိ။

(၂၂) ဖ - - အက္ခရာကိုသွင်းသော် . . . .
ဖကာရော ဖလစာရိနော၊ ဖလံ ပုညသ သုခဒေါ။
ဖန္ဒနကိလေသဇနံ၊ ဖာသုကံ နိဗ္ဗာပေတိစ။

(၂၃) ဗ - အက္ခရာကိုသွင်းသော် . . . .
ဗကာရောစ ဗလဥေယျော၊ ဗလသတ္တံ၊ ဝိဓံဘဝေ၊
ဗလံသတ္တရိယာ ခနံ၊ ဗလံ သော ဘဂဝါတိ။

(၂၄) ဘ - အက္ခရာကိုသွင်းသော် . . . .
ဘကာရော ဘဂဝါစေဝ၊ ဘာဂျဝန္တော တထာဂတော၊
ဘိဇတိ သဗ္ဗ ကိလေသ၊ ဘဂဝါ တေန ပါကဋော။

(၂၅) မ - အက္ခရာကိုသွင်းသော် . . . .
မကာရော မေတ္တာ စိန္တော၊ မေတ္တာ ယုတ္တော တထာဂတော၊
မေတ္တာ ယန သိဋ္ဌိတွာ၊ မဟာဇနံ ဗုဒ္ဓဋ္ဌိတိ။

(၂၆) ယ - အက္ခရာကိုသွင်းသော် . . . .
ယကာရံ ယမကံဥေယျံ၊ ယမကံ ပါဋိ ဟာရိယံ၊
ယမက ဓမ္မဒေသဥ္စ၊ ယတိသေဋ္ဌော ပကာ သယိ။

(၂၇) ရ - အက္ခရာကိုသွင်းသော် . . . .
ရကာရံ ရကာနံဥေယျံ၊ ရတနတ္တယ သမ္ဘူတိ၊
ရတနာနိ သု လောကေသု၊ ရတနာနဥ္စ ဥတ္တမံ။

(၂၈) လ - အက္ခရာကိုသွင်းသော် . . . .
လကာရံ လက္ခဏံဥေယျံ၊ ရတနတ္တယ သမ္ဘူတိ၊
လက္ခဏံ ဗျဥ္စနာနဥ္စ၊ လက္ခိတဗ္ဗာ သိတဇိနေ။

(၂၉) ဝ - အက္ခရာကိုသွင်းသော် . . . .


ဝကာရံ ဝီရိယံဥေယျ၊ ဝီရိယာ ရမ္မကာရဏံ၊
ဝီရိယ ပါရမီ ဂန္တွာ ဝရဗောဓိ သဝေလဘိ။

(၃၀) သ - အက္ခရာကိုသွင်းသော် . . . .
သကာရံ သီလသစ္စဥ္စ၊ သီလသစ္စံ အနုတ္တရံ
သီလသစ္စေ ပတိဌ္ဌယျ၊ စတုသစ္စာနိ ဗုဇ္ဈတိ။

(၃၁) ဟ - အက္ခရာကိုသွင်းသော် . . . .
ဟကာရံ ဟရဏံဥေယျ၊ ဟရဏံ ဓမ္မမုတ္တမံ၊
ဟာရေတွာ လောက သမ္ပတိ၊ ဟိတကံရော သုခံဂတော။


(၃၂) ဠ - အက္ခရာကိုသွင်းသော် . . . .
ဠကာရံ ဠီလာယံ ဥေယျ၊ ဠကာရံစ မဟာမုနိ
ဠရုဋ္ဌာ သယာနဥ္စ၊ လိဋ္ဌာမာ နရိယသုခံ။

(၃၃) အ - အက္ခရာကိုသွင်းသော် . . . . ဟိန်းဆိုရန်
အကာရံ အမ္မုစာရေယျ၊ အမ္မုသန္တံဥပေက္ခတံ၊
အမ္မပေက္ခာ သမာဂန္တွာ၊ အမ္မရေ ပါဂတောမုနိ။



သတ္တလောကဌ် ဘုန်းတန်ခိုးကြီးကုန်သော ခြင်္သေ့၊ နဂါး စသော အားဖြင့် ဘုရားသဗ္ဗ ညုတိုင်အောင် အရံအကာညပြု လျှက် စီရင်ခြင်းကိုအလိုရှိသော အကြင်ကာယသိဒ္ဓိအစီ အရင် သည်မြဲ၏။ ထို့ကြောင့် ထိုအင်းကိုစီရင်ရန် အင်းဇံဂါထာကား-

ဩောင်တြိသီဟော သတ္တနာဂေါ၊ ပဥ္စဗိသနု မေဝစစတုဒေဝါ၊ ဆဝသဝရောရာဇာ၊ ပဥ္စက္ကန္ဒာစေဝ၊ ကေရက္ခါ၊ နဝကုသိ၊ ပဥ္စသဟံပတိရာဇာ၊ နွေစက္ကဝတီရာဇာ၊ အဌအရဟန္တာ၊ ပဥ္စဗုဒ္ဓါ။ မဟာမုနိ။ ။ ၎င်းအင်းဇံဂါထာအတိုင်းရွတ်ဆို၍ သချာအရဂဏန်းတို့ကိုတွက်လေ။ ပြီးလျှင် ထိုဂါထာကိုပင်တတ်စွမ်းသမျှစုတ်ရမည်။ ယင်းသို့ပြုအပ်သောအစီအရင်အတိုင်း မိမိတို့၏နံသင့်ရွှေ၊ ငွေစသောသတ္တုပြားတို့၌ စီရင်လေ။ လက်ဖွဲ့ကို ကောင်းစွာလိပ်ပြီးလျှင် အဆောက်အရွက်ကိုပြု။ သေနပ်မီးပေါက်၊ ဓားလှံလေးမြား၊ စသည်တို့သည်လွဲကုန်၏။ တုတ်အုပ်တံတောင်တို့သည် နာကျင်ခြင်း မရှိကုန်။ စင်စစ်ကင်းငြိမ်းသောအဖြစ်သို့ ရောက်လတ္တံ့သတည်း။ စင်စစ်မှူသောစကားဖြင့် မေတ္တာစိတ် မပြတ်ယှဉ်ကို သံဒိဌာန် ချမှတ်။




စတ္တာရော သတိပဋ္ဌာနာတိဋ္ဌတု၊ စတ္တာရောသမ္မပဋ္ဌာနာတိဋ္ဌတု၊ စတ္တာရောဣဒ္ဓိပါဒါတိဋ္ဌတု၊ ပဉ္စိန္ဒြိယာနိတိဋ္ဌတု၊ ပဉ္စဗလာနိ တိဋ္ဌတု၊သတ္တဗောဇ္ဈင်္ဂါနိတိဋ္ဌတု၊ အဋ္ဌမဂ္ဂင်္ဂါနိတိဋ္ဌတု၊ နဝ လောကုတ္တရာ နိတိဋ္ဌတု။

ဤသို့ အင်းဆံသွင်းရွတ်ဆိုပြီးလျှင် အကြောက်အကန့်နှင့်တကွ ဂဏန်းကိုပီသစွာ ရေသွင်း **ရမည်မှတ်။** ။ ဗောဓိပက္ခိယမှတပါးသော မဂ် ၄ တန် ဖိုလ် ၄ တန်၏ အချုပ်နိဗ္ဗာန် နှင့်တကွ လောကုတ္တရာတရား ကိုးပါးကိုလည်း ထည့်သွင်းရသည်ဟူသော ဥပဒေသကိုလည်း **သိစေ။** ။ ထိုသို့ ဂဏန်းစဉ်အတိုင်းသွတ်ပြီးလျှင် အလယ်ကွက်၌ မိမိတို့၏ နံကို ဂဏန်းဖြင့် သွတ်လေ။ ။

ဤသို့အဆိုအတိုင်း သွတ်သွင်းရုံမျှနှင့်ပင်။ အနန္တသော ကောင်းကျိုးတို့ကို ပေးသည်ဟု လေ့နံ့စားထစ် မှတ်လေ။ ။ ဤသို့လည်း လောကီ အရာ၌ လောကုတ္တရာနှင့် ဆက်ဆံသည်ဟုသိလေ၊ ပြုအပ်လေပြီးသော ဗေါဓိပက္ခိယအင်းကို မိမိတို့၏ နံသင့်သစ်တို့၌ ချ၍ဆောင်ရမူကား တနေ့၏အကျိုးသည် အသက်တရာရှည်သောကောင်းကျိုးနှင့်ယှဉ်သော သူ၏အကျိုးနှင့် ထပ်တူထပ်မျှပေးသောဟူ၏။ ပြုလူပြုနတ်ပြု၊ စုံးတိုက်ဖုတ်တိုက် ဇော်ဂနီစသော အပရန်အတွင်းရန်တို့ကို အောင်စေတတ်၏။ ထိုမှတပါး ဂြိုလ်စီးတသာကြမ္မာမကောင်း ပြောင်းရွှေ့ကုန်၏။ မြေတိုက်နွားတိုက်၊ ကျားတိုက်၊ ဆင်တိုက်၊ နတ်တိုက်၊ ပုဏ္ဏကတိုက်၊ အစိမ်း တိုက်၊ မြေဘီလူးတိုက်၊ စုံးပင်းမြေပင်း၊ သူရဲ ပင်းအစရှိသည်တို့ကိုဆောင်သူ၌ တွေ့ကြုံခြင်း မရှိနိုင်ရာ။ တပါးသူတို့၌ အကယ်၍တွေ့ကြုံခဲ့လျှင် ယကြာနံသင့်ပြု၍ ရေစိမ်သောက်စေ၊ ပိန်းကြာဖက်တွင်ရေကဲ့သို့ လျောကျ လွင့်ပျောက်အံ့သတည်း။ ငါတုံတမူလည်း အမှတ်မဲ့ဆိုအပ် ရေးသားအပ်သည်မဟုတ်၊ သာသနာတော်သက္ကရာဇ် ၂၀၀၂ ခုနှစ်၊ ကောဇာသက္ကရာဇ် ၈၂၀အခါ၊ ဟံသာဝတီမဏ္ဍလစသော မွန်တိုင်းသုံးရပ်တို့ကိုစိုးအုပ်၍ မင်းလုပ်လေဘူးသော ဓမ္မစေတီ မင်းလက်ထက်ကပင် စီရင်နည်းစီရင်ထုံးရှိသောဟူ၏။ အဇ္ဈတ္တိကဟာရိတအပ ဖြစ်သောဘေးရန်တို့ကို လက်ဝဲလက်၌ ရှောင်တခင်ထင်အောင်ရေး၍ နှာ ဥကြောင်းစသည်တို့ကိုသုံးသပ်လေ။ မချွတ်လျှင် ကင်းစင်သော ပရောဂရှိလျှက် ပကတိကျမ္မာသောဟူ၏။ လက်ဝါး၌ရေးဆဲအခါ ထင်လောက်သောကွမ်းရိုးကွမ်းညှာ၊ ဟသ်ပဒါးစသည်တို့နှင့်ရေးလေ။ သို့မှသာလျှင် လိုအပ်သော အကျိုးသည် ပြီးရာ၏။ မထင်မရှားပြုမူကား အကျိုးအပြစ်ကိုမဆိုနိုင်။ တပါးသောပေစက္ကူတို့၌ ရေးသား၍ စီရင်ခြင်းကိုဆိုဘွယ်မရှိပေ။ ယို့ထက်ရွှေငွေပြဒါးတို့၌ ထိုထက်လည်းနံသင့်သစ်ကို အခွဲအကြေး ခွာ၍ အလယ်သားကိုယူပြီးလျှင် ချောမွေ့စွာ ရွှေခုတ်လျက် ဟသ်ပြဒါးဆေးနှင့် ရေးသားဆောင်ရွက်ရမူ၊ အကျိုးထူးမြတ်၍ အနန္တသော စည်းစိမ်တို့ကို ရရာသောဟူ၏။ ကျယ်အံ့သည်စိုး၍ ထို့ထက်လွန်လေသော အကျိုးထူး တို့ကိုမပြဆိုက်ပြီ။

**၅၂၈ မေတ္တာအင်း**




တလုတ်စကားဟူသောအင်းဆံအတိုင်း၊ တ၄လုံး၊ လုတ် ၄ လုံး၊ စ၄ လုံး၊ ကား ၄လုံး နံသင့် ပဌမရှေးဦးစွာသွား၊ အလယ်ချက်မ၌ အဌဂြဟ အကြောင်္ကဏန်းကို သင်္ချာပြု၍ ရေးလျက် ၄င်းချက်မ၏ မြင်းသွားသွားရာကိုပင် ၄ ကြိမ် စေ့အောင် သွားရာ၏။ ၄င်းအင်းကိုမိမိတို့၏ နံသင့်အသား တွင်ချ၍ အဆောင်အရွက်ပြုရာ၏။

ထိုသို့ပြုရသည်ရှိသော မရေတွက်နိုင်သောကောင်းကျိုးချမ်းသာတို့ကိုဆောင်လျက် ခပ်သိမ်းသောဘေးရန်တို့ကိုတားမြစ်နိုင်၏။ ထိုမှကြွင်းသောအကျိုးတို့ကိုမူကား၊ ပြဆိုဘွယ် မရှိ၊ ကျယ်ဝန်းလှသည်သာတည်း။

**၁၅၆ အင်းသောက်**




## ၃၆-အင်းသောက်





## ဇမ္ဗူထက်ခေါင်အင်းချရန်

လိုရာတည် - ၂ - သွား - ၉ - ရော - အောင်ပ
လိုရာတည် - ၂ - သွား - ၇ - ရော - ဦးညို
ငှင်းတည် - ၁ - သွား - ၅ - ရော - ဦးဝေ
ငှင်းတည် - ၁၀ - သွား - ၄၅ - ရော - ဓမ္မာ
ငှင်းတည် - ၂ - သွား - ၁၀ - ရော - ဥသာ
ငှင်းတည် - ၃ - သွား - ၈ - ရော - အင္ဂော




## စမ္မာနဝ အင်းညွှန်းလင်္ကာ

တေဇကြီးစွာအင်းတကာတွင် စမ္မာနဝမှတ်ကုန်ကြလော့။ ဂုဏကြီးလှိုင်အခေါင်တိုင်၏။ အနိုင်ဤမျှမသိကြသော်။ ကေတမူ အယူမှားစွာ၊ နတ်မိစ္ဆာတို့ရွံ့ရှာခဲ့ပြား၊ ဟန့်ဆီး တား၏။ ဒွေးကားရာဇာ မင်းတကာတို့မေတ္တာဖွံ့ဖြိုး၊ ကိုယ့်သားမျိုးသို့၊ ရောင်းစိုးဝယ်ရာ ကုန်စည်မှာမူ တိုးယူလော၊ ကြီးထူလာဘ မင်းဘေးစသည် တောမှကျားမြွေကင်းစေလိုမူစတုမှန်စွာ ချလေ ပါလော့။ ပဥ္စတမူ ဗိုလ်လူများစွာ စစ်မျက်နှာဝယ်၊ ကင်းစွာဘေးပေါင်း အောင်လိမ့်ရှောင်ဖဲ့။ ၆ ခုဗျဂသစ်ကျားစပြား တောသားရှောင်ခွာ ဝေးလေရာ၏။ နါဝါပြိုင်သော်လှေလည်းသော်မူ၊ တေဇော်မှန်မှ သတ္တဝါချလော့။ ပီယဒဿနာလူတကာတို့ မေတ္တာ ရှိကြောင်းရှစ်ခုလောင်းလော့။ တကြောင်းထိုမှချလောကိုးခုပြစ်မှုလေးမြား၊ အောင်ပြား သေနတ်၊ မိုးယံကြိုးပစ်လည်း ရန်စစ်လွတ်ရာ အောင်နိုင်ရာသည်။ စမ္မာနဝအကျိုးတည်း။

## ဇမ္ဗူထက်ခေါင်အင်းချရန်

လိုရာတည် - ၂ - သွား-၉-ရော-အောင်ပ
လိုရာတည် - ၂ - သွား - ၇ -ရော-ဦးညို
၄င်းတည် - ၁ - သွား - ၅ - ရော - ဦးဝေ
၄င်းတည် - ၁၀ - သွား - ၄၅ - ရော - ဓမ္မာ
၄င်းတည် - ၂ - သွား - ၁၀ - ရော - ဥသာ
၄င်းတည် - ၃ - သွား - ၈ -ရော - အန္တော



## စမ္မာနဝ အင်းညွှန်းလက်ာ

တေဇကြီးစွာအင်းတကာတွင် စမ္မာနဝမှတ်ကုန်ကြလော့။ ဂုဏကြီးလှိုင်အခေါင်တိုင်၏။ အခိုင်ဤမျှမသိကြသော်။ ကေတမူ အယူမှားစွာ၊ နတ်မိစ္ဆာတို့ရွံ့ရှာခဲ့ပြား၊ ဟန့်ဆီး တား၏။ ဒွေးကားရာဇ မင်းတကာတို့မေတ္တာဖွံ့ဖြိုး၊ ကိုယ့်သားမျိုးသို့၊ ရောင်းစိုးဝယ်ရာ ကုန်စည်မှာမူ တြိယူလော။ ကြီးထူလာဘ မင်းဘေးစသည် တောမှကျားမြွေကင်းစေလိုမူစတုမှန်စွာ ချလေ ပါလော့။ ပဥ္စတမူ ဗိုလ်လူများစွာ စစ်မျက်နှာဝယ်၊ ကင်းစွာဘေးပေါင်း အောင်လိမ့်ရှောင်အံ့။ ၆ ခုဗျဂသစ်ကျားစပြား တောသားရှောင်ခွာ ဝေးလေရာ၏။ နါဝါပြိုင်သော်လှေလည်းသော်မူ၊ တေဇော်မှန်မှ သတ္တဝါချလော့။ ဝိယဒသနာလူတကာတို့ မေတ္တာ ရှိကြောင်းရှစ်ခုလောင်းလော့။ တကြောင်းထိုမှချလောကိုးခုပြစ်မူလေးမြား၊ အောင်ပြား သေနတ်၊ မိုးယံကြိုးပစ်လည်း ရန်စစ်လွတ်ရာ အောင်နိုင်ရာသည်။ စမ္မာနဝအကျိုးတည်း။

## အင်းစီရင်နည်း


ဇမ္ဗူထုံအင်းကို ချလိုသော် (၉)ကွက်စီခင်းပြီးလျှင် အလယ်ကွက်ကိုလွတ်၍၊အလွတ်ကွက်အထက်ကစ၍၊ သူရဇ သောကြာသူရဇဟူ၍ တွက်ချတောင်တွင် အောင်စေ၊ ၄ မျက်နှာ လွန်ကဲ့သို့ပြည့်အောင်ချလေ၊ အလယ်ကွက်လွတ်တွင် မိတ်ဘက်နံစီရင်၍ ချလေ၊ ၇ ရက်ကို ပညာနှင့် ဆင်ခြင်၍အစီအရင်ပြု ဇမ္ဗူထုံအင်းချနည်းပြီး၏။

## ၄င်းအင်းလက်ာသံပေါက်


ဇမ္ဗူထုံအင်းမှာ အင်းအရာချရာ ၇ ကွက်၊ ကောက်ဆိုစီရင်မိတ်ရန်ဆင်၊ ယူငင်နှစ်လုံးသွင်း စည်းစိမ်ဖြစ်မှုချမ်းသာလျှ မိတ်ကမကွာလျှင်း၊ ရာဇာသဗ္ဗ ကတ္တိစ၊ ပီယစည်စီအင်း၊ လှိုဟူသမျှဆောင်လိုကြ၊ ကြိုက်ထန်ရောခြင်း၊ ဆောင်သူ့နံတွင် ကြိုက်နံဆင်ဂုဏ်အင်ကြံထိုးထွင်း ၇ အင်းစင်ပေထက်တင် သိမြင်ဂုဏ်ရောင်လင်း၊ မိတ္တယောဂ ဖေါ်ညွှန်းပြ ခေါ်ကြကွဲပြားခြင်း သွယ်သွယ်ဝဝဆိုကုန်ကြ ယူဆနှစ်လုံးသွင်း၊

သူရဇနှင့် သောကြဗုဒ္ဓ၊ စန္ဒစသောရီအညီမှတ်မူ၊ ဂုရုဘောမ သုရဇဟုနဝကိုးကွင်း ၇ အင်းတွင်အကိုးလျှင်တည့်။ အဆင်တမူအတူတူပင်။ ချစီရင်လော။ မွမ်းပြင်နဂိုစည်းစိမ် လိုမှုမိတ်နှင့် ယူလေ။ အထွေထွေပင်ဆိုရင် မူရန်ပင်ဟူ၏။ လူတို့နှိုက်မှာ မေတ္တာပီယ သိနေ့ ဟတည့်၊ စိတ်ကကရုဏာ၊ ချစ်မေတ္တာမူ လယ်မှာနံကို လည်ဆိုမြပင် မိတ်နှင့်ဆင်၍ နံပင်စီးဝေ။ သတ်ထွေထောင့်မှာမိတ်နှင့်သာလျှင် ချစီရင်လော၊ စိတ်တွင်အာသာကြိုက်လှစွာနှင့် ရာဇာကတ္တိနံ ကိုသိမူဆောင်သသူနှင့် အတူမကွာ နံချင်းသာလျှင် နေချင်လည်းဟူ စီရင်တုံမူ နည်းယူထွက်ကြုံ၊ ဇမ္ဗူထုံးနှင့် တန္တးတည်းပင်။ မှတ်ယူငင်ဟု သွန်သင်ကျမ်းလာ ရှေးဆရာတို့ သေချာစုရုံး နည်းကျဉ်းချုံးထ မှာဆိုကြ၏။ သတ္တပဏ္ဏိကဝိဆရာ မူဟောင်းစာ တွင်စီရင်မူစွမ်းအင်များစွာ ရှိသည်သာကို တွေးကာဉာဏ်လျှင် အကျယ်ဆင်လော့။ သိမြင် ရှုံမျှ ကျဉ်းရုံးပြသည် ဆရာအမှာ၊ နံအင်းစာ။


Zrabudon fast



Second Z




မ - ၁၂ - ဆိုး





ရင်းအင်း
အမည်မသိ


[illegible]



ယံ ကျူ ဣ ဆု ၂ ၃၁ ဦး = ၆ —

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၈၀ | ၉၁ | ၆၂ | ၉၇ | ၉၀ | ၆၁ | ၉၈ | ၆၇ | ၆၀ |
| ၁၉ | ၈ | ၄၇ | ၁၆ | ၉ | ၄၂ | ၁၄ | ၆ | ၄၁ |
| ၂၆ | ၃၄ | ၅၅ | ၂၄ | ၃၅ | ၅၃ | ၂၅ | ၃၃ | ၅၂ |
| ၉၃ | ၆၅ | ၄၄ | ၉၂ | ၆၃ | ၄၅ | ၉၉ | ၆၈ | ၄၇ |
| ၁၀ | ၁ | ၅၆ | ၇ | ၃ | ၅၄ | ၁၅ | ၆ | ၅၀ |
| ၁၇ | ၂၈ | ၃၉ | ၁၈ | ၂၉ | ၃၆ | ၂၃ | ၃၂ | ၅၁ |
| ၉၅ | ၆၄ | ၄၆ | ၉၄ | ၆၆ | ၄၉ | ၉၆ | ၆၉ | ၄၈ |
| ၁၁ | ၂ | ၅၉ | ၁၂ | ၃ | ၅၈ | ၁၃ | ၅ | ၅၇ |
| ၂၀ | ၂၇ | ၃၈ | ၂၁ | ၃၀ | ၃၇ | ၂၂ | ၃၁ | ၅၀ |

## မဟာပါဒ အင်းပုံ
First




ပျက်ဆီးသောမြို့ရွာတို့ကိုအသစ်

စည်ပင်စေတတ်သော


မဟာပါဒအင်း၊ ပဌမ

## Second



စည်ပင်ပြီးသော မြို့ရွာတို့ကို
အထူးအားဖြင့် စည်ပင်စေတတ်
သောမဟာပါသာအင်း၊ ဤနှစ်အင်း
ကိုကားမြို့ပြနိဂါမ၊ ဇနပဒဂါမတို့၌
သက်ဝင်သောအင်းမြတ်တို့တည်း။

**Third**



ပျက်စီးသောကျောင်းအိမ်
အဆောက်အဦးတို့ကို စည်ပင်စေ
တတ်သော မဟာပါသာဒအင်း

၁။ ဇမ္ဗူဒီပါရက္ခာဒေဝါ သဗ္ဗေဒေဝါပသံသိတာ။ ဇမ္ဗူဒီပါဗဟုရာဇာ အဝေရာဟောန္တုသု ခိတာ၊ ဇမ္ဗူဒီပါ ဗဟုဇနာ သုခိတာဟောတုဇေယျာတု၊ သဗ္ဗေဒေဝါပသံသန္တော၊ အယုဒီယာ သုခါဘဝ။

၂။ ပြုပ္ပါဒီပါရက္ခာဒေဝါ၊ သဗ္ဗေဒေဝါပသံသိတာ၊ ပြုပ္ပါဒီပါဗဟုရာဇာ၊ အဝေရာဟောန္တု သုခိတာ၊ ပြုပ္ပါဒီပါဗဟုဇနာသုခိတာ ဟောတုဇေယျတု၊ သဗ္ဗေဒေဝါပသံ သန္တော၊ အယုဒီယာ သုခါဘဝ၊


၃။ အမြဒီပါရက္ခါဒေဝါ၊ သဗ္ဗေဒေဝါပ သံသိတာ၊ အမြဒီပါဗဟုရာဇာ၊ အဝေရာဟောန္တု သုခိတာ၊ အမြဒီပါ ဗဟုဇနာ၊ သုခိတာဟောတုဇေယျတု၊ သဗ္ဗေဒေဝါပ သံသန္တိ အာယုဒီယာ သုခါဘဝ၊

၄။ ဥတြဒီပါရက္ခါဒေဝါ၊ သဗ္ဗေဒေဝါပသံသိတာ၊ ဥတြဒီပါဗဟုရာဇာ၊ အဝေရာဟောန္တု သုခိတာ၊ ဥတြဒီပါဗဟုရာဇာ၊ သုခိတာဟောတုဇေယျတု၊ သဗ္ဗေဒေဝါပသံ သန္တိအာယု ဒီယာသုခါဘဝ။

ငှင်းအင်းစုံဂါထာကား . . . .

## *Fourth*

စည်ပင်ပြီးသောကျောင်းအိမ် အဆောက်အဦးတို့ကိုအထူး သဖြင့် စည်ပင်စေတတ်သော မဟာပါသာဒအင်း



ဤနှစ်အင်းတို့ကားကျောင်းအိမ်တို့၌ တသီးပုဂ္ဂလ အကျုံးဝင်သော အင်း ဖြတ်တို့တည်း။

ဤလေးအင်းသော မဟာပါသာဒ အင်းမြတ်တို့၏ အစီအရင်နှင့်အကျိုးကား . . . ရွှေပြား၊ ငွေပြား သလွဲစင်တို့၌ ဦးတိုက်သွား၍ချ။ စီရင်ပြီးလျှင် ရွာ၏အကျိုးကိုလိုလျှင် ရွာတွင်စီရင်၍ ရွာလယ်တွင်မြုတ်နှံထား။ အိမ်ကျောင်းတို့၏အကျိုးကိုလိုလျှင် အိမ်ကျောင်းတို့၌စီရင်၍ အိမ်လယ် ကျောင်းလယ်တို့၌ မြုတ်နှံ၍ထားကြကုန်။ ချွေရံပရိဘောဂ၊ ဆင်ရတနာ၊ မြင်းရတနာ၊ သားသမီးရတနာ၊ ရွှေငွေရတနာစသော အဝိညာဏက သဝိညာဏကရတနာတို့သည်နေ့ခြင်းညခြင်းတိုးတက်စည်ပင် လိမ့်သောဟူ၏။

ဤလေးကွန်းအင်းတို့၏ အကျိုးအစီအရင်ကား ရွှေပြား၊ ငွေပြား တို့၌စီရင်ပြီးသော် တောင် အရှေ့၊ အနောက်၊ မြောက် အစဉ်အတိုင်း ထပ်၍လိပ်ပြီးလျှင် ဆောင်ကြကုန်။ စုံး ဖုတ်၊ ဘီလူးတို့ကိုနိုင်လိုသော် လကျ်ာခါးတွင်ဆောင်၊ ရန်သူကိုအောင်စေလိုသော်၊ လကျာ်မောင်း တွင်ဆောင်၊ သစ်ပင်အောက်သို့ဝင်သော် နတ်တို့ပင်မနေနိုင်ဆင်းပြေးလေအံ့။ သဗ္ဗကာရဏ အမှုတို့၌ လျော်ရာမှာပင် ဆောင်လေကုန် အကျိုးအနန္တတည်း ၎င်းတို့ ၏ အင်းဇံဂါထာဖေါ်ပြပြီး . . .

တောင်- ၁



အရှေ့-၂




အနောက်- ၃



မြောက်- ၄




# ယကြာလောင် ကိုက်ကြီးအင်းသိုက်




တနင်္ဂနွေသားကိုမကောင်းပြုလိုအံ့၊ ငြိုလ်လုံးအသက်တည်၊ တနင်္ဂနွေနံသက်နှုတ်၊ နှုတ်ကြွင်းကို တနင်္ဂနွေအိမ်တွင်ချ၊ နှုတ်ကြွင်းကိုတည် ၂-လီာနံသက်နှင့်နှုတ်၊ နှုတ်ကြွင်းကို ၂-လီာအိမ်တွင်ချ၊ ဤကဲ့သို့ ငြိုလ်ရှစ်လုံးကို မိမိတို့၏အသက်နှင့်နှုတ်ကာနှုတ်ကာချလေ။ အင်းအစသတ်လျှင် သုံးမြဲအလယ်ကွက်တွင်လွတ်၏။ ဤကဲ့သို့ ၇-ရက်သားသမီးတို့ကို ချင်းနံရှိရာအရပ်က စ၍ နှုတ်ကာနှုတ်ကာချလေ။ ငြိုလ်ရှစ်လုံးအစဉ်အတိုင်း နှုတ်၍ချလေ။ ဤအင်းကို အိုးထိန်းလက် စက်မီးခွက်တွင်ချလိုရာအင်းကိုယူ။ အင်းကွက်လပ်တွင်ချင့်အမည်ထည့်။ ဖယောင်းတိုင်ကို အလယ်တဲ့င်စိုက်၍ဆီမီးထွန်း။ချင့်နံဘုရားကို ရှာ၍ထွန်း။ ဆီမီး ကျွန်းအောင်ထွန်းသော် မကောင်းကျိုးဖြစ်၏။ အကောင်လုံးနိုင်၊ တံမပြန်နိုင် အဖြေလည်းမရှိ ဆင်ခြင်၍ပြုပါကုန်။


လက်ယျာနှပ်




ငှင်းဝဲနှပ်



ခင်ဆူခါးပတ်




(၄၁)



နေကိုတောင်ရံကဲ့သို့
ဒိဋ္ဌမြည်သူမြည်သား
တို့၏ဥပါဒ်




နေအတွင်း၌ ဤကဲ့သို့
ရောင်ပြည်အဖြာဖြာရှိသော်
မိုးကောင်းအံ့



နေသည်ဤကဲ့သို့ထင်မူ
ပြည်သူတို့ဥပါဒ်ရောက်အံ့



နေကိုဤကဲ့သို့သမင်ရုပ်
လွှမ်းမူ မင်း၌ ဥပါဒ်ကြီးစွာ
ရောက်အံ့မလွဲတည်း။






နေကို တိမ်သည်မြင်းရုပ်ကဲ့သို့
လွှမ်းသော် ဥပါဒ်ရောက်အံ့




နေကိုတိမ်သည်ငှက်ရုပ်ကဲ့သို့
လွှမ်းသော်မင်းတို့ဥပါဒ်ရောက်အံ့


(၄၂)

| | | |
|---|---|---|
|  နေသည်ရှေ့ကနေရောင်နေဝ စစ်စစ်ဖြစ်သည်ထင်သော်မကောင်း၊ ရှေ့သို့နောက်ကနေဝင်နောက်ကနေ ရောင်ထင်သော်နေ့တို့မကောင်း၊နေဝ ဖြစ်လျှင်နေဝမင်းဥပ |  နေတွင်ဤကဲ့သို့အနီ သန့်မှုမင်းဘေးဖြစ်အံ့ |  နေတွင် ဤကဲ့သို့အဝါသန်းမှု သူကြွယ်သေအံ့ |
|  နေသည်ပျားစွဲသကဲ့သို့ရှိသောရှိသော် အမတ်တို့ကြစည်မလွဲတည်း |  နေသည်သဿရတ္တဉ္စကကိုလ်ပင် အဆင်းနှင့်တူသောမိုးရွာအံ့ ဝပြောအံ့ |  နေသည်အလယ်ကပြာသော် စစ်သည်တို့ဥပါဒ်ရောက်အံ့၊ |


(၄၃)




တိမ်သည်ဤကဲ့သို့ ဓါးစာတွန့်အနီအဖြူ ထင်မှုမတန်ရေးအုံ



တိမ်သည်ဤကဲ့သို့ အဖြူ ထင်မှုမင်းတပါးရောက်အုံ




တိမ်သည်ဤကဲ့သို့ အစိမ်း၊ အနီအသွယ်သွယ်ထင်မှု ပြည်သူအနာများအုံ



တိမ်သည်ဤကဲ့သို့ အရပ်ရှစ်မျက်နှာနီမှု နီးရာအရပ်သို့ ကုန်မသွားတောင်း၊ အနားနီးမှုပြည်သူဥပါဒ်




တိမ်သည်တံခွန်ကဲ့သို့ ထင်မှု မင်းကိုအမတ်ကြီးကြံအုံ၊ အမတ်သော်လည်းသေအုံ




တိမ်သည်ဤကဲ့သို့ ဂုရုအတွဲ တတွဲထင်မှု နန်းပြဿဒ်တံခါး တန်ဆောင်းများကိုရစ်မှု ပြည်ရွာညီအုံ


(၄၄)



ထိမ်သည်ဤကဲ့သို့ နီမှု
စစ်ရောက်အံ့



တိမ်သည်ဤကဲ့သို့ ဖိမ်းဖိမ်း
ရှိမူ မိုးဦးကောင်းအံ့
မိုးလယ်ကောင်းအံ့



တိမ်သည်ဤကဲ့သို့ ကောင်းကင်အပြင်
တန်း၍နီနီရှိမူပြည်လုံးရ
တိမ်ကြီးရောက်အံ့



တိမ်သည်ဤကဲ့သို့ အထီကဲ့သို့
အရှက်ရှက်သန်းမူကျေးဘိ
တို့ပျက်အံ့



တိမ်သည်ဤကဲ့သို့ အတန့်ကြင့်
အဖြူထင်မူအနာနည်းအံ့
ဝပြောအံ့




တိမ်သည်ဤကဲ့သို့ ဖိမ်းဖိမ်းဝါဝါ
ထန်းမူကုန်သည်တို့ပြန်ပြောအံ့


(၄၅)




နေကိုတိမ်သည်နောက်ကဆီး
ရှေ့ကစီးနောက်ကဆီးကြသော
မင်းတို့ဥပါဒ်ကြီးရှာရောက်၏။
ယာယီမပြုရာပြုမိသော်မရထာ



နေသည် လျှပ်စစ်ကဲ့သို့
နိပ်စက်ခဲ့သော် မင်းတို့
ဥပါဒ်



နေစွက်ကိုဥက္ကာကြယ်ကြီး
နိမ်၍ပြုသော်၊ပတ်သော်
ဝပြောသာယာ၏။



နေတွင်အဖြူသန်း၍
သူရဲသေအံ့



နေတွင်အထက်အနီ
အလယ်မဲအောက်ရွှေသန်း၍
စစ်သည်ပျက်အံ့




နေတွင်အထက်ရွှေအလယ်
အမဲအောက်အနီသန်း၍
မင်းသားသေအံ့

(၄၆)

| | | |
|---|---|---|
|  |  |  |
| နေသည်ကုလားအုပ်ရုပ်ကဲ့သို့ ထင်သော်မင်းတကာတို့သည် ဘေးကြီးရောက်တဲ့မလွဲတည်း | နေသည်မှင်ကဲ့သို့မဲမူ မီးရောင်ကဲ့သို့ထင်မူ မင်းကိုသူသတ်တဲ့ | နေတွင်တိမ်ပြာသန်းမူ မင်းတပါးဖြစ်အံ့ |
|  |  |  |
| နေသည်အထက်တလုံး အောက်တလုံးထင်သော် ဥပါဒ်ကြီးစွာရောက်တဲ့ | နေတွင်အလယ်အနီအထက် မြွေအောက်အမဲရှိမူဗိုလ်ပါ ပျက်တဲ့ | နေတွင်အနီရောင်ရှိမူ စစ်သည်တို့ပျက်တဲ့ |

(၄၃)


နေတွင်အနီအစည်း၊
အတန့်ဝါအတန့်ဝါတန့်မှ
ဦးထုပ်ပေါ်ပြတ်နောက်ယှက်ဆို
ဝသန္တရတု၌ပြဲ၍
ရိယ်ကောင်းဆို
ဝသန္တရတု၌နေသည်
ကောင်းပွင့်ချပ်ကဲ့သို့
ရှိမူရိယ်ကောင်းဆို
နေတွင်လူရုပ်ထင်မူ
အနာအဘောဖြစ်ဆို
နေတွင်ငှက်ရုပ်အဝါ
ထင်မူအဘောဖြစ်ဆို
နေတွင်ဝဲရှန်အပြာရှိမူ
မင်းတပေါ်ဖြစ်ဆို


(၄၈)


နေတွင်အလယ်အနီထား
အစွန်းအပြာသန်းမူ
ပြည်ရွာပျက်အံ့
နေတွင်အလယ်အဖြူ
အနီအစွန်းထင်မူ
ပြည်သူတို့ဥပါဒ်
ဝသန္တ ရတု၌နေရောင်စိမ်းမူ
အတွင်း၌အနီထင်မူ
ကြော်ဝေအံ့
ဟေမန္တ ရတု၌နေသည်ကြာ
ပွင့်ချပ်ကဲ့သို့ သွေးချင်းချင်း
နှင့်တူမူမိုယ်းကောင်းအံ့
ဂိမ္ဟ ရတု၌နေသည်
အဆီပြက်ပြက်ထင်မူ
မိုယ်းကောင်းအံ့
နေရောင်ပြည့်ချဲ့ပွမူ
ဝရွာအင်းပျက်အံ့

(၄၉)




နေတွင်တံခွန်ရှိမူ
မင်းတပါးဖြစ်အံ့



နေတွင်အဝါမတ်မတ်
လက်ရှိမူမှတ်သိပ်အံ့




ဂိမှန္တရတု၌နေသည်
ချင်းချင်းနီမူဘေးဖြစ်အံ့



တန်ခူးလ၌နေရောင်သည်
စိမ်းအုံ့မာလာကြီးကျူးအခွန်း
ကဲ့သို့ရှိမူမိုယ်းကောင်းအံ့




ဂိမှန္တရတု၌နေသည်
ဝါမူမိုယ်းကောင်းအံ့




နေဝမ်းတခြမ်းစိမ်းမူ
မိုးရွာမရွာပြည်မချမ်းသာ

(၅၀)




နေဝန်းတွင်ရွှေရွှေထင်မှု
သူထင်းရဲတို့ပျက်အံ့





နေသည်အစိမ်းအလယ်
အဝါအရောင်မည်းမှု
မိုးကောင်းအံ့




အရှမ်းစိမ်းလျှက်
နေ့တိုင်းနေအိမ်ဖွဲ့မှု
မင်းသစ်ဖြစ်အံ့



မဟာမန္တရိတ်၌
နေဝန်းရွှေမှု
မမြင်မိုးဘေးဖြစ်အံ့




ဝသန္တရိတ်၌ နေဝန်းတစ်နက်မည်းမှု
မိုးခေါင်အံ့




နေရောင်အဝါတတန့်
အနီတတန့်ရှိမှုမင်းတို့
သူပုန်စားအံ့


(၅၁)


နေသည်လဆာကဲ့ဖြစ်၍နေ၏
တုမှုမင်းကိုသတ်အံ့
မင်းတပါးရောက်အံ့
နေဝန်းပြက်မှုမှတ်သိပ်အံ့
နေဝမ်းကိုနံတွင်နံ့ချပ်၏
သို့ရှိမှုပြည်ပျက်အံ့
မင်းကိုသူသိအံ့အရပ်ပျက်အံ့
နီရှင်
နေသည်ထချင်းချင်းနီလျှင်
မင်းမှုမင်းတပါးဖြစ်အံ့
နေသည်စင်ပုတ်ငှက်ခေါင်းကဲ့သို့
အထင်မြဲကြောက်စန့်မှု
တနန်းထင်မှုသေ့ချောင်းစီးသည်ဖြစ်အံ့
နေတွင်အစါတိမ်သည်
ညှိကဲ့သို့ထင်မူ၊
တိမ်ပုတ်ရေ့သန်းမှုစစ်ဖြစ်အံ့

(၁၂)


နေဝန်းတွင် အနီထွက်မူ တစ်နေ မိုးရွာအံ့
နေဝန်းပတ်လည်တွင် အရောင်ဝါဝါရှိမူ မိုးရွာအံ့
နေဝန်းစိမ်းမူ မိုးကောင်းအံ့
နေသည်တံရှန်အထင်၊ ကဲ့သို့ရှိမူစစ်ဖြစ်အံ့
နေဝန်းတွင်လေးရုးတဲ့ သို့ထင်မူစစ်ဖြစ်အံ့
နေထွက်ရာကြယ်ကြီးမူ ထာဝရအံ့၊ မိုးလဲကြီးအံ့၊ မင်းသေအံ့၊ မင်းတပါးဖြစ်အံ့


(၁၃)



နေသည်ဤကဲ့သို့ နှစ်ခု
ထွက်မှုရန်လာအံ့ မိုးရွာအံ့
ဥပါဒ်ကြီးဖြစ်အံ့




နေထွက်သောအခါ နေဝန်းတွင်
ဥဒေါင်းရုပ်ထင်မူ
အဖြူအရုံများသော မင်းတို့
စစ်သည်တို့ သေအံ့




နေဝင်ခါနီးတွင် သကဲ့သို့
ထိမ်ဝတ်နေရုစ်ဖြစ်အံ့



နေသည်ဤကဲ့သို့ ၃ခု
ရေထားဖြစ်အံ့ ၊ နေသည်
၃-၄-၅-၆ ရက်နေ့နှင့်အတူ
ရောင်ထွက်မှု ပြည်ရွာပျက်အံ့



နေသည်ဤကဲ့သို့ ၁ရ ၂ရ
ရှေ့နောက်မြင်မူ ဘေးဖြစ်အံ့



နေသည်အမည်းအညိုထရှိ
ရှိမှု အများပျက်စီးအံ့


(၁၄)




နေတွင်မြင်းရုပ်ထင်မူ
ဘေးဖြစ်အံ့



နေသည်အလယ်ပြာသော်
စစ်သည်တို့ဥပါဒ်ဖြစ်အံ့




နေထွက်အခါကိုလျှက်စင်
ဒိပ်ဝသော်မင်းတို့ဥပါဒ်ဖြစ်အံ့



နေကိုတိမ်သည်ဘွဲ့ဖြူရောင်လွှမ်းသော်
မင်းတို့ဥပါဒ်ရောက်အံ့



နေသည်ပန်းကုံသို့ပတ်လည်
ရှိသော်ဥပါဒ်ရောက်အံ့



နေကိုတိမ်ပတ်လည်လွှမ်းတန်
များသော်မင်းစေသော
ပြည်သူတို့ဥပါဒ်ရောက်အံ့

(၁၁)



နေသည်မဲသောအရောင်
ရှိသော်လူအများပျက်စီးဆုံး



နေသည်မိသောအရောင်ရှိမူ
သူအများပျက်စီးအံ့




နေတွင်ကျိုးရုပ်ကဲ့သို့ထင်မူ
ဘေးကြီးတွေ့ဖြစ်အံ့



နေသည်ပြားရွဲသကဲ့သို့
ထင်မူ မင်းကိုအမတ်ကြံအံ့




နေသည်ကြာပွင့်အဆင်း
ကဲ့သို့ထင်မူ မိုးရွာအံ့
ဝပြောသာယာအံ့
ချမ်းသာအံ့




နေတွင်အဖြူသန်းမူ
သူဆင်းရဲ

(၂၆)



နေကိုတိမ်သည် ကုံကော်
ကဲ့သို့ ရှိသော် မင်းတို့ ဥပါဒ်




နေသည် တောင်ကနေ တရ ထင်သော်
ပုန်ကိုင်၊ ကြီးစွာလာအံ့၊
တောင်က ဥပါဒ်



နေဝင်သည်အထု၊
နေတွင် ထင်သော်မကောင်း၊
မင်းတို့ ဥပါဒ်



နေတွင်ကျွဲရုပ်ထင်မူ
ဘေးဖြစ်အံ့၊ တွေ့အံ့




နေသည်အတွင်း၌ပန်းပွင့်ကဲ့သို့
ထင်မူ အနီပွင့်ထင်မူ
ပြည်သူတို့ ဥပါဒ်



နေတွင်ငှက်ရုပ်ထင်မူ
ဘေးဖြစ်အံ့






နေဝမ်းတွင်မြင်းရုပ်
ထင်မှုဘေးဖြစ်အံ့



နေရှာင်အနီတတန်.
အဝါအတန်.ရှိမူ
မင်းကိုသူပုန်တော်အံ့



နေထွက်နေဝင်မှာ
ရောင်ဖြည်ရှိသော်
မိုးကောင်းအံ့



နေဝမ်းတွင်



နေဝမ်းမှာ တဖြမ်းဗိမ်း
တဖြမ်းနီမူ မိုးသည်း၊
ထန်စွာရွာအံ့

(၁၈)



နေသည်မှန်ကဲ့သို့
အစိတ်စိတ်ကွဲသည်ကိုမြင်မှု
ပြည်ရွာပျက်စီးအံ့


## ဤတွင် နေ့ အဟောပြီး၏။



လသည်ဆန်းတည့်လျှင် လပြည့်ဝန်း
ကဲ့သို့
ထင်သော်စနေပုဒ်ပျက်အံ့




လမှန်းတည့်လျှင်အထူးထူး
အပြားပြားကဲ့သို့ထင်မှု
ဝပြေသာယာအံ့
စည်းကားအံ့




လသည်အပြူးအနီထင်သော်မင်း
ပြည်သူတို့ဥပါဒ်

(၁၉)



လကို ကျွတ္တိကားချင်းသော် မရှိမတိုင်းရှမ်းပြည်နိုင်ငံ




လကို ကြာသပတေးကြယ် ချင်းမှုမင်းမျိုးသုတ်သင်အံ့




လကို ကြယ်သဘော်ခြင်းနှင်း မှုသဘော်ရောက်အံ့ ၊ - သက်ပြည်ပျက်အံ့ ။






လသည် ညှိုကဲ့သို့ ဂမ္ဘီရာကြာပွင့် ၊ သင်းချေ ကြပ်ကဲ့သို့ ထင်မူပြည်ရွာ ချမ်းသာအံ့




မြောက်အရပ်ကလကို ကြယ်တံခွန်ထွက်သော် ပတ်သော်ဝပြောသာယာ အံ့




လသည် လှေကဲ့သို့တူသော် ငါတို့ရှုံး၍သူတို့နိုင်အံ့

| | | |
|---|---|---|
| <br>လကိုကျတ္တိ ကာရျင်းနင်းသော်<br>ရာဟုဖမ်းသော်၊နေကြပ်သော်<br>လျှင်လှုပ်သော်<br>ပြည်သူပြည်သားနင်းဥပါဒ် | <br>တောင်အရပ်က လကိုကြယ်တံခွန်<br>ဖမ်းသော် မင်းတို့လဒ်ကြီးရအံ့<br>မလွဲတည်း | <br>လသည် မှောက်သကဲ့သို့မြင်သော်<br>၂လ၊၃လ |
| <br>လကိုသောကြာကြယ်ချင်းနင်းသော်<br>မင်းတို့ဥပါဒ်<br>ရွှမ်းပြည်-လဝ-တို့ပျက်အံ့ | <br>လကိုဥပါကြယ်-၅တောကြယ်တို့<br>ချင်းမင်းသော် အချင်းချင်းမင်း<br>တို့သပါဒ် | <br>လဆန်းတွင်လအစွန်းကို<br>၅တောကြယ်ချင်းနင်းသော်<br>မင်း ၂ ပါတို့ဥပါဒ် |

(၆၀)



တိမ်သည် သက်တန့်ရောင်ကဲ့သို့ရှိမူ
ချမ်းသာအံ့၊
တိမ်သည်လမြမ်းကဲ့သို့ရှိမူ
ကောင်း၏။



နေထွက်လျှင်လသည်ထက်ဝက်နိမ့်၍
တဝက်မြင် သော်
ရွာသူတို့ ဥပါဒ်




လသည်ခရမ်းရောင်ကဲ့သို့ရှိမူ
ဝပြောသာယာအံ့
အများအနာရောဂါများအံ့



လ အစွန်းတဘက်မြင့်မူ
မြို့သူတို့ ဥပါဒ်



လအစွန်း ၂ ဘက်ညီမှုထားမရှိ၊
အနာပျောက်အံ့
ဈေးကောင်းအံ့



လသည်တောင်အစွန်းမြင့်မူကြေးစားမင်း၊
တို့သေအံ့
နိုင်ငံပါစေဖြစ်အံ့၊မှတ်သိဝိအံ့၊
ဘေးသင့်အံ့၊ကုန်သည်တို့ပျက်စီးအံ့


(၆၂)

| | | |
|---|---|---|
| <br>ထတွယ် ဝန်းထည်းစခြတ်<br>အစရေ့ရှိဗ အစိုးရစသာသူ<br>စသအဲ့ | <br>လသည်မှောက်သကဲ့သို့<br>ရှိမှ သူကြွယ်တို့ဥဝါဒ်<br>ဖွတ်ထိန်အဲ့၊ စဘးဖြစ်အဲ့<br>တုန်သည်တို့ဖျက်စီးအဲ့ | <br>လဆန်း၍လဇယ်စသော်<br>ပြည်သူ့ရွာသူဖွတ်သိမ့်အဲ့<br>လကြီးသော်ပြည်သားတို့<br>ဝစပြာသာယာချမ်းသာအဲ့ |
| <br>ထတိုင့်တ်နားသကဲ့သို့<br>ရှိမှ ပြည်ရွာဖွတ်အဲ့ | <br>လသည်ကြွယ်–၂–လုံး<br>ဈတ်စိကဲ့သို့ရှိမူနေပုဒ်<br>သားတို့ ဝစပြာအဲ့၊ | <br>လသည်ဇစွန်းတဘတ်<br>စပြာက်ကမြင့်၍ကြီးရှူ<br>ဝစပြာအဲ့၊ စဘးမရှိ၊ မိုယ်း<br>စတာင်းအဲ့၊ |


(၆၃)




'လ'အစွန်းငယ်၌မြောက်ဘက်မြင့်မူ
နွားလည်းဥဝါမ်
ဝင်းစည်းထက်သောတော်ဖြစ်၏



လ၏အလယ်တွင်ငါးရှင်တဲ့ထို့
ထင်မူ ထိုးဖြစ်တျ၏
အညီရှုံး၏၊အဖြုံဆောင်၏




လလည်မြောက်ဘက်မြင့်မူ
တောင်း၏၊ဝမြော၏






'လ'တောင်ဘက်လည်ထိုဖြင့်မူ
ဖြင်စေသာထူသေ၏




လလည် စနေကြယ်ဖြင်းနှင်းသော်
ဝင်းထို့ခေတ်ထင်၏

(၆၄)


'လ' ဝယ်ရှုစွတ်ထိန်ဖျော်
'လ' ကြီးရူ ဝပြာဇော်
လထည် လှေအဆင်းတဲ့ထို့
ရှိရှုလှေတုန်ထည်လို့ထို
ထူနှိပ်စက်ဖျော်
လထည်ထမ်းပိုးတဲ့လို့ရှိရှု
ထမ်းပိုးထန်းတုန်ထည်လို့
ထူနှိပ်စက်စဖော်
'လ'ဆန်းတို့ထပြည့်တဲ့လို့
ဖြစ်စေသော်ပြည့်ထူပြည့်သား
ပြည့်ထဲဥဝါဒ်

(၆၅)




လထွက်ဦးထိပ်ဝိနီသည်
ရှေ့တလပြည့်သကဲ့သို့ဆီထိုင်ရ
စရိုးသွားတို့အထိုပြည့်ရ၏




လ ဆန်းခြောက်ရက်ဝယ်ရှု
မွတ်သိပ်၏
အားစည်းစောဝင်းတို့ဥပါဒ်




လသည်အလည်ဝင်းရှု
မွတ်သိပ်၏



လသည်အလည် လသည်ရုရိုး
စည်သကဲ့သို့ရှိရှု
ဝပြော်ဆာသာ၏ဖေထားရှေ့




လစရေးပြန်ဝိုင်ရှု ဝင်းတို့
စည်းစိမ်ချမ်းသာစီးပွားများ၏




လဆန်းသော် လျှမ်းလူး
လတွယ်သော်တော်ဝင်ဝင်းတို့
ဥပါဒ်ဖြစ်၏

(၆၆)


၆၁
လသည်ဝစုတ္တရာကြာ
သင်းစွေချပ်တဲ့သို့ရှိမူ
မြဲဝ်ထူချမ်းသာစေ၏
လသည်ပြားအစဝ်းတူမူ
ကျွားထစ်ထူ၏
လတွယ်တို့လဆန်းတဲ့သို့
အစရေးဝို့မူအနိုးရင် သာမင်း
အရင်ချတ်၏
C
လဆန်း၌အဦးဖြစ်မူ
စစတောင်း
အစနောကစူးစူး လတ်အဦး
၅ကြယ်
လထူပ့ ဝပြောသာသာ၏


(၆၇)

| | | |
|---|---|---|
|  လသည်စောင်ထင်ရှ ချစ်စင်ကြွေ၏ ဝေါးဆန်ရေစေါများ၏ |  လ၏ရှေ့ချက်နှာ၆–ကြယ် နှင်း၏၊ထလရောက် |  လဆန်းရေတိဝတထိရှိရှ ဝညာရှိဝအား၊ဖေင်းသား ထရများတေးထိရောက်၏ |
|  ထဝရှုချက်နှာစန်းနှင့်အင်္ဂါ ထိကြရာထာ ၆–လလွှန်စသော် မင်းရွှန်ထကာချမ်းသာရ၏ |  ထမွန်းတည့်၌ ၆–ကြာ နှင်းထ ၃–ထလွှန် |  လ၏အစနှာတ် ၆ကြာနှင်းထ စလလွှန်မူသစီးကညာ ရထနှာတိုစောရွှာရောက် ၏မထွဲ |


(၆၈)

| | | |
|---|---|---|
| <br>ထထို ဒုစေထားကြယ်နှင်းရှု စွေထိုင်းသောဝရထိုင်း စွေ့ထိုင်းသားထို့အထိထ ထိုင်ထိုင်ညွှင်းထန်း၏။ | <br>ထဓါဆစနာတ်ဗျက်နှာထနှင့် စနေစတွေ့ကြရာ လူ့နှာန်းဖြေ စနေထည်စင်းတို့ပျက်ချင်ဥပါဒ် အထားထည်း | <br>ထက်ဦးရှုန်းထက်ဝုကြယ် ဗုဝဋ္ဌရာဇ်စင်းတို့ထက်၏ |
| <br>ထဦးခါန်းထထ် ၄ကြယ် နှင်းပူစတောင်း။ ဗွတ်ထိပ် ၏၊ ငိုက်းတောင်း၏၊ ဦး ထူများ၏၊ ဝဠထရာဇ်ဥပါဒ် | <br>စန်းနှင့်အငါဗွန်းထည် အစါ ထိကြရာတား | <br>အစွေ့ပျက်နှာအန်းနှင့် ဒုစေထ ထိကြရာတား၊ ဗိုးဦးစနာင်း ပေါ်ဒ်လည်းတျ၊ ချမ်းသာရ ၏၊ လူထို့မှာ ဆိးချုပ်စမ်း နှာထင့်ကြ၏ |

(၆၉)




လစွန်းထည့်၌ ၅စထား
နှင့်နီးစွ ကြီးသည်မင်း
ဆိုးကျတ်ဖြင်းဥဝစ်



လတို ပြောကြယ်ဖြစ်းစွ
စဥ္စရောစ်တိုင်း၊ သလရွာ
ဓါလရွာ၊ ဆင်းရွာ မ္ဂရထ္ထရွာ
နုဂ်လရွာ၊ ဝဠွာဝရောစ်၊



လတိုစနုကြယ်နုဝ်းစွ
တွဲဆို့ဥဝါဒ်




လဦးဓါန်းထတ် ၅ကြယ်နုဝ်း
ဖွစဝ်းတို့ ထတ်ဓဲ၊ မင်း
တိုပြည်စထွတ်၌တိုယ်ထည်း၊
စထဓဲ






လဓါဦးစွန်းထတ် ပြောကြယ်နုဝ်း
စူလစ်းလူရှိဓဲ၊ မင်းတိုပြည်ထူ
ပြည်ထူတို့သတ်ကြဓဲ၊ လဝဥဝါဒ်
ရွှစ်းဥဝါဒ်၊ မင်းစတားထင်ဓဲ၊







လတို ၅ထူးကြယ်ဖြင်းနီးစွ
ရှိ၌လစရ

(၇၀)

| | | |
|---|---|---|
| ၃ ကြယ်  |  |  |
| ဆင်ဈေး၊မြင်းဈေးဈေး တို့ထတ်၏ ဆင်သဉ်နှင့် ထွားဈေထာင်းတို့ဥပါဒ် ကျေမှုပျက်စီး၏ | လတို့ဈင်းရှိကျိတ်ထွတ်ရှ မန္တိုမြထိုက်အရပ်ရှမ်းတို့ နိုင်ငံပျက်စီး၏ | လတို့ဥတ္တာနင်း၏ မင်းအံလည်၌ထည်းအစာ နိုင်စေတ်၏ |
|  |  |  |
| ရေထနိကြယ်တိုက်လနှင့် ဆိုက်မှုလူ၌ထင်ရှားထုရား ဖြစ်၏မလွဲတည်း | ဈောက်ဆိပ်ကြယ်လ၏ အလယ်ထွားမှုဖြေလျှင် လျှပ်၏ မင်းကြီးသေ၏ | ကြယ်ထဈေးခါအတွင်းဝင် ထွားမှုကျွဲ၊နွား၊ဆင်၊မြင်း ပျက်စီး၏ |

(၇၁)

| | | |
|---|---|---|
|  |  |  |
| ဆိုင်းထိုင်းကြယ်သတို့ချင်းရှု ရှုဝယ်ပြည်ဝယ်ချက်စီးဇံ | ဆိုင်းထမ်းကြယ်လစောင် သွားရှုထား၊ပြဦးသူထဇံ တုန်သည်တို့ချက်ဆီးဇံ | ဆိုင်းထမ်းကြယ်တားလဝယ် ထင်ရှိတ ဆဖတ်၊ပြည်ထူ လူထထားဆဝေါင်းတို့ ချက်ဆီးဇံ |
|  |  |  |
| ထစထံ့ကြယ်တားလဝယ် ဆတ်ရှိထိကြဇံဇံ၊ စပြာဝစထးစေနှး | ဆိုင်းထမ်းကြယ်တိုက်ဆကြား ထစင်းသွားရှုကမ္ဘာစလာင်တို့ ချက်ဆီးဇံ | ဝိသာစါ ဇနူရာစနတွယ် ၉ ဝါးသွားလတ်ရာသွားရှု စတို့ဆဂီကြယ်ဖြင်းမှု |

(၃၂)



မာဃရှုထနက္ခတ်ထက်ဝါး
ထစင်းသွားရှုစတောင်း



ထွာဒီ–မာဃနက္ခတ်
အထက်ထာဝါးထစင်းသွားရှု
စတောင်း




ပျောက်ဆိဝ်နှင့်ကြက်တိုက်
အကြားထစင်းသွားရှုတွဲနှုအ၊
ဆင်ဖြစ်၊
ချက်စီးသည်ပေါ့ထည်း






ထထည်ထွထွာ့ထထောန်
ရှိရှုတိုက်ကြစထာရန်ထူ

ညှိုထွင်၌
" ထ "၏ အဓော
မာထန်းပြီးပြ




ထိစ်ထည်ညှိုတဲ့ထို့. အထင်ထင်
ရှိရှုအချပ်းချပ်းစူပါဝ်ရှိ၏


(၄၇)

| | | |
|---|---|---|
|  တိမ်သည်နိမ့်မှုမိုးရွာဖို့ ဥပါဒ်ရောက်ဖို့ |  တိမ်သည် နွားရုပ်ကဲ့သို့ ထင်မှုဝပြောသောယာပြည် ငြိမ်းချမ်းသာယာအံ့ |  နေထွက်နေဝင် တိမ်သည်သစ်ပင်ကဲ့သို့ထင် သောအမတ်စစ်သူကြီးတို့ ဥပါဒ်မလွဲတည်း |
|  တိမ်သည်ဤကဲ့သို့ ထံလွှန်သလျှက်သားပြီးရုပ်ကဲ့သို့ ထင်သောမင်းတို့တောင် အရုပ်တစ်ကြီးဖြစ်ဖို့ |  တိမ်သည်သက်တင်ရေးလေးကိုင်း ကဲ့သို့ထင်သော်အစေ့ခင်ပွန်းတို့ နှင့်ကြောင့်ကျဥပါဒ်တည်း |  တိမ်သည်ကြာပွင့်ကြာရိုးကြာစက် ကဲ့သို့ထင်သော်မင်းတရားမစောင့် မဟုတ်မမှန်ဖြစ်ဖို့၊ ဥပါဒ်ရောက်ဖို့ |

(၃၄)



တိမ်ဖြူထဲတွင် လက်ဝဲထအမဲဆန်းစွ
ကြောင့်ကြများသည်ဖြစ်၏




တိမ်နက်တိမ်ဖြူတိမ်နီတကွဆန်းမူ
စစ်ထိုးသော်သေသူများ၏



တိမ်သည်ထိမ် ဓါးလှံအစရောင်
ကဲ့သို့ရှေ့ကဆန်းလင့်မူ
လာသူမကောင်းသည်ဖြစ်၏



တိမ်သည်မိကျောင်းလင်းပိုင်ကဲ့သို့
၂-စုလက်ဝဲကဆန်းမူလာဘ်ရ၏




တိမ်သည်မိန်းမရုပ်ကဲ့သို့
ရှေ့လကယာကဆန်းမူကောင်း၏





တိမ်သည်ကဲ့သို့နက်နက်ထင်သော်
မိုးကောင်း၏


(၃၅)




တိမ်ဤကဲ့သို့ တိမ်ထင်သော်
ဤကဲ့သို့တိမ်အရပ် ၃ ရပ်ထင်မူ
တပြည်ထောင်လုံးပျက်အံ့မလွဲတည်း



တိမ်သည်နွားကဲ့သို့မြူးတူးဟန်ပြ
သော်မိုးခေါင်အံ့ဝပြောသာယာအံ့
နွားဥပါဒ်ရောက်အံ့




ဤကဲ့သို့တိမ်အရပ် ၃ ရပ်ထင်မူ
မိုးရွာအံ့ လူတို့ဥပါဒ်ရောက်အံ့



တိမ်သည်ငါးရုပ် ၂ ရုပ်မြူးတူး
ထင်သော် မိုးရွာအံ့



တိမ်သည်အပြာမှထောင့်
ထင်မူ မိုးကောင်းအံ့မလွဲ




တိမ်သည် အတန့်တန့်အထပ်ထပ်
ထပ်ထင်မြင်သော်ဒဏ်ကြီးသင့်အံ့

(၃၆)




တိမ်သည် အဖိုးအို
သကဲ့သို့ထင်သော်
ကုန်သည်တို့ဥပါဒ်
ရောက်အံ့




တိမ်တစောင့်ထောင် ဖားရုပ်
ဖြစ်သော် မိုးတောင်းအံ့



တိမ်သည်သွေးအဆင်းကဲ့သို့
ထင်သော်ဒါးလှံဘေးသင့်အံ့



တိမ်သည်သက်တန့်ကဲ့သို့ရှိမူ
ရန်စစ်ဖြစ်အံ့
ခရီးသွားသူတို့လည်း ခိုက်ရန်ဖြစ်အံ့



တိမ်နီလက်ယာလက်ဝဲက
အတန်းဆန်းမူ
အချင်းချင်းသတ်ကြလအံ့



တိမ်ဖြူသည်လကဲ့သို့တန်းတန်း
ထင်မူမင်းထုန်းကြီးအံ့

## မဟာဒိဗ္ဗမန္တန်တော်ကြီးများ

၁။ သီလကွံပါဠိတော်
၂။ သုတ်မဟာဝါပါဠိတော်
၃။ ပါရာဇိကကဏ်ပါဏိတော်
၄။ ပါစိတ်ပါဠိတော်
၅။ မဟာဝါပါဠိတော်
၆။ စူဠဝါပါဠိတော်
၇။ ပရိဝါပါဠိတော်

## မဟာဒိဗ္ဗမန္တန်တော်ကြီးများ

## နမော်တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
## သီလကွံပါဠိတော်

ဧဝံမေသုတံ၊ ဧကံသမယံညဂဝါအန္တရာစရာဇဂဟံ၊ အန္တရာစနာဠန္ဒံ သဒ္ဓါနမဂ္ဂ ပဋိပန္နော ဟောတိ မဟတာဘိက္ခုသံသေနသဒ္ဓိ၊ ပဉ္စမတ္တေသိဘိက္ခုသတေဟိ၊ သုပ္ပိယောပိခေါ ပရိဗ္ဗာဇကော၊ အန္တရာစရာဇဂဟံ၊ အန္တရာစနာဠန္ဒံ၊အဒ္ဓါနမဂ္ဂပဋိပန္နောဟောတိ ၊သဒ္ဓိံအန္တေဝါသိနာဗြဟ္မဒတ္တေ နမာ ဏာဝေန၊ တတြသုဒံ သုပ္ပိယော ပရိဗ္ဗာဇကော၊ အနေကပရိယာ ယေန ဗုဒ္ဓဿအဝဏ္ဏံ ဘာသတိ၊ ဓမ္မဿအဝဏ္ဏံ ဘာသတိ၊ သံဃဿအဝဏ္ဏံ ဘာသတိ၊ သုပ္ပိယဿပန ပရိဗ္ဗာဇကဿ၊ အန္တေဝါသီ ဗြဟ္မဒတ္တောမာဏဝေါ၊ အနေက ပရိယာယေန ဗုဒ္ဓဿဝဏ္ဏံ ဘာသတိ၊ ဓမ္မဿဝဏ္ဏံ ဘာသတိ၊ သံဃဿဝဏ္ဏံဘာသတိ၊ ဣတိဟတေ-သဘောအာ စရိယန္တေ ဝါသီ၊ အညမညဿ ဥဇုဝိပစ္စ နိကဝါဒါ၊ ဘဂဝန္တံ ပိဋ္ဌိတော ပိဋ္ဌိတောအနုဗန္ဓာ ဟောန္တိ ဘိက္ခုသံဃဥ္စ။

## သုတ်မဟာဝါပါဠိတော်

ဧဝံမေသုတံ၊ ဧကံသမယံဘဂဝါသာဝတ္ထိယံဝိဟာရတိ၊ ဇေတဝနေ အနာထ ပေဏ္ဍိကဿ အာရာမေ၊ ကရေရိကုဋိကာယံ၊ အထခေါသမ္ဗဟုလာနံဘိက္ခူနံ၊ ပစ္ဆာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တာနံ၊ ကရေရိမဏ္ဍလမာဠေ၊ သန္နိသိန္နာနံ-သန္နိပတိတာနံ၊ ပုဗ္ဗေနိဝါသပဋိသံယုတ္တာ၊ ဓမ္မီကထာဥဒပါဒိ ဣတိပိပုဗ္ဗေနိဝါသောဣတိပိပုဗ္ဗေဝါသောတိ၊ အသောသိ ခေါတဂ ဝါဒိဗ္ဗာယ သောတဓာတုယာ၊

ဝိသုဒ္ဓါယအတိကန္တမာနုသိကာယ၊ တေသံဘိက္ခူနံ ဣမံကထာ သလာပံ။ အထခေါ ဘဂဝေါ ဥဋ္ဌာယာသနာ၊ ယေနကရေရိ မဏ္ဍလမာဠော၊ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ၊ ပညတ္တေ အာသနေနိသီဒိ၊ နိသဇ္ဇခေါဘဂဝါ ဘိက္ခူ အာမန္တေသိ၊ ကာယ နုတ္ထဘိက္ခဝေ၊ ဧတရဟိ ကထာယသန္နိသိန္နာ၊ ကာစပနဝေါအန္တရ ဝိပ္ပကတာတိ။

## သုတ်ပါထေယျပါဠိတော်

ဧဝံမေသုတံ-ဧကံသမယံ၊ ဘဂဝါသာဝတ္ထိယံ ဝိဟာရတိ၊ အနုပိယံနာမ မလာနံနိဂမော အထခေါဘဂဝါ ပုဗ္ဗဏှသမယံ၊ နိဝါသေတွာ ပတ္တစီဝရမာဒါယ၊ အနုပိယံပိဏ္ဍာယ ပါဝိသိ၊ အထခေါဘဂဝတောဧတဒ ဟောသိ၊ အတိပ္ပဂေါ ခေါတာဝ၊ အနုပိယံပိဏ္ဍာယစရတုံ၊ ယံနူနာဟံယေန၊ ဘဂ္ဂဝဂေါတ္တော၊ ပရိဗ္ဗာဇကဿအာရာမော၊ ယေနဘဂ္ဂဝဂေါတ္တော ပရိဗ္ဗာဇကော ၊ တေနုပသင်္ကမေယျန္တိ၊ အထခေါ ဘဂဝါ ယေနဘဂဂေါတ္တဿ ပရိဗ္ဗာဇကဿအာရာမော၊ ယေန ဘဂ္ဂဝ ဂေါတ္တောပရိဗ္ဗာဇကောတေနုပသင်္ကမိ၊ အထခေါဘဂ္ဂဝ ဂေါတ္တောပရိဗ္ဗာဇကော၊ ဘဂဝန္တံဧတဒဝေါစ- ဧတုခေါဘန္တေဘဂဝါ၊ သွာဂတံဘန္တေဘဂဝတောစိရဿံ၊ ခေါဘန္တေ ဘဂဝါ၊ဣမံပရိယာယမကာသိ၊ ယဒိဒံဣဓာဂမာနာယ၊ နိသီဒတုံဘန္တေဘဂဝါဣဒမာသနံ ပညတ္တန္တိ၊ နိသီဒိဘဂဝါပညတ္တေအာသနေ။

## ပါရာဇိကဏ်ပါဠိတော်
## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

နေသမယေနဗုဒ္ဓေါဘဂဝါဝေရဉ္ဇာယံဝိဟာရတိ၊ နဠေရုပုစိမန္ဒမူလေ မဟာတာဘိက္ခု သတေဟိ။ အဿောသိ ခေါဝေရဉ္ဇောဗြာဟ္မဏော။ သမဏောခလု ဘောဂေါတ မောသကျ ပုတ္တော၊ သကျကုလာပဗ္ဗဇိတော၊ ဝေရဉ္ဇယံဝိဟာရတိ၊ နဠေရုပုစိမန္ဒမူလေ မဟတာဘိက္ခုသံ ယေနသဒ္ဓိံပဉ္စ မတ္တေဟိဘိက္ခုသတေဟိ၊ နဠေရုပုစမန္ဒမုလေ မဟတာဘိက္ခုသံ ယေနသဒ္ဓိံပဉ္စ မတ္တေဟိဘိက္ခုသတေဟိ၊ တံခေါပန ဘဂဝန္တံဂေါတမံ၊ ဧဝံကလျာဏောကိတ္တိ သဒ္ဒေါအဗ္ဘုဂ္ဂတော၊ဣတိပိသောဘဂဝါ အရဟံသမ္မာသမ္ဗုဒ္ဓေါ၊ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတောလောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါဘဂဝါ၊ သောဣမံလောကံသဒေဝကံသမာရကံ သဗြဟ္မကံ၊ သဿမဏ ဗြာဟ္မဏပဇံသဒေဝမနုဿံ၊ သယံအဘိညာသစ္ဆိကတွာ ပဝေဒေတိ၊ သောဓမ္မံဒေသေတိ၊ အာဒိကလျာဏံ၊ မဇ္ဈေကလျာဏံ၊ ပရိယော သာနကလျာဏံ သာတ္ထံသဗျဉ္ဇနံ၊ ကေဝလပရိပုဏ္ဏံ၊ ပရိသုဒ္ဓံဗြဟ္မ စရိယံပကာသေတိ။

# ပါစိတ်ပါဠိတော်
# မုသာဝါဒဝဂ္ဂ၊ မုသာဝါဒသိက္ခာပဒ

ဣမေခေါပနယသွန္တောဒွေနဝုတိပါစိတ္တိယာဓမ္မာ၊ ဥဒ္ဒေသံအာဂစ္ဆန္တိ။ တေနသမယေနဗုဒ္ဓေါဘဂဝါ၊ သာဝတ္ထိယံဝိဟရတိ၊ ဇေတဝနေအနာ ထပိဏ္ဍိကဿအာရာမေ။ တေနခေါ ပနသမယေန၊ ဟတ္ထကောသကျ ပုတ္တောဝါဒက္ခိတ္တာတိ။ သောတိတ္ထိယေဟိ သဒ္ဓိံသလ္လပေန္တော၊ အဝဇာနိတွာပဋိဇာနာတိ၊ ပဋိဇာနိတွာ အဝဇာနာတိ၊ အညေနည ပဋိစရတိ၊ သမ္ပဇာန မုသာဘာသတိ၊ သင်္ကေတံကတွာဝိသံဝါဒေတိ၊ တိတ္ထိယာဥဇ္ဈာယန္တိ-ခီယန္တိ-ဝိပါစေန္တိ၊ ကထံဟိနာမဟတ္ထ ကောသကျပုတ္တော အမှေဟိသဒ္ဓိံ သလ္လပေန္တော။ အဝဇာနိတွာ ပဋိဇာနိဿတိ၊ ပဋိဇာနိတွာ အဝဇာနိဿတိ၊ အညေနည ပဋိစရိဿတိ၊ သမ္ပဇာန မုသာဘာသိဿတိ၊ သင်္ကေတံဝိသံဝါ ဒေဿတီတိ။

## မဟာဝါပါဠိတော်

တေနသမယေနဗုဒ္ဓေါဘဂဝါ၊ ဥရုဝေလာဝိဟရတိ၊ နဇ္ဇာနေရဉ္ဇရာယတီ ရေဗောဓိ ရုက္ခမူလေ၊ ပဌမာဘိ သမ္ဗုဒ္ဓေါ၊ အထခေါဘဂဝါ ဗောဓိရုက္ခမူလေ၊ သတ္တာဟံဧကပလင်္ကေ နနိသီဒိ၊ ဝိမုတ္တိသုခံပဋိသံဝေဒေတိ၊ အထခေါဘဂဝ ရတ္တိယာပဌမံယာမံ၊ ပဋိစ္စသမုပ္ပါဒံ၊ အနုလောမ ပဋိလောမံ ၊ မနသာကာသိ၊ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာသဠာယတနံ၊ သဠာယတနပစ္စယာဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာဥပါဒါနံ ဥပါဒါနပစ္စယာဘဝေါ၊ ဘဝေါပစ္စယာဇာတိ၊ ဇာတိပစ္စယာဇရာမရဏ သောကပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝတေဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ။ အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ၊ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓော၊ ဝိညာဏနိရောဓောဝိညာဏနိရောဓာ နမရူပနိရောဓောနာမရူပနိရောဓော၊ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ၊ ဖဿနိရောဓော၊ ဖဿနိရောဓာ၊ ဝေဒနာနာနိရောဓော၊ ဝေဒနာ နိရောဓာ၊ တဏှာနိရောဓော၊ တဏှာနိရောဓာ၊ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ၊ ဘဝနိရောဓော၊ ဘဝနိရောဓာ၊ ဇာတိနိရောဓော၊ ဇာတိနိရောဓာ၊ ဇရာမရဏ သောက ပရိဒေဝ၊ ဒုက္ခသောမနဿုပါယာသာနိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ၊ ဒုက္ခက္ခဿနိရော ဓောသောကပရိဒေဝ၊ ဒုက္ခဒေါမနဿုပါယာ သာနိရုဇ္ဈန္တိ၊ ဧဝမေတဿကေဝလဿ၊ ဒုက္ခက္ခဿနိရောဓော ဟောတီတိ။

## စူဠဝါပါဠိတော်
## စိရိတိဌတုဇ်နသာသနံ

တေနသမယေန ဗုဒ္ဓေါဘဂဝါ၊ သာဝတ္ထိယံဝိဟရတိ၊ ဇေတဝနေအနာထ ပိဏ္ဍိကဿ အာရာမေ၊ တေနခေါပနသမယေန ပဏ္ဍုကပလောဟိတကာဘိက္ခူ အတ္တနာ ဘဏ္ဍနကာ ရကာ၊ ကလဟကာရကာ၊ ဝိဝါဒကာရကာ၊ ဝဿကာရကာ၊ သံဃေအဓိကရကာရကာ၊ ယေပိစညေ ဘိက္ခူ ဘဏ္ဍနကာရကာ၊ ကလဟကာရကာ၊ ဝိဝါဒကာရကာ၊ ဘဿကာရကာ သံဃေအဓိက ရဏကာရကာ တေဥပသင်္ကမိတွာ၊ ဧဝံဝဒန္တိ။ မာခေါတုမှေအာယသ္မန္တော ဧသောအဇေသိ။ ဗလဝါဗလံ။ ပဋိမန္တေအကုမှေတေန။ ပဋိတတရာစဗျတ္တတရာစ။ ဗဟုသု တရာစ၊ အလမတ္တ တရာစ။ မာစဿဘာယိတ္တမယံပိတုမှာကံ၊ ပက္ခာဘဝိဿာမာတိ။ တေနအနုပ္ပန္နာနိစေဝ။ ဘဏ္ဍနာနိဘိယျော ဘာဝါယ၊ ဝေပုလာယသံဝတ္တန္တိ။

## ပရိဝါပါဠိတော်

ယံတေနဘဂဝတာ၊ ဇာနတာပဿတာ၊ အရဟတာသမ္မာသမ္ဗုဒ္ဓေန၊ ပဌမံပါရာ ဇိကံ ကတ္ထပညတ္တံ၊ ကံအာရဗ္ဘ၊ ကိသ္မိံဝတ္ထုသ္မိံ အတ္ထိတတ္ထပညာတ္တိ အနုပညတ္တိ၊ အနုပန္နပညတ္တိ၊ သဗ္ဗတ္ထပညတ္တိ၊ ပဒေသပညတ္တိ၊ သာဓာရဏပညတ္တိ၊ အသာဓာရဏပညတ္တိ၊ ဧကတောပညတ္တိ၊ ဥဘတောပညတ္တိ၊ ပဉ္စန္နံပါတိမောက္ခုဒ္ဒေသာနံ၊ ကတ္ထောဂတံ၊ ကတ္ထပရိယာပန္နံ၊ ကတမေ နဥဒ္ဒေသံနဥဒ္ဒေသံ အာဂစ္ဆတိ၊ စတုန္နံဝိပတ္တီနံ၊ ကတမာဝိပ္ပတ္တိသတ္တန္နံအာ ပတ္တိက္ခန္ဓာနံ ကတမောအာပတ္တိကောန္ဓော ၊ ဆန္နံအာပတ္တိသမုဋ္ဌာနာနံ၊ ကတီဟိသမုဋ္ဌာနေဟိ၊ သမုဋ္ဌာတိ၊ စတုန္နံအဓိကရဏာနံ၊ ကတမံအဓိကရဏံ၊ သတ္တန္နံသမထာနံ၊ ကတီဟိသမ၊ ထေဟိသမ္မတိ၊ ကောတတ္ထဝိနယော၊ ကောတတ္ထအဘိဝိနယော၊ ကိတ္တံတ္တပါထိမောက်၊ ကာဝိပ္ပတ္တိကာသမ္မ တ္တိကာပဝတ္တိ ကတိအတ္ထဝသေပတိစ္စဘဂဝတော၊ ပဌမံပါတိမောက္ခံ၊ ကာဝိပ္ပတ္တိကာသမ္မ တ္တိကာပဝတ္တိကတိအတ္ထ ဝသေပတိစ္စဘဂဝတော၊- ပဌမံပါရာဇိကံပညတ္တံ၊ ကေသိက္ခန္တိ ကေသိက္ခတသိကာ၊ ကတ္ထဋိတံ ကေဓာရေန္တိကဿဝစနံ ကေနာ ဘတန္တိ။

## ၁။ ဓမ္မသင်္ဂဏီ

(၁) ကုသလာဓမ္မာ ၊ အကုသလာဓမ္မာ ၊ အဗျာကတာဓမ္မာ၊ သုခါယဝေဒနာယ သမ္ပယုတ္တာဓမ္မာ၊ ဒုက္ခာယဝေဒနာယ၊ သမ္ပယုတ္တာဓမ္မာ၊ ဒုက္ခာယဝေဒနာယ၊ သမ္ပယုတ္တာဓမ္မာ၊ အဒုက္ခ၊ မသုခါယ ဝေဒနာယ၊ သမ္ပယုတ္တာဓမ္မာ၊ ဝိပါကာဓမ္မာ၊ ဝိပါကဓမ္မဓမ္မာ၊ နေဝဝိပါက နဝိပါက ဓမ္မဓမ္မာ။

(၂) ဥပဒိန္နု ပါဒါနိယာမွော ၊ အနုပါဒိန္နု ပါဒါနိယာမွော၊ အနုပါဒိန္နာအနုပါဒါနိယာ မွော၊ သံကိလိဋ္ဌသံကိလေသိကာမွော၊ သဝိတက္ကသဝိစာရာမွော၊ အဝိတက္က ဝိစာရမတ္တာမွော၊ အဝိတက္က အဝိစာရာမွော၊ ပီတိသဟဂတာမွော၊ သုခသဟ ဂတာမွော၊ ဥပေက္ခာသဟဂတာမွော။

## ၂။ ဝိဘင်္ဂ

(၁) ပဉ္စက္ခန္ဓာရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော။

(၂) တတ္ထကတမောရူပက္ခန္ဓောယံကိဉ္စိရူပံအတီတာနာဂတပစ္စုပ္ပန္နံ၊ အဇ္ဈတ္တံဝါဗဟိဒ္ဓါဝါ ဩဠာရိကံဝါ၊ သုခုမံဝါ၊ ဟီနံဝါ ပဏီတံဝါ ယံဒူရေသန္တိကေဝါကဒေကဇ္ဈံအဘိသ ညူဟိတ္ဝာ အဘိသင်္ခိပိတ္ဝာ အယံဝုစ္စတိ၊ ရူပက္ခန္ဓော။

(၃) တတ္ထကတမံရူပံအတီတံ။ ယံရူပံအတီတံ နိရုဒ္ဓံဝိဂတံ ဝိပရိဏတံ အတ္ထင်္ဂတံအဗ္ဘတ္ထင်္ဂတံ၊ ဥပ္ပဇ္ဇိတွာဝိဂီတံ၊ အတီတံအတီတသေနသင်္ဂဟိတံ စတ္တာရောစ မဟာဘူတာစ စတုန္နဉ္စ မဟာ ဘူတာနံ ဥပါဒါယ ရူပံ ဣဒံဝုစ္စတိရူပံအတီတံ။

တတ္ထတကမံ ရူပံအနာဂတံ ယံရူပံ အဇာတံအဘူတံ အသဉ္ဇာတံ အနိဗ္ဗတ္တံ အပါတု ဘူတံ အနုပ္ပန္နံ အသမုပ္ပန္နံမနုဋ္ဌိတံ အသမုဋ္ဌိတံ အနာဂတံ အနာဂတံသေနသင်္ဂ ဟိတံ စတ္တာရောစ မဟာဘူတာ စတုန္နာမဟာဘူတာနံ ဥပါဒါယ ရူပံ ဣဒံဝုစ္စတိရူပံအနာဂတံ။

ကတ္ထတကမံ ရူပံ ပစ္စုပ္ပန္နံ ယံ ရူပံ ဇာတံ ဘူတံ သဉ္ဇာတံ နိဗ္ဗတ္တံ အဘိနိဗ္ဗတ္တံ ပါတုဘူတံ ဥပ္ပန္နံ သမုပ္ပန္နံ ဥဋ္ဌိတံ သမုဋ္ဌိတံ ပစ္စုပ္ပန္နံ ပစ္စုပ္ပန္နံ သေန သင်္ဂဟိတံ။ စတ္တာရောစ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပံ ဣဒံဝုစ္စတိ ရူပံ ပစ္စုပ္ပန္နံ။

## ဓါတုကထာ

ရူပက္ခန္ဓော ကတိခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓါတုဟိသင်္ဂဟိတော ရူပက္ခန္ဓော ဧကေန ခန္ဓေန ဧကာဒသဟာယတနေ ဟိ ဧကာဒေသဟိဓါတူဟိ သင်္ဂဟိတော။ ကတိဟိ အသင်္ဂဟိတော၊ စကုဟိ ခန္ဓဟိ ဧကာနာယ တနေနသတ္တဟိဓါတုဟိ အသင်္ဂဟိ တော။

## ၄။ ပုဂ္ဂလကဉတ္တိ

(၁) ဆပညတ္တိယော - ခန္ဓပညတ္တိ-အာယတနပညတ္တိ- ဓါတုပညတ္တိ သန္ဓပညတ္တိ ဣန္ဒြိယပညတ္တိ ပုဂ္ဂလ ပညတ္တိ။

(၂) ကိတ္တာဝတာ ခန္ဓာနံ ခန္ဓပညတ္တိ၊ ယာဝတာပဉ္စက္ခန္ဓာ-ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော- သညာ ကန္ဓော-သညာက္ခန္ဓော- သင်္ခါရက္ခန္ဓော- ဝိညာဏက္ခန္ဓော- ဧတ္တာဝတာ ခန္ဓာနံ ပညတ္တိ။

(၃) ကိတ္တာဝတာ အာယတနာနံ အာယတန ပညတ္တိ ယာဝတာ ဒွါဒသာယတနာနိ စက္ခာယတနံ ရူပါယတနံ ရသာယတနံ ကာယာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနာယတနံဓမ္မာယတနံ ဧတ္တာဝတာ အာယတနာနံ အာယတနပညတ္တိ။

(၄) ကိတ္တာဝတာ ဓါတုနံ ဓါတုပညတ္တိ ယာဝတာအဋ္ဌာရသဓါတုယော စက္ခုဓါတု ရူပဓါတု စက္ခုဝိညာဏဓါတု သောတဓါတု သဒ္ဒဓါတု သောတဝိညာဏဓါတု ဃာနဓါတု ဂန္ဓဓါတု ဃာဏဝိညာဏဓါတု ဇိဝှာဓါတု ရသာဓါတုဇိဝှာဝိညာဏဓါတု ကာယဓါတု ဖောဋ္ဌဗ္ဗာဓါတု ကာယဝိညာဏဓါတု မနောဓါတု ဓမ္မဓါတု မနောဝိညာဏဓါတု၊ ဧတ္တ တထာဓါတုနံ ဓါတု ပညတ္တိ။

(၅) ကိတ္တာဝတာသစ္စာနံ သစ္စပညတ္တိ ယာဝတာစတ္တာရိသစ္စာနိ ဒုက္ခသစ္စံ သမုဒယသစ္စံ နိရောဓသစ္စံ မဂ္ဂသစ္စံ။ ဧတ္တာဝတာသစ္စာနံ သစ္စပညတ္တိ။

(၆) ကိတ္တိဝတာ ဣန္ဒြိယာနံ ဣန္ဒြိယပညာတ္တိ၊ ယာဝကာဗာဝိန္ဒြိယာနိ-စက္ခုန္ဒြိယံ သောတိန္ဒြိယံ ဃာနိန္ဒြိယံ ဇိဝှိန္ဒြိယံ ကာယိန္ဒြိယံ မနိန္ဒြိယံ ဣတ္ထိန္ဒြိယံ ပုရိသိန္ဒြိယံ ဇီဝိတိန္ဒြိယံ သုခိန္ဒြိယံ ဒုက္ခိန္ဒြိယံ သောမနဿိန္ဒြိယံ ဒေါမနဿိန္ဒြိယံဥပေက္ခိန္ဒြိယံ သဒ္ဓိန္ဒြိယံ ဝိရိယိန္ဒြိယံ သတိန္ဒြိယံ သမာဓိန္ဒြိယံ ပညိန္ဒြိယံ အနညာ တညဿ မီတိန္ဒြိယံ အညိန္ဒြိယံ အညတာဝိန္ဒြိယံ ဧတ္တာဝတာ ဣန္ဒြိယာနံ ဣန္ဒြိယာနံ ဣန္ဒြိယ ပညတ္တိ။

## ၅။ ကထာဝတ္ထု

ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမဋ္ဌေနာတိ၊ အာမန္တာ။ ယောသစ္စိက ဋ္ဌော်ပရမဋ္ဌော။ တတော သောပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမဋ္ဌေနာတိ။

## ၆။ ယမက - ယမိုက်

ပ-၁။ ယေကေစိကုသလာ ခမ္မာ၊ သဗ္ဗေတေကုသလမူလာ
ယေဝါပနကုသလမူလာ၊ သဗ္ဗေတေဓမ္မာကုသလာ။

ပ-၂။ ယေကေစိကုသလာ ဓမ္မာ၊ သဗ္ဗေတေကုသလမူလေနဧကမူလာ
ယေဝါပနကုသလမူလေန ဧကမူလာ၊ သဗ္ဗေတေဓမ္မာကုသလာ။

ပ-၃။ ယေကေစိကုသလမူလေနဧကမူလာမွော၊ သဗ္ဗေတေကုသလမူဧေန
အညမညမူလာ။ ယေဝါပနကုသလမူလေန အညမည မူလာသဗ္ဗေတေ
ဒု-၁။ တယောသင်္ခါရာ-ကာယသင်္ခါရော-ဝစီသင်္ခါရောစိတ္တသင်္ခါရောတိ။
အဿာသပဿာသာ ကာယသင်္ခါရော၊ ဝိတက္ကဝိစာရ ဝစီသင်္ခါရော၊
သညာစဝေဒနာစ စိတ္တသင်္ခါရော ဌပေတွာ ဝိတက္ကစာရေ
သဗ္ဗေပိစိတ္တသမ္ပယုတ္တကာ ဓမ္မာစိတ္တ သင်္ခါရော။
တ-၁။ ကုသလာ ကုသလာဓမ္မာ။
ကုသလာ ဓမ္မာ ကုသလာ
အကုသလာ အကုသလာဓမ္မာ
အကုသလာ ဓမ္မာ အကုသလာ
အဗျာကတာ အဗျာကတာဓမ္မာ။
အဗျာကတာ ဓမ္မာ အဗျာကတာ။
တ-၂။ နကုသလာ နကုသလာဓမ္မာ။
နကုသလာဓမ္မာ နကုသလာ။
နအကုသလ နအကုသလာဓမ္မာ။
နအကုသလာဓမ္မာ နအကုသလာ။
နအဗျာကတာ န အဗျာကတာဓမ္မာ။
အဗျာကတာဓမ္မာ န အဗျာကတာ။

## ၇။ ပဋ္ဌာန-ပဋ္ဌာန်း

ပ-။ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော
သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော
ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊
ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊
ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊
အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

ဒု-၁။ သဝိတက္က သဝိစာရံ ဓမ္မံ ပဋိစ္စ သဝိတက္က သဝိစာရော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယော။

သဝိတက္က သဝိစာရံ ဧကံခန္ဓံ ပဋိစ္စ ဓာယောခန္ဓာ၊ တယောခန္ဓေ ပဋိစ္စ ဧကောခန္ဓော၊ ဒွေခန္ဓေ၊ ဒွေခန္ဓေ ပဋိစ္စဒွေခန္ဓာ။ ပဋိသန္ဓိက္ခဏေ သဝိတက္က သဝိစာရံ ဧကံခန္ဓံ ပဋိစ္စ တယောခန္ဓာ။ ပ ။ ဒွေခန္ဓေပဋိစ္စ ဒွေခန္ဓာ။

က-၁။ ဟေတုဓမ္မံ ပဋိစ္စ ဟေတုဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ အလောဘံပဋိစ္စ အဒေါသော အမောဟော။ အဒေါသံပဋိစ္စ အလောဘော အမောဟော။ မောဟံပဋိစ္စ အလောဘော အဒေါသော လောဘံ ပဋိစ္စမောဟော။မောဟံပဋိစ္စ လောဘော၊ ဒေါသံပဋိစ္စမောဟော။မောဟံပဋိစ္စဒေါသော ပဋိစ္စသနိက ကော။ပ။

စ-၁။ ကိလေသံ ဓမ္မံပဋိစ္စ ကိလေသော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယော။
လောဘံ ပဋိစ္စမောဟော ဒိဋ္ဌိ ထိနံ ဥဒ္ဓစ္စံ အဟိရိကံ အနောတ္တပ္ပံ
လောဘံ ပဋိစ္စမောဟော ဒိဋ္ဌိ ဥဒ္ဓစ္စံ အဟိရိက
လောဘံ ပဋိစ္စမောဟော မောနော ထိနံ ဥဒ္ဓစ္စံ အဟိရိကံ အနောဝ။
လောဘံ ပဋိစ္စမောဟော မာနော ဥဒ္ဓစ္စံ အဟိရိကံ အနောတ္တပ္ပံ။
လောဘံ ပဋိစ္စမောဟော ထိနံ ဥဒ္ဓစ္စံ အဟောရိကံ အနောတ္တပ္ပံ။
လောဘံ ပဋိစ္စမောဟော ဥဒ္ဓစ္စံ အဟိရိကံ အနောတ္တပ္ပံ။
ဒေါသံ ပဋိစ္စမောဟော ထိနံ ဥဒ္ဓစ္စံ အဟိရိကံ အနောတ္တပ္ပံ။
ဒေါသံ ပဋိစ္စမောဟော ဥဒ္ဓစ္စံ အဟိရိကံ အနောတ္တပ္ပံ။
ဝိစိကိစ္ဆံ ပဋိစ္စမောဟော ဥဒ္ဓစ္စံ အဟိရိကံ အနောတ္တပ္ပံ။
ဥဒ္ဓစ္စံ ပဋိစ္စမောဟော ဥဒ္ဓစ္စံ အဟိရိကံ အနောတ္တပ္ပံ။

မ -၁။ ကုသလံ သုခါယဝေဒနာယ သမ္ပယုတ္တံ ဓမ္မံ ပဋိစ္စကုသလော သုခါယ ဝေဒနာယ သမ္ပယုတ္တောစ ဓမ္မော ဥပ္ပဇ္ဇတိဟေတုပစ္စယာ။ ။

၂။ အကုသလံ သုခါယဝေဒနာယ သမ္ပယုတ္တံ ဓမ္မံ ပဋိစ္စကုသလော သုခါယ ဝေဒနာယ သမ္ပယုတ္တောစ ဓမ္မော ဥပ္ပဇ္ဇတိဟေတုပစ္စယာ။ ။

၃။ အဗျာကတံ သုခါယဝေဒနာယ သမ္ပယုတ္တံ ဓမ္မံ ပဋိစ္စကုသလော သုခါယ ဝေဒနာယ သမ္ပယုတ္တောစ ဓမ္မော ဥပ္ပဇ္ဇတိဟေတုပစ္စယာ။ ။

ဤသည်လျှင် ပုဂ္ဂိုလ်ကြီးများ၏
မဟိဒ္ဓိမန္တာန်တော်ကြီးများပြီး၏။
နေ့စဉ်ရွတ်ဖတ်နိုင်ပါလျှင် မဟိဒ္ဓိတန်ခိုးများ
သိဒ္ဓိတန်ခိုးတို့၏ မည်သည့်အခါမျှမကျနိုင်ဟု
ဇော်မုဏ္ဍ အထူးမှတ်သားကြပါကုန်။

## နိဋ္ဌိတံ

## သတိ - မြင့်မြတ်သောပုဂ္ဂိုလ်ဆိုတာ

၁။ ကိုယ်ကျိုးအတွက် စွန့်လွှတ်နိုင်ရတယ်။
၂။ သည်းခံမှု အပြည့်အဝ ရှိရတယ်။
၃။ သဘောထားကြီးရမယ်။
၄။ အရာရာမှာ ခွင့်လွှတ်နိုင်ရတယ်။
၅။ ကိုယ်ကျင့်တရားကောင်းရတယ်။
၆။ အများအတွက် အနစ်နာခံရတယ်။
၇။ ရတနာသုံးပါးကို အထူးလေးစားရတယ်။
၈။ ဘိုးဘွားမိဘများကို ပြုစုလုပ်ကျွေးရတယ်။
၉။ ဆရာသမားများကို ရိုသေကျိုးနွံရတယ်။

ဤ (၉) ချက်နှင့်ပြည်စုံပါက မြင့်မြတ်သော ပုဂ္ဂိုလ်ဖြစ်၍ အပါယ်လေးပါးမှလွတ်ပြီး နတ်ရွာနိဗ္ဗာန်လမ်းကြီးပွင့်ပေတော့၏။

သတ္တမမြောက်ကျောင်းအောင်စံထားအမရပူရ

## ဗုဒ္ဓသြဝါဒ

စိတ္တုပ္ပါဒ မ်တမ္ပိခေါ် အဟံ စုန္တ ကုသလေသု ဓမ္မေသု ဗဟူပကာရံ ဝဒါမိ။

ချစ်သားစုန္ဒ ကောင်းမှုကုသိုလ်အကျိုးငှာ - သရုပ်သကောင်းပေါ် အောင်ဆောင်ရွက် ဖို့ဆိုတာ မဆိုထားနှင့် အသိစိတ် ဖြစ်ရုံမျှသော်လည်း အသိစိတ်ဖြစ်ရင်ကိုဘဲ အလွန်ကျေးဇူးများ လှသည်ကို ငါဘုရားဟောတော်မူ၏ အလွန်ကျေးဇူးများလှပါတယ်။ ကျေးဇူးအလွန်များတယ်လို့ ငါဘုရားဟောပါတယ်။

(သလ္လေခသုတ်)

ယေကေစိ ကုသလာဓမ္မာ၊ သဗ္ဗေတေ ယောနိသော မနသိကာရမူလကာ၊ ယေကေစိ အကုသလဓမ္မာ သဗ္ဗေတေ အယောနိသော မနသိကာရ မူလကာ။

(ဝိဘင်း)

## မိတ်ဆွေအတုအစစ်ခွဲခြားနိုင်ရန်

| | | | |
|---|---|---|---|
| ၁။ | အညဒတ္ထုဟရ | - | ရရသမျှကိုသာယူပြီး သူ့အကျိုးသက်သက်ကိုသာ ကြည့်သောမိတ်ဆွေ |
| ၂။ | ဝစီပရမ | - | အပြောနှင့်သာပေါင်း၊ အရေးကြီးနေတာကိုမကူညီပဲ အတိတ်ကိုညွှန်ပြ၊ အနာဂါတ်ကိုညွှန်ပြ၊ ပစ္စုပ္ပန်ကိုညွှန်ပြပြီး ငြင်းပယ်နေသောမိတ်ဆွေ။ |
| ၃။ | အနုပ္ပိယဘာဏီ | - | အလိုလိုက်အကြိုက်ပြောပြီးရှေ့တွင်ချီးမွမ်းကွယ်ရာတွင်နှိမ့်ချတတ်သော မိတ်ဆွေ။ |
| ၄။ | အပါယသဟာယ | - | ပျက်ရာပျက်ကြောင်းမကောင်းမှုများကိုသာအားပေးတတ်သောမိတ်ဆွေ။ |
| ၅။ | ဥပကာရ | - | ကိုယ့်မိတ်ဆွေ မေ့လျော့မှုကိုလည်းစောင့်ရှောက်၊ ဥစ္စာ ကိုလည်းစောင့်ရှောက်၊ ဒုက္ခဖြစ်သောအခါအားပေးချီး မြှောက်အကူအညီတောင်းလျှင်နှစ်ဆထက်ကူညီစောင့်ရှောက်တတ်သော မိတ်ဆွေ။ |
| ၆။ | သမာနသုခဒုက္ခ | - | လျှို့ဝှက်စကားကိုလည်းတိုင်ပင်   ကိစ္စအဝဝကိုလည်း မပေါက်မကြားအောင်စောင့်ရှောက်၊ ဘေးရန်နှင့်တွေ့ကြုံသော် မရှောင်၊ ကူညီအသက်စွန့်ဆောင်ရွက်တတ် သောမိတ်ဆွေ။ |
| ၇။ | အတက္ခာယီ | - | မကောင်းမှုကိုတား၊ ကောင်းမှုကိုညွှန်ကြား၊မကြားဖူးထူးမြတ်သောစကားကိုပြောကြား သုဂတိလမ်းကိုသာ ညွှန်ပြတတ်သော မိတ်ဆွေ။ |
| ၈။ | အနုကမ္ပက | - | မိတ်ဆွေ၏အကျိုးယုတ်မှုကိုဘယ်တော့မှမလုပ်။ ကြီးပွားတိုးတက် မှုကိုသာလုပ်ဆောင်ပေး၊ ကိုယ့်မိတ်ဆွေ မကောင်းသတင်းကိုတားမြစ်ချီးမွမ်းစကားကိုပြောခြင်းကိုသာ  ဝမ်းသာမိမိပါချီးမွမ်းစကား ပြောကြားတတ်သောမိတ်ဆွေ၊ |

(သိင်္ဂါလသုတ်တွင် ဘုရားဟောတော်မူသည်)

## နေ့နံအလိုက် စားလမ်းနှင့် ထွက်လမ်းပုတီးစိတ်နည်း

| | | | |
|---|---|---|---|
| ၁။ | နွေသားသွီး | ▪ | အရဟံသိဒ္ဓိ။ အုန်း သပြေ သက်စေ့လျှ |
| ၂။ | လာ်သားသွီး | ▪ | သမ္မာသမ္ဗုဒ္ဓေါသိဒ္ဓိ။ ဂန့်ဂေါ် သပြေ သက်စေ့လျှ |
| ၃။ | ဂီသားသွီး | ▪ | ဝိဇ္ဇာစရဏသမ္ပန္နောသိဒ္ဓိ။ နှင်းဆီ သပြေ သက်စေ့လျှ |
| ၄။ | ဟူးသားသွီး | ▪ | သုဂတောသိဒ္ဓိ။ ရွှေပန်း သပြေ သက်စေ့လျှ |
| ၅။ | တေးသားသွီး | ▪ | လောကဝိဒူသိဒ္ဓိ။ မေမြို့ပန်း သပြေ သက်စေ့လျှ |
| ၆။ | ကြာသားသွီး | ▪ | အနုတ္တရောပုရိသဒမ္မသာရထိသိဒ္ဓိ။ ကသစ် သပြေသက်စေ့လျှ |
| ၇။ | နေသားသွီး | ▪ | သတ္ထာဒေဝမနုဿာနံသိဒ္ဓိ။ ဒေါန သပြေ သက်စေ့လျှ |
| | ရာဟုသားသွီး | ▪ | ဗုဒ္ဓေါသိဒ္ဓိ(ဗုဒ္ဓဟူးမွန်းလွဲဖွား) ရွက်လှ သပြေ သက်စေ့လျှ |
| | ကိတ်သားသွီး | ▪ | ဘဂဝါသိဒ္ဓိ (တနလာ်မွန်းလွဲဖွား) ငွေပန်း သပြေ သက်စေ့လျှ |

**ပုတီးစိပ်စဉ်** - (၉) ပတ် (၉)ရက်၊ (၁၈) ပတ် (၁၈)ရက်၊ (၂၇) ပတ် (၂၇)ရက်၊ (၃၆) ပတ် (၃၆)ရက်၊ (၄၅) ပတ် (၄၅)ရက်၊ (၅၄) ပတ် (၅၄)ရက်၊ (၆၃) ပတ် (၆၃)ရက်၊ (၇၂) ပတ် (၇၂)ရက်၊ (၈၁) ပတ် (၈၁)ရက်၊ (၉၀) ပတ် (၉၀)ရက်၊ (၉၉) ပတ် (၉၉)ရက်၊ (၁၀၈) ပတ် (၁၀၈)ရက်၊ (၁၁၇) ပတ် (၁၁၇)ရက်၊ (၁၂၆ ပတ် ၁၂၆ရက်၊ ၁၃၅ ပတ် ၁၃၅ရက်၊ ၁၄၄ ပတ် ၁၄၄ရက်၊ ၁၅၃ ပတ် ၁၅၃ရက်၊ ဤကဲ့သို့ ၉ တိုးတိုးပြီး (၂၇၀)ပတ် (၂၇၀) ရက် ရအောင်စိပ် စာလမ်းအောင်၏။ တဖန် (၂၇၀) ပတ်မှ (၃၆၀) ပတ်ရောက်အောင်စိပ် ထွက်လမ်းအခြေခံရ၏။ ၎င်း (၉) တိုးတက် (၄၅၀) ပတ် (၄၅၀) ရက်ရောက်လျှင် ပါရမီရှိလျှင် ထွက်နိုင်၏။ ၎င်းမှ (၉) တိုး(၅၄၀) ပတ်(၅၄၀) ရက်ရအောင် စိပ်ထွက်လမ်းရတော့၏။ ငါးပါးသီလမြဲပါစေ။

**မှတ်ချက်** - ထွက်စိပ်သောအခါ ဝတ်ဖြူ-ယောဂီ တစ်မျိုးမျိုးဝတ် (၉) ပါးစောင့်ထိန်း သက်လွတ်စားပြီး စိပ်ရ၏။ ကိုယ့်မွေးနေ့တွင် အမိဋ္ဌာန်တက်စိပ်ပါ။

**ကျော်အောင်စံထား၏ မေတ္တာစေတနာ**

## နေ့နံအလိုက် စားလမ်းနှင့် ထွက်လမ်းပုတီးစိတ်နည်း

| | | | |
|---|---|---|---|
| ၁။ | နွေသားသွီး | - | အရဟံသိဒ္ဓိ။ အုန်း သပြေ သက်စေ့လှူ |
| ၂။ | လာ်သားသွီး | - | သမ္မာသမ္ဗုဒ္ဓေါသိဒ္ဓိ။ ဂန့်ဂေါ် သပြေ သက်စေ့လှူ |
| ၃။ | ဂီသားသွီး | - | ဝိဇ္ဇာစရဏသမ္ပန္နောသိဒ္ဓိ။ နှင်းဆီ သပြေ သက်စေ့လှူ |
| ၄။ | ဟူးသားသွီး | - | သုဂတောသိဒ္ဓိ။ ရွှေပန်း သပြေ သက်စေ့လှူ |
| ၅။ | တေးသားသွီး | - | လောကဝိဒူသိဒ္ဓိ။ မေမြို့ပန်း သပြေ သက်စေ့လှူ |
| ၆။ | ကြာသားသွီး | - | အနုတ္တရောပုရိသဒမ္မသာရထိသိဒ္ဓိ။ ကသစ် သပြေသက်စေ့လှူ |
| ၇။ | နေသားသွီး | - | သတ္ထာဒေဝမနုဿာနံသိဒ္ဓိ။ ဒေါန သပြေ သက်စေ့လှူ |
| | ရာဟုသားသွီး | - | ဗုဒ္ဓေါသိဒ္ဓိ(ဗုဒ္ဓဟူးမွန်းလွဲဖွား) ရွက်လှ သပြေ သက်စေ့လှူ |
| | ကိတ်သားသွီး | - | ဘဂဝါသိဒ္ဓိ (တနင်္လာမွန်းလွဲဖွား) ငွေပန်း သပြေ သက်စေ့လှူ |

**ပုတီးစိပ်စဉ်** - (၉) ပတ် (၉)ရက်၊ (၁၈) ပတ် (၁၈)ရက်၊ (၂၇) ပတ် (၂၇)ရက်၊ (၃၆) ပတ် (၃၆)ရက်၊ (၄၅) ပတ် (၄၅)ရက်၊ (၅၄) ပတ် (၅၄)ရက်၊ (၆၃) ပတ် (၆၃)ရက်၊ (၇၂) ပတ် (၇၂)ရက်၊ (၈၁) ပတ် (၈၁)ရက်၊ (၉၀) ပတ် (၉၀)ရက်၊ (၉၉) ပတ် (၉၉)ရက်၊ (၁၀၈) ပတ် (၁၀၈)ရက်၊ (၁၁၇) ပတ် (၁၁၇)ရက်၊ (၁၂၆ ပတ် ၁၂၆ရက်၊ ၁၃၅ ပတ် ၁၃၅ရက်၊ ၁၄၄ ပတ် ၁၄၄ရက်၊ ၁၅၃ ပတ် ၁၅၃ရက်၊ ဤကဲ့သို့ ၉ တိုးတိုးပြီး (၂၇၀)ပတ် (၂၇၀) ရက် ရအောင်စိပ် စာလမ်းအောင်၏။ တဖန် (၂၇၀) ပတ်မှ (၃၆၀) ပတ်ရောက်အောင်စိပ် ထွက်လမ်းအခြေခံရ၏။ ၄င်း (၉) တိုးတက် (၄၅၀) ပတ် (၄၅၀) ရက်ရောက်လျှင် ပါရမီရှိလျှင် ထွက်နိုင်၏။ ၄င်းမှ (၉) တိုး(၅၄၀) ပတ်(၅၄၀) ရက်ရအောင် စိပ်ထွက်လမ်းရတော့၏။ ငါးပါးသီလမြဲပါစေ။

မှတ်ချက် - ထွက်စိပ်သောအခါ ဝတ်ဖြူ-ယောဂီ တစ်မျိုးမျိုးဝတ် (၉) ပါးစောင့်ထိန်း သက်လွတ်စားပြီး စိပ်ရ၏။ ကိုယ့်မွေးနေ့တွင် အမိဋ္ဌာန်တက်စိပ်ပါ။

ကျော်အောင်စံထား၏ မေတ္တာစေတနာ

## မှတ်ချက်

တစ်ဖက်တွင်ဖော်ပြခဲ့သော မိတ်ဆွေစစ်လေးဦးနှင့် မိတ်ဆွေတုလေးဦးတို့ကို အလွယ်တကူမှတ်သားရန်အတွက် စပ်ဆိုထားသောအောက်ပါလင်္ကာကို အရကျက်၍ မှတ်သားပါလေ-

× × × × × × × × × ×

တစ်၊ နှစ်၊ သုံး၊ လေး ရှောင်ပါလေ။
ငါး၊ ခြောက်၊ ခုနှစ်၊ ရှစ် လိုက်နာပေ။
တု၊ စစ်၊ မိတ်ဆွေခွဲခြားနေ။
ဗုဒ္ဓမြတ်စွာမိန့်ခွန်းခြွေ။
သာသနာဆုံးမ တည်ကြလေ။
ကျော်အောင်စံထား မေတ္တာစေတနာတွေ။

## ဝိပဿနာတရား၏ သဘောအနှစ်ချုပ်

ဖြစ်အောင်လည်းမပြုနှင့်၊ ပျက်အောင်လည်းမပြုနှင့်၊ ဖြစ်တာပျက်တာသိပါစေ၊ ဖြစ်အောင်ပြုတော့လောဘ၊ ပျက်အောင်ပြုတော့ ဒေါသ၊ ဖြစ်တာပျက်တာကို မသိတော့ မောဟ၊ ရုပ်ကို သုံးသပ်လျှင် နာမ်လည်း သူ့အလိုလိုပေါ်လွင်ထင်ရှားလာ၏။ သတိပြု ကြည့်ရှုဆင်ခြင် ယောဂီသူတော်စင် အပေါင်းတို့ ။

သတ္တမမြောက်ကျော်အောင်စံထားဆရာတော်

စီစဉ်ကြီးကြပ်သူ – အရှင်သုန္ဒရ
ကျော်အောင်စံထားကျောင်းတိုက်
အမရပူရမြို့။
ဖုန်း ၀၉–၂၀၃၅၆၂၃

[illegible]

[illegible]

# အရှင်[illegible]ာဘိဝံသ

၏

# အလောင်းတော်ကဿပ

[illegible]

